

ဝမ်းအိုဝမ်း ကျော်ဝင်းမောင်

# ဂျပန်ဖက်ဆစ်တော်လှန်ရေး
# လေထီးသမားများ



**ဝမ်းအိုဝမ်း ကျော်ဝင်းမောင်**

ဝမ်းအိုဝမ် ကျော်ဝင်းမောင်ကို အစ္စလာမ်ဘာသာဝင် မိဘနှစ်ပါးဖြစ်တဲ့ ဦးဟာနစ်၊ ဒေါ်စိန်ညွန့်တို့မှ ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ၁၂၈၁ ခု၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်၊ (၁၆-၂-၁၉၂၀)တွင် မွေးဖွားသည်။ ၃လသားတွင် ဖခင်ကွယ်လွန်သည်။ အသက် ၃ နှစ်သားရွယ်တွင် မိခင်ကွယ်လွန်သည်။ မောင်နှမနှစ်ယောက် ကျန်ရစ်ခဲ့သည်။ မိခင်၏မောင် ငွေတိုက်စာရေးကြီး ဦးအိဘရာဟင်(ခေါ်)ဦးစံသိန်းက ကောက်စားမွေးခဲ့သည်။ အစ်မလုပ်သူလည်း သူ့အသက် ၁၁ နှစ်သမီးအရွယ်တွင် ကွယ်လွန်သွားပြန်သည်။ တစ်ကောင်ကြွက် တစ်မျက်နှာ မျက်စိသငယ်ဖြစ်ခဲ့သည်။ ငယ်စဉ်က ဗန်းမော်၊ မိုးကုတ်၊ ကသာမြို့များတွင် ပညာသင်ခဲ့သည်။ အင်္ဂလိပ်-မြန်မာ ၁၀ တန်းနှစ်တွင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာ၍ ကျောင်းတွေပိတ်လိုက်သည်။ ၁၉၄၃ ခုနှစ်တွင် ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီ-ဒီ-အေ)သို့ ဝင်ခဲ့သည်။ ရေနံချောင်း လေယာဉ်ပစ် အမြောက်ကြီးတပ်တွင်အမှုထမ်းသည်။ ဂျပန်ခေတ်မင်္ဂလာဒုံ စစ်တက္ကသိုလ် ဗိုလ်သင်တန်း ဒုတိယပတ်ကို တက်ခဲ့သည်။ ဂျပန်တော်လှန်ရေး ကာလတွင် ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ (A.F.L) ကို အမေရိကန်လေကြောင်းတပ်မှ (၁၀၁)နှင့် ပထမဆုံးဆက်သွယ်ပေးခဲ့သည်။ ယင်းတာဝန်ကို ထမ်းဆောင်စဉ် စစ်ကိုင်းမြို့နယ် မင်းကွန်းရွာတွင် ဂျပန်၏ ဖမ်းဆီးခြင်းခံရသည်။ အသတ်ခံရမဲ့ဆဲဆဲတွင် ဂျပန်တော်လှန်ရေး ရဲဘော်များရဲ့ အကူအညီနှင့် အချုပ်ကို ဖောက်၍ ထွက်ပြေးလွတ်မြောက်ခဲ့သည်။ စစ်ပြီးခေတ်တွင် ဗမာပြည် ကွန်မြူနစ်ပါတီဝင်အဖြစ်နှင့် ကသာခရိုင် ဖဆပလ အဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဗမာ မှတ်စလင်ကွန်ဂရက် (ဗ-မ-က) ခရိုင် အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဆောင်ရွက်ခဲ့သည်။ ၁၉၄၆ ခု၊ ဗဟိုကွန်မြူနစ်ပါတီ နှစ်ခြမ်းကွဲသွားသောအခါ သခင်စိုးခေါင်းဆောင်တဲ့ အလံနီ ကွန်မြူနစ်ပါတီဘက်သို့ ပါခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် အလံနီအဖြစ် တောခိုခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် အလံနီပါတီတွင်းအယူအဆ တိုက်ပွဲဖြစ်ရာ ပါတီမှ အထုတ်ခံရသည်။ ပါတီမှ အထုတ်ခံရသည့် ရဲနီများ စုပေါင်း၍ အလုပ်သမား ညီညွတ်ရေး ပါတီ(အညပ)ကို ထူထောင်ရာတွင် ပါခဲ့သည်။ ၁၉၆၂ ခုနှစ် ဒီဇင်ဘာလတွင် အညပပါတီ တစ်ရပ်လုံးနှင့် အကူ ဥပဒေတွင်းသို့ ဝင်ခဲ့သည်။ နိုင်ငံရေးလုပ်ရာတွင် ၁၉၄၆ ခုနှစ် ဗြိတိသျှအစိုးရ လက်ထက်တွင် ဒလသဘောကျင်းအလုပ်သမားတိုက်ပွဲတွင် အဖမ်းခံရပြီး ဘားလမ်အချုပ်တွင် လည်းကောင်း၊ ၁၉၄၆ ခုနှစ်တွင် ကသာခရိုင် လူထုတိုက်ပွဲတွင် အသေခံဗိုလ် အဖြစ် ခေါင်းဆောင်ခဲ့ရာတွင် အဖမ်းခံရသည်။ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီ အစိုးရ လက်ထက်တွင် ငြိမ်းချမ်းရေးကိစ္စလာရင်း ဖမ်းခံရပြီး မန္တလေး-ရန်ကုန်အချုပ်တွင်

နေခဲ့ရသည်။ ဂျပန်ခေတ် ဗြိတိသျှခေတ် မြန်မာ့လမ်းစဉ်ပါတီ အစိုးရခေတ်ထိ နိုင်ငံရေးဆောင်ရွက်စဉ် သေဘေးနှင့် အကြိမ်ကြိမ် လွဲခဲ့သည်။ တစ်လင်တစ်မယားစနစ်နှင့် အိမ်ထောင်လေးဆက်ရှိခဲ့သည်။ သား ၆ ယောက်ရခဲ့ပြီး (၂)ယောက် သေဆုံးသွားသည်။ ဥပဒေအတွင်းရောက်ပြီး တစ်ဝမ်းတစ်ခါးအတွက် အလုပ်အမျိုးမျိုးကို မရှက်မကြောက်လုပ်ကိုင်ခဲ့သည်။ လုပ်တိုင်းအောင်မြင်သည်ဟု ဆိုရပါမည်။ သို့သော် စီးပွားရေးလုပ်သူအဖြစ် မသေချင်၊ ပြည်သူ့အကျိုးပြု လုပ်ငန်းဖြစ်တဲ့ စာရေးခြင်းဖြင့် သေမည်ဟု ဆုံးဖြတ်ခဲ့၏။ "ဝမ်းအိုဝမ်းနဲ့ ဗမာ့မြေအောက်တော်လှန်ရေး" ဆိုတဲ့ သမိုင်းဝင် စာအုပ်ကို ပြုစုခဲ့ပြီး စာပေနယ်သို့ ဝင်ခဲ့သည်။ ရုပ်ရှင်ဝတ္ထု၊ ဇာတ်ညွှန်း၊ ဆောင်းပါးများနှင့် သုတေသနစာအုပ်များ ရေးသားခဲ့သည်။ ဂျပန်ခေတ်တွင် မြေအောက် လုပ်ငန်းလုပ်ရာတွင် ဝင်းမောင်အစား ကျော်ဟိန်းလို့ ပြောင်းခဲ့သည်၊ ယနေ့ ကိုကျော်ဟိန်းဟူ၍ ဂျပန်ခေတ်နာမည်လို ခေါ်လျက်ပင်၊ နိုင်ငံရေးနယ်ပယ်နှင့် စာပေနယ်တို့တွင် လေထီးဝင်းမောင်ဟူ၍လည်းကောင်း၊ အလံနီဝင်းမောင်ဟူ၍လည်းကောင်း၊ ဝမ်းအိုဝမ်းကျော်ဝင်းမောင်ဟူ၍လည်းကောင်း ထင်ရှားသည်။ မြန်မာ့လွတ်လပ်ရေး တိုက်ပွဲအဆင့်ဆင့်တွင် ပါဝင်လှုပ်ရှားမှုကြောင့် လွတ်လပ်ရေးမော်ကွန်းဝင်နှင့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့တို့ကို နိုင်ငံတော်သမ္မတက ချီးမြှင့်ခဲ့သည်။ ယနေ့တိုင် သမိုင်းဝင် စာပေများကို အဓိကထား ရေးသားပြုစုလျက် ရှိနေပါသည်။

# ဝမ်းအိုဝမ်း ကျော်ဝင်းမောင်

# ဂျပန်ဖက်ဆစ်တော်လှန်ရေး လေထီးသမားများ

ဗန်းမော်စာပေတိုက်
၄၃၊ ၂၆ လမ်း။
ရန်ကုန်။ ၁၁၁၄၁

မြန်မာ့လွတ်လပ်ရေး
တိုက်ပွဲအဆင့်ဆင့်တွင်
ကျဆုံးသွားသော မြန်မာ့သားကောင်း
အာဇာနည် သူရဲကောင်းများအား
ဤစာအုပ်ရေးသားခြင်းဖြင့်
ဂုဏ်ပြုအပ်ပါသည်။

| | |
|---|---|
| နိုင်ငံရေးစာမူခွင့်ပြုချက်အမှတ် | ၃၀၁/၉၉ (၃) |
| မျက်နှာဖုံးခွင့်ပြုချက် | ၅၆၁/၉၉ (၈)<br>၁၉၉၉<br>အုပ်ရေ-၅၀၀ |
| မျက်နှာဖုံး | ပန်းချီမောင်ထွန်းဦး နှင့် Stars Colour Seperation |
| အဖုံးကာလာခွဲ | Stars Colour Seperation |
| ကွန်ပျူတာစာစီ<br>အတွင်းဖလင်နှင့်<br>အတွင်းဓာတ်ပုံဖလင် | မျိုးညွန့် (SMART GROUP) |
| အတွင်းပုံနှိပ် | တောက်တောက်ဝင်း<br>အော့ဖ်ဆက်ပုံနှိပ်တိုက် |
| မျက်နှာဖုံးရိုက် | ကျောက်စိမ်းအော့ဖ်ဆက် |
| ထုတ်ဝေခြင်း<br>နှင့် ဖြန့်ချိခြင်း | ကျော်ဝင်းမောင် (၀၁၆၂၅)<br>ဇန်မော်စာပေတိုက်<br>အမှတ် ၄၃၊ ၂၆ လမ်း၊<br>ရန်ကုန်။ ၁၁၁၄၁ |
| တန်ဖိုး | ၉၀၀/ ကျပ် |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | စာရေးသူရဲ့ စကားဦး | |
| | **အခန်း (၁)** | |
| ၁။ | လေထီးစစ်သည်များ | ၁ |
| ၂။ | လေကြောင်းတိုက်ပွဲ | ၇ |
| ၃။ | သတိရှိရှိအောက်ကိုကြည့် | ၉ |
| ၄။ | လေကြောင်းချီတပ်သား | ၃၁ |
| ၅။ | ကောင်းကင်မှတိုက်ခိုက်ခြင်း | ၃၇ |
| ၆။ | လေကြောင်းချီတပ်ဖွဲ့များ | ၄၀ |
| ၇။ | စစ်သားနဲ့စစ် | ၄၂ |
| | **အခန်း (၂)** | |
| ၁။ | နိုင်ငံခြားသွားဖို့ ဆုံးဖြတ်ကြခြင်း | ၄၃ |
| ၂။ | ရဲဘော်စောဖြူ | ၇၃ |
| ၃။ | ရဲဘော်ကြာလှအောင် | ၁၀၆ |
| ၄။ | ရဲဘော်စံသာကျော် | ၁၃၂ |
| ၅။ | ရဲဘော်သာထွန်းအောင် | ၁၈၇ |
| ၆။ | ရဲဘော်ရဲထွန်း | ၁၉၈ |
| ၇။ | ရဲဘော်ဇန်းမော်ကိုကိုကြီး | ၂၂၁ |
| ၈။ | ရဲဘော်လှသောင်း | ၂၄၃ |
| ၉။ | ရဲဘော်ဘသောင်း | ၂၅၆ |
| ၁၀။ | ရဲဘော်ထွန်းညွန့် | ၂၇၂ |
| ၁၁။ | ရဲဘော်ချစ်ကောင် | ၂၉၉ |
| ၁၂။ | ရဲဘော်မန်းဝင်းမောင် | ၃၂၈ |
| ၁၃။ | ရဲဘော်လှကျွန်း | ၃၄၆ |
| ၁၄။ | ရဲဘော်သိန်းဖံ(ခေါ်)သခင်သိန်းမောင် | ၃၇၁ |
| ၁၅။ | ရဲဘော်စံတင့် | ၃၈၈ |
| ၁၆။ | ရဲဘော်ခင်မောင်ကြီး | ၄၃၁ |
| | **အခန်း (၃)** | |
| ၁။ | ဦးမြင့်ဆွေနဲ့ လေထီးရဲဘော်များရဲ့ တော်လှန်ရေးကာလ အတွေ့အကြုံများ | ၄၅၄ |
| ၂။ | သာယာဝတီခရိုင် ဂျပန်တော်လှန်ရေးနှင့် လေထီးသမားများ | ၄၈၄ |
| | **အခန်း (၄)** | |
| ၁။ | ရဲဘော်ဝင်းမောင်(ခ)ကျော်ဝင်းမောင် | ၅၀၀ |
| ၂။ | ကိုလှနဲ့ လေထီးအမှု | ၅၄၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃။ | လယ်ဝေးသို့ လေထီးအဖွဲ့ (ရဲဘော်ချစ်စံ၊ ရဲဘော်အေးဝင်း) | ၅၆၁ |
| ၄။ | ရဲဘော်လှဖေ | ၅၇၄ |
| ၅။ | ရဲဘော်ထွန်းအေး | ၅၈၉ |
| ၆။ | ကိုကျော်မင်း | ၅၉၃ |
| | **ဓာတ်ပုံပထမအတွဲ စာမျက်နှာ (၁၀၀ မှ ၁၀၁)** | |
| ၁။ | ကျော်ဝင်းမောင် (ဝမ်းအိုဝမ်း ကျော်ဝင်းမောင်) | |
| ၂။ | ဂျပန်လက်အောက်ရောက် မြန်မာပြည်မြေပုံ | |
| ၃။ | ဗိုလ်မှူးကြီးဗထူး | |
| ၄။ | စစ်သေနာပတိချုပ် လော့ဒ်လူဝီမောင့်ဘက်တန် | |
| ၅။ | အမေရိကန် ဗိုလ်ချုပ်ကြီးစတီဝဲလ် | |
| ၆။ | ဗိုလ်မှူးကြီး ဝီလီယံအာရ်ပီအက်စ် | |
| ၇။ | လေထီးဆင်း တပ်ဖွဲ့ခေါင်းဆောင် ဗိုလ်မှူးဂူဘင်စတိုင် | |
| ၈။ | ဝါယာလက်အော်ပရေတာ တပ်ကြပ်ကြီး ကင်းနက်ဘရောင်း | |
| ၉။ | ဘီဟာလာလ်ဘုံရိပ်သာ တွင်ဖို့ဒ်၁၃၆အရာရှိများနှင့် AFOရဲဘော်တချို့ | |
| ၁၀။ | ဘီဟာလာလ် ဘုံရိပ်သာတွင် ရဲဘော်မဒေါ်မြရီတို့ သားအမိ | |
| ၁၁။ | ဘီယာလာလ် ဘုံရိပ်သာရောက် ရဲဘော်များ | |
| ၁၂။ | ရဲဘော်စံသာကျော် | |
| ၁၃။ | ရဲဘော်သာထွန်းအောင် | |
| ၁၄။ | ရဲဘော်လှကွန်းနှင့် ရဲဘော်စိုးမောင် | |
| ၁၅။ | ရဲဘော်ဘသောင်း | |
| ၁၆။ | ရဲဘော်ဘမောင်(ခ) ရဲဘော်ခင်မောင်ကြီး | |
| | **ဓာတ်ပုံ ဒုတိယအတွဲ စာမျက်နှာ (၂၄၀ မှ ၂၄၁)** | |
| ၁။ | သခင်ဗဟိန်းနှင့် ဇနီး ရဲဘော်မဒေါ်ခင်ကြီး | |
| ၂။ | (က) ဗိုလ်သာကျော် (ခ)ရဲဘော်သန်း (ခ)ရဲဘော်ကက်ဥ | |
| ၃။ | (က) ရဲဘော်သန်းဖေ (ခ)ရဲဘော်အေးကျော် | |
| ၄။ | (က) ရဲဘော်စိုးမောင် (ခ) ရဲဘော်သက်ထွန်း | |
| ၅။ | (က) ရဲဘော်လှကွန်း (ခ)ရဲဘော်အောင် | |
| ၆။ | (က) ရဲဘော် RET ဦးကျော်ငြိမ်း (ခ) ရဲဘော်မြင့်ဆွေ | |
| ၇။ | (က) ဖြူးနယ်မှ လူငယ်များ (ခ)ရဲဘော်ကျော်သန်း | |
| ၈။ | (က) သခင်ဘသောင်း (ခ)ရဲဘော်ကိုမန်း | |
| ၉။ | (က) ရဲဘော်စံဝင်း (ခ)သခင်လွန်းမောင် | |
| ၁၀။ | (က) သခင်သိန်းမောင် (ခ)သခင်ဝင်းဖေ | |
| ၁၁။ | (က) သခင်ထွန်းဖေ (ခ)သခင်ကြွယ် | |
| ၁၂။ | (က) သခင်တင်လေး (ခ) ရဲဘော်ဝင်းအောင် | |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃။ | (က) ဗိုလ်ချစ်ဖေ (ခ) ဗိုလ်ထွန်းရင် (ဂ)ရဲဘော်သိန်း | |
| ၁၄။ | (က) ရဲဘော်အုန်းမောင် (ခ)ရဲဘော်လှမောင် | |
| ၁၅။ | (က) ဗိုလ်စိန်အေး(ခ)ရဲဘော်သောင်းမောင်(ဂ)ရဲဘော်သိုင်းသန့်ဇင် | |
| ၁၆။ | (က) ရဲဘော်ကျင်ပြောင် (ခ)ရဲဘောင်အောင်မွေး | |
| | **ဓာတ်ပုံတတိယအတွဲ စာမျက်နှာ (၃၆၀ မှ ၃၆၁)** | |
| ၁။ | မင်္ဂလာဒုံစစ်တက္ကသိုလ်ကျောင်းဝင်းအဝင် | |
| ၂။ | မင်္ဂလာဒုံစစ်တက္ကသိုလ် ကျောင်းသားများ၏ အိပ်ခန်းဆောင် | |
| ၃။ | မင်္ဂလာဒုံစစ်တက္ကသိုလ်တွင် ဂျပန်စာသင်ယူကြရစဉ် | |
| ၄။ | (က) ဗိုလ်လောင်းဘသောင်း (ခ)ဗိုလ်လောင်းဝင်းမောင်(ခ) ဝမ်းအိုဝမ်း ကျော်ဝင်းမောင် | |
| ၅။ | တပ်ကြပ်ကလေးမောင်အုံ(ခ) မောင်လှ၊ (ခ)တပ်ကြပ်ကလေး ကျော်အော(ခ)အေးဝင်း | |
| ၆။ | ရဲဘော်မောင်အုံ (ခ)မောင်လှ၊ ကသာခရိုင် AFLအဖွဲ့ခေါင်းဆောင် | |
| ၇။ | ရဲဘော်ဝင်းမောင် (ဝမ်းအိုဝမ်းကျော်ဝင်းမောင်) | |
| ၈။ | စစ်ကိုင်းကျိုက်လတ်ချောင်ရှိ ဂျပန်ခေတ်ကင်ပေတိုင်ရုံး အဆောက်အအုံလုပ်ထားသည့် သီလရှင်ကျောင်း | |
| ၉။ | ရဲဘော်ကျော်အော (ခ)ရဲဘော်အေးဝင်း AFL ဝမ်းအိုဝမ်း တပ်ဖွဲ့မှလေထီးနှင့် ဆင်းသူ | |
| ၁၀။ | အမေရိကန်ရဲဘော်များနှင့်အတူ ရဲဘော်ဝင်းမောင်(ခ) ဝမ်းအိုဝမ်း ကျော်ဝင်းမောင် | |
| ၁၁။ | ရဲဘော်ချစ်စံ (ခ)ရဲဘော်ထွန်းလင်း၊ ၁၆ နှစ်သားအရွယ်တွင် ဝမ်းအိုဝမ်းမှ လေထီးနှင့် နှစ်ကြိမ်ဆင်းခဲ့တဲ့ A.F.L ရဲဘော် | |
| ၁၂။ | ရဲဘော်ခင်ဆွေ ၁၆ နှစ်သားအရွယ်တွင် ဝမ်းအိုဝမ်းမှလေထီးနှင့် ဆင်းခဲ့သူ A.F.Lရဲဘော် | |
| ၁၃။ | ရဲဘော်မောင်မောင် (နောင်ဗိုလ်မှူးကြီးတင်စိုး) ဝမ်းအိုဝမ်းတပ်ဖွဲ့ A.F.Lဒုတိယခေါင်းဆောင်အဖြစ်တာဝန် ယူခဲ့သူ(စစ်ကြီးပြီးနောက် ဗမာ့တပ်မတော်သို့ ဝင်ခဲ့သည်။ ဗိုလ်မှူးကြီး တင်စိုး(ငြိမ်း) | |
| ၁၄။ | ရဲဘော်လှဖေ (စစ်ကြီးပြီးဗမာ့တပ်မတော်သို့ ဝင်ရောက်အမှုထမ်းခဲ့တဲ့ ဗိုလ်ကြီးဟောင်းလှဖေ) | |
| ၁၅။ | ရဲဘော်ဟန်ထွန်း (စစ်ကြီးပြီး ဗမာ့တပ်မတော်သို့ ဝင်ရောက်အမှုထမ်းခဲ့တဲ့ ဗိုလမှူးဟန်ထွန်း) | |
| ၁၆။ | ရဲဘော်ကျော်မင်း၊ AF.L ရဲဘော်၊ ဝမ်းအိုဝမ်းတွင် မှူးတွဲတာဝန်ယူခဲ့သူ | |
| ၁၇။ | ဂျပန်တော်လှန်ရေးတွင် ပွဲဦးထွက် စစ်ကိုင်းသပြေပင်တိုက်ပွဲတွင် ဗိုလ်သိန်းဦးတို့ ကျည်သင် ကျဆုံး သည့်နေရာ။ | |

| စဥ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၈။ | ဂျပန်တော်လှန်ရေးတွင် ပွဲဦးထွက်ကျဆုံးခဲ့သည့် ဗိုလ်သိန်းဦးနှင့် ရဲဘော်များအား မြေမြှုပ်သဂြိုဟ်သည့်နေရာ | |
| | **ဓာတ်ပုံ စတုတ္ထအတွဲ စာမျက်နှာ (၅၂၀ မှ ၅၂၁)** | |
| ၁။ | ရဲဘော်စောလှဖြူ၊ ဗိုလ်ထွန်းညွန့်နှင့်ဇနီး ဒေါ်မမကြီး | |
| ၂။ | ၁၉၇၀ ခု မန်းဝင်းမောင်အိမ်တွင် ကျင်းပသည့် တပ်မတော်နေ့အကြို ထမင်းစားပွဲတက်ရောက်သူများ | |
| ၃။ | (က)၁၉၇၃ ခု တပ်မတော်နေ့ လေထီးရဲဘော်မိသားစုများ မိတ်ဆုံစားပွဲကျင်းပရာ တက်ရောက်သူများ | |
| | (ခ) ၁၉၇၃ ခု အင်္ဂလန်သို့ သတင်းစာကိုယ်စားလှယ်များ ခေလွှတ်စဥ် ကြေးမုံသတင်းစာ အယ်ဒီတာသခင်လှကွန်းတို့အဖွဲ့ ရောက်ခဲ့စဥ် | |
| ၄။ | ၁၉၇၄ ခု တပ်မတော်နေ့ ထမင်းစားပွဲတက်ရောက်လာသည့် လေထီး သမားများ | |
| ၅။ | (က)၁၉၇၅ ခုနှစ် လေထီးဆင်းရဲဘော်များ၏ မိတ်ဆုံစားပွဲသို့ တက်ရောက် လာသူများ | |
| | (ခ) ၁၉၈၀ ခုနှစ် တပ်မတော်နေ့အကြို ထမင်းစားပွဲသို့ တက်ရောက်လာသည့် လေထီးတပ်နှစ်ခုမှ ရဲဘော်များ | |
| ၆။ | (က) ၁၉၈၄ ခု အမျိုးသားအောင်ပွဲနေ့က တက်ရောက်လာတဲ့ သာယာဝတီ ရဲဘော်အချို့နှင့် စာရေးသူ | |
| | (ခ) ၁၉၈၄ ခု သာယာဝတီခရိုင် လေထီးဆင်းရဲဘော်များ အကြောင်းကို မေးမြန်းနေတဲ့ ဝမ်းအိုဝမ်းကျော်ဝင်းမောင် | |
| ၇။ | (က) ၁၉၈၄ ခု ဦးမြင့်ဆွေ၏အိမ်တွင် လေထီးသမားများ အကြောင်းကို မှတ်တမ်းလိုက်ယူနေတဲ့ဝမ်းအိုဝမ်းကျော်ဝင်းမောင် | |
| | (ခ) ၁၉၈၄ ခု တပ်မတော်နေ့မိတ်ဆုံစားပွဲတွင်တောင်ငူ ပျောက်ကျားရဲဘော်တချို့ကငင်းတို့၏အတွေ့အကြုံကိုတင်ပြနေပုံ | |
| ၈။ | ပဲခူးနယ် လေထီးသမားများကို တာဝန်ယူရသည့် ရဲဘော်ဘကိုးအား စာရေးသူမေးမြန်းနေစဥ်။ | |
| | ရဲဘော်ဘမောင်(ခ) ရဲဘော်ခင်မောင်ကြီး သူတို့လေထီး ဆင်းခဲ့သည့် အတွေ့အကြုံကို စာရေးသူအား ရှင်းပြနေပုံ | |
| ၉။ | (က)ဖို့ဒ်၁၃၆ တပ်ဖွဲ့နှင့်အတူ တာဝန်ယူခဲ့သော A.F.Oမှ ရဲဘော်လှသောင်းအား စာရေးသူမေးမြန်းနေပုံ။ | |
| | (ခ)ကသာခရိုင် ရဲဘော်များအား စာရေးသူကဝမ်းအိုဝမ်းနှင့် ဂျပန်တော်လှန်ရေးကာလ အတွေ့အကြုံများကို ရှင်းပြနေပုံ | |
| ၁၀။ | (က) ၁၉၇၈ခု တပ်မတော်နေ့အကြိုမိတ်ဆုံစားပွဲသို့သမ္မတဟောင်း မန်းဝင်းမောင်ရဲ့သားဦးအောင်ဝင်းနှင့် ရဲဘော်မဒေါ်မြရီတို့မိသားစုများ | |
| | (ခ)ဖို့ဒ် ၁၃၆ နှင့်ပူးပေါင်းလုပ်ဆောင်ခဲ့သော A.F.O ရဲဘော်များ အတွက်လည်ပင်းတွင် ဆွဲရန်ပေးသည့် ကိုယ်ပိုင်နံပါတ်ဗိုင်းပုံ | |
| | နိဂုံး | |


အမှားပြင်ဆင်ချက်

# ဂျပန်ဖက်ဆစ်တော်လှန်ရေးလေထီးသမားများ

## စာရေးသူရဲ့စကားဦး

(၁)

"ဝမ်းအိုဝမ်းနဲ့ မြန်မာ့မြေအောက်တော်လှန်ရေး"ဆိုတဲ့ စာအုပ်ကို ကျွန်တော်ရေးသားပြုစုပြီး "ယမုံနာ" စာအုပ်တိုက်က ၁၉၆၇ ခုနှစ်မှာ ထုတ်ဝေခဲ့ပါတယ်။

ဒီစာအုပ်ထုတ်ဝေပြီးတဲ့နောက် "ဂျပန် ဖက်ဆစ်တော်လှန်ရေး လေထီးသမားများ" ဆိုတဲ့ စာအုပ်ကို ရေးသားထုတ်ဝေဖို့ ကျွန်တော် စိတ်ကူးခဲ့ပါတယ်။

ဝမ်းအိုဝမ်းနဲ့ မြန်မာ့မြေအောက်တော်လှန်ရေးဆိုတဲ့ စာအုပ်ဟာ ဂျပန်တော်လှန်ရေး ကာလအတွင်းမှာ ကျွန်တော်တို့ ဖက်ဆစ်တော်လှန်ရေးအဖွဲ့နဲ့ အမေရိကန် တပ်မတော်ရဲ့ တပ်ဖွဲ့တစ်ခုဖြစ်တဲ့ ဝမ်းအိုဝမ်းတပ်ဖွဲ့ (U.S.A Detachment 101) နဲ့ ဘယ်လိုဆက်သွယ်ခဲ့ရပြီး ဘယ်လို ဆောင်ရွက်ခဲ့တယ်၊ ဘယ်လို စတေ်သိမ်းခဲ့တယ်ဆိုတာတွေ ရေးသားခဲ့ပါတယ်။ ၎င်းပမယ့် စာအုပ်မှာ ကျွန်တော်တစ်ဦးတည်းရဲ့ ပါဝင်ဆောင်ရွက်ခဲ့တဲ့ အပိုင်းတွေ ဆော်တော်များများ ပါခဲ့တယ်။ တစ်နည်းပြောရရင် ကျွန်တော်ရဲ့ ကိုယ်ရေးမှတ်တမ်းတစ်စိတ်တစ်ဒေသလို့ ဆိုရင်လဲဆိုနိုင်ပါတယ်။

လေထီးအဖွဲ့နှစ်ဖွဲ့ရှိပါတယ်။ တစ်ခုက အမေရိကန် တပ်မတော် ဝမ်းအိုဝမ်းတပ်ဖွဲ့နဲ့ ဆက်သွယ်တဲ့အဖွဲ့။ နောက်တစ်ခုက ဗြိတိသျှ တပ်မတော်က ဖို့ဒ် ၁၃၆ တပ်ဖွဲ့ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ဟာ ဒီအဖွဲ့နှစ်ဖွဲ့စလုံးနဲ့ ဆက်သွယ်လုပ်ခဲ့ပါတယ်။ ဒါပေမယ့် တိုင်းပြည်က အသိများတာက ဗြိတိသျှ တပ်မတော် ဖို့ဒ် ၁၃၆ တပ်ဖွဲ့နဲ့ ဆက်သွယ် လုပ်ဆောင်ခဲ့တာပဲ ဖြစ်တယ်။

ဦးသိန်းဖေ၊ သခင်တင်ရွှေတို့ အနေနဲ့ ဂျပန် မြန်မာပြည်ကို စတင် ဝင်လာတဲ့အချိန် ဗြိတိသျှတပ်များ အိန္ဒိယကို ဆုတ်ခွာနေချိန်။ အဲဒီအချိန်က အိန္ဒိကို ရခိုင်ပြည်နယ်ဘက်ကနေ ဖြတ်ကျော်သွားပါတယ်။ အိန္ဒိယ ရောက် ကတည်းက မြန်မာပြည်က ဆုတ်ခွာသွားတဲ့ အဝေးရောက် မြန်မာအစိုးရနဲ့ စတင်ဆက်သွယ်ပြီး ဂျပန်ဆန့်ကျင်ရေးလုပ်ငန်းကို ပူးတွဲလုပ်ခွင့်ကို အရေးဆို ခဲ့တယ်။ ဘုရင်ခံ ဆာဒေါမန်စမစ် ဦးစီးတဲ့ မြန်မာပြည် အစိုးရအဖွဲ့ဟာ အိန္ဒိယကို ဆုတ်ခွာသွားပြီး ဆင်းမလားမှာ ရုံးဖွင့်နေခဲ့တယ်။ အဝေးရောက် မြန်မာပြည်အစိုးရ ဖြစ်ပါတယ်။

အချိန်ကြာမြင့်စွာကတည်းက ဒီလို တောင်းဆိုခဲ့ပေမယ့် နောက်ဆုံး ရခိုင်ပြည်နယ်ကို မဟာမိတ်များ ထိုးဝင်လာတော့မယ့် အချိန်လောက်မှ မြန်မာရဲ့ အကူအညီမပါရင် မဖြစ်တော့ကြောင်း သိလာတယ်။ ဒီတော့မှ ဦးသိန်းဖေတို့ကို ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ ကိုယ်စားလှယ်များအဖြစ် အသိအမှတ် ပြုခဲ့ပါတယ်။ မြန်မာပြည်ရှိ AFO[၁] အဖွဲ့ချုပ်နဲ့ အပြန်အလှန် ဆက်သွယ်မှုတွေ လုပ်လာတယ်။ ရခိုင်ပြည်နယ်နဲ့ မြန်မာပြည်မတို့က AFL[၂] ကိုယ်စားလှယ်တွေကို အိန္ဒိယပို့၊ သင်တန်းတွေတက် လူ၊ လက်နက်၊ ကြိုးမဲ့ကြေးနန်းတွေ လေထီးနဲ့ ချပေး၊ နောက်ပြောက်ကျား စစ်ဆင်ရေးအတွက် လက်နက်တွေချပေး စတဲ့ ကာလဟာ အတော်အတန် ခရီးကြာခဲ့ပါတယ်။ စတင်ကြိုးစားတဲ့ ကာလကနေ ဂျပန် လက်နက်ချတဲ့အထိ ဖြစ်တယ်။

ဒီအထဲ ဦးသိန်းဖေ ကိုယ်တိုင်က တစ်ဘက်က စာရေးဆရာ အကျော်အမော်ကြီးဆိုတော့ "မဟာမိတ်ဆိုတဲ့ ဗြိတိသျှ တပ်မတော်နဲ့ ဘယ်လို

---

၁။ A.F.O. (Antifascist Organization) ဖက်ဆစ်ဆန့်ကျင် စည်းရုံးရေးအဖွဲ့

၂။ A.F.L (Antifascist League ) ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့။

အမေရိကန်တို့နဲ့ ဆက်သွယ်တဲ့အခါ ကျွန်တော်တို့ကို AFL လို့သုံးပြီး ဗြိတိသျှတို့နဲ့ ဆက်သွယ်တဲ့အခါ AFO လို့ ခေါ်ခေါ်ကြပါတယ်။ အမှန် နှစ်ခုလုံးဟာ ဖ–တ–ပ–လ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ပဲ ဖြစ်တယ်။

ပူးပေါင်း လုပ်ခဲ့ရတယ်"ဆိုတဲ့ အကြောင်းတွေကို ဆောင်းပါးများ စာအုပ်များနဲ့ တိုင်းပြည်ကို တင်ပြနိုင်ခဲ့တယ်။

အဲဒါကြောင့် ဖို့ဒ် ၁၃၆ တပ်ဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပုံတွေ တိုင်းပြည်က အသိများခဲ့တယ်။

အမေရိကန်တွေနဲ့ကတော့ မြစ်ကြီးနား၊ ဗန်းမော်၊ ကသာကျပြီးမှ ကျွန်တော်တို့ အနေနဲ့ စတင်ဆက်သွယ်ရတယ်။ ပြီးတော့ ကျွန်တော်တို့ ဆက်သွယ်ရေး လုပ်ငန်းနဲ့ ပတ်သက်ပြီး ခပ်ကွင်းပြင်တာနဲ့ ရွာသစ်ကြီး ရောက်ဆိုတဲ့ စကားပုံလို ဆွေးနွေးရင်းနဲ့ မဟာမိတ်တပ်တွေက ရွှေဘို-ကျောက်မြောင်း၊ လွင်ပြင်တစ်လျှောက်ကို သိမ်းပြီးသွားတယ်။ ဒီတော့မှ ဝမ်းအိုဝမ်း A.F.L အဖွဲ့ချုပ်နဲ့ ဆက်သွယ်ရေးကို စလုပ်ခဲ့တယ်။

အဲဒီလို ဆက်သွယ်မှု စလုပ်တော့ မန္တလေး၊ မေမြို့၊ မိတ္ထီလာပါ ကျင်နရယ်စလင်းရဲ့ အမှတ် ၁၄ တပ်တွေက သိမ်းပြီးသွားပြီ။ အမေရိကန် တပ်မတော်ရဲ့ တာဝန်ခံ ဗိုလ်ချုပ်ကြီး စတီးဝဲလ်ရဲ့ နေရာကို လက်ဖတင်နင် ဂျင်နရယ်စူလတန် ပြောင်းလဲတာဝန် ယူလိုက်တော့ "ဝမ်း-အို-ဝမ်း တပ်ဖွဲ့ ရှိစရာ မလိုတော့ဘူး"ဆိုပြီး ဖျက်သိမ်းလိုက်တယ်။ ဒီတော့ ကျွန်တော်တို့ A.F.L ကိုယ်စားလှယ်တွေဟာ ဝမ်း-အို-ဝမ်း စစ်ဌာနချုပ်နဲ့ ပူးတွဲလုပ်နေတဲ့ ဂျပန်ဆန့်ကျင်ရေးလုပ်ငန်းဟာ ရပ်ဆိုင်းလိုက်ရပါတော့တယ်။

အဲဒါကြောင့် အမေရိကန်တွေနဲ့ ပူးတွဲလုပ်ခဲ့ရတဲ့ လေထီးအဖွဲ့ပဲ ခေါ်ပါတော့။ ဒီအဖွဲ့ရဲ့ လုပ်ကိုင်ဆောင်ရွက်ရတဲ့ ရက်ဟာ လသားလောက်ပဲ ကြာခဲ့တာလဲ တစ်ကြောင်း၊ ဘယ်သူကမှ စစ်ပြီးပြီးချင်း ဒီအကြောင်းအရာ တွေကို စာတစ်ပိုဒ်၊ ပေတစ်ဖွဲ့ ရေးသားခဲ့ခြင်း မရှိတာလဲတစ်ကြောင်းတို့ကြောင့် A.F.L အဖွဲ့နဲ့ ပူးပေါင်းလုပ်ခဲ့တာတွေကို တိုင်းပြည်က မသိကြပါဘူး။

အမေရိကန် ဝမ်းအိုဝမ်းတပ်ဖွဲ့ရဲ့လက်အောက်မှာ C.I.T, C.I.C ဆိုတဲ့ ထောက်လှမ်းရေးတပ်ဖွဲ့ ခွဲတွေရှိတယ်၊ အဲဒီတပ်ဖွဲ့တွေနဲ့ ပူးပေါင်းလုပ်ဆောင်ရ သလို ဗြိတိသျှ တပ်မတော် ဖို့ဒ် ၁၃၆ တပ်ဖွဲ့လက်အောက်မှာလဲ B.I.C, F.S.S စတဲ့ ထောက်လှမ်းရေးတပ်ဖွဲ့တွေရှိတယ်။ သူတို့နဲ့လဲ အလားတူ ပူးပေါင်း လုပ်ဆောင်ခဲ့တယ်။

အမေရိကန် တပ်မတော် ဝမ်းအိုဝမ်းတပ်ဖွဲ့နဲ့ ဗြိတိသျှ တပ်မတော် ဖို့ဒ် ၁၃၆ တပ်ဖွဲ့တို့ နှစ်ဖွဲ့စလုံးမှာ မိမိတို့ကိုယ်စီ လက်အောက်တွေမှာ

ထောက်လှမ်းရေး သင်တန်းကျောင်းတွေ ရှိကြတယ်။ ပြီးတော့ ထောက်လှမ်းရေး လေထီးအဖွဲ့ငယ် ကလေးတွေကို ရန်သူနယ်မြေအတွင်းမှာ လေထီးနဲ့ချပေးပြီး ရန်သူရဲ့ သတင်းတွေကို အရယူစေတယ်။ ရန်သူရဲ့ သွေးကြောတွေဖြစ်တဲ့ ပို့ဆောင်ရေးလမ်းကြောင်းတွေ ဆက်သွယ်ရေး လမ်းကြောင်းတွေကို ဖောက်ခွဲဖျက်ဆီးပစ်ကြရတယ်။

တချို့နေရာတွေမှာ ဒီထောက်လှမ်းရေး လေထီးအဖွဲ့ငယ်ကလေးတွေက အရင် အင်္ဂလိပ်အပြေးမှာ အင်္ဂလိပ်တပ်တွေနဲ့ အိန္ဒိယကို လိုက်မသွားဘဲ မြန်မာပြည်ထဲမှာ နေရစ်ခဲ့တဲ့ စစ်သားဟောင်းအရာရှိတွေနဲ့ ပြန်ဆက်သွယ်တယ်။ သူတို့ကမှ ဗမာ်ဆင့် တောင်ပေါ်သား လူမျိုးစုများကို စည်းရုံးပြီး ပြောက်ကျား တပ်တွေကို ဖွဲ့စည်းတယ်။ အဲဒီမယ် သူတို့စစ်ဘက်က ဗိုလ်ကစပြီး ဗိုလ်မှူးအဆင့်ရှိတဲ့ လူတွေကိုပါ လေထီးနဲ့ချပြီး အဲဒီပြောက်ကျားတပ်တွေကို ကွပ်ကဲစေတယ်။ ဒီတပ်တွေကို လဲဗီးတပ်တို့ ရိမ်းဂျားတပ်တို့ဆိုပြီး ခေါ်ကြတယ်။

အမေရိကန် ဝမ်းအိုဝမ်းရဲ့ ပြောက်ကျားတပ်တွေကိုတော့ ရိန်းဂျား (Ranger) တပ်လို့ခေါ်တယ်။ မြန်မာပြည်ကို အမေရိကန်တပ်တွေက ထိုးစစ်ဆင်လာတော့ ကချင်ပြည်နယ်ကစပြီး ဝင်လာတယ်။ ဒီရိန်းဂျားတပ်တွေမှာ ကချင်လူငယ်တွေချည်းပဲ ပါလာတော့ ကချင်ရိန်းဂျားတပ်လို့ခေါ်တယ်။

တစ်စတစ်စနဲ့ မြေပြန့်ကို ချီတက်လာပြန်တော့ ဗမာ၊ ရှမ်း၊ ဗမာမွတ်စလင်၊ ဂေါ်ရခါးစတဲ့ လူမျိုးတွေ ဝင်ရောက်အမှုထမ်းကြပြန်တယ်။ ဒီတစ်ခါတော့ ကချင်ရိန်းဂျားလို့ ခေါ်လို့မရတော့ဘူး၊ ကချင်ရိန်းဂျားတပ်လို့ ခေါ်ပေမယ့် အဲဒီတပ်တွေဟာ အေ–ဘီ–စီ လို့ နာမည်တပ်ပြီး ခေါ်လာခဲ့တယ်။

ပထမဆုံး မြစ်ကြီးနားက ဖွဲ့ခဲ့တဲ့ ကချင်ရိန်းဂျားတပ်ကို အေကုမ္ပဏီ (A Company) လို့ ခေါ်တယ်။ နောက်တစ်စတစ်စ တိုးချဲ့ဖွဲ့လာတဲ့ တပ်ခွဲတွေကိုလဲ အေ– ဘီ–စီ–ဒီ အဲဒီလို အစီအစဉ်အတိုင်း ခေါ်လာခဲ့တယ်။

ကျွန်တော်နဲ့တို့ AFL ခေါင်းဆောင်ကိုလှ၊ မောင်ချစ်စံခေါ် ကိုထွန်းလင်း၊ ကိုခင်ဆွေနဲ့ အမေရိကန် ကြေးစားကြိုးမဲ့ကြေးနန်းသမား ဖုလီတို့ မိုးကုတ်တောင်ဘက် နယ်ထဲမှာ လေထီးနဲ့ ဆင်းခဲ့တယ်။ နောက် မေမြို့(ပြင်ဦးလွင်) နယ်ထဲမှာအခြေစိုက်ခဲ့တယ်။

**အဲဒီ** လျှို့ဝှက် စခန်းချထားချိန်မှာ အနီးအနား အင်္ဂလိပ်လက်ထဲက လွတ်ပြီး မြန်မာပြည်မှာ ကျန်နေတဲ့ ဂေါ်ရခါးစစ်သားဟောင်း တစ်ယောက်က လာ ဆက်သွယ်တယ်။ တစ်ယောက်ကစ တစ်ရာဆိုသလို တပ်သားတွေ ဝင်လာပါတယ်။ လျှို့ဝှက်ပြီး အမေရိကန် စစ်ဝတ်စုံများနဲ့ လက်နက်များ တပ်ဆင်ကာ တပ်ခွဲတစ်ခွဲ ဖွဲ့ခဲ့တယ်။ ဒီတပ်ခွဲကို အုပ်ချုပ်ဖို့ ဗိုလ်ဝါတ်စ်ဆိုသူ အမေရိကန်စစ်ဗိုလ်က လေထီးနဲ့ ဆင်းလာပါတယ်။ အဲဒီတပ်ကတော့ ဂေါ်ရခါးတွေချည်း သက်သက်မို့ ဂေါ်ရခါး ရိန်းဂျားလို့ ခေါ်နိုင်ပါတယ်။ ဒါပေမယ့် သူ့ကို ဒီတပ်ခွဲ D. Company လို့ခေါ်ပါတယ်။

အဲဒီလို ပြောက်ကျားတပ်ကြီးတွေဖွဲ့ပြီး ရန်သူသတင်းရယူဖို့အတွက် ရှေ့တန်းက တပ်ကြီးတွေရဲ့ ရှေ့ပြေးအနေနဲ့ ချီတက်ရပါတယ်။ ဂျပန်ကင်းတွေ– တွေ့ရင်တိုက်၊ သတင်းပို့ ဖို့က အဓိက လုပ်ဆောင်ကြရတယ်။

အမေရိကန် ရိန်းဂျားတပ်တွေဟာ ရှမ်းပြည်ဘက်ကိုသာ တာဝန်ယူ ချီတက်ကြရတယ်။ ဒါပေမယ့် ရပ်စောက်လောက် ရောက်တဲ့အခါကျတော့ အမေရိကန် စစ်ဌာနချုပ်မှာ ဂျင်နရယ်စတီးဝဲလ်နေရာကို လက်ဖတင်နင် ဂျင်နရယ်စူရတန် ပြောင်းလဲတာဝန်ယူလိုက်တော့ There will be no more detachment 101 ဝမ်းအိုဝမ်း တပ်ဖွဲ့ရှိစရာ မလိုတော့ဘူးဆိုပြီး ဖျက်လိုက်တယ်။ ဒီတော့မှ ဝမ်းအိုဝမ်းလက်အောက်ရှိ ရိန်းဂျားတပ်ခွဲတွေအားလုံး ပါ အလိုလို ဖျက်သိမ်းပြီး တိုင်းရင်းသားတွေ ဝမ်းအိုဝမ်း စစ်ဌာနချုပ်ကို လေကြောင်းနဲ့ ပြန်သယ်လာတယ်။ တိုင်းရင်းသားတွေကို U.S. Army Detashment 101 Burma Campain ဆိုတဲ့ စာတမ်းပါ ဆုတံဆိပ်တို့၊ နှစ်လုံးဆင့် သေနတ်တို့ ဆုအဖြစ်ပေးပြီး ဝမ်းအိုဝမ်းရုံးချုပ်ဖြစ်တဲ့ ဗန်းမော်ကနေ သက်ဆိုင်ရာ မြို့ရွာများကို သင့်တော်တဲ့ ပို့ဆောင်ရေး အစီအစဉ်တွေနဲ့ ပြန်ပို့ပေးခဲ့ ပါတယ်။

ဗိုဒ် ၁၃၆ တပ်ဖွဲ့မှာ အဲဒီလို မဟုတ်ဘူး၊ ဗြိတိသျှ တပ်မတော်ဟာ ရခိုင်ကို ထိုးစစ်မဆင်ခင်က အေဖက်ဖ်အိုနဲ့ အဆက်အသွယ်ယူပြီး ရခိုင်ပြည်မှာ အေအက်ဖ်အိုအဖွဲ့ခေါင်းဆောင်တွေနဲ့အတူ လေထီးနဲ့ဆင်းတယ်။ ရခိုင်ပြည်ထဲမှာ ရှိတဲ့ ဂျပန်ဆန့်ကျင်ရေး ရဲဘော်တွေကို လက်နက်တပ်ဆင်ပေးတယ်။ ပြောက်ကျား စစ်ဆင်ရေးတွေ ဆင်နွှဲစေတယ်။

ရခိုင်ပြည်နယ်မှာ ဂျပန်မရှိတော့တဲ့နောက်ပိုင်း မြန်မာပြည်ထဲရောက်ပြန်တော့လဲ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့တွေနဲ့အတူမေဂျာဘွိုင်၊ ကပ္ပတိန်ကော့၊ မေဂျာခရူး၊ ကပ္ပတိန်အန်းဂါး၊ ကပ္ပတိန်ဝါလား၊ ကပ္ပတိန် ဘရိန်တန် အစရှိတဲ့ ဗြိတိသျှ စစ်ဘက်အရာရှိတွေ လေထီးနဲ့ ဆင်းကြပါတယ်။

အောက်ရောက်တော့ အသင့်ရှိနေတဲ့ ဖက်ဆစ်ဆန့်ကျင်ရေး ပြောက်ကျားအဖွဲ့တွေနဲ့အတူ ဂျပန်ကို ပြောက်ကျား စစ်ဆင်ရေးတွေ လုပ်ပါတယ်။ အေအက်ပ်ဖ်အိုရဲဘော်တွေကို လက်နက်တွေ တပ်ဆင်ပေးတယ်။

တောင်ငူခရိုင် ရေအိုးစင်တိုက်ပွဲမှာ ဖက်ဆစ်ဆန့်ကျင်ရေး ရဲဘော်တို့နဲ့အတူ ပါဝင်တိုက်ပွဲ ဆင်ခဲ့တဲ့ မေဂျာဘရိန်တန်ဟာ ရဲဘော်သာလှိုင်နဲ့အတူ ဂျပန်ကျည်သင့်ပြီး ကျဆုံးခဲ့ပါသေးတယ်။

အမေရိကန် ဝမ်းအိုဝမ်း တပ်ဖွဲ့နဲ့ ဗြိတိသျှ ဖို့ဒ် ၁၃၆ တပ်ဖွဲ့တွေဟာ စစ်အောင်နိုင်ရေးအတွက် အရေးကြီးတဲ့ နိုင်ငံရေးပြဿနာများ၊ စစ်ထောက်လှမ်းရေး ပြဿနာများကို အဓိကထား လုပ်ခဲ့ကြတဲ့ အဖွဲ့များ ဖြစ်ပါတယ်။

ဂျပန်တော်လှန်ရေးအတွက် ကျွန်တော်တို့ ဆက်သွယ်ဆောင်ရွက်တဲ့အခါမှာ အမေရိကန်နဲ့ ဗြိတိသျှအစိုးရ ကိုယ်စားလှယ်အဖွဲ့နဲ့ ဆက်သွယ်ဆွေးနွေးရခြင်း မရှိဘူး၊ တခြား စစ်ဘက်ဆိုင်ရာ တိုက်ခိုက်ရေး တပ်ဖွဲ့တွေရဲ့ ကိုယ်စားလှယ်တွေနဲ့လဲ ဆွေးနွေးရခြင်း မရှိပါ။

ကျွန်တော်တို့က မဟာမိတ်တပ်တွေဆိုတဲ့ အမေရိကန်တပ်နဲ့ သွားဆက်သွယ်ရင် သူတို့က C.I.C တို့ C.I.T တို့ဆိုတဲ့ တပ်တွေမှာ တစ်ပါတည်းလိုက်ပါလာတဲ့ ထောက်လှမ်းရေးအဖွဲ့ကို ပို့တယ်။ အဲဒီကနေ ဝမ်းအိုဝမ်းဌာနချုပ်ဆီပို့တယ်။ အဲဒါ အဆင့်အမြင့်ဆုံး အဖွဲ့ပဲ၊ သူတို့နဲ့ပဲ အဆုံးအဖြတ်ကိစ္စကို ဆွေးနွေးကြရတယ်။

အမေရိကန်တပ်တွေအတွက် ဆက်သွယ်ရေး စကားဝှက်က G.2 ဂျီတူး။ အလားတူပဲ အင်္ဂလိပ်တပ်အတွက်က ဂျီအက်စ်အိုင်ကောပဲ။ ဒီစကားဝှက်နဲ့ မဟာမိတ်တွေဆီ ဆွေးနွေးတယ်။ စကားဝှက်ဖြစ်တဲ့ ဂျီအက်စ်အိုင်ကောတို့ ဂျီတူးတို့ကိုပြောလဲ တချို့ရှေ့တန်းရောက်နေတဲ့ တပ်တွေက ဒီစကားဝှက်ကို သိလား မသိလားတော့ မသိဘူး။ မသိတာ များဟန်တူပါရဲ့။

ဘာကြောင့်လဲဆိုရင် စကားဝှက်ကိုပြောပြီး ဆက်သွယ်တဲ့ ကျွန်တော်တို့ရဲဘော်တွေကို ဖမ်းလားဆီးလား လုပ်တယ်။ အချုပ်နဲ့ထားတယ်။ တိုလီမိုလို၊

အသေးအဖွဲ့ကိစ္စကနေ အိမ်သာကျင်းတူးခိုင်းတဲ့အထိ ခိုင်းစေတယ်။ နောက်တော့မှ ဖို့ဒ် ၁၃၆တပ်ဖွဲ့က ကိုယ်စားလှယ်တစ်ဦးဦးကပဲဖြစ်ဖြစ်၊ ဝမ်းအိုဝမ်း တပ်ဖွဲ့က ကိုယ်စားလှယ်ကပဲဖြစ်ဖြစ် လာကြီးတော့မှ "ဆောရီး" ဆိုတဲ့ စကားလုံးလေးသုံးပြီး ကျွန်တော်တို့ရဲဘော်တွေ ကျေနပ်ခဲ့ရတာချည်းပဲ။

အဲဒီလို အချုပ်နဲ့ထားပြီး စစ်ထောက်လှမ်းရေးအဖွဲ့ဖြစ်တဲ့ F.I.Cတို့ F.S.S., B.I.C, C.I.C, C.I.T တို့ဆိုတဲ့ အဖွဲ့တွေကိုပို့တယ်။ အဲဒီကမှ တစ်ဆင့် အမေရိကန်နဲ့ဆိုင်တဲ့သူကို ဝမ်းအိုဝမ်းဌာနချုပ်ကို ပို့တယ်။ ဗြိတိသျှတပ်နဲ့ ဆိုင်တဲ့သူကို ဖို့ဒ် ၁၃၆ တပ်ဖွဲ့က ကိုယ်စားလှယ်တစ်ဦးဦးက လာခေါ်ပြီး ဖို့ဒ် ၁၃၆ တပ်ဖွဲ့ဌာနချုပ်ကို ရောက်တယ်။

အဲဒီမှာ မိမိတို့ လာရင်းကိစ္စကို ဆွေးနွေးကြတယ်။ ကျွန်တော်တို့ အနေနဲ့ နိုင်ငံရေး စစ်ရေးပြဿနာတွေကို ဆွေးနွေးရာမှာ အစိုးရနဲ့ တပ်မတော်အတွက် ဖို့ဒ် ၁၃၆ တပ်ဖွဲ့ဟာ အဆင့်အမြင့်ဆုံးဖြစ်သလို အမေရိကန် အစိုးရနဲ့ အမေရိကန် တပ်မတော်အတွက် ဝမ်းအိုဝမ်း တပ်ဖွဲ့ဟာလဲ အဆင့်အမြင့်ဆုံးပဲဆိုတာ တွေ့ရပါတယ်။

(၂)

"ဒီ ဂျပန်ခေတ်ဖက်ဆစ်တော်လှန်ရေး လေထီးသမားများ" ဆိုတဲ့ စာအုပ်မှာ ဗြိတိသျှ တပ်မတော်ရဲ့ ဖို့ဒ် ၁၃၆ တပ်ဖွဲ့၊ အမေရိကန်တပ်မတော် ဝမ်းအိုဝမ်း တပ်ဖွဲ့တို့နဲ့ ပူးတွဲဆောင်ရွက်ခဲ့တဲ့ ရဲဘော်တွေရဲ့အကြောင်းကို ပူးတွဲပြီး ရေးသားထုတ်ဝေဖို့ ကျွန်တော် ရည်ရွယ်ပါတယ်။

ဖို့ဒ် ၁၃၆ တပ်ဖွဲ့နဲ့ ဆက်သွယ်လုပ်ခဲ့တဲ့ ဗိုလ်မှူးချစ်ကောင်းရဲ့ "အနှစ်နှစ်ဆယ်ခရီး" စာအုပ်ဟာလဲ ရဲဘော်တွေအားလုံးရဲ့ အကြောင်းတွေကို ပြည့်ပြည့်စုံစုံ မပါခဲ့ပါ။ ဦးသိန်းဖေမြင့်ရဲ့ "အရှေ့က နေဝန်းထွက်သည့်ပမာ" ကြီးတော့ "မဟာမိတ်နဲ့ ဗမာ့စေတမန်" ဆိုတဲ့ စာအုပ်တွေမှာလဲ အားလုံးရဲ့ အကြောင်းတွေ ပြည့်ပြည့်စုံစုံ ဖော်ပြထားတာ မတွေ့ရဘူး။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ လေထီးတပ်ဖွဲ့၊ ဒါမှမဟုတ် ထောက်လှမ်းရေးတပ်ဖွဲ့ နှစ်ဖွဲ့စလုံးကို ပူးပေါင်းဖော်ပြဖို့ ရည်ရွယ်ပါတယ်။

အဲဒါကြောင့် ဒီတပ်ဖွဲ့ဝင်တွေထဲက လက်လှမ်းမီနိုင်သမျှ ပုဂ္ဂိုလ်တွေဆီ ကျွန်တော် တွေ့ဆုံမေးမြန်းဖို့ ၁၉၇၄ ခု နှစ်ဦးပိုင်းက စတင်ခဲ့ပါတယ်။

ကျောက်ဆည်၊ မန္တလေး၊ မေမြို့၊ မြစ်ကြီးနား၊ တောင်ကြီးမြို့များထိ သွားခဲ့ပါတယ်။ ရခိုင်ကိုတော့ မရောက်ခဲ့ပါ။ ဘာကြောင့်လဲဆိုရင် ရခိုင်က ရဲဘော် တော်တော်များများဟာ ရန်ကုန်မှာ ရှိနေလို့ပါ။

လေထီးတပ်ဖွဲ့နှစ်ဖွဲ့ပေါင်းရင် လေထီးတပ်ဖွဲ့တွေနဲ့ ဆက်သွယ်တဲ့ လူပေါင်းဟာ လေးငါးခြောက်ဆယ် ရှိပါတယ်။ ဒါပေမယ့် ဒီပုဂ္ဂိုလ်တွေ အားလုံးဆီက ကျွန်တော် တွေ့ဆုံမေးမြန်းခွင့်ရသလို တွေ့ဆုံခွင့်မရတဲ့ ပုဂ္ဂိုလ်တွေလဲ ရှိပါတယ်။

ကြည့်မယ်ဆိုရင်–

ကိုအေးဝင်း (ဒုဗိုလ်မှူးကြီး–အငြိမ်းစား)၊ ကိုကျော်ရင် (ပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်)၊ သခင်မြသွင် (ဗကပခေါင်းဆောင်ဟောင်း)၊ ကိုဘညွန့်၊ ကိုခင်ဆွေ (ကသာကျောင်းသား)၊ ကိုမောင်ကလေး အစရှိတဲ့ ရဲဘော်တွေ ကွယ်လွန်သွားကြပါပြီ။ ဒါကြောင့် သူတို့နဲ့ တွေ့ဆုံမေးမြန်းပြီး မှတ်တမ်း ရယူနိုင်ခဲ့ခြင်း မရှိပါ။

ကိုစောဖြူဆီကတော့ မှတ်တမ်းများ ရယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့် သူပြောပြထားခဲ့တဲ့ အကြောင်းတွေ စာအုပ်မှာ မှတ်တမ်းတင်တာ သူမြင်မသွားနိုင်တော့ပါ။ ၁၉၈၃ ခုနှစ်ထဲမှာ ကွယ်လွန်သွားရှာပြီကောလို့ ညည်းတွားမိပါတယ်။ ဝမ်းနည်းမိပါတယ်။

ကိုလှ(ကသာ)၊ ကိုစံညွန့်(ခေါ်) ကိုကျော်သန်း၊ ရဲနီထွန်းလှ (အလံနီ–ဖန်းမော်)၊ သခင်တင်ရွှေ (ဗကပခေါင်းဆောင်–ကျောက်ဆည်)၊ ဗိုလ်မှူးချစ်ကောင်း (ဗကပခေါင်းဆောင်)၊ ကိုဌေး (ဗကပခေါင်းဆောင်)၊ မစ္စတာဂိုရှယ် (ဗကပခေါင်းဆောင်) ကိုစိုးမောင် (ဓနုဖြူ)၊ ကိုကြည်၊ ကိုထွန်းဇော်ကျော်၊ ကိုအောင်ညွန့်၊ ကိုအေးကျော် အစရှိတဲ့ ရဲဘော်တွေဟာ တောခိုရင်း တောတွင်းမှာ ကွယ်လွန်လို ကွယ်လွန်၊ ကျဆုံးလို ကျဆုံးနဲ့ သူတို့ဆီကလဲ မှတ်တမ်းများ မရတော့ပါ။

ကိုဖုန်းကတော့ မြန်မာ့တပ်မတော် ဗိုလ်မှူးအဖြစ်နဲ့ ကျဆုံးသွားပါပြီ။ သူ့ဆီကလဲမှတ်တမ်းမရလိုက်ပါ။

သခင်ဖေတင့်၊ ကိုကျော်မြ (ရခိုင်)၊ ကိုဖေသောင်း၊ ကိုသန်း၊ ကိုခင်ဇော် (ပြည်သူ့မျိုးချစ်ပါတီ)တို့ဟာ တောခိုနေဆဲဖြစ်လို့ သူတို့ဆီကလဲ မှတ်တမ်းရယူဖို့ မလွယ်ပါ။

မြို့ပေါ်မှာ အသက်ထင်ရှားရှိကြတဲ့ ရေထီးသမားတွေထဲက တော်တော်များများ ပုဂ္ဂိုလ်တွေဆီကို ကျွန်တော် သွားရောက်တွေ့ဆုံ မှတ်တမ်းများ ရယူခဲ့ပါတယ်။

တချို့ ပုဂ္ဂိုလ်တွေကျတော့ သူတို့ရှိရာကို ကျွန်တော်သွားရောက်တွေ့ပေမယ့် တွေ့ခဲ့လို့ မှတ်တမ်းမယူခဲ့ရပါဘူး။ နောက်ထပ်သွားလဲမတွေ့ဘူး၊ ဒါကြောင့် ချန်လှပ်ထားခဲ့ရတာတွေလဲ ရှိပါတယ်။

တချို့ပုဂ္ဂိုလ်တွေ ကျပြန်တော့လဲ အပေါ်ယံကြောလောက်ပဲ ပြောတယ်။ သူတို့အကြောင်းကို စာအုပ်တွေနဲ့ မှတ်တမ်းတင်ထားဖို့ကိုတောင် သိပ်လိုလားဟန်မတူဘူး။ "ဟိုတုန်းက ဘ[illegible]ပေးတာဝန်ကို ကြုံကြိုက်လို့ လုပ်ခဲ့ပြီ၊ ဒီလိုလုပ်ခဲ့ပါတယ်ဆိုပြီး မဖွံ့ဖြိုးတိုင် တက်ပြတာမျိုးတွေကို မလိုလားဘူးဗျာ" လို့ ခပ်ပေါ့ပေါ့ ပြောခဲ့တယ်။ စိတ်ဝင်စားမှု မရှိကြဘူး။

တချို့ကျတော့လဲ အကြောင်းအမျိုးမျိုးကြောင့် သူတို့ပါဝင်ဆောင်ရွက်ချက်တွေကို ရေးသားဖော်ပြတာကို မလိုလားကြဘူး၊ ဘာကြောင့်လဲတော့ မသိပါ။

တချို့ကျပြန်တော့ လိုလိုချင်ချင် ပြောပြကြပါတယ်။ ဒီလို ပြောတာတွင်မကဘူး သူတို့ ပြောပြတာတွေ ကျန်ပြုနေမှာ၊ မှားပြုနေမှာတောင်စိုးလို့ အပင်ပန်းခံပြီး သူတို့အဖြစ်အပျက်ကို အကျဉ်းချုံးပြီး ရေးပေးလိုက်ပါသေးတယ်။ အဲဒီလို ပုဂ္ဂိုလ်တွေရှိသလို–

တချို့ကျတော့လဲ ဒီလိုစာအုပ်တွေရေးပြီး စီးပွားရှာနေသူအဖြစ်နဲ့ အပေါ်စီးကနေ စီးကြည့်တဲ့ ပုဂ္ဂိုလ်တွေလဲရှိသေးတယ်။

အဲဒီလိုအဖြစ်မျိုးနဲ့ ရေးတာမဟုတ်ပါဘူး၊ တိုင်းပြည်မှာ ကျန်နေတဲ့ "ကွက်လပ်ကလေး" တွေကို ရှာဖွေဖြည့်စွက်တဲ့ သဘောပါ။ ကျွန်တော်ကတော့ အဖြည့်ခံ စာရေးဆရာ တစ်ယောက်ထက်ပိုပြီး အခြား ဘာရည်ရွယ်ချက်မှ မရှိပါဘူးလို့ စိတ်ထဲ ခပ်အောင့်အောင့်နဲ့ ဖြေရှင်းပြရတာမျိုးလဲ ရှိပါတယ်။ ဒီလိုပုဂ္ဂိုလ်များ အင်မတန် နည်းပါတယ်။

ဒီစာအုပ်အတွက် အချက်အလက်များကို ၁၉၇၅ ခုကတည်းကပဲ စုဆောင်းခဲ့ပါတယ်။ စုဆောင်းရက်ဟာ တစ်နှစ်ပဲ ကြာပါတယ်။

အချို့ ပုဂ္ဂိုလ်တွေဟာ သူတို့အကြောင်းတွေ ပြောပြပြီးတဲ့နောက် ကွယ်လွန်သွားသူများ ရှိပါတယ်။

(၃)

နေ့စဉ်မှတ်တမ်းများ၊ ဓာတ်ပုံများ၊ သတင်းစာများ၊ အမြင့်ဆုံး သမီးရည်းစား စာများဟာ တစ်နေ့မှာ အဖိုးတန်လာလိမ့်မယ်ဆိုတာကို မသိခဲ့ရိုး အမှန်ပါ။ ဒါကြောင့် နေ့စဉ်မှတ်တမ်း မရေးခဲ့မိဘူး။ ဓာတ်ပုံတွေ ရိုက်ယူမထားခဲ့မိဘူး၊ သတင်းစာတွေ မသိမ်းခဲ့မိဘူး။

လူထုဦးလှရေးတဲ့ "သတင်းစာများကပြောတဲ့ စစ်ပြီးစ မြန်မာပြည်"ဆိုတဲ့ စာအုပ်မျိုး ဖတ်ရမှ သတင်းစာတို့ ဆောင်းပါးတို့ ယုတ်စွာအဆုံး သမီးရည်းစားစာတို့ဟာ နောင်တစ်ချိန်မှာ အဖိုးတန်ကြောင်း သိလာရပါတယ်။

ကျွန်တော့်ဆန္ဒကတော့ အားလုံးရဲ့အကြောင်းတွေကို ပြည့်ပြည့်စုံစုံ ဖော်ပြချင်ပါတယ်။ ဒါပေမယ့် အခြေအနေက မပေးတဲ့အတွက် ဖော်ပြနိုင်ခြင်း မရှိပါ။

ဒီသမိုင်းကို ပြုစုနေစဉ်က ကိုညိုထွန်းနဲ့ ကိုဘစောတို့ဟာ နိုင်ငံခြားမှာ သံအမတ်ကြီးများတာဝန် ထမ်းဆောင်နေကြသူများ ဖြစ်လို့ သူတို့ဆီက မှတ်တမ်းမှာ မယူနိုင်ခဲ့ပါ။ အခုတော့ သံအမတ်ကြီးများဟာ အငြိမ်းစားယူပြီးလို့ မြန်မာပြည် ရောက်ရှိနေကြပါပြီ။

ဒါပေမယ့် သူတို့ဟာလဲ အနားယူစခန်းများမှာ ရှိနေပြီဆိုတော့ သွားရောက်မေးမြန်းရင်လဲ ရပါတယ်။ ဒါပေမယ့် လူကြီးများကို အနှောင့်အယှက် ပေးသလို ဖြစ်နေမှာစိုးလို့ သွားရောက် မေးမြန်းခြင်း မပြုတော့ဘဲ ထားလိုက်ပါတယ်။

ရဲဘော်ချစ်ကောင်းကျတော့ တောထဲမှာ ဗ-က-ပ ခေါင်းဆောင်အဖြစ်နဲ့ ကျဆုံးသွားခဲ့ပြီ။ ဒါကြောင့် ၁၉၆၀ ခုနှစ်လောက်က သူရေးထားခဲ့တဲ့ "အနှစ်နှစ်ဆယ်ခရီး" စာအုပ်ကတစ်ဆင့် လေ့လာ ဖော်ပြလိုက်ရပါတယ်။

ဗိုလ်မှူးချစ်ကောင်းရေးထားတဲ့ "အနှစ်နှစ်ဆယ်ခရီး" စာအုပ်က ဂျပန်ခေတ် လေထီးသမားအဖြစ် ပါဝင်ကပြခဲ့တဲ့ အခန်းကို တစ်ဆင့် ဖော်ပြလိုက်ပါတယ်။ ဗိုလ်မှူးချစ်ကောင်းရဲ့ "အနှစ်နှစ်ဆယ်ခရီး" စာအုပ်က လေထီး အခန်းကို ဒီဂျပန်ခေတ်ဖက်ဆစ်တော်လှန်ရေး လေထီးသမားများဆိုတဲ့ စာအုပ်မှာ ကူးယူဖော်ပြဖို့ ဗိုလ်မှူးချစ်ကောင်းရဲ့ဇနီး ဒေါ်ခင်မျိုးညွန့်ရဲ့ ခွင့်ပြုချက်ကို ရယူပြီးမှ ဖော်ပြရပါတယ်။

အရင် ဂျပန်တော်လှန်ရေး ကာလမှာတုန်းက စုစုစည်းစည်းနဲ့ ဘုံရန်သူဖြစ်တဲ့ ဖက်ဆစ်ဂျပန်များကို တော်လှန်ခဲ့ပေမယ့် လွတ်လပ်ရေးရပြီးတော့ တချို့လဲ ကိုယ်ယုံကြည်ရာ နိုင်ငံရေး ပါတီများထဲတွင် ဝင်ရောက်ပြီး ယင်းပါတီတွေရဲ့ ဦးဆောင်မှုအရ လုပ်ဆောင်ခဲ့ကြပါတယ်။

တချို့ကျတော့ ရိုးရိုးဝန်ထမ်းများအဖြစ် အမှုထမ်းလျက် ရှိကြပါတယ်။

အထက်ပါအတိုင်း ပုံစံအမျိုးမျိုးနဲ့ ရပ်တည်လျက်ရှိကြတဲ့အတွက် သူတို့ရဲ့ လေထီးပြောက်ကျားမှတ်တမ်း လိုက်လံရယူရာမှာ ဘယ်နည်းနဲ့မျှ ပြည့်ပြည့်စုံစုံ ရယူနိုင်လိမ့်မယ် မဟုတ်ဘူးဆိုတာ အလိုလိုအဖြေထွက်ပြီးသား မဟုတ်ပါလား။

မိမိကိုယ်တိုင် ဂျပန်ခေတ်အကြောင်း၊ ဆရာကြီး ဦးရာဇတ်အထွေထွေ အကြောင်း စာတွေရေးလာတော့မှ လူထုဦးလှရဲ့ စကားတွေကို ပိုပြီး သဘောပေါက်လာမိပါတော့တယ်။ အဲဒီခေတ် အဲဒီအခါက လူ့အဖွဲ့အစည်းရဲ့ အကြောင်းတွေ၊ အုပ်စိုးတဲ့ အစိုးရအကြောင်းတွေ၊ စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေး၊ ပညာရေး၊ လူမှုဆက်ဆံရေးစတဲ့ အကြောင်းတွေ ဘယ်လိုရှိခဲ့တယ်ဆိုတာ ဒီစာနယ်ဇင်းဟောင်းများ၊ ဓာတ်ပုံများ သမိုင်းရည်းစားစာဟောင်းများကို ပြန်လည်ကြည့်ရှုလေ့လာရင် သိနိုင်တယ်ပေါ့။

တချို့ ရှားပါးဓာတ်ပုံတစ်ပုံအတွက်၊ တံဆိပ်ခေါင်းတစ်ခုအတွက် သောင်းဂဏန်း သိန်းဂဏန်းထိ ပေးဝယ်ကြရတယ်ဆိုတာ ကြားဖူးပါတယ်။

အနောက်နိုင်ငံက သုတေသီများဟာ အကြောင်းအရာ အဖြစ်အပျက် တစ်ခုအတွက် မိမိတိုင်းပြည်နဲ့ ဝေးလံတဲ့ ဒေသတွေဆီထိ ငွေကုန်ကြေးကျခံပြီး သွားရောက် ရှာဖွေကြတယ်ဆိုတာလဲ ကြားဖူးပါတယ်။

တစ်ခါကဆိုရင် နှစ်ပေါင်းများစွာက ကွယ်လွန်သွားတဲ့ အီဂျစ်ဘုရင် တစ်ပါးရဲ့ ပျောက်ဆုံးနေတဲ့ သင်္ချိုင်းကို ဂျာမန်သုတေသီကြီးတစ်ယောက်က သူ့လူများနဲ့အတူ အီဂျစ်ပြည်သွားရောက်ပြီး ရှာဖွေတူးယူခဲ့ပါသတဲ့။ စည်းစိမ် အပြတ်ခံရသလောက်နီးနီး ပါပဲ။ သူအသက်ကြီးရင့်ပြီး နောက်ဆုံး ကွယ်လွန်သွားတဲ့တိုင်အောင် သူရှာဖွေတူးဖော်တဲ့ လုပ်ငန်းဟာ မအောင်မြင် ခဲ့ဘူး၊ နောက်ဆုံး သူ့သားက အဖေ့တာဝန်ကို ဆက်ခံတူးရတဲ့အထိ ကြာခဲ့တယ်။ နောက်ဆုံးမှ အောင်မြင်မှု ရခဲ့ပါတယ်တဲ့။

အခု ကျွန်တော်တို့ အစိုးရဟာ ရှေးဟောင်းသုတေသနအဖွဲ့တစ်ခုကို ဖွဲ့စည်းပြီး မြန်မာဘုရင်များ စိုးစံခဲ့တဲ့နေရာတွေမှာ ရှေးဟောင်းပစ္စည်းတွေကို ငွေအမြောက်အမြား အကုန်အကျခံပြီး တူးဖော်နေပါတယ်။ တခြားတိုင်းပြည်တွေမှာလဲ ဒီအတိုင်း ရှာဖွေသုတေသန ပြုနေကြပါတယ်။

ဒီလို ငွေကုန်ကြေးကျခံပြီး တူးဖော်ကြတာ ရှေးကလူ့အဖွဲ့အစည်းရဲ့ သမိုင်းကိုလေ့လာရာမှာ ဒီတူးဖော်လို့ရရှိတဲ့ ပစ္စည်းတွေက သမိုင်းကို ပြန်ပြောကြတယ်လို့ ဆိုရင် ငြင်းနိုင်မယ် မထင်ပါ။ ကြီးမားတဲ့ အထောက်အကူကို ဖြစ်စေပါတယ်။

ကျွန်တော်တို့ ဂျပန်ကို တော်လှန်တုန်းက ဒီလိုစာအုပ်တွေ ရေးဖို့ စိတ်ကူးလဲ မရှိခဲ့ဘူး၊ အိပ်မက်လဲ မမက်ခဲ့ဘူး၊ ဒါတွေဟာ နောင်တစ်ခေတ်မှာ တန်ဖိုး ရှိလာလိမ့်မယ်လို့လဲ သဘောမပေါက်ခဲ့ဘူး။

တိုင်းပြည်တာဝန်တွေ ထမ်းဆောင်ခဲ့တာလဲ နောင်တစ်ခေတ် မိမိ ဘာဖြစ်ဖို့၊ ဘယ်လိုအခွင့်အရေးတွေရဖို့ဆိုတဲ့ မျှော်လင့်ချက်မျိုးတွေလဲ မရှိခဲ့ပါဘူး၊ မြန်မာ့ လွတ်လပ်ရေးအတွက် ခေတ်အဆက်ဆက်မှာ ပါဝင်ခဲ့တဲ့ အလုပ်သမား လယ်သမားနဲ့ ပြည်သူ့သားရတနာ သမီးရတနာတွေဟာလဲ ကျွန်တော့်လို ခံယူချက်ချည်းပါပဲ။ စစ်ဗိုလ်မှူးကြီးတွေဖြစ်ဖို့၊ နိုင်ငံခေါင်းဆောင်ကြီးတွေဖြစ်ဖို့၊ တိုက်နဲ့တာနဲ့ကားနဲ့ သူဌေးကြီးဖြစ်ဖို့ဆိုတဲ့ ခံယူချက် မရှိကြရိုးအမှန်ပါ။ နောင်တစ်ခေတ်မှာ လွတ်လပ်ရေး မော်ကွန်းတွေ နိုင်ငံ့ဂုဏ်ရည်ဘွဲ့တွေ ရလိမ့်မယ်လို့ ဘယ်သူကမှ မမျှော်လင့်ကြဘူး။

ကျွန်တော့်အနေနဲ့ "ဒီဂျပန်ခေတ် ဖက်ဆစ်တော်လှန်ရေး လေထီးသမားများ"အကြောင်းကို ရေးရတဲ့ အဓိက ရည်ရွယ်ချက်ကတော့ သမိုင်းဝင် စာအုပ်တစ်အုပ် ရှိကျန်ရစ်ခဲ့ စေချင်တဲ့ ဆန္ဒအနေနဲ့ပါ။

ဒါပေမယ့် ဒီစာအုပ်ဟာ အပေါ်ယံကြော ကျတယ်လို့ပဲ ဆိုပါရစေ။ ဘာကြောင့်လဲဆိုရင် စာအုပ်တစ်အုပ် ပြုစုရတယ်ဆိုတဲ့ နေရာမှာ တချို့တိုင်းပြည်တွေမှာ နှစ်နဲ့ချီပြီး စုဆောင်းကြ၊ ရှာဖွေကြပြီးမှ စာအုပ်တစ်အုပ် ထွက်လာတယ်လို့ ကြားသိရပါတယ်။

ဥပမာ ရက်ပေါင်း ၉၀၀ လီနင်ဂရက်တိုက်ပွဲ (The 900 days the siege of Leningrad by Harrison E Salisbury) စာအုပ်ကိုကြည့်၊ ဒီစာအုပ် ဖြစ်မြောက်ရေးအတွက် စာရေးဆရာ ရီဆန်အီးစလစ်ဘူရီဟာ ၂၅

နှင်းအတွင်း နေ့စဉ်မှတ်တမ်းများ၊ တိုက်ပွဲများတွင် ကိုယ်တိုင်ပါဝင်ခဲ့သူများ၊ ဓော်ကွန်းတိုက်များ၊ မှတ်တမ်းများမှ ရှာဖွေစုဆောင်းမှတ်ယူခဲ့ရကြောင်း ဖော်ပြထားပါတယ်။

Harrisen E. Salisbury spent 25 years studying diarics memoirs and archives corresponding with and unterriewing survivers. The result is an anguishad and inspiring epic story of human Cruelty and courage.

၁၉၆၉ ခုနှစ် အမေရိကန်မှာ ထွက်သမျှစာအုပ်ထဲမှ ဒီစာအုပ်ဟာ အရောင်းရဆုံးဖြစ်တယ်လို့ ကြွေးကြော်ထားတယ်။ The best seller of the year တဲ့။

အဲဒီတော့ ဒီလိုစာအုပ်မျိုးကိုရေးတဲ့ စာရေးဆရာအနေနဲ့ အင်မတန် အပင်ပန်းခံ အချိန်ကုန်ခံ ငွေကုန်ကြေးကျခံပြီး ရှာရဖွေရရိုး အမှန်ဖြစ်တယ် ဆိုတာ ကျွန်တော်တို့ တွေ့ကြရပါတယ်။ ဒီစာရေးဆရာကို ချီးကျူးမိပါတယ်။ ဉာဏ်လဲပြူထိုက်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီလိုတာဝန်မျိုး လုံးဝ မထမ်းနိုင်ခဲ့သေးပါဘူး။

ဗိုလ်ဒ် ၁၃၆ ဗြိတိသျှတပ်ဖွဲ့နဲ့လည်းကောင်း၊ ဝမ်းအိုဝမ်း အမေရိကန် ၁၀၁ တပ်ဖွဲ့နဲ့လည်းကောင်း၊ ပေါင်းပြီးလုပ်ခဲ့တဲ့ လူပေါင်းဟာ လေးငါး ခြောက်ဆယ်ပဲ ရှိပါတယ်။ ဒီထက်တော့ မများနိုင်ပါဘူး၊ ကျွန်တော်စာဖော်ပြခဲ့သလို ကျဆုံးသွားခဲ့သူတွေ၊ ကွယ်လွန်သွားခဲ့သူတွေ၊ နိုင်ငံခြားရောက် နေသူတွေ၊ တောတွင်းမှာ ရောက်နေသူတွေ၊ အဲဒီလို အခြေအနေကြောင့်မို့ ဒီပုဂ္ဂိုလ်တွေဆီက ကျွန်တော်ရအောင် ဘယ်လိုမှ မှတ်တမ်းမပြုနိုင်ခဲ့ပါဘူး။

ဒါပေမယ့် အသက်ရှင်လျက်ရှိပြီး တရားဥပဒေဘောင်အတွင်း ရောက်နေသူတွေဆီက ကျပြန်တော့ အဲဒီလူတွေအားလုံးဆီက ရယူနိုင်သလား ဆိုရင် ဒီလိုလဲ မရခဲ့ပါဘူး။ တချို့ တနယ်တကျေးဆီမှာ ရှိတဲ့လူတွေ၊ သဘောက ရန်ကုန်အပြင်ဘက် နယ်တွေမှာ ရှိတဲ့ ပုဂ္ဂိုလ်ကြီးတွေအားလုံးဆီ ရောက်ခဲ့သလားလို့မေးရင် "ဟင့် အင် အင်း"လို့ ဖြေရမယ်။

တွေ့တဲ့ ပုဂ္ဂိုလ်တွေကို တွေ့ခဲ့ပြီး မတွေ့ခဲ့တဲ့ ပုဂ္ဂိုလ်တွေလဲမတွေ့ခဲ့ဘူး၊ မတွေ့ခဲ့တဲ့ ပုဂ္ဂိုလ်တွေကို မတွေ့တွေ့အောင် လိုက်ဖို့ကျပြန်တော့ ကျွန်တော့်မှာက ငွေရေးကြေးရေး မတတ်နိုင်ပြန်ပါဘူး။

## စာရေးသူရဲ့စကားဦး

ဘာပဲဖြစ်ဖြစ် "ရက်ပေါင်း ၉၀၀ လီနင်ဂရက်တိုက်ပွဲ" စာအုပ်ရေးသူ ဟာရီဆန် အီး စလစ်ဘူရီလို စာရေးဆရာမျိုး၊ ဝါတားဂိတ်အရေးအခင်းကို ရေးသားဖော်ထုတ်တဲ့ သတင်းထောက်စာရေးဆရာ ကားဘာနဲ့စတိန်းနဲ့ (Carl Bermstern နဲ့ ဘော့ဝုဒ် Bob Woodward တို့နဲ့ နှိုင်းယှဉ်ကြည့်မိပါတယ်။ ဒီလိုအခါမျိုးမှာ ကျွန်တော့်ကိုယ် ကျွန်တော် အားမရခဲ့ဘူး၊ မကျေမနပ်လဲ ဖြစ်နေမိပါတယ်။

အခြားတိုင်းပြည်တွေမှာကျတော့ စာရေးဆရာတစ်ဦးရဲ့ ရပိုင်ခွင့်အရ ပြဿနာတွေကို ထိထိမိမိ ပြည့်ပြည့်စုံစုံ ဘယ်ဟာကွက်ကလေးတစ်ခုမှ စာအုပ်မှာ ကျန်မနေရစ်ခဲ့ရအောင် ရက်တွေ လတွေ နှစ်တွေကြာညောင်းခံပြီး ရှာဖွေပြုစုခဲ့တယ်ပေါ့။

ဒါကြောင့် အဲဒီလို စာအုပ်တစ်အုပ်ရေးရုံနဲ့ ကမ္ဘာမှာ အင်မတန်ကျော်ကြားတဲ့ စာရေးဆရာအဆင့်ကို တိုးတက်သွားတယ်။ သန်းကြွယ်သူဌေးတစ်ဦးလဲ ဖြစ်သွားတတ်ကြပါသတဲ့။ အချို့စာအုပ်ဟာလဲ အဲဒီစာအုပ်ထုတ်ဝေတဲ့နှစ်မှာ အရောင်းရဆုံး The best seller of the year ဆိုပြီး ဖော်ထုတ်ကြွေးကြော်ခဲ့ကြပါတယ်။

အချို့ကျတော့လဲ အဲဒီလို အမျိုးမျိုး အပင်ပန်းခံ ကြိုးစားခဲ့ပေမယ်လို့ အောင်မြင်မှု မရလိုက်တဲ့သူတွေလဲ ဒုနဲ့ဒေး ရှိမှာအမှန်ပါ။

ဒီလို သူတို့တိုင်းပြည်တွေရဲ့ စာအုပ်ထုတ်ဝေအားကလဲ ရှိတော့ အပင်ပန်းခံရကျိုးလဲ နပ်ပေမပေါ့။

မြန်မာပြည်မှာတော့ ဟာရီဆန်–အီးစလစ်ဘူရီ တို့လို ဘယ်လိုပင် စာရေးဆရာတွေက အပင်ပန်းခံ ငွေကုန်ကြေးကျခံ ပြည့်ပြည့်စုံစုံဖြစ်အောင် ဓာတ်ပုံတွေနဲ့ ဝေဆာအောင် ရေးသားထုတ်ဝေလို့လဲ ပို၍တော့ မထူးခြားပါ။ စာအုပ် ၅၀၀၀ ကုန်ဖို့ဆိုတာ စိတ်ကူးဝံ့နိုင်စရာ မရှိပါဘူး၊ ဩော် တစ်ခုတော့ရှိရဲ့၊ ကာတွန်းရုပ်ပြဆိုရင်တော့ ၅၀၀၀၊ ဒါထက် ပိုရင် ပိုလိုက်ဦး။

အရင် ဆရာအောင်လင်း၊ဆရာတက္ကသိုလ် ဘုန်းနိုင်တို့ ခေတ်ကတော့ စာအုပ်သောင်းချီရိုက်ရ တယ်လို့ ကြားဖူးတယ်။ ဒါပေမယ့် ခုတော့ စာအုပ်တွေ အခြေအနေတွေက အင်မတန်ကျဆင်းနေတော့ ၃၀၀၀ မပြောနဲ့၊ ၂၀၀၀ ကုန်ရင် တော်လှပြီလို့ ဆိုရပါမယ်။ ရှိတော့ရှိတယ် ရှားတယ်ပဲပေါ့ဗျာ။

နောက်တစ်ခုက နိုင်ငံခြား တိုင်းပြည်တွေရဲ့ စာအုပ်ထုတ်ဝေရေး

အတိုင်းအတာက သူ့တိုင်းပြည်တွင်းသာ မကဘူး၊ ကမ္ဘာတစ်ဝန်းလုံးအထိ ဈေးကွက်ရှိပြီး ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိနိုင်တာနဲ့လဲ ဆိုင်တယ်ပေါ့။ နိုင်ငံခြား ဈေးကွက်အထိရောက်အောင် ပို့ပေးနိုင်တဲ့ အခြေအနေကလဲ မရှိလေတော့ မြန်မာပြည်က စာရေးဆရာတွေရဲ့ ကြိုးပမ်းချက်ဟာ ကြိုးပမ်းရကျိုး နပ်ဘူးပေါ့။ ဘာပဲဖြစ်ဖြစ် တစ်နေ့နေ့တော့ ဒီအခွင့်အရေးမျိုး ပေါ်ပေါက်လာ ပါလိမ့်မယ်လို့ မမှိတ်မသုန် ယုံကြည်မိပါတယ်။

(၄)

အမှန်က ဒီစာအုပ်ရဲ့ နာမည်ကို "ဂျပန်ခေတ်ဖက်ဆစ်တော်လှန်ရေး လေထီးသမားများ"လို့ ပေးထားတာထက် "မဟာမိတ်တွေနဲ့ ပူးပေါင်းလှုပ်ရှားမှုများ"လို့ပဲ နာမည်ပေးပေး၊ "ဖက်ဆစ်ဆန့်ကျင်ရေးသမားများနဲ့ မဟာမိတ်တပ်ဖွဲ့လှုပ်ရှားမှုများ"လို့ ပေးပေး ဒီလိုနာမည်မျိုးများသာ ပေးသင့်ပါတယ်၊

ဖို့ဒ် ၁၃၆ တပ်ဖွဲ့နဲ့ ပူးပေါင်းလှုပ်ရှားရတဲ့ မြန်မာ့မြေအောက်ခေါင်းဆောင်တွေအနက် အားလုံးဟာ လေထီးသမား မဟုတ်ကြဘူး၊ ဒါပေမယ့် လေထီး မဆင်းဖူးတဲ့ သူကိုပဲဖြစ်ဖြစ်၊ ဆင်းဖူးတဲ့ သူကိုပဲဖြစ်ဖြစ် လေထီးအဖွဲ့ထဲမှာ ပါဝင် တာဝန်ယူနေရမယ်ဆိုရင် လေထီးသမားလို့ ခေါ်ခြင်းခံရပါတယ်။

ဒီတော့ ဒီနာမည်အောက်မှာဆိုရင် မဟာမိတ်တွေနဲ့ လှုပ်ရှားခဲ့တဲ့ လေထီးဆင်းဖူးသူပဲဖြစ်ဖြစ်၊ မဆင်းဖူးသူပဲဖြစ်ဖြစ် ဒီကဏ္ဍမှာ အကျုံးဝင်လို့ နေပါတယ်။

"ဂျပန်ခေတ် ဖက်ဆစ်တော်လှန်ရေး လေထီးသမားများ"ရယ်လို့ နာမည်တပ်ပေးလိုက်တာနဲ့ ဒီစာအုပ်ပေါ် လူတွေ စိတ်ဝင်စားကြလိမ့်မယ်လို့ ယူဆတဲ့အတွက် ဒီနာမည်ကို ရွေးခဲ့ရခြင်းပါ။

ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ မြန်မာပြည်ဟာ ဗြိတိသျှနယ်ချဲ့ လက်အောက်မှာ လေထီးနဲ့ ခုန်ချဖို့ဆိုတဲ့ အဆင့်ကို အိပ်မက်မက်ဖို့ မပြောနဲ့ လေယာဉ်ကိုတောင် စီးဖူးသူ အင်မတန့် အင်မတန် ရှားပါတယ်။ အချို့ဆိုရင် လေယာဉ်ပျံကို အနီးကပ်တောင် မမြင်ဖူးကြတဲ့သူတွေ အနမတဂ္ဂပါ။

ပြီးတော့ တစ်ကြောင်းကလဲ ဒုတိယကမ္ဘာစစ် မဖြစ်ခင်ကဆိုရင်

မြန်မာပြည်မှာ မပြောနဲ့၊ ကမ္ဘာမှာတောင် လေယာဉ်တွေဟာ အင်မတန်ရှားနေပါသေးတယ်လို့ ဆိုပါရစေ။ လေကြောင်းခရီးတွေဟာလဲ ကျန်ကျယ်ပြန့်ပြန့် မဖွင့်သေးဘူး၊ မြန်မာပြည်အတွက် ဝေလာဝေးပေါ့။

၁၉၅၇ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့က ကော့စမစ် ပျံသန်းမှုခေတ်ကို ရောက်လာလို့ ဂြိုဟ်တုခေတ်– ဒုံးပျံခေတ်ထဲ စဝင်ခဲ့ပါတယ်။ အခုခေတ် ကော့စမစ်–ဂြိုဟ်တု ပျံသန်းမှုဟာ အခုခေတ် ကမ္ဘာပြည်သူတွေအတွက် အဆန်းတကြယ်ဖြစ်သလိုပဲ၊ ဒုတိယကမ္ဘာစစ်မတိုင်ခင်ကလဲ လေယာဉ်ပျံသန်းမှုဟာ မြန်မာပြည်သူတွေအတွက် အထူးအဆန်းတစ်ခုပဲ။

တကယ်တန်း ပြောရရင် လေယာဉ်အခန်းကဏ္ဍဟာ ဒုတိယကမ္ဘာစစ်မတိုင်ခင်ကဆိုရင် ကမ္ဘာ့နယ်ချဲ့နိုင်ငံကြီးတွေနဲ့ တချို့ အရင်းရှင်နိုင်ငံတွေကလွဲရင် ကျန်နိုင်ငံတွေမှာ အထူးသဖြင့် ကိုလိုနီနိုင်ငံတွေမှာတောင် လေယာဉ်ဟာ အထူးအဆန်းတစ်ခုပဲ။ အရင်းရှင်နယ်ချဲ့နိုင်ငံတွေနဲ့ ဆိုဗီယက်ရုရှတို့ရဲ့ လေယာဉ်ပျံသန်းမှုကိုပဲကြည့်ကြည့်၊ လေယာဉ်အသုံးပြုမှုကိုပဲကြည့်ကြည့် လေယာဉ်ထုတ်လုပ်မှုကိုပဲကြည့်ကြည့်၊ ခုခေတ်လောက် ဟုတ်ဟုတ်ငြားငြား မရှိလှသေးဘူးလို့ ပြောရင် အားလုံးလက်ခံကြပါမယ်။

ဒါပေမယ့် ဒုတိယကမ္ဘာစစ်ကြီးအတွင်းမှာတော့ လေယာဉ်ထုတ်လုပ်မှုစံနှုန်းဟာ မမီနိုင်လောက်အောင် အဆပေါင်းများစွာ တိုးတက်လာခဲ့ပါတယ်။ အရည်အချင်းကိုပဲကြည့်ကြည့်၊ အရေအတွက်ကိုပဲကြည့်ကြည့် အင်မတန်တိုးတက်လာခဲ့ပါတယ်။

ဘယ်အချိန်ကစပြီး လေယာဉ်ထုတ်လုပ် ပျံသန်းသုံးစွဲမှုဟာ ကြီးကျယ်လာတယ်၊ မလာဘူးဆိုတာ ဒီမှာ အငြင်းပွားဖို့ တင်ပြတာ မဟုတ်ပါဘူး။

အဓိကဆိုလိုချင်တာက အဲဒီတုန်းက လေယာဉ်ပျံဆိုတာ မြန်မာပြည်သူတွေအတွက် ယဉ်ပါးသေးတာ မဟုတ်ပါဘူး။ မမြင်ဖူးဘူးသူတွေ သန်းချီရှိခဲ့သလို မစီးဖူးသူတွေလဲ သန်းနဲ့ချီပြီး ရှိခဲ့ပါတယ်။

အဲဒါကြောင့် ဟိုခေတ်က လေယာဉ်ဆိုတဲ့ စကားလုံးဟာ မြန်မာပြည်သူတွေအတွက် အခုခေတ် ဒုံးပျံဆိုတဲ့ စကားလုံးတွေလောက်တောင် ခေတ်မစားခဲ့သေးဘူး၊ အသစ်အဆန်းတစ်ခုလို ဖြစ်နေတဲ့ မြန်မာပြည်သူတွေနဲ့ လေယာဉ်ဆိုတာ မိုးနဲ့မြေလို အလှမ်းကွာခြားခဲ့ပါတယ်။ "လေယာဉ်ပျံပေါ်က ခုန်ချတယ်ဆိုတာ အိပ်မက်လေလား ပုံတမ်းစကားလေလား"လို့ မေးယူရမယ့်အခြေပါ

ဒါကြောင့် "ဂျပန်ခေတ်ဖက်ဆစ်တော်လှန်ရေး လေထီးသမားများ"ဆိုတဲ့ ာမည်ကို ရွေးလိုက် ခြင်းဖြင့် စာဖတ်ပရိသတ်ကို ဆွဲဆောင်နိုင်လိမ့်မယ်လို့ ယူဆတဲ့အတွက် ဒီနာမည်ကို ရွေးလိုက်ခြင်း ဖြစ်ပါတယ်။

"ဂျပန်ခေတ် ဖက်ဆစ်တော်လှန်ရေး လေထီးသမားများ"ဆိုတဲ့ ာအုပ်ရေးတဲ့အခါမှာ လေထီးသမားတွေရဲ့အကြောင်းကို မဖော်ပြခင် လေထီးသမား၊ လေထီးတပ်ဖွဲ့၊ မိုးကျတပ်ဖွဲ့ Airborn troop အဲဒီကတစ်ဆက်တည်း ခုခေတ် စစ်ဆင်ပုံတွေ၊ စစ်အထွေထွေဗဟုသုတတွေကို ဖော်ပြဖို့လိုတယ်လို့ ကျွန်တော်ယူဆပါတယ်။ အဲဒါမှ "ဂျပန်ခေတ် ဖက်ဆစ်တော်လှန်ရေး လေထီးသမားများ"ဆိုတဲ့ စာအုပ်ဟာ ပိုပြီး ပြည့်စုံ လိမ့်မယ်လို့ ထင်မြင်မိပါတယ်။

ဒါကြောင့် ကျွန်တော်ဟာ "ဂျပန်ခေတ် ဖက်ဆစ်တော်လှန်ရေး လေထီးသမားများ"ဆိုတဲ့ အထဲမှာ ဖို့ဒ် ၁၃၆ တပ်ဖွဲ့နဲ့ ဝမ်းအိုဝမ်းက ပုဂ္ဂိုလ်တွေရဲ့ အကြောင်းကို သိရှိဖို့အတွက် အဲဒီပုဂ္ဂိုလ်တွေနဲ့ တွေ့ဆုံပြီး၊ ဒီပုဂ္ဂိုလ်တွေ လေထီးတပ်ဖွဲ့မှာ တာဝန်ယူခဲ့ပုံတွေ မေးမြန်းစုံစမ်းရုံနဲ့ ရပ်ထားလို့ မရပါဘူးလို့ ယူဆပါတယ်။

လေထီးရဲ့သမိုင်း လေထီးတပ်ဖွဲ့၊ လေကြောင်းချီ တပ်ဖွဲ့(ခေါ်) မိုးကျ တပ်ဖွဲ့တွေရဲ့အကြောင်း လေထီးနဲ့ကောင်းကင်မှာ အပျော်ကစားပုံတွေအကြောင်း လေထီးနဲ့ "ထုံးမှတ်" ဒါမှမဟုတ် "ပစ်မှတ်" ရောက်မရောက် ပြိုင်ပွဲကျင်းပ ပုံတွေအကြောင်း နောက်ဆုံးမိုးကျတပ်ဖွဲ့ (ဝါ) လေထီးတပ်ဖွဲ့အကြောင်း၊ လေထီးတပ်ဖွဲ့နဲ့ စစ်ဆင်ပုံအကြောင်းတွေကို မလေ့လာရင် မရတော့ပါ။

အဲဒါကြောင့် ဒါတွေလေ့လာဖို့အတွက် တပ်မတော် မော်ကွန်းတိုက်၊ စာကြည့်တိုက်၊ ဆိုဗီယက်ယဉ်ကျေးမှုဌာန စာကြည့်တိုက်၊ အမေရိကန် ပြန်ကြားရေး စာကြည့်တိုက်များဆီသို့လည်းကောင်း၊ သွားရောက်လေ့လာ ခဲ့ပါတယ်။ ဆိုဗီယက်ယဉ်ကျေးမှုဌာနကမူ လေထီးသင်တန်းများ၊ လေထီး တပ်ဖွဲ့ရဲ့ စစ်သင်တန်းများအကြောင်း ရိုက်ထားတဲ့ သတင်းရုပ်ရှင်ကားကိုပင် ကျွန်တော့်အား သူတို့ဌာနမှာပင် ပြသလိုက်ပါသေးတယ်။

(၅)

တပ်မတော်မော်ကွန်းတိုက် အရာရှိများနဲ့ အဖွဲ့ဝင်များအားလည်းကောင်း၊ အမေရိကန် ပြန်ကြားရေးအရာရှိ ဦးကျော်ငြိမ်းအားလည်းကောင်း၊ ဆိုဗီယက် ယဉ်ကျေးမှုဌာန အရာရှိများဖြစ်တဲ့ ဦးသန်းထွန်း၊ ဦးရဲမြင့်တို့အားလည်းကောင်း၊

အနောက်ဂျမန် ပြန်ကြားရေးအရာရှိများအားလည်းကောင်း၊ လေထီး ဆောင်းပါးများကို မြန်မာပြန်ဆိုပေးတဲ့ အင်္ဂလိပ်ပြန်ကြားရေးဌာန အရာရှိ ဦးလှကြည်အားလည်းကောင်း၊ ကျွန်တော့်အား စိတ်ရှည်လက်ရှည် ပြောပြကြတဲ့ ဂျပန်ခေတ် လေထီးသမားများအားလည်းကောင်း ကျေးဇူးတင်ရှိကြောင်း ဖော်ပြရပါမယ်။

ဒီစာအုပ်မှာ ဖော်ပြရန် ကျန်သေးတဲ့ ပုဂ္ဂိုလ်တွေရဲ့အကြောင်းကို ထပ်မံရရှိပါကလဲ နောက်ထပ်ပြန်လည် ရိုက်နှိပ်ကြံရင် ထပ်မံဖော်ပြပါမယ်။ အခု ကျွန်တော့်စာအုပ်မှာ ဖော်ပြဖို့ ဆန္ဒမရှိလို့ ချန်လှပ်ခဲ့တဲ့ ပုဂ္ဂိုလ်ကြီးတွေကလဲ စိတ်ပြောင်းသွားလို့ ပြန်လည်ဖော်ပြပေးဖို့ ပြောလာရင်လဲ ထပ်မံဖော်ပြသွားပါမယ်။

ဒါ့အပြင် ဓာတ်ပုံများ အသုံးပြုခွင့် ပေးသူများအားလည်းကောင်း၊ ဒီစာအုပ်ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှကူညီကြတဲ့ ပုဂ္ဂိုလ်များအားလည်းကောင်း၊ အထူး ကျေးဇူးတင်ရှိကြောင်းကိုလဲ မှတ်တမ်းတင်အပ်ပါတယ်။

ဒီစာအုပ်ထဲမှာ အမှားအယွင်းများ ရှိရင်လဲ ကျွန်တော့်ကို ခွင့်လွှတ်ကြပါလို့ မေတ္တာရပ်ခံပါတယ်။

(၆)

နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌက အမိန့်အမှတ် ၃/၈၀–၁၉၈၀ ပြည့်နှစ် ဇွန်လ ၇ ရက်နေ့မှာ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းနှင့် စပ်လျဉ်း၍ အမိန့်ထုတ်ပြန်ခဲ့ပါတယ်။

နိုင်ငံတော်ရဲ့ အကျိုးကို ဦးစီးဆောင်ရွက်ခဲ့ကြသဖြင့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ချီးမြှင့်အပ်နှင်းထိုက်သော ပုဂ္ဂိုလ်များတွင် ရှိသင့်သည့် အရည်အချင်းများသည် အောက်ပါအတိုင်း ဖြစ်သည်။

(က) ထူးခြားပြောင်မြောက်စွာ တာဝန်ထမ်းဆောင်ခဲ့ခြင်း။

(ခ) ကိုယ်ကျိုးမဖက် အနစ်နာခံ၍ ကြိုးပမ်းလုပ်ဆောင်ခဲ့ခြင်း။

(ဂ) စိတ်သဘောထားမှန်ကန်စွာ ခံယူဆောင်ရွက်ခဲ့ခြင်း။

(ဃ) စစ်မှန်သော စေတနာထားရှိခဲ့ခြင်း။

ဆိုတဲ့ အရည်အချင်း လေးချက်ကို ဖော်ပြခဲ့ပါတယ်။ အဲဒီလို

အရည်အချင်းရှိသူများကို သမိုင်းဝင် ၂၃ ကာလ/အခန်းတစ်ခုခုမှာ ပါဝင်ခဲ့တဲ့ သမိုင်းဝင် ပုဂ္ဂိုလ်များထဲမှ စိစစ်ရွေးချယ်ခဲ့ပါတယ်။

ဂျပန်ခေတ် လေထီးသမားများဟာ အထက်ပါ အရည်အချင်း လေးရပ်နဲ့ ကိုက်ညီပြီးတဲ့အပြင် သမိုင်းဝင်အချက် ၁၀ ဖြစ်တဲ့ "ဖက်ဆစ်တော်လှန်ရေးတွင် အထူးတာဝန်ထမ်းဆောင်ခဲ့ကြသူများ" အပိုဒ်နဲ့ အကျုံးဝင်ကြတဲ့အတွက်။ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပေးအပ်ခဲ့တယ်။

ဝမ်းအိုဝမ်းနဲ့ မြန်မာ့မြေအောက်တော်လှန်ရေးစာအုပ်မှာ ဖော်ပြ ပါဝင်ခဲ့တဲ့ လေထီးသမားများအားလုံးကိုလဲ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ အဆင့်လိုက် ချီးမြှင့်ခံခဲ့ရပါတယ်။

အချို့ရဲဘော်တွေအနေနဲ့ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ချီးမြှင့်ရာတွင် သတ်မှတ်ပေး ထားသည့်ဘောင်များတွင် အကျုံးဝင်သော်လဲ ကွယ်လွန်သွားကြပြီဖြစ်တော့ ထိုဘွဲ့ကို ရယူလိုက်နိုင်ခြင်း ခံစားလိုက်ရခြင်း မရှိခဲ့ပါ။

(၇)

ဒီစာအုပ်မှာ ချွတ်ယွင်းတာတွေ ရှိခဲ့ရင် ခွင့်လွှတ်ကြပါရန်နှင့် ဟာကွက်များ ရှိပါက အကြံဉာဏ်များ ပေးကြပါရန် တောင်းခံအပ်ပါတယ်။ ဆပ်မံ ရိုက်နှိပ်သောအခါတွင် ပေးပို့ရရှိထားသော အကြံဉာဏ်ကောင်းများကို ဖြည့်စွက် ပြင်ဆင် ထည့်သွင်းရိုက်နှိပ်ပေးပါမည်ဟု ကတိပြု ဝန်ခံပြောကြားလိုက် ပါတယ်။

စာရေးသူအနေနဲ့ ကိုယ်တိုင်ကလဲ အခု ရောပိုင်းရောက်လာပြီမို့လဲ အေအက်ဖ်အယ်လ် A.F.L ဒါမှမဟုတ် အေအက်ဖ်အို AFO မှ လေထီး အဖွဲ့ဝင် ရဲဘော်များထဲမှ အချို့ ကွယ်လွန်သွားရှာသလို အချို့ အသက်ရှင်နေတဲ့ ရဲဘော်များနဲ့ စာရေးသူဟာလဲ မလွန်ဆန်နိုင်တဲ့ သေခြင်းတရားကို အနေးနဲ့ အမြန်ဆိုသလို ကြုံကြရပါမယ်။ စာရေးသူကိုယ်တိုင်ရဲ့ မွေးနေ့က ၁၉၂၀ ဖေဖော်ဝါရီလ ၁၆ ရက်မွေးဆိုတော့ ၇၈ နှစ်ကျော် ၇၉ နှစ်ထဲတောင် ဝင်လာခဲ့ပြီ။ ကွယ်လွန်သွားကြပြီးတဲ့ ရဲဘော်တွေနောက် မလိုက်ခင် ပြင်းထန်တဲ့ ဆန္ဒနဲ့ ရည်ရွယ်ပြီး စာရေးသူရဲ့ ဗန်းမော်စာပေတိုက်ကပဲ ဒီစာအုပ်ကို ထုတ်ဝေရန် စီစဉ် လိုက်ရတာပါ။

ဒီစာမူကို ၁၉၇၅ ခုနှစ်ကတည်းက စာပေစိစစ်ရေးသို့ ခွင့်ပြုချက်တင်ရန် ရှိခဲ့ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် မတင်ဖြစ်ခဲ့ပါ။

ယခု ၁၉၉၈ ခုနှစ်မှ ခွင့်ပြုချက် ရရှိရန် တင်ရသော စာမူဖြစ်လို့ နှစ်အားဖြင့် ၂၃ နှစ် ကြာမြင့်ခဲ့ပြီ ဖြစ်ပါတယ်။ ဒီအတွက် စာမူပါ ပုဂ္ဂိုလ်များရဲ့ အဖြစ်အပျက် အခြေအနေများ ပြောင်းကုန်ပြီ ဖြစ်ပါတယ်။ ဖော်ပြချက်နှင့် လက်ရှိအခြေအနေများ ကိုက်ညီမှု မရှိလို့ရှိရင် ခွင့်လွှတ်ဖို့ အနူးအညွတ် ပန်ကြားအပ်ပါတယ်။

စာပေနယ်တွင် ကျော်ဝင်းမောင်ဆိုတဲ့ နာမည်တွေ နောက်ထပ်ပေါ်လာတဲ့ အတွက် စာရေးသူဟာ မိမိနာမည်ရှေ့မှာ ဝမ်းအိုဝမ်းလို့ထပ်ထည့်လိုက်ပါတယ်။ ပြီးတော့ စာရေးသူရေးခဲ့တဲ့ "ဝမ်းအိုဝမ်းနဲ့ မြန်မာ့မြေအောက်တော်လှန်ရေး"ကို အကြောင်းပြုပြီး တချို့အပေါင်းအသင်းနဲ့ ရဲဘော်တွေက "ဗိုလ်ဝမ်းအိုဝမ်း"ကြီးလို့ ခေါ်ကြတဲ့အတွက် "ဝမ်းအိုဝမ်း ကျော်ဝင်းမောင်"လို့တိုးချဲ့လိုက်ရပါတယ်။

ဝမ်းအိုဝမ်းကျော်ဝင်းမောင်
၁၉၉၈ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ရန်ကုန်။

# အခန်း (၁)

## ၁။ လေထီးစစ်သည်များ
## (Paratroopers)

လေယာဉ်ကွင်းမှာ အလုပ်ဆင်းတဲ့နေ့ဟာ စောစောပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ဒုဗိုလ်အိုလက်ကဇာကော့ဗ် အလုပ်ဆင်းတဲ့နေ့မှာ ဒါထက်စောစော ဆင်းပါတယ်။ အဲဒါဟာ လွန်ခဲ့တဲ့ ၁၇ နှစ်က လေကြောင်းဆိုင်ရာ အသင်းကို စရောက်ကတည်းက အကျင့်ပါခဲ့တာပါ။ အိုလက်အဖို့ ကျောင်းသားဘဝကတည်းက လေယာဉ်မောင်းခြင်း အကြောင်းကိုပဲ အိပ်မက်မက်ခဲ့ပါတယ်။ သူ့ရဲ့ ကျောင်းနေဘက်များနဲ့အတူ စက်မဲ့လေယာဉ်ပုံစံ လုပ်ခဲ့ပါတယ်။ ပိုင်းလော့သင်တန်း တက်ခွင့်ရတော့ အိုလက်မြူးသွားတယ်။ သူ့ဖခင်က သားရဲ့ ရွေးချယ် ချက်အပေါ် စိတ်ပါဝင်စားမှု သိပ်မရှိလှဘူး။ ဒါပေမယ့် သူ့သားကို အနှောင့်အယှက် မပေးခဲ့ဘူး။ ၁၉၄၁ ခုမှ ၁၉၄၅ ခုနှစ်အတွင်း မဟာမျိုးချစ်စစ်ပွဲဖြစ်တော့ စီနီယာကဇာကော့ဗ်မှာ တင့်ကားတပ်ဖွဲ့ရဲ့ ဒုတိယတပ်မှူးဖြစ်ခဲ့ပြီး ဂုဏ်ထူးဆောင်ဆုတံဆိပ်များ ရရှိခဲ့တဲ့အပြင် ဗိုလ်မှူးကြီး အဆင့်သို့ တိုးမြှင့်ခြင်း ခံရပါတယ်။ ဒါကြောင့် သူ့သားကိုလဲ တင့်ကားတပ်မှာ အရာရှိတစ်ဦးအဖြစ် မြင်ချင်တဲ့စိတ်ဇော သန်နေတာ ဖြစ်တယ်။ ဒါပေမယ့် သားက လေတပ်ကိုသာ စိတ်အားထက်သန်နေတာမို့ သူ ဘာများ တတ်နိုင်ပါဦးမလဲ။ ဘယ်လိုပဲဖြစ်ဖြစ် ပထမဆုံးအခေါက် လေယာဉ်ထွက်ခွာစဉ်က အိုလက်အဖို့ ဂနာမငြိမ် ဖြစ်ခဲ့ရပါတယ်။ လေကြောင်းဆိုင်ရာ အသင်းမှာ လပေါင်းများစွာ လေ့လာဆည်းပူးပြီးနောက် သူဟာ လေထီးခုန်ဆင်းတဲ့ အားကစားမှာ စိတ်အားထက်သန်ခဲ့ပါတယ်။ သူ့ရဲ့ မူလ

လမ်းကြောင်းဖြစ်တဲ့ လေယာဉ်မောင်းအတတ်ပညာဟာ တစ်ဖက်ကမ်းခတ်အောင် ကြိုးပမ်းသင်ယူ နေစဉ်မှာ လေထီးခုန်ဆင်းခြင်းအတန်းမှာ ဗိုလ်လောင်းတစ်ဦးအဖြစ် စာရင်း သွင်းခဲ့ပါတယ်။

သူ့ရဲ့ လေထီးခုန်ဆင်းခြင်း သင်တန်းနည်းပြက ပရိုတာအန်တိုနော့ဗ်ဖြစ်ပါတယ်။ သူဟာ သင်ကြားရေး နည်းပညာဆိုင်ရာ ဆရာတစ်ဦးဖြစ်ပါတယ်။ သူဟာ သင်တန်းသားတွေကို အစမှစပြီး လွတ်လွတ်လပ်လပ်ကြွကြွခိုင်ခိုင် ခိုင်းတဲ့အတိုင်း ပြုလုပ်ကြဖို့ သင်ကြားပေးခဲ့ပါတယ်။ ပရိုတာအန်တိုနော့ဗ်အနေနဲ့ သင်တန်းသားကလေးတွေကို လေထဲမှာ အခြေအနေကိုရုတ်တရက် ခန့်မှန်းတတ်စေဖို့ တစ်စက္ကန့်အတွင်း မှန်မှန်ကန်ကန် ဆုံးဖြတ်ချက်ချနိုင်စေဖို့တို့ကို သင်ကြားပေးခဲ့ပါတယ်။

တစ်ကြိမ်မှာ အိုလက်ဟာ ဝေဟင်တိုက်ပွဲဝင် လေ့ကျင့်ခန်းကိုဝေဟင်ထဲမှာ ပြုလုပ်ခဲ့တယ်။ ရေတံခွန်ကို တောက်လျှောက် ထိုးကျလာတာကိုကြည့်ရင်း အောက်ကလူများ အသည်းအေးနေကြပါတယ်။ ရုတ်တရက်ချက်ချင်းဆိုသလိုပဲ ကြောက်မက်ဖွယ်ကောင်းတဲ့ ထိတ်လန့်တုန်လှုပ်မှုကိုခံစားလိုက်ရပြီးနောက် သူ့မျက်လုံးများ မည်းမှောင်သွားပါတယ်။ မကြာမီမှာပဲသူ့ရဲ့လေထီးခေါက်ရိုးကြောင်း အတော်များများ စုတ်ပြဲသွားကြောင်း သိရပါတယ်။ သူဟာ အရန်လေထီးကိုဖွင့်ဖို့ ကြိုးစားတဲ့အခါမှာ မြေပြင်နဲ့မီတာ ၂၀၀ ခန့်သာ ကွာတော့တယ်။ ပင်မလေထီးမှာ တခြားပွင့်လျက် ရှိပါတယ်။ ထိပ်က အရန်လေထီးဟာ ပွင့်သွားပြီ။ လေထီးနှစ်ခုမှာ ဟိုယိမ်းဒီယိုင်ဖြစ်ပြီးလှုပ်ယမ်းနေတယ်။ ကျွန်းလဲ မမှန်တော့ဘူး။ အိုလက်အဖို့ အခက်အခဲဆုံးအခြေအနေနဲ့ ရင်ဆိုင်နေရပြီ ဖြစ်ပါတယ်။ ဒါပေမယ့် သူ့ကိုယ်သူ ထိန်းနိုင်ပြီးအန္တရာယ်ကင်းကင်း ဆင်းသက်နိုင်ခဲ့ပါတယ်။

စစ်ကျောင်းက ဘွဲ့ယူပြီးနောက် နည်းဗျူဟာ လေ့ကျင့်ခန်းများပြုလုပ်စဉ် အိုလက်နဲ့ အပေါင်းဖော်များဟာ အဲဒီနည်းနဲ့ လေထီးခုန်ချတဲ့စွမ်းရည်များကို ပြသခဲ့ကြပါတယ်။ ဒု–ဗိုလ်အိုလက်ဦးဆောင်တဲ့ လေထီးတပ်ဖွဲ့တစ်ခုကို တောင်ကျမြစ်ကို ဖြတ်ကျော်ဆောက်လုပ်ထားတဲ့ တံတားတစ်ခုကိုစီးနင်းဖို့ တပ်မကြီးမရောက်မချင်း တပ်စွဲထားဖို့ တာဝန်ပေးခဲ့ပါတယ်။ ရန်သူတို့က တံတားကို သတိကြီးစွာနဲ့ ကာကွယ်စောင့်ရှောက်ထားကြပါတယ်။ ရန်သူများအနေနဲ့ အတိုက်ခံရလိမ့်မယ်လို့ မမျှော်လင့်ကြပါဘူး။ တကယ်လို့

တိုက်ခိုက်ခဲ့မယ်ဆိုပါရင်လဲ လေကြောင်းကသာ တိုက်နိုင်မယ်ဖြစ်ပါတယ်။ ဒါပေမယ့် ကောင်းကင်တစ်ပြင်လုံး မိုးတိမ်များ ဖုံးအုပ်လျက်ရှိပြီး မှိုင်းလဲရွာနေပါတယ်။ ဘယ်သူလေထီးနဲ့ ခုန်ဆင်းဝံ့မလဲ။

ဒါပေမယ့် ရန်သူတို့ အံတွက်လွဲခဲ့ပါတယ်။ သူတို့ အတွက်မှားကြောင်း လေထီးစစ်သားများ တိမ်တိုက်ကြားမှ ထိုးဆင်းလာမှ သိရတော့တယ်။ တိုက်ပွဲမှာ ဆက်လက်ဖြစ်ပွားတယ်။ ဒုဗိုလ်အိုလက်ရဲ့ အဖွဲ့ဟာ တံတားကို စီးနင်းသိမ်းပိုက်နိုင်ခဲ့ပါတယ်။

အိုလက်ဟာ လုံ့လဝီရိယ ကြီးမားပါတယ်။ လေထီးခုန်ဆင်းခြင်းရဲ့ လျှို့ဝှက်ချက်များကို တစ်ဖက်ကမ်းခတ် တတ်မြောက်ဖို့ အချိန်ကုန်ခံတယ်။ ဒါဟာ လေကြောင်းဆိုင်ရာ အသင်းမှာရော နောင်များမကြာမီ စစ်တပ်ကို ပြောင်းရွှေ့ရတဲ့အခါမှာပါ ဖြစ်ပါတယ်။ တကယ်လို့သာ ဒီလိုပြင်းထန်ပြတ်သားတဲ့ ဆောင်ရွက်ချက် ပြသမှုတွေ မပြုလုပ်ခဲ့ရင် သူ့ရဲ့ ပင်ကိုစွမ်းရည်သတ္တိကို အကုန်ဖော်ထုတ်နိုင်ဖို့ ခက်ခဲပေလိမ့်မယ်။ သူ့ရဲ့ လှုပ်ရှားပြုမှုများကို တိကျသေချာစေဖို့ သူ့ရဲ့ခြေ၊ လက်၊ ကိုယ်ခန္ဓာတို့ကို အသုံးပြုပြီး ထိန်းချုပ်ခြင်း အတတ်ပညာကို အိုလက်ဟာ တစ်ဖက်ကမ်းခတ် တတ်မြောက်ခဲ့ပါတယ်။ သူဟာ ပြဋ္ဌာန်းချက်စာအုပ်များကို နာရီပေါင်းများစွာ အကုန်ခံပြီး ဖတ်ပါတယ်။ အေရိုယိုဒိုင်းနမိုက် (လေသွားလာခြင်း အကြောင်းနဲ့ စပ်လျဉ်းတဲ့အတတ်) ပညာ၊ ရူပဗေဒ၊ မိုးလေဝသနဲ့ ဓလဗေဒပညာတို့ရဲ့ ဥပဒေများကို မသိဘဲနဲ့ သင်ဟာ လေထီးခုန်ဆင်းခြင်းကို မပြုနိုင်ဘူး၊ ဒီလို ဗဟုသုတ မရှိရင် သင်ဟာ သင်ပျံသန်းရမယ့် လမ်းကြောင်းကို အမှားမပါဘဲ တွက်ချက်နိုင်မယ် မဟုတ်ပါဘူး။

အိုလက်ဟာ တိတိကျကျ ဆင်းသက်နိုင်ဖို့အတွက် များစွာ လေ့ကျင့်ခဲ့ရပါတယ်။ ဗဟိုချက်နဲ့ မီလီမီတာ နီးကပ်လေလေ ခက်လေလေပင် ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် သူ့ရဲ့ မြဲမြံတဲ့ ဇွဲလုံ့လနဲ့ ကြိုးပမ်းအားထုတ်မှုဟာ သူ့အဖို့ မှန်မှန်ကြီး တိုးတက်လာခဲ့ပါတယ်။ ကျောင်းသင်ခန်းစာ လေ့ကျင့်ခန်းမှာပဲဖြစ်ဖြစ်၊ ကောင်းကင်လေကြောင်း တိုက်ပွဲတွေမှာပဲဖြစ်ဖြစ်၊ သတ်မှတ်ထားတဲ့နေရာကို တိတိကျကျ ဆင်းသက်ပြရာမှာပဲ ဖြစ်ဖြစ် ထူးချွန်တဲ့ လူငယ်လေထီးသမားရဲ့ အောင်မြင်မှုများတို့ သတိမပြုဘဲ

လမ်းကြောင်းဖြစ်တဲ့ လေယာဉ်မောင်းအတတ်ပညာဟာ တစ်ဖက်ကမ်းခတ်အောင် ကြိုးပမ်းသင်ယူ နေစဉ်မှာ လေထီးခုန်ဆင်းခြင်းအတန်းမှာ ဗိုလ်လောင်းတစ်ဦးအဖြစ် စာရင်း သွင်းခဲ့ပါတယ်။

သူ့ရဲ့ လေထီးခုန်ဆင်းခြင်း သင်တန်းနည်းပြက ပရိုတာအန်တိုနော့ဗ်ဖြစ်ပါတယ်။ သူဟာ သင်ကြားရေး နည်းပညာဆိုင်ရာ ဆရာတစ်ဦးဖြစ်ပါတယ်။ သူဟာ သင်တန်းသားတွေကို အစမှစပြီး လွတ်လွတ်လပ်လပ်ကြွကြွနိုင်နိုင် နိုင်းတဲ့အတိုင်း ပြုလုပ်ကြဖို့ သင်ကြားပေးခဲ့ပါတယ်။ ပရိုတာအန်တိုနော့ဗ်အနေနဲ့ သင်တန်းသားကလေးတွေကို လေထဲမှာ အခြေအနေကိုရုတ်တရက် ခန့်မှန်းတတ်စေဖို့ တစ်စက္ကန့်အတွင်း မှန်မှန်ကန်ကန် ဆုံးဖြတ်ချက်ချနိုင်စေဖို့တို့ကို သင်ကြားပေးခဲ့ပါတယ်။

တစ်ကြိမ်မှာ အိုလက်ဟာ ဝေဟင်တိုက်ပွဲဝင် လေ့ကျင့်ခန်းကိုဝေဟင်ထဲမှာ ပြုလုပ်ခဲ့တယ်။ ရေတံခွန်ကို တောက်လျှောက် ထိုးကျလာတာကိုကြည့်ရင်း အောက်ကလူများ အသည်းအေးနေကြပါတယ်။ ရုတ်တရက်ချက်ချင်းဆိုသလိုပဲ ကြောက်မက်ဖွယ်ကောင်းတဲ့ ထိတ်လန့် တုန်လှုပ်မှုကိုခံစားလိုက်ရပြီးနောက် သူ့မျက်လုံးများ မည်းမှောင်သွားပါတယ်။ မကြာမီမှာပဲသူ့ရဲ့လေထီးခေါက်ရိုးကြောင်း အတော်များများ စုတ်ပြဲသွားကြောင်း သိရပါတယ်။ သူဟာ အရန်လေထီးကိုဖွင့်ဖို့ ကြိုးစားတဲ့အခါမှာ မြေပြင်နဲ့မီတာ ၂၀၀ ခန့်သာ ကွာတော့တယ်။ ပင်မလေထီးမှာ တခြားမွင့်လျက် ရှိပါတယ်။ ထိပ်က အရန်လေထီးဟာ မွင့်သွားပြီး။ လေထီးနှစ်ခုမှာ ဟိုယိမ်းဒီယိုင်ဖြစ်ပြီးလှုပ်ယမ်းနေတယ်။ ကျွန်းလဲ မမှန်တော့ဘူး။ အိုလက်အဖို့ အခက်အခဲဆုံးအခြေအနေနဲ့ ရင်ဆိုင်နေရပြီ ဖြစ်ပါတယ်။ ဒါပေမယ့် သူ့ကိုယ်သူ ထိန်းနိုင်ပြီးအန္တရာယ်ကင်းကင်း ဆင်းသက်နိုင်ခဲ့ပါတယ်။

စစ်ကျောင်းက ဘွဲ့ယူပြီးနောက် နည်းဗျူဟာ လေ့ကျင့်ခန်းများပြုလုပ်စဉ် အိုလက်နဲ့ အပေါင်းဖော်များဟာ အဲဒီနည်းနဲ့ လေထီးခုန်ချတဲ့စွမ်းရည်များကို ပြသခဲ့ကြပါတယ်။ ဒု-ဗိုလ်အိုလက်ဦးဆောင်တဲ့ လေထီးတပ်ဖွဲ့တစ်ခုကို တောင်ကျမြစ်ကို ဖြတ်ကျော်ဆောက်လုပ်ထားတဲ့ တံတားတစ်ခုကိုစီးနင်းဖို့ တပ်မကြီးမရောက်မချင်း တပ်စွဲထားဖို့ တာဝန်ပေးခဲ့ပါတယ်။ ရန်သူတို့က တံတားကို သတိကြီးစွာနဲ့ ကာကွယ်စောင့်ရှောက်ထားကြပါတယ်။ ရန်သူများအနေနဲ့ အတိုက်ခံရလိမ့်မယ်လို့ မမျှော်လင့်ကြပါဘူး။ တကယ်လို့

ဘုံးကိုနိုက်ခဲ့မယ်ဆိုပါရင်လဲ လေကြောင်းကသာ တိုက်နိုင်မယ်ဖြစ်ပါတယ်။ ဒါပေမယ့် ကောင်းကင်တစ်ပြင်လုံး မိုးတိမ်များ ဖုံးအုပ်လျက်ရှိပြီး မှိုင်းလဲရွာနေတယ်၊ ဘယ်သူလေထီးနဲ့ ခုန်ဆင်းဝံ့မလဲ။

ဒါပေမယ့် ရန်သူတို့ အတွက်လွဲခဲ့ပါတယ်။ သူတို့ အတွက်မှားကြောင်း လေထီးစစ်သားများ တိမ်တိုက်ကြားမှ ထိုးဆင်းလာမှ သိရတော့တယ်။ တိုက်ပွဲမှာ ဆက်လက်ဖြစ်ပွားတယ်။ ဒုဗိုလ်အိုလက်ရဲ့ အဖွဲ့ဟာ တံတားကို စီးနင်းသိမ်းပိုက်နိုင်ခဲ့ပါတယ်။

အိုလက်ဟာ လုံ့လဝီရိယ ကြီးမားပါတယ်။ လေထီးခုန်ဆင်းခြင်းရဲ့ သို့ဝှက်ချက်များကို တစ်ဖက်ကမ်းခတ် တတ်မြောက်ဖို့ အချိန်ကုန်ခံတယ်။ ဒါဟာ လေကြောင်းဆိုင်ရာ အသင်းမှာရော နောင်များမကြာမီ စစ်တပ်ကို ပြောင်းရွှေ့ရတဲ့အခါမှာပါ ဖြစ်ပါတယ်။ တကယ်လို့သာ ဒီလိုပြင်းထန်ပြတ်သားတဲ့ သောင်းရှုက်ချက် ပြသမှုတွေ မပြုလုပ်ခဲ့ရင် သူ့ရဲ့ ဝင်ကို ရှုံးရည်သတ္တိကို အကုန်ဖော်ထုတ်နိုင်ဖို့ ခက်ခဲပေလိမ့်မယ်။ သူ့ရဲ့ လှုပ်ရှားပြုမှုများကို တိကျသေချာစေဖို့ သူ့ရဲ့ခြေ၊ လက်၊ ကိုယ်ခန္ဓာတို့ကို အသုံးပြုပြီး ထိန်းချုပ်ခြင်း အတတ်ပညာကို အိုလက်ဟာ တစ်ဖက်ကမ်းခတ် တတ်မြောက်ခဲ့ပါတယ်။ သူဟာ ပြဋ္ဌာန်းချက်စာအုပ်များကို နာရီပေါင်းများစွာ အကုန်ခံပြီး ဖတ်ပါတယ်။ အေရိုယိုဒိုင်းနမိုက် (လေသွားလာခြင်း အကြောင်းနဲ့ စပ်လျဉ်းတဲ့အတတ်) ပညာ၊ ရူပဗေဒ၊ မိုးလေဝသနဲ့ ဓလဗေဒပညာတို့ရဲ့ ဥပဒေများကို မသိဘဲနဲ့ သင်ဟာ လေထီးခုန်ဆင်းခြင်းကို မပြုနိုင်ဘူး၊ ဒီလို ဗဟုသုတ မရှိရင် သင်ဟာ သင်ပျံသန်းရမယ့် လမ်းကြောင်းကို အမှားမပါဘဲ တွက်ချက်နိုင်မယ် မဟုတ်ပါဘူး။

အိုလက်ဟာ တိတိကျကျ ဆင်းသက်နိုင်ဖို့အတွက် များစွာ လေ့ကျင့်ခဲ့ရပါတယ်။ ဇဟိုချက်နဲ့ မီလီမီတာ နီးကပ်လေလေ ခက်လေလေပင် ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် သူ့ရဲ့ မြဲမြံတဲ့ ဇွဲလုံ့လနဲ့ ကြိုးပမ်းအားထုတ်မှုဟာ သူ့အဖို့ မှန်မှန်ကြီး တိုးတက်လာခဲ့ပါတယ်။ ကျောင်းသင်ခန်းစာ လေ့ကျင့်ခန်းမှာပဲဖြစ်ဖြစ်၊ ကောင်းကင်လေကြောင်း တိုက်ပွဲတွေမှာပဲဖြစ်ဖြစ်၊ သတ်မှတ်ထားတဲ့နေရာကို တိတိကျကျ ဆင်းသက်ပြရာမှာပဲ ဖြစ်ဖြစ် ထူးချွန်တဲ့ လူငယ်လေထီးသမားရဲ့ အောင်မြင်မှုများတိုး သတိမပြုဘဲ

မနေနိုင်ကြဘူး။ လေကြောင်းဆိုင်ရာ အတတ်သင်အဖွဲ့မှာ သူ့ရဲ့ သင်ခန်းစာ ပြီးဆုံးတဲ့အခါ အိုလက်အဖို့ လေသူရဲအောင်လက်မှတ် တစ်ခုနဲ့ အမျိုးသား အားကစား လေထီးချန်ပီယံအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိခဲ့ပါတယ်။

မော်စကို အားကစားပြိုင်ပွဲကြီးမှာ အနိုင်ရခဲ့ပြီး တစ်နှစ်အကြာမှာ ဆိုဗီယက် ပြည်ထောင်စု အမျိုးသားအသင်းရဲ့ အတက်တန်း နည်းပြဆရာဖြစ်သူ ဒုဗိုလ်မှူးကြီး "ပေဗဲလ်စတော်ရှီကို"ဟာ အိုလက်ကို အသင်းထဲ သွင်းခဲ့ပါတယ်။ ကမ္ဘာ့ချန်ပီယံဖြစ်ရေးအတွက် လေထီးခုန်ဆင်းခြင်းမှာ အတွေ့အကြုံ ရင့်ကျက် နေပြီဖြစ်တဲ့" ပီအော့စနိုဗတ်စကီး" "ဗွီ ရေယက်စကီ"နဲ့ "အင်န်အနီတီးယက်" စတဲ့ အရာရှိများနဲ့အတူ အိုလက်ဟာ ပြင်ဆင်မှု ပြုပါတော့တယ်။

ဆိုဗီယက်ပြည်ထောင်စု အမျိုးသားအသင်းဟာ ၁၉၆၀ ခုနှစ်မှာ ချန်ပီယံအသင်းဆု ရရှိခဲ့ပါတယ်။ အိုလက်ကလဲ သူ့ရဲ့ ပထမဆုံး ရွှေတံဆိပ်ဆုကို ရရှိခဲ့ပါတယ်။ ဒီရွှေတံဆိပ်ကို လေထီးခုန်ဆင်းတဲ့ ကာလတစ်လျှောက်လုံး အတွင်း အကြိမ်ပေါင်း ၅၀ အနက်မှ ခက်ခက်ခဲခဲ ရရှိခဲ့ခြင်းပါ။ အိုလက် ကဇာကော့ဗ် ဆိုဗီယက်ပြည်ထောင်စု အားကစားအရာမှာ ဆရာတစ်ဆူအဖြစ် ဂုဏ်မြင့်ခဲ့ပါတယ်။ ဆိုဗီယက် အမျိုးသားအသင်းရဲ့ ချန်ပီယံဆုကို ၁၁ နှစ်တိုင်တိုင် ထိန်းသိမ်းခဲ့ပါတယ်။ ကမ္ဘာ့စံချိန် ၃၉ ခု တင်နိုင်ခဲ့ပါတယ်။ ဒီစံချိန်တို့ကို သူတစ်ဦးတည်းရော၊ သူ့ရဲဘော်များနဲ့ပါ တင်ခဲ့ခြင်း ဖြစ်ပါတယ်။ သူခုန်ဆင်းပြတိုင်း "လူသားသည် လေပြင်ထက် သန်စွမ်းသည်၊ လူသည် ကောင်းကင်ယံကို စိုးမိုးနိုင်ပါသည်"လို့ သက်သေပြလိုက်ပါတယ်။

သူ့ရဲ့ အကြိမ်လေးထောင်မြောက် ခုန်ဆင်းခြင်းအခမ်းအနားမှာ ဒီစာတမ်းကို အတည်ပြုခဲ့ပါတယ်။

လေယာဉ်ဟာ လေထီးသမား ၇ ဦးကို ကောင်းကင်ထက် သယ်ဆောင် သွားတယ်။ သူတို့အားလုံး "ဒုဗိုလ် ကဇာကော့ဗ်"ရဲ့ လက်အောက်မှာ ရှိကြပါတယ်။ နောက်ဆုံးမှာ ပို့ဆောင်ရေး လေယာဉ်ဟာ တိုက်ပွဲဝင် လမ်းကြောင်းထဲကို ရောက်လာခဲ့တယ်။ သူ့အမှုအရာမှာ ငြိမ်သက်အေးဆေး လျက်ရှိပြီး သူ နောက်ဆုံးထုတ်ထားတဲ့ အမိန့်အတိုင်း လေယာဉ်မောင်းအား တစ်ချက်ကြည့်လိုက်ပါတယ်။ လေယာဉ်မောင်းဟာ လေယာဉ်ကို လမ်းကြောင်း အတိုင်း အတိအကျဖြစ်အောင် ထိန်းလိုက်ပြီး မှန်ကန်တဲ့နေရာမှာ ပေးနိုင်ဖို့ နေရာကို ရွေးလိုက်တယ်။

အိုလက်နဲ့ သူ့ရဲဘော်များဟာ ပိန်းပိန်းပိတ်အမှောင်ထုထဲကို ခုန်ချလိုက်ကြတယ်။ စည်းကမ်းများအတိုင်း သူတို့ရဲ့ လေထီးက အချက်ပြမီးများကို ပြလိုက်ကြပါတယ်။ မည်းမှောင်နေတဲ့ ကောင်းကင်ပြင်ကို နောက်ခံပြုပြီး သူတို့ရဲ့ လေထီးများကို ထင်ရှားစွာ မြင်တွေ့နေရပါတယ်။ ဒါပေမယ့် မြေပြင်ပေါ်ရှိ လူများအနေနဲ့ လေထီးသမားများ မြေပြင်နဲ့ အလွန်နီးကပ်လာတဲ့အခါမှသာ သတိပြုမိကြတယ်။ အဘယ်ကြောင့်ဆိုသော် သူရဲကောင်း ၉ ယောက်တို့ဟာ ထုထပ်တဲ့တိမ်တိုက်ကို ဖောက်ပြီး အမြင့်မီတာ ၂၀၀၀ က ခုန်ဆင်းခဲ့တဲ့အတွက် ဖြစ်ပါတယ်။

ဒီအခြေအနေမျိုးမှာ မြေပြင်ဆီ ဆင်းသက်ရတာဟာ ခက်ခဲလှပါတယ်။ ဒါပေမယ့် သူတို့ထဲမှ တစ်ဦးသာ အနည်းငယ် ကွဲကွာခဲ့ပြီး ကျန်လူအားလုံးတို့က သတ်မှတ်ထားတဲ့ "ဗဟိုစက်ဝိုင်း" နေရာမှာ ဆင်းသက်နိုင်ခဲ့ပါတယ်။

သူရဲ့ အံ့ချီးဖွယ် စွမ်းဆောင်နိုင်မှုအတွက် အိုလက်ဟာ မြေပြင်ပေါ်မှာ လှိုက်လှိုက်လှဲလှဲကြိုဆိုနှုတ်ဆက်ခြင်း ခံရပါတယ်။

သူ့ရဲ့ ဂုဏ်ထူးဆောင်အတွက် သူဟာ အကြိမ်လေးထောင် ခုန်ဆင်းခဲ့ပါတယ်။ သဘောကတော့ ဒီကွန်မြူနစ် ဆိုဗီယက်အရာရှိဟာ ရက်သတ္တပတ်သုံးပတ်တိတိ လေထီးရဲ့ အမိုးအောက်မှာ နေခဲ့ရပါတယ်။ ထပ်ပြီးပြောရရင် သူဟာ ကီလိုမီတာပေါင်းများစွာ လေကြောင်းခရီးသွားခဲ့ပါတယ်။ အဲဒီခရီးရဲ့ တစ်ဝက်မှာ လေထီးမဖွင့်ဘဲ ခုန်ဆင်းခဲ့ခြင်း ဖြစ်ပါတယ်။

လေ့ကျင့်ခုန်ဆင်းခြင်းဖြစ်ဖြစ်၊ ပြိုင်ပွဲဝင်ခုန်ဆင်းခြင်းဖြစ်ဖြစ်၊ ဒါမှမဟုတ် နည်းဗျူဟာ လေ့ကျင့်ခုန်ဆင်းခြင်းဖြစ်ဖြစ်၊ ခုန်ဆင်းတိုင်း တိတိကျကျ သေသေချာချာ တွက်ချက်ဖို့၊ အကြောက်အရွံ့ကင်းမဲ့ဖို့၊ ရဲစွမ်းသတ္တိရှိဖို့ လိုအပ်ပါတယ်။

လေယာဉ်ကွင်းမှာ အလုပ်ဆင်းတာစောတယ်။ ဒါပေမယ့် ဒု-ဗိုလ်အိုလက်ရဲ့ အလုပ်ဆင်းတဲ့နေ့မှာ ပိုပြီး စောသေးတယ်။ ဒါကြောင့် သူ့ရဲဘော်များက သူ့ကို "လေကြောင်းခရီးသည်ကြီး"လို့ ကင်ပွန်းတပ်ထားကြပါတယ်။ သင် ဒီဆောင်းပါးကို ဖတ်ရှုနေချိန်မှာ အိုလက်တစ်ယောက် လေထီးအမိုးအောက် သူ့ရဲ့ မွေးရပ်မြေပေါ်မှာ အကြိမ်ငါးထောင်မြောက် ခုန်ဆင်းဖို့ အိပ်မက်ကောင်း မက်နေပေလိမ့်မယ်။

"ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ၊ ခုန်မဆင်းခင်၊ ခင်ဗျားစိတ်မလှုပ်ရှားခဲ့ဘူးလားဗျာ" "ပထမဆုံး ကမ္ဘာ့ချန်ပီယံ ပြိုင်ပွဲဝင်တုန်းကတောင် တစ်ချက်ကလေးမှ စိတ်မလှုပ်ရှားခဲ့ဘူး။ ဖြစ်နိုင်တာကတော့ အတွေ့အကြုံရင့်ကျက်နေတဲ့ ဆရာကြီးတွေနဲ့အတူ ခုန်ချရလို့ ဖြစ်နိုင်ပါတယ်။ သူတို့ဟာ တည်ကြည်ငြိမ်သက်ကြတယ်။ ဒါဟာ ကျွန်တော့်ကို ယုံကြည်စိတ်ချစေတယ်။ ဒါပေမယ့် အခုတော့ တကယ်စိတ်လှုပ်ရှားမိပြီဗျို့၊ အခုဆိုရင် ကျွန်တော်ဆိုးဆိုးရွားရွား ခုန်ချဖို့ အခွင့်အရေး မရှိတော့ဘူး၊ လူငယ်လေထီးသမားတွေဟာ ကျွန်တော့်ကို ငေးကြည့်နေကြပြီး ကျွန်တော့်ဆီက သင်ယူနေကြပြီ။ ကျွန်တော်ဟာ သူတို့ရဲ့ နည်းပြဆရာဖြစ်နေပါပြီ။"

Para troopers

By. M. Shlayen

From the soviet. military Review October 1973 (Page 63-64)

Marshal Biryusov Soviet Moscow USSR

မှကောက်နုတ်ဖော်ပြထားပါတယ်။ (စာရေးသူ)

## ၂။ လေကြောင်းတိုက်ပွဲ

## (The story of air warfare)

ရေးသူ　　အိုလစ်ဗားစတီးဝါ့ဒ်

ထုတ်ဝေသူ　　ဟားမစ်ရှ်ဟဲမီးလ်တန်လီမိတက်

အမှတ်–၉၀၊ ဂရိတ်ရတ်ဆဲလ်လမ်း၊ လန်ဒန်၊ ဒဗလျူစီ–၁။

၁၉၅၈ ခုနှစ်တွင် ဂရိတ်ဗြိတိန်၌ ပထမဆုံး ထုတ်ဝေသည်။
(အိုလစ်ဗားစတီးဝါ့ဒ် စာမူပိုင်ခွင့် ၁၉၅၈)

လေတပ်သားတွေရဲ့ စွမ်းရည်စွမ်းပကား သတ္တိများကို ပထမဆုံး ရိပ်စားနားလည်ပြီး လေထီးတပ်ဖွဲ့တွေကို ပထမဆုံး လေ့ကျင့်သင်တန်း ပေးခဲ့သူတွေဟာ ရုရှားတွေပဲလို့ ဆိုနိုင်တယ်။ ၁၉၃၀ ခုနှစ်ဆီက မော်စကိုမြို့အနီးမှာ တပ်ဦးအနေနဲ့ စစ်ရေးလေ့ကျင့်မှုတွေ ပြုလုပ်ခဲ့စဉ်ကပဲ။ အဲဒီလေထီးတပ်သားတွေ ပါဝင်ခဲ့တာ သေချာတယ်။ အဲဒီတုန်းက လေထီးတပ်သား ရှစ်ယောက်အဖွဲ့ တစ်ဖွဲ့ ပါဝင် ဆင်နွှဲခဲ့တယ်။ အဲဒီနောက်တော့ "အိုဆိုဗီးယားခင်းမ်" ခေါ်တဲ့အဖွဲ့ တစ်ဖွဲ့ကို ဖွဲ့လိုက်တယ်ဆိုရင်ပဲ လေတပ် အားလုံးမှာရှိတဲ့ အထက်တန်းအရာရှိတွေဟာ လေယာဉ်နဲ့ ပို့ဆောင်နေတဲ့ တပ်တွေကို ဂရုတစိုက် ဖြစ်လာကြရတယ်။ ၁၉၃၈ ခုနှစ်ကျတော့ ပြင်သစ်တွေမှာ

လေယာဉ်နဲ့ ပို့ဆောင်တဲ့ တပ်ရင်းတစ်ခု ရှိနေပြီ။ ဒါပေမယ့် အဲဒီ တပ်ဟာ လေထီးတပ်မဟုတ်ဘူး၊ လေယာဉ်နဲ့ သွားလာတိုက်ခိုက်နေတဲ့ တပ်သာ ဖြစ်တယ်။ စစ်ကြီးဖြစ်လာတော့ အဲဒီတပ်ရင်းကို ဖျက်သိမ်း လိုက်တယ်။ ဂျာမန်တွေဟာ ဟော်လန်နိုင်ငံနဲ့ ဘဲလ်ဂျီယံနိုင်ငံကို တိုက်တဲ့တုန်းက လေယာဉ်စီးတပ်တွေနဲ့တိုက်ပြီး အောင်ပွဲဆင်ခဲ့တယ်။

ဂျာမနီဟာ စစ်ပွဲစပြီး နှဲ့တုန်းက ဗြိတိန်နိုင်ငံနဲ့ ပြင်သစ်နိုင်ငံကို လေကြောင်းကနေ မတိုက်ခဲ့ဘူး။ လေကြောင်းနဲ့ ထောက်လှမ်းရေး လုပ်ငန်း လောက်ကိုသာ လုပ်ခဲ့တယ်။ အဲဒါကတော့ ဂျာမနီရဲ့ ဟိုတုန်းက မူဝါဒအရ လုပ်ခဲ့တာပဲ။ ကြည်းတပ်ကို တိုက်ရိုက်အကူအညီ ပေးဖို့အတွက်သာ လေတပ်ကို အာရုံစိုက်ပြီး သုံးခဲ့တယ်။ လေတပ်အနေနဲ့ ကြည်းတပ်ရဲ့ ရှေ့ကထွက်ပြီး ရန်သူရဲ့ ထောက်ပံ့ရေး၊ ဆက်သွယ်ရေးနဲ့ ကာကွယ်ရေး အစီအမံတွေကို တိုက်ဖျက်ပစ်တယ်။ ဂျာမန်ခြေလျင် တပ်တွေအတွက် လမ်းဖွင့်ပေးထားတာပေါ့။

## ၃။ သတိရှိရှိအောက်ကိုကြည့်

## (Look out below)

ခရစ်ယာန်သင်းအုပ်ဘုန်းကြီး ဒုဗိုလ်မှူးကြီး ဇရန် စစ်အဲလ် ဆင်း(ပ)ဆန်း။

(ဒုဗိုလ်ချုပ်ကြီး သော်မတ်စ်အက်ဖ်ဟာစ်ကီး၏ အမှာနိဒါန်းမှ)

သူတို့တွေ (ခရစ်ယာန်သင်းအုပ်ဘုန်းကြီးတွေ)ဟာ လေထီးတပ်သားတွေနဲ့ အတူတူ ညဘက်ကြီးမှာ နော်မန်ဒီအပေါ် ကောင်းကင်အမြင့်ထဲက ခုန်ချခဲ့ကြတယ်။ ဟော်လန်မြေနိမ့်တွေပေါ်ကို ခုန်ချခဲ့ကြတယ်။ စိုက်စိုက်တုန် အောင် အေးလှတဲ့ဆောင်းလေကို ကြံ့ကြံ့ခံပြီး ဘဲယ်ဂျီယံ နိုင်ငံထဲကို ခုန်ဆင်းကြတယ်။ လူ့ဗုံနဲ့ ကိုရီးယား တောင်ကြားတွေကို ခုန်ဆင်းခဲ့ကြတယ်။ ဘာသာရေးကသာ ပေးစွမ်းနိုင်တဲ့ ဘဝအားမာန်ကို လေထီးတပ်သားတွေ အနေနဲ့ ခံစားရရှိကြရအောင်လို့ပဲ။ “သတိရှိရှိအောက်ကိုကြည့်”ဟာ ရန်သူစခန်းတွေရဲ့ နောက်ထဲကို တိုက်ပွဲ အလယ်ထဲကို လက်နက်ဆိုလို့ စိတ်ဓာတ်ဆိုတဲ့ ဓားလွတ်ကလွဲပြီး တခြားဘာလက်နက်မှ မပါဘဲ၊ အကာအကွယ်ဆိုလို့ ဘာသာရေးယုံကြည်မှုဆိုတဲ့ ဒိုင်းကြီးကလွဲပြီး တခြားဘာအကာအကွယ်မှမရှိတဲ့ ထူးခြားလှတဲ့ ဘုရားသားတော်တစ်ပါးအနေနဲ့ လေထီးတပ်သားတွေ အကြောင်း ပထမဆုံး ရေးသားတဲ့ စာအုပ်ဖြစ်တယ်လို့ ကျွန်တော် ယုံကြည်တယ်။ လေယာဉ်နဲ့ပို့ဆောင်တဲ့ လေထီးတပ်သားတွေရဲ့ အဖြစ်အပျက်ကို သူတို့ရဲ့အကြောင်း အသိဆုံးဖြစ်တဲ့ ပုဂ္ဂိုလ်တစ်ဦးက ဒီစာအုပ်မှာ တင်ပြထားတယ်။ ဘုန်းတော်ကြီးတစ်ပါး အနေနဲ့သာ ထိုးထွင်းသိမြင်နိုင်တဲ့ ဉာဏ်အမြင်နဲ့ ရေးသားတင်ပြ ထားတာပဲ ဖြစ်တယ်။ ဒီစာအုပ်မှာ ရယ်စရာ ရွှင်စရာဟာသလဲ ပါတယ်။ ဘာပဲဖြစ်ဖြစ် လေထီးတပ်သား ဘုန်းတော်ကြီးတစ်ပါးရဲ့ နားလည်မှုဆိုတဲ့ မျက်စိအမြင်၊ ကိုယ်ချင်းစာနာမှုဆိုတဲ့ မျက်စိအမြင်နဲ့ ရေးသားထားတာမို့ တော်မှန်ပြောင်မြောက်ပြီး အသိဉာဏ် ပွင့်လင်း လှပါပေတယ်။

စာရေးဆရာ ခရစ်ယာန်သင်းအုပ်ဆရာ ဒု-ဗိုလ်မှူးကြီး ဖရန့်စစ်အဲလ်. ဆင်းပဆန်းက သူကိုယ်တိုင် ပါဝင်ကြုံတွေ့ပုံတွေကို out look below ဆိုတဲ့ ကျော်ကြားလှတဲ့ သူ့စာအုပ်မှာ ဖော်ပြထားပါတယ်။ ဒီစာအုပ်ထဲက အချို့အချက်တွေကို ဖတ်ရှုလေ့လာခြင်းအားဖြင့် လေထီးသမားဖြစ်လာဖို့ ဘယ်လိုအပင်ပန်း အဆင်းရဲခံပြီး လေ့ကျင့်ရတယ်ဆိုတဲ့အကြောင်း သိရှိနားလည် နိုင်ပါမယ်။

အမေရိကန် လေထီးသင်တန်းနဲ့ ဆိုဗီယက်-အင်္ဂလိပ်စတဲ့ နိုင်ငံကြီး တွေရဲ့ လေထီးသင်တန်းတွေဟာလဲ ကွာခြားတာမျိုး ရှိကောင်းရှိနိုင်ပါတယ်။ ဒါပေမယ့် အခြေခံတွေကတော့ အတူတူလောက်ဖြစ်ကြမှာပါပဲ။ ဒါကြောင့် ဒီစာအုပ်ထဲကအကြောင်း လေ့လာရရုံနဲ့ လေထီးသင်တန်းတွေရဲ့ အခန်းကို ငုံမိနိုင်မယ်လို့ ယူဆပါတယ်။ လေထီးသင်တန်းမှာ ဘယ်လို လေ့ကျင့်ရသလဲဆိုတဲ့အကြောင်း ပထမဆုံးအကြိမ် လေထီးဆင်းတဲ့အချိန်မှာ ဘယ်လိုခံစားရသလဲ၊ ရန်သူနယ်မြေထဲ လေထီးဆင်းတိုင်းဆင်းတိုင်း ဘယ်လိုခံစားရသလဲဆိုတဲ့ အကြောင်းတွေ ဖော်ပြထားပါတယ်။ ဒီအကြောင်းတွေ စာဖတ်ပရိသတ် ကိုယ်တိုင် သိရှိ လေ့လာနိုင်အောင် သူ့စာအုပ်က အချို့အချက်တွေကို ကောက်နုတ်ပြီး တိုက်ရိုက်ဘာသာပြန် ဖော်ပြလိုက်ရတာပါ။ (စာရေးသူ)

* * *

ကျုပ်(ဒုဗိုလ်မှူးကြီး ဖရန့်စစ်အဲလ် ဆင်းပဆန်း အနေနဲ့ ပြည်သူ့တာဝန် အသိစိတ်အရ ဘာကိုပဲဖြစ်ဖြစ် ပါဝင်ဆင်နွှဲဖို့ အသင့်ဖြစ်တယ်။ မရောက်ဖူးတဲ့ မြို့တစ်မြို့မှာ စိတ်အား ထက်ထက်သန်သန်နဲ့ လုပ်ငန်းကို အစပျိုးနေတဲ့ စီးပွားရေးသမား လူငယ်တစ်ယောက်လိုပါပဲ။

ဘင်းနင်း[၁]တပ်မှာ စိတ်ထောင်းကိုယ်ကြေ ခံရပါစေဆိုပြီး အသင့်ပြင် ထားတယ်။ အခုထိ ကျုပ်ရဲ့ နဲနဲနက်နက် လျှို့ဝှက်ချက်ပဲ။ အသုဘာကိစ္စပြီးစီးသွားတော့ ဘင်းနင်းခံတပ်မှာရှိတဲ့ လေထီးကျောင်းကို

၁။ အမေရိကန်ပြည် ဂျော်ဂျီယာနယ်မှာ အင်မတန်ကျော်ကြားလှတဲ့ လေထီး သင်တန်းကျောင်း ဖြစ်ပါတယ်။

ပြန်ဖို့ ကျုပ်ပြင်ဆင်တယ်။ လေယာဉ်ပေါ်က ခုန်ချရမယ့် အလုပ်ဟာ၊ ကျုပ်ရဲ့ အမေမဆုံးခင်က ရင်ဆိုင်ရတဲ့ အတွေ့အကြုံလောက် အန္တရာယ်များလှဘူးဆိုတာ တွေ့ရတယ်။ လေထီးနဲ့ ခုန်ဆင်းတဲ့ အခါမှာ စိတ်ချောက်ချား ရတာဟာ၊ ကိုယ့်အသက်ဘေး လုံခြုံရေးထက် ကိုယ့်မိသားစုနဲ့ ကိုယ့်အပေါ်မှာ မှီခိုနေသူတွေရဲ့ အရေးထက် ပိုပြီး ကြောင့်ကြရလို့ပဲဆိုတာ ကျုပ်သဘောပေါက်မိတယ်။

ဒါပေမယ့် ကိုယ့်အသက်ဘေး လုံခြုံရေးအတွက် မပူရတာတော့ မဟုတ်ပါဘူး။ ဒီအချက်ကိုတော့ ထပ်တလဲလဲဖော်ပြပြီး နေကြပါပြီ။ လေထီး တပ်သားတိုင်းလိုလိုက သုက်သေထူပြနိုင်ကြလိမ့်မယ်လို့ ကျုပ်ထင်တယ်။ လေထီးတစ်ခါ ခုန်ချပြီးလို့ နောက်တစ်ခါ ခုန်ချရပြန်ဦးတော့မယ်ဆိုရင် တွေးတောကြောက်လန့်တဲ့စိတ်ဟာ ခုန်ချရမယ့် လေထီးသမားတွေမှာထက်၊ သူတို့ရဲ့ မိခင်တွေ၊ ဇနီးတွေမှာ ပိုပြီး ခံစားရတာ သေချာလှပါတယ်။

တကယ်ကတော့ လေထီးနဲ့ ခုန်ချရတာတွေ အောင်အောင်မြင်မြင် ပြီးစီးသွားတဲ့ အခါဆိုရင် လေထီးတပ်သားတစ်ယောက်အနေနဲ့ ကိုယ်ကိုယ်ကို အတော် စိတ်ချယုံကြည်မှု ရှိလာတယ်။ တယ်လီဖုန်းကနေပြီး "အိုကေပဲ၊ ချောချော မောမောပဲ ခုန်ချပြီးသွားပြီ ဒါလင်ရေ။ မြေပေါ်ကို အသာကျ ကလေးပဲ" ဆိုတဲ့ ကြားနေကျအသံကိုဖြစ်ဖြစ် "အစုဘင်းနင်းခံတပ် ဆေးရုံက စကားပြောနေပါတယ်။ ခင်ဗျားရဲ့ ခင်ပွန်းတော့"ဆိုတဲ့ တပ်က ကြောက်လန့်စရာ အသံကိုဖြစ်ဖြစ်၊ စောင့်စားနားစွင့်ရှာသူတွေမှာ အဲဒီလို ယုံကြည်စိတ်ချမှုမျိုးကို မခံစားကြရဘူး။

ကျုပ်အနေနဲ့ လေထီးကျောင်းမှာ ပင်ပင်ပန်းပန်း တက်နေရတုန်းကဆိုရင် "ငါဒီအကြောင်းကို အကောင်း ဘယ်တော့မှ မပြောဘူး"လို့ သစ္စာတောင် ဆိုခဲ့မိတယ်။ လေထီးကျောင်းဟာ နာမည်ကြီးနေတာထက်တောင် ပိုပြီး ပင်ပန်းခွေး၊ ကြမ်းသေးတယ်။ ဘာပဲဖြစ်ဖြစ် တရားမျှမျှတတ ပြောရမယ် ဆိုရင်တော့ လိုချင်တဲ့ ပန်းတိုင်ကို တကယ်ဆွတ်ခူးနိုင်တယ်ဆိုတာ ဝန်ခံရမှာပဲ၊ ဒါကြောင့်လဲ ဘင်းနင်းက မြှုနပျိုးထောင်ပေးလိုက်တဲ့ ကာယကြံ့ခိုင်မှု၊ စိတ်ပိုင်းဖြတ်မှု၊ တိုက်ရဲ

နိုက်ရဲမှု အရည်အသွေးတွေဟာ နော်မန်ဒီမှာရော၊ ဟော်လန်မှာရော၊ ဘက်စတုန်းမှာရော၊ နောက်အတော်ကလေး ကြာတော့ ကိုရီးယား စစ်ပွဲမှာရော ပြောင်ပြောင်မြောက်မြောက် အကောင်အထည် ဖော်ခဲ့တာပဲ။ ကျုပ်ရဲ့ ချွေးရွှဲနေတဲ့ ခန္ဓာ၊ ထိခိုက်နာကျင်နေတဲ့ အရေပြားတွေနဲ့ အရိုးတွေ၊ ကိုက်ခဲနေတဲ့ ကြွက်သားတွေ၊ နှိမ့်ချခံရတဲ့ ဂုဏ်သိက္ခာတွေ၊ မာန်လျော့တဲ့ အတ္တတွေ အဲဒါတွေကို အခြေခံပြီး လေထီးကျောင်းရဲ့ အကြောင်းကို ကျုပ်မှတ်မိသမျှ အာဃာတမဖက် အမြင်မှန်သက်သက်နဲ့ ရှေ့စာမျက်နှာတချို့မှာ ဖော်ပြသွားပါတယ်။ လေထီးကျောင်း အကြောင်းကိုလဲ အဲဒီလို ကျုပ်ဖော်ပြတဲ့အခါမှာ နာကျည်းတဲ့ဟန်ကို တွေ့ရင်၊ ကျုပ်ခံစားရခဲ့တဲ့အတိုင်း တမင် ဖော်ပြလိုက်တာပဲလို့ စာဖတ်သူတွေအနေနဲ့ နားလည်ကြစေချင်ပါတယ်။

လေထီးကျောင်းမှာ ကျုပ်သတင်းပို့တော့၊ လေထီးတပ်ရေး ဗိုလ်က "အရင်ဘုန်းကြီးနှစ်ပါးတော့ အခုဆေးရုံမှာ ရောက်နေကြပြီ။ တစ်ပါးက ခြေကျိုးသွားပြီ၊ တစ်ပါးကကျောမှာ ထိခိုက်ဒဏ်ရာ ရသွားတယ်"လို့ ဆီးပြောတယ်။ ကျုပ်မျက်နှာဟာ ရယ်ရတော့မလို ငိုရတော့မလို ဖြစ်သွားသလား မသိဘူး။ ဗိုလ်က ကျုပ်ကိုကြည့်ရယ်ပြီး "ဒါပေမယ့် ဘုန်းကြီးသုံးလေးပါးတော့ ကျောင်းက အောင်သွားကြပြီ" လို့ အားပေးစကား ပြောပြန်တယ်။

လေထီးကျောင်းမှာ က၊ ခ၊ ဂ၊ ဃ ဆိုတဲ့ အဆင့်လေးဆင့်ကို ရက်သတ္တလေးပတ်အထိ အပြင်းအထန် လေ့ကျင့်ခန်းသင်တန်း ဆင်းရ ပါတယ်။ ပထမဆုံးအနေနဲ့ "က" အဆင့်သင်တန်းက နည်းပြချုပ်ဆီမှာ တခြားလေထီး တပ်အရာရှိ ခုနစ်ဆယ့်ခုနစ်ဦးနဲ့အတူ ကျုပ်သတင်း ပို့ရတယ်။ ကျုပ်တို့ရဲ့ သင်တန်းနည်းပြဆရာ တပ်ကြပ်ဟာ ပြန်တမ်းဝင် အရာရှိတွေကို ဩဇာပေးရတဲ့ နေရာကို ရောက်နေလို့ တကြွားကြွား တဝင့်ဝင့် ဖြစ်နေတော့တယ်။

လေထီးကျောင်းက တပ်ကြပ်အားလုံးလိုလိုဟာ တကယ့်အား ကစား သမားဟောင်းတွေ၊ ကျွမ်းဘားသမားဟောင်းတွေ ဖြစ်နေတယ်။ တပ်မှူးဗိုလ်မှူးကြီး တစ်ယောက်ဟာ သင်တန်းနည်းပြဆရာ တပ်ကြပ်ကို ဘုပြောပြီး၊ ဆရာတပ်ကြပ်ရဲ့ အမိန့်ကို မနာခံလို့ သင်တန်းတစ်ခုလုံး

ရှေ့မှာ တောင်းပန်ခိုင်းရုံမက၊ ကျောင်းကပါ တစ်ခါတည်း ထုတ်ပစ်လိုက်တယ်။ သူတို့သဘောက အလုပ်ဟာ အလုပ်ဆိုတဲ့ သဘောပဲ။ ဘယ်သူ့ကိုမှ မျက်နှာမလိုက်ဘူး။ သူတို့လိုချင်သလို အကြမ်းပတမ်း အပင်ပန်း မခံနိုင်တဲ့သူ ဆိုရင် ကျောင်းက ထုတ်ပစ်လိုက်တာပဲ။ လူဖျင်းလူညံ့ ဆိုပြီး ထုတ်ပယ်ခံရတဲ့ ဗိုလ်မှူးကြီးတွေလဲ ရှိရဲ့။ အရာရှိတွေ ဆရာဝန်တွေ ဘုန်းကြီးတွေလဲ မညှာမတာ ပညာပေးခံကြရတာပဲ။ အဲဒီကျောင်းမှာ မအောင်လို့ ထွက်ကြရတဲ့လူတွေကတော့ ကျောင်းအကြောင်းကို ခါးခါး သီးသီး မုန်းမုန်းတီးတီး ပြောကြတာချည်းပဲ။ အဲဒီကျောင်းက နောက်ဆုံး အောင်သွားတဲ့ လူတွေတောင်မှ ဂုဏ်မယူနိုင်ကြဘဲ စိတ်သာနာကျည်းကြတယ်။

လေထီးကျောင်း "က"အဆင့်မှာ ဘားကျွမ်းနဲ့ တာဝေးအပြေး လေ့ကျင့်ခန်းတွေ ပါတယ်။ ဘင်းနင်းလေထီးကျောင်းကို ကျုပ်ရောက်တော့ ကျုပ်ကိုယ်ကျုပ် ကာယကြံ့ခိုင်မှု အတော်ရှိတယ်လို့ ထင်ခဲ့မိတယ်။ ဒါပေမယ့် ဘားကျွမ်းလေ့ကျင့်ခန်းကို ပထမဆုံးအကြိမ် နံနက်ခင်းမှာ သုံးနာရီကျော် အောင်ကို ဆင်းပြီး လေ့ကျင့်ရတော့မှ "ငါလဲထောက်ပံ့ရေးတပ်က တပ်ကြပ်ကြီး တွေလိုပဲ၊ ပျော့အိအိကြီးပါကလား"လို့ ကိုယ့်ကိုယ်ကို သဘောပေါက်မိတော့တယ်။

အဲဒီမနက်က ဂျော်ဂျီယာနယ်ရဲ့ ခြစ်ခြစ်တောက်အောင် ပူလှတဲ့ နေရောင်အောက်မှာ မိနစ်လေးဆယ်အထိ ပြေးကြရတယ်။ သင်တန်းရဲ့ လေးပုံတစ်ပုံလောက်လူတွေဟာ နောက်မှာ ပြတ်ကျန်ခဲ့တယ်။ လမ်းမှာနားလိုက် ပြေးလိုက် လုပ်နေကြလို့ပဲ။ တချို့ကလဲ စိတ်ဆိုးပြီး ဆက်မပြေးဘဲ ကျန်ခဲ့ကြတယ်။ တချို့ကတော့ လုံးလုံးကို ဆက်ပြီး မပြေးနိုင်တော့မှ လက်လျှော့ပြီး နေခဲ့ကြတယ်။ တချို့လဲ အရှုံးပေး လက်မြှောက်လိုက်ကြတယ်။ အဲဒီလိုလမ်းမှာ ပြတ်ကျန်ခဲ့တဲ့ လူတွေကို "အမဲသားကားး" (အရုပ်သားတွေ အမြင်နဲ့ ကြည့်ရင်တော့ သူနာပြုကားပေါ့) နဲ့ ကောက်တင်သွားတာပဲ။

အစအဆုံး ပြေးခဲ့ကြတဲ့ ရဲဘော်တွေဟာ နေ့လယ်ဆယ့်နှစ်နာရီမှာ တန်းလျားကို ပြန်ရောက်ကြတော့ တစ်ကိုယ်လုံး ရေချိုးထားသလို ချွေးတွေ ရွှဲနေပြီး မောဟိုက်နေကြတယ်။ ကျောင်းကို ကျိန်ဆဲဖို့တောင်

အားမရှိဘူး။ အိပ်စင်တွေပေါ်မှာ ခြေပစ်လက်ပစ် လှဲအိပ်ပစ်လိုက်ကြတော့တာပဲ။ ထမင်းစားဖို့ လမ်းကို ဖြတ်ကူးတာကလေးကိုတောင် မလုပ်နိုင်ကြတော့ဘူး။ အစားအစာကလဲ မစွံပါဘူး။ မောသမျှ ပန်းသမျှ လန်းလာကြအောင် ရေချိုးဖို့ပဲရှိတယ်။ ကျုပ်တို့ကတော့ နားချင်တယ်။ နားချင်တယ်။ နားချင်တယ်။ ကျုပ်တို့အားလုံး လိုလိုဟာ ချွေးတွေသန့်တွေ နံနံစော်စော်နဲ့ဘဲ အိပ်မောကျသွားကြတယ်။ အဲ တစ်နာရီထိုးလို့ ခရာမှုတ်လိုက်တဲ့ သံဆိုးသံဝါကြီးကို ကြားရတော့ အိပ်ရာထဲက လူးလဲထကြရပြန်ရော။

နေ့လယ်ပိုင်း အစီအစဉ်ကတော့ မနက်ပိုင်း အစီအစဉ်အတိုင်းပဲ။ ဂျူဒိုလေ့ကျင့်ခန်းတော့ ပိုလာတယ်။ အဆီးအတား ခလုတ်ကန်သင်းတွေကို ကျော်လွှားတဲ့လေ့ကျင့်ခန်းတွေလဲ လုပ်ကြရတယ်။ နောက်ဆုံးမှာတော့ ရှောင်လို့မရဘဲ အပြေးလေ့ကျင့်ခန်းနဲ့ အပြီးသတ်ကြရတယ်။

ကျွမ်းဘားမှာ ကျုပ်မစွံဘူး။ ကြိုးကိုဆွဲပြီးတက်တဲ့ လေ့ကျင့်ခန်းကို ကျုပ်ဘယ်လိုမှ လုပ်လို့မရဘူး။ တင်းပုတ်ကိုင်ပြီး ဖေ့ဖွမ်းကစားစတဲ့ လေ့ကျင့်ခန်းမှာဆိုရင် သင်တန်းဆရာ တပ်ကြပ်က "တော်ပြီ"လို့ မပြောခင်မှာပဲ၊ ကျုပ်လဲ လက်ပန်းကျပြီး မလှုပ်နိုင် မယှက်နိုင် ဖြစ်သွားရတော့တာပဲ။ နောက်ဆုံးတော့ အချက်ငါးဆယ်အထိလောက်တော့ တင်းပုတ်(အင်းဒီးယန်း ကလပ်) ကိုဖေ့ယမ်း ကစားနိုင်လာတယ်။ ဒါပေမယ့် အဲဒီလေ့ကျင့်ခန်းမှာတော့ ကျုပ်အားမ နောက်ပိတ်ခွေးပဲ။

ဘရင်ဂျီဘုန်းကြီးတွေအနေနဲ့ အာပတ်ဖြေတဲ့အခါမှာ ဆံခြည်အင်္ကျီကို ဝတ်ပြီး အာပတ်ဖြေတာထက်၊ ဘဲသွားသွားပြီး ဆောင့်ကြောင့်ထိုင်ရင်း ခုန်တဲ့လေ့ကျင့်ခန်းကို လုပ်ပြီး အာပတ်ဖြေတာက ပိုပြီး မှတ်လောက်သားလောက် ရှိလိမ့်မယ်လို့ အကြံပေးချင်တယ်။ "က" အဆင့်က ကျုပ်မပြုတ်တာတော့ အချက်တစ်ချက်ပဲရှိတယ်။ အဲဒါကတော့ အပြေးလေ့ကျင့်ခန်းမှာ အစအဆုံး လုပ်လို့ပဲ။

ကျောင်းသားတွေထဲက အကြမ်းဆုံး အမာဆုံးဆိုတဲ့ ကျောင်းသားတွေ လောက်သာ အင်မတန်အဖိုးတန်လှတဲ့ ညဘက်အချိန်မှာ မအိပ်ဘဲ အပြင်ထွက်ပြီး ရုပ်ရှင်သွားကြည့်ရဲကြတယ်။ ညဘက်မှာ

* * *

ထမင်းစားပြီးတော့ တိတ်ဆိတ်ငြိမ်သက် နေတဲ့ ဘုရားရှိခိုးကျောင်းထဲမှာ ဘုရားစာရွတ်ရ ဖတ်ရတာ မိတ်ရောကိုယ်ပါ အင်မတန် ချမ်းမြေ့တယ်။ ဒါပေမယ့် စိတ်ပုတီးစိပ်နေရင်း အိပ်ပျော်သွားတဲ့ လူတွေအတွက် ကောင်းကင်တမန်တော်တွေက ပြီးအောင်ဆက်စပ်ပေးတယ် ဆိုတဲ့ ဒဏ္ဍာရီကို ယုံကြည်အားထားဖို့လိုတယ်။ နောက်တစ်နေ့ မနက်ခြောက်နာရီမှာ အစီအစဉ်အတိုင်း ဘုရားဝတ်တက်ကြရပြန်တယ်။

ကျောင်းမှာ သင်တန်း ရက်သတ္တပတ် ပထမပတ်လဲ ကုန်သွားရော၊ သင်တန်းကျောင်းသား အရာရှိ ခုနစ်ဆယ့်ရှစ်ဦးနဲ့ ပြည့်ကျပ်နေတဲ့ တန်းလျားမှာ အရာရှိသုံးဆယ့်ရှစ်ဦးပဲ ရှိတော့လို့ ချောင်ချောင်ချိချိ ဖြစ်သွားတယ်။ သူတို့ အတော်များများဟာ ပထမနှစ်ရက်လောက်မှာပဲ ကျောင်းထွက်သွားကြတယ်။

မထွက်ခင်မှာ ကျောင်းက တပ်ကြပ်တွေနဲ့ ကျောင်းနဲ့ ပတ်သက်တဲ့ လူတွေ မှန်သမျှကို ဘာထင်တယ် ညာထင်တယ်နဲ့ ပြောသွားကြသေးတယ်။ သူတို့ပြောသွားတာတွေကိုတော့ မကြားဝံ့ မနာသာတွေမို့ ဒီမှာရေးပြလို့ မဖြစ်ဘူး။

သင်တန်းရဲ့ ဒုတိယရက်သတ္တပတ်ဖြစ်တဲ့ "ခ" အဆင့်ဟာ ပိုပြီးတော့တောင် စိတ်ဝင်စားဖို့ ကောင်းသေးတယ်။ အဲဒီအဆင့်မှာ ကျွန်တော်တို့အနေနဲ့ လေထီးနဲ့ ခုန်ဆင်းတဲ့ ဟန်ပန်ပုံစံနဲ့တူအောင် စီမံဖန်တီးထားတဲ့ အထူးပစ္စည်း ကိရိယာတွေ အများကြီးကို အသုံးပြုကြရတယ်။ ပထမဆုံး ကျုပ်အသုံးပြုရတဲ့ အထောက်အခံ ပစ္စည်းကတော့ တောင်ပံတွေ ဖြုတ်ထားတဲ့ လေယာဉ်တစ်ခုရဲ့ ကိုယ်ထည်ကြီးပဲ။ အဲဒီလေယာဉ်ထဲမှာ ဘယ်လိုကျကျနန မတ်တတ် ထရမယ်။ လေထီးအထုပ်ရဲ့ထိပ်မှာ ဆွဲထားတဲ့ ကြိုးပြားကို ဘယ်လို ချိတ်ရမယ်၊ ကျုပ်တို့ ရှေ့က လူရဲ့ ပစ္စည်းကိရိယာ တန်ဆာပလာတွေကို ဘယ်လို စစ်ဆေးကြည့်ရမယ်၊ လေထီးဆရာရဲ့ အမိန့်ကို ဘယ်လို လိုက်နာရမယ်၊ လေယာဉ်ပေါ်ကနေ ဘယ်လိုကျကျနန ထွက်ရမယ် ဆိုတာတွေကို သင်ပြပေးတယ်။ ကျုပ်တို့လဲ မာနကဲလေးတွေ ထောင်လာကြတယ်။ လေထီးနဲ့ခုန်ချတာ လွယ်လွယ်ကလေးဖြစ်မှာ ပါလို့။

အဲဒီနောက် ကျုပ်တို့ကို လေထီးနဲ့ မြေပေါ်ဆင်းကျနည်း သင်ပြတဲ့ ဆရာဆီ ခေါ်သွားတယ်။ အဲဒါကတော့ တော်တော်ဆိုးရွားတဲ့ သင်ပြနည်းပဲ။ သင်တန်းသားကို လေထီးဝတ်စုံ က,ကြိုးတန်ဆာမှာ ချိတ်လိုက်တယ်။ လေထီး က,ကြိုးတန်ဆာက ဒလိမ့်တစ်ခုမှာ တွဲထားတယ်။ ဒလိမ့်က အောက်ဘက် အလျားလိုက် စောင်း (စောင်း) ရှည်ရှည်ကို လိမ့်ဆင်းသွားတယ်။ အဲဒီနည်းကို ဆရာက သူကြိုက်တဲ့ အချိန်မှာ ဖြုန်းဆို ကောက်လုပ်လိုက်တာပဲ။ ကျုပ်တို့ မထင်တဲ့အချိန် မမျှော်လင့်တဲ့အချိန်မှာပဲ ဖြစ်နေတယ်။ ဆရာက မောင်းခလုတ်တစ်ခုကို ဆွဲလိုက်တာနဲ့ သင်တန်းသားဟာ တစ်နာရီကို မိုင်နှစ်ဆယ်နှုန်းနဲ့ အောက်မြေကြီးပေါ်ကို ကျသွားတာပဲ။ အဲဒီလိုအခါမှာ ကြိုးတွေကို နိုင်ခိုင်ဆွဲထားပြီး မြေပြင်ကိုထိတာနဲ့ တစ်ပြိုင်နက်၊ ဦးခေါင်းကို ဒူးနှစ်ဖက်ကြားကို ငုံ့ထားလိုက်ရတယ်။ နောက်တော့ မြေပြင်ပေါ်ကို ဘောလုံးလို လိမ့်သွားရတယ်။ ခေါင်းကို မြန်မြန် မငုံ့မိရင်တော့ မျက်နှာမှာ ဖုံအလိမ်းလိမ်းနဲ့ လိမ်းသွားမှာပဲ။ သင်တန်း သားတစ်ဦးရဲ့ လုပ်ပုံကိုင်ပုံကို သင်တန်းဆရာက မကျေနပ်ဘူးဆိုရင်တော့ အဲဒီသင်တန်း သားဟာ သူ့လေထီးကို ကြိုးတွေကနေ မြှောက်လိုက်ပြီး သင်တန်း နေရာကို အခါခါပတ်ပြီး ပြေးရတယ်။ ပြေးရင်းလဲ "ကျုပ်လုပ်တာ မှားသွားတယ်"လို့ လူတိုင်းကို အော်ပြောရသေးတယ်၊ ကျုပ်လဲ ရှစ်ခါပတ်ပြီး ပြေးခဲ့ရတယ်။ ပြေးရင်းက တွေ့တဲ့လူတိုင်းကို "ကျုပ်ဟာ အတော်ညံ့တဲ့ ဘုန်းကြီးပဲ၊ ကျုပ်ရဲ့ လေထီးကြိုးတွေ လက်ထဲက လွတ်ကျသွားတယ်"လို့လဲ အော်ပြောရတယ်။

လေထီးကျောင်းမှာ သင်တန်းတက်နေရတုန်း တစ်ချိန်လုံးမှာ ရိုးရိုး လမ်းလျှောက်ခွင့်ကို မရခဲ့ဘူး။ ပြေးပဲ ပြေးနေခဲ့ရတယ်။ ပြေးသွား ပြေးလာချည်းပဲ။ ဘယ်လိုမှလဲ မှီမနေရဘူး။ အင်္ကျီအောင်းဘီ အိတ်တွေထဲကို လက်မထည့်ရဘူး။ အဲဒါတွေကို ချိုးဖောက်မိရင် မြေကြီးပေါ်မှာမှောက်၊ လက်ထောက်ပြီး ကိုယ်ကို နိမ့်ချည်ကြွချည် လုပ်ရတယ်။ ဒဏ်ပေးတာပေါ့။

တစ်နေ့ မနက်ခင်းမှာ တပ်ကြပ်တစ်ယောက်က နည်းပြ သင်ကြားနေတုန်း ကျုပ်လဲ ဝါးခနဲ သမ်းလိုက်မိတယ်။ "ကဲ ဘုန်းကြီး

မြေပေါ်မှာမှောက်ပြီး အခါငါးဆယ် နိမ့်ချည်ကြွချည်လုပ်"လို့ ဒဏ်ပေးတော့တာပဲ။ ကျုပ်လဲလေးဆယ့်နှစ်ခါထိပဲ လုပ်နိုင်တယ်။ မြေပေါ်မှာ တစ်ခါတည်း ပုံကျသွားတယ်။ တပ်ကြပ်နဲ့ တခြားအရာရှိ တွေက လှောင်ကြရယ်ကြပေမယ့် ကျုပ်ဂရုမစိုက်နိုင်တော့ဘူး။ မောလွန်းလို့ မြေပေါ်မှာ လှဲနေလိုက်ရတယ်။

သုံးဆယ့်ရှစ်ပေမြင့်တဲ့ စင်မြင့်တစ်ခုကို ကျုပ်တို့က "မျှော်စင်"လို့ သတ်မှတ်ထားကြတယ်။ အဲဒီမျှော်စင်ကနေပြီး အောက်ဘက် ဆင်ခြေလျှော အနိမ့်စောင်းမြေပေါ်မှာရှိတဲ့ လွှာစာမှုန့်အပုံအထိ နန်းကြိုးအရှည်ကြီးကို ဆွဲထားတယ်။ နန်းကြိုးမှာ ဆွဲချိတ် လိုက်ပြီးတဲ့အခါ နန်းကြိုးချဖို့ တပ်ကြပ်က အချက်ပြတယ်။ အဲဒီအခါမှာ အထွက်ရယ်၊ အကျရယ်၊ နန်းကြိုးကနေတုန်း ဆွဲလိုက်တာရယ်တွေဟာ လေယာဉ်ပေါ်ကနေ လေထီးနဲ့ ခုန်ချတဲ့အတိုင်းပဲ။ အဲဒီလို လွှစာပုံပေါ်ကို ခုန်ချရတာ ပထမဆုံးအကြိမ်မှာတော့ ပျော်စရာပဲ။ ဒါပေမယ့် နောက်ဆက်ဆက်ပြီး ခုန်ချရတဲ့ အကြိမ်တွေမှာတော့ မျှော်စင်ကြီးဟာ မြေကြီးနဲ့ပိုပြီး ဝေးဝေးသွားတယ်လို့ ထင်လာမိတယ်။ နောက်တော့ တကယ်တမ်း လေယာဉ်ပျံသန်းနေတုန်း လေထီးနဲ့ ခုန်ချရတာကို ကြောက်ပြီး ကျောင်းက ထွက်သွားတဲ့လူဦးရေထက်၊ အဲဒီလှေကျင့်ခန်းကို ကြောက်ပြီး ကျောင်းကထွက်သွားတဲ့ လူဦးရေက ပိုများတယ်။ သင်တန်းသားတစ်ယောက် ခမျာမှာ လေ့ကျင့်ခန်းနဲ့ ခုန်ချတဲ့အခါ တပ်ကြပ်က နန်းကြိုးမှာ သေသေချာချာ ချိတ်မပေးမိလို့ မြေကြီးပေါ်ကို တစ်ခါတည်း ထိုးကျသွားတယ်။ ကံကောင်း ထောက်မလို့ ခြေ တစ်ဖက်သာ ကျိုးသွားတယ်။ ဒါပေမယ့် ကျုပ်တို့ကတော့ အဲဒီတာဝန်ခံ တပ်ကြပ်ကို အယုံအကြည် သိပ်မရှိကြတော့ဘူး။

"ထရိန်း အေ ဆွင်း(မ)" "ရေကူးနည်း"ဆိုတာကလဲ သတိ ဝီရိယနဲ့ သေသေချာချာ ဂရုစိုက်ရတဲ့ အထောက်အခံ ပစ္စည်းကိရိယာ တစ်ခုပဲ။ ပေလေးဆယ်မြင့်တယ်။ ထောင်ချောက်တွေ၊ လမ်းကျဉ်း ကလေးတွေ၊ လှေကားတွေနဲ့ အမျိုးမျိုးရှုပ်နေတဲ့ ဝက်ဘာပဲ။ ဒါမျိုးက နောက်တစ်ခုထဲပဲ ရှိတယ်။ ဂျာမနီက လေထီးကျောင်းမှာပဲ ရှိတယ်။ ဂျာမန်တွေလဲ ကျုပ်တို့လိုပဲ မတော်တဆ ထိခိုက်အနာတရ ဖြစ်ကြ

ပါစေလို့ ကျုပ်တို့ မျှော်လင့်မိတယ်။

"ခ"အဆင့် သင်တန်းရဲ့ နေ့လယ်ခင်း အချိန်တွေကတော့ ထုပ်ပိုးရုံ တွေထဲမှာ ကုန်သွားတာပဲ။ အဲဒီရုံထဲမှာ ကျုပ်တို့ရဲ့ လေထီးတွေကို ထုပ်နည်း ပိုးနည်းကို သင်ကြားရတယ်။ ကျုပ်တို့ရဲ့ လေထီးတွေကို ကျုပ်တို့ယုံကြည် စိတ်ချကြရအောင်လို့ပဲ။ ဒါပေမယ့် ကျုပ်တို့ကတော့ ဒီအလုပ်ကို သက်ဆိုင်ရာ ထုပ်ပိုးတဲ့ အလုပ်သမားကိုပဲ လွှဲထားချင်ကြတယ်။ ကျုပ်တို့ လေထီးနဲ့ ပထမ ခုန်ချတဲ့ ငါးကြိမ်မှာ ကိုယ်တိုင်ထုပ်ပိုးထားတဲ့ လေထီးတွေနဲ့သာ ခုန်ကြရတယ်။ အဲဒါကိုတော့ ကျုပ်တကယ်ပဲ စိတ်ပူတယ်။ တစ်ဖက်စောင်းနင်းနဲ့ ဖောင်းပွပြီး တွန့်လိမ်နေတဲ့ လေထီးကို တစ်နာရီခွဲကြာအောင် ထုပ်ရပိုးရတာကို ကျုပ်စိတ်မချနိုင်ဘဲ ဖြစ်နေမိတယ်။ ဒါပေမယ့် "တန်းလျားထဲမှာ ပစ်ထားတဲ့ လေထီးနဲ့လဲ ခုန်နိုင်တာပဲ။ လေထီးဟာ ပွင့်သွားမှာပဲ"လို့ တပ်ကြပ်ကတော့ ပြောတယ်။ အရင်သင်တန်းတွေတုန်းက မျက်စိတွေပြာပြီး ရောင်ခြည်တန်းတွေ မြင်ရတဲ့ အဖြစ်မျိုးတွေ ကြုံခဲ့ရဖူးလို့ ကျုပ်တို့ကိုယ်ကို ကျုပ်တို့ စိတ်မချနိုင်ကြဘူး။

အဲ ပြီးတော့ "ဂ" အဆင့် သင်တန်းပဲ။ ပေ ၂၅၀ မြင့်တဲ့ "လွတ်လပ်တဲ့ မျှော်စင်" တွေကို တွေ့ရကြရတယ်။ ကျုပ်တို့ကို မျှော်စင်ရဲ့ထိပ်ကို တစ်ယောက်စီ တစ်လှည့်စီ ပင့်တင်သွားပြီး လွှတ်ချလိုက်တာပဲ။ အဲဒီမျှော်စင် ထိပ်အမြင့်ကနေ အောက်ကိုပဲ ဆင်းရတာ ဖိမ်အရှိသားပဲ။ ဒါပေမယ့် အဲဒီလို ဝဲဆင်းဝဲကျလာတဲ့အခါ မြေပြင်နဲ့ နီးလာလေ အရှိန်မြန်လာလေလို့ ထင်ရတယ်။ မြေကြီးက ကိုယ့်ဆီကို အပြေးတက်လာသလိုပဲ။ မြေပေါ်ကို နည်းမှန်လမ်းမှန် ဆင်းသက်ဇရောက်ရှိဖို့ နည်းလမ်းကို မှန်မှန်ကန်ကန် ကျကျနန မှတ်မိဖို့လိုတယ်။ "ခြေထောက်တွေကို တစ်ဖက်နဲ့တစ်ဖက်၊ လက်မနည်း နည်းစီ ခွာထားရတယ်။ ခြေဖျားတွေကို အောက်စိုက်ထားရတယ်။ မေးစေ့ကို အထက်ဘက် ဆွဲထား ရတယ်။ လက်တွေက ကြိုးတွေကို ဆုပ်ကိုင်ထားရတယ်။ ကိုယ်ကိုလဲ မလျော့မတင်း အလိုက်သင့် အနေအထားမှာ ရှိနေအောင် လုပ်ရတယ်။ မြေပြင်ပေါ်ကို တန်းတန်းကြီး မဆင်းနဲ့ ညာဘက်ကို တစ်ဝက်စောင်းပြီးတော့ဆင်း"လို့ နည်းပြဆရာက

မျှော်စင်ထိပ်ကနေ အသံချဲ့စက်ကြီးနဲ့ အော်ပြောနေတယ်။ သူပြောတာ သိပ်နောက်ကျသွားပြီ။ ဂျုံအိတ်ကြီးတစ်အိတ်လို အောက်ကို ကျုပ် ပစ်ကျသွားတယ်။ ဒါပေမယ့် လူရဲ့ ကိုယ်ခန္ဓာဟာ အံ့ဩစရာ ကောင်းတယ်။ လက်ဆွဲဘာဂျာလို ဆန့်ရာက ကျုံ့သွားတာမို့ မြေပြင်ကို လေထီးနဲ့ဆင်းတဲ့ အခါမှာ အထိအခိုက်မရှိဘဲ ဆင်းနိုင်တယ်။ နည်းပြဆရာက မကျေနပ်ပေမယ့် ကျုပ်ကတော့ ကိုယ့်ဟာကိုယ် ကျေနပ်နေတာပဲ။ ကျုပ်လေထီးနဲ့ ကျသွားရာကနေ ပြန်ထပြီး လေထီးကို ဘာအကူအညီမှ မပါဘဲ၊ မျှော်စင်ပေါ်ကို ပြန်ဆွဲတင်ပေးနိုင်ခဲ့တယ် မဟုတ်လား၊ ကျုပ်နောက်က လူဟာ လွတ်လပ်တဲ့ မျှော်စင်ပေါ်ကနေ မြေပေါ်ကို လေထီးနဲ့ကျလာပြီး ချွေးတွေသံတွေနဲ့ ဖြစ်နေတုန်းမှာ ကျွန်တော်က အတွေ့အကြုံ ရင့်ကျက်နေတဲ့ အသံနဲ့ ပြောပြနိုင်တယ် မဟုတ်လား။

ကျုပ်တို့အတန်းမှာ ပိုလန်နိုင်ငံသား လူငယ် ဒုတိယဗိုလ် တစ်ယောက်ရှိတယ်။ သူကတော့ သင်တန်းတစ်ခုလုံးကို ပိုင်ပိုင်နိုင်နိုင် အောင်သွားတာပဲ။ လူကခပ်သေးသေးပဲ။ ကိုယ်အလေးချိန်က ပေါင်တစ်ရာ သုံးဆယ်လောက်ပဲ ရှိတယ်။ သူ့အတွက် ဘားကျွမ်း ကစားတာတွေ ပြေးတာတွေဟာ အလွယ်ကလေးပဲ ဖြစ်နေတယ်။ "ရယ်တာပေါ့ အပျော့အပျော့" ဆိုသလိုပါပဲ။

တစ်ခါတော့ တိုင်ကိုမှီရပ်တာတွေ့လို့ သူ့ကို မြေပေါ်မှာ မှောက်၊ လက်ထောက်ပြီး နိမ့်ချည်ကြွချည် ခိုင်းပြီး ဒဏ်ပေးလိုက်တယ်။ အဲဒီတော့ ဘယ်ဘက်လက်နဲ့ထောက်ပြီး လုပ်တာကို ဆရာကြိုက်သလဲ လို့ သူက တပ်ကြပ်ကို မေးတယ်။ ကျုပ်တို့အားလုံးလိုလိုဟာ လက်နှစ်ဖက်နဲ့တောင် အကြိမ်ငါးဆယ်ပြည့်အောင် မနည်းကြီးကို ဖွဲနဘဲနဲ့ လုပ်ကြရတာ၊ အဲ သူကတော့ လက်ဝဲဘက် လက်တစ်ဖက် တည်းနဲ့ အကြိမ်ငါးဆယ် ပြည့်အောင် လုပ်ပြလိုက်တယ်။ ပြီးသွား တော့လဲ စလုပ်တုန်းက အတိုင်းပဲ လန်းလန်း ဆန်းဆန်းပဲ။

"ဂ" အဆင့်သင်တန်း ပြီးသွားတဲ့ စနေနေ့ မနက်မှာ သင်တန်းသားတွေရဲ့ တာဝန်ခံဆရာ အားလုံးထဲမှာ လူကြီးနဲ့လူငယ်

ခွဲခြားသိရအောင် ဂျူဒိုအားစမ်းပွဲ လုပ်ပြီး ကြည့်ချင်တယ်လို့ ကြေညာတယ်။ အဲဒီတာဝန်ခံဆရာ ဗိုလ်ဟာ ကိုယ်အလေးချိန် ပေါင်နှစ်ရာရှိပြီး၊ လူကြမ်းလဲဖြစ်တယ်။ သူနဲ့သုံးမိနစ်လောက် တစ်ပွဲတစ်လမ်း အကဲစမ်းနိုင်တဲ့သူရှိသလား သူက စိန်ခေါ်တယ်။ ပိုလန်လူငယ် စစ်ဗိုလ်ကလေးက ထွက်လာပြီး ကျွန်တော် စမ်းကြည့်ချင်တယ်ဆရာလို့ ပြန်ပြောတယ်။ ဒီတစ်ခါတော့ ငနဲကလေး ဦးနှောက်ချောင်သွားပြီလို့ ကျုပ်တို့က ထင်ကြတယ်။ တာဝန်ခံနည်းပြဆရာက လီမွှာပါးနပ် ဖျတ်လတ်ပြီး လူငယ်စစ်ဗိုလ်ထက် ကိုယ်အလေးချိန်ကလဲ ပေါင်ခုနစ်ဆယ်လောက် သာနေသေးတယ်။ ဒါပေမယ့် စက္ကန့်သုံးဆယ်တောင် မကြာဘူး နည်းပြဆရာဟာ မြေကြီးပေါ်မှာ ပိုးလိုးပက်လက် ဖြစ်နေတော့တယ်။ ကျုပ်တို့ဆိုတာ စိမ့်တက်သွားကြတာ ရာခိုင်နှုန်း အပြည့်ပဲ။ စစ်ဗိုလ် ကလေးလဲ လေထီးကျောင်းရဲ့ သူရဲကောင်း ဖြစ်သွားတာပဲ။ တပ်ကြပ်နည်းပြ ဆရာတွေရော ကျုပ်တို့ရော ဘယ်သူကမှ “ဂ” အဆင့်သင်တန်းက မာနထောင်လွှားနေတဲ့ နည်းပြဆရာကို မကြိုက်ကြဘူး မဟုတ်ပါလား။

“ဃ”အဆင့်သင်တန်းကတော့ လေယာဉ်ပေါ်ကနေ လေထီးနဲ့ တကယ် ခုန်ချရတဲ့သင်တန်း သက်သက်ပဲ။ လေယာဉ်ပေါ်ကနေ လေထီးနဲ့ ငါးခါခုန်ချပြီးရင် လေထီးသမားဖြစ်ပြီ။ စနေနေ့ နေ့ခင်းပိုင်းနဲ့ ညနေမိုးချုပ်ပိုင်းမှာ အာပတ်ဖြေရတာ မသက်သာဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ အရာရှိတွေအတွက် သင်တန်းအပြင် လေထီးတပ်သား ဖြစ်ဖို့အတွက် လေထီးနဲ့ ငါးခါခုန်ချဖို့ အသင့်ပြင်နေကြတဲ့ သင်တန်းသား ၈၀၀ တို့အတွက် သင်တန်းကလဲ ရှိသေးတယ်။ ဘုရားဝတ်ကျောင်း ဝတ်ပြုပွဲတွေနဲ့ ဝေးကွာနေကြတဲ့ သင်တန်းသား အတော်များများဟာ အမြင်မှန်ရလာကြတယ်။ သင်တန်းသားတွေဟာ လေထီးနဲ့ ခုန်ဆင်းရမယ့် အလားအလာကို မျှော်ကိုးရင်း ကျက်သရေတင့်တယ်တဲ့ အကဲပါမှုကို ခံစားကြရတယ်။ ဘယ်လို တရားဟောပြောချက်ကမှ ဒီလိုခံစားမှုကို မပေးနိုင်ဘူးလို့ ကျုပ်ထင်မိတယ်။ တနင်္ဂနွေနေ့မှာ ကျင်းပတဲ့ ဘုရားဝတ်ပြုပွဲ တွေဟာ စိတ်ဓာတ်တက်ကြွ ဉာဏ်ပွင့်လင်း

စေမှု တစ်ရပ်ပါပဲ။ လေထီးနဲ့ ခုန်ချရတော့မှာကို မျှော်လင့်တွက်ဆပြီး အဲဒီလို စိတ်ဓာတ်မျိုး ပေါ်လာမယ်ဆိုရင် လေထီးတပ်သား လူငယ်အားလုံးကို အမိန့်နဲ့လုပ်ခိုင်းဖို့ ကောင်းတယ်လို့ ကျုပ်ထင်တယ်။

မြေကြီးကနေ ပေပေါင်း ၁၂၀၀ မြင့်တဲ့ နေရာကနေပြီး သူနဲ့ သေကြေပျက်စီးမှုအကြားမှာ ပိုးစကလေးတစ်ခုကလွဲပြီး တခြားဘာမှ မရှိဘဲ ခုန်ချမယ့် လူငယ်တစ်ယောက်ရဲ့ ရည်ရွယ်ချက်ကို အဲဒီ တနင်္ဂနွေမနက် ဘုရားဝတ်ပြုပွဲမှာ အမေတွေ၊ အဖေတွေ၊ ဇနီးတွေ၊ ချစ်သူရည်းစားတွေ၊ ညီအစ်ကိုတွေ၊ နှမတွေ အသီးအသီး အသက အသက သတိရနေကြမှာကို လွယ်လွယ်ကလေးနဲ့ မြင်ယောင်နိုင်ပါတယ်။

တနင်္လာနေ့ မနက်ခင်းဟာ ကြည်လင်ပြီးနေတယ်။ တစ်နာရီလောက် အတွင်းမှာ ကျုပ်တို့အကြီးအကျယ် သည်းဖိုရင်မ ကြဲကြရမယ်။ အဲဒီညက ကျုပ်တို့ တစ်ယောက်မှအိပ်လို့ ကောင်းကောင်း မပျော်ကြဘူး၊ ဒါပေမယ့် ရာသီဥတုကလဲ ဆိုးရွားနေမယ်၊ လေထီးနဲ့ ခုန်ချရမယ့်နေ့ကိုလဲ ရွှေ့ဆိုင်းမယ်ဆိုရင် ကျုပ်တို့ တကယ်စိတ်ပျက်ကုန်ကြမှာပဲ။ အိပ်ရာထပြီးနောက် မနက်စာ စားကြသောက်ကြတော့ ကြက်ဥကို စားမယ့်လူတောင် မရှိသလောက်ပဲ။ ဓါတ်ိုင်း ဆိုရင် လေထီးမပွင့်ရင် အသစ်တစ်ခုနဲ့ ပြန်လဲပေါ့ဆိုပြီး နောက်တတ်ပြောင်တတ် ကြတယ်။ အဲဒီမနက်ကတော့ နောက်သံပြောင်သံ မကြားရဘူး။ "သေရမယ့်နည်း ဘယ်လိုကြီးလဲ" ဆိုတဲ့ လေထီးကျောင်းရဲ့ သီချင်းကိုတောင် မဆိုနိုင်ကြဘူး။ လေထီးတွေကို ယူရအောင် လေထီးထုပ်ပိုးရုံကို ချီတက်သွားကြတဲ့ ကျုပ်တို့တစ်တွေဟာ ကိုယ့်အတွေးထဲမှာကိုယ် နစ်နေမိ ကြတယ်။ ကျုပ်တို့အတွက် ကိုယ့်ဘာသာကိုယ ထုပ်ပိုးပြီးသား လေထီးဆရာရဲ့ သင်ကြားချက်တွေကို ကျုပ်တို့ ကြိုးစားပြီး အာရုံစိုက်ရင်း ဝမ်းနည်းကြေကွဲစရာ ဖြစ်လာကောင်း ဖြစ်လာမယ့် အတွေးကို အမျိုးမျိုး တွေးနေမိကြတယ်။

"စိတ်ကို မလှုပ်ရှားစေနဲ့ စိတ်ကို အေးအေးထား၊ သင်ထားတာတွေကိုသာ မမေ့နဲ့၊ သင်ထားတာတွေကိုသာ သတိရနေ၊ အချက်မပြခင် မတ်တတ် မထနဲ့၊ တံခါးပေါက်ဆီမှာ စုပြုံမနေကြနဲ့၊

ရှေ့ကလူရဲ့နောက်ကို မြန်မြန်လိုက်၊ ဒါပေမယ့် သူ့နောက်ကနေတော့ ထွက်မသွားနဲ့၊ လေထီးမပွင့်မချင်း မေးတင်ထား၊ လေထီးရှက်အုပ်ကို သေသေချာချာစစ်ကြည့်၊ အခက်တွေ့နေရင်– မတွေ့ပါဘူးလေ လေထီးက ပွင့်လာမှာပဲ။ တကယ်လို့ တွေ့လာရင်လဲ အရန်ကြိုးကိုဆွဲပြီး ကိုယ်နဲ့ဝေးအောင် လွှဲပစ်လိုက်ပါ။ ဒါမှတွဲလဲကျနေတဲ့ ကြိုးတွေနဲ့ မငြိမှာ။ ကဲ မင်းတို့အားလုံး နားထောင်။ မင်းတို့ရဲ့ အတန်းဟာ ကောင်းတဲ့အတန်းပဲ။ မင်းတို့ထဲမှာ ယူ့ရဲဘောကြောင်တဲ့လူ မရှိဘူးလို့ ငါထင်တယ်။ တံခါးပေါက်ကျမှ ကြောက်နေတာမျိုး မလိုချင်ဘူး၊ ဘယ်သူမှလဲ နောက်မဆုတ်ရဘူး။ ကဲဦးထုပ်ဆောင်းပြီး တန်းစီကြ”လို့ သင်တန်းဆရာက အော်ပါတယ်။

လေယာဉ်ထွက်ဖို့ လေယာဉ်ပြေးလမ်းပေါ်မှာ ဘီးလှိမ့်အရှိန်ယူတာနဲ့ လေထီးသမားတွေဟာ ငြိမ်ကျသွားကြတာပဲ။ လေယာဉ်အရှိန်ရလာတော့ မေးကြောတွေ တင်းလာကြတယ်။ ဒါပေမယ့် ကိုယ့်ဟာကိုယ်ပဲ မေးကြောတွေကို တမင်တင်းလိုက်တဲ့သဘောနဲ့ ဦးထုပ်ပေါ်က မေးသိုင်းကြိုးနှစ်ဖက်ကို သိုင်းလိုက်ကြတယ်။ လေယာဉ်ခန်းထဲမှာ လေစကလေး သက်လာတယ်။ လေယာဉ်လဲ လေယာဉ်ပြေးလမ်းဆုံးကနေပြီးတော့ ထင်းရှူးပင်တွေပေါ်ကိုလဲ ကျော်လွှားပျံတက်သွားရော၊ သင်တန်းဆရာက ထိုင်ခုံတွေနှစ်ဖက်ကြားက စကြံလမ်းကလေးပေါ်မှာ လျှောက်ပြီး၊ တပ်သားတွေရဲ့ ဘေးကင်းခါးပတ်တွေကို လိုက်ပြီး ချွတ်ပေးတော့မှပဲ စိတ်ချောကိုယ်ပေါ့ သက်သောင့်သက်သာ ဖြစ်ကြတယ်။ ဆရာက စီးကရက်ကိုထုတ်ညှိလိုက်တော့ ကျုပ်တို့လဲ စီးကရက်ထုတ်ပြီး သောက်ကြတယ်။

လေထီးရုံတွေပေါ်ကို လေယာဉ်တွေ ဝဲပျံနေတုန်း များပြားလှတဲ့ လူသေးသေးကလေးတွေကို အောက်မှာမြင်နေရတယ်။ သူတို့တစ်တွေကတော့ အဲဒီလေယာဉ်တွေပေါ်ကနေပြီး ကျုပ်တို့ကို ဝန်စည်ဝန်ထုပ် တွေပစ်ချသလို ပစ်ချလိုက်မှာကို စောင့်နေကြတဲ့လူတွေပဲ။

အောက်ကျသွားပြီးရင် ကျုပ်တို့ကိုကောက်ပြီး လေယာဉ်တွေပေါ် ပြန်တင်ပေးကြမယ်လေ။ လေယာဉ် ပေါ်ကနေပြီး ချောက်ချောက် ချားချား ပစ်ချခံကြရအောင်လို့ပဲ။ လေယာဉ်ပေါ်ကနေ ကြည့်ရင် ဘင်းနင်းခံတပ်ကြီးကို တကယ့်ပိစိကွေးကလေးလောက်ပဲ မြင်ရတယ်။ အိတ်စ်ဘောကစားတဲ့ ကွင်းကြီးဟာလဲ စားပွဲတင်တင်းနစ်ကစားတဲ့ စားပွဲကလေးလောက်ပဲ ရှိတယ်။ ရွံ့ရေလူးနေတဲ့ "ချက်တာဟူးချီး" မြစ်ဟာလဲ ခြေထောက်နဲ့ ဖြတ်ကျော်သွားနိုင်လောက်အောင် ငယ်ငယ်ကလေး ဖြစ်သွားတယ်။ ကျုပ်လဲ ဗရင်ဂျီဘုရားရှိခိုးကျောင်း တစ်ခုကိုမြင်တာနဲ့ ဒူးထောက်ပြီး အာရုံပြု ဆုတောင်းလိုက်မိတယ်။

"မတ်တတ်ထကြ"လို့ ဆရာကအော်ပြောတယ်။ ဆရာက ဖွင့်ထားတဲ့ တံခါးပေါက်မှာ ရပ်နေတယ်။ လေယာဉ်ပန်ကာက လေအရှိန်ကြောင့် သူ့မျက်နှာဟာ အရေတွေတွန့်ရှုံ့သွားတာ၊ လေတိုက်ခံနေရတဲ့ ပန်းကန်ဆေး အဝတ်လို ဖြစ်နေတယ်။ ကျုပ်ရဲ့ခြေထောက် တွေလဲ ပျော့ခွေသွားပြီး ဖိုလှိုက် ဖိုလှိုက် ဖြစ်လာတယ်။ ငါ့နယ်နော် လေထီးတပ်မဟုတ်တဲ့ တခြားတပ်တွေကို ဘာကြောင့်များ မကြိုက်မိ ပါလိမ့်လို့ ကိုယ့်ဘာသာကိုယ် တွေးမိတယ်။

"ချိတ်တင်လိုက်" ကျုပ်တို့လဲ ချိတ်တွေကိုနန်းကြိုးမှာ ချိတ်တင် လိုက်ကြတယ်။ ချိတ်ခလုတ် အောက်နားမှာရှိတဲ့ ကြိုးကလေးကို ဆုပ်ကိုင်လိုက်တယ်။ ဟုတ်ပြီ ကျုပ်ခေါင်းထဲမှာ သင်ပြထားတာတွေ အများကြီးလိမ့်ဝင်လာတယ်။ "တံခါးပေါက်နဲ့ ဝေးအောင်ခုန်ချ၊ မေးကိုစိုက်ထား၊ တစ်နှစ်သုံးရေဖို့မမေ့နဲ့၊ ထိပ်အုပ်ကိုဝင်ကြည့်ဖို့မမေ့နဲ့၊ တစ်နှစ်သုံးလေးရေဖို့မမေ့နဲ့။" တစ်နှစ်သုံးလေး မရေမတွက်မိရင် မြေကြီးပေါ်ကိုကျမှန်းမသိ၊ တခါတည်း ထိုးကျသွားနိုင်တယ်လို့ နည်းပြဆရာတွေက ပြောထားတယ်။ အင်း သတိရမှဖြစ်မယ်။ "တစ်နှစ်သုံးလေး ရေဖို့မမေ့နဲ့"။

"ကိုယ့်ပစ္စည်း ကိရိယာတွေကို သေသေချာချာ စစ်ကြည့်"။ အသီးသီးပဲ ကိုယ့်ရှေ့ကလူရဲ့ လေထီးကို စောင်းငဲ့ကြည့်ကြတယ်။ အချိန်မတိုင်ခင် ပြုတ်ပျက်ကျမသွားစေချင်လို့ပဲ။

အစီအစဉ်မှာ နောက်ဆုံးကျတဲ့လူက အမှတ်တစ်ဆယ် ကောင်းတယ် (အိုကေ)လို့ ပြောပြောဆိုဆိုပဲ သူ့ရှေ့ကလူရဲ့ ခြေထောက်ကို လက်ဝါးနဲ့ရိုက်လိုက်ရတယ်။

"အမှတ်ကိုး ကောင်းတယ်"

"အမှတ်ရှစ် ကောင်းတယ်" အဲဒီလို တစ်ယောက်ပြီးတစ်ယောက် ကျုပ်ရဲ့အလှည့်ပဲ ပြောကြရတယ်။

လေယာဉ်မောင်းသမားက စက်ကိုပိတ်လိုက်လို့ တံခါးပေါက် အပေါ်နားဆီက မီးနီပေါ်လာတာနဲ့ တစ်ပြိုင်တည်း "အမှတ်တစ် ကောင်းတယ် တပ်ကြပ်" လို့ ကျုပ်ကပြောလိုက်တယ်။

"တံခါးပေါက်ထဲမှာ ရပ်နေ" ဆရာကဘေးဖယ်ပေးလိုက်တာနဲ့ ကျုပ်လဲ တံခါးပေါက်ထဲက သူ့နေရာကိုဝင်ပြီး ယူလိုက်တာပဲ။ လေထီးသမားတွေဟာ တစ်ယောက်နဲ့တစ်ယောက် ဖိတွန်းနေမိကြတယ်။ လေယာဉ်ကလဲ ခါနေပြီ။ အောက်ဇက်ကို နိမ့်ဆင်းလာတယ်။ မီးစိမ်းပေါ်လာကယ်။

"ရဲဘော်တို့ အဆင်သင့်ပဲလား"

တထိတ်ထိတ်ဖြစ်နေကြတဲ့ လေထီးသမားတွေလဲ "အားလုံး အဆင်သင့်ပါ"လို့ ပြန်ပြောလိုက်ပြီးတော့မှ စိတ်သက်သာရာ ရသွားကြတယ်။

"ခုန်ကြစို့"

ဆရာက ကျုပ်ရဲ့ခြေထောက်ကို ပုတ်လိုက်တာနဲ့ ကျုပ်လဲ လေယာဉ် တံခါးပေါက်ကထွက်ပြီး ခုန်ချလိုက်တာပဲ။ ကျုပ်လဲ အထွက်ညံ့သွားပုံရတယ်။ လေယာဉ်ပန်ကာ လေအရှိန်မိပြီး လူဟာ ဂျင်လို ချာလပတ်လည်သွားတော့တယ်။ ခေါက်ထိုးပြောင်းပြန် ကျသွားတာပဲ။ ငါဘာမှ မတတ်နိုင်ပါလားဆိုပြီး တခြားဘာကိုမှ သတိမရဘူး။ တစ်နှစ်သုံးလေး ရေတွက်ဖို့လဲ သတိမရဘူး။ မေးစေ့ကို ရင်ဘတ်စိုက်ထားဆိုတဲ့ စည်းမျဉ်းတစ်ခုထဲကိုပဲ လိုက်နာနိုင် လိုက်တယ်။ အဲဒါကိုသတိရတာ ကံကောင်းပဲ။ ဘာဖြစ်လို့လဲဆိုတော့ လေထီးလဲ ဒေါက်ခနဲဆို အသံကြီးမြည်ပြီး ပွင့်သွားရော ကျုပ်လဲ သတိမေ့ မတတ်ဖြစ်လို့ဘဲ၊ လေထီးမှာဆွဲထားတဲ့ ကြိုးတွေရိုက်မိလို့ မျက်နှာ

တစ်ခုလုံး စပ်ဖျင်းဖျင်း ဖြစ်သွားတယ်။ စက္ကန့်ပိုင်းအတွင်းမှာ လေထီးပွင့်သွားတဲ့ အရှိန်ကြောင့် တစ်နာရီမိုင်ကိုးဆယ်နှုန်းနဲ့ အောက်ထိုးကျနေတာဟာ တစ်နာရီကို သုညမိုင်အထိ နှေးသွားတယ်။ ကောင်းကင်နဲ့ မြေပြင်အကြားမှာ လှပတဲ့ပိုးထည်အအုပ်အမိုးကို တွဲလွဲခိုပြီး တစ်ယောက်တည်းအေးအေးချမ်းချမ်းနေရတဲ့အရသာကို ပီတိဖြစ်မိတယ်။ အဲဒီလို ဘဝင်ခိုက်တာဟာ ကျုပ်ထင်ခဲ့တွေးခဲ့သလို မဟုတ်တော့ဘူး။ စိတ်လှုပ်ရှားတာ၊ စိတ်ချောက်ချားတာ၊ စိတ်လေးတာတွေ မရှိတော့ဘူး။ ကိုယ့်ကိုကိုယ် သိပ်ကျေနပ်မိတဲ့ တကာယပီတိဆိုတာ ခံစားရတယ်။ လေထီးနဲ့ အဆင်းဟာ သိပ်မသိမသာ မညင်သာဘူး။ အဲဒီလိုအဆင်းမှာ စက္ကန့်တိုင်းဟာ သိပ်အဖိုးတန်တယ်။ ကျုပ်ခပ်ငယ်ငယ်တုန်းက မိနီဆိုးတားမြို့ ကုန်ပဒေသာ တိုက်ထဲမှာ အထက်နဲ့အောက် ပတ်ပတ်လည်သွားနေတဲ့ ဓာတ်လှေကားကို စီးနင်းပြီး အပေါ်ထပ်ကို တက်သွားတုန်းကတစ်ခါ အဲဒီလိုပဲ ပီတိဖြစ်မိတယ်။

လေထီးဟာ မြေပြင်နဲ့နီးလာတော့ အောက်ကိုအရှိန်ပြင်းလာတယ်။ ကျုပ်လဲ ကျုပ်ရဲ့ လေထီးကြိုးတွေကို ကိုင်ပြီး၊ လေကိုကျော်ခိုင်းမိအောင်၊ ကိုယ်ကိုတစ်ဝက်စောင်း လိုက်ရတယ်။ (အဲဒီလိုဖြစ်သွားအောင် လက်နှစ်ဖက်ကို ကြက်ခြေခတ်ပြီး ခေါင်းပေါ်ကကြိုးတွေကို ဆုပ်ကိုင်ပြီး ဆွဲချလိုက်ရတယ်)။ နောက်တော့ မြေပြင်နဲ့ထိတော့တာပဲ။ ကျုပ်ရဲ့ခြေထောက်ဟာ ဆတ်ဆတ်ကျိုးသွားသလားအောက်မေ့ရတယ်။ တစ်ကိုယ်လုံးကို ကျင်တက်သွားတယ်။ ဟိုနေရာကျင်ပြီး နာသလိုလို၊ ဒီနေရာကကျင်ပြီး နာသလိုလိုနဲ့။ ပေတစ်ရာလောက် လေထီးနဲ့တရွတ်တိုက်ဆွဲသွားတာ ခံရပြီးနောက် လေထီးကိုပိတ်လိုက်နိုင်တယ်။ ကျုပ်လဲ လေထီးကို ဖြုတ်ထွက်ပြီးတဲ့နောက် မောလွန်းလို့ ခဏတဖြုတ်လှဲနေရင်းက "ငါတော့ ခြေထောက်ပဲ ကျိုးသွားသလား၊ ဒူးပဲကျွဲသွားသလား မသိဘူး။ အဲဒီလို တစ်ခုခုဖြစ်သွားရင်တော့ မိုက်မဲတဲ့ဒီအလုပ်ကနေ သိက္ခာအပြည့်နဲ့ ထွက်ခွင့်ရမှာပဲ။ လေထီးနဲ့ခုန်ချတဲ့အလုပ်ဟာ လူငယ်လေးတွေရဲ့ မိုက်ရူးရဲအလုပ်ပဲ။ အသက်သုံးဆယ်အရွယ် လူကြီးတွေနဲ့ ဘာမှမဆိုင်ဘူး" လို့တွေးမိတယ်။

နောက်မှ လှဲနေရာကနေ သေသေချာချာ ဂရုတစိုက်နဲ့ပြန်ထပြီး ခြေတောက်ကို စစ်ဆေးစမ်းသပ်ကြည့်ရတယ်။ အဲဒီတော့ ခြေထောက် အကောင်း ပကတိပဲ တွေ့ရတယ်။ ကျုပ်လဲ သက်ပြင်းကြီးချလိုက်ပြီး "အင်း ငါတော့ လေထီးတပ်သားတွေနဲ့ မခွာရအောင်ဘဲ ဇွဲစွဲမြဲမြဲ ဖြစ်နေပြီထင်တယ်။ ငါ့ကိုယ်ငါကလွဲပြီး ဘယ်သူ့မှအပြစ်တင်စရာ မရှိပါဘူးလေ" လို့တွေးမိတယ်။ ဒါပေမယ့် ဒီလိုတွေးမိတာ ခဏပါပဲ။ ချက်ချင်းဆိုသလို လေထီးတပ်ဖွဲ့ကို ဂုဏ်ယူမိလာတယ်။ လေထီး တပ်ဖွဲ့ဝင်တွေကို လှိုက်လှိုက်လှဲလှဲ လေးစားကြည်ညို ချစ်ခင်မိလာတယ်။

ကျုပ်တို့တတွေ ကိုယ့်လေထီးကိုယ် သယ်မချိုးပြီး အသင့်စောင့် နေတဲ့ ကုန်တင်ကားတွေဆီ ယူသွားကြတယ်။ လူတွေလဲ မြူးလို့ ရွှင်လို့။ တစ်ပြိုင်တည်းပဲ စကားတွေပြောလိုက်ကြတာ လေထီးနဲ့ ခုန်ချတဲ့အကြောင်းကို စီကာ ပတ်ကုံး လုံးစေ့ပါဌ်စေ့ ပြောလိုက်ကြတာ အားရပါးရပဲ။ ကြွားကြွားဝင့်ဝင့် ဂုဏ်တွေယူနေလိုက်ကြတာ။

"ခင်ဗျား အကျဘယ့်နှယ်လဲ။ ကျုပ်တော့ ဆာလာ အိတ်ထုပ်ကြီးကို ပစ်ချလိုက်သလိုကို ကျတာပဲ"

"လေထီးပွင့်သွားတာ လန့်စရာပဲ၊ ဒီမှာကြည့်လေ" လေထီး ကြိုးနဲ့ ရိုက်မိလို့ သူ့ပုခုံးနှစ်ဖက်ပေါ်မှာ မည်းညိုနေတဲ့ ဒဏ်ရာ တွေကိုပြရင်း ဂုဏ်ယူသံနဲ့ ပြောတယ်။

"အမဲသားကားနဲ့တင်ဖို့ ပါသေးသလား၊ ဘယ်သူထိသွား သေးသလဲ"

"အင်း ... ကျုပ်ရဲ့နောက်ကလူဟာ သူ့ခြေထောက်တွေကို ဆွဲမလိုက်တာ မြေကြီးပေါ် ထိုင်လျက်သားကျသွားတာပဲ၊ သူ့ကို ထမ်းစင်နဲ့တင်ခေါ် သွားကြပြီ"

"ကျုပ်ကတော့ ပြန်တက်ပြီး ပြန်လုပ်ချင်သေးတယ်"

"ဘယ့်နှယ်လဲ ဘုန်းကြီး၊ ဘယ်လိုကျသလဲ၊ အဲဒီလိုကျလို့ ဘုန်းကြီး တော့ တကယ့်ကောင်းကင်ယာဉ်မှူးဖြစ်သွားပြီ မဟုတ်လား"

သူတို့နဲ့အတူတူ စိတ်ဓာတ်မတက်ဘဲ မနေနိုင်ဘူး။ ကျုပ်တို့ အချင်းချင်း အသီးသီးရဲ့ အတွေ့အကြုံကြောင့် ကျုပ်တို့တစ်တွေဟာ လေထီး တပ်သား မိသားစုထဲမှာ တကယ့်ညီနောင်သားချင်း ညီအစ်ကို

အရင်းတွေလို ဖြစ်ခဲ့ကြတယ် ဆိုတာလဲ ကျုပ်တို့ သဘောပေါက်ခဲ့ကြရတယ်။ သူတို့အချင်းချင်း ကတောက်ကဆ ဖြစ်တဲ့အခါတွေလဲ ရှိတာပေါ့။ ဒါပေမယ့် အရပ်သားတွေနဲ့ ဖြစ်ဖြစ်၊ တရားဥပဒေနဲ့ ဖြစ်ဖြစ်၊ တခြားတပ်ဖွဲ့ဝင်တွေနဲ့ ဖြစ်ဖြစ်၊ မပြေ မလည်ဖြစ်ရင်တော့ အစားအသောက်ဆိုင်တွေ၊ ပန်းခြံတွေ၊ လမ်းဘေးစကြံ တွေမှာ ရှိတဲ့လူတွေဟာ သူတို့ဆီကို ဝပ်ပြီးလာကြရတာပဲ။ အဲဒီလို သစ္စာရှိကြတာကို စစ်တပ်အနေနဲ့ အတော်ဦးနှောက်ခြောက်ခဲ့ရတယ်။ နောက်တော့ မှ နော်မန်ဒီတောင်ပိုင်း ပြင်သစ်၊ ဟော်လန်၊ ဘက်စတုန်း၊ ဂျာမနီ၊ ကိုရီးယားတို့ကျမှ သူတို့ချင်း သစ္စာရှိမှုတန်ဖိုးကို စစ်တပ်ကသဘောပေါက် နားလည်လာတယ်။

လေထီးတွေကို ဖုတ်ဖက်ခါပြီး အမှိုက်သရိုက်ကပ်နေတာတွေ ရှင်းလင်း ပစ်ရအောင် ကျုပ်တို့ လေထီးရုံတွေဆီကို ပြန်လာကြတော့ သီချင်းတကြော်ကြော် အော်ဟစ်ပြီး ပြန်လာကြတယ်။ သီချင်း အဆုံးအပိုဒ်ကျတော့ နင်းကန်ပြီးကို အော်ဆိုလိုက်ကြတာပဲ။

အဲဒီ ရက်သတ္တပတ်ကုန်သွားတော့ လေထီးနဲ့ ခုန်ဆင်းတဲ့ အရည်အချင်း စစ်ဆေးမှုငါးခုကို ဖြေဆိုပြီးကြပြီ။ အောင်လက်မှတ်တွေလဲ ရကြပြီ။ ရင်ဘတ်က အင်္ကျီလက်ဝဲအိတ်အပေါ်မှာ တောင်ပံရင်ထိုးတံဆိပ်ကလေးတွေကိုလဲ လေထီး ကျောင်းအုပ်တပ်မှူးက ထိုးပေးလိုက်ပြီ။ ပြီးလဲပြီးရော ကျုပ်တို့တစ်တွေဟာ တိုက်ပွဲဝင်တော့မယ့် လေထီးတပ်သားကြီးတွေရဲ့ ဟန်တွေပန်တွေနဲ့ဖြစ်သွား ကြတာပဲ။ လေထီးသမားဟာ လေထီးတပ်သားဘွတ်ဖိနပ်ကြီးနဲ့ ဦးထုပ်ပေါ် မှာတပ်ထားတဲ့ အများနဲ့မတူ တမူထူးလှတဲ့တံဆိပ်နဲ့၊ တောင်ပံ ရင်ထိုးတွေ နဲ့ဆိုတော့ သူ့ကိုယ်သူ တရားဥပဒေနဲ့မဆိုင်သလိုလို၊ အရပ်သူအရပ်သားတွေကို ဂရုမစိုက်ချင်သလိုလို၊ လေထီးတပ်ကလွဲပြီး အခြားတပ်တွေကို အထင်သေးသလိုလိုတောင် ဖြစ်လာတယ်။

တိုက်ပွဲဝင်ခွဲဖူးတဲ့ လေထီးသမားနဲ့ တိုက်ပွဲဝင်မနွှဲဖူးတဲ့ လေထီးသမားကို ခွဲခြားကြည့်ဖို့ မခက်ဘူး။ တိုက်ပွဲဝင်ရတဲ့ လေထီးသမားဟာ တစ်နေ့မှာ ရင့်မာသိမ်မွေ့လာတယ်။ နောက်ပြီးတော့လဲ

အမှတ် ၂၀ တပ်မကြီးလို ခြေလျင်တပ်ကိုလဲ အပြည့်အဝ လေးစားလာတယ်။ အဲဒီ ခြေလျင်တပ်မကြီး ဟာဆိုရင် သူ့ဆီကို စုပြုံတိုးဝင်လာတဲ့ ရန်သူဂျာမန်တပ်မကြီးငါးခုရဲ့ ပြင်းထန်တဲ့ ထိုးနှက်ချက်တွေကို အလူးအလိမ့်ခံနေရတဲ့အထဲကပဲ ဘက်စတုန်းမှာ အမှတ် ၁၀၁ လေထီးတပ်အနေနဲ့ ရန်သူတွေမထိုးမဖောက်ရအောင် ခုခံ တိုက်ခိုက်နိုင်တဲ့အထိ ကြံ့ကြံ့ခံနေခဲ့တယ်။ ဘင်းနင်းခံတပ်မှာတုန်းက ဆိုရင် လေထီးသမားတစ်ယောက်အနေနဲ့ သံချပ်ကာကားတပ်မကြီး တစ်ခုက တစ်နေ့မှာ သူ့အသက်ကိုကယ်လိမ့်မယ်လို့ ဘယ်တွေး မိလိမ့်မလဲ။ (သံချပ်ကာကား တပ်ဟာ လေထီးတပ်ရဲ့ တကယ့်ရန်သူပဲ)။

အဲဒီ သံချပ်ကာကားတပ်မကြီးက ဘေးပတ်လည်ဝိုင်းထားတဲ့ ရန်သူဂျာမန်စစ်တပ်တွေကို ဖြိုခွင်းပစ်လိုက်တယ်။ နောက်ပြီးတော့လဲ လေထီးသမားအနေနဲ့ လေတပ်ဟာလဲ လေထီးတပ်သားတွေ ဘေးဒုက္ခ မတွေ့ရအောင် လက်နက်ခဲယမ်းတွေ၊ စားနပ်ရိက္ခာတွေနဲ့ တခြား အရေးကြီး လိုအပ်တဲ့ပစ္စည်းတွေကို အချိန်မှီ လေယာဉ်ပေါ်က ချပေး တာမို့ ကောင်းတဲ့အချက်တွေရှိတယ်ဆိုတာ နားလည်လာတယ်။ အဲဒီ လေတပ်ရဲ့အလုပ်ဟာ အကြီးအကျယ် အကုန်အကျခံရတယ်။ လေတပ်က လေယာဉ်တွေဟာ ဒီတာဝန်ကို ထမ်းရွက်ရင်း အများကြီးပဲ ရန်သူ့လက်ချက်နဲ့ မီးလောင်ပျက်စီးကုန်တယ် မဟုတ်လား။

အဲဒီအခါကျတော့ လေထီးသမားအနေနဲ့ အပြင်လူတွေ ဘာဖြစ် ကုန် ကြတယ်ဆိုတာကို သဘောပေါက်နားလည်ပြီး ဂရုစိုက်လိုက် နိုင်အောင် တိုက်ပွဲ အတွေ့အကြုံတွေရသွားပြီ။ တခြားတပ်တွေအားလုံးနဲ့ စုပေါင်းရိုင်းပင်း လုပ်ဆောင်ဖို့ အရေးကြီးတာကို သဘောပေါက် နားလည်လာပြီ။ လေထီးတပ်တစ်ခုတည်းနဲ့ စစ်ပွဲကို မအောင်နိုင်ဘူး ဆိုတာ အရေးကြုံတဲ့အခါ ဝန်တောင်ခံလိမ့်ဦးမယ်။

ဟုတ်ပါတယ်။ လေထီးကျောင်းဆင်းအနေနဲ့ ခပ်ကြွားကြွား ခပ်ကြွကြွပါ။ ဒါပေမယ့် အချိန်တန်လာတော့ တည်ငြိမ်တဲ့၊ ဣန္ဒြေရှိတဲ့၊ အရည်အချင်းရှိတဲ့ တခြားလူတွေရဲ့အခွင့်အရေးတွေကို အပြည့်အဝ လေးစားတဲ့ စစ်သားကောင်းတစ်ယောက် ဖြစ်လာတာပါပဲ။ တိုက်ပွဲရဲ့

ဆင်းရဲဒုက္ခကို ခံရပြီးတဲ့တစ်နေ့မှာ လေထီးသမားဟာ သူ့ကိုသာ ရန်မစဘူးဆိုရင် ယဉ်ကျေးသိမ်မွေ့ပြီး ကြင်နာစိတ်ရှိတဲ့လူပါပဲ ကလားလို့တောင် ထင်ကြရပါလိမ့်မယ်။

* * *

စာရေးဆရာ ဒုတိယဗိုလ်မှူးကြီးဖရန်စစ်အဲလ်ဆင်း(ပ)ဆန်းဟာ ဒုတိယကမ္ဘာစစ်ကြီးတုန်းက အမှတ် ၁၀၁ လေကြောင်းပို့ဆောင်ရေးတပ်မကြီးမှာ (ခရစ်ယာန်) ဘုန်းကြီးတစ်ပါးအဖြစ် အမှုထမ်းခဲ့တယ်။ ကိုရီးယားစစ်ပွဲတုန်းကလဲ အမှတ် ၁၈၇ လေကြောင်းပို့ဆောင်ရေး တိုက်ပွဲဝင်အဖွဲ့မှာ (ခရစ်ယာန်) ဘုန်းကြီးအဖြစ် ၁၉၄၂ ခုနှစ် ဧပြီလတိုင်အောင် ဝင်ရောက်အမှုထမ်းခဲ့တယ်။ သူ့သဘောအရ အမှုထမ်းခဲ့တာပဲ။ အမေရိကန်နိုင်ငံ အိုင်ကိုးဂါးနယ်က ဘက်စမ္ဘိုင်းနီးစ်မြို့ ခရစ်ယာန်ဂိုဏ်းအုပ်စုမှာ ပဥ္စင်းခံပြီး မကြာခင်မှာပဲ စစ်ထဲဝင်ခဲ့တာဖြစ်တယ်။

သူ့အနေနဲ့ ကြမ်းတမ်းပင်ပန်းလှတဲ့သင်တန်းကို အပြီးထိတက်ပြီး အမှတ် ၁၀၁ လေထီးတပ်မဟာနဲ့လိုက်သွားတာ "ဒီဒေး" (ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ပြင်သစ်နိုင်ငံ နော်မန်ဒီကမ်းခြေကို မဟာမိတ်တပ်တွေ သေမခြေချမိတဲ့ ၁၉၄၄ ခုနှစ် ဇွန်လ ၆ ရက်) နေ့ကျတော့ ရှေ့ပြေးလေထီးတပ်တွေနဲ့အတူ နော်မန်ဒီကို ရောက်ခဲ့တယ်။ ဟော်လန်နိုင်ငံကို ဝင်သိမ်းတဲ့တပ်ထဲမှာလဲ သူပါခဲ့တယ်။ အဲဒီနောက် ဘားလ်ဂေးတိုက်ပွဲအတွင်း ဘက်စတုန်းမှာ အဖမ်းခံရပြီး စစ်ကြီးပြီးခါနီး ခြောက်လတိုင်တိုင် ဂျာမန်သုံ့ပန်းအကျဉ်းစခန်းမှာ နေခဲ့ရတယ်။

ကိုရီးယားမှာ တိုက်ပွဲတွေလဲဖြစ်ရော သူလဲ အမှတ် ၁၈၇ အာရ်စီတီတပ်နဲ့လိုက်သွားပြီး မြောက်ကိုရီးယားက ဆန်းချွန်းဆိုတဲ့ ရန်သူစစ်မျက်နှာထဲကို လေထီးနဲ့ခုန်ချခဲ့တယ်။ အဲဒီတုန်းက တောင်ကိုရီးယားမြို့တော်ဖြစ်တဲ့ ဆိုးလ်မှာ တိုက်ပွဲဟာသိပ်ပြင်းထန်နေတယ်။ မကြာခင်ကပဲ သူ့ကို ဂျာမနီက အမှတ် ၇ တပ်ဖွဲ့မှာ ဗရင်ဂျီဘုန်းကြီးအဖြစ် တာဝန်ပေးခန့်အပ်ခဲ့တယ်။

"ရာစုလေထီးသမား" (အကြိမ် ၁၀၀ အထိ လေထီးဖြင့်ခုန်ချသူ) အဖြစ် ရွှေတောင်ပံတံဆိပ်ကိုရတဲ့လေထီးသမား ခပ်ရှားရှားထဲမှာ သူလဲပါတယ်။

ဒါတင်မကသေးဘူး "ထူးခြားသောအမှုထမ်းရှက်မှုတံဆိပ်" "ကြေးညိုကြယ်ပွင့်တံဆိပ်" "ချီးကျူးဂုဏ်ပြုမှုပိုးဖဲပြားတပ်ထားတဲ့ဆွဲကြိုးဆွဲတံဆိပ်" "ခရမ်းရောင်နှလုံးသားတံဆိပ်" "နိုင်ငံတော်သမ္မတဂုဏ်ပြုကြယ်တံဆိပ်" တွေအပြင် ဒတ်ချ်တို့၊ ပြင်သစ်တို့၊ ဘဲလ်ဂျီယမ်တို့က ပေးတဲ့တံဆိပ်တွေလဲ ရသေးတယ်။ မနှစ်တုန်းကတင်ပဲ "အရေးပါအရာရောက်သူ နိုင်ငံသားကောင်းဆု" နဲ့ ချီးမြှင့်ခဲ့ရသေးတယ်။

ခရစ်ယာန်သင်းအုပ်ဆရာ

**(ဒုတိယဗိုလ်မှူးကြီး) ဖရန်းစစ်အဲလ်၊ ဆင်း(ပ)ဆန်း**

(အမေရိကန်တပ်မတော်)

၁၉၅၉

အမေရိကဗရင်ဂျီတက္ကသိုလ်စာပုံနှိပ်တိုက်

ဝါရှင်တန် ၁၇။ ဒီစီ။

## ၄။ လေကြောင်းချီတပ်သား

## (Paratrooper)

လေထီးစစ်သားတွေဟာ မွေးကတည်းက လေထီးစစ်သားဖြစ်လာတာ မဟုတ်ဘူး။ လေ့ကျင့်ပျိုးထောင်ပြီးမှ ဖြစ်လာရခြင်းဖြစ်ပါတယ်။ ဒီနေ့ တပ်မတော်မှာ လေထီးသင်တန်းလောက် ပင်ပန်းခက်ခဲသော လေ့ကျင့်ခန်း မျိုးမရှိဘူး။ လေထီးနဲ့ခုန်ဆင်းရာမှာ ယန္တရားဆန်ရမယ်။ ဆောင်ရွက်ချက် တိုင်းဟာ စက္ကန့်မလွဲ တိကျမှန်ရမှာဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ အချိန် ကိုက်မှုလွဲသွားတာနဲ့ တစ်ပြိုင်နက် သေရေးရှင်ရေး ကြုံရမှာဖြစ်တယ်။ ဒါကြောင့် လေထီးသမားတစ်ယောက်ကို မွေးထုတ်ခြင်းဟာ သိပ္ပံနည်းကျ ဖွံ့ဖြိုးလာတဲ့ လေ့ကျင့်မှုဘာစ်ရပ်ပဲဖြစ်တယ်။

သူဟာ ခန္ဓာကိုယ်ကြံ့ခိုင်တောင့်တင်းရမယ်။ စိတ်ကလဲသွက်လက် ဖျတ်လတ်နေရမယ်။ သို့မှသာ အချိန်မရွေး လေယာဉ်ပေါ်က ခုန်ဆင်းနိုင်ပြီး မြေပြင်ရောက်တာနဲ့ တိုက်ပွဲဝင်ဖို့ အဆင်သင့်ဖြစ်နေမှာဖြစ်တယ်။ ဒီလို လေထီး စစ်သားမျိုးကိုသာ မွေးထုတ်ဖို့ လေထီးသင်တန်းကျောင်းကို ပုံစံရေးဆွဲခဲ့တယ်။ လေကြောင်းချီသင်တန်းကို သင်တန်းသားရောက်လာတာနဲ့ ခန္ဓာကိုယ်ကို တဖြည်းဖြင်းချင်း သက်လုံကောင်းအောင်၊ ခံနိုင်ရည်ရှိအောင် ကြမ်းတမ်းတဲ့ လေ့ကျင့်ခန်းတွေ ပေးတယ်။ စိတ်ဓာတ်ရေးမှာလဲ သိပ္ပံနည်းကျကျ တဖြည်း ဖြည်းချင်း ခက်သထက်ခက်တဲ့စမ်းသပ်မှုတွေနဲ့ စစ်ဆေးပြီး အကောင်းဆုံး ဖြစ်အောင် ပုံသွင်းယူတယ်။ လေထီးသင်တန်းကျောင်းမှာ အောင်မြင်ခြင်းနဲ့ ရှုံးနိမ့်ခြင်းဆိုတဲ့အဆင့် ၂ ဆင့်ပဲရှိတယ်။

• • •

လူသားတစ်ဦးရဲ့ အဓိကကြောက်ရွံ့ခြင်းတစ်ခုဟာ လဟာပြင်ထဲ ကျသွားခြင်းပင်ဖြစ်ပါတယ်။ ဒီကြောက်ရွံ့မှုမျိုးမရှိစေဘဲ စစ်သားဟာ သူ့ရဲ့ လေထီးကို စိတ်ချယုံကြည်ရမှာဖြစ်တယ်။ လေထီးစစ်သားဟာ သူ့ရဲ့လေထီးကို အစအဆုံးတစ်ခုလုံးလေ့လာတယ်။ သတိရှိရှိ ကိုင်တွယ်တယ်။ လေထီးအကြောင်း နောကြေနေမှ လေထဲမှာ လေထီးကို ဘယ်ပုံဘယ်နည်း ထိန်းသိမ်းရမယ်၊ အခက်အခဲနဲ့ကြုံလာရင် ဘယ်လိုပြုလုပ်ရမယ်၊ မြေပြင်ပေါ်မှာ လေထီးကို ဘယ်သို့ရုပ်သိမ်းရမယ်ဆိုတာတွေကို သိရပါမယ်။ ဒါမှ အမှားအယွင်းဆိုတာ မရှိသလောက်ဘဲ ဖြစ်နေရမယ်။

အမေရိကန်လေထီးစစ်သားတစ်ဦးမှာ လေထီးသုံးခုပါတယ်။ ပင်မလေထီးဖြစ်တဲ့ ကျောပိုးလေထီး၊ ရင်ဘတ်မှာ အရန်လေထီး၊ ဒီအရန်လေထီးကို မှန်မှန်ကန်ကန်နဲ့ မြန်မြန်ဆန်ဆန်ပွင့်စေဖို့အတွက် လက်မ ၃၀ ရှိ ရှေ့ပြေး နိုင်လွန်လေထီးတို့ဖြစ်တယ်။

တီ–၁၀ ပင်မလေထီးသစ်ဟာ တီ–၇ လေထီးဟောင်းကို ပိုကောင်းအောင်ပြုပြင်ထားခြင်းဖြစ်ပါတယ်။ လေထီးအမိုးမှာ ပိုကျယ်ပြန့်တာမို့ အကျနှေးတယ်။ ကလနားညီညာလို့ ယမ်းခါခြင်းလဲသက်သာတယ်။ ရုတ်တရက်ပွင့်မသွားအောင် လေထီးကိုထုပ်ပိုးထားတယ်။ ရုတ်တရက် ပွင့်သွားရာမှ ထိတ်လန့်မှုနည်းပါးအောင် ဖြစ်တယ်။

တီ–၇ လေထီးဟာ ထိတ်လန့်မှုမျိုးကို ဖြစ်စေတယ်။ ဘာကြောင့်လဲဆို လေထီးဖြုန်းဆိုပွင့်သွားတာကြောင့်ဖြစ်ပါတယ်။ ဒါပေမယ့် ဒီလေထီးကို တပ်မွှဲ့တိုင်းကလို နှစ်သက်သဘောကျဆဲပင်ဖြစ်ပါတယ်။ ဘာကြောင့်လဲဆို ပွင့်ရာမှာ တိကျသေချာပြီး လေထဲမှာ ထိန်းသိမ်းသွားနိုင်စွမ်းရှိတာကြောင့် ဖြစ်တယ်။

အရန်လေထီးကို အရေးပေါ် အခြေအနေမှာသာ သုံးတယ်။ ဒါကို လေထီးစစ်သားရဲ့ "အကောင်းဆုံးမိတ်ဆွေ" လို့ ခေါ်တယ်။ မြန်မြန်ကျလေ မြန်မြန်ပွင့်လေဖြစ်တယ်။

လေထီးထုပ်ပိုးရာမှာ အရေးကြီးတယ်။ လေထီးတပ်သားတစ်ယောက်ဟာ အကျင့်စာရိတ္တနဲ့တကွ စွမ်းရည်သတ္တိရှိမှသာ လေထီးနဲ့ တန်ဆာပလာပစ္စည်း ခွင့်ပြုတယ်။ တခြားလေထီးတပ်သားတွေက ယုံကြည်စိတ်ချအောင် ဦးထုပ်နဲ့

အမှတ်တံဆိပ်တွေ ဝတ်ဆင်ရတယ်။ သူတို့ကိုယ်တိုင် ထုပ်ပိုးထားတဲ့ လေထီး အောက်မှာရပ်ပြီး ယုံကြည်မှုကို သက်သေပြဖို့ ဒီလေထီးနဲ့ ခုန်ချဖို့ဖြစ်တယ်။

## လေထီးထုပ်ပိုးသူ၏ သစ္စာခံချက် (The rigger pledge)

ကျွန်ုပ်သည် လေထီးကို မိမိ၏အစောင့်အရှောက်ပမာဏကဲ့သို့ စောင့်ရှောက်ပါမည်။

ကျွန်ုပ်သည် မိမိကိုယ်တိုင် သေချာစစ်ဆေးထုပ်ပိုးပြီးသား လေထီးကဲ့သို့ပင် မည်သည့်လေထီးဖြင့်မဆို ခုန်ချရန် အဆင်သင့်ဖြစ်အောင် လေထီးတိုင်းကို ထုပ်ပိုးပါမည်။

ကျွန်ုပ်သည် အခြားသူတစ်ပါး၏အသက်ကို မိမိအသက်ကဲ့သို့ ချစ်မြတ်နိုးပါမည်။

ကျွန်ုပ်သည် အလုပ်ကို စိတ်ကူးဖြင့် မည်သည့်အခါမျှ အရမ်း မလုပ်ပါ။

ကျွန်ုပ်သည် မည်မျှပင်ပန်းနွမ်းနယ်သည်ဖြစ်စေ၊ မည်သည့် အမှား ကိုမျှ ခွင့်မပြုပါ။

ကျွန်ုပ်သည် လေထီးနှင့်ဆိုင်သော ပစ္စည်းကိရိယာ အားလုံးကို ယုံကြည်စိတ်ချ၊ အကောင်းဆုံးအခြေအနေဖြစ်အောင် ထိန်းသိမ်းပါမည်။ လုပ်ငန်းတစ်ခုလုံး အစအဆုံး မိမိကိုယ်တိုင် စစ်ဆေးကြည့်ရှု မပြီးမချင်း လေထီးစစ်ဆေးလွှာစာရွက်ပေါ်၌ ကျွန်ုပ်၏အမည်ကို ဘယ်တော့မှ မရေးထိုးပါ။

ကျွန်ုပ်သည် အမှားအယွင်းမရှိ၊ အကောင်းဆုံးဖြစ်အောင် အလုပ်ကို အမြဲတမ်း ပြုလုပ်ပါမည်။

ကျွန်ုပ်သည် မိမိ၏အလုပ်အပေါ် အမြဲထာဝစဉ် ရိုသေလေးစား ပါမည်။

ကျွန်ုပ်သည် အစဉ်ထာဝရ မိမိကိုယ်ကိုယုံကြည် စိတ်ချပါမည်။

* * *

ဘင်းနင်းခံတပ်စခန်းမှာ လေးလံတဲ့ပစ္စည်းတွေနဲ့အတူ စစ်မြေပြင်ကို ပိုမိုမြန်မြန်ဆန်ဆန်ရောက်ရှိအောင်၊ ပိုကြီးပြီး ပိုမြန်အောင် တည်ဆောက်ထားတဲ့ ဘီ-၁၈၊ စီ-၃၉ လေယာဉ်တွေပေါ်က ပထမစမ်းသပ်စုန်ကြည့်ခဲ့တယ်။ ဒုတိယကမ္ဘာစစ်ကြီးတုန်းက သုံးခဲ့တဲ့ စီ-၄၇၊ စီ-၅၆ လေယာဉ်တွေဟာ ထုတ်လုပ်နေတဲ့ စီ-၈၂၊ စီ-၁၁၉ နဲ့လေယာဉ်သစ်တွေအတွက် အလွန်မြန်မြန် ဆန်ဆန် နေရာဖယ်ပေးလိုက်ပါတယ်။ စီ-၃၉ က စစ်သည် ၁၁၃ ယောက်၊ စီ-၁၂၄ က ၂၀၀ ကျော် သယ်ဆောင်ပါတယ်။ 'ကလိုင်တာ' ခေတ်က ကုန်ဆုံးသွားပြီမို့ တိုက်ပွဲဝင်လေယာဉ်တွေနဲ့ အစားထိုးသုံးလာတယ်။ ဒီလေယာဉ်တွေကို မြေပြင်ပေါ်၊ မြေရိုင်းတွေပေါ် ဆင်းသက်နိုင်အောင် ပုံစံထုတ်လုပ်သုံးစွဲခဲ့ပါတယ်။ စီ-၈၂၊ စီ-၁၁၉ တို့ဟာ ကိုယ်ထည် နှစ်လုံးစီနဲ့ပါ။

စီ-၁၂၄ လေယာဉ်ပျံဟာ တင့်ကားတစ်စီးကို သယ်ယူဖို့တည်ဆောက်ထားတဲ့ ပထမဆုံးလေယာဉ်ပျံဖြစ်တယ်။ ဒီလေယာဉ်ပျံဟာ ခြေလျင် တပ်မကြီးတစ်တပ်စာအတွက် လိုအပ်သောပစ္စည်းကိရိယာ လက်နက်မှန်သမျှကို သယ်ဆောင်ပေးနိုင်တယ်။ ပေါင် ၅၀၀၀၀ ထက်လေးတဲ့ ပစ္စည်းကိရိယာ၊ ဒါမှမဟုတ် လက်နက်ပစ္စည်းကိရိယာ အပြည့်အစုံတပ်ဆင်ထားတဲ့ စစ်သည် ၂၀၀ တင်ဆောင်နိုင်တယ်။

စီ-၁၂၃ လေယာဉ်ဟာ လေကြောင်းချီ စစ်ဆင်ရေးတွက် စက်မဲ့လေယာဉ် (ကလိုင်တာ) ရဲ့ နေရာမှာ အစားထိုးတည်ဆောက်ထားတဲ့ လေယာဉ်ပျံဖြစ်ပါတယ်။ ကုန်တင်အကြမ်းခံ လေယာဉ်ပျံဖြစ်ပါတယ်။ ကျကျနနတည်ဆောက်ထားတဲ့လေယာဉ်ကွင်းမဟုတ်သော ကွင်းပြင်တွေမှာ ဆင်းနိုင်တက်နိုင်တယ်။ လေယာဉ်အမြီးပိုင်းမှာ ကုန်တင်ကုန်ချဖို့ လှေကားတစ်ခုပါတယ်။ ဒါ့ပြင် လေထီးစစ်သား ၆၀ သယ်နိုင်ဖို့အတွက် တံခါး ၂ ဖက်လဲပါသေးတယ်။

ဘော့စ်ကား လေယာဉ်ပျံဟာ အထွေထွေသုံးလေယာဉ်ပျံဖြစ်ပါတယ်။ ဒီလေယာဉ်ပျံမှာ လက်နက်အပြည့်အစုံတပ်ထားတဲ့တပ်ဖွဲ့ ၄၂ ဖွဲ့၊ ဆေးတပ်ဖွဲ့ ၂ ဖွဲ့နဲ့ လူ့နာတင်ယာဉ် ၄၀ မီတာ လေယာဉ်ပစ်အမြောက်တပ်သားတစ်ဦးနဲ့ အမြောက်နဲ့ကျည်ဆန် ၁၅၅ မီလီမီတာ အမြောက်တပ်သား တစ်ဦးနဲ့ အမြောက်တို့ကို တင်ဆောင်ထားပါတယ်။

ပျံသန်းနေတဲ့ ဘော့စ်ကားလေယာဉ်ရဲ့ နောက်ပိုင်းမှာ ထရပ်ကား တစ်စီးကို လေထီးနဲ့ဆွဲယူသွားပါတယ်။ မကြာမီ ပေ ၁၀၀ စီရှိတဲ့ လေထီး နှစ်ခင်းပွင့်သွားပြီး အဲဒီကားကို မြေပြင်ဆီ သယ်ဆောင်သွားလေတယ်။

၃/၄ တန် လေးတဲ့ ထရပ်ကားဟာ ကစားစရာအရုပ်ကလေးတစ်ခုလို တွဲလောင်းကျလာပါတယ်။ ၃/၄ တန်လေးတဲ့ စစ်ပစ္စည်းတွေကို လေထီး ၂ ခင်းနဲ့ သယ်ဆောင်သွားပါတယ်။ ဂျစ်ကားတစ်စီးကို ပေ ၁၀၀ လေထီး တစ်ခင်းတည်းနဲ့ သယ်ယူတယ်။ ပေါင် ၂၀၀၀ လေးတဲ့ တွဲယာဉ်ကို ပေ ၁၀၀ ရှိလေထီး ၆ လက်နဲ့ သယ်ဆောင်တယ်။ ၁၀၅ မီလီမီတာ ဟောင်ဝစ်ဇာ အမြောက်နဲ့ ၃/၄ တန်လေးတဲ့ ထရပ်ကားတစ်မျိုးစီအတွက် ပေ ၁၀၀ လေထီး ၂ လက်စီလိုပါတယ်။

အနာဂတ်စစ်ပွဲတွေမှာ လေကြောင်းချီတပ်ဖွဲ့များရဲ့ အရေးပါ အရာရောက်ပုံကို စစ်ဗျူဟာမှူးများအနေနဲ့ အရင်ကတည်းက ကြိုတင် သိမြင်ခဲ့ပါတယ်။ လေကြောင်းချီတပ်သားများ ကောင်းကင်က ရုတ်တရက် ကျလာပြီး တိုက်ပွဲဝင်ပုံ၊ ရန်သူတို့ကို ထိုးနှက်တိုက်ခိုက်ပုံတို့ကို သူတို့ ကြိုတင်ကူးသိမြင်ကြပြီးဖြစ်ပါတယ်။ လေကြောင်းတိုက်ပွဲရဲ့ အရေးကြီးပုံကို ၁၇၈၄ ခုနှစ် အစောပိုင်းကတည်းက 'ဗင်ဂျမင်ဖရန့်ကလင်' က ထုတ်ဖော် ရေးသားခဲ့ဖူးပါတယ်။

အဲဒါက "ကောင်းကင် တိမ်တိုက်ထဲက လူသောင်းသောင်း၊ နေရာအနှံ့ အပြားဆင်းလာပြီးတော့ အဖျက်အဆီးလုပ်ငန်းတွေကို အနုမတဂ္ဂလျှောက်မလုပ် နိုင်အောင် သူတို့ကို တိုက်ထုတ်ဖို့ တပ်တစ်ခုကို အချိန်မီဖွဲ့ကာ ကိုယ့်နိုင်ငံ ကို ဘယ်သားတွေနဲ့ ကာကွယ်နိုင်မယ့် မင်းသား ဘယ်မှာရှိမလဲ" တဲ့။

* * *

## လေကြောင်းချီ တပ်ဖွဲ့များရဲ့ တာဝန်များ

၁။ ရန်သူ၏ သော့ချက်ပစ်မှတ်နေရာများကို ဦးစားပေး၍ ဖျက်ဆီးရန်။
၂။ နယ်သိမ်းပွဲကို ဦးဆောင်ဆင်နွှဲရန်။
၃။ ရန်သူကို ထိုးဖောက်တိုက်ခိုက်ရာ၌ ကူညီရန်။
၄။ လေယာဉ်ကွင်းကိုသိမ်းပိုက်ရန်။
၅။ အဓိကကျသော သိုလှောင်ရုံများကို ဖျက်ဆီးပစ်ရန် (သို့) သိမ်းပိုက်ရန်။
၆။ ရန်သူအားဖြည့်ရာလမ်းကြောင်းကို ကြားဖြတ်တိုက်ခိုက်ရန်။
၇။ ရန်သူစစ်ကြောင်း လွဲအောင် ဖန်တီးပေးရန်။
၈။ ရန်သူကို ဝိုင်းဝန်းပိတ်ဆို့ပြီး အဆက်ဖြတ်ရန်။
၉။ ရန်သူတပ်ဆုတ်ရာလမ်းကြောင်း ဖြတ်တောက်တိုက်ခိုက်ရန်။
၁၀။ မမျှော်လင့်တဲ့နေရာကို ဝင်သိမ်းရန်။
၁၁။ တံတားများကို ဖျက်ဆီးရန်။
၁၂။ သတင်းထောက်လှမ်းရန်။
၁၃။ ပြောက်ကျားတိုက်ခိုက်ရန်။
၁၄။ အကျဉ်းစခန်းကို အလစ်ဝင်စီးပြီး အကျဉ်းသားကို ကယ်တင်ရန်။

* * *

လေထီးအားကစားဟာ အလုပ်နားချိန်မှာ ကစားတဲ့ လူကြိုက်များတဲ့ အားကစားတစ်မျိုးဖြစ်တယ်။ မြေပြင်ပေါ်မှာ အဖြူရောင် စက်ဝိုင်းတစ်ခုကို မှတ်သားထားပြီး အဲဒီစက်ဝိုင်းနဲ့ အနီးဆုံးရောက်အောင် လေထီးနဲ့ ခုန်ဆင်းနိုင်သူက အနိုင်ရတယ်။

(အထက်ဖော်ပြချက်များဟာ (Paratrooper") ဆိုတဲ့ စာအုပ်မှ သင့်လျော်မယ့် လိုရင်းအချက်များကို ကောက်နုတ်ဖော်ပြခြင်း ဖြစ်ပါတယ်။ စာရေးသူ)

Paratrooper'' 1954 and 1956 By the Military Service Publishing Company. Printed in U.S.A. by the Telegraph Press Harrisbury. P.

# ၅။ ကောင်းကင်မှတိုက်ခိုက်ခြင်း
## (Attacking from the sky)

(ဆိုဗီယက် လေကြောင်းချီတပ်များရဲ့ အနှစ် ၄၀ မြောက်နေ့)

၁၉၂၀ ခုနှစ်တွေ ကုန်ဆုံးပြီးတဲ့နောက် ဆိုဗီယက်စစ်ဘက်ဆိုင်ရာ သဘောတရားရေးသမားတွေအနေနဲ့ "ရန်သူ့နယ်မြေအတွင်း တပ်ဖွဲ့များကို လေထီးနဲ့ချပေးပြီး လျှပ်တစ်ပြက်တိုက်ခိုက်ခြင်းဟာ အောင်မြင်တဲ့ ထိုးစစ်ကြီးတွေ ဆင်နွှဲဖို့အတွက် အရေးကြီးတဲ့အချက်တစ်ခုဖြစ်တယ်" လို့ သဘောတူညီချက် ရရှိခဲ့ပါတယ်။

မော်စကို စစ်ခရိုင်အတွင်း လေတပ်လေ့ကျင့်ရေးစခန်းကို လေထီးတပ်ဖွဲ့တစ်ဖွဲ့ ဆင်းသက်ပြလိုက်တဲ့ ၁၉၃၀ ခုနှစ် ဩဂုတ်လ ၂ ရက်နေ့ စစ်ရေးလေ့ကျင့်မှုက ဒီသဘောတရားကို သက်သေထူလိုက်ပါတယ်။ ဒါဟာ ကမ္ဘာ့စစ်ရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနယ်ပယ်အတွင်း လေကြောင်းချီတပ်များဖြစ်တဲ့ တိုက်ခိုက်ရေးစစ်တပ်သစ်တစ်ခုကို ပထမဆုံးအကြိမ် မွေးဖွားခဲ့ခြင်းဖြစ်ပါတယ်။

ဆိုဗီယက်ပြည်ထောင်စုအနေနဲ့ လေထီးတပ်များ လေ့ကျင့်ပေးနေချိန်မှာ နိုင်ငံခြားစစ်ရေးပါရဂူတွေကတော့ လေကြောင်းချီတပ်ဖွဲ့များရဲ့ အရေးပါအရာရောက်မှုနဲ့ပတ်သက်လို့ သဘောတရားရေး ဆွေးနွေးဆဲအဆင့်မှာသာ ရှိနေကြပါသေးတယ်။ ၁၉၃၅ ခုနှစ်မှာ လေထီးတပ်အနေနဲ့ ဗိုင်လိုရပ်ရှား စစ်ခရိုင် အတွင်း လူပေါင်း ၁၈၀၀ ခန့် လေထီးနဲ့ ချပေးခဲ့ပြီးဖြစ်ပါတယ်။

ဒီနောက်ပိုင်းမှာ ပစ္စည်းကိရိယာများ၊ လက်နက်ကြီးများနဲ့အတူ လူပေါင်း ၂၇၀၀ ကို လေကြောင်းနဲ့ချပေးခဲ့ပါတယ်။ ခြေလျင်တပ်မကြီးတစ်ခုလုံး ပါဝင်တဲ့ တပ်မတစ်တပ်ကို ၁၉၃၆ ခုနှစ် ကျော့ (Kieu) အနီးမှာ လေကြောင်းကနေ ချပေးခဲ့ပါတယ်။

၁၉၄၁ ခုနှစ် မဟာမျိုးချစ်စစ်ပွဲကြီးမစခင် ဆိုဗီယက်တပ်မတော်အနေနဲ့ လေကြောင်းချီတပ်ဖွဲ့ ငါးဖွဲ့ရှိခဲ့ပြီးဖြစ်ပါတယ်။ စစ်ပွဲကြီးအတွင်းမှာ ဆိုဗီယက်တပ်မတော်အနေနဲ့ ထိုးစစ်ဆင်တိုက်ခိုက်ရေးနဲ့နည်းဗျူဟာဆိုင်ရာ လေကြောင်းချီတပ်များကို ရန်သူဆက်သွယ်ရေးစခန်းများကို ဖုံးကြိဖို့၊ တံတားကြီးတွေ အပါအဝင် ရန်သူ့နောက်ပိုင်းက အရေးကြီးတဲ့ နေရာတွေကို ဝင်စီးဖို့နဲ့ ရှေ့တန်းတပ်ဖွဲ့များ ချီတက်ရာမှာ ပူးပေါင်းဆောင်ရွက်ဖို့ အသုံးပြုခဲ့ပါတယ်။

၁၉၄၅ ခုနှစ် ဩဂုတ်လအတွင်း မန်ချူရီးယားရှိ ဂျပန်ကွန်တန်တပ်မတော်ကို တိုက်ခိုက်ချေမှုန်းရာမှာလဲ လေထီးတပ်ဖွဲ့တွေနဲ့ လေကြောင်းချီ တပ်ဖွဲ့တွေကို ကျယ်ကျယ်ပြန့်ပြန့် အောင်အောင်မြင်မြင် အသုံးချခဲ့ပါတယ်။ အဲဒီ တိုက်ခိုက်ရေးစွမ်းရည်သတ္တိကြောင့် လေကြောင်းချီတပ်ဖွဲ့ပေါင်း ၁၃၀ တို့ဟာ ဆိုဗီယက်ပြည်ထောင်စု သူ ရဲကောင်းဘွဲ့တံဆိပ်ကို ဂုဏ်ပြုချီးမြှင့်ခြင်း ခံခဲ့ကြရပါတယ်။

စစ်ကြီးပြီးဆုံးသွားတဲ့နောက် ဆိုဗီယက်လေကြောင်းချီတပ်ဖွဲ့တွေ ဆက်လက်တိုးပွားလာပါတယ်။ ၎င်းပြင် သူတို့ရဲ့အတတ်ပညာနဲ့ တိုက်ခိုက်ရေး စွမ်းရည်တို့ဟာ မကြာသေးမီကာလအတွင်းမှာ လျင်မြန်ကြီးထွားလာခဲ့ပါတယ်။ သူတို့ရဲ့ လှုပ်ရှားမှုနှုန်းနဲ့ စစ်ရေးလေ့ကျင့်မှုစွမ်းရည်တို့ဟာလဲ တိုးတက်လာခဲ့ပါတယ်။

ခေတ်သစ်သယ်ယူပို့ဆောင်ရေး လေယာဉ်ပျံတွေအနေနဲ့ တပ်ဖွဲ့တွေကို ဘယ်လိုဒေသကိုမဆို ပို့ဆောင်ပေးနိုင်ပါတယ်။ တပ်ဖွဲ့တွေအနေနဲ့ ရန်သူ့ရဲ့နောက်ပိုင်းကို နက်ရှိုင်းစွာဆင်းသက်နိုင်ပါတယ်။ သူတို့အနေနဲ့ စစ်ရေးဆိုင်ရာ အချက်အချာကျတဲ့နေရာတွေ၊ လေယာဉ်ကွင်းတွေနဲ့ စီးပွားရေးနယ်ပယ်ဒေသတွေကို ရုတ်တရက်ဝင်ရောက် သိမ်းပိုက်နိုင်ပြီး ပင်မတပ်မတွေ ထဲရောက်လာတဲ့တိုင်အောင် အခြေချထားနိုင်ကြပါတယ်။

ဆိုဗီယက် လေကြောင်းချီတပ်တွေကို ခေတ်အမီဆုံး လက်နက်တွေ တပ်ဆင်ထားပါတယ်။ လေကြောင်းချီတပ်ဖွဲ့များလောက် ဘယ်စစ်တပ်မျိုးမှာမှ လက်နက်ကိရိယာပစ္စည်းအမျိုး စုံလင်နိုင်မယ် မဟုတ်ဘူး။ မြေပြင်က

လျှင်မြန်စွာ ချိတက်နိုင်ရေးအတွက် တပ်ဖွဲ့တွေအားလုံးဆီမှာ မော်တော်ကားတွေနဲ့ ဆွဲယာဉ်တွေရှိကြပါတယ်။ အခြားသော လေကြောင်းချီ မြေပြင်ဆင်းနည်းတစ်ခုမှာ လူတို့နဲ့အတူ လက်နက်ကိရိယာများ၊ ပစ္စည်းများကို လေယာဉ်ပေါ်မှ ချပေးခြင်းဖြစ်ပါတယ်။

ဆိုဗီယက်တပ်မတော် စစ်ရေးလေ့ကျင့်မှု "ဒွဲနာ" (Dvina) ကို ၁၉၇၀ ခုနှစ် မတ်လအတွင်းပြုလုပ်ခဲ့ပါတယ်။ လက်နက်အပြည့် တပ်ဆင်ထားတဲ့ အရာရှိများ၊ စစ်သားများ စုစုပေါင်း ၈၀၀၀ ခန့်နဲ့ တိုက်ပွဲဝင်လက်နက်ကြီးအမျိုးအစားပေါင်း ၁၆၀ ကို ၂၂ မိနစ်အတွင်း ရန်သူ့နောက်တန်းကို လေယာဉ်နဲ့ ချပေးခဲ့ပါတယ်။

မြေပြင်သို့ လေယာဉ်နဲ့ချပေးရာမှာ လေယာဉ်ပျံအမျိုးအစား အမျိုးမျိုးကို အသုံးပြုပါတယ်။ တန်ချိန်ပေါင်း ၈၀ သယ်ယူမှုပြုလုပ်နိုင်စွမ်းရှိတဲ့ (An 22) လဲပါဝင်ပါတယ်။ လေကြောင်းချီ တပ်ဖွဲ့များဟာနေနဲ့ တိုက်ခိုက်ရေးအဖွဲ့များအဖြစ် အောင်မြင်စွာထမ်းဆောင်နိုင်ခဲ့ပါတယ်။

သူတို့ကို တာဝန်နဲ့အမိန့်ပေးသူမှာ ဆိုဗီယက် ကာကွယ်ရေးဝန်ကြီးဖြစ်ပါတယ်။ သူဟာ မြေပြင်စစ်ဆင်ရေးကို လာရောက်ကြီးကြပ်သူဖြစ်ပါတယ်။

* * *

"Attacking from the sky" 40 the Birthday of Soviet Airborne troops. (Soviet Military Review 8. 1970) မှ ကောက်နုတ်ဖော်ပြပါတယ်။ (စာရေးသူ)

## ၆။ လေကြောင်းချီတပ်ဖွဲ့များ
## (Airborne troops)

လေကြောင်းချီတပ်ဖွဲ့များ ဖွဲ့စည်းထားခြင်းရဲ့ ရည်ရွယ်ချက်ဟာ အကာမြုမျိုးနဲ့ ဖျက်ဆီးဖို့ ကြည်းတပ်များက ရန်သူအုပ်ချုပ်ရေးနယ်မြေနဲ့ စက်မှုဆိုင်ရာ ဗဟိုဌာနများကို သိမ်းပိုက်ရာမှာ ကူညီဖို့၊ တံတားများအနီးမှာ လည်းကောင်း ခက်ခဲတဲ့ အဓိကရေလမ်းဖြတ်ကူးရာ နေရာများကို လည်းကောင်း၊ ရုတ်တရက် ဝင်ရောက်စီးနင်းဖို့ တောင်များနဲ့ ခက်ခဲတဲ့ အတားအဆီးနေရာများကို ဖြတ်ကျော်ဖို့တို့ ဖြစ်ပါတယ်။

ဒီလို ထမ်းဆောင်နိုင်ဖို့အတွက် လေကြောင်းချီတပ်ဖွဲ့များမှာ ခေတ်မီ ကိရိယာများ တပ်ဆင်ထားပါတယ်။ ဒါတွေက နှန်းမြန် (အေ–ပီ–အက်စ်) များ၊ အမြောက်နဲ့ ဒုံးပျံတို့ ထိရောက်တဲ့ တင့်ကားပစ် လေယာဉ်ပစ် စနစ်များ၊ စွမ်းအားကြီးတဲ့ မောင်းပြန်လက်နက်များနဲ့ ဆက်သွယ်ရေးနဲ့ ထိန်းချုပ်ရေးအမျိုးမျိုးတို့ ဖြစ်ပါတယ်။

လေကြောင်းချီတပ်ဖွဲ့များကို အပိုပစ္စည်းကိရိယာများလဲ တပ်ဆင်ထားပါတယ်/ဒီနည်းနဲ့ လေကြောင်းချီတပ်ဖွဲ့များဟာ တိုက်ခိုက်ရေးလက်နက်များ၊ ကျည်ဆန်များ၊ လောင်စာနဲ့ အခြားပစ္စည်းများကို တစ်ခါတစ်လေ လေထီး စစ်သားများ ချပေးသလို ရန်သူရဲ့ နောက်တန်းမှာ လေယာဉ်နဲ့ ချပေးနိုင်ပါတယ်။

ပို့ဆောင်ရေး စစ်လေယာဉ်တွေရဲ့ သယ်ယူနိုင်စွမ်းနဲ့ ပျံသန်းမှုနှုန်း စွမ်းရည်မှာလဲ သိသိသာသာ တိုးတက်ခဲ့ပါတယ်။ ခေတ်သစ်ပို့ဆောင်ရေး

င်းလေယာဉ်ပျံတွေကို တင့်ကားများ၊ ဆွဲယာဉ်များ၊ မော်တော်ယာဉ်များ၊ ဆောက်လုပ်ရေးပစ္စည်းများအပြင် လေယာဉ်ပျံပေါ်မှာ တိုက်ပွဲဝင်လက်နက်ကြီးများနဲ့အတူ တပ်ဖွဲ့များကို တင်ဆောင်ကာ ခရီးရှည် ပျံသန်းနိုင်ဖို့ ပုံစံထုတ်လုပ်တည်ဆောက်ကြပါတယ်။

ဆန်းပြားတဲ့ လက်နက်ကိရိယာများကို သုံးစွဲနိုင်ဖို့နဲ့ ကြီးလေးတဲ့ တာဝန်ဝတ္တရားများကို ထမ်းဆောင်နိုင်ဖို့အတွက် လေထီးစစ်သားများအနေနဲ့ သူတို့လုပ်ငန်းအပေါ် ကျွမ်းကျင်နိုင်နင်းရမယ်၊ ခန္ဓာကိုယ် ကျန်းမာတောင့်တင်းရမယ်၊ သံမဏိစိတ်ဓာတ်ရှိရမယ်တို့ ဖြစ်ပါတယ်။

လေကြောင်းချီတပ်ဖွဲ့များရဲ့ အရာရှိများအားလုံးဟာ သူတို့ရဲ့ ငယ်သားများကို သင်ကြားပေးခြင်းနဲ့ လေ့ကျင့်ခြင်းအတွေ့အကြုံနဲ့ ပတ်သက်ပြီး အလွန်ကျွမ်းကျင်နိုင်နင်းတဲ့ ပါရဂူများ ဖြစ်ကြပါတယ်။

ဒီနည်းနဲ့ လေထီးစစ်သားများဟာ ခေတ်သစ်စစ်ပွဲ စစ်ဆင်ရေးနည်းလမ်းများ၊ လက်နက်ကိရိယာစစ်ပစ္စည်းများကို ကျွမ်းကျင်စွာ ကိုင်နိုင်ခြင်းတို့ကို တစ်ဖက်ကမ်းခတ် တတ်မြောက်ကြပါတယ်။

**"Airborne Troops"**
Militery Theory and Practic
The Soviet military Review Feb. 2, 1973
မှ ကောက်နုတ်ဖော်ပြပါတယ်။ (စာရေးသူ)

## ၇။ စစ်သားနဲ့စစ်

## (The soldier and war)

**ခေတ်သစ်မှာ ပါဝင်ဆင်နွှဲကြမယ့် စစ်သားများရဲ့** စိတ်ဓာတ်၊ အပြုအမူ၊ ဇရိက်၊ စိတ်လှုပ်ရှားမှု၊ ဆုံးဖြတ်ချက်ချနိုင်မှုနဲ့ သူတို့ရဲ့ ကိုယ်ရည်ကိုယ်သွေး အားလုံး အထူးကောင်းမွန်ဖို့ လိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ခေတ်သစ်စစ်ပွဲမှာ စိတ်ဓာတ်စစ်ဆင်ရေးကို အထူးဂရုပြု အလေးပေးထားတဲ့အတွက် ဖြစ်ပါတယ်။ ဒါကြောင့် စစ်သားတစ်ဦးအနေနဲ့ စိတ်တည်ငြိမ်မှု၊ ခေါင်းအေးအေးထားမှု၊ လျင်မြန်စွာတိုက်ခိုက်နိုင်မှုရှိဖို့ လိုအပ်ပါတယ်။ တိုက်ပွဲမှာ သတိပြုရမယ့်အချက်ဟာ မိမိရဲ့လက်နက်ကိရိယာပစ္စည်းပစ္စယကို ကျွမ်းကျင်စွာ အသုံးချနိုင်မှုပဲ ဖြစ်ပါတယ်။ ခေါင်းအေးအေးနဲ့ နေ့စွဲတွေအများကြီး မှတ်သားထား၊ ရုတ်တရက်ချက်ချင်းစစ်ဆေး စတဲ့အချက်တွေ ဖြစ်ပါတယ်။

တိုက်ပွဲပုံစံပြောင်းခြင်း၊ နောက်ဆုံးပေါ် လက်နက်များ အသုံးပြုခြင်းဖြင့် အံ့သြစေခြင်း၊ သတင်းမှားပို့ခြင်းကို ကျယ်ပြန့်စွာ သုံးခြင်းတို့ဟာ ဒီလိုစစ်ဆင်ရေးမျိုးမှာ ကြီးမားတဲ့ အခက်အခဲများ ပေါ်ပေါက်လာစေပါတယ်။ ဆိုရရင် ပုံမှားရိုက်ခြင်း၊ လမ်းညွှန်ခြင်း၊ အမှားပြင်ဆင်ခြင်းနဲ့ ကြားဖြတ်တိုက်ခိုက်ခြင်းတို့ပဲ ဖြစ်ပါတယ်။ သူတို့ဟာ ရန်သူရဲ့ ယာဉ်များ၊ သင်္ဘောများ (သို့) အချက်ပြမှုများကို မှားယွင်းစေမည်သာမက ပုဂ္ဂိုလ်ရဲ့စိတ်ထဲမှာ ပျောက်ဖျက်ပစ်ဖို့လဲ ခက်ခဲကြောင်း သံသယ ဖြစ်ဖွယ်ရာ မရှိပါ။

(From" The Soldier & War)
By Colonel M. Korobeimkov, B.Sc. (Phychology)
Soviet Military Review (No. 2) Feb. 1973.
မှ ကောက်နုတ်ဖော်ပြပါတယ်။ (စာရေးသူ)

# အခန်း (၂)

## ၁။ နိုင်ငံခြားသွားဖို့ဆုံးဖြတ်ကြခြင်း

ဂျပန်ဖက်ဆစ်တပ်တွေ မန္တလေးနဲ့ နီးလာတော့ ဂျင်နရယ်ဝမ်းဆိုတဲ့ တရုတ်တပ်ဗိုလ်ချုပ်က မန္တလေးထောင်ထဲ အဖမ်းခံနေရတဲ့ သခင်စိုး၊ သခင်နု၊ သခင်ကျော်စိန်၊ သခင်မြသွင်တို့ လူစုကို တရုတ်ပြည်ကို ခေါ်သွားဖို့ စီစဉ်တယ်။ ၁၉၄၂ နှစ်၊ ဧပြီလ (၂၂) ရက်နေ့ သခင်စိုးတို့လူစု တရုတ်ပြည်လိုက်သွားဖို့ မန္တလေးထောင်က ထွက်လာကြတယ်။

ဒီအချိန်မှာ ကိုသိန်းဖေကလဲ ဂျပန်ဆန့်ကျင်ရေးအတွက် ဝါဒဖြန့်လုပ်ငန်းတွေ လုပ်နေပြီဆိုတော့ "ဂျပန်စားသွားအောက်မှာ ဖြောင်နေလို့ မဖြစ်တော့ဘူး၊ ဒါကြောင့် မြေအောက်ဆင်းပြီး ဂျပန်ဆန့်ကျင်ရေးကို မြန်မာပြည်ထဲကပဲ လုပ်ရမလား၊ ဒါမှမဟုတ် ပြည်ပကပဲ လုပ်ရမလား"ဆိုတာ စဉ်းစားနေခိုက် ဖြစ်တယ်။

ဒီအတွင်းမှာ သခင်စိုးတို့နဲ့ တွေ့တော့ ကိုသိန်းဖေဟာ အိန္ဒိယမှာ နေဖူးပြီး၊ အိန္ဒိယခေါင်းဆောင်တွေနဲ့ အဆက်အသွယ်လဲ ရှိနေတဲ့အပြင် တရုတ်အစိုးရရဲ့ ကိုယ်စားလှယ် ပီအက်စ်ဝမ်းဆီက စာတစ်စောင်လဲ ရထားသူဖြစ်တော့တယ်။ တရုတ်ကိုယ်စားလှယ်က "ကိုသိန်းဖေဟာ ဂျပန်ကျူးကျော်စော်ကားမှု ဆန့်ကျင်ရေးကော်မတီမှာ ဝါဒဖြန့်ချိရေးမှူး ဖြစ်တယ်"လို့ ရေးပေးထားတယ်။

ဒီစာဟာ ပြည်ပသွားရေးအတွက် အထောက်အကူ ဖြစ်စေတယ်လို့ သခင်စိုးတို့က ယုံကြည်ကြတယ်။ ဒါကြောင့် ကိုသိန်းဖေလဲ သခင်စိုးတို့နဲ့ အတူလိုက်ဖို့ ဆုံးဖြတ်လိုက်တယ်။

ဒီဆုံးဖြတ်ချက်အတိုင်း သခင်စိုး၊ သခင်ကျော်ခိန်၊ သခင်မြသွင်၊ ကိုသိန်းဖေ တို့ ရွှေဘိုဘက်မှာ ကူမင်တန်တရုတ်တပ်မကြီး ၃၈ နဲ့ အဆက်အသွယ်ယူပြီး "အိန္ဒိယပြည်ကိုပဲ ရောက်ရောက်၊ တရုပ်ပြည်ကိုပဲ ရောက်ရောက်" ဆိုပြီး လိုက်ပါသွားတယ်။

ဆိပ်ခွဲချိုပါဆိုတဲ့ ရွာတွေဘက်ရောက်တဲ့အခါ တရုတ်တွေနဲ့ လိုက်ရတာစိတ်ပျက်ပြီး သခင်စိုးနေရစ်ခဲ့တယ်။ ကိုသိန်းဖေတို့ ဆက်လိုက်သွားတယ်။ ဒါပေမယ့် ကိုသိန်းဖေတို့ သုံးဦးဟာလဲ တရုတ်တပ်တွေနဲ့ အဆင်မပြေဖြစ်လာပြန်တယ်။ ဒါကြောင့် ကသာ၊ ဗန်းမော်ဘက် အရောက်မှာ တရုတ်တပ်တွေဆီက ထွက်ပြေးခဲ့ပြန်တယ်။ ဒုက္ခအဖုံဖုံ တွေ့ပြီး ကုန်းလမ်းရေလမ်းကျော်ဖြတ်ခဲ့တယ်။

နောက်ဆုံး မန္တလေးကို ရောက်လာပြန်တယ်၊ သခင်မြသွင်နဲ့ သခင်ကျော်စိန် တို့ကတော့ ရွှေဘိုဆိပ်ခွဲမှာ ကသာက မဲဇာငှက်မိလို့ ဖျားနေရစ်ခဲ့တယ်။

မန္တလေးမှာ ဂျပန်တွေက ကိုသိန်းဖေကို လိုက်ရှာနေတယ်။ မန္တလေးတိုင်းချစ်ဦးသိန်းဖေ (ရုပ်ရှင်မင်းသား ဇော်ဝမ်းဖခင်)ကို ကိုသိန်းဖေအထင်နဲ့ ဖမ်းပြီး ညှဉ်းဆဲတယ်။ နောက်ဆုံး မသေရုံမရှူးရုံတမည်ပဲ။ ဒီကြားမှာ စစ်ကိုင်းကရဲဘော်သိန်းတန် (ကိုချစ်တီး)ကိုလဲ ဂျပန်ဆန့်ကျင်ရေးစာအုပ်ရေးတဲ့အတွက် ဂျပန်အလိုတော်ရိတွေရဲ့ လက်ချက်နဲ့ ဂျပန်ဓားသွားအောက်မှာ အလူးအလဲခံရင်းကျဆုံးခဲ့ရတယ်။

ဒီတော့ ကိုသိန်းဖေအတွက် အင်မတန် အန္တရာယ်ရှိနေတဲ့ အခြေအနေမှာရှိတယ်။ ဗိုလ်မှူးလက်ျာက သူ့ကို အသွားအလာ အနေအထိုင် ဆင်ခြင်ဖို့သတိပေးတယ်။ မန္တလေး ကျောက်ဆည်နားက ဘီးလင်းမှာ သခင်တင်ရွှေက ကိုသိန်းဖေကို ဝှက်ထားပေးတယ်။

## ရှိုင်ပြည်နယ်သို့အသွား

အဲဒီမှာနေတုန်း တစ်နေ့မှာ သခင်တင်ရွှေက သခင်စိုးကို ကိုသိန်းဖေဆီခေါ်ခဲ့တယ်။ သခင်စိုးက ဖက်ဆစ်ဆန့်ကျင်ရေး မြေအောက်လုပ်ငန်းတွေ စတင်လုပ်နေပြီ။ သခင်စိုးနဲ့ ဆွေးနွေးတော့ သူလဲ အိန္ဒိယကို လိုက်မယ်လို့

ကြာတယ်။ ခရီးထွက်ဖို့ စီစဉ်ကြတယ်။ အဲဒီမှာ မျက်နှာသုတ်ပဝါ ခေါင်းပေါင်းပြီး မျက်မှန်တွေချွတ် ရုပ်ဖျက်လိုက်ကြတယ်။

၁၉၄၂-ခု၊ ဇွန်လ (၁၇) ရက်နေ့ မနက် ဘီးလင်းကျောက်ဆည်ကနေ ဈေးတန်းရပ်က ကိုသိန်းမောင်ကားနဲ့ ကိုသိန်းမောင် ကိုယ်တိုင် မောင်းခဲ့ကြတယ်။ ရေနံချောင်းရောက်တယ်။ နောက် မကွေး၊ မကွေးက ဘီအိုင်အေတပ်ခွဲမှူး ဗိုလ်ကြီးဘသိန်း (အတာခေါ် ဟသာ်တဘသိန်း၊ အိန္ဒိယဂျက်ဆိုလေယာဉ်ကွင်းမှာ သခင်ဗိုလ်တို့နဲ့အတူ လေယာဉ်ဖျက်ကျကွယ်လွန်သူ)ရဲ့ တပ်စခန်းရောက်ကြတယ်။ အဲဒီမှာ သခင်စိုးက သခင်တင်ရွှေနဲ့ ကိုသိန်းဖေတို့ကို ထားခဲ့ပြီး ရေနံချောင်းရောက်နေတယ်ဆိုတဲ့ သခင်တင်မြဆီ လိုက်သွားတယ်။ ဗိုလ်ကြီးဘသိန်းကိုယ်တိုင် ကားမောင်းပြီး လိုက်ပို့တယ်။ သခင်တင်မြနဲ့ တွေ့တယ်။

သခင်တင်မြက ဘီအိုင်အေဗိုလ်ကြီးအဆင့်နဲ့ ဖြစ်တယ်။ သူက ဘီအိုင်အေ အထက်မြန်မာပြည်ဌာနချုပ်က တပ်ခွဲတွေရဲ့ ဘဏ္ဍာရေးစစ်ဆေးဖို့ ခိုင်းတဲ့ အကြောင်းပြချက်နဲ့ တပ်တွင်းနိုင်ငံရေးစည်းရုံးရေး လုပ်ငန်းတွေကို လုပ်ကိုင်နေသူ ဖြစ်နေတယ်။

သခင်စိုးကို မြန်မာပြည်ထဲမှာနေပြီး ဖက်ဆစ်ဆန့်ကျင်ရေး လုပ်ငန်းတွေ လုပ်ကိုင်ဖို့ သခင်တင်မြနဲ့ မကွေးသခင်တင်ဦးတို့က တိုက်တွန်းတယ်။ ဒါကို သခင်စိုးလဲ သဘောတူတယ်။ နောက် မကွေးကို သခင်တင်မြ၊ သခင်တင်ဦးတို့ကိုပါ ခေါ်ပြီး သခင်စိုးနဲ့ ဗိုလ်ကြီးဘသိန်းတို့ မကွေးကို ပြန်သွားပါတယ်။

မကွေးမှာ ကိုသိန်းဖေတို့ (၄) ဦးသား တိုင်ပင်ဆွေးနွေးဆုံးဖြတ်ကြပြန်တယ်။ ဗိုလ်ကြီးဘသိန်းလာတော့ လွတ်လွတ်လပ်လပ် ဆွေးနွေးဖို့ အစီအစဉ် လုပ်ပေးပါတယ်။ ဒါပေမယ့် သခင်စိုး၊ ကိုသိန်းဖေတို့ ဘယ်လာလို့ ဘယ်သွားမယ်ဆိုတာကို မမေးဘူး၊ နောက် သခင်တင်မြက ကိုသိန်းဖေ သခင်စိုးတို့ကို နိုင်ရောက်နေတဲ့ ဗိုလ်မှူးရန်အောင်ဆီ ဆက်လိုက်ပို့တယ်။ ဒီလို သခင်စိုးတို့ကို လိုက်ပို့ကြောင်း ဘီအိုင်အေ ဌာနချုပ်-စစ်ဦးစီးဌာနချုပ်မှူး ဗိုလ်လကျ်ာကိုလဲ သခင်တင်ဦးက သွားသတင်းပို့ပေးတယ်။

သခင်စိုးဟာ တစ်ချိန်က ဗိုလ်ရန်အောင်ရဲ့ ဆရာရင်း ဖြစ်ခဲ့တယ်။ သခင်စိုးရဲ့ အရင်းနှီးဆုံး ရဲဘော်ဖြစ်ခဲ့ဖူးတယ်။ ဒါကြောင့် သခင်စိုးကိုယ်တိုင်

လိုက်လာပြီး ဗိုလ်ရန်အောင်နဲ့ စည်းရုံးဖို့၊ ပြီးတော့လဲ တိုင်းပြည်ရဲ့ အခြေအနေပါ လေ့လာဖို့အတွက် သခင်စိုးပါ ရခိုင်ကို လိုက်သွားပါတယ်။

မကွေး၊ အောင်လံ၊ ပြည်၊ လက်ပံတန်း၊ ဟင်္သာတ၊ ငသိုင်းချောင်း၊ သာပေါင်း အဲဒီကနေ ရခိုင်ရိုးမတောင်စွယ်ကို ဖြတ်ကျော်ပြီး ဘောမိကို ရောက်။ နောက် ခရီးဆက်ကြတော့ ဘောမိက ဥမြို့၊ သံတွဲ၊ တောင်ကုတ်၊ မြေပုံမြို့၊ နောက်မင်းပြားကို ရောက်ခဲ့ကြပြန်တယ်။ တစ်လမ်းလုံး မော်တော်ကား-မီးရထား လမ်းဗိုလ်များစီးတဲ့ လက်တွန်းလှည်း (ထရော်လီ) ခြေကျင်-လှေ-မော်တော် နည်းမျိုးစုံနဲ့ အပင်ပန်း အဆင်းရဲခံပြီးမှ ဗိုလ်မှူးရန်အောင်ရဲ့ စစ်ဌာနချုပ်ကို ရောက်ခဲ့တယ်။

ဗိုလ်မှူးရန်အောင် (ကျောင်းသားခေါင်းဆောင် သခင်လှမြိုင်၊ ယခုတောခို ဗကပ စစ်ဗိုလ်ချုပ် ဗ-က-ပ ဌာနချုပ်ကနေ ပြန်လည်ပြင်ဆင်ရေးသမားအနေနဲ့ သုတ်သင်ပစ်ခြင်း ခံရသူ)ဟာ သခင်စိုးတင်ပြချက်ကို လက်ခံသဘောတူတယ်။ ဗိုလ်ရန်အောင် ဂျပန်ဆန့်ကျင်ရေးလုပ်ငန်းနဲ့ ပါတီလုပ်ငန်းလုပ်ဖို့ ရန်ပုံငွေ အင်္ဂလိပ်ငွေ (၅၀၀၀ဝိ/-) ငါးသောင်းကို သခင်စိုးတို့ကို ပေးလိုက်ပြီး ကိုသိန်းဖေ တို့ကိုတော့ အိန္ဒိယသွားစရိတ်အဖြစ် အင်္ဂလိပ်ငွေ တစ်ထောင် ပေးလိုက်တယ်။

## သခင်စိုးနဲ့ ကိုသိန်းဖေ တာဝန်ခွဲကြပြီ

မင်းပြားမှာပဲ သခင်စိုးနဲ့ ကိုသိန်းဖေတို့ လမ်းခွဲလိုက်ကြတယ်။ ကိုသိန်းဖေတို့လူစု အိန္ဒိယကို ချောမောစွာ ရောက်ရင် "ညိုထွန်းတို့လူစု မိဂ္ဂဒါဝုန်သို့ ရောက်ကြပြီ"လို့ ရေဒီယိုကနေ အသံလွှင့်လိုက်မယ့်အကြောင်း အချိန်းအချက်လုပ်ခဲ့တယ်။ နှုတ်ဆက်ခဲ့ကြတယ်။ (ညိုထွန်းက ကိုသိန်းဖေ၊ ကိုသိန်းမောင်က သခင်စိုး) အဲဒီမှာ နာမည်ဝှက်တွေပြောင်းကြပါတယ်။

လမ်းခွဲခါနီးမှာ ကိုသိန်းဖေက "ကဲ ခင်ဗျားတို့လဲ ပြည်တွင်းက ခင်ဗျားတို့တာဝန်တွေ ကျေပွန်အောင် ဆောင်ရွက်ပေတော့။ ကျွန်တော်တို့ကလဲ ပြည်ပကနေ ကျွန်တော်တို့တာဝန်တွေ ကျေပွန်အောင် ထမ်းဆောင်မယ်"လို့ ပြောဆိုရင်း လက်ဆွဲနှုတ်ဆက်ခဲ့ကြတယ်။

၁၉၄၂ ခု၊ ဇူလိုင်လ (၁၀) ရက်နေ့မှာ သခင်စိုး၊ သခင်တင်မြတို့ မြန်မာပြည် ပြန်လှည့်ကြတော့ ကိုသိန်းဖေတို့ကို ဗိုလ်မှူးရန်အောင်က အိန္ဒိယ

ခရီးအတွက် လူထည့်ပေးလိုက်ပါတယ်။ နောက်တစ်နေ့မှာ ကိုသိန်းဖေတို့ မင်းပြားက စထွက်ခဲ့တယ်။မင်းပြား၊ မြို့ဟောင်း၊ ကျောက်တော်၊ ကင်းမ၊ ဝှဝ၊ နောက်နယ်စပ်ကို ရေတစ်တန် ကုန်းတစ်တန် လှေနဲ့တစ်လှည့် ခြေကျင်တစ်မျိုး၊ တောတောင်တွေကို ဖြတ်ကျော်ခဲ့ပြီး နယ်ခြားမှတ်တိုင်ကို ၁၉၄၂ ခု၊ ဇူလိုင်လ (၁၉) ရက်နေ့မှာ ရောက်ကြတယ်။

နယ်စပ်အကျော် "ဝှမား"မှာ အိန္ဒိယပုလိပ်ဌာနက ကိုသိန်းဖေတို့ကို ဖမ်းလိုက်တယ်။ နောက် ဘန်ဒရာဘရဲ "ဒွဇလီ"ရောက်တော့ ပုလိပ်တွေက ကိုသိန်းဖေတို့ နှစ်ယောက်ကို စစ်တပ်လက် အပ်လိုက်တယ်။ စစ်အစောင့် အရှောက်နဲ့ ခရီးဆက်ထွက်တယ်။ ၁၉၄၂ ခု၊ ဇူလိုင်လ (၂၅) ရက်နေ့မှ စဉ်တကောင်းရောက်တယ်။ နောက် "ကော်မိလာ" စစ်ဌာနချုပ်ကို ပို့ ဆက်ပြန်တယ်။ နောက်တစ်နေ့ ကော်မိလာကနေ ကလ္လကတ္တားအသွားမှာ ဘီယတန်းကနေပြီး ရထားစီးလိုက်သွားရတယ်။ ည ကလ္လကတ္တားမြို့အနီး "ဘာရယ်ပို" စစ်စခန်းဆီ ရောက်တယ်။ ဘာရယ်ပိုမှာ နေရင်း တိတ်တဆိတ် အိန္ဒိယကွန်မြူနစ်ပါတီနဲ့ တရုတ်ကောင်စစ်ဝန်တို့ဆီ ကိုသိန်းဖေက သူလာရင်း ကိစ္စနဲ့တကွ အင်္ဂလိပ်တွေရဲ့ အဖမ်းအဆီးကို ခံနေရကြောင်း၊ ဒီအဖမ်းအဆီးက လွတ်အောင် ကူညီပေးစေလိုကြောင်း စာရေးဆက်သွယ်ခဲ့တယ်။

နောက်နှစ်ရက်လောက် ဆက်နေပြီး ဒေလီမြို့ဟောင်းကို ခေါ်သွားပြန် တယ်။ အဲဒီမှာပဲ ကိုသိန်းဖေက "What happened in Burma" "ဗမာပြည်မှာ ဘာဖြစ်နေပြီလဲ" ဆိုတဲ့ စာအုပ်ရေးတယ်။ စာအုပ်ကို စာအုပ်တိုက်တစ်တိုက်ကနေ ရိုက်နှိပ်ဖြန့်ဝေခဲ့တယ်။ အဲဒီနောက် ရေဒီယိုက တစ်ဆင့်ပဲဖြစ်ဖြစ် လေယာဉ်ပျံပေါ် စာကြဲချလို့ဖြစ်ဖြစ် ဝါဒဖြန့်ချိရေးအတွက် ဒေလီမြို့မှာရှိတဲ့ ဗြိတိသျှပြန်ကြားရေးဝန်ကြီးဌာနခွဲကို အကူအညီတောင်းတယ်။ ဒါကို လိုလိုချင်ချင် လက်ခံလိုက်တယ်။ ဒါကြောင့် ဒေလီမြို့ကို ရောက်ကြရ ပြန်တယ်။

ဒေလီရောက်တော့ ဗြိတိသျှပြန်ကြားရေးဌာနခွဲမှာ ဝင်ကူညီပေးတယ်။ သူတို့က ပိုင်ပိုင်နိုင်နိုင် ခိုင်းနိုင်အောင် လခစား ခန့်ထားလိုက်တယ်။ ဒါပေ မယ့် ကိုသိန်းဖေတို့က ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ရဲ့ ကိုယ်စားလှယ်အဖြစ်သာ ဆက်ဆံလိုတယ်။ ဒါကို သူတို့က လက်မခံဘူး။ နောက်ဆုံးတစ်နေ့ သူတို့ကို

ကူညီပေးရင် တစ်နေ့ ၂၅/- ပေးတယ်။ အိမ်လခနဲ့ ထမင်းစရိတ်ကို ဗြိတိသျှ အစိုးရကပဲ ကျခံတယ်။

ရေဒီယိုကနေပြီး "မောင်မောင်ညို"ဆိုပြီး အသံလွှင့်တယ်။ လေနတ်သား အသွင်လဲ ပါဝင်ကူညီပေးရတယ်။ တစ်ခါတစ်ခါ ဖက်ဆစ်ဆန့်ကျင်ရေးတရားပွဲ တွေကို ကွန်မြူနစ်ပါတီဝင်တွေနဲ့အတူ လိုက်တရားဟောတယ်။ ဂျပန်ဖက်ဆစ် လက်အောက်ရှိ မြန်မာပြည်အကြောင်း ဟောပြောပွဲတွေ လုပ်ခဲ့တယ်။

**ချောင်အင်လိုင်းနဲ့ ချုံကင်းမှာ**

အဲဒီလိုလုပ်နေတုန်း တရုတ်ပြည် ချုံကင်းမြို့ကို သွားခွင့်ရတဲ့အတွက် ၁၉၄၃ ခု ဇန်နဝါရီလထဲမှာ သခင်တင်ရွှေနဲ့ ကိုသိန်းဖေတို့ နှစ်ယောက် တရုတ်ပြည်ကို လေယာဉ်နဲ့ လိုက်သွားပြန်တယ်။ တရုတ်ပြည်သွားပြန်လဲ သိပ်အကြောင်းမထူးဘူး။ချုံကင်းမြို့မှာ ခိုလှုံနေရင်း ဂျင်နရယ်ဝမ်းလက်အောက် မှာ ဝင်အမှုထမ်းလိုက်ပါသေးတယ်။

နောက် တရုတ်ကွန်မြူနစ်ပါတီခေါင်းဆောင် ချောင်အင်လိုင်းနဲ့ တိတ်တဆိတ်တွေ့ခဲ့တယ်။ "မြန်မာပြည်တော်လှန်ရေးကို ကိုယ့်အားကိုယ်ကိုးတဲ့ စနစ်နဲ့သာ လုပ်သင့်ကြောင်း၊ ပြင်ပအကူအညီကို မျှော်လင့်မနေသင့်ကြောင်း၊ ပြည်တွင်းက ပြည်သူအားလုံးကို ကျောရိုးမဏ္ဍိုင်ထားပြီးသာ လုပ်သင့်ကြောင်း၊ ဖက်ဆစ်တို့ကို ကိုယ့်အစွမ်းအစ ထုတ်ပြပြီး တိုက်နိုင်သလောက် တိုက်မှ ကိုယ့်လွတ်လပ်ရေးနဲ့ နီးမယ်ဖြစ်ကြောင်း"တို့ကို ပြောလိုက်တယ်။

ဖက်ဆစ်ဆန့်ကျင်ရေး လုပ်ငန်းအတွက် ကိုသိန်းဖေတို့ကို ကူညီပေးရေး ကိစ္စမှာ "ဗြိတိသျှစစ်တပ် အာဏာပိုင်တွေက သဘောမတူကြောင်း၊ ဒါကြောင့် သူတို့ကလဲ ဘာမှ လုပ်မပေးနိုင်ကြောင်း၊" ချန်ကေရှိတ်ရဲ့ အကြံပေးအရာရှိ ဖြစ်တဲ့ ဂျင်နရယ်ဝမ်းက ပြောပြလို့ ပက်လက်လန်ကြရပြန်တယ်။

ဒါကြောင့် ကိုသိန်းဖေတို့ အိန္ဒိယပြန်ဖို့ ဂျင်နရယ်ဝမ်းနဲ့ ဗြိတိသျှသံရုံးတို့ ဆီ တင်ပြလိုက်ရတယ်။ ၁၉၄၃ ခု ဩဂုတ်လကုန်လောက်မှာ အိန္ဒိယပြန်ဖို့ ဂျင်နရယ်ဝမ်းက အကြောင်းကြားပြီး မကြာခင် လေယာဉ်နဲ့ပဲ ကလ္လကတ္တား မြို့ ဒမ်ဒမ်လေယာဉ်ကွင်းကို ရောက်ခဲ့ကြရပြန်တယ်။ လေယာဉ်ကွင်းမှာ အင်္ဂလိပ်ကပ္ပတိန် တစ်ယောက်က လာကြိုသွားတယ်။ ကလ္လကတ္တားမှာ ခဏ နေကြရပြီး ဒေလီမြို့ကို ဆက်သွားကြရပြန်ပြီ။

## သူတို့တစ်တွေ စနီးပွင့်ပြီ

ဒီအချိန်မှာတော့ အင်္ဂလိပ်တွေက ကိုသိန်းဖေတို့ကို ကောင်းကောင်းမွန်မွန် ဆက်ဆံလာတယ်။ ဘာကြောင့်လဲဆိုရင် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုတွေက ကမ္ဘာ့စစ်မျက်နှာတိုင်းမှာ အောင်ပွဲတွေ တငြိမ့်ငြိမ့်နဲ့ ဆက်တိုက် အသာရနေတာရယ်၊ ပြီးတော့ မြန်မာပြည်ထဲမှာ ဂျင်နရယ်ဝင်းဂိတ်ရဲ့ ဖြတ်စစ်တွေဟာ လူကုန်ငွေပန်းသလောက် အောင်မြင်မှု မရဘဲ အကျအဆုံးတွေသာ များခဲ့တာရယ်၊ နောက်ဆုံး ဂျင်နရယ်ဝင်းဂိတ်ကိုယ်တိုင် လေယာဉ်ပျက်ကျပြီး သေဆုံးခဲ့ရတာရယ်၊ အဲဒီတော့ မြန်မာပြည် ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုတွေရဲ့ အကူအညီကို တစ်နည်းမဟုတ် တစ်နည်းနဲ့ယူမှ တော်မယ်ဆိုတဲ့ ခံယူချက်တို့ကြောင့် ဗြိတိသျှစစ်ဘက်တို့က ကိုသိန်းဖေတို့အပေါ် သဘောထား ပြောင်းလာခဲ့ခြင်းပါ။

နောက်ဆုံး မြန်မာပြည်တွင်းက ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုတွေနဲ့ ဆက်သွယ်ဖို့အတွက် သခင်တင်ရွှေကို လွှတ်ဖို့အထိ အခြေအနေတွေ ကောင်းလာခဲ့ရပါတယ်။ ဒါကတော့ ကိုသိန်းဖေ၊ သခင်တင်ရွှေတို့ ဒုက္ခအမျိုးမျိုး ခံခဲ့ရတဲ့ အကျိုးအာနိသင်ပဲပေါ့။ ပထမအဆင့် အောင်ပွဲကလေးမို့ ကိုသိန်းဖေနဲ့ သခင်တင်ရွှေတို့ အတိုင်းအဆမရှိ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိကြရပါသတဲ့။

အင်္ဂလိပ်စစ်ဘက်က သခင်တင်ရွှေ ပြန်လာရင် ဝါဒဖြန့်ချိရေးမှာ အသုံးဝင်မယ့် အမျိုးသမီးတစ်ဦးဦးကိုလဲ ခေါ်ခဲ့နိုင်ရင် ခေါ်ခဲ့ဖို့ မှာလိုက်တယ်။ နောက် သခင်တင်ရွှေသွားလာရေးအတွက် အစီအစဉ်တွေ လုပ်ပေးပါတယ်။ သခင်တင်ရွှေ သွားပြီးတဲ့နောက် ကိုသိန်းဖေကိုလဲ ဗြိတိသျှစစ်ဘက်က လေးလေးစားစား ဆက်ဆံလာစပြုလာတယ်။ ပြီးတော့ ရေဒီယိုကနေလဲ ပိုပြီး ပြောခွင့်ရလာတယ်။ လေနတ်သားမှာလဲ ကိုသိန်းဖေရဲ့ အကြံပေးချက်၊ အယူအဆတွေဟာ ပိုပြီး တိုးဝင်နိုင်ခွင့် ရလာတယ်။

၁၉၄၃ ခု၊ အမျိုးသားအောင်ပွဲနေ့ ပျော်ပွဲကျင်းပတဲ့ ညမှာ သခင်တင်ရွှေ မြန်မာပြည်ကို အိန္ဒိယက စထွက်ခဲ့တယ်။ သခင်တင်ရွှေက အင်္ဂလိပ်စစ်ယူနီဖောင်းဝတ်ပြီး ဒေလီကနေ ကလ္လကတ္တားမှာ နောက် စစ်တကောင်းအထိ မီးရထားနဲ့ သွားရတယ်။ စစ်တကောင်းကျတော့ ဒက်ထရွိုင်းယားစစ်သင်္ဘောနဲ့

ကိုသိန်းဖေတို့ အိန္ဒိယအလာ ရွေးခဲ့တဲ့အတိုင်း သံတွဲနဲ့ ဘောမိစပ်ကြားငွမြို့အနီး ပင်လယ်ကမ်းခြေဆီ ဦးတည်ပြီး သွားကြရတယ်။ အမှောင်ထုကို အားပြုပြီး ငွမြို့အနီးကျတော့ မြန်မာလှေနဲ့ သခင်တင်ရွှေကို တင်ပြီး အင်္ဂလိပ်ရေတပ်သား နှစ်ယောက်က လှော်ခတ်ပြီး ကမ်းကို ပို့ခဲ့တယ်။ ပြန်လာမယ့်အချိန် နေ့ရက်ကိုလဲ ဒီနေရာက လာကြိုဖို့မှာပြီး သခင်တင်ရွှေနဲ့ လူစုခွဲလိုက်တယ်။

ဂျပန်ကင်းတွေ မရှိတော့ အန္တရာယ်နဲ့ မတွေ့လိုက်ဘူး။ ဘေးအန္တရာယ် ကင်းတယ်ဆိုပြီး လက်နှိပ်ဓာတ်မီးနဲ့ အချက်ပြလိုက်တယ်။ ပါလာတဲ့ ပစ္စည်းတွေ ထဲက ရှေ့ခရီးအတွက် မလိုအပ်တဲ့ ပစ္စည်းတွေကို မြေထဲမြှုပ်ဝှက်ထားလိုက်တယ်။

အဲဒီကနေထွက်ခဲ့ပြီး ငွမြို့နားကနေဖြတ်ရတဲ့ အခြားလမ်းကနေ ကုန်သည် တွေနဲ့ ရောနှောပြီး တောအလျှိုလျှိုတောင်အထပ်ထပ်ကို ဖြတ်ကျော်ပြီး ငါးသိုင်းချောင်း ရောက်ခဲ့တယ်။ အဲဒီကနေ မီးရထားအဆင့်ဆင့် စီးပြီး ရန်ကုန်ရောက်ခဲ့တယ်။ သခင်သန်းထွန်းရဲ့အိမ်ကို စုံစမ်းပြီး တောက်လျှောက် သခင်သန်းထွန်းနဲ့ သွားတွေ့တယ်။ အခြေအနေစုံကို သတင်းပို့လိုက်တယ်။

သခင်သန်းထွန်းက သခင်တင်ရွှေကို သခင်စိုးနေတဲ့ မြစ်ဝကျွန်းပေါ်က ကျိုက်လတ်မြို့နဲ့ ဝေးတဲ့ ညောင်ချောင်းရွာကို လူထည့်ပြီး ပို့လိုက်တယ်။ သခင်စိုးဆီလဲ အခြေအနေစုံကို သတင်းပို့လိုက်တယ်။ အပြန်မှာ ဗြိတိသျှစစ်ဘက် ကလဲ ဝါဒဖြန့်ချိ ရေးမှာ အသုံးပြုဖို့ အမျိုးသမီးတစ်ဦးကိုလဲ ခေါ်ခဲ့ဖို့ မှာတဲ့ စကားရှိတဲ့အတိုင်း ဝါဒဖြန့်ချိရေးမှာ အသုံးပြုနိုင်မယ့်သူလဲဖြစ်၊ သူ့ရည်းစားလဲ ဖြစ်တဲ့ မမြရီကို ကျောက်ဆည်ကခေါ်ပြီး အိန္ဒိယကို ခေါ်သွားလိုကြောင်း တင်ပြတယ်။ ဒါကို သခင်စိုးကလဲ သဘောတူတယ်။

အဲဒီအချိန်မှာပဲ အချိန်းအဆက်မလုပ်ရဘဲ မျှော်လင့်မထားတဲ့ မမြရီ တစ်ယောက် သခင်တင်မြနဲ့အတူ သခင်တင်ရွှေရှေ့မှောက် ဆိုက်ဆိုက်မြိုက်မြိုက် ကြီး ရောက်လာခဲ့ပါတော့တယ်။

ရဲဘော်မ – မမြရီ

(သူတို့ဘယ်လိုပြန်လာကြတယ်ဆိုတဲ့ အကြောင်းအရာတွေချုံပြီး – ဒေါ်မြရီဟာ ဘယ်သူဘယ်ဝါ ဖြစ်တယ်။ သူတို့ အိန္ဒိယကို ဘယ်ပုံဘယ်နည်း သွားကြတယ်။ ဟိုမှာ ဘာတာဝန်တွေ ယူကြရတယ်။ နောက်ဆုံး ပြန်လာကြတဲ့ အထိ အခြေအနေတွေ တစ်ပါတည်း ရေးသားဖော်ပြပါရစေ – စာရေးသူ)။

## အဆိပ်ပုလင်းနဲ့ ဓားမြှောင်တစ်လက်

ကျောက်ဆည်မြို့မှာ ဒို့ဗမာအစည်းအရုံးကို ၁၂၉၆–၉၇၊ နတ်တော်လမှာ ဈေးရပ်တန်းက သခင်ထားကြီးအိမ်မှာ စတင်ဖွဲ့စည်းပါတယ်။ သခင်ထားကြီး၊ သခင်ကြူ၊ သခင်ဗဈေကြီး၊ သခင်ဗဈေလေး၊ သခင်ရွှေအုပ်၊ သခင်တင်ရွှေ၊ သခင်သန်းမြိုင်၊ သခင်ချစ်သိန်း၊ သခင်ချိန်၊ သခင်ထွန်းတင်၊ သခင်ဗအုံး၊ သခင်သောင်း၊ သခင်စံရွှေ၊ သခင်မ မသန်းမှိုနဲ့ မမြရီတို့ လူစု ပါဝင်ခဲ့ကြပါတယ်။

တစ်ဆက်တည်း လက်ရုံးတပ်ဖွဲ့ကိုလဲ မရှေးမနှောင်း ဖွဲ့စည်းလိုက်ပါတယ်။ ဒီတပ်ဖွဲ့ထဲမှာ မင်းနွယ်ကြီး၊ ကိုဘိုးလှ၊ ကိုသန်းထွန်း၊ ကိုခင်ဦး၊ ကိုမိုးညို၊ ကိုတင်မောင်ကြီး၊ သခင်ကို၊ ကိုလှပိုင် ခေါ် ကိုဝင်းဖေ၊ ကိုလှသောင်း (ကျောင်းဆရာ–အခု ဗိုလ်ခိုင်–ကွယ်လွန်)တို့ပါဝင်ကြပါတယ်။ ၁၉၄၂ ခုနှစ်၊ ဂျပန် မြန်မာပြည်ထဲမရောက်ခင် တစ်လအလိုမှာ ဌာနချုပ်ရဲ့ ညွှန်ကြားချက်အရ ကျောက်ဆည်ခရိုင်အတွက် ရိက္ခာစုဆောင်းရေးတာဝန်တွေကို မမြရီတို့က ရှာဖွေဆောင်ရွက်ပေးခဲ့ကြပါတယ်။

ဘီအိုင်အေတပ်တွေ မရောက်ခင်က ရန်သူနံပါတ် (၁) သည် ဂျပန်၊ ရန်သူနံပါတ် (၂) သည် အင်္ဂလိပ် (ရဲဘော်ကြည်လွင်)ဆိုတဲ့ အမည်နဲ့ ထုတ်ဝေခဲ့တဲ့ စာအုပ်ငယ်များကို ကျောက်ဆည်ခရိုင်မှာ မမြရီတို့ ဝေငှပေးခဲ့ပါတယ်။ မြန်မာ့လွတ်လပ်ရေး တပ်မတော်သားများကိုထားရန် နေရာဌာနတွေ ရွေးချယ်ပေးခဲ့ခြင်း၊ စည်းရုံးရေးလုပ်ငန်းတွေကို လုပ်ကိုင်ခဲ့ကြပါတယ်။

မမြရီ ပင်တလည်ကျေးရွာမှာ နေထိုင်နေတုန်း ၁၉၄၂ ခု၊ မေလ (၁၁) (၁၂) မှာ ဂျပန်တွေ ရောက်လာပြီး အမျိုးသမီးတွေကို စော်ကား၊ ခွည်းတွေယူ၊ လူတွေကို ရက်စက်စွာ သတ်ဖြတ်တဲ့ ဖက်ဆစ်အပြုအမူတွေကို မြင်တွေ့ရပါတယ်။ ဒါကြောင့် ဂျပန်တွေကို ဆက်လက်အားမပေးတဲ့အပြင် ရွံ့ရှာမုန်းတီးလာပါတယ်။

ဘီအိုင်အေတပ်မတော်ကာလမှာပဲ သခင်စိုး၊ ကိုသိန်းဖေ၊ သခင်တင်ရွှေတို့ ဂျပန်ကို တော်လှန်ဖို့ လှို့ဆော်စည်းဆုံးနေပါပြီ။ ဂျပန်တော်လှန်ရေးလုပ်ငန်းတွေမှာ မမြရီကိုယ်တိုင် ပါဝင်ပြီး တိတ်တဆိတ် ကြေညာချက် ဝေငှပေးတယ်။ တခြား တော်လှန်ရေးလုပ်ငန်းတွေကိုလဲ လက်လှမ်းမီသလောက် လုပ်ကိုင်ပေးခဲ့ပါတယ်။ ဘီအိုင်အေက – ဘီဒီအေ ပြောင်းချိန်မှာ မြန်မာ့တပ်မတော်သားတွေ

ကျောက်ဆည်ခရိုင်မှာ ယာယီလာရောက် စုရုံးပြန်တော့ ခရိုင် ရိက္ခာတာဝန်ခံ အဖြစ် မမြရီနဲ့ အမျိုးသမီးတတွေပဲ တာဝန်ယူရပြန်တယ်။ မြန်မာ့တပ်မတော် အတွက် တပ်သားစုဆောင်းရေး တာဝန်တွေကိုလဲ ပါဝင်လုပ်ခဲ့ကြရပါတယ်။

ခရိုင်ဝန် (ဦးဘုံဂွမ်) လက်ထက် အောင်သပြေပွဲတော်များ လုပ်ရင်း မမြရီက အာရှလူငယ် ခရိုင်အမျိုးသမီးဥက္ကဋ္ဌ တာဝန်ဆောင်ရွက်ခဲ့ရပါတယ်။ တစ်ဖက်မှာလဲ ဂျပန်တော်လှန်ရေးတာဝန်များကို အဆက်မပြတ် တာဝန်ယူ လုပ်ကိုင်ဆောင်ရွက်နေခဲ့ပါတယ်။

မမြရီဟာ ကျောက်ဆည်မှာ ဂျပန်ဆန့်ကျင်ရေး မြေအောက်လုပ်ငန်းတွေ လုပ်ကိုင်ပေးနေတဲ့ သတင်းကို ဂျပန်က အနံ့ရသွားတော့ ကျောက်ဆည်မှာ နေလို့မရတော့ဘူး။ ဒါကြောင့် မန္တလေးက ရဲဘော်ထွန်းစိန် (သခင်အေးမောင် ခေါ် ရဲနီထွန်းစိန်)က လာခေါ်သွားတယ်။ ၄၂ ခု၊ စက်တင်ဘာလလောက်မှာပဲ ဖြစ်ပါတယ်။ ရဲဘော်ထွန်းစိန်က မမြရီကို သခင်တင်မြနဲ့ တွေ့ပေးတယ်။ သခင်တင်မြနဲ့ အတူ မန္တလေး၊ အမရပူရ၊ စစ်ကိုင်းနယ်များဆီ သွားပြီး မော်ကွန်စ်ဝါဒနဲ့ ဖက်ဆစ်ဂျပန် တော်လှန်ရေးသင်တန်းတွေကို လျှို့ဝှက်ပြီး ပို့ချပေးခဲ့ကြရပါတယ်။

အမျိုးသမီးတွေ ဂျပန်တော်လှန်ရေး လုပ်တယ်ဆိုတာ လွယ်တဲ့အလုပ် မဟုတ်ဘူးဆိုတာ မမြရီတစ်ယောက် နားလည်ပါတယ်။ ဒါပေမယ့် လုပ်ကြရမှာ ပဲ၊ ဖက်ဆစ်ဖိနှိပ်အောက်မှာ အလူးအလဲ ညှဉ်းဆဲခံနေရတယ်။ ဒါကြောင့် ဂျပန်ဖက်ဆစ်ဆန့်ကျင်ရေး လုပ်ငန်းမှာ အမျိုးသမီးထုကြီးတစ်ရပ်လုံး ပါရမှာပဲ။

မမြရီကတော့ ဒီလုပ်ငန်းကို လုပ်ကိုင်နေစဉ်မှာ အဆိပ်ပုလင်း တစ်ပုလင်း နဲ့ ဓားမြှောင်တစ်လက် အမြဲတမ်း ဆောင်ထားတယ်။ မတော်တဆ ဂျပန် လက်တွင်း ကျဆင်းသွားရင် ဂျပန်ကို ဓားမြှောင်နဲ့ ထိုးသတ်မယ်၊ ပြီးတော့ အဆိပ် သောက်သေလိုက်မယ်။ ဒီရည်ရွယ်ချက်နဲ့ အမြဲဆောင်ထားရတာပါပဲ။ ဒို့ဗမာအစည်းအရုံးခေတ်တုန်းကလဲ နိုင်ငံရေးလုပ်ကိုင်နေတုန်း ဒီလိုယောကျ်ား တွေနဲ့ တပူးတွဲတွဲ သွားလာနေရတော့ တစ်နေ့နေ့ ဒုက္ခရောက်မှာပဲလို့ ဆိုးရိမ်စိတ်နဲ့ သတိပေးကြတယ်။ တချို့ကတော့လဲ ဒီကောင်မလေး ပျက်စီးသွားမှာ အမှန်ပဲဆိုပြီး မမြရီကို ကြည့်ပြီး တစေ့တစောင်း ပြောကြ မေးငေါ့ကြတယ်။

ဘာကြောင့်လဲဆိုရင် အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးကို ယောကျ်ားတွေနဲ့ အတူ အိုးပစ်အိမ်ပစ် ဝင်လုပ်တာ မရှိသလောက်ဘဲ။ အဲဒါကြောင့် မေးငေါ့ကြတာ

ကို အပြစ်တင်ကြတာတို့ဟာ မဆန်းဘူး။ တစ်ခါကလဲ မမြရီ သခင်တင်မြနဲ့ ကျောက်ဆည်အနောက်ဘက် ဒွေးလှရွာကို စည်းရုံးရေးဆင်းဖို့ မြင်းလှည်းနဲ့ သွားတော့ "မမြရီတစ်ယောက် လင်နောက်လိုက်ပြေးပြီလို့" မမြရီအမေကို သွားပြောကြ တယ်။ အမေလုပ်သူကလဲ စိတ်ပူမိလိုက်ပါသေးတယ်။ အဲဒီလိုလဲ ကြုံလိုက်ရပါသေးတယ်။ သခင်တင်မြနဲ့အတူ အထက်မြန်မာပြည်မှာ လျှို့ဝှက် စည်းရုံးရေးတွေ လုပ်နေတုန်း မမြရီကို အောက်မြန်မာပြည်ရှိ ကွန်မြူနစ်ပါတီ ဌာနချုပ်ကို လွှတ်လိုက်ဖို့ ရဲဘော်ထွန်းစိန်က တစ်ဆင့်မှာလိုက်တယ်။

အောက်မြန်မာပြည်ကို လိုက်သွားရင် အထက်မြန်မာပြည်ရှိ အမျိုးသမီး တွေ စည်းရုံးဖို့ မမြရီနေရာမှာ အမျိုးသမီး တစ်ဦးဦးကို အစားထိုးထားခဲ့ဖို့ လိုတယ်။ ဒါနဲ့ သခင်တင်မြ၊ ရဲဘော်ထွန်းစိန်နဲ့ မမြရီတို့ ရှာကြတယ်။ အဲဒီမယ် ဒေါ်စောမြကို တွေ့တယ်။ ဒေါ်စောမြ (အခု ဗဟိုအလုပ်သမား ကောင်စီဝင်)က အမရပူရမြို့နယ် ပန်းဘဲရပ်မှာ မူလတန်းဆရာမလုပ်နေတယ်။ သူတို့တွေ့ဆုံပြီး ဆွေးနွေးတော့ လိုလိုချင်ချင်ပဲ သူက လက်ခံတယ်။ နောက် မန္တလေးအယ်ဒီတာ ဦးနိုင်ရဲ့ သမီး မမြနုနဲ့ မမြမေ (အခု ကုန်သွယ်ရေး- ၅) တို့ကို ဆက်စည်းရုံးတယ်။ အဝတ်အစား ၆ လစာနဲ့ လက်ဝတ်လက်စား အသင့်အတင့် ယူခဲ့ဖို့လဲ ရဲဘော်ထွန်းစိန်ကတစ်ဆင့် သခင်သန်းထွန်းက မှာလိုက်တယ်။ ဘာ ရည်ရွယ်ချက်နဲ့ဆိုတာ မမြရီ မသိလိုက်ဘူး။ မှာလိုက် တဲ့အတိုင်း ယူပြီး သခင်တင်မြနဲ့အတူ ရန်ကုန်ဆင်းသွားတယ်။

## နှင်နှစ်ကျော်ကျော် ကွဲနေတဲ့ ချစ်သူနဲ့ ပြန်တွေ့ခြင်း

ရန်ကုန်ရောက်တော့ ပါသွားတဲ့ လက်ကောက်ကို သခင်နုဇနီး ဒေါ်မြရီ ဆီ မမြရီက ဂျပန်ငွေ ၄၀၀ိ/–နဲ့ ရောင်းလိုက်တယ်။ နောက် မမြရီက အဝတ်အစားတွေ ဝယ်တယ်၊ ဒီတုန်းက အထည်ကောင်း ကောင်း ဝယ်နိုင်တာက ဂျပန်ကတော်လောက်ပဲ ရှိတယ်။ မမြရီက သူ့အတွက် ဆော်လီတို့ ချိတ်ထဘီတို့ ဝယ်တယ်။ ပြီးတော့ မမြရီဆီမှာ ငွေတွေလဲ အများကြီးဆိုတော့ ဘေးက မိန်းမယောကျ်ားတွေ ဝိုင်းကြည့်ပြီး "ဂျပန်ကတော်" နေမှာပဲလို့ တီးတိုးပြောသံ ကြားရတယ်။ ဒီတော့ မမြရီ ဒေါသဖြစ်ရသေးတယ်ဟဲ့။

ရန်ကုန်က အိမ်တစ်အိမ်မှာ သခင်တင်မြက မမြရီကို ထားခဲ့ပြီး သူတစ်ယောက်တည်း သခင်သန်းထွန်းနဲ့ သွားတွေ့တယ်။ နောက် သခင်သန်း

ထွန်းဆီက ပြန်လာတော့ မမြရီမျက်နှာကြည့်ပြီး ပြုံးလာတယ်။ သူက ပြုံးလာတော့ ခါတိုင်းကူးသွားသလို အလိုလို မမြရီလဲ ပြုံးသွားရပြန်တယ်။ ဆာမှတော့ မသိဘူး။ နောက်တော့မှ "သခင်တင်ရွှေ ပြန်ရောက်ပြီ"ဆိုတဲ့ အကြောင်းကို ပြောပြတယ်။ ဒီလိုသူပြောပြလိုက်တော့ သူ့ကို နောက်ပြောင်နေ တယ်လို့တောင် မမြရီက အောက်မေ့နေသေးတယ်၊ သူ့နားကိုတောင်သူက မယုံချင်ဘူးတဲ့။

လာရင်းကတော့ ဗဟိုမှာ တာဝန်ယူဖို့ပဲ။ ဒါပေမယ့် မမျှော်လင့်ဘဲ "စိုင်ကော်လို့ ချူပေါ်ရောက်" ဆိုတဲ့ စကားပုံကိုပဲ ပုံခိုင်းပြောရမလား၊ ဒါမှ မဟုတ် "စားရက်ကြွံလို့ မုတ်ဆိတ်ပျားစွဲ"ဆိုတဲ့ ပုံခိုင်းနဲ့ပဲ နှိုင်းရမလားဆိုတာကို တောင် မမြရီတစ်ယောက်တော့ နားမလည်နိုင်အောင်ပါဘဲတဲ့။

သခင်တင်ရွှေက မမြရီ ကျောက်ဆည်မှာ ရှိတယ်အထင်နဲ့ မမြရီကို ကျောက်ဆည်က ခေါ်ယူဖို့ သခင်သန်းထွန်းကို ပြောပြနေသေးသတဲ့။ "သူအခု သခင်စိုးစခန်းမှာပဲ ရှိသတဲ့"လို့ သခင်တင်မြက ပြုံးရင်း မမြရီကို ပြောပြလိုက်တော့၊ ချိန်ကိုက်ဖြစ်သွားတာမို့ မမြရီအတွက် အတိုင်းအဆမရှိ ဝမ်းမြောက်သွားရပြန်တယ်။

မမြရီက စာရေးသူကို ပြောပြနေရာကနေ "ကိုကျော်ဝင်းမောင်ပဲ စဉ်းစားကြည့် ကျွန်မ ဘယ်လောက်ဝမ်းသာနေမလဲဆိုတာ"လို့ စာရေးသူကို ရယ်ရယ်မောမော ပြောပြတယ်။ ပြီး သခင်တင်မြက သူ့ရဲ့ "ဘုံဘဝမှာဖြင့်"ဆိုတဲ့ စာအုပ်မှာလဲ ရေးထားသေးတာဖတ်ရမှာပဲလို့ ပြောတော့ ဟုတ်ကဲ့ ဖတ်ရပါတယ်လို့ စာရေးသူက ပြန်ဖြေလိုက်ပါတယ်။

(စာရှုသူတို့ သတိရအောင် ထပ်ပြီး ဟောဒီလို ဖော်ပြလိုက်ပါတယ်။ စာရေးသူ)

"နှစ်နှစ်ခန့် ကွဲကွာနေသော နိုင်ငံခြားမှ စွန့်စား၍ ပြန်ရောက်လာသည့် ချစ်သူရည်းစားနှင့် မကြာမီ တွေ့ရတော့မည် ဖြစ်သည့် မမြရီသည် ဝမ်းမြောက် ရွှင်မြူးနေသည်။ သမ္မန်ပေါ်မှာပင် ငြိမ်ငြိမ်မနေနိုင်။ တလှုပ်လှုပ်တရွရွနှင့် စကားတွေအတောမသတ် ပြောနေလေသည်။ ကျွန်တော်လည်း ရဲဘော်ရဲဘက် တစ်ယောက်နှင့် ပြန်တွေ့ရမည်ဖြစ်၍ ဝမ်းမြောက်နေပါသည်။ ကျွန်တော်တို့ ကို လိုက်ပို့သော ရဲဘော်ကမူ မမြရီ၏ အမူအရာကို ကြည့်ပြီး အံ့သြနေဟန် တူပါသည်"

ဗန်းမော်စာပေတိုက်

တင်မြ/သခင်။ ဘုံဘဝမှာဖြင့် ပုဂံစာအုပ်တိုက်နှင့် ကုမာရပုံနှိပ်တိုက်-တစ်စုတစ်စည်းတည်း ပုံနှိပ်ခြင်း-ပထမအကြိမ်-၁၉၇၁ မျက်-၅၅၇)။

ရန်ကုန်ကနေ သခင်စိုးရှိရာ ကျိုက်လတ်နယ်ကို သွားရမယ်၊ ဂျပန်ငွေ ၄၀/- နဲ့ သမ္ဗန်တစ်စင်းကို ငှားလိုက်တယ်။ သခင်တင်မြကို သမ္ဗာန်ထဲ ထားခဲ့ပြီး မမြရီက "မုန့်ဟင်းခါးစားမယ်"ဆိုပြီး ဆိပ်ကမ်းပေါ် တက်သွားတယ်။ ဒီအချိန်က ကျိုက်လတ်ဖျာပုံ မော်တော်တွေ ရှိပေမယ့် လူသိမှာစိုးလို့ သမ္ဗန်ငှားပြီး သွားရခြင်းပါ။

မမျှော်လင့်ဘဲ သခင်သန်းမြိုင် (ကျောက်ဆည်)နဲ့ တွေ့လိုက်တယ်။ သူတို့က ဂျပန်စစ်ပုလိပ် (ကင်ပေတိုင်) အဖွဲ့မှ လျှို့ဝှက်သင်တန်းတွေ တက်နေသလို ကြားထားပြီးဖြစ်တော့ သူ့ကို အတွေ့မခံဘဲ လှည့်ထွက်မယ် အလုပ် သခင်သန်းမြိုင်က လက်ကို ဖမ်းဆွဲလိုက်တယ်။ ပြီးတော့ သူက "ဘယ်သွားမလို့လဲ" "အဖေနေမကောင်းလို့ ဖျာပုံလိုက်မလို့"ဆိုပြီး လိမ်လည် ပြောလိုက်တယ်။ မမြရီအဖေက ဖျာပုံမှာရှိတာလဲ အမှန်ပဲ။ အဲဒီတော့ သူက "သခင်တင်ရွှေ ပြန်ရောက်နေတယ်၊ လာလိုက်ခဲ့"လို့ ခေါ်နေပြန်တယ်။ "ဟင့်အင်း မလိုက်တော့ပါဘူး လှေငှားထားပြီးပြီ" လို့ သူ့စကားထဲ ခိုတ်မဝင်စားဟန်ပြပြီး ငြင်းလိုက်တယ်။

"လိုက်သာလိုက်ခဲ့ပါ၊ လှေငှားခ ငါပြန်အမ်းပေးပါ့မယ်"ဆိုပြီး လုပ်နေသေးတယ်။ မမြရီက ဖွတ်ငြင်းလိုက်တော့မှ သူလဲ လက်လျှော့ပြန်သွားတယ်။ ဒီတော့မှ မမြရီလဲ "အင်း"ဆိုပြီး သက်မကို ချလိုက်နိုင်တော့တယ်။

(နောင် သခင်တင်ရွှေကိုတွေ့တော့ မမြရီက သခင်သန်းမြိုင်က သူတို့ သခင်တင်ရွှေရောက်နေတဲ့အကြောင်း သူ့ကိုပြောပြသေးတယ်ဆိုတာ ပြောပြ လိုက်တော့ "လျှို့ဝှက်ရေး မထိန်းသိမ်းဘဲ ဒီလိုပြောရပါ့မလား" ဆိုပြီး သခင်တင်ရွှေက သခင်သန်းမြိုင်ကို တော်တော်ဒေါပွသွားသေးသတဲ့။ ဒီအချိန်က သခင်သန်းမြိုင်လဲ ကွန်မြူနစ်ပါတီနဲ့ အဆက်အသွယ်ရှိနေပြီ။)

သခင်သန်းမြိုင် ထွက်သွားပြီး မမြရီတို့လဲ ရန်ကုန်ဆိပ်ကမ်းက အမြန်ဆုံး ခွာခဲ့ကြပါတယ်။ ကိုသိန်းဖေဆီက အမျိုးသမီးဝါဒဖြန့်ချိရေးမှူး တစ်ယောက်လိုတယ်ဆိုလို့ မမြရီကို ရွေးချယ်လိုက်တယ်၊ ဒီအချိန်က အမျိုးသမီး တွေဒါက သိပ်မရှိသေးဘူး။ ပြီးတော့ သခင်တင်ရွှေနဲ့ မမြရီတို့ ချစ်ကြိုက်နေကြ တယ်ဆိုတာလဲ ပါတီက သိတယ်။ ဒါကြောင့် မမြရီကိုရွေးရင် အစစအရာရာ

အဆင်ပြေလိမ့်မယ်လို့ စဉ်းစားကြပြီး ရွေးချယ်ခေါ်ယူလိုက်ဟန် တူတယ်လို့ မမြရီက ယူဆပါသတဲ့။

သခင်တင်မြတို့ ကျိုက်လတ်နဲ့ ဆယ်မိုင်လောက်ဝေးတဲ့ ညောင်ချောင်းရွာလယ်တဲဆီကို ရောက်ကြပါတယ်။ အဲဒီမှာ ကိုထွန်းဦး (သခင်စိုးရဲ့ နာမည်ဝှက်)နဲ့ သခင်တင်ရွှေ (ကိုဖိုးယုံ)တို့ကို တွေ့ရတယ်။ သခင်တင်ရွှေနဲ့ မမြရီက သမီးရည်းစားဘဝနဲ့ အကြာကြီး နေခဲ့ရတယ်။ တာဝန်အရ ရက်ပေါင်းများစွာ ခွဲခွာနေခဲ့ရပြီး အန္တရာယ်တွေ ဖြတ်ကျော်လာပြီးမှ ပြန်တွေ့ကြတော့ ဝမ်းနည်းဝမ်းသာ ဖြစ်ကြတယ်။ ဤမြွေမရအောင် ရွှင်မြူးသွားကြပါတယ်။

> "ဟော့ ဖိုးတင်မြ ကိုယ်မင်းကို အထူးပဲ ကျေးဇူးတင်တယ်၊ မမြရီကို အခုလို ခေါ်လာတာ အလွန်ကျေးဇူးတင်တယ်ဟော့"ဟု သခင်တင်ရွှေက ကျွန်တော့်ကို ရွှင်မြူးစွာ ပြောလိုက်သည်။
>
> "ကျွန်တော် မမြရီကို ခေါ်လာတာက အမျိုးသမီးစည်းရုံးရေး တာဝန်ယူဖို့ဗျ၊ အခုတော့ ခင်ဗျားပြန်ရောက်အလာမှာ သမီးရည်းစား နှစ်ယောက်ကို တွေ့ဆုံပေးဖို့ ခေါ်လာသလို ဖြစ်နေပြီ"
>
> သခင်စိုးက "သမီးရည်းစားတွေ့ပေးဖို့တင် မဟုတ်တော့ဘူး၊ သူတို့နှစ်ယောက်ကို လက်ထပ်ပေးလိုက်ဖို့ပဲ၊ ကဲ သခင်တင်ရွှေ အခု အချိန်ကစပြီး ရဲဘော်တင်ရွှေနဲ့ ရဲဘော်မမြရီတို့ကို လက်ထပ်ပေးလိုက်ပြီ၊ ဇနီးမောင်နှံအဖြစ် အသိအမှတ်ပြုလိုက်ပြီ"ဟု ကြေညာလေတယ်။
>
> "သခင်စိုးက လက်ခုပ်စတီးသဖြင့် ကျွန်တော်တို့ကပါ ဝိုင်း၍ လက်ခုပ်တီး ကြသည်။" သခင်တင်မြရဲ့ အထက်ပါစာအုပ်–စာ၅၅၇။

ကျိုက်လတ်မြို့ ညောင်ချောင်းရွာအလွန် ချောင်းနံဘေးက လယ်တောထဲက ကွန်မြူနစ်ပါတီ ဌာနချုပ်မှာပဲ မမြရီနဲ့ သခင်တင်ရွှေတို့ မင်္ဂလာအခမ်းအနားပွဲ ကျင်းပပြီးစီးခဲ့ပါတယ်။

## ခြေဖဝါးတော်နှုန့ သွေးခြေတော်ဥ

အိန္ဒိယပြည်သို့ ပြန်ဖို့ ချိန်းဆိုထားတဲ့ရက် နီးလာတော့ သူတို့ ရန်ကုန်ကို လာခဲ့ပါတယ်။ ရန်ကုန် ၄–ထပ်တိုက်ဗ် အပေါ်ဆုံးအခန်း့မှာ ခေတ္တ နေကြတယ်။ "သခင်တင်ရွှေ မိန်းမခိုးခဲ့တယ်"ဆိုပြီး ပြောထာ ကြတယ်။

သူတို့ ၄–ထပ်မှာ ပုန်းနေတယ်။ အပြင်ထွက်စရာရှိရင်၊ ဝယ်စရာရှိရင် သခင်တင်ရွှေက ထွက်ရမယ့်အစား မမြရီကပဲ အောက်ထပ်ကို ဆင်းဆင်းပြီး သွားရလာရတော့ လူတွေအဖို့ အဆန်းလို ဖြစ်နေတယ်။

သူတို့လင်မယားပြောကြတဲ့ စကားတွေကျပြန်တော့၊ ညားခါစ လင်မယားမို့ တစ်ယောက်ကိုတစ်ယောက် တီတီတာတာ တယုတယ ပြောရဆိုရမယ့် စကားတွေ မဟုတ်ဘဲ ရဲဘော်၊ ရဲဘော်မတွေအတွင်း ပြောကြဆိုကြတဲ့ စကားမျိုးတွေ ဖြစ်နေပြန်တော့ ပတ်ဝန်းကျင်အတွက် ပိုပြီး ဆန်းနေပြန်ပါတယ်။

သူတို့ ရန်ကုန်မှာ ဦးကျော်ငြိမ်း (အာအီးတီကွယ်လွန်) နဲ့ ဗိုလ်ဗတင်တို့ အိမ်မှာ တစ်လှည့်စီ ပုန်းအောင်းနေကြရပါတယ်။ သူတို့နဲ့အတူ ရခိုင်အမျိုးသား ကိုညိုထွန်း (ယခု သံအမတ်ကြီး)ကို ထည့်ဖို့ သခင်စိုးနဲ့ သခင်သန်းထွန်းတို့က သဘောတူကြတယ်။ ရခိုင်စစ်မျက်နှာမှာ အင်္ဂလိပ်တွေနဲ့ ဂျပန်တပ်တွေ သူဝင်ငါထွက်ဆိုသလို ရှေ့တိုးနောက်ငင် တိုက်ပွဲဆင်နေချိန် ဖြစ်တယ်။ ကြောခင် အင်္ဂလိပ်တွေ အပြင်းအထန် စစ်ဆင်လာစရာ ရှိတယ်။ စစ်အခြေအနေအရ ဂျပန်တော်လှန်ရေးကို ရခိုင်က စတင်လုပ်နိုင်ဖို့လိုတယ်။ ဒါကြောင့် ကိုညိုထွန်းကို မဟာမိတ်တပ်တွေနဲ့ ဆက်သွယ်ဖို့အကူအညီရယူပြီး ရခိုင်ဖက်ဆစ်တော်လှန်ရေးကို ခေါင်းဆောင်ဖို့ တာဝန်ပေး စေလွှတ်လိုက်ခြင်း ဖြစ်တယ်။ ဒီတုန်းက ကိုညိုထွန်းဟာ ရခိုင်တိုင်း မဟာဗမာအဖွဲ့တိုင်းမှူးကြီးပါ။

(ကိုညိုထွန်းက ရခိုင်တိုင်း မဟာ ဗမာအဖွဲ့ စည်းရုံးရေးဆင်းတဲ့ အနေနဲ့ သွားဖို့ပါ။ မဟာဗမာအဖွဲ့ချုပ်ဆိုတာ ဒေါက်တာဘမော်ဦးစီးတဲ့ ဆင်းရဲသားမအဖွဲ့ (ဝါ) ဆင်းရဲသားအဖွဲ့နဲ့ ဒို့ဗမာအစည်းအရုံးနဲ့ ညီညွတ်ရေးကို ရွေးရှုပ်ပေါင်းလိုက်တဲ့ အတွက် ဒို့ဗမာဆင်းရဲသားအစည်းအရုံး ဖြစ်လာတယ်။ မဟာဗမာအဖွဲ့လို့လဲ ခေါ်တယ်။ စာရေးသူ။)

သွားကြရတဲ့ပုံကလဲ တိုင်းခန်းလှည့်လည်တဲ့ ပုံစံမျိုး အဆောင်အယောင်နဲ့ပါ။ ကိုကျော်ရင်က တိုင်းမှူးကြီးရဲ့ ရုံးအုပ်၊ သခင်တင်ရွှေ နဲ့ မမြရီက စာရေးဇနီးမောင်နှံအဖြစ်နဲ့ လိုက်ပါကြရတယ်။

သခင်တင်မြက အိန္ဒိယကွန်မြူနစ်ပါတီနဲ့ ကိုသိန်းဖေတို့ဆီကို သခင်စိုး ပေးလိုက်တဲ့ စာတွေနဲ့ ပါတီက ထုတ်ဝေတဲ့ စာရွက်စာတမ်းတွေ ကိုညိုထွန်း လက်ထဲ အပ်ပြီး ပြန်သွားပါတယ်။

---

ကိုညိုထွန်းကို ဂျပန်စစ်ဘက်က ပေးလိုက်တဲ့ ဂျပန်ဝါဒဖြန့်ချိရေးစာရွက်စာတမ်းတွေလဲ တပွေ့တပိုက်ကြီး ပါခဲ့တယ်။ ရခိုင်တိုင်း စည်းရုံးရေးအတွက် ဂျပန်စစ်ဘက်ဌာနတစ်ခုရဲ့ ထောက်ခံစာလဲ ပါတယ်။ ဒီထောက်ခံစာဟာ သွားရေးလာရေးမှာ အင်မတန် အထောက်အကူပြုခဲ့ပါတယ်။

သခင်တင်ရွှေတို့ကို ရခိုင်ကမ်းခြေအထိ လိုက်ပို့မယ့်သူက ကိုကျော်ရင် (ပါမောက္ခ–ဦးကျော်ရင်–ကွယ်လွန်)။ ၁၉၄၄ ခုနှစ် ဇန်နဝါရီလထဲမှာ ရန်ကုန်က သခင်တင်ရွှေလာတဲ့လမ်း အတိုင်း ရခိုင်ကို စတင်ထွက်ခွာသွားကြပါတယ်။ ရခိုင်နယ်ထဲ ရောက်ကြတဲ့ အခါမှာ ကိုညိုထွန်းက မဟာဗမာတိုင်းမှူးကြီး တံဆိပ်နဲ့ ဂျပန်တပ်တွေဝင်၊ လမ်းဖောက်နေတဲ့ ဂျပန်စခန်းတွေဝင်၊ ပါလာတဲ့ စာရွက်စာတမ်းတွေဝေဆိုတော့ တယ်အဆင်ပြေနေတယ်ပေါ့။ ဂျပန်တွေက "ထိုက်ဆံ ယောရောရှိအားကြီးကောင်းတယ်"ဆိုပြီး သဘောတော်ခွေ့ကြတယ်။ မမြရီကလဲ ကျောက်ဆည်တုန်းက ဂျပန်အဝင်မှာ ဂျပန်ကျောင်းတက်ပြီး ဂျပန်စကားတွေ သင်ထားခဲ့တော့ ဂျပန်စကားကို လိုတဲ့နေရာသုံးလိုက်ရလို့ ပိုပြီး အဆင်ပြေနေပါတယ်။

ရခိုင်ရိုးမကို ကျော်ပြီး "ဥမြို့" နားက မန်ကျည်းစင်ကို အရောက်သွားကြတယ်။ ရိုးမဟိုဘက်ရောက်ကတည်းက မဟာဗမာတိုင်းမှူးကြီး ဦးညိုထွန်းဟာလဲ အဆောင်အယောင်တွေ ခွာချလိုက်ပါတယ်။ ကိုကျော်ရင်ရဲ့ မိတ်ဆွေဟောင်း ကိုဖိုးစံဆိုတဲ့ လူ့အိမ်မှာ ကိုကျော်ရင်က သူတို့ကို ထားခဲ့ပြီး သူက သံတွဲဘက် ပြန်သွားတယ်။ သခင်တင်ရွှေတို့က စစ်သင်္ဘောနဲ့ ချိန်းခဲ့တဲ့ ရက်ထက် စောပြီး ရောက်လာလို့ ၄ ရက်လောက် စောင့်နေရသေးတယ်။ ကိုကျော်ရင်က သံတွဲသားဆိုတော့ မြောက်နက်သာ ကျွမ်းကျင်တယ်၊ ဥဘက်ကို မကျွမ်းကျင်ဘူး။ ဒါကြောင့် ကိုကျော်ရင်က ဥမြို့မှာ ဝန်ထမ်းမှူး လုပ်နေတဲ့ ကိုသန်းမောင် (ဥမြို့က ကုန်သည်ဦးသန်းမောင်။ ရန်ကုန်အလုံမှာနေ)ကို သွားခေါ်တယ်။

ဒီအချိန်က ဥမြို့မှာ လူတွေမနေကြတော့ဘူး၊ မဟာမိတ်လေယာဉ်တွေက နေ့တိုင်းအဆက် မပြတ်လာပြီး စက်သေနတ်ပစ်၊ ဗုံးကြဲတော့ လူတွေနီးစပ်ရာ တောကို ပြောင်းရွှေ့နေထိုင်ကြတယ်။ ကိုကျော်ရင်က ကိုသန်းမောင်ကို အခန့်သင့် တွေ့ခဲ့ပြီး၊ သခင်တင်ရွှေတို့ နေတဲ့ မန်ကျည်းစင်ကို တစ်ပါတည်း ခေါ်ခဲ့ပါတယ်။ မန်ကျည်းစင်နဲ့ ဥမြို့က ၂၈ မိုင်ဝေးတယ်။ ကိုကျော်ရင်နဲ့

ကိုသန်းမောင်တို့ ဒီခရီးကို နေ့ချင်းပေါက်နဲ့ ရောက်အောင် လျှောက်ခဲ့နိုင်ကြတယ်။ သူခေါ်လာတုန်းကတော့ အရေးကြီးတဲ့ ကိစ္စရှိလို့ဆိုပြီး ခေါ်ခဲ့တယ်။ သခင်တင်ရွှေတို့နဲ့ တွေ့မှ အကျိုးအကြောင်းကို သူက ဖွင့်ပြောပြတယ်။

နောက်တစ်နေ့ နံနက်မှာ ကိုကျောင်းရင်က သခင်တင်ရွှေတို့တစ်တွေကို ဗွမ်ဘက်ကို ပြန်ခေါ်ခဲ့တယ်။ ကုလားချောင်းတဲစုကို နေ့လယ် ၁၂ နာရီလောက်မှာ ရောက်တယ်။ သခင်တင်ရွှေ အိန္ဒိယက စစ်သင်္ဘောနဲ့ လာတုန်းက ရခိုင်ကမ်းပေါ် တက်တဲ့နေရာဟာလဲ ကုလားချောင်းလယ်တဲနဲ့ ၂ ဖာလုံလောက်ဝေးတဲ့ ဘောမိချိုင်မှာပဲ။ အခု အိန္ဒိယအပြန်ခရီးမှာလဲ ဘောမိချိုင်က လာကြိုမဲ့ စစ်သင်္ဘောကို ချိန်းခဲ့တာကြောင့် ဒီလိုလာခဲ့ကြရတယ်။ ဒါကြောင့် သူတို့ဘောမိချိုင်နဲ့ တောင်ဘက် (၁၀) မိုင်လောက်ဝေးတဲ့ မန်ကျည်းစင်ရွာကို အပင်ပန်းခံလာပြီး တည်းခိုကြရတယ်။

မမြရီအကြောင်းကို ပြောရဦးမယ်။ ပထမဆုံး ရခိုင်ရိုးမကိုကျော်တော့ အားနဲ့မာန်နဲ့ပေါ့။ ပေါ့ပေါ့ပါးပါး ပြေးလိုက်လွှားလိုက် ခုန်ပေါက်လိုက်နဲ့။ ဒါပေမယ့် နောက်ပိုင်းကျတော့ မသွားနိုင်တော့ဘူး။ ပျော့ခွေပြီးလာတော့တယ်။ ခြေကိုမသယ်နိုင်တော့ဘူး၊ သခင်တင်ရွှေတို့တစ်တွေက တစ်ဘက်တစ်ချက်တွဲခေါ်ကြရတယ်။ သူတို့ကိုယ်တိုင်မှာလဲ ပင်ပန်းမောဟိုက် ခြေကုန်လက်ပန်းကျနေကြပြီ။ အဲဒီတော့ သူတို့ကို မမြရီက ပြန်အားနာနေပါတယ်။ ဒါကြောင့်သူ့ဟာသူ ကြိုးစားပြီး ကုတ်ခြစ်တက်တယ်။ ဒီအထဲ တောဆင်ခြေရာဆင်ချေးတွေကို တစ်ခါတစ်ခါ တွေ့နေရပြန်သေးတယ်။ မြို့ကြီးတွေ ဖြတ်သွားရတဲ့အခါပင်မြင့်မှာ သဇင်ပန်းတွေနဲ့ ဝေဝေဆာဆာနဲ့ပေါ့။ ရနံ့တွေ ကြိုင်သင်းနေတယ်။ ဒီပန်းတွေ မြင်တွေ့ပြီး ပန်းရနံ့တွေကို လှိုင်လှိုင် ရှူရှိုက်ရတော့ လန်းလန်းဆန်းဆန်း ဖြစ်လာပါတယ်။ အမျိုးသမီးဆိုတော့ ပန်းအလှနဲ့ ပန်းရနံ့တွေကိုအင်မတန် မက်မောတွယ်တာတာအမှန်ပဲ။ ဒါပေမယ့် ပင်ပန်းလွန်းအားကြီးလာတော့ မမြရီတစ်ယောက်ကတော့ ဒီပန်းတွေကို မခင်တွယ် မမက်မောနိုင်ရှာဘူးတဲ့။

လှိုတွေ မြောင်တွေ၊ အဆင်းတွေ အတက်တွေကလဲ မေါလိုက်ပါဘိ။ ဆောင်ဆင်းတွေကျတော့ မမြရီမှာ သူတို့ကို တွဲမခိုင်းတော့ဘူး။ ကိုယ့်ဟာကိုယ်လျှောဆင်းခဲ့တယ်။ လှိုတွေကို ကုန်းပြုသွားရတဲ့အခါ ဆူးတွေကလဲ ဆံပင်ကိုဆောခဏ ငြိနေတော့ မျက်နှာသုတ် တဘက်နဲ့ ခေါင်းပေါင်းထားရပြန်တယ်။

တချို့နေရာတွေကျတော့ ကိုယ်ကို လှိမ့်ချလိုက်ပြီး သစ်ပင်တစ်ပင်ပင်ကို လှမ်းပြီး ဖက်ထားလိုက်ရသေးတယ်။

လမ်းမှာ ဝန်စည်တွေ ထမ်းဖို့ ရခိုင်အမျိုးသားတွေကို အခနဲ့ငှားရမ်းပြီး သွားရတာမျိုးလဲ ရှိတယ်။ လူငှားကို ခရီးဆုံးထိ မခေါ်ဘူး၊ တစ်ရွာရောက်၊ စခန်းတစ်ထောက်ရောက်ရင် လူလဲပြီး ခေါ်ရတယ်။ သူတို့တစ်တွေ ဂျပန်တော်လှန်ရေးအတွက် ဒီခရီးတွေ လျှောက်နေတယ်ဆိုတာလဲ ပြော မပြဘူး။ မဟာဗမာဝါဒဖြန့်ချိရေးအဖြစ်နဲ့သာ အသိပေးထားပါတယ်။ ဒီလိုနဲ့ ပင်လယ်ကမ်းခြေရောက်တော့ လမ်းပြနဲ့ အထမ်းသမားတွေ ပြန်လွှတ်လိုက် ပါတယ်။

သူတို့အကျီတွေလဲ စုတ်ပြတ်နေပြီ။ဖိနပ်လဲ မပါတော့ဘူး။ ပင်လယ် ကမ်းခြေမှာ ဒီရေလေး တက်လာတဲ့အခါများ အင်မတန် ကြည်နူးမိတယ်။ မမြရီကတော့ လှလှတွေ မြင်ပြန်တော့ ပျော်ရွှင်မြူးတူးပြန်တယ်။ ခရုလှလှ ကလေးတွေတွေ့တိုင်း အပြေးအလွှား ကောက်ရတာအမောပဲ။ ကိုညိုထွန်းကတော့ မမြရီကို ကြည့်ပြီး ပြုံးနေရာက "အေး ကောက်သာကောက် နောက်ကျမှ ဘာညာမပြောနဲ့"လို့ ပြောသေးတယ်။ ဒါပေမယ့် သူကတော့ ခရုတွေ လှတိုင်း ကောက်ပြီးရင်း ကောက်ယူထားတယ်။နောက်တော့ မသယ်နိုင်တော့ ပစ်ထားခဲ့ရတယ်။

သူတို့ ကုလားချောင်းကို ရောက်မယ့်နေ့ဟာ သခင်တင်ရွှေ စစ်သဘော်နဲ့ ချိန်းခဲ့တဲ့နေ့ပဲ။

ရွှေရခိုင်နဲ့တောင်ပေါက်မှာ စွဲထားတဲ့ ဂျပန်တပ်တွေက ဝွမြို့နယ် တောင်ပိုင်း ပင်လယ်ကမ်းခြေစောင့် တပ်တွေ ဖြစ်တယ်။ နေ့လယ်ပိုင်းမှာ ပင်လယ်ပြင်ကို အစေးကြည့်ကင်းများချထားပြီး ညပိုင်းမှာ ကမ်းခြေတစ်လျှောက် ဂျပန်လှည့်ကင်းတွေ ချထားတယ်။

သခင်တင်ရွှေ လာတုန်းက ဘောမိချိုင်က ရွှေရခိုင်တစ်လျှောက် ဂျပန် လှည့်ကင်းတွေ ရှိနေတယ်။ ဒါပေမယ့်သခင်တင်ရွှေက ဘုမသိဘမသိမို့ ကြောက်ရလန့်ရမှန်း မသိဘူး။ ဂျပန်လှည့်ကင်းတွေနဲ့ မတွေ့လို့ပေါ့၊ နို့မို့ရင် မလွယ်ဘူး။ အခုအပြန်မှာတော့ အလာတုန်းကလို စွတ်လာလို့ မဖြစ်တော့ဘူး။ ဂျပန်တပ်တွေ အခြေအနေကို ကိုယ်တိုင်နားလည်နေပြီ ဖြစ်တဲ့အတွက် လုံခြုံရေးကို ဂရုစိုက်ချိတက်ခဲ့ရတဲ့ အခြေအနေမှာ ရှိတယ်။

ဒါကြောင့် တောင်ပေါ်ကနေ ကင်းလှည့်ထွက်လာမယ့် ဂျပန်တွေ အခြေအနေ စောင့်ကြည့်ပြီး ကင်းရုပ်သွားမှ ပင်လယ်ပြင်က စစ်သင်္ဘောကို အချက်ပြဖို့ စီစဉ်ကြပါတယ်။

ဂျပန်ကင်းတပ်ကို စောင့်ကြည့်ဖို့ ကိုကျော်ရင်နဲ့ ကိုသန်းမောင်တို့ နှစ်ယောက်က ဂျပန်များ ကင်းလှည့်လေ့ရှိတဲ့ ဘောမိချိုင် ကမ်းခြေလမ်းတစ်နေရာက ချုံငယ်စုစုအနီးမှာ သဲတွင်းတူးပြီး ခြောက်လုံးပြူးတစ်လက်စီနဲ့ စောင့်ဆိုင်းကြည့်ရှုနေကြတယ်။ ၉ နာရီလောက်မှာ ဂျပန်လှည့်ကင်း ၃ ယောက် လှံစွပ်သေနတ်ကိုင်ပြီး လျှောက်လာကြတယ်။ ကိုကျော်ရင်တို့ ကင်းဝပ်နေတဲ့ နေရာနဲ့ ၂၅ ကိုက် အကွာကနေ ဖြတ်သွားပြီး တောင်ဘက်ကို လျှောက်သွားတယ်။ နောက် မြောက်ဘက်ကို ပြန်လှည့်ပြီး လာလမ်းအတိုင်း ပြန်သွားတယ်။ ကိုကျော်ရင်တို့လဲ ရင်တထိတ်ထိတ်နဲ့ စောင့်ကြည့်ပြီး နေရတယ်။ ဘာဖြစ်လာလိမ့်မလဲဆိုတာ ကိုတင်ရွှေကတော့ အသည်းတလှပ်လှပ်နဲ့ ရင်မပြီးနားဆင်နေရတယ်။

ကျောက်ဆောင်နောက်ကွယ်မှာ ပုန်းနေတဲ့ သခင်တင်ရွှေတို့ဆီ ကိုကျော်ရင်တို့ အမောတကော ပြေးလာပြီး ခေါ်ပါတယ်။ ဒီတော့မှ သူတို့ ပင်လယ်ပြင်ဆီ ဆင်းလိုက်သွားပါတယ်။ ၁၀ နာရီခွဲလောက်မှာ သခင်တင်ရွှေက လက်နှိပ်ဓာတ်မီးကို မှိတ်လိုက်လင်းလိုက်နဲ့ အချက်ပြပါတော့တယ်။ စစ်သင်္ဘောများ ပေါက်လာမလားလို့ ဂရုတစိုက်ကြည့်နေတုန်း မကြာခင် ရော်ဘာလှေကလေး ကမ်းခြေဆိုက်လာပါတယ်။ အားလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပါတယ်။ တစ်ယောက်နဲ့တစ်ယောက် လက်ဆွဲပြီး တီးတိုးနှုတ်ဆက်ကြပါတယ်။

ကိုညိုထွန်း၊ သခင်တင်ရွှေနဲ့ မမြရီတို့ (၃) ဦး ရော်ဘာလှေကလေးပေါ်တက်လိုက်ခဲ့ပါတယ်။ ကမန်းကတန်း တက်လာတော့ သတင်းစာဖိုင်ကြီးတစ်ခုလဲ မေ့ကျန်ရစ်ခဲ့တယ်။ ကိုကျော်ရင်နဲ့ ကိုသန်းမောင်တို့ကတော့ ကမ်းတွင် ကျန်ရစ်ခဲ့ပါတယ်။ သူတို့ကို ကြိုးလှေကားကနေ ဒက်စတွိုင်းယားစ်သင်္ဘောကြီးပေါ် အရောက်တက်ကြရတယ်။ သင်္ဘောပေါ် ရောက်တဲ့အခါ "နေကောင်းသလား" လို့ မေးတယ်။ ကြည့်လိုက်တော့ ကုလားကြီးတစ်ယောက်က သူတို့ကိုမြင်တော့ ဝမ်းသာအားရ မေးမြန်းခြင်းဖြစ်တယ်။ ဒီဒက်စတွိုင်းယားက သခင်တင်ရွှေကို လိုက်ပို့တဲ့ သင်္ဘောပဲ။ သင်္ဘောပေါ်မှာ ဗိုလ် ၁၃၆ က ကျောဘက်တားစဘီနဲ့ တွေ့တယ်။

အဲဒီအချိန်မှာ ဂျပန်ဆားလေ့ကြီးတစ်စင်းက သူတို့စစ်သင်္ဘောကို မြင်တော့ ရိုင်ဖယ်နဲ့ လှမ်းပစ်တယ်။ အဲဒီမှာ မမြရီကို ဗမာလို လှမ်းနှုတ်ဆက်တဲ့ ကုလားကြီး ကျည်သင့်ပြီး ဆုံးသွားပါတော့တယ်။ သူတို့လဲ စိတ်မကောင်း ဖြစ်ကြရတယ်။စစ်သင်္ဘောက ပြန်ပစ်လိုက်တော့ ပါလာတဲ့ ဂျပန်နှစ်ယောက်စလုံး ကျဆုံးသွားတယ်။ လှေပေါ်ပါလာတဲ့ ရခိုင်တွေက ဂျပန်တွေ မရှိတော့ဘူးလို့ လှမ်းအော်ကြတယ်၊ ဌမြို့က ရခိုင်အမျိုးသား ဦးကျော်ဦးနဲ့ လှေထိုးသားတွေ ကို သင်္ဘောပေါ် တင်ခေါ်ခဲ့ပါတယ်။သူတို့ကို အိန္ဒိယမှာထားပြီး စစ်ပြီးတော့မှ ရခိုင်ကို ပြန်ပို့လိုက်ပါတယ်။

## အိန္ဒိယဘုံရိပ်သာမှာ

သင်္ဘောပေါ်မှာတော့ စားစရာတွေနဲ့ ပစ္စည်းတွေက စုံလိုက်တာ၊၊ လက်နက်အစုံပါတယ်။ ငတ်ငတ်နဲ့ တဝကြီး စားကြတယ်။ အဲဒီကနေ သင်္ဘောခုတ်မောင်းလာတယ်။ သင်္ဘောတောက်တော့ အန်ချင်လာတယ်။ အစားတွေလဲ အဝစားထား၊ သင်္ဘောလဲ မစီးဖူးတော့ လှိုင်းမူးပြီး အန်ချင်လာတယ်။ အဲဒီမှာ သခင်တင်ရွှေက ပုံးတစ်ခုကို ဆွဲယူခဲ့တယ်၊ အဲဒီ အထဲ အန်ပစ်လိုက်ရတယ်။ နောက်မှ သခင်တင်ရွှေက ရေ ဆေးကြောပစ် လိုက်တယ်။

စစ်တကောင်းရောက်သွားတယ်။ အဲဒီက အိန္ဒိယအလယ်ပိုင်း "မီရတ်မြို့"ကို လေယာဉ်နဲ့ ခေါ်သွားတယ်။ စစ်တကောင်းရောက်တော့ မမြရီက လမ်းမလျှောက်နိုင်တော့ဘူး။ အင်္ဂလိပ်တွေကပဲ မော်တော်ကားပေါ် ထမ်းတင်ပေးတယ်။ မမြရီဆိုရင် ခြေထောက်တွေ သွေးပေါက်ပေါက်ကျနေတယ်၊ အင်္ဂလိပ်တွေက ဂျပန်တွေကို ဒီလိုနှယ်တဲ့ အမျိုးသမီးတစ်ဦးက တော်လှန်နေ တယ်ဆိုတော့ သူတို့ သိပ်အံ့ဩနေကြတယ်။ ဂျပန်ကို တော်လှန်ဖို့မပြောနဲ့ သူတို့ ဂျပန်ကို မြင်ရင်တောင် အင်မတန် ကြောက်တယ်ဆိုပြီး ပြောကြသေးတယ်၊ ဒါကြောင့် ရယ်ကြရသေးတယ်။

အိန္ဒိယပြည်ရောက်လို့ ဆေးကုတော့ ခြေထောက်တွေ စားပွဲပေါ်တင်ပြီး ဆေးကုရတယ်။သူတို့လျှောက်လာတဲ့ ခရီးစဉ်ကို ပြန်ကြည့်တယ်။မြေမာတို့၊ ကျောက်စရစ် ကျောက်ခဲတုံးတွေကိုလဲ နင်းလာရတယ်။ သဲပူထဲမှာလဲ လျှောက်ခဲ့ရ တယ်။ ဖိနပ်က စီးမဖြစ်ဆိုတော့ ခြေထောက်တွေ ကွဲအက်ကုန်တော့တယ်။

သခင်တင်ရွှေတို့ ပြန်ရောက်လာပြီဆိုတာနဲ့ ဗိုဒ် ၁၃၆ တပ်ဖွဲ့ကနေပြီး ကိုသိန်းဖေဆီ သတင်းပို့ခိုင်းလိုက်တယ်။ သူတို့က ကိုသိန်းဖေနဲ့ ချက်ချင်း တွေ့ချင်သလိုပဲ ကိုသိန်းဖေကလဲ သူတို့ကို တွေ့ချင်တဲ့ ဆန္ဒပြင်းပြနေတယ်။ ဒါပေမယ့် စစ်ဘက်က ချက်ချင်း တွေ့မပေးလို့ သူတို့အားလုံးရဲ့ စိတ်ထဲမှာ တအုံ့နွေးနွေးနဲ့ အားမလိုအားမရ ဖြစ်နေတယ်။ အချင်းချင်း ပြန်တွေ့ပေးမယ့် ရက်အချိန်နာရီကို စောင့်ဆိုင်းနေရတာဟာလဲ စိတ်ဆင်းရဲမှု တစ်ခုပဲ။ နောက်တော့မှ ကိုသိန်းဖေကို သခင်တင်ရွှေတို့ တည်းခိုနေတဲ့ "မီရတ်မြို့"ကို ခေါ်သွားတယ်။ မီရတ်မြို့ဟာ စစ်မြို့တော်ပဲ။

တွေ့ကြတယ်ဆိုရင်ပဲ စာဖွဲ့ပြောပြလို့ ကုန်နိုင်စွမ်းမရှိတဲ့ ဝမ်းမြောက်မှုမျိုးကို ခံစားကြရပါတယ်။ တစ်ယောက်ကိုတစ်ယောက် ဖက်လဲတကင်း နှုတ်ဆက်ကြတယ်။ ရန်သူကို ရင်ဆိုင်နေရတဲ့ ကာလလဲဖြစ်၊ တစ်နယ်တကျေးမှာ ဒုက္ခမျိုးစုံကို ကျော်ဖြတ်လာပြီး တွေ့ကြဆုံကြရပြန်တယ် ဆိုတော့ ဝမ်းသာလို့ မဆုံးနိုင်ကြဘူးပေါ့၊ ဒါဟာ ဓမ္မတာပါပဲ။ စကားတွေ ဖောင်လောက်အောင် ပြောကြတယ်။ ကိုသိန်းဖေကတော့ တရားနာပရိသတ်လိုပဲပေါ့။ သခင်တင်ရွှေတို့ သုံးယောက်က ပါးစပ်အမြှုပ်တစီစီ ထွက်လောက်ခမန်း မြန်မာပြည် အကြောင်းတွေ ပြောတော့တာပါပဲ။

"ဖိုးရုံတို့ မိဂဒါဝုန်ရောက်ပြီ"ဆိုတဲ့ စကားဝှက်နဲ့ ရေဒီယိုကနေ သတင်းပို့လိုက်တယ်။

သူတို့နဲ့အတူ နှစ်ရက်သုံးရက်လောက် ကြာတော့ ကိုသိန်းဖေလဲ သခင်တင်ရွှေယူခဲ့တဲ့ သတင်းစာ၊ ဂျာနယ်တွေ တထွေ့တစ်ပိုက်ကြီး ယူပြီး ဒေလီမြို့ကို ပြန်သွားတယ်။ ဒေလီရောက်တော့ ဂျပန်လက်အောက်မှာ ရှိနေတဲ့ မြန်မာပြည်အခြေအနေတွေကို အိန္ဒိယကွန်မြူနစ်ပါတီရဲ့ အာဘော် "ပြည်သူ့စစ်" (People's Age-)ဂျာနယ်နဲ့ အခြားမဂ္ဂဇင်းတွေဆီ ဆောင်းပါးတွေ ရေးပို့တယ်၊ ရေဒီယိုက အသံလွှင့်တယ်၊ လေနုတ်သားသတင်းစာမှာ ဖော်ပြတယ်၊ ရေးသားတယ်။

ကိုသိန်းဖေ သွားပြီးတဲ့နောက်မှာ သခင်တင်ရွှေတို့ အစုဆီ မဟာမိတ်စစ်ဘက်က ပါရဂူ အမျိုးမျိုး လာရောက်ပြီး မြန်မာပြည် အခြေအနေ၊ ဂျပန် အခြေအနေတွေကို လေ့လာကြ မေးမြန်းကြတယ်။

အဲဒီနောက် ကိုသိန်းဖေ ဒေလီရောက်ပြီးတဲ့အခါ သခင်တင်ရွှေတို့ လင်မယားကို ကိုသိန်းဖေဆီပို့လိုက်တယ်။ ကိုညိုထွန်းကိုတော့ ရခိုင်ပြည်နယ်အတွက် အရေးတကြီး ဆောင်ရွက်စရာတွေရှိလို့ ကလ္လကတ္တားကို ခေါ်သွားကြတယ်။

သခင်တင်ရွှေ ဒေလီရောက်တော့ ဒေလီမြို့ ဆင်ခြေဖုံးရှိ မြန်မာမိတ်ဆွေ တစ်ဦးဖြစ်တဲ့ "ကရောဘတ်"အိမ်မှာ နေရာချထားပေးတယ်။ ဒေလီမြို့မှာ နေပြီးတဲ့နောက် မြန်မာပြည် ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုတွေနဲ့ ပြည်ပ ဆက်သွယ်ရေး ဌာနချုပ် လုပ်ဖို့ ကလ္လကတ္တားမြို့ကို ပြောင်းရွှေ့သွားတယ်၊ ပထမတော့ အက်စ်အီးအိုင် (S.E.I The School for Eastern Interpreter) ကျောင်းမှာ တည်းခိုကြရပါတယ်။

နောက် အဲဒီကနေ ကလကတ္တားမြို့ တောင်ဘက်၊ လင့်ဒေါင့် (Landowne)ရှိ (Behala)ရပ် ခြံအမှတ် ၃၁၉ အေကို ပြောင်းရွှေ့ကြရပြန်တယ်။ ဒီနေရာက ကိုယ့်ဝင်းကိုယ့်ခြံနဲ့ နှစ်ထပ်တိုက်ပဲ။ ဒီတိုက်မှာပဲ အဝေးရောက် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ် ရုံးစခန်းကို ဖွင့်ထားလိုက်တယ်။ နောက်ဆုံး ဂျပန်လက်နက်ချပြီး ဂျပန်တော်လှန်ရေး ပြီးတဲ့အထိ ဒီတိုက်မှာ နေထိုင်ကြတယ်။ တယ်လီဖုန်း တစ်လုံးလဲတပ်ဆင်ပေး ထားတယ်၊ ဖုန်းနံပါတ်ကတော့ ပီကေ ၃၆၂၀၊ လိုင်းခွဲ (၁၅)ပဲ ဖြစ်တယ်။

ကိုညိုထွန်းနဲ့ သခင်တင်ရွှေတို့ ခွဲပြီးတဲ့နောက် ကိုညိုထွန်း ရခိုင်ကို လိုက်သွားတယ်။ နောက် ရခိုင်က ရဲဘော်တွေနဲ့ပြန်လာတယ်၊ ရခိုင်က ရဲဘော်တချို့ စစ်သင်တန်းတွေ တက်ပြီး လေထီးနဲ့ ရခိုင်ကို သွားဆင်းတဲ့ လူဆင်း၊ တချို့ ကုန်းကြောင်းသွားတဲ့လူသွား၊ ရခိုင်တော်လှန်ရေး လုပ်နေကြ တယ်၊ ရခိုင်ရဲဘော်တွေကတော့ ဝင်လိုက်ထွက်လိုက်ပါပဲ။

ရခိုင်ပြည်နယ်နဲ့ ကလ္လကတ္တား အိမ်ဦးကြမ်းပြင်ကျနေတာပါပဲ၊ ဗိုလ် စံသာကျော်ဆို ခဏခဏ ခြေလျင်တစ်လှည့် လေထီးနဲ့တစ်ဖုံ၊ ရခိုင်ကိုသွားလိုက် ဆင်းလိုက်ပဲ၊ ကလ္လကတ္တားကိုလဲ ခဏခဏ ခြေကျင်လျှောက်လာတယ်။

## အိန္ဒိယရဲ့ နိုင်ငံရေးအခြေအနေ

ဒီအချိန်က အိန္ဒိယလွတ်လပ်ရေးတိုက်ပွဲဟာ ပြင်းထန်နေတဲ့အချိန်ပေါ့။ လွတ်လပ်ရေးအတွက် သဘောထားတွေအမျိုးမျိုး ကွဲနေကြတယ်။သဘောတွေ ကွဲနေတဲ့အလိုက် အုပ်စုတွေလဲ အမျိုးမျိုးကွဲနေတယ်။

မစ္စတာ ဂန္ဒီတို့ ပဏ္ဍစ်နေရူးတို့ကတော့ အင်္ဂလိပ်နယ်ချဲ့သမားလဲတိုက်၊ ဂျပန်ဖက်ဆစ်တွေလဲတိုက်၊ တစ်ပြိုင်တည်းမှာ တော်လှန်ရေးမြားဦးကို ဂျပန်နဲ့ အင်္ဂလိပ်ဘက်ကို လှည့်ထားတယ်။ ဒီအစုက အင်အားအကြီးဆုံး ဖြစ်တယ်။

တချို့ကတော့ ဆူအက်စ်ချန်ဒရာဘို့စ်ကို ထောက်ခံတယ်။ သူတို့ အယူအဆက ဂျပန်နဲ့ပေါင်းပြီး အင်္ဂလိပ်နယ်ချဲ့သမား တိုက်ရေးပဲ။ ဒါက ဒုတိယအင်အားအကြီးဆုံး အစုပါ။

မစ္စတာဂျင်နားခေါင်းဆောင်တဲ့ မွတ်စလင်လိဂ်(ဂ်)ကလဲ ရှိသေးတယ်။ သူကတော့ တစ်မျိုးပဲ၊ အိန္ဒိယပြည်ထဲကပါကစ္စတန်ပြည်ခွဲပေးရမယ်။အဲဒီလို ခွဲပေးဘဲ ဗြိတိသျှအစိုးရ အိန္ဒိယပြည်က ထွက်မသွားပါနဲ့လို့ တောင်းဆိုနေတယ်။

ဒုတိယကမ္ဘာစစ် ဖြစ်စက အိန္ဒိယကွန်မြူနစ်ပါတီကို မတရားသင်း ကြေညာထားတယ်။ ကိုသိန်းဖေတို့ ရောက်စလောက်မှာ အိန္ဒိယကွန်မြူနစ် ပါတီကို တရားအသင်းပြန် ကြေညာပေးခဲ့တယ်။ ဒါပေမယ့် ခေါင်းဆောင် တော်တော်များများ ထောင်ထဲမှာမို့ အလုပ်သိပ်မလုပ်နိုင်သေးဘူး။

အိန္ဒိယကွန်မြူနစ်ပါတီရဲ့ အယူအဆကတော့ သခင်စိုးရဲ့ မြင်းခြံစစ်တမ်း အယူအဆအတိုင်းပဲ။

ကမ္ဘာမှာလဲ ဆိုဗီယက်ယူနီယံဟာ နာဇီဖက်ဆစ်နိုင်ငံတွေ ဖြစ်တဲ့ ဂျာမနီ အီတလီတို့ကို တိုက်ခိုက်ဖို့ ဒေမိုကရေစီနိုင်ငံတွေ ဖြစ်တဲ့ အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ်တွေနဲ့ ပေါင်းနေရတယ်။ ဒါက ကမ္ဘာ့သေနင်္ဂ ဗျူဟာပဲ။ အဲဒီတော့ ကိုလိုနီနိုင်ငံတွေရဲ့ တိုက်ပွဲဟာလဲ ဒီကမ္ဘာ့သေနင်္ဂဗျူဟာရဲ့ လက်အောက်ခံအဖြစ် လုပ်ရမှာပဲ။

အဲဒီတော့ ကွန်မြူနစ်ပါတီရဲ့ အယူအဆဟာ တစ်မျိုးသားလုံး သွေးစည်း ညီညွတ်ပြီး အင်္ဂလိပ်နဲ့ပေါင်းပြီး ဂျပန်ကို တိုက်ဖို့ အပြင်းအထန် လှုံ့ဆော် စည်းရုံးနေရတယ်၊ "ကွန်ဂရက်နဲ့ မွတ်စလင်လိဂ်(ဂ်) ပူးပေါင်းကြ၊ ဟိန္ဒူမွတ်စလင် ညီရင်းအစ်ကိုတွေ သွေးစည်းညီညွတ်ကြပြီး ရန်သူ ဂျပန်ကို တိုက်ကြ" ဆိုပြီး စည်းရုံးကြတယ်။

ဒါပေမယ့် တရားသင်းကြေညာခါစ ဆိုတော့လုပ်အားစည်းရုံးရေးအား ကလဲ နည်းနေတယ်။ အင်္ဂလိပ်ကို မုန်းတီးတဲ့ အားက ကြီးမားနေတဲ့ အချိန်မှာ အင်္ဂလိပ်နဲ့ ပေါင်း၊ ဂျပန်ကိုတိုက် ဆိုတဲ့ ကြွေးကြော်သံဟာ လူထု ထဲ ထိုးရှောင်ဖို့ အင်မတန် ခဲယဉ်းနေတဲ့ အချိန်ပေါ့။

---

လူထုတွေမှာ ဂျပန်ဖက်ဆစ်လက်အောက်မှာ မနေခဲ့ရသေးတော့ ကိုယ်ပိုင်နိုင်ငံရေး အတွေ့အကြုံ မရှိကြဘူး။ ဒါတွေကို ကိုသိန်းဖေနဲ့ သခင်တင်ရွှေ မြန်မာပြည်က အိန္ဒိယအဝင်မှာ မြန်မာပြည်ရဲ့ ကိုယ်တွေ့အတွေ့ အကြုံတွေကို အိန္ဒိယပြည်သူတွေကို တွေ့ဆုံရှင်းလင်းတင်ပြခွင့် ဟောပြောခွင့်တွေ လုပ်ပါရစေလို့ အိန္ဒိယအစိုးရနဲ့ ဗြိတိသျှစစ်ဘက် အာဏာပိုင်တွေဆီ တောင်းဆိုခဲ့ပေမယ့် မရဘူး။

ဒါကြောင့် လျှို့ဝှက်ပြီး အိန္ဒိယကွန်မြူနစ်ပါတီနဲ့ တွေ့ပြီး ဂျပန်ဖက်ဆစ်အောက်မှာ ရောက်နေတဲ့ မြန်မာပြည် အခြေအနေကို အိန္ဒိယနဲ့ ကမ္ဘာကသိအောင် စာရေးသားလို့တစ်မျိုး၊ လူကိုယ်တိုင် သွားလို့တစ်ဖုံ၊ တင်ပြအစီရင်ခံရတယ်။ နောက်ဆုံး အကျယ်ချုပ်ထားရာကနေ (ဗမာပြည်မှာ ဘာတွေဖြစ်နေပြီလဲ)ဆိုတဲ့ စာအုပ်ကို ရေးသားထုတ်ဝေခဲ့တယ်။ ဒီစာအုပ်ဟာ အိန္ဒိယပြည်သူတွေအတွက် တပ်လှန့်နှိုးထားတဲ့ စာအုပ်ဖြစ်တဲ့အတွက် အိန္ဒိယပြည်သူတွေအတွက် အများကြီး အထောက်အကူပေးခဲ့တယ်။

မြန်မာပြည်ကို ဦးတည်ချီတက်နေတဲ့ အင်္ဂလိပ်စစ်တပ်တွေအတွက်လဲ ဂျပန့်သဘောထား၊ မြန်မာပြည်အခြေအနေကို သုံးသပ်နိုင်ရေးမှာ အထောက်အကူဖြစ်စေနိုင်တဲ့အတွက် အင်္ဂလိပ်တပ်တွေမှာ ဖြန့်ဝေထားခဲ့တယ်။ မြန်မာပြည်က လာတဲ့ ရဲဘော်ရဲထွန်းတို့ကိုတောင် "ဒီစာအုပ်ကို ဖတ်ဖို့ကောင်းတယ်"လို့ နယ်စပ်မှာတွေ့တဲ့ အင်္ဂလိပ်စစ်တပ်တွေက ပြောသေးတယ်လို့ သိရတယ်။

ကိုသိန်းဖေရဲ့ ရဲဘော်တွေဟာ တစ်ခါတစ်ခါ အိန္ဒိယလူထု တရားပွဲတွေမှာ အင်္ဂလိပ်အမေရိကန် မဟာမိတ်တွေနဲ့ ပေါင်းပြီး ဂျပန်တိုက်ဖို့နဲ့ မြန်မာပြည်လူထုရဲ့ ကိုယ်တွေ့အတွေ့အကြုံတွေ တင်ပြတဲ့အခါမှာ "ခွေးသံ" "ကြောင်သံ" တွေ အသံကြောင်တွေနဲ့ အော်ဟစ်ပြီး ပြက်ရယ်ပြုတာတွေလဲ ခံကြရတယ်။

တစ်ချိန်က မြန်မာပြည်သူတွေ ဂျပန်ကို မျှော်ခဲ့တုန်းက အင်္ဂလိပ်ကို အမုန်းကြီး မုန်းခဲ့ကြတယ်။ ဂျပန်က ကောင်းမယ်၊ တကယ့်လွတ်လပ်ရေးပေးမယ်လို့ ထင်မြင်ပြီး ဂျပန်မှ ဂျပန်အဖြစ်ရဖူးတယ်။ ဂျပန်မှဂျပန်ရယ်လို့ အိန္ဒိယလူထု အများစုက ဖြစ်နေကြတော့ ဂျပန်တိုက်ကြ ပြောရင် သူတို့ရန်သူပဲ။ ဂျပန်တိုက်ရေးကို ဟောပြောရင် အနည်းနဲ့အများ ပြက်ရယ်ပြုတာတို့ နောက်ပြောင်ခံရတာတို့ကို ကြုံတွေ့ရမယ်ဆိုတာ ကြိုမြင်ပြီးသားပဲ။ ဒါကြောင့်

သူတို့ကို ကိုယ်ချင်းစာနာစိတ်နဲ့ စိတ်မဆိုးဘဲ ခွင့်လွှတ်ကြရပါတယ်။ တရားပွဲကို တုတ်တို့ ခဲတို့ မပစ်တာဘဲ တော်လှပြီလို့ အောက်မေ့ရတော့တယ်။

**ဘုံရိပ်သာမှာ စည်စည်ကားကား**

မမြရီတို့ အိန္ဒိယရောက်ပြီးတဲ့အခါ၊ ရခိုင်ပြည်နယ်က မကြာခဏ ရောက်လာလိုက် ပြန်သွားလိုက်နဲ့ ဖြစ်ပြီး၊ မြန်မာပြည်ကလဲ ရဲဘော်တွေ တစ်သုတ်ပြီးတစ်သုတ် ရောက်လာလိုက် ပြန်သွားလိုက်နဲ့ ဘုံရိပ်သာဟာ ဆူဆူညံညံနဲ့ စည်စည်ကားကား ပျော်စရာပဲ။ တစ်ခါတစ်ခါ အရက်တွေမူးပြီး ဆူကြဆဲကြတဲ့အခါလဲ ဦးနှောက်ခြောက်စရာပဲ။

မောင်စိုးသိန်းကိုမွေးပြီး တစ်လလောက်ကြာတော့ သခင်တင်မြနဲ့ မမြရီတို့ လင်မယားနှစ်ယောက်ကိုပဲ ကျောက်ဆည်နယ်ထဲကို လေထီးနဲ့ ချဖို့ အစီအစဉ်လုပ်တယ်၊ အဲဒီအချိန်မှာ ဗန်းမော်ကိုကိုကြီးကလဲ သင်တန်းကျောင်းက အဆင်သင့်ဆင်းပြီးစဆိုတော့ မမြရီအစား ဗန်းမော်ကိုကိုကြီးကိုပဲ အစားထိုးပြီး သခင်တင်မြနဲ့အတူ ကျောက်ဆည်နယ်ကို ဆင်းခိုင်းလိုက်ရတယ်။

မမြရီကတော့ မကြာခဏ အပြင်ထွက်ပြီး ဂျပန်ဆန့်ကျင်ရေးတရားတွေကို ရဲဘော်တွေနဲ့တွဲပြီး ဟောပြောတဲ့အခါ ဟောပြောရ၊ ရုံးတာဝန်ကို ယူတဲ့အခါ ယူရ၊ ဘုံရိပ်သာရဲ့ စားရေးသောက်ရေးတွေကို တာဝန်ယူတဲ့အခါ ယူရနဲ့ပဲ အချိန်ကုန်ခဲ့ရပါတယ်။

ကလ္လကတ္တားတက္ကသိုလ်အနီး ကောလိပ်စကွဲယားရှိ ဗမာဓာမိအသင်းတိုက်မှာ ကျင်းပတဲ့ မြန်မာ့အောင်ပွဲ အစည်းအဝေးမှာ မမြရီ၊ မောင်ကြည်၊ ကိုဘညွန့်တို့ ဂျပန်တော်လှန်ရေးအကြောင်းတွေ ဟောပြောကြတယ်။

ကိုသိန်းဖေဟာ တီဘီပိုးဝင်နေတဲ့ ကျောရိုးကို ကျောက်ပတ်တီးစီးပြီး အိပ်ရာပေါ်မှာ ပက်လက်နေရတဲ့အတွက် သူ့ကို အကူအညီပေးဖို့ သခင်မြသွင် ရောက်လာပါတယ်။

ရခိုင်ပြည်နယ်နဲ့ ဗမာပြည်မက ရဲဘော်တွေလာလိုက် သင်တန်းယူလိုက်၊ သင်တန်းပြီးရင် လေထီးနဲ့ ပြန်လိုက်၊ ကုန်းကြောင်းဆင်းသွားလိုက်နဲ့ ဖြစ်နေပေမယ့် ကိုသိန်းဖေနဲ့ မမြရီကတော့ အမြဲပဲ စခန်းမှာ ရှိနေကြပါတယ်။

မပြဂိုက "ကျွန်မရောက်ပြီးတဲ့အချိန်ကစပြီး အိန္ဒိယမှာ ကျွန်မတာဝန်ကုန်ဆုံးလို့ ဗမာပြည်ကို ပြန်တဲ့အထိ ကျွန်မတို့ ဘောဟာလာဘုံရိပ်သာကို ရောက်လာတဲ့ ရဲဘော်တွေ အမြောက်အမြားရှိပါတယ်။ မှတ်မိတာတွေကို ပြောပါရစေ၊ ဒီအထဲမှာ ကျွန်မ မမှတ်မိလို့ ကျန်သွားတဲ့ ရဲဘော်တွေအများကြီးရှိပါတယ်။ သူတို့နာမည်တွေ မေ့နေလို့ ထည့်သွင်းမဖော်ပြ လိုက်နိုင်တဲ့အတွက် ကျွန်မကို ခွင့်ပြုပါလို့ စာရေးသူကတစ်ဆင့် ကျွန်မကြိုပြီး တောင်းပန်ပါရစေ။ ဘောဟာလာစခန်းကို ဗမာပြည်မနဲ့ ရခိုင်ပြည်နယ်ကလာကြတဲ့ ရဲဘော်တွေကို မှတ်ပုံတင်ထားတဲ့ စာရင်းမှာတော့ (၇၂) ယောက် ဖြစ်ပါတယ်။

၁၉၄၄ ခုနှစ် အောက်တိုဘာလထဲမှာ ကျွန်မတို့ ဘုံရိပ်သာကို ဦးပညာသီဟ ခေါင်းဆောင်တဲ့ ရခိုင်ရဲဘော်များ ရောက်လာပါတယ်။ နောက် အလျှိုလျှိုရောက်လာတဲ့ ရဲဘော်တွေကို က–ခ–ဂ–စ စတဲ့ ဗျည်းစဉ်နဲ့ ဖော်ပြပါမယ်လို့ဆိုပြီး စာရေးသူကို အောက်ပါအတိုင်း စာရင်းပြုစုပေးပါတယ်။

| | | |
|---|---|---|
| ရဲဘော်ကြည် | = | ယနေ့ အောင်ညွန့်–ရွှေဘို–တောတွင်းကျဆုံး။ |
| ရဲဘော်ကိုကိုကြီး | = | ယနေ့ ဗန်းမော်အာရ်တီဘီကုန်စည်သယ်ယူပို့ဆောင်ရေးစခန်းမှူး (ကွယ်လွန်–မန်း)။ |
| ရဲဘော်ကျော်မြ | = | ယနေ့ တောတွင်း ဗ–က–ပ |
| ရဲဘော်ကျော်ရင် | = | ယနေ့ တက္ကသိုလ်ပါမောက္ခဟောင်း (ကွယ်လွန်) |
| ရဲဘော်ကြာလှအောင် | = | စစ်တွေ |
| ရဲဘော်ချစ်ကောင်း | = | ယနေ့ တောခို ဗ–က–ပ ခေါင်းဆောင် (ကျဆုံး) |
| ရဲဘော်ခင်ဖော် | = | ယနေ့ ထိုင်းနိုင်ငံရောက် |
| ရဲဘော်ဘမောင် | = | ယနေ့ မြို့နယ်အလုပ်သမားကောင်စီဝင်ဟောင်း (မုံရွာ) |
| ရဲဘော်ကျော်သန်း | = | ယနေ့ အလံနီကွန်မြူနစ်ပါတီ–တောတွင်းကျဆုံး |
| ရဲဘော်စောဦး | = | ယနေ့ လေယာဉ်ပျက်–ကျဆုံး |
| ရဲဘော်စိုးမောင် | = | ယနေ့ နေဖြူ ဗ–က–ပ တောတွင်း–ကျဆုံး |
| ရဲဘော်စံတင့် | = | ယနေ့ စာရေးဆရာ–စံတင့် (ရှမ်းပြည်) |

ရဲဘော်စောမောင် =
ရဲဘော်စံသာကျော်= အငြိမ်းစား (ဒါဒါပိုးထည်စက် အုပ်ချုပ်ရေးမှူး)
ရဲဘော်ညိုထွန်း = ယနေ့ သံအမတ်ကြီး (အငြိမ်းစား)
ရဲဘော်ညွန့်ဝေ = ယနေ့ ဖျာပုံကုန်သွယ်ရေးကော်ပိုရေးရှင်း (ဂ) အတွင်းရေးမှူး (အငြိမ်းစား)
ရဲဘော်ထွန်းညွန့် = ယနေ့ ကချင်ပြည်နယ်ဝန်ကြီးဟောင်း၊ မြစ်ကြီးနား (ကွယ်လွန်)
ရဲဘော်ထိပ်တင်အောင် = ယနေ့ ဗိုလ်မောင်ကလေး၊ ကျောက်ဖြူ ယခုဌာနမှူး၊ ကုန်သွယ်ရေး (၄)၊ စစ်တွေ (ကွယ်လွန်)
ရဲဘော်သာထွန်းအောင် = ယနေ့ ရခိုင် ဗ-က-ပ ဟောင်း
ရဲဘော်ထွန်းလှ = ယနေ့ ရခိုင် ဗ-က-ပ နှင့် အလံနီတိုက်ရာတွင် မန္တလေးတွင်ကျဆုံး
ရဲဘော်ထွန်းကျော်= ယနေ့ စစ်တွေ၊ တောတွင်းကျဆုံး
ရဲဘော်ငွေး = ယနေ့ ဗ-က-ပ ခေါင်းဆောင် တောတွင်း ကျဆုံး

* ရဲဘော်ဗဟေသောင်း = ယနေ့ဗန်းမော် တောခို ဗ-က-ပ ခေါင်းဆောင်
* ရဲဘော်ဘစော = ယနေ့ စစ်တွေ သံအမတ်ကြီး (အငြိမ်းစား)
* ရဲဘော်ဘုန်းမြင့် = ယနေ့ ဗိုလ်မှူးအဖြစ် ကျဆုံး
* ရဲဘော်ဘသိန်း = ယနေ့ လေယာဉ်ပျက်ကျဆုံး
* ရဲဘော်ဘညွန့် = ယနေ့ ဗိုလ်သက်ထွန်းအစ်ကို ၁၉၇၁ ခုနှစ်၊ ရန်ကုန်တွင် ကွယ်လွန်
* ရဲဘော်ဘသောင်း= ယနေ့ ကုန်သွယ်ရေး (၁) (အငြိမ်းစား)
* ရဲဘော်သခင်မြသွင်= ယနေ့ ဗ-က-ပ ဟောင်း (ကျဆုံး)
* ရဲဘော်ရဲထွန်း = ယနေ့ တောင်ကြီး အာရ်တီဘီပြည်နယ် ဆက်သွယ်ရေးအရာရှိ (အငြိမ်းစား)
* ရဲဘော်လှကျော် = ယနေ့ စစ်တွေ
* ရဲဘော်သခင်လှကွန်း= ယနေ့ ကြေးမုံသတင်းစာအယ်ဒီတာချုပ် ဟောင်း

---

ဗန်းမော်စာပေတိုက်

ရဲဘော်လှသောင်း = ယခု ပါတီဌာနချုပ်၊ သုတေသနဌာန (အငြိမ်းစား)

* ရဲဘော်မန်းဝင်းမောင်= ယခု သမ္မတဟောင်း၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့
* ရဲဘော်မောင်သန်း = ယခု က–က–ပ တောတွင်း
* ရဲဘော်သာကျော် = ယခု နိုင်ငံတော်ကောင်စီဝင်၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)
* ရဲဘော်သိန်းဖေ = ယခု အငြိမ်းစား (ဦးသိန်းမောင်)
* ရဲဘော်အေးကျော် = ယခု ပျဉ်းမနားတွင် ကျဆုံး။
* ရဲဘော်အုန်းမောင် = ယခု ဗ–က–ပ ခေါင်းဆောင်ဟောင်း
* ရဲဘော်အောင်ညွှန့် = ယခု တောတွင်းကျဆုံး

အိန္ဒိယပြည်မှာ လုပ်စရာတာဝန်တွေ ပြီးဆုံးပြီမို့ ၁၉၄၅ ခု၊ အောက်တိုဘာလ (၁၇) ရက်နေ့မှာ ကိုသိန်းဖေ၊ မန်းဝင်းမောင်၊ ကိုဘစော၊ မောင်ကြည်၊ သခင်တင်ရွှေ၊ မမြရီ၊ သူတို့သား မောင်စိုးသိန်း တို့နဲ့တကွ အေအက်ဖ်အို ရဲဘော်များ အိန္ဒိယကနေ လေယာဉ်နဲ့ ရန်ကုန် ပြန်လာကြပါတော့တယ်။

## ရဲဘော်မ မမြရီ

၁၉၁၈ ခု၊ ဧပြီလ (၁၃) ရက်၊ ကျောက်ဆည်ဈေးလမ်းမှာ မွေးဖွားပါတယ်။ ဦးစံသိန်း + ဒေါ်ဖဲ တို့သားသမီးသုံးယောက်အနက် အကြီးဆုံး ဖြစ်ပါတယ်။ အဖက ရှေ့နေ၊ အသက် (၂၀) မှာ မူလတန်းကျောင်းဆရာမ ဖြစ်လာတယ်။ ဒီရပ်ကွက်က ဒို့ဗမာအစည်းအရုံးတည်ထောင်တဲ့ရပ်ကွက်ဆိုတော့ သခင်ရွှေအုပ်၊ သခင်ကြူး၊ သခင်ဗရွှေကြီး၊ သခင်ဗရွှေလေးစတဲ့ ဒို့ဗမာ အစည်းအရုံးခေါင်းဆောင်တွေနဲ့ တစ်ရပ်ကွက်ထဲမှာ အတူတူနေဖြစ်ပါတယ်။ အမြဲတမ်းတရားဟောတဲ့အခါ တိတ်တဆိတ်နားထောင်တယ်။ သူတို့ကိုလဲ အကူအညီတွေပေးခဲ့တယ်။ စာစောင်တွေ ကူးပေးတယ်၊ နဂါးနီအသင်းဝင်

ဖြစ်တယ်။ မြဝတ်ရည်ဆိုတဲ့နာမည်နဲ့ ဆောင်းပါးတွေရေးခဲ့တယ်။ သခင်နာမည်မခံဘဲနဲ့ ဒို့ဗမာအစည်းအရုံးအလုပ်တွေကို လုပ်ကိုင်ပေးခဲ့တယ်။ ဒီအတွင်း သခင်တင်ရွှေနဲ့ သမီးရည်းစားဖြစ်လာတယ်။ ကွန်မြူနစ်ပါတီဝင် အမျိုးသမီးအဖြစ်နဲ့ ဂျပန်ဝင်စကလည်း ဂျပန်ဆန့်ကျင်ရေးလုပ်ငန်းတွေကို လုပ်ကိုင်ခဲ့တယ်။ သခင်တင်ရွှေနဲ့ လက်ထပ်ပြီး အိန္ဒိယပြည်ကိုသွားခဲ့တယ်။ စစ်ပြီးတော့ မြန်မာပြည်ပြန်ခဲ့ပြီး ကျောက်ဆည်မှာ ပြည့်တန်ဆာပပျောက်ရေးလုပ်ငန်း တွေကို ဝင်လုပ်ခဲ့တယ်။ အမျိုးသမီးကွန်ဂရက်ဥက္ကဋ္ဌတာဝန် ယူခဲ့တယ်။

ရွှေသာလျောင်းတောင်ခြေမှာ အမျိုးသမီးအဖွဲ့တွေပေါင်းပြီး တော်လှန်ရေးနေ့ အထိမ်းအမှတ်အဖြစ် အမျိုးသားတော်လှန်ရေးကျောက်တိုင် စိုက်ထူခဲ့တယ်။ ၁၉၄၈ ခုနှစ်မှာ တောခိုခဲ့တယ်။ တောကပြန်ပြီး ဥပဒေအတွင်း ဝင်ခဲ့တယ်။ နောက် ဆရာမဝင်လုပ်တယ်။ ရပ်ကွက်လုပ်ငန်းကော်မတီမှ လုပ်ငန်းတွေမှာ ပါဝင်လုပ်ကိုင်ပေးခဲ့တယ်။

ရပ်ကွက် စားသုံးသူသမဝါယမကော်မတီ (၃)ခါ အရွေးခံရပြီး ၆ နှစ် အလုပ်ဝင်လုပ်ခဲ့တယ်။ မြို့နယ်တရားစီရင်ရေး နာယကအဖြစ် အမှုထမ်းခဲ့တယ်။ အသုံးလုံးကျေလုပ်ငန်းမှာ ၁၄ ဟိုက်နယ်ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့တယ်။ စီးပွားရေးစစ်တမ်း ကောက်ယူတဲ့နေရာမှာ မြေစို၊ မိုးကောင်း၊ ထနောင်း၊ တောထပ် စတဲ့ရွာများဆီ လှည့်လည် တာဝန်ယူဆောင်ရွက်ခဲ့တယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှာ အရန်ပါတီဝင်အဖြစ် ကျောင်းဆရာ၊ ဆရာမများရဲ့ အခြေခံမှာဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့တယ်။ ရပ်ကွက် လူမှုရေးလုပ်ငန်းတွေမှာ အဆက်မပြတ် တာဝန်ယူလှုပ်ရှားနေဆဲ ဖြစ်ပါတယ်။ ကျောက်ဆည်မြို့မှာ နေ့ကလေးထိန်းဖြစ်မြောက်ရေးအတွက် စတင်အကောင် အထည်ဖော်ရာတွင် ၄ ဥက္ကဋ္ဌအဖြစ်နဲ့ ပါဝင်ထမ်းဆောင်ခဲ့တယ်။ မိခင်နဲ့ ကလေးစောင့်ရှောက်ရေးတာဝန်ကို ထမ်းဆောင်လျက်ရှိနေပါတယ်။ ကလေးထိန်းဌာန စတင်တည်ထောင်ရာမှာ ပါဝင်ခဲ့တယ်။ အခု (၆၀) ပြည့်၍ ပင်စင်ယူလိုက်တယ်။ လင်းယုန်သတင်းစာမှာ သတင်းထောက်လုပ်ဖူးတယ်။ လမ်းစဉ်ပါတီနဲ့ စာနယ်ဇင်းဖြန့်ချိရေးကိုယ်စားလှယ်အဖြစ် ဆောင်ရွက်နေဆဲဖြစ်ပါတယ်။ လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့်ဆုတံဆိပ်များ

ရရှိပါတယ်။ သခင်တင်ရွှေမှာ ၁၉၄၈ ခုနှစ် တောခိုပြီး ကျဆုံးသွားတယ်။ သခင်တင်ရွှေနဲ့ သားသမီး (၄) ယောက်ကို အုပ်ထိန်းပြီး စားသောက်နေထိုင်လျက်ရှိပါတယ်။

သားသမီး (၄) ယောက်မှာက-

(၁) မောင်စိုးသိန်း၊ ကလ္လကတ္တားတွင် မွေးဖွားသူ (သခင်စိုး နဲ့ ကိုသိန်းမောင် နာမည်ပေါင်းထားပြီးပေး)။

(၂) ခင်စောဝင်း (၁၉၄၈ ခု၊ တောထဲမှာမွေးခဲ့)။

(၃) ခင်ဖြူအေး (ပြည်သူ့ရဲဘော်တွေနဲ့ လက်နက်ကိုင်ပဋိပက္ခ ဖြစ်ရင်းမွေး)။

(၄) မောင်သန်းအောင် (သခင်သန်းထွန်းနာမည်နဲ့ ကိုအောင် ဆိုတဲ့ သခင်တင်ရွှေရဲ့ နာမည်ဝှက်ပေါင်းပြီးမှည့်)။

(ရဲဘော်မ မမြရီရဲ့ ကိုယ်တွေ့အဖြစ်အပျက်ကို ၂၂-၉-၇၁ နေ့ ညကျေ..က်ဆည်မြို့ရှိ ဒေါ်မြရီထံ အိမ်တိုင်ရာရောက် မေးမြန်းချက်များနဲ့ သိန်းဖေမြင့်ရဲ့ "စစ်အတွင်းခရီးသည်"နှင့် သခင်တင်မြရဲ့ "ဘုံဘဝမှာဖြင့်" စာအုပ်တို့မှ ကိုးကားပေါင်းစပ် ဖော်ပြချက်များ ဖြစ်ပါတယ်။ စာရေးသူ။)

# ၂။ ရဲဘော်စောဖြူ

**မီးသုံးမီးကြားက ရခိုင်ပြည်နယ်**

၁၉၃၃ ခုနှစ်က မောင်တောမြို့၊ ဆရာဦးထွန်းရှိရဲ့ မြေတိုင်းအလွတ် ပညာသင်ကျောင်းမှာ မြေတိုင်းပညာကို နှစ်ချင်းပေါက် အောင်မြင်ခဲ့သူက ကိုစောဖြူပါ။ မြေတိုင်းပညာ အောင်ခဲ့ပေမယ့် အလုပ်ရဖို့က မလွယ်လှဘူး။

အလုပ်ရချင်ရင် လာဘ်ထိုးနိုင်မှ၊ ပြီးတော့ ဒီအချိန်က ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ရဲ့ ထုံးတမ်းစဉ်လာအရ၊ ရဟန်းတော်များကို တွေ့တဲ့အခါ "ဘုတ်ပါ့ဘုရား၊ မှန်ပါ့ဘုရား၊ ကိုယ်တော်"စတဲ့ အသုံးအနှုန်းတွေကို သုံးကြရသလို အင်္ဂလိပ်နယ်ချဲ့ မျက်နှာဖြူ တချို့အိုင်စီအက်(စ်) ဘွဲ့ရ မောင်ရှိုကရက်တွေကလဲ "သခင်၊ ကိုယ်တော်၊ မှန်ပါ့ဘုရား၊ ကျွန်တော်မျိုး" ဆိုတဲ့ အသုံးအနှုန်းတွေ သုံးမှ အရာရောက်တဲ့ ခေတ်ဖြစ်တယ်။

သူက လာဘ်ပေးတာကိုလဲ အားမပေးနိုင်၊ ကြိုက်လဲ မကြိုက်။ ပြီးတော့ ဇာတိသွေး ဇာတိမာန် ချိုးနှိမ်ခံထားရတဲ့ ဘုရားထူးပြီး အောက်ကျို့မခံနိုင်။ ဒီတော့ အင်္ဂလိပ်နယ်ချဲ့သမား လက်အောက်မှာ သူ့အတွက် အလုပ်ရဖို့ ဝေလာဝေး ဖြစ်ခဲ့တယ်။

မကြာခင်ပဲ ဒုတိယကမ္ဘာစစ်ကြီးက ဖြစ်ပါတယ်။ ရန်ကုန်နဲ့ အောက် မြန်မာပြည်မြို့ကြီးတွေကို ဂျပန်လေယာဉ်တွေက ဗုံးချတိုက်ခိုက်သေနတ်ပစ်တော့ မြန်မာပြည်မှာ စီးပွားရှာစားနေတဲ့ ကုလားလူမျိုးတွေဟာ စိန်၊ ရွှေ၊ ရတနာ

အထုပ်တွေပိုက်ပြီး ကုန်းလမ်း ရေလမ်းကနေ အိန္ဒိယကို ပြန်ကြတယ်။ တချို့ ကူလီလုပ်စားတဲ့ ကုလားတွေဟာလဲ လံကွတ်တီကို ပိုက်ပြီး ပြေးကြရတယ်။

ဒီတော့ တချို့နေရာတွေမှာ ယာဉ်ရထားတွေက ဒီလောက်များပြားလှတဲ့ အောက်မြန်မာပြည်က လူထုကြီး တစ်ရပ်လုံးကို သယ်ယူမသွားနိုင်ဘူး၊ ဒီထဲ ဂျပန်ဗုံးဒဏ်ကြောင့် သင်္ဘောတွေနစ်၊ ရထားတွေ ပျက်စီးဆုံးရှုံးကြရတဲ့အတွက် သယ်ယူပို့ဆောင်ရေးက အခက်အခဲရှိလာပြန်တယ်။

ဗိုလ်ရန်အောင်တပ် မြို့ဟောင်းက သင်္ဘောနဲ့ ထွက်သွားပြီးတဲ့နောက် ဘူးသီးတောင်ကို တပ်ခေါက်လာတဲ့အခါမှာ မြို့မှာ မနေရဲကြတဲ့ လူထုက စက်ပျက်လို့ မသွားဘဲ ပစ်ထားရတဲ့ မီးသင်္ဘောကို ဘူးသီးတောင် ဆိပ်ကမ်းကို ကပ်စေပြီး ရခိုင်အမျိုးသားတွေ သူ့ထက်ငါ မီးသင်္ဘောပေါ် ပြေးတက်ကြတယ်။ သင်္ဘောပေါ် ရပ်စရာ မရှိလောက်အောင် ကျပ်ခဲနေတယ်။ သင်္ဘောနဲ့ မလိုက်ရလို့ ဆိပ်ကမ်းပေါ် အော်ဟစ်ငိုကျန်ရစ်သူတွေကလဲ ရာနဲ့ထောင်နဲ့ ကမ်းညွတ်မတတ်ပဲ။

သင်္ဘော ကမ်းကခွာလိုက်လို့ ကိုက် ၂၀ သာသာအရောက်မှာ ဝန်နဲ့အား မမျှကော့ သင်္ဘောကြီး နစ်မြုပ်သွားရပါတယ်၊ သိန်းပေါင်းများစွာသော ပစ္စည်းများနဲ့အတူ လူသုံးရာကျော်ကျော် ရေနစ်သေဆုံးသွားပါတော့တယ်။ ဒီရင်နင့်ဖွယ် အဖြစ်အပျက်ကတော့ ဂျပန်ဝင်ပြီးနောက် မေ့ပစ်လို့မရတဲ့ သမိုင်းဝင် အဖြစ်အပျက် တစ်ရပ်ပါ။

ဒီ ရခိုင်အမျိုးသားတွေကို ဗိုလ်ကြာလှအောင် ခေါင်းဆောင်တဲ့ ရခိုင်မျိုးချစ်လူငယ် ၁၂ ယောက်နဲ့ မတည်ခဲ့တယ်။ ဒီ ရခိုင်မျိုးချစ်လူငယ် ၁၂ ယောက်ထဲမှာ ကိုစောဖြူတစ်ယောက်လဲ အပါအဝင် ဖြစ်တယ်။ တစ်စတစ်စနဲ့ ဒီတပ်ဟာ သေနတ်၊ ဓား၊ လှံ၊ လက်နက် မျိုးစုံကိုင် အင်အား ၆၀၀ ကျော် ဖြစ်လာတယ်။

ဒီတပ်က ရခိုင်ကာကွယ်ရေးတပ် ဖြစ်တယ်။ တစ်ချိန်တည်းမှာ စစ်မျက်နှာ ၃ ခု ဖွင့်ထားတယ်။ တစ်ခုကတော့ ကုလားတွေဖက်ကိုလှည့်ထားတယ်။ တစ်ခုကတော့အင်္ဂလိပ်တွေဘက်၊ နောက်တစ်ဘက်ကတော့အောက်ပိုင်းက

ရောက်လာတဲ့ ဂျပန်တွေဘက်ကို လှည့်ထားတယ်။ တစ်ပြိုင်တည်းမှာ ဒီလိုမြားဦးကို သူ့ဘက် သွားတန့် လှည့်ပြီး တိုက်ခိုက်ကြရတယ်။

ဒီအချိန်မှာက ရှခိုင်အမျိုးသားတွေ မီးသုံးမီးကြားမှာ အဝိုင်းခံထားကြရတော့ ကြောက်စိတ်တွေဟာ စာဖွဲ့လို့ မကုန်နိုင်လောက်အောင်ပါဘဲ။ ဒီထဲက သိဥတုဒဏ်က တစ်မျိုး ခံနေကြရတယ်။ မိမိတို့ရဲ့ ရင်သွေးတွေကို ဆေးဝါး ဂရုမစိုက်နိုင်တဲ့ အဖြစ်မျိုး ဆိုက်ရောက်ကြရတယ်။ ကမ္ဘာမီးလောင် သားကောင်ချနင်း ဆိုတဲ့ ကာဒီလှိုပဲ။ သားသမီးတွေကို ထမ်းမပြေးနိုင်တော့ဘဲ လမ်းခုလတ်မှာပဲ ပစ်ထားခဲ့ရတာတွေလဲ မရှား။ မိခင်တွေက အာဟာရပြတ် သေကြရတာတွေလဲ ရှိတယ်။ ဒီလိုအခါမှာ တချို့ သေသွား မိခင်ကို အသက်ရှင်နေတုန်းကလိုပဲ မိခင်ရဲ့ နို့ရည်ကို ခိုးစို့နေတဲ့ သူငယ်တွေကလဲ မရှား။ ဒီရင်နင့်ဖွယ်ကောင်းတဲ့ မြင်ကွင်းကို မတွေ့ရတဲ့လူတိုင်း ဒေါသမှုန် သောဘဲ နေနိုင်ပါ့မလား။

ဒီလိုလူမျိုးရေးစိတ်ဓာတ်ဟာ အထွတ်အထိပ် ရောက်ပြီးနေတဲ့ အချိန်မှာ ရခိုင်အမျိုးသားခေါင်းဆောင်ကြီးတွေ ဖြစ်တဲ့ ဦးပညာသီဟ၊ ဦးအောင်ထွန်းဦး၊ ဦးသာခဲ့လှတို့ရဲ့ အကြံပေးတိုက်တွန်းချက်အရ ဂျပန်ဆီမှာ လက်နက်ခဲ့ချလိုက်ရပါတော့တယ်။ ဂျပန်က ဒီရခိုင်ကာကွယ်ရေးတပ်ကို သူပုန်တပ်လို့ ကြေညာပြီး ဖြန်ထားတယ်။ ဒီဂျပန်ရန်က ကာကွယ်ဖို့အတွက် လက်နက်အချို့ကို ဖျောက်ဖျက်ထားပြီး ကျန်လက်နက်နဲ့ လူတွေကို ဗိုလ်ကြာလှအောင်နဲ့အတူ လက်နက်ချ ရတယ်။ ဒီထဲမှာ ကိုစောဖြူလဲ တစ်ယောက်အပါအဝင်ပေါ့။ ဒီအချိန်က ရခိုင်တာဝန်ခံ ဂျပန်တပ်မှူးက တာဂျီးမားဖြစ်တယ်။

## ဂျပန်ရဲ့ အရန်တပ်

ဂျပန်နဲ့ပေါင်းလိုက်တဲ့အခါမှာ ဂျပန်တွေက စစ်ပညာတွေ သင်ပေးတယ်။ ဂျပန်က ဗိုလ်ကြာလှအောင်ကို ခေါင်းဆောင်ပြန်ခန့်ထားတယ်။ ဂျပန်စစ်ဗိုလ်နဲ့အတူ မြို့ဟောင်းမှာ ရှိတာကြတယ်။ တောင်ကုတ်၊ ချောင်းမြွောင်းကို ဖြတ်ကျော်ပြီး ရသေ့တောင်မြို့နယ်၊ ကျောက်တန်းတောင်မှာ တပ်စွဲထားတဲ့ အင်္ဂလိပ်တပ်ကို ခင်တိုက်ဖို့ ဂျပန်လေတပ် အကူအညီကို စောင့်ကြရတယ်။

ဒီအချိန်မှာ ဗိုလ်ကြာလှအောင်က ဂျပန်လေတပ် အကူအညီကို မစောင့်ဘဲ တက်တိုက်ရမယ်လို့ အမိန့်ပေးလာတယ်။ ကိုစောဖြူက ရှေ့ဘက်တွေမှာ

စစ်ပညာ မကျွမ်းကျင်တဲ့အတွက် ဂျပန်လေတပ် အကူအညီကို စောင့်ဖို့ တင်ပြတယ်။ ဒါပေမယ့် ဗိုလ်ကြာလှအောင်က လက်မခံဘူး၊ ညတွင်းချင်း ဝင်တိုက်တယ်။ ဒီတိုက်ပွဲမှာ အင်္ဂလိပ်က လေတပ်အကူအညီနဲ့ ပြန်လှန်ခုခံတဲ့ အတွက် တပ်သားလှစိန်အောင် ကျဆုံးခဲ့ပြီး တချို့ဒဏ်ရာရခဲ့ကြတယ်။ နောက်တစ်နေ့မှာ ဂျပန်လေတပ် အကူအညီနဲ့ တိုက်ခိုက်တော့မှ ရန်သူစခန်းကို အပြီးအပိုင် သိမ်းပိုက်နိုင်ခဲ့တယ်။

ဒီတိုက်ပွဲ ပြီးသွားတော့ သိဟိုပြန် ဦးကေသယ ဦးဆောင်တဲ့ ဂျပန် သူလျှိုတပ်ထဲကို ကိုစောဖြူ ပြောင်းပြီး တာဝန်ယူခဲ့ရပြန်ပါတယ်။ ဦးကေသယရဲ့ စီစဉ်ချက်အရ ပလက်ဝ အထက်ပိုင်းကို ရိက္ခာပို့ဖို့ တာဝန်ယူသွားရပြန်တယ်။

ပလက်ဝနယ် ဥဿလင်းဝရွာမှာ ဗိုလ်ကြာလှအောင်နဲ့ ကိုစောဖြူတို့ ပြန်တွေ့ကြပြန်တယ်။ ဒီအချိန်မှာပဲ ဗိုလ်ကြာလှအောင်တပ်က ကိုမောင်ထွန်းစိန် ခွင့်သွားတာနဲ့ ကြုံတဲ့အတွက် အဲဒီတပ်မှာပဲ ကိုစောဖြူကို ဂျပန်ခွင့်ပြုချက် အရ တာဝန်ပေးပြန်တယ်။

ကိုမောင်ထွန်းစိန် အုပ်ချုပ်တဲ့ တပ်ကို ကိုစောဖြူ တာဝန်ယူအုပ်ချုပ်ပြီး တဲ့နောက်ပိုင်းမှာ တိုက်ကင်းသွားရတဲ့အခါပဲ ဖြစ်ဖြစ်၊ တာဝန်တစ်ခုခုနဲ့ သွားရတဲ့ အခါပဲ ဖြစ်ဖြစ် ရခိုင်တပ်တစ်ခုထဲ သီးခြားသွားလိုကြောင်း ဂျပန်ဆီ တင်ပြတောင်းဆိုတယ်။ ဒီတပ်မှာ ကိုသာထွန်းအောင်က ဂျပန်စကား ပြန်အဖြစ် တာဝန်ယူရသူပါ။ ဂျပန်တွေနဲ့အတူ မသွားချင်တာကတော့ ဂျပန်တွေက ရွာရောက်ရင် ဝက်သတ်၊ ကြက်သတ်၊ လိုချင်တဲ့ပစ္စည်းကို အတင်းအဓမ္မ ယူပဲ။ ဒီလိုလုပ်လေ့လုပ်ထ ရှိတော့ ဂျပန်နဲ့ ပူးပေါင်းသွားရင် လူထုရဲ့ ယုံကြည်မှု ကင်းလာမှာမို့ ဖြစ်တယ်။ ကိုစောဖြူရဲ့ တင်ပြတောင်းဆို ချက်ကို ဂျပန်က လိုက်လျောခဲ့တယ်။

## မဟာမိတ်တွေနဲ့ အဆက်အသွယ်ယူခြင်း

ဗိုလ်စောဖြူတို့ ဥဿလင်းဝရွာကို ရောက်တဲ့အချိန် လောက်မှာ ဖက်ဆစ်ဂျပန်တွေကို တော်လှန်တိုက်ခိုက်ဖို့ စိုင်းပြင်းနေတဲ့ အချိန်ဖြစ်တယ်။ ကိုသာထွန်းအောင်နဲ့ တိုင်ပင်ပြီး မဟာမိတ်တွေနဲ့ ဆက်သွယ်ဖို့ အိန္ဒိယပြည်က လာတဲ့ ကိုအောင်ဒင်ခေါ် မောင်လှကျော်နဲ့ အဆက်အသွယ်ယူခဲ့ပါတယ်။

မောင်လှကျော်က စစ်တွေမြို့၊ ရွာပေါက်ရွာသားတစ်ဦး ဖြစ်တယ်။ အင်္ဂလိပ်မြန်မာ အထက်တန်းကျောင်းသား ဖြစ်ပါတယ်။ နောင်မှာ ဘုံပေါက်သာကျော်တို့ နယ်ချဲ့တော်လှန်ရေးတပ်ပေါင်းစုမှာ အထွေထွေ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သူ ဖြစ်ပါတယ်။ (မောင်လှကျော်ကို ဘုံပေါက်သာကျော်က ဦးပညာသီဟနဲ့ တိုင်ပင်ပြီး ပထမဆုံးအကြိမ် အိန္ဒိယရှိ ကိုသိန်းဖေဆီ ဆက်သွယ်ဖို့ ရွေးပြီး စေလွှတ်ခဲ့တယ်လို့ ဘုံပေါက်သာကျော်က သူရဲ့ တော်လှန်ရေးခရီးဝယ် စာအုပ်မှာ ဖော်ပြထားတာ တွေ့ရပါတယ်။ စာရေးသူ။)

ကိုစောဖြူနဲ့ ကိုသာထွန်းအောင်တို့ အတွင်းကနေပြီး ဂျပန်ကို တိုက်ခိုက်ဖို့ နိုင်းပြင်းကြရင်း ဂျပန်တို့ရဲ့ ရိက္ခာ၊ လက်နက်၊ ခဲယမ်းမီးကျောက်ထားတဲ့ နေရာတွေကို မြေပုံရေးဆွဲပြီး မဟာမိတ်တပ်တွေဆီ မောင်လှကျော်က တစ်ဆင့် ပို့ပေးခဲ့တယ်။

ကိုစောဖြူတို့ သတင်းပေးပို့တဲ့ နေရာတွေကို မဟာမိတ်လေယာဉ်ပျံတွေက ဗုံးကြဲတိုက်ခိုက်တဲ့အတွက် မိဇာရွာနဲ့ ပတ်ဝန်းကျင်တစ်လျှောက် ဂျပန် လက်နက်၊ ကျည်ဆန်၊ ရိက္ခာတွေ ထားတဲ့ နေရာတွေ ပျက်စီးဆုံးရှုံးသွားတယ်။

ဂျပန်တွေက ရခိုင်ပြောက်ကျားတွေအပေါ် ယုံကြည်မှု နည်းလာသလား မသိဘူး ဥသသလင်း ဝရွာမှာ မထားတော့ဘဲ အထက်ပိုင်း ချင်းလက်ချောင်းဖျားကို စေလွှတ်ပါတယ်။ ကိုစောဖြူနဲ့ ကိုသာထွန်းအောင်တို့ကလဲ ကလွကတ္တားရှိ ကိုညိုထွန်းဆီ သတင်းပေးပို့ဖို့ ကြားကာလမှာ အကူအညီပေးဖို့တို့ကိုပါ မုံလှရွာကတစ်ဆင့် ဆက်သွယ်ခိုင်းလိုက်ပါတယ်။ ပြီးမှ ချင်းလက်ချောင်းဖျား ကို ချီတက်သွားကြတယ်။

ချင်းလက်ချောင်း စခန်းကို ရောက်တဲ့အခါ ကိုစိန်ထွန်းဖြူ ခေါင်းဆောင် တဲ့ တပ်စိပ်ကို မဟာမိတ်တွေရှိရာ စခန်းကို ကင်းထောက်ခိုင်းလိုက်ပါတယ်။ ကင်းထောက်ခိုင်းလိုက်တာဟာ ရန်သူကို ရှာဖို့မဟုတ်ဘဲ မဟာမိတ်တပ်နဲ့ အဆက်အသွယ်ရပြီး ဂျပန်ကို ပြန်ချဖို့အတွက် အဆက်အသွယ်ရအောင် ဆောက်လှမ်းခိုင်းလိုက်တာ ဖြစ်တယ်။

ကိုစောဖြူတို့ ချင်းလက်ချောင်းကို ရောက်လို့ မကြာခင်မှာပဲ ဂျပန်တပ် စု တစ်စုက အောက်ကိုဆင်းဖို့ ပြင်ဆင်နေပါတယ်။ ဒီတော့ ဂျပန်တပ်စုမှူး ဆီ အခြေအနေကို ကိုစောဖြူက မေးကြည့်ပါတယ်။ သူတို့က ရခိုင်တပ်နဲ့ ဂျပန်တပ် လဲရမှာမို့ သူတို့တပ်က အောက်ကို ဆင်းရတာ ဖြစ်တယ်လို့

ပြောတယ်။ ဂျပန်တွေလဲ သူတို့မွေးထားတဲ့ ဝက်၊ ကြက်၊ ဘဲ တို့ကို မယူနိုင်ဘဲ ပစ်ပြီး စုန်ဆင်းသွားကြတယ်။

ဒီလိုဂျပန်တပ်တွေက ဝက်၊ ကြက်၊ ဘဲ တွေကို စွန့်ပစ်ခဲ့ပြီး ဆုတ်ခွာသွားကြတဲ့အတွက် အနီးပတ်ဝန်းကျင်မှာ ရှိတဲ့ ရခိုင်တွေကို ဖိတ်ခေါ်ပြီး ရခိုင်ရဲဘော်များနဲ့အတူ ဂျပန်တွေ ပစ်ထားခဲ့တဲ့ ဝက်၊ ကြက်၊ ဘဲ တွေကို သတ်ပြီး ပျော်ပွဲစားလိုက်ကြတယ်။

အဲဒီမှာ အရပ်သားတစ်ယောက်က ဘာပြောသလဲဆိုရင် "အရင် ရခိုင်ဗိုလ်တစ်ယောက်ကတော့ အင်္ဂလိပ်ကို ချမ်ယယ်တိုက်မယ်နဲ့ ပြောခဲ့တယ်၊ အခုလာတဲ့ ဗိုလ်ကျတော့ ဂျပန်ကို ကြောက်စရာမလိုဘူး၊ ပြေးစရာမလိုဘူးလို့လို့ ဆိုပြန်တယ် သူတို့ဖြင့် နားမလည်နိုင်အောင် မျက်စိလည်နေပြီ"လို့ ပြောလာပြန်တယ်။

ဂျပန်တပ်ဆုတ်သွားပြီတဲ့ ၁ ရက်၊ ၂ ရက်အတွင်းမှာ ကုလားတန်မြစ်ကမ်းတစ်ဘက်"နွှန်းဘူးရှာ"ဘက်ကို အင်္ဂလိပ်စစ်တပ် ဝင်ရောက်ထိုးဖောက်လာပြီဆိုတဲ့ သတင်းရတယ်။ ကိုစောဖြူတို့တပ်က အင်္ဂလိပ်တပ်ကို သွားရောက်တိုက်ခိုက်တာ မလုပ်ဘဲ ငြိမ်နေလိုက်တယ်။ ရဲဘော်တွေကတော့ စိုးရိမ်ပူပန်နေကြတယ်၊ အင်္ဂလိပ်နဲ့ ကိုစောဖြူတို့ ဆက်သွယ်ထားပြီးပြီဆိုတာကို ရဲဘော်တွေကို ဒီအချိန်အထိ အသိမပေးသေးဘူး၊ အထက်က တပ်ဆုတ်မိန့်မရသေးတဲ့အတွက် ဒီစခန်းက ဆုတ်လို့ မရသေးဘူးဆိုတာလောက်ကိုသာ ပြောပြရပါတယ်။

အင်္ဂလိပ်တပ်တွေ နွှန်းဘူးရှာကို ဝင်ရောက်သိမ်းပိုက်ပြီးတဲ့ တစ်ရက်နှစ်ရက်အတွင်းမှာ ဥဿလင်းဝရွာမှာ တပ်စွဲထားတဲ့ ဂျပန်စစ်ဗိုလ်ဆီကချင်းလက်ဝကနေ တပ်ခေါက်လာကြဖို့ အမိန့်စာပို့တယ်၊ ဒါကြောင့် ကိုစောဖြူတပ်က ချင်းလက်ဝက ဥဿလင်းဝကို ဆင်းခဲ့ရတာယ်။ ဥဿလင်းဝကိုရောက်တဲ့အခါ ဂျပန်တပ်တွေ ဆုတ်ဖို့ အစီအစဉ်တွေ လုပ်နေတာကို သိရတယ်။

အင်္ဂလိပ်တွေကလဲ ကြားဖြတ်ဝင်လာနေပြီ။ ဂျပန်တွေကလဲ ဆုတ်ဖို့လုပ်နေပြီဆိုတော့ ဒီအခွင့်ကောင်းကို ယူပြီး မဟာမိတ်တွေဆီ ပြေးဖို့တော်ပြီလို့ ကိုစောဖြူနဲ့ကိုသာထွန်းအောင်တို့ တိုင်ပင်ဆုံးဖြတ်လိုက်တယ်၊

ဂျပန်က ညတွင်းချင်း ဆုတ်ဖို့ အမိန့်ပေးလာတယ်၊ ဒါကြောင့် ယူသင့်တဲ့ ပစ္စည်းတွေကို ယူပြီး ကိုစောဖြူတို့ တပ်တွေ လှေနဲ့ စုန်ဆင်းကြရတယ်။

ဂျပန်တပ်က လစ်ခဲ့ကြပြီ

လမ်းမှာ ရဲဘော်တစ်ယောက်စီကို သူတို့ သဘောထားတွေ သိချင်တာနဲ့ ထိုးခေါက်ကြည့်တယ်၊ ကိုစောဖြူတို့က-

"မင်းတို့ ငါတို့နဲ့ လိုက်မလားလို့မေးတယ်"၊ ဒီတော့ ရဲဘော်တွေက "ဘယ်လိုက်ရမှာလဲ"လို့ ပြန်မေးပြန်တယ်။

"ဒါကိုတော့ နောက်မှ ပြောမယ်၊ ငါတို့သိချင်တာ ငါတို့သေရင် လိုက်သေမယ်၊ ငါတို့ရှင်ရင် လိုက်ရှင်မယ် ဆိုတဲ့ ရဲဘော်တွေရဲ့ အဖြေသာ ကြားချင်တယ်"အဲဒီလို ကိုစောဖြူက ဖြေရှင်းလိုက်တယ်။

တချို့ကတော့ လိုက်မယ်လို့ ပြောကြတယ်၊ တချို့ကတော့ ယောင်လည်လည်နဲ့။ အဲဒီလို ရဲဘော်တွေရဲ့ ဆန္ဒကို ယူပြီး လှေနဲ့ စုန်ဆင်းလာရင်း ကိုစောဖြူက လမ်းခုလတ်ကနေ သူ့လှေနဲ့ နေရစ်တယ်၊ တခြားလှေတွေကတော့ ဆက်ပြီး စုန်ဆင်းသွားကြတယ်။ ကိုစောဖြူက ညတွင်းချင်းပဲ အရပ်သား ရဲဘော် မောင်ထွန်းဖဲဆီ ရောက်အောင်သွားပြီး "ငါတော့ ဒီမှာ နေခဲ့တယ်၊ ငါတို့တပ်တွေကတော့ အောက်ကို စုန်ဆင်းသွားပြီ ဒီတော့ မင်းလိုက်သွားပြီး ကိုသာထွန်းအောင်တို့ကို သတင်းပို့ပေးစမ်းပါ"လို့ ပြောပြီး အကူအညီတောင်းလိုက်တယ်။

ရှေ့က စုန်သွားနှင့်တဲ့ ကိုသာထွန်းအောင်နဲ့ ရဲဘော်တွေ သတ်မှတ်ထားတဲ့ နေရာကို လှေတွေနဲ့ ရောက်သွားကြပေမယ့် ကိုစောဖြူ လှေတစ်စီးသာ နောက်ရှိနေတာကို ကိုသာထွန်းအောင်က သတိထားမိလိုက်တယ်။ ကောင်း ကိုစောဖြူတစ်ယောက်တော့ လစ်ပြီနဲ့တူတယ် လို့ တစ်ထစ်ချ ယုံကြည်လိုက်တယ်။

ဂျပန်တွေအိပ်မောကျနေတဲ့ အချိန်မှာ ကိုသာထွန်းအောင်က ရဲဘော်တွေ ခေါ်ပြီး ကိုစောဖြူနောက် လိုက်လာကြတယ်။ မိုးလင်းတဲ့အခါမှာ ကိုစောဖြူ လွှတ်လိုက်တဲ့ မောင်ထွန်းဖဲနဲ့ ကိုသာထွန်းအောင်တို့ တွေ့ပြီး ကိုစောဖြူရှိရာ ဆီ ရောက်လာကြတယ်။ ကိုစောဖြူနဲ့ တွေ့ကြပြီး လယ်တဲတစ်ခုမှာ စခန်း ချနေကြပါတယ်။

သူတို့ ဂျပန်ဆီက ခွဲထွက်မလာခင်က သူတို့နဲ့အတူနေခဲ့တဲ့ ဂျပန်တွေကိုတော့ သူတို့သုတ်သင်ပစ်မယ်ဆိုရင် သုတ်သင်ပစ်နိုင်တဲ့ အခြေအနေမှာ ရှိပါတယ်။ ဒါပေမယ့် ဂျပန်နဲ့အတူ ပူးပေါင်းနေတဲ့ ရခိုင်ခေါင်းဆောင်တွေနဲ့ ရခိုင်ရဲဘော်တွေကို ထိခိုက်မှာ စိုးတဲ့အတွက် ဂျပန်တွေ သုတ်သင်မပစ်ခဲ့ဘဲ ဇွန့်ခွာလာခဲ့ပါတယ်။

ဒီလို ဂျပန်နဲ့ အင်္ဂလိပ်ကြားမှာ တစ်ရက်နှစ်ရက် ပုန်းအောင်းနေလိုက်တယ်။ နောက်တစ်နေ့ညမှာ ကုလားတန်မြစ်ကို ဖြတ်ကျော်ပြီး ကိုအောင်ဒင် (မောင်လှကျော်) တို့ ရှိရာကို မောင်ထွန်းဖဲ၊ ကိုစံရွှေဦးတို့ အကူအညီနဲ့ ကိုစောဖြူတို့ ရဲဘော်တစ်သိုက် ချီတက်သွားကြပါတယ်။ မိုးမလင်းခင် ကုလားတန် မြစ်ကမ်းတစ်ဘက်ကမ်းရှိ တောင်ယာတဲတစ်ခုမှာ ဝင်ရောက်စခန်းချ လိုက်ပါတယ်။ မနက်လင်းတဲ့အခါမှာ ကိုစံရွှေဦးနဲ့ ကိုမောင်ထွန်းဖဲတို့က ရဲဘော်တွေ စားသောက်ရေးကို စီစဉ်ပေးပါတယ်။ သူတို့က ခမွီးစကားကို ရေရေလည်လည် ပြောသူတွေ ဖြစ်တဲ့အတွက် ကိုစောဖြူတို့အတွက် အထောက်အကူ အများကြီးရတယ်။

အဲဒီကနေ ကိုအောင်ဒင် (မောင်လှကျော်) တို့ ရှေ့က စခန်းကို ခရီးဆက်ကြပါတယ်။ ဥဿလင်းဝချောင်းဖျား ဆော်လီရွာကို ရောက်တဲ့အခါမှာ မောင်လှကျော်ကတစ်ဆင့် ကလွကတ္တားရှိ ကိုညိုထွန်းတို့ဆီ သတင်းပို့ပေးဖို့ အကူအညီတောင်းရပါတယ်။ ဒီအချိန်မှာ မောင်လှကျော်တို့ဆီမှာ ရှိတဲ့ ဝိုင်ယာလက်စက်မှာ ဘက်ထရီအားနည်းနေလို့ သတင်းမပို့နိုင် ဖြစ်နေတယ်။ ဘက်ထရီအားဖြည့်ပေးတဲ့ လက်ကိုင်ကလဲ ကျိုးနေတဲ့အတွက် ဘတ်ထရီအား မဖြည့်ပေးနိုင်ဘဲ ဖြစ်နေတယ်။

ဒီအချိန်မှာ ဂျပန်သူလျှိုတပ်က ရခိုင်ရဲဘော်အချို့ကို တွေ့ရပါတယ်၊ သူတို့က ဂျပန်တပ်တွေနဲ့ ခွဲပြီး ဆုတ်လာတာနဲ့ ပက်ပင်း တွေ့ကြရတယ်။ သူတို့ကို ခေါ်ယူမေးမြန်းကြည့်တော့ အောက်ကို စုန်ဆင်းသွားမယ့်အကြောင်း ပြောကြပါတယ်၊ တကယ်လို့ သူတို့ အောက်ဆင်းသွားရင် ကိုစောဖြူတို့ တပ်နဲ့ လမ်းမှာ တွေ့ခဲ့ကြောင်း ဂျပန်ကိုသာ ပြောခဲ့ရင် သူတို့အကြံအစည်တွေ ဂျပန်က သိသွားနိုင်တယ်။

ဒီတော့ ကိုစောဖြူတို့က သေအတူ ရှင်မကွာဆိုသလို သူတို့နဲ့အတူ လိုက်ဖို့ ခေါ်တယ်။ ဒါပေမယ့် လခနဲ့ ဂျပန်ကို တွယ်တာတဲ့ ရဲဘော်တချို့က

[illegible]နိုင်ကြောင်း ငြင်းဆိုကြတယ်။ ဒီတော့ ကိုစောဖြူတို့က သူတို့သတင်း [illegible]ကြားအောင် ဒီလူတွေကို ဖြောင်ပစ်မှ အေးမှာပဲ၊ လူကိုသတ်ရတာ [illegible]ကြောင်းမဟုတ်ဘူး တော်လှန်ရေးကို အထိမခံနိုင်ဘူး၊ ဒီအစီအစဉ်တွေကို [illegible]ကြေးစား ရဲဘော်တွေက ရိပ်မိလေသလားမသိ နောက်ဆုံးမှာ ကိုစောဖြူတို့နဲ့ [illegible]မယ်လို့ ကတိပေးကြတယ်။ ဒါကြောင့် ကိုစောဖြူတို့က သူတို့နဲ့အတူ [illegible]သားလိုက်တယ်။

ကိုစောဖြူတို့ ထွက်လာကြောင်းကို ဝိုင်ယာလက်နဲ့ သတင်းမပို့နိုင်တဲ့ [illegible] ခြေမြန်ဆက်သားလွှတ်ပြီး မဟာမိတ်တပ်တွေရှိရာကို သတင်းပို့ [illegible] အချိန်ပါပဲ။ အင်္ဂလိပ်ရှေ့ပြေးတပ် (ဇွိ–ဖိုး)က တစ်နေရာကို [illegible]နေတဲ့ သတင်းကို ရတယ်၊ ဒါကြောင့် ဒီတပ်နဲ့ သွားရောက်တွေ့ဆုံဖို့ [illegible]ဖြူဟာ မောင်လှကျော်နဲ့သွားဖို့ စီစဉ်တယ်။

**[illegible]မိတ်ဆိုသူနဲ့ တွေ့တော့လဲ မစားသာ**

ဒီအချိန်က အင်္ဂလိပ်တပ်က သိထားတဲ့ ကိုစောဖြူတို့ နာမည်တွေကို [illegible]တပ်မှာတုန်းက နာမည်တွေကို ပြောင်းပစ်လိုက်တယ်၊ သူတို့တပ်ဖွဲ့ကို [illegible]မင်္ဂလာတပ်ဖွဲ့ရယ်လို့ အမည်ပြောင်းလိုက်တယ်။

**အောင်မင်္ဂလာတပ်ဖွဲ့**

| | အမည်ရင်း | ပြောင်းလွဲအမည် |
|---|---|---|
| (၁) | မောင်စောဖြူ | မောင်ရဲအောင် |
| (၂) | သာထွန်းအောင် | ။ အောင်ထူး |
| (၃) | ခေလာ | ။ အောင်ဝေ |
| (၄) | စံထွန်း | ။ အောင်ဖေ |
| (၅) | မောင်ထွန်းစိန် | ။ အောင်စိန် |
| (၆) | ခိန်ထွန်း | ။ အောင်ထွန်း |
| (၇) | ကျော်သာ | ။ အောင်သာ |
| (၈) | ဘထွန်း | ။ အောင်ဘ |
| (၉) | စောထွန်း | ။ အောင်စော |

(ဗိုလ်စောဖြူအနေနဲ့ တချို့ရဲဘော်တွေရဲ့ နာမည်တွေကို မမှတ်မိတော့တဲ့ [illegible] စာရေးသူမှ တစ်ဆင့် ကျန်ခဲ့တဲ့ ရဲဘော်တွေရဲ့ နာမည်ကို ပြည့်ပြည့်

စုံစုံ ဖော်မပြနိုင်တဲ့အတွက် တောင်းပန်ပေးပါလို့ ဗိုလ်စောဖြူက မှာကြားလိုက
ပါသေးတယ်၊ စာရေးသူ)။

မကြာခင်ဘဲ မောင်လှကျော်ရဲ့ ကြိုးပမ်းဆောင်ရွက်မှုကတစ်ဆင့် အင်္ဂလိ
တပ်တွေနဲ့ ဆက်သွယ်မိပါတယ်။

ရခိုင်ရဲဘော်တွေ ပါခဲ့သေးသလားလို့ အင်္ဂလိပ် ကပ္ပတိန်က မေးတယ
ကိုစောဖြူက ပါခဲ့တဲ့အကြောင်း ဟုတ်တိုင်းမှန်ရာ ပြောလိုက်တယ်။

ဒီလိုဆိုရင် ရဲဘော်တွေကို ကြည့်လိုပါတယ်။

ဒါကြောင့် ရဲဘော်တွေကို လက်နက်မပါဘဲ တန်းစီပြလိုက်ရတယ
ဒီလိုတန်းစီပြရုံနဲ့ မပြီးသေးဘူး။

လက်နက်တွေကော မပါလာဘူးလားလို့ မေးပြန်တယ်။ ပါပါတယ
ဒါဖြင့် လက်နက်တွေကိုပါ ထုတ်ပြပါလို့ ကပ္ပတိန်က တောင်းဆိုလာပြန်တယ
ကိုစောဖြူတို့က ယုံယုံကြည်ကြည် သံသယကင်းကင်းနဲ့ပဲ လက်နက်တွေ
ထုတ်ပြလိုက်ပါတယ်။ မဟာမိတ်ဆိုတဲ့အင်္ဂလိပ်ကပ္ပတိန်က ကိုစောဖြူတို့ဆီက
လက်နက်တွေကို အားလုံး သိမ်းလိုက်ပါတယ်။ အဲသည်မှာ စစ်သုံ့ပန်းဘဝ
ရောက်ရတော့တာပါပဲ။

အဲဒီညမှာပဲ ကိုစောဖြူနဲ့ ရဲဘော်တွေကို ထမင်းမကျွေးဘဲ ညအတော်လေ
မှောင်လာမှ ထမင်းချက်စားဖို့ ဆန်နည်းနည်းနဲ့ ခွေဖရုံသီးတို့ကို လာပေးတယ
ဒီအချိန်မှ ဒါတွေဘာလုပ်ဖို့လဲ ငါတို့မစားတော့ဘူး ဆိုပြီး ရိက္ခာလာပို့တဲ
ကုလားအစောင့်စစ်သားတွေကို ကိုစောဖြူတို့က ပြောလိုက်တယ်။ အဲဒီည
ဘယ်သူမှ ထမင်းမစားဘဲ အငတ်ခံ ဆန္ဒပြနေလိုက်တယ်။

နောက်တစ်နေ့ မနက်ကျမှ စစ်ဘက်က တောင်းတောင်းပန်ပန်
ဆန်၊ဆီ၊ဆား စတဲ့ ရိက္ခာတွေကို လုံလုံလောက်လောက် ထုတ်ပေးပါတယ
အဲဒီမှာ ကိုယ့်ဟာကိုယ် ချက်စားကြရတယ်။

အင်္ဂလိပ်တွေက ကိုစောဖြူတို့ကို ဖမ်းခဲ့တာကို ဂျပန်တွေကို ဖမ်းမိခဲ့ဟန်
အနီးအနားပတ်ဝန်းကျင်က လူတွေကို ဝါဒဖြန့်လိုက်တယ်။ တချို့ ခ
အမျိုးသမီးတွေက ဂျပန်တွေကို ကြည့်ဖို့ဆိုပြီး လာကြတယ်။ သူတို့
ကိုစောဖြူတို့ လူသိုက်ကို ဂျပန်တွေနဲ့ပေါင်းပြီးနေခဲ့စဉ်တုန်းက မြင်ခဲ့တွေ့ခဲ့
သူတွေ ဖြစ်တယ်။ အခုလာတွေ့ပြန်တော့ အံ့အားသင့်နေကြတယ်။

"ဂျပန်တွေဆီမှာလဲ သူတို့ပါတယ်၊ အခု အင်္ဂလိပ်တွေကျပြန်တော့လဲ သူတို့ပါပါပဲကိုး"လို့ တီးတိုးပြောသွားကြတယ်။ တချို့ အသိမိတ်ဆွေတွေကတော့ စားစရာတို့ ဆေးလိပ်ဆေးရွက်တို့ကအစ ပေးသွားကြတယ်၊ ဒီအချိန်မှာ တချို့ခမ္ဘီး အမျိုးသမီးတွေက တစ်ချိန်က သူတို့နဲ့ ခင်မင်ရင်းနှီး တွယ်တာခဲ့ဖူးတဲ့ သူတွေလဲ ပါခဲ့တယ်။ ကိုစောဖြူတို့ရဲ့ အဖြစ်ကို မြင်ပြီး သူတို့မျက်နှာတွေ ညှိုးနွမ်းအားငယ်ကြတယ်။

နောက်တစ်နေ့မှာ ဥဿလင်းဝကနေ ဝါးဖောင်နဲ့ သူတို့ကို တင်ခေါ်ပြီး "ဗလိုင်း"စခန်းကို စုန်ဆင်းလာကြတယ်။ ဗလိုင်းစခန်းကို ရောက်တဲ့အခါ ကပ္ပလီစစ်သားတချို့နဲ့တွေ့တယ်၊ သူတို့က ကိုစောဖြူတို့ရဲ့ လည်ပင်းကို ဓားနဲ့ ရွယ်ရင်း ဓားပြတွေလို့ စွပ်စွဲကြတယ်၊ ခြောက်လှန့်ကြတယ်၊ ဒီတော့ "ငါတို့ရည်မှန်းချက်ကို မရောက်ခင် ဒီနေရာမှာပဲ သေရတော့မှာပဲ"လို့တောင် အောက်မေ့လိုက်မိတယ်။

သူတို့လူကြီးတွေ ရောက်လာတဲ့အခါမှာ ကပ္ပလီတပ်စိပ် နှစ်စိပ်နဲ့ "ကူဝ"စခန်းကို လိုက်ပို့တယ်၊ သေနတ်လွယ်စွပ်တပ်ပြီး ဘေးတစ်ဘက်တစ်ချက် ဆီက စောင့်ကြပ်ပြီး လိုက်ပို့တယ်။ ကူဝစခန်း ရောက်တဲ့အခါမှာ ညစာကို ထမင်းမကျွေးတော့ဘူး၊ လက်ဘက်ရည်တစ်ခွက် ဘီစကွတ်ခြောက်တစ်ထုပ်နဲ့ အမဲသားဆီသွတ်ဗူး တစ်ဗူးစီသာပေးတယ်။ ကူဝစခန်းမှာပဲ ညအိပ်ကြရတယ်။

နောက်တစ်နေ့မှာလဲ ကပ္ပတိန် အစောင့်အရှောက်နဲ့ လမ်းခရီးမှာ သုံးညအိပ်ပြီး စစ်တကောင်းအပိုင် "ဒိုးဟဇာနီ မြစ်ဖျား"ဆိပ်ကမ်း စခန်းကို ရောက်တယ်၊ အဲဒီစခန်းရောက်တဲ့အခါမှာ နီဂရိုးတွေ လက်ထဲကနေ မွတ်စလင် အိန္ဒိယစစ်သားတွေက ကိုစောဖြူတို့ကို လွှဲပြောင်းလက်ခံယူလိုက်ပါတယ်၊ သူတို့က နီဂရိုးစစ်သားတွေလို သေနတ်အစောင့်အရှောက်နဲ့ ခေါ်မသွားရဲကြဘူး။ကိုစောဖြူတို့ အားလုံးကို ခြေလက်တို့ကို ကြိုးနဲ့တုပ်ချည်ဖို့ စီစဉ်ကြတယ်။

အင်္ဂလိပ်စစ်ဗိုလ်က စာရွက်တစ်ရွက်ကိုင်ပြီး ရဲအောင်၊ အောင်ထူး၊ အောင်ဝေ အစရှိတဲ့ နာမည်တွေ ခေါ်ယူပြီး စစ်ဆေးတယ်။ စစ်ဆေးပြီးတဲ့ အခါ အိန္ဒိယစစ်သားတွေလက်ထဲ လွှဲအပ်လိုက်ပါတယ်။ ရခိုင်တွေ ဆိုးတယ်ဆိုပြီး လက်ပြန်ကြိုးတုပ် ဒါတွင်မက ခြေထောက်ပါ ချည်နှောင်ပါတော့တယ်။

ဒီအချိန် ကိုစောဖြူက သူငယ်ငယ်တုန်းက ဇာတ်ပွဲထဲမှာ လက်ပြန် ကြိုးတုပ်ခံရတဲ့ မင်းသားရဲ့ အဖြစ်ကို ပြေးသတိရမိတယ်။ "ကြိုးလက်ပြန်

ချည်နှောင်တုပ်ပါလို့ ဒီမောင်မလှုပ်နိုင်ဘူးနော်" ဆိုတဲ့ မင်းသားရဲ့ လွမ်းချင်းမျိုးကိုလဲ သူက ဟစ်လို့ ဟဲလိုက်ချင်တဲ့စိတ်တောင် ပေါ်လာတယ်။ လက်ပြန်ကြိုးကို သက်သက်ညှာညှာ တုပ်ချည်ထားတာ မဟုတ်တော့ လှုပ်လိုက်တိုင်း သွေးတွေ ပြာထွက်လာကာ နာကျင်ကိုက်ခဲတဲ့ ဝေဒနာကို ခံစားကြရတယ်။

ဒီလို ကြိုးချည်လျက်နဲ့ပဲ အောက်ကို စုန်မယ့်လှေတွေပေါ် တက်ကြရတယ်။ လှေပေါ်မှာလဲ ကြိုးကို ဖြေမပေးဘူး၊ ကုန်းလိုက်တိုင်း ကွလိုက်တိုင်း ဝေဒနာကို ခံစားကြရတယ်။ လမ်းမှာ ကိုသာထွန်းအောင်က ကြိုးတွေကို ညှာညှာတာတာ ချည်ဖို့ အင်္ဂလိပ်လို ပြောမှ သနားစိတ်ဝင်လာသလား မသိ ကြိုးကို ဖြည်ပေးပါတော့တယ်။ လမ်းတစ်လမ်းလုံးမှာ ကိုစောဖြူတို့အတွက် ပေးလိုက်တဲ့ ရာရှင်တွေကို အိန္ဒိယစစ်သားတွေချည်း စားပစ်လိုက်ကြတယ်။ ရခိုင်ရဲဘော်တွေကိုတော့ ပဲချည်းပဲ ကျွေးတယ်။

ဒိုဟာဇာရီမြစ်ဖျား "တန်းဆိပ်"စခန်းက ရေလမ်းအတိုင်း စုန်ဆင်းခဲ့တော့ "ရွာတော်"ဆိုတဲ့ ဆိပ်ကမ်းကို ရောက်လာပါတယ်။ ဒီမှာ ကပ္ပတိန် အင်္ဂါ ရောက်လာပြီး သူတို့ကို အသေအချာ ကြည့်ပါတယ်။ ပြီးတော့ "ဗမာစကား ပြောတတ်သလား"လို့ မေးပါတယ်။ "တတ်ပါတယ်"လို့ ပြန်ဖြေတဲ့အခါမှာ ကပ္ပတိန် အင်္ဂါက "ခင်ဗျားတို့ အင်္ဂလိပ်လက်ထဲ လာတဲ့အတွက် ဒုက္ခတော့ နည်းနည်း ခံရမယ်၊ ဒါပေမယ့် ကိစ္စမရှိဘူး ကျုပ်ကြည့်စီစဉ်ပေးမယ်"လို့ ရိုးရိုးကလေး ပြောဆိုပြီး ထွက်သွားပါတယ်။

နောက်တစ်နေ့ ခရီးဆက်ကြပါတယ်။ ည ၇ နာရီလောက်မှာ ဒိုဟာဇာရီမြို့ ဆိပ်ကမ်းကို ရောက်ပါတယ်။ အဲဒီမှာ အိန္ဒိယအမျိုးသားတွေနဲ့ တွေ့တယ်။ တချို့က အမျိုးမျိုး ဆဲဆိုပြီး "လည်ပင်းကို ဓားနဲ့ လှီးပစ်မယ်"လို့ ကုလားလို ပြောကြဆိုကြတယ်။ ဒီလို ခြိမ်းခြောက်သံကြောင့် တချို့ရဲဘော်တွေက တုန်လှုပ်ချောက်ချားကြတယ်။ "ဘာမှ မကြောက်ကြ နဲ့" ဆိုပြီး ကိုစောဖြူနဲ့ ကိုသာထွန်းအောင်တို့က အားပေးစကား ပြောကြတယ်။ ဆိပ်ကမ်းပေါ်က အသင့်စောင့်နေတဲ့ အင်္ဂလိပ်စစ်ဗိုလ်က ရခိုင်ရဲဘော်တွေရဲ့ အမည်စာရင်းကို ခေါ်ယူစစ်ဆေးပြီး မော်တော်ကားပေါ် တက်စေတယ်။ စခန်းတစ်ခုဆီ ခေါ်သွားပါတယ်။ စခန်းရောက်တဲ့အခါမှာ ဂေါ်ရခါးစစ်သား အစောင့်တွေလက် လွှဲပြောင်းလိုက်ပါတယ်။

ဒီစခန်းမှာ တစ်ညအိပ်ပြီး နောက်တစ်နေ့ မနက်မှာ ဂေါ်ရခါးစစ်တပ် အစောင့်အရှောက်နဲ့ ဒိုဟာဇာရီမြို့ ဘူတာကနေ စစ်တကောင်းကို ရထားနဲ့ သွားရပါတယ်၊ သူတို့ရဲ့တွဲကို "အကျဉ်းသားများ" လို့ အင်္ဂလိပ်လို ရေးထားပါတယ်။

စစ်တကောင်းရောက်တဲ့အခါမှာ အသင့်စောင့်နေတဲ့ အင်္ဂလိပ်စစ်ဗိုလ် ၂ ယောက်ကို တွေ့ရပါတယ်။ စစ်ဆေးပြီး သူတို့ကို ကားပေါ်တက်ခိုင်းပြန်တယ်၊ မော်တော်ကားက အကျဉ်းသမားတွေ သယ်ဆောင်တဲ့ အလုံပိတ်ကား ဖြစ်ပါတယ်။ ဘေးတစ်ဘက်စီမှာ ၄ လက်မပတ်လည်ခန့်ရှိ အပေါက်နှစ်ခုသာ ရှိတယ်။ တံခါးကို သော့ခတ်ထားတယ်။ စစ်တကောင်းမြို့နဲ့ အတော်ဝေးတဲ့ ခန်းတစ်ခုဆီ ခေါ်ယူသွားပြီး နေရာချပေးပါတယ်။ ဒီစခန်းက မြို့နဲ့ မိုင် ၃၀ လောက် ဝေးတယ်။

ဒီစခန်းက (F.I.C) အက်ဖ်အိုင်စီ (Field Intelligence Corps) စစ်မြေပြင် ထောက်လှမ်းရေးလက်အောက်ရှိ စခန်း ဖြစ်တယ်။ ဒီစခန်းတာဝန်ခံကတော့ မေဂျာဂါးဝါးပါ။ နေ့လယ် ၁၂ နာရီလောက်မှာ စခန်းကို ရောက်ပေမယ့် စားရေးသောက်ရေးကို ဘယ်သူမှ လာရောက်မေးမြန်းခြင်း မရှိဘူး၊ နေ့လယ် ၁ နာရီလောက်ကျော်မှ အင်္ဂလိပ်ကပြားစစ်ဗိုလ် တစ်ယောက် ပေါက်လာတယ်။ သူက "ခင်ဗျားတို့ ထမင်းစားပြီးပြီလား"လို့ မေးတယ် "မစားရသေးကြောင်း"ကိုစောဖြူတို့က ပြန်ဖြေလိုက်တယ်။ ဒီတော့ အင်္ဂလိပ်ကပြားက သူတို့ဆီမှာ ဆန်ရှားတယ် မြန်မာပြည်မှာလို ထမင်းနှစ်နပ်စားလို့ ရမှာမဟုတ်ဘူး၊ မနက်ထမင်းစားရင် ညကို ချပါတီ ဖုတ်စားဖို့ ဂျုံနဲ့ လက်ဖက်ရည်အချိုပဲ ရမယ်လို့ ပြောသွားတယ်။ ပဲဟင်းကိုတော့ ဒိုင်ခံကျွေးမှာ သေချာတယ်ဆိုတာကို ရဲဘော်တွေက တွက်ထားလိုက်ပြီ။ အင်္ဂလိပ်ကပြားက ဗမာလို ပီပီသသ ပြောနိုင်သူပါ။ ရခိုင်ရဲဘော်တွေနဲ့ ဗမာလို ပြောကြဆိုကြတယ်။

နောက်တစ်နေ့မနက်မှာ ချပါတီဖုတ်စားဖို့ ဂျုံလာပေးတယ်။ လက်ဖက်ရည်သောက်ဖို့ သကြား၊ လက်ဖက်ခြောက်၊ နို့ဆီ ထုတ်ထားပေးတယ်။ ကျိုချက်ဖို့ ဒန်အိုး၊ ဒန်ခွက် ဘာတစ်ခုမှ မပေးဘူး။ သံချေးတက်နေတဲ့ သံဒယ်အိုးပဲ ပေးတယ်။ အကြိမ်ကြိမ် တိုက်ချွတ်ဆေးပေမယ့် သံချေးတွေက

မစင်သလို ဖြစ်နေတယ်။ လက်ဖက်ရည်ဖျော်သောက်ပေမယ့် သံချေးတွေကြောင့် မည်းပုတ်ပုတ် ဖြစ်နေတယ်။ သံချေးတက်နေတဲ့ လက်ဖက်ရည်နဲ့ ချပါတီမုန့် တစ်ချပ်နဲ့ပဲ ပြီးလိုက်ကြရတယ်။

ဒီခန်းမှာ ရဲဘော်စုစုပေါင်း "၂၁" ယောက် ရှိတယ်၊ ထမင်းတစ်နပ်စာအတွက် ဆန်နို့ဆီဗူး "၁၁" ဗူးပဲ ပေးတယ်။ ပေးတဲ့ဆန်ကျတော့လဲ ဝါထိန်ပြီး ကျောက်ခဲသလဲ၊ စပါးလုံးတွေနိုင်းခြင်းနဲ့ ချက်ပြီး စားပြန်တော့လဲ ဆိုးဝါးတဲ့ အနံ့အသက်ကြောင့် စားရတာ အဝင်ခက်တယ်၊ စားသောက်ခွက် (သံမဏိမတ်စတင်း)တွေကလဲ ဆေးကြောလို့ မပြောင်နိုင်အောင် သံချေးတွေက စွဲနေတယ်။ သံချေးတက်နေတဲ့ သံဒယ်အိုးနဲ့ ချက်ထားတဲ့ ဟင်းက မည်းပုတ်ပုတ်၊ တကတည်းမှပဲ ရေနုတ်မြောင်းက ဆင်းလာတဲ့ ရေနဲ့ ပုံနှိုင်းလိုက်ချင်ပါရဲ့။ ဒါတွေကို မသေရုံ အောင့်အည်းပြီး စားလိုက်ကြရသတဲ့။

အိပ်ရတဲ့ နေရာကလဲ ၁၀ ပေ ပတ်လည်ရှိတဲ့ အခန်းကျဉ်းကလေးထဲမှာ လူ ၄ ယောက်တစ်တွဲစီ။ အခင်းက ဗလာ၊ ခေါင်းအုံးက အုတ်ခဲ၊ နှအေးစက်နေတဲ့ သံမံတလင်းပေါ်မှာ အိပ်ကြရတော့ ဒီအဖြစ်ကို အိမ်က အမေတွေများ လာမြင်ရင် "ဖြစ်မှဖြစ်ရပလေ သားတို့ရယ်"ဆိုပြီး ငိုပွဲဆင်ရမယ့် ကိန်းပဲ။

ဒီလိုအချုပ်ခန်းထဲ ထည့်ထားပြီး အင်္ဂလိပ်ကပြား စစ်ဗိုလ်က ကိုစောဖြူတို့ တစ်ယောက်စီ ခေါ်ခေါ်ပြီး စစ်ဆေးပြန်တယ်။ သူတို့က "ဦးပညာသီဟ၊ ဂျပန်ဘုန်းကြီး မာရုရာမ၊ ဗိုလ်ကြာလှအောင်၊ ဂျပန်ဗိုလ် မူရီကာဝါး တို့ကို မြင်ဖူးသလား တွေ့ဖူးသလား"လို့ မေးမြန်းတယ်၊ ဒီတော့ သူတို့က "ကြားတော့ ကြားဖူးတယ် မမြင်ဖူးဘူး"လို့ပြောတယ်။

အဲဒီလို ကိုစောဖြူတို့က ဖြေလိုက်တော့ အင်္ဂလိပ်ကပြား စစ်ဗိုလ်ဟာ သူ့ရုံးခန်းထဲက ဗီရိုတစ်ခုအံကို ဆွဲဖွင့်လိုက်တယ်၊ ဓာတ်ပုံအယ်(လ်)ဘန် စာအုပ်ကြီး တစ်ခုကို ထုတ်ယူလိုက်တယ်။ ပြီးတော့ ဓာတ်ပုံတွေကို လက်ညှိုးနဲ့ ထောက်ပြပြီး၊ "ဟောဒါက ဗိုလ်ကြာလှအောင်၊ ဟောဒါက ဦးပညာသီဟ၊ ဒါက ဂျပန်ဗိုလ် မာရူးယားမား၊ ဒါက မူရီကာဝါး၊ ဒီပုံက အရေးပိုင် ကျော်ထွန်းဦး"ဆိုပြီး ဓာတ်ပုံတွေ တစ်ပုံပြီး တစ်ပုံကို ထောက်ပြပါတော့တယ်။ ဓာတ်ပုံတွေ မြင်တော့မှ ကိုစောဖြူလဲ ပါးစပ်အဟောင်းသားနဲ့ အံ့သြနေမိတယ်။

"အင်္ဂလိပ်ဘက်က လေယာဉ်ပျံတွေ ရခိုင်ပြည်နယ်ဘက်ကို လာသေးသလား"လို့ အင်္ဂလိပ်ကပြား စစ်ဗိုလ်က မေးပြန်တယ်။ လာပါတယ် ဘာအမျိုးအစားရယ်လို့တော့ မသိဘူး၊ ရခိုင်တွေကတော့ "လောင်းဆရာ၊ လောင်းဆရာ" ခေါ်တဲ့ လေယာဉ်ပျံတွေတော့ မပြတ်အောင်လာတာပဲ ဒီလောင်းဆရာဆိုတဲ့ လေယာဉ်ပျံကို ဗမာပြည်မမှာတော့ ကျွဲညီနောင်လို့ ခေါ်တယ်။

"ဘာလို့ လောင်းဆရာလို့ ခေါ်သလဲ"

လေယာဉ်ပျံက မီးမြင့်တိုင်း လောင်း (လှေကို ရခိုင်အခေါ်လောင်း) က မီးကိုတောင် မရှောင်ဘူး လိုက်တိုက်ပြီး စက်သေနတ်ပစ်၊ စက်အမြောက်နဲ့ ပစ် ဗုံးကြဲဆိုတော့ ရခိုင်တွေက အဲဒါကြောင့် လောင်းဆရာလို့ နာမည်ပေးထားကြတယ်။ (စာရေးသူ)

အဲဒီလို နေ့စဉ် စစ်ဆေးခံနေရတာ ကြာတော့ ကိုစောဖြူတို့ စိတ်မရှည်နိုင်တော့ဘူး၊ အစားအသောက်ကလဲ ဆင်းရဲ၊ အိပ်ရတာကလဲ ခွေးအိပ်နှားအိပ်၊ ကျန်းမာရေးကလဲ ထိခိုက်လာတော့ စိတ်မရှည်နိုင်တော့ဘူး။ ဒီတော့ ကိုစောဖြူတို့က "သူတို့အပေါ် ယုံကြည်မှု မရှိရင် နောက်ဘာမှ မမေးပါနဲ့တော့ အသေသာသတ်လိုက်ပါတော့"လို့ စကားကုန် ပြောလိုက်ပါ တော့တယ်။

စစ်ဆေးရေးအရာရှိက စိတ်မဆိုးဖို့ တောင်းပန်တယ်၊ "နေကောင်းသွားအောင် ဆေးထိုးပေးပါမယ်" ဆိုပြီး ချော့ပြန်ပါတယ်၊ ဒါပေမယ့် ကိုစောဖြူကတော့ ဘာမှမပြောဘဲ ဆိတ်ဆိတ်နေလိုက်တယ်။ နောက် နှစ်ရက်လောက် ကြာတဲ့အခါ စစ်ဆေးရေးအရာရှိက လာပြန်တယ်။ ကိုစောဖြူတို့ကို "ဘယ်သူနဲ့ တွေ့ချင်သလဲ"လို့ မေးပြန်တယ်။ "ဘင်္ဂလား အိန္ဒိယမှာ ရှိတဲ့ ကိုညိုထွန်းနဲ့ ကပ္ပတိန်အင်းဂါးတို့နဲ့ တွေ့လိုကြောင်း" ပြောပြလိုက်တယ်။

ကိုသာထွန်းအောင်တို့ ဒီစစ်မြေပြင် ထောက်လှမ်းရေးအဖွဲ့မှာ အကျဉ်းသမားအဖြစ်နဲ့ နေရတုန်းက တစ်နေ့ကို ဆေးလိပ်ရာရှင် ၅ လိပ်ပေးတယ်။ သူတို့က မလောက်ဘူးဆိုတော့ ဒီစခန်း အုပ်ချုပ်တဲ့ မေဂျာဂါးဝါးက ဒီးကရက်တွေ ပို့ပေးတယ်။

နောက်တစ်နေ့ညနေမှာ အင်္ဂလိပ်ကပြားကပဲ "နောက်ထပ် လူသုံးယောက် ရောက်လာတယ်၊ ခင်ဗျားတို့ လူတွေဖြစ်ချင်ဖြစ်နိုင်တယ်၊ ဒါပေမယ့် ဒီညတော့ သူတို့ကို မတွေ့နိုင်ကြောင်း၊ မနက်ဖြန်ကျမှပဲ တွေ့ကြရလိုကြောင်း" ပြောပြီး ထွက်သွားပါတယ်။

အိန္ဒိယသို့

နောက်တစ်နေ့ မနက်စောစော ကိုသာထွန်းအောင်က သူတို့နဲ့ ကပ်လျက် အခန်းမှာ အိပ်နေတဲ့ ရဲဘော်တွေဆီ အင်္ဂလိပ်တွေရဲ့ အမိန့်မရဘဲ ဖွတ်ဝင်သွား တွေ့တယ်။ ကိုစံသာကျော်၊ ကိုသာကျော် (အခုပို့ဆောင်ဆက်သွယ်ရေး ဌာနဝန်ကြီးဟောင်း ဦးသာကျော်) နဲ့ ကိုထွန်းအောင်ဖဲတို့ ဖြစ်နေကြောင်း တွေ့ရတယ်။ အဲဒီမှာ ရဲဘော်တွေအားလုံး တွေ့ကြပြီး အချင်းချင်း အခြေအနေ တွေကို ဖလှယ်ကြပါတယ်။

ကိုစံသာကျော်တို့ကဘူးသီးတောင်ဘက်ကတစ်ဆင့်ဖြတ်ကျော်ရောက်ရှိ လာတာ ဖြစ်တယ်။ ကိုစံသာကျော်က မြန်မာပြည်က ဒုတိယအခေါက် ပြန်ရောက်လာတာ ဖြစ်တယ်။ ပထမအခေါက်ကတော့ စစ်တကောင်းကနေ ကုလ္လကတ္တားကို လေယာဉ်ပျံနဲ့ သွားကြရတယ်။

ကိုစောဖြူတို့ ရောက်ပြီး ၃၊ ၄ ရက်လောက်မှာပဲ ကိုညိုထွန်းနဲ့ ကပ္ပတိန် အင်းဂါးတို့ ပေါက်လာကြပါတယ်။ သူတို့ကပဲ ကိုစောဖြူနဲ့ ရဲဘော်တွေကို အချုပ်ခန်းက ထုတ်ယူလိုက်ပါတယ်။ ကိုစောဖြူတို့နဲ့ လမ်းခု လတ်မှာ ဆုံပြီး ခေါ်လာခဲ့တဲ့ ဂျပန်သူလျှိုတပ်က ရခိုင်ရဲဘော်တွေကိုတော့ အချုပ်ခန်းထဲမှာ ချန်ရစ်ခဲ့ရပါတယ်။

စစ်တကောင်းအချုပ်ခန်းက ထွက်ကြရတော့ ကိုစောဖြူတို့ ရဲဘော်တစ်စု ပျော်လို့ မဆုံးအောင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရတယ်။ လှောင်ချိုင့်ထဲက လွတ်လာတဲ့ ငှက်ငယ်ပမာ မြူးကြ ရွှင်ကြရပါတယ်။

နောက် ကိုညိုထွန်း၊ ကိုစံသာကျော်၊ ကိုသာကျော်တို့နဲ့ အတူ ကိုစောဖြူတို့ သင်္ဘောနဲ့တစ်တန် မီးရထားနဲ့ တစ်သွယ် ပြောင်းလဲစီးနင်း ရင်း နောက်ဆုံး ကလကတ္တားကို ရောက်ကြပါတယ်။ မြို့ထဲက စစ်စခန်းတစ်ခုမှာ တစ်ညအိပ်ကြရတယ်၊ နောက်တစ်နေ့မှာ ကိုသိန်းဖေရှိရာ ဘေဟာလာရပ်က ဆန်ဒေးဗီလာဘုံရိပ်သာကို ရောက်ကြရပါတော့တယ်။

ဘုံရိပ်သာမှာတစ်ထောင့်

ကိုစောဖြူတို့ ဘုံရိပ်သာကို ရောက်တဲ့အခါမှာ ဘုံရိပ်သာမှာ ကိုသိန်းဖေ၊ ကိုတင်ရွှေနဲ့ ဖနီးမခင်စီ မမြရီတို့ကို တွေ့ရပါတယ်။ ကိုသိန်းဖေက ခါးတစ်ခုလုံး

ကျောက်ပတ်တီး ကိုင်ထားလို့ အိပ်ရာထက်မှာ ပက်လက်ပါ။ သူဟာ ဒီလို အိပ်ရာပေါ်မှာ ပက်လက်ကနေပြီး စာရေးလိုက် စာဖတ်လိုက် ရဲဘော်တွေကို နိုင်ငံရေးသင်တန်းတွေ ပေးလိုက်၊ ဆွေးနွေးလိုက်နဲ့ ဒါတွေမြင်တွေ့ ရတော့ ကိုစောဖြူက ကိုသိန်းဖေရဲ့ ဖွဲ့လုံ့လနဲ့ တော်လှန်ရေးစိတ်ဓာတ် ပြင်းထန်မှုတွေကို မချီးကျူးဘဲ မနေနိုင်အောင် ဖြစ်မိတယ်၊ မိမိတို့ရဲ့ခေါင်းဆောင် အပေါ်မှာလဲ လေးစားတဲ့စိတ်တွေ ဝင်လာမိပါသတဲ့။

ပါလာတဲ့ ရဲဘော်တွေကို ကိုသိန်းဖေတို့ ခေါင်းဆောင်တွေက အပြင်းအထန် ဆွေးနွေး၊ နိုင်ငံရေးသင်တန်း လေထီးသင်တန်းတွေ တက်ရောက်သင်ကြားစေတယ်၊ သင်တန်းရက်ကို တိုနိုင်သမျှ တိုအောင် ချုံးပြီး သင်ကြားပို့ချပါတယ်။ ပြီးတော့မှ ရခိုင်ပြည်နယ်ရှိ ဂျပန်ဖက်ဆစ်တွေကို တော်လှန်တိုက်ခိုက်ဖို့ လေထီးနဲ့ တစ်သုတ်ပြီးတစ်သုတ် ဆင်းစေတယ်။

အဲဒီအချိန်မှာတော့ မောင်လှကျော်ခေါ် ကိုအောင်ဒင် နေမကောင်းတဲ့ အတွက် ဆေးရုံတင်လိုက်ရတယ်။ သူ့ကို စောင့်ရှောက်ဖို့အတွက် ကိုစောဖြူကို တာဝန်ပေးပါတယ်။ ဒီအချိန်မှာတော့ ကိုစောဖြူဟာလဲ တခြားရဲဘော်တွေ တစ်သုတ်ပြီးတစ်သုတ် လေထီးနဲ့ ဆင်းပြီး ဂျပန်တော်လှန်ရေး လုပ်ငန်းတွေ လုပ်ကိုင်နေသလို မလုပ်နိုင်ရသေးတော့ စိတ်ထဲမှာ မချင့်မရဲ ဖြစ်နေတယ်။

အချိန်က ၄၄ ခုနှစ် ဒီဇင်ဘာလ ဖြစ်တယ်။ ဆေးရုံမှာ တာဝန်ကျနေတဲ့ ဆရာမ ရှုကုမာရီက လွန်ခဲ့တဲ့နှစ် ဒီဇင်ဘာလတုန်းက ဂျပန်လေယာဉ်တွေ ပျံသန်းလာပြီး ဗုံးချဖူးတယ်၊ အခုလဲ ဒီဇင်ဘာလထဲမှာဆိုတော့ ဂျပန်လေယာဉ်တွေ ဗုံးလာချချင် ချနိုင်တယ်၊ အဲဒီတော့ သတိနဲ့ နေပြီး လူမမာကို ကြည့်ပါလို့ သတိပေးသွားသေးသတဲ့။

မောင်လှကျော်ဟာ ဆေးရုံးတစ်ရုံကို ကူးပြောင်းပြီး ကုသနေရပြန်ပါတယ်၊ ဒီအတွင်းမှာ ကိုစောဖြူကို၊ ကိုညိုထွန်းတို့က ရခိုင်ကို လေထီးနဲ့ ဆင်းဖို့ ဂျက်ဆိုလေယာဉ်ကွင်းကို သွားရောက် လေထီးသင်တန်း တက်ဖို့ ညွှန်လိုက်ပါတယ်။ ဒါကြောင့် ဆေးရုံကနေ ဂျက်ဆိုကို လိုက်သွားရပါတယ်။ ဂျက်ဆိုမှာ လေထီးသင်တန်း တက်ရောက်ပြီး ဘေဟာလာဘုံရိပ်သာကို ပြန်ခဲ့ပါတယ်။ ရိပ်သာမှာ ကိုဘစောကို တွေ့ရပါတယ်။

ရခိုင်ပြည်နယ်သို့ လေထီးနဲ့အဆင်း

ကိုဘစော၊ ကိုစောဖြူ၊ ကိုစောထွန်း ခေါ် ကိုအောင်စောတို့ကို ရခိုင်မှာဆင်းဖို့ တာဝန်ကျလာပါတယ်။ သူတို့သုံးယောက်နဲ့ အတူ အင်္ဂလိပ်စစ်တပ်က မေဂျာကင်းဘဲလ်၊ ကပ္ပတိန်ဘလိတ်နဲ့ အင်္ဂလိပ်ဝါယာလက်အော်ပရေတာ ဆာဂျင်တစ်ယောက်တို့လဲ လိုက်ပါကြမှာပါ။

ကလွကတ္တားက ည ၉ နာရီလောက်မှာ မေဂျာကင်းဘဲလ် ခေါင်းဆောင်တဲ့ ကိုစောဖြူတို့ လေထီးအဖွဲ့ဟာ လေယာဉ်နဲ့ စထွက်ခဲ့ကြပါတယ်။ ည ၁၂ နာရီလောက်မှာ ရခိုင်ပြည်နယ်ထဲရောက်ခဲ့ကြတယ်။ ဒါပေမယ့် ဆင်းရမယ့်နေရာကို ရှာမတွေ့ဘဲ ဖြစ်နေတယ်။ ဒီတော့ လေယာဉ်မှူးက နေရာရှာမတွေ့ဘူးကဲ ဂျက်ဆိုကို ပြန်လှည့်ဖို့ပဲ ရှိတယ်လို့ အကြောင်းကြားတယ်။

ဒီတော့ ကိုဘစောက "ဘင်္ဂလား (အိန္ဒိယ) ကိုတော့ ပြန်မလှည့်နဲ့ ရခိုင်ပြည်နယ်သာမှန်ရင် ချသာချခဲ့ပါလို့" ပြောလိုက်တယ်။ ဒါကြောင့် ကျောက်ဖြူခရိုင်၊ အမ်းနဲ့ ဒါလက် ကြားနယ်မြေ "နှီချေ" နေရာမှာ ချပေးလိုက်ပါတယ်၊ ဒီနေရာက ဂျပန်တွေ ထုနဲ့ထည်နဲ့ တပ်စွဲထားတဲ့ နေရာဖြစ်တယ်။

လေထီးနဲ့ဆင်းပြီး အောက်ကိုကျတဲ့အခါ ချောင်းလေး တစ်ဘက်တစ်ချက်စီမှာ လူနှစ်စု ကွဲပြီး သွားကျတယ်။ အင်္ဂလိပ် မေဂျာကင်းဘဲလ်၊ ဆာဂျင်၊ ကိုဘစောတို့ သုံးယောက်က ချောင်းတစ်ဘက်။ ကိုစောဖြူနဲ့ ကျန်တဲ့ နှစ်ယောက်က ချောင်းရဲ့ အခြားတစ်ဘက်မှာ သွားကျတယ်။ ကိုဘစောက အသက်လဲငယ်၊ ကိုယ်အလေးချိန်ကလဲ နည်းတော့ ဂျပန်နဲ့ ခပ်လှမ်းလှမ်းမှာ သွားကျတယ်။ ဂျပန်တွေ ဆူဆူညံညံ အော်ဟစ်သံတွေကိုတောင် ခပ်သဲ့သဲ့ကြားခဲ့ရသတဲ့။ သိသိကလေး သေဘေးက လွတ်ခဲ့တယ်လို့ ဆိုရပါမယ်။

ကိုစောဖြူဟာ ချောင်းကမ်းစပ်ရှိ ဓနိပင်တွေပေါ် သွားကျပါတယ်။ ပြီး လေထီးကတော့ ဓနိပင်ထိပ်ဖျားမှာ ချိတ်ကျန်ရစ်ခဲ့တယ်၊ လူကတော့ ဓနိပင်ကြား လူတစ်ကိုယ်လုံး ဝင်သွားပါတယ်၊ မနည်းကြိုးစားနတ်ယူမှ ဓနိပင်ကြားက ထွက်လာခဲ့နိုင်တယ်။ လေထီးဖြုတ်တဲ့ ခလုတ်ကို လှည့်လိုက်ရတယ်။ ဒီတော့မှ လေထီး ကျွတ်ကျန်ရစ်တော့တယ်။

အဲဒီမှာ သူတို့အဖွဲ့က လူတွေ ရှိမယ်ထင်တဲ့ဘက်ကို ပြေးပြီး လိုက်ရှာကြည့်တယ်၊ ကပ္ပတိန်ဘလိတ်ကို ရှာတွေ့တယ်။ နောက် ကိုအောင်စောကို

ဆက်တွေ့ရတယ်၊ အဲဒီမှာ ကိုဘစောနဲ့ မေဂျာကင်းဘဲလ်တို့ကို မတွေ့ဘူးလား လို့ သူတို့အချင်းချင်း အပြန်အလှန် မေးကြတယ်။ မတွေ့ကြောင်း ပြောကြတယ်၊ ဒီလိုပြောနေတုန်းမှာပဲ မေဂျာကင်းဘဲလ် ကိုဘစောတို့နဲ့ ဆာဂျင်တို့ သုံးယောက် ကိုစောဖြူတို့ကို ရှာရင်း သူတို့ဆီ ရောက်လာကြပါတယ်။

သူတို့လှုစုံတဲ့အခါမှာ အနီးအနားရှိ လယ်တဲက ရခိုင်တွေရဲ့ အကူအညီ ရပြီး လေထီးနဲ့ ချပေးတဲ့ ပစ္စည်းတွေကို တောင်တန်းအနီး တောစပ်ကို ရောက်အောင် ကူညီသယ်ခိုင်းကြတယ်။ လှုဆင်းလာတဲ့ လေထီးတွေကိုလဲ သာရောက်ကူညီတဲ့ လယ်သမားတွေကိုပဲ ပေးလိုက်ပါတယ်။ ပြီးတော့ သူတို့ ဟာ ရခိုင်အမျိုးသားတွေ ဖြစ်ကြောင်း၊ ဂျပန်ဖက်ဆစ်တွေကို မြန်မာပြည်က တော်လှန် ပစ်နေတဲ့ ဂျပန်တော်လှန်ရေးသမားတွေ ဖြစ်ကြောင်း၊ ဒါကြောင့် တတ်နိုင်တဲ့ အကူအညီ ပေးကြစေလိုကြောင်း စတဲ့ စည်းရုံးရေးစကားတွေ ပောပြောရင်း အကူအညီတောင်းကြတယ်။

လယ်သမားတွေ ပြန်အသွားမှာ သူတို့ သယ်ပိုးပြီး ပို့ပေးထားတဲ့ နေရာကနေ ပစ္စည်းတွေကို တစ်နေရာကို ထပ်ပြောင်းရွှေ့ပြီး ဖွက်ထားကြရပြန် တယ်။ နောက်တစ်နေ့ မိုးလင်းတဲ့အခါမှာ ရခိုင်လယ်သမားကြီးက ထမင်းကို ဆောင်းကလေးတစ်ခုထဲ ထည့်ပြီး လာပို့ရှာတယ်။ မှော်ဟင်း (ငှက်ကြီးတောင်) တစ်ခွက်နဲ့ ငါးပိကောင် တစ်ခွက် ယူခဲ့တယ်၊ ကိုစောဖြူတို့က အိန္ဒိယမှာ ရိုက်ခဲ့တဲ့ ထောင်မလဲ သဲကော် ဂျပန်ငွေ ၅ဝ/-ကို ပေးလိုက်ပါတယ်၊ အဘိုး ကြီးလဲ ဝမ်းသာလို့ မဆုံးဘူး ကျေးဇူးတင်စကားပါ ပြောသွားလိုက်သေးတယ်။

လိုတဲ့အကူအညီတောင်းပါလို့ ကိုစောဖြူတို့ လှုသိုက်က ပြောတယ်၊ ဘာမှတော့ ထူးထူးထွေထွေလဲ တောင်းတတ်ဟန် မတူပါဘူး၊ ဘာမှ မရချင် ပါဘူး၊ ပန်းဒူ (ခေါ်) ဆေးတံနဲ့ မိန်းကလေးတွေအတွက် ချိုင့်အပ်ပဲ လိုပါတယ်လို့သာ အဘိုးကြီးက ပြောတယ်။ ဒါက သူတို့အတွက် လက်ငင်း လိုအပ်ချက်ပဲ၊ အဘိုးကြီးက ခပ်ရိုးရိုးပဲ ပြောတတ်ဆိုတတ်သူပါ။ ဒီတော့ ရပါစေမယ်ဆိုပြီး ကတိပေးလိုက်တယ်။ ပေးတဲ့ကတိအတိုင်း ရအောင်လဲ အိန္ဒိယဌာနချုပ်ကို ဝါယာလက်နဲ့ မှာလိုက်တယ်။ နောက်ပိုင်းမှာ အဘိုးကြီး အတွက် မှာပေးတဲ့ ပစ္စည်းတွေ လေထီးနဲ့ချပေးပါတယ်။

လယ်သမားကြီး လာပို့တဲ့ ထမင်းဟင်းကို ကိုစောဖြူတို့က စားနိုင်ကြပေ မယ့် အင်္ဂလိပ်တွေက မစားနိုင်ဘူး အခက်ကြုံပြန်တယ်။ နောက်တစ်နေ့မှာ

အဘိုးကြီးက ကြက်သားဟင်းနဲ့ ထမင်းယူခဲ့ပြန်တယ်။ ချက်ပြီးသား ကျွဲနို့လဲ ပါခဲ့ပါတယ်။ သူတို့က ဖြစ်သလိုစားနိုင်ပေမယ့် အင်္ဂလိပ်တွေက မစားတတ် ပြန်တော့ သူတို့အတွက် ကိုစောဖြူတို့က စိတ်မကောင်း ဖြစ်ရပြန်တယ်။

လေထီးဆင်းပြီးတဲ့ နောက်တစ်နေ့မှာ သူတို့ဟာ ဂျပန်နယ်ထဲ ဆင်းမိ လျက်သား ဖြစ်ရတဲ့ အကြောင်း ဖို့ဒ် ၁၃၆ စစ်ဌာနချုပ်ကို ဝါယာလက်နဲ့ သတင်း ပို့လိုက်တယ်။ အဲဒီသတင်းပို့ပြီးတဲ့နောက် ဖို့ဒ် ၁၃၆ စစ်ဌာနချုပ်နဲ့ ဝါယာလက် အဆက်အသွယ် လုံးဝ ပြတ်သွားတယ်။ ဘာကြောင့်လဲဆို သူတို့မှာ ပါလာတဲ့ဘက်ထရီ အားနည်းသွားလို ဖြစ်ပါတယ်။

နောက်တစ်နေ့ညမှာ ကိုစောဖြူနဲ့ ဝါယာလက်အော်ပရေတာ ဆာဂျင်တို့ တောစပ်ဘက်ကို ထွက်သွားတယ်၊ ညမှာ ပျံသန်းလာတဲ့ လေယာဉ်ကို လက်နှိပ်ဓာတ်မီးနဲ့ ဆက်သွယ်တယ်၊ ဘက်ထရီအား မရှိတော့တဲ့အတွက် အဆက်အသွယ် ပြတ်သွားရကြောင်း၊ ဒါကြောင့် ဘက်ထရီအားသွင်းစက်တစ်ခု အမြန်လာရောက်ချပေးစေလိုကြောင်း တို့ကို ဆက်သွယ်သတင်းပို့လိုက်တယ်။

ဒါကြောင့် နောက်တစ်နေ့ညမှာ လေယာဉ်ပျံဝဲလာပြီး ဘက်ထရီအားသွင်း တဲ့ စက်တစ်ခု လေထီးနဲ့ ချပေးသွားတယ်။ ဒါပေမယ့် အားသွင်းစက်ဟာ ရေနွေးငွေ့နဲ့ လည်ရတဲ့စက် ဖြစ်နေပြန်တယ်။ စက်နှိုးရင် ဂျပန်တွေ ကြား နိုင်တယ်။ ဒါကြောင့် စက်ကို အသံမကြားအောင် လက်နဲ့ လှည့်ပြီး အားသွင်းရပြန်တယ်။ "ဂျင်နရေတာ"ကို လူခြောက်ယောက် တစ်ယောက်ပြီး တစ်ယောက် ချွေးပျံအောင် လှည့်ကြရပါတယ်။ အဲဒီတော့မှ ဖို့ဒ် ၁၃၆ စစ်ဌာနချုပ်နဲ့ အဆက်အသွယ်ရပါတော့တယ်။

အဲဒီကနေ စခန်းတစ်နေရာကို ပြောင်းတဲ့အခါမှာ "ဝဲလက်မောင်းနယ်" က ချင်းအမျိုးသားတွေဖြစ်တဲ့ ကိုရွှေမင်း၊ ကိုငယာတို့ နှစ်ယောက်နဲ့ ပထမဆုံး တွေ့ရတယ်။

သူတို့စခန်းကို အမြဲတမ်း ပြောင်းရွှေ့နေကြရတယ်။ တစ်နေရာမှာ တစ်ခါလောက်မှ ၃ ရက်တောင် စေ့အောင်မနေကြရဘူး။ ဘာကြောင့်လဲဆိုရင် အင်္ဂလိပ်သူလျှိုအဖွဲ့ လေထီးနဲ့ ဆင်းခဲ့တယ်ဆိုပြီး ဂျပန်က တောနင်းရှာနေတဲ့ အတွက် ဖြစ်တယ်။

ကိုစောဖြူတို့ အဖွဲ့ဟာ တစ်စတစ်စ ချင်းအမျိုးသားတွေနဲ့ ဆက်သွယ် မိလာပါတယ်။ ဂျပန်ကို တော်လှန်ချင်တဲ့ ချင်းအမျိုးသား လူငယ်တွေ

တစ်ယောက်စ နှစ်ယောက်စ ရောက်ရှိလာကြတယ်။ ဒီလိုနဲ့ လူရှမ်ဆယ် တစ်ရာ ဖြစ်လာကြတယ်။ သူတို့အတွက် ဖို့ဒ် ၁၃၆ စစ်ဌာနချုပ်ကို လက်နက်နဲ့ ယူနီဖောင်းတွေ မှာလိုက်တယ်။ လေထီးနဲ့ လက်နက်ဆေးဝါး ယူနီဖောင်း ဝတ်စုံတွေ လာချပေးတယ်။ ချင်းရဲဘော်တွေကို အင်္ဂလိပ်ယူနီဖောင်း တွေ ဝတ်ဆင်ပေးတယ်၊ လက်နက်တွေ တပ်ဆင်ပေးတယ်။ ဒီချင်းအမျိုးသား တွေကို အခြေခံစစ်ပညာတွေ သင်ပေးတယ်၊ လက်နက်ကိုင်ဆောင်ပုံကိုင်ဆောင် နည်းတွေ သင်ကြားပြသပေးတယ်။

အတော်အသင့် တတ်မြောက်လာတဲ့အခါ လူစုခွဲပြီး တချို့ကို ဂျပန် ကင်းထိုးအဖွဲ့ကို ပြောက်ကျားတိုက်ခိုက်စေတယ်၊ တချို့ ခဲယမ်းမီးကျောက် ရိက္ခာစခန်းတွေနဲ့ ဂျပန်တွေ ထုနဲ့ထည်နဲ့ တပ်စွဲထားတဲ့ နေရာတွေကို ဆောက်လှမ်းစေတယ်။ ရန်သူရဲ့ စခန်းတွေကို အဆက်မပြတ် ဖို့ဒ် ၁၃၆ စစ်ဌာနချုပ်ကို သတင်းတွေ ပို့ပေးနိုင်တယ်။ ဒီသတင်းတွေအရ မဟာမိတ် စစ်လေယာဉ်တွေက ဂျပန်ရဲ့ပစ်မှတ်နေရာတွေကို အဆက်မပြတ် လာရောက်ဗုံး ကြဲ တိုက်ခိုက်နိုင်တယ်။

ဒီနည်းနဲ့ ရန်သူရဲ့ နောက်ကြောင်းက နေခဲ့ကြပါတယ်၊ လေးလကျော် ကျော် ဆောင်ရွက်ခဲ့ပါတယ်။ လေးလအတွင်း နေရာအနှံ့ ပြောင်းရွှေ့ တာဝန်ယူခဲ့ပါတယ်၊ အလစ်ရရင်ရသလို ဂျပန်တွေကို ဝင်ရောက်တိုက်ခိုက် ကြတယ်။

ဒီလိုဆောင်ရွက်ပေးနိုင်ခဲ့တဲ့အတွက် မဟာမိတ်တပ်မကြီး ရခိုင် ပြည်နယ်ထဲ ထိုးဖောက်ဝင်ရောက်လာနိုင်ခဲ့တယ်။ ဒီတပ်မကြီးရောက်လာပြီ ဆိုတော့ အင်္ဂလိပ်သုံးယောက်နဲ့ ကိုဘစောတို့လေးဦး အင်္ဂလိပ်တပ်ရှိရာကို လိုက်သွားကြတယ်။ စခန်းမှာ ချင်းအမျိုးသားတစ်စုနဲ့အတူ ကိုစောဖြူနဲ့ ကိုအောင်စောတို့ပဲ ပစ္စည်းတွေကို စောင့်ရှောက်ရင်း ကျန်ခဲ့ပါတယ်။

## ချင်းအမျိုးသားတွေရဲ့ ကြင်နာမှု

အထက်ဘော်ဒူးချောင်းဖျားစခန်းမှာ ချင်းရဲဘော် ကိုငကျား နောင်စာတို့ နဲ့ စခန်းမှာ စောင့်နေတုန်း ဂျပန် တပ်က ဝင်ရောက်တိုက်ခိုက်လာပါတယ်။ လူအင်အား လက်နက်အင်အား မမျှတဲ့အတွက် ပစ္စည်းတွေကို အဆုံးခံပြီး ဆုတ်ခွာပေးလိုက်ရပါတယ်။

ကိုစောဖြူ၊ ကိုအောင်စော၊ ချင်း ရဲဘော်ကျေးနောင်စာတို့ "ဒါလက်" နယ်ဘက်မှန်းပြီး ဆုတ်ခွာကြရပါတယ်။ လမ်းမှာ ရိက္ခာပြတ်သွားတဲ့အတွက် ယာခင်း ပျက်ထဲ ပဲစင်းငုံအသီးအစေ့ကို စားသူစား၊ ကျောက်ဖရုံအူတိုင်တွေကို စားသူစားနဲ့ပဲ ခရီးဆက်ကြရပါတယ်။

ဂျပန်နဲ့တိုက်ပြီး ဆုတ်လာကြရတော့ ကိုဘစောတို့နဲ့ အဆက်အသွယ် ပြတ်သွားတယ်။ သတင်းအစအနရလိုရငြား ဆိုပြီး ရွာတွေဝင် စနည်းနာပြန် တော့လဲ ရွာတွေမှာ လူတွေက မရှိကြဘူး။ မကြာခင် တိုက်ပွဲတွေဖြစ်၊ လေယာဉ်တွေက လာဗုံးကြဲ၊ စက်သေနတ်ပစ်တော့ ရွာမှာ လူတွေမနေရဲကြဘူး။ တောကြိုအုံကြား တိမ်းရှောင် ပုန်းအောင်းနေကြတယ်။

ကိုစောဖြူတို့မှာ ထမင်းတောင်းစားစရာလဲ ရွာတွေမှာ လူတွေမရှိတော့ အခက်တွေ့နေတယ်။ နောက်ဆုံး မတတ်နိုင်တဲ့အဆုံး စားထားခဲ့တဲ့ စားစရာတွေ ရှိလိုရှိငြား လိုက်ရှာကြရတယ်။ အချို့အိမ်တွေက ကောက်ညှင်းဆန်တွေ ရခဲ့ တယ်၊ အချို့ ခေါင်ရေအိုးထဲက ခေါင်ဖတ်တွေကို ယူခဲ့တယ်။ ကောက်ညှင်း ရခဲ့ပေမယ့် ချက်မစားရဲဘူး မီးခိုးမြင်ရင် လေယာဉ်ပျံက လာပြီး စက်သေနတ်ပစ် မယ်၊ ဒီတော့ ကောက်ညှင်းဆန်ကို အစိမ်းလိုက် ဝါးစားလိုက် ရေသောက်လိုက်၊ ခေါင်ဖတ်တွေ စားလိုက် ဝမ်းကို ဖြည့်ခဲ့ကြရတယ်။

ချင်းအမျိုးသားရဲဘော် တချို့က "အထက်ဘော်ဒွားချောင်းဖျား"ကို ဂျပန်တွေ ဝင်တိုက်တယ်ဆိုတဲ့ သတင်းရတော့ စခန်းမှာ ကျန်ရစ်ခဲ့တဲ့ ကိုစောဖြူတို့တစ်တွေကို လိုက်ရှာကြတယ်။ ကိုစောဖြူတို့ မသေမပျောက် ရောက်လာတာကို တွေ့တော့ သူတို့အားလုံး စိတ်အေးသွားကြတယ်။ ပြီးတော့ ချင်းအမျိုးသမီး အမျိုးသားတွေ ပုန်းအောင်းနေတဲ့ နေရာကို ခေါ်သွားကြတယ်။

ချင်းအမျိုးသား အမျိုးသမီးတွေနေတဲ့ နေရာကို ရောက်ကြတော့ ချင်းရဲဘော် ယောက တစ်ခါက ကိုစောဖြူတို့က ချင်းအမျိုးသားတွေကို ကူညီခဲ့ဖူးကြောင်း၊ ဒါကြောင့် အခုအလှည့်မှာ သူတို့က ကူညီစောင့်ရှောက်ထား မယ့်အကြောင်း၊ ဒါပေမယ့် စစ်ယူနီဖောင်းကို ချွတ်ပြီး လုံကွင်းဝတ်ထားစေလို ကြောင်း ပြောပြပါတယ်။

ဒါပေမယ့် ကိုစောဖြူမှာ လုံကွင်းက မရှိတော့ ချင်းရဲဘော် ယောလဲ မဝတ်ရသေးတဲ့ သူ့ဇနီးရဲ့ထဘီကို အထက်ဆင်ဖြတ်ပြီး ပေးပါတယ်။ အစစ

ရွာပါးနေတဲ့ ဂျပန်ခေတ်မှာ ထဘီမဝတ်ဘူးလို့ ရှောင်နေလို့ မဖြစ်ဘူး၊ မိန်းမထဘီလဲ ဝတ်တန် ဝတ်ရမှာပဲ ဆိုပြီး ဝတ်ချလိုက်တယ်။

ဂျပန်တွေလဲ တစ်ရွာဝင် တစ်ရွာထွက်နဲ့ လေထီးဆင်းရဲဘော်တွေကို လိုက်ရှာနေတယ်။ အဲဒီတော့ ရွာသူရွာသားတွေက ပစ္စည်းတွေကို အသင့်ထုပ်ပြီး ထားတယ်၊ "ဂျပန်တွေလာပဟော့"တဲ့လို့ ဟစ်အော်သတင်းပို့လိုက်ရင် အိမ်တွေကို ပစ်ထားခဲ့တယ်၊ အထုပ်အပိုးတွေ သယ်ပိုးပြီး တချို့လဲ တောကြို့အုံကြားထဲ တိမ်းရှောင်ပုန်းအောင်းတော့တာပဲ။

ကိုစောဖြူ ရွာမှာ တည်းခိုနေတုန်း ဒီလိုအဖြစ်မျိုးနဲ့ တစ်ခါကြုံဖူးတယ်။ ဒီအချိန်က ကိုစောဖြူက ခြေတွေပေါက်ပြဲ နေတယ်၊ လမ်းကောင်းကောင်း မလျှောက်နိုင်ဘူး။ ဒီတော့ 'မပစာ'ဆိုတဲ့ ချင်းအမျိုးသမီးဟာ ကိုစောဖြူကို ကူညီပေးတယ်၊ သူ့ယူနီဖောင်းတွေ သေနတ်ကျည်ဆန်တွေကို 'မပစာ'က သူ့ 'ထောင်ဘို့'ဆိုတဲ့ ကျောပိုးခြင်းထဲ ထည့်ပြီး ယူသွားပေးရှာတယ်။ ရွာသားတွေကလဲ လမ်းကောင်းကောင်း မလျှောက်နိုင်တဲ့ ကိုစောဖြူကို ဂရုတစိုက် ပြုစုကြတယ်။

ဂျပန်တွေလာလို့ သူတို့ ပုန်းအောင်းနေတဲ့ နေရာတွေကို ဂျပန်တွေ တွေ့သွားမှာ စိုးလို့ ဟောင်တတ်တဲ့ ခွေး၊ တွန်တတ်တဲ့ ကြက်တွေ အားလုံးကို သတ်စားပစ်ကြတယ်၊ ကိုယ့်ကလေး သူ့ကလေးငယ်ကိုလဲ ငိုသံမထွက်အောင် ဂရုစိုက်ကြရတယ်၊ ကလေးငိုမယ်ကြံတိုင်း မိခင်လုပ်သူက ကလေးပါးစပ်ထဲ နို့ကို ကပျာကသီ တပ်ပေးလိုက်တယ်၊ အဲဒီလို ခဏခဏ နို့တပ်ပေးနေတော့ နို့ကို အဖြုတ်မခံဘဲ အမြဲတပ်ထားတော့တယ်။ ကြာတော့ မိခင်နို့တွေလဲ ပူပြီးလာတယ်။ အနေရခက်လာတယ်။ နို့တွေပူပြီးလာတော့ နို့ကို ဖြုတ်မယ် လုပ်တိုင်း ကလေးက ဆွဲပြီး ခဲထားပြန်တယ်။ ဇွတ်ဖြုတ်ပြန်တော့ ကလေးက "အဲခနဲ" "ဝဲခနဲ" ဆိုပြီး အသံထွက်လာပြန်တယ်။ ဒီတော့ ချက်ချင်း သားငယ်ရဲ့ ပါးစပ်ထဲ နို့ပြန်တပ်လိုက်ရပြန်တယ်၊ ကလေးငိုရင် ဆောလုတွေက ငြိုငြင်တယ်၊ ဒီလိုငြိုငြင်တာ ခံကြရပြန်ဆိုရင်လဲ ကလေးမိခင်တွေ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ကြရတယ်၊ ကလေးဒဏ်ကို အံကြိတ်ပြီး ခံကြရတယ်။

ရွာသားတွေဟာ ထမင်းကို ညကျမှ ချက်စားကြရတယ်၊ နေ့လယ်ဆိုရင် မီးခိုးထွက်မှာစိုးရတယ်၊ တောင်ငွေ့တွေက အမြဲလို အုံ့မှိုင်းရီဝေနေတော့

မီးခိုးတွေနဲ့ လုံးထွေးယှက်တင် ဖြစ်နေတယ်။ မီးလုံးက မြေပြန့်မှာလို ချက်ချင်း ပျက်ပြယ်ပြီး အသွင်ပြောင်းသွားတာမျိုး မဟုတ်ဘူး။ မီးခိုးလုံးတွေကို ဂျပန်က မြင်သွားလဲ အန္တရာယ်။ ပြီးတော့ ဥဒဟိုပျံသန်းပြီး ဂျပန်စစ်စခန်းတွေ လိုက်ရှာနေတဲ့ "လောင်းဆရာ" (မြန်မာအခေါ် ကျွဲညီနောင်) လေယာဉ်တွေ တွေ့သွားပြန်ရင်လဲ ဗုံးကြဲစက်သေနတ်ပစ်ခံရမယ်။

ညကျ မီးမွှေး ထမင်းချက်စားရင် တောအုပ်က ဖုံးနေတော့ အပေါ်တို့ ဘေးတို့ကို မီးရောင်မထွက်ဘူး၊ ဒါကြောင့် လေယာဉ်ပျံပေါ်ကလဲ မမြင်နိုင်ဘူး၊ ဂျပန်ရန်လဲ စိုးရိမ်စရာ မရှိဘူးဆိုပြီး မီးကို စိမ်ပြေနပြေဖိုပြီး မထားရဲကြဘူး၊ ချက်ချင်း ချက်ပြုတ်စားသောက်ပြီး မီးကို ငြိမ်းသတ်လိုက်ရတယ်။

တောကောင်တွေရန်က ရှိသေးတယ်။ မီးဖိုထားရင် ကျားနဲ့ တခြားသားရဲတိရစ္ဆာန်တွေ မလာရဲဘူးဆိုပေမယ့် ကျားထက် အဆပေါင်းများစွာ ဒုက္ခပေးနိုင်တဲ့ ဂျပန်နဲ့ လောင်းဆရာတွေက ရှိတယ်။

ဒီအထဲ ခြစရာ ခင်းစရာက ထူထူထဲထဲလုံလုံလောက်လောက် မရှိတော့ တောတောင်ထဲလဲဖြစ်၊ ပင်လယ်ပြင်ထက် ပေသုံးလေးငါးထောင်ကျော် မြင့်တဲ့ အရပ်တွေဆိုပြန်တော့ ခိုက်ခိုက်တုန် ချမ်းကြရတယ်။

ကျားနဲ့သားရဲတိရစ္ဆာန်တွေရဲ့ ဒဏ်ကို ကြောက်ရလို့ ကျောစိမ့်တာက တစ်မျိုး။ အအေးဒဏ်ကြောင့် ခိုက်ခိုက်တုန်ရတာ တစ်မျိုး၊ အဲဒီလို ဒုက္ခမျိုးစုံ ကြုံကြရတယ်။ နောက်ဆုံးမှာတော့ တစ်ယောက်ကိုတစ်ယောက် ကျောချင်း အပ်ပြီး အိပ်ကြရတယ်။ ဒါလဲ သက်သာရုံပါပဲတဲ့။

ကိုစောဖြူတို့အတွက် ချင်းအမျိုးသားတွေ ဒီလို ဆင်းရဲခံနေကြရတာ မြင်ပြန်တော့ မကြည့်ရက်ဘူး။ ဒါကြောင့် သူတို့ကို မငဲ့ညှာဘဲ ကိုယ့်ရွာကိုယ် ပြန်နေကြစေလိုကြောင်း ကိုစောဖြူတို့က ပြောဆိုတောင်းပန်တယ်။ ဒါပေမယ့် မရဘူး၊ သူတို့တစ်ရွာလုံး သေပြီးမှ ကိုစောဖြူတို့ သေရမယ်လို့ ပြောဆိုပြီး ရွာကို ပြန်ကြဖို့ ငြင်းဆန်နေကြတယ်။ ဒီတော့လဲ သက်မကို ချကြရပြန်တယ်၊ သူတို့စေတနာကိုလဲ လေးစားရပြန်တယ်။

ကိုစောဖြူတို့နဲ့ ချင်းအမျိုးသားတွေလဲ တပ်တွေတကွဲတပြား ဖြစ်သွားပြီး နှစ်ယောက်စ၊ သုံးယောက်စ ရောက်လာတဲ့ ဂျပန်တွေကို တွေ့ရင် အတွေ့ခံပြီး ထမင်းကျွေးပြီးတော့ လက်နက်တွေ လုလိုလု၊ သတ်လိုသတ်နဲ့ တိုက်ပွဲဝင်နေကြပါတယ်။

မြန်မာပြည်မက ဂျပန်တပ်တွေနဲ့ ပါလာတဲ့ ဗမာဟေးဟိုးတွေ ဖြစ်တဲ့ စောအေး၊ စောကျော်ငြိမ်း၊ စောကံဆင်တို့နဲ့ ကိုစောဖြူတို့ ပေါင်းမိကြတယ်၊ နည်းအမျိုးမျိုးနဲ့ ဂျပန်တွေကို တိုက်ခိုက်ကြပါတယ်။ အောင်ပွဲတွေ ရခဲ့ကြပါတယ်။

ကိုဘစောတို့နဲ့ မေဂျာကင်းဘဲလ်တို့က အင်္ဂလိပ်တပ်မကြီးဆီ ရှောရှောရှူရှူ ရောက်သွားကြတဲ့အတွက် အရာရာ အဆင်ပြေသွားကြတယ်။ ဒါပေမယ့် ကိုစောဖြူတို့က ဒုက္ခသုက္ခတွေနဲ့ ကြုံတွေ့ရကြရပြီး တောထဲက မထွက်နိုင်သေးဘူး။

တစ်နေ့မှာ ကိုစောဖြူနဲ့ ချင်းအမျိုးသမီးတွေ စကားလက်ဆုံကျနေကြတယ်။ ဒီအချိန် ဂျပန်သူလျှို ဗမာတစ်ယောက် လာနေတာကို ချင်းအမျိုးသမီးတစ်ယောက် လှမ်းမြင်လိုက်တယ်။ အဲဒီမယ် ချင်းအမျိုးသမီးတစ်ယောက်က ကိုစောဖြူရင်ဘတ်ကို ဆီးပြီး တွန်းလှဲပစ်လိုက်တယ်၊ ပြီးတော့ သူခြုံထားတဲ့ စောင်နဲ့ ချက်ချင်း ဖုံးအုပ်လိုက်တယ်၊ တချို့အမျိုးသမီးတွေက အပေါ်က ဒိထိုင်ထားကြတယ်။ တချို့အနားမှာ ဝိုင်းထိုင်ပြီး ကလေးငယ်ကို နို့ချိုတိုက်ကျွေးနေကြတယ်။

ဂျပန်သူလျှိုလဲ သူတို့ဆီ ရောက်လာပြီး စကားပြောလို့ အားရမှ ပြန်သွားတယ်။ ဒီတော့မှ ချင်းအမျိုးသမီးတွေလဲ လက်ခုပ်လက်ဝါးတီးပြီး ဟားတိုက် ရယ်နိုင်ကြတယ်။ အောက်က ခံရတဲ့ ကိုစောဖြူမျာမှာတော့ ဂျပန်သူလျှို ရှိတုန်းက တုတ်တုတ်မှ မလှုပ်ဝံ့ဘဲ ငြိမ်နေရတယ်၊ အသက်ရှူကလဲ ကျပ်နေတယ်။ ချွေးထုတ်ခံနေတဲ့ လူမမာလို ချွေးစေးချွေးပေါက်တွေနဲ့ တစ်ကိုယ်လုံးလဲ ရွဲစိုလို့၊ ဒီလိုပဲ ဒီလိုကူညီပြုစုခဲ့တဲ့ ကျေးဇူးကို ကိုစောဖြူ ဘယ်ခါမေ့နိုင်ပါ့မလဲတဲ့။

## ဘုန်းကြီးခေါင်း ခေါက်ပြီးမှ ကန်တော့တဲ့လား

မေဂျာကင်းဘဲလ်နဲ့ ကိုဘစောတို့က အင်္ဂလိပ်တပ်မကြီးနဲ့အတူ ခဲလက်မောင်းစခန်းမှာ စခန်းချနေကြတယ်။ ကိုဘစောနဲ့ မေဂျာကင်းဘဲလ်တို့က ကိုစောဖြူနဲ့ ကိုအောင်စောတို့ကို အရှာခိုင်းလိုက်တဲ့ ချင်းအမျိုးသားတစ်ယောက်နဲ့ ကိုစောဖြူတို့ ဆုံတွေ့ကြတယ်။ ရဲဘော်တချို့နဲ့ ကိုအောင်စောကို ညှဉ့်လိုက်ပါတယ်။ ကိုအောင်စောကတော့ အသားညိုတဲ့အတွက် ချင်းအမျိုးသား

တွေနဲ့ ရုတ်တရက် ခွဲမရဘဲ ရှိနေတယ်။ လမ်းမှာကော တပ်အဝင်မှာပါ အနှောင့်အယှက် တစ်စုံတရာ မတွေ့ဘဲ ကိုဘစောနဲ့ မေဂျာကင်းဘဲလ်တို့ဆီ ချောချောမောမော ရောက်သွားပါတယ်။

နောက် ကိုစောဖြူနဲ့ ကျန်တဲ့ ချင်းအမျိုးသား ရဲဘော်တွေနဲ့ ကိုဘစောတို့ စခန်းကို ဆက်လိုက်သွားကြတယ်။ ကိုစောဖြူကို စစ်ယူနီဖောင်း ဝတ်မလာဘဲ အရပ်ဝတ်နဲ့ပဲ လိုက်ခဲ့ဖို့ မှာလိုက်တဲ့အတိုင်း အရပ်ဝတ်နဲ့ လိုက်သွားပါတယ်။ တောကထွက်ခဲ့ပြီး တပ်မကြီးကို ဝင်ခဲ့ပါတယ်၊ ပထမ ကင်းကတော့ ချောချောရှူရှူ ဝင်ခွင့်ပြုလိုက်ပါရဲ့၊ ဒါပေမယ့် ဒုတိယကင်း ကျတော့ ကိုစောဖြူကို အာဖရိက နီဂရိုးအမျိုးသား စစ်သားတွေက "ဂျပန်"ပဲလို့မေးမြန်း ကြတယ် သူတို့က– "မင်း ဂျပန်လား"

"မဟုတ်ဘူး ဗမာ"လို့ ဆိုပြီး ကိုစောဖြူက အင်္ဂလိပ်စကားနဲ့ ပြန်ဖြေပါတယ်။

ဒါပေမယ့် သူတို့ချင်း မယုံကြဘူး၊ ဘာကြောင့်လဲဆိုတော့ ကိုစောဖြူက အသားဖြူဖြစ်နေတယ်။ ဗမာအမျိုးသားတွေက ညိုတယ်ဆိုတော့ မယုံကြ ဘူးပေါ့။ ဂျပန်တွေလဲ အသားဝါတွေဆိုတော့–

"ယူအာရ် ဂျပန်" (မင်းဂျပန်လား)ဆိုပြီး ထပ်ပြန်တလဲလဲ မေးနေ ပြန်တယ်။

"မဟုတ်ဘူး ဖို့ဒ်ဝမ်းသရိုးဆစ်စ် မေဂျာကင်းဘဲလ်ပါတီ"

သူကလဲ တတ်သမျှ မှတ်သမျှ အင်္ဂလိပ်စကားနဲ့ ဗမာဖြစ်ကြောင်း၊ ဂျပန်မဟုတ်ကြောင်း ဖို့ဒ် ၁၃၆ တပ်ဖွဲ့က မေဂျာကင်းဘဲလ်အဖွဲ့က ဖြစ်ကြောင်း တွင်တွင်ပြောပြတယ်။ ဒီလို ပြောတော့မှပဲ "မြို့အုပ်မင်း ကယ်မှ ထောင်ကျ"ဆိုတဲ့ အဖြစ်မျိုး။ ဘယ်လိုပြောပြော နီဂရိုးအမျိုးသားတွေက "ဗူးဆို ဖရုံမသီးဘူးဆိုတဲ့" သတ္တဝါတွေပဲ။ ပြောပြောဆိုဆိုနဲ့ ကိုစောဖြူနဲ့ သူတို့လူစုကို ကြိုးနဲ့ ဖမ်းဆီးချုပ်နှောင်ပါတော့တယ်။

ဒီလို ကြိုးနဲ့တုပ်နှောင်တဲ့အပြင် လမ်းမမှတ်မိအောင်နဲ့ တူပါတယ်၊ သူတို့မျက်နှာတွေကိုလဲ အဝတ်နဲ့ အုပ်လိုက်ကြပြန်ပါတယ်၊ သူတို့ ဘယ်ရောက်လို့ ဘယ်ရောက်မှန်း မသိဘူး ဆွဲခေါ်ရာနောက်ကို ကောက်ကောက်ပါ

လိုက်ခဲ့ကြရတယ်။ တချို့ နီဂရိုး စစ်သားတွေက ဂျပန်တွေကို ဖမ်းခဲ့တယ်ဆိုပြီး လေလုံးထွားလိုက်ပါသေးတယ်။ သူတို့လေလုံးထွားတာက အကြောင်းမဟုတ်ဘူး အဲဒီမှာရှိတဲ့ တချို့နီဂရိုးတွေက တကယ်ဂျပန်တွေ အထင်နဲ့ တစ်ယောက်စ တစ်ရာဆိုသလို သူတို့ကို တန်းစီပြီး ရိုက်နှက် ထိုးကြိတ်သွားပါတော့တယ်။ ကျောဆိုတဲ့ ချင်းအမျိုးသားကလေးမှာ ခေါင်းကသွေးတွေ ယိုစီးကျလာပါ တော့တယ်။ သူတို့အားလုံး မျက်နှာတွေလဲ ယောင်ဖူး ကုန်တယ်။

အဲဒီကင်းစခန်းကနေ ဆက်ပြီး နွားတိရစ္ဆာန်တွေကို ဆွဲသလို ဆွဲခေါ်သွားကြပြန်တယ်။ ခရီးတစ်ထောက် ရောက်တဲ့အခါ ခဏစောင့်ခိုင်းပြီး တစ်ဦးက အထက်ကို သွားသတင်းပို့ဟန်တူတယ်။ နောက် ကရင်အမျိုးသား စကားပြန်တစ်ယောက်နဲ့ အင်္ဂလိပ်ကပ္ပတိန် တစ်ယောက် ပေါက်လာပါ တော့တယ်။

အဲဒီမယ် ကရင်စကားပြန်က ကိုစောဖြူရဲ့ လည်ပင်းက ဆွဲထားတဲ့ ဘဲဆိပ်ကို ဆွဲယူပြီး ကြည့်လိုက်တယ်။ပြီးတော့မှ "ဒါမေဂျာကင်းဘဲလ်ပါတီ"လို့ အင်္ဂလိပ်လို ပြောလိုက်ပါတယ်။ ဒီတော့မှ ကိုစောဖြူကလဲ" ဟုတ်ပါတယ်" (ရက်စ်) လို့ ပြောလိုက်တယ်။

ဒီတော့မှ သူတို့မျက်နှာတွေပေါ် အုပ်စည်းထားတဲ့ အဝတ်တွေကို ဖြေပေးလိုက်ပါတယ်။ ပြီးတော့မှ သူတို့မှားသွားပါတယ် "ဆောရီး"လို့ အင်္ဂလိပ်ကပ္ပတိန်က ပြောပါတယ်။ နောက် သူတို့ကို မေဂျာကင်းဘဲလ်နဲ့ ကိုဘစောတို့ဆီ ခေါ်သွားပါတော့တယ်။

ကိုဘစောနဲ့ မေဂျာကင်းဘဲလ်တို့က ဝမ်းသာအားရ ဆီးကြိုနှုတ်ဆက်ကြ ပါတယ်။ ကိုစောဖြူက ဖူးယောင်နေတဲ့ သူတို့မျက်နှာတွေကို လက်ညှိုးနဲ့ ထောက်ပြပြီး။ ကြည့်ဗျာ သွေးတွေလဲ မစဲသေးဘူး။ မျက်နှာတစ်ခုလုံးလဲ ဖူးယောင် နေတယ်။ တစ်လမ်းလုံးလဲ အဝတ်နဲ့မျက်နှာစည်းပြီး နွားတွေလို ကြိုးချည်ရိုက်နှက် ဆွဲခေါ်ခဲ့တယ်ဗျလို့ မကျေနိုင်မချမ်းနိုင်ဘဲ ကိုဘစောကို တိုင်လိုက်တယ်။

ကိုဘစောနဲ့ မေဂျာကင်းဘဲလ်တို့ စိတ်မကောင်း ဖြစ်သွားကြတယ်။ ဒီကိစ္စကို အရေးယူဆောင်ရွက်ဖို့ သက်ဆိုင်ရာတပ်မှူးကို မေဂျာကင်းဘဲလ်က တင်ပြလိုက်တယ်။

**အင်္ဂလိပ်တပ်တွေနဲ့ တစ်စခန်းသိမ်းပြီ**

ကိုစောဖြူတို့ မဲလက်မောင်းစခန်းကို ရောက်တဲ့ညမှာပဲ ဂျပန်လက်ကျန် တစ်ရာလောက်က တောင်ပေါ်ကနေ သေနတ်နဲ့ တစ်ချက်စီ ပစ်ဖောက်ခြိမ်းခြောက်ကြပါတယ်။ ချက်ချင်းပဲ ဂျပန်သေနတ်သံလာရာဘက်ကို သူတို့စခန်းက အင်္ဂလိပ်တပ်က စိန်ပြောင်းမော်တာနဲ့ အမြောက်တွေ မိုးမွှန်အောင် ပြန်လည်ပစ်ခတ်လိုက်တာ နားပွင့်မတတ် ဆူညံသွားတယ်။ တိုက်ပွဲပြီးတဲ့အခါ ကိုစောဖြူက အင်္ဂလိပ်တွေကို ဂျပန်တွေ ဘယ်လောက်များသလဲလို့ မေးကြည့်တယ်၊ ဂျပန်တစ်ရာကျော်လိမ့်မယ်လို့ အင်္ဂလိပ်က သူ့ထင်ကြေးကို ပေးတယ်။

မနက်လင်းတဲ့အခါ ဂျပန်အလောင်း တစ်ကောင်တစ်မြီးမှ မတွေ့ရဘူး။ ဒါပေမယ့် အင်္ဂလိပ်ဗိုလ်မှူးကြီး၊ ဗိုလ်မှူးအဆင့်တို့ အပါအဝင် အင်္ဂလိပ်ဘက်က လူပေါင်း ၉၀ ခန့်ရဲ့ အလောင်းတွေကိုသာ တွေ့ကြတယ်။

အမှန်က အင်္ဂလိပ်တပ် နှစ်တပ်ကြား ဂျပန်သုံးလေးယောက်လောက် ဝင်လာပြီ၊ ဒီဘက်က အင်္ဂလိပ်တပ်ကိုပစ်လိုက် ဟိုဘက်က အင်္ဂလိပ်တပ်ကို ပစ်လိုက်နဲ့ တပ်နှစ်တပ်ကြားဝင်ပြီး ပြောက်ကျားပစ်ပြေးတာ ဖြစ်တယ်။

အဲဒီမယ် အင်္ဂလိပ်တပ်အချင်းချင်း မှားပြီး ပစ်ကြခတ်ကြတော့တာပါပဲ။ အင်္ဂလိပ်တပ် လက်နက်နဲ့ အင်္ဂလိပ်တွေ သေကြရတာပါ။


အင်္ဂလိပ်တပ်မကြီး ရောက်လာပြီး ဖြစ်တဲ့အတွက် ကိုစောဖြူတို့ကို သီးသန့် ပေးလိုက်တဲ့ တာဝန်က ပြီးဆုံးသွားပါပြီ။ ဒီတော့ ကိုဘစော၊ ကိုစောဖြူ၊ ကိုအောင်စောတို့နဲ့ ချင်းရဲဘော်တွေ အင်္ဂလိပ်တပ်နဲ့အတူ တောင်ဘက်ကို ဆက်လိုက်သွားစရာ မလိုဘူး။ တပ်မကြီးနဲ့အတူ လိုက်နေဖို့ မလိုတော့ပါဘူး၊ ဒါကြောင့် အဲဒီစခန်းက ကမ်းထောင့်ကြီးရွာထိ ဆုတ်လာပြီး သူတို့ဟာ တာဝန်ကို အပြီးသတ်လိုက်ပါတော့တယ်။ အဲဒီမှာပဲ ချင်းရဲဘော်တွေနဲ့လဲ လူစုခွဲလိုက်ကြပါတယ်။

ကိုဘစော၊ ကိုစောဖြူ၊ ကိုအောင်စောတို့ သုံးဦး ဗို့ဒ် ၁၃၆ တပ်ဖွဲ့က အင်္ဂလိပ်တွေနဲ့အတူ ကမ်းထောင့်ကြီးရွာက ကျောက်ဖြူကို သင်္ဘောကလေးနဲ့ အတူ လာကြပါတယ်။ ကျောက်ဖြူမှာ ကိုဘစော ဆင်းခဲ့ပါတယ်။ ကိုစောဖြူနဲ့ ကိုအောင်စောတို့ကတော့ ကျောက်ဖြူကနေ တစ်ဆင့် သင်္ဘောကြီးပေါ် ပြောင်းစီးပြီး စစ်တွေကို လိုက်ခဲ့ကြပါတယ်။



## ကျော်ဝင်းမောင်
## ဝမ်းအိုဝမ်းကျော်ဝင်းမောင်

မြန်မာ့လွှတ်လပ်ရေးတိုက်ပွဲ အဆင်ဆင့်မှာ ပါဝင်လှုပ်ရှားခဲ့တဲ့ အတွက်ကြောင့် နိုင်ငံတော်သမ္မတက ၁၉၇၂ ခု၊ မတ်လ (၂၇)ရက်နေ့ တွင် လွှတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့်၊ ၁၉၈၀ ခု၊ မေလ (၂၈)ရက်နေ့တွင် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်)တို့ကို ချီးမြှင့်ပေးအပ် ခြင်း ခံရသူ။




Japanese occupation of Burma in 1942.

၁၉၄၂ ခု၊ မြန်မာတစ်ပြည်လုံး ဂျပန်လက်အောက် ကျရောက်ခဲ့ပုံပြ မြေပုံ။



ဗိုလ်မှူးကြီး ဗထူး

၁၉၄၅ ခု၊ မတ်လ (၈)ရက်နေ့ညဉ့် မြန်မာ့လူ့အဖွဲ့အစည်းရဲ့ သမိုင်းသစ်ကို လေယာဉ်ပစ် အမြောက်သံပေး၍ ကြိုဆိုလိုက်သူ၊ ဒေါက်တာဘမော်ရဲ့ ဂျပန်ရုပ်သေး အစိုးရနှင့် ဂျပန်တို့ကို စစ်ကြေငြာလိုက်သူ



အရှေ့တောင်အာရှ စစ်သေနာပတိချုပ် လော့ဒ်လူဝီမောင့်ဘက်တန်။




အမေရိကန် ဗိုလ်ချုပ်ကြီး စတီးဝဲလ်



အမေရိကန် ဝမ်းအိုဝမ်းတာပ်ဖွဲ့ရဲ့ တာဝန်ခံတပ်မှူး
ဗိုလ်မှူးကြီး ဝီလီယံ အာရ် ပီ အက်ဂ်စ်
(ယခု ဒုဗိုလ်ချုပ်ကြီးငြိမ်း)



၁၉၄၅ ခုနှစ်၊ ဧပြီလဆန်းက ဖိုဒ် ၁၃၆ မှ လေထီးဆင်းတပ်ဖွဲ့ခေါင်းဆောင်
ဗိုလ်မှူးရှုဘင်စတိုင်းနှင့် လေထီးချကွင်းတွင် ကြိုဆိုနေသူများ



ဗိုင် ၁၃၆ တပ်ဖွဲ့မှ လေထီးနှင့် ဆင်းခဲ့တဲ့ ကြိုးမဲ့ကြေးနန်းစက်ကိုင်သူ
ဝါယာလက် အော်ပရေတာ တပ်ကြပ်ကြီး ကင်းနက်ဘရောင်း



၁၉၄၅ ခု အိန္ဒိယပြည် အီးဟာလာ့လ်ဘုံရိပ်သာတွင် ဗြိတိသျှ ဗိုလ်ဒ် ၁၃၆ နှင့် ပူးတွဲတာဝန်ယူခဲ့ကြသော အေအက်ဖ်အို ရဲဘော်တချို့ပုံ–
ရှေ့တန်း (ဝဲမှ) ရဲဘော်မန်းဝင်းမောင်၊ မေဂျာဝင်း (ဗိုဒ် ၁၃၆) သခင်စိုလ်
နောက်တန်း(ဝဲမှ) ရဲဘော်အုန်းမောင်၊ ရဲဘော်စိုးမောင် (ခ) ရဲဘော်ချစ်ကောင်း၊ ရဲဘော်သန်း၊ ရဲဘော်ဗညွန့်



အိန္ဒိယ ဘီဟာလာလ်ဘုံရိပ်သာတွင် ပထမဆုံး မွေးဖွားခဲ့သော သားဦး
မောင်စိုးသိန်းနှင့် မိခင် ရဲဘော်ဒေါ်မြရီ



၁၉၄၅–ခုနှစ်က အိန္ဒိယနိုင်ငံ ဘီဟာလာလ်ဘုံရိပ်သာရောက် ရဲဘော်များ–

နောက်တန်း (ဝဲမှ) ရဲဘော်ရွှေသာ၊ ရဲဘော်ဖေကြီး၊ ရဲဘော်သာထွန်းအောင်၊ ရဲဘော်ချစ်ကောင်း၊ ရဲဘော်မောင်ကလေး၊ ရဲဘော် စောဦး၊ သခင်မြသွင်

အလယ်တန်း (ဝဲမှ) သခင်အေးကျော်၊ ရဲဘော်ဦးဇော၊ ရဲဘော်မောင်ဦးကျော်၊ ရဲဘော်ကျော်မြ၊ အရှင်ဦးပညာသီဟ၊ ရဲဘော်မမြရီ၊ ရဲဘော်အောင်သန်း၊ ရဲဘော်ပါလေး၊ ရဲဘော်မောင်ကြည်

ရှေ့ဆုံးတန်း (ဝဲမှ) ရဲဘော်ထွန်းအောင်ကျော်၊ ရဲဘော်ကျော်ရင်၊ ရဲဘော်ကြာလှအောင်၊ ရဲဘော်သိန်းဖေ၊ သခင်လှကွန်း၊ ရဲဘော်ခင်မော်၊ ရဲဘော်စံသာကျော်



ရဲဘော်စံသာကျော် တော်လှန်ရေး ပြောက်ကျားဝတ်စုံနှင့်



ရဲဘော်သာထွန်းအောင်



၁၉၄၅ ခုနှစ်တွင် သခင်လှကျွန် နှင့် ရဲဘော်စို မောင်ဖိုဒ် ၁၃၆ တပ်ဖွဲ့ ဝတ်
ရိုက်ထား သည်။



[illegible]ဘော်ဘသောင်း ဗိုဒ် ၁၃၆ မှ လေထီးနှင့်ဆင်းတဲ့ AFO ရဲဘော် [illegible]သည် မြစ်ဝကျွန်းပေါ်တွင် လေထီးဆင်းပြီး တာဝန်ထမ်းဆောင်စဉ် [illegible]အဖမ်းခံရပြီး မဟာမိတ်လေယာဉ်များ ဗုံးကြဲရာတွင် ထွက်ပြေး [illegible]ြောက်လာသူ။



ရဲဘော်ဘမောင်(ခ) ရဲဘော်ခင်မောင်ကြီး
ဖို့ဒ် ၁၃၆ တပ်မှာ လေထီးနှင့် ရန်သူနယ်မြေထဲကို ဆင်းတဲ့ AFO ရဲဘော်

စစ်တွေရောက်တဲ့အခါ အင်္ဂလိပ်တွေက ကိုစောဖြူတို့ကို အိန္ဒိယကို ပြန်လိုက်ဖို့ ခေါ်ပါတယ်။အိန္ဒိယရောက်တဲ့အခါမှ သူတို့အတွက် ငွေထုတ်ပေး မယ်လို့ ပြောပါတယ်။ ကိုဘစောတို့က "ငွေလဲ မလိုချင်ဘူး ပြန်လဲ မလိုက် လိုတော့ဘူး"လို့ ပြောပြီး ငြင်းလိုက်တယ်။ "ဒါဖြင့် အိမ်ပြန်စရိတ်ယူ"ဆိုပြီး ငွေ ၃၀ဝိ/- ပေးလိုက်တယ်။

ဖို့ဒ် ၁၃ဖ တပ်ဖွဲ့က အင်္ဂလိပ်အရာရှိဆီက အပြန်ခရီးမှာ အနှောင့်အယှက် မခံရအောင် စာကလေးတစ်စောင်လောက် ရေးပေးဖို့ ကိုစောဖြူက တောင်းလိုက် ပါသေးတယ်။ "ခင်ဗျားတို့ကို ဘယ်သူကမှ အနှောင့်အယှက် မပေးပါဘူး လက်နက်ပါယူသွား" လို့ ပြောလိုက်သေးတယ်။

ရေရာလှတဲ့ တော်လှန်ရေးသမားဘဝ

ဖို့ဒ် ၁၃ဖ တပ်ဖွဲ့က အင်္ဂလိပ်အရာရှိတွေ စစ်တွေကနေ အိန္ဒိယကို လေယာဉ်နဲ့ ပြန်သွားကြပါတယ်။ ဒီတော့ လေယာဉ်ကွင်းက မိခင်ရှိရာ မြို့ဟောင်းမြို့ကို ပြန်ဖို့ ကြက်ကိုင်းတန်းကို သွားကြပါတယ်။ အနိစ္စသဘော ဘာမှ မမြဲဘူးဆိုသလိုပေါ့။စစ်ဒဏ်ကြောင့် စစ်တွေမြို့ကြီး ပျက်သွားတာကြောင့် ကြက်ကိုင်းတန်းဟာ အလိုလို မြို့တော်ကြီး ဖြစ်လာတယ်။

ကြက်ကိုင်းတန်းမြို့ကို အသွား ရေချမ်းစင် လမ်းဆုံမှာ စောင့်နေတဲ့ ပုလိပ်တွေက မသက်ဘူးဆိုပြီး ကိုစောဖြူကို ဖမ်းပြန်တယ်။ဒီပုလိပ်အဖွဲ့ကို အုပ်ချုပ်သူက ပထမဆုံး သူတို့ အိန္ဒိယအသွားမှာ အဖမ်းခံရပြီး စစ်တကောင်း အချုပ်ခန်းမှာ စစ်ဆေးမေးမြန်းခဲ့ဖူးတဲ့ အရာရှိဖြစ်နေတယ်။

အရာရှိက ရဲအောင်(ကိုစောဖြူရဲ့ နာမည်ဝှက်)ဆိုတဲ့ နာမည်ကို ကြားလိုက်ရင်ပဲ "ဒီနာမည်ကို သိသလိုလိုပါ"ဆိုပြီး စခန်းမှာ "ရဲအောင် ရဲအောင်" လို့ခေါ်ရင်း လိုက်ရှာပါတယ်။ ကိုစောဖြူကို တွေ့တော့မှ "ငါထင်သားပဲ"လို့ အရာရှိက ရေရွတ်လိုက်သေးတယ်။

ကိုစောဖြူက "ငါထင်သားပဲ"လို့ အရာရှိက သူဟာသူ ပြောလိုက်တဲ့ စကားကြောင့် နားမလည်သလို ဖြစ်သွားတယ်။ အရာရှိက အကျိုးအကြောင်း ပြောတော့မှ "သြော်–ဒါကိုး" လို့ဆိုပြီး ကိုစောဖြူက သက်ပြင်းချလိုက်တယ်။ အရာရှိက သူ့ကိုခေါ်ပြီး အိပ်ရာနေရာပေးပါတယ်။

ပုလိပ်တွေကတော့ ကိုစောဖြူကို မြေကြီးမှာ အိပ်စေချင်တယ် "မြေကြီးပေါ်မှာ အိပ်ခိုင်း" ဆိုပြီး အရာရှိကိုလှမ်းပြီး အရေးဆိုနေပြန်သေးတယ်၊ ဒီတော့ ကိုစောဖြူက စိတ်ထဲမှာ "အင်း တို့တိုင်းပြည်ချစ်လို့ ကျွန်ဘဝက လွတ်အောင် တို့အမျိုးမျိုး ကိုယ်ကျိုးစွန့် အနစ်နာခံကြရတဲ့ ဆုလဒ်တွေပါကလား"လို့ ပြောပြီး ရယ်မိသေးတယ်။ ပြီးတော့ မင်းတို့ကလဲ တကယ့်တိုင်းချစ်ပြည်ချစ် ပုလိပ်အဖွဲ့ကြီးပါပဲလားလို့ စိတ်ထဲကနေ ချီးကျူးနေမိပါတယ်။

ပုလိပ်တွေက ကိုစောဖြူကို ထောင်ကြီးချုပ်ပို့ဖို့ စီစဉ်ပြီး သေနတ်ကို သိမ်းလိုက်ပါတယ်။ လက်ပစ်ဗုံးနှစ်လုံးကိုတော့ လိုရမယ်ရဆိုပြီး အိပ်ရာလိပ်ထဲမှာ ဖွက်ထားလိုက်ပါတယ်။ ဒါကို ပုလိပ်တွေကလဲမမြင်ဘူး၊ မတွေ့ဘူး။

အရာရှိက ကိုစောဖြူ ဘယ်သူဘယ်ဝါဆိုတာ သိပြီး ဖြစ်တယ်။ ဒါကြောင့် ထောင်ကြီးချုပ်ကို ပို့ဖို့ အစီအစဉ်ကို အရာရှိကပဲ ဖျက်လိုက်တယ်။ ပြီး ကိုစောဖြူတို့ ခေါင်းဆောင်တွေ မကြာခင် ရောက်ပါမယ်၊၊ ဒီတော့ သူ့ဆီမှာ နှစ်ရက်သုံးရက်လောက် စောင့်ပါဦးလို့ ကိုစောဖြူကို မေတ္တာရပ်ခံလိုက်တယ်။ ဒါနဲ့ ကိုစောဖြူ နှစ်ရက်သုံးရက် အိပ်လိုက်စားလိုက်နဲ့ စောင့်ရပြန်တယ်။

အရာရှိပြောတဲ့အတိုင်းပဲ ဦးပညာသီဟနဲ့ ဗိုလ်ကြာလှအောင်တို့လဲ အဲဒီရက်အတွင်းပဲ ရောက်လာတယ်၊ ဒီတော့မှ ကိုစောဖြူလဲ အချုပ်က ထွက်ခဲ့ရပါတယ်၊ အဖြစ်အပျက်တွေကို ကိုစောဖြူက ဆရာတော် ဦးပညာသီဟနဲ့ ဗိုလ်ကြာလှအောင်တို့ဆီ သတင်းပို့လိုက်ပါတယ်၊ ဒီညမှာပဲ ကြက်ကိုင်းတန်းက နေ မြလေးသွားမယ့် ဦးပညာသီဟနဲ့ လိုက်သွားတယ်။

မြလေးကို ရောက်ပြန်တော့ အင်္ဂလိပ်မေဂျာတစ်ယောက် ဦးစီးတဲ့ ဂေါ်ရခါးစစ်သားနဲ့ ပုလိပ်တွေ ရွာကို ဝိုင်းပြီး မွှေနှောက်ရှာဖွေနေတာနဲ့ သွားဆုံပြန်ပါတယ်။ ကိုစောဖြူမှာက စစ်ယူနီဖောင်းအစိမ်းကလွဲလို့ တခြား အဝတ်အစားက မရှိဘူး။ စစ်အင်္ကျီပဲ ဝတ်ထားပါတယ်၊ ဒီတော့ ဂေါ်ရခါးတွေက သူ့ကို မသင်္ကာပြန်ပါဘူး ဆိုပြီး ဖမ်းပြန်ပါတယ်။ ကံကောင်းတယ်လို့ပဲ ဆိုကြပါစို့ရဲ့။ အဲဒီပုလိပ်အဖွဲ့မှာ မောင်တော ပုလိပ်ဌာနက ကိုသာကျော် ဆိုသူ ပါလာတယ်။ သူက အကျိုးအကြောင်း ရှင်းပြမှ ဂေါ်ရခါးစစ်သားတွေလဲ သဘောပေါက်နားလည်သွားပြီး ကိုစောဖြူကို လွှတ်လိုက်ပြန်တယ်၊

ခရီးသင့်တာနဲ့ ဂေါ်ရခါးပုလိပ်တပ် မော်တော်ရေယာဉ်နဲ့ မြို့ဟောင်းကို တစ်ပါတည်း လိုက်သွားပါတယ်။

မြို့ဟောင်းရောက်တော့ ကိုစောဖြူက မြို့ဟောင်းက အဒေါ်အိမ်ကို သွားပါတယ်။ မြို့ဟောင်းက အဒေါ်အိမ်ကို သူရောက်တော့ ဆွေမျိုးတွေက မြူးတူးပြတဲ့ ကြောင်အမ်းအမ်းကြီးနဲ့ ကြည့်နေတယ်။ ဒီလိုအကြည့်မျိုး ခံလိုက်ရတဲ့သူဟာ နားမလည်ဘဲ ကြောင်သွားပြန်တယ်၊ နောက်အကြာကြီးနေမှ "ဟဲ့ စောဖြူနင်မသေဘူးပေါ့နော်" လို့ ပြောပြီး ဝမ်းသာအားရ ဆီးကြိုနှုတ်ဆက် ကြပါတော့တယ်။

ကိုစောဖြူရဲ့အမေကိုလဲ မြို့ဟောင်းက အဒေါ်အိမ်မှာ မတွေ့ဘူး၊ ကိုစောဖြူသေပြီလို့ အားလုံးက ဆုံးဖြတ်ထားကြတယ်။ အဲဒါကြောင့် "မျိုးချေ" ဆိုတဲ့ ရွာကို ရောက်နေတဲ့ ကိုစောဖြူရဲ့ အမေက သူ့အတွက် သပိတ်ဆွမ်းသွတ် ဖို့ သွားစီစဉ်နေသတဲ့။

ဖြစ်ရပုံက ဒီလိုတဲ့။ ကိုစောဖြူ သေတယ်ရှင်တယ်ဆိုတဲ့ သတင်းလဲ မရဘူး။ ဒီလိုဖြစ်နေတဲ့ တစ်နေ့မှာ ကိုစောဖြူရဲ့ သူငယ်ချင်း မောင်ကျော်ဖြူဟာ ကိုစောဖြူရဲ့ဘောကန်အင်္ကျီဝတ်လျက်နဲ့ ကိုစောဖြူရဲ့အမေဆီ ရောက်သွားတယ်။ ချက်ချင်း အမေလုပ်သူက–

"ဒါ ငါ့သား အင်္ကျီမဟုတ်လား"

"ဟုတ်ပါတယ်" ကိုမောင်ကျော်ဖြူက ချက်ချင်းပဲ ဖြေလိုက်ပါတယ်။

"ဒါဖြင့် ငါ့သားဘယ်မှာလဲ"

"ဘင်္ဂလားမှာပဲ ကျန်ရစ်ခဲ့ပါတယ်"

"နင်မဟုတ်တာ မပြောနဲ့ သေပြီမဟုတ်လား ပြောစမ်း"

"မသေပါဘူး ရှိပါတယ်"လို့ ကိုကျော်ဖြူက ရယ်ရယ်မောမောနဲ့ အကျိုးအကြောင်း ရှင်းပြလိုက်တယ်။ ဒါပေမယ့် မယုံဘူး။

ကိုကျော်ဖြူဆိုတာက ကိုစောဖြူတို့ ရဲဘော်ပဲ။ အိန္ဒိယကို ရောက်ကြပြီး ဒုတိယအသုတ် အိန္ဒိယက ရခိုင်မှာ လေထီးဆင်းတဲ့အဖွဲ့ထဲမှာ ပါခဲ့သူ ဖြစ်တယ်။ ကိုကျော်ဖြူနဲ့ ကိုစောဖြူတို့ ဘင်္ဂလား (အိန္ဒိယ)မှာ စခန်းတစ်ခု ထဲ အတူနေကြရတယ်။ အဲဒီမှာ ကိုစောဖြူရဲ့ ဘောကန်အင်္ကျီကို သူက ကောဆိုပြီး ယူဝတ်တယ်။ အဲဒီမှာ ချက်ချင်း လေထီးဆင်းဖို့ လာရတော့

-သူက အဲဒီ ကိုစောဖြူရဲ့ ဘောကန်အင်္ကျီဝတ်ရက်နဲ့ပဲ ရခိုင်ကိုပါခဲ့တယ်။ ကိုစောဖြူတို့ထက် အရင် ကိုကျော်ဖြူတို့က လေထီးနဲ့ ဆင်းခဲ့ရသူပါ။

အဲဒီအင်္ကျီကို မြင်တွေ့ရပြီး ကိုစောဖြူကို မတွေ့တော့ တကယ်သေပြီလို့ တစ်ထစ်ချ ယူဆသွားတယ်။ ကိုကျော်ဖြူက ဘယ်လိုပဲ ရှင်းပြပြောပေမယ့် မယုံတော့ဘူး။ အဲဒါကြောင့် ကိုစောဖြူအတွက် ဆွမ်းသွတ်ဖို့ စီစဉ်နေတယ်။ ဒီအချိန်မှာပဲ ကိုစောဖြူ သူ့မိခင်ကြီးဆီ ရောက်လာတယ်။

သူ့ကိုမြင်တော့ ကိုစောဖြူမိခင်ကြီးလဲ အံ့အားသင့်ရာကနေ ဝမ်းနည်းပက်လက်ဖြစ်ပြီး လူကြီးတန်မဲ့နဲ့ ရှိုက်ကြီးတငင် ပက်ငိုပါတော့တယ်။အမေက ကလေးငယ်ကို ယုယပိုက်ထွေးသလိုလုပ်နေပြန်တော့ ကိုစောဖြူလဲ ကလေးပြန်ဖြစ်ရပြန်တယ်၊ အမေငိုပြန်တော့လဲ ကိုစောဖြူလဲ ငိုမိပြန်တယ်။

ကလိထိုးပြီး ရယ်ရတဲ့ သဘောမျိုး မဟုတ်ဘူး။ မငိုချင်ဘဲနဲ့ ရုပ်ရှင်ထဲက မင်းသမီးတွေ မျက်စိအိမ်ထဲ မျက်စဉ်းခတ်ပြီး မျက်ရည်ကို ညှစ်ထုတ်ရတဲ့ အဖြစ်မျိုး မဟုတ်ဘူး။ အမေက ငိုလိုက်တော့မှ သေဘေးအကြိမ်ကြိမ် လွတ်ခဲ့တာတွေ မဟာမိတ်ဆိုတဲ့ အင်္ဂလိပ်နယ်ချဲ့သမား လက်ထဲ အကြိမ်ကြိမ် အဖမ်းခံခဲ့ရပုံတွေ အညှဉ်းဆဲခံရပုံတွေက တစီတတန်းကြီး၊ သူ့မျက်စိထဲ ရုပ်ရှင်ကားတစ်ကားကို ကြည့်နေရသလို အလျှိုလျှို မြင်လာမိတယ်။ အဲဒါတွေ မြင်လာတော့ ရင်ထဲ ဆို့နစ်လာပြီး ငိုမိရပြန်တယ်။

သားအမိနှစ်ယောက်အဖြစ်ကို ဘေးကလူတွေက ရုပ်ရှင်ကားတစ်ကားရဲ့ ဇာတ်ပေါင်းခန်းကို ကြည့်နေကြရသလိုပဲ။ သားအမိနှစ်ယောက်နဲ့ မျက်ရည်တွေက ဘေးက ပရိသတ်ဆီ ကူးစက်သွားပါကောလား။

ဗိုလ်ကြီးစောဖြူ ။ စစ်တွေခရိုင်၊ ရသေ့တောင်မြို့နယ်၊ စမောင်းဒုံခွဆုံရွာ ဇာတိ ဖြစ်ပါတယ်။မိဘက ဦးရွှေမြိုင်နဲ့ ဒေါ်မြို့မတဲ့။ သားသုံးယောက် အနက် အငယ်ဆုံးသားဖြစ်ပါတယ်၊ တောင်သူမျိုးရိုးပါ၊ ဇာတိရွာမှာရှိတဲ့ အလယ်တန်းကျောင်းမှာ မြန်မာဘာသာ သတ္တမတန်းကို ၁၉၃၃ ခုနှစ်မှာ အောင်ခဲ့ပါတယ်။ကျောင်းထွက်ပြီး မြေတိုင်းပညာသင်ခဲ့ပါတယ်၊ မြေတိုင်းကျောက်တိုင်စိုက်လုပ်ငန်းကို လုပ်ဖူးတယ်၊ စစ်ဖြစ်လာတော့ ဂျပန်လက်အောက်ရှိ ရခိုင်ကာကွယ်ရေးတပ်တွင် ပါဝင်ခဲ့တယ်၊ နောက် ဂျပန်တော်လှန်ရေးမှာ ပါဝင်ခဲ့တယ်၊ နောက် မြို့ဟောင်းမှာ ပြည်သူ့

ရဲဘော်အဖွဲ့မှာ မြို့နယ်စစ်ခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့တယ်၊ နောက် မြန်မာ့သေနတ်ကိုင်တပ်ရင်း (၄) မှာ ဝင်ရောက်ခဲ့တယ်၊ သင်တန်းပြီး တော့ ယူအင်ပီတပ်ရင်း (၂၀) ဆိုပြီး ပြောင်းပေးလိုက်တယ်၊ တပ်ခွဲမှူးဖြစ်မှ ပြည်သူ့ရဲဘော်အနေနဲ့ တောခိုခဲ့တယ်။ ၁၉၅၈ ခုနှစ် တစ်ပြည်လုံး ပြည်သူ့ရဲဘော်တွေ လက်နက် ချလိုက်ပြန်ပါတယ်၊ နောက် ပ–လ–က မှာ ခဏဝင်လုပ်တယ်၊ ၁၉၆၀–၆၁ ခုနှစ်မှာ က–လ–သ–ပ (၁၃) မှာ ဝင်လုပ်တယ်၊ ၁၉၆၂ ခုမှာ ကုန်သွယ်ရေးဆိုင် မန်နေဂျာအဖြစ် လုပ်ခဲ့ပြန်တယ်။ အခုတော့ ပထမဈေးသည်အဆင့်နဲ့ ရန်ကုန် ကုန်သွယ်ရေး (၄)မှာ ဆက်ပြီး အမှုထမ်းလျက် ရှိနေပါတယ်။

* * *

(ကိုစောဖြူရဲ့လေထီးသမား အဖြစ်ကို ရန်ကုန်မှာ ၈–၁–၇၅ ရက်နေ့ ဗိုလ်ကြီးစောဖြူနဲ့ တွေ့ဆုံမေးမြန်း ပြောပြချက်တွေအပြင် သူကိုယ်တိုင် အသင့်ရေးထားတဲ့ ဦးစောဖြူရဲ့ ကိုယ်ရေးသမိုင်း အကျဉ်းချုပ်စာမူကိုပါ အပ်ခဲ့ပါတယ်၊ အဲဒီစာမူထဲက လိုအပ်တဲ့ အချက်အလက်တွေနဲ့ သူကိုယ်တိုင် ပြောပြချက်တွေကို ပေါင်းစပ်ဖော်ပြထားခြင်းပါ * စာရေးသူ)

* * * * *

## ၃။ ရဲဘော်ကြာဝ့ာမောင်

### ရခိုင်ပြည်နယ်တော်လှန်ရေးနဲ့ လေယာ်

ဒုတိယကမ္ဘာစစ် ဖြစ်လာတော့ ရန်ကုန်မြို့ကို ဂျပန်တွေက ဗုံးကြဲ စက်သေနတ်ပစ်တယ်။ ဒီတော့ မြန်မာပြည်မှာ အနှစ်နှစ်အလလ စီးပွားရှာစားသောက်နေကြတဲ့ အိန္ဒိယအမျိုးသားတွေဟာ ရရာရွှေငွေ ပစ္စည်းတွေနဲ့ အဝတ်အထည်တွေကို ပိုက်ပြီး အိန္ဒိယကိုပြေးကြတယ်၊ တချို့ရေကြောင်းက တချို့ ကုန်းကြောင်း၊ အဲဒီလို ပြန်တဲ့အခါ အရပ်ဒေသတွေမှာ ကုလားတွေကို ဗမာတွေက ရိုက်နှက်သတ်ဖြတ်ပြီး ပစ္စည်းလုယက်ကြတယ်။

အဲဒီက လွတ်လာခဲ့တဲ့ အချို့ကုလားတွေဟာ ရခိုင်ပြည်နယ်ဘက်ကို ရောက်လာကြတယ်၊ ရခိုင်ပြည်နယ်ဘက်ကျတော့ အလုံးအရင်းနဲ့ ဖြစ်လာတယ်၊ ရခိုင်ပြည်နယ် ရောက်ပြန်တော့လဲ ရခိုင်လူဆိုးဓားပြတွေက ခုတ်ကြသတ်ကြပြန်သတဲ့။ မြန်မာပြည်မှာ အလုအယက် အသတ်အဖြတ်ခံရတာတင်မကဘူး ရခိုင်ပြည်နယ်မှာပါ အသတ်အဖြတ်ခံကြရတော့ ကုလားတွေက ရခိုင်မှာ လက်စားချေပါတော့တယ်။ ရခိုင်ကို မီးရှို့၊ လူတွေသတ်၊ ပစ္စည်းတွေယူ အဲဒီလို ကုလားတွေရဲ့ ညှဉ်းဆဲသတ်ဖြတ်တဲ့ဒဏ်ကို "ရက်ချောင်းရွာ"က လူတွေအားလုံး အလူးအလဲ ခံကြရတယ်။

ဒီတော့ ရခိုင်လူဆိုးတွေက လူစုပြီး ကုလားတွေသတ် ရွာတွေမီးရှို့ပြီး ပြန်လက်စားချေပြန်တယ်။ ဒီရန်ဟာ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင် စတဲ့ မေယုမြစ်တစ်လျှောက် မြို့ဟောင်း ကျောက်တော်တစ်လျှောက် သွားတဲ့ ကုလားတွေက ရခိုင်တွေကို မီးရှို့လူသတ် လုပ်မယ်တဲ့။

ဒီဘေးရန်က ကာကွယ်ဖို့ ဆိုတဲ့ အနေနဲ့ ဦးပညာသီဟက ဟောပြော လှုံ့ဆော်တယ်၊ ရခိုင်မျိုးချစ်လူငယ် (၁၂) ယောက်ကို အမာခံပြီး ကိုကြာလှအောင် တို့က လေ့လာရန်အတွက် မေယုမြစ်ရိုးတစ်လျှောက်ကို သွားတယ်၊ မေယုမြစ်ကို မရောက်ခင် 'ဘိအိုင်အေတပ် ပုဏ္ဏားကျွန်းကို ရောက်လာတော့ ဒီတပ်နဲ့လဲ လိုက်သွားပြီး စစ်တွေကို သိမ်းလိုက်တယ်။

ဒီအချိန်မှာပဲ ကိုကြာလှအောင်တို့ ဘိအိုင်အေတပ်ထဲ ဝင်ရောက်အမှုထမ်း ကြပြီ ဆိုတဲ့ သတင်းကြောင့် ဆရာတော် ဦးပညာသီဟက သင်္ကန်းကြီး တလွှားလွှားနဲ့ သုတ်သီးသုတ်ပျာ ဗိုလ်မှူးရန်အောင်ဆီ ပေါက်လာတယ်။

ရခိုင်ကာကွယ်ရေးအတွက် သူ့တပည့်တွေကို ရခိုင်ပြည်နယ်မှာပဲ တာဝန်ယူစေလိုကြောင်း စသည်တို့ကို မိန့်ကြားတယ်။ ဗိုလ်မှူးရန်အောင်က နှုတ်ထွက်ခွင့်ပေးစေလိုကြောင်း မိန့်ကြားတယ်။ ဗိုလ်မှူးရန်အောင်ကလဲ ချက်ချင်းပဲ ကိုကြာလှအောင်တို့ကို နှုတ်ထွက်ခွင့်ပေးလိုက်ပါတယ်။ ပြီးတော့ လက်နက်အချို့ကိုပါ တရားဝင် ကိုင်ဆောင်ဖို့ ထုတ်ပေးလိုက်ပါသေးတယ်။

ရက်အနည်းငယ်အတွင်းမှာ ဗိုလ်ရန်အောင်နဲ့ တပ်ဟာ ဘူးသီးတောင် ကို ချီတက်သွားကြတယ်။ သူနဲ့အတူ ဦးပညာသီဟလဲ ပါသွားပါတယ်။ မကြာခင် တပ်စုမှူး ဗိုလ်ကျော်မောင် (မင်းပြားသား) စစ်တွေကို သင်္ဘောနဲ့ ဆင်းလာတယ်၊ ဦးပညာသီဟ ဝမ်းရောဂါဖြစ်တယ်လို့ ပြောတာနဲ့ပဲ လိုက်သွားတယ်။

ဒီရက်ပိုင်းအတွင်းမှာပဲ ဗိုလ်မှူးရန်အောင်က သူ့တပ်က ဗိုလ်မျိုးညွန့်နဲ့ ဗိုလ်ရန်ထောင်ဆိုတဲ့ တပ်ဗိုလ်ကြီး နှစ်ဦးကို မောင်တောကုလားတွေဆီ လွှတ်ပြီး စေ့စပ်ဆွေးနွေးခိုင်းလိုက်တယ်။ ဒီအချိန်မှာ သူ့တပ်ဟာ ဘူးသီးတောင် ကို တက်ရောက်တပ်စွဲလိုက်တယ်။ ဗိုလ်ကြီးနှစ်ဦး ဆွေးနွေးပြီးအပြန်မှာ ဘူးသီးတောင်နဲ့ မောင်တောအကြား ကားလမ်းကတစ်ဆင့် စောင့်ကြိုနေကြတဲ့ ကုလားတွေက ကားကိုတားပြီး ရပ်ခိုင်းတယ်။ ကားရပ်ပေးလိုက်တော့

ဘီအိုင်အေ ဗိုလ်ကြီးတွေ ဖြစ်တဲ့ ဗိုလ်မျိုးညွန့်နဲ့ ဗိုလ်ရန်ထောင်တို့ကို ကုလားတွေ ဖမ်းဆီးသတ်ဖြတ်လိုက်ကြတယ်။ ကားမောင်းသူ ရခိုင်အမျိုးသား (အခု စစ်တွေအောင်တိုင် မှာနေသူ)က တောလမ်းက ထွက်ပြေးလွတ်မြောက်လာတယ်။

ဒီနောက် ကုလားတပ်တွေ တက်လာပြီး ဘူးသီးတောင်မှာ တပ်စွဲနေတဲ့ ဗိုလ်မှူးရန်အောင်တပ်ကို ဝင်တိုက်တယ်။ နှစ်ရက်လုံးလုံး အကြီးအကျယ် တိုက်ပွဲဖြစ်တယ်။ နောက် ကုလားတွေ ဆုတ်သွားတယ်။ ဒီအတွင်းမှာပဲ ဗိုလ်မှူးရန်အောင်တပ် တောင်ပိုင်းကို တပ်ခေါက်ခဲ့ရမယ်လို့ ဂျပန်က အမိန့်ပေးခဲ့ပါတယ်။

ဘီအိုင်အေတပ် ပြန်ဆုတ်ဖို့ ဂျပန်က ညွှန်ကြားလိုက်တာနဲ့ ကိုကြာလှအောင်ကို လမ်းကာကွယ်ဖို့ ခေါ်ခဲ့တယ်။ လူကို အန္တရာယ်ကင်းအောင် ဆိုပြီး အန္တရာယ်ရှိမယ့် ကြားလမ်းစခန်းတစ်ခုကနေ ကိုကြာလှအောင်က တပ်စိပ်တစ်စိပ်နဲ့ ကာကွယ်ဖို့ပဲ။

နယ်သူနယ်သားတွေကို ကုလားရန်က လွတ်မယ့် ကျောက်တော်မြို့နယ်ကို ဘူးသီးတောင်မြို့နယ်က ပြောင်းရွှေ့ပေးတဲ့အခါ အချို့လူတွေကို မီးသင်္ဘောနဲ့ ပို့ဖို့ စီစဉ်တယ်။ ကုလားရန် ကြောက်ရလွန်းလို့ အရပ်သားတွေက မနေရဲကြဘူး၊ ဒီတော့ သူ့ထက်ငါ အလုအယက် သင်္ဘောပေါ် ပြေးဆင်းကြတယ်။ အဲဒီမှာ သင်္ဘောနစ်လို့ ရခိုင်အမျိုးသား လူပေါင်း ၃၀၀ ကျော် သေဆုံးကြရတယ်။ တချို့လဲ ရေကူးပြေးကြတယ်။ ရေကူးပြေးလို့ အသက်ချမ်းသာသွားတဲ့ အထဲမှာ ဦးပညာသီဟလဲ တစ်ပါး အပါအဝင်ဖြစ်တယ်။

ဗိုလ်မှူးရန်အောင်တပ်နဲ့ ကိုကြာလှအောင်တို့ အိုးပေါက်စခန်းကို ရောက်ပြီး စခန်းချနေကြတယ်။ အိုးပေါက်စခန်းကို ရောက်တော့ ဦးပညာသီဟ ပါမလာဘူး၊ ဒီတော့ ဦးပညာသီဟကို လိုက်ရှာရမယ်ဆိုပြီး စက်သေနတ်ကြီး နှစ်လက်နဲ့ သွားရှာပါ ဆိုပြီး သင်္ဘောကို ပြန်လွှတ်တယ်၊ ဒီသင်္ဘောမှာ ကိုကြာလှအောင်လဲ ပါသွားတယ်။

လမ်းခုလတ်မှာပဲ ဦးပညာသီဟရဲ့ ညီ လှိုု့ဝှက်ထားတဲ့ မော်တော်နဲ့ သွားဆုံတယ်။ မော်တော်မှာ သက်နန်းကို အလံထူပြီး မောင်းလာတယ်၊ အဲဒီမော်တော်ပေါ်မှာ ဦးပညာသီဟပါတယ်။ ဒါကြောင့် စစ်သင်္ဘောနဲ့ မော်တော်တို့ အတူ အိုးပေါက်စခန်းကို ပြန်လာကြတယ်။ အိုးပေါက်စခန်းရောက်

ပြီး နောက်ပိုင်းမှာ ရန်အောင်နဲ့ အတူ ရဲဘော်အားလုံး ရသေ့တောင်ကို အတူ လာကြတယ်။

ကိုကြာလှအောင်တို့ ဗိုလ်မှူးရန်အောင်တို့ တပ်တွေ ရသေ့တောင်ကို ရောက်တော့ မာန်အောင်သခင်ဘလုံတို့က ကိုကြာလှအောင်ကို ခေါ်ဆွေး နွေးတယ်။

## ရခိုင်ပြည်နယ်ကာကွယ်ရေးတပ်

ဗိုလ်မှူးရန်အောင်ရဲ့ "ဘိအိုင်အေ"တပ်မတော် ရခိုင်ပြည်နယ်က ဆုတ်ခွာသွားကြရတော့မယ်ဆိုတဲ့ သတင်းရတော့ မာန်အောင်သခင်ဘလုံတို့ လူကြီးတွေက ကိုကြာလှအောင်ကို ပြောတယ်။ "ကုလားတွေက ရခိုင်တွေကို သတ်ဖြတ်ဦးမှာပဲ ရွာတွေကိုလဲ မီးရှို့ဦးမှာပဲ၊ ဒါကြောင့် ကိုကြာလှအောင်တို့ လူငယ်တွေ ဗမာပြည်လိုက်မသွားဘဲ နေရစ်စေလိုကြောင်း ဆွေးနွေးကြတယ်။ ကိုကြာလှအောင်တို့ကလဲ နေရစ်ဖို့ သဘောတူတယ်။

ဒီအခြေအနေတွေကို ဗိုလ်မှူးရန်အောင်ဆီ ရခိုင်ခေါင်းဆောင်တွေက တင်ပြဆွေးနွေးကြလို့ ဗိုလ်မှူးရန်အောင်က သဘောတူပြီး မော်တော်ဘုတ် တစ်စင်း ဓာတ်ဆီ ၄ ဂါလံဝင် ပုံး (၅၄) ပုံး၊ အင်္ဂလိပ်ငွေ ၃၀၀၀ ပုလိပ်တွေ ကိုင်တဲ့ မက်(စ်)ကော့ ၃၃ လက်နဲ့ ကျည်ဆန်တွေ ပေးထားခဲ့တယ်။၁၉၄၂ ခု နှလိုင်လဆန်းမှာ သခင်စိုး၊ ကိုသိန်းဖေ၊ သခင်တင်မြတို့ ဗိုလ်မှူးရန်အောင်ဆီ လာရောက်ဆွေးနွေးတဲ့ သတင်း ရရှိပါတယ်။

ကိုကြာလှအောင်တို့ ရသေ့တောင်က မခွာဘူး၊ သေရင် ရသေ့တောင်က လူတွေနဲ့အတူ သေမယ်ဆိုပြီး စွဲမြဲတဲ့သန္နိဋ္ဌာန် ချထားကြတယ်၊ ဒီလက်နက်တွေ ကိုလဲ အရပ်သားတွေကို ကာကွယ်ဖို့ ဆိုပြီး ပေးလိုက်တယ်။

နောက်ထပ် ဗိုလ်မှူးရန်အောင်နဲ့ ဆွေးနွေးဖို့ ဦးပညာသီဟ၊ ကိုကြာလှအောင်တို့ မင်းပြားကို လိုက်သွားပြန်တယ်။ လမ်းမှာ မော်တော် ပျက်လို့ ကိုကြာလှအောင်က စစ်တွေမှာ ဆင်းနေလိုက်တယ်၊ ဦးပညာသီဟပဲ သွားနဲ့ ဆက်လိုက်သွားတယ်။

ကိုကြာလှအောင်က စစ်တွေကျတော့ ဗိုလ်မှူးရန်အောင်ရဲ့ တပ်က ထပ်စိပ်မှူး မောင်ထွန်းခိုင်နဲ့ ကိုကြာလှအောင်တို့ သေနတ် ၆ လက်နဲ့ ရသေ့

တောင်ကို ပြန်တက်လာတယ်။ ရသေ့တောင်ရောက်တဲ့အခါမှာ ကုလားတွေ ဝင်လာတဲ့အတွက် ကာကွယ်ရေးတွေက သေနတ်တွေဆွဲကိုင်ပြီး တိမ်းရှောင်နေကြတယ်။ ဂျပန်က ဖွဲ့ပေးထားတဲ့ ရခိုင်ပုလိပ်တွေလဲ ထွက်ပြေးကုန်ပြီ၊ ကိုကြာလှအောင်တို့ရောက်တဲ့အခါမှာတော့ ကုလားတွေ မေယုအနောက်ဘက်ကမ်းမှာ တိုက်ခိုက်သတ်ဖြတ်နေတယ်။ ကုလားတွေက ပေါက်တောဘက်ကို တက်ပြီး ရွာတွေ မီးရှို့ လူတွေသတ်နဲ့ ဖြစ်ချင်သလို ဖြစ်နေတဲ့အချိန်ပဲ။

ဒီတော့ ကိုကြာလှအောင်တို့က ရသေ့တောင်က ဂျပန်ခန့် ပုလိပ်တွေကို ခေါ်ယူပြီး ပြန်လည် တပ်ဖွဲ့ပေးလိုက်တယ်။ နောက်တော့ ပုလိပ်တွေ ကိုင်တဲ့ မက်(စ်)ကော့ သေနတ် ၅ လက် ပြန်ယူပြီး တခြားလက်နက်တွေ အစားထိုးပေးလိုက်တယ်။

ရသေ့တောင်ကနေ ပေါက်တောကို ကိုကြာလှအောင်နဲ့ ရဲဘော် ၁၂ ယောက် ဘုန်းကြီးတစ်ပါးပါ ချီတက်သွားတယ်။ ကုလား ၄၀၀၀ ကို သူတို့ ၁၃ ယောက်နဲ့ ပြောက်ကျားဝင်တိုက်တယ်၊ ဒီလို တိုက်ရင်းနဲ့ ရက် ၂၀ လောက်အတွင်းမှာ လက်နက်ကိုင်အင်အား ၂၀၈ ကျော် ဖြစ်လာတယ်၊ လက်နက်တွေ ဟိုကဒီက လာအပ်ကြတယ်၊ တချို့လဲ လက်နက်တွေ ဝယ်ပြီး လှူကြတယ်၊ ကိုကြာလှအောင်တို့ဟာ ဒီတပ်တွေနဲ့ ကုလားတွေကို တိုက်ထုတ်ပြီး ပေါက်တောမှာ စခန်းချနေလိုက်တယ်။

ဒီတော့ ကိုကြာလှအောင်တို့နဲ့အတူ ပါလာတဲ့ စစ်တွေမှာရှိတဲ့ ဦးဆောသာအောင် (အခု ဓာတ်ပုံဆရာ) က အရင်အင်္ဂလိပ်စစ်တပ်မှာ စစ်သင်တန်းမှူးဆာဂျင်တစ်ယောက် ဖြစ်ခဲ့တော့ ဒီတပ်ကို သူကပဲ စစ်သင်တန်းတွေ ပေးခဲ့တယ်။ သူက ဥက္ကဋ္ဌ၊ ကိုကြာလှအောင်က တပ်မှူး၊ အဲဒီလို တာဝန်ခွဲယူကြတယ်။

ဒီလို ပေါက်တောမှာ စခန်းချ ကာကွယ်နေတဲ့ အချိန်မှာ ဂျပန်တွေ သင်္ဘောနဲ့ ပထမဦးဆုံး ရောက်လာတယ်။ ဒါကြောင့် ကိုကြာလှအောင်တို့ တစ်တွေက လက်နက်တွေ ဖွက်ထားလိုက်တယ်၊ ဒီအချိန်မှာ ကုလားတွေ လာရောက်တိုက်ခိုက်တော့ ကုလားနဲ့ ဂျပန် တိုက်ပွဲ ဖြစ်သွားတယ်။

ဒီလို ရခိုင်အမျိုးသားတွေရဲ့ လက်နက်ကိုင်တပ်ဖွဲ့တစ်ခု ရှိနေတယ်ဆိုတာကို ဂျပန်က မသိဘူး၊ သူတို့က ဂျပန်ကို အသိမပေးဘူး၊ ဒီတပ်ကို ရခိုင်အမျိုး

သားတွေရဲ့ အုပ်ချုပ်ရေးအဖွဲ့က ကိုင်ထားတယ်၊ ဒီတပ်ရဲ့ စားရေးသောက်ရေး တွေကိုလဲ ဒီအုပ်ချုပ်ရေးအဖွဲ့ကပဲ တာဝန်ယူထားတယ်။

ဒီအတောအတွင်းမှာ ဘူးသီးတောင် အဖျားတောထဲမှာ ကုလားရန်ကြောင့် ပြေးနေတဲ့ ရခိုင်တွေ များနာပြီး အစာငတ်ရေငတ် ဖြစ်နေကြတယ်။ ဒီလူတွေကို ကယ်ဆယ်ယူပါဆိုပြီး မြို့လူမျိုး ဦးထွန်းက သတင်းပို့လိုက်တယ်။ ဒါကြောင့် ကိုကြာလှအောင်က ရဲဘော် ၁၀၀ ကို ရသေ့တောင်မှာ ခွဲထားခဲ့ပြီး ကျန်အင်အား ၁၀၀ နဲ့အတူ ကျောက်တော်က ဘူးသီးတောင်နယ်ကို ရိုးချောင်း၊ ဘာများချောင်းကိုဖြတ်ပြီး စိုင့်တင်ချောင်းရှိ ကုလားခေါင်းရွာမှာ တပ်စွဲလိုက်တယ်။ ဒီပွဲမှာ ဦးပညာသီဟကိုယ်တိုင် ဘုန်းကြီးတွေကို ခေါင်းဆောင်ပြီး ပါလာခဲ့ပါတယ်။

ကျောက်တော် ဘူးသီးတောင်ဘက် ဆက်တက်သွားတယ်။ တဖက်က ဆိုရင်လဲ တောကလူတွေကို ကျောက်တော်ကို ပို့ပေးတယ်၊ အဲဒီမှာ လေယာဉ်ပျံ အပျက်တွေကို တွေ့တာနဲ့ စက်သေနတ်တွေ ဖြုတ်ယူကြတယ်။

ကုလားတွေနဲ့ တွေ့တော့ တိုက်ပွဲဖြစ်တယ်၊ တိုက်ပွဲဖြစ်တာကို ကုလားတွေက ဂျပန်ကို သွားတိုင်တယ်၊ ဂျပန်တွေ လိုက်လာတယ်၊ ဒီတော့ ကိုကြာလှအောင်တို့ ကုလားတွေကိုရော ဂျပန်တွေကိုပါ ခံချလိုက်တယ်၊ ဂျပန်သုံးယောက် ကျဆုံးသွားတယ်၊ ကိုကြာလှအောင်တို့ ဘက်ကတော့ တစ်ယောက်မှ အကျအဆုံးမရှိဘူး၊ ဒါပေမယ့် ဗိုလ်ရွှေဘဟာ ကိုယ့်ဘက်က ရဲဘော်တွေ စက်သေနတ်ပြင်ရာက သေနတ်ကျည် သင့်ပြီး ဒဏ်ရာရသွားတယ်၊ ပေါင်ဖြတ်ပစ်လိုက်ရတယ်။ ဂျပန်က ကိုကြာလှအောင်တို့ကို သူပုန်လို့ ကြေညာလိုက်တယ်။

ဒီအချိန်မှာတော့ ကိုကြာလှအောင်တို့ရဲ့ လက်နက်ကိုင်အင်အားဟာ ၇၀၀ ကျော်နေပြီ၊ ရခိုင်ပြည်နယ် အုပ်ချုပ်ရေးကို ကိုင်နေတဲ့ ဦးအောင်ထွန်းဦးနဲ့ ဦးသာဇံလှတို့က တပ်တစ်ဝက်ကို ဖွက်ထားပြီး ကျန်တပ်သား ၃၅၀ နဲ့ ဂျပန်ဆီ လက်နက်ချပါလို့ ညွှန်ကြားလာတယ်။ ဒါကြောင့် ကိုကြာလှအောင်တို့ က လက်နက်ချလိုက်တယ်။

ဂျပန်သုံးယောက် သေဆုံးရတာ သူတို့လက်ချက်ကြောင့် မဟုတ်ဘူး ကုလားတွေလက်ချက်ကြောင့်ပါဆိုပြီး ကိုကြာလှအောင်တို့က အကြောက်အကန်

ပြောတယ်။ နောက်ဆုံး ဂျပန်က ကိုကြာလှအောင်တို့ကို မြို့ဟောင်းခေါ်သွားတယ်၊ သူတို့ဆီမှာ ရှိတဲ့ လက်နက်အဟောင်းတွေကို အစားထိုး ထုတ်ပေးတယ်။

မြို့ဟောင်းမှာ ဗိုလ်သင်တန်းကျောင်းတစ်ကျောင်း၊ တပ်သား သင်တန်းကျောင်း တစ်ကျောင်း ဖွင့်ပြီး စစ်သင်တန်းတွေ ပေးတယ်။ ကိုကြာလှအောင်ကို တပ်စုမှူးခန့်တယ်၊ ဂျပန်တပ်တွေနဲ့ ပူးပေါင်းပြီး စစ်မြေပြင်ကို တက်စေတယ်၊ ကုလားတပ်တွေနဲ့ မတည့်မှာစိုးလို့ဆိုပြီး မေယုစစ်ကြောင်းကို မသွားစေဘူး တောဖျားစစ်ကြောင်းကိုသာ ပို့တယ်။

ကိုကြာလှအောင်တို့ ရခိုင်တပ်ကို သီးခြားတာဝန်ပေးတယ်၊ သူတို့တာဝန်တွေက အင်္ဂလိပ်ရိက္ခာတွေ ဖျက်ဆီးဖို့၊ တယ်လီဖုန်းလိုင်းတွေ ဖျက်ဆီးဖို့၊ ပြီးတော့ ပြောက်ကျားတိုက်ဖို့။

အဲဒီလို တာဝန်ယူရမယ့် နယ်နိမိတ်နဲ့ တာဝန်တွေ ပေးထားပေမယ့် ကိုကြာလှအောင်တို့က နယ်ကို ကျော်ရုံမက ပေးထားတဲ့ တာဝန်အတိုင်းအတာကိုလဲ ကျော်လွန်ပြီး မေယုမြစ်မှာရှိတဲ့ ကျောက်တန်းမှာ တပ်စွဲထားတဲ့ အင်္ဂလိပ်စစ်တပ်အင်အား ၃၀၀၀ ကို လုံ့စွပ်တက်ထိုးမယ့်တပ်နဲ့ သွားပေါင်းလိုက်တယ်။

ဒီတပ်က ကိုကြာလှအောင်တို့တပ်နဲ့တွေ့တော့ "အင်္ဂလိပ်တပ်ကို လိုက်တိုက်မလား" လို့ မေးတယ်။ "လိုက်တိုက်မယ်" လို့ သူတို့က ပြောတယ်၊ ဂျပန်စစ်ဗိုလ်က ဘန်းဘန်းဘန်း မရှိဘူး၊ ယားယားယားပဲ ရှိတယ်တဲ့၊ သေနတ်နဲ့ မပစ်ရဘူး လှံစွပ်သာ အသုံးပြုပြီး တိုက်ပွဲလုပ်ရမယ်လို့ ဆိုလိုခြင်းပါ။ သူတို့မှာပါလာတဲ့ ကျည်ဆန်တွေအားလုံး စွန့်ပစ်ခဲ့ရတယ်၊ ဘရင်း (စက်ကလေး) တွေကိုတော့ ကျည်ဆန် ၃၀၀၀ ဖြည့်ပေးလိုက်တယ်။

နောက်တစ်နေ့ မိုးလင်း ၄ နာရီမှာ လှံစွပ်တက်ထိုးတယ်၊ ဂျပန်က လူ ၂၀၀ ပါပြီး ရခိုင်က ၁၅ ယောက်ပါတယ်။ ဒီတိုက်ပွဲမှာ ရခိုင်သုံးယောက် ကျခဲ့ပြီး လေးယောက် ဒဏ်ရာရခဲ့တယ်။

ကျဆုံးသူ(၃)ဦးက – လှစိန်အောင် (ရခိုင်)၊
စက်ကလေးသေနတ်ကိုင် မောင်ထွန်း မြို့အမျိုးသား
အင်္ဂါဦး မြို့အမျိုးသားတို့ ဖြစ်တယ်။

ဒဏ်ရာရသူ လေးယောက်က – မောင်စိန်ခိုင် (ရခိုင်)၊
အစ မြို့အမျိုးသား၊

ထွန်းလှအောင် (ရခိုင်)နဲ့
ဦးရွှေစိန် (ရခိုင်) တို့ ဖြစ်တယ်။

ဂျပန် (၆၀) ကျော် ကျဆုံးပြီး (၈၀) ကျော် ဒဏ်ရာရခဲ့တယ်။

ဂျပန်တွေက အင်္ဂလိပ်တွေရဲ့ လက်နက်ရိက္ခာတွေ အားလုံးကို ကိုကြာလှအောင်တို့ကို ပေးတယ်။ ဒါပေမယ့် ကိုကြာလှအောင်တို့ တပ်နဲ့ ဂျပန်တပ်တွေဟာ အင်္ဂလိပ်မြင်းတွေကို အပြိုင်အဆိုင် ဖမ်းကြတယ်၊ ဂျပန်တွေက မြင်းကောင်ရေ (၁၀၀၀) ကျော် ရသွားပြီး ကိုကြာလှအောင်တို့က (၉၀) ကျော်ပဲ ဖမ်းမိလိုက်တယ်၊ ကိုယ်ရကိုယ်ယူပဲ။

တိုက်ပွဲမှာ အင်္ဂလိပ်တွေကို လုံးစွပ်နဲ့ တက်ထိုးလို့ အင်္ဂလိပ်တွေ အကျအဆုံး များရတာထက် အင်္ဂလိပ်တပ်သားတွေ မြေယာမြစ်ထဲ ဆင်းပြီး ကူးအပြေးမှာ ရေနစ်သေတာက များပါတယ်။ ဂျပန်တပ်ကို အုပ်ချုပ်သူက ဆိုင်ဒိုဖြစ်တယ်၊ အောင်ပွဲရခဲ့တော့ လက်နက်မျိုးစုံနဲ့ ဗိုစီးကရက်တွေကို မြင်း (၄)စီးနဲ့တင်ပြီး ဂျပန်ဗိုလ်နီတာကျိုးမားဆီ ကိုကြာလှအောင်တို့က ပို့လိုက်တယ်။

အောင်ပွဲရခဲ့တော့ နီတာကျိုးမားက စီးကရက်တွေကို ထပ်မံပြီး ပြန်လက်ဆောင်ပေးလိုက်ပြန်တယ်၊ ဒီလို မျက်နှာလုပ်လိုက်ပေမယ့် အထောင်းက မလွတ်ဘူးဆိုတဲ့ သဘောပဲ၊ နီတာကျိုးမားက "မင်းကို တာဝန်ပေးထားတဲ့ စခန်းကြောင်းမဟုတ်ဘဲ ဘာကြောင့် နယ်ကျော်ပြီး လိုက်တိုက်ရသလဲ"လို့ ဆိုပြီး ကိုကြာလှအောင်ကို ဆူပူကြိမ်းမောင်းပါတော့တယ်၊ ထုချေလွှာ တောင်းတယ်။

"အင်္ဂလိပ်တိုက်ချင်လို့ တမင်လိုက်တိုက်တာပါ မာစတာ"လို့ ဗိုလ်ကြာလှအောင်က တဲ့တိုး ပြန်ဖြေလိုက်တယ်။ဂျပန်စစ်ဗိုလ်က "မူလတာဝန်ပေးထားတဲ့ စခန်းကြောင်းကိုပြန်"လို့ ငေါက်လိုက်တယ်။ ကျန် ရခိုင်ရဲဘော်တွေ မသိအောင် ကိုကြာလှအောင် တစ်ယောက်တည်းကို အပြစ်ပေးတယ်၊ ရခိုင်တပ်အားလုံးကို ကုလားဘန်စခန်းကြောင်းကို ပြန်ပို့လိုက်တယ်၊ နယ်စပ်မှာပဲ တပ်စွဲနေစေတယ်။

အဲဒီနောက်မှာ ရခိုင်ရဲဘော်တွေကို ဂျပန်တွေ အုပ်ချုပ်လို့ မရဘူး။ ဂျပန်က တောင်သွားပါဆိုရင် မြောက်ကိုသွားတယ်။ တစ်ယောက်တစ်ပေါက် ညည်းမဲ့ကမ်းမဲ့ ဖြစ်လာတယ်၊ နောက်ဆုံးကျတော့မှ ရခိုင်တပ်တွေကို ကိုကြာလှအောင်ကိုပဲ တာဝန်ပေးပြီး အုပ်ချုပ်ခိုင်းတယ်။ ဒါကြောင့် သူဟာ တပ်စုမှူးကနေ တပ်ရင်းမှူး ဖြစ်လာတယ်။

---

ရခိုင်ပြောက်ကျားတပ်

တစ်ခါက အလုံးအရင်းနဲ့ အင်္ဂလိပ်တွေ ဆင်းလာတယ်၊ အဲဒီမယ် ဂျပန်နဲ့ ကိုကြာလှအောင်တို့ တပ်တွေ ပေါင်းပြီး အင်္ဂလိပ်တပ်တွေကို လိုက်တိုက်တယ်။ အင်္ဂလိပ်တွေ ဆုတ်သွားတယ်၊ သူတို့ ဆုတ်သွားတဲ့ အင်္ဂလိပ်တပ်တွေနောက်ကို ဆက်ပြီးလိုက်တယ်၊ အဲဒီမှာ ပလက်ဝမြို့နယ် သမိန်စခန်းမှာ အင်္ဂလိပ်တပ်စုတစ်စု ကျန်နေခဲ့တယ်ဆိုတဲ့ သတင်းကို အရပ်သားတွေက ကိုကြာလှအောင်ဆီ သတင်းလာပို့တယ်။

အဲဒီမယ် အသေခံတပ်ဖွဲ့က တပ်သား (၉)ယောက် ရွေးထုတ်လိုက်တယ်။ (၉) ယောက်အနက် (၃) ယောက်ကို ကိုကြာလှအောင်နဲ့အတူ ထားပြီး (၆) ယောက်နဲ့ ဝင်တိုက်ဖို့ အမိန့်ပေးတယ်။ ဒီအစီအစဉ်ကို ဂျပန်မသိဘူး။ အစီအစဉ်လုပ်ပြီး သမိန်ရွာက သူကြီးကို ခေါ်ယူမေးမြန်းတယ်၊ အဲဒီမယ် သူကြီးက ဒါအင်္ဂလိပ်တွေမဟုတ်ကြောင်း ကိုညိုထွန်း၊ သခင်ထွန်းစိန်၊ သခင်ဖိုးလှနဲ့ ဦးမောင်သာအောင် (ပလက်ဝစာရေး)တို့ ဖြစ်ကြောင်း ရှင်းပြတယ်။

အဲဒါကြောင့် ရဲဘော်တွေကို ထားခဲ့ပြီး ကိုကြာလှအောင်တစ်ယောက်တည်း ခမ္မီးအဝတ်အစားနဲ့ ရိက္ခာပို့တဲ့လူအဖြစ် လိုက်သွားတယ်၊ ကိုကြာလှအောင်က ကိုညိုထွန်းကိုတော့ မမှတ်မိဘူး၊ သခင်ထွန်းစိန်၊ သခင်ဖိုးလှတို့ကို မှတ်မိတယ်၊ အဲဒါကြောင့် မတိုက်ဘဲ ပြန်ဆုတ်ခဲ့တယ်။

ကိုညိုထွန်းတို့ကတော့ လေးမြို့ချောင်းက ပတ်ဆင်းသွားတယ်၊ ဒီတော့ ဂျပန်အရေးပိုင် ကျော်ဒွန်းဦးက ကိုညိုထွန်းတို့ အစုကို ဖမ်းလိုက်တယ်၊ ကိုညိုထွန်းနဲ့ မောင်သာအောင်တို့ နှစ်ယောက်ကိုတော့ လွှတ်လိုက်တယ်။ ဂျပန်က ချင်းအော်ပရေတာ၊ သခင်ထွန်းစိန်နဲ့ ကိုဖိုးလှတို့ကိုတော့ ဗမာပြည်မ ပို့လိုက်တယ်လို့ သိရတယ်။ ဖမ်းပြီး နှစ်လလောက်မှာ ကိုဖိုးလှ အသတ်ခံရတယ်လို့ ကြားရတယ်၊ သခင်ထွန်းစိန်ကတော့ ပဲခူးတောင်ငူဘက်မှာ ဂျပန်လက်က ထွက်ပြေးလွတ်မြောက်သွားတယ်တဲ့။ ချင်းတွေကိုတော့ စောစောကပဲ သတ်ပစ်လိုက်တယ်တဲ့။

ကိုညိုထွန်းနဲ့ ကိုသာအောင် (ပလက်ဝ)တို့နှစ်ယောက် ရခိုင်ပြည်နယ်မှာ သူတို့နေဖို့ အခက်တွေ့နေတယ်။ ဂျပန်ကလဲ အနံ့ရလို့ နောက်က နောက်ယောင်ခံလိုက်နေတယ်၊ ဒါကြောင့် ကိုစံသာကျော်က ကိုကြာလှအောင်ဆီ ခေါ်လာတယ်၊

ကိုစံသာကျော်က ဒီအချိန်က ရခိုင်ကာကွယ်ရေးတပ်နဲ့ ရခိုင်အုပ်ချုပ်ရေးကြားမှာ ဆက်သွယ်ရေးအရာရှိအဖြစ်နဲ့ လျှို့ဝှက်တာဝန်ယူနေသူပါ။

ဒီအချိန်က ကိုညိုထွန်းနာမည်က ကိုလှမောင်တဲ့၊ ကိုစံသာကျော်ရဲ့ နာမည်က ကိုထွန်းကျော်။ ကိုညိုထွန်းကို တပ်ထဲမှာထားပြီး ကိုမောင်သာအောင်ကို တော့ ဖရုံချောင်းမှာ ဝှက်ထားပေးတယ်၊ အဲဒီလိုနေရင်း ကိုညိုထွန်းတို့က အင်္ဂလိပ်တပ်ဆီကို သူတို့ရဲ့ အခြေအနေကို ဆက်သားလွှတ်ပြီး သတင်းပို့တယ်။ ဝိုင်ယာလက်အော်ပရေတာတွေနဲ့ သတင်းမပို့နိုင်ဘူး၊ ဒါကြောင့် ကိုကြာလှအောင် ရဲ့အစီအစဉ်နဲ့ ခြေမြန်ဆက်သား လွှတ်ပြီ သတင်းပို့လိုက်ရတယ်။

ဂျပန်ဗိုလ် နီတာကျီးမားဟာ ကိုစံသာကျော်ရဲ့ ဖခင်နဲ့ အင်မတန် ရင်းနှီးတယ်။ ကိုစံသာကျော်အဖေက "ကျုပ်သားကို မာစတာကို အပ်ထားပါ တယ်၊ ကိုယ့်သားတစ်ယောက်လို သဘောထားပြီး အရာရာ ထိန်းထိန်းသိမ်းသိမ်း လုပ်ပါ၊ ကြည့်ရှုစောင့်ရှောက်ပါ မကောင်းတာရှိရင် ကြိုက်သလို ဆုံးမပါ။ သူ့ကို မာစတာလက် အပ်ထားလိုက်ပြီမို့ တကယ်လို့ သူဆိုးတာမိုက်တာ လေးမှာတာရှိရင် ကျုပ်နဲ့ မဆိုင်ဘူး၊ မာစတာရဲ့သားပဲ မာစတာပဲ ဆုံးမပါလို့ ဆိုပြီး သူ့သား ကိုစံသာကျော်ကို ဂျပန်လက်သို့ အပ်လိုက်ခြင်း ဖြစ်ပါတယ်။

ကိုစံသာကျော်ရဲ့ အဖေဟာ သူ့သားဟာ ဂျပန်ဆန့်ကျင်ရေး အဖွဲ့ဝင် တစ်ဦးဖြစ်တယ်ဆိုတာကို သိတယ်၊ ဒီတော့ တစ်နေ့နေ့ ဂျပန်ဆန့်ကျင်ရေး လုပ်ငန်းတွေကို လုပ်ရင်းကနေ ဂျပန်သိပြီး ပြဿနာပေါ်ရင်၊ ဒါကျုပ်နဲ့ မဆိုင်ဘူး ခင်ဗျားသားအဖြစ် ခင်ဗျားကို ပုံအပ်ထားပြီးပြီပဲ၊ သူ့ကို ခင်ဗျား ဘာသာ ကြိုက်သလိုဆုံးမရုံပဲ ရှိတယ်ဆိုပြီး ဂျပန်ပေါ်ပဲ ပုံချ ကိုယ်လွတ်ရုန်း နိုင်အောင် ကြိုတင်လုပ်လိုက်ခြင်း ဖြစ်ပါသတဲ့။

ဂျပန်ဆိုတဲ့ လူတွေကလဲ လက်ထိပ်မကောင်းလက်ထိပ် လက်မ မကောင်း လက်မဆိုတဲ့ သဘောမျိုး ရှိတာမဟုတ်ဘူး။ ရှေးပဒေသရာဇ်ခေတ်တုန်းကလို

ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် မီးလောင်တိုက်သွင်း သတ်စေဆိုတာမျိုး လုပ်လေ့ရှိတယ်။ ဒီတော့ ဒီလိုမီးခိုးကြွက်လျှောက်လိုက်မှဖြင့် နောက်ပိုင်းက ကျန်ရစ်တဲ့ မိဘဆွေမျိုးတွေ ဒုက္ခရောက်ရချည်ရဲ့။ ဒါကြောင့် သူတို့အပေါ် ကျလာမယ့် အန္တရာယ်ကို ကြိုတင်ကာကွယ်ဖို့အတွက် ဆင်လိုက်ခြင်း ဖြစ်ပါသတဲ့။

အဲဒီလို တင်ကြိုပြီး အကွက်ဆင်ထားလိုက်တဲ့အတွက် ကိုစံသာကျော် အဖေအတွက် အကွက်မိသွားပါတယ် ဆိုပဲ။ ဒါက ဒီလိုပါတဲ့–

ကိုစံသာကျော်ဟာ ရခိုင်ပြောက်ကျားတပ်မှာ တာဝန်ယူနေချိန် တစ်နေ့မှာ အင်္ဂလိပ်နဲ့ တိုက်ပွဲဖြစ်တယ်၊ သူဒဏ်ရာရလို့ ဆေးရုံတက် ကုသရတယ်။ ပျောက်ကင်းသွားတော့ ကိုကြာလှအောင်ရဲ့ ရခိုင်ပြောက်ကျားတပ်မှာပဲ ရိက္ခာတာဝန်မှူးအဖြစ် တာဝန်ဆက်ယူတယ်။

ဒီလိုတာဝန်ယူနေတုန်း မဟာမိတ်တပ်နဲ့ ဆက်သွယ်ရမယ့် တာဝန်ကရှိလာတော့ ကိုစံသာကျော်ဟာ ကိုကြာလှအောင်ကလွဲပြီး ဘယ်သူ့ကိုမှ အသိမပေးဘဲ တပ်က လစ်ပြီး အိန္ဒိယရှိ ကိုသိန်းဖေမြင့်ဆီ ခြေကျင်သုတ်ခြေတင်သွားတယ်။

တပ်မှာ တန်းစီလူစစ်တော့ ကိုစံသာကျော်တစ်ယောက် ပျောက်နေတယ်ဆိုတာ ဂျပန်က သိသွားတယ်၊ ဂျပန်တွေလဲ ရှူးရှူးရှဲရှဲ ကြိမ်းမောင်းတော့တယ်။

ကိုကြာလှအောင်က တပ်ခွဲမှူးတွေကို အသိပေးဖို့ အချိန်ရောက်လာတဲ့အခါ ရခိုင်ပြောက်ကျားတပ်နဲ့ အင်္ဂလိပ်စစ်တပ်တွေဟာ မဟာမိတ်တွေဖြစ်နေပြီ။ အင်္ဂလိပ်တွေနဲ့ တွေ့ရင် သိပ်မတိုက်ကြနဲ့လို့ တပ်ခွဲမှူးတွေကို တိုးတိုးတိတ်တိတ် မှာကြားထားတယ်။ အဲဒီမယ် ကိုကြာလှအောင်ရဲ့ ညီ ကိုကြာနေအောင်က သူ့တပ်ခွဲနဲ့ စစ်တွေနယ်ဆင်းပြေးပါလေရော။

ဂျပန်စစ်ဗိုလ်တွေက ကိုကြာနေအောင် တပ်ခွဲ ပျောက်သွားပြန်တာ သိတော့ ဒေါသတွေဖြစ်ပြီး အပြင်းအထန် ကိုကြာလှအောင်ကို ဆူပူကြိမ်းမောင်းတယ်။ ဒီတော့ ကိုကြာလှအောင်က သူကိုယ်တိုင် တပ်နဲ့ လိုက်ဖမ်းမယ်ဆိုပြီး ဂျပန်ဆီက ခွင့်တောင်းတယ်။ ကျန်တဲ့တပ်တွေခေါ်ပြီး လိုက်သွားရပြန်တယ်။

မြို့ဟောင်းမြို့နယ် ပြားထဲရွာရှိ ဦးပညာသီဟရဲ့ ကျောင်းမှာ ကိုစံသာကျော်နဲ့ တွေ့ပြန်တယ်၊ ကိုစံသာကျော်ဟာ အိန္ဒိယကိုညိုထွန်းဆီကနေ ခြေကျင်

ပြန်လာတာ ဖြစ်တယ်၊ ကိုစံသာကျော်က ရခိုင်ပြည်နယ်ထဲမှာ လေထီးအဖွဲ့တွေ ဘယ်စခန်းတွေမှာ ဘယ်နေ့ဘယ်ရက် ဘယ်နှစ်နာရီမှာ ဆင်းမယ်ဆိုတာတွေကို ကိုကြာလှအောင်ကို ပြောပြပြီး သူ အိန္ဒိယကို ဒုတိယအကြိမ် ကိုသာကျော်၊ ကိုထွန်းအောင်ဖေတို့နဲ့အတူ၊ ၁၉၄၄ ခု နိုဝင်ဘာလမှာ အဆက်အသွယ် ပြန်ရအောင် စေလွှတ်ခဲ့တယ်။ ကိုကြာလှအောင်က သူ့ညီတပ်ကို တွေ့ပြီး ဘိမ်းရှောင်နေဖို့ အစီအစဉ်တွေ လုပ်ပေးခဲ့ရပြန်တယ်။ နောက် တပ်ရင်းရုံးဆီကို ပြန်ချီတက်တယ်။

လမ်းမှာ ပလက်ဝဂျပန်အရေးပိုင် တာဝန်ကို ယူနေတဲ့ ကိုကျော်မြက ကိုကြာလှအောင်ကို "ခင်ဗျား ပြန်တက်မလာနဲ့တော့ ဂျပန်က ဖမ်းဖို့ အစီအစဉ်လုပ်နေတယ်"လို့ ဆီးပြီး သတင်းပို့လိုက်တယ်။ ဒီတော့ ကိုကြာလှအောင်က တပ်ခွဲ (၁) ကိုမောင်ထွန်းစိန်နဲ့ သူ့တပ်ခွဲတစ်ခုလုံး ရုံးအဖွဲ့ပါ၊ ကိုမောင်စောဖြူနဲ့ ကိုသာထွန်းအောင်တို့ရဲ့ ညွှန်ကြားချက်အတိုင်း မဟာမိတ်နဲ့ ဆက်သွယ်ပြီး အိန္ဒိယကိုညိုထွန်းဆီ လိုက်သွားရမယ်လို့ စာရေးညွှန်ကြားလိုက်တယ်။

ညွှန်ကြားချက်ကို မောင်ထွန်းစိန်နဲ့ တပ်သားအချို့က ငြင်းဆန်ပြီး ခွဲထွက်သွားကြတယ်။ တပ်စုမှူး ဝေလာနဲ့ တချို့ ရုံးအဖွဲ့သားတွေပါ လိုက်သွားကြတယ်။ ဒီအဖွဲ့ဟာ (၁၉၄၄ ခု နိုဝင်ဘာလ)လောက်မှာပဲ အိန္ဒိယကို ရောက်သွားတယ်။ ဒီအစုက ရဲဘော်တွေဟာ ၄၄ ခု ဒီဇင်ဘာလ အလယ်ထဲမှာ ရခိုင်ပြည်နယ်ထဲ လေထီးနဲ့ တစ်သုတ်ပြီးတစ်သုတ် ဆင်းလာခဲ့ကြတယ်။

ရဲဘော်စံသာကျော် စီစဉ်ပေးခဲ့တဲ့အတိုင်း နိုဝင်ဘာလ နောက်ဆုံးပတ်မှာ ပန်းဘဲချောင်း နီချေရွာအနီးမှာ လေထီးနဲ့ ဆင်းဖို့အတွက် တီပုံ မီးပြဖို့ စီစဉ်ဆောင်ရွက်ခဲ့ပေမယ့် မဟာမိတ်လေယာဉ်က ချမပေးဘဲ ပြန်လှည့်သွားတယ်။ ချိန်းတဲ့အချိန်ကုန်သွားတော့ ဆက်လက်မစောင့်တော့ဘူး။

ခမီးလူမျိုးတွေနေတဲ့ ကျောက်တော်မြို့နယ် ပန်းဘဲချောင်း နီချေကျေးရွာအနီး လမုလက်နက်ရွာမှာ ၁၉၄၄ ခု၊ ဒီဇင်ဘာလ ပထမအပတ်မှာ Blind drop အဖြစ် ရဲဘော်မောင်ကလေး၊ ရဲဘော်သာကျော်နဲ့ ဝါယာလက်အော်ပရေတာ တပ်ကြပ်ကြီး ဂန်းဓားဂျိန်းတို့ လေထီးနဲ့ ဆင်းကြတယ်။

Blind drop ဆိုတာက အကန်းဆင်း ဒါမှမဟုတ် အရိုင်းဆင်း ဆင်းခဲ့ရတယ်၊ (အကန်းဆင်း ဒါမှမဟုတ် အရိုင်းဆင်း ဆိုတာက အောက်ကစောင့်ကြိုတဲ့

အဖွဲ့နဲ့ ဆက်သွယ်ပြီး ရန်သူရှင်းမရှင်း အချက်ပြဆက်သွယ်ဆင်းရတဲ့ သဘောမရှိဘူး၊ ကမ္ဘသကာ ဖြစ်ချင်တာဖြစ် ဆိုပြီး ဆင်းချတာကို ဆိုလိုတယ်၊ ဒီလိုဆင်းတာက ရန်သူတောထဲ ဆင်းချင်ဆင်းမိတတ်တယ်)

အဲဒီလို ဆင်းခဲ့ပြီး ကိုသာကျော်နဲ့ ကိုမောင်လေးတို့က စစ်တွေနယ်ထဲကို ဆင်းစည်းရုံးကြတယ်။ ဝိုင်ယာလက် အော်ပရေတာ ချင်းလူမျိုး ဂျိမ်းဆိုတဲ့ လူနဲ့ ဝိုင်ယာလက်စက်တွေကိုတော့ မြို့အမျိုးသားရွာဖြစ်တဲ့ ငါးယောက်တိုင်းရွာမှာ နေရာချထားပေးထားတယ်။

နောက် ၆ ရက်လောက်ကြာတော့ လေထီးတစ်ဖွဲ့ ဆင်းဖို့အတွက် အချက်ပြဆက်သွယ်ကြိုဆိုဖို့ ဗိုလ်မောင်လေး ရောက်လာတယ်။ ၁၉၄၄ ခု ဒီဇင်ဘာလ ဒုတိယအပတ်ထဲမှာ ရဲဘော်စံသာကျော်နဲ့ ရဲဘော် (၄) ယောက်တို့ကို ဝါယာလက်အော်ပရေတာ တရုတ်နှစ်ယောက်နဲ့အတူ နီချေရွာအနီးမှာပဲ လေထီးနဲ့ ချပေးခဲ့တယ်။ ဒီအဖွဲ့ဟာ ခြသေ့်အဖွဲ့ ဖြစ်တယ်။ တရုတ်ဝိုင်ယာလက်အော်ပရေတာ တစ်ယောက်က ဦးလှိုင်တဲ့ (အခု အမှတ် ၁၆၇၊ ၃ လမ်း၊ ရန်ကုန်မှာ နေထိုင်လျက်ရှိနေပါတယ်။ စာရေးသူ)

ဒီအဖွဲ့ဆင်းပြီးတဲ့နောက် ၃၊ ၄ ရက်လောက်ခြားတော့ ဗိုဒ် ၁၃၆ တပ်ဖွဲ့က မျက်နှာဖြူ မေဂျာကရူး၊ ကပ္ပတိန်ကော့၊ ကိုညိုထွန်း၊ အင်္ဂလိပ် ဝါယာလက် အော်ပရေတာတစ်ယောက်နဲ့ ရဲဘော်နှစ်ယောက်ပေါင်း ၅ ယောက် ဆင်းလာကြတယ်။

အဲဒီနေ့ပဲ ကြောင်စွယ်ဖြူမှာ လေယာဉ် ၄ စင်းနဲ့ လူပေါင်း ၂၄ ယောက်တို့ကို ချပေးပြန်တယ်။

ဒီလေထီးဆင်းအဖွဲ့တွေကို နေရာချပြီး ကိုကြာလှအောင် ကိုညိုထွန်းတို့ တိုင်ပင်ပြီး နေရာအနှံ့ ခွဲတာဝန်ပေးလိုက်တယ်။ ကျောက်တော်နယ်၊ မြို့ဟောင်းနယ်၊ ပုဏ္ဏားကျွန်းတို့မှာလဲ လေထီးအဖွဲ့တွေနဲ့ ရခိုင်ပြောက်ကျားတပ်တွေ ပေါင်းပေးပြီး နယ်တွေကို ဖြန့်လိုက်တယ်။

ဒီလိုတပ်ဖြန့်ဆင်းလာတဲ့အချိန်မှာ ဂျပန်တွေက ရခိုင်အမျိုးသားတွေ အပေါ် သံသယတွေ ဝင်လာတယ်။ ယုံကြည်မှုလဲ နည်းလာတယ်။ ဒါကြောင့် ရခိုင်အမျိုးသားတွေကို အရေးတယူ စစ်ဆေးမေးမြန်းတာတွေကို စတင်လုပ်နေပြီ။ ဒီတော့ ခမ္မီးအမျိုးသမီးတွေကိုပဲ အသုံးပြုရတော့တယ်။ သူတို့ပ၊ ပိုးတဲ့

ချင်းတွေထဲမှာ ကျည်ဆန်တွေ လက်နက်တွေ ထည့်ပြီး အပေါ်က စပါးတွေ တင် အုပ်လိုက်တယ်၊ လယ်တလင်းနယ်တဲ့အချိန်လဲ ဖြစ်တော့ တလင်းတွေ ထဲက စပါးတွေကို ရွာထဲကို သယ်တဲ့အချိန်လဲ ဖြစ်တယ်။

(အဝကားပြီး အဖျားရှူးသွားတဲ့ တောင်းရှည်ကို ကျောပေါ်တင်ပြီး ခြင်းတောင်းကို ကြိုးနဲ့သိုင်းထားတယ်။ အဲဒီကြိုးပြားကို နဖူးစပ်မှာ တင်ပြီး ချိတ်ဆွဲတာကို ပ–ပိုး တယ်လို့ ခေါ်တယ်။ တောလမ်းကျဉ်းကလေးနဲ့တောင်ပေါ် တက်တဲ့အခါ အင်မတန် အရာရောက်တယ်၊ တောင်ပေါ်လူမျိုးစု ကျား၊မ မရွေး အသုံးပြုတဲ့ ခြင်းတောင်းဖြစ်တယ်။ စာရေးသူ)။

အောက်ကိုဆင်းလာတဲ့အချိန်မှာ ဂျပန်ကို တော်လှန်တိုက်ခိုက်ဖို့ ရက် မသတ်မှတ်ရသေးဘူး။ မောင်စောဦး (အခု ဗိုလ်အောင်ကျော် ကလသဖ– ရခိုင်) ရဲ့ရွာနလက်နက်တွေ သယ်ဆောင်ပြီး သူ့ပုလိပ်တွေနဲ့ အောက်ကိုဆင်းလာ တယ်။ သူက ကိုကျော်မြ လက်အောက်ကပဲ။ သူဆင်းလာပြီး ဂျပန်ကို စတင် တိုက်တဲ့နေ့ မသတ်မှတ်ရသေးခင် ဇင့်ခင်ရှည်ရွာရှိတဲ့ ဂျပန်တွေကို ဝင်တိုက်ပစ် လိုက်တယ်၊ ဂျပန် ၄၊ ၅ ယောက် ကျဆုံးတယ်။ ဒီတော့ ဂျပန်တပ်တွေက ရွာတွေကို မီးရှို့တယ်။ လူတွေကို နှိပ်စက်တယ်၊ သတ်တယ်။

ကိုကြာလှအောင် တပ်ရင်းရုံးဖွင့်ထားတဲ့ စခန်းကနေ လေထီးနဲ့ ဆင်းခဲ့တဲ့ အင်္ဂလိပ်စစ်ဗိုလ်တွေနဲ့ ပေါင်းပြီး ရိုးချောင်းအတိုင်း ဆင်းလာတယ်။ တင်ယားရှေ့ရွာမှာ ခဏ စခန်းချနေချိန်မှာ ဂျပန်တွေ ရောက်လာလို့ ဦးစမောင်ဘိုးကျော်အိမ် ဘုံထဲမှာ လျှို့ဝှက်နေရတယ်။ နောက်နေ့မှာ အောက်ဆင်း ရတယ်။ အဲဒီနောက်မှာ နာရီကန်ဆိုတဲ့ ခမ္ဘီးရွာမှာပဲ လျှို့ဝှက် ပုန်းလျှိုးမနေတော့ ဘဲ ပြောင်စခန်းချနေလိုက်တယ်။ တပ်အင်အား ၃၀၀ ခန့် ရှိပါတယ်။ လက်နက်အပြည့်အစုံနဲ့ပဲ။ ဒီအချိန်အထိ ဖို့ဒ် ၁၃၆ အင်္ဂလိပ်တပ်ဖွဲ့က လက်နက်တွေ ချမပေးသေးဘူး။

## ရခိုင်ပြည်နယ်မှာ ဂျပန်ဖက်ဆစ်တွေကို တော်လှန်နေပြီ

၁၉၄၄ ခု ဒီဇင်ဘာလ ၃၁ ရက်နေ့မှာ ဂျပန်ဖက်ဆစ်တွေကို စတင် တော်လှန်ဖို့အတွက် ရက်သတ်မှတ်လိုက်တယ်။ ဒီရွာမှာ ကျင်းပတဲ့ အစည်းအဝေး မှာ ကိုညိုထွန်း၊ ကိုကြာလှအောင်နဲ့ ကိုစံသာကျော်တို့ တိုင်ပင်ဆုံးဖြတ်လိုက် တာ ဖြစ်တယ်။ ဒီဆုံးဖြတ်ချက်ကို ကိုကြာလှအောင် စခန်းမှာရှိတဲ့ အင်္ဂလိပ်စစ် ဗိုလ်တွေကပါ ကြိုဆိုကြတယ်။

"ဂျပန်ဖက်ဆစ်တွေကို တွေ့ရာသင်္ချိုင်း စားမဆိုင်းဘဲ တော်လှန်တိုက်ခိုက်ကြလော့"ဆိုပြီး တပ်တွေကို ချက်ချင်း ညွှန်ကြားလိုက်တယ်။ ရခိုင်ပြည်နယ်လုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံး အဖွဲ့ချုပ် ခေါင်းဆောင်တွေ ဖြစ်တဲ့ ဥက္ကဋ္ဌကြီး ဦးပညာသီဟတို့ဆီ ဒီဆုံးဖြတ်ချက်ကို အမြန်ဆုံး ပေးပို့ အကြောင်းကြားလိုက်တယ်။

(ကိုကြာလှအောင်က စာရေးသူကို ကိုညိုထွန်း၊ ကိုစံသာကျော်နဲ့ သူတို့တိုင်ပင်ပြီး ဂျပန်ကို စတင်တော်လှန်ဖို့ ဆုံးဖြတ်တယ်လို့ ပြောပေမယ့် ဘုံပေါက်သာကျော်က သူ့ရဲ့ 'တော်လှန်ရေးခရီးဝယ်' စာအုပ်မှာတော့ ၁၉၄၄ ခု ဒီဇင်ဘာလ ၂၅ ရက်နေ့မှာ ဦးပညာသီဟနဲ့ သူ (ဘုံပေါက်သာကျော်)ကို ဂျပန်ဗိုလ် ကပ္ပတိန်နဂါးမိုက မနက်ဖြန် သူတို့နဲ့ အတူ တပ်ဆုတ်ဖို့ လာပြော တယ်၊ အဲဒီမှာ ဂျပန်နဲ့အတူ လိုက်သွားမလား ဆိုတာကို နာရီပေါင်းများစွာ အကြိမ်ကြိမ် ဦးပညာသီဟနဲ့ သူ (ဘုံပေါက်သာကျော်) တို့ ခေါင်းချင်းရိုက် ဆွေးနွေးကြတယ်။ နောက်ဆုံးမှ ဂျပန်ကို တိုက်ထုတ်ဖို့ ဆုံးဖြတ်လိုက်တယ် ဆိုပြီး ဖော်ပြထားပါတယ်- စာရေးသူ)

ဒီအဖွဲ့ချုပ်က ခေါင်းဆောင်တွေနဲ့ ကိုကြာလှအောင်၊ ကိုညိုထွန်း တို့ ထိပ်တန်းခေါင်းဆောင်တွေ ညှိနှိုင်းပြီး ရက်ကို သတ်မှတ်ရမှာ ဖြစ်တယ်။ ဒါပေမယ့် အခြေအနေက ဒီလို စံနစ်တကျ လုပ်ဖို့ မပေးတော့ဘူး။ ဟိုက ထချ ဒီကထချဆိုတာတွေလဲ ဖြစ်နေတော့ ဂျပန်က ရခိုင်တွေကို သတ်တာ ဖြတ်တာတွေလဲ လုပ်လာတယ်။ ရွာတွေကို မီးရှို့လာတယ်၊ မဟာမိတ်ထိုးစစ်တွေ ဟာလဲ တစ်စတစ်စ နီးကပ်လာတယ်။ ဂျပန်တွေလဲ သွေးပျက်စ ဖြစ်နေပြီ။ ဒါကြောင့် ဒီလို အထွေထွေ အခြေအနေမျိုးမှာ ရှိတော့ အဖွဲ့ချုပ်ခေါင်းဆောင်တွေနဲ့ တိုင်ပင်ဆွေးနွေးဖို့ အခြေအနေက ခွင့်မပြုတော့ဘူး၊ အဲဒါကြောင့် ရခိုင် ပြောက်ကျားတပ်ခေါင်းဆောင်တွေနဲ့ ကိုညိုထွန်းတို့ကပဲ တိုင်ပင်ပြီး ညွှန်ကြားလိုက်ရတာ ဖြစ်တယ်တဲ့။

ဒီအဖွဲ့ချုပ်က ဂျပန်မသိအောင် ဒီတပ်တွေကို ဦးဆောင်ညွှန်ကြားနေတာ ဖြစ်တယ်။ အဓိကကတော့ ဆရာတော် ဦးပညာသီဟပဲ ဦးဆောင်ညွှန်ကြားနေတာ ဖြစ်တယ်။

ဦးကေသရ (ရေကျော်မှာ ပျံလွန်) ဦးထွန်းဦး (မောင်တောမှာ ကုလား

သတ်လို့ ကျဆုံး)တို့ဟာ 'ဇာရရာမာ'ဆိုတဲ့ ဂျပန်ဘုန်းကြီးနဲ့အတူ ဆုတ်သွားရတယ်။ သူတို့ ဒီလို ဂျပန်နဲ့အတူ ဆုတ်ဖို့ ကိစ္စဟာလဲ သူတို့ပျောက်သွားရင် ဂျပန်က ရိပ်မိသွားပြီး ရှခိုင်ပြည်သူတွေကို နှိပ်စက်ညှဉ်းပန်းမှုတွေ ဖြစ်ပေါ်နိုင်စရာ ရှိတဲ့အတွက် ဂျပန်မရိပ်မိအောင် သူတို့ကို ဂျပန်က သတ်ချင်လဲသတ်၊ ဆိုပြီး အစတေးခံ စိတ်ဓာတ်နဲ့ ဂျပန်နဲ့ လိုက်သွားမယ်လို့ ဆုံးဖြတ်ပြီး လိုက်သွားကြခြင်း ဖြစ်ပါသတဲ့။ သူတို့ကတော့ ဂျပန်အထိ ပါသွားတယ် လို့ သိရတယ်၊ မာရရာမာဆိုတဲ့ ဂျပန်ဘုန်းကြီးက အိန္ဒိယကို တိုက်ရာမှာ နိုင်အင်အေတပ်ကို ခေါင်းဆောင်တစ်ဦးအနေနဲ့ ပါဝင်သူဖြစ်တယ်။

ဒီလိုဆုံးဖြတ်တဲ့နေ့မှာပဲ ဖို့ဒ် ၁၃၆ စစ်ဌာနချုပ်ကို သတင်းပို့လိုက်တယ်။ လက်နက်ချပေးဖို့ အကြောင်းကြားလိုက်တယ်။ ဒီတော့ ၁၉၄၄ ခု ဒီဇင်ဘာလထဲမှာပဲ 'နာနိခံ' မြေပေါ်မှာ လေယာဉ် (၈) စင်းနဲ့ ဘရင်း၊ တောင်း၊ ခြောက်လုံးပြူး၊ လက်ပစ်ဗုံး စတဲ့ လက်နက်ပစ္စည်းတွေ ချပေးတယ်။

ဒီလက်နက်ပစ္စည်းတွေ၊ တပ်သား အသစ်တွေကို တပ်ဆင်ပေးလိုပေး တချို့ ဝှက်တန်ဝှက်၊ အဲဒီလို အစီအစဉ် လုပ်ကြတယ်။ ၁၉၄၄ ခု ဒီဇင်ဘာလ ၃၁ ရက်နေ့ ဦးပညာသီဟနဲ့တပည့် ခမ္ဘီးကလေးတွေက ဂျပန်စစ်သင်တန်းကျောင်းကို ဝင်ရောက်တိုက်ခိုက်တယ်။ ဂျပန်တွေက နှစ်သစ်ကူး အကြိုနေ့မှာ အရက်တွေမူးပြီး ပျော်နေတဲ့အချိန် ဖြစ်တယ်။ ဂျပန်စစ်သင်တန်းမှူး ဆရာနဲ့အတူ ဦးကျော်ဆိုတဲ့ ရခိုင်ကျောင်းဆရာလဲ ကျဆုံးသွားတယ်၊ ဒီရခိုင်ကျောင်းဆရာကို ဂျပန်တွေနဲ့ ဝေးအောင် ထွက်ပြေးဖို့ ကြိုပြီး သတင်းပို့ပေးခဲ့တယ်။ ဒါပေမယ့် သူက မယုံလို့ မပြေးဘူး ဒါကြောင့် ကျည်သင့်ပြီး သေဆုံးရတယ်။

တချို့ ဂျပန်စစ်ဗိုလ်တွေလဲ ခြေဦးတည့်ရာ ထွက်ပြေးသွားကြတယ်။ ဒါပေမယ့် ပြေးလမ်းတွေမှာ ရခိုင်ပြောက်ကျားတွေရဲ့ လက်ချက်နဲ့ပဲ ‹ တုံးအရုံး ကျဆုံးကုန်ကြတယ်။

(ကိုကြာလှအောင်က စာရေးသူကို ပြောပြတာ ၁၉၄၄ ခု ဒီဇင်ဘာလ (၃၁) ရက် နှစ်သစ်ကူးအကြိုနေ့မှာ ဂျပန်စစ်သင်တန်းကျောင်းကို ဝင်တိုက်တဲ့သူတွေက ဦးပညာသီဟရဲ့ တပည့် ခမ္ဘီးတွေ ဖြစ်သတဲ့။ ဒါပေမယ့် ဘုံပေါက်သာကျော်က သူ့ရဲ့ "တော်လှန်ရေးခရီးဝယ်"စာအုပ်မှာကတော့ ကျောင်းတိုက်ရှိ ဂျပန်စစ်ဌာနချုပ်ကို ဝင်ရောက်

တိုက်ခိုက်သူတွေကတော့ သူ (ဘုံပေါက်သာကျော်)ခေါင်းဆောင်ပြီး တပ်စိပ်မှူး ကျော်ဖြူတပ်၊ ခမ္မီးအမျိုးသားတွေပါတဲ့ ဦးပညာသိဟ ရဲ့ ကိုယ်ရန်တော်တပ်နဲ့ ဝင်ရောက်တိုက်ခိုက်တယ်" လို့ ရေးသားဖော်ပြ ထားတာ တွေ့ရပါတယ်။ စာရေးသူ။)

ကိုကြာလှအောင်တို့ ဂျပန်မတိုက်ခင် ဦးပညာသိဟရဲ့တပည့် ခမ္မီး ရဲဘော်လေးတွေက ဂျပန်ကို အရင်တိုက်လိုက်တဲ့အတွက် ဒီသတင်းဟာ ပေါက်ကြားသွားတယ်။ ဒါကြောင့် ကိုကြာလှအောင်တို့တပ် ၅ မိုင်လောက် ဆုတ်သွားရတယ်။

တပ်ဆုတ်ပြီး စခန်းချတဲ့ ရွာက ဆက်သားရွာ ဖြစ်တယ်။ အဲဒီမှာ လေထီးထပ်ချပြန်တယ်။ လက်နက်၊ ဆေးဝါး၊ ဖယောင်းတိုင်ကအစ လေထီးနဲ့ ချပေးတယ်။ ဒီနေ့ကစပြီး ရခိုင်ပြည်နယ်အနှံ့အပြားမှာ ဂျပန်ဖက်ဆစ်တွေကို စတင်တော်လှန်တယ်။

ရခိုင်ပြည်နယ်အနှံ့အပြား ပြောက်ကျားတပ်တွေဆီ ဂျပန်တွေကို ဘယ်ပုံ ဘယ်နည်း တိုက်မယ်ဆိုတဲ့ အမိန့်ခံလွှာကို တောင်းခံနေဖို့ မလိုဘူး။ တပ်တွေ ကိုယ့်ကင်းလွတ်မှုနဲ့ လှုပ်ရှားတိုက်ခိုက်ကြပြီးတော့မှ တိုက်ပွဲအစီရင် ခံစာကိုသာ ပို့ကြ ဆိုပြီး ကိုကြာလှအောင်တို့က ညွှန်ကြားလိုက်တယ်။

ကိုကြာလှအောင်တို့ ရခိုင်ပြောက်ကျားတပ် ဘယ်လောက်များတယ် ဆိုတာ ဖော်ပြရဦးမယ်။ ဂျပန်နဲ့ တိုက်ပွဲတစ်ခု ဖြစ်ပြီးသွားရင် တိုက်ပွဲမှာ ကိုင်တဲ့ လက်နက်တွေကို တခြားဂျပန်တွေ မြင်မှာစိုးလို့ တပ်စခန်းအရောက် သယ်ဆောင်မသွားတော့ဘဲ တစ်နေရာမှာ ဝှက်ထားခဲ့ကြပြီး အရပ်ဝတ် အရပ်စားနဲ့ ထွက်ခွာသွားကြတယ်။နောက် တိုက်ပွဲတစ်ခုလုပ်ဖို့ ရင်ဆိုင်ရတဲ့အခါ စခန်းရုံးကျတော့မှ တခြားလက်နက်အသစ်တွေ ထပ်ထုတ်ယူပြီး တိုက်ပွဲဝင်ကြ ပြန်တယ်။

**အရေးကောင်း ဒိန်းဒေါင်းဖျက်**

၁၉၄၅ ခု ဇန်နဝါရီ ၁၅ ရက်နေ့လောက်မှာ ဦးပညာသိဟနဲ့ ကိုကြာလှအောင်တို့ "နာမည်" (Black List) မည်းစာရင်းထဲမှာပါတဲ့အတွက် ဖမ်းဆီးအရေးယူရမယ်လို့ ဗြိတိသျှအာဏာပိုင်က ညွှန်ကြားတယ်။ တစ်ဆက်

ဘည်းမှာတော့ မောင်ဗိုလ်နဲ့ ခြသေ့်အောင်ဆိုသူတို့ကို ဆုလဒ်အကြီးအကျယ် ပေးပြီး ရာထူးတွေ ပေးရမယ်လို့ ညွှန်ကြားတယ်။

ဒါက ရယ်စရာတစ်ကွက်ပဲ။ အရင်က ဂျပန်နဲ့ပေါင်းပြီး အင်္ဂလိပ်တပ်တွေကို တိုက်နေတဲ့ ရခိုင်ခေါင်းဆောင် ဆရာတော် ဦးပညာသီဟနဲ့ ကိုကြာလှအောင်တို့ကပဲ ခုအင်္ဂလိပ်တွေနဲ့ ပေါင်းပြီး ဂျပန်ကို တော်လှန်နေပြီဆိုတာ ဗြိတိသျှစစ်အာဏာပိုင်တွေက ကွဲကွဲပြားပြား မသိကြဘူး။ သူတို့က ဆုချီးမြှင့်ပြီး ရာထူးတွေ ပေးရမယ်ဆိုတဲ့ ခြသေ့်အောင်ဆိုတာ ဦးပညာသီဟ၊ မောင်ဗိုလ်ဆိုတာက ကိုကြာလှအောင် ဖြစ်တယ်ဆိုတာကို ဗြိတိသျှ အုပ်ချုပ်ရေးအဖွဲ့ ဒါမှမဟုတ် ဆင်းမလားအစိုးရက မသိဘူး။

ဒါဟာ ရယ်စရာတစ်ကွက် ဖြစ်ပေမယ့် အင်မတန် အရေးကြီးနေတဲ့ ဒီအချိန်မှာ မရယ်နိုင်အားဘူး။ အရေးကောင်း ဒိန်းဒေါင်းဖျက် ဆိုတာမျိုးပေါ့။ ဒီတော့ "ကိုကြာလှအောင်တို့ ဂျပန်ကို မတိုက်ကြနဲ့ဦး၊ တိုက်ပွဲရပ်ထားပါ။ ဒီကိစ္စကို ဗြိတိသျှ အာဏာပိုင်တွေနဲ့ သွားရောက်တွေ့ဆုံဖြေရှင်းဦးမယ်"လို့ မေဂျာကရူးက ပြောတယ်။

နောက်မေဂျာကရူးဟာ လေ့ကလေးနဲ့ ပုဏ္ဏားကျွန်းရောက်တော့ ပုဏ္ဏားကျွန်းမြို့မှာ တပ်စွဲထားတဲ့ အင်္ဂလိပ်တွေဆီကူးသွားတယ်။ အဲဒီကမှ အယ်လ် (5) ဆိုတဲ့ "ပဇင်း"လေယာဉ်ပျံငယ်နဲ့ အိန္ဒိယကို လိုက်သွားတယ်။

သူလဲလေယာဉ်ပျံနဲ့ ပြန်ခဲ့မယ်။ ဘယ်နေရာမှာ ဘယ်နေ့ ဘယ်ရက် ဘယ်နှစ်နာရီမှာ ရောက်မယ်လို့လဲ ကြိုးမဲ့ကြေးနန်းနဲ့ မေဂျာကရူးက သတင်းပို့ခဲ့တယ်။

သူဆင်းလာမယ်ဆိုတဲ့ နေရာနဲ့ တစ်မိုင်ကွာမှာ "ဟင်းခါးရော" ရွာဆိုတာ ရှိတယ်။ အဲဒီရွာမှာ ဂျပန်တွေ ရှိတယ်။ ဂျပန်က စစ်သေနတ်ကြီးတွေနဲ့ ကတ်အမြောက်တွေ တပ်ဆင်ထားတယ်။ ဒါကြောင့်မို့ သူလာတဲ့ အခါမှာ ဂျပန်တပ်က အနှောင့်အယှက် မပေးနိုင်အောင် ကိုကြာလှအောင်တို့ တပ်တွေကို ရှေ့တန်းမှာ တပ်ဖြန့်နေရာယူထားပေးစေတယ်။ အဲဒီအစောင့်ချထားတဲ့ ကိုကြာလှအောင်တို့ တပ်ကို ဂျပန်က ဝင်တိုက်တဲ့အတွက် မောင်သာထွန်း ဆိုတဲ့ ရခိုင်လေထီးတပ်သား ကျဆုံးသွားရတယ်။

မေဂျာကရူး ပြန်ရောက်တဲ့အခါ သိရတာက သူ အိန္ဒိယက ဆင်းမလားမှာ

ရှိတဲ့ ဆာဒေါမ်စမစ် ခေါင်းဆောင်တဲ့ မြန်မာပြည် စစ်ပြေးအစိုးရအထံ တက်ပြီး မြသော်အောင်ဆိုတာ ဦးပညာသီဟ ဖြစ်ကြောင်း၊ မောင်ဗိုလ်ဆိုတာ ကိုကြာလှအောင် ဖြစ်ကြောင်းတို့ကို ရှင်းလင်းပြရကြောင်း၊ ဒါကြောင့် သူတို့ကို အရေးမယူဖို့ အကြောင်း အတန်တန်အကြောက်အကန် ပြောခဲ့ရကြောင်း ရှင်းပြပါသတဲ့။

(ဘုံပေါက်သာကျော်ရဲ့ တော်လှန်ရေးခရီးဝယ် "စာအုပ်မှာ "၁၉၄၄ ခု ဒီဇင်ဘာလ (၆) ရက်နေ့ ၁၂ နာရီခန့်မှာ မေဂျာကရူး၊ ကိုညိုထွန်း၊ ကိုကြာလှအောင်နဲ့ တပ်သားအချို့ မမျှော်လင့်ဘဲ ဦးပညာသီဟနဲ့ ဘုံပေါက်သာကျော် တို့ရှိတဲ့ ပြလေးဘက်ကို ရောက်လာတယ်။ နောက် အားလုံး လောင်းရှည်ရွာကတစ်ဆင့် ခမ္မီအမျိုးသား ကျေးရွာဖြစ်တဲ့ အကြီးတော်မရွာကို ပြောင်းရွှေ့ပြီး ရှေ့လုပ်ငန်းစဉ်များကို အချိန်ယူ ဆွေးနွေးကြတယ်။ ကြူဟပ်တပ်ဖွဲ့ကို ကိုကြာလှအောင်က ခေါင်းဆောင်ပြီး ခြသော့တပ်ဖွဲ့ကို ဘုံပေါက်သာကျော်က ခေါင်းဆောင်တယ်။ (စာရေးသူ)

၁၉၄၅ ခု ဇန်နဝါရီလ ၂၈-၂၉ လောက်မှာ ကိုကြာလှအောင်တို့ တိုက်ပွဲပြီးသွားတယ်။ ဘာကြောင့်လဲဆိုရင် စစ်တွေမှာ သူတို့တိုက်ပွဲ အဆုံးသတ်လိုက်ရလို့ပါ။

## ဗိုလ်ချုပ်အောင်ဆန်းရဲ့ သေဒဏ်

ဗိုလ်ချုပ်အောင်ဆန်းက ဂျပန်တိုက်ပြီး အင်္ဂလိပ်တွေကို ဆက်တိုက်ရမယ်လို့ အမိန့်ပေးထားဖူးတယ်။ ဒီတော့ ကိုကြာလှအောင်က ဗိုလ်ချုပ်အောင်ဆန်းဆီ စာပြန်ရေးပို့ခဲ့တယ်။ ဒါက-

"ဒီညွှန်ကြားချက်ဟာ ရခိုင်ကို ဓားစာကျွေးပြီး မြန်မာ့လွတ်လပ်ရေးကို တောင်းတယ်ဆိုတဲ့ အဖြစ်မျိုးမို့ ဗိုလ်ချုပ်ရဲ့ အမိန့်ကို ရခိုင်အမျိုးသားတစ်ယောက်အနေနဲ့ မနာခံနိုင်ဘူး။ စစ်သားတစ်ယောက်အနေနဲ့ ဒီအမိန့်ကို ဖီဆန်တဲ့အတွက် သေဒဏ်ပေးတာကို ခံယူသွားမယ်"

ဗိုလ်ချုပ်အောင်ဆန်းဆီ အစီရင်ခံစာပို့ရာမှာ ရခိုင်ပြည်နယ်နဲ့ ဗမာပြည် ဆက်သွယ်ရေးအတွက် အထူးဆက်သားအဖွဲ့ တစ်ဖွဲ့ကို စီစဉ်ထားတယ်။ ဒီဆက်သားအဖွဲ့ဝင်တွေကို ကုန်သည်တွေအဖြစ် ဖန်တီးပေးထားတယ်။ အစီရင်

…ကို ပို့တဲ့အခါမှာလဲ သားရေခါးပတ်အတွင်းမှာ သေသေသပ်သပ် ထည့်ပြီး …တ်ကို စက်နဲ့ အသေအချာ ချုပ်ပေးလိုက်တယ်။ ဒီဆက်သားရဲဘော် …ဦးကတော့ မောင်ထွန်းအောင်ကျော် (တောခိုပြည်သူ့ရဲဘော် ကျဆုံး)နဲ့ …တ်ဆရာ ဦးဖိုးအောင် (ကွယ်လွန်) တို့ ဖြစ်ပါတယ်။ ဒီရဲဘော် နှစ်ယောက် …ပြည်က ပြန်လာတော့ ဗိုလ်ချုပ်ဆီက ပြန်စာကိုလဲ ယူခဲ့ကြတယ်တဲ့။

"သိပ်လူဝါးဝတဲ့ ရခိုင်ကြီး"ဆိုတဲ့ ခေါင်းစဉ်နဲ့ ဗိုလ်ချုပ်က စာပြန်ခဲ့တယ်။ …ထဲမှာကတော့–

"စစ်သားတစ်ယောက်အနေနဲ့ အမိန့်ကို မနာခံတဲ့အတွက် သေဒဏ်ပေးရ …ပဲ။ ဒါပေမယ့် ရခိုင်မျိုးချစ်တစ်ယောက်အနေနဲ့တော့ ချီးကျူးလိုက်တယ်" …ို့ ဗိုလ်ချုပ်က ပြန်ကြားခဲ့တယ်။ တစ်ဆက်တည်းမှာပဲ ကြာလှအောင် …င်ပြတဲ့ ဂျပန်ကို နောက်ကလိုက်တိုက်ပြီး ရိုးမကျမှ ရခိုင်တပ်အနေနဲ့ …ဟုတ်ဘဲ ဗမာ့တပ်မတော် နာမည်ခံယူပြီး တိုက်မယ်" ဆိုတာကို သဘော …ကြောင်း ပါရှိပါတယ်။

## …က်နက်ချကြရပြီ

ဒီအချိန်မှာ ကလ္လကတ္တားရှိ ကိုသိန်းဖေဆီက စာတစ်စောင်လဲ ရောက်လာ …ါတယ်၊ စာထဲမှာတော့–

"ရခိုင်ရဲဘော်တွေ ဂျပန်ကို တိုက်ပြီးရင် အင်္ဂလိပ်ကို မတိုက်နဲ့၊ …နဲ့တိုက်ရင် ဗမာပြည်မအတွက် မဟာမိတ်တပ်တွေဆီက လက်နက် အထောက် …ကူ ရမှာမဟုတ်ဘူး"ဆိုပြီး ကိုညိုထွန်းဆီ ကြိုးမဲ့ကြေးနန်းနဲ့ အကြောင်းကြား …ခဲ့တယ်။

ကိုညိုထွန်းကလဲ ဒီသဘောထားမျိုး ရှင်းပြတယ်၊ ကိုကြာလှအောင်က …ခိုင်ပြောက်ကျားနယ် 'လက်ကာရွာ'မှာသွားပြီး ခေါ်နှင်းပန်းဦးဆိုတဲ့ အမျိုး …သမီးနဲ့ မင်္ဂလာဆောင်နေချိန် ဖြစ်တယ်။

ပထမ ဒါကို တော်တော်များများ ရဲဘော်တွေကလက်မခံဘူး၊ အင်္ဂလိပ်ကို …တိုက်တန် မတိုက်ဘဲ နေရမယ်၊ ဒါပေမယ့် လက်နက်တွေကိုတော့ …အပ်နိုင်ဘူးလို့ ပြောကြတယ်။ ဒီလို လိပ်ခဲတင်းလင်း ဖြစ်နေတာကို ကိုညိုထွန်းကရဲဘော်တွေ နားလည်အောင် အတော် အပင်ပန်းခံပြီး အ ကြိတ်

အနယ် ဆွေးနွေးယူရတယ်။ နောက်ဆုံးမှာ အားလုံး သဘောတူကြတယ်။ ၁၉၄၅ ခု၊ ဇန်နဝါရီလထဲမှာပဲ အင်္ဂလိပ်စစ်တပ်ဆီ လက်နက်တွေ ပြန်အပ်လိုက်ပါတော့တယ်။

အင်္ဂလိပ်တွေက ရခိုင်စစ်မျက်နှာမှာ ဒီလို လက်နက်တွေ အပ်ရမယ်လို့ ဆိုတဲ့ ကိစ္စနှင့် ပတ်သက်ပြီး ဘုံပေါက်သာကျော်က သူ့ရဲ့ "တော်လှန်ရေး ခရီးဝယ်"စာအုပ်မှာ–

"ပြောက်ကျားတပ်တွေကို လက်နက်သိမ်းလိုက်ပြီ"ဆိုတော့ ဦးပညာသီဟ ရူးလုမတတ် ငိုကြွေးလျက် ရှိနေတယ်။ နောက်သူ (ဘုံပေါက် သာကျော်) ဦးပညာသီဟ ရှိတဲ့ ပြတေးကို ရောက်တော့ ရှိုက်ကြီးတငင်ငင် ငိုယိုနေတဲ့ ဦးပညာသီဟက သူ (ဘုံပေါက်သာကျော်)ကို မြင်တော့ သူ့ကို အားရပါးရဖက်ပြီး ငိုနေပြန်တယ်တဲ့။ ဒီလို တစ်နေ့လုံး ဦးပညာသီဟ ငိုနေတော့ အဲဒီနေ့ တစ်နေ့လုံး ဦးပညာသီဟနဲ့ သူ ဘာတစ်လုံးမှ မဆွေးနွေးရဘူးတဲ့ (စာရေးသူ)

ကျောက်ဖြူမှာကတော့ ရခိုင်ပြောက်ကျားတပ်ထဲက ကိုစောဖြူ၊ ကိုစောထွန်း၊ ကိုဘစော၊ ကျောက်ဖြူခရိုင် ဦးကျော်ကွင်း (အမ်းနဲ့ ဒါးလက်ကြား နယ်မြေ)မှာ လေထီးနဲ့ ဆင်းကြတယ်။ သူတို့နဲ့အတူ မေဂျာကင်းဘဲလ်၊ ကပ္ပတိန်ဘလိပ်၊ ဗိုင်ယာလက်အော်ပရေတာ ဆာဂျင်တစ်ယောက်လဲ ပါခဲ့တယ်။ သူတို့က ည ၁၂ နာရီမှာ 'ဘလိုင်း ဒရော့ (ပ်) ခေါ်တဲ့ မျက်ကန်းတောတိုးဆင်းရတဲ့ အဖြစ်မျိုးပါ။ သူတို့ သတ်မှတ်ပြီး ဆင်းရမယ့် နယ်မြေကို လေယာဉ်တွေက ရှာမတွေ့ဘူး။ ဒီတော့ ဘင်္ဂလားကိုတော့ ပြန်မသွားပါနဲ့ ရခိုင်နယ်မြေထဲ ဆိုရင် ချပေးပါဆိုတော့ ဦးကျော်ကွင်းမှာ ချပေးပါတယ်၊ ဒီအစုဟာလဲ ဂျပန်ကို တော်တော်များများ တိုက်နိုင်ခဲ့တယ်။

ဆရာတော် ဦးစိန္တာနဲ့ ဘုံပေါက်သာကျော်တို့ဆီကိုလဲ ဖို့ဒ် ၁၃၆ တပ်ဖွဲ့က "လိုင်းရင်း"ခေါ် ခြသေ့်အဖွဲ့ဝင်ထဲက ဗိုင်ယာလက်အော်ပရေတာ ကိုလှိုင် (အခု ၃ လမ်း ရန်ကုန်) စခန်းက တစ်ဆင့် လက်နက်တွေ ချပေး တယ်။ ကိုလှိုင်တို့က ဗိုလ်ကြာလှအောင်တို့ဆီက ခွဲပို့လိုက်တဲ့ ဗိုင်ယာလက် အဖွဲ့ ဖြစ်တယ်။ ဆရာတော် ဦးစိန္တာနဲ့ ဘုံပေါက်သာကျော်တို့မှာလဲ ကျောက်ဖြူနယ်ထဲမှာ လှည့်ပြီး ဂျပန်ကို တော်တော်များများ တိုက်ခိုက်နိုင် ခဲ့တယ်။

ရခိုင်ပြည်နယ်မှာ လက်နက်အပ်ပြီးနောက် "ရခိုင်တော်လှန်ရေး" ရဲဘော်များ ပင်ပန်းခဲ့ကြပြီမို့ အိန္ဒိယမှာ အနားယူကြပါဆိုပြီး ပထမအသုတ် ဦးပညာသီဟ၊ ကိုကျော်မြနဲ့ ထွန်းအောင်ကျော် (ခမ္မီအမျိုးသား)တို့ သုံးယောက် ခေါ်တွေက အိန္ဒိယကို လေယာဉ်နဲ့ တင်ခေါ်သွားတယ်။ နောက် ဒုတိယ အသုတ်ကို လေယာဉ်နဲ့ပဲ လာခေါ်သွားပြန်တယ်။

တတိယအသုတ်မှာတော့ ဗိုလ်ကြာလှအောင်၊ ဦးစောမောင်၊ ဦးကျော်ထွန်း လှိုင်နဲ့ အဖွဲ့ ခြောက်ယောက်တို့ကို အိန္ဒိယမှာ အနားယူဖို့ လေယာဉ်ပျံနဲ့ ပို့ပေးပါတယ်။ "တစ်လကြာရင် ပြန်ပို့ပေးပါမယ်"ဆိုတဲ့ ကတိနဲ့ ဖေဖော်ဝါရီ လမှာ စစ်တွေကွင်းကနေပြီး အိန္ဒိယကို ခေါ်ဆောင်သွားပါတယ်။

ဦးပညာသီဟ၊ ကိုညိုထွန်း ဗိုလ်ကြာလှအောင်တို့ ဘေဟာလာဘုံရိပ်သာမှာ နေတုန်း တစ်နေ့မှာ အိန္ဒိယကွန်မြူနစ်ပါတီ အတွင်းရေးမှူးချုပ် မစ္စတာရှိ ခန်း ကာလ်ပနာ(ကာလိပနာဒတ္တ) နဲ့ မစ္စတာခရစ်ရှနန်မင်နွန်တို့ ပဘာဝတီ လာရောက်လည်ပတ်တာနဲ့ ကြုံခဲ့တယ်။

ဒီမှာ ကိုသိန်းဖေက ရှီတို့ကို ဦးပညာသီဟ၊ ကိုကြာလှအောင်တို့နဲ့ မိတ်ဆက်ပေးပါတယ်။ ဦးပညာသီဟက ရှီတို့ကို တော်တော်သ ဘောကျ သွားတယ်။ နာမည်ကြီးသလောက် နေပုံထိုင်ပုံကအစ ရိုးရိုးလေး၊ ကိုယ်လုံး ကိုယ်ထည်ကလဲ ကလေးတစ်ယောက်လိုပဲ။ ပြီးတော့ အပြောအ ုကလဲ ချက်ချာပြီး သွက်လက်လိုက်တာလွန်ရောလို့ ဆိုပြီး ဂျိုရှီအပေါ် သူ့အမြင်ကို ဦးပညာသီဟက ကိုသိန်းဖေကို ပြောပြသတဲ့။ ဒါကို ကိုသိန်းဖေက သူ့ရဲ့ "စစ်အတွင်းခရီးသည်"စာအုပ်မှာ ဖော်ပြထားပါတယ်။ (စာရေးသူ)

မြန်မာပြည်သူတွေက ဂျပန်ဖက်စစ်တွေကို လက်နက်ဆွဲကိုင် တော်လှန် တိုက်ခိုက်ကြပေမယ့် ဗြိတိသျှအစိုးရတို့က ဒီသတင်းကို ကမ္ဘာက သိမှာစိုးတဲ့ အတွက် သတင်းကို မှောင်ချထားတယ်။ ကမ္ဘာကို ဖြန့်မပေးဘူး ကိုသိန်းဖေတို့ ရဲဘော်တစ်စုက တော်တော် မကျေနပ် ဖြစ်နေကြတယ်။ ဒီလို သတင်းပိတ်ဆို့ ထားတဲ့အတွက် သူတို့က အတင်း ထိုးဖောက်ဖို့ ကြိုးစားနေကြတယ်။ ဒီအကြောင်းကို မစ္စတာ ဂျိုရှီက သိရှိသွားတယ်၊ ဒါကြောင့် ဘာရွန်ဘိုဇ်ဆိုတဲ့ အိန္ဒိယကွန်မြူနစ်ပါတီရဲဘော်ကို လွှတ်ပြီး သတင်းယူခိုင်းလိုက်တယ်။

ဘာရွန်ဘိုဇ်က ရခိုင်တော်လှန်ရေးအကြောင်းနဲ့ ဗြိတိသျှစစ်အုပ်ချုပ်ရေး (ဘက်စဘီ)အကြောင်း၊ ဗိုလ်ဗထူးရဲ့အကြောင်း မေးမြန်းယူပါတယ်။ ပြီးတော့

ဦးပညာသီဟ၊ ကိုညိုထွန်း၊ ကိုကြာလှအောင်နဲ့ တခြား ရခိုင်ဖက်ဆစ်တော်လှန်ရေးသမားတွေကို ဓာတ်ပုံရိုက်ယူသွားတယ်။ ပြီးတော့ အိန္ဒိယကွန်မြူနစ်ပါတီရဲ့ ဂျာနယ် "ပြည်သူ့စစ်ဂျာနယ်" နဲ့ ဗိလပ်လန်ဒန်ရှိ အလုပ်သမားနေ့စဉ်သတင်းစာများမှာ ဦးပညာသီဟ၊ ကိုညိုထွန်း၊ ကိုကြာလှအောင်တို့ ဓာတ်ပုံတွေကို သတင်းနဲ့တကွ တခမ်းတနား ပူးတွဲဖော်ပြကြတယ်။ အဲဒီတော့မှ မြန်မာလူမျိုးတွေရဲ့ ဂျပန်ဖက်ဆစ်ဆန့်ကျင်ရေးတိုက်ပွဲနဲ့ မြန်မာ့တော်လှန်ရေးအကြောင်း ကမ္ဘာက ပထမဆုံး သိခွင့်ရသွားပါတယ်။

ကိုသိန်းဖေ ကိုယ်တိုင်လဲ ရခိုင်တော်လှန်ရေးနဲ့ ဗိုလ်မှူးဗထူးရဲ့ အထက်မြန်မာပြည် တော်လှန်ရေးတွေကို အေပီအိုင် သတင်းကိုယ်စားလှယ် ဌာန၊ စတိတ်မင်း၊ အမရစ်တာဘဇား၊ ပက်ထရီကာစတဲ့ ကလ္လကတ္တား သတင်းစာတွေဆီ ပေးပို့ခဲ့တယ်။ ဒီသတင်းစာတွေကလဲ မြိုင်မြိုင်ဆိုင်ဆိုင် တခမ်းတနားပဲ ဖော်ပြပေးကြပါတယ်။ ကိုကြာလှအောင်တို့ကို ရခိုင်ကို ပြန်ပို့ဖို့ ဖို့ဒ် ၁၃၆ တပ်ဖွဲ့ ဌာနချုပ်မှာ တောင်းဆိုထားပေမယ့် ရက်တရက် ပြန်မပို့ဘူး၊ နေ့ရွှေ့ရက်ရွှေ့နဲ့ပဲလုပ်နေတယ်၊ ရက်တွေဆွဲထားတယ်။ ဒီအတွင်း ရခိုင်ပြည်နယ်က ပြောက်ကျားရဲဘော် အများစုကို ဖမ်းလားဆီးလား လုပ်နေတယ်။ ဒီသတင်းတွေကြားတော့၊ ဒီလိုရဲဘော်တွေကို ဖမ်းလာဆီးလားမလုပ်ဖို့၊ တကယ်လို့ ဒီလိုလုပ်ရင် မြန်မာပြည်မမှာရှိတဲ့ ဗမာလူမျိုးတွေနဲ့ အင်္ဂလိပ်တွေ ပူးပေါင်း လုပ်ကိုင်ရာမှာ အများကြီး အနှောင့်အယှက်တွေနဲ့ ရင်ဆိုင်ရစရာ ရှိတယ်လို့ ကိုသိန်းဖေက ကာက်စ်တီ ပုလိပ်မင်းကြီး မစ္စတာပရစ်ကော့ဆီ အကြောင်းကုန် ရေးသားဖော်ပြပေးပို့လိုက်တယ်။

ကိုသိန်းဖေက ဆရာတော် ဦးပညာသီဟ၊ ကိုကြာလှအောင်တို့နဲ့ ပတ်သက်ပြီး သူ့အမြင်ကို သူ့ရဲ့ "စစ်အတွင်း ခရီးသည်" စာအုပ်မှာတော့ ဒီလိုရေးသားထားပါတယ်။

> ဦးပညာသီဟအား အဝေးမှ ကြည့်လျှင်ပင် နိုင်ငံရေး ဘုန်းကြီးမှန်း သိသာလှပေသည်။ ယပ်တောင်ထမ်း မျက်လွှာချ၊ ဣန္ဒြေရရနှင့်သက်န်းကို လက်ကတော့ထိုး၍ သိုင်းကာ ခဏခဏ လက်ရုံးဆန့်တန်းခြင်း၊ လက်ညှိုးငေါက်ငေါက် ထိုးခြင်းကို ပြုသည်။ အသံကလည်းအောင်မြင်လှသည့်အထဲ သိုသိုသိပ်သိပ် စကားမပြောတတ်၊ အော်ကျယ်ဟစ်ကျယ် ပြောတတ်သည်။ ၎င်းပြင် ဘုန်းကြီးနှင့် လျော်သည်

မလျော့သည်ကိုမင်္ဂ၊ တောသားလူလည် မြို့ပေါ်တက်ကျယ်သလို ထင်တော် ပြောတတ်လေသည်။ အင်္ဂလိပ်စကားလုံးကလေးများကိုလဲ ညှပ်တတ်၏။ သို့သော် ကွမ်းအလွန်စားထား၍ ထူနေသော ရခိုင်လျှာပေါ်မှ ဖြစ်လာသော အင်္ဂလိပ်စကားလုံးကလေးများမှာ ခေတ်ဆံသော ဘုန်းကြီးများ ထံမှ ကြားရတတ်သော အင်္ဂလိပ်စကားလုံးထက် ပို၍ ထူးခြားသော အင်္ဂလိပ်စကားလုံးများ ဖြစ်နေပေသည်။

ဦးပညာသီဟသည် နိုင်ငံရေးအသိနဲ့ အတွေ့အကြုံ အတော်စုံသော ဆရာတော် ဖြစ်၏။ ရခိုင်အမျိုးသားရေး စိတ်ဓာတ်ကလဲ ပြင်းထန်လှ၏။ လူထုပရိသတ်ကို တက်တက်ကြွကြွ လှုပ်ရှားနိုင်အောင်လဲ ဟောပြောနိုင်၏။ ဒို့ဗမာသခင်ခေတ်ကတည်းက ရခိုင်တွေလဲ ဒို့ဗမာတွေနှင့် စည်းရုံးပြီး လွတ်လပ်ရေးလုပ်ကြရမယ်ဟု ကြွေးကြော်ကာ နိုင်ငံရေး စခဲ့၏။ ဘီအိုင်အေတုန်းကလဲ ကိုယ်တိုင် စည်းရုံးပါဝင်ခဲ့၏။ ရခိုင် ကာကွယ်ရေးတပ်ဖွဲ့စဉ်ကလဲ ပါဝင်ခဲ့၏။ ယခု ဂျပန်ဆန့်ကျင်ရေး အုံကြွမှုတွင်လဲ လက်နက်ကိုင် ပြောက်ကျားတပ်များနှင့် အတူနေကာ စည်းရုံးရေး၊ ဝါဒဖြန့်ရေး လုပ်ငန်းများကို လုပ်ခဲ့ပေ၏။

ကိုကြာလှအောင်ကား ရခိုင်ပေတည်း။ ဗမာအသံနှင့်ပင် စကား မပြောတတ်။ သူသည် ရခိုင်တောင်သူလယ်သမား ကြားမှာ ကြီးပြင်းပြီး ရခိုင်ဘုန်းကြီးကျောင်းမှာ တက်လာသော ရခိုင်မျိုးချစ်များ၏ စံနမူနာကဲ့ သို့ ထင်ရပေသည်။ အရပ်ရှည်၍ ခါးကိုင်းသည်။ ဆံပင်ဖိုးရိုးဖားရားနှင့် မျက်စိမှေးသည်။ သူ့ နိုင်ငံရေးအသိဉာဏ်မှာ သိပ်မမြင့်။ ဝါဒတွေ နားမလည်။ ရခိုင်လူထုကို ချစ်ရမယ် ဂျပန်နယ်ချဲ့ကို မုန်းရမယ်။ ရခိုင်လူထု လွတ်လပ်အောင် လက်နက်ကိုင် တော်လှန်တိုက်ခိုက်ရမယ် ဤမျှသာ သိလေ၏။

(မြင့်/သိန်းဖေ၊ စစ်အတွင်းခရီးသည်၊ ရန်ကုန် ကုမာရပုံနှိပ်တိုက် ...၆၆၊ စာ ၃၅၂-၃၅၃။)

ကိုကြာလှအောင်တို့ကို ပြန်ပို့ဖို့ အကြိမ်ကြိမ် တောင်းဆိုပေမယ့် ...တဲ့အဆုံးမှာတော့ "ကဲ ခင်ဗျားတို့ ပြန်မပို့ပေးရင်လဲ ကိုယ့်ဟာကိုယ် ...ားလုံး ပြန်တော့မယ်ဆိုပြီး ဖွင့်ပြောတော့မှပဲ ပြန်ပို့ဖို့ စီစဉ်ပေးတယ်။

ကိုဘစောတို့ ဂျပန်ကို မတိုက်ခင်ကလေး ဦးပညာသီဟ၊ ကိုကျော်မြ၊ ဦးစောမောင်၊ ဦးကျော် (ဆောက်လုပ်ရေးဌာန) ရန်ကုန်၊ ကိုညိုထွန်း၊ ကိုထွန်းလှိုင် (ကိုညိုထွန်းရဲ့ ညီအငယ်ဆုံး)နဲ့ ကိုကြာလှအောင်တို့ အိန္ဒိယရောက်တယ်၊ မြန်မာပြည်အတွက် ရခိုင်ရဲဘော်တွေကို လေထီးနဲ့ ချပေးဖို့ စီစဉ်ရသေးတယ်၊ ကိုသာကျော်၊ ကိုစံသာကျော်၊ ကိုသာထွန်းအောင် တို့ လေထီးနဲ့ ဆင်းကြတယ်။

ပထမ ခေါ်ခဲ့တုန်းကတော့ တစ်လနေပြီး ပြန်ပို့ပေးပါမယ်လို့ ကတိပေးခဲ့တယ်။ ဒါပေမယ့် တကယ်လက်တွေ့ ပြန်ရတော့ မတ်လမှာပဲ။ ဒီတော့ နှစ်လလောက် ကြာခဲ့တယ်။

ကျောက်ဖြူခရိုင် သိမ်းပြီးလို့ (၁၀) ရက် အရောက်မှာ ကိုကြာလှအောင်တို့ ရခိုင်ကို ပြန်လာခဲ့တယ်။ မြန်မာပြည်ကို တိုက်ခိုက်သိမ်းပိုက်ဖို့ လာတဲ့ စစ်သင်္ဘောနဲ့ လိုက်ပါလာခဲ့တယ်။ ၄၅ ခု မတ်လ (၁၅) ရက် (၂၀) ရက်လောက်မှာ သူတို့ကို စစ်တွေမှာ စစ်သင်္ဘောက ချပေးလိုက်တယ်။

ဒီလိုဖမ်းလားဆီးလား လုပ်ရင်း ကာလမှာပဲ၊ ဗမာပြည်ကျသွားတော့ ပြည်သူ့ရဲဘော်တပ်တွေ ဖွဲ့လိုက်တယ်။

**ရဲဘော်။ ကြာလှအောင်**[*] ။ ရသေ့တောင်စေတီရင်းက အိမ်ခြေ ၁၀၀၊ ၂၀၀ ခန့်ရှိတဲ့ ရွာကြီးမှာ မွေးတယ်၊ အဖ ဦးကုလားခိုင်၊ အမိက ဒေါ်ချာအိုးမ။ သားသမီး (၃) ယောက်အနက် သားအကြီးဆုံး ဖြစ်တယ်။ ၁၂၆၈ ခု တန်ဆောင်မုန်းလမှာ မွေးဖွားတဲ့ ဗုဒ္ဓဟူးသား။ ဘုန်းကြီးကျောင်းမှာ ပရိတ်ကြီးအထိပဲ ပညာသင်ခဲ့တယ်။ အဖသေပြီးတဲ့နောက်အမိ နောက်အိမ်ထောင်ပြုတယ်၊ မိခင်နဲ့အတူ လယ်လုပ်စားတယ်။

နောက် ပန်းပဲအလုပ် ဝင်လုပ်တယ်၊ ဒီအချိန်မှာ ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာတော့ ရခိုင်ပြည်နယ်မှာကုလားဗမာ အဓိကရုဏ်းတွေ ဖြစ်လာတယ်၊ ကုလားရန်က ကာကွယ်ဖို့အတွက် ရခိုင်ကာကွယ်ရေးတပ်ဖွဲ့တယ်၊ ဗိုလ်မှူးရန်အောင်ရဲ့ ဘီအိုင်အေတပ်ထဲမှာပါ တာဝန်ယူ

[*] ဝန်းမော်စာပေတိုက်

တယ်၊ ရခိုင်ပြည်နယ်မှာ ဂျပန်တော်လှန်ရေးပြီးတဲ့နောက် ၁၉၄၅ ခု၊ ဖေဖော်ဝါရီလထဲမှာ မြို့ဟောင်း လက်တောရွာ ဦးမောင်လှ (မင်းလောင်းလှလို့လဲ ခေါ်တယ်)ရဲ့ သမီး ဒေါ်နှင်းပန်းဦးနဲ့ အိမ်ထောင်ကျတယ်။ သားသမီး (၃) ယောက် ရပြီး ဇနီး ကွယ်လွန်တယ်၊ နောက် ပလက်ဝမြို့ အင်္ဂလိပ်လက်ထက်က ရုံးစာရေးကြီးရဲ့ သမီး ဒေါ်ကြာဖဲလှနဲ့ အိမ်ထောင်ကျပြန်တယ်။ နှစ်နှစ်လောက်မှာ ဇနီး ဆုံးပြန်တယ်။ နိုင်ငံရေးလုပ်ငန်းအတွက် ခရီးထွက်နေရလို့ ပထမဇနီး နဲ့ ဒုတိယဇနီး ဆုံးတုန်းကလဲ သူမတွေ့လိုက်ရဘူး၊ အခု ဗိုလ်ကြာလှအောင်ဟာ ကျောက်တော်မြို့မှာပဲ ဥယျာဉ်လုပ်ငန်း လုပ်ကိုင်စားသောက်နေပါတယ်။

၄-၁-၇၅ နေ့ ရန်ကုန်၊ ၃၇ လမ်းက ရဲဘော်စံတင့်အိမ်မှာ ဗိုလ်ကြာလှအောင်နဲ့ စာရေးသူ တွေ့စဉ်တုန်းက မေးမြန်းယူထားတဲ့ ကိုကြာလှအောင်ရဲ့ ဂျပန်ခေတ် မြေအောက်တော်လှန်ရေး ဖြစ်ရပ်တွေ၊ သိန်းဖေမြင့်ရဲ့ "စစ်အတွင်းခရီးသည်" ပုဂ္ဂံစာအုပ်တိုက်နဲ့ ကုမာရ ပုံနှိပ်တိုက် ထုတ်နဲ့၊ ဘုံပေါက်သာကျော်ရဲ့ "တော်လှန်ရေးခရီးဝယ်"သတင်းဂျာနယ် ပုံနှိပ်တိုက်ထုတ် တို့မှ ကောက်နုတ်ဖော်ပြချက်တွေနဲ့ ညှိနှိုင်းပေါင်းစပ်ပြီး ဖော်ပြထားခြင်း ဖြစ်ပါတယ်။

(စာရေးသူ)

* * * * *

* * * * *

## ၄။ ရဲဘော်စံသာကျော်

**ကျောင်းသားဘဝ**

ကိုစံသာကျော်ဟာ ရန်ကုန်တက္ကသိုလ်ကျောင်းသားပါ။ ရန်ကုန် တက္ကသိုလ်ကျောင်းသားသမဂ္ဂဝင်၊ ပြီးတော့ ကျောင်းသားလှုပ်ရှားမှုတွေထဲမှာ ပါဝင်ခဲ့သူ။

ဒုတိယကမ္ဘာစစ်မီးဟာ မြန်မာပြည်သို့ကူးစက်လာဖို့ အခြေအနေများလာ တဲ့အတွက် ၁၉၄၁ ခုနှစ် အောက်တိုဘာလမှာ တက္ကသိုလ်ကျောင်းကြီးကို သက်ဆိုင်ရာက ပိတ်လိုက်ပါတယ်။

ဒါကြောင့်သူ့မိဘများက ရန်ကုန်မှာ ကျောင်းဆက်မထားတော့ဘဲ ကလကတ္တားကိုပို့လိုက်တယ်။ ဘိဒ်ဒီးရှားစတားဆိုတဲ့ အမျိုးသားကောလိပ်ကျောင်း ကို ပညာဆက်သင်ကြားစေတယ်။ ကျောင်းနာမည်က ဟိန္ဒူဘုန်းကြီးတစ်ပါး ရဲ့နာမည်ဖြစ်တယ်။ ကျောင်း သား ၇၀၀၀ ကျော်ရှိတယ်။ ကျောင်းသားတွေ များလွန်းလို့ ကျောင်းကို နှစ်ဆိုင်းဖွင့်ပေးတယ်။

ဒီကျောင်းမှာ အောက်တိုဘာကနေ ဒီဇင်ဘာအထိ တက်ရောက်သင်ကြား ခဲ့တယ်။ ဒုတိယကမ္ဘာစစ်ဖြစ်တော့ ကလကတ္တားမှာရှိတဲ့ ရခိုင်ကျောင်းသား တွေစုပြီး ရခိုင်ပြည်နယ်ပြန်ဖို့တိုင်ပင်ကြတယ်။ ရခိုင်လူငယ်များခေါင်းဆောင် က ဦးဘာစံပါ။

၁၉၄၂ ခုနှစ် ဇန်နဝါရီလလောက်မှာ အားလုံး ရခိုင်ပြည်နယ်ပြန်ခဲ့ကြတယ်။ ကလွှကတ္တားကနေ စစ်တကောင်ကို မီးရထားနဲ့၊ စစ်တကောင်းကနေ မောင်တောကို သင်္ဘောနဲ့၊ နောက်ကားနဲ့၊ နောက်ခြေကျင်၊ အဲဒီလို ခရီးအဆင့်ဆင့်နဲ့ ပြန်ခဲ့ကြရတယ်။ ကိုစံသာကျော်ကတော့ စစ်တွေ ကျောက်တော်မြို့ရှိ သူ့အိမ်ကိုရောက်တယ်။ ရခိုင်ပြည်နယ်ကိုရောက်တော့ ရခိုင်ပြည်နယ်မှာရှိနေတဲ့ နိုင်ငံရေးခေါင်းဆောင်အချို့ကို အင်္ဂလိပ်အစိုးရရဲ့ ဖမ်းဆီးခြင်းခံထားရတာတွေ့ရပါတယ်။

ရခိုင်မှာ မရှုးလူမျိုးဆိုတာရှိတယ်။ ဒီလူမျိုးတွေဟာ မျိုးချစ်စိတ်ရှိတယ်၊ သစ္စာရှိတယ်၊ ယုံကြည်စိတ်ချရတယ်။ ဒါကြောင့် အင်္ဂလိပ်အစိုးရ အဖမ်းမခံလိုက်ရတဲ့ ရခိုင်ခေါင်းဆောင်တချို့ကို ဒီမရှုးလူမျိုးတွေက ဝှက်ထားပေးတယ်။

ရန်ကုန်ကို ဂျပန်သိမ်းပိုက်ပြီးတဲ့နောက်မှာ ရခိုင်အမျိုးသားတွေနဲ့ ကုလားအမျိုးသားတွေကြား အဓိကရုဏ်းဖြစ်တယ်။ ရခိုင်မျိုးချစ်တွေက ပုလိပ်တွေကို စည်းရုံးပြီး ကင်းဂတ်တွေဝင်သိမ်းတယ်။ အင်္ဂလိပ်စစ်ပြေးတွေနဲ့ပေါင်းပြီး မြို့စောင့်ကာကွယ်ရေးတပ်တွေဖွဲ့တယ်။ ပုလိပ်ဌာနက လက်နက်နဲ့ ဘဏ်ကငွေတွေပါသိမ်းတယ်။ မြို့တွေကအရာရှိတွေကို သူ့မူရင်းရာထူးအတိုင်း ပြန်လည်ခန့်ထားတယ်။

အဲဒီနှစ် ဧပြီလလောက်မှာ ဘီအိုင်အေတပ်မတော်က ဗိုလ်ရန်အောင်တပ် ရောက်လာတယ်။ ဘီအိုင်အေရောက်လာတော့ ရခိုင်မြို့စောင့်ကာကွယ်ရေးတပ်ကို ဘီအိုင်အေနဲ့ပေါင်းလိုက်တယ်။ ရခိုင်ပြည်နယ်နဲ့ ပတ်သက်တဲ့ ကျောင်းသားခေါင်းဆောင် ကိုမြက ရခိုင်မျိုးချစ်လူငယ်တွေကို ပီအမ်စီ (Peace Maintenance Committee) လုပ်ခိုင်းတော့ လုပ်ကြရတယ်။ ကိုစံသာကျော်လဲ ကျောက်တော်မှာ ပီအမ်စီတာဝန်ယူပါဆိုလို့ လက်ခံလိုက်ရတယ်။

ဒီတာဝန်ယူနေတဲ့အတွင်း မေလလောက်မှာ ကိုသိန်းဖေနဲ့ ကျောက်ဆည်သခင်တင်ရွှေတို့ ကိုစံသာကျော်တို့ဆီရောက်လာတယ်။ သူတို့ကို ဦးလေး ဦးမောင်ထွန်းဝင်း (ဦးညိုထွန်းရဲ့အစ်ကိုအရင်း) အိမ်မှာ နေရာပေးလိုက်တယ်။ ပြီး မဟာမိတ်တွေနဲ့ဆက်သွယ်ဖို့ ဆောင်ရွက်ပေးတယ်။ ဇွန်၊ ဇူလိုင်လောက်မှာ ဘီအိုင်အေတပ်ပြန်ခေါက်ဖို့ အစီအစဉ်လုပ်တယ်။ ဒီအချိန်မှာ ဗိုလ်ရန်အောင်က လက်နက်၊ ကျည်ဆန်နဲ့ ငွေတွေခွဲပြီး ဂျပန်မသိအောင်ပေးခဲ့တယ်။ ဒါတွေပေးတာ ဂျပန်တော်လှန်ရေးအတွက် ရည်ရွယ်ပြီးပေးတာယ်ဆိုတာကို

ကိုစံသာကျော်နဲ့တကွ လူငယ်ပိုင်းခေါင်းဆောင်တွေက လုံးဝမသိလိုက်ဘူးတဲ့။ လူငယ်ပိုင်းခေါင်းဆောင်တွေကတော့ နိုင်းရင်လုပ်ရမယ့် အဆင့်ပဲဖြစ်တယ်။ ဒါကို နောက်မှ သိရတယ်။ ဘီအိုင်အေထွက်သွားပြီးနောက်ပိုင်း နယ်တွေကို သိမ်းထားလိုက်ကြတယ်။

ဘီအိုင်အေတပ်ထွက်သွားပြီးတဲ့နောက် ၁၉၄၂ ခုနှစ်၊ ဇူလိုင်လလောက်မှာ ဒေါက်တာဘမော်အစိုးရအဖွဲ့ဝင်အတွက် ရခိုင်ပြည်နယ်ကခေါင်းဆောင်နှစ်ယောက်လွှတ်ဖို့ပြောတော့ ဦးအောင်ဇံဝေနဲ့ ဦးသာဇံလု (ရခိုင်ပြည်နယ်လုံးဆိုင်ရာ ဥက္ကဋ္ဌ)ကို ရွေးချယ်လွှတ်လိုက်ကြတယ်။ ဦးအောင်ဇံဝေတို့က လူငယ်နှစ်ယောက်ခေါ်ချင်တယ်ဆိုတာနဲ့ ကိုစံသာကျော်နဲ့ ကိုသာဇံတို့ကို ထည့်လိုက်တယ်။ ဒီခေါင်းဆောင်တွေက ရန်ကုန်သွားဖို့အတွက် ဂျပန်က ဂျပန်စစ်သင်္ဘောနဲ့စီစဉ်ပေးတယ်။ ပင်လယ်ကလှည့်ပြီး ရန်ကုန်ကို လာကြရတယ်။ ဘီအိုင်အေတပ်ကတော့ ကြည်းကြောင်းကနေ ပဲခူးရိုးမကိုကျော်ပြီးဖြတ်သွားကြတယ်။ သူတို့နဲ့ ရန်ကုန်မှာ ဆုံကြတယ်။

## နိုင်ငံရေးနယ်ထဲဝင်လာကြခြင်း

ဩဂုတ်လလောက်မှာ ဗိုလ်ရန်အောင်နဲ့တွေ့တော့ ကိုစံသာကျော်တို့ကို ရခိုင်ပြည်နယ်မသွားဘဲ ဘီအိုင်အေတပ်ထဲမှာ ဝင်ရောက်တာဝန်ထမ်းဖို့ပြောနေးတယ်။ ဒါပေမယ့် ရခိုင်ပြည်နယ်မှာ အရေးတကြီးလုပ်စရာရှိနေကြောင့် ရခိုင်ပြည်နယ်ကိုပြန်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။

ကိုစံသာကျော်တို့နှစ်ယောက်ဟာ အောက်တိုဘာလလောက်မှာ ရန်ကုန်ကနေ ပြည်ကို ကုန်တင်ကားကြုံနဲ့လိုက်ကြရတယ်။ ပြည်ကနေ ပန်းတောင်းတောင်ကုတ်လမ်းအတိုင်း ခြေကျင်သွားကြရပါတယ်။ ဒီအချိန်က သင်္ဘောမော်တော်ဆိုတာမရှိတော့ဘူး။ ရန်ကုန်ဘီအိုင်အေတပ်ကပြန်လာတဲ့ ဦးအောင်ကျော်စတဲ့ ရခိုင်ရဲဘော်တွေကိုလဲလမ်းမှာဆုံကြရတယ်။ ရန်ကုန်ကထွက်လာပြီး တစ်လလောက်ကြာမှ ကိုယ့်ပြည့်ကိုယ်ရွာပြန်ရောက်တော့တယ်။ ရခိုင်ပြည်နယ်ကို အင်္ဂလိပ်တွေက ဗုံးတွေကြဲ၊ စစ်သေနတ်ပစ်ဆိုတော့ မြို့ရွာအခြေအနေကလဲရုတ်ရုတ်သဲသဲဖြစ်လာတယ်။ အဲဒီတော့ ကိုစံသာကျော်ဟာ မိဘတွေကို ကူညီစောင့်ရှောက်ဖို့ အခြေအနေကတောင်းဆိုလာတာကြောင့် အိမ်မှာပဲခဏနေပေးရသေးတယ်။

မတ်လအထိလောက်ပဲနေရသေးတယ်။ လုပ်ငန်းတွေက အရေးကြီးလာတယ်ဆိုတာနဲ့ ကိုစံသာကျော်ဟာ မေလလောက်မှာပဲ ပြန်လာရပြန်တယ်။ ဗိုလ်ကြာလှအောင်နဲ့တွဲပြီး ရခိုင်ကာကွယ်ရေးတပ်မှာ တာဝန်ယူရတယ်။ ဒီကာကွယ်ရေးတပ်က ဂျပန်နဲ့တွဲထားတဲ့ကပ်ဖြစ်တယ်။ သူကရခိုင်ကာကွယ်ရေးတပ်နဲ့ ဂျပန်တပ်တို့အကြား ဆက်သွယ်ပေးဖို့တာဝန်ယူရတယ်။ တစ်ခါတစ်ခါ ကာကွယ်ရေးတပ်ကိုလဲသွားကိုင်ပေးရသေးသတဲ့။

၁၉၄၃ ခုနှစ် စက်တင်ဘာလလောက်မှာ ဂျပန်နဲ့ ကိုစံသာကျော်တို့ ရခိုင်ကာကွယ်ရေးတပ်ပေါင်းပြီး ပလက်ဝခရိုင်တွင်းမှာ အင်္ဂလိပ်တပ်စခန်းတစ်ခုကို ဝင်တိုက်တယ်။ ကိုစံသာကျော်ပါ (၇)ယောက် ဒဏ်ရာရသွားတယ်။ ဒါကြောင့် တပ်ဆုတ်လာရတယ်။ ဒါက ရှေ့တန်းစစ်မျက်နှာပဲ။ ကုလားတန်စစ်ကြောင်းလို့ ခေါ်တယ်။

စက်တင်ဘာလစပြီး အင်္ဂလိပ်တပ်တွေ ဝင်တိုးပါတော့တယ်။ ဆောင်းဦးထိုးစစ်ပေါ့။ ၁၉၄၃ ခုနှစ်မှာ အင်္ဂလိပ်တပ်တွေက တိုးလိုက်ဆုတ်လိုက်နဲ့ပဲ။ ၁၉၄၃ ခုနှစ် ဒီဇင်ဘာလ၊ ၁၉၄၄ ခုနှစ် ဇန်နဝါရီလလောက်မှာဆိုရင် ကျောက်တော်အောက်ပိုင်းကို ရခိုင်ကာကွယ်ရေးတပ်တွေ ဆုတ်ပေးရတယ်။

အဲဒီကနေ ၁၉၄၄ ခုနှစ် ဖွန်လလောက်မှာ ဗဟိုဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ချုပ်ကလွှတ်လိုက်တဲ့ ဆက်သား (အထောက်တော်) ကိုထွန်းအောင်ကျော်နဲ့ မောင်လှကျော်တို့ ကိုစံသာကျော်ဆီရောက်လာကြပြန်တယ်။ ကိုထွန်းအောင်ကျော်နဲ့ မောင်လှကျော်တို့နှစ်ယောက်က အိန္ဒိယ ကိုသိန်းဖေဆီသွားဖို့ လာရောက်သူများဖြစ်တယ်။ သူတို့ကို ကိုစံသာကျော်တို့ကပဲ လမ်းပြ အကူအညီနဲ့ အစစစီစဉ်ပေးလိုက်တာပါပဲ။

## အိန္ဒိယသို့ ပထမဆုံးအကြိမ်သွားရောက်ဆက်သွယ်ခြင်း

အဲဒီနှစ်ဇူလိုင်လနောက်ပိုင်းမှာ အိန္ဒိယကို ဒုတိယအကြိမ် မောင်စံအောင်၊ ကိုမောင်ကလေးနဲ့ ကိုစံသာကျော်တို့ (၃) ယောက်ကို အိန္ဒိယရှိ ကိုသိန်းဖေဆီသွားဖို့ ရွေးချယ်တာဝန်ပေးပြန်တယ်။ လမ်းမှာ အင်္ဂလိပ်တပ်တွေရဲ့ အဖမ်းအဆီးအချုပ်အနှောင်ကိုခံရပါတယ်။ A.F.O က ရဲဘော်များဖြစ်ကြောင်းပြောပြတယ်။ ဒါပေမယ့်မရဘူး၊ ဖမ်းဆီးချုပ်နှောင် ခေါ်သွားခြင်း

ကို ခံကြရတယ်။ ရှမော်ဆိုတဲ့စခန်းမှာ ဖို့ဒ် ၁၃၆တပ်ဖွဲ့က ကပ္ပတိန် ဆော်လီဆိုသူနဲ့တွေ့ကြတယ်။ ရှမော်ကနေ ဆက်သွားကြတော့ ဗွီဗိုစ်ဆိုတဲ့ တပ်စခန်းကိုရောက်တယ်။ အဲဒီမယ် ကပ္ပတိန်ဆော်လီနဲ့တွေ့ပြီးတော့ အချုပ်အနှောင်က လွတ်တော့တယ်။

အဲဒီညခရီးထွက်ကြရပြန်တယ်။ ဒီအခါမှာ ကိုသာထွန်းအောင်တို့နဲ့အတူ လိုက်ပါသွားကြရပါတယ်။ ရေကြောင်းက ရေယာဉ်နဲ့သွားကြတော့ ကာမတီမြို့ကိုရောက်တယ်။ နောက်ကားနဲ့ဆက်ပြီး ခရီးထွက်ကြရပြန်တယ်။ စစ်တကောင်းရောက်ကြတယ်။ အဲဒီကနေလေယာဉ်နဲ့ ကလ္လကတ္တားကို တစ်ခါဆက်ကြရပြန်တယ်။

ကလ္လကတ္တားရောက်တော့ ကိုစံသာကျော်တို့လူစုကို မဟာရာဂျာ စော်ဘွားကြီးပိုင်တဲ့ခြံထဲမှာနေကြတဲ့ ကိုသိန်းဖေစခန်းကို လိုက်ပို့တယ်။ ကိုညိုထွန်း၊ သခင်တင်ရွှေ၊ သခင်တင်ရွှေဇနီး မမြရီတို့ကိုလဲတွေ့ကြပါသတဲ့။ ကိုသိန်းဖေကတော့ ဒေလီကိုကိစ္စနဲ့သွားနေခိုက်မို့ မရှိဘူးတဲ့။ ဒီအချိန်က ဘီဟာလာရိပ်သာဆိုတာမရှိသေးဘူးတဲ့။

ဒီခြံကြီးဟာ အင်မတန်ကြီးတဲ့ခြံကြီးဆိုပဲ။ ဒီခြံကိုစစ်ဘက်ကယူထားတယ်။ ဒီခြံကြီးထဲမှာ အဆောက်အအုံတွေအများအပြားရှိတယ်။ လက်နက်ငယ်သင်တန်း၊ သူလျှိုတို့တတ်အပ်တဲ့ ပညာရပ်တွေအမျိုးမျိုးကို အဲဒီခြံထဲမှာ သင်ပေးတယ်။ စစ်ဖက်ဆိုင်ရာပုဂ္ဂိုလ်တွေအတွက် နေရာထိုင်ခင်းအတွက် အဆောက်အအုံတွေလဲရှိတယ်။ တစ်ခုသော အဆောက်အအုံမှာ ကိုသိန်းဖေတို့လူသိုက်ကို နေရာချပေးထားတယ်။

သူတို့ရောက်ပြီးမကြာခင်မှာဘဲ ရဲဘော်ထွန်းအောင်ကျော်တို့ ရခိုင်ပြည်နယ်ဆင်းသွားရတယ်။

ကိုစံသာကျော်နဲ့ ကိုစံအောင်တို့ဟာ မြို့ပြင်ရှိ မဟာရာဂျာစော်ဘွားကြီးပိုင်ခြံမှာ ဖွင့်လှစ်ထားတဲ့ သင်တန်းကျောင်းကြီးမှာ တက်ရောက်ပြီး လက်နက်ငယ်သင်တန်းများကို သင်ကြားရတယ်။ ကျောင်းအမည်က (S.E.I. School of Eastern Interpreter)လို့ ခေါ်တယ်။ ကိုမောင်ကလေးတို့ကိုတော့ တခြားမှာ တာဝန်ပေးစရာရှိလို့ အဲဒီသင်တန်းမတက်လိုက်ကြရပါဘူး။

ဒီသင်တန်းကျောင်းမှာ ယိုဒယား(ထိုင်း)၊ မလေး၊ စင်ကာပူစတဲ့ အရှေ့အာရှကျွန်းဆွယ်ရှိ တိုင်းပြည်များက လူမျိုးတွေအတွက် ခေါ်ယူသင်တန်းပေးနေတယ်။

ဒီကျောင်းမှာ စည်းကမ်းအရ ကိုယ်နဲ့မဆိုင်ရင် မေးလားမြန်းလား မလုပ်ရပါဘူး။ နာမည်ကဘယ်လိုခေါ်သလဲ၊ ဘာလူမျိုးလဲ၊ ဘယ်တိုင်းပြည်ကလဲ၊ ဘယ်ကလာသလဲ ဆိုတာမျိုးတွေကို စပ်စုပြီး မေးလားမြန်းလား မလုပ်ရဘူးလို့လဲ သွန်ကြားထားသတဲ့။

ဒီသင်တန်းမှာ အဓိကသင်ကြရတာက လက်နက်ငယ်သင်တန်း၊ သူလျှိုလွှတ်နည်း၊ လေထီးနဲ့ချတဲ့အခါ အောက်ကအချက်ပြကြိုဆိုနည်း၊ ထောက်လှမ်းနည်း၊ စကားဝှက်သုံးနည်း စတဲ့ပညာရပ်တွေပဲဖြစ်တယ်။ ရက်တိုသင်တန်းပဲ၊ အများအားဖြင့် သင်တန်းကာလမှာ နှစ်ပတ်ကြာပါသတဲ့။

၁၉၄၄ ခု ဩဂုတ်လမှာ သင်တန်းပြီးတာနဲ့ ကိုစံသာကျော်တို့ကို ရခိုင်ပြန်လွှတ်ပြန်တယ်။

သူတို့ရောက်ပြီးနောက် မကြာခင် ခိုလာချပေးမယ်လို့လဲ ရက်သတ်မှတ်ပေးလိုက်တယ်။ ကြည်းကြောင်းကပဲပြန်ကြရပါတယ်။ အင်္ဂလိပ်တပ်တွေက မြေတန်းစစ်မျက်နှာနားအထိ လိုက်ပို့တယ်။ အဲဒီကနေ သူတို့လာလမ်းအတိုင်း ရခိုင်ပြည်နယ်ကိုပြန်ကြတယ်။

## ရခိုင်ပြည်နယ်သို့ပြန်လာခြင်း

ကိုစံသာကျော်တို့ ရခိုင်ပြည်နယ်ရောက်တော့ ဗိုလ်ကြာလှအောင်တပ်ဆိုပဲ ဦးတည်ခဲ့ကြတယ်။ မြို့ဟောင်းနယ်ထဲမှာ ဦးစိန္တာ၊ ဦးဘစံ၊ ဦးမောင်နီ၊ ဦးထွန်းဝင်း၊ ဗိုလ်ကြာလှအောင်၊ ဦးပညာသိဟ၊ ဦးကျော်မြတို့တစ်တွေနဲ့ တွေ့ဆုံကြပြီး အိန္ဒိယက ကိုသိန်းဖေတို့နဲ့ ဗိုဒ် ၁၃၆ တပ်ဖွဲ့အခြေအနေကို ပြောပြကြတယ်။ ကိုသိန်းဖေ၊ ကိုညိုထွန်းတို့ မှာလိုက်တဲ့စကားတွေကို ပြန်လည်အစီရင်ခံတယ်။

ဂျပန်ကိုလိုလားတဲ့သူတွေကလဲရှိတော့ ကိုစံသာကျော်တို့ အိန္ဒိယပြန်ရောက်တစ်စုဟာ ခြောင်သွားလာလှုပ်ရှားဖို့ မသင့်တော်တာနဲ့ လျှို့ဝှက်ပြီး နေတန်နေရတယ်။ ကျောက်တော်မြို့နယ် "ငါးယောက်တိုင်" ဆိုတဲ့ရွာမှာ

အခြေခံပြီး ဂျပန်တော်လှန်ရေးကိုလုပ်ကြတယ်။ ဖက်ဆစ်ဆန့်ကျင်ရေးအတွက် တော်လှန်ရေးတပ်သားသစ်တွေ စည်းရုံးတယ်။

ကိုစံသာကျော်တို့ကို ကိုသိန်းဖေနဲ့ ဖို့ဒ် ၁၃၆ အရာရှိတွေမှာလိုက်တာက နိုဝင်ဘာလထဲမှာ လေယာဉ်ပျံလာမယ်၊ ခပ်နိမ့်နိမ့်ပျံလာပြီး လေယာဉ်ပေါ်ကနေ ခိုတွေကို ခြုပ်ကလေးတွေထဲထည့်ပြီး လေထီးနဲ့ချပေးမတဲ့။ ဌာနချုပ်နဲ့ ဆက်သွယ်လိုတဲ့အခါ စာရေးပြီး ခိုခြေမှာပါတဲ့ ကွင်းကလေးထဲ စာကို မကျအောင် သွပ်ထည့်ပြီး လွှတ်ဖို့ပဲတဲ့။

(ဒီခိုက ဆယ့်နှစ်ရက်ခရီးပဲဖြစ်ဖြစ်၊ သူမူလနေတဲ့လှောင်အိမ်ဆီ တန်းပြီးပြန်တယ်။ ဝင်လာတဲ့ခိုတွေကို အမြဲတမ်းစောင့်ကြည့်နေတဲ့ စစ်သားက လှောင်အိမ်ပေါ်လာနားတဲ့ခိုကို အလွယ်တကူဆီးကြိုဖမ်းယူတယ်။ ခိုမှာပါလာတဲ့ စာကို သက်ဆိုင်ရာတာဝန်ရှိတဲ့ လူတွေဆီပို့တယ်။ ဒါကြောင့် သူလျှိုခိုလို့ ခေါ်ဝေါ်ကြတယ်။ ခိုလှောင်အိမ်တွေကို စစ်ဌာနချုပ်တွေထဲမှာထားတယ်။ အခုလဲ ဖို့ဒ် ၁၃၆ စစ်ဌာနချုပ်စခန်းမှာ သူလျှိုခိုတွေကို လှောင်အိမ်နဲ့ထည့်ပြီး ကျွေးမွေးထားပါသတဲ့-စာရေးသူ)

မဟာမိတ်တွေ ခိုချပေးမယ်လို့ ချိန်းဆိုပေးလိုက်တဲ့နေရာမှာ ချိန်းဆိုထားတဲ့နေ့ရက်အချိန်မှာပဲ လေယာဉ်ပျံကိုသွားစောင့်တယ်။ သတ်မှတ်ထားတဲ့နေ့အချိန်မှာပဲ လေယာဉ်ပျံရောက်လာပါတယ်။ ကိုစံသာကျော်တို့တစ်တွေက အောက်ကအချက်ပြမီးနဲ့ ဆက်သွယ်ကြတယ်။

ဒီအချိန်မှာ ရာသီဥတုမကောင်းဘူးဆိုရမှာပဲ။ တိမ်တိုက်တွေထုထပ်နေတယ်။ လေယာဉ်ပျံဟာ (၃) ပတ်လောက်ပျံဝဲပါရဲ့၊ အောက်ကအချက်ပြတဲ့ အချက်ပြမီးကို မြင်ဟန်မတူဘူး။ နောက်ဆုံးမှာ လေယာဉ်ပျံဟာ လှည့်ပြန်သွားပါတော့တယ်။ သူလျှိုခိုကိုချမသွားနိုင်ခဲ့ဘူး။

သူတို့လဲမူလအစီအစဉ်အတိုင်း ခိုတချမပေးခဲ့လေတော့ အင်္ဂလိပ် ဖို့ဒ် ၁၃၆ နဲ့ အဆက်အသွယ်ပြတ်သွားပါတယ်။ ဒီအခြေအနေကို ဆရာတော် ဦးပညာသီဟနဲ့ ဆရာတော် ဦးစိန္တာတို့ဆီကို အစီရင်ခံစာပို့လိုက်တယ်။ ရခိုင်ခေါင်းဆောင်တွေရဲ့ ညွှန်ကြားချက်ကို စောင့်မျှော်ကြတယ်။

ဝန်းခံမော်တာတိုက်

၁၉၄၄ ခု၊ နိုဝင်ဘာလ အင်္ဂလိပ်ထိုးစစ်တွေ စတင်လာပါပြီ။ အဲဒီနှစ် နိုဝင်ဘာလ ဒုတိယပတ်ထဲမှာပဲ ကိုသာကျော်ဟာ ကိုစံသာကျော်ဆီ ပေါက်လာပါတယ်။ သူနဲ့အတူစာတစ်စောင်လဲပါလာပါတယ်။

စာက ဆရာတော် ဦးပညာသီဟဆီကစာပါ။ စာရဲ့လိုရင်းအဓိပ္ပာယ်က အိန္ဒိယရှိတဲ့ ကိုညိုထွန်းနဲ့ အဆက်အသွယ်ပြတ်နေတဲ့အတွက် ကိုထွန်းအောင်စံ၊ ကိုသာကျော်၊ ကိုစံသာကျော်တို့ သုံးဦး အိန္ဒိယမှာရှိတဲ့ ကိုညိုထွန်းနဲ့ အမြန်ဆုံးသွားရောက်ဆက်သွယ်ပါတဲ့။ အဲဒီလိုညွှန်ကြားလိုက်ပါတယ်။

### အိန္ဒိယသို့ ဒုတိယအကြိမ်

ဒီညွှန်ကြားချက်အတိုင်း ကိုစံသာကျော်တို့သုံးဦးဟာ "ယင်းမဈေး" (Town Bazaar)ဘော်လီဈေးလမ်းအတိုင်း အိန္ဒိယကို တောတောင် အထပ်ထပ်ကနေ ခြေကျင်သွားကြရပြန်တယ်။ ယင်းမဈေးမရောက်မီမှာ မဟာမိတ်တွေနဲ့တွေ့ကြတယ်။

ဒီအချိန်မှာ အင်္ဂလိပ်စစ်တပ်တွေလဲ ရခိုင်နယ်ထဲထိုးလာစဖြစ်ပါတယ်။ အင်္ဂလိပ်တပ်တွေက ကိုစံသာကျော်တို့ကိုဖမ်းတယ်။ ကိုစံသာကျော်တို့ဟာ ဗိုဒ် ၁၃၆ တပ်ဖွဲ့နဲ့ ဆက်သွယ်လာတဲ့ A.F.Oက ရဲဘော်တွေဖြစ်ကြောင်း၊ဖို့ဒ် ၁၃၆ တပ်ဖွဲ့ဌာနချုပ်ကို အမြန်ဆုံးပို့ပေးဖို့ တောင်းဆိုပြီး (ဂျီအက်စ်အိုင်ကေ) ဆိုတဲ့ စကားဝှက်ကို ပြောပြလိုက်တယ်။

ရှေ့တန်းတပ်တွေက ယင်းမဈေးမှာ စခန်းချနေတဲ့ ဗိုဖိုးတပ်ကို ကိုစံသာကျော်တို့လွှဲပြောင်းပေးလိုက်တယ်။ အဲဒီမှာ တစ်ညအိပ်ပြီး ဘော်လီဈေးခန်းမှာရှိတဲ့ ဗိုဖိုးတပ်စခန်းကို ဆက်ပို့ပေးပြန်တယ်။

ကိုစံသာကျော်တို့သုံးယောက် ဒီစခန်းမှာ သုံးရက်မြောက်နေကြရတယ်။ ဘောင်ပြူစခန်းကို ဆက်ပို့ကြတယ်။ အဲဒီစခန်းကျတော့ အက်ဖ်အက်စ်အက်စ် F.S.S တပ်ရုံးကို ပို့ပေးတယ်။

ဒီရောက်တယ်ဆိုရင်ပဲ တစ်လမ်းလုံး လွတ်လွတ်လပ်လပ်နေခဲ့ထိုင်ခဲ့တဲ့ အခွင့်အရေးတွေ ဆုံးရှုံးခံလိုက်ရတော့တယ်။ ဘာကြောင့်လဲဆိုရင် သူတို့ကို အချုပ်ထဲထည့်လိုက်လို့ပါ။ အစောင့်တွေက အရင်မြန်မာပြည်ရဲ့ ပုလိပ် Burma Police)တဲ့။ ဒီတပ်ဖွဲ့ဝင်တွေဟာ အရင် ရန်ကုန်မှာ နေသွားခဲ့တဲ့

အိန္ဒိယပုလိပ်များ ဖြစ်ပါသတဲ့။ ဒီစခန်းမှာ နှစ်ညထားပြီးတော့ ချပဒား (ရခိုင်အခေါ် ဖလောင်းချိတ်မြို့)ရှိတဲ့။ F.S.Sစခန်းကို ပို့တယ်။ ဒီစခန်းကို မနက်ရောက်တယ်။

ဘားမားပုလိပ်တွေက သူတို့ကို စစ်သုံ့ပန်းတွေအဖြစ် သဘောထားပြီး ညှဉ်းပန်းနှိပ်စက်ကြတယ်။ ကိုစံသာကျော်တို့ကို သက်ကယ်စည်းတွေ သွားအထမ်းခိုင်းတယ်။ သက်ကယ်စည်းတွေ ထမ်းဖို့ပြင်ဆင်နေစဉ်မှာပဲ ကိုယ်တုံးလုံးနဲ့ အင်္ဂလိပ်စစ်ဗိုလ်တစ်ယောက် ပြေးလာတယ်။

"မင်းတို့ ဘယ်သူ့အမိန့်နဲ့ ဒီသက်ကယ်တွေကိုသယ်ဖို့ လုပ်နေရတာလဲ" အော်ဟစ်ငေါက်ငမ်းမေးလိုက်တယ်။ ကိုစံသာကျော်လဲကြောင်အမ်းအမ်း ကြီးဖြစ်သွားတယ်။ အင်္ဂလိပ်စစ်ဗိုလ်က ငေါက်ငမ်းပြီးမေးမြန်းပြန်တယ်။ ဒီတော့မှ ကိုစံသာကျော်က–

"ဘယ်သူတွေကရွှေ့ခိုင်းတယ်ဆိုတာ ပြောစရာမလိုပါဘူး။ မရွှေ့နဲ့ မသယ်နဲ့ဆိုလဲပြီးတာပါပဲ မသယ်ဘူး၊ မရွှေ့တော့ဘူး" လို့ အင်္ဂလိပ်ကို ပြန်အော်လိုက်တယ်။

ကိုစံသာကျော်နဲ့ အင်္ဂလိပ်စစ်ဗိုလ်တို့ ပြောဆိုနေတာကို အစောင့်ပုလိပ်က ခပ်လှမ်းလှမ်းကမြင်လိုက်တယ်။ ဘာဆိုတာကိုလဲအဓိပ္ပာယ်ကောက်ယူ လိုက်တယ်။ ဒါကို ပုလိပ်အစောင့်က ပုလိပ်အရာရှိကို သတင်းပို့လိုက်တော့ ပုလိပ်အရာရှိက ကိုစံသာကျော်ပေးလိုက်တဲ့ အဖြေပေါ်သဘောကျပြီး ကျေးဇူး တင်စကားပြောတယ်။ ကိုစံသာကျော်ကသာချောက်တွန်းရင် အင်္ဂလိပ်စစ်ဗိုလ် ရဲ့ ဆဲဆိုမှုကို ပုလိပ်အရာရှိလှလှကြီးခံရမယ်။ ဒါကြောင့် ကျေးဇူးတင်စကား ပြောခြင်းဖြစ်ပါသတဲ့။

ကိုစံသာကျော်ပြန်ရောက်ပြီးနောက်မှပဲ ကိုသာကျော်နဲ့ ကိုထွန်းအောင် ဖတို့နှစ်ယောက်ရောက်လာတယ်။ သူတို့ကိုလဲ အိမ်သာကျင်းတူးခိုင်းလို့ တူးခဲ့ ရကြောင်းပြောပြရင်း သူတို့လက်တွေကိုလဲဖြန့်ပြတယ်။ လက်တွေလဲပေါက် ကုန်ကြတာကို ကိုစံသာကျော်မြင်လိုက်ရတယ်။

ဘာလို့ခင်ဗျားတို့က သွားတူးရတာလဲ၊ ကျုပ်တို့က အကျဉ်းသားမှ မဟုတ်ဘဲ၊ နောက် ဘာပဲခိုင်းခိုင်းမလုပ်နဲ့၊ သူတို့က ထမင်းကျွေးလာရင်လဲ မစားဘဲသပိတ်မှောက်နေကြရအောင်။ အဲဒီလို ကိုစံသာကျော်က အကြံပေး လိုက်တယ်။ ဒါကို အားလုံးသဘောတူကြတယ်။

နေ့လယ်လောက်ကျတော့ ထမင်းလာကျွေးတယ်။ ဒါပေမယ့် သူတို့ ...ဘ်မှောက်နေလိုက်တယ်။ မရှေးမနှောင်းမှာဘဲ တောင်ပေါ်မှာ စခန်းဖွင့် ...တဲ့ ပုလိပ်စခန်းရုံးကနေ ပုလိပ်သားတစ်ယောက် တောင်ခြေမှာ ...ချုပ်ခံနေရတဲ့ ကိုစံသာကျော်တို့ဆီကို ရောက်လာတယ်။ သူက–

"ထွန်းကျော်ဆိုတဲ့လူရှိသလား" လို့ မေးတယ်။

"ကျုပ်ပဲ" လို့ ကိုစံသာကျော်က ဖြေလိုက်တယ်။

"ဒီလိုဆိုရင်ခင်ဗျားတို့ ပုလိပ်စခန်းကိုလိုက်ခဲ့ပါ"

ပြောပြောဆိုဆို အချုပ်ခန်းကထုတ်ပြီး တောင်ပေါ်ကိုခေါ်သွားတယ်။ ပုလိပ်စခန်းရောက်တဲ့အခါ ဖို့ဒ် ၁၃၆ တပ်ဖွဲ့က မေဂျာတစ်ယောက် ...တွေ့တယ်။ သူက "ဒတ်ချ်"လူမျိုးပါ။ အသက်လေးငါးဆယ်အရွယ်ပါ။ ...က–

"ထွန်းကျော်ဆိုတာ ဘယ်သူလဲ" လို့မေးတယ်။

ကိုစံသာကျော်က–

"ကျွန်တော်ပါ"

"မင်းတို့ကို ကြိုဖို့ငါလာတယ်။ ဒီမှာ မင်းတို့ ကောင်းကောင်းနေကြ ...သလား"

"မနေရပါဘူး၊ စစ်သုံ့ပန်းလိုသဘောထားပြီး ဆက်ဆံခြင်းခံရပါတယ်"

လက်ပတင်နင်းဒေးဗစ် (အင်္ဂလိပ်ဗမာကပြား)က ဒီစခန်းရဲ့တာဝန်ခံ ...င်တယ်။ ဒီတော့မှ ဒေးဗစ်ကလဲ "ဆောရီး"ဆိုပြီး "သူမသိလို့ မှားမှား ...င်းယွင်း ဆက်ဆံမိပါတယ်၊ ခွင့်လွှတ်ပါ" လို့ဆိုပြီး မေဂျာရှေ့မှာ ...တောင်းပန်လိုက်တယ်။

အဲဒီကနေ မော်တော်ကားအစီအစဉ်လုပ်ပေးပြီး စစ်တကောင်းကို ...ပေးတယ်။ စစ်တကောင်းရောက်တော့ အက်ဖ်အိုင်စီခေါ်တဲ့ စစ်မြေပြင် ...ထောက်လှမ်းရေး တပ်ဖွဲ့စခန်းမှာ တည်းခိုကြတယ်။

ညအိပ်ချိန်လောက်မှာ ကိုသာထွန်းအောင်၊ ကိုစောဖြူတို့ ခေါင်းဆောင် ...ဲ့ ရိုင်ဖယ်ပြောက်ကျားတပ်ဖွဲ့ဝင် လူနှစ်ဆယ်လောက်ရောက်နေကြတယ်ဆိုတာ ...ရတယ်။ သူတို့က ဂျပန်ကိုလက်နက်စွဲကိုင်ပြီး တော်လှန်တိုက်ခိုက်ရင်း ...ဘာမိတ်စစ်တပ်နဲ့ အဆက်အသွယ်လုပ်ခဲ့တယ်။ သူတို့လက်နက်တွေကို ...ဘ်မိတ်ကသိမ်းလိုက်ပြီး လူတွေကိုစစ်သုံ့ပန်းအဖြစ် ဖမ်းဆီးခဲ့တယ်။

ဒီစခန်းမှာပဲ ကိုညိုထွန်းနဲ့ ကက်ပတိန်အန်ဂါတို့နှစ်ယောက်နဲ့လဲတွေ့ကြ
ရတယ်။ ကက်ပတိန်အန်ဂါဆိုသူက သန်လျင်မြို့သား အင်္ဂလိပ်ကပြ
ဖြစ်တယ်။ အဲဒီမှာအားလုံးလူစုမိကြတယ်။ တရားခံအဖြစ်တစ်လမ်းလုံး
ဒုက္ခရောက်လာတဲ့ ကိုစောဖြူ၊ ကိုသာထွန်းတို့အုပ်စုဟာလဲ စစ်သုံ့ပန်းအဖြ
ကနေ လွတ်မြောက်သွားတယ်။

ဒုက္ခတွေကြားက ကျော်ဖြတ်လွတ်မြောက်ခဲ့ကြရလို့ အားလုံးပျော်ရွှ
သွားကြပါတော့တယ်။ မနက်ရထားနဲ့ စစ်တကောင်းကထွက်ပါတယ်။ ည
ကလ္လကတ္တားကို ရောက်တယ်။ အိန္ဒိယရောက် ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့
ရုံးချုပ်ကို ဖွင့်ထားလိုက်နိုင်ပါပြီ။ ဒီစခန်းကို ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ချုပ်
ဘုံရိပ်သာပါလို့ အခေါ် များပါတယ်။ အရင်တစ်ခါ ကိုစံသာကျော်လာတုန်းက
"တကိုးဘေလာ" ဆိုတဲ့ စခန်းမှာ မတည်းရတော့ဘူး။

ဘေဟာလာဘုံရိပ်သာကို ရောက်လာတယ်ဆိုရင်ပဲ တစ်လမ်းလုံး
ပင်ပန်းလာတဲ့ဒဏ်ကြောင့် ကိုစံသာကျော်ကို ဆေးရုံတင်ကုသရတယ်။

## ဒုတိယအကြိမ် ရခိုင်ပြည်နယ်သို့ပြန်

ကိုစံသာကျော်ဆေးရုံတက်နေရတဲ့အတောအတွင်းမှာပဲ ရခိုင်ပြည်နယ်
ကို အရေးတကြီးသွားဖို့ဖြစ်လာလို့ ကိုစံသာကျော်နဲ့ ဒေသကျွမ်းကျင်တဲ့ ကိုထွန်း
အောင်ဖေ၊ ကိုမောင်လေးတို့ကို ရခိုင်ပြည်နယ်ပြန်ဖို့ အစီအစဉ်လုပ်တယ်
သူတို့ (၃)ယောက်ကို ဂျက်ဆိုမှာရှိတဲ့ လေထီးသင်တန်းကျောင်းကိုပို့ပြ
သင်တန်းတက်စေတယ်။ လေထီးသင်တန်းတက်ပြီးတဲ့နောက် မူလကတည်းက
ကိုစံသာကျော် အစီအစဉ်လုပ်ခဲ့တဲ့အတိုင်း ကိုသာကျော်တို့သုံးယောက်ကို
လေထီးနဲ့ ရခိုင်မှာချပေးလိုက်တယ်။

လေယာဉ်ပျံပေါ်ကနေ လူ၊ ပစ္စည်းတွေကို ရန်သူနယ်မြေအတွင်း
ချပေးတဲ့အခါ အများအားဖြင့် လဆန်း ၁၀ ရက်က၊ လပြည့်ကျော် ၅ ရက်
အတွင်းမှာသာဖြစ်တယ်။ လရောင်ကိုအားယူပြီး ချပေးရတဲ့သဘောပါ။

ဒါဟာ ပထမဆုံး ရခိုင်ပြည်နယ်ထဲက ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ဝ
များက လေထီးနဲ့ခုန်ချခြင်းဖြစ်တယ်။ ထပ်ရေးရရင် ဖက်ဆစ်ဆန့်ကျင်ရေးအ
ဝင် ဒီရဲဘော်သုံးဦးဟာ မြန်မာပြည်ထဲကို ပထမဆုံးလေထီးနဲ့ဆင်းသူများအဖြ
မြန်မာ့သမိုင်းမှာ မှတ်တမ်းတင် ကမ္ပည်းထိုးခြင်းခံရသူများဖြစ်ပါတယ်။

သူတို့သုံးယောက်နဲ့အတူ အင်္ဂလိပ်တပ်က "ဂျင်း" ဆိုတဲ့ ချင်းအမျိုးသား ဝိုင်ယာလက်သမားတစ်ယောက်လဲပါတယ်။ သူတို့ဆင်းတဲ့နေရာက ပန်းပဲချောင်း၊ နီချောင်ရွာအနီး လယ်ကွင်းထဲမှာဖြစ်တယ်။ ခုန်ချရတဲ့ပုံစံက အသားလွတ်ခုန် (Blind Drop) သဘောပဲ။ (Blind Drop) ဆိုတာက အောက်ကဆက်သွယ်မယ့်၊ ကြိုမယ့်သူတွေနဲ့ အချိန်းအဆက်လုပ်မထားဘဲ ခုန်ချခြင်းဖြစ်တယ်။ ပြီးတော့ ရန်သူရှိတယ် မရှိဘူးဆိုတာလဲ မသိဘဲ ခုန်ဆင်းတာမျိုးဖြစ်တဲ့အတွက် ဒီလိုပုံစံနဲ့ခုန်တာကို (Blind Drop)ဖြစ်ချင်ရာဖြစ် ကမ္ဘာသကာဆိုတဲ့သဘောမျိုးနဲ့ ဆင်ကန်းတောတိုးသဘော ခုန်ဆင်းတာမျိုးဖြစ်ပါတယ်။

ကိုစံသာကျော် ဆေးရုံကဆင်းလာတော့ သူလဲ ဂျက်ဆိုရှိလေထီးသင်တန်းကျောင်းကို ဆက်သွားရပြန်တယ်။ ရဲဘော်ချစ်လှဖြူ၊ ရဲဘော်ဝေလာ၊ ရဲဘော်ငိန်ထွန်းဖြူနဲ့ တရုတ်အော်ပရေတာနှစ်ယောက်တို့လဲ ကိုစံသာကျော်နဲ့အတူ လေထီးသင်တန်းတက်ကြရတယ်။

ကာလ္လကတ္တားက နံနက် ၆ နာရီကားနဲ့ထွက်ခဲ့ကြတယ်။ ဂျက်ဆိုလေယာဉ်ပျံကွင်းကို ကာလ္လကတ္တားကနေ ကားနဲ့သွားရင် ၆ နာရီကြာတယ်။ နေ့ ၁၂ နာရီမှာ ဂျက်ဆိုကွင်းကိုရောက်ကြတယ်။ မနက်စာလဲအဲဒီမှာ စားကြတယ်။ ပထမမြေပေါ်မှာပဲ လေ့ကျင့်ကြတယ်။ နောက် လစ်ဘရေတာ အမျိုးအစား လေယာဉ်ပျံပေါ်က ခုန်ချကြရတယ်။ ဒီသင်တန်းကတော့ လေထီးခုန်ချမယ့် လေထီးသမားတွေဟာ သူတို့ကိုယ်သူတို့ ယုံကြည်မှုရှိအောင် လေ့ကျင့်ရတဲ့ သင်တန်းဖြစ်ပါတယ်။ လေထီးနဲ့ခုန်ချတဲ့အခါ ဘယ်လောက် အာမခံချက်ရှိသလဲဆိုတာ သူတို့ ရဲ့ ကိုယ်ပိုင်အတွေ့အကြုံနဲ့ ယုံကြည်မှုရှိအောင် သင်ကြားပေးတာဖြစ်တယ်။

လေထီးခုန်ဆင်းနည်း၊ လေထီးဖြုတ်နည်း၊ လေထီးခေါက်နည်းတို့ကိုပါ သင်ကြရတယ်။

(ကိုစောဖြူ၊ ကိုသာထွန်းအောင်တို့ စစ်သုံ့ပန်းဘဝကျရောက်ခဲ့ပုံတို့ကို ကိုစောဖြူရဲ့ ကိုယ်ရေးမှတ်တမ်းမှာ အပြည့်အစုံဖော်ပြထား ပြီးဖြစ်တဲ့အတွက် ဒီမှာဖော်မပြဘဲ ချန်လှပ်ထားလိုက်ပါတယ်။ စာရေးသူ)

မြေပြင်ပေါ်ရောက်ပြီး ကိုယ့်လေထီးကိုယ်ခေါက်ကြရပြီး နောက်ပိုးအိတ်ထဲထည့်ကာ သင်တန်းဆရာဆီကို သွားကြတယ်။ သင်တန်းဆရာက

Any Question ဘာမျှားမေးစရာရှိသေးသလဲလို့မေးတယ်။ သဘောကတော့ ဘာဲ များမေးမြန်းစရာရှိသေးသလဲလို့ဆိုတဲ့သဘောပါ။ ဘာပြဿနာမှာမရှိဘူး၊ အားလုံးကောင်းပါတယ်လို့ သင်တန်းသားတွေက ဖြေလိုက်တယ်။

သင်တန်းဆင်းပြီးနောက် ကိုစံသာကျော်အဖွဲ့ဟာ ဘီဟာလာစခန်းကို ပြန်ကြရတယ်။ အဲဒီကမှ နောက်တစ်နေ့မနက် ဗိုဒ် ၁၃၆ တပ်ဖွဲ့ ဌာနချုပ် ရုံးကို သွားကြရပြန်တယ်။ ကိုစံသာကျော်တို့ဆင်းရမယ့် နေရာက ကိုမောင် လေး၊ ကိုသာကျော်တို့ဆင်းသွားတဲ့ နေရာဖြစ်တယ်လို့ စစ်ဌာနချုပ်မှ တာဝန်ခံ အရာရှိက ရှင်းပြတယ်။

ကိုစံသာကျော်တို့ ဆင်းရမယ့်အဖွဲ့မှာ ကိုချစ်လှဖြူ၊ ကိုစိန်ထွန်းဖြူ၊ ကိုဝေလာနဲ့ တရုတ်အော်ပရေတာနှစ်ယောက် ပေါင်း ငါးယောက်အဖွဲ့ ဖြစ်တယ်။ သူတို့ရဲ့လျှို့ဝှက်အမည်က "ဝက်"အဖွဲ့လို့နာမည်ပေးလိုက်တယ်။ အင်္ဂလိပ်လိုတော့ (Pig Party) လို့ခေါ်တယ်။

လေထီးနဲ့ချတိုင်းချတိုင်း အဲဒီအဖွဲ့လေးတွေကို သူတို့သိလွယ်အောင် တိရစ္ဆာန်နာမည်တွေတပ်ပေးပြီး ဘာပါတီ၊ ညာပါတီရယ်လို့ဆိုပြီး နာမည် ပေးလွှတ်ရတယ်။ ကိုမောင်လေးတို့၊ ကိုသာကျော်တို့ဆင်းတဲ့အဖွဲ့ကို (Lion Party) (ခြင်္သေ့ပါတီ)လို့ အဲဒီလိုအမည်ပေးခဲ့တယ်။

ကိုစံသာကျော်တို့အဖွဲ့ဟာ ဂျက်ဆိုလေယာဉ်ပျံကွင်းကနေ ညလရောင် ကိုအားပြုပြီး ကိုသာကျော်တို့ဆင်းတဲ့နေရာသွားပြီး လေထီးနဲ့ဆင်းကြရတယ်။

သူတို့နဲ့အတူ လက်နက်တွေပါတယ်။ ဂျပန်ငွေတစ်အိတ်၊ အိန္ဒိယသုံး ငွေ ၄၀၀၀ ထည့်ပေးလိုက်တယ်။ ကိုစံသာကျော်တို့အဖွဲ့ သုံးဖို့ ငွေ ၅၀၀ ယူထားပြီး ကျန်ငွေ ၃၅၀၀ နဲ့ ဂျပန်ငွေများကို ဆရာတော်ဦးပညာသီဟဆီ ကိုသိန်းဖေ၊ ကိုညိုထွန်းနဲ့ ဗိုဒ် ၁၃၆ ရဲ့အစီအစဉ်အတိုင်း ပို့လိုက်တယ်။

ကိုသာကျော်တို့ခြင်္သေ့အဖွဲ့ကို စစ်တွေခရိုင် တောင်ပိုင်းဖြစ်တဲ့ မင်းပြား ပေါက်တောဘက်ကို တာဝန်ယူစေလိုက်တယ်။

ကိုစံသာကျော်တို့ကတော့ ကျောက်တော်မြို့နယ်၊ ငါးယောက်ကိုင်း ရွာမှာ အခြေခံပြီး စည်းရုံးရေးတွေလုပ်ကြတယ်။ နောက်ဆင်းလာမယ့် အဖွဲ့တွေအတွက် ဆင်းမယ့်စခန်းတွေ၊ နေရာတွေရှာပေးကြရတယ်။ ရခိုင် ပြောက်ကျားတွေအတွက် မဟာမိတ်တွေကချပေးတဲ့ လက်နက်တွေတပ်ဆင် ပေးတယ်။ လက်နက် ကိုင်ပုံကိုင်နည်းနဲ့ ပြောက်ကျားစစ်ဆင်ရေးကိုပါ ပို့ချ

ပေးကြတယ်။ ရန်သူရဲ့သတင်းတွေကို ရသမျှစုစည်းပြီး ကြိုးမဲ့ကြေးနန်းနဲ့ ကလ္လကတ္တားရှိ စစ်ဌာနချုပ်ကို ပို့ပေးရတယ်။

ဒီဇင်ဘာ ၂၅ ရက်နေ့မှာ ကိုညိုထွန်း၊ ကိုသာထွန်းအောင်၊ ဗြိတိသျှစစ်တပ်က မေဂျာကရူး၊ ကက်ပတိန်ကော့စ်၊ ဝိုင်ယာလက် အော်ပရေတာဆာဂျင်ဂျိမ်းတို့အဖွဲ့ဟာ ကျောက်တော်မြို့နယ် မညင်းတောင်အနီးရှိ ကွင်းမှာလေထီးနဲ့ဆင်းခဲ့ကြတယ်။ သူတို့ဆင်းဖို့အတွက် ဆင်းရမယ့်နေရာကို အောက်ကနေပြီး ကိုစံသာကျော်တို့က အချက်ပြမီးနဲ့ ဆက်သွယ်ပေးခဲ့တယ်။

## ရခိုင်ပြည်နယ်က ဂျပန်ကို စတင်တော်လှန်ခြင်း

ကိုညိုထွန်းတို့နဲ့တစ်ပါတည်း ရခိုင်ပြောက်ကျားများအတွက် လက်နက်ခဲယမ်းမီးကျောက် လေထီးနဲ့ချပေးခဲ့တယ်။

သူတို့ဆင်းလာကြပြီးနောက်ပိုင်းမှာ ရခိုင်ပြည်နယ်က ဖက်ဆစ် ဆန့်ကျင်ရေး အဖွဲ့ခေါင်းဆောင်များဖြစ်ကြတဲ့ ဆရာတော် ဦးပညာသီဟ၊ ကိုကြာလှအောင်၊ ဦးထွန်းဝင်း၊ ဦးမောင်နီစတဲ့ ခေါင်းဆောင်များတိုင်ပင်ကြပြီး ဒီဇင်ဘာလ ၃၁ ရက်နေ့ကို ဖက်ဆစ်ဂျပန်များကို စတင်တိုက်ခိုက်ဖို့ ရွေးချယ်လိုက်ပါတယ်။ ဒီလိုရွေးချယ်သတ်မှတ်ပြီးတဲ့နောက် ရခိုင်ရစ်မြို့နယ်လုံးရှိ ရခိုင်ပြောက်ကျားများဆီ ညွှန်ကြားချက်များ ပို့လိုက်ပါတယ်။

တစ်ပါတည်းမှာပဲ ကာကွယ်ရေးတပ်ကို အခြေခံပြီး တပ်သားသစ်များ စုဆောင်းကြတယ်။ နောက် မြန်မာ့မျိုးချစ်တပ်မတော်ဆိုပြီး ဖွဲ့စည်းလိုက်လိုက်တယ်။ တပ်မှူးကြီးအဖြစ် ကိုညိုထွန်းကို ရွေးချယ်ပြီး ဒု-တပ်မှူးကြီးအဖြစ် ကိုကြာလှအောင်ကို ရွေးချယ်တာဝန်ပေးလိုက်ကြတယ်။

ကျောက်တော်မြို့နယ်၊ မြို့ဟောင်းမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ မင်းပြားမြို့နယ်၊ ပေါက်တောမြို့နယ်၊ မြေပုံမြို့နယ်အတွင်းမှာရှိတဲ့ ဂျပန်များရဲ့ အရေးကြီးတဲ့ ဆက်သွယ်ရေးလမ်းကြောင်းတွေကို ဖြတ်တောက်တိုက်ခိုက်ဖို့ အဓိကဆောင်ရွက်ကြတယ်။

ဖေဖော်ဝါရီလပထမပတ်အတွင်းမှာပဲ မဟာမိတ်များ အလုံးအရင်းနဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်းကို စတင်ပြီး ထိုးစစ်ဆင်လာကြတယ်။

ရခိုင်မျိုးချစ်တပ်မတော်က ဂျပန်တွေကို ပြောက်ကျားစနစ်နဲ့ တိုက်ခိုက်လာတဲ့အတွက် ဂျပန်တပ်တွေဟာ နောက်ကျောမလုံရတော့တဲ့အတွက်

မဟာမိတ်တပ်များကို ခုခံတိုက်ခိုက်မှုမလုပ်တော့ဘဲ ရခိုင်ပြည်နယ်တောင်ပိုင်း အမ်းမြို့နယ်ဘက်ကို ဆုတ်ခွာလာကြတော့တယ်။

ဒီမှာ ဗရောက်ဒါဝါဒပါလာတယ်။ ရခိုင်တော်လှန်ရေးပြီးတော့ လက်နက်မချချင်ကြဘူး။ ဗရောက်ဒါဝါဒကို အိန္ဒိယဘီဟာလာဘုံရိပ်သာစခန်းမှာကတည်းက ပို့ချခဲ့ခြင်းဖြစ်ပါတယ်။ အင်္ဂလိပ်တွေဆီက လွတ်လပ်ရေးကို လက်နက်နဲ့ တိုက်ယူစရာမလိုဘဲ ငြိမ်းချမ်းကဲ့နည်းနဲ့ပဲ ယူရမယ်ဆိုတဲ့ဝါဒပါ။

ရခိုင်မျိုးချစ်တပ်မတော် တာဝန်ယူတဲ့နယ်ပယ်မှာ ရန်သူဂျပန်တွေမရှိရတော့တဲ့အတွက် တပ်များအားလုံးကို မြို့ဟောင်းမြို့နယ် "ပြဒေ" စခန်းကြီးမှာစုပြီး ကိုသိန်းဖေရဲ့ညွှန်ကြားချက်အရ လက်နက်တွေကို ကက်စ်ဘီခေါ် ဗြိတိသျှစစ်အုပ်ချုပ်ရေးအဖွဲ့သို့ ပြန်အပ်လိုက်ကြရတယ်။

**လက်နက်တွေအပ်ကြရခြင်း**

ဒီလိုလက်နက်အပ်လိုက်ရတာဟာ ရဲဘော်တွေရဲ့ဆန္ဒနဲ့ကင်းပြီး အပ်လိုက်ကြရတယ်။ ရဲဘော်တွေဆန္ဒလုံးဝမပါဘူးဆိုပဲ။ လက်နက်အပ်လိုက်ကြရတော့ ရဲဘော်များ ဝမ်းနည်းပက်လက်ငိုကြတယ်။ စိတ်ဓာတ်ကျကုန်ကြပါသတဲ့။

ဗြိတိသျှတပ်မတော် ဖို့ဒ် ၁၃၆ တပ်ဖွဲ့က လေထီးနဲ့ချပေးလိုက်တဲ့ လက်နက်တွေကိုတော့ ပြောက်ကျားတွေကို အပ်လိုက်ကြတယ်။ ဂျပန်နဲ့ တိုက်လို့ရတဲ့ လက်နက်အချို့ကိုလဲ အပ်လိုက်ကြတယ်။ ဒါပေမယ့် တိုက်ပွဲက ရခဲ့တဲ့လက်နက်တော့ အကုန်မအပ်ဘူးတဲ့။

လက်နက်တွေစနစ်တကျအပ်ပြီးတဲ့နောက်မှာ ကိုမောင်ကလေး၊ ကိုသာကျော်၊ ကိုစံသာကျော်၊ ကိုသာထွန်းအောင်၊ ကိုညိုထွန်း၊ ဆရာတော်ဦးပညာသီဟ၊ ကိုကျော်မြ၊ ကိုကြာလှအောင် စတဲ့ရခိုင်ခေါင်းဆောင် ၂၀ ကျော်ကို စစ်တွေကနေ ကလကတ္တားကို လေယာဉ်ပျံနဲ့ပို့ပေးလိုက်ပါတယ်။ ကလ္လကတ္တားရောက်တော့ ကိုသိန်းဖေရှိတဲ့ ဘေဟာလာစခန်းမှာ စခန်းချစေပါတယ်။

မြန်မာပြည်မဘက်မှာ ဆက်လက်ပြီး တာဝန်ယူဖို့အတွက် ကိုမောင်လေး၊ ကိုသာကျော်၊ ကိုသာထွန်းအောင်နဲ့ ကိုစံသာကျော်တို့ လေးဦးကို ရွေးချယ်လိုက်ပါတယ်။

တာဝန်မပေးခင် ကိုစံသာကျော်နဲ့ ကိုသာကျော်တို့နှစ်ယောက်ကို ဗိုဒ် ၁၃၆ တပ်ဖွဲ့ရုံးချုပ်ကိုခေါ်သွားပါတယ်။ မေဂျာကရူးနဲ့ မေဂျာဘက်တာစပီ တို့နှစ်ယောက်က ကိုစံသာကျော်တို့နှစ်ယောက်ကို ဗြိတိသျှစစ်တပ်မှာ ဝင်ရောက် အမှုထမ်းဖို့အတွက် စည်းရုံးတိုက်တွန်းတယ်။ တစ်ပါတည်းမှာ (King Commission) ဘုရင့်ကော်မရှင်ယူဖို့စည်းရုံးတယ်။

သူတို့နှစ်ယောက်က သူတို့ဟာ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ချုပ်ရဲ့ တာဝန်ပေးချက်အရသာ တာဝန်ထမ်းဆောင်သူများဖြစ်တယ်။ ကိုသိန်းဖေနဲ့ ကိုညိုထွန်းတို့ဟာ သူတို့ရဲ့ခေါင်းဆောင်များဖြစ်တယ်။ သူတို့ရဲ့ ညွှန်ကြား ချက်ကိုသာ ဆောင်ရွက်ရသူများဖြစ်ကြောင်း၊ သူတို့က အဲဒီဘုရင့်ကော်မရှင် ကို ယူပါဆိုမှယူမယ့်အကြောင်း ပြေရှင်းပြရင်း ငြင်းလိုက်ကြတယ်။

အဲဒီနောက် ကိုစံသာကျော်၊ ကိုသာကျော်နဲ့ ကိုမောင်လေးတို့ သီဟိုမှာ ရှိတဲ့ အမ်အီးတူးဖိုက် (Military Establishment 25) ကို ကလ္လကတ္တား ကနေ သွားရောက်သင်တန်းတက်ကြရတယ်။ သီဟိုအဆင့်မြင့်စစ်ပညာသင် ကျောင်းမှာ အမ်အီးတစ်၊ အမ်အီးနှစ်၊ အမ်အီးသုံး အစရှိတဲ့ ဌာနခွဲပေါင်း အများကြီးရှိပါသတဲ့။ အဲဒီလိုရှိနေတဲ့အနက် မြန်မာပြည်က သွားတဲ့ ဖက်ဆစ် ဆန့်ကျင်ရေးအဖွဲ့တွေကတော့ အမ်အီး ၂၅ တူးဖိုက်မှာချည်း တက်ကြရပါတယ်။

ကိုစံသာကျော်တို့ ကလ္လကတ္တားကနေ သီဟိုကို လေယာဉ်ပျံနဲ့သွား ရတဲ့ခရီးဟာ ၁၀ နာရီကြာပါတယ်။ သီဟိုရောက်တော့ သီဟိုကနေ ကျောင်း ရှိတဲ့နေရာကို ကားနဲ့ ဆက်သွားရပါတယ်။ ၂ နာရီခန့်ကြာပါတယ်။ အဲဒီမှာ လက်နက်ငယ်သင်တန်း ပြောက်ကျားစစ်ဆင်ရေး၊ ဖောက်ခွဲရေး စတဲ့ပညာ ရပ်တွေကို သင်ကြားရတယ်။ ဒီကျောင်းမှာ အာရှက လူမျိုးပေါင်းစုံနဲ့ တွေ့ရ ပါတယ်။

## ဘာအယ်လ်တီထံသို့ အထောက်တော်အဖြစ်နဲ့

ကိုစံသာကျော်တို့ရောက်ပြီး နောက်တစ်နေ့မနက်မှာ "ထွန်းကျော် အမြန်လိုက်ခဲ့"ဆိုပြီး ကြေးနန်းရောက်ပြန်တယ်။ အဲဒါကြောင့် အမ်အီးတူးဖိုက် ကျောင်းက ကိုစံသာကျော်တစ်ယောက်တည်း ကလ္လကတ္တားကိုလာတဲ့ခရီးစဉ် အတိုင်း ပြန်လှည့်ခဲ့ရတယ်။

ကိုသိန်းဖေနဲ့သွားတွေ့တော့ "ကိုစံသာကျော်က ရန်ကုန်မှာ ကျောင်းနေခဲ့တယ်။ ရန်ကုန်အထာကို အသိဆုံးမို့ သူ့ကိုရွေးခြင်းဖြစ်ကြောင်း" ကိုသိန်းဖေက ရှင်းပြပါသတဲ့။

ရဲဘော်ကို အရေးကြီးတဲ့ကိစ္စနဲ့ ရန်ကုန်လွှတ်စရာရှိတယ်။ ရဲဘော်နဲ့ အတူကြိုက်တဲ့လူ တစ်ယောက်ကို အဖော်ခေါ်သွားပါလို့လဲပြောတယ်။

ကိုစံသာကျော်က ဒီလိုဆိုရင် ကိုသာထွန်းအောင်ကို အဖော်အဖြစ်နဲ့ ခေါ်သွားလိုတဲ့အကြောင်း တင်ပြလိုက်တယ်။

ကိုသိန်းဖေဟာ ရခိုင်ခေါင်းဆောင်များဖြစ်တဲ့ ကိုစံသာကျော်၊ ကိုသာထွန်းအောင်တို့ကို တာဝန်ပေးတဲ့အချိန်က ကိုသိန်းဖေရဲ့ ဘီဟာလာဘုံရိပ်သာမှာ ရန်ကုန်နဲ့ အောက်မြန်မာပြည်ကရောက်လာတဲ့သူ တွေဟာ ပုပ္ပ နွေးနွေးပဲ ရှိပါသေးတယ်။

ကိုသိန်းဖေဟာ အဲဒီတုန်းက အောက်မြန်မာပြည်ကလူတွေကို မရွေးဘဲ ရခိုင်ကလူတွေရွေးလွှတ်တာ သူ့မှာ အဓိပ္ပာယ်ရှိလိမ့်မယ်လို့ ထင်ပါတယ်။

ရန်ကုန်ကလူတွေဟာ မြေအောက်အဖွဲ့ဝင်တွေအဖြစ် ဂျပန်က သိချင်လဲ သိနေပေလိမ့်မယ်။ မျက်ခြည်မပြတ်ကြည့်ခံနေရသူရင်လဲဖြစ်ချင်ဖြစ်နေပေလိမ့်မယ်။ အဲဒီတော့ သူတို့ကို ပြန်လွှတ်ရင် တစ်နည်းမဟုတ်တစ်နည်းနဲ့ အစ ထွက်သွားရင် သူတို့ရဲ့လုံခြုံမှုကို ထိခိုက်စေနိုင်လိမ့်မယ်။ ပြီး အရေးကြီးတဲ့ စာနှစ်စောင်ဟာ ကေအယ်လ်တီလက်ထဲမရောက်ခင် ရန်သူ့ဆီရောက်သွားရင် တော်လှန်ရေးဟာ ရေတိမ်ထဲနစ်လိမ့်မယ်။

ရန်ကုန်သားက ရန်ကုန်အခြေအနေတွေကို ထုံးလိုမွှေ ရေလိုနှောက်နိုင်ပေမယ့် အဲဒီလိုအန္တရာယ်မျိုးက တစ်ဘက်ကရှိနေနိုင်တာကြောင့် ရန်ကုန်သား၊ အောက်မြန်မာပြည်သားတွေ မရွေးတာလဲဖြစ်နိုင်တယ်။

ကိုစံသာကျော်တို့နှစ်ယောက်စလုံးဟာ ရန်ကုန်မှာ နေလာဖူးသူများ ဖြစ်တဲ့အတွက် ရန်ကုန်ဟာ သူတို့အတွက် စိမ်းမနေပေဘူး။ ပြီးတော့လဲ ရန်ကုန်က စစ်မဖြစ်ခင်ကတည်းကပဲ ဆိုကြပါစို့၊ ခွဲခွာ လာနေခဲ့ကြလေတော့ ဒီဂျပန်ဆန့်ကျင်ရေးသမားအဖြစ် သိချင်မှသိပေလိမ့်မယ်။

အဲဒီတော့ သူတို့ကိုရွေးလွှတ်ရင် အန္တရာယ်အကင်းဆုံးနဲ့ တာဝန်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်မယ်လို့လဲယူဆပေလိမ့်မယ်။

နောက်တစ်ခုကလဲ အချက်တစ်ချက်ပါဝင်လိမ့်မယ်လို့ ယူဆရပါတယ်။ အဲဒါက အဓိကမဟုတ်ပေမယ့် အဓိကနေရာက ပါချင်ပါသွားနိုင်ပါတယ်။

ဒါကဘာလဲဆိုရင် ရခိုင်တော်လှန်ရေးမှာ မဟာမိတ်ဆိုတဲ့ ဗြိတိသျှ တပ်မတော်အနေနဲ့ ရခိုင်ပြည်နယ်က ဂျပန်ကိုမောင်းထုတ်ပြီး ဘယ်လိုသဘော ထားခဲ့၊ လက်နက်တွေကို ဘယ်လိုဖြုတ်ခဲ့သလဲဆိုတာရယ်တို့နဲ့ ပတ်သက်နေတဲ့ အတွက် မဟာမိတ်ဆိုသူတွေအပေါ် ဖ-တ-ပ-လ ဦးစီးတဲ့အဖွဲ့က ဘယ်လို ဆက်ဆံသင့်သလဲ၊ သူတို့အပေါ် ဘယ်လိုသဘောထားသင့်သလဲဆိုတာတွေ ရခိုင်အတွေ့အကြုံရလဒ်ပေါ် အခြေထုတ်နိုင်ဖို့ လိုမယ်လို့လဲ ကိုသိန်းဖေအနေနဲ့ နားလည်ပေလိမ့်မယ်။

ရခိုင်ပြည်နယ်အခြေအနေကို ကိုသိန်းဖေအနေနဲ့ စာလုံးပေါင်းများစွာ ရေးသားဖော်ပြချက်ထက် ဒီတိုက်ပွဲတွေမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်လာခဲ့ သူများရဲ့ ကိုယ်ပိုင်အတွေ့အကြုံတွေကို ပြောပြခြင်းက ပိုအရာထင် ထိရောက် လိမ့်မယ်လို့ ယူဆပေလိမ့်မယ်။

ဒါကြောင့် ရန်ကုန်ကိုလဲကျွမ်းကျင်ပြီး ရန်ကုန်နဲ့လဲအနေခွာခဲ့လေတော့ နိုင်ငံရေးသမားကို ဂျပန်စောင့်ကြည့်ခြင်း၊ ခြေရာခံခြင်းမှာ အနည်းနှင့်အများ ဆိုသလိုခံရလိမ့်မယ် မဟုတ်တဲ့အတွက် ကေအယ်လ်တီဆီပို့တဲ့စာကို အန္တရာယ် ကင်းစွာသယ်ဆောင်ပေးအပ်နိုင်လိမ့်မယ့်အပြင် ရခိုင်ပြည်နယ်ကိစ္စ ရခိုင် တော်လှန်ရေးနဲ့ပတ်သက်တဲ့ ကိုယ်ပိုင်ကြုံတွေ့ချက်တွေကိုပါ ခရေစေ့တွင်းကျ ပြောနိုင်လိမ့်မယ်လို့ ယူဆမှာပါ။

အဲဒီအချက်တွေကြောင့် ရခိုင်လူငယ်နှစ်ဦးဖြစ်တဲ့ ကိုစံသာကျော်ကို ခေါင်းဆောင်အဖြစ်ထားပြီး ကေအယ်လ်တီဆီလွှတ်ရေးအဖွဲ့အတွက် ရွေးချယ် ခဲ့ခြင်း ဖြစ်ဟန်တူတယ်လို့ နားလည်နိုင်မှာပါ။

သူတို့နဲ့အတူသယ်ဆောင်သွားရမှာက အရေးကြီးတဲ့ စာနှစ်စောင်တဲ့။ တပ်မတော် ဗိုလ် ၁၃၆ တပ်ဖွဲ့ စစ်ဌာနချုပ်က မြန်မာပြည်ရှိ ဖက်ဆစ်ဆန့်ကျင် ရေးအဖွဲ့ချုပ် ခေါင်းဆောင်များကို ပေးဖို့စာတစ်စောင်။

တစ်စောင်က ကိုသိန်းဖေက ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ချုပ်ကို ပေးတဲ့ စာ။ ဒီစာနှစ်စောင်ကို သယ်ဆောင်ပြီး ရန်ကုန်ကို သွားရမှာဖြစ်တဲ့အကြောင်း၊ သူတို့မထွက်ခင် သွားရမယ့်ခရီးစဉ်ကို သက်ဆိုင်ရာ ဗိုလ် ၁၃၆ တပ်ဖွဲ့က ညွှန်ကြားလိုက်တာက မြန်မာပြည်ကို လေထီးနဲ့ဆင်းတဲ့အခါ သူတို့ကို

ကြံ့ခိုင်ဖို့အဖွဲ့က ရှိနေနှင့်ပြီဖြစ်ကြောင်း၊ အဲဒီအဖွဲ့ကဆက်ပြီး ရန်ကုန်ကို တာဝန်ယူပို့ပေးမယ့်အကြောင်း၊ ရန်ကုန်ရောက်ရင် ရန်ကုန်မှာ တွေ့ဆုံ ဆက်သွယ်ရမယ့် အဓိကပုဂ္ဂိုလ်ဟာ (ကေအယ်လ်တီ K.L.T) ဆိုတဲ့ ပုဂ္ဂိုလ် ဖြစ်ကြောင်း၊ ကေအယ်လ်တီဆိုတဲ့ပုဂ္ဂိုလ်က သူတို့နဲ့ လာရောက်ဆွေးနွေးမယ့် အကြောင်း၊ အဲဒီတော့မှ အခုပေးလိုက်တဲ့စာကို ပေးရမှာဖြစ်ကြောင်း၊ စတဲ့ အကြောင်းများကို ကိုသိန်းဖေက ညွှန်ကြားလိုက်ခြင်းဖြစ်ကြောင်း၊ နောက်ပြီး တော့ ရခိုင်ပြည်မှာလှုပ်ရှားခဲ့တဲ့ ဖက်ဆစ်ဆန့်ကျင်ရေးအခြေအနေများ၊ မဟာမိတ် များနဲ့ ပူးတွဲလုပ်ခဲ့တဲ့ အခြေအနေများကို တင်ပြပေးစေလိုကြောင်းတို့ကိုပါ မှာကြားလိုက်သတဲ့။ ကိုစံသာကျော်တို့ အဲဒီညမှာ ဘုံရိပ်သာမှာပဲပြန်အိပ် ကြတယ်။

နောက်တစ်နေ့မနက် ကိုစံသာကျော်နဲ့ ကိုသာထွန်းအောင်တို့ နှစ်ယောက် လက်ဖက်ရည်မုန့်များစားသောက်ပြီး ဖို့ဒ် ၁၃၆ တပ်ဖွဲ့ရုံးချုပ်ကို ကားနဲ့သွား ကြတယ်။

ရုံးချုပ်မှာ ဗြိတိသျှစစ်ဘက်အရာရှိတစ်ဦးနဲ့ မေဂျာဘတ်တာစပီလဲ ရှိနေတယ်။ သူတို့က ခရီးသွားရမယ့်ကိစ္စတွေကို အသေးစိတ်ရှင်းပြတယ်။

ဂျက်ဆိုလေယာဉ်ပျံကွင်းကနေ ညအချိန်မှာ (လစ်ဘရေတာ) လေယာဉ် နဲ့ မြန်မာပြည်မထဲက ပဲခူးမြောက်ဘက် တစ်နေရာမှာ လေထီးနဲ့ချပေးမယ့် အကြောင်း၊ ကိုသာထွန်းအောင်တို့ ဆင်းရမယ့်နေရာက ပဲခူးနှင့် ၂၆ မိုင် လောက်ဝေးတဲ့နေရာဖြစ်တယ်လို့ မြေပုံထောက်ပြတယ်။ ဝိုင်ယာလက်စက် (ဘီတူးစက်တစ်စုံ)၊ ရေဒီယိုရစီပါဆယ်လုံးလဲတစ်ပါတည်း လေထီးနဲ့ချပေး မှာဖြစ်ကြောင်း၊ ရေဒီယိုငယ်တွေကို ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ခေါင်းဆောင် များအတွက် လက်ဆောင်ပေးရန်ဖြစ်ကြောင်း၊ ဘီတူး ဝိုင်ယာလက်စက် ကိုတော့ မြစ်ဝကျွန်းပေါ်မှာရှိတဲ့ သခင်စိုးဆီပေးဖို့ဖြစ်ကြောင်း၊ လေထီးနဲ့ ဆင်းရမယ့်နေရာတစ်ဝိုက်က ရွာသူရွာသားတွေကို လက်ဆောင်အဖြစ်ပေးဖို့ လုံချည် အင်္ကျီ လူသုံးကုန်ပစ္စည်းအချို့ကိုပါ ပေးထီးနဲ့တစ်ပါတည်း ချပေး လိုက်မှာဖြစ်ကြောင်း၊ ရွာသူရွာသားတွေ ဝေပေးရန်ဖြစ်ကြောင်း ရှင်းလင်း ပြောကြားကြပါတယ်။

ဆဲဒီလိုမှာကြားပြီးတဲ့နောက် အိန္ဒိယရိုက် ဆောင်စမလဲသဲကော် ဂျမန် …ကြေးတွေ ဂုန်နီအိတ်နဲ့သုံးအိတ်၊ အိန္ဒိယရုံးငွေ ၈၀၀၀ ကိုလဲ တစ်ပါတည်း …လိုက်တယ်။

သူတို့နဲ့အတူအဆိပ်ရည်ပါတဲ့ Capsuleကတော်ပ်ဆူးလ်ဆေးလုံး တစ်လုံး …သးလိုက်တယ်။ တကယ်လို့ဂျပန်ကဖမ်းမိသွားရင် အဲဒီဆေးလုံးကလေးကို …ယ်ထဲငုံထားလိုက်၊ စစ်ဆေးမေးမြန်းတော့မယ်ဆိုရင် အဲဒီဆေးလုံးကလေး … ကိုက်ခွဲလိုက်ရမယ်၊ ဆေးရည်များ စိမ့်ထဲဝင်သွားတာနဲ့ တစ်ပြိုင်နက် …စက္ကန့်အတွင်း အသက်ပျောက်သွားတယ်။ ဒီဆေးရဲ့နာမည်က (Five …cond death pills) လို့ ခေါ်ပါတယ်။ အဲဒီဆေးလုံးက သကြားလုံးလို …တောမျိုးပါပဲတဲ့။ ရန်သူလက်ထဲအဖမ်းခံရရင် ဆေးလုံးကိုသောက်ဖို့ …ရန်လဲမှာကြားလိုက်တယ်။

၁၉၄၅ ခု၊ ဖေဖော်ဝါရီလ (၂၁) ရက်နေ့မှာ သူတို့ကို ဂျက်ဆို …လေယာဉ်ကွင်းကို ကားနဲ့သွားကြတယ်။ လကွယ်ရက်ပဲ။ သူတို့ကိုလေထီး …ညီ အင်္ဂလိပ်စစ်ဗိုလ်က လိုက်ပို့ပါတယ်။ ကိုစံသာကျော်ကတော့ ဂျက်ဆိုက …ကျပြီး မကြာခင်အိပ်လိုက်တော့တယ်။ ဆင်းမယ့်နေရာကိုရောက်မှ လေယာဉ် …မှုထမ်းက နှိုးမှ နိုးတော့တယ်။

ကိုသာထွန်းအောင်ကတော့ လေထီးဆင်းရင် ဘယ်သူတွေနဲ့တွေ့မလဲ၊ …ပြည်ရောက်ရင် ဘာလုပ်၊ ဘာတာဝန်တွေ ဆက်ထမ်းရမလဲ၊ ကြောင် …က်သဲဆိုတာ ဘယ်သူလဲ၊ ဒါတွေကိုပဲ တွေးပြီး လိုက်လာပါတယ်တဲ့။ …တွေးကိုယ်စီနဲ့ဆိုတော့ တစ်ယောက်နဲ့တစ်ယောက် စကားမပြောဘဲ ငြိမ်ပြီး …ာက်ပါလာတယ်။ လေယာဉ်စက်သံတစ်ခုပဲ ကြားနေရတယ်။

သူတို့ဆင်းရမယ့်ရွာက ရွှေတောင်းအနီးက ဆန်းတောရွာ ဖြစ်တယ်။ …တ်ပိုက မဟာရွာ၊ ရွှေလောင်းက ကရင်ရွာဖြစ်ပါတယ်။

စစ်အတွင်းဖြစ်လို့ ပဲခူးနယ်ကို တောက်လျှောက်ဒါရိုက်တန်းပြီး မျှသန်း …တာဘူး။ ပင်လယ်ပေါ်ကဝဲပြီး ပျံသန်းခဲ့တယ်။ မုတ္တမကွေ့ရောက်မှ …ခံတောင်းမြစ်အတိုင်း ဆန်တက်ဖို့ရည်ရွယ်ခဲ့တယ်။ အဲဒီအတိုင်းပဲလာခဲ့တယ်။ …ခံတောင်းမြစ်ကို တွေ့သင့်တဲ့အချိန်ရောက်ပေမယ့် လေယာဉ်မောင်းသူတွေက …ခံတောင်းမြစ်ကို လရောင်အောက်မှာ ရှာမတွေ့ဘဲဖြစ်နေတယ်။ ပြီးတော့

(We could' not find the way we are turning back) တို့သွားရမ နေရာ ရှာမတွေ့ဖြစ်နေပြီ၊ ပြန်လှည့်ရတော့မယ်ဆိုပြီး ပြောပြတယ်။

အဲဒီတော့ အင်း-မတွေ့လို့ပြန်လှည့်ရရင်လဲ မဆိုးဘူး။ တို့မှာပါလာ အင်္ဂလိပ်ငွေတွေကလဲ တို့ကိုထုတ်ပေးပေးချင်း လေယာဉ်ပေါ်တက်ခဲ့ရတော အိန္ဒိယမှာ မသုံးခဲ့ရဘူး။ အခုအိန္ဒိယပြည် ပြန်လှည့်သွားရပြီးနောက် ပြန်ဆင်း အစီအစဉ် လုပ်နေတဲ့ ရက်အတွင်းမှာ အဲဒီငွေတွေနဲ့ ကလ္လကတ္တားမြို့ထဲဝအော လည်သုံးပစ်လိုက်ဦးမယ်လို့ စိတ်ကူးတစ်မျိုးနဲ့ ကြည်နူးမိပါတယ်။

အဲဒီလို လှုငယ်ဘာဝစိတ်ကူးပြီး ပျော်ရွှင်ကြည်နူးမှုဟာ "ဟိုမှာ- ဟိုမှာ" ဆိုတဲ့ ကိုသာထွန်းအောင်ရဲ့ အော်ပြောသံကြောင့် လွင့်စင်သွာ ပါတော့တယ်။

အဲဒီလို ကြည်နူးမှုရှိနေပေမယ့် ဆင်းရမယ့်နေရာကိုလဲ ကိုသာထွ အောင်နဲ့အတူဝိုင်းဝန်းရှာပေးနေတယ်။ ကလ္လကတ္တားပြန် ငွေတွေဝအော သုံးလိုက်မယ်လို့တွေးရင်း ပျော်မြူးနေမှုဟာ "ဟိုမှာ-ဟိုမှာ"ဆိုတဲ့ ကိုသာထွ အောင်ရဲ့ အော်ပြောသံကြောင့် ရပ်စဲခဲ့လိုက်ရပါတယ်တဲ့။

အဲဒီတော့ ကိုသာထွန်းအောင်က အောက်ကိုအသေအချာကူပြီး ရှာကြ ပေးတယ်။ အဲဒီမယ်မှ ရွှေမျှင်တန်းကလေးတစ်ခု လရောင်အောက်မှာ တလ လက် မြူးဆော့ကစားနေတာကို ရုတ်တရက်သွားတွေ့လိုက်တယ်။ ဒီတေ "ဟိုမှာ"လို့ ဝမ်းအာအားရ ပျာပျာသလဲပြောဆိုလက်ညှိုးထိုးလိုက်တ အဲဒီတော့မှ လေယာဉ်မှူးတွေလဲအဲဒီနေရာတွေမှာ ပျံဝဲစေတယ်။ လေယာဉ်တံ ကိုဖွင့်လိုက်တယ်။ အောက်ကစောင့်ကြိုနေတဲ့ ရဲဘော်တွေပြနေတဲ့ မီးစိမ် မြင်ကြရတယ်။ အဲဒီတော့မှ သူတို့နှစ်ယောက် ရှေ့ဆင့်နောက်ဆင့် ခုန် လိုက်ပါတယ်။

မြေပေါ်မှာခြေချမိတာနဲ့တစ်ပြိုင်နက် တစ်ယောက်ကိုတစ်ယော မီးနဲ့အချက်ပေးပြီး လှုစုတယ်။ ဘေးရန်တစ်စုံတရာမတွေ့ရဘဲ မြေ ချောမောစွာ ရောက်တဲ့အတွက် ဝမ်းသာအားရနဲ့ တစ်ယောက်ကိုတစ်ယော ဖက်ပြီး ဖျစ်ညှစ်လိုက်တယ်။ ဒီအခါမှာ ကြိုနေတဲ့လူတွေက ဝိုင်းရံလာ အပြန်အလှန်ဝမ်းသာအားရ နှုတ်ဆက်ကြတယ်။ ပြီးတော့ ပါလာတဲ့ ပစ္စည်း ကူညီသိမ်းဆည်းယူကြတယ်။ ကရင်ရွာတစ်ရွာက ဆယ်အိမ်ခေါင်းအိမ် ခေါ်သွားတယ်။

အဲဒီကနေ လေထီး ၁၇ လက်ချခဲ့တယ်။ သူတို့က ပိုးလေထီး လက်တစ်စီနဲ့ဆင်းခဲ့တယ်။ စက်ပစ္စည်းတွေကိုတော့ ရိုးရိုးပိတ်လေထီး ၁၅ လက်နဲ့ချခဲ့တယ်။ သူတို့ကို ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့တွေက စောင့်ကြိုခဲ့တယ်။ ဒီစခန်းမှာ စောင့်ကြိုနေတဲ့အဖွဲ့ တာဝန်ခံက ကိုခင်သောင်းပါ။

ကိုခင်သောင်းအကြောင်း ဦးကြီးမြင့်ရဲ့ ပြောပြချက်တွေကို စာရှုသူများအား အောက်ပါအတိုင်း ဖောက်သယ်ချပေးပါရစေ။

> ကိုကြီးမြင့်နဲ့ ကိုခင်သောင်းတို့ဟာ ဘီအိုင်အေတပ်မှာတုန်းကတည်းက အတူလုပ်ခဲ့တယ်။ ကိုကြီးမြင့်ရဲ့တပ်ကတဲ့။ ပဲခူးနယ်တစ်ဝိုက်မှာ လေထီးအဖွဲ့တွေ တစ်ဖွဲ့ပြီးတစ်ဖွဲ့ တဖွဲဖွဲဆင်းလာပါတယ်။ အဲဒီဆင်းလာတဲ့သူတွေကို ကြိုဆိုပြီး လိုအပ်သလို ဆောင်ရွက်ဖို့အတွက် ကိုခင်သောင်းကို ကိုကြီးမြင့်က ပင်ကိုင်တာဝန်ပေးခဲ့ပါသတဲ့။
>
> အဲဒီလိုတာဝန်ယူနေတုန်း ကိုခင်သောင်းမှာ ငှက်ဖျားရောဂါအပြင်းအထန်ဖိစီးလာပါတယ်။ ပဲခူးရှိ ဘီအိုင်အေတပ်တွေလဲ တပ်ဖျောက် ရတော့မယ်ဆိုတော့ သူ့ကိုကပ်နဲ့တစ်ပါတည်း ခေါ်သွားရေးမှာမလွယ်လှပါ။ သူ့အတွက် ကျန်တဲ့ရဲဘော်တွေပါ တာဝန်ကြီးပေလိမ့်မယ်။
>
> ဒါကြောင့် စိတ်ချလက်ချဆေးကုသနိုင်ရေးအတွက် စဉ်းစားကြပါတယ်။ နောက် သူ့မိဘများအိမ်ပြန်ပို့ ဆေးကုသမှုဟာ သူ့အတွက် အကောင်းဆုံးဖြစ်လိမ့်မယ်လို့ သဘောရကြပါတယ်။
>
> ဒါကြောင့် မတ် ၂၆ ရက်နေ့ တပ်မဖျောက်ခင်တစ်ရက်မှာ သနပ်ပင်နဲ့ မင်းရွာကြားရှိ အုတ်ပိုရွာ (အငြိမ်းစား ဗိုလ်မှူးချုပ်တင်ဖေရဲ့ရွာ) မှာရှိနေတဲ့ ကိုခင်သောင်းမိဘများဆီ ကိုကြီးမြင့်တို့က သွားပို့ထားလိုက်ပါတယ်။
>
> ရောဂါဝေဒနာကို ခံစားရလွန်းလို့ဝေဒနာခံစားမှုသက်မှ သက်သာပါစေတော့ဆိုပြီး မော်ဖိန်းထိုးပေးပါတယ်။ အဲဒီလိုကနေ မော်ဖိန်းစွဲသွားပါတော့တယ်။
>
> ကိုခင်သောင်းဟာ အင်မတန်တော်တဲ့ တော်လှန်ရေးသမားပါ။ သူ့အရည်အချင်းကိုလဲ သူနားလည်လျက်ရှိနေတယ်။ ဒီအဖြစ်မျိုးဆိုက်ရောက်နေတာကိုလဲ လားလားမှ မလိုလား မနှစ်သက်။

---

နောက်ဆုံး စိုက်လိုက်မတ်တတ် ကိုယ်ယုံကြည်ရာ တဇွတ်ထိုး လုပ်တတ်တဲ့လူငယ်ပီပီ ကိုခင်သောင်းဟာ ဆရာဝန်တစ်ဦးဦးရဲ့ ညွှန်ကြားမှုကိုသော်လည်းကောင်း၊ ဆေးရုံတက်ပြုပြီးသော်လည်းကောင်း၊ မဖြတ်ဘဲစွဲနေတဲ့ မော်ဖိန်းကို ငှက်ပျောတုံးကို ဓားထက်ထက်နဲ့ တစ်ချက်တည်း ခုတ်လိုက်သလို တုံးတိကြီး ဖြတ်ချလိုက်ပါတော့ တယ်။ မော်ဖိန်းအပြတ်မှာ အသက်ပါ ပါသွားပါတော့တယ်။

ကိုခင်သောင်းဟာ ကိုကြီးမြင့်ကို ဘယ်လောက်ချစ်ခင်ရှိသေ လေးစားသလဲဆိုရင် သူ့သားလေးမွေးတော့ သူ့သားနာမည်ကို "ကြီးမြင့်"လို့ ကင်ပွန်းတပ်ပေးခဲ့ပါတယ်။

လွတ်လပ်ရေးမော်ကွန်းတွေ လျှောက်ထားနိုင်တယ်ဆိုတဲ့ တော်လှန်ရေးကောင်စီက ကြေညာတဲ့အခါ ဦးကြီးမြင့်က ရဲဘော် ခင်သောင်းကိုယ်စား အစစအရာရာ ရေးမှတ်ပြီး လျှောက်ထားပေးခဲ့ ပါတယ်။ အဲဒါကြောင့် ရဲဘော်ခင်သောင်းရဲ့ကိုယ်စား မိသားစုက လွတ်လပ်ရေးမော်ကွန်းဝင် တတိယဆင့် ဂုဏ်ထူးဆောင်တံဆိပ်နဲ့ ဂုဏ်ပြုလွှာများ နိုင်ငံတော်က ချီးမြှင့်ပေးခြင်းခံကြရပါတယ်။

သခင်တင်မြရဲ့ ဘုံဘဝမှာဖြင့် စာအုပ်မှာကတော့ ကိုခင်သောင်း ဟာ ဂျပန်တော်လှန်ရေးတွင် အပေါင်တိုက်ပွဲ၌ဂျပန်တို့ဖမ်းမိသွားပြီး အရှင်လတ်လတ်မြေမြှုပ်အသတ်ခံရသူလို့ ရေးသားထားပါတယ်။ ဒါကို ဦးကြီးမြင့်ကို ပြောပြတော့ ဦးကြီးမြင့်က ဂျပန်သတ်လို့သေတာ မဟုတ်ကြောင်း၊ မော်ဖိန်းကို အစိမ်းသက်သက်ဖြတ်လိုက်လို့ စစ်ပြီးမှာ ဆုံးသွားတဲ့အကြောင်း စာရေးသူကိုပြောပြပါတယ်။

ကိုစံသာကျော်တို့ဆင်းတဲ့ညက စခန်းကရဲဘော်တွေနဲ့ အတူအိပ်တယ်။ စိတ်ချရမယ်ဆိုပြီး ပိုးလေထီးတွေ ဖျက်ဆီးမပစ်လိုက်သေးဘဲ တည်းခိုအိမ်မှာ ပစ်ထားတယ်။ မိုးလင်းလို့ လေထီးတွေကိုစစ်ဆေးတော့ လေထီးတစ်လက် ပျောက်နေတာ တွေ့ရတယ်။ လေထီးယူသွားတဲ့သူက လေထီးကိုသဲလွန်စ မရအောင် သေသေချာချာသိမ်းထားကြမှာပါပဲလို့ ပေါ့ပေါ့တွက်လိုက်ကြတယ်။

ဒါပေမယ့် လေထီးခိုးယူသွားတဲ့လူက လေထီးစကိုသာ ခိုးယူသွားပြီး လေထီးကြိုးတွေနဲ့ ဆိုင်းထားတဲ့ ဖင်ထိုင်တဲ့ "ပက်"(Pad) ဖော့ပြားကိုတော့ တောထဲသွားပစ်ထားခဲ့တယ်။ ဒီ ပက် ဆိုတဲ့ ဖင်ထိုင်ဖော့ပြားကို "ထန်းတောကြီး"

ဌာက နွားကျောင်းသားတွေက ကောက်ရသွားတယ်။ သူကြီးကိုသွားအပ်တယ်။ သူကြီးကတစ်ဆင့် ဂျပန်ဆီသွားအပ်ပြန်တယ်။ ဂျပန်တွေက ဒီနယ်တစ်ဝိုက်မှာ လေထီးအဖွဲ့ဆင်းတာဖြစ်ရမယ်လို့ပြောပြီး တောနင်းရှာဖို့ စီစဉ်ပါတော့တယ်။

ဒီအစီအစဉ်ကို ဂျပန်ကင်ပေတိုင်စစ်ပုလိပ်အဖွဲ့မှာ ဝင်ပြီး အလုပ်လုပ်နေတဲ့ ရဲဘော်တစ်ယောက်က ချက်ချင်းသက်ဆိုင်ရာ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ဆီ သတင်းလှမ်းပို့လိုက်တယ်။ ဒီရဲဘော်ဟာ ဂျပန်ဆီကသတင်းတွေရဖို့အတွက် သူ့လူကိုယ်ဘက်သားအနေနဲ့ ဂျပန်ကင်ပေတိုင်မှာ လျှို့ဝှက်တာဝန်ယူနေတဲ့ ဖက်ဆစ်ဆန့်ကျင်ရေး မြေအောက်ရဲဘော်ပဲဖြစ်တယ်။

ဂျပန်တွေလာမယ်ဆိုတဲ့သတင်းရတော့ ချက်ချင်းစခန်းကို ရွှေ့လိုက်ကြတယ်။

## တော်လှန်ရေး ရေခံမြေခံကောင်းတဲ့ တိုင်းရင်းသားတို့ရဲ့နယ်မြေ

ပဲခူးနယ် ထန်းတောကြီးနယ်တစ်ဝိုက်က အခြေအနေကို အလျဉ်းသင့်လို့ရေးပြပါရစေ။ ဒီထန်းတောကြီးနယ်တစ်ဝိုက်ရှိ ပြည်သူတွေဟာ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးစိတ်ဓာတ်ရှိသူများ ဖြစ်ကြတယ်ဆိုတာ သမိုင်းမှာ အထင်ကရဖြစ်ခဲ့ပါတယ်။

ဂဠုန်ဆရာစံအရေးတော်ပုံကလဲ ဒီနယ်ကလယ်သမားများဟာ ဆရာစံရဲ့သစ္စာတော်ခံတွေပါ။ နယ်ချဲ့ကို လက်နက်ဆွဲကိုင်တော်လှန်ခဲ့ကြပါတယ်။

ဆရာစံရဲ့လယ်သမားတော်လှန်ရေးတပ်ထဲက ဦးထွန်းမြတ်၊ ဦးပြားကြီးတို့ဟာ ဂျပန်တော်လှန်ရေးကာလအထိ အသက်ရှင်လျက်ရှိခဲ့ကြပါတယ်။ သူတို့ဟာ ဂျပန်တော်လှန်ရေးမှာပါ ဆက်လက် မိမိတို့စွမ်းဆောင်နိုင်တဲ့ဘက်ကနေ ပါဝင်ဆောင်ရွက်ပေးခဲ့ကြပါတယ်။

ဒီတော်လှန်ရေး ရေခံမြေခံကောင်းတဲ့ နေရာဒေသမို့ ဂျပန်ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့က ဆက်လက်ပြီး အားကိုးအားထားပြုခဲ့ပါတယ်။ အခြေခံစခန်းတွေကို ဒီနယ်တစ်ဝိုက်မှာ ထူပြောခဲ့ပါတယ်။

ဖက်ဆစ်ဆန့်ကျင်ရေး လေထီးသမားကိုလဲ ဒီနယ်မှာ တော်တော်များများ ချခဲ့ပါတယ်။

ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့က ရွေးချယ်ခဲ့တဲ့ ဒီနေရာတစ်ဝိုက်ကို ဗြိတိသျှတပ်မတော် ဖို့ဒ် ၁၃၆ တပ်ဖွဲ့အနေနဲ့ အောက်ကအချက်ပြဆက်သွယ်

ကြိုဆိုဖို့အတွက် ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့တွေနဲ့ ကြိုတင်ပြင်ဆင်ချိန် မရရင် လဲ ဒီနယ်မှာ လေထီးအဖွဲ့ကိုချပေးခဲ့တာမျိုးလဲရှိပါတယ်။

ဥပမာပြောရရင် အဲဒီပဲခူးနယ် ထန်းတောကြီးတစ်လျှောက်မှာ ဗိုလ်မှူးအုန်းစိန်နဲ့ ကြိုးမဲ့ကြေးနန်းအဖွဲ့ကို မြန်မာအစိုးရ၊ အင်္ဂလိပ်အစိုးရလိုလားတဲ့ ကရင်ရွာမှာ ချပေးရန်ဖြစ်ပေမယ့် အစီအစဉ်လွဲသွားလို့နဲ့တူတယ်၊ သူတို့လိုလားတဲ့ ကရင်ရွာမချဘဲ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့နယ်မြေမှာ မှားပြီး ချပေးခဲ့တယ်။ သူ့တို့အဖွဲ့မှာ ကြိုးမဲ့ကြေးနန်းအဖွဲ့ဝင် ၃ ယောက်ပါတယ်။ မန္တလေးက ပုဏ္ဏားကလေးနှစ်ယောက်၊ တရုတ်ကလေး တစ်ယောက်။

သူတို့အနေနဲ့ မိုဒ် ၁၃၆ က သူ့အစီအစဉ်နဲ့လွှတ်တာဖြစ်တယ်။ သူတို့အစီအစဉ်နဲ့ သတင်းယူဖို့ဖြစ်တယ်။ ဒါပေမယ့် ဘယ်မှမသွားတတ် မလာတတ်တော့ သူတို့ကို ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ကပဲ တာဝန်ယူထားပေးတယ်။ ပြီးတော့ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့က ဗိုလ်မှူးအုန်းစိန်ရဲ့ ရဲဘော်ကလေးတွေကို ပဲခူးခေါ်သွားပြီး ဗိုလ်ဘသစ်ဆီအပ်လိုက်တယ်။ အဲဒီကနေသတင်းယူပြီး ဗိုလ်မှူးအုန်းစိန် သတင်းပြန်ပို့၊ ဗိုလ်မှူးအုန်းစိန်ကတစ်ခါ ကြိုးမဲ့ကြေးနန်းနဲ့သတင်းကို မိုဒ် ၁၃၆ တပ်ဖွဲ့ဌာနချုပ်ကိုပို့၊ အဲဒီလိုလုပ်တယ်။ ပါလာတဲ့တရုတ်ကလေးက အနေအထိုင် ကျစ်လျစ်မှုမရှိဘူး။ ရုပ်ရှင်ကြည့်တယ်၊ အရက်သောက်တယ်။ အဲဒါကြောင့် စခန်းကိုပြန်ပို့လိုက်ရတယ်။

ဗိုလ်မှူးအုန်းစိန်အကြောင်း နည်းနည်းရေးပါရစေ။ ဗိုလ်မှူးအုန်းစိန်က အင်္ဂလိပ်မကျာပဲ။ ပဲခူးသားတဲ့။ အသက်က ၄၀ ခန့်ပါ။ သူ့မှာ ငယ်နာမည်လဲရှိပါတယ်။ ဦးကြီးမြင့်တို့နဲ့ လျှို့ဝှက်စခန်းမှာတွေ့တော့ သူဟာ ဗိုလ်မှူးအုန်းစိန်ဖြစ်ကြောင်း ပြောပြသတဲ့။

မေဂျာအုန်းစိန်က ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ကမဟုတ်ပါဘူး။ မိုဒ် ၁၃၆ တပ်ဖွဲ့က အင်္ဂလိပ်စစ်မှုထမ်းပါ။ စစ်မဖြစ်ခင်က ဗိုလ်မှူးအုန်းစိန်ဟာ ဘီအမ်ပီခေါ်တဲ့ စစ်ပုလိပ်အဖွဲ့၊ စစ်ပြီးတော့ ဘီအမ်ပီကို ယူအက်စ်ဆိုပြီး ပြောင်းလဲခေါ်ခဲ့တယ်။ စစ်ဖြစ်တော့ အိန္ဒိယပါသွားတယ်။ မိုဒ် ၁၃၆ တပ်ဖွဲ့မှာ ဗိုလ်မှူးအဆင့်ရတယ်။ ပြီး လေထီးနဲ့လာဆင်းတယ်။ စစ်ပြီးတော့ ဗိုလ်မှူးအုန်းစိန်ဟာ ဗမာ့သေနတ်ကိုင်တပ်ရင်း (၅)မှာ ဆက်လက်အမှုထမ်းခဲ့တယ်။ ပြီးနောက် စစ်တောင်း၊ မန္တလေးတို့မှာ တာဝန်ယူခဲ့ပြီး အသက်(၆၀)မှာ

တပ်မတော်က အငြိမ်းစားယူခဲ့တယ်။ သခင်တင်မြရဲ့ "ဘုံဘဝမှာမြင့်" စာအုပ်မှာကတော့ ဗိုလ်မှူးအုန်းရွှေလို့ပဲဖော်ပြထားပါတယ်။ အမှန်က ဗိုလ်မှူး အုန်းစိန်ဖြစ်တယ်ဆိုတာ ဦးကြီးမြင့်၊ ဗိုလ်စံသာကျော်၊ ဗိုလ်သာထွန်းအောင် တို့က စာရေးသူကိုပြောပြပါတယ်။

အဲဒီဗိုလ်မှူးအုန်းစိန်တို့အဖွဲ့ မဝိုင်ခင် ဒီနယ်မှာ ဖက်ဆစ်ဆန့်ကျင် ရေးအဖွဲ့က ကိုကြည်ဆင်းလာတယ်။ ကိုကြည်ဆင်းလာပြီးတဲ့နောက် အင်္ဂလိပ်တပ်က ကိုတင်ညွန့်နဲ့အဖွဲ့ ဆင်းလာပါတယ်။ နောက်တစ်ခါ ဗိုလ်ထွန်းညွန့် ဆင်းလာပါတယ်။

ဗိုလ်ထွန်းညွန့်ပြီးတော့ ဗိုလ်မှူးအုန်းစိန်အဖွဲ့၊ နောက် ဗိုလ်စံသာကျော် တို့အဖွဲ့။

အဲဒီနောက် ကိုသာကျော်တို့အဖွဲ့၊ ကိုမောင်လေးတို့အဖွဲ့တွေလဲ ဆင်းခဲ့ တယ်လို့သိရပါတယ်။

အဲဒီလိုအဖွဲ့တွေ အလျှိုလျှိုဆင်းခဲ့ပေမယ့်လို့ အဖွဲ့ကို နယ်သူနယ်သား တွေဖြစ်တဲ့ ကရင်အမျိုးသားတွေ၊ ဗမာအမျိုးသားတွေဟာ တစ်ဦးအပေါ်တစ်ဦး သစ္စာမဖောက်ဘဲ၊ ဂျပန်ဖက်ဆစ်တွေဆီသတင်းမပေးဘဲ ဖက်ဆစ်ဆန့်ကျင်ရေး အဖွဲ့ဝင်များကိုလည်းကောင်း၊ လေထီးအဖွဲ့ဝင်များကိုလည်းကောင်း ရင်ဝယ် ပိုက်ပြီး လိုအပ်သလိုအကူအညီများကို တက်ကြွစွာ ပေးခဲ့ကြပါသတဲ့။

အဲဒီလို တော်လှန်ရေး ရေခံမြေခံကောင်းတဲ့ နယ်ဖြစ်ပါတယ်။

ဒီတစ်ဝိုက်မှာ လေထီးအဖွဲ့တွေ တစ်ဖွဲ့ပြီးတစ်ဖွဲ့ အကြိမ်ကြိမ်ဆင်း ခဲ့တာ တစ်ခါကဂျပန်တွေ သတင်းရသွားတယ်။

ဖြစ်ပုံက အင်္ဂလိပ်လေယာဉ်က တရုတ်ကပြားကလေးနှစ်ယောက်ကို လေထီးနဲ့ချခဲ့တယ်။ ဒါပေမယ့် လေထီးကမပွင့်တော့ နှစ်ယောက်စလုံး သေဆုံးသွားကြတယ်။ သူတို့နဲ့ပါလာတဲ့ ကြိုးမဲ့ကြေးနန်းစက်ကို ရွာသား တွေဆီကတစ်ဆင့် ဂျပန်ဆီရောက်သွားတယ်။

အဲဒီတော့ ဂျပန်တွေနဲ့ ရွာသားတွေက တောနင်းပြီး လေထီးသမားတွေ ကို ရှာကြတယ်။ အဲဒီနယ်ကိုကွင်းဆင်းရှာရင်း နယ်သူနယ်သားတွေရဲ့ ထောက်ခံမှု ရအောင်ဆိုတဲ့သဘောနဲ့ "ဝါကာသမိုတိုဂျိုး" ဆိုတဲ့ ဂျပန်ဆေးတွေ သက်ဆောင်ပေးသွားတယ်။

အဲဒီနေ့ဆင်းမယ့်အဖွဲ့က ကိုတင်ညွန့်ဆိုတဲ့ ဗြိတိသျှတပ်ကဖြစ်တယ်။

ဂျပန်ကွင်းနင်းရှာပြီးနောက်တစ်နေ့မှာ ကိုကြီးမြင့်နဲ့ ကိုကြည်တို့က ကျင်းတွေတူး လက်နှိပ်စာတ်မီးတွေနဲ့ တီပုံသဏ္ဍာန်အချက်ပြဖို့ရှိတယ်။ ဒါပေမယ့် ကိုကြည် လက်နှိပ်စာတ်မီးတွေဝှက်ထားခဲ့တဲ့နေရာမမှတ်မိဘူး၊ ထင်ကြေးနဲ့ လိုက်ရှာပေမယ့် မတွေ့တော့ လေယာဉ်ဟာ အချိန်ကျတော့ လာဝဲတယ်။ အောက်က အချက်မပြနိုင်ဘူး။

လေယာဉ်ကတော့ ဝဲတယ်၊ ပဲခူးမြို့ပေါ်လဲ မီးကျည်တွေချ၊ ဗုံးတွေ ကြဲချပြီး ပြန်လှည့်သွားတယ်။ ကိုကြည်တို့သွားစောင့်တဲ့နေရာမှာ လူချမပေးခဲ့ဘူး။ အဲဒီလိုပဲ ကိုကြီးမြင့်တို့ သိလိုက်တယ်။

ဒါပေမယ့် နောက်မှသိတာက ပဲခူးကိုဟန်ပြပြီး မီးကျည်ဗုံးတွေကြဲရင်း အဲဒီထန်းတောကြီးမြို့နယ်မှာ ကိုတင်ညွှန့်ဆိုတဲ့ ဗြိတိသျှစစ်ဘက်အဖွဲ့ကို ချခဲ့သတဲ့။

ကိုတင်ညွှန့်ဟာ ကိုကြည်နဲ့အဆက်ပြတ်သွားပေမယ့် တော်လှန်ရေး ရေခံမြေခံရှိနေတဲ့ ကရင်အမျိုးသားတွေက သူ့ကိုဝှက်ထားပေးခဲ့တယ်။ အဲဒီကရင်အမျိုးသားတွေနဲ့ အဆက်အသွယ်ယူပြီး သူ့ဟာသူစခန်းဖွင့်ပြီး သတင်းတွေယူ၊ ဗိုဒ် ၁၃၆ တပ်ဖွဲ့ဌာနချုပ်ကို သတင်းတွေပို့ခဲ့သတဲ့။

နောက် ဗိုလ်ထွန်းညွှန့်က ကိုသိန်းပေနဲ့ ဗိုဒ် ၁၃၆ တပ်ဖွဲ့ဌာနချုပ်က အဲဒီနယ်ကို တာဝန်(၄)ရပ်ပေးပြီး ဆင်းခိုင်းစဉ်တုန်းက တာဝန် (၇) ရပ် အနက်က တစ်ရပ်က ဂျပန်တော်လှန်ရေးအဖွဲ့တွေနဲ့ အဆက်ပြတ်နေတဲ့ ကိုတင်ညွှန့်ကို တော်လှန်ရေးအဖွဲ့နဲ့ဆက်သွယ်ပေးဖို့တာဝန်ပါ ပေးခဲ့တယ်။

ကိုတင်ညွှန့်ကိုလက်ခံတဲ့အဖွဲ့က ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့မဟုတ်ဘူး။ ကိုတင်ညွှန့်ခေါင်းဆောင်တဲ့ အင်္ဂလိပ်ကြိုးမဲ့ကြေးနန်းအဖွဲ့ဖြစ်တယ်။ အဲဒီမှာ ဆင်းခဲ့တယ်။ သူဆင်းခဲ့တော့မှ ကိုတင်ညွှန့်အဖွဲ့ကို ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့နဲ့ ဗိုလ်ထွန်းညွှန့်ကဆက်သွယ်ပေးလိုက်ရတယ်။

အဲဒီလိုပဲ ဒီနယ်ထဲမှာပြီးဆင်းလာရင်လဲ အဲဒီအဖွဲ့အတွက် နယ်ခံ တိုင်းရင်းသားတွေက သစ္စာရှိရှိ လုံခြုံရာမှာ ဝှက်ထားပေးတယ်။ လိုအပ်တာတွေ ဆောင်ရွက်ပေးတယ်။

ဗိုလ်ထွန်းညွှန့်တို့ဆိုလဲ စံပြတပ်ရင်းအရောက် လှည်းနဲ့ ဝါယာလက် စက်များ၊ လက်နက်များကို ရဲရင့်စွာ ဣန္ဒြေမပျက် လိုက်လံပို့ပေးတယ်။ အဲဒီအထိ သတ္တိရှိရှိ သစ္စာရှိရှိ ဆောင်ရွက်ပေးပါသတဲ့။

---

အပြန်အလှန်အားဖြင့် အင်္ဂလိပ်လေထီးသမားတွေ၊ ဖက်ဆစ်ဆန့်ကျင်ရေး အဖွဲ့တွေ လေထီးဆင်းတိုင်းလဲ ဗိုဒ် ၁၃၆ တပ်ဖွဲ့ဌာနချုပ်ကလဲ နယ်ခံလယ်သမား တွေကို ကျေးဇူးပြုဖို့ ဆေးဝါးအဝတ်အစား အထည်ရိက္ခာများနဲ့ ဂျပန်ငွေတွေ ကို လက်ဆောင်ပေးဖို့ အမြဲတမ်း လေထီးနဲ့ချပေးခဲ့ပါတယ်။

ဒါပေမယ့် ဒီလိုလာဘ်လာဘကို မျှော်ကိုးပြီးလဲ လေထီးသမားတွေကို ကူညီပေးတာမဟုတ်ပါဘူး။ ပင်ကိုက နယ်ချဲ့ဆန့်ကျင်ရေးစိတ်၊ လုံးဝ လွတ်လပ်ရေးရယူလိုတဲ့စိတ်ဓာတ်ခံတွေနဲ့ပဲ လိုအပ်သလို သတ္တိရှိရှိ ဆောင်ရွက် ပေးတာဖြစ်ပါသတဲ့။

ဒီနယ်မှာ အမြဲတမ်းလို လေထီးအဖွဲ့တွေဆင်းဆင်းနေတော့ ဂျပန် မရိပ်မိအောင် လေထီးအဖွဲ့တွေ လာလာချပေးတယ်ဆိုတဲ့ သံသယမျိုး ဂျပန်တွေမှာမရှိအောင် တမင်သက်သက် ပဲခူးမြို့ပေါ် မီးကျည်တွေပစ်၊ ဗုံးတွေချ၊ အဲဒီလိုလုပ်ရင်း လေထီးအဖွဲ့တွေကို သတ်မှတ်ထားတဲ့နေရာတွေမှာ ချခဲ့တာပဲတဲ့။

ပြီးတော့ ကိုကြီးမြင့်တို့အနေနဲ့ အဆက်အသွယ်လဲ မကြာခဏလုပ်နေ ရတယ်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကလဲ အလိုလိုရှိနေလေတော့ အိန္ဒိယက လေထီးဆင်းတွေနဲ့ တစ်ပါတည်းပါလာတဲ့ အိန္ဒိယရိုက် ထောင်မလဲသဲကော် ဂျပန်ငွေအတုတွေနဲ့ ကိုကြီးမြင့်တို့က နွားတစ်ရှဉ်း၊ လှည်းတစ်စီးဝယ်ထား တယ်တဲ့။ အဲဒီလှည်းနဲ့ပဲ ကိုစံသာကျော်တို့ ထန်းတောကြီးကနေ ပဲခူးကိုအလာမှာ ပစ္စည်းတွေတင်ပြီးလာခဲ့ရပါသတဲ့။

ပြီးတော့ လှည်းအပြင် ဆလွန်းကားကလေးတစ်စီးလဲ ဝယ်ထားသတဲ့။ အဲဒီဂျပန်ငွေတွေနဲ့ပဲတဲ့။

အဲဒီလို လှည်းနဲ့ပစ္စည်းတွေ၊ လူတွေသယ်ဆောင်လာခဲ့တယ်။ ကားလမ်း ရောက်တော့ ကားလမ်းမှာ အသင့်စောင့်နေတဲ့ ဆလွန်းကားကလေးပေါ်ကို ပစ္စည်းတွေပြောင်းတင်၊ လူပြောင်းစီးခဲ့ပြီး ပဲခူးစံပြတပ်ရင်းထဲအရင်ဝင်ပြီးတော့ ရန်ကုန်ဆက်သွားနဲ့ အဲဒီလိုအသုံးပြုခဲ့ပါသတဲ့။

## လေထီးသမားကို တာဝန်ယူရသူ

ဒီလေထီးအဖွဲ့တွေနဲ့ပတ်သက်တဲ့ ဦးကြီးမြင့်အကြောင်းကို နည်းနည်း ဖော်ပြဖို့လိုမယ်ထင်ပါတယ်။ ဦးကြီးမြင့်ဟာ ကျောင်းသား၊ နိုင်ငံရေးသမား၊

နောက်သတင်းစာဆရာ၊ စာရေးဆရာ၊ ပြီးတော့ ဘီ၊ပီ၊အိုင် မန်နေဂျာ၊ အခုအငြိမ်းစားယူပြီး သားသမီးလေးယောက်နဲ့အတူ ကမာရွတ်လှည်းတန်းမှာ နေပြီး စာရေးဆွာလုပ်နေပါတယ်။

ဦးကြီးမြင့်ဟာ မဲခူးဇာတိ။ အဖေက ယစ်မျိုးဘက်မှာလုပ်တယ်။ စစ်မဖြစ်ခင် ဂျက်ဆင်ကောလိပ်မှာ အင်ဂျင်နီယာပညာသင်ကြားနေတယ်။ သခင်အောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း)၊ ကိုမောင်မောင် (ယခုအငြိမ်းစား ဗိုလ်မှူးချုပ်) တို့နဲ့ လဲရင်းနှီးမှုရှိတယ်။ ကျောင်းနေစဉ်မှာ ကျောင်းသား လှုပ်ရှားမှုတွေထဲ ပါဝင်ဆောင်ရွက်တယ်။

အင်္ဂလိပ်တော်လှန်ရေးမှာ အင်္ဂလိပ်ဆန့်ကျင်ရေး တော်လှန်ရေး မလုပ်လိုက်နိုင်ဘူး။ အင်္ဂလိပ်စုံထောက်များ အဆက်မပြတ်လိုက်လံ ထောက်လှမ်း နေတဲ့အတွက် တော်လှန်ရေးအင်အားစုတွေ မလှုပ်မရှားနိုင်ဘဲ လူစုခွဲလိုက် ကြရတယ်။

မဲခူးနယ်ထဲမှာ ဂျပန်ပြောက်ကျားစစ်ဆင်ရေးတွေ လုပ်နိုင်ဖို့ လက်နက် တွေချပေးမယ်လို့ အရင်ကပြောခဲ့၊ အစီအစဉ်ရှိခဲ့တဲ့အတွက် ဦးကြီးမြင့်တို့တစ်တွေ သတ်မှတ်ထားတဲ့ နေ့ရက်နေရာတွေမှာ သွားစောင့်တယ်။ အချိန်သာ ကုန်ရွှန်လို့ ဂျပန်တပ်တွေသာ မဲခူးကိုဝင်လာတယ်၊ ဘာလက်နက်မှချမပေးခဲ့ဘူး။

ဒီလိုပဲ မိုးကုတ်နယ် သာယာဝတီအစရှိတဲ့ မြန်မာပြည်အနှံ့အပြားမှာလဲ ဂျပန်လက်နက်တွေချပေးမယ်ဆိုလို့ သွားရောက်စောင့်ကြခဲ့ပါတယ်။ နောက်ဆုံး လူပန်းအချိန်ကုန်ခဲ့ပါတယ်။ ဘာလက်နက်မှ မရခဲ့၊ မချပေးခဲ့ဘူး။

မဲခူးမှာ ဗိုလ်မှူးဇလတပ်ဝင်လာတယ်။ ပီအေစီမြို့ပြအုပ်ချုပ်ရေးအတွက် သခင်ခေါင်းဆောင်တွေကို တာဝန်ပေးတယ်။ မဲခူးသခင်တင်က အုပ်ချုပ် ရေးမှူး၊ ဗိုလ်မှူးဇလက စစ်ရေးခေါင်းဆောင်၊ ဒီအိုင် (DOI) ခေါ်တဲ့ ဂျပန် အရာရှိက အကြံပေးအရာရှိအဖြစ်၊ အဲဒီပုဂ္ဂိုလ်သုံးဦးက အုပ်ချုပ်ရေးကို ခေါင်းဆောင်ခဲ့တယ်။

ဦးကြီးမြင့်က ကျုံမငေးသခင်တင်မောင်မလာခင် သူ့နေရာဝင်ပြီး သူ့တာဝန်တွေယူခဲ့တယ်။ ဘီအိုင်အေတပ်တွေအတွက် ရိက္ခာစုဆောင်းပေးတယ်။ လက်နက်တွေသိမ်းပေးတယ်။

ဦးကြီးမြင့်နဲ့အတူ ဗိုလ်ကျော်ဒင် (ထားဝယ်ကလိုက်လာခဲ့ပြီး ရန်ကုန် မှာ အင်္ဂလိပ်ဖမ်းမှန်ပြီးကျဆုံးသွားသူ) တို့နဲ့အတူ ဦးကြီးမြင့်ဟာ စားပြ

…နင်းရေး တာဝန်တွေလဲယူခဲ့တယ်။ အဲဒီလိုဆောင်ရွက်နေစဉ် ကျုံမငေး …ခင်တင်မောင်လာတော့ သူ့ရဲ့တာဝန်တွေကို ကျုံမငေးသခင်တင်မောင်ထံ …အပ် ပေးလိုက်တယ်။

ရန်ကုန် အရင်ကဂေါ်ရာကုန်း အခု မဟာဝိဇယစေတီတည်နေတဲ့ …ကုန်းတော်ပေါ်မှာ ဘီအိုင်အေဗိုလ်သင်တန်းဖွင့်တယ်။(အရင်ဂေါ်ရာ …န်းကနေ ဘီအိုင်အေဗိုလ်သင်တန်းဖွင့်တော့ ဗိုလ်တစ်ရာကုန်းလို့ခေါ်တယ်။ …ကြောင့်လဲဆိုရင် ဗိုလ်သင်တန်းတစ်သုတ်မှာ လူတစ်ရာပဲတက်ရောက် …င်ကြားရတဲ့အတွက် ဗိုလ်တစ်ရာကုန်းလို့ခေါ်ခြင်းဖြစ်ပါသတဲ့) ဗိုလ်သင်တန်း …ကာလ တစ်လခွဲပဲကြာတယ်။ သင်တန်းမှူးက ဗိုလ်ကျော်ဇော၊ သူ့ကိုယ်ရေး …ဘွင်းရေးမှူးက ဗိုလ်ထွန်းစိန် (နောက်ဆုံး ရန်ကုန်မှာ ဆုံးသူ) ဂျပန်က …င်သင်တန်းမပေးခဲ့ဘူး။

အဲဒီ ဘီအိုင်အေတပ်မှာပါခဲ့တဲ့ပုဂ္ဂိုလ်တချို့ကတော့ သခင်စံမြင့် (ဖဆပလ …ကြီးဟောင်း)၊ ဗိုလ်လှရိုန်၊ ဗိုလ်ဇော်ဝင်း (နိုင်ငံတော်ကောင်စီဝင်)၊ ဦးကြီးမြင့် …တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။

ဗိုလ်သင်တန်းဆင်းတော့ ဦးကြီးမြင့်ကို ဗိုလ်ကြီးအဆင့်ပေးပြီး ပုသိမ် …ကိုလွှတ်တယ်။ ပုသိမ်မှာ တာဝန်ယူရတယ်။ သူ့လက်အောက်မှာက …လ်တင်အေး၊ ဗိုလ်ကျော့လွင်၊ ဗိုလ်အောင်ထွန်း (ပုသိမ်သား–ကွယ်လွန်)၊ …ခင်လွင် (ရေနံမြေသခင်လွင်မဟုတ်ပါ)၊ ဗိုလ်သိန်းလွင် စတဲ့ ပုဂ္ဂိုလ်တို့ …ကြပါတယ်။

ပုသိမ်မှာ ဦးကြီးမြင့်တို့ ဘီအိုင်အေတပ်ရင်းသုံးရင်းဖြစ်အောင် စည်းရုံး …ယ်လို့ပြောတယ်။ လူကတော့ရပါတယ်။ ဒါပေမယ့် လက်နက်မရှိ ဘူး။ …တော့ ပန်းဘဲမှာ ဓားလှံတွေ ကိုယ့်ဟာကိုယ်လုပ်ခိုင်းရတယ်။ လက်နက်တပ် …တော့ လက်နက်ကိုင်တပ်ဖွဲ့ဖြစ်အောင် အဲဒီလိုဓားလှံတွေလုပ်ပြီး တပ်ဆင် …စည်းရပါတယ်။ ဒီတုန်းက တပ်ရင်းတစ်ရင်းမှာ အဖျင်းဆုံးလူ (၈၀၀) …ရှိပါတယ်။

ဘီအိုင်အေကနေ ဘီဒီအေအကူးမှာ ဘီအိုင်အေတပ်တွေ ပဲခူးမှာစုကြ …တော့ ဦးကြီးမြင့်ရဲ့တပ်တွေလဲ ပဲခူးကို ချီလာရပါတယ်။ ဦးကြီးမြင့်နဲ့ …ပ်သား (၄၀၀) လောက်ပဲပါခဲ့တော့တယ်။

ဘီဒီအေပြန်ဖွဲ့တော့ ဗိုလ်ချုပ်အောင်ဆန်းက ဦးကြီးမြင့်ကို အရပ်သားအ နဲ့နေပြီး သီးခြားတာဝန်တွေပေးရမယ်၊ တပ်ထဲဆက်တာဝန်မယူစေ ဗိုလ်ကျော်ဇောကိုလွှတ်ပြီး ဆွေးနွေးစေတယ်။ အဲဒါကြောင့် ဦးကြီးမြင့် တပ်ထဲပြန်မရောက်တော့ဘဲ ဗိုလ်ကျော်ဇောနဲ့ပဲ အတူနေရတော့တယ်။

သီးခြားတာဝန်ဆိုတာက မြန်မာ့လွတ်လပ်ရေးအတွက် ဆူးငြောင့်ခလု တွေကို တိတ်တဆိတ်သုတ်သင်တန်သုတ်သင်ဖို့ သူ့လူ့ကိုယ့်ဘက်သားအ ဆောင်ရွက်စေဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေ ဖြစ်ဟန်တူပါတယ်။

ဒါပေမယ့် ဒီလိုဟာမျိုးတွေမလုပ်လိုက်ရပါဘူး။ အဲဒီအချိန်မှ လက်ဝဲသမားတွေရဲ့သဘောတရားတွေ ပျံ့လာတယ်။ ဆိုရှယ်လစ်တို့ ကွန်မြူနစ်တို့ဆိုတဲ့ စကားတွေနဲ့ သဘောတရားတွေဟာ လျှို့ဝှက်မှုအ ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးလာပါတော့တယ်။

နောက် သခင်အောင်ဆန်း၊ သခင်စိုး၊ သခင်သန်းထွန်းတို့ ပဲ ဗိုလ်ကျော်ဇောတပ်ထဲမှာ တွေ့ဆုံပြီး ပထမဆုံး ဖ–တ–ပ–လ ဖွဲ့စည်း ပေးနိုင်ဖို့အတွက် သခင်စိုး၊ သခင်သန်းထွန်းတို့ကို ခေါ်ပေးရတဲ့အလုပ်တွေ တိတ်တဆိတ်လုပ်ရတယ်။

၁၉၄၄ ခု၊ ဩဂုတ်လ ၄ ရက်နေ့မှာ ဗိုလ်ကျော်ဇောအုပ်ချုပ်ခဲ့တဲ့ ပဲ စံပြတပ်ရင်းထဲမှာ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်စိုး၊ သခင်သန်းထွန်း၊ သခင်ဗဟိ တို့ ဂျပန်တော်လှန်ရေးအတွက် တွေ့ဆုံဆွေးနွေးပြီး ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့အဖွဲ့ချုပ်ကို ပထမဆုံးဖွဲ့စည်းခဲ့ပါတယ်။

အဲဒီခေါင်းဆောင်ကြီးများ တွေ့ဆုံဆွေးနွေးဖို့ ဗိုလ်ချုပ်အောင်ဆန်း ကနေ ဗိုလ်မှူးကျော်ဇောကို တာဝန်ပေးခဲ့ပါတယ်။ ဒီတော့ ဗိုလ်မှူးကျော်ဇော ဟာ တပ်မတော်တပ်စိပ်တစ်စိပ်နဲ့ ဖက်ဆစ်တော်လှန်ရေး မြေအောက်လုပ်ငန်း တွေကို ဗိုလ်မှူးကျော်ဇောလက်အောက်မှာ တာဝန်ယူနေတဲ့ ဦးကြီးမြင့် ကိုထွန်းစိန် (ဦးကြီးမြင့်နဲ့ မယားညီအစ်ကိုတော်သူ၊ ဒလအလုပ်သမား ခေါင်းဆောင် ဗကပဟောင်း) ကိုသောင်းအေးတို့နဲ့အတူ သခင်စိုးကိုသွား ခေါ်ပါတယ်။ ဦးကြီးမြင့်တို့ကိုလဲ ဘီဒီအေတပ်မတော်အဝတ်အစား ဝတ်ဆင် စေပါတယ်။

ဒီတုန်းက သခင်စိုးဟာ ဒေးဒရဲမြို့နယ်နဲ့ ဖျာပုံမြို့နယ်အစပ် ဝှကထေ ရွာက ကိုမောင်တင်ရဲ့အိမ်မှာရှိနေပါတယ်။ သခင်စိုးကို ဘီဒီအေ ဗိုလ်ကြီး

သုံးလိုင်းကြယ်သုံးပွင့်ဝတ်စုံကိုဝတ်စေပြီး ရန်ကုန်ကတစ်ဆင့် စံပြတပ်ရင်းအရောက် သွားရောက်ခေါ်ယူခဲ့ပါတယ်။

ခေါင်းဆောင်ကြီး ၄ ဦးဟာ ၁၃ ရက်တိုင်တိုင် ဆွေးနွေးပြီး ဖ-ဆ-ပ-လ အဖွဲ့ချုပ်ကို အောင်မြင်စွာ ဖွဲ့စည်းပြီး ကြေညာစာတမ်းအမှတ် (၁) ကို ထုတ်ပြန်ခဲ့ပါတယ်။

အဲဒီအစည်းအဝေးပြီးတော့ ဗိုလ်မှူးကျော်ဇော၊ ဦးကြီးမြင့်တို့ လူစုကပဲ သခင်စိုးကို မော်တော်နဲ့ ဒေးဒရဲအရောက် လိုက်ပို့ခဲ့ပါတယ်။ သခင်စိုးကို လိုက်ပို့တဲ့ ဗိုလ်မှူးကျော်ဇော၊ ဦးကြီးမြင့်တို့အဖွဲ့ကို သခင်စိုးက ဒေးဒရဲနယ် ဥကလေးရွာမှာ နိုင်ငံရေးသင်တန်းပေးလိုက်ပါသေးသတဲ့။

ဒီလိုအရပ်သားအဖြစ် တော်လှန်ရေးအတွက် အရေးကြီးတဲ့ တာဝန်တွေ လုပ်နေစဉ် တစ်နေ့မှာ ဗိုလ်မှူးကျော်ဇောက ဦးကြီးမြင့်ကို သခင် ခင်အောင်နဲ့ သွားတွေ့ဖို့ပြောတယ်။

သခင် ခင်အောင်က သာယာဝတီသခင်မြ (ဒေါက်တာဘမော်အစိုးရအဖွဲ့မှ ဒုဝန်ကြီးချုပ်) လက်အောက်မှာ အတွင်းဝန်တာဝန်ယူနေသူဖြစ်ပါတယ်။ ဒီလို သခင် ခင်အောင်ဟာ ကွန်မြူနစ်ပါတီဝင်အဖြစ် ဆောင်ရွက်နေတာကို သခင်မြလဲသိဟန်မတူဘူး။ သခင်မြနဲ့အတူ ပြည်သူ့အရေးတော်ပုံပါတီအဖွဲ့ဝင် ခေါင်းဆောင်တွေလဲ ကိုယ်တိုင်မသိကြဘူးဆိုတာ အခုကွင်းဆင်း လေ့လာမှ စာရေးသူသိရှိခဲ့ရပါတယ်။ သခင် ခင်အောင်ဟာ ဒီတုန်းက ပြည်သူ့အရေးတော်ပုံအဖွဲ့လို ဖြစ်နေခဲ့တယ်။

ဗိုလ်ချုပ်အောင်ဆန်းတို့ ဂျပန်တော်လှန်ရေးအတွက် တပ်တွေ ထွက်သွားပြီးတဲ့နောက်ပိုင်း တစ်နေ့မှာ သခင်မြ (သာယာဝတီ) အိမ်မှာ ပြည်သူ့အရေးတော်ပုံပါတီရဲ့ ထိပ်ဆုံးခေါင်းဆောင်တစ်ဦးလဲရှိနေတယ်။

အဲဒီအချိန်မှာ သခင် ခင်အောင်က တောကသူ့အမေ အသည်းအသန် ဖြစ်နေလို့ခဏပြန်ပါရစေ၊ ရောဂါသက်သာရင် ချက်ချင်းပြန်လာခဲ့မယ်လို့ ဆိုပြီး သခင်မြထံ ခွင့်တောင်းနေပါတယ်။

ဒီတော့ အဲဒီပုဂ္ဂိုလ်က-

"သခင် ခင်အောင်၊ ခင်ဗျားလစ်ရင်လဲ လစ်မယ်ဆိုတာ ပြောင်ပြောဗျာ၊ ဒီလိုအကြောင်းပြချက်မျိုးနဲ့ပြပြီး လစ်တာမျိုးတော့ မဖြစ်သင့်ဘူး"

"လစ်တာမဟုတ်ပါဘူး၊ တကယ်ပြောတာပါ။ ကျွန်တော့်အမေ သက်သာလာရင် သက်သာသလို ချက်ချင်းပြန်လာပါ့မယ်" လို့ ပြောသွားတယ်။

အဲဒီကတည်းက တစ်ခါတည်း ပြန်မလာတော့ဘူး၊ နောက်မှသိရတာက သာယာဝတီခရိုင်မှာသွားပြီး တာဝန်ယူနေတယ်ဆိုတာ သိရတယ်။ အဲဒီလိုလုပ်သွားတာ။

အဲဒီအချိန်က ဂျပန်က ရန်ကုန်မှာရှိနေတဲ့ ဒေါက်တာဘမော်၊ သခင်မြစတဲ့ အစိုးရအဖွဲ့ဝင်များနဲ့ ဘီဒီအေတပ်တွေကို အမြဲမပြတ်စောင့်ကြည့်နေတာ။

အစိုးရအဖွဲ့နဲ့သက်ဆိုင်နေတဲ့ လူတွေရဲ့ခြေလှမ်းတွေလဲ မျက်ခြည်မပြတ်စောင့်ကြည့်နေတာ၊ မလှုပ်နဲ့၊ လှုပ်လိုက်ရင် ဂျပန်က ဖမ်းဆွဲမယ် တကဲကဲလုပ်နေတယ်။ ဒီအထဲ သူက ဒီလိုယုတ္တိရှိရှိပြောဆိုပြီး လစ်သွားတယ်ဗျာလို့ အဲဒီလိုခေါင်းဆောင်ကြီးက စာရေးသူကို မနေ့တနေ့ကပဲပြောပြပါတယ်။

အဲဒါထောက်တော့ သခင် ခင်အောင်ဟာ ကွန်မြူနစ်ပါတီဝင်ဖြစ်ပြီး အရေးကြီးတဲ့ ဂျပန်တော်လှန်ရေးတာဝန်တွေကို သခင်မြ၊ ပြည်သူ့အရေးတော်ပုံ ခေါင်းဆောင်တွေရဲ့ နောက်ကွယ်မှာ လုပ်နေတယ်ဆိုတာ အဲဒီအဖွဲ့ ခေါင်းဆောင်ကြီးများ သိဟန်မတူဘူးလို့ပဲယူဆရပါမယ်။

• • •

ဗိုလ်ကျော်ဇောရဲ့ ညွှန်ကြားတဲ့အတိုင်း ဦးကြီးမြင့်ဟာ သခင် ခင်အောင်နဲ့သွားတွေ့တယ်။ သခင် ခင်အောင်က ဦးကြီးမြင့်ကို မောင်ကြည်နဲ့ ထည့်ပေးလိုက်ပါတယ်။

မောင်ကြည်က အိန္ဒိယပြည် ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ချုပ်ခွဲ တာဝန်ခံ ကိုသိန်းဖေက တာဝန်ပေးလို့ လေထီးနဲ့ဆင်းခဲ့သူဖြစ်တယ်။ ချိန်းဆိုထားတဲ့ နေရာမှာ ဆင်းလာမယ့် လေထီးအဖွဲ့ကို သွားကြိုဖို့ တာဝန်ရှိနေပါတယ်။

အဲဒါကြောင့် သခင် ခင်အောင်က ကိုကြည်နဲ့အတူ လိုအပ်သလို ဆောင်ရွက်ဖို့ ဦးကြီးမြင့်ကို တာဝန်ပေးလိုက်တာဖြစ်ပါတယ်။

အဲဒါကြောင့် ဦးကြီးမြင့်ဟာ ပဲခူးနယ် ထန်းတောကြီးရွာဘက်ကို ခရီးထွက်ကြရတယ်။

အဲဒီနောက် ကိုစံသာကျော်တို့အဖွဲ့ ဆင်းလာတော့လဲ အဲဒီအဖွဲ့ကို ဦးကြီးမြင့်ပဲသွားခေါ်ရတယ်။ စောင့်ကြိုတဲ့အဖွဲ့မှာတော့ ဦးကြီးမြင့် မပါဘူး။ ဒါပေမယ့် ဦးကြီးမြင့်က တာဝန်ချပေးထားတဲ့ ကိုခင်သောင်းအဖွဲ့ဖြစ်ပါတယ်။

ကိုခင်သောင်းဟာ ဦးကြီးမြင့်တစ်ယောက် ဗိုလ်ကြီးအဆင့်နဲ့ ပုသိမ်တိုင်အေတပ်ဖွဲ့ သွားဖွဲ့စဉ်ကတည်းက ကိုကြီးမြင့်နဲ့ လိုက်သွားခဲ့တဲ့ ပဲခူးသားပါ။ သူဟာ အင်မတန် စိတ်ချရပြီး တာဝန်ကို အပင်ပန်းခံလုပ်တယ်။ အမိန့်ကို နာခံတတ်သူပါ။ တက်တက်ကြွကြွလုပ်ခဲ့တဲ့ ရဲဘော်တစ်ယောက်ဖြစ်တယ်။ ပဲခူးနယ်ထဲ လေထီးဆင်းတဲ့အဖွဲ့တွေဟာ များပါတယ်။ အများစုကို သူဟာ တာဝန်ယူကြိုဆိုရေးအဖွဲ့ ခေါင်းဆောင်ပါ။

ဦးကြီးမြင့်ဟာ ကျောင်းထွက်ပြီး နိုင်ငံရေးသင်တန်းမှာ သိပ်မကြာဘူး စစ်သားဖြစ်လာတယ်။ စစ်သားဖြစ်လာတော့ လူထုတော်လှန်ရေးကို လူထုတွေက လုပ်တယ်ဆိုတဲ့သဘောတရားကို ယုံကြည်သူမဟုတ်ပါ။ လူထုတွေလုပ်တာမဟုတ်ပါဘူး။ လက်နက်ကိုင်ထားတဲ့ လူငယ်တွေကသာ လုပ်တာလို့ခိုင်ခိုင်မြဲမြဲယုံကြည်ခဲ့ပါတယ်။

ဒါပေမယ့် ပဲခူးနယ်မှာ လေထီးသမားတွေက သူတို့နဲ့အတူ ချပေးတဲ့ စစ်ပစ္စည်းပစ္စယတွေကို သယ်ဆောင်ရာ၊ လုံခြုံရာမှာတူးပြီး မြှုပ်နှံရ။ နောက်ထပ်လုံခြုံရာဆီထပ်တူးဖော် ပို့ဆောင်တဲ့အလုပ်တွေကို ဆက်တိုက်ဆိုသလို တိုင်းရင်းသားလူမျိုးတွေအပါအဝင် လယ်သမားလူတန်းစားတွေနဲ့ လုပ်ကိုင်ရတော့မှ တော်လှန်ရေးဆိုတာ လူထုကလုပ်တာမဟုတ်ပါဘူး၊ တပ်က လုပ်တာပါဆိုတဲ့ သဘောတရားဟာ အင်မတန် သွေဖည် ဖောက်ပြန်ပါလား၊ တော်လှန်ရေးဆိုတာ အဖိနှိပ်ခံ၊ အချုပ်အချယ်ခံ လူမျိုးပေါင်းစုံ၊ တိုင်းရင်းသား ပေါင်းစုံပါဝင်ရမယ်။ အလုပ်သမား၊ လယ်သမား၊ တပ်မတော်၊ လူငယ်ကျားမ မရွေး လူထုလူတန်းစားတွေ ပါဝင်နေပါလားဆိုတာ ကိုယ်ပိုင်နိုင်ငံရေး အတွေ့အကြုံနဲ့မှ သဘောပေါက်လာတယ်လို့ ဦးကြီးမြင့်က စာရေးသူကို ပြောပြပါတယ်။

ဒီလိုလေထီးသမားတွေနဲ့အတူ အသံဖမ်းစက်များအပါအဝင် စစ်ပစ္စည်းလက်နက်တွေကို လေထီးနဲ့ချခဲ့ရရင် အဲဒါတွေကို လုံခြုံရာသယ်ဆောင်သွားပြီး ချောင်းတွေထဲမြှုပ်ထား၊ ခြေရာလက်ရာအစဖျောက်ပြီး ပထမသယ်ပြုမြှုပ်နှံခဲ့တဲ့အဖွဲ့တွေ အိပ်မောကျနေတဲ့အခါ ချက်ချင်းအခြားအဖွဲ့တစ်ဖွဲ့နဲ့ စောစောက

မြှုပ်နှံထားတဲ့ပစ္စည်းတွေကို ပြန်လည်တူးဖော်ပြီး အခြားတစ်နေရာကို ချက်ချင်းရွှေ့ပြောင်း မြှုပ်နှံ၊ ဒါမှမဟုတ် အခြေခံစခန်းကို သယ်ဆောင်ဖို့ အခြေအနေကပေးရင်လဲ အဲဒီကို သယ်ဆောင်သွားလိုက်တယ်။

အဲဒီလိုလုပ်တာက လုံခြုံရေးအတွက်ပါ။ ဂျပန်ကသတင်းရလို့ အဲဒီပစ္စည်းသယ်တဲ့အဖွဲ့က တစ်ဦးဦးကိုမိသွားရင် ရိုက်နှက်စစ်မယ်၊ လူဆိုတာက အမျိုးမျိုးရှိတယ်မဟုတ်ပါလား။ ခံယူချက်ရင့်မာသူများဆိုရင် မေးတာမြန်းတာကို ဘယ်တော့မှမဖော်ဘဲ ညှဉ်းဆဲခံရင်း အသက်သာပေးသွားတတ်တယ်။ မဖော်ဘူး။

ခံယူချက်အတိုင်းအတာ အတိမ်အနက်အရ ခံနိုင်ကြရပါတယ်။ ခံယူချက်မပြင်းတဲ့ အချို့ကျတော့ တစ်ချက်နှစ်ချက်ချရုံနဲ့ စစ်မေးတာတွေကို အန်ထုတ်လိုက်တာမျိုးရှိတယ်။ အဲဒီလိုအခါမျိုးမှာ မိမိမြှုပ်နှံထားတဲ့ ပစ္စည်းတွေကို လိုက်ပြရင် ရန်သူရသွားနိုင်တယ်။

အဲဒါမျိုးတွေလဲရှိနိုင်တာမို့ ပထမမြှုပ်ထားတဲ့ပစ္စည်းကို ပထမမြှုပ်တဲ့လူတွေမသိအောင် ချက်ချင်းဖော်ပြီး တစ်နေရာကိုသွားပို့လိုက်ရင် ဂျပန်ကစစ်လို့ ခံနိုင်ရည်မရှိလို့ သူသိတဲ့နေရာလိုက်ပြရင် ပစ္စည်းက မရှိတော့ဘူးဆိုတော့ ရန်သူ့လက်မရောက်နိုင်ဘူး။

နောက်ထပ်ရွှေ့ထားလိုက်တဲ့နေရာကိုလဲ သူကမသိတော့ ဘယ်လိုပဲညှဉ်းညှဉ်း မသိတာကို သူဘယ်လို ဖော်ပြနိုင်တော့မလဲ။ အဲဒီလိုနဲ့ပဲညှဉ်းဆဲရင်း အသက်သာထွက်သွားချင် ထွက်သွားပေလိမ့်မယ်၊ ပစ္စည်းတော့ ရန်သူ့လက် မရနိုင်တော့ဘူးပေါ့။

အဲဒါကြောင့် လူတွေကို မယုံကြည်လို့ သူတို့ကို အသိမပေးဘဲ နောက်တစ်နေရာကို ရွှေ့သွားရတာ မဟုတ်ပါလား။ တော်လှန်ရေးအတွက်၊ လုံခြုံရေးအတွက် လိုအပ်သလို ဆောင်ရွက် လုပ်ဆောင်တာပါ။

ကဲ–အဲဒီတော့ အဲဒီပစ္စည်းတွေ ခလထီးနဲ့ကျလာရင် စုရ ဆောင်းရ၊ အဲဒီကနေ ဝေးလံတဲ့ လုံခြုံရာနေရာတွေသယ်ရ၊ မြှုပ်ရ၊ နောက် ပထမအဖွဲ့ကို အသိမပေးဘဲ နောက်အဖွဲ့နဲ့တူးဒွရ၊ နောက် လုံခြုံရာကို ပို့ရဆိုတဲ့အလုပ်ဟာ လွယ်တဲ့အလုပ်မဟုတ်ပါဘူး။ လူ ကမ်ဦးတစ်ယောက်တည်းနဲ့ လုပ်လို့ရတာလဲမဟုတ်။ လူထုနဲ့လုပ်မှရတာမျိုးဆိုတော့ တော်လှန်ရေးဆိုတာ ပြည်သူလူထုမပါရင်၊ ကိုင်းရင်းသားလူထု ထောက်ခံမှုမရရင် အောင်ပွဲအတွက်

အိပ်မက် မမက်နိုင်ဘူးဆိုတဲ့ အဖြစ်ကို ကိုယ်တွေ့နဲ့မှ ဦးကြီးမြင့်နားလည်ရပါတော့တယ်။

လေထီးအဖွဲ့ကချတယ်ဆိုတဲ့သတင်း ဂျပန်ဆီပေါက်ကြားသွားတော့ အဲဒီနယ် တောနင်းရှာဖွေမွှေနှောက်မယ်ဆိုတဲ့သတင်းရတော့ ကိုခင်သောင်းနဲ့အဖွဲ့ဟာ ကိုစံသာကျော်တို့ ပစ္စည်းတွေကို သူတို့အဖွဲ့ပိုင် နွားလှည်းတစ်ရှဉ်းရယ်၊ အခြားနွားလှည်းတစ်ရှဉ်းငှားပြီး မလိုအပ်တဲ့ပစ္စည်းတွေ ဖျောက်တန်ဖျောက်ဖျက်လိုက်တယ်။

လူထုတွေပေးဖို့ အဝတ်အထည်တွေကိုတော့ ကိုခင်သောင်းအဖွဲ့ကပဲ သူ့ရဲဘော်တွေကို ဖြန့်ဝေခိုင်းလိုက်ပါတယ်။

ကိုစံသာကျော်တို့လှည်းဟာ ပဲခူးတောင်ပေါ်က အရှေ့ဘက် တူရူကို မောင်းလာပါတယ်။ နောက် ရန်ကုန် မန္တလေး သံလမ်းကိုဖြတ်ကျော်ခဲ့ကြပါတယ်။ နောက် ရန်ကုန်မန္တလေးလမ်းနားရှိ ဘုန်းကြီးကျောင်းကိုရောက်လာကြပါတယ်။ ပျဉ်ပုံကြီးရဲ့ မြောက်ဘက်မှာပါ။ ကားလမ်းကို ဖြတ်လိုက်ကြပါတယ်။ ကားလမ်းနဲ့ကပ်လျက်ရှိတဲ့ တဲကလေးပေါ်မှာ ပါလာတဲ့ ပစ္စည်းတွေ ပြောင်းတင်လိုက်ပါတယ်။

အဲဒီအချိန်ဟာ မနက်ငါးနာရီလောက်ရှိနေပါပြီ။ ဆောင်းတွင်းမို့ မြူနှင်းတွေဟာ ပိတ်ဖုံးလျက်ရှိနေပါတယ်။

ကြိုတင်ချိန်းဆိုထားတဲ့အတိုင်း ဆလွန်းကားကလေးဟာ တဲရှေ့မှာ လာရပ်ပါတယ်။ ဒီတော့ ပါလာတဲ့ ဘီတူးစက်၊ ကြိုးမဲ့ကြေးနန်းစက်နဲ့ တစ်ယောက် နားထောင်တဲ့ ရေဒီယိုငယ် ၁၀ လုံး၊ ဂျပန်ငွေသုံးအိတ်တို့ကို ဆလွန်းကားလေးပေါ် ပြောင်းတင်လိုက်တယ်။

ဦးကြီးမြင့်က ဘီဒီအေအဝတ်အစားနဲ့ ရာထူး ကြယ်က ဗိုလ်ကြီးအဆင့် သုံးလိုင်း ကြယ်သုံးပွင့်။ ကားမောင်းသူက ကိုကြီးမြင့်ရဲ့ ညီအရင်းကိုကျော်မြင့် (အခုအရာခံဗိုလ် ဦးကျော်ဇင်) က ကားမောင်းတယ်။

(သူတို့ညီအစ်ကို မောင်နှမတစ်စုဟာ တော်လှန်ရေးမှာ ပါခဲ့ကြသူများပါ။ အဖေက အစိုးရအရာရှိ၊ ယစ်မျိုးဘက်ကပဲ။ ဒါပေမယ့် သားသမီးတွေ ဒီလို နိုင်ငံရေးလုပ်တာကို မကန့်ကွက်တဲ့အပြင် အားပေးတယ်။ ကိုကျော်မြင့်ဟာဆိုရင် အကြိမ်ပေါင်းများစွာ လေထီးသမားတွေကို ကြိုပို့လုပ်ငန်းတွေ လုပ်ပေးခဲ့ရပါသတဲ့။ တစ်ခါတစ်ခါတော့လဲ ဒီလောက်တိုင်းပြည်အတွက် လုပ်ခဲ့ပြီးမှ

သူများလို လွတ်လပ်ရေး မော်ကွန်းကလေးတောင်မှ မရပါလားဆိုပြီး ညည်းရှာပါသတဲ့။ စာရေးသူ)

ကိုစံသာကျော်နဲ့ ကိုသာထွန်းအောင်တို့က ရိုးရိုးအဝတ်နဲ့ပါ။ ကိုကျော်မြင့်က ကားမောင်းတဲ့ ဒရိုင်ဘာဟန်ဖြင့်လည်းကောင်း၊ ဦးကြီးမြင့်က ဘီဒီအေဗိုလ်ကြီး သုံးလိုင်း သုံးပွင့်ဖြင့်လည်းကောင်း ရှေ့ကထိုင်သွားပါတယ်။ စစ်ဗိုလ်ပီပီ မှင်နဲ့မောင်းနဲ့ လိုက်ပါလာခဲ့တယ်။ ကားမှာလဲ အလံပြာထိုးထားပါတယ်။

(ကားတွေမှာ ဂျပန်ခေတ်က ဗိုလ်ကလေး သုံးလိုင်းတစ်ပွင့်ကနေ ဗိုလ်ကြီး သုံးလိုင်း ကြယ်သုံးပွင့်ဆိုရင် ကားစီးရင် ရှေ့ရေတိုင်ကီအပိတ်မှာ အလံပြာထိုးထားရတယ်။ ဗိုလ်မှူးအဆင့်ကနေ ဗိုလ်မှူးကြီးအဆင့်ဆိုရင် ကားရှေ့ အလံနီထိုးထားရပါတယ်။ ဗိုလ်ချုပ်ကလေး ရွှေပြားပေါ်မှာ ကြယ်တစ်ပွင့်ကနေ ဗိုလ်ချုပ်ကြီး ရွှေပြားပေါ်မှာ ကြယ်သုံးပွင့်ဆိုရင် အလံ ရွှေဝါရောင် ထိုးထားရပါတယ်။)

အခု ဦးကြီးမြင့်က ဘီဒီအေဗိုလ်ကြီးအဆင့်မို့ အလံပြာထိုးပြီး ဂျပန်စစ်စခန်းတွေကို ဖြတ်လာရပါတယ်။

မနက်လင်းတော့ ပဲခူးကိုရောက်ပါတယ်။ ပဲခူးက စံပြတပ်ရင်းထဲကို ကားကို ဟန်မပျက် မောင်းသွားပါတယ်။ စံပြတပ်ရင်းက သနပ်ပင်သွားတဲ့ လမ်းမှာဖြစ်ပါတယ်။

ဗိုလ်ဘသစ်ဆီမှာ ကိုစံသာကျော်တို့ အပ်လိုက်ပါတယ်။ အဲဒီမှာ ခဏနားပြီး မနက်စာစားကြပါတယ်။ ကိုစံသာကျော်တို့လဲ ရန်ကုန်မှာ သုံးဖို့ ဂျပန်ငွေ ၁၀၀၀၀ ကို လိုလိုမယ်မယ်ယူသွားပြီး ကျန်တဲ့ ဂျပန်ငွေစက္ကူတွေ အပ်လိုက်ပါတယ်။

အဲဒီကနေ ဦးကြီးမြင့်တို့ ညီအစ်ကိုကပဲဆက်ပြီး ကိုစံသာကျော်တို့ နှစ်ယောက်နဲ့ ပစ္စည်းတွေကို သယ်ဆောင်လာခဲ့ပါတယ်။

## ရန်ကုန်ကို ချောမောစွာရောက်ခြင်း

ရန်ကုန်ကိုဆင်းတဲ့အခါမှာ ဦးကြီးမြင့်က ဘီဒီအေဗိုလ်ကြီးအဖြစ်နဲ့ ဆက်ခေါ်ခဲ့ပါတယ်။ သူ့က ရှေ့ကလိုက်ပါတယ်။ ကိုစံသာကျော်တို့ ရဲဘော်တွေကလဲ ဟန်မပျက် ဣန္ဒြေရရ စီးနင်းလိုက်ပါကြတယ်။ သူတို့အတွက် အရေး

ကြီးတဲ့နေရာက မင်္ဂလာဒုံအဝင်ဖြစ်တယ်။ ဒါပေမယ့် ကားမှာ အလံပြာထိုးထားပြီး ဘီဒီအေ ဗိုလ်ကြီးအဆင့်ရှိသူက ရှုတင်းတင်း ဟန်ပါပါ လိုက်ပါလာခဲ့လေတော့ ဂျပန်က အရှာအဖွေမလုပ်တဲ့အပြင် အလေးတောင်ပြုပြီး လွှတ်လိုက်ပါသေးသတဲ့။

ရန်ကုန်ကို မနက် ၁၀ နာရီလောက်မှာ ဝင်တယ်။ ဗိုလ်မှူးချုပ်ကျော်ဇောနေတဲ့ တိုက်ကို ရောက်လာတယ်။ အဲဒီကနေ အာအီးတီရုံးလုပ်ထားတဲ့အလုံကို သွားရတယ်။

ရန်ကုန်မှာ အာအီးတီအဆောက်အအုံ၊ အခု ရန်ကုန်တိုင်း လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှာ အာရှလူငယ်ရုံးဖွင့်ထားတယ်။ အဲဒီမှာ ကိုကျော်ငြိမ်းကွန်မြူနစ်ပါတီဝင်၊ ရောဝတီတိုင်း (ကွယ်လွန်) ဆီမှာ နေရာချထားပေးပါတယ်။ စားရေး သောက်ရေးကို ကိုကျော်ငြိမ်းတို့ လင်မယားကပဲ တာဝန်ယူပေးတယ်။ အဲဒီမှာ အေယ်လ်တီဆိုတဲ့ ကြောင်လက်သည်းကို ကိုသာထွန်းအောင်တို့က စောင့်နေတယ်။

ညနေပိုင်းကျတော့ ကပ္ပတိန် ဗိုလ်ကြီးအဆင့်နဲ့ ယူနီဖောင်း အပြည့်ဝတ်ထားတဲ့ လူတစ်ယောက် ရောက်လာပြန်တယ်။ သူကလဲ လိုတာရှိပါကဆောင်ရွက်ပေးမယ့်အကြောင်း ပြောပြတယ်။ နောက် သူတို့တွေ့ချင်တဲ့ကေအယ်လ်တီနဲ့လဲ တွေ့ပေးမယ်လို့ ပြောသွားပါတယ်။

ည ၁၁ နာရီလောက်ကျတော့ သက္ကလပ်ဘောင်းဘီရှည်၊ ဆေးလိပ်ပြာပိုးရောင်အင်္ကျီလက်ရှည်ဝတ်ပြီး လူတစ်ယောက်ပေါက်လာပါတယ်။ သူတို့စားပွဲရှည်ရှေ့တည့်တည့် သူတို့နဲ့ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်တယ်။ သူနဲ့အတူ သခင်မြ၊ ဗိုလ်ဇတင် (သခင်ဇတင်ကွယ်လွန်) တို့နှစ်ယောက်လဲပါလာပါတယ်။

ရောက်ရှိလာသူက ကြောင်လက်သည်းအမည်ခံ သခင်သန်းထွန်းပင်ဖြစ်နေပါတော့တယ်။

(သခင်သန်းထွန်းနဲ့ တွေ့ဆုံပုံ အသေးစိတ်ကို ရဲဘော်သာထွန်းအောင်အခန်း၌ ဖော်ပြပြီးပါပြီ။ စာရေးသူ။)

သူတို့တွင်ပါလာတဲ့ အရေးကြီးတဲ့ စာနှစ်စောင်ကို သခင်သန်းထွန်းလက်ထဲထည့်လိုက်ပါတယ်။ ပြီးတော့ မဟာမိတ်တွေနဲ့ အိန္ဒိယရှိ ဖက်ဆစ်

ဆန့်ကျင်ရေးအဖွဲ့ ဆက်ဆံရေးအခြေအနေ၊ ရခိုင်တော်လှန်ရေး အခြေအနေတွေ အသေးစိတ်ကို မှတ်နဲ့အစီရင်ခံကြပါတယ်။

သူတို့ကတော့ ဒီစာနှစ်စောင်ဟာ မြန်မာပြည်ကံကြမ္မာကို ဖန်တီးမယ့် စာတွေရယ်လို့ မသိကြပါ။

* * *

ကိုစံသာကျော်နှစ်ယောက် သယ်ဆောင်လာတဲ့ စာနှစ်စောင်နဲ့ ပတ်သက်တဲ့အကြောင်းကို သခင်တင်မြရဲ့ "ဘုံဘဝမှာဖြင့်" (စ–ဆုံး) စာအုပ် ဖက်ဆစ် ဆန့်ကျင်တော်လှန်ရေးကဏ္ဍဆိုတဲ့ အခန်း စာမျက်နှာ ၆၉၇ မှ ၇၂၁ ထိ သခင်တင်မြက အကျယ်တဝင့်ရေးသား ဖော်ပြထားပါတယ်။ စာမျက်နှာ ၂၄ မျက်နှာကျော်ရှိပါတယ်။

အခု အဲဒီမှာ စာရေးသူအနေနဲ့ စာနှစ်စောင်နဲ့ ပတ်သက်တဲ့ လိုရင်းကိုသာ အကျဉ်းချုံးပြီး ဖော်ပြမှာဖြစ်ပါတယ်။

ကိုသာထွန်းအောင်တို့နှစ်ယောက်ဟာ ဒီစာနှစ်စောင်ကို သယ်သာ သယ်ဆောင်လာခဲ့ရတယ်။ အရေးကြီးတဲ့စာဆိုတာကလွဲလို့ တခြားရှည်ရှည် ဝေးဝေးမတွေးခဲ့ဘူး။ ဒီစာနှစ်စောင်ဟာ မြန်မာပြည်ဖက်ဆစ်တော်လှန်ရေးကို အဆုံးအဖြတ်ပေးမယ့် ဖက်ဆစ်ဂျပန်အေးမိုးမှုအောက်မှာ မြန်မာပြည် လွတ်မြောက်စေမယ့် စာ။ ဒါတွေကို လုံးဝထည့်မတွက်ခဲ့ကြပါဘူး။

သူတို့နှစ်ယောက်စလုံးဟာလဲ နိုင်ငံရေးသမားပေါက်စ၊ အရွယ်အစားအားဖြင့်လဲ ငယ်ရွယ်၊ အသက်အားဖြင့်လဲ နှစ်ဆယ်ကျော်ကျော်တွေ။

ဒါကြောင့် ဒီစာအရေးကြီးတယ်ဆိုတာကလွဲလို့ ရှည်ရှည်ဝေးဝေး မစဉ်းစား ခဲ့တာပဲပေါ့။

ဒီစာကို အိန္ဒိယဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ချုပ်က ပေးတဲ့စာနဲ့ ဗိုဒ် ၁၃၆ အင်္ဂလိပ်တပ်ဖွဲ့ကပေးတဲ့စာတွေနဲ့ ပတ်သက်ပြီး အရေးကြီးတယ်လို့ပဲ ဆိုဆို ဒီစာကိုလက်ခံရယူတဲ့ မြန်မာပြည် ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ (ဖက်ဆစ် တိုက်ဖျက်ရေးအဖွဲ့ချုပ် (ဖ–တ–ပ–လအဖွဲ့ချုပ်) က ဒီစာကို အရေးတယူမရှိဘဲ လျစ်လျူရှုလိုက်ရင်လဲ ဒီစာဟာ အရေးတကြီးစာ၊ မြန်မာပြည်ရဲ့ အနာဂတ်ကိုဖန်တီးမယ့် စာမျိုး အဆင့် ကို ရောက်မသွားနိုင်ပါ။

ဖ–တ–ပ–လအဖွဲ့ချုပ် ခေါင်းဆောင်ကြီးတွေက အရေးတယူ လက်ခံ ဆွေးနွေးစဉ်းစားဆုံးဖြတ်လိုက်လေတော့ မြန်မာပြည်ရဲ့ ဖက်ဆစ်တော်လှန်ရေး

...နေ့ကို ရွေးချယ်သတ်မှတ်ပေးလိုက်တဲ့စာ အဆင့်ထိ အရေးပါ အရာရောက် ...ဆုံးစာအဖြစ်သို့ မြင့်တက်သွားပါတော့တယ်။

သူတို့နှစ်ယောက်ကို ရန်ကုန်ရောက်ရင် (ကေအယ်လ်တီ) ဆိုသူကို ...ဆေးရမယ်လို့ ပြောလိုက်ပေမယ့် ကေအယ်လ်တီဆိုတာ ဘယ်သူဆိုတာကို ...အောင် ကိုသိန်းဖေတို့က ပြောမပြလိုက်ပါ။

ဘာကြောင့်လဲဆိုရင် "လျှို့ဝှက်ရေး" ပေါက်ကြားသွားမှာ စိုးတဲ့ အတွက် ဖြစ်တယ်။

"ကေအယ်လ်တီ ဆိုသူကိုပေးရမယ်" ဆိုထားတော့ "ကေအယ်လ်တီ" ဆိုတာ ခေါင်းဆောင်တစ်ယောက်ပဲဖြစ်ရမယ်ဆိုတာကိုတော့ သူတို့ သိကြ ...ပါတယ်။ ပြီး ကေအယ်လ်တီက အင်္ဂလိပ်စာမဟုတ်ပါ။ ဗမာစာကို အတိုကောက် ...ခေါ်ထားတာဖြစ်တယ်ဆိုတာလဲသူတို့သိကြတယ်။ ကေအယ်လ်တီ ဆိုတဲ့ လျှို့ဝှက်စာလုံးအရှည်ကောက်က ကြောင်လက်သည်းပါတဲ့။ ကြောင် လက်သည်း ကို အင်္ဂလိပ်လိုရေးတဲ့အခါ Kyaung Let Theပါ၊ ဒီစာတန်း ဒါမှမဟုတ် ...နာမည်မှ Kyaung က K ကို Let က L The က T ကို ယူလိုက် ကြတယ်။ ပေါင်းလိုက်တော့ K.L.T ဖြစ်ပါတယ်။

ကေအယ်လ်တီဆိုတာ ဘယ်သူဘယ်ဝါဆိုတာကို သူတို့မသိပါ။ ဘယ်သူဘယ်ဝါဆိုတာ မေးမြန်းလဲမကြည့်ပါ။ မေးမြန်းဖို့ သူတို့မှာ တာဝန် မရှိဘူးဆိုတာ သူတို့ နားလည်ပြီးဖြစ်ပါတယ်။

ကေအယ်လ်တီ ကြောင်လက်သည်းဆိုတာ သခင်သန်းထွန်းရဲ့ လျှို့ဝှက် ဆက်သွယ်ရေးနာမည်။

ကိုသိန်းဖေနဲ့ ဆက်သွယ်တဲ့အခါ သခင်သန်းထွန်းနဲ့ပဲ ဆက်သွယ်ရ တယ်။ လျှို့ဝှက်ရေးအတွက် ကြောင်လက်သည်းဆိုတဲ့နာမည်တိုနဲ့ ဆက်သွယ် ...ခဲ့ခြင်းပါ။

**စာနှစ်စောင်အပေါ် ဆွေးနွေးကြခြင်း**

အရေးကြီးတဲ့စာများဖြစ်တဲ့အတွက် သခင်သန်းထွန်းဟာ ဗိုလ်ချုပ် အောင်ဆန်းဆီ သွားရောက်တင်ပြပြီး ဆွေးနွေးကြပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းနဲ့တိုင်ပင်ကာ ရန်ကုန်မှာ ဖ-တ-ပ-လ အဖွဲ့ချုပ် ဦးစီးအစည်းအဝေးကို အမြန်ဆုံးကျင်းပရန် ဆုံးဖြတ်ကြပါတယ်။ ဒေးဒရဲရှိ

သခင်စိုးကို ရန်ကုန်သို့ ဦးစီးအစည်းအဝေး တက်ရောက်နိုင်ရန်ကိုပါ စီစဉ်ကြပါတယ်။

ဖေဖော်ဝါရီလ စတုတ္ထအပတ်ထဲတွင် ဗိုလ်ချုပ်အောင်ဆန်းက ဒေးဒရဲရှိ သခင်စိုးကိုခေါ်ယူရန် ဗိုလ်မှူးရဲထွတ်အား တာဝန်ပေးလိုက်ပါတယ်။

ဗိုလ်မှူး ရဲထွတ်ဟာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ညွှန်ကြားချက်အတိုင်း မော်တော်တစ်စီးနဲ့ ဘီဒီအေတပ်စိပ်တစ်စိပ်ကိုခေါ်ကာ သခင်စိုးရှိရာ ဒေးဒရဲသို့ သွားပါတယ်။

ဖေဖော်ဝါရီ ၂၇ ရက်နေ့တွင် သခင်စိုးနဲ့ ဗိုလ်ရဲထွတ်တို့ မော်တော်နဲ့ ရန်ကုန်ရောက်ခဲ့ကြပါတယ်။ သခင်စိုးနဲ့အတူ သခင်စိုးဇနီး မနှင်းမေ၊ ဒေးဒရဲမှ ရဲဘော်ကိုဖော်ဖေတို့လဲပါလာကြပါတယ်။ ကြည့်မြင်တိုင် ဟုမ်းလမ်းနဲ့ မိးရထားလမ်းထောင့်ရှိ ဂျပန်ပြန် ဗိုလ်မှူးမြင့်အောင်အိမ်မှာ သခင်စိုးတို့အဖွဲ့ကို ဗိုလ်ရဲထွတ်က နေရာချပေးထားလိုက်တယ်။

ဗိုလ်မှူးမြင့်အောင်ကို ဖက်ဆစ်ဆန့်ကျင်ရေး မြေအောက်လှုပ်ရှားမှုထဲ ပါလာအောင် ဗိုလ်မှူးရဲထွတ်ကပဲ ဆက်သွယ်စည်းရုံးခဲ့ပါတယ်။ ဗိုလ်မှူးမြင့်အောင်က လေယာဉ်ပစ်စက်အမြောက်တပ် တပ်ရင်းမှူးဖြစ်ပါတယ်။

သခင်စိုးရဲ့ လုံခြုံရေးအတွက် ဘီဒီအေတပ်စိပ်တစ်စိပ်ကို အစောင့်ချထားပေးပါတယ်။ ဗိုလ်မှူးမြင့်အောင်မွေးထားတဲ့ အယ်လ်ဖေးရှင်း ခွေးနက်ကြီးများကလဲ လူစိမ်းများ ခြံနားမကပ်ရဲအောင် စောင့်ရှောက်နေလျက်ပါ။

သခင်စိုး ရန်ကုန်ရောက်တယ်ဆိုရင်ပဲ သခင်သန်းထွန်းနဲ့ သခင်တင်မြတို့ နှစ်ယောက်ကို ခေါ်တွေ့ပါတော့တယ်။ သခင်သန်းထွန်းက ကိုစံသာကျော်တို့ယူခဲ့တဲ့ အိန္ဒိယက စာနှစ်စောင်ကို ပေးလိုက်ပါတယ်။

ရခိုင်တော်လှန်ရေးနဲ့ပတ်သက်ပြီး သခင်စိုးက မေးပါတယ်။ သခင်သန်းထွန်းနဲ့ သခင်တင်မြတို့နှစ်ယောက်က ကိုသာထွန်းအောင်ထံက မေးမြန်းရယူထားတဲ့ ရခိုင်တော်လှန်ရေးသတင်းများကို ပြောပြလိုက်ကြတယ်။

ဖက်ဆစ်တော်လှန်ရေးကို အမြန်ဆုံး စတင်ဆောင်ရွက်ဖို့ အရေးကြီးကြောင်း၊ ဒါကြောင့် ဖေဖော်ဝါရီလ ၂၈ ရက်ညတွင် ဗိုလ်ချုပ်အောင်ဆန်းနဲ့ တွေ့ဆုံဆွေးနွေးနိုင်ရေးအတွက် အစီအစဉ်များ လုပ်ပေးရန် သခင်သန်းထွန်းတို့ နှစ်ယောက်အား သခင်စိုးက ပြောတယ်။

သခင်သန်းထွန်း၊ သခင်တင်မြတို့ရဲ့ စီစဉ်ပေးမှုနဲ့ သခင်စိုးဟာ …ဖေဖော်ဝါရီလ ၂၈ ရက်နေ့မနက်ပိုင်းနဲ့ နေ့လယ်ပိုင်းမှာ ဗိုလ်မှူးကြီး လကျ်ာ၊ …ဗိုလ်မှူးကျော်ဇော၊ ဗိုလ်မှူးရန်အောင်၊ ဗိုလ်မှူး ရဲထွတ်တို့နဲ့ တပ်မတော်အတွင်း …က်ဆစ်တော်လှန်ရေး စည်းရုံးမှုအခြေအနေများကို မေးမြန်းဆွေးနွေးပါသတဲ့။

ဖေဖော်ဝါရီလ ၂၈ ရက်ည ကြိုတင်ပြင်ဆင်ထားတဲ့အတိုင်း ဗိုလ်ချုပ် …အောင်ဆန်း၊ သခင်စိုး၊ သခင်သန်းထွန်းတို့သုံးဦး ဗိုလ်မှူးမြင့်အောင်အိမ်မှာ …ဆွေးနွေးကြတယ်။ အောက်မှာတော့ အထူးကင်းများ ချထားလျက်ရှိနေ …ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်း၊ သခင်စိုး၊ သခင်သန်းထွန်းတို့သုံးဦးဟာ ကိုစံသာ …ကျော်တို့ သယ်ဆောင်လာခဲ့တဲ့ စာနှစ်စောင်ကို အပြန်အလှန်ဆွေးနွေးကြ …ပါတယ်။ ကမ္ဘာ့အခြေအနေ၊ မဟာမိတ်များအခြေအနေ၊ မြန်မာပြည်အခြေအနေ …များကို သုံးသပ်ကြပြီး ည ၁၀ နာရီလောက်မှ ဆွေးနွေးပွဲရုပ်နားလိုက်ပါတယ်။

နောက်တစ်နေ့ ဗိုလ်ချုပ်အောင်ဆန်းအိမ်တွင် တပ်မတော်၊ ပြည်သူ့ …အရေးတော်ပုံပါတီနဲ့ ကွန်မြူနစ်ပါတီတို့မှ ခေါင်းဆောင်ပြီး တွေ့ဆုံ၍ ဖက်ဆစ် …တော်လှန်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးရန် သဘောတူညီးဖြတ် …ဘာ လူစုခွဲလိုက်ကြပါတယ်။

* * *

## …တော်လှန်ရေးအတွက် ပြင်ဆင်ခြင်း

မတ်လ (၁) ရက်နေ့ည (၇) နာရီမှာ ကန်တော်ကြီးပတ်လမ်းနဲ့ …ဦးထွန်းမြတ်လမ်းထောင့်ရှိ ဗိုလ်ချုပ်အောင်ဆန်းအိမ်မှာ တပ်မတော်၊ ပြည်သူ့ …အရေးတော်ပုံပါတီနဲ့ ကွန်မြူနစ်ပါတီတို့မှ ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေး …ကြပါတယ်။

တပ်မတော်ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်မှူးကြီး …လကျ်ာ၊ ဗိုလ်မှူးကြီးနေဝင်း၊ ဗိုလ်မှူးကြီးဇေယျ၊ ဗိုလ်မှူးကြီးစောကြာဒိုး၊ …ဗိုလ်မှူးကျော်ဇော၊ ဗိုလ်မှူးရန်အောင်၊ ဗိုလ်မှူးရဲထွတ်၊ ဗိုလ်မှူးဖိုးကွန်း၊ …ဗိုလ်အောင်ကြီး၊ ဗိုလ်မောင်မောင်၊ ဗိုလ်စိန်မှန်၊ ဗိုလ်ခင်မောင်ကလေးတို့ …ဖြစ်ပါတယ်။

ပြည်သူ့အရေးတော်ပုံပါတီမှ ဦးဗဆွေ၊ သခင်ချစ်၊ ဦးကျော်ငြိမ်း၊ ဦးလှမောင် (အခုသံအမတ်ကြီးဟောင်း) တို့ ဖြစ်ပါတယ်။

ကွန်မြူနစ်ပါတီမှ သခင်စိုး၊ သခင်သန်းထွန်းနဲ့ သခင်တင်မြတို့ ဖြစ်ကြပါတယ်။

ဂျပန်ကို စတင်တော်လှန်ကြဖို့အကြောင်းကို ဗိုလ်ချုပ်အောင်ဆန်းနဲ့ သခင်စိုးတို့က တင်ပြကြပါတယ်။

နောက်သခင်သန်းထွန်းက ဗြိတိသျှတပ်မတော် ဖိုဒ် ၁၃၆ တပ်ဖွဲ့ကစာနဲ့ အိန္ဒိယဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ချုပ်ခေါင်းဆောင် ကိုသိန်းဖေထံက စာများကို ဖတ်ကြားပါတယ်။

ဗြိတိသျှတပ်မတော် ဖို့ဒ် ၁၃၆ တပ်ဖွဲ့ဌာနချုပ်က ပေးပို့တဲ့ စာမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။

(၁) ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ (A.F.O)သည် အရှေ့တောင်အာရှ မဟာမိတ်စစ်ဌာနချုပ် လက်အောက်ရှိ တပ်ဖွဲ့တစ်ခုဖြစ်သော ဖို့ဒ် ၁၃၆ တပ်ဖွဲ့ (F 136) ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ရှိစေရမည်။

(၂) ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့၏ အုပ်ချုပ်မှုအောက်တွင်ရှိသော လက်နက်ကိုင်တပ်များသည် မဟာမိတ်တပ်များ၏ စစ်ဆင်ရေးနှင့် သီးခြားကင်းလွတ်၍ မိမိတို့သဘောအလျောက် ဂျပန်တပ်များကို စစ်ဆင် တိုက်ခိုက်ခြင်း မပြုရ။

(၃) ဖို့ဒ် ၁၃၆ တပ်ဖွဲ့က ညွှန်ကြားသတ်မှတ်ပေးသော ဒေသများ တွင်သာ ဖက်ဆစ်ဆန့်ကျင်ရေးတပ်ဖွဲ့များက ဂျပန်များကို တိုက်ခိုက်ရမည်။

(၄) ထိုသတ်မှတ်ထားသောဒေသများသို့ အိန္ဒိယရှိ ဖက်ဆစ်ဆန့်ကျင် ရေးတပ်သားများကို လေထီးဖြင့် ချပေးမည်။ ယင်းတို့နှင့်အတူ အမှတ် ၁၃၆ တပ်ဖွဲ့မှ ဆက်သွယ်ရေးအရာရှိများ ပါလာမည်။

(၅) ဖက်ဆစ်ဆန့်ကျင်ရေး တပ်သားများအတွက် လိုအပ်သော လက်နက်ခဲယမ်းမီးကျောက် အရေအတွက်ကို ဗြိတိသျှဆက်သွယ် ရေး အရာရှိများ၏ ထောက်ခံချက်ဖြင့်သာ လေထီးဖြင့် ချပေးမည်။

(၆) ဂျပန်တို့အား တိုက်ခိုက်ပြီးသောဒေသများတွင် ဖက်ဆစ် ဆန့်ကျင်ရေးအဖွဲ့သည် ကိုင်စွဲထားသော လက်နက်များကို ဖို့ဒ် ၁၃၆ တပ်ဖွဲ့သို့ ချက်ချင်းပြန်လည်ပေးအပ်ရမည်။

(၇) ဤစာတွင်ပါရှိသော အချက်များကို ဖက်ဆစ်ဆန့်ကျင်ရေးဌာနချုပ်က သဘောတူညီရန် သဘောထားကို အမြန်ပြန်ကြားပါ။

ဗြိတိသျှတပ်မတော် ဖို့ဒ် ၁၃၆ တပ်ဖွဲ့ဌာနချုပ်မှပေးစာကို သခင်သန်းထွန်းဖတ်ကြားပြပြီးနောက် ကိုသိန်းဖေထံက ပေးစာကို ဆက်ဖတ်ပြပါတယ်။ စာရဲ့သဘောကတော့–

၁၉၄၄ ခု၊ ဒီဇင်ဘာလ နောက်ဆုံးပတ်မှစ၍ ၁၉၄၅ ခုနှစ် ဖေဖော်ဝါရီလလယ်လောက်အထိ ရခိုင်ပြည်နယ်တွင် ဂျပန်ဖက်ဆစ်တို့အား ရခိုင်မျိုးချစ်များက လက်နက်ကိုင်တိုက်ခိုက်ရာ၌ မဟာမိတ်တို့နှင့် ပူပေါင်းဆောင်ရွက်ခဲ့သော အတွေ့အကြုံအရ မဟာမိတ်များထံမှ လက်နက်ခဲယမ်း အကူအညီရရှိရေးမှာ မလွယ်ကူ၊ လိုအပ်သလောက် အရေအတွက်ကို မရခဲ့။ မဟာမိတ်တပ်များသည် ဂျပန်တို့အား တိုက်ခိုက်ရန် အခက်အခဲတွေ့နေသောဒေသများတွင် မိမိတို့ ဖက်ဆစ်တော်လှန်ရေးသမားများကို လက်နက်ခဲယမ်းအကူအညီပေးလိုကြသည်။

ယင်းတို့၏ စစ်မိန့်ပေးမှုကို နာခံရမည်ဟုလည်း တောင်းဆိုကြသည်။ ထို့ကြောင့် မဟာမိတ်တို့ထံမှ လက်နက်အကူအညီရရေးကို အဓိကအားကိုးအားထား မပြုရန်၊ မိမိတို့လက်နက်ဖြင့် မိမိတို့သာ ဂျပန်တော်လှန်တိုက်ခိုက်ရေးကို အဓိကထားရန်၊ မိမိတို့ သတ်မှတ်ထားသောဒေသနှင့် သင့်တော်သည်ထင်သောအချိန်တွင် ဂျပန်တို့ကို တော်လှန်တိုက်ခိုက်ကြရန်၊ မဟာမိတ် စစ်တပ်များ၏ ထိုးစစ်များ လျှင်မြန်လာသဖြင့် ဖက်ဆစ်ဂျပန်တို့အား တစ်ပြည်လုံးတွင် အမြန်ထကြွတော်လှန်ကြရန်လိုကြောင်း စသည်တို့ဖြစ်ပါသည်။

(တင်မြ/သခင်–ဘုံဘဝမှာဖြင့်၊ ပုဂံစာအုပ်တိုက်၊ စာအုပ် ၁–၆ အစအဆုံးထုတ်–ရန်ကုန်။ ၁၉၇၁ ခု စာ ၇၁၀ မှ ကောက်နုတ်ဖော်ပြခြင်း–ကျမ်းပြုသူ)

ဗန်းမော်စာပေတိုက်

မဟာမိတ်စစ်ဌာနချုပ်ကပေးလိုက်တဲ့ စာအပေါ် အားလုံးမကျေနပ်ဖြစ်နေပါတယ်။ အပြန်အလှန်ဆွေးနွေးကြပြီး မဟာမိတ်စစ်ဌာနချုပ်သို့ အောက်ပါသဘောထားအတိုင်း ပြန်ကြားရန် ဆုံးဖြတ်ကြပါတယ်။

၁။ ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့အဖွဲ့ချုပ်သည် မဟာမိတ်စစ်ဌာနချုပ်၏ စာပါသဘောထားများအတိုင်း လက်မခံနိုင်ကြောင်း။

၂။ မဟာမိတ်စစ်ဌာနချုပ်၏ ကိုယ်စားလှယ် ဗိုဒ် ၁၃၆ တပ်ဖွဲ့၏ အုပ်ချုပ်မှု၊ ညွှန်ကြားမှုကို လက်မခံနိုင်။ ဖ–တ–ပ–လ သည် မဟာမိတ်တပ်များနှင့် နိုင်ငံရေးအရ စစ်ရေးအရ ပူးပေါင်းဆောင်ရွက်မှုသဘောကိုသာ လက်ခံမည်။

၃။ မိမိတို့ဖက်ဆစ်ဆန့်ကျင်ရေးတပ်ဖွဲ့များသည် မိမိတို့ရွေးချယ်သတ်မှတ်ထားသည့် ဒေသများ၌သာ မိမိတို့သဘောအလျောက် စစ်ဆင်ရေးလုပ်မည်။ သို့သော် မဟာမိတ်တပ်များနှင့် ညှိနှိုင်းဆောင်ရွက်မည်၊ ပူးတွဲတိုက်ခိုက်မည်။

၄။ မိမိတို့ လက်နက်ကိုင်တပ်ဖွဲ့ဝင်များ၊ ပြောက်ကျားတပ်ဖွဲ့ဝင်များအရေအတွက် ရှိသလောက်သာ လက်နက်ခဲယမ်းအကူအညီ ပေးမည်ဆိုသည်ကို သဘောတူသည်။

၅။ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့အဖွဲ့ချုပ်သည် ဖက်ဆစ်ဂျပန်တို့အား မြန်မာပြည်တစ်ဝန်းလုံးတွင် မကြာမီအတွင်း တစ်ပြိုင်တည်း တော်လှန်တိုက်ခိုက်ကြမည်။

၆။ မဟာမိတ်တပ်များ၏ အကူအညီရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဖစ်ဆက်တိုက်ဖျက်ရေးပြည်သူ့အဖွဲ့ချုပ်သည် ဖက်ဆစ်ဂျပန်တို့ကို လက်နက်ကိုင်၍ တစ်ပြည်လုံးတွင် စတင်တော်လှန်တိုက်ခိုက်ကြရန် ဆုံးဖြတ်လိုက်ပြီဖြစ်သည်။

(တင်မြ/သခင်–ရေး ဘုံဘဝမှာဖြင့်၊ ပုဂံစာအုပ်တိုက်၊ စာအုပ် ၁–၆၀–ဆုံးထုတ်၊ ရန်ကုန်။ ၁၉၇၁ ခု စာ ၇၁၁ မှ ကောက်နုတ်ဖော်ပြခြင်း)

* * *

အထက်ပါ မဟာမိတ်စစ်ဌာနချုပ်သို့ ပြန်စာပေးဖို့ စီစဉ်ကြပါတယ်။

ယင်းအပြင် ၁၉၄၄ ခုနှစ် ဩဂုတ်လအတွင်းမှာ ပဲခူးစံပြတပ်ရင်းမှာ လျှို့ဝှက်ဖွဲ့စည်းခဲ့တဲ့ ဖ-တ-ပ-လ အဖွဲ့ချုပ်ရဲ့ ဗဟိုဦးစီးအဖွဲ့တွင် ဥက္ကဋ္ဌ အဖြစ် ဗိုလ်ချုပ်အောင်ဆန်း၊ အတွင်းရေးမှူးအဖြစ် သခင်သန်းထွန်း၊ အဖွဲ့ဝင် အဖြစ် သခင်စိုးတို့နဲ့ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ဖွဲ့စည်းလိုက်ကြပါတယ်။

ယခုဗဟိုဦးစီးအဖွဲ့ကို တိုးချဲ့ဖွဲ့စည်းရာတွင် တပ်ပေါင်းစုံ ညီညွတ်ရေး မူအရ အဖွဲ့ချုပ်တွင် ပါဝင်ဆောင်ရွက်သော အင်အားစု သုံးရပ်မှ ကိုယ်စား လှယ်သုံးဦးစီ ပါဝင်တိုးချဲ့ဖွဲ့စည်းလိုက်ပါတယ်။

တပ်မတော်ကိုယ်စားလှယ်သုံးဦးမှာ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်မှူးကြီး နေဝင်း၊ ဗိုလ်မှူးကြီးလကျ်ာ။

ပြည်သူ့အရေးတော်ပုံပါတီ ကိုယ်စားလှယ်သုံးဦးမှာ ကိုဗဆွေ၊ ကိုကျော် ငြိမ်းနဲ့ သခင်ချစ်။

ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်သုံးဦးမှာ သခင်စိုး၊ သခင်သန်းထွန်းနဲ့ သခင်တင်မြတို့ ဖြစ်ပါတယ်။

ယင်းဗဟိုဦးစီးအဖွဲ့မှ တစ်ဖန် တော်လှန်ရေးကို ခေါင်းဆောင်သွား ရမယ့် ဗဟိုအာဏာပိုင် ခေါင်းဆောင်သုံးဦးကို အောက်ပါအတိုင်း ဆက်လက် ရွေးချယ်လိုက်ပြန်ပါတယ်။

- စစ်ရေးခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း။
- နိုင်ငံရေး ခေါင်းဆောင် သခင်စိုး။
- နိုင်ငံခြား ဆက်သွယ်ရေး ခေါင်းဆောင် သခင်သန်းထွန်း။

ယင်းအစည်းအဝေးပြီးတဲ့နောက် အစည်းအဝေးများကို အပွတပြင် ဆက်တိုက်ဆိုသလို ကျင်းပကြပါတယ်။

ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ရဲ့ "လွတ်လပ် ရေး ကြေညာချက် စာစောင်ကို ထုတ်ပြန်လိုက်ခြင်း"

(ယင်းကြေညာချက်ကို တော်လှန်ရေး စတင်မယ့်နေ့မှာ တစ်ပြည်လုံး ဖြန့်ချီဝေငှရန် သဘောတူဆုံးဖြတ်ကြပါတယ်။)

ဖက်ဆစ်ဂျပန်များအား နယ်မြေအလိုက်ခွဲပြီး တော်လှန်ရန် စစ်တိုင်း (၇) တိုင်းကို ဖွဲ့စည်းခြင်း။

- စစ်တိုင်းအလိုက် စစ်ရေးခေါင်းဆောင်နှင့် နိုင်ငံရေး ခေါင်းဆောင်များကို ရွေးချယ်ခြင်း။
- တော်လှန်ရေး စတင်မည့်ရက်ကို မတ်လကုန်လောက်တွင် စတင်နိုင်ရန် ဆုံးဖြတ်ကြပါတယ်။

**သက်စွန့်ဆံဖျား စွန့်စားရကျိုးနပ်လေစွ**

ကိုစံသာကျော်တို့ နှစ်ဦးသယ်ဆောင်လာတဲ့ စာနှစ်စောင်ဟာ မြန်မာ့တော်လှန်ရေးအတွက် အင်မတန်အရေးပါ အရာရောက်ခဲ့ကြောင်းကို အထက်ပါဖြစ်ရပ်များနဲ့ နားလည်နိုင်ပါတယ်။

ဒါပေမယ့် ကိုသာထွန်းအောင်တို့တစ်တွေဟာ ဒီလိုဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် ဦးစီးအဖွဲ့က ဒီစာတွေအပေါ် အရေးတယူ ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာ မသိကြပါ။

တကယ်လို့များ ကိုစံသာကျော်တို့အနေနဲ့ သူတို့သယ်ဆောင်လာတဲ့ စာနှစ်စောင်ကို မြန်မာ့တော်လှန်ရေး ခေါင်းဆောင်ကြီးများက အရေးတယူ ဆောင်ရွက်နေကြတာကို သိသွားရင် သူတို့တစ်တွေ သက်စွန့်ဆံဖျားဆောင်ရွက်ခဲ့ရကျိုးနပ်လေစွလို့ ရည်ရွယ်နေမှာကိုတော့ ယုံမှားသံသယရှိစရာလိုမယ် မထင်ပါ။

* * *

တော်လှန်ရေး တိုင်းစစ်ဌာနချုပ်များကို ဦးစီးသွားမယ့် စစ်ရေး ခေါင်းဆောင်နဲ့ နိုင်ငံရေးခေါင်းဆောင်များကို ရွေးချယ်သတ်မှတ်စဉ်က–

တိုင်း (၁) ရဲ့ စစ်ရေးခေါင်းဆောင်ဟာ ဗိုလ်ချုပ်အောင်ဆန်းဖြစ်ပြီး နိုင်ငံရေးခေါင်းဆောင်ဟာ ကိုဗဟိန်းဖြစ်ပါတယ်။

အဲဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်းက ကိုဗဟိန်းရောက်လာမယ့်ရက်ကို စောင့်မျှော်နေခဲ့ပါတယ်။ ကိုဗဟိန်းကို ရန်ကုန်လာဖို့ သခင်သန်းထွန်းတို့က စီစဉ်နေတုန်းမှာ ဗိုလ်ချုပ်အောင်ဆန်းက မူလတိုင်းစစ်ဌာနချုပ်များကို ဦးစီးသွားရမယ့် စစ်ရေးခေါင်းဆောင်၊ နိုင်ငံရေးခေါင်းဆောင်တို့ကို ရွေးချယ်ခဲ့စဉ်က အစီအစဉ်အနက် ဗိုလ်ချုပ်အောင်ဆန်းနှင့် ကိုဗဟိန်းတို့ တိုင်း (၁) ခေါင်းဆောင်မှုကို ပြောင်းလဲလာတဲ့အခြေအနေကြောင့် ဗိုလ်ချုပ်အောင်ဆန်းက ထပ်မံပြောင်းလဲလိုက်ပါတယ်။ ဒီ ပြောင်းလဲလိုက်တဲ့ အခြေအနေအရ

ခိုလ်ချုပ်အောင်ဆန်းက တိုင်း (၇) နယ်မြေမှာ အခြေစိုက်ပြီး တိုင်းအသီးသီးကိုသာ ရှေ့ဆောင်ညွှန်ကြားသွားမယ့်အတွက် တိုင်း (၁) ရဲ့ စစ်ရေးခေါင်းဆောင်အဖြစ် ဗိုလ်မှူး မောင်မောင် (အခုသံအမတ်ကြီး၊ အငြိမ်စား၊ ဗိုလ်မှူးချုပ်မောင်မောင်)နဲ့ တိုင်းနိုင်ငံရေးမှူးအဖြစ် ဦးသိဟန်တို့အား တာဝန်လွှဲပြောင်းပေးလိုက်ပါတယ်။

ဒီအပြောင်းအလဲကြောင့် ကိုဗဟိန်းအနေနဲ့ ရန်ကုန်ကို လာရန် မလိုတော့ဘဲ ဖြူးမှာပဲ တာဝန်ဆက်လက်ယူရပါတယ်။

သခင်ဗဟိန်း နိုင်ငံခြားရေးတာဝန်ယူထားသော သခင်နုအိမ်တွင် အတူနေပါတယ်။ သူကနိုင်ငံခြားရေးဌာနအတွင်းဝန်၊ အဲဒီကနေ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ဝင်ဖြစ်ပါတယ်။ မြေအောက်တော်လှန်ရေးတာဝန်များ ယူဖို့ သခင်စိုးဆီသွားပြီး နိုင်ငံရေးသင်တန်းများကို တက်ခဲ့ပါတယ်။ အဲဒီကနေ သခင်နုဆီ ခဏပြန်လာနေပြီးနောက် သခင်နုအိမ်မနေဘဲ သီးသန့်အိမ်ပြောင်းနေတယ်။ အဲဒီကနေ ဖြူးနယ် မြေအောက်စည်းရုံးရေး တာဝန်များကို ယူနေပါတယ်။

သွားလာရေးလုံခြုံမှုအတွက် ပုလိပ်ရာဇဝတ်ဝန်ကလေး ဝတ်စုံများကို ဝတ်ထားလိုက်ပါတယ်။

တစ်နေ့ညမှာ သခင်ဇင်ရယ်၊ ဘီဒီအေဗိုလ်ကြီးတစ်ယောက်တို့နဲ့အတူ ကိုစံသာကျော်တို့နှစ်ယောက် ခရီးစထွက်ကြဖို့ အစီအစဉ်လုပ်ကြပါတယ်။ သခင်ဇင်တို့က လမ်းမှာ ဂျပ်စိုက်ရမယ့်နေရာကို ပြောပြပါတယ်။ ညောင်လေးပင်မြို့ဝင်တဲ့အခါ အထူးသတိပြုပြီး ဂျပ်စိုက်ရမှာဖြစ်တဲ့အကြောင်း၊ အဲဒီကကျော်သွားရင် စိုးရိမ်စရာမရှိတဲ့အကြောင်း ရှင်းလင်းတင်ပြကြပါတယ်။

ညနေ ၄ နာရီလောက်မှာ ဆလွန်းကားလေးနဲ့ သခင်ဇင် ဗိုလ်ကြီးတစ်ယောက်နဲ့အတူ ကိုစံသာကျော်တို့နှစ်ယောက် ခရီးစထွက်ကြပါတယ်။ ဒိုက်ဦးမှာ ညစာစားကြပါတယ်။ ဟိုနား ဒီနားနဲ့နားကြပြီး ညောင်လေးပင်က ညမှာပဲထွက်ကြတယ်။

နောက်နေ့မနက် ၈ နာရီ ၉ နာရီလောက်မှာ ဖြူးကိုရောက်တယ်။ ဖြူးမှာ ရဲဘော်တွေနဲ့တွေ့တယ်။ မနက်စာ စားတယ်။ သခင်ဇင်က ဖြူးရဲဘော်တွေကို ကိုစံသာကျော်တို့နှစ်ယောက်ကို ဆက်တာဝန်ယူဖို့ မှာကြားပြီး ထည့်လိုက်တယ်။ ဘီဒီအေစစ်ဗိုလ်နဲ့အတူ သခင်ဘထွန်းတို့ရှိတဲ့ စခန်းကို ဆက်သွားကြရပြန်တယ်။

မွန်းလွဲပိုင်းကျတော့ ကိုစံသာကျော်တို့နှစ်ယောက် လမ်းကိုဖြတ်ပြီး ရထားလမ်းအနောက်ဘက်ကိုဆက်သွားပါတယ်။ ရှမ်းရွာတစ်ရွာရောက်တယ်။ အဲဒီမှာ သခင်ဗဟိန်းနဲ့တွေ့တယ်။ သူကဝန်ထောက် (D.Y.S.P) တံဆိပ် ရာထူးဝန်ဝတ်စုံအပြည့်နဲ့ပါ။

အဲဒါကြောင့် ကိုစံသာကျော်တို့နှစ်ယောက်ကို ကိုဗဟိန်းနဲ့ ညောင်ပင်သာ ရွာမှာ တွေ့ဆုံကြခြင်းဖြစ်ပါတယ်။ ကိုသာထွန်းအောင်တို့ နှစ်ယောက် သခင်ဗဟိန်းနဲ့အတူ နှစ်ညလောက်နေခဲ့ပြီး အခြေခံစခန်းရှိရာကို ဆက်လက် ထွက်ခွာသွားပါတော့တယ်။

ဖ–တ–ပ–လ အဖွဲ့ချုပ် ဦးစီးအဖွဲ့က တော်လှန်ရေး စစ်တိုင်းများကို ဖွဲ့စည်းစဉ်က သခင်သန်းထွန်းအား နိုင်ငံခြား ဆက်သွယ်ရေး ခေါင်းဆောင် အဖြစ် ရွေးချယ်တာဝန်ပေးပြီး ဖြူးနယ်ထဲမှ လေထီးနဲ့ဆင်းမယ့် ဗိုဒ် ၁၃၆ တပ်ဖွဲ့ စစ်ဌာနချုပ်နဲ့ ဆက်သွယ်ရေးတာဝန်ခံ မေဂျာ ဂရူးနဲ့ ပူးပေါင်းဆောင်ရွက် ရန် ဆုံးဖြတ်ခဲ့ပါတယ်။

အဲဒီလိုဆုံးဖြတ်ချက်အတိုင်း သခင်သန်းထွန်းမရောက်ခင် သခင် သန်းထွန်းတို့နဲ့ ပူးပေါင်းဆောင်ရွက်ရမှာမို့ ကိုစံသာကျော်တို့ကို ဖြူးအနောက် ဘက် ပဲခူးရိုးမ ဆင်ပချုပ်ရွာအနီးရှိ တော်လှန်ရေးအခြေခံစခန်းကို ရွှေ့ ပြောင်းစေခဲ့ခြင်းဖြစ်ပါတယ်။

ကိုသာထွန်းအောင်တို့နှစ်ယောက် ဖြူးနယ်တော်လှန်ရေး အခြေခံစခန်းကို ရောက်ပြီးနောက် သခင်သန်းထွန်းရဲ့ ကိုယ်ရန်တော်တပ် ရောက်လာပါတယ်။ ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပဲ ဗိုလ်တိုင်းလွင် (အရင်ယူအင်ပီ) နဲ့ သခင် သန်းထွန်းတို့ ရောက်လာကြပါတယ်။

ပဲခူးရိုးမတောင်ခြေမှာ ရဲဘော်တွေအားလုံး တဲတွေထိုးပြီး စခန်းချနေ ကြတယ်။ သခင်သန်းထွန်းရဲ့တဲနဲ့ ကိုသာထွန်းအောင်တို့တဲက မျက်စောင်းထိုးပါ။ သခင်သန်းထွန်းက သူ့တဲကို "လီနင်ဂရက်" လို့ နာမည်ပေးထားပါသတဲ့။

ကိုစံသာကျော်တို့က ဖြူးစခန်းမှာ လာဆင်းမယ့် လေထီးအဖွဲ့ တစ်ခု အတွက်လဲ သူတို့ အစီအစဉ်လုပ်ပေးရတယ်။ မေဂျာ ဂရူး (Major Crew) ကပ္ပတိန်ကော့စ် (Captain Cox)နဲ့ တပ်ကြပ်ကြီး (ဆာဂျင်) နှစ်ယောက် ပေါင်းလေးယောက် ဆင်းခဲ့ကြတယ်။ အားလုံးအင်္ဂလိပ်လူမျိုးချည်းပဲ။ သူတို့ဟာ ကိုသာထွန်းအောင်တို့ ရခိုင်မှာကတည်းက အတူလုပ်ကိုင်ခဲ့ဖူးတဲ့ လူတွေ

ဖြစ်တယ်။ ရင်းရင်းနှီးနှီးရှိခဲ့ပြီးသူတွေဖြစ်တယ်။ ဒီလိုခင်မင်မှုကြောင့်လဲ အလုပ်လုပ်ရာမှာ အဆင်ပြေမှုကလေးတွေ ရှိခဲ့ပါတယ်။

စခန်းမှာ ဆန်နဲ့ငပိပဲရှိတယ်။ ဆီမရှိဘူး။ ခရမ်းချဉ်သီးနဲ့ မြေပဲနဲ့ ဆောင်း၊ ခရမ်းချဉ်အရည်သောက်၊ ငပိကို အိုးအဖုံးမှာကပ်ပြီး မီးကင်၊ ဒါတွေကို ပုံစံနဲ့ဝေငှစားကြရတယ်။ အဲဒီလို သခင်သန်းထွန်းနဲ့တကွ ဘော်တွေ တော်တော်ဆင်းဆင်းရဲရဲ စားသောက်ကြရပါသတဲ့။

အင်္ဂလိပ်တွေဆင်းလာပြီး မကြာခင်ဘဲ ကလ္လကတ္တားနဲ့ ဝါယာလက် ဆက်အသွယ်ရပါတယ်။ ရိက္ခာတွေလဲ ပြန်တောင့်တင်းလာတယ်။

ကျွဲပွဲဘက်မှာ ကိုသာကျော်တို့၊ ကိုမောင်ကလေးတို့အဖွဲ့တွေ တစ်သုတ်ပြီး တစ်သုတ်ဆင်းလာကြပါတယ်။ ကိုသာကျော်တို့၊ ကိုခင်မောင်ကလေးတို့ အဖွဲ့တွေနဲ့ ဖို့ဒ် ၁၃၆ တပ်ဖွဲ့က မေဂျာ ဂရူးတို့၊ ကပ္ပတိန် ဘရောင်းတို့၊ ကပ္ပတိန် ကောဖ့်စ်တို့၊ အင်္ဂလိပ်ဆာဂျင်နှစ်ယောက်တို့ တဖွဲဖွဲလေထီးနဲ့ဆင်းခဲ့ပြီး သခင်သန်းထွန်းစခန်းကို ရောက်လာကြပါတယ်။

သခင်သန်းထွန်းဟာ မေဂျာဂရူးနဲ့အတူ လိုအပ်တာတွေ စီစဉ်ညှိနှိုင်းကြား စခန်းထဲမှာ အတူနေတယ်။ ကိုသာထွန်းအောင်လဲ သခင်သန်းထွန်းတို့နဲ့ အတူ စခန်းမှာလိုအပ်တာတွေ တာဝန်ယူဆောင်ရွက်ပေးနေရပါတယ်။ ကိုသာ ကျော်တို့အဖွဲ့၊ ကိုခင်မောင်ကလေးတို့အဖွဲ့ဟာလဲ ကျရာတာဝန်များ ထမ်း ဆောင်ဖို့ သူတို့အစီအစဉ်နဲ့ ခရီးထွက်ခွာသွားကြပါတယ်။

ကိုစံသာကျော်ကတော့ တောင်အောက်ကို ဆင်းသွားပြီး သခင်သန်းဖေ တို့ စုဆောင်းပေးတဲ့ ရဲဘော်ပြောက်ကျားတွေကို စတင်း စတဲ့ လက်နက် ငယ်များ ဖောက်ခွဲရေးသင်တန်းများကို တာဝန်ယူသင်ကြားပေးလျက် ရှိပါတယ်။

နောက် ရဲဘော်ပြောက်ကျားတွေနဲ့အတူသွားပြီး မီးရထားလမ်း ဖောက် ခွဲရေးလဲလုပ်ကိုင်ခဲ့ကြပါတယ်။

ဖြူးက ဂျပန်များဆုတ်ခွာသွားကြတော့ သခင်သန်းထွန်းနဲ့ ရုံးအဖွဲ့၊ ကိုသာထွန်းအောင်၊ မေဂျာဂရူးနဲ့အဖွဲ့တို့လဲ ဖြူးကိုဆင်းလာကြပါတယ်။

သူတို့ ဘာဆက်လုပ်ရမှန်းမသိတော့ မေဂျာဂရူးနဲ့တွေ့တယ်။ ဒီတော့ မေဂျာဂရူးက သူတို့နဲ့အတူ ပဲခူးကိုလိုက်ခဲ့ဖို့ပြောတယ်။ မေဂျာဂရူးရယ်၊ ဆာဂျင်နှစ်ယောက်ရယ်နဲ့ ကိုစံသာကျော်၊ ကိုသာထွန်းအောင်တို့အဖွဲ့

ဂျစ်ကားနဲ့ ပဲခူးကိုသွားကြပါတယ်။ သူတို့နဲ့ ဝါယာလက်စက်နှစ်လုံးလဲ အတူ သယ်ဆောင်သွားပါတယ်။

ပဲခူးကိုရောက်တော့ အင်္ဂလိပ်တွေသိမ်းလိုက်ပြီးပါပြီ။ ပဲနွယ်ကုန်းရောက်တော့ သူတို့လေးယောက်ကိုထားခဲ့ပြီး မေဂျာဂရူးတစ်ယောက်တည်း ထွက်သွားပါတယ်။

သုံးလေးရက်လောက်ကျမှ မေဂျာဂရူးပြန်ရောက်လာပါတယ်။ မေဂျာဂရူးက ရန်ကုန်ကိုသွားမလား၊ ကလကတ္တားကို ပြန်လိုက်မလားလို့ မေးပါတယ်။

ကိုသာထွန်းအောင်တို့နှစ်ယောက်က ကလ္လကတ္တားကို ပြန်လိုက်မယ်လို့ပြောပါတယ်။ အဲဒါကြောင့် ပဲခူးကနေ ကိုစံသာကျော်တို့နှစ်ယောက်ဟာ ဆာဂျင်နှစ်ယောက်နဲ့အတူ စစ်တကောင်းကို လေယာဉ်ပျံနဲ့ လိုက်သွားကြတယ်။

အဲဒီမယ် သူတို့မှာ ဘာထောက်ခံစာမှမပါတော့ ဆာဂျင်နှစ်ယောက်က "အခက်အခဲတော့တွေ့ပြီ၊ ဘယ်သွားလို့ ဘယ်လာရမှန်းမသိဘူး" လို့ ညည်းကြတယ်။

ကိုစံသာကျော်က ခင်ဗျားတို့ မပူနဲ့၊ ဒီလမ်းတွေက ကျွန်တော်တို့ သွားနေကျလမ်းတွေဖြစ်တယ်။ သူတို့ကအထက်တန်း မီးရထားလက်မှတ် ဝယ်ပြီး ရထားပေါ်တက်ကြတယ်။ မီးရထားက ည (၈) နာရီထွက်တယ်။ မီးရထားတစ်တန်၊ သင်္ဘောတစ်တန်နဲ့ အဆင့်ဆင့်တောက်လျှောက် ခရီးဆက်ခဲ့ကြတာ နောက်တစ်နေ့ညနေ (၆)နာရီ ကလ္လကတ္တားကို ပြန်ရောက်ကြပါတယ်။

## ဘုရားပြီး ငြမ်းဖျက်

ဂျပန်က လုံးဝ လက်နက်ချလိုက်တော့ အိန္ဒိယပြည်ရောက် ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ဝင်တွေအားလုံး မြန်မာပြည်ကို ပြန်ကြရပါတယ်။ အချို့က ပင်လယ်ကူးသင်္ဘော၊ အချို့က လေကြောင်းနဲ့ပို့ပေးတယ်။ အချို့ ရခိုင်ရဲဘော်တွေကျတော့ ခြေကျင်ပြန်ကြရတယ်။

မြန်မာပြည်စစ်ပြီးတော့ အင်္ဂလိပ်တွေက ဖက်ဆစ်ဆန့်ကျင်ရေး ရဲဘော်တွေကို သိပ်ဂရုမစိုက်ချင်တော့ဘူး။ ဒါပေမယ့် အင်္ဂလိပ်ကို သူတို့က စိတ်ဆိုးစရာ စိတ်နာစရာလဲမလိုပါဘူး။ ဘာကြောင့်လဲဆိုရင် အင်္ဂလိပ်ကို သူတို့အစိုးရလို့မထင်ဘူး။ တကယ်က အင်္ဂလိပ်က သူတို့ဖက်ဆစ်ဆန့်ကျင်

ရေးအဖွဲ့နဲ့ဆက်သွယ်ပြီး မလုပ်ချင်ကြဘူး။ သူတို့ကို ကြေးစားအဖြစ်ပဲသဘော ထားချင်ကြတယ်။ ဒါပေမယ့် ကမ္ဘာ့အခြေအနေ၊ မြန်မာ့အခြေအနေကြောင့် နောက်ဆုံးမှာ မလွှဲမကင်းသာဘဲ အသိအမှတ်ပြုခဲ့တယ်။ သူတို့အကူအညီ တွေ ယူခဲ့တယ်။ ဂျပန်ကို မြန်မာပြည် ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့က တိုက်နေတဲ့အချိန်မှာ လက်နက်ခဲယမ်းမီးကျောက် အကူအညီပေးတာကိုပဲ ချီးဖူးတင်ရဦးမယ်။

ရခိုင်တုန်းကလဲ ရခိုင်တော်လှန်ရေး ရဲဘော်တွေက ဂျပန်ကို တော်လှန် တိုက်ခိုက်နေတုန်းက အင်္ဂလိပ်တွေဆီက လက်နက်ရခဲ့ပါသေးတယ်။ ရခိုင် စစ်မျက်နှာမှာ ဂျပန်တွေရှုံးပြီး မြန်မာပြည်မကို ဂျပန်တွေဆင်းသွားတော့ အင်္ဂလိပ်တွေ လက်နက်ပြန်သိမ်းတယ်။ ပြီးတော့ ဓားပြတွေလို့စွပ်စွဲပြီး လိုက်ဖမ်းတယ်။

အဲဒီတော့ ဂျပန်တွေ လက်နက်ချပြီဆိုတော့ ဘုရားပြီး ငြမ်းဖျက်တာ ဆန်းပါဘူး။ နယ်ချဲ့သမားဆိုတာ သူ့အကျိုးကြည့်ပြီး ဖက်ဆစ်ဆန့်ကျင် ရေးအဖွဲ့ကို ပေါင်းတာ၊ ခုတုံးလုပ်တာ အဆန်းမဟုတ်ပါဘူး။

မြန်မာပြည်ကိုအပြန်မှာ အင်္ဂလိပ်တွေက ကိုစံသာကျော်တို့ကို အိန္ဒိယ ကနေ သင်္ဘောနဲ့ထည့်ပေးလိုက်တယ်။ ရန်ကုန်ရောက်တော့ အင်္ဂလိပ် စစ်ဗိုလ်တစ်ယောက်ကလာကြိုပြီး သခင်သန်းထွန်းဆီလိုက်ပို့ပါတယ်။ သခင်သန်းထွန်းကတစ်ခါ သူတို့ကိုရွှေတောင်ကြားလမ်းကနေ ဦးအောင်ဖေဝေ (ပန်းကြီးယောင်း) နေတဲ့ ကုက္ကိုင်းဘက်ကို လိုက်ပို့တယ်။

ကိုစံသာကျော်တို့လဲ ဦးအောင်ဖေဝေဆီမှာ တည်းခိုးရင်း ၅၂၀၀ တန့်သတ်မှုနဲ့ ဖွဲ့စည်းမယ့် မြန်မာ့တပ်မတော်တွင် ဝင်ရောက်အမှုထမ်းဖို့ စောင့်မျှော်နေပါတော့တယ်။

* * *

**ရဲဘော်စံသာကျော်။** ။စစ်တွေခရိုင် ကျောက်တော်မြို့တွင် အဘ ဦးကျော်ခဲ၊ အမိ ဒေါ်ဒါခဲ(ကုန်သည်) မှ ၁၂၈၅ ခု ပြာသိုလဆန်း (၆) ရက်နေ့တွင် မွေးဖွားပါသည်။

ကျောက်တော်မြို့ အမျိုးသားဓမ္မာရုံ အလယ်တန်းကျောင်းတွင် (၇) တန်းအောင်မြင်အောင် ပညာသင်ခဲ့ပြီး ရန်ကုန်မြို့

ကျူရှင်ကျောင်းတွင် ပညာဆက်လက်သင်ကြားရာ ၁၉၄၂ ခုနှစ်တွင် (၁၀) တန်းအောင်မြင်ခဲ့သည်။

ကျောင်းသားဘဝတွင် ကျောင်းသားသမဂ္ဂတွင် ပါဝင်ခဲ့သည်။ အိန္ဒိယပြည် ကလ္လကတ္တားမြို့ ဗိဒ္ဒိယာဆာ အမျိုးသားအထက်တန်းကောလိပ်တွင် ဥပစာတန်း ပထမနှစ် ပညာသင်ကြားနေချိန် ဒုတိယကမ္ဘာစစ်ဖြစ်ပွားသည်။ မြန်မာနိုင်ငံသို့ ဂျပန်တပ်များ ဝင်လာစချိန် ၁၉၄၂ ခု ဇန်နဝါရီလကုန်တွင် အိန္ဒိယမှ မိမိနေရပ်ရခိုင်ပြည်နယ်သို့ စစ်တကောင်းမောင်းတောမှတဆင့် ပြန်ခဲ့သည်။ မိမိနေရပ်ရောက်ပြီးနောက် ဦးသာဇံလှ၊ ဦးအောင် ထွန်းဦးတို့ ခေါင်းဆောင်သော ရခိုင်လုံးဆိုင်ရာ အသင်းမှ ဗြိတိသျှနယ်ချဲ့အစိုးရအား တော်လှန်ရန်စီစဉ်နေကြသည်ကို တွေ့ရ၏။ ၎င်းအသင်းတွင်ပါဝင်ပြီး ခေါင်းဆောင်များ ပေးသော တာဝန်ကို လူငယ်တစ်ယောက်အနေဖြင့် ထမ်းဆောင်ခဲ့သည်။ နောက်ပိုင်း ကျောက်တော်မြို့စောင့် လူငယ်များ စည်းရုံးပြီး ကာကွယ်ရေးတပ်ဖွဲ့ကို ဦးဆောင်ခဲ့သည်။ စစ်တွေခရိုင်သို့ ၁၉၄၂ ခု ဧပြီလ မြန်မာ့လွတ်လပ်ရေးတပ်မတော်ရောက်ပြီး နောက် ဘီအိုင်အေသို့ဝင်ရန် စာရင်းပေးရာ တပ်မှူး ဗိုလ်ရန်အောင်၊ တိုင်းအုပ်ချုပ်ရေးတာဝန်ခံ ကိုမြတို့ တာဝန်ပေးချက်အရ ကျောက်တော်မြို့နယ် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့တွင် အတွင်းရေးမှူးတာဝန် ထမ်းဆောင်ခဲ့ရသည်။ ပြည်သူ့အုပ်ချုပ်ရေး အဖွဲ့ ဖျက်သိမ်းပြီးနောက် ၁၉၄၃ ခုနှစ်တွင် ပလက်ဝ နယ်ခြားခရိုင် ဗိုလ်ကြီး ကြာလှအောင် ဦးစီးသော ရခိုင်ကာကွယ် ရေးတွင် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၄၄ ခုနှစ်တွင် ရခိုင်တိုင်း ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့မှ တာဝန်ပေးချက်အရ အိန္ဒိယပြည်သို့ ဖက်ဆစ်ဆန့်ကျင်ရေးအတွက် စီစဉ်နေသော ဦးသိန်းဖေ၊ ဦးညိုထွန်း၊ ဦးခင်ရွှေတို့ထံ ကုန်းလမ်းမှ (၂) ကြိမ် သွားခဲ့ပြီး ဖက်ဆစ်ဆန့်ကျင်ရေးတာဝန် ထမ်းဆောင်ရန် ကျောက်တော် မြို့နယ်သို့ လေထီးနှင့်ခုန်ဆင်းပြီး ဗိုလ်ကြာလှအောင် ဦးဆောင် သော

တပ်နှင့်ပင် တာဝန်ထမ်းဆောင်ခဲ့သည်။ ရှခိုင်ဘက်တွင် ဂျပန်ဆုတ်ခွာပြီးနောက် အိန္ဒိယသို့ပြန်ပြီး မြန်မာပြည်ဘက် ပဲခူးခရိုင်သို့ လေထီးဖြင့်ဆင်းပြီး ရန်ကုန်သို့ ဆက်သွားအဖြစ် မြန်မာ့တော်လှန်ရေးခေါင်းဆောင်များဖြစ်သော သခင်သန်းထွန်း၊ သခင်စိုးတို့ထံ ဦးသိန်းဖေနှင့် ဗြိတိသျှတပ်မှ ပေးလိုက်သော စာများ၊ ဝါယာလက်ဆက်သွယ်ရေး စက်များလာပို့ရသည်။ သခင်သန်းထွန်း စခန်းချသော ဖြူးမြို့နယ် အနောက်ဘက်ရိုး၊ ပဲခူးရိုးမတွင် တာဝန်ယူပြီး ရဲဘော်ပြောက်ကျားများအား လက်နက်ကိုင်တွယ်ပစ်ခတ်နည်း၊ မိုင်းဗုံးဖောက်ခွဲနည်းများ သင်ပေး ပြီး ဖြူးမြို့တောင်ဘက် ကားလမ်း၊ ရထားလမ်း တစ်လျှောက်တွင် ဖက်ဆစ်ဂျပန်အား တော်လှန်တိုက်ခိုက်ရာ၌ တာဝန်ယူခဲ့ ပါသည်။

တော်လှန်ရေးပြီးတော့ မိမိနေရပ်ဒေသပြန်ပြီး တစ်နှစ် အနားယူသည်။ ၁၉၄၇ ခုနှစ်တွင် ပြည်သူ့ရဲဘော်အဖွဲ့ ကျောက်တော်မြို့နယ် မြို့တော်ကော်မတီက တာဝန်ယူပြီး ၁၉၄၇ ခုနှစ် နိုဝင်ဘာလတွင်ဖွဲ့စည်းသော ဗ-သ-န-တ တပ်ရင်း (၄) တွင် ဒုတပ်ရင်းမှူးတာဝန် ထမ်းဆောင်ခဲ့သည်။ ဗ-သ-န-တ တပ်ရင်း (၄) ကို ၁၉၄၈ ခုနှစ်တွင် ပြည်ထောင်စု စစ်ရဲတပ်ရင်း (၂၀) အဖြစ် ထပ်မံဖွဲ့စည်းသည့်အခါ တပ်ရင်းမှူး တာဝန်ဖြင့် ရခိုင်တိုင်းတွင် တာဝန်ယူဆောင်ရွက်နေစဉ် ၁၉၄၉ ခုနှစ် ဇွန်လတွင် အစိုးရအား လက်နက်ကိုင်တော်လှန်ပြီး တောခိုခဲ့သည်။ ပြည်သူ့ရဲဘော်ပါတီ၏ ဦးဆောင်မှုကိုခံယူ ပြီး နိုင်ငံရေး၊ စစ်ရေးအရ ဖ-ဆ-ပ-လ အစိုးရအား တိုက်ခဲ့သည်။

ပြည်သူ့ရဲဘော်ပါတီတွင် ရခိုင်ကော်မတီ စစ်ဆင်ရေး တာဝန်ခံအဖြစ်လည်းကောင်း၊ ၁၉၅၁ ခုနှစ်တွင် ဗဟိုကော်မတီ တာဝန်ဖြင့်လည်းကောင်း ထမ်းဆောင်ခဲ့ရာ လက်နက်ကိုင် တော်လှန်ရေးလမ်းစဉ်ကို မယုံကြည်တော့သဖြင့် ၁၉၅၈ ခုနှစ်

ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် လက်နက်ချ ဥပဒေဘောင် အတွင်းသို့ဝင်လာခဲ့သည်။

လက်နက်ချပြီးနောက် မည်သည့်နိုင်ငံရေးပါတီတွင်မှ မလုပ်တော့ဘဲ မိမိဝမ်းရေးအတွက် စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေခဲ့သည်။ ၁၉၆၈ ခုနှစ်ကစပြီး စက်မှုဝန်ကြီးဌာန အထည်အလိပ်လုပ်ငန်းစုအဖွဲ့ လက်အောက်တွင် အမှုထမ်းခဲ့သည်။

ယခု အသက် ၇၅ နှစ်ရှိပြီး အမှတ် ၆၉၄၊ အင်းစိန် မင်္ဂလာဒုံလမ်း၊ အောင်ဆန်းမြို့သစ် ယနေ့တိုင် အသက်ထင်ရှား နေထိုင်လျက်ရှိပါသည်။

* * *

# ၅။ ရဲဘော်သာထွန်းအောင်

ရှခိုင်မှာ ဦးပညာသီဟ၊ ဦးစိန္တာအစရှိတဲ့ ရဟန်းတော်များနဲ့တကွ ရခိုင်မျိုးချစ်တွေ မြန်မာပြည်လွတ်လပ်ရေးရဖို့အတွက် အမျိုးမျိုးကြိုးစားကြပါတယ်။ လူငယ်လူရွယ်တွေက လက်နက်ကိုင်တပ်ဖွဲ့ထဲဝင်ကြတယ်။ တော်လှန်ရေးအတွက် အစုနှစ်စုခွဲလိုက်ပါတယ်။ တစ်စုကလက်နက်ကိုင်မှာ တာဝန်ယူပြီး တစ်စုက စည်းရုံးရေးမှာ တာဝန်ယူတယ်။ လက်နက်ကိုင်တပ်ကို ရခိုင်ကာကွယ်ရေးတပ်လို့အမည်ပေးပြီး ဗိုလ်ကြာလှအောင်ကို တာဝန်ယူစေတယ်။ စည်းရုံးရေးအစုကို ကိုကျော်မြ (ယခုတောခို ဗကပ) က တာဝန်ယူပါတယ်။

ရခိုင်ကာကွယ်ရေးတပ်ဟာ ရှေ့တန်းစစ်မျက်နှာမှာ တာဝန်ယူနေတဲ့ ဗိုလ်ကြီးအဆင့်ရှိတဲ့ ဂျပန် နီကာဂျီးမားကိုတာ ဆီမှာ ပူးတွဲတာဝန်ယူရတယ်။ ဗိုလ်ကြာလှအောင်က ဂျပန်စကားကောင်းကောင်းမတတ်တော့ အင်္ဂလိပ်စကားနဲ့ ကောပြန်ယူရတယ်။ ကိုသာထွန်းအောင်က စကားပြန်လုပ်ပေးရတယ်။

ဒါက ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် ဂျပန်ဆီကသတင်းတွေ ရယူဖို့အတွက် ဂျပန်ထဲဝင်ပေါင်းပြီး ပူးသတ်ဖို့ပါ။ ဂျပန်နဲ့ဗိုလ်ကြာလှအောင်တို့ ပူးပေါင်းတာဝန်ယူနေတဲ့အချိန်အတွင်းမှာ အင်္ဂလိပ်တွေနဲ့ မကြာခဏ

တိုက်ပွဲဖြစ်ရတယ်။ အင်္ဂလိပ်တပ်တွေက မိုးတွင်းဆိုရင် ရခိုင်ဘက်မလာဘူး။ မိုးကုန်မှ ထိုးစစ်ဆင်လေ့ရှိတယ်။ ဒီလိုအခါမှာ အင်္ဂလိပ်တွေနဲ့ တိုက်ရလေ့ရှိတယ်။

၁၉၄၄ ခုအစလောက်မှာ အင်္ဂလိပ်ထိုးစစ်က ချင်းလက်ဆိုတဲ့နေရာကိုရောက်နေတယ်။ (ချင်းလက်ဆိုတာက ပလက်ဝခရိုင်၊ ရခိုင်တောင်တန်းနယ်မှာဖြစ်တယ်) အင်္ဂလိပ်ကနောက်ဆုတ်လိုက်ရင် ရခိုင်တပ်တွေက လိုက်တိုက်တယ်။ ရခိုင်တပ်တွေက နောက်ဆုတ်လိုက်ရင် အင်္ဂလိပ်တပ်လိုက်လာတယ်။ ကိုယ်ဆုတ်ရင် သူတက်၊ အဲဒီမှာ စစ်ကစားနေတယ်။

ကိုသာထွန်းအောင်တို့ကတော့ ကုလားတန်မြစ်ရိုးတစ်လျှောက်မှာ လှုပ်ရှားနေတယ်။ ရခိုင်တပ်တွေနဲ့ ဂျပန်ပေါင်းနေစဉ်မှာပဲအင်္ဂလိပ်ထိုးစစ်နဲ့ တစ်နေ့တခြားနီးလာပြီ။ ရှေ့တန်းရောက်နေတဲ့ ကိုသာထွန်းအောင်၊ ကိုစောဖြူတို့နဲ့ နောက်ပိုင်းမှာကျန်ရစ်ခဲ့တဲ့အဖွဲ့နဲ့လဲ အဆက်အသွယ်ပြတ်နေပြီ။ ဒီအချိန်မှာ တစ်ဘက်ကလဲ ကိုသာထွန်းအောင်တို့ရဲဘော်တွေက မဟာမိတ်တွေနဲ့ အဆက်အသွယ်ရနေပြီဆိုတဲ့အချိန်ဖြစ်တယ်။ ဒါကြောင့် နောက်ပိုင်းကို မဆုတ်တော့ဘဲ ဂျပန်နဲ့ခွဲပြီး အိန္ဒိယသွားဖို့ ဆုံးဖြတ်လိုက်ကြတယ်။

(ရဲဘော်သာထွန်းအောင်၊ ရဲဘော်စောဖြူတို့ ရဲဘော် ၂၀ ကျော်လောက်ဟာ ဂျပန်နဲ့ခွဲပြီး အင်္ဂလိပ်တွေနဲ့ဆက်သွယ်ဖို့သွားတဲ့အချိန်ကစပြီး ကလ္လကတ္တားဘေဟာလာစခန်းရောက်တဲ့အထိ ခရီးစဉ်ကို ရဲဘော်စောဖြူအခန်းမှာ ဖော်ပြခဲ့ပြီးဖြစ်တဲ့အတွက် ဒီမှာ ထပ်မံဖော်ပြမနေတော့ပါ။ စာရေးသူ)

## ကြောင်လက်သည်းဆီ

ဘုံရိပ်သာစခန်းကို ကိုသာထွန်းအောင်၊ ကိုစောဖြူတို့နဲ့ ရဲဘော် ၂၀ ကျော်ရောက်ပြီးတဲ့နောက် ကိုသာထွန်းအောင်က ဂျက်ဆိုလေယာဉ်ကွင်းကို လေထီးသင်တန်းတက်ဖို့သွားရတယ်။ ပထမမြေပေါ်မှာ လေ့ကျင့်ပြီးနောက် လေယာဉ်ပေါ်က ခုန်ဆင်းလေ့ကျင့်ရတယ်။

ကိုသာထွန်းအောင်ဟာ သီဟို ကိုလံဘိုရှိ အမ်အိုး ၂၅ မှာ စစ်ပညာသွားသင်ရတယ်။ သူလျှိုထောက်လှမ်းရေးသမားတို့ တတ်အပ်တဲ့ပညာရပ်တွေနဲ့ပတ်သက်ပြီး နှစ်ပတ်နဲ့အပြီးသင်ကြားပေးတယ်။ သင်တန်းပြီးတော့

ကိုသိန်းဖေဆီ ပြန်ရောက်ပါတယ်။ အဲဒီမှာ ရက်ပိုင်းလောက်အနားယူပြီး ကိုစံသာကျော်နဲ့ ကိုသာထွန်းအောင်ကို မြန်မာပြည်ပြန်သွားဖို့ ညွှန်ကြားပါတယ်။

သူတို့က ရန်ကုန်က ကေအယ်လ်တီခေါ် "ကြောင်လက်သည်း" ဆီ သွားရမယ်တဲ့။ ကြောင်လက်သည်းဆိုတာက ဘယ်သူမှန်းမသိဘူး။ ဘယ်သူ လဲလို့လဲ သူတို့မှာ မေးပိုင်ခွင့်မရှိဘူး။ ဗိုလ် ၁၃၆–အင်္ဂလိပ်တပ်ဖွဲ့ စစ်ဌာနချုပ်နဲ့ ကိုသိန်းဖေတို့ပေးလိုက်တဲ့ **တာဝန်တွေကိုယူသွားရမှာ**ဖြစ်တယ်။ ဖက်ဆစ် ဆန့်ကျင်ရေးအဖွဲ့ချုပ်ကိုပေး**ဖို့ စာတွေ**လဲပါတယ်။ ဗိုလ်သာထွန်းအောင်တို့ ဆင်းရမယ့်နေရာက ပဲခူးနဲ့ **၂၆ မိုင်လောက်**ဝေးတဲ့နေရာဖြစ်တယ်လို့ မြေပုံ ထောက်ပြတယ်။

ဂျပန်မဝင်ခင်က ကိုစံသာကျော်နဲ့ ကိုသာထွန်းအောင်က ရန်ကုန်မှာ ကျောင်းနေခဲ့တယ်။ ကိုစံသာကျော်က အလုံကူရှင်အထက်တန်းကျောင်းမှာ။ ကိုသာထွန်းအောင်က မြို့မအထက်ကျောင်းမှာပါ။ အဲဒီတော့ ကိုသိန်းဖေက ရန်ကုန်သား လူလည်တွေကို ဒီအပတ်တာဝန်ပေးမယ်၊ ပြီးတော့ ခင်ဗျား တို့က ရခိုင်ပြည်နယ်မှာလဲ အတွေ့အကြုံရှိနေခဲ့ပြီဆိုပြီး သူတို့နှစ်ယောက်ကို ရွေးပြီး လွှတ်ခဲ့တယ်။

ဒီတုန်းက ရန်ကုန်နဲ့ အောက်မြန်မာပြည်ကို ကျွမ်းကျင်တဲ့ရဲဘော်တွေ တော်တော်များများလဲ ကိုသိန်း**ဖေစခန်းမှာ ရောက်**ရှိနေကြပါပြီ။ သူတို့အသက် တွေကလဲ ငယ်သေးတယ်။ ကို**စံသာကျော်ဆိုရင်** ၂၀ လောက်ပဲရှိသေးတယ်။ သူက ၂၃ နှစ်လောက်။ လူငယ်ဘာဝ **တစ်ပွဲပြီးတစ်ပွဲ** စွန့်စားချင်တဲ့သဘော ရှိတယ်။ ကြောက်ရမှန်းလန့်ရမှန်းမသိဘူး။ ပေးတဲ့တာဝန်ကိုလဲ ဦးလည်မသုန် ဆောင်ရွက်ဖို့သာ အသင့်ပြင်ထားပါတယ်။

၁၉၄၄ ခု၊ ဖေဖော်ဝါရီလ (၂၁)ရက်နေ့မှာ သူတို့ ဂျက်ဆိုလေယာဉ် ကွင်းကို ရောက်လာတယ်။ လကွယ်ရက်ပဲ။ သူတို့လေယာဉ်ပေါ်အတက်မှာ လေဆိပ်အထိ လိုက်ပို့တဲ့ အင်္ဂလိပ်စစ်ဗိုလ်က "ငါတို့သွားရမှာက ပဲခူးကွင်း ဆိုတော့ ရန်ကုန်နဲ့နီးတယ်။ ရန်ကုန်လေယာဉ်ကွင်းက ဂျပန် 'ဓီးရိုး' တိုက်လေယာဉ်တွေက ထပျံပြီး တို့ကိုအန္တရာယ်ပေးမှုဖြင့်ဆိုတဲ့ စိုးရိမ် ကြောင့်ကြစိတ်တွေမရှိနဲ့၊ မင်းတို့လေယာဉ်ကို တို့ အင်္ဂလိပ် စပစ်ဖားယား တိုက်လေယာဉ်နှစ်စင်းက ခြံရံစောင့်ရှောက်ခေါ်ဆောင်သွားမှာ ဖြစ်တယ်"

ဆိုပြီး ကိုသာထွန်းအောင်တို့ စိုးရိမ်ကြောင့်ကြမှုမရှိအောင် အားပေးစကား ပြောသွားတယ်။ လေယာဉ်တက်သွားတော့ ဒီအင်္ဂလိပ်စစ်ဗိုလ်က လက်ပြ နှုတ်ဆက်ရင်း လေဆိပ်မှာ ကျန်ရစ်ခဲ့တယ်။

ဂျက်ဆိုကွင်းကထွက်လာပြီး တစ်နာရီလောက်ကြာတော့ ကိုသာထွန်း အောင်က လေယာဉ်ပြတင်းကနေ လေယာဉ်ဘေးတစ်ဘက်တစ်ချက်စီကို လှမ်း ကြည့်တယ်။ ဘယ်တိုက်လေယာဉ်ကိုမှ မတွေ့ဘူး။ အင်း တို့တွေးပြီး စိုးရိမ် ကြောင့်ကြစိတ်ရှိနေမှာစိုးလို့ တိုက်လေယာဉ်ပါ ထည့်ပေးလိုက်တယ်လို့ဆိုပြီး ကေ့နွ တို့ကိုနှပ်လွှတ်လိုက်တာပဲလို့ ချက်ချင်းသဘောပေါက်လိုက်တယ်။

သူတို့ဆင်းရမယ့်ရွာက ရွှေလောင်း၊ ရွှေလောင်းရဲ့အနီးမှာ အုတ်ပို ရှိတယ်။ အုတ်ပိုက မြန်မာရွာ၊ ရွှေလောင်းက ကရင်ရွာဖြစ်တယ်။

သူတို့ဆင်းပြီး ကြိုဆိုရေးအဖွဲ့က ကြိုဆိုပြီး ညမှာပဲ စခန်းက ရဲဘော်တွေနဲ့ အတူအိပ်တယ်။ အဲဒီမှာ လေထီးတစ်ခုပျောက်သွားလို့ ဂျပန်က ရိပ်မိသွားတယ်။ ဂျပန်က တောနင်းရှာမယ်လို့ သတင်းရတယ်။

ဂျပန်တွေရောက်လာပြီး ထန်းတောရွာနဲ့ အနီးအနားကရွာတွေကို လျှောက်မွှေပါတယ်။ မသင်္ကာတဲ့ရွာသားတွေကို ဖမ်းဆီးပြီး ရိုက်နှက် စစ်ဆေးမေးမြန်းပါတယ်။ ဒါပေမယ့် ရွာသားတွေက တစ်လုံးတစ်ပါဒမျှ မပြောဘဲ အားလုံး "ဘူး" ကွယ်ကြတယ်။

ဒီလိုရွာသားတွေကို လာရောက်ညှဉ်းဆဲတယ်ဆိုတဲ့သတင်းရတော့ စိတ်ထဲမှာ မခံမရပ်နိုင်ဘဲ ဂျပန်ကိုသတ်ဖြတ်ချင်တဲ့စိတ်တွေ ပေါ်လာတယ်။ မေဂျာအုံးစိန်ကို တောင်ပေါ်မှာတွေ့ရတယ်။ စားပွဲတစ်လုံးမှာ လူ ၇ယောက် ရှိနေတယ်။ လက်နက်အပြည့်အစုံနဲ့ဖြစ်တယ်။ ဝါယာလက်စက်တစ်ခုလဲ ရှိနေတယ်။ အဲဒီတော့ ကိုသာထွန်းအောင်တို့က ဒီလို လူ လက်နက်အပြည့် အစုံရှိနေတော့ ဂျပန်ကိုချထည့်လိုက်ချင်တယ်။

"ဂျပန်တွေကိုချကြရအောင်လားဗျ၊ ဂျပန်ငါးယောက်ထဲဆိုပဲ" ဆိုပြီး မေဂျာအုံးစိန်ကိုပြောတယ်။ သူက–

"တို့က စစ်တိုက်ဖို့လာတာမှ မဟုတ်ဘဲ၊ ရန်သူ့သတင်းကို စုဆောင်း ပြီး အိန္ဒိယဌာနချုပ်ကို ပေးဖို့တာဝန်ပဲရှိတယ်"

ကိုစံသာကျော်တို့နှစ်ယောက်ကတော့ အသက် ၂၀–၂၅ နှစ်ပတ်ဝန်း ကျင်မှာရှိတော့ လူငယ်ပီပီ ဘာပဲဖြစ်ဖြစ် တခွတ်ထိုးလုပ်ချင်ကိုင်ချင်တဲ့စိတ်လဲ

...ယ်၊ ရှေ့နောက်ဘာမှ စဉ်းစားတတ်သူတွေမဟုတ်ဘူး။ တာဝန်ကို ...ားပြီးလဲ လုပ်တတ်သေးတာမဟုတ်ဘူး။ ဂျပန်တွေကို တွယ်ထည့်ဖို့ ... ဒိတ်စောနေမိတယ်။ မေဂျာအုံးစိန်ကတော့ အသက် ၄၀ ကျော်ဆိုတော့ ...ပိပိ ခေါင်းအေးအေးထားပြီး ရှေ့နောက်စဉ်းစားပြီး ဆင်ခြင်တတ်တဲ့ ...ဖြစ်တယ်။ သူပြောတဲ့အတိုင်းလဲမှန်ပါတယ်။ သူတို့အဖွဲ့က ရန်သူဆီ ... သတင်းရယူရေးသက်သက်အတွက် လာရတဲ့ ထောက်လှမ်းရေးအဖွဲ့။ ...ိုးပြောရရင် သူလျှို စပိုင်အဖွဲ့ပဲဖြစ်တယ်။

ဂျပန်ကို တစ်ယောက်မကျန်အပြတ်ရှင်းလိုက်တယ်ပဲထား၊ ပရွက်ဆိတ် ...ဘတ်နဲ့ထိုးသလိုဖြစ်ပြီး ဂျပန်တွေက ထုနဲ့ထည်နဲ့အုပ်နဲ့ချီပြီး တောနင်း ...လာရင် စခန်းကိုပစ်ပြီး ခွေးပြေးဝက်ပြေးပြေးရမယ်။ ကိုယ့်ကိုနှယ်ခွဲတာဝန် ...ားတဲ့လုပ်ငန်းကိုစွန့်လွှတ်ပြီး ပြေးရမယ်။ ဒီတော့ မိမိတို့ မူလကလာရင်း ...န်ကို သွားထိခိုက်စေမယ်မဟုတ်လား။ ဒါတွေကို သူတို့မတွေးမိကြဘူး။ ...အုံးစိန်ရှင်းပြတာကို သိပ်ဘဝင်မကျခဲ့ဘူး။ ဒါပေမယ့် သူတို့ဆက်ပြီး ...ကြာက်အကန် မပြောတော့ပါဘူး။

အဲဒီကနေ ကိုသာထွန်းအောင်တို့နှစ်ယောက် လှည်းတစ်စီးငှားပြီး ...ိုးမကို တစ်ညလုံးဖြတ်ကျော်လာခဲ့ကြတယ်။ မိုးလင်းတော့ ဘုရားကြီး ...ားလေး ကားလမ်းပေါ်ကို ရောက်လာတယ်။

ချိန်းဆိုထားတဲ့အတိုင်း ပဲခူးစံပြတပ်ရင်းက ရဲဘော်တစ်ယောက်က ...တစ်စီးနဲ့လာကြိုတယ်။ အဲဒီကားနဲ့ပဲ စံပြတပ်ရင်းက ကိုဘသစ်ဆီကို ...သွားတယ်။ နောက် ရန်ကုန်ကို ပဲခူး ကိုကြီးမြင့်က လိုက်ပို့တယ်။

ရန်ကုန်မှာ အာအီးတီအဆောက်အအုံ (အခု ရန်ကုန်တိုင်း လျှပ်စစ် ...ာ်အားပေးရေးအဖွဲ့) မှာနေတဲ့ ကိုကျော်ငြိမ်း (ကွန်မြူနစ်ပါတီဝင်၊ ...ဘီ တိုင်း ဦးကျော်ငြိမ်း၊ ကွယ်လွန်) ဆီခေါ်သွားပါတယ်။ အဲဒီမှာ ...အယ်လ်တီဆိုတဲ့ ကြောင်လက်သည်းဆိုတဲ့သူကို ကိုသာထွန်းအောင်တို့က ...ာင့်နေတယ်။ မကြာခင် သူတို့နဲ့ တွေ့ဆုံရမယ့် ပုဂ္ဂိုလ်ရောက်လာပါလိမ့်မယ် ...ပြောပါတယ်။

(ရဲဘော်သာထွန်းအောင်တို့ လျှို့ဝှက်စာနှစ်စောင်ယူပြီး ကြောင် ...ာ်သည်းအမည်ခံ သခင်သန်းထွန်းနှင့် တွေ့ဆုံပုံကို ရဲဘော်စံသာကျော် ...န်းမှာ ပြည့်ပြည့်စုံစုံ ဖော်ပြပြီးလို့ ထပ်မံမဖော်ပြတော့ပါ။ စာရေးသူ)

ည ၁၁ နာရီလောက်ကျတော့ သက္ကလပ်ဘောင်းဘီရှည်၊ ဆေး ပြာရောင်ပိုးအင်္ကျီလက်ရှည် ဝတ်ပြီး လူတစ်ယောက်ပေါက်လာပါတ သူတို့ စားပွဲရှည်ရှေ့တည့်တည့် သူတို့နဲ့ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်တ

ဒီတော့ ကိုသာထွန်းအောင်က ကိုစံသာကျော်ကို လက်တို့ပြီး သခင်သန်းထွန်းမဟုတ်ဘူးလားလို့ တိုးတိုးကလေးမေးလိုက်ပါတ "ဟုတ်တယ်" လို့ သူကအံ့အားသင့်သလိုနဲ့ ကိုသာထွန်းအောင်ကို ကြည့်လို တယ်။

"ခင်ဗျား သခင်သန်းထွန်းမဟုတ်ဘူးလား" လို့ ကောက်မေးလို တယ်။

"ခင်ဗျား ကျွန်တော့်ကို ဘယ်လိုသိသလဲ"

"ကျွန်တော်တို့နှစ်ယောက်စလုံးက ရန်ကုန်မှာ ကျောင်းနေတဲ့သူတွေ သခင်သန်းထွန်းက ကန်တော်ကလေး မှတ်စလင်ဟိုက်စကူးကျောင်း စာပြနေတာပဲ၊ ကျွန်တော်တို့ မကြာခဏမြင်ဖူးနေတာပေါ့" လို့ ကိုသာထွ အောင်က ပြောလိုက်တယ်။ (သခင်သန်းထွန်းက ဒီတုန်းက ကျော်ကြာ မရှိလှသေးဘူး။ ဂျပန်တော်လှန်ရေးနောက်ပိုင်း ဖ–ဆ–ပ–လ ခေတ်လော ကစပြီး ကျော်ကြားလာခဲ့ခြင်းပါ–စာရေးသူ)

"ဩော်–ဩော်" ဆိုပြီး ရယ်ရယ်မောမောနဲ့နှုတ်ဆက်ပြီး သူတို့ သခင်သန်းထွန်းက သူ့ဆီပါလာတဲ့ "မာ့စကော့" ခေါ်တဲ့ ဂျပန်စီးကရ ထုတ်တိုက်ပါတယ်။ သူတို့က အဲဒါလွှင့်ပစ်လိုက်စမ်းပါ၊ အခုကားနဲ့ (ခေါက်ထားလိုက်စမ်းပါ) ဆိုတဲ့ ဟန်ပန်မျိုးနဲ့ မာ့စကော့ စီးကရက် သူတို့က ငြင်းလိုက်ပါတယ်။ ပြီးမှ သူတို့မှာ အသင့်ပါလာတဲ့ "ကာစတန်– နေ့ဗီကပ်" စီးကရက်ကို ထုတ်တည်လိုက်ပါတယ်။

ကာစတန်–နေ့ဗီကပ်ကို အရသာခံပြီး အားရပါးရ ဖွာ ရှိုက်နေသူ ကတော့ (ကေအယ်လ်တီ) ကြောင်လက်သည်းအမည်ခံ သခင်သန်းထွန်းပင် ဖြစ်နေပါတော့တယ်။

သူတို့တွင်ပါလာတဲ့ အရေးကြီးတဲ့ စာနှစ်စောင်ကို သခင်သန်းထွန်း လက်ထဲထည့်လိုက်ပါတယ်။ ပြီးတော့ မဟာမိတ်တွေနဲ့ အိန္ဒိယရှိ ဖက်ဆစ် ဆန့်ကျင်ရေးအဖွဲ့ ဆက်ဆံရေးအခြေအနေ၊ ရခိုင်တော်လှန်ရေး အခြေအနေတွေ အသေးစိတ်ကို နှုတ်နဲ့အစီရင်ခံကြပါတယ်။

သူတို့မှာ အရေးတကြီး သယ်ဆောင်လာတဲ့ စာနှစ်စောင်က–

တစ်စောင်က ဗိုဒ် ၁၃၆–တပ်ဖွဲ့က ရန်ကုန်ရှိ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့အဖွဲ့ချုပ်ကို ပေးတဲ့စာဖြစ်တယ်။

တစ်စောင်ကတော့ အင်္ဂလိပ်တွေမသိအောင် ကိုသိန်းဖေက လျှို့ဝှက် ပေးလိုက်တဲ့ စာဖြစ်တယ်။

သူတို့ကတော့ ဒီစာနှစ်စောင်ဟာ မြန်မာပြည်ကံကြမ္မာကို ဖန်တီးမယ့် စာတွေဆိုတာ နောက်မှသိရပါတယ်။

* * *

ညမှာ ကေအယ်လ်တီ အမည်ခံ သခင်သန်းထွန်း လာတွေ့ဆုံပြီး သူတို့ယူလာတဲ့ စာနှစ်စောင်ကို ပေးလိုက်ပါတယ်။

(ဒီစာနှစ်စောင်ရဲ့ အရေးပါပုံကို သိရှိအောင် သခင်တင်မြရဲ့ ဘုံဘဝမှာဖြင့် စာအုပ်မှတစ်ဆင့် ကူးယူဖော်ပြလိုက်ပါတယ်–စာရေးသူ)

ဗိုလ်ချုပ်အောင်ဆန်း၊ သခင်စိုးနှင့် သခင်သန်းထွန်းတို့သည် မဟာမိတ်စစ်ဌာနချုပ်ကပေးလိုက်သောစာနှင့် ကိုသိန်းဖေထံမှပေးလိုက်သော စာပါသဘောထားများကိုအခြေခံ၍ ဖက်ဆစ်ဂျပန်တို့အား အမြန်ဆုံး လက်နက်ကိုင်၍ တော်လှန်တိုက်ခိုက်ကြရန် သင့်မသင့် ဆွေးနွေးကြပါသည်။

ကမ္ဘာ့စစ်မျက်နှာတိုင်းတွင် ဖက်ဆစ်ဝင်ရိုးတန်းနိုင်ငံများ တစ်ရှုံးတည်းရှုံးနိမ့်နေပြီး ဒီမိုကရေစီမဟာမိတ်အဖွဲ့များ အောင်ပွဲဆင်နေသည့် အခြေအနေ၊ မြန်မာပြည်စစ်မျက်နှာတွင် ဗြိတိသျှနှင့် အမေရိကန် ဦးစီးသော တရုတ်တပ်များ အနောက်မြောက်ပိုင်းက ထိုးစစ်ဆင်၍ တောင်ဘက်သို့ ဖိတိုက်လာခြင်းကို ဂျပန်များ မတွန်းလှန်နိုင်ဘဲ တစ်ဆုတ်တည်းဆုတ်ခွာလာနေရသည့် အခြေအနေတို့ကို သုံးသပ် ဆွေးနွေးကြပါသည်။

ပြည်တွင်းရှိ ဖက်ဆစ်တော်လှန်ရေးအင်အားစုများ၏ စည်းလုံးညီညွတ်မှုနှင့် ဖက်ဆစ်ဆန့်ကျင်ရေးအတွက် လူထုစည်းရုံးမှု အခြေအနေ၊ မြန်မာ့တပ်မတော်၏ ဖက်ဆစ်ဆန့်ကျင်ရေးအတွက် အသင့်ပြင်ဆင်

ထားမှုများနှင့် မဟာမိတ်များ၏ ဆက်ဆံရေး အခြေအနေ၊ ပြည်တွင်းတော်လှန်ရေးအပေါ် မဟာမိတ်များ၏ သဘောထား စသည်တို့ကိုလည်း ဆွေးနွေးကြပါသည်။ ကျွန်တော်တို့နှင့် ဗိုလ်မှူးရဲထွတ်မှာ ခေါင်းဆောင်များ၏အခြေအနေအရပ်ရပ် သုံးသပ်ဆွေးနွေးကြသည်ကို နားထောင်နေကြပါသည်။

ခေါင်းဆောင်ကြီးများ အပြန်အလှန်ဆွေးနွေးကြသည်မှာ ဆယ်နာရီလောက်ကျမှ ပြီးသွားပါသည်"။

(တင်မြ/သခင်–ဘုံဘဝမှာဖြင့်–ပုဂံစာအုပ်တိုက်နှင့် ကုမာရပုံနှိပ်တိုက်–တစ်စုတစ်စည်းတည်းပုံနှိပ်ခြင်း၊ ပထမအကြိမ် ၁၉၇၁–မျက် ၇၀၅)

အလုံတစ်ဝိုက်မှာ ဂျပန်တွေကျက်စားနေတဲ့နေရာဖြစ်တယ်။ စိတ်မချရဘူးဆိုတာနဲ့ သူတို့ ဗိုလ်မှူးရန်အောင်ရဲ့အိမ် (အခုမြေပဒေသာကျွန်းအနီး) ပြောင်းနေရပြန်တယ်။ ဒီအချိန်က ဗိုလ်ရန်အောင်လဲမင်္ဂလာဆောင်ဖို့ စီစဉ်နေတဲ့အချိန်ဖြစ်တယ်။

## ဂျပန်ကိုတော်လှန်ပြီ

ဗိုလ်ရန်အောင်စခန်းကနေ ကိုသာထွန်းအောင်၊ ကိုစံသာကျော်တို့ကို သခင်ဇင်က ကားကလေးတစ်စီးနဲ့လာခေါ်ပြီး ဖြူးကိုပို့ပေးတယ်။ ဖြူးမှာ တစ်နေ့လောက်နားနေပြီး ဖြူးအရှေ့ရိုးမရှိ ဂျပန်ဆန့်ကျင်ရေး မြေအောက်စခန်းကိုပို့ပေးတယ်။

သူတို့ရောက်ပြီးနောက် သခင်သန်းထွန်းရဲ့ ကိုယ်ရံတော်တပ် ရောက်လာပါတယ်။ ရှေ့ဆင့်နောက်ဆင့်ပဲ ဗိုလ်တိုးလွင် (အရင်ယူ အင်ပီ)နဲ့ သခင်သန်းထွန်းတို့ ရောက်လာကြပါတယ်။

## လီနင်ဂရက်

ပဲခူးရိုးမတောင်ခြေမှာ ကိုသာထွန်းအောင်တို့နဲ့တကွ ရဲဘော်တွေအားလုံး တဲတွေထိုးပြီး စခန်းချနေကြပါတယ်။ သခင်သန်းထွန်းတဲနဲ့ ကိုသာထွန်းအောင်တို့ တဲတွေက မျက်စောင်းထိုးပဲ။ သခင်သန်းထွန်းက သူ့တဲကို လီနင်ဂရက်လို့ နာမည်ပေးထားတယ်။

စန်းမော်စာပေတိုက်

အဲဒီစခန်းမှာနေတုန်း တစ်ခါက ရိက္ခာတွေပြတ်သွားသေးတယ်။ ဂျပန်တွေတိုးဝင်လာလို့ပါ။ နောက်ဆုံး ကျီးကန်းတွေကိုတောင်ပစ်ပြီး ကြော်စားနေကြရသေးတယ်။

ဖြူးစခန်းမှာ လာဆင်းမယ့် လေထီးအဖွဲ့တစ်ခုအတွက်လဲ အစီအစဉ်လုပ်ပေးရတယ်။ မေဂျာကရု၊ ကပ္ပတိန်ကော့မ်နဲ့ တပ်ကြပ်ကြီး ဆာဂျင်နှစ်ယောက်၊ ပေါင်း လေးယောက်ဆင်းခဲ့တယ်။

အင်္ဂလိပ်တွေဆင်းလာပြီး မကြာခင်ဘဲ ကလ္လကတ္တားနဲ့ ဝါယာလက်အဆက်အသွယ်ရလာပါတယ်။ ရိက္ခာတွေလဲပြန်တောင့်လာတယ်။

ကိုသာထွန်းအောင်နဲ့ ကိုစံသာကျော်တို့ ဖြူးမှာ ရထားလမ်းဖျက်တာတို့၊ ဂျပန်တွေကို ဝင်တိုက်တာတို့ကိုလုပ်ခဲ့ပါတယ်။ မတ်လ (၂၇)ရက်နေ့က မြန်မာ့တပ်မတော်နဲ့ ပြောက်ကျားတွေ အတူပူးပေါင်းပြီး ဖြူးကို ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ခဲ့ပါတယ်။ ဖြူးကနေပြီး လေယာဉ်အဆင့်ဆင့်နဲ့ အိန္ဒိယကို ပြန်သွားပါတယ်။

ပဲခူးကိုသိမ်းတဲ့အခါတော့ ကိုသာထွန်းအောင်တို့ မရှိတော့ဘူး။ အိန္ဒိယကို ပြန်သွားကြပါပြီ။

ဂျပန်လုံးဝလက်နက်ချလိုက်တော့ အိန္ဒိယပြည်ရောက် ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ဝင်တွေအားလုံး မြန်မာပြည်ကိုပြန်ကြရပါတယ်။ အချို့က ဝင်လယ်ကူးသင်္ဘော၊ အချို့လေကြောင်းနဲ့ပို့ပေးတယ်။ အချို့ ရခိုင်ရဲဘော်တွေကျတော့ ခြေကျင်ပြန်ကြရတယ်။

မြန်မာပြည်ကိုအပြန်မှာ အင်္ဂလိပ်တွေက ကိုသာထွန်းအောင်တို့ကို အိန္ဒိယကနေ သင်္ဘောနဲ့ထည့်ပေးလိုက်တယ်။ ရန်ကုန်ရောက်တော့ အင်္ဂလိပ်စစ်ဗိုလ်တစ်ယောက်ကလာကြိုပြီး သခင်သန်းထွန်းဆီလိုက်ပို့ပါတယ်။ သခင်သန်းထွန်းကတစ်ခါ ရွှေတောင်ကြားလမ်းကနေ ဦးအောင်ဇံဝေ (ဝန်ကြီးဟောင်း) နေတဲ့ ကုက္ကိုင်းဘက်ကို လိုက်ပို့တယ်။

ကိုသာထွန်းအောင် ဦးအောင်ဇံဝေဆီမှာ တည်းခိုရင်း ၅၂၀၀ ကန့်သတ်မှုနဲ့ပွဲ့ခညီးမယ့် မြန်မာ့တပ်မတော်တွင် ဝင်ရောက်အမှုထမ်းဖို့ စောင့်မျှော်နေပါတော့တယ်။

• • •

**ဗိုလ်ကြီးသာထွန်းအောင်။** ။၁၉၂၁ ခု၊ ဇွန်လမှာ စစ်တွေမြို့တွင် မွေးဖွားပါတယ်။ မိဘက လယ်ပိုင်ရှင် ဦးရွှေဦးနဲ့ ဒေါ်သံဒါဦးတို့ ဖြစ်ပါတယ်။ ရန်ကုန်မြို့မကျောင်းမှာ (၁၀) တန်းအထိ ပညာသင်ကြားခဲ့ပါတယ်။ ၁၉၃၈ ခု၊ ဒီဇင်ဘာလ ၂၀ ရက်နေ့မှာ အင်္ဂလိပ်နယ်ချဲ့အစိုးရ နန်းရင်းဝန် ဒေါက်တာဘမော်အစိုးရကို ကန့်ကွက်ဆန္ဒပြတဲ့အနေနဲ့ ဗိုလ်အောင်ကျော်တို့နဲ့အတူ အတွင်းဝန်ရုံး (အခု ဝန်ကြီးများရုံး) ကို ဝိုင်းဝန်း၍ ဆန္ဒပြရာမှာ ပါဝင်ခဲ့ပါတယ်။ အင်္ဂလိပ်စစ်ပုလိပ်အဖွဲ့က နံပါတ်တုတ် (အရင်က ပုလိပ်များကိုင်ဆောင်တဲ့ သံမလန်းသားတုတ်တို့) နဲ့ ရိုက်ရန် ဂေါ်ရာမြင်းစီးပုလိပ်တွေက ဝင်တိုက်ရာမှာ ဗိုလ်အောင်ကျော်ကျဆုံးပြီး ကိုသာထွန်းအောင်က နံပါတ်တုတ်နဲ့အရိုက်ခံရပါတယ်။ ဒါကြောင့် ကျောင်းသားများ သမဂ္ဂကကြီးမှူးပြီး မြို့တော်ခန်းမမှာ ဂုဏ်ပြုပွဲတစ်ရပ် ကျင်းပတယ်။ ဒီဂုဏ်ပြုပွဲမှာ ကျဆုံးသွားတဲ့ အာဇာနည်ကျောင်းသား ဗိုလ်အောင်ကျော်နဲ့ ကိုသာထွန်းအောင်တို့ အပါအဝင် ဒဏ်ရာရတဲ့ ကျောင်းသားတွေကို ဂုဏ်ထူးဆောင်လက်မှတ်ချီးမြှင့်ပါတယ်။ ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်တော့ ကိုသာထွန်းအောင်က စစ်တွေကိုပြန်ခဲ့ပါတယ်။ အဲဒီကနေ အင်္ဂလိပ်မောင်းထုတ်ရေး ဂျပန်တော်လှန်ရေးတွေမှာ ပါဝင် ခဲ့တယ်။ စစ်ပြီးတော့ မြန်မာ့တပ်မတော်ပြန်လည်ဖွဲ့စည်းတော့ ရိုးရိုး စစ်သားအဖြစ် တပ်ရင်း (၄) မှာ အမှုထမ်းခဲ့တယ်။ ၁၉၄၇ ခု၊ ဇွန်လမှာ ဗိုလ်ဖြစ်ပါတယ်။ ဗိုလ်ဖြစ်တော့ တပ်ရင်း (၁) ကို ပြောင်းသွားတယ်။ ကွန်မြူနစ်တွေတောခိုတော့ ကိုသာထွန်းအောင် အဖမ်းခံရပြီး ဘားလမ်းက စတီးဝပ်အချုပ်ခန်းမှာ အဖမ်းခံရတယ်။ ဗိုလ်မှူး စောကြာဒိုးက လာထုတ်သွားတယ်။ ဗိုလ်မှူးလကျ်ာဆီရောက်တော့ တောခိုမယ့် လူတွေကိုသိလျက်နဲ့ ဘာလို့မဖမ်းသလဲဆိုပြီး စစ်မေးတယ်။ သူက "မသိလို့ပါ" လို့ ပြောတော့ ဗိုလ်မှူးလကျ်ာက မယုံဘူး၊ မင်းတို့သိတယ်ဆိုပြီး စွပ်စွဲပြောဆိုပြန်တယ်။ သူလဲထပ်လောင်းပြီး ငြင်းချက်

မထုတ်နိုင်ဘဲ ငြိမ်နေလိုက်တယ်။ နောက် ဗိုလ်ချုပ်နေဝင်းနဲ့ တွေ့တော့ ဒီအဖြစ်အပျက်ကို ပြောပြတယ်။ မင်းငါ့တပ်မှာဆိုရင် ဒီလိုအဖမ်းခံရမှာ မဟုတ်ဘူးလို့ ပြောပါတယ်။ သူကတပ်ရင်း (၁)ကို သွားချင်လို့သွားရတာမှမဟုတ်ဘဲ ဗိုလ်ချုပ်ပို့လို့ သွားရတာပဲလို့ ပြန်ပြောလိုက်ပါတယ်။ ၁၉၆၈ ခုနှစ်မှာ ဗိုလ်ကြီးအဆင့်ကနေ ကျန်းမာရေးအခြေအနေမကောင်းလို့ တပ်မတော်က အငြိမ်းစားယူလိုက် တယ်။ အခု ရန်ကုန်ဆိပ်ကမ်း အုပ်ချုပ်ရေးအဖွဲ့မှာ အထူးအရာရှိ အဖြစ် ဝင်လုပ်နေတယ်။ ဇနီးက ဒေါ်အုံး၊ စစ်တွေသူပဲ၊ အမေ့ မောင်ရဲ့သမီးပါ။ ဒေါ်အုံးရဲ့အဖေက အငြိမ်းစား ရာဇဝတ်ဝန်ကလေးပါ၊ သားက တစ်ယောက်ပဲရပါတယ်။ အခုရန်ကုန်မှာ သားအဖ သုံးယောက် နဲ့အတူ နေထိုင်လျက် အချိန်ရတိုင်း စာပေတွင် မွေ့လျော်လျက် ရှိနေပါတယ်။

* * *

ဗန်းမော်စာပေဆိုက်

## ၆။ ရဲဘော်ရဲထွန်း

ကိုရဲထွန်းဟာ ဂျပန်ခေတ်မှာ ဘီဒီအေတပ်မတော်က တပ်သားတစ်ယောက်ပါ။ မင်္ဂလာဒုံပထမအပါတ် အကြပ်သင်တန်းကျောင်း တက်ရောက်ခဲ့ပါတယ်။ ၁၉၄၃ ခုနှစ်လောက်မှာ အချက်ပြဆက်သွယ်ရေးတပ်၊ လေ့ကျင့်ရေးတပ်ခွဲရဲ့ တပ်မှူး ဗိုလ်သိန်းတန် ကတစ်ဆင့် ကွန်မြူနစ် ပါတီနဲ့ အဆက်အသွယ်ရခဲ့ပါတယ်။ သူဟာ ဗမာ့လွတ်လပ်ရေးကြေညာစာတမ်း အမှတ် (၁) ကျောင်းမှာလေ့လာခဲ့ပါတယ်။ မာ့က်စ်ဝါဒနဲ့ ဖက်ဆစ် ဆန့်ကျင်ရေးသင်တန်းတွေကို တက်ခဲ့ပါတယ်။

ကျောင်းဆင်းသွားတဲ့အခါ ကိုရဲထွန်းဟာ ဗိုလ်မှူးဗထူးရဲ့ စက်မှုလက်မှုတပ်ရင်း (၂) မှာ သွားရောက်တာဝန်ယူရတယ်။ ဗိုလ်မှူး ဗထူး ရဲ့ စက်မှုလက်မှုတပ်ရင်းမှာ တပ်ရင်း (၁) နဲ့ (၂) ရှိပါတယ်။ တပ်ရင်းစခန်းက ကချင်ပြည်နယ် ဟိုပင်၊ နားမား၊ အင်းတော်ကြီးကန်ရဲ့ အနောက်မြောက် စေတီကုန်းစခန်းမှာပါ။

သူက ဒီအချိန်မှာ တပ်ခွဲ (၁) တပ်စုမှူး (၁) ဖြစ်ပါတယ်။ တပ်ခွဲ(၁) မှူးက ဗိုလ်လင်း (အခု ချင်းတောင်မှာ ကော်မရှင်နာဖြစ်နေသူ)။

မနက် တန်းစီတိုင်း ဗိုလ်မှူးဗထူးက မင်္ဂလာဒုံကျောင်းကလာတဲ့ ရဲဘော်တွေပဲဖြစ်ဖြစ်၊ နေပြည်တော်ကလာတဲ့ ရဲဘော်တွေပဲဖြစ်ဖြစ် တိုင်းပြည်

အတွက် အကျိုးရှိမယ့် အရေးကြီးတဲ့ အကြံဉာဏ်တွေ အယူအဆတွေရှိရင် သူ့ဆီ လာရောက်ဆွေးနွေးနိုင်ကြောင်း၊ လမ်းမှာတွေ့၍ပဲဖြစ်ဖြစ် ဒါမှမဟုတ် သူ့ရုံးခန်းထဲမှာ လာတွေ့လို့ပဲဖြစ်ဖြစ် ပြောဆိုနိုင်ကြောင်း မိန့်ခွန်းပြောလေ့ရှိတယ်။

ဗိုလ်မှူးဗထူးက ဒီလိုဖွင့်ပေး ထားပေမယ့် ကိုရဲထွန်းက ရုတ်တရက် သွားမတွေ့ရဲဘူး။ တစ်လလောက်အချိန်ယူပြီး စဉ်းစားနေတယ်။

၁၉၄၃–ခုနှစ် ကုန်ခါနီးမှာမှ ဗိုလ်မှူးဗထူးဆီ အရဲစွန့်ပြီး သူ့ရုံးခန်းကို သွားတယ်။ အလေးပြု ဝင်ခွင့်တောင်းပြီး ဝင်သွားတယ်။ "ဗိုလ်မှူးဗထူးနဲ့ ဆွေးနွေးချင်ပါတယ်"လို့ တောင်းဆိုလိုက်တယ်။ "ဘာအတွက်လဲဟေ့"လို့ ဗိုလ်မှူးဗထူးက မေးတယ်။ "တိုင်းပြည်အတွက်ပါပဲ ဗိုလ်မှူး၊ ဗိုလ်မှူးနဲ့ နှစ်ယောက်ထဲ တောထဲမှာ ဆွေးနွေးချင်ပါတယ်"

"အေး ကောင်းပြီ ဒီလိုဆို မနက်ဖြန်နေ့လယ်လာခဲ့ တောထဲမှာ ဆွေးနွေးရအောင်"လို့ ချိန်းလိုက်တယ်။ နောက်တစ်နေ့ နေ့လယ်တောထဲမှာ ချောင်းပြီး ကိုရဲထွန်းက ဗိုလ်မှူးနဲ့ဆွေးနွေးတယ်။ ဂျပန်ဟာ မြန်မာ တွေကို လွတ်လပ်ရေးအတုသာပေးတယ်။ ဖက်ဆစ်ရုပ်လုံးပေါ်နေပြီ။ ဒါ့ကြောင့် လွတ်လပ်ရေးရဖို့ ဖက်ဆစ်ဂျပန်တွေကိုတိုက်ရမယ်ဗိုလ်မှူး။ အဲဒါ ကျွန်တော့် ခံယူချက်ကို ဘယ်လိုမြင်သလဲ"ဆိုပြီး ကိုရဲထွန်းက ဆန္ဒတောင်းကာ အကဲကိုကြည့်လိုက်တယ်။ (ဗိုလ်မှူးလဲ ဖက်ဆစ်ဂျပန်ဆန့်ကျင်ရေးသမား ဆိုတာ နောက်မှကိုရဲထွန်းက သိရတယ်။)

ဗိုလ်မှူး ကိုရဲထွန်းကို ဟိုကလှည့်မေး ဒီကလှည့်မေးပြီး ကျေနပ်တော့မှ ဗိုလ်မှူးက

"ကဲ ကောင်းပြီ၊ ဒီလိုဆိုရင် ဂျပန်ဆန့်ကျင်ရေးအတွက် တပ်ထဲမှာ တိုးတိုးတိတ်တိတ် မင်းစည်းရုံး" ဆိုပြီး ကိုရဲထွန်းကို တာဝန်ပေးလိုက်တယ်။

ဒီအချိန်က မြန်မာပြည်သူလူထုဟာ ဂျပန်ကို မုန်းတော့ မုန်းနေပြီ ဒါပေမယ့် တပ်ထဲမှာ ဖက်ဆစ်ဆန့်ကျင်ရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် မစည်းရုံးကြရသေးဘူး။ သူ့အနေနဲ့ ဒီလို ဗိုလ်မှူးကိုယ်တိုင်က ဂျပန်ဆန့်ကျင်ရေးအတွက် တရားဝင်လုပ်ပိုင်ခွင့်ပေးထားလေတော့ ဂျပန်ဆန့်ကျင်ရေးလုပ်ငန်းကို သိုသိုသိပ်သိပ်နဲ့ပဲ စတင် စည်းရုံးပါတော့တယ်။

---

**ခန်းမော်စာအတိုက်**

ဒီလိုတပ်ထဲမှာ လျှို့ဝှက်စည်းရုံးနေတုန်း ဗိုလ်မှူးရဲ့တပ်ရင်းဟာ စေတီကုန်းကနေ ချင်းတွင်းမြစ်ဟိုဘက်ကမ်းရှိ တုံ့ဟဲကို စတင်တက်သွားပါတယ်။ ဒီအခါမှာ ဗိုလ်မှူးက ဗိုလ်ချုပ်အောင်ဆန်းဆီ ဆက်သားအဖွဲ့တစ်ခုကို ရွေးချယ်စေလွှတ်ပါတယ်။ ဒီအဖွဲ့ထဲမှာ ကိုရဲထွန်းလဲ တစ်ယောက်အပါအဝင်ဖြစ်ပါတယ်။ ဘယ်လိုအရေးကြီးတဲ့စာမှန်းတော့ သူလဲမသိခဲ့ဘူး။ ဒီအချိန်က ဗိုလ်ချုပ်က ရန်ကုန်မှာမို့ ရန်ကုန်အထိ ဆင်းသွားရပါတယ်။ ရန်ကုန်အဆင်းမှာ ငှက်ဖျားဝင်လာတော့ ကိုရဲထွန်းဆက်ပြီး ရန်ကုန်မလိုက်နိုင်တော့ဘူး။ ဒါကြောင့် မန္တလေးတောင်ခြေ စစ်ဆေးရုံကို တက်လိုက်ရပါတယ်။

ဗိုလ်မှူးဗထူးကို အနောက်မြောက်တိုင်းရယ်လို့ တိုင်းတစ်တိုင်း ထပ်ဖွင့်ဖို့တာဝန်ပေးလိုက်ပါတယ်။ ဗိုလ်မှူးဗထူးက ဒီတိုင်းရဲ့တာဝန်ခံပါ။ ဒါကြောင့်သူ့နေရာမှာ ဗိုလ်ကြီးလှဖေ(ထားဝယ်)ကို တာဝန်လွှဲပေးခဲ့ပါတယ်။ ဗိုလ်မှူးဗထူးက အနောက်မြောက်တိုင်းရုံးကို မန္တလေးမှာ အခြေစိုက် ပြီး ဖွင့်လိုက်တယ်။ ဒုတိုင်းမှူးက ဗိုလ်မှူးသီဟ (ကွယ်လွန်) ဖြစ်ပါတယ်။

ကိုရဲထွန်း ဆေးရုံကဆင်းတော့ ဗိုလ်မှူးက သူ့တိုင်းမှာပဲခေါ်ပြီး တွဲဖက်စစ်သတင်းထောက်လှမ်းရေးမှူးအဖြစ် တာဝန်ပေးပါတယ်။ အဲဒီကနေ တပ်တွေစစ်ဆေးဖို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ဂျပန်ဆန့်ကျင်ရေးလုပ်ငန်းအတွက် သီပေါ၊ နောင်ချို၊ နမ္မတူတစ်လျှောက်ကို သွားရပါတယ်။

**အိန္ဒိယသို့ တာဝန်နဲ့**

အဲဒီကနေပြန်လာပြီး ၁၉၄၄ ခု၊ ဩဂုတ်လထဲမှာ "မဟာမိတ်တပ်တွေနဲ့ သွားရောက်ဆက်သွယ်ရမယ်လို့ ညွှန်ကြားတယ်။ သွားရမယ့်လမ်းက အန္တရာယ်ကြီးတယ်၊ ဒီလမ်းက ကပ္ပလီတပ်တွေ ဆင်းတယ်။ မင်း အောင်အောင်မြင်မြင်သွားရောက်ဆက်သွယ်နိုင်ရင် တိုင်းပြည်အတွက်ပဲ၊ မအောင်မြင်ဘဲကျဆုံးသွားရင်လဲ တိုင်းပြည်အတွက်ပဲလို့ ဗိုလ်မှူးက ပြောဆို ညွှန်ကြားတယ်။ ဘယ်သူနဲ့ ဘယ်လိုတွေ့ဆုံဆက်သွယ်ရမယ်ဆိုတာတွေကိုတော့ မပြောသေးဘူး။

ဗိုလ်တိုက်စိုးက ရုံးအုပ်ပါ။ ဒီတော့ လိုတာတွေ သူ့ဆီကထုတ်ပါဆိုတော့ ကိုရဲထွန်းက ဂျပန်ငွေငါးသောင်း၊ ကျည်ဆန်သုံးရာ၊ ရိုင်ဖယ်သုံးလက်

တ်ယူလိုက်ပါတယ်။ ဗိုလ်မှူးက သူကိုင်တဲ့ဓားပါ လက်ဆောင်အဖြစ် ပေးလိုက်တယ်။ လမ်းအတွက် စာတစ်စောင်လဲ ရေးပေးလိုက်သေးတယ်။

"တပ်ကြပ်ကလေး ရဲထွန်း အား ကလေးဝအမြောက်တပ်ကို စစ်ဆေးတာဝန်ဖြင့် စေလွှတ်လိုက်ကြောင်း" ဆိုတဲ့စာကို ဗိုလ်မှူးကိုယ်တိုင် လက်မှတ်ရေးထိုးပြီး အနောက်မြောက်တိုင်းရဲ့ ရုံးတံဆိပ်ကိုပါ ရိုက်နှိပ်ပေးလိုက်တယ်။ စာက ဗမာလိုရေးထားပါတယ်။

(၃) ရက်လောက်ကျတော့ ကိုဘထွန်း (အခုပါမောက္ခ ဦးကျော်ရင်) သခင်ဖေကြီး ခေါ် ကိုဝင်းမောင် (ကလေးဝသား အခုကွယ်လွန်)၊ သခင်ထွန်းလှိုင် (ဒို့ဗမာဆင်းရဲသားအစည်းရုံး မဟာဗမာအဖွဲ့ရဲ့စခန်း၊ အခုဘယ်ရောက်နေမှန်းမသိ) နဲ့ ကိုရဲထွန်း တို့ကို ဗိုလ်မှူးက တွေ့ဆုံပေးလိုက်တယ်။ လိုအပ်တာတွေလဲ ဗိုလ်မှူးက အသေးစိတ်မှာလိုက်ပါတယ်။

ကိုရဲထွန်းတစ်ယောက်ထဲ ဘီဒီအေဝတ်စုံနဲ့ သခင်ထွန်းလှိုင် က ရဲဝတ်စုံ ကိုကျော်ရင် နဲ့ သခင်ဖေကြီး တို့က အရပ်ဝတ်နဲ့။

ကိုကျော်ရင် က ပထမအသုတ်၊ သခင်ဗိုလ်၊ မန်းဝင်းမောင် တို့နဲ့အတူ ကလကတ္တားရှိ ကိုသိန်းဖေ ဆီလိုက်သွားသေးတယ်။ ဒါပေမယ့် ကသာခရိုင် ထဲရောက်တော့ ငှက်ဖျားမိပြီး ဆက်မသွားနိုင်တာနဲ့ ကသာခရိုင် ထီးချိုင့် ကလှည့်ပြီး လှေကြုံနဲ့ ဗိုလ်မှူးဗထူး ဆီ ပြန်ရောက်ခဲ့ရပါတယ်။ အဲဒါကြောင့် အခုထပ်သွားရခြင်းပါ။ ဒီအဖွဲ့ရဲ့ခေါင်းဆောင်က ကိုကျော်ရင် ပဲ။

၁၉၄၄ ခု၊ ဩဂုတ်လထဲမှာ သူတို့အဖွဲ့ မန္တလေးကနေ အမရပူရ မြင်းမူ၊ မုံရွာအထိ မြင်းလှည်းတစ်တန်၊ ငှက်လှေတစ်မျိုး၊ လှည်းနဲ့ ဘစ်ဖုံ သွားခဲ့ကြရတယ်။

မြင်းမူဆိုတော့ ရယ်စရာလေးတစ်ခုကို ပြေးသတိရလိုက်သေးတယ် ပြီး စာရေးသူကို အင္ဂကပသူကြီးသမီးအကြောင်း ရဲဘော်ရဲထွန်းက ပြောပြပါ တယ်။

မြင်းမူရောက်တုန်းက "အင္ဂကပ သူကြီးသမီးက အင်မတန်ချောဆိုပဲ။ သောက်ရင် မြင်ရသလောက်ပဲ အသားကလေးဝါဝါညက်နဲ့ . အကြောလေး လဲစိမ်းလို့၊ ပပဝတီကတောင် အစ်မလို့ခေါ်လောက်သနော်" ဗျလို့ မြင်းလှည်း

ဆရာကပြောပြတယ်။ ဒီလိုဆိုရင် သွားကြည့်ရအောင် မြင်းလှည်းလှည့်မောင်း" ဆိုပြီး သူကြီးအိမ်ကို ဝင်လာကြတယ်။

ကိုကျော်ရင်က "ဒီလောက်ချောတယ် လှတယ်ဆိုရင်တော့ သွားကြည့်မှဖြစ်မယ်။ ဘာ့ကြောင့်လဲဆိုရင် ကျုပ်တို့သွားရမယ့်ခရီးက သေမယ် ရှင်မယ် မသိဘူး။ ဒီလောက်ချောတဲ့လှတဲ့ ကောရီမလေးတစ်ယောက်ကို မမြင်လိုက်ရဘဲ နောက်ဆုံးသေသွားရင် အသေတောင်ဖြောင့်နိုင်စရာမရှိဘူး" အဲဒီလို နောက်ရွှတ်ရွှတ်စကားတွေကို ပြောပြလိုက်သေးတယ်။

သူကြီးအိမ်မှာ ဝင်တည်းပြီး တစ်ညအိပ်ခဲ့ပါတယ်။ သူကြီးသမီး အလှဘုရင်မကလေးဆိုသူကိုတော့ အရိပ်အယောင်တောင် မမြင်ခဲ့ရဘူး။ တစ်ညအိပ်ပြီး နောက်မနက် ခရီးထွက်ပြန်တော့ မြင်းလှည်းဆရာက

"ဘယ့်နှယ်လဲဗိုလ်လေး တွေ့ခဲ့ရဲ့လား" လို့ ရယ်ရယ်မောမောနဲ့ မေးလာပြန်တယ်။ ဒီတော့ သူတို့က–

"မတွေ့ဘူးဗျ" မြင်းလှည်းဆရာက စပ်ဖြီးဖြီးနဲ့...

"ရှိတယ်ဗျ ဗိုလ်ကလေးတို့ကို အတွေ့မခံရလို့နဲ့တူတယ်" လို့ ပြောလာပြန်သေးတယ်။

"ကဲ တော်ပါတော့ဆရာ၊ ရွှေမင်းသမီးအကြောင်း ဆက်ပြီးဇိုကာမချဲ့ချင်စမ်းပါနဲ့တော့၊ ဒီဘုရင်မအတွက်နဲ့ နောက်ထပ်အရေးကြီးတဲ့ လုပ်ငန်းတွေအတွက် ရက်အပုပ်မခံပါရစေနဲ့တော့၊ သူ့မတွေ့ရလို့လဲ သေပျော်ပြီ မသေပျော်ဘူးလို့လဲ ထည့်မတွက်ချင်တော့ပါဘူး။ ဒီသူကြီးသမီး မမြင်ရလို့ တစ်ခေတ်ပဲမကဆယ်ခေတ်ပဲ နောက်ကျနောက်ကျ" လို့ ကိုကျော်ရင်လဲ စိတ်မရှည်တော့ဟန်နဲ့ ပြောလိုက်တော့တယ်။

အဲဒီတော့ အားလုံးဟားတိုက်လို့ ရယ်ကြပါတော့တယ်။ မြင်းလှည်းဆရာကတော့ ပြုံးစေ့စေ့ လုပ်နေတုန်းပဲ။

အဲဒီကနေ မုံရွာရောက်တယ်၊ မုံရွာအာရှလူငယ် အစည်းအရုံးမှာတည်းတယ်။ နည်းနည်းပါးပါး စိတ်ချရတဲ့လူတွေကိုတော့ ဂျပန်ဆန့်ကျင်ရေးနဲ့ ပတ်သက်ပြီး ကိုကျော်ရင်က ခေါင်းဆောင်ဆွေးနွေးတယ်။ အဲဒီမှာ ဘီဒီအေလေယာဉ်ပျံပစ် အမြောက်တပ်ရှိတယ်။ ဗိုလ်ရဲဝင်းက တပ်စုမှူးဖြစ်တယ်။ မုံရွာကခရီးဆက် ထွက်သွားတယ်။

ဂျပန်တွေက သူတို့ဂိတ်တွေကို ဖြတ်တဲ့အခါမှာ သူတို့ကိုမယုံဘူးဆိုပြီး အနည်းနဲ့အများ အနှောင့်အယှက်ပေးတယ်။ ကလေးဝရှိ ဘီဒီအေလေယာဉ်ပစ် အမြောက်တပ် ပျက်သွားပြီလို့ ပြောတယ်။ ဒါကြောင့် ရှေ့ဆက်မသွားဖို့ ဟန့်တားကြတယ်။

သူတို့က သူတို့အစီအစဉ်နဲ့လာတာမို့ ဂျပန်ကဟန့်တားပေမယ့် ဒို့ခရီး ကိုတော့ တစ်နည်းနည်းနဲ့ သွားရမှာဖြစ်တဲ့အတိုင်း အလုံအထိဆက်သွားတယ်။ နောက်အလုံနဲ့ တစ်ဖက်ကမ်းရှိ လက်ခုတ်ပင်ကို ဆက်သွားတယ်။ အဲဒီမှာ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးရဲ့သား သခင်တင်ဦးဆိုသူနဲ့ တွေ့တယ်။ ဒါပေမယ့် သူ့အကြောင်းမသိတော့ သူတို့လာတဲ့ကိစ္စကို မဆွေးနွေးဘူး။

ရှေ့ဆက်သွားဖို့ အခက်အခဲတွေက ရှိလာပြန်တယ်။ အလုံတစ်ဖက်ကမ်း တစ်လျှောက်ဟာ ရှေ့တန်းစစ်မျက်နှာ သဘောလို ဖြစ်နေတယ်။ သွားရေးလာရေး ခက်လာတယ်။ ဒါကြောင့် ကိုကျော်ရင်က မန္တလေးရှိ ဗိုလ်မှူးဗထူးဆီ အကြံဉာဏ်ယူဖို့ ဆင်းသွားပြန်တယ်။ ဒီအချိန်က ဗိုလ်မှူးဗထူးအိမ်ဟာ ဗိုလ်အာဇာဝက ရဲ့အမြောက်ကြီး တပ်ထဲမှာဖြစ်တယ်။ ဂျပန်က မယုံဘူးဆိုတာ ရာထူးငယ်လို့ ဖြစ်မှာပဲလို့ တွေးကြည့်ကြတယ်။ ဒါကြောင့် သုံးလိုင်းနဲ့ ကြယ်တစ်ပွင့်ဗိုလ်ကလေး ရာထူးတပ်ပေးဖို့ ဆုံးဖြတ်ပေးလိုက်တယ်။ တပ်တွေကိုစစ်ဆေးဖို့ လွှတ်လိုက် တယ်ဆိုပြီး စာပြင်ရေးပေးလိုက်တယ်။ အဲဒီလို သွားတာလာတာနဲ့ ဆယ်ရက် လောက်ကြာသွားတယ်။

ကိုရဲထွန်းက ဗိုလ်ကလေးရာထူးကို ပြောင်းတပ်လိုက်ပါတယ်။ ဒီအထဲ ကိုကျော်ရင်က ဖျားလာပြန်တယ်။ မုံရွာအမြောက်တပ်မှာ ဆေးတောင်းပြီး ကုသရသေးတယ်။ နေကောင်းသွားတော့မှ လက်ခုတ်ပင်ကနေ ကုန်တင်လှေ ကြီးတစ်စင်းနဲ့ ချင်းတွင်းမြစ်အတိုင်း အညာကိုရွက်ဖွင့်ပြီး ဆန်တက်သွားရတယ်။ ရွှေစာရေးမှာ ညအိပ်တယ်။ ရွှေစာရေးက သခင်တစ်ယောက်အိမ်မှာ တည်းတယ်။ သူက တက်တက်ကြွကြွ အကူအညီပေးတယ်။ လက်ခုပ်ပင်က ခရီးဆက်ထွက်လို့ နှစ်ရက်လောက် ကြာတဲ့အခါမှာ "ဘင်ရွာ"ကို ရောက်တယ်။

ဘင်ရွာမှာက အင်္ဂလိပ်နဲ့ဂျပန်တွေ အပြန်အလှန် ဝင်ထွက်နေတယ်။ ဂျပန်တွေမရှိရင် အင်္ဂလိပ်တွေဝင်လာတယ်။ အင်္ဂလိပ်တွေထွက်သွားရင် ဂျပန် တွေရောက်လာပြန်တယ်။ အဲဒါကြောင့်မို့ ဝတ်လာတဲ့ စစ်ယူနီဖောင်းတွေကို ချွတ်ပြီး ဘုန်းကြီးကျောင်းဘုံပေါ် တင်ထားလိုက်တယ်။ ဘင်ရွာရောက်တော့

သခင်ထွန်းလှိုင်ကို ပြန်လွှတ်လိုက်တယ်။ သခင်ဖေကြီး၊ ကိုကျော်ရင်၊ ကိုရဲထွန်း တို့သုံးယောက်ပဲ ကျန်တယ်။

ဘုန်းကြီးကျောင်းမှာ တည်းခိုနေရတုန်း တစ်နေ့မှာ အင်္ဂလိပ်စစ်တပ်က ကုလားကင်းတပ်တစ်တပ် ရွာထဲဖြတ်သွားတယ်။ အဲဒီမယ် ကိုကျော်ရင်က "ကဲ သွားကြရအောင်"ဆိုတော့ သူတို့အားလုံး ကုလားကင်းတပ် လာလမ်း အတိုင်းဆန်ပြီး လိုက်သွားတယ်။ အဲဒီမှာ ဂေါ်ရခါးခြောက်ယောက်နဲ့ သွား တွေ့တယ်။ သူတို့အဝတ်အစားတွေလဲ စုတ်စုတ်ပြတ်ပြတ်ပဲ၊ ကိုကျော်ရင်က စောင်ကြမ်းကြီး ခေါင်းပတ်ပြီးထားတော့ တကယ့်လယ်သမားကြီး တစ်ယောက် ကျနေတာပဲ။ ဂေါ်ရခါးတွေနဲ့ တွေ့တော့

"မင်းတို့တပ်မှူး ဘယ်မလဲ"လို့ မေးတယ်။ ဒီတော့သူတို့က ပြန်ပြီး

"မင်းတို့ဘယ်ကလဲ"လို့ ထပ်ဆင့်မေးပြန်တယ်။

"ရန်ကုန်ကလာတယ်" ဆိုတော့ အံ့အားသင့်ပြီး သူတို့ကိုဖမ်းလိုက်တယ်။ ဖမ်းပြီး တောထဲကစခန်းတစ်ခုကို ခေါ်သွားတယ်။ ဖမ်းတဲ့နေရာနဲ့ ခေါ်သွားတဲ့ စခန်းရုံးနဲ့ သိပ်ဝေးလိမ့်မယ်မထင်ဘူး။ ဒါပေမယ့် လမ်းစပျောက်တဲ့အနေနဲ့ လှည့်ပတ်ပြီး ခေါ်သွားဟန်တူတာပဲ။ ခြောက်နာရီလောက်ကြာမှာ စခန်းတစ်ခုက ရုံးကို ရောက်တယ်။

စခန်းရောက်သွားတဲ့အခါမှာတော့ တော်တော်ကံကောင်းတယ်လို့ ဆိုရ မှာပဲ။ ဘာကြောင့်လဲဆိုရင် အင်္ဂလိပ်တပ်က ကာနယ်(ဗိုလ်မှူးကြီး)တစ်ယောက်နဲ့ တန်းတိုးတော့တာပဲ။ ကာနယ်ကသူတို့ကို စစ်တော့ သူတို့ကမြန်မာပြည်က ဂျပန်တွေကို တိုက်ထုတ်ဖို့ မဟာမိတ်တွေနဲ့ လာအဆက်အသွယ်လုပ်ကြောင်း ပြောပြပါတယ်။

"မေဂျာဂျင်နရယ်အောင်ဆန်းရဲ့ သဘောထား ဘယ်လိုရှိသလဲ"လို့ ကာနယ်ကမေးတော့—

"ဗိုလ်ချုပ်အောင်ဆန်းကပဲ ခေါင်းဆောင်ပြီး ဂျပန်ကိုတိုက်ဖို့ စီစဉ်တာပါ"

"ဒါကိုမယုံနိုင်ဘူး၊ ဒီစကားဟာ ယုံနိုင်စရာမရှိဘူး" ဆိုပြီး မဲ့ပြီးပြောတယ်။

"ဟုတ်ပါတယ်၊ ဗိုလ်ချုပ်ကိုယ်တိုင် ခေါင်းဆောင်ပြီး ဂျပန်ကိုတိုက်ဖို့ လုပ်နေပါတယ်။ ကျွန်တော်က သူ့တပ်ကတပ်မှူးပါ"လို့ ကိုရဲထွန်းက ရှင်းပြ လိုက်တယ်။

ဒီတော့ **ကာနယ်က** စကားဝှက်ကို **မေးပါတယ်။** ကိုကျော်ရင်က ဂျီအက်စ်အိုင်–၁၂ လို့ **ဖြေလိုက်**တယ်။ ဒီတော့သူက

"မင်းတို့ စကားဝှက်ကို ပြင်နိုင်သေးသလား" လို့ ထပ်မေးပြန်တယ်။

"ဂျီ–အက်–အိုင်ဆယ့်နှစ်" လို့ ကိုရဲထွန်းက ထပ်ပြီးဝင်ပြောလိုက်တယ်။ အဲဒီမှာ ဝက်ခြံထဲကို ပို့လိုက်တော့တာပါပဲ။ ဝက်ခြံဆိုတာကတော့ တခြားမဟုတ်ဘူး။ တခြားစစ်မျက်နှာမှာ ယာယီအသုံးပြုတဲ့ စစ်အချုပ်ခန်းပဲ။ ဆောက်ကတော့ သစ်တုံးတွေစီပြီး သံဆူးကြိုးတွေ ကာထားတယ်။ အပေါ်မှာ မိုးကာမိုးထားတယ်။

ဘာကယ်က သူတို့ကိုပေးလိုက်တဲ့ စကားဝှက် "G-S-I-12"ဟာ များနေတယ်ဆိုတာ **နောက်**မှသိရတယ်။ စကားဝှက်အမှန်က ဂျီအက်အိုင်ကောပဲ ဖြစ်ပါတယ်။ ဒီစကား**ဝှက်**မှားခဲ့လို့ ဝက်ခြံထဲ ရောက်ရတယ်ဆိုတာကိုလဲ နောက်မှသိရတယ်။

အချုပ်ခန်းထဲမှာ သူတို့ကိုထည့်ထားပြီး စောင်နဲ့အိပ်ရာတွေ ထုတ်ပေးပါတယ်။ အဲဒီအထဲမှာ ဖမ်းထားတဲ့ **ဂျပန်ငါး**ယောက်လဲရှိတယ်။ သူတို့နဲ့ ခြောက်ချင်းဆိုင်ပြီး အိပ်ရတယ်။ **ကို**ရဲထွန်းတို့ကို ဖမ်းထားတော့ စိတ်ညစ်ဘာကတစ်**ကြောင်း**၊ လျှို့ဝှက်ရေးပေါက်ကြားမှာ စိုးရတာလဲတစ်ကြောင်း**ကြောင့်** **ဂျပန်တွေနဲ့ စကား**မပြောဘဲ အိပ်တော့တာပါပဲ။ ကိုရဲထွန်းက စိတ်ပန်းကိုယ်ပန်း ဖြစ်ခဲ့တာ**ကြောင့်** နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်သွားတယ်။ ဒါ**ပေမယ့်** **နောက်ချင်းပြန်နိုး**လာတယ်။ ဘာကြောင့်လဲဆိုရင် ဘယ်လိုကြမ္မာဆိုးနဲ့ တွေ့ရမလဲ ဆိုတာကို **မှုမှန်**ကြောင့်ကြတဲ့ စိတ်ကြောင့်ပဲ။

နောက်တစ်နေ့မနက် (၈) နာရီလောက်ကျတော့ အင်္ဂလိပ် ကပ္ပတိန် "အော်ဒန်"လက်ထဲ အပ်လိုက်တယ်။ ကပ္ပတိန်က သူတို့ကိုတာဝန်ယူ စစ်ဆေးတယ်။ တစ်ယောက်စီကို တစ်နေရာစီခွဲပြီး တစ်ခါစစ်ရင် (၃) နာရီလောက်ကြာတယ်။ နောက်ပြီး ထပ်တလဲလဲ မေးမြန်းတယ်။ ကိုရဲထွန်းကျတော့ ဂျပန်စစ်သတင်းတွေ တော်တော်များများ ပေးနိုင်တယ်။ တစ်ယောက်ကိုစစ်နေတဲ့အခါမှာ ကျန်တဲ့လူကို အိုင်ဒီရာရှင်ခေါ်တဲ့ရိက္ခာနဲ့ ကျွေးမွေးညှော်ခဲ့သွားတယ်။

အိုင်ဒီရာရှင်ဆိုတာ အိန္ဒိယတပ်နဲ့ တရုတ်တပ်တို့ကိုပေးတဲ့ အညာစား ရိက္ခာတွေဖြစ်တယ်။ ဘီစကွတ်ကြမ်း၊ အမဲဘူး၊ ဆိတ်သားဘူး ၊ ခြသေ့်စီးကရက်

တွေ့ပါ။ ဒါပေမယ့် ဝေ်လာတော့ သူတို့အဖို့တော့ နတ်သြဇာတွေပဲ၊ မြိန်ရေယှက်ရေကြီး စားကြသောက်ကြတော့တာပါပဲ။

အဲဒီလိုစစ်ပြီး၊ ဝက်ခြံထဲကို ပြန်ပို့ပြန်တယ်။ ဝက်ခြံထဲရောက်ပြန်တော့ ကိုရဲထွန်းဟာ မအိပ်နိုင်မထိုင်နိုင်နဲ့ မအီမလယ်ဖြစ်ကြပါတယ်။ ကိုကျော်ရင်က "ခင်ဗျားကို ကျုပ်မျက်စောင်းထိုးပြီး မျက်နှာရိပ်မျက်နှာကဲနဲ့ ပြတာမမြင်ဘူး။ ခင်ဗျားသိပ် အသုံးမကျတဲ့လူပဲ။ အလကားရ ရေအသေသောက်ဆိုသလိုပဲ၊ ပလုပ်ပလောင်း နင်းကန်စားတာပဲ"

"ဘာဖြစ်လဲဗျ၊ အလကားရတာပဲဖြစ်ဖြစ်၊ တဝကြီးစားပစ်မှာပဲ မသေခင် စားရတာ၊ ကျွန်တော်တို့ဘဝက သေမယ်ရှင်မယ် ခင်ဗျားပြောနိုင်သလား" လို့ ကိုရဲထွန်းက ပြန်ပြောလိုက်တယ်။ အိုင်ဒီရာရှင်ဟာ တပ်ထဲမှာ အညံ့ဆုံးပဲဆိုတာ နောက်မှ ကိုရဲထွန်းသိရတယ်။ ဒါပေမယ့် ဒီအချိန်က သူတို့အဖို့မှာတော့ အင်မတန် ခံတွင်းတွေ့ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုရင် ဂျပန်ခေတ် တစ်ခေတ်လုံး စီးကရက်ပြတ်ခဲ့လို့ပဲ။ ကိုရဲထွန်းက စီးကရက်တစ်လိပ်တိုသွားရင် မီးငြိမ်းမခံဘဲ နောက်တစ်လိပ် ထပ်မီးညှိပြီး ဆက်သောက်ပြန်တယ်။ ဒီလိုပဲ တစ်လိပ်ပြီး တစ်လိပ် အဆက်မပြတ် သောက်ခဲ့တဲ့အတွက် ဝက်ခြံထဲအရောက်မှာ အာတွေခြောက်၊ နှာတွေမွန်ပြီး အနေခက်လာတယ်။ ဒီအထဲ ဘီစကွတ်ကြမ်းတွေကလဲ ဗိုက်ထဲမှာလက်ဖက်ရည်တွေနဲ့ ပွထလာတယ်။ ဗိုက်လဲမအီမလယ် ဖြစ်လာတယ်။

နောက်တစ်နေ့လဲ ဒီအတိုင်းပဲ၊ အချုပ်ခန်းထဲမှာ ထားတယ်။ နှစ်ညလောက်အိပ်ပြီးတဲ့ မနက် (၈) နာရီလောက်မှာ သူတို့ကို လာထုတ်ပါတယ်။ ပြီးတော့ စာအိတ်တစ်အိတ်အပ်ပြီး လွှတ်လိုက်တယ်။ စာအိတ်မှာ "ထိပ်တန်းလျှို့ဝှက်" လို့ မင်နီနဲ့တားထားတယ်။ နောက်စာအိတ်ကိုလဲ ချိတ်ပိတ်ထားလိုက်သေးတယ်။ လိပ်စာတပ်ထားတာကတော့ ကာနယ်ဟီ(လ်)မင်တန်လို့ ဖြစ်တယ်။ အောက်က အင်းတိုင်ကြီးစခန်းလို့ ရေးထားတယ်။

ဂျစ်ကားသုံးစီးနဲ့ ပို့တယ်။ တစ်စီးမှာ သူတို့တစ်ယောက်စီ ခွဲထားပြီး ဘီစီအမ်ပီတပ်ရင်း စစ်ပုလိပ်နှစ်ယောက်၊ စီ ၄၅–ဘို့ခြောက်လုံးပြူးနဲ့ ချိန်ပြီး ခေါ်လာတယ်။ မနက် (၈)နာရီကတည်းက မောင်းလာတာ ညနေ (၅) နာရီလောက်မှရောက်တယ်။ လမ်းရယ်လို့ ဟုတ်ဟုတ်ငြားငြား မရှိဘူး။ တောလမ်းလှည်းလမ်းအတိုင်း မောင်းလာရတယ်။

သေနတ်ကိုကြည့်ပြီး သူတို့ ကြောက်ကြရသေးတယ်။ ဒီလိုအစောင့်တွေနဲ့ လိုက်ပို့ပြီး "ထိပ်တန်းလျှို့ဝှက်"ဆိုတဲ့ စာကိုတော့ ကိုရဲထွန်းတို့လက်ထဲ အပ်လိုက်တယ်။ ဒါကို သူတို့တွေးမရအောင် ဖြစ်နေတယ်။ သူတို့ကို တရား ခံလို သဘောထားရင် စိစာအိတ်ကို သူတို့လက်အပ်စရာအကြောင်းမရှိဘူးလို့ ရိုးရိုးလေးပဲ တွေးနိုင်တယ်။ ဒီအဖြစ်က ဆန်းနေတယ်လို့ သူတို့စိတ်ထဲ ယူဆနေတယ်။

စခန်းရောက်တော့ သူတို့ကို အထဲတစ်ခါ ပြန်ထည့်လိုက်တယ်။ စာကိုတော့ သူတို့ဆီမှာပဲ သိမ်းထားလိုက်တယ်။ အဲဒီညမှာ သူတို့ကိုဘယ်သူကမှ လာမတွေ့ဘူး။ ဒီတစ်ခါကိုရဲထွန်းတို့က သူတို့ကိုတစ်ယောက်ထဲစီ ခွဲပြီးလာခေါ် ရင် မလိုက်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။ ဒီဆုံးဖြတ်ချက်နဲ့ပဲ သူတို့အိပ်လိုက်တယ်။

မနက်ကျတော့လဲ ဘယ်သူမှ လာမတွေ့ကြတော့ဘူး။ လက်ဖက်ရည်နဲ့ ဘီစကွတ်မုန့်ကြမ်းကို လာပေးတယ်။ (၈) နာရီလောက်ကျတော့ အစောင့်ကို ခေါ်ပြီး

"ငါတို့မှာ အရေးကြီးတဲ့စာ ပါလာတယ်။ မင်းတို့လူကြီးနဲ့ တွေ့ပေးပါ" လို့ ပြောတော့ အစောင့်ကလဲ မဖြစ်ဘူးဆိုပြီး ခေါင်းခါတယ်။ (၉) နာရီလောက် ကျတော့ ဘီစီအမ်ပီ ၂ ယောက် ပေါက်လာပြန်တယ်။ သူတို့ကို

"ငါတို့မှာ အရေးကြီးတဲ့စာ ပါလာတယ်လို့ ပြောပြလိုက်တယ်" ဒီတော့သူတို့က

"သူတို့ကိုပေးပါ"လို့ တောင်းတယ်။

"မဖြစ်ဘူး တို့ကိုယ်တိုင်ပေးရမယ်"လို့ ပြန်ပြောလိုက်တယ်။ သူတို့လဲ ထွက်သွားပြန်တယ်။ အဲဒီဘီစီအမ်ပီတွေပါ ပြန်လာပြီး စာကိုတောင်းပြန်တယ်။

"တို့ကကိုယ်တိုင်ပေးရမှ"လို့ ပြန်ပြီးပြောရတယ်၊ တစ်ယောက်က

"လိုက်ခဲ့ တစ်ယောက်တည်း"လို့ ဆိုပြန်တယ်။

"မဖြစ်ဘူး၊ သုံးယောက်စလုံး လိုက်ရမှ"လို့ ပြောတော့ သူတို့ပြန်လှည့် သွားပြန်တယ်။ (၁၁) နာရီလောက်ကျတော့ ကပ္ပတိန်တစ်ယောက် ရောက်ပြီး သူတို့သုံးယောက်စလုံးကို ကာနယ်ဟိလ်မိတန်ဆီ ခေါ်သွားပါတယ်။ ကာနယ်နဲ့ တွေ့မှ စာအိတ်ကိုသူတို့ကိုယ်တိုင် ပေးလိုက်ပါတယ်။

ဒါဖြင့် ဗိုစ် ၁၃၆ ဟပ်ဖွဲ့အကြောင်း ဘာသိလဲလို့ မေးတယ်။ ဒီတော့ ကိုကျော်ရင်က ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ (အေအက်ဖ်အို)က ရခိုင်ဘက်မှာ အင်္ဂလိပ်တွေနဲ့ ဆက်သွယ်နေတဲ့အကြောင်း၊ ကလ္လကတ္တားမှာ ဗိုစ် ၁၃၆ တပ်ဖွဲ့နဲ့ အေအက်ဖ်အို ကိုယ်စားလှယ် ကိုသိန်းဖေနဲ့ သခင်တင်ရွှေတို့ ပူးတွဲအလုပ်လုပ်နေတဲ့အကြောင်းတွေ ပြည့်စုံအောင် တင်ပြကြတယ်။ ကိုကျော်ရင်က ဒီအကြောင်းတွေကို တော်တော်များများ သိထားတော့ ကိုရဲထွန်းတို့နှစ်ယောက်တောင် သူပြောပြတော့မှ တချို့ဟာတွေ သိလာရတယ်ဆိုပဲ။

ကာနယ်က ညနေ သူအကြောင်းပြန်မယ်ဆိုပြီး အချုပ်ခန်းထဲကို ပြန်ထည့်လိုက်ပြန်ပါတယ်။

ညနေ (၆) နာရီလောက်ကျတော့ ကာနယ်က စစ်ပုလိပ်တစ်ယောက်ကို လွှတ်ပြီး သူတို့ကို ခေါ်ခိုင်းတယ်။ အရာရှိရိပ်သာမှာ ကာနယ်နဲ့ တွေ့တဲ့အခါမှာ သူတို့ကို လက်ဆွဲနှုတ်ဆက်တယ်။ ထမင်းစားပွဲကြီးနဲ့ ဧည့်ခံတယ်။

ထမင်းစားပွဲမှာ ကာနယ်က မင်းတို့ဟာ မြန်မာပြည်အတွက် အင်မတန်အရေးကြီးတဲ့ လူတွေပဲလို့လဲ ပြောသေးတယ်။ ပြီးတော့ ကိုသိန်းဖေရေးတဲ့ စာအုပ်တစ်အုပ်စီ လက်ဆောင်ပေးတယ်။ (ဒီအချိန်က ဒီစာအုပ်လဲ အိန္ဒိယမှာ ထွက်နေပြီ)။

**ဘောဟာလာသို့**

သူက ကိုသိန်းဖေတို့ဆီသွားဖို့ အစီအစဉ်လုပ်ပေးမယ်လို ပြောတယ်။ ဘယ်တော့သွားချင်သလဲလို့လဲ မေးသေးတယ်။ သူတို့က မနက်ဖြန်ဝဲ သွားချင်တယ်လို့ ဖြေလိုက်တယ်။ ဒီညမှာတော့ သူတို့အချုပ်ထဲ ပြန်မဝင်ရတော့ဘူး။ သီးသန့်ရွက်ဖျင်တဲ တစ်ခုမှာအိပ်ဖို့ နေရာပေးတယ်။

နောက်တစ်နေ့ အင်းတိုင်ကြီး လေယာဉ်ကွင်းကနေ အင်ဖာကိုပို့တယ်။ လေယာဉ်ပျံပေါ် တက်ခါနီးမှာ အင်္ဂလိပ်စစ်ဗိုလ်က နှုတ်ခမ်းမွေးသပ်သပ်ပြီး မေးသေးတယ်-

"လေယာဉ်စီးဖူးသလား"

လေယာဉ်စီးဖူးဖို့ နေနေသာသာ လေယာဉ်ပျံကို ဒီလိုမျိုး အနီးနားကပ်ပြီး ဒီတစ်ခါပဲ မြင်ဖူးသေးတယ်လို့ ဖြေလိုက်တယ်။

"အမေရေ-အမေ့သားကြီးကတော့ တစ်သက်လုံး အိပ်မက်မမက်ခဲ့ဖူးတဲ့ လေယာဉ်ပျံ အခုစီးဖူးရတော့တယ်ဗျ"လို့ ကိုကျော်ရင်က ဝမ်းသာအားရ အော်တည်လိုက်ပါသေးတယ်။

မိနစ် (၂၀) လောက်စီးပြီး အင်ဖာကိုရောက်တယ်။ အဲဒီမှာ တစ်နေ့နားပြီး ကောင်းကောင်းမွန်မွန် ကျွေးတယ်။ ဘာရာရှင် စားမလဲလို့လဲ မေးတယ်။ ဘီတီရာရှင်နဲ့ အိုင်တီရာရှင် စားမယ်လို့ပြောတယ်။ ဘီတီရာရှင်က ချောကလက်တို့ ဘီစကွတ်အနုစားတို့ ဒိန်ခဲတို့ အစရှိတဲ့ရိက္ခာတွေပဲ ပါတော့ သူတို့အတွက် လောက်ဘူး။ အိုင်တီရာရှင်က အစာကြမ်းပေမယ့် များများပါတယ်။ စားရင်ဝတယ်။ ဒါကြောင့် ဒ်နှစ်ခုပေါင်းလိုက်တော့ အရသာရှိ ဝဝလင်လင်လဲ စားရတာမို့ နှစ်မျိုးစလုံးကို မှာလိုက်ရတာပါ။

အင်ဖာကျတော့ အင်္ဂလိပ်စစ်ဗိုလ် တစ်ယောက်က ၄၆-ဒါကိုတာ လေယာဉ်ပျံနဲ့ လာခေါ်လို့လိုက်သွားရတယ်။ သူလာတာတော့ အကြိုသက်သက်ပဲ လမ်းမှာတစ်ထောက် ဝင်နားတယ်။ ဒီစစ်ဗိုလ်က စစ်ခွင့်နဲ့ မကြာခင်ပြန်မှာမို့ သူတို့မှာပါလာတဲ့ ဂျပန်စက္ကူတချို့ကို လက်ဆောင်အဖြစ် ပေးလိုက်တယ်။ စစ်ဗိုလ် ဝမ်းသာလို့မဆုံးဘူး။

သူတို့ကို စစ်တကောင်းဟိုတယ်ကို ခေါ်သွားတယ်။ စာပွဲထိုးတွေက တစ်ခုပြီးတစ်ခု လာချပေးတယ်။ တစ်ခုလာချပေးတိုင်း ကိုရဲထွန်းတို့နှစ်ယောက် က တဝပဲစားပစ်တယ်။ ကိုကျော်ရင်ကတော့ နည်းနည်းပဲစားတယ်။ ကိုရဲထွန်းတို့ နှစ်ယောက်ကတော့ ဟန်လုပ်မနေနိုင်ဘူး။ ဆာလွန်းလို့ စားပစ်ကြတယ်။ သီမွှော်သီးတွေလဲ နှိုက်ပြီး ယူခဲ့သေးတယ်။

ကိုကျော်ရင်က ကိုရဲထွန်းကို "သိပ်ရှော်တဲ့လူတွေပဲ၊ အစားအသောက် နဲ့ပတ်သက်လာရင် ဟန်မဆောင်နိုင်ဘူး။ မဟာမိတ်တွေကြားမှာ ဒီလိုအငမ်းမရ လုပ်သင့်ဘူး"လို့ ဝေဖန်တယ်။

လေယာဉ်ပေါ်ကျတော့ ဗိုက်ထဲမဆန့်မပြဲ စားခဲ့လို့ အန်ကြရတယ်။

"ကောင်းတယ် မဆင်မခြင်စားဦး"ဆိုပြီး ကိုကျော်ရင်က ဆူပါတော့တယ်။ ကလ္လကတ္တားမြို့ ဒမ်ဒန်လေဆိပ်ကျတော့ တခြားလူတွေ ဆင်းသွားပေမယ့် သူတို့ကိုတော့ ထိုင်စောင့်နိုင်းထားတယ်။ အဲဒီမယ် သုံးတန်ကားကြီး ပေါက်လာပြီး လေယာဉ်ပျံအပေါက်ဆီ ဖင်ထိုးလာရပ်တယ်။ အဲဒီတော့မှ

ကားပေါ်ကို ဆင်းကြရတယ်။ တခြားလူတွေ သူတို့ကိုမြင်သွားမှာ စိုးလို့လား မပြောတတ်ဘူး။

မေရှာဘတ်တားစကီး လာရောက်ပြီး သူတို့ကို လာကြိုပါတယ်။ သူက ဝမ်းသာအားရ လက်ဆွဲနှုတ်ဆက်ပါတယ်။ လိုက်ပို့တဲ့ ဗိုလ်ကတော့ လေယာဉ်ပျံကွင်းမှာပဲ ကျန်ရစ်ခဲ့တယ်။

သုံးတန်ကားကြီးပေါ်ကနေ မေရှာဘတ်တားစကီးရဲ့ ဆလွန်းကား အနက်မှာ ပြောင်းစီးရတယ်။ ရှေ့မှာ မေရှာကသူ့ဒရိုင်ဘာနဲ့စီးပြီး သူတို့သုံးယောက် နောက်ခန်းကစီးရတယ်။ သူက ပလေးယားနေဗီကပ် စီးကရက် တစ်ဗူးစီနဲ့ မီးခြစ်တစ်လုံးစီ လက်ဆောင်ပေးပါတယ်။

သူတို့လဲပျော်လွန်းလို့ "ဒါဒို့ပြည်–ဒါဒို့မြေ"ဆိုတဲ့ အမျိုးသားသီချင်းကို လက်သီးလက်မောင်းတန်းပြီး သီဆိုလိုက်ကြတယ်။ ဒီတော့ ဗမာရည်ဝနေတဲ့ ဘတ်တားစကီးက သူတို့ဘက်လှည့်ပြီး (အိန္ဒိယ)လို့ စပ်ဖြီးဖြီးနဲ့ နောက်လိုက်တယ်။ ဒီတော့မှသွားဖြီးပြီး "အေးဟုတ်သားပဲ" ဆိုပြီး သီချင်းဆိုရပ်လိုက်တော့တယ်။ နောက်သူ့မော်တော်ကားနဲ့ သူခေါ်သွားရာနောက် ပါသွားပါတော့တယ်။

ဖို့ဒ် ၁၃၆–တပ်ဖွဲ့ စစ်ဌာနချုပ်ရုံးကို ခေါ်သွားတယ်။ အဲဒီမှာ ၁၂–နာရီလောက် သူတို့ကို စစ်ဆေးတယ်။ စစ်ဆေးပြီးသွားလို့ ညနေ ၆–နာရီလောက်ကျတော့ မေရှာဘတ်တားစကီးကိုယ်တိုင် ကိုသိန်းဖေဆီ လိုက်ပို့တယ်။

ကိုသိန်းဖေဆီရောက်တော့မှ တစ်လမ်းလုံး ဒုက္ခ၊ သုက္ခခံပြီး သယ်လာတဲ့ ကိုကျော်ရင် ဖိနပ်အောက်လျှာထဲ ထည့်ချုပ်ယူလာတဲ့ သခင်စိုးရဲ့စာကို ကိုသိန်းဖေဆီအပ်လိုက်ပါတယ်။ ကိုရဲထွန်းတို့လဲ ဒီစာပါလာတယ်ဆိုတာ မသိခဲ့ဘူး။

သူတို့ ကိုသိန်းဖေဆီရောက်တဲ့အခါမှာ ကိုဘသောင်း၊ ကိုဘစော၊ ကိုတင်မောင်ခေါ် ကိုဖေသောင်း စတဲ့ပုဂ္ဂိုလ်တွေအပြင် သခင်တင်ရွှေ၊ မမြရီတို့လင် မယားနဲ့ ရခိုင်က ရဲဘော်တွေကို တွေ့ပါတယ်။

အိန္ဒိယပြည်ရောက် ရဲဘော်တွေ ဘယ်လိုသင်တန်းတွေ တက်ရောက်သင်ကြားရတယ်ဆိုတာကို ရဲဘော်ချစ်ကောင်းအခန်းမှာ အသေးစိတ်ဖော်ပြပြီးတဲ့အတွက် ဒါကိုထပ်မံပြီး မဖော်ပြတော့ပါဘူး။ (စာရေးသူ)

ရဲဘော်ရဲထွန်းက သူလေထီးနဲ့ ခုန်ချတဲ့အတွေ့အကြုံတွေကို "သခင်တင်မြရဲ့ ဘုံဘဝမှာဖြင့်"ဆိုတဲ့ စာအုပ်မှာ အပြည့်အစုံ ဖော်ပြပြီး ...ဲတဲ့အတွက် အဲဒီကပဲတစ်ဆင့် ဖော်ပြပါလို့ စာရေးသူကို ပြောလိုက် ...တယ်။ စာရေးသူကို ထပ်မပြောပြတော့ဘူး။ ဒါကြောင့် စာရေးသူက ...ခင်တင်မြရေးတဲ့ ဘုံဘဝမှာဖြင့် စာအုပ်မှာရှာဖွေ လေ့လာပြီး ဖော်ပြလိုက် ...ါတယ်။ (စာရေးသူ)

ကိုရဲထွန်းတို့မဆင်းခင် ကိုသိန်းဖေ–ဖို့စ် ၁၃၆ တပ်ဖွဲ့ စစ်ဌာနချုပ်တို့ကနေ ...က်ဆစ်ဆန့်ကျင်ရေး အဖွဲ့ချုပ်ဆီ ကြိုပြီးဝါယာလက်နဲ့ သတင်းပို့ထားပါတယ်။ ...က–

ရခိုင်ပြည်မှာ ဂျပန်ဆန့်ကျင်ရေး အဖွဲ့ချုပ်က ဦးစီးပြီး ဂျပန်ကို ...တော်လှန်နေပြီ ဆိုတဲ့သတင်းရယ်။ ၄၅ ခု ဇန်နဝါရီလ ၂၇–၂၈–၂၉ ...က်များမှာ သာယာဝတီအရှေ့ဘက် "လှည်းကူးရွာ"မှာ ရဲဘော်နှစ်ယောက် ...ို လေထီးနဲ့ ချပေးမယ်ဆိုတဲ့သတင်းရယ် ပူးတွဲပေးပို့ခဲ့တယ်။

ကြိုတင်ဆက်သွယ်ပြီးမှ ကိုရဲထွန်းတို့လူစုကို သာယာဝတီနယ်မှာ ...လထီးနဲ့ချပေးဖို့ ရွေးချယ်ခဲ့ပါတယ်။

## ...ားတိုက်လို့သာ ရယ်လိုက်ချင်

၁၉၄၅ ခု၊ ဇန်နဝါရီလ (၂၈) ရက်နေ့ညမှာ ကိုရဲထွန်းနဲ့ ဖို့စ် ၁၃၆တပ်ဖွဲ့က ...ဗြိတိသျှအမှုထမ်း ဝါယာလက်အော်ပရေတာ ချင်းအမျိုးသား ကိုချာလီ(ဗိုလ်ကြီး ...ောင်း ချာလီတောင်ငှ)တို့နှစ်ယောက် ဂျက်ဆိုလေယာဉ်ကွင်းကနေ ဒါကိုတာ ...လေယာဉ်နဲ့ ထွက်လာခဲ့ကြတယ်။

သူတို့မှာက ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ချုပ်အတွက် ပေးရမယ့် ကိုသိန်းဖေ ...ာနဲ့ စာစောင်တွေအပြင် ဝါယာလက်စက်နှစ်လုံးလဲ ပါခဲ့တယ်။

သူတို့ဆင်းရမယ့်နေရာက သာယာဝတီမြို့ရဲ့ အရှေ့ဘက် "ဖားရွှေကျော်" ...ွာအနီး "လှည်းကူးရွာ"မှာ ဆင်းကြရမှာပါ။ ဒါပေမယ့် အောက်ကစောင့် ...ကြိုနေမယ့် အဖွဲ့လဲရှိတယ်ဆိုတော့ သူတို့အတွက် စိုးရိမ်စရာ မရှိနိုင်ဘူးလို့ ...ိတ်တွက်တွက်လိုက်တယ်။ ဒီတော့ ဆင်းရမယ့်နေရာကို တွက်ပြီး စိတ်ထဲမှာ ...စ်စုံတစ်ရာ စနောင့်စနင်း ဖြစ်စရာမလိုတော့ဘူးလို့ ခံယူထားကြတယ်။

အောက်ကစောင့်ကြိုနေမယ့် သူတွေက ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာ ကို သူတို့မသိပေမယ့် စကားဝှက်က ဇန္ဒု တဲ့။

ကိုရဲထွန်းက လေယာဉ်စထွက်ကတည်းက မြန်မာပြည်ပြန်ရောက်တော့ မယ်ဆိုပြီး ပျော်နေတယ်။ ဖက်ဆစ်ဆန့်ကျင်ရေးအတွက် တာဝန်နဲ့လာခဲ့ရတာ ကိုလဲ အကျေနပ်ကြီး ကျေနပ်နေတယ်။ သူတို့နှစ်ယောက်စလုံး သူတို့ဆင်းရမယ့် နေရာရောက်ချင်ဇောတွေ ကြီးနေလို့ ခဏတဖြုတ် အိပ်လို့မရကြဘူး။ မြန်မာ ပြည်ရောက်ရင် ဘာတွေလုပ်ရမယ်ဆိုတဲ့ အစီအစဉ်တွေချပြီး စိတ်ကူးတွေ တသိတတန်းကြီး ယဉ်နေမိတယ်။

"ဆင်းရမယ့်နေရာရောက်ပြီ အသင့်ပြင်"ဆိုပြီး လေယာဉ်မောင်းသူတို့က အချက်ပေးလိုက်တယ်။ ဒါကြောင့် သူတို့အသင့်ပြင်ထားတယ်။ ဒါပေမယ့် ချက်ချင်းမဆင်းရသေးဘူး။ ဒါနဲ့ ကိုရဲထွန်းက လေထီးဆင်းဖို့ စီစဉ်ပေးတဲ့ အရာရှိကို–

"တို့နေရာ မှားနေပြီထင်တယ်"လို့ လှမ်းပြောလိုက်တယ်။ သူက

"မင်းတို့ဆင်းရမယ့်နေရာ ဒီနေရာပဲ၊ မမှားပါဘူး။ အောက်ကအချက်ပြ နေတာ မတွေ့ဘူးလား။ မင်းကတိုင်းပြည်အတွက် အသက်စွန့်ပြီး လုပ်မလေး ဘာလေးနဲ့ စကားကြီးကြီးကျယ်ကျယ် ပြောပြီး ခုကျတော့ဆင်းရမှာ ကြောက် နေသလား"လို့ ခနဲ့လိုက်တယ်။

ဒါနဲ့ကိုရဲထွန်းလဲ အဖက်လုပ်ပြီး နောက်ထပ်ဘာမှ စောဒကတက်မနေ တော့ဘဲ ကမ္ဘာသကာပဲဆိုပြီး "ကဲ ချပေးတဲ့နေရာ ဆင်းမယ်"လို့ ပြောလိုက်တယ်။ နာရီကြည့်လိုက်တော့ (၁၁) နာရီထိုးနေပြီ။ လေယာဉ်တစ်ပတ်ဝဲပြီး "ဆင်း" ဆိုတာနဲ့ အောက်ကို တစ်ယောက်ပြီး တစ်ယောက် ခုန်ချလိုက်တော့တယ်။ လေထဲလွင့်ပါပြီးနောက် ရွာအပြင် ကိုက် ၃၀၀ လောက်မှာ သွားကျတယ်။ နောက်လေယာဉ်ပျံ တစ်ပတ်ဝဲပြီး ဝိုင်ယာလက်စက်နဲ့ ပစ္စည်းတွေချပြန်တယ်။ ပစ္စည်းတွေက ရွာထဲက ဓာတ်မီးတွေလင်းနေတဲ့အိမ်နဲ့ တခြားအိမ်တွေပေါ် သွားကျတယ်။

လူတွေ အော်ကျဟစ်ကျ ပြေးလွှားကျတဲ့အသံတွေနဲ့ တစ်ဆက်တည်း ခွေးဟောင်သံ ခွေးအူသံတွေပါ ထွက်ပေါ်လာပါတယ်။ ဒီတော့ ကိုရဲထွန်း တစ်ယောက်အဖို့ အခြေအနေကို နားမလည်နိုင်အောင် ဖြစ်သွားတယ်။

ဒါကြောင့် ကိုရဲထွန်းဟာ ခါးကပစ္စတိုတွေကို လိုလိုမယ်မယ်ဆိုပြီး ဆုပ်ကိုင်လိုက်ရတယ်။ လယ်ကန်သင်းရိုး တစ်ခုမှာကပ်ပြီး အကာအကွယ်ယူရင်း အခြေအနေကို စောင့်ကြည့်နေလိုက်ပါတယ်။ အရေးထဲ ချာလီကလဲ ရောက်မလာသေး။ သူပုန်းနေတဲ့ နေရာဘက်ဆီ ရွာသားတချို့ အော်ဟစ်ပြီး ဓားကြီးပန်းကြီးနဲ့ ပြေးထွက်လာကြတယ်။ ခေါင်းပေါင်းတဘက်များကို လက်ကကိုင်ဆွဲသူကဆွဲ၊ ပုဆိုးစွန်တောင် ဆွဲခဲ့သူကဆွဲနဲ့ သူတို့အသက်ကိုလုပြီး ပြေးနေကြတယ်။ ဒီလူတွေမြင်တာနဲ့ ပိုပြီးရင်ခုန်လာပါတယ်။(ဒီမြင်ကွင်းကို နောက်မှ တစိမ့်စိမ့်တွေးပြီး ရယ်လို့မဆုံးဘူးတဲ့။) အဲဒီလူအုပ်ထဲကကွဲပြီး တစ်ယောက်တည်း သူ့ဆီရောက်လာတဲ့ လူတစ်ယောက်ကို လှမ်းဆွဲပြီး သေနတ်နဲ့ တော့လိုက်ပါတယ်။ အခြေအနေကို မေးကြည့်တော့–

"ဒီရွာကလယ်တဲစုမှာ အသုဘရှိလို့ အောက်လင်းဓာတ်မီးနှစ်လုံး ထွန်းပြီး ဖဲကစားနေကြတယ်။ လေယာဉ်ပျံဝဲတော့ လူတွေရုတ်ရုတ်သဲသဲဖြစ်ပြီး ပြေးကြလွှားကြတယ်။ ကျုပ်ကတော့ အချို့လူတွေနဲ့အတူ အသုဘအိမ်နား ကပ်နေမိတယ်။ နောက်အသုဘအိမ်ပေါ်နဲ့ အနီးအနားအိမ်ပေါ် မည်းမည်း မှည်းတွေကျလာတော့ ဗုံးချတာပဲဆိုပြီး အားလုံးထပြေးကြပါတယ်။ ကျုပ်လဲ ဒါကြောင့် ကြောက်အားလန့်အားနဲ့ ပြေးလာခဲ့ပါတယ်လို့ တုန်တုန်ယင်ယင် နဲ့ ပြောပြပါတယ်။ "အင်း"ဆိုပြီး "ကဲဒါဖြင့် ဒီရွာဟာ ဘာရွာလဲ သာယာဝတီနဲ့ ဘယ်လောက်ဝေးသလဲ"လို့ ကိုရဲထွန်းက တိုးတိုးနဲ့မြန်မြန် မေးလိုက်ပါတယ်။ ဒီတော့ ရွာသားက–

"ဒီရွာက လက်ပံတန်းအရှေ့ဘက် မိုင် ၂၀ လောက်ဝေးတဲ့ ငှက်ပျောတုန်းရွာနဲ့ ငှက်သိုက်ရွာအကြားက လယ်တဲစုကလေးပါ"

"ဒါဖြင့် ဂျပန်တွေကော ဘယ်မှာရှိသလဲ"

ဒီလိုမေးလိုက်တော့ သူက ကြောက်ကြောက်လန့်လန့် ဖြစ်သွားတယ်။ တော်တော်နဲ့ မပြောဘူး။ ဒီတော့ ကိုရဲထွန်းက သေနတ်နဲ့ထပ်ရွယ်ပြီး ခြိမ်းခြောက်လိုက်တော့မှ

"ငှက်သိုက်ရွာမှာ ဂျပန်တပ်စခန်း တစ်ခုရှိပါတယ်"

"ဒါဖြင့် ငှက်သိုက်နဲ့ဒီတဲစုနဲ့ ဘယ်လောက်ဝေးသလဲ"လို့ တိုးတိုး မေးလိုက်ပါတယ်။

အဲဒီလိုမေးနေတုန်းမှာ ကိုချာလီလဲ သူ့ဆီပြေးလာပါတယ်။ ကိုရဲထွန်းနဲ့ ကိုက်နစ်ထောင်လောက် ဝေးတဲ့နေရာမှာသွားကျတယ်။ ဒီလိုအခါမှာ နှစ်ယောက် ပြန်ဆုံကြတော့ အားရှိသွားပြန်တယ်။ သူလဲအကျတော်လို့ အထိအခိုက်မရှိဘူး။ ချောချောမောမောပဲ ဆင်းနိုင်ခဲ့တယ်။

ဂျပန်တွေလဲ အနီးအနားမှာရှိတယ်ဆိုတော့ သူတို့လဲ ရွာထဲဝင်လို့ မဖြစ်တော့ဘူး။

ဒီတော့ရွာသားကို သူတို့ဟာ ဂျပန်တော်လှန်ရေးသမား ဗမာလူမျိုးတွေ ဖြစ်ကြောင်း၊ ဒါကြောင့် သူတို့ကို ကူညီတဲ့အနေနဲ့ ရွာထဲက လေထီးနဲ့ကျတဲ့ ပစ္စည်းတွေ သွားယူပေးဖို့ ပြောဆိုပြီး အကူအညီတောင်းတယ်။ ရွှေဒင်္ဂါး တစ်ပြားလဲ ထုတ်ပေးလိုက်တယ်။

အဲဒီလူလဲ ရွှေဒင်္ဂါးရတော့ ဝမ်းသာအားရ ဖြစ်သွားပြီး "ပစ္စည်းတွေ သွားယူပေးမယ်"လို့ ပြောရင်း ရွာဘက်ပြန်ပြေး ဝင်သွားတယ်။ ရွာသားတချို့က လေထီးနဲ့ချပေးတဲ့ ပစ္စည်းတွေ ထည့်ထားတဲ့ သံဗူးတွေကို "ဟာ–မီးလောင်ဗုံးတွေ" ဆိုပြီး အော်ဟစ်ပြီး အချင်းချင်းသတိပေးနေသံတွေ ကြားရတယ်။(ဒါတွေကြားရ ပြန်တော့ သူတို့အတွက် အူတက်အောင် ရယ်ချင်စရာပဲ၊ ဒါပေမယ့် ရယ်ဖို့စိတ် မကူးနိုင်ဘူး။) လေထီးနဲ့ချပေးတဲ့ ပစ္စည်းတွေဆီကိုပဲ အာရုံရောက်နေတယ်။ ရင်ခုန်နေတယ်။

မကြာခင် ရွာသားဟာ အမောတကော ပြေးလာပြန်ပါတယ်။ ငှက်သိုက် ရွာဘက်က ဂျပန်တွေလာနေပြီလို့ သတင်းပို့တယ်။ သူကဆက်ပြီး ခြိမ်းခြောက် တာလား၊ တကယ်စေတနာနဲ့ ပြောတာလားမသိ။ သူပြောတာက–

"ခင်ဗျားတို့ဒီမှာ မနေကြနဲ့ပြေးကြ"လို့ ရွာသားက ခပ်သုတ်သုတ် ပြောတယ်။

"ကဲ ဒါဖြင့်ကျုပ်တို့ သာယာဝတီဘက်ကို သွားချင်တယ်။ ဘယ်လို သွားရမလဲ"လို့ သုတ်သီးသုတ်ပျာ မေးလိုက်တယ်။ "တောင်ဘက်ကိုသာ တန်းတန်းမတ်မတ်သွား လှည်းလမ်းတွေရင် ညာဘက်မလိုက်နဲ့ ဗယ်ဘက်ကို သာလိုက် ညာဘက်လိုက်မိရင် လက်ပံတန်းရောက်သွားမယ်။ သူက ခပ်သုတ် သုတ်ညွှန်ပြပြီး ထွက်သွားဖို့ ခြေလှမ်းပြင်နေတယ်။ "ကျေးဇူးပဲ"လို့ ပြောပြီး "ကဲ ခင်ဗျားသွားပေတော့၊ ကျွန်တော်တို့လဲ လစ်ရတော့မယ်"ဆိုပြီး နှုတ်ဆက် လိုက်တယ်။ အဲဒီလူလဲ ရွာဘက်ပြန်ပြေးသွားတယ်။ ကိုရဲထွန်းတို့လဲ တချို့

ည်း လစ်တော့တာပါပဲ။ အဲဒီလူပြောတဲ့ လမ်းညွှန်အတိုင်း သတိထားပြီး ပြေးခဲ့ကြတယ်။ လမ်းမှာ ဂျပန်တွေနဲ့ ဆုံမိမှာကိုလဲ ဂရုစိုက်ခဲ့ရသေးတယ်။ ညတစ်ချက်တီး ကျော်လောက်ကျတော့ လယ်တဲတစ်တဲတွေ့တယ်။

အဲဒီမှာ အိပ်နေတဲ့လူတစ်ယောက်ကို တွေ့တော့ သေနတ်နဲ့ချိန်ပြီး နှိုးလိုက်တယ်။ အိပ်နေတဲ့အဘိုးကြီးလဲ လန့်သွားပြီး ပြူးတူးပြဲတဲနဲ့ သူတို့ကို ကြည့်နေတယ်။ သူတို့က နာမည်မေးတော့တောင် ကြောင်အမ်းအမ်းနဲ့ ကြက်သေသေသလို ဖြစ်သွားတယ်။ တော်တော်နဲ့ မဖြေနိုင်ဘူး။ ထပ်မေးမှ သူ့နာမည် ဖိုးဆိုင်ဖြစ်ကြောင်း ပြောတယ်။

ဦးဖိုးဆိုင်ကိုသူတို့ဟာ ဂျပန်တော်လှန်ရေးသမားတွေ ဖြစ်ကြောင်း လေထီးနဲ့ အခုဆင်းခဲ့ကြောင်း ပြောပြပြီး အကူအညီပေးဖို့ မေတ္တာရပ်ခံကြတယ်။ ဒီတော့အဘိုးကြီးက ဘယ်လိုအကူအညီ ပေးရမလဲလို့မေးတယ်။ "သာယာဝတီ နယ်က ဖားရွှေကျော်ရွာကို သွားချင်တယ်အဘ"လို့ ဖြေလိုက်တယ်။ ဖားရွှေ ကျော်ကို သွားမယ်ဆိုရင် ဗယ်ဘက်လှည်းလမ်းအတိုင်း သွားလို့ ညွှန်ပြ လိုက်တယ်။

ဖားရွှေကျော်အသွား တကယ်လို့ မနက်မိုးလင်းသွားရင် လေထီးဆင်း လာတဲ့ အဝတ်တွေနဲ့ဆိုရင် အခက်ပဲလို့ တွက်မိကြတယ်။ ဒါကြောင့် ဦးဖိုး ဆိုင်ဆီက နှစ်နံ့စပ်ဖျင်ကြမ်း လုံချည်တစ်ထည်ကို တောင်းယူပြီး ရွှေဒင်္ဂါး တစ်ပြားပေးလိုက်ပြန်တယ်။ အဘိုးကြီးလဲ ရွှေမြင်တော့ ပြုံးပြီးဝမ်းသာသွားတယ်။ နှစ်နံ့စပ်ကွင်းကို အလယ်ကချုပ်ရိုးအတိုင်းဖြဲပြီး တစ်ကွင်းကနှစ်ကွင်း လုပ်လိုက် တယ်။ ကိုရဲထွန်းနဲ့ ချာလီတို့ဘောင်းဘီတွေကို ချွတ်ပြီး ဝတ်လိုက်ကြပါတယ်။ လုံချည်ကွင်းက ဒူးဆစ်ပေါင်လယ်ဆိုတော့ လယ်တဲကတက်လာတဲ့ အသွင်ပေါ့။ အပေါ်ကအင်္ကျီတွေကိုလဲ ချွတ်ပြီး အဘိုးကြီးဆီကရတဲ့ လုံကွင်းအစုတ်နဲ့ ဆုပ်ပိုးလိုက်ရတယ်။

အဲဒီကစထွက်ခဲ့ပြီး မိုးလင်းတာနဲ့ "ဆားချောင်းမြှားချောင်း"ဆိုတဲ့ ရွာကိုရောက်သွားတယ်။ အဲဒီရွာထိပ်မှာကတော့ ဂျပန်တပ်စခန်း ရှိနေတယ်။ ဝင်လဲမဖြစ်တော့ ဟန်မပျက် ဣန္ဒြေရရနဲ့ပဲ အရဲစွန့်သွားကြတယ်။ ရွာခေါင်း အိမ်ကိုမေးပြီး ဝင်သွားတော့ ရွာခေါင်း ကိုအုံးဆိုသူကို အသင့်တွေ့တယ်။

ကံကောင်းချင်တော့ ရွာခေါင်းအိမ်ပေါ်မှာ ကိုအုံးဆိုသူတစ်ယောက် တည်းပဲရှိတယ်။ ဒီတော့ အနားကပ် သူ့လည်ပင်းဖက်သေနတ်နဲ့တေ့ပြီး သူတို့

ကိုကူညီဖို့ ရွှေဒင်္ဂါးယူမလား၊ ကျည်ဆန်ယူမလား"လို့ တိုးတိုးကပ်မေး လိုက်တယ်။ သူလဲ အံ့အားသင့်ပြီး ရုတ်တရက် ဘာဖြေရမှန်းမသိ ဖြစ်နေတယ်။ ကိုရဲထွန်းက သူတို့လိုချင်တဲ့ အကူအညီဆိုတာက သူတို့ကို ဖားရွှေကျော်ရွာကို လိုက်ပို့ပေးဖို့ပဲ ဆိုတော့ နောက်ဆုံးကိုအုံးက လိုက်ပို့ပေးဖို့ သဘောတူတယ်။ ကိုအုံးကိုတော့ သူတို့က မျက်ခြည်မပြတ်ကြည့်နေကြရတယ်။ ဂျပန်ဆီပြေးပြီး သတင်းပို့မှဖြင့်ဆိုတဲ့ သံသယစိတ်နဲ့ပေါ့။ ကိုအုံးက သူ့နွားလှည်းနဲ့ ဂျပန် စခန်းဘေးကနေ ပတ်ပြီးလိုက်ပို့ပေးတယ်။ ဂျပန်တွေကိုများ လှမ်းပြောလိုက် မလားလို့လဲ စိုးရိမ်နေမိသေးတယ်။ တစ်နေ့လုံးမောင်းခဲ့ပြီး ညကျမှဖားရွှေကျော်ကို ရောက်သွားတယ်။ အဲဒီကနေ လှည်းကူးရွာကို ဆက်သွားတော့ ည (၁၀) နာရီမှာ ရောက်သွားတယ်။

လှည်းကူးရွာသူကြီး ဦးတင်အိမ်ရောက်တော့ သူကြီးဦးတင် မရှိဘူး။ သူကြီးလူတွေပဲ တွေ့ရတယ်။ သူတို့က ကိုရဲထွန်းတို့နှစ်ယောက်ကို မသင်္ကာ တဲ့အကြည့်တွေနဲ့ ကြည့်နေကြတယ်။ ဒီအချိန် သူကြီးဦးတင်နဲ့ ကိုဖေအောင်တို့က ရွာပြင်က လေထီးကျမယ့် နေရာကို သွားကြိုနေတယ်ဆိုတာကို နောက်မှသိရ တယ်။ ဒီတော့မှ သူတို့အဖြစ်ကိုတွေးပြီး ဟားတိုက်လို့သာ ရယ်လိုက်ချင်တယ် ဆိုတဲ့အဖြစ်မျိုးပဲ။

သူတို့က ကိုခင်အောင်တို့ကို သွားအခေါ်ခိုင်းတယ်။ ရောက်လာတော့မှ ကိုရဲထွန်းက "ဗန္ဓု" ဆိုတဲ့ စကားဝှက်ကို ပြောလိုက်တယ်။ ဒီတော့မှာပဲ ကိုခင်အောင်တို့ကလဲ စိတ်ချသွားတယ်။ ဖြစ်ကြောင်းရယ်မှ ကုန်စင်ဆိုပြီး ကိုရဲထွန်း၊ ကိုခင်အောင်တို့က (၂၄) နာရီအတွင်း ဖြစ်ပျက်ခဲ့တဲ့ အတွေ့အကြုံ တွေကို ပြောပြပါတော့တယ်။

သူတို့ကိုတာဝန်ခံပြီး ကြိုနေတဲ့ ရဲဘော်တွေက သခင်ခင်အောင်နဲ့ ဗန္ဓုအမည်ခံ ဦးဖေအောင် (အခုနိုင်ငံခြားရေးရုံး ဦးဖေအောင်)တို့ ဖြစ်ပါတယ်။ ကိုရဲထွန်းနဲ့ သူတို့ကတော့ အခုမှပဲ မြင်ဖူးတွေ့ဖူးတဲ့ ရဲဘော်တွေပဲ။

နောက်သခင်ခင်အောင်က သူတို့ရဲဘော်တွေကိုလွှတ်ပြီး လေထီးနဲ့ ချပေးတဲ့ ပစ္စည်းတွေအခြေအနေကို သွားစုံစမ်းခိုင်းတယ်။ ဂျပန်တွေရသွားတယ်။ ရွာသားတချို့လဲ အဖမ်းခံကြရသတဲ့။

ကိုသိန်းဖေဆီက ပေးလိုက်တဲ့စာတွေအားလုံး ဆုံးခဲ့ပေမယ့် အရေး အကြီးဆုံးစာကတော့ ကိုရဲထွန်းက သူ့ဘောင်းဘီအိတ်ထဲ ထည့်ယူခဲ့လို့

မဆုံးရှုံးခဲ့ဘူး။ ဒါကတော့ "ဖက်ဆစ်ကျွန်ဘဝက လွတ်မြောက်ရေးသို့"ဆိုတဲ့ စာစောင်ပဲဖြစ်တယ်။

ဝါယာလက်စက်နှစ်လုံး ဆုံးရှုံးသွားပေမယ့် ကိုချာလီနဲ့အတူ ဖို့ဒ် ၁၃၆ တပ်ဖွဲ့နဲ့ ဆက်သွယ်ရမယ့် "ဆိုင်ဖာ"ခေါ်တဲ့ အက္ခရာဝှက်တွေကတော့ ကိုချာလီရဲ့ ကိုယ်နဲ့မကွာယူခဲ့တယ်။ ဒီဆိုင်ဖာတွေကိုဆက်ပြီး အသုံးပြုနိုင်တဲ့ အခြေအနေမှာ ရှိနေပါတယ်။

သခင်ခင်အောင်တို့က ကိုရဲထွန်းနဲ့ကိုချာလီတို့ နှစ်ယောက်ကို ရန်ကုန် ဖက်ဆစ်ဆန့်ကျင်ရေး အဖွဲ့ချုပ်ကိုလိုက်ပို့တယ်။ သခင်တင်မြနဲ့တွေ့တော့ သတင်းစုံကို တင်ပြအစီရင် ခံလိုက်တယ်။

ဒီအချိန်မှာပဲ ဖက်ဆစ်ဆန့်ကျင်ရေး အဖွဲ့ချုပ်ဆီ ဖို့ဒ် ၁၃၆ တပ်ဖွဲ့ ဌာနချုပ်က ဇန်နဝါရီလ ၂၈-ရက်နေ့ညက သာယာဝတီအရှေ့ဘက်မှာ လေထီးနဲ့ဆင်းသွားတဲ့ ကိုရဲထွန်းနဲ့ ဝါယာလက်အဆက်အသွယ် မရသေးကြောင်း၊ အခြေအနေကို စုံစမ်းပြီး အမြန်ဆုံးသတင်းပို့ဖို့ ဖက်ဆစ်ဆန့်ကျင်ရေး ဌာနချုပ်ကို ဝါယာလက်နဲ့ ဆက်သွယ်ခဲ့တယ်။

ဒါကြောင့် ဖက်ဆစ်ဆန့်ကျင်ရေး အဖွဲ့ချုပ်က ကိုရဲထွန်းတို့အဖြစ်အပျက်ကို ဖို့ဒ် ၁၃၆ တပ်ဖွဲ့ဌာနချုပ်ဆီ ဝါယာလက်နဲ့ ပြန်သတင်းပို့လိုက်တယ်။

အဲဒီမှာ ကိုချာလီအတွက်ဝါယာလက်စက်ထပ်ပို့ပေးလိုက်တယ်။

ဒီဝါယာလက်စက်ကို ဖို့ဒ် ၁၃၆ တပ်ဖွဲ့က ဆင်းလာတဲ့ အေ-အက်ဖ်အိုခေါ် ကိုထွန်းညွန့်နဲ့ ထည့်ပေးလိုက်တယ်။ ကိုထွန်းညွန့်မှာ ပါလာတဲ့ ဝါယာလက်စက်ကို ကိုရဲထွန်းနဲ့ပါလာတဲ့ ကိုချာလီကို ပေးတယ်လို့ သခင်တင်မြရဲ့ ဘုံဘဝမှာ တွေ့ရပါတယ်။ ဒါပေမယ့် ရက်တွေကို စာရေးသူအနေနဲ့ လိုက်ကြည့်တော့ သခင်တင်မြရဲ့ စာအုပ်မှာ ကိုထွန်းညွန့်ဟာ ကိုရဲထွန်းတို့ ဆင်းပြီးမှ ဆင်းတယ်လို့ ဆိုထားတယ်။ ပြီးတော့ ရဲဘော်မြရေးတဲ့ ဖက်ဆစ်တော်လှန်ရေး၊ ပြည်သူ့ရဲခေါင်ပြောက်ကျားထဲမှာ ၁၉၄၅ ခု ဇန်နဝါရီလဆန်းမှာလို့ ဖော်ပြထားတယ်။ ကိုထွန်းညွန့်နဲ့ ကချင်ပြည်နယ် မြစ်ကြီးနားက ကိုထွန်းညွန့်အိမ်မှာ ၁၅-၉-၆၅ခု နေ့က စာရေးသူက တွေ့ဆုံမေးမြန်း ရေးမှတ်ခဲ့တဲ့ရက်က ၁၉၄၄ ခု၊ ဒီဇင်ဘာလ ၂၄ ရက်နေ့ ဖြစ်တယ်။ ကိုရဲထွန်းတို့ ဆင်းလာတဲ့

ရက်က ၁၉၄၅ ခု၊ ဇန်နဝါရီလ ၂၈–ရက်လို့ ဘုံဘဝမှာဖြင့်ထဲမှာ တွေ့ရပါတယ်။ ဗိုလ်ရဲထွန်းကလဲ ဒီအတိုင်း စာရေးသူကို ပြောပါတယ်။ ဒီအတိုင်းသာဆိုရင် ကိုထွန်းညွန့်က အရင်ဆင်းရပြီး ကိုရဲထွန်းတို့က နောက်မှဆင်းတယ် ဆိုတဲ့သဘောပဲ။ ကိုထွန်းညွန့်က ရက်စွဲမှားပြီး ပေးတာလား ဒါမှမဟုတ် ဘယ်သူမှားသလဲ မပြောနိုင်ပါ။ နောက်တစ်ဆက်ထဲမှာ ကိုထွန်းညွန့်က စာရေးသူကို ပြောတာက ဖြူးရဲ့အရှေ့ဘက် "အင်းလောင်းရွာ"မှာ ဇန်နဝါရီလ ၁၇–ရက်နေ့မှာ လေထီးတပ်ဖွဲ့ဆင်းဖို့ သူ့ကိုတာဝန်ပေးတယ်လို့ ပြောပြလိုက်ပါတယ်။

ရဲဘော်မြရဲ့ ပြည်သူ့ရဲခေါင် ပြောက်ကျားမှာ ဇန်နဝါရီလ ၂၄ ရက်နဲ့ ၂၀ ကြားကို ဖော်ပြထားတာ တွေ့ရပါတယ်။ ဒီမှာ လေထီး ချပေးတဲ့ရွာက ကိုက်ညီနေပေမယ့် လေထီးချတဲ့ရက်က တစ်ဦးနဲ့တစ်ဦး (၇) ရက်လောက် ကွာခြားနေတာ တွေ့ရတယ်။ နှစ်ပေါင်း ၃၀ ကျော်က အဖြစ်အပျက်ကို ခုပြောကြဆိုကြရတော့ တစ်ဦးဦးက မှားကောင်းမှားနိုင်ပါတယ်။ မှတ်တမ်း အတိအကျရှိတဲ့လူတွေအဖို့တော့ နေ့နဲ့ရက်နဲ့ အဖြစ်အပျက်အမှန်ကို ဖော်ပြနိုင် မှာပါပဲ။ (စာရေးသူ)။

ဌာနချုပ်ကို ရောက်လာတဲ့ ဝါယာလက်စက်နှစ်လုံးကို သခင်တင်မြတို့က ဗိုလ်မှူးကျော်ဇောအိမ်က သွားယူပြီး အလုံအာအီးတီရုံး သုံးထပ်တိုက်အပေါ်ဆုံး ထပ်မှာ တပ်ဆင်ကြပါတယ်။ အောက်ထပ်မှာ သေနတ်ကိုင် ဘီဒီအေရဲဘော်နှစ်ယောက်ကို အစောင့်ချထားပါတယ်။ ဝိုင်ယာလက်စက် ကောင်းမကောင်းကို အိန္ဒိယ ဖို့ဒ်–၁၃၆ တပ်ဖွဲ့ဌာနချုပ်နဲ့ ဆက်သွယ်ကြည့်ပါတယ်။

ဝိုင်ယာလက်စက်တွေကို ဂျပန်နဲ့ဝေးတဲ့ မြို့ပြင်မှာသွားပြီး စမ်းသပ်မနေတော့ဘဲ ဂျပန်နဲ့အနီးကပ်ဆုံး နေရာကိုပဲရွေးချယ်ပြီး စမ်းသပ်တယ်။ ဝါယာလက်စက် စမ်းသပ်ထားတဲ့ အဆောက်အအုံရှေ့ ခြံဝင်းကြီးထဲမှာ ဂျပန်ရိက္ခာထောက်ပံ့ရေးစခန်း တစ်ခုရှိပါတယ်။ ဒီအထဲမှာ ဂျပန်စစ်သားတွေလဲ ရှိနေတယ်။ ဒီလောက်ဂျပန်နဲ့ နီးကပ်တဲ့နေရာမှာ ဝါယာလက်စက်စခန်းတစ်ခုကို လာရောက်ဖွင့်နေလိမ့်မယ်လို့ ဂျပန်တစ်ကောင်တမြီးမှ စိတ်ကူးထဲထည့်ကြည့်ကြမှာ မဟုတ်ဘူးလို့ သခင်တင်မြတို့က တွက်ဆထားကြပါတယ်။

ဒါကြောင့် ဒီမှာပဲ စက်တွေကိုထားပြီး ချာလီကိုစမ်းသပ်ခိုင်းတယ်။ ချာလီက ဝါယာကြိုးတွေထောင်ပြီး စတင်စမ်းသပ်ပါတော့တယ်။ စက်နှစ်လုံး

လုံး ကောင်းမွန်တယ်ဆိုတာ တွေ့ရတယ်။ ကိုချာလီဟာ အိန္ဒိယရှိ ဗို့ဒ်-၁၃၆ တပ်ဖွဲ့ဌာနချုပ်နဲ့ ဝါယာလက်ဆက်သွယ်ဖို့ ချိန်းဆိုထားတဲ့အချိန်မှာ စမ်းသပ် ဆက်သွယ်ကြည့်တယ်။ ပထမနေ့မှာတော့ အဆက်အသွယ်မရဘူး။ နောက်နေ့ကျ ပြန်ဆက်ကြည့်တော့မှ ရရှိသွားတယ်။

ကိုချာလီကို ဝါယာလက်စက်နဲ့ သခင်စိုးဆီပို့ဖို့ ရန်ကုန်မှာ ခေါ်ထားလိုက်တယ်။ ကိုရဲထွန်းကိုတော့ သာယာဝတီကို တာဝန်ပေးလိုက်ပါတယ်။ သာယာဝတီမှာ လေထီးဆင်းမယ့်အဖွဲ့အတွက် နေရာ၊ နေ့ရက်၊ နာရီတို့ကို ဗို့ဒ်-၁၃၆ တပ်ဖွဲ့က ညွှန်လိုက်တယ်။ အဲဒီမှာလေထီးစခန်း တစ်ခုဖွင့်ဖို့ဖြစ်တယ်။ အဲဒါကြောင့် ကိုရဲထွန်း ရန်ကုန်ကသာယာဝတီကို ဆက်တက်သွားရပြန်တယ်။

သာယာဝတီနယ်အထိ ဗိုလ်စိန်မှန်က တာဝန်ယူပို့ပါတယ်။ ကိုရဲထွန်း သာယာဝတီမှာ ဗိုလ်ချစ်မြိုင် (ဒု/ဗိုလ်မှူးကြီးဟောင်း ချစ်မြိုင်)နဲ့ အတူတွဲလုပ်ရတယ်။ မူလကတော့ ဗိုလ်ချစ်မြိုင်တို့ တပ်ရင်း (၂) က ရေနံပိုက်လိုင်းတွေကို တာဝန်ယူ စောင့်ရှောက်ခဲ့ရတယ်။ ဗိုလ်ချစ်မြိုင်က စစ်ရေးခေါင်းဆောင်၊ ကိုဝင်းမောင် (တောင်တွင်းကြီးသား တောခို-ဗကပ၊ တိုင်းကော်မတီကျဆုံး)က နိုင်ငံရေးခေါင်းဆောင်၊ ကိုရဲထွန်းက ပြောက်ကျားခေါင်းဆောင် အဲဒီလို တာဝန်အသီးသီးခွဲပြီး တော်လှန်ရေးကို လုပ်ခဲ့ကြတယ်။

ကိုရဲထွန်းက ပြောက်ကျားတွေ ခေါင်းဆောင်ပြီး ကိုယ်တိုင်ပါဝင်တိုက်ခဲ့တယ်။ ပြင်းပြင်းထန်ထန် တိုက်ပွဲနှစ်ပွဲပဲ ရှိခဲ့တယ်။ မင်းလှအရှေ့ဘက် သရေကုန်းတိုက်ပွဲနဲ့ စစ်ကွင်းဈက်ကြီးကြား တိုက်ပွဲတွေပဲ။ မြန်မာ့တပ်မတော်နဲ့ ပြောက်ကျားတွေပေါင်းပြီး ဂျပန်တပ်တွေကို တိုက်ကြရတယ်။ တစ်နေကုန် တိုက်ပွဲပဲ။ ကျန်တဲ့အသေးအဖွဲ့ တိုက်ပွဲတွေကတော့ (၂၀) ကျော်ပါတယ်။

မင်းလှ၊ စစ်ကွင်းနဲ့ လက်ပံတန်းမြို့တွေကို ဘီဒီအေနဲ့ ပြောက်ကျားတွေက ဦးဆောင်သိမ်းပိုက် ခဲ့ခြင်းဖြစ်ပါတယ်။

လက်ပံတန်းမှာ လက်နက်တွေအပ်ကြရတယ်။ လက်ပံတန်းကျပြီးတဲ့အခါကျတော့ ဗို့ဒ်-၁၃၆ တပ်ဖွဲ့က အင်္ဂလိပ်တွေနဲ့ လမ်းခွဲလိုက်ကြတယ်။

ကိုရဲထွန်းဟာ တော်လှန်ရေးပြီးတဲ့နောက်လဲ သာယာဝတီခရိုင်မှာပဲ ကွန်မြူနစ်ပါတီနဲ့ ဖ၊ ဆ၊ ပ၊ လအဖွဲ့မှာ တာဝန်ဆက်ယူခဲ့ပါတယ်။

**ဗိုလ်ရဲထွန်း။** ။ရဲဘော်ရဲထွန်းဟာ မြန်အောင်မြို့ ရွာသစ်ကုန်းရွာသား ဦးတင် ဒေါ်ငယ်တို့သားဖြစ်တယ်။ မြန်အောင်ကျောင်းမှာ (၇)

တန်းအထိ နေခဲ့ပြီး မြောင်းမြကျောင်းမှာ အင်္ဂလိပ်မြန်မာ (၁၀) တန်းအောင်ခဲ့ပါတယ်။ စစ်ဖြစ်လာတော့ ဘီအိုင်အေ တပ်ထဲ ဝင်ခဲ့ပါတယ်။ ဗိုလ်စိန်မှန်တပ်ထဲမှာ ဖြစ်ပါတယ်။ ဘီအိုင်အေဖျက်ပြီး ဘီဒီအေဖြစ်လာတော့တပ်ရင်း (၂) တပ်ခွဲ (၁) မှာ နေရပါတယ်။ အဲဒီကနေ ပထမအပတ် မင်္ဂလာဒုံ အကြပ်သင်တန်းကို တက်ရောက်ခဲ့ပါတယ်။ နောက်ဗိုလ်မှူး ဗထူးရဲ့ စက်မှုလက်မှုတပ်ရင်းမှာ သွားတာဝန်ယူရပါတယ်။ နောက် အနောက်မြောက်တိုင်းဖွဲ့တော့ ဗိုလ်မှူးဗထူးက ဒီတိုင်းရဲ့တိုင်းမှူး ဖြစ်ပါတယ်။ တိုင်းကိုပြောင်းရွှေ့ တာဝန်ယူရပါတယ်။ အဲဒီကနေအိန္ဒိယကို လိုက်သွားရပါတယ်။ နောက် သာယာဝတီနယ်ထဲ လေထီးနဲ့ ဆင်းရတယ်။ တော်လှန်ရေးပြီးတော့ သာယာဝတီနယ် ကွန်မြူနစ်ပါတီမှာ တာဝန်ယူတယ်။ ဗ၊ က၊ ပ အဖြစ် တောခိုခဲ့ပါတယ်။ နောက်မြို့ပေါ်ကို ပြန်ရောက်လာပါတယ်။ ဘားမားရိုင်ဖယ် တပ်ရင်း (၁) တောခိုတော့ ပြန်လိုက်သွားပြန်တယ်။ နောက်ရန်ကုန် ပြန်ရောက်ပြီး ပြန်လည်ထူထောင်ရေး တပ်မှာ ဒု/ငြ်းမှူးဖြစ်တယ်။ ၁၉၆၀ ခုနှစ်မှာ ပြန်ထွက်လိုက်တယ်။ ၁၉၆၄ ခုနှစ်မှာ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး၊ တောင်ကြီးဌခန်း၊ ဌာနခွဲမှူး ဖြစ်ပါတယ်။ ၁၉၅၁ ခုနှစ် အောင်လံမြို့က အငြိမ်းစား အင်စပက်တော် ဦးစောမောင် ဒေါ်ချစ်တို့ရဲ့သမီး ဒေါ်ခင်မာမာနဲ့ အိမ်ထောင်ကျတယ်။ သားသုံးယောက် ရရှိပါတယ်။ အခုရှမ်းပြည်နယ် ဗဟိုပို့ဆောင်ဆက်သွယ်ရေး စီမံကိန်းနဲ့ လုပ်ငန်းလုပ်ဆောင်ရေး ဦးစီးဌာန မန်နေဂျာအဖြစ် တာဝန်ယူလျက် ရှိနေပါတယ်။ ၁-၁၀-၇၁ နေ့က ရွှေညောင်က၊ လ၊ သ၊ ဖစခန်းရုံးမှာ တွေ့ဆုံ မေးမြန်းချက်တွေနဲ့၊ သခင်တင်မြရဲ့ "ဘုံဘဝမှာဖြင့်" ဆိုတဲ့စာအုပ်များ ပုဂံစာအုပ်တိုက်တစ်စုတည်း ပုံနှိပ်ခြင်း ပထမ ၁၉၇၁-မျက်-၆၈၇-၆၉၃ တို့ကို ပေါင်းစပ်ရေးသား ဖော်ပြလိုက်ခြင်းပါ။

စာရေးသူ။

ဝန်းမော်စာပေတိုက်

## ၇။ ရဲဘော်ဗန်းမော်ကိုကိုကြီး

ကိုကိုကြီးဟာ ၁၉၄၃ ခု၊ အာရှလူငယ် စည်းရုံးရေးမှူးအဖြစ် ရန်ကုန် ဘောင်ဒရီလမ်း ဌာနချုပ်မှာ သင်တန်းတက်နေပါတယ်။ ကိုကိုကြီးက ကချင်ပြည်နယ် ဗန်းမော်ကလာပြီး ဒီသင်တန်းကို တက်ရခြင်းပါ။ ဒီသင်တန်းမှာ စစ်ကိုင်းက ကိုဌေး၊ မြင်းခြံက ကိုအောင်သူ (အာရ်တီဘီ ကုန်စည်ပို့ဆောင်ရေးဌာန၊ ကြီးကြပ်ရေးမှူး–ပခုက္ကူ၊ အငြိမ်းစား)တို့လဲ တက်ကြပါတယ်။ (ကိုဌေး– အခုတောခို၊ ဗ–က–ပ ကျဆုံး ဖြစ်ပါတယ်။) စည်းရုံးရေးမှူး ၃၀–ယောက်ရှိပါတယ်။

ကွန်မြူနစ်ပါတီ ခေါင်းဆောင်တစ်ယောက်ဖြစ်တဲ့ သခင်တင်မြနဲ့ ဆက်မိပါတယ်။ သူက ဂျပန်ဖက်ဆစ်ဆန့်ကျင်ရေးနဲ့ ပတ်သက်တာတွေကို ပြောပြစည်းရုံးပါတယ်။ ပြည်သူ့အရေးတော်ပုံပါတီ (နောင် ဆိုရှယ်လစ်ပါတီ) စည်းရုံးရေးမှူးက ဗိုလ်ကြီးအောင်ကြီးပါ။ အဲဒီတော့ ကျောင်းမှာ အစု(၃)စု ရှိပါတယ်။ တစ်စုက ကွန်မြူနစ်ပါတီနဲ့ ဆက်သွယ်မိတဲ့အစု၊ ဒါမှမဟုတ် ကွန်မြူနစ်ပါတီအစု၊ တစ်စုကတော့ ဆိုရှယ်လစ်ပါတီလိုလားတဲ့အစု၊ ကျန် တစ်စုကတော့ ဘယ်ဘက်ကိုမှ မပါတဲ့ ကြားအစု ဖြစ်ပါတယ်။

ကိုကိုကြီးက ကွန်မြူနစ်အုပ်စုထဲ ပါသွားပါတယ်။ အဲဒီမှာ ကွန်မြူနစ်ပါတီ သင်တန်းကို ကွမ်းခြံကုန်းမှာ သွားတက်ရတယ်။ ကိုကိုကြီးတို့အစုထဲမှာ

ဗိုလ်မော် (အခုတော့ဗိုလ်ချုပ် ဗ–က–ပ ခေါင်းဆောင်အဖြစ် ကျဆုံး)၊ ဗိုလ်သိန်းတန် (အခု လမ်းစဉ်ပါတီဗဟိုဌာနချုပ်)တို့လဲ ပါဝင်ကြပါတယ်။ ပထမကတော့ ဒီသင်တန်းကို သခင်စိုးကိုယ်တိုင် လာပေးမလို့ ဖြစ်ပေမယ့် သခင်စိုးက တခြားကို အရေးတကြီး ခရီးထွက်သွားရလို့ သခင်တင်မြကပဲ ခေါင်းဆောင်ပြီး သင်တန်းကို ပို့ချပေးခဲ့ပါတယ်။ သင်တန်းပြီးတော့ ရန်ကုန် ပြန်တက်ခဲ့ကြ ပါတယ်။

ကိုကိုကြီးကို ဗန်းမော်၊ ကသာ အာရှလူငယ် အစည်းအရုံးတာဝန်ခံ အဖြစ်နဲ့ တာဝန်ပေးခြင်းခံရပါတယ်။ တစ်ပါတည်းမှာ ကွန်မြူနစ်ပါတီကလဲ ဒီခရိုင်တွေမှာ ကွန်မြူနစ်ကလာပ်စည်းတွေနဲ့ ဂျပန်ဆန့်ကျင်ရေး မြေအောက် အဖွဲ့အစည်းတွေ လျှို့ဝှက်ဖော်ထုတ်ဖို့ကိုလဲ တာဝန်အပ်နှင်းပေးခဲ့ပါတယ်။

၁၉၄၃ ခု၊ နှစ်ကုန်ခါနီးလောက်မှာ ဗန်းမော်ကို ပြန်ရောက်တယ်။ ဗန်းမော်မှာ အာရှလူငယ်စည်းရုံးရေးနဲ့ ကွန်မြူနစ်ပါတီ စည်းရုံးရေးတွေကို တစ်ဆက်တည်း ဖော်ထုတ်လုပ်ကိုင်ခဲ့ပါတယ်။ နောက် မန္တလေးကို တစ်ခါ ပြန်ဆင်းခဲ့ရပြန်တယ်။ ၁၉၄၄ ခုနှစ် မန္တလေးမှာ ဂျပန်ဆန့်ကျင်ရေး မြေအောက် တော်လှန်ရေးလုပ်ငန်းတွေကို သခင်တင်မြ၊ ကိုထွန်းစိန်တို့နဲ့ တွဲဖက်ပြီး လုပ်ခဲ့ပါတယ်။ ၁၉၄၄ ခုနှစ်လောက်မှာ အာရှလူငယ်နဲ့ ကွန်မြူနစ်ပါတီ စည်းရုံးရေးတို့ကိုတွဲပြီး အထက်မြန်မာပြည်တစ်လျှောက်မှာ စည်းရုံးခဲ့တယ်။ ၁၉၄၄ ခုနှစ်အစလောက်မှာပဲ ဗိုလ်မှူးဗထူး (အနောက်မြောက်တိုင်း တိုင်းမှူး) နဲ့ အဆက်အသွယ်ရခဲ့ပါတယ်။ တပ်တွင်းမှာပါ။ ဂျပန်ဆန့်ကျင်ရေးလုပ်ငန်း တွေကို ကျယ်ကျယ်ပြန့်ပြန့် လုပ်လာနိုင်ခဲ့တယ်။

အဲဒီအချိန်မှာ မဟာမိတ်တပ်တွေက ကချင်ပြည်နယ်ထဲ ရောက်နေပြီ ဆိုတဲ့သတင်း ရရှိတဲ့အတွက် အင်္ဂလိပ်စစ်တပ်တွေနဲ့ အဆက်အသွယ်ရဖို့ အထက်မြန်မာပြည် ကော်မတီက တာဝန်ပေးပြန်တယ်။ ဒါကြောင့် ကသာ ရွှေဂူဘက်ကို ပြန်တက်ရပြန်တယ်။ ဗိုလ်အာဋ္ဌဝကရဲ့ လေယာဉ်ပစ် အမြောက် တပ်က တပ်ကြပ် မောင်လှ ဦးစီးပြီး ကိုထွန်းလှ (တော့ခို အလံနီခေါင်းဆောင်) နဲ့ ကိုကိုကြီးတို့ကို လိုက်ပို့ပါတယ်။ သူတို့အားလုံး ဘီဒီအေစစ်ဝတ်စုံတွေ နဲ့ပါ။ စစ်ကိုင်း ရွာထောင်က မီးရထားနဲ့ထွက်ခဲ့ပြီး ကသာခရိုင် အင်းတော် မြို့ကို ရောက်ခဲ့ပါတယ်။ စီးလာရတဲ့ရထားတွဲက စစ်တွဲပါ။ နေရာမဆံ့လို့

အမိုးပေါ် ထိုင်လိုက်ခဲ့ရတယ်။ အင်းတော်တံတား ပျက်နေလို့ ရှေ့ခရီးမဆက်နိုင်ပါ။ ဒါကြောင့် အင်းတော်ကနေ ကသာကို ခြေကျင် သွားခဲ့ကြရတယ်။

ကိုကိုကြီးတို့ကို လိုက်ပို့တဲ့ အမြောက်တပ်က တပ်ကြပ်မောင်လှတို့လဲ အင်းတော်က မန္တလေးကို ရထားနဲ့ လှည့်ပြန်ကြရတယ်။ ရွာတစ်ရွာမှာ ဝင်နားနေတုန်း ဂျပန်ကင်ပေတိုင် (စစ်ပုလိပ်) အဖွဲ့က လာဝိုင်းပါတယ်။ ဗိုလ်မှူးဗထူးရဲ့ လက်မှတ်နဲ့ တပ်မတော် အဆောင်အယောင်ကြောင့် ဂျပန်က လွှတ်လိုက်တယ်။ ကသာကနေ ရွှေဂူကို ခြေကျင်ဆက်လေယာက်ခဲ့တယ်။ ရွှေဂူကနေ ကိုထွန်းလှနဲ့ ကိုဖေသောင်းက ဗန်းမော်ကို ဆက်ပြီးတက်သွားတယ်။ ကိုကိုကြီး ရွှေဂူမှာ ဆင်းနေရစ်ခဲ့တယ်။

## အိန္ဒိယကိုသွားခြင်း

၁၉၄၄ ခုနှစ် နိုဝင်ဘာလကုန်မှာ ဗန်းမော်က ကိုထွန်းလှနဲ့ ကိုဖေသောင်းတို့က (၃၃)က တရုတ်တပ်မနဲ့ ဆက်သွယ်မိသွားတယ်။ ကိုထွန်းရွှေနဲ့ ကိုကိုကြီးတို့က ရွှေဂူရောက်လာတဲ့ တရုတ်တပ်တွေဆီ သွားဆက်တယ်။ အဲဒီမယ် သူတို့နှစ်ယောက်စလုံးကို တရုတ်တပ်က ဖမ်းချုပ်လိုက်တယ်။

အမေရိကန်နဲ့ အင်္ဂလိပ်ထောက်လှမ်းရေးတပ်တွေက စစ်ဆေးမေးမြန်းတယ်။ ကိုကိုကြီးက ဂျပန်တော်လှန်ရေးအတွက် တာဝန်နဲ့ရောက်နေကြောင်း၊ မဟာမိတ်တွေနဲ့ ဆက်သွယ်ဖို့လာကြောင်း အကျယ်တဝင့် ရှင်းပြတယ်။ အဲဒီကနေ ကိုကိုကြီးတစ်ယောက်တည်းကို အမေရိကန် ဝမ်းအိုဝမ်း ဌာနချုပ်ရှိတဲ့ မြစ်ကြီးနားကို လေယာဉ်ပျံနဲ့ ပို့လိုက်တယ်။ ကိုထွန်းရွှေကိုတော့ ပြန်လွှတ်လိုက်တယ်။

ဝမ်းအိုဝမ်း ဌာနချုပ်မှာ ကိုကိုကြီးတို့ကို ဖက်ဆစ် ဆန့်ကျင်ရေးအကြောင်း၊ ဂျပန်စစ်အခြေအနေတွေအကြောင်း မေးပြီး သူတို့ ကိုယ်ရေးရာဇဝင်တွေကိုလဲ တောင်းယူထားလိုက်တယ်။ ကိုကိုကြီးဟာ မြစ်ကြီးနားရောက်တော့ အင်္ဂလိပ်တပ်ဆီ ကြိုရောက်နေတဲ့ သခင်ဗိုလ်၊ ဗိုလ်ထွန်းညွန့်၊ ကိုဘသောင်းတို့ အစုနဲ့ သွားဆုံမိတယ်။

၁၉၄၄–ခု၊ ဒီဇင်ဘာလ (၂၀)ရက်နေ့မှာ ဖို့ဒ်–၁၃၆ တပ်ဖွဲ့အရာရှိဖြစ်တဲ့ မေဂျာရစ်က သခင်ဗိုလ်နဲ့ ကိုကိုကြီးတို့ကို ကလ္လကတ္တားကို လေယာဉ်နဲ့ လာခေါ်သွားပါတယ်။ ကလ္လကတ္တားရောက်တဲ့အခါမှာ အင်္ဂလိပ်ထောက်လှမ်း

ရေးအရာရှိတွေက လိုအပ်တဲ့ စစ်ဆေးရေးတွေကို လုပ်တယ်။ ပြီးတော့မှ သူတို့အားလုံးကို ကိုသိန်းဖေရှိတဲ့ ဘီဟာလာစခန်းကို ကားနဲ့လိုက်ပို့တယ်။ အဲဒီမှာ ရောက်နေတာကတော့ ရခိုင်ပြည်က ရဲဘော်တွေနဲ့ မန်းဝင်းမောင်၊ ကိုချစ်ကောင်း အစရှိတဲ့ ရဲဘော်တွေပဲ။

ကိုကိုကြီး ကလ္လကတ္တားရောက်ပြီးတဲ့နောက်မှာ ဗန်းမော်မှာ ကျန်ရစ်ခဲ့တဲ့ ကိုထွန်းလှနဲ့ ကိုဖေသောင်းတို့ကို ခေါ်ယူဖို့ ကိုသိန်းဖေကို တင်ပြပါတယ်။ ဖို့ဒ်–၁၃၆ တပ်ဖွဲ့က တာဝန်ယူပြီး ခေါ်ပေးပါတယ်။

ကိုထွန်းလှတို့ကိုတော့ သူတို့က ဗန်းမော်ထောင်ထဲက တောက်လျှောက်လိုက်ခဲ့ရတဲ့အကြောင်း၊ တရုတ်တပ်တွေနဲ့အတူ လုပ်နေရာကနေ အင်္ဂလိပ်တွေက သူနဲ့တကွ အာရှလူငယ် အစည်းရုံးဝင်တွေနဲ့ ဂျပန်ဆန့်ကျင်ရေးအဖွဲ့ဝင် ရဲဘော်တွေကို သိမ်းကျုံးပြီး ရာဇဝင်လူဆိုးတွေအဖြစ်နဲ့ ဖမ်းဆီးပြီး ဗန်းမော်ထောင်ထဲ သွင်းခဲ့တဲ့အကြောင်း၊ သူတို့နှစ်ယောက် ဗန်းမော်ထောင်ထဲက တောက်လျှောက်လိုက်လာခဲ့ကြောင်း၊ ကျန်တဲ့ရဲဘော်တွေရဲ့ ကံကြမ္မာ ဘယ်လိုရှိမယ်ဆိုတာ မပြောနိုင်ကြောင်း၊ သူတို့ကို ဘာမပြောညာမပြောဘဲ ခေါ်ထုတ်လာခဲ့ကြောင်း၊ လိုက်သာ လိုက်ခဲ့ရတယ် ဘယ်လို အပြစ်ပေး ညှဉ်းဆဲမယ်ဆိုတာ မပြောနိုင်ကြောင်း၊ ဒီကျမှ အခြေအနေကို သိရကြောင်း၊ ဗန်းမော် ထောင်ထဲမှာ ကျန်ရစ်တဲ့ရဲဘော်တွေကတော့ သူတို့နှစ်ယောက်အတွက် ပူပန် စိုးရိမ်နေမိကြမှာ သေချာကြောင်း၊ ဒါ့အပြင် ထောင်ထဲမှာကျန်ခဲ့တဲ့ ရဲဘော်ကြီးတွေဆီကိုလဲ ကိုကိုကြီးအနေနဲ့ အကြောင်းကြားပေးသင့်ကြောင်း ပြောကြပါသေးတယ်။

ကိုကိုကြီးက မဟာမိတ်တွေနဲ့ ဆက်ဆံရေးမှာ မိမိတို့လိုလားသလို ဖြစ်မလာသေးကြောင်း၊ ဒါပေမယ့် အဖမ်းခံထားရတဲ့ ရဲဘော်တွေအတွက် စိုးရိမ်စရာရှိမယ်မထင်ကြောင်း၊ မိမိတို့ အခုလုပ်ရမယ့်အလုပ်ဟာ ဂျပန်တွေ မသိအောင် လျှို့ဝှက်ရေးကို အဓိကဖြစ်နေကြောင်းတို့ကို ကိုဖေသောင်းနဲ့ ကိုထွန်းလှတို့ကို ရှင်းလင်းပြလိုက်ပါတယ်။

တခြားရဲဘော်တွေလိုပဲ သီဟိုကျွန်း၊ ကိုလံဘိုရှိ စစ်သင်တန်းများနဲ့ ဂျက်ဆို လေယာဉ်ကွင်းရှိ လေထီးဆင်းသင်တန်းများ 'ဘီဟာလာ' ဘုံရိပ်သာမှာ နိုင်ငံရေးသင်တန်းများကို တက်ရောက်သင်ကြားကြရပါတယ်။ အဲဒီလို စစ်ရေး နိုင်ငံရေး သင်တန်းတွေ ပြီးတဲ့နောက် ကိုကိုကြီးကို မြန်မာပြည် ပြန်ဆင်းဖို့ တာဝန်ပေးပါတယ်။

## ကျောက်ဆည်နယ်မှာ ဆင်းရခြင်း

၁၉၄၄–ခု၊ ဇန်နဝါရီလ (၁)ရက်နေ့ ည (၉)နာရီမှာ သခင်တင်မြွေ၊ ...င်ယာလက်အော်ပရေတာဖြစ်တဲ့ တရုတ်ကပြား နှစ်ယောက်နဲ့ ကိုကိုကြီးတို့ ...သးယောက် စီ–၄၆ အမျိုးအစား လေယာဉ်ပျံနဲ့ ထွက်ခဲ့ကြပါတယ်။ ည ...နာရီလောက်မှာ ကျောက်ဆည်မြို့နဲ့ (၁၀)မိုင်လောက်ဝေးတဲ့ ရှမ်းကန်အင်း ...မှာဆင်းဖို့ ဖြစ်ပါတယ်။

ကိုကိုကြီးတို့ဆင်းရတာက 'မျက်ကန်းတောတိုး' (Blind Drop) ...င်းရတဲ့ အဖြစ်မျိုးပါ။ အများအားဖြင့် အပေါ်ကဆင်းရမယ့်သူတွေကို ...ခြင်ကအဖွဲ့က အချက်ပြမီးနဲ့ အချိန်းအချက်လုပ်ပြီး ဆင်းရလေ့ရှိတယ်။ ...ဖြစ်က အန္တရာယ်ကင်းတာ များတယ်။

ပထမ ကိုကိုကြီးတို့ကို ချပေးဖို့ ဓာတ်ပုံရိုက်ထားတဲ့မြေပုံကို လက် ...ာက်ပြီး ညွှန်ပြခဲ့တဲ့နေရာက တစ်နေရာ၊ လက်တွေ့ဆင်းရတဲ့နေရာက ...စ်နေရာ ဖြစ်တယ်။ နေရာမှားပြီး "ဘယ်လင်းတောင်"နား ချပေးခဲ့တယ်။

သူတို့ဓာတ်ပုံအတိုင်းသာဆိုရင် ဂျပန်တောထဲ ဆင်းမိလျက်သားဖြစ်မှာ ...ရာတယ်။ ကံကောင်းထောက်မလို့ပဲ ဆိုရမလားမသိဘူး။ နေရာမှားပြီး ...မိတာကိုပဲ ကိုကိုကြီးတို့ ကျေးဇူးတင်နေမိသေးတယ်။ (ဓာတ်ပုံရိုက်ပြီး ...င်းဖို့ လက်ထောက်ပြခဲ့တဲ့နေရာကိုများ ဆင်းမိလိုက်ရင်လား ကျွန်တော်တို့ ...ဖြစ်အပျက်ကို ခုလိုတောင် ပြောပြနိုင်တော့မှာ မဟုတ်ဘူးလို့ ကိုကိုကြီးက ...ရေးသူကို ပြောပြပါတယ်။)

ကိုကိုကြီးတို့နဲ့အတူ ချာဂျင်စက်တစ်လုံး၊ ဝိုင်ယာလက်စက် နှစ်လုံး၊ ...က်စာ ကေရာရှင်ခေါ်တဲ့ အမေရိကန်ရိက္ခာခြောက်တွေ ဘာတွေပါတယ်။ ...ကိုကြီးတို့ ချိုင်းကြားမှာ (၃၂) အမေရိကန်ပစ္စတိုနဲ့ ခါးမှာ (၄၅) အမေ ...ကန် ပစ္စတို ချိတ်ဆွဲလျက်ရှိတယ်။ တစ်ယောက်မှာ ပစ္စတိုနှစ်လက်စီ ...တယ်။ သူတို့ဝတ်ခဲ့တာတော့ အင်္ဂလိပ်စစ်ဝတ်စုံတွေ၊ အပိုယူခဲ့သေးတဲ့ ...ဂါး အပြား(၄၀)နဲ့ အင်္ဂလိပ်ငွေစက္ကူ၊ ဂျပန်ငွေစက္ကူတွေ ပါတယ်။ ...တွေကို လျှို့ဝှက်စည်းရုံးရေးအတွက် သုံးဖို့ဖြစ်တယ်။ (ဒါတွေကို မိုလ်မှူး ...ဘူးဆီရောက်တော့ သူတို့အပ်လိုက်ကြတယ်။)

ကိုကိုကြီးတို့ မြေပေါ်ရောက်ပြီးတဲ့အခါမှာ သူတို့အထုပ်အပိုးတွေကို လယ်ကွက်ထဲ မြှုပ်ပစ်ခဲ့ပြီး လက်နက်နဲ့ ရိက္ခာခြောက်ပဲယူပြီး တောင်ပေါ်ကို ပြေးတက် နေရာယူလိုက်ကြတယ်။ တောင်ပေါ်မှာ တစ်နေ့လုံး အခြေအနေကို စောင့်ကြည့်ရင်း အနားယူလိုက်ကြတယ်။

ညကျတော့ မြန်မာပြည်ကပါသွားတဲ့ ဖျင်ကြမ်းမြန်မာအဝတ်အစားတွေကို လဲဝတ်ပြီး တောင်အောင်ကို ဆင်းလာတယ်။ ဒီတော့မှ ကျောက်ဆည်ခရိုင်နားက ထုံးဘိုရွာကို ရောက်နေကြောင်း သိရတယ်။ ထုံးဘိုရွာထဲက သခင်တင်ရွှေရဲ့အသိ ကိုထွန်းဖေ ဆိုတဲ့လူနဲ့ ဆက်သွယ်မိတယ်။ အဲဒီကနေ သခင်တင်ရွှေရဲ့အစ်ကို ကိုချစ်ခင် (အခု တောခိုကျဆုံး) နေတဲ့ရွာကို သွားကြတယ်။ အဲဒီမှာ နေ့လယ်နားပြီး ညမှာ ရွာကလူတွေရဲ့အကူအညီနဲ့ သူတို့မှာပါတဲ့ ဝိုင်ယာလက်စက်တွေနဲ့ ပစ္စည်းတွေကို သွားသယ်တယ်။ ပြီးတော့ ကျောက်ဆည်တောင်ကြားထဲမှာ နေရာယူထားလိုက်တယ်။

ကိုကိုကြီးနဲ့ တရုတ်နှစ်ယောက်တို့ကတော့ ပစ္စည်းနဲ့အတူ နေရစ်ခဲ့တယ်။ သခင်တင်ရွှေတစ်ယောက်တည်း ဗိုလ်မှူးဗထူးဆီ ဆက်သားလွှတ်ပြီး အကြောင်းကြားဖို့ ထွက်သွားတယ်။ သခင်ကြွယ်မောင်ဆီကို သခင်တင်ရွှေ သွားတယ်။ သခင်ကြွယ်မောင် ကိုယ်တိုင်လဲ ဂျပန်လိုက်လို့ တိမ်းရှောင်နေရချိန်ဖြစ်တယ်။ မတွေ့ဘူး။ ဒီတော့ သခင်တင်ရွှေကို ကိုချစ်မောင် ဆိုတဲ့ လူတစ်ယောက်က မတင်ရီအစ်မ ဒေါ်ဖြိုး၊ ဦးတုတ်ပေါ်တို့အိမ် လာပို့တယ်။

မတင်ရီကို အကြောင်းပြုပြီး သခင်တင်ရွှေကို လာပို့တာဖြစ်တယ်။ ဒီအချိန်က မတင်ရီ (အခု ကုန်သွယ်ရေး-၉၊ ရန်ကုန်၊ ဒေါ်မြမေ)က ရန်ကုန်က သင်တန်းတွေဆင်း၊ မန်းဝင်းမောင်တို့ ဒုတိယအကြိမ် မန္တလေး ဗိုလ်မှူးဗထူးဆီ အတက်မှာ ဘီဒီအေက ဗိုလ်ကြီးတင်ထွန်း (ထားဝယ် ခတ်သတ္တု)က ခေါ်လာစဉ် မတင်ရီလဲ တစ်ခါတည်း ဒီကားပေါ် ပါခဲ့တယ်။

မတင်ရီက ရန်ကုန်မှာ သင်တန်းတက်ပြီး အထက်မြန်မာပြည် ပြန်ခဲ့တယ်။ အထက်မြန်မာပြည်မှာ မန္တလေးကို ဗဟိုပြုပြီး အာရှလူငယ် အစည်းအရုံး၊ အမျိုးသမီးအစည်းအရုံးနဲ့ ကွန်မြူနစ်ပါတီ အစည်းအရုံးတွေလုပ်နေရတယ်။ သူကိုယ်တိုင်လဲ သင်တန်းတွေကို ခေါင်းဆောင်ပေးခဲ့တယ်။ ဂျပန်ဆန့်ကျင်ရေးလုပ်ငန်းတွေ တက်တက်ကြွကြွလုပ်တယ်။

ဒါကြောင့် မတင်ရီကို အကြောင်းပြုပြီး သခင်တင်ရွှေကို မတင်ရီ အိမ်မအိမ်ကို ခေါ်ခဲ့တယ်။ သခင်တင်ရွှေကို ကျောက်ဆည်က ငှက်ပျောသီး ဆည်းတွေနဲ့ ဗိုလ်မှူးဗထူးဆီ ပို့ပေးမယ်လို့ ဒေါ်ဖြူးတို့က စီစဉ်နေတုန်း သခင်ဗရွှေကလေး ရောက်လာပြီး သူကပဲ တာဝန်ယူပြီး ဗိုလ်မှူးဗထူးဆီကို သတင်းပို့ပေးတယ်။ အဲဒီမယ် ဗိုလ်အာဠဝကနဲ့ သူ့လေယာဉ်ပစ် အမြောက် တပ်က ရဲဘော်သိန်းမောင် (အခု ကုန်သွယ်ရေး(၁) ဒိုင်မှူး၊ ရန်ကုန်)တို့ ကားနဲ့ လာကြိုတယ်။ သခင်တင်ရှေကိုလဲ ဘီဒီအေ အဝတ်အစား ဝတ်ပေးပြီး မန္တလေးတင်ခေါ်သွားတယ်။ သခင်တင်ရွှေနဲ့ ဗိုလ်မှူးဗထူး တွေ့ပြီးတဲ့အခါမှာ သခင်တင်ရွှေက အိန္ဒိယ ကိုသိန်းဖေ မှာလိုက်တဲ့ကိစ္စတွေကို သတင်းပို့တယ်၊ နောက် ဗိုလ်မှူးဗထူးနဲ့ ရန်ကုန်ဆင်းသွားကြတယ်။

ကိုကိုကြီးကတော့ မန္တလေးကျောက်ဆည်ခရိုင်မှာ လှည့်နေရတယ်။ ကိုကိုကြီးနဲ့ တွဲဖက်ဖို့အတွက် ကျောက်ဆည်က သခင်ဘရွှေလေး (တောခို၊ ကျဆုံး)ကို ပို့ပေးထားတယ်။ သခင်ဘရွှေလေးဆီက ကိုကိုကြီး အကူအညီကို အများကြီးရပါတယ်။

ကိုကျော်ဖေ (အခု ကျောက်ဆည်ဝပ်ရှော့ပိုင်ရှင်)က ကျောက်ဆည် ဂျပန်ကင်ပေတိုင်စစ်ရဲရုံးမှာ ဝင်လုပ်နေရတယ်။ သူက ဂျပန်တွေဆီက သတင်းတွေယူပြီး ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့တွေဆီ သတင်းပို့ပေးလျက် ရှိနေတယ်။ (ဗန်းမော်တုန်းကတော့ သန်းရွှေ (တောခို အလံနီကိုရဲလွင်၊ ကျဆုံး)က ဂျပန်ကင်ပေတိုင်စစ်ရုံးမှာ ဝင်လုပ်ရင်း ကိုကိုကြီးတို့အတွက် သတင်းတွေယူပေးခဲ့တယ်။)

ကိုကိုကြီး မန္တလေး မျက်ပါးရပ် လေယာဉ်ပစ်အမြောက်တပ်ထဲမှာ ရောက်နေတုန်း အမေရိကန်ဝမ်းအိုဝမ်း လေထီးတပ်ဖွဲ့နဲ့ ဆက်သွယ်ပြီး ရောက်လာတဲ့ ဖ–ဆ–ပ–လ အဖွဲ့ဝင် ကိုဝင်းမောင် (စာရေးသူ)နဲ့ ကိုလှတို့ အခု ရှေ့ဆင့်နောက်ဆင့် ဗိုလ်မှူးဗထူးဆီ ရောက်လာကြတယ်။ နောက်တော့ ခဲ့ဘက်မှာ လေထီးနဲ့ဆင်းခဲ့တဲ့ (ဖို့ဒ်–၁၃၆) တပ်ဖွဲ့က ဗိုလ်ထွန်းညွန့် (ဘချင်ပြည်နယ်ဝန်ကြီးဟောင်း)တို့လဲ ရောက်လာပြန်တယ်။

သခင်တင်ရွှေနဲ့ ဗိုလ်မှူးဗထူးတို့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ တွေ့ပြီးတဲ့ နောက် မန္တလေးကို ပြန်ရောက်လာကြတယ်။ နောက် ဆက်သွယ်ရေး အခက်

အခဲရှိတာကြောင့် ဗိုင်ယာလက်စက်တစ်လုံးကို ကျောက်ဆည်တောမှာ ဝှက်ထားခဲ့တယ်။ နောက်တစ်လုံးကို ဗိုင်ယာလက်သမားတွေနဲ့အတူ မန္တလေး မျက်ပါးရပ် ဗိုလ်အာဠာဝကက အမြောက်တပ်ထဲ ကားနဲ့ရွှေ့ယူခဲ့တယ်။ အဲဒီကနေပြီး ဦးလှ (အခု သတင်းစာဆရာ၊ စာရေးဆရာ လူထုဦးလှ)ရဲ့ အကူအညီနဲ့ ကဘိုင်နယ်ဘက်ကို ရွှေ့ယူခဲ့တယ်။

အဲဒီလိုနေတဲ့အတွင်း တစ်နေ့မှာ ဗိုလ်အာဠာဝကရဲ့ လေယာဉ်ပစ်အမြောက်ကြီးတပ်ကို မဟာမိတ် ဗုံးကြဲလေယာဉ်ပျံတွေက လာရောက် ဗုံးကြဲ၊ စက်သေနတ်ပစ်ပြီး တိုက်ခိုက်ပါတော့တယ်။ အဲဒီမှာ အားလုံး သေကုန်မလို့ ဖြစ်တယ်။ အမြောက် ဗန်ကာကျင်းတွေလဲ စုတ်ပြတ်ကုန်တယ်။ ဆေးတပ် ရဲဘော်တစ်ယောက်ပဲ နည်းနည်း အမြောက်ဆန် ရှပ်မှန်သွားတယ်။ ကျန်အားလုံး ဗုံးနဲ့ စက်သေနတ်ဘေးက သီသီကလေး လွတ်သွားတယ်။

**မတ်လ (၈)ရက်နေ့ည ဂျပန်ကိုတော်လှန်ခြင်း**

၁၉၄၅–ခု၊ မတ်လ (၈)ရက်နေ့ညကစပြီး စစ်ကိုင်းလေယာဉ်ပျံပစ်အမြောက်ကြီးက ဗိုလ်သိမ်းဦး (သပြေပင်တိုက်ပွဲမှာ ဂျပန်နဲ့တိုက်ရင်းကျဆုံး)၊ ဗိုလ်စောမောင် (မန္တလေးမြို့တော်ဝန်ဟောင်း ကွယ်လွန်) ခေါင်းဆောင်ပြီး ဂျပန်ကို တော်လှန်ကြတယ်။ မန္တလေးမှာ ဗိုလ်မှူးဗထူး၊ ဗိုလ်အာဠာဝကတို့၊ မြစ်ငယ်မှာ ဗိုလ်ရဲခေါင်၊ အဲဒီလို ဗိုလ်မှူးဗထူးရဲ့ အနောက်မြောက်တိုင်းမှာ ရှိတဲ့ တပ်တွေနဲ့ ပြောက်ကျားတွေက လက်နက်စွဲကိုင်ပြီး ဂျပန်ကို စတင်တော်လှန်ကြတယ်။

ကိုကိုကြီးက ဗိုလ်မှူးဗထူးနဲ့ အတူပါသွားတယ်။ ကိုစိန်မောင် (ပါတီရဲဘော်၊ ယခု ကျောင်းအုပ်ကြီး၊ မုံရွာခရိုင်အတွင်း)လဲ ပါသွားတယ်။ ကိုကိုကြီးတို့ လက်နက်ကိုင်အင်အား (၆၀)လောက်ပဲ ရှိတယ်။ ရန်ကင်းတောင်ဘက်ကို ရှေးရှုပြီး ချီတက်သွားတယ်။ အချို့တပ်တွေကို တောနယ်တွေမှာ ဖြန့်ထားလိုက်တယ်။ ဗိုလ်ထွန်းညွန့်ကတော့ မတ္တရာတပ်တွေနဲ့ပါသွားတယ်။ ဗိုလ်လှညွန့် (အခု အမြတ်ခွန် လက်ထောက်ဝန်ထောက်)နဲ့ တပ်ကြပ်ကြီး

မင်းမောင်တို့က ဘုရား ကြီးဘက်မှာ တပ်ဖျောက်ပြီး ဂျပန်ကို တိုက်တယ်။ အဲဒီမှာ ကိုမင်းမောင် ကျဆုံးတယ်။

ကိုကိုကြီးတို့ ဗိုလ်မှူးဗထူးနဲ့ ရန်ကင်းတောင်ဘက်ကို အသွား မိုးလင်းလို့ လယ်ကွင်းထဲမှာ တပ်ဖျောက်ပြီး ဝပ်နေရတယ်။ အဲဒီကနေ ဗိုလ်မှူးဗထူးက ကိုကိုကြီးကို ဝိုင်ယာလက်စခန်းရှိရာ "ဒဟတ်"တောဘက်ကို သွားဖို့ ပြောတဲ့အတွက် ဝါယာလက်စခန်းကို ရှေးရှုချီတက်သွားတယ်။ အင်္ဂလိပ်နဲ့ ဂျပန်တွေ တိုက်ပွဲဖြစ်နေကြတဲ့ကြားကို ဖြတ်ကူးသေးတယ်။ ဒါပေမယ့် ကူးလို့မရဘူး။ နောက်တစ်နေ့ ဆက်ဖြတ်ဖို့ကြိုးစားတော့ အင်္ဂလိပ်တပ်တွေနဲ့ သွားတိုးမိတယ်။ ဒီမယ် ကိုကိုကြီးတို့ အဖမ်းခံကြရတယ်။

ကိုကိုကြီးကို ဖမ်းပြီး ကဘိုင်အချုပ်ခန်းထဲ ပို့လိုက်တယ်။ ဒီအချုပ်ခန်းထဲမှာပဲ သုံးရက်လောက် နေရတယ်။ 'ဖို့ဒ်-၁၃၆' တပ်ဖွဲ့ကလို့ ပြောလဲ ရဘူး။ ဝိုင်ယာလက်စက်ရှိတဲ့နေရာကို ပြောလို့လဲ လက်မခံဘူး။ ဂျပန်တွေကလဲ ရှိနေတော့ ဝိုင်ယာလက်စခန်းကို သွားလို့မဖြစ်သေးဘူး။ ဂျပန်တွေသွားမှ ဝိုင်ယာလက်စခန်းကို အင်္ဂလိပ်တွေက သွားကြတယ်။

ဝိုင်ယာလက်စက်နဲ့ တရုတ်ကပြား အော်ပရေတာ နှစ်ယောက် ရောက်လာပြီး မကြာမီမှာပဲ ဗိုလ်ထွန်းညွန့် (လေထီးအဖွဲ့ဝင်) စဥ်ကူကနေ ရောက်လာပြန်တယ်။

ကိုကိုကြီးတို့အားလုံး ကဘိုင်မှာ စုမိကြတော့ ဖို့ဒ်-၁၃၆ တပ်ဖွဲ့က ကပ္ပတိန် ဆော်လီ တစ်ယောက် လိုက်လာတယ်။ အဲဒီကနေ ဗိုလ်ထွန်းညွန့်နဲ့ ကိုကိုကြီးတို့ကို (၁၂) တပ်မတော်စစ်ဌာနချုပ်ကို လိုက်သွားတယ်။

## အိန္ဒိယကို ဒုတိယအကြိမ်ရောက်

မန္တလေးက ကိုကိုကြီးတို့ကို မုံရွာလေယာဥ်ကွင်းဆီ ကားနဲ့ခေါ်သွားတယ်။ မုံရွာလေယာဥ်ပျံကွင်းကနေ ကလကတ္တားဌာနချုပ်ကို ကိုကိုကြီး၊ ဗိုလ်ထွန်းညွန့်နဲ့ ဝါယာလက်သမားနှစ်ယောက်၊ ပေါင်း လေးယောက်စလုံး ပြန်သွားကြတယ်။

ဘီဟာလာ ဘုံရိပ်သာစခန်းကို ရောက်တဲ့အခါမှာ မြန်မာပြည်သူတွေက ဂျပန်ဖက်ဆစ်တွေကို စတင်တော်လှန်တိုက်ခိုက်ပြီဆိုတာ သတင်းစာ

ထဲ ဖြန့်ချိ ပေးလိုက်တယ်။ အင်္ဂလိပ်ကတော့ ဒီသတင်းတွေကို ဖုက်ထား တယ်။

ကိုကိုကြီးတို့ အိန္ဒိယမှာ စစ်သင်တန်းတွေကို ပြန်လည်သင်ကြားရပြန် ပါတယ်။ ကျောင်းမှာ (၆)လလောက် သင်ကြားခဲ့တယ်။ ကျောင်းဆင်းသွား တဲ့အခါမှာ ဂျပန်လက်နက်ချလို့ စစ်ကြီးပြီးသွားပါပြီ။ ပထမက သင်တန်း ပြီးရင် ကိုကိုကြီးက ဖျာပုံမှာဆင်းဖို့ အစီအစဉ်ရှိပေမယ့် စစ်ကြီးပြီးသွားလို့ မဆင်းလိုက်ရဘူး။

## အင်္ဂလိပ်တွေအပေါ် ကိုကိုကြီးရဲ့အမြင်

ကိုကိုကြီးက မဟာမိတ်တပ်တွေလို့ အခေါ်ခံထားတဲ့ အင်္ဂလိပ်တပ် တွေနဲ့ ပတ်သက်ပြီး သူ့အမြင်တွေကို အခုလို ပြောပြပါတယ်။ (စာရေးသူ)

ဖို့ဒ်–၁၃၆ တပ်ဖွဲ့ဟာ ထိပ်တန်းလျှို့ဖုက်လုပ်ငန်းတွေ ကို ဘယ်လို လုပ်ကိုင်နေတယ်ဆိုတာကို တခြားတပ်တွေက မသိ ကြဘူး။ ထိပ်တန်း တပ်ခေါင်းဆောင်တွေလောက်ပဲ သိကြတယ်။ ဒါကြောင့် ကျွန်တော်တို့ ဖက်ဆစ်ဆန့်ကျင်ရေးတပ်တွေနဲ့ ဆက်ဆံ ရာမှာ အခက်အခဲတွေ အများကြီးရှိပါတယ်။ အဆင်မပြေတာတွေ ရှိပါတယ်။

ပြီးတော့ အင်္ဂလိပ်တွေအနေနဲ့ ကျွန်တော်တို့ ဖက်ဆစ် ဆန့်ကျင် ရေးအဖွဲ့ဝင်တွေကို သူတို့ရဲ့ ကြေးစားတွေအဖြစ် သဘောထားချင် ကြတယ်။ ကျွန်တော်တို့ တိုင်းပြည်၊ ဂျပန်ကို ကျွန်တော်တို့ မြန်မာ ပြည်သူတွေက လက်နက်ဆွဲကိုင် တော်လှန် တိုက်ခိုက်တယ်ဆိုတာ ကမ္ဘာကို အသိမပေးချင်ကြဘူး။ ဒါပေမယ့် ကျွန်တော်တို့က အိန္ဒိယက သတင်းစာတွေကတစ်ဆင့် ကမ္ဘာကသိအောင် ဖြန့်ချိပေးခဲ့တယ်။

ဖက်ဆစ်ဆန့်ကျင်ရေးလုပ်ငန်းမှာ ဒီလို စွန့်စွန့်စားစား လုပ်ရာ မှာ ကျွန်တော်တို့ ကြောက်စိတ် လုံးဝမရှိကြဘူး။ ကျွန်တော်တို့ တိုင်းပြည်ကို မထိခိုက်ရအောင် စွန့်စွန့်စားစား တက်တက်ကြွကြွနဲ့ နိုင်ငံခြားသားတွေနဲ့ ပြိုင်ပြီး သင်တန်းတွေကို တက်ခဲ့ပါတယ်။ တိုင်းပြည်ဂုဏ်ကို စောင့်ထိန်းခဲ့ပါတယ်။

အင်္ဂလိပ်တွေက လခတွေပေးတယ်။ ဒါပေမယ့် ဘယ်သူ မယူကြဘူး။ သူတို့ကြေးစားတွေအဖြစ်ပဲ လုပ်စေချင်ကြတယ်။ တစ်မျိုး

ပြောရရင် မြန်မာတွေ သူတို့နဲ့ပူးပေါင်းပြီး ဂျပန်တော်လှန်ရေး လုပ်ခဲ့တယ်ဆိုတာကို ကမ္ဘာ့လူ့သမိုင်းမှာ ကျန်ရစ်နေမှာကို မလိုလားကြဘူး။

မြန်မာပြည် စစ်ဒီလောက်မြန်ရတာ အကြောင်းကြောင်းတွေကြောင့် ဆိုတာ ကျွန်တော်တို့ မငြင်းလိုပါဘူး။ ဒါပေမယ့် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ လက်အောက်ရှိ မြန်မာ့တပ်မတော်၊ ပြောက်ကျားတပ်တွေနဲ့ ပြည်တွင်းပြည်ပကနေ စွန့်စွန့်စားစား ဂျပန်ဖက်ဆစ်တွေကို တော်လှန် တိုက်ခိုက်တဲ့အခန်းမှာ ကြီးမားတဲ့ ကဏ္ဍက ပါတယ်လို့ပဲ ပြောချင်ပါတယ်။

## အပြန်ခရီး

ကိုကိုကြီးတို့ ကလ္လကတ္တား ဘီဟာလာ ဘုံရိပ်သာ ကလာပ်စည်းခေါင်းဆောင်ကတော့ သခင်မြသွင် ဖြစ်ပါတယ်။ နိုင်ငံရေးသင်တန်း အမြဲရှိတယ်။ ကိုသိန်းဖေ၊ ရဲဘော်ဂိုရှယ်နဲ့ သခင်မြသွင်တို့က သင်တန်းတွေကို ပို့ချပေးတယ်။

ရိပ်သာကနေ အပြင်ထွက်ဖို့ တစ်ပတ်တစ်ခါပဲ ထွက်ခွင့်ရတယ်။ ရိပ်သာကကလ္လကတ္တားမြို့စွန့်မှာပါ။ မြို့နဲ့ (၇)မိုင်လောက်ဝေးတဲ့ “ဘီဟာလာ” အရပ်မှာ ဖြစ်တယ်။ သုံးဖို့ပိုက်ဆံကိုတော့ လိုသလောက် ထုတ်သုံးရတယ်။

ကိုကိုကြီးတို့နဲ့ ပါလာတဲ့ တရုတ်ကပြား အော်ပရေတာလေးတွေကတော့ စစ်မဖြစ်ခင်ကတည်းက အိန္ဒိယကို ရောက်နေသူတွေ ဖြစ်တယ်။

ကိုကိုကြီး မန္တလေးက ကလ္လကတ္တား ပြန်ရောက်တဲ့အချိန်မှာ ကိုကိုကြီးတို့ ရဲဘော်တွေ တချို့ သင်တန်းကျောင်းတက်နေဆဲဖြစ်တယ်။

တာဝန်တွေ ပြီးဆုံးသွားပြီဖြစ်တဲ့အတွက် ကိုကိုကြီး တစ်ယောက်တည်းပဲ လေယာဉ်ပျံနဲ့ ပြန်လာခဲ့တယ်။ ဘုံရိပ်သာမှာတော့ ကိုသိန်းဖေ၊ သခင်မြသွင်၊ သခင်တင်ရွှေတို့ ဇနီးမောင်နှံနဲ့ ရဲဘော်တော်တော်များများ ကျန်နေတုန်းပဲ။

* * *

ဖန်မော်ကိုကိုကြီး။

။ကိုကိုကြီး ငယ်နာမည်က လှမောင်ပါ။ ၁၉၂၀ ခုနှစ် ဒီဇင်ဘာလ (၂၀)ရက်နေ့မှာ ဖန်းမော်မြို့မှာ မွေးဖွားခဲ့ပါတယ်။ အဘ ဦးချမ်းအေး၊ အမိ ဒေါ်သင်း။ သားသမီး (၇)ယောက် အနက် ကိုကိုကြီးက (၅)ယောက်မြောက်ပါ။ ဖန်းမော်မြို့ အထက်တန်းကျောင်းမှာ ပညာသင်ကြားခဲ့ပြီး မန္တလေးအစိုးရ နော်မန်ဆရာဖြစ်ကျောင်းမှာ ၄၀–၄၁ ခုနှစ်မှာ နေခဲ့ပြီး ကျောင်းသားသမဂ္ဂမှာ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ မန္တလေးမြို့လုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ ဒုတိယဥက္ကဋ္ဌ ဖြစ်ခဲ့ပါတယ်။ ဂျပန်ခေတ်မှာ ဖန်းမော်နဲ့ ကသာခရိုင်အတွက် အာရှလူငယ်အစည်းအရုံး စည်းရုံးရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ နောက် ကွန်မြူနစ်ပါတီ ခရိုင်ကော်မတီ ဖြစ်ခဲ့ပါတယ်။ ဖ–ဆ–ပ–လ လက်ထက် ၄၅–၄၈၊ ဖန်းမော်၊ ကသာ၊ မြစ်ကြီးနား သုံးခရိုင် စည်းရုံးရေးမှူးအဖြစ် တာဝန်ယူခဲ့ပါတယ်။ ၄၈–ခုနှစ်မှာ ဗ–က–ပ အနေနဲ့ တောခိုခဲ့ပါတယ်။ ၁၉၆၀ခုနှစ် တိုင်းကော်မတီ ဖြစ်ခဲ့ပါတယ်။ ဥပဒေအတွင်း ဝင်ခဲ့ပါတယ်။ နောက် ရန်ကုန်မှာ တောင်တန်းဒေသ ကူးသန်းရောင်းဝယ်ရေးကုမ္ပဏီ ထောင်ခဲ့ပါတယ်။ နောက် ကျောက်စိမ်းလုပ်ငန်း၊ ကျွန်းသစ်လုပ်ငန်းများကို လုပ်ကိုင်ခဲ့ပြီး တော်လှန်ရေးကောင်စီ တက်လာတဲ့အခါ က–လ–သ–ဖ ကုန်စည်ပို့ဆောင်ရေးဌာန မန္တလေးမှာ ဌာနခွဲကြီးကြပ်ရေးမှူးအဖြစ် ယနေ့တိုင် တာဝန်ယူနေဆဲပါ။ ဇနီး ဒေါ်ရင်ရင်၊ သမီး နှစ်ယောက်နဲ့အတူ မန္တလေးမြို့မှာ နေထိုင်ပြီး ယခုတော့ ကွယ်လွန်သွားရှာပါပြီ။

* * *

# ၈။ ရဲဘော်လှသောင်း

**မြေအောက်စည်းရုံးရေးမှူးအဖြစ်**

၁၉၄၄ ခု၊ နိုဝင်ဘာလအလယ်လောက်မှာ ကိုလွန်းခေါ် ကိုလှသောင်းနဲ့ ကိုတင်မောင် ခေါ် ကိုထွန်းစိန် (တောခို)တို့ဟာ ဖျာပုံခရိုင်အတွင်းမှာ ဂျပန်ဖက်ဆစ်ဆန့်ကျင်ရေး မြေအောက်လုပ်ငန်းတွေကို ဂျပန်စားသွားအောက်ကနေပဲ စည်းရုံးလုပ်ကိုင်နေကြတယ်။ ဒါကို ဂျပန်ကင်ပေတိုင် စစ်ရဲတွေက သတင်းရရှိသွားတယ်။ တစ်ဆက်တည်း သူတို့ကို လိုက်လံဖမ်းဆီးကြတယ်။ ကိုလှသောင်းတို့က ဂျန်ပန်လက်က ရှောင်တိမ်းရင်း ဖျာပုံမြို့နယ် ဥလေးရွာက ကိုတင် (ရဲနီအောင်မင်း ကွယ်လွန်) ဆီ ရောက်သွားတယ်။

ညဘက်မှာ ကိုတင်နဲ့အတူ သခင်စိုးရှိရာ တမော့ကြီး ရွာကို ဆက်သွားတယ်၊ သခင်စိုးဆီမှာ အခြေအနေအရပ်ရပ်ကို အစီရင်ခံ တင်ပြတယ်။ ဒီတော့ သခင်စိုးက ကိုလှသောင်းတို့ကို ရန်ကုန်ပြောင်း တာဝန်ယူဖို့ ညွှန်ကြားတယ်။

နောက်တစ်နေ့ သမ္ဘာန်နဲ့ ရန်ကုန်ကို ထွက်လာတယ်။ ကျိုက်လတ်မြို့ကို ရောက်တဲ့အခါမှာ ကိုဌေးအောင် (အခု ကုန်သွယ်ရေးကော်ပိုရေးရှင်း ၁၇/

ဥက္ကဋ္ဌဟောင်း-ဦးနေခွန်း)ကို တွေ့တယ်။ ကိုဗွေးအောင်ကိုယ်တိုင်လဲ ဂျပန်ဆန့်ကျင်ရေး မြေအောက်လုပ်ငန်း လုပ်နေသူပါ။ သူ့ကိုလဲ ဂျပန်က မျက်ခြည်မပြတ် စောင့်ကြည့်နေတယ်။ သူနဲ့ပါ တိုင်ပင်ကြပြီး သူပါ ရန်ကုန်လိုက်ဖို့ ဆုံးဖြတ် ကြတယ်။

ညမှာ ကိုလှသောင်း၊ ကိုဗွေးအောင်နဲ့ ကိုထွန်းစိန်တို့ဟာ ကျိုက်လတ်မြို့က သမ္ဗာန်တစ်စင်းနဲ့ ထွက်လာကြတယ်။ နောက်တစ်နေ့ညနေမှာ ရန်ကုန်ရောက်လာကြတယ်။ရန်ကုန်မှာ သခင်တင်မြနဲ့ တွေ့တယ်။ အလုံ ရေဝတီဝင်းအတွင်းရှိ ဗိုလ်အောင်မင်း (အခု ကုန်သွယ်ရေးကော်ပိုရေးရှင်း ၁၉ အဖွဲ့ဝင်ဟောင်း)နဲ့ ဇနီး မမြင့်မြင့် (အခု ကုန်သွယ်ရေး ကော်ပိုရေးရှင်း ၃၊ ဒေါ်မြင့်မြင့်)တို့အိမ်မှာ ခေတ္တနေထိုင်ကြတယ်။

ပထမဆုံး ကိုထွန်းစိန်က တောင်ကြီးမြို့ကို တာဝန်နဲ့ ခရီးထွက်သွားရတယ်။ နောက်မကြာခင်မှာ ကိုဗွေးအောင်လဲ အင်းစိန်မြို့မှာ တာဝန်ယူဖို့ ဗိုလ်အောင်မင်းတို့အိမ်က ထွက်ခွာသွားပြန်တယ်။ နောက် ကိုလှသောင်းပါ သခင်တင်မြနေတဲ့ သယ်န်းကျွန်းကအိမ်ကို ပြောင်းရွှေ့နေလိုက်ပြန်တယ်။ အဲဒီမှာပဲ သခင်တင်မြကို ကူညီပြီး သင်တန်းတွေကို ပို့ချပေးတယ်၊ ဒီအချိန်က မြစ်ဝကျွန်းပေါ်က ကရင်လူငယ် တော်လှန်ရေးသမားတွေကို မာ့က်စ်လီနင်ဝါဒနဲ့ ဂျပန်ဆန့်ကျင်ရေးသင်တန်းတွေကို လာရောက်တက်နေတဲ့ အချိန်ဖြစ်တယ်။ သခင်တင်မြရဲ့ တာဝန်ပေးချက်အရ ကိုလှသောင်းကပဲ ဒီသင်တန်းကို တာဝန်ယူ ပို့ချပေးရပါတယ်။

၁၉၄၄ ခု၊ ဒီဇင်ဘာလအလယ်လောက်မှာ ရန်ကုန်ဘောင်ဒရီလမ်းက ကိုဗွေးမြိုင် (ဖျာပုံ)ရဲ့အိမ်ကို ကိုလှသောင်း ပြောင်းရွှေ့နေရပြန်တယ်။ အဲဒီမှာ ကိုဗွေးမြိုင်ရဲ့ ဂျပန်ဆန့်ကျင်ရေးဆိုင်ရာ လုပ်ငန်းတွေကို ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးနေပါတယ်။ ဒီအချိန်က ကိုလှသောင်းကို ရခိုင်မှာရှိတဲ့ ဂျပန်ဆန့်ကျင်ရေးမြေအောက်အဖွဲ့အစည်းတွေနဲ့ သွားရောက်လှုပ်ရှားဖို့ ရွေးချယ်ထားပြီး ဖြစ်တယ်။ ကျောက်ဖြူကို ထွက်ရမယ့်ရက်ကို စောင့်ရင်း ကိုလှသောင်းက ကိုဗွေးမြိုင်တဲ့ဖက် တာဝန်ယူနေခြင်း ဖြစ်တယ်။ ဒီအချိန်က ဦးပညာသီဟနဲ့ ကိုကြာလှအောင် စတဲ့ ရခိုင်ခေါင်းဆောင်တွေ ရခိုင်ကာကွယ်ရေးတပ်တွေ ဖွဲ့ပြီး ဂျပန်ကို တော်လှန်ဆန့်ကျင်နေကြတယ်။

အိန္ဒိယသို့အသွား

၁၉၄၄ ခု၊ ဒီဇင်ဘာလ (၂၀/၂၃) ရက်နေ့လောက်မှာ သခင်လှကွန်း (အခု ကြေးမုံသတင်းစာ အယ်ဒီတာချုပ်ဟောင်း)ခေါ်ဖြူ–ကိုစိုးမောင်၊ ကိုဖုန်းမြင့်၊ သာယာဝတီသခင်သိန်းမောင်(ခေါ်) ကိုသိန်းဖံ၊ ကိုညွန့်ဝေ၊ (အခု ကုန်သွယ်ရေး တော်ပိုရေးရှင်း(၈) အတွင်းရေးမှူးဟောင်း)ကိုလှသောင်း၊ မင်းလှကိုစောဦးနဲ့ အသံ့တ အတာခေါ်ကိုဘသိန်း၊ ကိုထွန်းအောင်ကျော်(အိန္ဒိယက တာဝန်နဲ့ ရောက်လာသူ)တို့ဟာ ရန်ကုန်မြို့က နှစ်သုတ်ခွဲပြီး ခရီးထွက်ကြတယ်။ ကိုလှသောင်းက ရခိုင်ကို တာဝန်နဲ့ သွားခြင်းသာ ဖြစ်တယ်။ သခင်လှကွန်း ခေါင်းဆောင်တဲ့ အဖွဲ့က အိန္ဒိယရှိ ကိုသိန်းဖေဆီ သွားခြင်းဖြစ်တယ်။ သူတို့ ဆုံးသလောက် ပူးတွဲပြီး တာဝန်ပေးရာအရပ်ကို ဦးတည်သွားရမှာ ဖြစ်တယ်။

(သခင်လှကွန်းတို့ သွားတဲ့ခရီးစဉ်နဲ့ ပတ်သက်ပြီး သခင်သိန်းမောင်ခေါ် ကိုသိန်းဖံနဲ့ သခင်လှကွန်းတို့ရဲ့ အခန်းတွေမှာ ဒီအဖွဲ့ရဲ့ ခရီးစဉ်ကို ရေးသား ဖော်ပြပြီး ဖြစ်တဲ့အတွက် ဒီမှာ ထပ်မံဖော်ပြမနေတော့ပါ စာရေးသူ။)

ကိုလှသောင်း–သခင်လှကွန်းတို့တတွေဟာ ရန်ကုန်က အစုနှစ်စုအဖြစ် ခွဲထွက်သွားကြပြီး ပြည်လို့ရွာမှာ ပြန်ဆုံကြတယ်။ ပြည်လို့ရွာမှာ အနောက်တိုင်း၊ ဘီ–ဒီ–အေ စစ်ဌာနချုပ်ရှိတယ်။ အဲဒီမှာ ဗိုလ်မှူးအောင်၊ ဗိုလ်စိန်မှန်တို့က တာဝန်ခံ ခေါင်းဆောင်တွေ ဖြစ်တယ်။ ဗိုလ်မှူးအောင်၊ ဗိုလ်စိန်မှန်တို့ရဲ့ စီစဉ်ပေးချက်အရ သခင်လှကွန်း၊ ကိုစိုးမောင်၊ ကိုဖုန်းမြင့်၊ ကိုသိန်းမောင်၊ ကိုဘသိန်း၊ ကိုထွန်းအောင်ကျော်တို့ မင်းဘူးကို ဦးတည်ထွက်သွားကြတယ်။ မင်းဘူးလမ်းကနေ ရခိုင်ဘက်ကို ဝင်ပြီး အိန္ဒိယကို ဆက်သွားဖို့ ဖြစ်တယ်။

ကိုညွန့်ဝေ၊ ကိုစောဦး၊ ကိုလှသောင်း၊ ကိုထွန်းအောင်ကျော် (ရမ်းဗြဲ) တို့က သံတွဲ၊ ကျောက်ဖြူဘက်က ရခိုင်ရဲဘော်နှစ်ဦးတို့နဲ့ ပြည်လို့ကအောင်လံ၊ အဲဒီက ဧရာဝတီမြစ်အနောက်ဘက်ကမ်းကူးပြီး သရက်မြို့ကို ရောက်ကြတယ်။ အနောက်တိုင်းစစ်ဌာနချုပ်ရဲ့ အစီအစဉ်နဲ့ တပ်မတော်ရဲဘော်တွေနဲ့အတူ သူ့ဘက်မှာ ခရီးဆက်ထွက်ကြတယ်။ အုတ်ဖိုမှာ နားပြီး ခရီးပြန်ဆက်ကြတယ်။ ထန်းပင်ကုန်းရွာကို ရောက်တယ်၊ ထန်းပင်ကုန်းဟာ မင်းတုန်းမြို့နယ်စပ်မှာ ရှိပြီး ရခိုင်ရိုးမကို ဖြတ်ကျော်ဖို့အတွက် အနီးဆုံး စခန်းဖြစ်တယ်။

## ရိုးမကိုအကျော်

နောက်တစ်နေ့မနက်စောစော၊ ထန်းပင်ကုန်းရွာက ရခိုင်ရိုးမဆီသို့ ဦးတည်လျှောက်တယ်။ နေထန်းတစ်ဖျားခန့်မှာ တောင်စတက်ကြရပါတယ်။ မွန်းတည့်ချိန် တောင်ထိပ်ရောက်တာနဲ့ စခန်းချ အနားယူကြတယ်။ ခရီးက ဆင်းရတယ်ရယ်လို့ မရှိဘူး၊ အတက်ပဲ တက်နေရတယ်၊ တစ်ခါတစ်ခါ လမ်းပြေပြေကလေးကို ဆယ်လှမ်းစာလောက် လျှောက်ရရင် ပျော်သွားကြတယ်။ ရဲဘော်တွေမှာ ရေဘူးကိုယ်စီနဲ့ ပြီးတော့ ဆန်တစ်ပြည်ခွဲခန့် စီပါတယ်။ အဝတ်အိတ်ရှည်မျောမျောထဲ ဆန်ထည့်ပြီး ကျောပိုးသယ်ခဲ့ကြတယ်။ အဝတ်အစားနဲ့ စောင်၊ ပတ္တမြားသွေးဆေးရည် တစ်ပုလင်းစီနဲ့ မီးခြစ်၊ ဓား စတဲ့ လိုရမယ်ရပစ္စည်းတွေကို လွယ်အိတ်နဲ့ ထည့်လွယ်ခဲ့ကြတယ်။ အချို့ရဲဘော်တွေကတော့ ဒီထက်ပိုသယ်ယူခဲ့ကြတယ်။ ငပိကောင်တစ်ပိဿာခွဲခန့်ကို ဟန်းကောဗူးထဲ ထည့်ယူခဲ့ကြတယ်။ တိုင်းရင်းဖြစ် ဝီစကီတစ်ပုလင်းကို ဂရုတစိုက် ဆောင်ခဲ့ကြတယ်။ ကိုယ်စီ သယ်ဆောင်လာတဲ့ ပစ္စည်းတွေဟာ အလေးချိန် မစီးလှပေမယ့် ခရီးဝေး ချီတက်လာရတော့ ခြေတွေလက်တွေ မသယ်ချင်လောက်အောင် ပင်ပန်းလာတယ်။ သယ်ပိုးယူခဲ့တဲ့ ပစ္စည်းတွေကို တောင် ဆက်ပြီး သယ်ဆောင်မသွားချင်လောက်အောင် ပင်ပန်းတယ်။ တောင်ထိပ်မြေပြန့် တစ်နေရာမှာ စခန်းချ၊ ခဏနားလိုက်ရတယ်ဆိုရင်ပဲ အပန်းပြေသလောက် ရှိသွားတယ်။

ကျသောင်းဝါးကို ခုတ်ယူပြီး၊ တစ်ဆစ်စီဖြတ်၊ ဝါးကျည်တောက်ထဲ ဆန်နဲ့ ရေထည့်၊ ကောက်ညှင်းကျည်တောက်သဘောမျိုး ဖုတ်ကြတယ်၊ ငပိကောင်ကိုလဲဖုတ် စားဖို့အသင့်ဖြစ်တဲ့အချိန်မှာ ပတ္တမြားသွေးဆေးရည် နည်းနည်းနဲ့ ဝီစကီအရက် နည်းနည်းကို ရောစပ်ပြီး၊ ဝါးဆစ်ခွက်ကလေးထဲ ထည့်၊ တစ်လှည့်စီ မော့ကြတယ်။ ထမင်းက ဝါးကျည်တောက်နဲ့ ဖုတ်ထားတော့ မွှေးသလိုလို ရှိတယ်။ ငပိကလဲ သင်းနေတယ်။ မနက်စာကို မွန်းလွဲ သုံးနာရီခန့်မှာမှ စားရပြန်တယ်ဆိုတော့၊ ဆာဆာနဲ့ ကြိတ်လိုက်ကြတာ ဆွေမျိုးတောင် မေ့တယ်ဆိုတဲ့ အဖြစ်ပဲ။

နေဝင်သွားတာနဲ့ တစ်ပြိုင်နက် တောတောင်တစ်ခုလုံး မည်းမှောင်သွားရော၊ ကျားရန်က စိုးရိမ်နေရတော့ ကာကွယ်အစီအစဉ်တွေ ကြိုလုပ်ရပြန်ပါတယ်။

မှောင်စပျိုးလာတော့ အသင့်ခုတ်ထားတဲ့ သစ်ကိုင်းချောက်တွေနဲ့ မီးပုံလေးပုံ ဖိုတယ်။ အမှောင်ထု ရင့်လာတဲ့အခါမှာ ခပ်လှမ်းလှမ်းမှာ အထူးပြုလုပ်ထားတဲ့ မီးပုံငယ်ကို ကျောက်တုံးသုံးလေးတုံးလောက်နဲ့ လုံလုံခြုံခြုံ ကာလိုက်တယ်။ ခိုင်ဖယ်ကျည်ဆန်တောင့်ကို မီးပုံငယ်ထဲထည့်သွင်းလိုက်တယ်။ ရဲဘော်အားလုံး သစ်ပင်ကြီးတွေကို အကာအကွယ်ယူ၊ မှောက်နေကြတယ်။ မကြာပါ "ဒိုင်း" ဆိုပြီး ကျည်ဆန်ပေါက်သွားပါတယ်။ တောကောင်တွေ ထိတ်လန့်ပြီး စခန်းနဲ့ဝေးရာဆီကို ထွက်ပြေးသွားကြစေဖို့ ကြံရဖန်ရခြင်း ဖြစ်တယ်။ အိပ်ရာဝင်ကြတဲ့အခါမှာ မီးပုံလေးပုံ ပတ်ချာဝိုင်းထားတဲ့ စည်းအတွင်းမှာ အိပ်ကြရတယ်၊ အလှည့်ကျ ကင်းချအိပ်ရတယ်၊ နှစ်ယောက်တစ်တွဲ၊ တစ်တွဲ ၂ နာရီကျ။

အရုဏ်မတက်ခင် အိပ်ရာက ထကြတယ်။ အဆာပြေစားဖို့အတွက် ထမင်းကျည်တောက်နဲ့ ငပိဖုတ်အတွက် ပြင်ဆင်ကြတယ်။ အရုဏ်တက်တာနဲ့ တစ်ပြိုင်နက် အဆာပြေစားသောက်ပြီး ခရီးဆက်ကြတယ်။ ဒီနေ့ခရီးမှာ အဆင်းချည်းသာ ဖြစ်တယ်။ ဆင်းခါစကတော့ ဟန်သလိုလိုပဲ၊ ကြာရှည်ဆင်းလာရတာနဲ့အမျှ ဒူးကောက်ကွေးနေရာက စကားပြောလာတယ်။

မွန်းတည့်ချိန်လောက်မှာ တောင်ကို ကွေ့ပတ်စီးနေတဲ့ ချောင်းကို တွေ့ရတယ်။ ချောင်းရေက ခါးမြှုပ်ရုံလောက်သာ နက်တယ်။ ချောင်းကို ဖြတ်ကျော်ကြပြီးနောက် ထမင်းချက်စားဖို့ နားကြတယ်။ ကြည်လင်အေးမြတဲ့ ချောင်းရေကို ချိုးလိုက်ရတော့ အမောအပန်း ပြေပြီး လန်းဆန်းလာကြတယ်။ ထမင်းစားသောက်ပြီးနောက် ခရီးဆက်ပြန်တယ်။

ဒီအကြိမ် တောင်တက်ရပြန်တယ်။ နာရီဝက်လောက် တက်ပြီး ပြန်ဆင်းရတယ်၊ ချောင်းကိုဖြတ်ရပြန်တယ်။ အဲဒီနောက် တက်လိုက်၊ ဆင်းလိုက်၊ ချောင်းဖြတ်လိုက်နဲ့ ခရီးဆက်ခဲ့ကြရတယ်။ ညနေခင်းကျတော့ ချောင်းဘေးမှာ စခန်းချကြတယ်။ ထမင်းချက်စားကြတယ်။ လွန်ခဲ့တဲ့ညကလို မီးပုံဖိုပြီး မီးပုံအလယ်မှာ အိပ်ကြတယ်။ မအိပ်ခင် ကျည်ဆန်တစ်ဆံကို မီးထဲ ထည့်ဖောက် အလှည့်ကျ ကင်းချ။ အဲဒီလိုနဲ့ ငါးရက်ခွဲနဲ့ ငါးညလုံးလုံး တစ်တောင်တစ်တောထွက်၊ တစ်တောင်ဆင်း တစ်တောင်တက်နဲ့ ချီတက်ခဲ့ရာကနေ နောက်ဆုံး တောင်ပေါ်ကနေ ဆင်းရတော့မယ့် အချိန်ရောက်ခဲ့ပါတော့တယ်။ မနက်မွန်းမတည့်ခင် ချောင်းဘေးမှာ နတ်စင်တစ်ခုကို တွေ့ကြတယ်။

နတ်စင်အနီးမှာပဲ ခဏစခန်းချ၊ ထမင်းချက်၊ ရေမိုးချိုးကြတယ်။ ထမင်းမစားခင် ကျောက်ဖျာထက်ရှိ နတ်စင်ရှိရာဆီ ရဲဘော်အချို့က တက်ကြည့်ကြတယ်။ ပြန်ဆင်းလာကြတဲ့အခါမှာ သူတို့ဟာ ငွေစက္ကူ တစ်မွေ့တစ်ပိုက်ကြီးနဲ့ ပြုံးပြုံးရွှင်ရွှင် ဖြစ်နေကြတယ်။ ဂျပန်ငွေစက္ကူပါ၊ ဆယ်တန်ချည်း ဖြစ်တယ်။ ရေတွက်ကြည့်တဲ့အခါ လေးထောင်ကျော်လောက် ရှိတယ်။ ငွေတွေကို ခြောက်ဦးခွဲဝေယူကြတယ်။ ထမင်းစားကြပြီးတဲ့နောက် ပေ ၃၀၀ ကျော်လောက်သာ ရှိတဲ့ တောင်ကို တက်ကြရပြန်တယ်။ မွန်းတည့်ပြီးချိန်လောက် တောင်ပေါ်မှ ဆင်းခဲ့ကြရတယ်။ ဒါ နောက်ဆုံး။

## ရခိုင်ပြည်နယ်ထဲရောက်ခြင်း

ရဲဘော်အားလုံးဟာ ရခိုင်ရိုးမကို ဘေးမသီ ရန်မခဘဲ ကျော်ဖြတ်ခဲ့ပြီး တောင်ကို ဆင်းလာရင်းက နွားခလောက်သံ စတင်ကြားစပြုလာပါပြီ။ မြေပြန့်။ သူတို့ ကြည်နူးဝမ်းမြောက်သွားကြတယ်။ အလိုလို သူတို့ ခြေသွက်လာကြတယ်။ ဝမ်းသာလွန်းလို့ သီချင်းတွေ အော်ဟစ်သီဆိုပါတော့တယ်။ မကြာခင် သူတို့ လယ်ကွင်းပြင်ကို တွေ့ရပြီး ရိုးပြတ်တွေတောင် ဖိနင်းနေကြရတော့တယ်။ ရိတ်သိမ်းပြီးခါစ လယ်ကွင်းထဲက ရိုးပြတ်တွေကို ဖိနင်းဖြတ်ကျော်ရင်းကနေ ရိုးမတောင်ကို မကြာခဏ ပြန်လှည့်ကြည့်မိကြတယ်။ သူတို့ဟာ တောင်နိမ့်မြင့်ပေါင်းများစွာကို ကျော်ခဲ့တယ်။ မြူခိုးတွေ ဝေကာ မှိုင်းမှုံနေတဲ့ တောင်ပြာတန်းကြီးတွေကိုလဲ ဖြတ်ကျော်ခဲ့တယ်။

တောင်မြင့်ကြီးတွေပေါ် ရောက်တိုင်း သူတို့ခေါင်းအထက်၊ လက်လှမ်းမီရာလောက်က တောင်ခိုးလိုလို၊ မြူနှင်းလိုလို၊ ဖြူလွလွ အခိုးအငွေ့တွေဟာ တရွေ့ရွေ့ သွားနေပါတယ်။ ဒီတောင်ခိုးတွေကို ခုန်ပေါက်ပြီး လက်နဲ့ဖမ်းယူ၊ စားသောက်ဟန်ပြုကြတယ်။ “တိမ်ညွန့်တွေ စားရတာ သိပ်ကောင်းသဟေ့”လို့ အားပါးတရ ဟစ်သုကဟာစ်ကြတယ်။ ပင်ပင်ပန်းပန်း လျှောက်လာနေရတဲ့အထဲကနေ ကြံဖန်ပြီး ပျော်ကြသေးတယ်။

တောင်ပေါ်က ဆင်းခဲ့ကြပြီး ချောင်းကို ဖြတ်တိုင်းလဲ ရေထဲမှာ တဝုန်းဝုန်း သူ့ထက်ငါ ပြေးကြတာတွေဟာလဲ ပျော်စရာတစ်မျိုးပဲ။ ရခိုင်ရိုးမ အရှေ့ဘက်ခြမ်းက အနောက်ဘက်ခြမ်းကို ရောက်တဲ့အထိ၊ ချောင်းကြီး ချောင်းငယ်ပေါင်း တစ်ရာနီးပါးကို ဖြတ်ခဲ့ကြရတယ်။ ပင်ပင်ပန်းပန်းနဲ့ ရိုးမကို ဖြတ်ကျော်လာခဲ့ကြရပေမယ့် ရိုးမကို ဆလာမ်မသခဲ့ပါဘူး၊ ရိုးမကို

နေနိုင်ကြဘူး၊ လွမ်းစိတ်တွေကြောင့်လားတော့ မသိ ရိုးမကို လှည့်–လှည့် ပြီး ကြည့်ကြတယ်၊ ရိုးမကတော့ မတုန်မလှုပ် ငြိမ်သက်လျက်။

ကိုလှသောင်းတို့ ရဲဘော်တစ်စုဟာ လယ်ကွင်းကို ဖြတ်လိုက်၊ ရှေ့မှာ တားဆီးနေတဲ့ တောင်ကုန်းတွေကို ဖြတ်လိုက်နဲ့ လျှောက်မြဲလျှောက်လျက် နေဝင်ချိန်မှာ သူတို့ရောက်လိုတဲ့ အမ်းမြို့နယ် "ဆဒ့်ရွာ"ကလေးကို ရောက်ကြတယ်။ ဆဒ့်ရွာကလေးဟာ "မအီချောင်း"ဘေးမှာ တည်ရှိနေတယ်။ တစ်ရွာလုံးမှာ အိမ်ခြေ (၅၀)ခန့်သာ ရှိတယ်။ ဘူး၊ ခရမ်း၊ ငရုတ်၊ ခရမ်းချဉ် ပင်တွေဟာ အိမ်ဘေးမှာပဲ စိုက်ထားတာ တွေ့ကြတယ်။ ရွာရောက်လာပြီမို့ ချမ်းသာမဆုံး ဖြစ်ကြတယ်။

ဆဒ့်ရွာမှာ ညစာစားကြတယ်။ ရဲဘော်တွေကို တစ်အိမ်နှစ်ယောက်ကျ ခွဲပြီး ရွာက ဧည့်ခံကျွေးမွေးတယ်။ ထမင်းစားသောက်ပြီး ရွာကရှာပေးတဲ့ လှေနဲ့ ရမ်းဖြူကျွန်းကို တူးဖို့ ပြင်ကြရတယ်။ လှေစောင့်ရင်း ကိုလှသောင်းတို့ တွေဟာ အိမ်တစ်အိမ်မှာ ရေနွေးသောက်ကြတယ်။ ညစာဘာဟင်းထမင်း တွေနဲ့ ဘယ်ပုံဘယ်နည်း ဧည့်ခံကျွေးမွေးကြတယ်ဆိုတာကို အချင်းချင်း စားမြုံ့ပြန်ပြီး ပြောကြပါတယ်။

ခရမ်းသီးနပ်၊ ခရမ်းချဉ်–ငရုတ်သီးထောင်း၊ ဟင်းချိုတို့နဲ့ ထမင်းစား ခဲ့ရတဲ့ ရဲဘော်နှစ်ဦးက "ထမင်းစားလို့တော့ မြိန်ပါရဲ့၊ ဒါပေမယ့် ထမင်းလိုက်ပွဲ ချည်ထားတဲ့ ဇလုံက ကြွေရည်သုတ် သေးအိုးကြီးမို့ မရှုသာ မရှိုက်သာကြီး ဖြစ်ကြရကြောင်း၊ ထမင်းမစားရအခက်၊ စားရအခက် ဖြစ်ခဲ့ရကြောင်း၊ နောက်ဆုံး ကျွေးမွေးတဲ့ အိမ်ရှင်ရဲ့ စေတနာကို လေးစားတဲ့အနေနဲ့ မျက်စိမှိတ် ပြီး စားပစ်လိုက်ရကြောင်း၊ ထမင်းကလဲ ထမင်းနဲ့တူအောင် မစားရတဲ့ ရက်ကလဲ များခဲ့ပြီ၊ ပြီးတော့ ဆာကလဲ ဆာနေကြပြီမို့ သေးအိုးပေမယ့် အသစ်စက်စက် ဖြစ်ပါလိမ့်မယ်ရယ်လို့ ကိုယ့်ကိုယ်ကို စိတ်ချမ်းသာအောင် ဖျည့်စားပြီး စားပစ်လိုက်ကြောင်း၊ ဒါပေမယ့် စားစမှာတော့ လည်ချောင်းထဲ ဆို့နစ်နေသေးကြောင်း၊ နောက်မှ အရှိန်ရပြီး ဗိုက်ကားအောင် စားပစ်လိုက် ကြောင်း၊ ကျန်တဲ့ ထမင်းပန်းကန်ပြားတွေက အဖိုးတန် ကြွေပန်းကန်ပြားတွေ ဖြစ်ကြောင်း ပြောပြပါတယ်။

ရယ်ကြရတယ်။ ဧည့်ကောင်း စောင်ကောင်းဆိုပြီး စေတနာရှိရှိနဲ့ ပြင်ဆင်တည်ခင်းကျွေးမွေးလိုက်တာ ဖြစ်မှာပါပဲလို့ ရဲဘော်အားလုံးက ယူဆကြ

ပေတယ်။ ဘာအတွက် သုံးတဲ့ပစ္စည်းမှန်း၊ အိမ်ရှင်တို့အနေနဲ့ သိရှိပုံ မရဘူး ဆဒ့်ရွာကလေးဟာ တကယ်ပဲ မြို့နဲ့အလှမ်းကွာဝေးပြီး ချောင်ကျလှတဲ့ ရွာကလေး ဖြစ်တယ်ဆိုတာ သူတို့ တွေ့ရှိကြပါတယ်။

လှေရောက်လာတဲ့အခါ ရွာက လှေသမားနှစ်ယောက်နဲ့ ရဲဘော် ခြောက်ယောက်တို့ဟာ မအိချောင်းပေါက်ဝဆီ ထွက်ခဲ့ကြတယ်။ ချောင်းဝ အရောက်မှာ ကြယ်ရောင်နဲ့ ပင်လယ်ပြင်ကို မြင်ရတယ်။ လူ (၁၄) ယောက် လောက် ချောင်ချောင်စီးနိုင်တဲ့ လှေဖြစ်တယ်။ ပင်လယ်ပြင်ကို တဖြည်းဖြည်း ထွက်လာကြတယ်။ လေငြိမ်နေလို့ လှိုင်းမရှိသလောက် ငြိမ်နေတယ်။ တစ်ခါ တစ်ခါ လှော်တက်ကို ခပ်ပြင်းပြင်း ဆွဲလိုက်မိရင် ပင်လယ်ရေထဲက မီးစုန်းခတ်တွေဟာ တလက်လက် ပေါ်ထွက်လာပါတယ်။ လှေဆရာတို့က လှေတက်ကို ခပ်ပြင်းပြင်း ခတ်နေကြသလို ရဲဘော်တွေကလဲ လှေဘေးက အက်ကြောင်းက ဝင်လာတဲ့ ရေတွေကို အလှည့်ကျ ပက်ထုတ်နေကြရတယ်။ ဒီလိုနဲ့ ပင်လယ်တိမ်ကို ဖြတ်ကူးလာခဲ့တယ်။ ကြက်ဦးတွန် အချိန်မှာ ရမ်းဗြဲကျွန်း တစ်နေရာကို လှေထိုးဆိုက်တယ်။

လှေဆရာတို့က ဂျပန်ဆယ်တန်စက္ကူဆယ်ရွက်ကို ယူပြီး ဆဒ့်ရွာကို ချက်ချင်း ပြန်လှည့်သွားကြတယ်။ ကိုလှသောင်းတို့ ရဲဘော်ခြောက်ယောက်ဟာ ကမ်းစပ်မှာ လှဲအိပ်ရင်း ခါးဆန့်ကြတယ်။ အနီးရှိရွာက ကြက်တွန်သံတို့ နားထောင်ရင်း မေ့ခနဲ အိပ်ပျော်သွားကြတယ်။ နေထွက်ပြူစမှာ ပြန်နိုးလာကြ တယ်။ ရွာဆီကို လျှောက်ကြတယ်၊ ရွာထဲက ကိုထွန်းအောင်ကျော်ရဲ့ အသိအိမ်မှာ ဝင်နားပြီး ဗိုက်ပြည့်အောင် စားကြတယ်၊ ဒီနောက် ရမ်းဗြဲမြို့ကို ဦးတည်ပြီး လျှောက်ကြပြန်တယ်။

နေမွန်းတည့်ချိန်လောက်မှာ မြို့နဲ့ တစ်မိုင်လောက်ဝေးတဲ့ စခန်းတစ်ခုမှာ ဂျပန်ကင်းတဲနဲ့ ဝင်တိုးတယ်၊ ကင်းစခန်းက ဂျပန်စစ်သားနှစ်ယောက် ထွက်လာတယ်။

ကြိုတင်စီစဉ်ထားတဲ့အတိုင်း ကိုထွန်းအောင်ကျော်နဲ့ အနောက်တိုင်း စစ်ဌာနချုပ်က ထည့်လိုက်တဲ့ ရခိုင်ရဲဘော်နှစ်ယောက်တို့က ဂျပန်ဆီကို ခပ်သုတ်သုတ်ကလေးသွားပြီး သူတို့မှာပါလာတဲ့ စာတွေကို ထုတ်ပြကြပါတယ်။ သူတို့မှာ ပါလာတဲ့စာက အနောက်တိုင်းစစ်ဌာနချုပ်ရဲ့ ထောက်ခံစာတွေ ဖြစ်တယ်။ ဒီစာကိုင်ဆောင်လာတဲ့ ရဲဘော်ဟာ ဗမာ့တပ်မတော်က ခေတ္တခွင့်ယူပြီး



သခင်ဗဟိန်းနှင့်ဇနီး ရဲဘော်မဒေါခင်ကြီး



ဗိုလ်သာကျော်



သခင်သန်းဖေ က



ရဲဘော်အေးကျော် ခ



က ရဲဘော်သန်း (ခ) ရဲဘော်ကက်ဥ



ခ ရဲဘော်သက်ထွန်း




ရဲဘော်လှကွန်း က



ရဲဘော်အောင် ခ


ရဲဘော် R.E.T ဦးကျော်ငြိမ်း


ရဲဘော်မြင့်ဆွေ



ဖြူးနယ်မှ လူငယ်များ

က



ရဲဘော်ကျော်သန်း

ခ



က　　သခင်ဘသောင်း



ခ　　ရဲဘော်ကိုမန်း



က ရဲဘော်စံဝင်း



ခ သခင်လွန်းမောင်



သခင်သိန်းမောင် က



သခင်ဝင်းဖေ ခ



သခင်ထွန်းဖေ

က



သခင်ကြွယ်

ခ



က သခင်တင်လေး



ခ ရဲဘော်ဝင်းအောင်



ဗိုလ်ချစ်ဖေ ဂ



ဗိုလ်ထွန်းရင် ခ



ရဲဘော်သိန်း ဂ



က ရဲဘော်အုန်းမောင်



ခ ရဲဘော်လှမောင်



၅

ဗိုလ်စိန်အေး



၆

ရဲဘော်သောင်းမောင်




၇

ရဲဘော်သိုင်းသန့်ဟင်



က ရဲဘော်ကျင်ပြောင်



ခ ရဲဘော်အောင်မွေး

ရပ်ရွာကို ပြန်လာခြင်း ဖြစ်ကြောင်းဆိုပြီး စာကို ဗမာလို တစ်မျိုး ဂျပန်လို တစ်ပုံ ရေးသားဖော်ပြထားတယ်။ ဂျပန်နှစ်ယောက် စာရွက်တွေကို ယူဖတ်ကြည့်တယ်၊ လွယ်အိတ်တွေကို ရှာဖွေကြတယ်၊ ဂျပန်တွေဟာ ကိုထွန်းအောင်ကျော်တို့လို ပဲ ရမ်းဗြဲရခိုင်လေသံနဲ့ ကိုထွန်းအောင်ကျော်တို့နဲ့ စကားလက်ဆုံကျနေတယ်။ ဂျပန်တွေက ရခိုင်ရဲဘော်တွေကို ကျေနပ်နေပုံကို ကိုလှသောင်းတို့ ရှသိုက်က နောက်ကခပ်ကုတ်ကုတ်နေရင်းက မြင်ကြရတယ်၊ သူတို့ပြောဆိုနေကြပုံကို နားထောင်ရင်း ရင်ထဲက တထိတ်ထိတ်နဲ့ သူတို့ကို စစ်ဆေးမယ့်အလှည့်ကို စောင့်နေကြတယ်။

ကိုလှသောင်းတို့အလှည့် ရောက်တဲ့အခါ သူတို့က ခါးညွတ်ပြီး ဂျပန်ကို အလေးပြုကြတယ်။ အချိုဆုံးမျက်နှာပေးနဲ့ သူတို့ရဲ့ စာရွက်တွေကို ထုတ်ပြကြတယ်။ သဘောကျသွားဖြစ်နေတဲ့ ဂျပန်တွေက ကိုလှသောင်းတို့ စာရွက်တွေကို အသေအချာ ကြည့်ရှုစစ်ဆေးမနေတော့ဘဲ သွားခွင့်ပြုလိုက်တယ်။ ကိုလှသောင်းတို့လဲ ရယ်ရယ်မောမောနဲ့ပဲ အလေးပြုကြပြီး ကိုထွန်းအောင်ကျော်တို့ နောက်ကို ဣန္ဒြေရရပဲ ဆက်လိုက်သွားတယ်။ ဂျပန်နဲ့ ခပ်လှမ်းလှမ်းရောက်တော့မှပဲ ကိုလှသောင်းတို့တစ်တွေဟာ ဟင်း ဆိုပြီး သက်မကို ချလိုက်ကြတော့တယ်။ ဂျပန်တွေက တကယ်လို့သာ မေးလို့မြေရရင် သူတို့အတွက် အခက်ပါသား၊ ဘာကြောင့်လဲဆိုရင် ရခိုင်သံ မဝဲတတ်ခြင်းဟာ သူတို့ရဲ့ ဟာကွက်တစ်ခု ဖြစ်တယ်။ ဒီတော့ ရခိုင်မှာ နေသမျှ ရခိုင်သံပေါက်အောင်တော့ အမြန်ဆုံး လေ့ကျင့်မှ ဖြစ်မယ်လို့ သူတို့ သဘောပေါက်ကြတယ်။

သူတို့တစ်တွေဟာ တဖြည်းဖြည်း လျှောက်လာကြတာဟာ မြို့စွန်ကို ရောက်လာကြတယ်။ကိုထွန်းအောင်ကျော်ရဲ့ အသိဖြစ်တဲ့ ရခိုင်မုန့်ဟင်းခါးသည် အိမ်မှာ ဝင်ပြီး မုန့်ဟင်းခါးကို ဗိုက်ပြည့်အောင် စားလိုက်ကြတယ်။ အဲဒီက ဆက်လျှောက်ပြန်တော့ ကိုထွန်းအောင်ကျော်ရဲ့အိမ်ကို ရောက်ကြတယ်။

ကိုထွန်းအောင်ကျော်ရဲ့ ဆက်သွယ်ပေးချက်အရ ရမ်းဗြဲမြို့က ဖက်ဆစ်ဆန့်ကျင်ရေး လုပ်ငန်းကို စိတ်ဝင်စားနေကြတဲ့ ရခိုင်လူငယ် (၄/၅) ဦးနဲ့ ဆွေးနွေးကြတယ်။ လူငယ်တွေက စိတ်အားတက်ကြွစွာနဲ့ ဂျပန်ဆန့်ကျင်ရေး လုပ်ငန်းမှာ ပါဝင် လုပ်ဆောင်ကြမယ်လို့ ကတိပေးကြတယ်။

(၃) ရက်မြောက်တဲ့နေ့ မနက်စောစောမှာ ကိုထွန်းအောင်ကျော်၊ ကိုဘကြည်နဲ့ သံတွဲမြို့က ကိုထွန်းရှိန်တို့ ရှေ့ဆောင်ပြီး ကိုစောဦး၊ ကိုညွန့်ဝေ

နဲ့ ကိုလှသောင်းတို့ လူစုဟာ စနဲလ်ရွာကို သွားကြတယ်။ လယ်ကွင်းကို ဖြတ်လိုက် တောင်ကုန်းကို ကျော်လိုက်နဲ့ မိုင်နှစ်ဆယ်ကျော် ခရီးကို လျှောက်ကြတယ်။ ညနေပိုင်းကျမှ စနဲလ်ရွာကို ရောက်ကြတယ်။ စနဲလ်ရွာဟာ ရွာကြီးတစ်ရွာ ဖြစ်တယ်၊၊ရဲစခန်း ရှိတယ်။ လက်ဖက်ရည်ဆိုင်နဲ့ တခြားဆိုင်ကြီး ဆိုင်ငယ်တွေလဲ ရှိတယ်။

စနဲလ်ရွာမှာ ကျောင်းဆရာလုပ်နေတဲ့ ဆရာရွှေအောင်ရဲ့ အိမ်မှာ တည်းခိုကြတယ်။ ဆရာရွှေအောင်နဲ့ ရင်းရင်းနှီးနှီး ဆွေးနွေးကြတယ်။ ဆရာ ရွှေအောင်က ကိုလှသောင်းတို့ လူစုကို ကျောက်ဖြူဘက်ကို သူကိုယ်တိုင် ပို့မယ်လို့ ကတိပေးတယ်။ နောက်တစ်နေ့မှာ သွားရမယ့်လမ်းခရီးနဲ့ ပတ်သက် ပြီး လေ့လာစုံစမ်းတဲ့အခါမှာ အားပျက်စရာ သတင်းတွေ ဝင်လာကြပြီ ဂျပန်က ကျောက်ဖြူဝင်တဲ့ လမ်းအားလုံးကို တင်းတင်းကျပ်ကျပ် ပိတ်ဆို့ထား တယ်။ တစ်ဆက်တည်း စနဲလ်ရွာကိုလဲ လူအဝင်အထွက်မရှိစေရဘူးလို့ ဂျပန်တို့က အမိန့်ပေးထားပြီတဲ့။

ဆရာရွှေအောင်ဟာ ဒီသတင်းတွေကို ခရီးသွားကုန်သည်တွေနဲ့ စနဲလ်ရွာ ရဲစခန်းက ရရှိခဲ့တဲ့ သတင်းဖြစ်သတဲ့။ ဆရာရွှေအောင်ဟာ စနဲလ်ရွာမှာ ဩဇာရှိတဲ့ လူတစ်ယောက်ပါ။ စနဲလ်ရွာရဲ့ စခန်းနဲ့လဲ ရင်းရင်းနှီးနှီး ရှိသူပါ ရဲစခန်းက ဆရာရွှေအောင်ရဲ့ ဧည့်သည်တွေကို စိတ်ဝင်စားနေကြောင်း၊ဆရာ ရွှေအောင်ရဲ့အိမ်မှာ တည်းခိုနေတဲ့ သူတွေဖြစ်တာမို့ ရဲစခန်းကို ခေါ်ယူစစ်ဆေး ခြင်း မပြုဘဲထားတယ်။ ဒါပေမယ့် ဂျပန်သိသွားရင် မိုးမီးလောင်နိုင်ကြောင်း ရဲစခန်းတာဝန်ခံက ပြောလိုက်ပါသေးတယ်။ ဆရာရွှေအောင်ဟာ ဒီကိစ္စတွေ အတွက် စိုးရိမ်မကင်း ဖြစ်နေတာကို ကိုလှသောင်းတို့က ရိပ်မိကြတယ်။

အဲဒီနေ့ညမှောင်စမှာပဲ အမြောက်သံတွေကို ခပ်သဲ့သဲ့ စတင်ကြားကြရ တယ်။ အားလုံး ညှိနှိုင်းတိုင်ပင်ကြပြီး ရမ်းဗြဲမြို့ကို ပြန်ဆုတ်ကြဖို့ ဆုံးဖြတ်ကြ တယ်။။ ညပိုင်းမှာလဲ အမြောက်သံတွေ တစ်ခါတစ်ခါ ဗုံးသံတွေပါ တစ်ချက် တစ်ချက် ကြားကြရတယ်။

နောက်တစ်နေ့ မနက်စောစောမှာပဲ ကိုလှသောင်းတို့ လူစုဟာ စနဲလ်ရွာ က ထွက်ကြတယ်။ ဆရာရွှေအောင်က ရွာအပြင် တစ်မိုင်ခန့်အထိ လိုက်ပို့တယ်။ ညနေပိုင်းမှာ ရမ်းဗြဲမြို့ကို ပြန်ရောက်တယ်၊ ရမ်းဗြဲက ရဲဘော်တို့ရဲ့ သတင်းအေး

ချက်အရ ရမ်းဗြဲမြို့မှာ ဆက်လက်မနေသင့်တော့ဘူးလို့ ဆုံးဖြတ်ကြတယ်။ ဒါကြောင့် နောက်တစ်နေ့ မနက်စောစောမှာ ရမ်းဗြဲမြို့က ထွက်ခွာကြပါတယ်။

ရမ်းဗြဲမြို့နဲ့ (၁၀) မိုင်ခန့်ဝေးတဲ့ မြေပုံရွာကလေးကို မွန်းမတည့်ခင် ရောက်ကြတယ်။ မြေပုံရွာကလေးကို တောင်ငယ်တွေက ရံထားတယ်။ အေးချမ်းတဲ့ ရွာကလေးပါ။ အိမ်ခြေ (၁၀၀) ခန့် ရှိတယ်။ ကိုဘိုးနွယ်၊ ကိုဘိုးဝေ (အခု ရေရရှိရေးစီမံကိန်း၊ စိုက်ပျိုးရေးကော်ပိုရေးရှင်း)နဲ့ ကိုထွန်းရှိန် (အခု ကျောင်းဆရာ၊ တောင်ကုတ်မြို့) တို့နဲ့အတူ မြေပုံရွာကို ကိုလှသောင်းတို့ ရောက်လာကြတယ်။ ကိုဘိုးဝေရဲ့ ဖခင်အိမ်မှာ စခန်းချကြတယ်။

အဲဒီအိမ်မှာပဲ မြေပုံရွာက ရဲဘော်တစ်ဦး၊ ကိုဘိုးစေ၊ ကိုဘိုးနွယ်၊ ကိုထွန်းရှိန်တို့နဲ့ ဖက်ဆစ်ဂျပန် ဆန့်ကျင်ရေး၊ ဒီမိုကရေစီရေး၊ အမျိုးသား လွတ်လပ်ရေး၊ ဆိုရှယ်လစ်ရေးတွေကို ဆွေးနွေးကြတယ်။ (၁၀) ရက်ခန့် ဆွေးနွေးပြီးတဲ့အခါ၊ ကိုဘိုးဝေနဲ့ ကိုထွန်းရှိန်တို့ ရမ်းဗြဲမြို့ကို ပြန်သွားကြတယ်။

ကိုစောဦးနဲ့ ရဲဘော်ညွန့်ဝေတို့ မကျန်းမမာ ဖြစ်လာကြတယ်။ ကိုဘိုးနွယ်နဲ့ ကိုလှသောင်းတို့က တတ်သလောက် မှတ်သလောက် ပြုစုကြရတယ်။ သူတို့သက်သာလာပြန်တော့ ကိုလှသောင်းက ငှက်ဖျားဝင်လာပြန်တယ်။ ကိုညွန့်ဝေတို့က တစ်လှည့် ကိုလှသောင်းကို ပြုစုကြရပြန်တယ်။

ဇန်နဝါရီလလယ်လောက်မှာ အမြောက်သံတွေ ပေါ်ထွက်လာပါတော့တယ်။ အမြောက်သံဟာ ငါးရက်လောက်ဆက်တိုက် ကြားနေရပါတယ်။ အစပိုင်းမှာ ရွာသူရွာသားတို့က အထိတ်တလန့် ဖြစ်ကြသေးတယ်။ ကြာတော့ ရိုးသွားပါတယ်။ ကိုလှသောင်းတို့ လူစုဟာ တောင်ပေါ်တက်ကြည့်ကြတယ်။ ညအချိန်မှာဆိုရင် ဗြိတိသျှရေတပ်က စစ်သင်္ဘောတွေက မီးရောင်တွေကို လှမ်းမြင်ကြရတယ်။ ရမ်းဗြဲမြို့က ပြန်လာတဲ့ ရွာသားတွေရဲ့ အဆိုအရ ရမ်းဗြဲမြို့ထဲမှာ ဂျပန်တွေ မရှိတော့ဘူးတဲ့၊ အမြောက်နဲ့ အပစ်ခံကြရတော့၊ ရမ်းဗြဲမြို့သူမြို့သားတွေလဲ မြို့ကို စွန့်ပြေးကြသတဲ့။ ဒီသတင်းကို ကိုလှသောင်းတို့ ကြားသိကြရတယ်။

## ဗြိတိသျှအချုပ်သမားအဖြစ်

ဇန်နဝါရီလကုန်လောက်မှာ ကိုဘိုးနွယ်နဲ့ ကိုလှသောင်းတို့ ရမ်းဗြဲကို သွားကြတယ်။ ကိုလှသောင်း ရခိုင်ကို လာရတဲ့တာဝန်က ရခိုင်မှာရှိတဲ့

ဂျပန်ဆန့်ကျင်ရေး မြေအောက်တော်လှန်ရေးသမားတွေနဲ့ ဆက်သွယ်ပြီး ဂျပန်ကို လက်နက်ဆွဲကိုင် တော်လှန်ဖို့ပဲ။ ဒါပေမယ့် သူတို့ရောက်တဲ့အချိန်ဟာ နောက်ကျခဲ့ပြီ။ ဗြိတိသျှတပ်တွေက အဝင်စောသလို ဖြစ်သွားတယ်၊ နောက်ဆုံး ရခိုင်မှာ ဘာမှလုပ်လို့လဲ ရနိုင်သေးမှာ မဟုတ်တဲ့အတွက် မဟာမိတ်တပ်တွေနဲ့ ဆက်သွယ်ဖို့ ဆုံးဖြတ်လိုက်တယ်။

ကိုညွန့်ဝေနဲ့ ကိုစောဦးတို့ကတော့ သခင်လှကွန်း ခေါင်းဆောင်တဲ့ အိန္ဒိယပြည်သွားရမယ့် ဒုတိယအသုတ်ထဲ ပါဝင်သူများ ဖြစ်တယ်။ အစုအဝေးကြီး သွားလို့မကောင်းတဲ့အတွက် ကိုညွန့်ဝေတို့က ရခိုင်ဘက်ကနေ အိန္ဒိယကို ကူးသွားဖို့ဆိုပြီး ကိုထွန်းအောင်ကျော် လမ်းပြခေါ်ဆောင်တဲ့ အဖွဲ့နဲ့ လိုက်ပါခဲ့ခြင်းပါ။

ရမ်းဗြဲမြို့ကို သိမ်းပိုက်ပြီးဖြစ်တဲ့ ဗြိတိသျှတပ်က အရာရှိတစ်ဦးနဲ့ သွားရောက်တွေ့ဆုံတယ်။ "ဂျီအက်စ်အိုင်ကေ"ဆိုတဲ့ စကားဝှက်ကို ပြောလိုက်တယ်။ ဗိုဖို့စ်နဲ့ ဆက်သွယ်လိုကြောင်း၊ ဖက်ဆစ်ဆန့်ကျင်ရေး လုပ်ငန်းအတွက် ရန်ကုန်က ရောက်ရှိလာခြင်း ဖြစ်ကြောင်း၊ မိမိနဲ့အတူ ရဲဘော်စောဦးနဲ့ ရဲဘော်ညွန့်ဝေတို့လဲ ပါလာပြီး မြေပုံရွာတွင် ကျန်ရစ်ခဲ့ကြောင်း ပြောလိုက်တယ်။

အရာရှိက သူ့အထက်အရာရှိနဲ့ တွေ့ဆုံပေးမယ်ဆိုပြီး ကာနယ်တစ်ဦးဆီ လိုက်ပို့ပါတယ်။ ကာနယ်ကိုလဲ အလားတူပဲ ရဲဘော်လှသောင်းက ရှင်းပြပြီး အကူအညီတောင်းလိုက်တယ်။ ဆောင်ရွက်ပေးမယ့်အကြောင်း အလွယ်တကူပဲ ပြောဆိုတယ်။ ရမ်းဗြဲမြို့မှာ တည်းခိုတဲ့ လိပ်စာကို တောင်းလို့ ကိုဘိုးနွယ်ရဲ့ အိမ်လိပ်စာကို ပေးပြီး ပြန်ခဲ့ကြတယ်။

ညနေပိုင်းမှာ ဂျစ်ကားတစ်စီး ကိုဘိုးနွယ်အိမ်ရှေ့ ထိုးဆိုက်လာပြီး ကာနယ်က တွေ့လိုကြောင်း၊ ဗြိတိသျှစစ်ဗိုလ်တစ်ဦးက ပြောတယ်။ နှစ်ဦးစလုံး လိုက်သွားကြတယ်။ ကာနယ်နဲ့တွေ့တယ်။ ထပ်မံမေးမြန်းလို့ ပြောရဆိုရပြန်တယ်။ ဒီနောက် မြို့ထဲမပြန်ဘဲ စစ်တပ်မှာနေဖို့ ပြောတယ်၊ ကိုလှသောင်းတို့ကို ဆာဂျင်တစ်ဦးလက်ကို အပ်လိုက်တယ်။ ဆာဂျင်က တပ်မစခန်းချရာ ဘုန်းကြီးကျောင်း ပရဝုဏ်ထဲသို့ ခေါ်သွားတယ်။ နောက် သိမ်ထဲကို ဝင်ခိုင်းတယ်။ အဝင်ဝမှာ ကုလားစစ်သားနှစ်ဦးက လှံစွပ်တပ်သေနတ်ကိုယ်စီနဲ့ ရပ်နေကြတယ်။ ကိုလှသောင်းတို့က သူတို့အဖမ်းခံရပြီဖြစ်ကြောင်း သိလိုက်တော့တယ်။

နှစ်ရက်အကြာမှာ ဆာဂျင်က ကိုလှသောင်းတို့ကို လာခေါ်ပြီး ကျောက်ဖြူကို အထက်အမိန့်အရ ပို့ပေးရမယ်လို့ ပြောပြတယ်။ အပြင်မှာ ကားတစ်စင်းနဲ့ စောင့်နေတဲ့ ကုလားကပ္ပတိန် တစ်ဦးလက်ကို စာတစ်စောင်နဲ့အတူ ကိုလှသောင်း၊ ကိုဘိုးနွယ်တို့ကို လွှဲအပ်ပေးလိုက်တယ်။ မနက်ဆယ်နာရီလောက်မှာ ကားထွက်ပြီး၊ ကျောက်ဖြူကို ညနေ သုံးနာရီခန့်လောက်မှာ ရောက်ကြတယ်။

ကားပေါ်က ဆင်းလိုက်ကြတယ်။ ကုလားကပ္ပတိန်က သူ့လက်ထဲက စာကို ကိုလှသောင်းလက်ပေးပြီး မိုင်ဝက်ခန့်အကွာရှိ အဆောက်အအုံ တစ်ခုကို လက်ညှိုးညွှန်ပြလိုက်တယ်။ အဲဒီအဆောက်အအုံဆီကို သွားဖို့ ပြောတာဖြစ်တယ်။ နောက် ကုလားကပ္ပတိန်လဲ ကားပေါ်ပြန်တက်ပြီး လက်ပြနှုတ်ဆက်သွားတယ်။ ကားထွက်သွားတဲ့အခါ၊ ရဲဘော်နှစ်ဦးဟာ အူကြောင်ကြောင်နဲ့ ကျန်ခဲ့တယ်။

အဖမ်းခံဘဝက သူတို့ လွတ်များ လွတ်ကြပါပြီလား ဒါကို သူတို့မသိကြ။ အိတ်ထဲရှိ လိပ်စာကို ဖတ်ကြည့်လိုက်တဲ့အခါ၊ ကာနယ်လိစ်၊ ဖီးလ်စီကျူရိုတီ ဆားဗစ် (အက်ဖ်၊ အက်စ်၊ အက်စ်)လို့ တွေ့ရှိကြရတယ်၊ ကပ္ပတိန်လမ်းညွှန်တဲ့ လမ်းအတိုင်း အလှမ်း ၂၀ လောက် လှမ်းလိုက်ပြီးနောက်၊ ကိုလှသောင်းဟာ အိတ်ဖွင့်ပေးစာကိုထုတ်ယူ၊ လမ်းလျှောက်ရင်းဖတ်တယ်။ မောင်လွန်း (ရဲဘော်လှသောင်း)ဟာ ဂျပန်ဆန့်ကျင်သူ ဖြစ်ပြီး၊ ဗြိတိသျှလိုလားသူလို့ ထင်မြင်တယ်၊ သက်ဆိုင်ရာသို့ စုံစမ်းပြီး လိုအပ်သလို ဆောင်ရွက်ရန်လို့ အင်္ဂလိပ်လို ရေးထားကြောင်း တွေ့ရှိရတယ်။ စာမှာပါတဲ့ ကိစ္စကို ကိုဘိုးနွယ်ကို ပြောပြလိုက်တယ်။ သံသရာရှည်ဦးတော့မှပဲလို့ ညည်းလိုက်ကြတယ်။

ထင်တဲ့အတိုင်းပါပဲ။ ကာနယ်လိစ်နဲ့ တွေ့ပြီးချိန်မှာ ကိုလှသောင်းတို့ဟာ အချုပ်တွင်းထဲ ဝင်ကြရပြန်တယ်။ ကာနယ်က သူမေးလိုတာတွေကို မေးတယ်။ အသားဖြူဖြူ ဆာဂျင်တစ်ဦးက အမေးအဖြေတို့ကို လက်နှိပ်စက်နဲ့ ရိုက်ယူနေတယ်။

ခပ်လှမ်းလှမ်းမှာ ပြာလဲ့လဲ့ပင်လယ်ပြင်ကို ကိုလှသောင်းတို့ မြင်နေကြရတယ်။ ပြာလဲ့လဲ့ လှိုင်းအိကလေးတွေဟာ သောင်စပ်နဲ့ နီးလာချိန်မှာ ခေါင်းဖြူလာတယ်။ အသားဖြူ၊ အသားညို၊ အသားနက် စစ်သားတွေဟာ လှိုင်းခေါင်းဖြူကို ခွစီးဖို့ ကြိုးစားရင်း မြူးတူးလျက် ရှိနေကြပါတယ်။

မေးစရာကုန်သွားပါပြီ၊ ကိုလှသောင်းတို့ကို မြန်မာဆာဂျင်တစ်ယောက်က သူနေထိုင်တဲ့ အခန်းကို ခေါ်သွားပါတယ်။ သူ့မှာရှိတဲ့ ဘီစကွတ်မုန့်၊ လက်ဖက်ရည်၊ စီးကရက်တို့နဲ့ ဧည့်ခံတယ်။ သူက "သခင်တွေကို ကြောက်စရာကောင်းသူတွေ"လို့ ပြောတယ်။ သခင်တွေဟာ လွတ်လပ်ရေးအတွက် ကြိုးစားနေတဲ့ မျိုးချစ်တွေဖြစ်ကြောင်း၊ ကိုလှသောင်းက စကားပလ္လင်ခံပြီးမှ မဆုံးခင်၊ ဆာဂျင်က ပျာပျာသလဲ လက်ကာပြရင်း ထပြေးတော့တယ်။

အခန်းဝရောက်ရင် ပြန်လှည့်ပြီး "အားတော့နာပါရဲ့၊ နားမထောင်ရဲလို့ပါ"လို့ ပြောပြောဆိုဆို ထွက်သွားပါတယ်။ ကိုလှသောင်း၊ ကိုဘိုးနွယ်တို့ဟာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး သဘောကျ ပြုံးလိုက်ကြတယ်။ မကြာခင်မှာပဲ၊ အခန်းဝဆီ ကားတစ်စီး ထိုးရပ်တယ်။ ဗမာဆာဂျင်ဟာ ကားဆီကို ပြေးသွားတယ်။ သူဟာ မျက်နှာဖြူဆာဂျင်ဆီက စာကို လှမ်းယူပြီး ခေါင်းတညိတ်ညိတ် လုပ်နေတာ လှမ်းမြင်နေရတယ်။ နောက် ဗမာဆာဂျင်ဟာ ကိုလှသောင်းတို့ကို ဝင်ခေါ်တယ်။ အားလုံး ကားပေါ်တက်ကြတယ်။

ကားထွက်ပြီး ကျောက်ဖြူနဲ့ သုံးလေးမိုင်ခန့်ဝေးတဲ့ ရွာကို ရောက်ကြတယ်။ ကားထိုးရပ်တဲ့နေရာ သစ်သားအချုပ်ခန်းတစ်ခုဘေးရှိ ယာယီရဲစခန်းရှေ့မှာပါ။ အားလုံး ကားပေါ်က ဆင်းကြရပြန်တယ်။ ရဲဌာနာပိုင်ဟာ ဆာဂျင်ပေးတဲ့စာကို ဖွင့်ဖတ်လိုက်တယ်။ ခေါင်းတစ်ချက်ကုတ်လိုက်ပြီး ခေါင်းတစ်ချက် ဆတ်ပြလိုက်တယ်။ ကားပြန်ထွက်သွားတဲ့ အချိန်မှာ ကိုလှသောင်းတို့ အချုပ်ထဲ ရောက်သွားကြပါတော့တယ်။

အချုပ်ခန်းထဲမှာ လူ (၃၀) ခန့် ရှိကြတယ်။ ရမ်းဗြဲ၊ ကျောက်ဖြူမြို့က ရှေ့နေတွေလဲ တွေ့ရတယ်။ ကျောင်းဆရာ၊ ကျောင်းသားတွေလဲ ပါတယ်။ (၁၅) ရက်လောက် အချုပ်ခံရပြီးနောက် ကိုလှသောင်းတို့ နှစ်ဦးကို ပြန်လွတ်လိုက်တယ်။ ရဲဌာနာပိုင်က သူ့အခန်းထဲခေါ်ပြီး အစားအသောက်တွေနဲ့ ဧည့်ခံတယ်။

သူ့ဆီ ကိုလှသောင်းတို့ကို လာပို့တုန်းက စစ်အာဏာပိုင်တို့ ပေးလိုက်တဲ့စာဟာ ရှင်းရှင်းလင်းလင်း မရှိခဲ့ကြောင်း၊ သူ့ထံ လွှဲအပ်လိုက်တဲ့သူတွေကို ခေါ်ထားလိုက်ပါ လို့သာ စာမှာပါရှိကြောင်း၊ ဒါကြောင့် သူ့အနေနဲ့ အချုပ်ထဲ သွင်းထားလိုက်ရလို့ ဝမ်းနည်းမိကြောင်း၊ ဌာနာပိုင်က ရှင်းပြရင်း

တောင်းပန်လိုက်သေးတယ်။ စစ်အာဏာပိုင်တွေက ပြန်ခေါ်တဲ့အထိ သူကပဲ ကိုလှသောင်းတို့ကို စောင့်ရှောက်ထားရဦးမယ့်အကြောင်း ပြောပြလိုက်တယ်။ ပြီးတော့ နေထိုင်ဖို့ အိမ်လွတ်တစ်လုံး ရှာပေးမယ့်အကြောင်း ပြောပြရာ ရဲဘော်လှသောင်းတို့က ပြုံးပြီး ခေါင်းညိတ်လိုက်ကြတယ်။

ကိုလှသောင်းတို့ ဂုန်းချိန်ရွာထဲ သွားလည်ရင်း၊ လက်ဖက်ရည်ဆိုင်ထဲ ဝင်လိုက်ကြတယ်။ အဲဒီမှာ မမျှော်လင့်ဘဲ ကိုစောဦးနဲ့၊ ကိုညွန့်ဝေတို့ကို သွားတွေ့တယ်။ သူတို့ ဒီရွာကို ရောက်နေတာ သုံးရက်ရှိသွားပြီဖြစ်ကြောင်း၊ စစ်တပ်က အိမ်တစ်အိမ်ရှာပေးထားကြောင်း၊ သူတို့နဲ့အတူတူ လာနေရန် ခေါ်ကြတယ်။ ဒါကြောင့် ဌာနာပိုင်ကို အကျိုးအကြောင်းပြောပြပြီး ကိုလှသောင်းတို့ပါ ကိုစောဦးတို့နဲ့အတူ လိုက်နေကြတယ်။ သုံးရက်ခန့်အကြာမှာ စစ်တပ်က အရာရှိတွေနဲ့အတူ ရဲဌာနာပိုင်ဟာ ရဲဘော်လေးဦး နေထိုင်တဲ့အိမ်ဆီ ရောက်လာကြတယ်။ စစ်တွေသွားရမယ့်အကြောင်း ပြောပြတယ်။ ညနေပိုင်းမှာ ကားနဲ့ လာခေါ်ပါတယ်။ ကျောက်ဖြူကို ပြန်သွားကြရတယ်။ ကျောက်ဖြူက မဟာမိတ် ဗုံးဒဏ်ကြောင့် မြို့ဟာ လုံးလုံး ပျက်စီးနေတာ တွေ့ရပါတယ်။ စစ်သုံ့ပန်းတွေ ထားတဲ့ စခန်းမှာ ညအိပ်ကြတယ်။

မနက်စောစောထပြီး စစ်ရေယာဉ်ရှိရာဆီကို သွားကြတယ်။ စစ်သုံ့ပန်း စခန်းက ဂျပန်စစ်ဗိုလ် နှစ်ဦးလဲ အတူပါလာပါတယ်။ ဂျပန်စစ်ဗိုလ်နှစ်ဦးကို စောင့်ရှောက်ထိန်းသိမ်းဖို့ ကပ္ပလီစစ်သား ငါးဦးလဲ တစ်ပါတည်း လိုက်ပါလာတယ်။ ရေယာဉ်ပေါ် အရောက်မှာ ကိုလှသောင်းတို့ ရဲဘော်လေးဦးကို ကပ္ပလီစစ်သား ငါးယောက်နဲ့ မိတ်ဆက်ပေးပါတယ်။ စစ်တွေရောက်ရင် သူတို့က ကိုလှသောင်းတို့ သွားရမယ့် နေရာဆီ တာဝန်ယူ ပို့ပေးရပါမယ်။ စစ်ရေယာဉ်ဟာ နေထန်းတစ်ဖျားလောက်မှာ စထွက်တယ်။ ကုလားစစ်သား (၂၀၀) ခန့်လဲ သူတို့နဲ့ တစ်ပါတည်း ပါသွားတယ်။ ညနေပိုင်းမှာ စစ်တွေ ဆိပ်ကမ်းကို ဆိုက်ကပ်ခဲ့တယ်။

မျက်နှာဖြူစစ်သား၊ မျက်နှာမည်းစစ်သားတွေဟာ ဂျပန်သုံ့ပန်း နှစ်ဦးကို အထူးအဆန်းအဖြစ် လာရောက်ကြည့်ရှုကြတယ်။ ကုန်းပေါ်ရောက်တဲ့အထိ ဝိုင်းအုံကြည့်နေကြတော့ ကပ္ပလီစစ်သားတို့က မျက်စိနောက်လာတယ်။ အော်ဟစ်လမ်းရှင်းပစ်ကြရတယ်။ ဂျပန်နှစ်ဦး၊ ကပ္ပလီ ငါးဦးနဲ့ ကိုလှသောင်းတို့

တိုင်းရင်းသားလေးဦးတို့ဟာ အသင့်စောင့်နေတဲ့ ကားပေါ် အတူတက်ကြတယ်။ စစ်တွေမြို့ဟာလဲ ကျောက်ဖြူလိုပဲ ပြာပုံဘဝ ရောက်နေပါတယ်။ ကားထွက်လို့ နာရီဝက်ခန့် မောင်းမိရင်ပဲ တပ်စခန်း တစ်ခုဆီ ရောက်ပါတယ်။ ကားရပ်လိုက်တယ်ဆိုရင်ပဲ "ကိုလွန်း၊ ကိုညွန့်ဝေ၊ ကိုစောဦး၊ ကိုဘိုးနွယ်တို့ အားလုံးပါကြသလား" လို့ ဗမာစကားပီပီသသနဲ့ မေးသံကို ကြားကြရတယ်။ ရဲဘော်တွေလဲ ပြန်ဖြေရင်း ကားပေါ်က အလျှိုလျှို ဆင်းကြပါတယ်။ ဂျပန်နဲ့ ကပ္ပလီစစ်သားတွေကို လက်ပြနှုတ်ဆက်ကြတယ်။ ကားက ခရီးဆက်သွားပါတယ်။

ရဲဘော်လေးဦးဟာ လာကြိုသူနဲ့အတူ လိုက်သွားကြတယ်။ လာကြိုသူက ကပ္ပတိန်အန်ဂါးပါ။ သူက သန်လျင်ဘိအိုစီမှာ အလုပ် လုပ်ခဲ့သူပေါ့။ အင်္ဂလိပ်-မြန်မာကပြားပါ။ တပ်တွင်းရှိ ရွက်ထည်တဲ တစ်လုံးမှာ နေရာချထားပေးတယ်။ တဲထဲမှာ ရွက်ထည်ခုတင်လေးလုံးနဲ့ စားပွဲနှစ်လုံးရှိတယ်။ ကပ္ပတိန်က ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကို မေးတယ်။ "သိပ်တော်တဲ့ပုဂ္ဂိုလ်ပဲ"လို့ ချီးကျူးတယ်။ သူနဲ့ တစ်မြို့ထဲနေဖူးတဲ့ သခင်လှမြိုင် (ဗိုလ်ရန်အောင်) ကိုလဲ မေးသေးတယ်။ လွတ်လွတ်လပ်လပ် နေကြဖို့နဲ့ လိုတာကို ပြောဖို့ မှာကြားပါတယ်။ ကလ္လကတ္တားသွားမယ့် လေယာဉ်ကို တစ်ပတ်ကျော်ခန့် စောင့်ရလိမ့်ဦးမယ်လို့လဲ ပြောပြတယ်။ ကပ္ပတိန် အန်ဂါးက သူ့ဟာသူ တခြားနေတယ်။

(၁၀) ရက်ခန့်အကြာမှာ လေယာဉ်ရောက်လာတယ်။ ကိုဘိုးနွယ်ကတော့ လွန်ခဲ့တဲ့ ငါးရက်ခန့်လောက်ကပဲ၊ လေယာဉ်ကြုံတာနဲ့ ရမ်းဗြဲကို ပြန်သွားနှင့်ပြီ ဖြစ်ပါတယ်။ ရဲဘော်သုံးဦးဟာ ကပ္ပတိန် အန်ဂါးနဲ့အတူ ခရီးထွက်ကြတယ်။ ကလ္လကတ္တားရှိ ဒမ်ဒမ်လေဆိပ်ရောက်ပြီးနောက်၊ မြို့တွင်းရှိ ကပ္ပတိန်အန်ဂါးရဲ့ နေအိမ်မှာ တည်းခိုကြတယ်။

နောက်တစ်နေ့မှာ လေတပ်စခန်းကို သွားကြတယ်။ ဖျာပုံမြေပုံကို ဖြန့်တယ်။ ဂျပန်စစ်တပ်တွေ ရှိတဲ့နေရာတွေကို သိချင်ပါတယ်ဆိုလို့ ကိုလှသောင်းတို့ ခဲတံနဲ့ ကြက်ခြေခတ်ပြပေးတယ်။ လေတပ်စခန်းက အိမ်ပြန်အရောက်မှာ ကပ္ပတိန် အန်ဂါးရဲ့ ဇနီးက ရှောက်သီးသုပ်၊ လက်ဖက်သုပ်တို့နဲ့ ဧည့်ခံပါတယ်။ တော်တော်ခံတွင်းတွေ့ကြတယ်။ ကပ္ပတိန်၏ ဇနီးက အင်္ဂလိပ်-မြန်မာကပြားပါ။ သူမဟာ မြန်မာဆန်တယ်။ မြန်မာလိုပဲ ဆင်ယင်ဝတ်စားတယ်။ စေတနာရှိတယ်။ ဖော်ဖော်ရွေရွေလဲ ရှိပါတယ်။

ဘုံရိပ်သာသို့

နောက်သုံးရက်လောက်ကြာတော့ ဖို့ဒ် ၁၃၆ တပ်ဖွဲ့က လွှတ်လိုက်တဲ့ ဂျစ်ကားနဲ့ ရဲဘော်သုံးဦးဟာ ကိုသိန်းဖေနဲ့ ရဲဘော်တွေနေတဲ့ ဆန်းဒေးဗီလာ (တနင်္ဂနွေဂေဟာ) ကို ရောက်ကြတယ်။

စခန်းမှာ ဆရာတော် ဦးပညာသီဟ၊ ကိုကြာလှအောင်၊ ကိုသာကျော် (ယခု ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဟောင်း)၊ ကိုမောင်ကလေး (စစ်ရဲတပ်ဗိုလ်ဟောင်း)၊ ကိုအုန်းမောင်(ဖျာပုံ)၊ ကိုတင်မောင် (တောခိုဗကပဗန်းမော်ဖေသောင်း)၊ ကိုကံညွန့် (ကချင်ပြည်နယ် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဟောင်း) ဗိုလ်ထွန်းညွန့် (ကွယ်လွန်)၊ ကိုဘသောင်း (ယခု သွင်းကုန်ထုတ်ကုန် ကော်ပိုရေးရှင်း)၊ ကိုစိုးမောင် (ကွယ်လွန်သူ–တောခို ဗကပ "ကာနယ်" ချစ်မောင်)၊ မန်းဝင်းမောင် (နိုင်ငံတော်သမ္မတဟောင်း)၊ ကိုစံတင့်၊ (ရှမ်းပြည်စံတင့် ဆန်းဒေးဗီလာမှာ တစ်ဦးတည်းသော အမျိုးသမီးရဲဘော်မ မမြရီ၊ (သခင်တင်ရွှေရဲ့ ဇနီး၊ ယခု ကျောက်ဆည်မြို့ ကျောင်းဆရာမကြီး) စတဲ့ ရဲဘော်တွေကို တွေ့ကြပါတယ်။

တနင်္ဂနွေဂေဟာမှာ ရှိနေတုန်းအတွင်း အမိနိုင်ငံကို လေထီးနဲ့ ဆင်းဖို့ ထွက်ခွာသွားကြတဲ့ ကိုစောဦး၊ ကိုဘသိန်းနဲ့၊ သခင်ဗိုလ်တို့ဟာ ဂျက်ဆိုလေယာဉ် ကွင်းက လေယာဉ်အတက် မီးလောင်ပျက်ကျရာ ကွယ်လွန်သွားကြတဲ့အတွက် ရဲဘော်အားလုံး ယူကျုံးမရ ဖြစ်ကြရတယ်။

ကျောက်ဆည်သခင်တင်ရွှေ မြန်မာပြည်က ပြန်ရောက်လာပါတယ်။ သတင်းဝိုင်းမေးကြတယ်။ မြန်မာပြည်က သတင်းတွေကြားရတော့ ပျော်စရာ။ ရဲဘော်တိုင်း ဝမ်းသာအားရ ဖြစ်ကြတယ်။ ပျော်လို့မဆုံးကြဘူး။

မန်းနေပြည်တော်သို့

၁၉၄၅ ခုနှစ်၊ ဧပြီလ (၁၃) ရက်နေ့မှာ၊ ကိုထွန်းလှ (ဗန်းမော်တောခိုအလံနီကျဆုံး)၊ ကိုကျော်သန်း (တောခိုအလံနီ၊ရဲနီစံညွန့် – ကျဆုံး) ကိုကျော်ရင် (ကွယ်လွန်၊ မန္တလေး ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ ပါမောက္ခချုပ်)နဲ့ ကိုလှသောင်းတို့ဟာ မုံရွာကို လေယာဉ်နဲ့ ထွက်ခွာကြတယ်။ သူတို့က အင်္ဂလိပ်တပ်တွေနဲ့ မျိုးချစ်တပ်မတော်က တပ်တွေကို ဆက်သွယ်ပေးရေး တာဝန်ကို ထမ်းဆောင်ဖို့ပါ။ ဒါပေမယ့် ဒီတာဝန်ဟာ နာမည်ခံရုံလောက်သာ

ဖြစ်ပါတယ်။ ဒီလုပ်ငန်းနဲ့ ပတ်သက်လို့ အင်္ဂလိပ်စစ်အရာရှိတွေက ဘာမှ လုပ်ပိုင်ခွင့် မပြုခဲ့ဘူး။

တကယ်လုပ်ရတဲ့ တာဝန်ဟာ ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့တွေ ဖွဲ့စည်းရေးအတွက်ရောက်ရာအရပ်မှာ ရဲဘော်တွေနဲ့ တွေ့ဆုံဆွေးနွေးဖို့ပဲ ဖြစ်တယ်။ ခရီးထွက်ခါနီးမှာ ကိုသိန်းဖေက တာဝန်ပေးလိုက်တဲ့အတိုင်း လုပ်ကြတာပါ။

မုံရွာကို ရောက်တဲ့အချိန်ဟာ ရေနံချောင်းက ဂျပန်တွေ ဆုတ်သွားပြီလို့ သတင်းကြားရတဲ့အချိန် ဖြစ်တယ်။ မုံရွာဟာ မြို့ပျက်ကြီး ဖြစ်နေတယ်။ ရဲဘော်လေးဦးဟာ ဘုန်းကြီးကျောင်း တစ်ကျောင်းမှာ စခန်းချထားတဲ့ အင်္ဂလိပ်တပ်တစ်တပ်နဲ့အတူ နေကြရပါတယ်။

မုံရွာမှာရှိနေတဲ့အတွင်းမှာ ကိုဌေး (ဗကက–ကွယ်လွန်)တို့နဲ့ တွေ့တယ်။ လက်လှမ်းမီရာအရပ်တွေမှာ ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့တွေ (နောင်အခါ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ ဖဆပလ) ဖွဲ့ရေးအတွက် စည်းရုံးလှုပ်ရှားဖို့ ဆွေးနွေးခဲ့ကြတယ်။

(၁၀) ရက်လောက်အကြာမှာ မိတ္ထီလာမြို့ကို တပ်ရွှေ့သွားပါတယ်။ တပ်နဲ့အတူပဲ ကိုလှသောင်းတို့ လိုက်ပါကြရတယ်။ ဆီမီးခုံမှာစခန်းချအိပ်နားကြတယ်။ နောက်တစ်နေ့မှာ မိတ္ထီလာမြို့ကို ရောက်တယ်။ မိတ္ထီလာကန်ဘေးမှာ ရွက်ထည်တဲထိုးပြီး တပ်တွင်းမှာပဲ နေကြရတယ်။ ကန်မရှာ သခင်ရွှေအုပ်အိမ် သွားလည်ကြတယ်။ ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့တွေ ဖွဲ့စည်းဖို့သခင်ရွှေအုပ်နဲ့ ဆွေးနွေးခဲ့ကြတယ်။

မေလ (၁) ရက်နေ့က ရန်ကုန်ကျသွားပြီ ဖြစ်တဲ့အတွက် မိမိတို့ တပ်နဲ့ လိုက်ပါရန် မလိုတော့ကြောင်း၊ အင်္ဂလိပ်ကာနယ်က ရဲဘော်လှသောင်းတို့ကို ပြောကြားတယ်။ ရဲဘော်တို့က ခေါင်းညိတ်လိုက်ကြတယ်။ ခါးမှ ပစ္စတိုသေနတ်တွေကို ပြန်အပ်လိုက်ကြပါတော့တယ်။ မန္တလေးကို သွားလိုကြောင်း ပြောပြတယ်။ ကာနယ်က ပို့ပေးမယ်လို့ ပြောတယ်။

နောက်တစ်နေ့မှာ မိတ္ထီလာက မန္တလေးကို ရောက်တယ်၊ မန္တလေး ပိုက်ကျိုးရပ်က ဘုံရိပ်သာမှာ မြန်မာပြည် ကွန်မြူနစ်ပါတီက ရဲဘော်တွေ စခန်းဖွင့်ပြီး နေကြတယ်။ ပိုက်ကျိုးစခန်းမှာ အဲဒီက ရဲဘော်တွေနဲ့အတူ ပူးပေါင်းနေလိုက်တယ်။ ကိုညွန့်အောင် (ယခု လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်း)ကို ထူး (ယခု ရုပ်ရှင်လုပ်ငန်းကော်ပိုရေးရှင်း ဦးကျော်သန်း)၊ကိုတင်ဦး

သခု အငြိမ်းစားဗိုလ်မှူးကြီး) ရဲဘော်မ အမာ၊ ရဲဘော်မ မကြည်ကြည် (ယခု နှံသွယ်ရေးကော်ပိုရေးရှင်း ၅၊ ဦးဘိုသိန်းရဲ့ဇနီး)၊ ရဲဘော် မခင်ပြုံး၊ ရဲဘော် ဘောင်လှ စတဲ့ ရဲဘော် ရဲဘော်မများ ပိုက်ကျိုး ဘုံရိပ်သာမှာ ရှိနေကြတယ်။

မန္တလေးမှာ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့၊ တပလ) ဖွဲ့စည်းရေးအတွက် စိုင်းပြင်းကြတယ်။ ကိုကျော်ရင်၊ ကိုကျော်သန်း၊ သွန်းလှနဲ့ ကိုလှသောင်းတို့ဟာ ဘုံရိပ်သာမှာရှိတဲ့ ရဲဘော်တွေနဲ့ ဆွေးနွေး ိုင်ပင်ကြတယ်။ နောက် စည်းရုံးဖွဲ့စည်းရေးလုပ်ငန်းများကို စကြတယ်။

မန္တလေးမြို့ပေါ်ရှိ ပုဂ္ဂိုလ်တွေဆီ ချဉ်းကပ်ဆွေးနွေးကြတယ်။ ဒီအချိန် မန္တလေးမြို့ အပါအဝင် အထက်မြန်မာပြည်ရှိ မြို့တွေမှာ ဗြိတိသျှစစ်တပ်နဲ့ ပါလာတဲ့ ကက်စ်ဘီအဖွဲ့က မြို့ပြရပ်ရွာ အုပ်ချုပ်ရေးအာဏာကို င်ထားတယ်။

မန္တလေးမှာ နိုင်ငံရေးသမားအချို့ ဖမ်းဆီးခံရကြတယ်။ အချို့က မ်းရှောင်နေကြတယ်။ အချို့က နိုင်ငံရေး ဆက်မလုပ်တော့ဘဲ ဣန္ဒြေရရ င်နေလိုကြတယ်။ ဒါကြောင့် ဖ၊ တ၊ ပ၊ လ စည်းရုံးဖွဲ့စည်းရေး လုပ်ငန်း ွကို ကိုလှသောင်းတို့ တစ်တွေက အချိန်အတော်ယူ လုပ်ကြရတယ်။ ာက်ဆုံးမှာ အထက်မြန်မာပြည် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး ဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့တယ်။

ဥက္ကဋ္ဌအဖြစ် ဆရာကြီး ဦးရာဇတ်၊ အတွင်းရေးမှူးအဖြစ် လူထုဦးလှ၊ က်အတွင်းရေးမှူးအဖြစ် ကိုကျော်သန်းတို့ ပါဝင်ဆောင်ရွက်ကြတယ်။ နောက် ကိုကျော်ရင်နဲ့ ကိုလှသောင်းတို့အတွက် ရန်ကုန်ကို ဆင်းဖို့ းကြုံရှာကြတယ်။ လူထုဦးလှနဲ့ ဒေါ်အမာတို့ရဲ့ အကူအညီနဲ့ ရန်ကုန်ဆင်းမယ့် းတစ်စီးကို တွေ့ရတယ်။ ဒါပေမယ့် ကားက မထွက်ဖြစ်ဘေ ့ပါ။ ်မောကြရတယ်။ ရန်ကုန်ကားကြုံမရှိပေမယ့် ကိုလှသောင်းက အချိန်ကို လဟာသ မဖြစ်စေဘူး။ ဘုံရိပ်သာမှာရှိတဲ့ ရဲဘော်အချို့နဲ့ နိုင်ငံရေးဆွေးနွေးပွဲ ွ မပြတ်အောင် လုပ်ပေးနေပါတယ်။

ရန်ကုန်ဆင်းဖို့ ကားမကြုံပေမယ့်၊ လှေကြုံနဲ့ ကိုလှသောင်း လိုက်သွားရ ာယ်။ ရေစကြိုမြို့မှာ ဆင်းတယ်။ ရေစကြိုမှာ ကိုမော်တင် (တောခိုအလံနီ ဆုံး)တို့နဲ့ ဖ–တ–ပ–လ၊ စည်းရုံးရေးအတွက် ဆွေးနွေးကြတယ်။ ဒီနောက် က္ကူမြို့ကို ကိုမော်တင်နဲ့အတူ မြင်းလှည်းစီးပြီး သွားကြတယ်။ ပခုက္ကူမြို့မှာ

ကိုစိန်ဝင်း (ယခု ကုန်သွယ်ရေးကော်ပိုရေးရှင်း- ၂၀)တို့အိမ်မှာ တည်းခိုကြတယ်။ ဖ-တ-ပ-လ၊ ဖွဲ့စည်းရေးအတွက် လူငယ်တွေနဲ့ရော၊ နိုင်ငံရေးသမားဟောင်း လူကြီးတွေနဲ့ပါ၊ ဆွေးနွေးကြတယ်။ နိုင်ငံရေးသမားဟောင်းကြီးတွေက ကက်စ်ဘီရန်ကို ကြောက်ရွံ့နေဟန် တူတယ်။ လူငယ်ပိုင်းက ကိုစိန်ဝင်း ကိုစိန်လှအောင်တို့ တက်တက်ကြွကြွ ပါဝင်စည်းရုံး လှုပ်ရှားကြတယ်။

ဖ-တ-ပ-လ ဖွဲ့စည်းဖို့ ရက်သတ်မှတ်လိုက်ပြီးချိန်မှာ ကိုမော်တင် ကိုတင်ဖေ (စာရေးဆရာအောင်လင်း)နဲ့ ကိုလှသောင်းတို့၊ လှေကြုံနဲ့ စုန်ကြပြ တယ်။ လေရွက်ကို သုံးမရတဲ့အတွက်၊ ရေရွက်နဲ့သာ ဧရာဝတီမြစ်ကြောင်း အတိုင်း စုန်ဆင်းခဲ့ကြတယ်။ ညောင်ဦး၊ မြင်းခြံ၊ ရေနံချောင်း စတဲ့ မြို့တွေမှာ ညအိပ်နားကြတယ်။ ဒီမြို့တွေမှာ ဖ-တ-ပ-လ၊ ဖွဲ့စည်းရေးအတွက် မြို့ခ ရဲဘော်တွေနဲ့ ဆွေးနွေးခဲ့ကြတယ်။

နောက်ဆုံးမှာ လှေကြုံနဲ့ ရွှေတောင်မြို့ထိ ရောက်ခဲ့ပါတယ်။ ရွှေတောင် မြို့မှာ ဖ-တ-ပ-လ ဖွဲ့စည်းရေးအတွက် ဆွေးနွေးစရာမလိုတော့ဘူး၊ ဖွဲ့စည်းပြီး ဖြစ်နေပြီ။ အဖွဲ့ခေါင်းဆောင်များ နယ်ဆင်းနေကြလို့ ရုံးစောင့်လူငယ်တစ်ဦးကို သာ တွေ့ခဲ့ရတယ်။ ကိုလှသောင်းတို့ ဖ-တ-ပ-လ အဖွဲ့ရုံးမှာပဲ တည်းခိုကြ တယ်။ နံနက်စောစောထပြီး ကားကြုံရှာကြတယ်။

ပွဲရုံတစ်ရုံရှေ့မှာ ကုန်တင်ကားတစ်စီးကို တွေ့ကြတယ်။ ကြက်သွန်များ ရိုင်ပတ်နဲ့ ကားပေါ်မှာ အပြည့်တင်ထားတယ်။ ကြက်သွန်ပုံဟာ ကားခေါင်မိုး တစ်တောင့်ထွာသာသာပင် လွတ်နေတယ်။ ကျသင့်တဲ့အခကို ပေးပါမယ်လို့ ဆိုပေမယ့် ကုန်တင်ကားဆရာတို့က ခရီးသည်မတင်လိုကြောင်း ပြောကြတယ်။ ကိုလှသောင်းတို့အဖွဲ့ ရုံးကိုပြန်ရောက်ကြတယ်။ ရုံးစောင့်လူငယ်က နည်းလမ်း ပေးတယ်။ ဒါကြောင့် ကိုမော်တင်ဟာ ဖက်ဆစ်တော်လှန်ရေးရဲဘော်များ အသုံးပြုတဲ့ အနီခံရွှေပြည်ယံလက်ပတ်နှစ်ခုကို သူ့လွယ်အိတ်ထဲက ထုတ်ယူလိုက် တယ်။ ဖက်ဆစ်တော်လှန်ရေးအတွင်းက သူနဲ့ သူ့ရဲဘော်တွေ သုံးစွဲခဲ့တဲ့ လက်ပတ်များထဲက လိုလိုမယ်မယ် နှစ်ခုယူလာခဲ့ခြင်း ဖြစ်တယ်။

ကိုလှသောင်းက သူ့စစ်ယူနီဖောင်းကို ထုတ်ဝတ်တယ်။ ကိုမော်တင်က လက်ပတ်ကို ကိုလှသောင်းရဲ့ လက်မောင်းမှာ ပတ်ပေးလိုက်တယ်။ ကိုမော်တင် လက်မောင်းမှာလဲ ပတ်ထားလိုက်တယ်။ ဒါပေမယ့် ကိုမော်တင် ဘောင်းဘီမပါဘူး လုံချည်နဲ့သာ ဖြစ်တယ်။

နောက်တစ်ခေါက် ကြက်သွန်ကားဆီသွားကြတယ်၊ ကားဆရာတို့က လိုလိုချင်ချင် သူတို့ကားနဲ့လိုက်ဖို့ ခေါ်ကြတယ်။ ကားခပေးတာကိုတောင် မယူဘူး။ လက်ဖက်ရည်တောင် သူတို့က ဖိတ်ခေါ်တိုက်လိုက်သေး။ ကိုလှသောင်းတို့တတွေ မကြာခင် ထွက်တော့မယ့် ကားပေါ်ကို တက်ကြတယ်။ သုံးဦးစလုံးဟာ ကြက်သွန်ပုံပေါ် ထိုင်လို့မရတဲ့အတွက်၊ ပက်လက်လှန်နေလိုက်ကြရတယ်။ နောက် ကားနောက်ပိတ်ဖွင့်ချသံ ကြားရတယ်။ ကားတောင်တသိမ့်သိမ့် တုန်သွားလောက်အောင် လေးလံတဲ့ ပစ္စည်းတွေကို ထပ်တင်တယ်လို့ပဲ အမှတ်မထင် နေလိုက်တယ်။

ကုန်တွေတင်ပြီးတဲ့နောက်၊ ကုန်တင်ကားဟာ တအိအိမောင်းထွက်ပါတော့တယ်။ ပေါင်းတည်မြို့ကိုဝင်တော့မယ့် အချိန်မှာ အရှိန်ကို ရပ်လိုက်တယ်။ ကားမောင်းသူဘေးမှ လိုက်ပါလာတဲ့ ကားဆရာဟာ ကားပေါ်က ဆင်းလိုက်တယ်။ ကိုမော်တင်နဲ့ ကိုလှသောင်းတို့ကို ကားခေါင်မိုးပေါ်ဆီ၊ ကုန်းထွက်ပြီး ကားအမိုးပေါ်မှာ ခေတ္တခဏ ထိုင်လိုက်ခဲ့ပေးပါလို့ မေတ္တာရပ်ခံလိုက်တယ်။

ကိုလှသောင်းတို့ကလဲ၊ ဘုမသိ ဘမသိနဲ့ဘဲ၊ တောင်းဆိုတဲ့အတိုင်း လိုက်လျောလိုက်ကြတယ်။ ကားဆရာ ကားပေါ်ပြန်အတက်မှာ ကားကို ဖြည်းဖြည်းမောင်းပြီး မြို့ထဲဝင်လာတယ်။ ပြီး မြို့ကိုဖြတ်တယ်။ မြို့ကတန်းထွက်တယ်။ နောက်ကားကို ရပ်လိုက်တယ်။ အထဲကို ပြန်ဝင်လိုရင်ဝင်ကြဖို့ ကားဆရာက ပြောလာပြန်တယ်။ ကြက်သွန်နံ့မခံနိုင်တဲ့အတွက် ကိုလှသောင်းတို့က ခေါင်မိုးပေါ်ကပဲ လေကောင်းလေသန့် ရှူရင်း လိုက်ပါလာကြတယ်။

သူတို့နှစ်ဦးဟာ နတ္တလင်း၊ ဇီးကုန်း၊ ကြို့ပင်ကောက်အထိ၊ ခေါင်မိုးပေါ်က ထိုင်လိုက်လာကြတယ်။ သူတို့နှစ်ဦးက ခေါင်မိုးပေါ်က လိုက်ရတာကို သဘောကျနေသေးတယ်။ ကိုတင်ပေဟာကြက်သွန်ပုံပေါ်မှာပက်လက်လှန်ကာ မှိန်းနေပါတယ်။

ဒီလိုနဲ့ သာယာဝတီကို ဖြတ်ကျော်ခဲ့ပြီး၊ သုံးဆယ်အရောက်မှာ နားကြပြန်တယ်။ မုန့်၊ လက်ဖက်ရည်တို့ စားသောက်ပြန်တယ်။ ကားဆရာတို့ကပဲ ဧည့်ခံကြပြန်တယ်။ ဒီနောက် ကားပြန်ထွက်ပါတယ်။ ဥက္ကံ၊ တိုက်ကြီး၊

မှော်ဘီ တို့ကို ကျော်ခဲ့ပြန်တယ်။ ထောက်ကြန့်မှာ လက်ဖက်ရည်သောက်ကြပြန်တယ်။

"ရဲဘော်တို့ ညောင်းကြရောပေါ့၊ ခါးလေးဘာလေး ဆန့်ကြပါဦးလား" ကားဆရာကြီးက တိုက်တွန်းလိုက်ပါတယ်။ ရဲဘော်နှစ်ဦးဟာတစ်ရေးတစ်မော အိပ်ဖို့ ကြက်သွန်ပုံပေါ် ပြန်ရွေ့နေလိုက်ကြတယ်။ ကားထွက်ပြီး တအောင့် လောက်ကျတော့ အိပ်လိုက်ကြတယ်။ ကမာရွတ်ရောက်မှပဲ နိုးလာကြတယ်။ ကားဆရာကြီးဟာ ကြိုတင်မှာထားတဲ့အတိုင်း ဗားကရာလမ်း၊ စမ်းချောင်းဈေး အနီးရှိ ကွန်မြူနစ်ပါတီရုံးအရောက်၊ မောင်းပို့တယ်။ ကားဆရာတွေ သဘော ကောင်းကြသားလို့ မှတ်ချက်ချမိလိုက်ကြတယ်။

ကိုလှသောင်းတို့ ကားပေါ်မှဆင်းကြတယ်။ ကားဆရာကြီးက လက်ပြ နှုတ်ဆက်တယ်။ ကားထွက်သွားချေပြီ။

ရဲဘော်တို့ ဘယ်ကလာတာလဲလို့ လက်ဖက်ရည်ဆိုင်ရှိ လူတစ်ယောက် က စပ်စုလိုက်တယ်။ ကိုတင်ဖေက ပြန်ဖြေလိုက်တယ်။ လူစိမ်းက ကိုလှသောင်း တို့ လက်မောင်းက လက်ပတ်ကို မျက်စိကစားလိုက်တယ်။

ပြီးမှ "ရေနံဆီက ဒီမှာသိပ်ဈေးကောင်းနေတယ်။ ဒီရောက်အောင် ကားနဲ့သယ်လာနိုင်တာ ရဲဘော်တို့ကျေးဇူးကြောင့်ပဲ ဖြစ်ရမယ်"လို့ သူက ဆိုလိုက်ပြန်သေးတယ်။ ကိုလှသောင်းတို့ ဖြန့်ချထားတဲ့ ကားနောက်ပိတ်ပေါ်မှာ ပါလာတဲ့ ရေနံဆီ ပီပါသုံးလုံးရဲ့အကြောင်း အဲဒီတော့မှပဲ သဘောပေါက်တော့ တယ်။ ကိုလှသောင်းတို့ ရဲဘော်တစ်စုဟာ ၁၉၄၅ ခုနှစ် မှောင်ခိုသမားရဲ့ ခုတုံးလုပ်ခြင်းကို လှလှကြီး ခံလိုက်ရပါကလားလို့ ဆိုပြီး ပြုံးမိပါတော့တယ်။

* * * *

ရဲဘော်လှသောင်း။ ။ ဖျာပုံမြို့၊ အဖဦးယော၊အမိ ဒေါ်စိန်ညွန့်တို့မှ ၁၉၁၇ ခုနှစ်တွင် မွေးဖွားတယ်။ ရန်ကုန်တက္ကသိုလ်မှာ ဥပစာတန်းအောင်ခဲ့ပြီး ပညာတစ်ပိုင်းတစ်စနဲ့ ကျောင်းကထွက်ပြီး ၁၉၃၇ ခုနှစ်မှာ တို့ဗမာအစည်းအရုံးဝင် သခင်တစ်ယောက် ဖြစ်လာခဲ့ပါတယ်။ ဖျာပုံခရိုင် အာရှလူငယ်စည်းရုံးရေးမှူးအဖြစ် ဆောင်ရွက်ရင်း လုပ်ငန်းတွေအတွက် ဖျာပုံခရိုင်အတွင်းမှာ၊ စည်းရုံးလှုပ်ရှားခဲ့တယ်။ ဂျပန်တော်လှန်ရေးပြီးတော့ ဒေါ်လှတင်နဲ့ အိမ်ထောင်ကျခဲ့ပါတယ်။ အခု သား၊ သမီး ၅ ယောက် ရှိပါတယ်။ ယခင်မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီဌာနချုပ်၊ သုတေသနဌာနမှာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

(သခင်လှသောင်းနဲ့ ၁၉၇၅ ခု နှစ်ဦးပိုင်းမှ တွေ့ဆုံမေးမြန်း အကူအညီတောင်းရာမှ၊ အထက်ပါ သူ့ရဲ့ဂျပန်ခေတ် လေထီးသမားဘဝကို ရရှိခဲ့ပါတယ်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီမှ အနားယူပြီး မိသားစုနဲ့အတူနေစဉ် မျက်စိကွယ်သွားခဲ့ရပါတယ်။ ယခုတော့ ကွယ်လွန်သွားရှာပါပြီ။

(စာရေးသူ)
၁၉၉၈ ခုနှစ်

## ၉။ ရဲဘော်ဘသောင်း

ကိုဘသောင်း တတိယပတ် မင်္ဂလာဒုံစစ်တက္ကသိုလ်ကနေ ဗိုလ်မှူးဗထူး (အနောက်မြောက်တိုင်းမှူး မန္တလေး) စခန်းကို ဘယ်ပုံဘယ်နည်းရောက်လာတယ်။ နောက် မန္တလေးမှာ ဘယ်သူနဲ့ဘာသင်တန်းတွေ ယူခဲ့တယ်။ နောက်ပြီး ကသာမြို့နယ် အင်းရွာကို ဘယ်ပုံဘယ်နည်းရောက်ခဲ့တယ်ဆိုတဲ့ခရီးစဉ်ကိုတော့ အမေရိကန် ၁၀၁ (ဝမ်းအိုဝမ်း) တပ်ဖွဲ့နဲ့ ဆက်သွယ်ဆောင်ရွက်တဲ့ ဖက်ဆစ်ဆန့်ကျင်ရေး၊ မြေအောက်တော်လှန်ရေးအဖွဲ့ဝင် ရဲဘော် ကျော်ဝင်းမောင် (စာရေးသူ)ရဲ့အခန်းမှာ ဖော်ပြပြီးဖြစ်ပါတယ်။

ပြီးတော့ အင်းရွာကနေ ကလ္လကတ္တားမြို့ရှိ ဘေဟာလာဘုံရိပ်သာအထိသွားတဲ့ ခရီးစဉ်ကို ရဲဘော်ထွန်းညွန့်အခန်းမှာ ဖော်ပြပြီးဖြစ်ပါတယ်။ ပြီးတော့ အိန္ဒိယရောက်တဲ့အခါ ဘယ်စခန်းမှာ ဘယ်လိုစစ်ပညာတွေသင်ရတယ်၊ ဘယ်လေယာဉ်ကွင်းမှာ လေထီးသင်တန်းကို ဘယ်လိုသင်ကြားရတယ်ဆိုတာတွေကို ရဲဘော်ချစ်ကောင်း၊ ရဲဘော် စံတင့်နဲ့ အခြားရဲဘော်တွေရဲ့အခန်းမှာ ဖော်ပြပြီးဖြစ်တာကြောင့် ဒီမှာ ထပ်မံဖော်ပြမနေပါဘူး။ မြန်မာပြည်ကို လေထီးနဲ့ဆင်းဖို့ စီစဉ်တဲ့အခန်းကိုသာ အဓိကထားဖော်ပြသွားပါရစေ။ (စာရေးသူ)

* * *

ကိုဘသောင်း ကလ္လကတ္တားရောက်ပြီး အရှေ့အာရှကျောင်းလို့ ခေါ်တဲ့ ကျောင်းကို တောက်လျှောက် တက်ရတယ်။ ဒီကျောင်းက ဝယ်လင်တန်တံတား အနီးရှိ မဟာရာဂျာပိုင်ခြံမှာ ဖြစ်တယ်။ ဒီမှာ သခင်ဗိုလ်တို့တစ်တွေနဲ့ အတူ ခဲလက်နက်ပစ္စည်းသင်တန်းတွေ တက်ရောက်သင်ကြားရတယ်။ ဒီလိုသင်တန်း တက်နေတုန်း နေထိုင်မကောင်းဖြစ်တဲ့အတွက် ဆေးရုံတက် လိုက်ရတယ်။

ဒီကျောင်းက သင်တန်းဆင်းပြီးရင် ကိုဘသောင်းဟာ ကိုထွန်းညွှန့်နဲ့ အတူ မြန်မာပြည်ကို လေထီးနဲ့ဆင်းဖို့ အစီအစဉ်ရှိတယ်။ ဒါပေမယ့် ဆေးရုံတက်နေရတော့ ကျန်ရစ်ခဲ့တယ်။

ဆေးရုံကဆင်းတော့ ကိုဘသောင်းဟာ ဂျက်ဆိုလေယာဉ်ကွင်းမှာ လေထီးသင်တန်း သွားတက်ရပြန်တယ်။ (၃) ရက်နဲ့ အတတ်သင်ပေးတယ်။

သီဟိုဠ် "ကယနီ" အနီးရှိ အမ်(မ်)အီး တူးဖိုက် M.E 25 အရှေ့ဖျား အာရှရှိ သူလျှိုလုပ်ငန်းအတွက် သင်ပေးတဲ့ စခန်းဖြစ်တယ်။ ဒီကျောင်းမှာ နိုင်ငံစုံက လူမျိုးစုံလာပြီး ပညာသင်ကြတယ်။ ဒီမှာ (၂)လ သင်တန်း တက်ခဲ့ ရတယ်။

သင်တန်းတက်ပြီးတော့ ကိုဘသောင်းဟာ ကလ္လကတ္တားမှာရှိတဲ့ ချိုင်းနား တမ်းမ်ခေါ်တဲ့ တရုတ်စခန်းမှာ ခေတ္တနားနေတုန်း ကိုသိန်းဖေဆီပို့ပေးဖို့ တောင်းဆိုတယ်။ နောက်တစ်နေ့ကိုသိန်းဖေဆီ ပို့ပေးမယ်ဆိုပြီး စစ်ရုံးခေါ် သွားတယ်။ ကိုသိန်းဖေက တာဝန်ပေးတယ်လို့ပြောပြီး မြန်မာပြည်အလယ် ပိုင်း စစ်မျက်နှာ မိတ္ထီလာအနီးမှာ လေထီးနဲ့ဆင်းဖို့ လုပ်ငန်းရဲ့အသေးစိတ် ညွှန်ကြားချက်ကို ယူရတယ်။ နောက်တစ်နေ့မနက်မှာ လေထီးနဲ့ ဆင်းကြ ရတယ်။

ကိုဘသောင်းတို့အစုမှာ အဖွဲ့ဝင် ကိုးယောက်ပါတယ်။ ဦးစီးသူက အင်္ဂလိပ်ကာနယ်တစ်ယောက်ပါ။ ဗမာထဲကဆိုရင် ဗိုလ်ကြီး စိန်ထွန်းဆိုတဲ့ သူနဲ့ ကိုဘသောင်းပဲပါတယ်။ ကျန်တာ အင်္ဂလိပ်တွေပဲ။ ကိုဘသောင်းတို့ တာဝန်က ဖျက်ဆီးရန်နဲ့ ရေဝတီမြစ်ကို မြောင်မြို့တွင် ဖြတ်ကူးပြီးဖြစ်တဲ့ လမ်းကြောင်းကို ဖြတ်တောက်၊ မိတ္ထီလာကို စုလာနေတဲ့ ဂျပန်တွေရှိတဲ့ နေရာကို ထောက်လှမ်းပြီး ဗုံးကြဲတိုက်ခိုက်ဖို့ဖြစ်တယ်။ မမျှော်လင့်ဘဲ ဂျပန် တော်လှန်ရေးသမားတစ်ဦးနဲ့ အဆက်ရပါတယ်။ သူကတစ်ဆင့် သာစည် မီးရထားရုံပိုင်ကြီးနဲ့ အဆက်အသွယ်ရတယ်။ မီးရထားရုံပိုင်ကြီး အကူအညီနဲ့ ဂျပန်တွေရှိတဲ့နေရာတွေ၊ ဂျပန်စစ်လက်နက်ပစ္စည်း သိုလှောင်ထားတဲ့ နေရာ

တွေရဲ့ သတင်းကို ရယူပြီး အိန္ဒိယရှိ ဖို့ဒ် ၁၃၆ တပ်ဖွဲ့ကို သတင်းပေးပို့ခဲ့ပါတယ်။ မဟာမိတ်လေယာဉ်တွေက လာရောက်ဗုံးကြဲစက်သေနတ်နဲ့ ပစ်ကြပါတယ်။

အဲဒီကတိုက်ပွဲအပြီး ရွှေဘိုစစ်တကောင်းဘက် လေယာဉ်နဲ့လှည့်ပြီး ကလ္လကတ္တားကို ပြန်ရောက်ခဲ့ပါတယ်။ အဲဒီကနေ ဘေဟာလာဘုံရိပ်သာကို ပြန်ခဲ့တယ်။ ကိုဘသောင်းတို့ မိတ္ထီလာဘက် လေထီးနဲ့ဆင်းပြီး ကလ္လကတ္တားကို ပြန်ရောက်လာတယ်ဆိုတဲ့အကြောင်းတွေကို ကိုသိန်းဖေကို ပြောပြတော့ သူက အံ့သြနေတယ်။ သူမလွှတ်ရကြောင်း၊ ပြီးတော့ ဒီကိစ္စကိုလဲ လုံးဝမသိရကြောင်း ကိုသိန်းဖေက ပြောပြတယ်။ "အင်း–အင်္ဂလိပ်တွေ ပြန်ပေးဆွဲသွားတာနေမှာပဲ" လို့ ပြောပြီး ရယ်ကြရသေးတယ်။ ကိုဘသောင်းကတော့ ကိုသိန်းဖေက ရွေးချယ်စေလွှတ်တယ်အထင်နဲ့ လိုက်သွားမိပေသကိုး။

## မြစ်ဝကျွန်းပေါ်ကို တစ်ခေါက်

ကိုဘသောင်း မြစ်ဝကျွန်းပေါ်ကို ဆင်းဖို့ တာဝန်ကျလာပြန်တယ်။ ဆင်းရမယ့်နေရာက ဖျာပုံခရိုင်၊ ဒေးဒရဲမြို့၊ ငွကလေးကျေးရွာနားက အိုင်နဲ့မှာ ဖြစ်တယ်။ ကိုဘသောင်းတို့အဖွဲ့မှာ မေဂျာဘိုင်တို၊ ကပ္ပတိန်ပယ်ရီ၊ ဆာဂျင်ဆစ်ဒွန်းဆိုတဲ့ အင်္ဂလိပ်သုံးယောက်နဲ့ဗမာထဲက ကိုဘသောင်းနဲ့ ကိုတင်မောင်ခေါ် ဗန်းမော်ဖေသောင်း (အခု ပီကင်းရောက်၊ ဗကပ၊ တောခို) တို့နှစ်ယောက်ပဲ၊ ပေါင်း ငါးယောက်အဖွဲ့ဖြစ်ပါတယ်။

ကိုဘသောင်းတို့ကို မြေပြင်ကစောင့်ကြိုနေတဲ့သူတွေက ကိုလှမြိုင် (အခု လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ အယ်ဒီတာချုပ်)၊ ကိုအောင်ခိ (အခု ဒု–ဗိုလ်မှူးကြီး ရဲမြင့်)၊ ကိုစိန်သောင်း (အလံနီလက်နက်ချ ကိုမြင့်အောင် ကုန်သွယ်ရေး ၂၃၊ အဖွဲ့ဝင်)၊ ကိုအုံးဖေ (အခု ဟံသာဝတီခရိုင် တရားသူကြီးရုံး)၊ ကိုသော်တာ (ကုန်သွယ်ရေး ၁၊ အင်စပက်တော်ချုပ်၊ ကွယ်လွန်) ကိုဘသန်း (မြစ်ကြီးနား) တို့ ဖြစ်ပါတယ်။

၁၉၄၅ ခု ဧပြီလ (၂) ရက်နေ့ မနက် (၃) နာရီမှာ ကိုဘသောင်းတို့ ဆင်းရမယ့်နေ့ကတော့ ချောချောမောမော ဆင်းခဲ့နိုင်တယ်။ ကိုဘသောင်းတို့နဲ့ အတူ တပ်ရင်း တစ်ရင်းစာ စစ်လက်နက်ပစ္စည်းတွေ လေထီးနဲ့တစ်ပါတည်း ချပေးတယ်။ ပါလာတဲ့ လက်နက်ခဲယမ်းမီးကျောက် ပစ္စည်းတွေကို စခန်းတစ်ခု

မှာထားခဲ့ပြီး ဝွကလေးရွာမှာ စခန်းချနေတဲ့ ဗိုလ်မှူးကြီးနေဝင်းနဲ့ သခင်စိုး တို့ဆီ ကိုဘသောင်းတို့အဖွဲ့ လိုက်သွားကြရတယ်။

ဒီအချိန်က မြစ်ဝကျွန်းပေါ်တိုင်းဟာ တော်လှန်ရေးတိုင်း စစ်ဌာနချုပ် (၂) ဖြစ်တယ်။ ဒီတိုင်းရဲ့ စစ်ရေးခေါင်းဆောင်က တပ်မင်း ဗိုလ်မှူးကြီးနေဝင်း (အခု နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်း)၊ နိုင်ငံရေး ခေါင်းဆောင် သခင်စိုး (အခု အထိန်းသိမ်းခံ အလံနီကွန်မြူနစ်ခေါင်းဆောင် သခင်စိုး၊ အခု အထိန်းသိမ်းခံ အလံနီကွန်မြူနစ်ပါတီ အတွင်းရေးမှူးချုပ်ဟောင်း) တို့ ဖြစ်ပါတယ်။ ဗိုလ်မှူးကြီးနေဝင်းရဲ့ လျှို့ဝှက်နာမည်က ကိုဆက်ဖေ၊ သခင်စိုးရဲ့ လျှို့ဝှက်နာမည်က ကိုထွန်းဝေတို့ဖြစ်တယ်။ ဗိုလ်မှူးကြီး နေဝင်းနဲ့ သခင်စိုးတို့ကို အင်္ဂလိပ်စစ်အရာရှိတွေနဲ့ ကိုဘသောင်းက မိတ်ဆက်ပေးပါတယ်။ ပြီးတော့ ဂျပန်ရဲ့အခြေအနေတွေကိုလဲ ဆွေးနွေးကြတယ်။ နောက် ဒေးဒရဲကိုသိမ်းဖို့ စီစဉ်ကြတယ်။

**သေက်မရောက်သက်မပျောက်**

ကိုဘသောင်းက ဗိုလ်မှူးကြီးနေဝင်းဆီ အားလုံးသတင်းပို့ပြီးနောက် ဗိုလ်မှူးကြီးနေဝင်းက တိုင်းမှူး ဗိုလ်ကြီးအောင်ကြီး (ဗိုလ်မှူးချုပ်ဟောင်း အောင်ကြီး) နဲ့တွဲဖက်ပေးထားပါတယ်။ လုပ်စရာကိုင်စရာတွေကို ကိုဘသောင်းနဲ့ ဗိုလ်ကြီးအောင်ကြီးတို့နှစ်ယောက် တိုင်ပင်လုပ်ကြပါတယ်။ ဗိုလ်ကြီး အောင်ကြီးရဲ့ နာမည်ဝှက်က ကိုမောင်ငယ်ပါ။ ကိုဘသောင်းရဲ့ နာမည်ဝှက်က ကိုသိန်းပါ။ ဒီနယ်တစ်ဝိုက်ကလူတွေက ကိုသိန်းအဖြစ် အသိများကြတယ်။

ကိုဘသောင်းနဲ့ပါလာတဲ့ အင်္ဂလိပ်တွေကိုတော့ ဝွကလေးမှာပဲထားခဲ့တယ်။ ဗိုလ်မှူးကြီးနေဝင်း၊ သခင်စိုး၊ ဗိုလ်ကြီးအောင်ကြီး၊ ကိုဖေသောင်းနဲ့ ကိုဘသောင်းတို့လည်းအတူစီးပြီး သဲကုန်းရွာကို သွားရောက်စခန်းချကြပါတယ်။ အဲဒီမှာ ကိုဘသောင်းနဲ့ တတိယပတ် မင်္ဂလာဒုံစစ်တက္ကသိုလ်မှာ အတူတက်ခဲ့တဲ့ ဗိုလ်ကြည်အေး (အခု ဒု-ဗိုလ်မှူးကြီး အေးကို၊ တပ်ရင်းမှူး၊ လှိုင်ကော်)၊ ဗိုလ်ကျော်လွင် (ကျဆုံး)၊ ဗိုလ်ကျော်ဇံ (အခု တောခို၊ ဗကပ၊ ပီကင်းပြန်)၊ ဗိုလ်ဘတင် (မြို့မိုင်-သန်လျင်)၊ ဗိုလ်သိန်းဟံ (ပညာရေး ဌာန)၊ ဗိုလ်စိုးသိမ်း (တိုင်းပြည်သူ့ကောင်စီ-ရန်ကုန်) တို့လဲရှိနေကြတယ်။ ဝန်းချိမြတ်ကျော်၊ ကိုလှမြိုင်၊ ကိုစိန်သောင်း ခေါ် ကိုမြင့်အောင်၊ ကိုမောင်မောင် (သခင်မြသွင်ရဲ့ညီ၊ တောခို၊ အလံနီခေါင်းဆောင် ကိုညွန့်ဝင်း-ကျဆုံး)၊ ကိုဇော်ဖေ အစရှိတဲ့ ရဲဘော်တွေလဲ အတူရှိနေကြပါတယ်။

ကိုဘသောင်းတို့မှာ ပါလာတဲ့ အင်တီတင်ဂန်ရှမော်တာ၊ စတင်း စတဲ့ လက်နက်သင်တန်းတွေကို ကိုဘသောင်းကပဲ ခေါင်းဆောင်ပြီး သင်ကြားပို့ချပေးတယ်။ သင်တန်းပြီးတဲ့အခါမှာ နယ်ခံရဲဘော်တွေရဲ့အကူအညီနဲ့ ကိုဘသောင်း လိုက်ပါပြီး ဒေးဒရဲမြို့ကို သွားရောက် သတင်းထောက်လှမ်းပါတယ်။

ဒေးဒရဲမြို့ကို ဗိုလ်ကြီးအောင်ကြီးနဲ့ ကိုဘသောင်းတို့ ခေါင်းဆောင်ပြီး တိုက်သိမ်းဖို့ အထက်ကတာဝန်ပေးထားပါတယ်။ မြန်မာ့တပ်မတော်နဲ့ ဌာနေပြောက်ကျားပေါင်းပြီး အင်အား ၂၀၀ နဲ့ တိုက်ဖို့ဖြစ်ပါတယ်။ မြန်မာ့တပ်မတော်နဲ့ ဌာနေပြောက်ကျားတွေကို စုရပ်တွေမှာ အသင့်ဖြန့်ထားပါတယ်။ အသေခံရဲဘော်တွေကိုလဲ စနစ်တကျရွေးချယ်တာဝန်ပေးထားပြီး ဖြစ်ပါတယ်။ အစစအရာရာ အားလုံးအဆင်သင့်ဖြစ်နေပါပြီ။ ဗိုလ်အောင်ကြီးနဲ့ ကိုဘသောင်းတို့ကတော့ နွားတင်းကုတ်တစ်ခုအတွင်းမှာ အစီအစဉ်တွေ လုပ်ကိုင်ဆောင်ရွက်လျက်ရှိနေပါတယ်။

ညနေ (၅) နာရီမှာ မမျှော်လင့်တဲ့သတင်းတစ်ခု ရောက်လာပါတယ်။ ဒါဟာ မြန်မာ့တပ်မတော်နဲ့ ကိုဘသောင်းအတွက် ကံဆိုးမိုးမှောင် ကြမ္မာဝင်လာတယ်လို့ ဆိုရမလားပဲ။ ဒါက ဂျပန်တပ်တွေ ချီတက်လာနေပြီဆိုပဲ။

မြန်မာ့တော်လှန်ရေး အင်အားစုတွေက ဂျပန်အခြေအနေကို စောင့်ကြည့်နေကြတယ်။ ဒါကြောင့် သေနတ်တစ်ချက်မှ မဖောက်ဘဲ ငြိမ်နေကြပါတယ်။

ဂျပန်တွေဝင်လာပြီဆိုတဲ့သတင်းရတော့ ဗိုလ်အောင်ကြီးကိုယ်တိုင် ဗိုလ်မှူးကြီးနေဝင်းဆီ သတင်းပို့ဖို့ ချက်ချင်းထွက်သွားပါတယ်။ မြန်မာ့တော်လှန်ရေးအင်အားစုတွေက ဒေးဒရဲမြို့ကို ဝင်စီးဖို့လုပ်နေတယ်ဆိုတဲ့ သတင်း ဂျပန်ကရသွားလေသလား။ ဒါကြောင့် မြန်မာတွေမတိုက်ခင် လက်ဦးအောင်ဆိုပြီး ဂျပန်ကစတင်တိုက်ဖို့လာလေရော့သလား။ ဂျပန်တွေ ရွာထဲထိုးဝင်လာတဲ့ ရည်ရွယ်ချက်အတိအကျကို မသိရသေးဘူး။

[နောက်တော့မှ သိရတာက ကိုဘသောင်းတို့ တပ်စခန်းချတဲ့ ရွာအနီးက တော်လှဆိုတဲ့ရွာက ဂျပန်တွေကို အဆိပ်ကျွေး သတ်လိုက်သတဲ့။ ဒါကြောင့် ဒီရွာကလူတွေကို လက်စားချေဖို့ တက်လာတာဖြစ်တယ်ဆိုပဲ။]

ကိုဘသောင်းတို့ ပုန်းနေတဲ့နေရာနဲ့ မနီးမဝေးမှာ ဂျပန်သုံးယောက် ရပ်ပြီး တိုင်ပင်ဆွေးနွေးနေကြပါတယ်။ နှစ်ယောက်ကတော့ အရာရှိပဲ။

…ကို ကိုဘသောင်းတို့ကနွားတင်းကုတ်ထဲကနေ မြင်နေကြရတယ်။ နောက် …န်တွေက လှည်းအစီး နှစ်ဆယ်တောင်းနေတယ်ဆိုတဲ့သတင်းရောက်လာ …တယ်။ ဒီတော့ ရဲဘော်တွေက အောင်သေအောင်သား စားရတော့မယ်ဆိုပြီး …နေကြတယ်။ ဂျပန်တွေလာမယ်ထင်မယ့် လမ်းကနေ ဗိုလ်ကျော်ဇံ …င်းဆောင်ပြီး လမ်းကဖြတ်တိုက်ဖို့ စောင့်နေတယ်။ ဒါပေမယ့် ဂျပန်တွေ …မယ် ထင်တဲ့ဘက်ကို မလာတော့ဘူး။ နောက်ကြောင်းပြန်ပြီး ဂျပန်တွေ …ကုန်းရွာ ကို ဝိုင်းတိုက်တယ်။

ည (၁၀) နာရီလောက်မှာ ဂျပန်တွေက တရစပ် ပစ်ပါတော့တယ်။ …အချိန်မှာ နွားတင်းကုတ်ထဲမှာတော့ လမ်းပြအဖြစ် ကိုဘသောင်းဆီ ပို့ထား …တပ်ကြပ်မောင်ကြည်တစ်ယောက်ရယ်၊ ကိုဘသောင်းရယ်ပဲရှိတယ်။ ရန်သူ …တိုက်လာတော့ ကိုဘသောင်းတို့ အချင်းချင်းလဲ အဆက်အသွယ်ပြတ် …သွားတယ်။ သေနတ်သံကြားပေမယ့် ရန်သူအနေအထားမသိတော့ ရန်သူကို …တိုက်ခိုက်ဖို့ မလွယ်သလောက် ဖြစ်သွားတယ်။

သတင်းတွေဟာ တောမီးလိုမြန်ဆန်လာတယ်။ ကောလာဟလသတင်း …တွေကပိုများတယ်။ အခြေအနေမှန်သတင်းမှန်ကို သိဖို့မလွယ်လောက်ပဲ။ …င်စိုးလဲကျသွားပြီဆိုသလိုကြားလိုက်ရတယ်။ ဗိုလ်မှူးကြီး နေဝင်းကတော့ …သူကို ဖောက်တိုက်ပြီး ဆုတ်သွားသလိုလိုကြားရတယ်။ ဂျပန်တွေ …ဘသောင်းတို့ကို လာဝိုင်းတော့ ပြန်လည်ခုခံတိုက်ခိုက်ပေမယ့် နောက်ဆုံး … တပ်ကြပ်ကြည်မောင်နဲ့ ကိုဘသောင်းတို့ အဖမ်းခံလိုက်ရတယ်။

တိုက်ပွဲပြီးသွားတော့ ဗိုလ်ကျော်လွင်တစ်ယောက် ကျဆုံးသွားတယ် …ဘာ နောက်မှ ကိုဘသောင်း သိရတယ်။ ဂျပန်အလောင်း (၈) လောင်းကို …န်တွေက ကိုဘသောင်းကို ပြတယ်။

“မင်း ဗမာ့တပ်တွေတိုက်လို့ တို့ဂျပန်တွေကျဆုံးရတယ်။ မင်းဗမာ …တွေ မကောင်းဘူး၊ သစ္စာဖောက်တယ်” ဆိုတဲ့သဘောမျိုး ငေါက်ငန်းဆဲဆို …ပြောတယ်။ ငေါက်ငန်းဆဲဆိုရုံနဲ့မပြီးသေးဘူး၊ ကိုဘသောင်းတို့ကို သေနတ် …င်နဲ့ဆောင့်တယ်။ စစ်ဖိနပ်နဲ့ကန်ကျောက်တယ်။ ဒီတော့ ကိုဘသောင်းက …ယာယ်ဆင်ရတယ်။ သူတို့ရိုက်နှက်တဲ့အခါ နည်းနည်းနာတာကို မခံမရပ် …လောက်အောင်နာတယ်ဆိုတဲ့ ဟန်မျိုးနဲ့ အော်ဟစ်ညည်းတွားတယ်။

တပ်ကြပ်မောင်ကြည်က ဂျပန်တွေမေးသမျှကို အမှန်အတိုင်း ဘာတစ်ခုမှ မဖြေဘဲ အညှဉ်းဆဲသာခံနေရှာတယ်။ ကိုဘသောင်းကိုယ်တိုင်မှာတော့ သီဟို အမ်အီး ၂၅ တုန်းက သင်ပေးခဲ့တဲ့အတိုင်း လုပ်ဇာတ်တွေကို ဇာချဲ့ပြီး ခင်းပြလိုက်တယ်။ ဒါက–

"သူဟာ ဘီဒီအေ ရဲဘော်တစ်ယောက်မဟုတ်ကြောင်း၊ အင်္ဂလိပ်တွေ မြန်မာပြည်က အိန္ဒိယအဆုတ်မှာ ပါသွားသူဖြစ်ကြောင်း၊ လေယာဉ်နဲ့ ရန်ကုန်ကို ဗုံးကြဲဖို့အလာ လေယာဉ်ပျံကို ရန်ကုန်က လေယာဉ်ပျံပစ် အမြောက်တပ်တွေက ပိုင်းပစ်တဲ့အတွက် လေယာဉ်ထိမှန်ပြီး လေယာဉ်ပင်လယ် ထဲကျမယ်ထင်တာနဲ့ လေထီးနဲ့ခုန်ဆင်းပြီး ဒီနေရာကို ရောက်ရှိပုန်းအောင်းနေ ခြင်းဖြစ်ကြောင်း၊ လယ်ဘရေတာ လေယာဉ်ပေါ်က စက်သေနတ်နဲ့ပစ်တဲ့ စစ်သားဖြစ်ကြောင်း အဲဒီလိုယုတ္တိရှိအောင် လိမ်ပြောလိုက်တယ်။

ကိုဘသောင်းက အဲဒီလိုလုပ်ဇာတ်တွေခင်းပြီး ပါလာတဲ့ အိုမီဂါနာရီနဲ့ ရွှေဒင်္ဂါးကို အစောင့်ဂျပန်တစ်ယောက်ကို တိတ်တဆိတ်ပေးပြီး လာဘ်ထိုး လိုက်တယ်။ ပြီးတော့ သူ့ကိုလဲ "ခင်ဗျားဟာ ကျွန်တော့်အစ်ကိုနဲ့ အင်မတန် တူတယ်"လို့ ကိုဘသောင်းက မဆီမဆိုင် သူ့အပေါ်သံယောဇဉ်ရှိလိုရှိငြား သွေးတော်စပ်လိုက်သေးတယ်။ အဲဒီကနေ ကိုဘသောင်းတို့နှစ်ယောက်ကို ဒေးဒရဲမြို့ကို ခေါ်သွားပါတယ်။

ကိုဘသောင်းဟာ ကြက်ဖကြီးလည်လိမ်ချိုးခံထားရသလို မလှုပ်မယှက် နေတဲ့ဟန်မျိုး၊ အဲဒီလိုပရိယာယ်ဆင်ပြီး နေလိုက်တယ်။ ဒီလိုလုပ်မှ ကိုဘသောင်း ကို ဂျပန်တွေက အရေးတကြီး မျက်ခြည်မပြတ် စောင့်ကြည့်ရမယ့် တရားခံ စာရင်းက ပယ်ထားလိမ့်မယ်လို့ ကိုဘသောင်းက ထင်မြင်ယူဆတယ်။

ဂျပန်က သူ့ကို ပေါ့ပေါ့တန်တန်ထားချင်လဲထားမယ်။ ဒီလိုအခါမျိုး မှာ သူ့အတွက်ပြေးပေါက်ရရင် ပြေးမယ်ဆိုပြီး ဂျပန်ရဲ့ဟာကွက်တစ်ခုရလို တယ်။ ဒီတော့ ကိုဘသောင်းက မလှမ်းမကမ်းမှာ ထောင်ထားတဲ့ ကာဘိုင် သေနတ်ကို ရုတ်တရက် ဝင်ဆွဲလိုက်တယ်။ ကာဘိုင်က သူ့လက်ထဲမရောက်ခင် ဂျပန်ရဲ့ ဖမ်းချုပ်မှုကို ခံလိုက်ရတယ်။

သူသာ သန်သန်မာမာနဲ့ အားအင်ပြည့်ပြည့်နဲ့ရှိနေမယ်ဆိုရင် ကာဘိုင် သူ့လက်ထဲကိုရောက်ဖို့ သေချာတယ်။ ကာဘိုင်နဲ့ အနားရှိ အစောင့်ဂျပန်ကို ပစ်ခတ်ပြီး ထွက်ပြေးမယ်ဆိုရင် သူ့အဖို့ လွတ်ချင်လွတ်မယ်။ သူတွက်ချက်

တဲ့အတိုင်းကတော့ အလစ်ရတာ အမှန်ပဲ။ ဒါပေမယ့် သူ့ရဲ့ကျန်းမာရေး အခြေအနေကို ထည့်ပြီးမတွက်မိတာ သူ့ရဲ့ ဟာကွက်တစ်ကွက်ဖြစ်သွားတယ်။ သူ့ကို ဖမ်းမိတဲ့အချိန်ကစပြီး ခေါင်းမထူနိုင်အောင် ငဖယ်တောတောထားတာ၊ အစားအသောက်ကောင်းကောင်းမကျွေးတာ၊ အဲဒါတွေကြောင့် သူ့အနေနဲ့ စိတ်သွားတိုင်းကိုယ်ပါ မဖြစ်ခဲ့နိုင်ဘူး။ သန်သန်မာမာကျန်းမာရေးအခြေအနေ ကောင်းတဲ့ ဂျပန်က သူ့ရဲ့လှုပ်ရှားမှုထက် အဆပေါင်းများစွာ သာနေတဲ့အတွက် သူ့စိတ်ကူးဟာ အကောင်အထည်မပေါ်ခဲ့ဘူး။

အင်အားချင်းမမျှတော့ ကာဘိုင်ဟာ ဂျပန်တွေလက်ထဲပြန်ရောက်သွားတယ်။ လျှပ်တစ်ပြက်အတွင်း ချက်ချင်းဆိုသလို ဂျပန်တွေ ဆူညံအော်ဟစ်ဝိုင်းအုံလာကြတော့တယ်။ ဒေါသမီးတွေပြိုလာပါတော့တယ်။ "ခုးရားဘားကားနီး" လို့ အော်ဟစ်ဆဲဆိုပြီး ကိုဘသောင်းကို ဝိုင်းအုံရိုက်နှက်ကန်ကျောက်ဆုံးကြိတ်ပါတော့တယ်။ ကိုဘသောင်းရဲ့ မျက်နှာတစ်ခုလုံးလဲ ရစရာမရှိအောင် ပွန်းပဲ့ဖူးရောင်သွားတော့တယ်။ နှာခေါင်းနဲ့ပါးစပ်တွေထဲက သွေးတွေဟာ ယိုစီးကျလာပါတယ်။

အဲဒီအချိန်အတွင်းမှာပဲ သုံးလိုင်းကြယ်တစ်ပွင့် ရာထူးအဆင့်ရှိတဲ့ ဒု/ဗိုလ်တစ်ယောက် ကိုဘသောင်းရှေ့ရောက်လာပါတယ်။ သူက ဒု/ဗိုလ်နဂါးယားမားပါ။ ဒီဂျပန်စစ်ဗိုလ်ကို မြင်လိုက်တယ်ဆိုရင်ပဲ ကိုဘသောင်းမျက်လုံးပြူးသွားတယ်။ ရင်ထဲထိတ်သွားတယ်။ မျက်နှာပျက်သွားတယ်။ ဒါပေမယ့် ချက်ချင်း ဣန္ဒြေဆည်လိုက်ပြီး မျက်နှာကိုပြင်လိုက်တယ်။ ဟန်ကိုယ့်ဖို့ဆိုတဲ့ စကားနဲ့အညီ သူ့ကိုယ်သူဘာမှမဖြစ်သလိုအမှုမဲ့အမှတ်မဲ့နေပစ်လိုက်တယ်။ ဒီ "နဂါးယားမား"ကို မြင်လိုက်တာနဲ့ သူက ဘာကြောင့် ထိတ်လန့်တကြားဖြစ်ရသလဲဆိုရင် တစ်ချိန်က "နဂါးယားမား"ဟာ တတိယပတ်မင်္ဂလာဒုံဗိုလ်သင်တန်းမှာ ဂျပန်နည်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးတယ်။ ကိုဘသောင်းကလဲ တတိယအပတ် ဗိုလ်သင်တန်းကျောင်းသားဖြစ်ခဲ့တယ်။ သူနေရတဲ့ တပ်စု(၁)ကိုပဲ "နဂါးယားမား" က တာဝန်ယူပြီး စစ်သဘောတရားသင်တန်း လက်နက်ကိုင်တိုက်ပွဲတွေကို ဦးဆောင်ပို့ချပေးခဲ့လို့ပါ။ သူနဲ့တွဲဖက်ပြီး ဗိုလ်ထွန်းအောင်ကျော် (အခု ဗိုလ်မှူးကြီး ထွန်းအောင်ကျော်) လဲ ပူးပေါင်းတာဝန်ယူပို့ချပေးခဲ့တယ်။ ပြီးတော့လဲ ဗိုလ်သင်တန်းကျောင်းဆင်းခါနီးမှာ ကိုဘသောင်းဟာ သူတို့တပ်စုထဲက ကိုဝင်းမောင်

(အခု စားရေသူကျော်ဝင်းမောင်) နဲ့အတူ ကျောင်းကထွက်ပြေးခဲ့တယ်ဆိုတာကိုလဲ ကောင်းကောင်းကြီး မှတ်မိနေတယ်။ ကျောင်းက ထွက်ပြေးပြီး မဟာမိတ်တပ်တွေနဲ့ ပူးပေါင်းပြီး သူတို့ကို ပြန်လည်တော်လှန်နေသူဆိုတာကို လက်ခံထားသူဖြစ်တယ်။

"မင်း ဘယ်လိုလိမ်လိမ်၊ တခြားသူတွေကိုတော့ လိမ့်လို့ရမယ်၊ ငါ့ကိုတော့ မင်းလိမ့်လို့မရဘူး၊ မင်းအကြောင်း ငါ အားလုံးသိထားတယ်"

ဆိုတဲ့ မျက်နှာပေးမျိုးနဲ့ သရော်ကြည့် ကြည့်တယ်။ မခန့်ပြုံးပြုံးတယ်။ အဲဒီအချိန်မှာပဲ သခင်မြဆိုတဲ့ ဂျပန်တပ်ကြပ်ကြီးက ကိုဘသောင်းကိုမေးလိုက်ရိုက်လိုက်လုပ်နေပြန်ပါတော့တယ်။ ကိုဘသောင်းအနေနဲ့ စောစောက ထိုးကြိတ်ရိုက်နှက်တာခံထားရလို့မှ မဆုံးခင် အခုထပ်ပြီး ရိုက်နှက်ခံရပြန်တယ်ဆိုတော့ မချိမဆံ့ခံရတယ်။ တစ်ခါတစ်ခါ မူးမိုက်ပြီး သတိလွတ်မတတ် ဖြစ်ရပါတယ်။

"သခင်စိုး ဘယ်မလဲ" ဂျပန်တွေက မေးရင်းရိုက်ရင်းပဲ။ နောက်တစ်ခါ ထပ်ပြီး "ဗိုလ်ချုပ်အောင်ဆန်း ဘယ်မလဲ" "ဗိုလ်နေဝင်း ဘယ်မလဲ" ဒါတွေကိုပဲ ထပ်ပြန်တလဲလဲ မေးလိုက်ရိုက်လိုက်နဲ့ပဲ။

ကိုဘသောင်း အသားတွေဟာ ငဖယ်တေ တေခံနေရလို့လားမသိဘူး၊ တစ်ကိုယ်လုံး ထုအမ်းအမ်းကြီးဖြစ်နေတယ်။ အသားတွေ ထုံသွားလို့လေလားမသိ ဂျပန်တွေ ဘယ်လောက်ရိုက်ရိုက် ထုးလို့ဖြင့်မနာတော့ဘူး။ ကိုဘသောင်းအနေနဲ့ကတော့ "မသိဘူး" ဆိုတဲ့စကားကလွဲရင် သူ့ပါးစပ်က တခြားစကားမထွက်တော့ဘူး။ ဂျပန်တွေဆိုတာက မှန်တာပြောလဲသတ်မှာပဲ။ အမှန်ကိုကွယ်ဝှက်ပြီးပြောလဲ သတ်မှာပဲ။ သူ့အနေနဲ့ လွတ်လမ်းမရှိဘူးဆိုတာကို ဂျပန်ဆန့်ကျင်ရေး မြေအောက်တော်လှန်ရေးသမားအနေနဲ့ နားလည် သဘောပေါက်ထားသူပါ။

ဘူးကွယ်ပြီးပြောလေ ဂျပန်တွေကို ကလီလေလို့ပဲထင်သလားမသိဘူး၊ အော်ဟစ်လိုက်တဲ့အသံကြီးက မိုးပြိုမတတ်ပါပဲ။ သူနားကွဲမတတ်ခံစားရတယ်။ သူတို့က ဒေါပွလာလေအော်ဟစ်မေးလေပဲ။ မေးလို့မရတိုင်းလဲ စိတ်ပေါက်ပေါက်ရှိတဲ့အတိုင်း တစိမ့်စိမ့်စိမ်ပြီး ရိုက်နှက်ညှဉ်းဆဲလေပဲ။ ရိုက်မေးလို့မရတဲ့အဆုံးမှာ တစ်မျိုးနည်းနဲ့ပြောင်းပြီး စစ်ဆေးဖို့လုပ်ပြန်တယ်။ ဒါက မျက်နှာပေါ် အဝတ်အုပ်ပြီး ရေနဲ့မျှဉ်းမျှဉ်းလောင်းကြပါတယ်။ ကိုဘသောင်းအဖို့

အင်မတန် အခံရခက်လာတယ်။ ရေမွန်းပြီး အသက်ရှူကျပ်လာရာကနေ နောက်ဆုံး မေ့မျောသွားပါတော့တယ်။

နောက် သတိရလာပြန်တယ်။ သတိရလာတယ်ဆိုရင်ပဲ "သခင်စိုး ဘယ်မှာရှိသလဲ" ဆိုပြီး ကြောက်လန့်သွားအောင် ငေါက်ငမ်းပြီး မေးပြန်ပါတယ်။ နောက်တစ်ဆက်တည်း "ဗိုလ်နေဝင်းဘယ်မှာလဲ" လို့ မေးလာတယ်။ ကိုဘသောင်းကတော့ သူ့စကားတွေ အမှားအယွင်းမရှိရလေအောင် သတိရှိရှိနဲ့ပဲ ဖြေကြားနေပါတယ်။ နောက်ဆုံး မေးလို့မရတော့မှ–

"မင်း တို့ကို ဘယ်လိုပဲလိမ်လိမ်အပိုပဲ။ ဗိုလ်နေဝင်းတို့ကို မိထားပြီ။ မင်းရှေ့ကို မကြာခင်ရောက်လာမယ် ကြည့်"ဆိုပြီး မျက်နှာရှုတင်းတင်းနဲ့ အတည်ပေါက် ပြောလာတယ်။

ဒီစကားတွေကြားတော့ ကိုဘသောင်းရင်ထဲထိတ်ခနဲတုန်လှုပ်သွားတယ်။ ဒီစကားတွေကို မယုံနိုင်လောက်အောင်ပဲ။ ဒါမဖြစ်နိုင်ပါစေနဲ့လို့လဲရေရွတ်နေမိတယ်။ ဒါငါ့ကို ကယောင်းကတမ်းဖြစ်အောင် လိမ့်တာဖြစ်ချင်ဖြစ်မှာပဲ။ ဘာပဲဖြစ်ဖြစ် ဟန်ကိုယ့်ဖို့ပဲ၊ မှင်မပျက် ခပ်တည်တည်ပဲ တီးတိုးရေရွတ်နေမိတယ်။

ကိုဘသောင်းဟာ ဂျပန်ဖက်ဆစ်တွေ ညှဉ်းဆဲတာနဲ့ နောက်ဆုံး သေဖို့များတဲ့အခြေအနေမှာရှိတယ်။ ဒီလိုညှဉ်းဆဲတာခံရင်း သေရမယ့်အတူတူ တော့ မထူးဘူး၊ ဂျပန်ရဲ့အလစ်မှာ ပြတင်းပေါက်က ခုန်ကျော်ထွက်ပြေးတာကမှ မသေကာ လွတ်ချင်လွတ်နိုင်လိမ့်ဦးမယ်။ အဲဒီလိုအတွေးပေါ်လာတယ်။ ကိုဘသောင်းထွက်ပြေးဖို့ ဆုံးဖြတ်လိုက်တယ်။ ဂျပန်အလစ်မှာ ပြတင်းပေါက်က ခုန်ချထွက်ပြေးဖို့အလုပ်မှာ ဂျပန်တွေက ဆီးဖမ်းလိုက်ပြန်တယ်။

နောက်ဆုံး "ရှုပ်လှတဲ့အကောင်" ဆိုပြီးထင်ပါရဲ့၊ ကိုဘသောင်းကို မျက်နှာကျက်ထုပ်မှာ ကြိုးနဲ့တွဲလောင်းဆွဲချည်လိုက်တော့တယ်။ ခြေထောက်က ကြမ်းခင်းနဲ့ မမိတမိပဲ။

ဒီအချိန်မှာပဲ အင်္ဂလိပ်တွေက ကိုဘသောင်းရှိတဲ့နေရာကို ဗုံးတိုက်ရိုက်ချပေးဖို့ ဗိုဒ် (၁၃၆) တပ်ဖွဲ့ဌာနချုပ်ကို ဝါယာလက်နဲ့ အကြောင်းကြားလိုက်တယ်။ အစီအစဉ်အတိုင်း အင်္ဂလိပ်လေယာဉ် လေးစင်းက ကိုဘသောင်းကို ချုပ်ထားတဲ့ အိမ်ပေါ်ကို ဗုံး တိုက်ရိုက်လာချတော့တယ်။

လူ့အသက်ဆိုတာက အင်မတန်ပြင်းတာကလား၊ တချို့လူကြီးတွေက ပြောကြသလိုပါပဲ။ ဒီလိုဗုံးလာချတော့ ဂျပန်တွေ ပြေးကြလွှားကြ၊ ပုန်းကြ၊ လျှိုကြနဲ့ပေါ့။ ကိုဘသောင်းအစ်ကိုနဲ့တူတယ်ဆိုတဲ့ ဂျပန်လဲဗုံးထဲပါသွားတယ်။

နောက်တစ်ချက် ဗုံးအချမှာ ဗုံးဆန်တွေက ကိုဘသောင်းကို ချည်ထားတဲ့ ကြိုးကိုထိမှန်သွားတယ်။ အဲဒီမှာ ကြိုးပြတ်ပြီး ကြမ်းပေါ်ခွေကျသွားပါတယ်။

ကိုဘသောင်း ကြမ်းပေါ်ကိုလဲကျသွားပြီး ချက်ချင်းပဲ လက်တွေခြေထောက်တွေကကြိုးတွေဖြေပြီး အိမ်ပေါ်က ခုန်ပေါက်ဆင်းပြေးခဲ့တယ်။ အစိမ်းသရဲများဝင်နေလို့ ဒီလိုခုန်ပေါက်ပြေးဆင်းနိုင်တာများလားလို့တောင် ကိုဘသောင်းအနေနဲ့ သံသယဝင်မိသေးရဲ့။

ဒီလိုသံသယဝင်မယ်ဆိုလဲ ဝင်စရာပေပဲကိုး၊ ဘာကြောင့်လဲဆိုရင် ဒီလိုနာရီပေါင်းများစွာ ကြိုးနဲ့တုပ်၊ ရိုက်နှက်ညှဉ်းပန်းနှိပ်စက်ထားတယ်။ အစာရေစာကျတော့လဲ မသေရုံတမယ် ကျွေးမွေးထားတယ်။ အားအင်ကုန်ခန်းချည့်နဲ့နေတယ်။ လူတစ်ကိုယ်လုံးလဲ မသယ်ချင် မပြုချင်အောင် နာကျင်ကိုက်ခဲနေတယ်။ အဆိုးဆုံးကတော့ ထုပ်တွဲလောင်းချည်ထားတာက အဆိုးဆုံးပဲ။ အဲဒီလို မသေရုံတမယ် ချည့်နဲ့နေတဲ့ လူတစ်ယောက်ဟာ ခုလိုခုန်ပေါက်ပြေးလွှားနိုင်တယ်ဆိုတာ ယုံတမ်းစကားလား၊ ပုံပြင်လား၊ မေးရလောက်ပါရဲ့။ ဒါပေမယ့် ဒါက ပုံပြင်လဲမဟုတ်ဘူး၊ ယုံတမ်းစကားလဲမဟုတ်ဘူး၊ တကယ့်ဖြစ်ရပ်ပဲ။ အသက်ကိုလုရတဲ့အခါမှာ အင်အားတွေဘယ်ကပေါ်လာမှန်းတောင်မသိအောင် ဖြစ်ရတာဟာ ဓမ္မတာပါပဲ။

လေယာဉ်ပျံက အဆက်မပြတ် စက်သေနတ်နဲ့ ပစ်နေတုန်းပဲ။ ကိုဘသောင်းဟာ စက်သေနတ်ပစ်နေတဲ့ကြားမှာ ပြေးလိုက် ဝပ်လိုက်နဲ့ပဲ ကိုက် (၁၀၀) လောက် ရောက်သွားတယ်။ အဲဒီမှာ ချောင်းတစ်ချောင်းနဲ့ တိုးပိတ်နေမိတယ်။ ချောင်းထဲကို ခုန်ဆင်းလိုက်တယ်။ ဗေဒါတွေကို အကာအကွယ်ယူပြီး မျှောလိုက်သွားတယ်။ ဒေးဒရဲနဲ့ တစ်မိုင်လောက်ကျတော့ လွှတ်ထားတဲ့ အထောက်တော်တွေနဲ့ ပက်ပင်းပါသွားတွေ့တယ်။ အထောက်တော်တွေကိုတွေ့တော့ ဝမ်းသာလုံးဆို့စရာပဲ။ အလွမ်းသယ်ချင်စရာပဲ။ ဒါပေမယ့်

မ်းသာမနေအားဘူး၊ အလွမ်းမသယ်အားဘူး၊ ချက်ချင်း ဌလေးကို ဦးတည်လာခဲ့ကြတယ်။

ကိုဘသောင်းကိုမြင်တော့ မေဂျာဘိုင်၊ ကပ္ပတိန် ပယ်ရီ၊ ကိုဖေသောင်းတို့နဲ့ ရဲဘော်တွေက အံ့အားသင့်နေကြတယ်။ သူတို့တစ်တွေကတော့ ကိုဘသောင်းဟာ ဂျပန်လက်ချက်နဲ့ ကျဆုံးသွားရှာပြီလို့ပဲ တစ်ထစ်ချယုံကြည်နေကြတယ်။ ကိုဘသောင်းအတွက် အင်္ဂလိပ်စစ်ဗိုလ်တွေက ကောင်းချင်းဘုံက ထာဝရဘုရားသခင်ဆီမှာ ဆုတောင်းတယ်။ အလားတူပဲ ကိုဖေသောင်းတို့တစ်တွေကလဲ ရက်လည်ဆွမ်းကျွေးဖို့ လုပ်နေကြတယ်။

ကိုဘသောင်းထွက်ပြေးလွတ်မြောက်လာခဲ့ပြီးတဲ့နောက် မရှေး မနှောင်းမှာဘဲ ကိုကြည်တစ်ယောက်လဲ ထွက်ပြေးလွတ်မြောက်လာခဲ့တယ်။

ကိုဘသောင်းတို့ ထွက်ပြေးလွတ်မြောက်လာတော့ ဂျပန်က သူကြီးကိုခေါင်းထုလူစုစေတယ်။ နောက် ကိုဘသောင်းနဲ့ ကိုကြည်တို့ကို လိုက်ရှာခိုင်းတယ်။ ရွာသားတွေက ဝတ်ကျေတန်းကျေ လိုက်ရှာကြတယ်။

ကိုဘသောင်းတို့ ပတ်ပတ်လည်ဝိုင်းထားတဲ့ ဂျပန်တွေကို တပ်အကူအညီယူပြီး ဝင်တိုက်တယ်။ ဒီလိုဂျပန်တွေကိုတိုက်ရင်း ဖောက်ထွက်ကြတယ်။ "တမော့ဝ" ဆိုတဲ့ရွာကို ရောက်ကြတယ်။ အဲဒီရွာမှာ သခင်စိုး၊ ဗိုလ်ကြီးအောင်ကြီးနဲ့သွားဆုံမိတယ်။ နောက်တော့ တပ်မတော်တပ်ရင်း (၁) ကရဲဘော်တွေအားလုံးနဲ့ပါ ပြန်ဆုံမိကြတယ်။ နောက်တော့ တပ်တွေကို ပြန်စုစည်းပြီး ပြောက်ကျားသင်တန်းတွေ ပေးကြပြန်တယ်။ အဲဒီနောက် မကြာမြာဆိုသလို ပြောက်ကျားပြောက်ကျား တိုက်ကြရတယ်။

## ရန်ကုန်သိမ်းဖို့ စီစဉ်ခြင်း

အနောက်ဘက် ကျွဲကူး ကရင်ရွာကို ချီတက်ရတယ်။ မန်းဘဇံ (ဘောခိ၊ ကေအင်ယူ–ပါတီခေါင်းဆောင်) နဲ့ စောနေနိုင် စတဲ့ ကရင်အမျိုးသားခေါင်းဆောင်တွေနဲ့တွေ့တယ်။ ဗိုလ်မှူးကြီး လကျာ၊ ဗိုလ်ကြီးကြည်ဝင်း (အခု ဗိုလ်မှူးကြီးကြည်ဝင်း–အငြိမ်းစား)၊ ဗိုလ်ကြီးတင်ဖေ (အခု ဗိုလ်မှူးချုပ်ဟောင်းတင်ဖေ–အငြိမ်းစား)၊ ဗိုလ်ဘစိန် (ကွယ်လွန်)၊ ဗိုလ်ချစ်မောင် (ကလောမှာ ရေနစ်သေဆုံး) စတဲ့ တပ်မှူးတွေနဲ့တွေ့တယ်။ မဂ်လာဒုံတတိယတော် စစ်တက္ကသိုလ်ကျောင်းဆင်း ဗိုလ်တွေနဲ့လဲတွေ့ရပါတယ်။

ဗိုလ်မှူးကြီး လက်ျာက တိုင်း (၂) နဲ့ တိုင်း (၃) ကို ဆက်သွယ် ညှိနှိုင်းပေးတဲ့ စစ်ရေးခေါင်းဆောင်အဖြစ် တာဝန်ယူထားပါတယ်။

ကျွဲကူးရွာမှာ စောနေနိုင်နဲ့ မန်းဘခဲတို့က ခေါင်းဆောင်ပြီး ဂျပန်တွေကို ပြောက်ကျားစနစ်နဲ့ တိုက်နေကြတယ်။ ရန်ကုန်ကို ရေကြောင်းက မဟာမိတ်တပ်တွေ ဝင်ရောက်သိမ်းပိုက်ဖို့တာဝန်အတွက် ဖို့ဒ် (၁၃၆) တပ်ဖွဲ့က ညွှန်ကြားပြန်တယ်။ ဒီအတွင်း လေထီးအဖွဲ့တစ်ခု ကျွဲကူးရွာကိုဆင်းဖို့ အစီအစဉ်လုပ်ပေးရပြန်တယ်။ ကိုဘသောင်းတို့ စီစဉ်ထားတဲ့နေရာကို လေထီးအဖွဲ့တစ်ဖွဲ့ဆင်းလာပါတယ်။ ဒီအဖွဲ့မှာ ကိုညွန့်ဝေ (အခု ကော်ပိုရေးရှင်း၏ အတွင်းရေးမှူး)၊ မေဂျာ ကလူး၊ ကပ္ပတိန်ဒက်(စ်)ပင်၊ လက်(ပ်)တင်နင်ဝု(ဖ်)နဲ့ ဆာဂျင် နှစ်ယောက်တို့ ပါလာပါတယ်။ ကိုညွန့်ဝေကလွဲရင် ကျန်တဲ့လူတွေက အင်္ဂလိပ်လူမျိုးတွေပဲဖြစ်တယ်။

ကိုဘသောင်းတို့ ယူနေတဲ့တာဝန်တွေကို ကိုညွန့်ဝေတို့အဖွဲ့ကို လွှဲပြောင်းပေးခဲ့ပါတယ်။

ကိုဘသောင်းတို့ လေထီးအဖွဲ့၊ ဗိုလ်ကြီးအောင်ကြီး ခေါင်းဆောင်တဲ့ တပ်မတော်တပ်ဖွဲ့၊ ကိုမြင့်အောင် (ကိုစိန်သောင်း)၊ ကိုသော်တာတို့ ခေါင်းဆောင်တဲ့ ပြောက်ကျားတပ်ဖွဲ့တို့ ပူးပေါင်းပြီး ရန်ကုန်ဘက်ကို ချီတက်ခဲ့တယ်။ တွံတေးတောတန်းထဲက "မုဆယ်ဆိပ်"ကို ရောက်တယ်။

ရန်ကုန်ကမ်းတက် စစ်ဆင်ရေးအတွက် ဗိုလ်ကြီးအောင်ကြီး၊ ကပ္ပတိန် ပဲရီနဲ့ ကိုဘသောင်းတို့ (၃)ယောက်သွားဖို့ စီစဉ်တယ်။ အဲဒီမယ် ကိုဘသောင်း မရှိရင်မဖြစ်ဘူးဆိုတာနဲ့ ကိုဘသောင်း တွံတေးမှာ နေခဲ့ရတယ်။ ဗိုလ်ကြီး အောင်ကြီးနဲ့ ကပ္ပတိန်ပဲရီတို့ ခေါင်းဆောင်တဲ့အဖွဲ့ ကွမ်းခြံကုန်းဘက်ဆီ ချီတက်သွားတယ်။ ကိုမြင့်အောင်၊ ကိုသော်တာနဲ့ ဝါယာလက် အော်ပရေတာ ချာလီတို့ ခေါင်းဆောင်တဲ့အဖွဲ့ သန်လျင်ဘက်ကို ရေးရှုချီတက်ကြရပြန်တယ်။

ကိုဘသောင်းတို့က ငှက်အော်စခန်း သောမတ်စ်ဒီလာဆယ်ဆိုတဲ့ ခရစ်ယာန်ဘုန်းကြီး ဦးစီးတဲ့ မိဘမဲ့ကျောင်းမှာ စခန်းချတယ်။ ရော်ဘာခြံလဲ ရှိတယ်။ အဲဒီကနေ တွံတေးကို သိမ်းလိုက်တယ်။ အဲဒီကနေ တာဝတ်တားကို သိမ်းလိုက်တယ်။

ကိုဘသောင်းတို့အဖွဲ့ကို ရန်ကုန်ဆိပ်ကမ်းအခြေအနေ ထောက်လှမ်းဖို့ ဖိုဒ် (၁၃၆) တပ်ဖွဲ့ဌာနချုပ်က တာဝန်ပေးပြန်တယ်။ ဒါကြောင့် ခနောင်တိုကို ချီတက်တပ်စွဲနေရပြန်တယ်။

အဲဒီကနေ ရန်ကုန်မြစ်အတွင်း မိုင်းဖုံးများချထားသလားဆိုတာတွေ ထောက်လှမ်းရပြန်တယ်။ ရန်ကုန်မြစ်ဝကို ပထမဆုံး လေကြောင်းကနေ ဗုံးကြဲပြီး မိုင်းတွေရှင်းပစ်တယ်။ နောက်တော့ မိုင်းရှင်းသင်္ဘောတွေ ဝင်လာတယ်။ မိုင်းတွေရှင်းပစ်တယ်။

၁–၁–၄၅ ခနောင်တိုတွင် မေဂျာဘွိုင်တို့ကိုထားပြီး ကိုချစ်ခင် (အခု ရုပ်ရှင်ဒါရိုက်တာ ဦးချစ်ခင်) တို့ ရဲဘော် ၃/၄ ယောက် ခနောင်တိုကို ကူးလာပြီး ကိုဘသောင်းတို့နဲ့ ဆက်သွယ်တယ်။ ရန်ကုန်မြို့ပေါ်မှာ ဂျပန် လုံးဝမရှိတော့ဘူးလို့ သတင်းပို့တယ်။ အဲဒါကြောင့် အဲဒီရဲဘော်တွေနဲ့အတူ ကိုဘသောင်းတို့ မြန်မာ့တပ်မတော် တပ်စိပ်တစ်စိပ်ကို ခေါ်ဆောင်ပြီး ရန်ကုန်ဘက်ကိုကူးသွားတယ်။ ရန်ကုန်မြို့ထဲ လိုက်ကြည့်တော့ ဂျပန် တစ်ကောင် တစ်မြီးမှ မတွေ့ရတော့ဘူး။ ရန်ကုန်ထောင်ကြီးကို ကိုဘသောင်းဖွင့်ပေးလိုက်တယ်။ နောက် တွံတေးကို ပြန်ကြတယ်။

နောက်တစ်ခေါက် မေဂျာဘွိုင်တို့နဲ့ ရန်ကုန်ကို ပြန်လာကြပြန်တယ်။ အိမ်တော်မှာ ဗိုလ်မှူးချုပ်ပေါလ်နဲ့ သွားတွေ့တယ်။ မေဂျာအဲဗင်နဲ့ သခင်တင်ရွှေတို့ကို ရန်ကုန်မှာတွေ့တယ်။ အဲဒီမှာ တစ်ညအိပ်ပြီး တွံတေးကို ပြန်ကြတယ်။

ရန်ကုန်လုံးဝသိမ်းပြီးတဲ့နောက်ပိုင်းမှာ ကိုဘသောင်းက အင်္ဂလိပ်ထုတ်ပေးထားတဲ့ လက်နက်ပစ္စည်းတွေ မေဂျာဘွိုင်နဲ့အတူသွားရောက်အပ်လိုက်တယ်။

## ရန်ကုန်သိမ်းပြီးတဲ့နောက်

အထက်ရဲ့ခွင့်ပြုချက်အရ ဂျပန်ဖက်ဆစ်တွေကို ဆက်လက်တော်လှန် တိုက်ခိုက်လိုတဲ့အတွက် ကိုဘသောင်းက ဖိုဒ် (၁၃၆)တပ်ဖွဲ့မှာ စာရင်းသွားပေးတယ်။ ဒါပေမယ့် တခြားတိုင်းပြည်တွေကိုသွားပြီး ဂျပန်ဖက်ဆစ်တွေကို တိုက်ဖို့ဆိုတော့ ဖိုဒ် (၁၃၆) တပ်ဖွဲ့ရဲ့ ပြန်တမ်းဝင်အရာရှိဖြစ်မှတဲ့။ ဒီလိုဆိုတော့ အပျော်တမ်းသဘောမဟုတ်ဘူး။ အင်္ဂလိပ်တပ်ထဲဝင်ရမယ့် အဓိပ္ပာယ်

ပဲ။ ဒါကို ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ချုပ်ကလဲသဘောတူတယ်။ ဒါကြောင့် ဝင်ဖို့စီစဉ်တယ်။

အင်္ဂလိပ်တပ်ထဲဝင်ပြီး မလေးရှားမှာ သွားဆင်းဖို့ စီစဉ်တယ်။ အဲဒီအစီအစဉ်အတွက် ကလ္လကတ္တားသွားဖို့လုပ်နေတုန်း ဂျပန်က လက်နက်ချသွားတယ်။

ကိုဘသောင်းတို့ဟာ ကလ္လကတ္တားရှိ ဖို့ဒ် (၁၃၆) တပ်ဖွဲ့ရောက်စက ကိုဘသောင်းကို ကပ္ပတိန်အဆင့်ထားပြီး ဆက်ဆံတယ်။ ကိုဘသောင်းက သွားကတည်းက ဘီ၊ဒီ၊အေက အရာရှိအဖြစ်သွားတဲ့အတွက် သူတို့က သူ့ကို ဆက်ပြီး အသိအမှတ်ပြုပြဟန်တူတယ်။ နောက်လေထီးတစ်ခါဆင်းပြီးလို့ ပေးတဲ့တာဝန်ကို ပိုင်ပိုင်နိုင်နိုင် အောင်အောင်မြင်မြင် ဆောင်ရွက်ပေးတော့ အပွင့်ထပ်တိုးပေးတယ်။ နောက်ဆုံး မြစ်ဝကျွန်းပေါ်ဆင်းတဲ့အခါ ကိုဘသောင်းကို အရာရှိအဆင့် ထပ်တိုးသတ်မှတ်ပေးပြန်တယ်။ တချို့ကျတော့ လက်ဖတင်နင်ရာထူးပဲပေးတယ်။

ကမ်းခြေတက်ပွဲမှာ ထူးထူးချွန်ချွန်ပါဝင်သူတွေရယ်၊ ရန်ကုန်ကို ရှေ့ပြေးသတင်းထောက်လှမ်းတဲ့အဖွဲ့ထဲပါဝင်သူတွေအားလုံးရယ်တို့ကို အမ်၊စီ ပေးတယ်။ ဒါပေမယ့် ကိုဘသောင်းက လက်မခံဘူး။

ဂျပန်လက်နက်ချပြီးရော ကိုဘသောင်းတို့ တာဝန်တွေအားလုံး ပြီးသွားပြီမို့ ဖို့ဒ်(၁၃၆) တပ်ဖွဲ့ဌာနချုပ်ရှိရာ အိန္ဒိယကို ပြန်မသွားတော့ဘဲ ကိုဘသောင်းဟာ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်မှာပဲ နေလိုက်တော့တယ်။

* * *

**ရဲဘော်ဘသောင်း။** ။အဖ–ဦးချစ်၊ အမိ–ဒေါ်ဖွားသင်တို့မှ သားသမီး (၁၁) ယောက်အနက် (နဝမ)မြောက်သားဖြစ်ပါတယ်။ မော်လမြိုင်မှာမွေးဖွားခဲ့ပြီး ကသာမြို့နယ် အင်းရွာတွင် ကြီးပြင်းခဲ့တယ်။ (၁၀)တန်းအောင်ခဲ့ပြီး ရန်ကုန်တက္ကသိုလ် ဥပစာသိပ္ပံမှာ သင်ကြားနေတုန်း ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာတယ်။ ကျောင်းက ထွက်လိုက်ရတယ်။ ဘီအိုင်အေ၊ ဘီဒီအေမှာ ဆက်လက်ပါဝင်ခဲ့တယ်။ တတိယပတ်

မင်္ဂလာဒုံစစ်တက္ကသိုလ်မှာ တက်ရောက်ပညာသင်ခဲ့တယ်။ အင်္ဂလိပ် ဖို့ဒ် (၁၃၆) တပ်ဖွဲ့နဲ့ပေါင်းပြီး ဂျပန်တော်လှန်ရေးကို လုပ်ခဲ့တယ်။ စစ်ပြီးတော့ ကွန်မြူနစ်ပါတီ ပြည်သူ့ရဲဘော်နှင့် ဖ–ဆ–ပ–လ ကသာခရိုင် ခေါင်းဆောင်အဖြစ်ပါဝင်ခဲ့တယ်။ အခု ထုတ်ကုန် သွင်းကုန် ကော်ပိုရေးရှင်းတွင် မန်နေဂျာအဖြစ် လုပ်ကိုင်နေပါတယ်။ ၁၉၅၅ ခုနှစ်တွင် ဒေါ်ကြည်ကြည်ညွန့်နဲ့ အိမ်ထောင်ကျတယ်။ အခု သားသမီး (၃) ယောက်နဲ့အတူ ရန်ကုန်မြို့မှာ နေထိုင်လျက် ရှိနေပါတယ်။

* * *

[ရဲဘော်ဘသောင်းရဲ့ လေထီးသမားဘဝ အဖြစ်အပျက်များကို ဘသောင်းနဲ့ ၃၀–၁၁–၇၁ နေ့က သူ့အိမ်တွင် တွေ့ဆုံမေးမြန်းချက်တွေ တစ်ဆင့်ဖော်ပြရခြင်းပါ။ စာရေးသူ]

## ၁၀။ ရဲဘော်ထွန်းညွန့်

**ဝရမ်းပြေးနေရတဲ့ စစ်ဗိုလ်**

ရဲဘော်ထွန်းညွန့်ဟာ ဘီအိုင်အေထဲက တောက်လျှောက်ပါဝင်ခဲ့ပြီးတဲ့ နောက် ဘီဒီအေမှာဆက်ပြီး တာဝန်ယူခဲ့ပါတယ်။ တပ်ရင်း (၁) ကနေ ဒုတိယပတ် မင်္ဂလာဒုံစစ်တက္ကသိုလ်ကို တက်ရောက်သင်ကြားခဲ့ပါတယ်။ ကျောင်းမှာ ကွန်မြူနစ်ပါတီနဲ့ အဆက်အသွယ်ရပြီး လျှို့ဝှက်ဂျပန်ဆန့်ကျင် ရေးသင်တန်းတွေကို တက်ခဲ့ရပါတယ်။ ကျောင်းဆင်းတော့ ဗိုလ်လောင်းအဖြစ် နဲ့ ဗိုလ်သောင်းညွန့်ဦးစီးတဲ့ ဘီဒီအေနဲ့ဂျပန်ဆက်သွယ်ရေးတပ်မှာ တာဝန်ယူ ခဲ့ရပါတယ်။

၁၉၄၄ ခု၊ ဧပြီလနဲ့ မေလလောက်မှာထင်ရဲ့။ ဗိုလ်ထွန်းညွန့်ဟာ ရန်ကုန်ကမာရွတ်ဘက်ကို ကိစ္စတစ်ခုနဲ့ ရောက်သွားပါတယ်။ အဲဒီမှာ ရေတပ်က ဂျပန်စစ်ဗိုလ်တစ်ယောက်က ဗမာတစ်ယောက်ကို ဈေးထဲမှာအရက်မူးပြီး ရိုက်နေတာ ပက်ပင်းသွားတွေ့တယ်။ ဗမာတွေလဲ ဝိုင်းကြည့်နေတယ်။ ဘယ် သူမှ ဘာမှ မလုပ်ရဲကြဘူး။ ဒါကြောင့် "ဒီလိုဘာလို့ ညှဉ်းဆဲနေရတာလဲ"လို့ ဝင်ပြီးမေးလိုက်တယ်။ မေးပြီးရှေ့ကို တိုးသွားတယ်။ ဒီတော့ဂျပန်က "မင်းနဲ့ ဘာဆိုင်သလဲ"လို့ ပြန်ပြောတယ်။ ပြောပြီးဟောက်လိုက်သေးတယ်။ နောက်

ရောက်ရုံနဲ့ မပြီးသေးဘူး ဗိုလ်ထွန်းညွန့်ကို "သတိ"ဆိုပြီး အမိန့်ပေးတယ်။ ပြီးတော့သူ့ပါးကိုဗယ်ပြန်ညာပြန်ရိုက်တယ်။ ဂျပန်ကအလွန်အကျွံ မူးနေတယ်။

အေးကကြည့်နေတဲ့ ဗမာတွေကလဲ တောင်းပန်သလိုနဲ့ ဝင်ထိန်းသူက ထိန်းတယ်။ လက်သီးနဲ့ထိုးသူက ထိုးကြတယ်။ မိုးကလဲ ချုပ်တော့မယ်ဆိုတော့ ထွေးပါဘူး အပြတ်ရှင်းမှဆိုပြီး ကိုထွန်းညွန့်က ဓားရှည်ကို သူ့ခါးကဆွဲထုတ်ပြီး ခုတ်ချလိုက်တယ်။ ဂျပန်စစ်ဗိုလ် ခါးမှာလဲ ဓားရှည်တွဲလဲချိတ်လို့ပဲ။ ဒါပေမယ့် သူက အလွန်အကျွံ မူးနေတော့ ဘယ်လိုမှ မခုခံနိုင်တော့ဘဲ ပုံလျက်သား လဲကျသွားတယ်။ ဂျပန်စစ်ဗိုလ်ဟာ သွေးကွက်ထဲမှာပဲ အသက်ပျောက်သွားတော့တယ်။

ဗမာလူထုတွေလဲ အကျေနပ်ကြီး ကျေနပ်သွားတယ်။ ဒါပေမယ့် နောက်ရန် စိုးရိမ်တဲ့အတွက် ချက်ချင်း ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ကြတယ်။ ကိုထွန်းညွန့်တစ်ဦးတည်း ကျန်ခဲ့တယ်။ နောက်ဆုံးသူလဲ ဒီက တစ်ချီးထဲလစ်ခဲ့ပြီး ဗိုလ်သောင်းညွန့်ဆီ အကျိုးအကြောင်း ချက်ချင်း သတင်းပို့လိုက်တယ်။

ဗိုလ်သောင်းညွန့်က ရန်ကုန်မှာသူ့ကို ဆက်ထားရင်တော့ ဂျပန်လက်ထဲရောက်သွားနိုင်တယ်ဆိုပြီး ဗိုလ်သောင်းညွန့်ကို အကြောင်းပြုပြီး သယုံနယ် ရင်းငြိမ်ရွာကို တိမ်းရှောင်နေစေပါတယ်။ ကိုထွန်းညွန့်ကြောင့် စစ်ဆေးကြရတယ်။ ဂျပန်က ဗမာတွေစစ်ရဲတွေ အားလုံးကို စစ်ဆေးတယ်။ သက်ဘတဲ့ ဗိုလ်တွေခေါ်ပြီး စစ်ဆေးတယ်။

အဲဒီမှာ အရပ်သားအဖြစ်နဲ့ လျှို့ဝှက်နေထိုင်ပြီး ဂျပန်ဆန့်ကျင်ရေး မြေအောက် စည်းရုံးရေးတွေကိုပဲ လုပ်ခဲ့ပါတယ်။ နှစ်လသုံးလလောက်ကြာတော့ နည်းနည်းအေးဆေးသလို ဖြစ်လာတာကြောင့် ဗိုလ်ထွန်းညွန့်ကို ဗိုလ်မှူးကျော်ဇောက ပြန်ခေါ်လိုက်ပါတယ်။ ၁၉၄၄ ခု၊ ဇူလိုင်လလောက်မှာ ဗိုလ်မှူးကျော်ဇောဆီကို ပြန်ရောက်တယ်။ ဒီအချိန်က ဗိုလ်မှူးကျော်ဇောက ရန်ကုန်မှာပဲ ရှိသေးတယ်။

တပ်ရင်း (၇) တိုးချဲ့ဖွဲ့တယ်။ အဲဒီတပ်က ကချင်ပြည်နယ် ဗန်းမော်မြို့မှာ တပ်စွဲနေတယ်။ ဗိုလ်မှူးသူရက ဒီတပ်တွေကို ကွပ်ကဲနေတယ်။ အဲဒီတပ်ကို ဗိုလ်ထွန်းညွန့်ကို ပို့ပြန်တယ်။ ဒီတပ်က မဟာမိတ်တွေနဲ့ပေါင်းပြီး ဂျပန်ကို တော်လှန်ဖို့ အစီအစဉ်နဲ့ ကြိုချထားတယ်။ ဒီတပ်တွင်းမှာ ဖက်ဆစ်ဆန့်ကျင်ရေး

သင်တန်းတွေကိုပို့ချပေးခဲ့တယ်။ မြို့ထဲက ဂျပန်ဆန့်ကျင်ရေး စိတ်ဓာတ်ရှိတဲ့ လူငယ်တွေကိုလဲ သင်တန်းတွေ လျှို့ဝှက်ပေးခဲ့တယ်။ တပ်ပျောက်တဲ့အခါ လွယ်ကူအောင်ဆိုပြီး ရှမ်း၊ ကချင်၊ ကုလားစတဲ့ အဝတ်အစားတွေကို လိုလို မယ်မယ်ကြိုပြီး စုပြီးစီစဉ်ထားတယ်။

မြစ်ကြီးနားကို မဟာမိတ်တပ်တွေ သိမ်းလိုက်ပြီး ရွှေဂူနား တစ်လျှောက် မှာလဲ လေယာဉ်ကွင်းတွေ လုပ်ခိုင်းနေပြီဆိုတဲ့ သတင်းတွေ ဂျပန်တွေဆီ ရောက်လာတယ်။ ဒီအချိန်မှာ မြန်မာ့တပ်မတော်ကို ဂျပန်က အယုံအကြည် နည်းစပြုပြီ။ မဟာမိတ်တွေနဲ့ပေါင်းပြီး ဂျပန်ကို တစ်နေ့ပြန်ချမယ်လို့လဲ သူတို့တွက်ဟန်တူတယ်။ ဒါကြောင့် ဗိုလ်သူရတပ်အပေါ် မသင်္ကာစိတ်နဲ့ အမြဲတမ်းစောင့်ကြည့်နေတယ်။ သူ့တပ်ကို အထက်မှာ ထီးတည်းလွှတ်မထား နိုင်ဘူး။ ဒါကြောင့် ဗိုလ်သူရတပ်ရင်းကို ရှမ်းပြည်မြောက်ပိုင်းကို ဆုတ်သွား ရမယ်လို့ အမိန့်ပေးခဲ့တယ်။

အဲဒါကြောင့် ဗိုလ်သူရတပ်ဟာ ဗန်းမော်က ရှမ်းပြည်မြောက်ပိုင်းကို နမ့်ခမ်းမြို့ကပတ်ပြီး ဆုတ်ခဲ့ရတယ်။ ဗိုလ်သူရက ဗိုလ်ထွန်းညွန့်ကို ဂျပန် ဆန့်ကျင်ရေးအတွက် နေရစ်ဖို့ ညွှန်ကြားခဲ့တယ်။ ပြီးတော့ ခြောက်လုံးပြူး တစ်လက်နဲ့ ဂျပန်ငွေ ၃၀၀၀ ပေးထားခဲ့တယ်။ ပြီးတော့နမ္မတီး၊မိုးကောင်းဘက်ဆီ မဟာမိတ်တွေနဲ့ အဆက်အသွယ်လုပ်ဖို့ တာဝန်ပေးခဲ့ပြန်တယ်။ ဒါပေမယ့် ဂျပန်တွေက ခြေရှုပ်နေလို့ လာလို့မလွယ်ဘူး။ အဲဒါကြောင့် ဗန်းမော်တစ်ဘက် ကျွန်းကြီးရွာမှာ ပုန်းအောင်းနေလိုက်တယ်။

တပ်ရင်းမှူးဗိုလ်သူရဟာ လူချစ်လူခင်ပေါပြီး ဖက်ဆစ်ဆန့်ကျင်ရေး အတွက် အင်မတန် အလုပ်လုပ်ခဲ့တဲ့ ဗိုလ်တစ်ယောက်ပဲ။ ဒါပေမယ့် ဂျပန်ရဲ့ အလိုအရ ဗမာ့တပ်မတော် အထက်တာဝန်ခံတွေရဲ့ စစ်မိန့်ကို မလွန်ဆန်နိုင်လို့ ရှမ်းပြည် သိန္နီသီပေါဘက်ကို ဆုတ်သွားရတယ်။ နဂိုက ငှက်ဖျားဒဏ်အခံရှိခဲ့ တော့ ရှမ်းပြည်မြောက်ပိုင်းမှာပဲ ငှက်ဖျားရောဂါနဲ့ ကွယ်လွန်သွားရရှာတယ်။

၁၉၄၄ ခု၊ အောက်တိုဘာလလောက်မှာ ကိုထွန်းလှ (အလံနီ ဗဟိုကော် မတီဟောင်း ကျဆုံး)နဲ့ ဗိုလ်ထွန်းညွန့် မမျှော်လင့်ဘဲ တွေ့ကြတယ်။ ဂျပန် ကလဲ သူ့နောက် အနံ့ခံလိုက်နေတော့ အဲဒီမှာဆက်ပြီး ပုန်းအောင်းနေလို့ မသင့်တော့ဘူးဆိုပြီး ဗိုလ်မှူးဗထူးဆီသွားဖို့ စီစဉ်ကြပါတော့တယ်။ လှေကြီးနဲ့ ဗိုလ်ထွန်းညွန့် မန္တလေးကို လိုက်ခဲ့ပါတယ်။ ဒီတုန်းက ကုန်သည်လုပ်နေတဲ့

နှမ်းမော်က မလှရှိ(ယခု ဗိုလ်မှူးကြီးစံကြည် ဇနီး)နဲ့ သူ့ခဲအို ဦးချစ်(ယခု သမဝါယမ ဝန်ထောက်)တို့ လှေကြုံနဲ့ဆင်း လိုက်ခဲ့တယ်။ မန္တလေးရောက်တော့ ဗိုလ်မှူးဇထူးဆီ သွားသတင်းပို့တယ်။

အဲဒီရောက်ပြီး ငါးရက်လောက်မှာ သခင်ဗိုလ်တို့ဆီ လိုက်ဖို့ ဗိုလ်မှူးက ဗိုလ်ထွန်းညွန့်ကို တာဝန်ပေးပြန်တယ်။ သခင်ဗိုလ်တို့ မဟာမိတ်တွေနဲ့ ဆက်သွယ်ဖို့အသွားမှာ မြန်မာပြည်မြောက်ပိုင်းကို ကျွမ်းကျင်တဲ့ ကချင်ပြည်နယ်သား ကိုလှဖေ(ဗိုလ်ကြီးဟောင်း တောပြန် ဗ၊ က၊ ပဟောင်း)က ကသာခရိုင်ထဲမှာ ရှားနေတဲ့အတွက် သခင်ဗိုလ်တို့ ခရီးဆက်ရေးအတွက် အခက်အခဲ ကြုံတွေ့ နေတယ်။ ဒါကြောင့် ကချင်ပြည်နယ်သား တစ်ယောက်ဖြစ်တဲ့ ဗိုလ်ထွန်းညွန့်ကို ဗိုလ်မှူးက ထပ်မံရွေးချယ် လိုက်တာပါ။

ဗိုလ်ထွန်းညွန့်က ဘီဒီအေစစ်ဗိုလ် အဝတ်အစားနဲ့ ခါးမှာ ဂျပန်ဓားရှည် ချိတ်လို့ မီးရထားနဲ့ စစ်ကိုင်းရွာထောင်ဘူတာက စီးခဲ့ရင်း လမ်းမှာနှစ်ရက်လောက် ကြာပြီးမှ ကင်းရွာဘူတာကို ရောက်တယ်။ ကင်းရွာဘူတာမှာ ကိုကျော်ရင် စောင့်ဖျားနေတာ တွေ့ရတယ်။ အဲဒီမှာ ကိုဖြူခေါ် သခင်ဗိုလ်၊ ကိုစောဟန်ခေါ် ကိုဘညွန့်၊ ကက်ဥခေါ် မောင်သန်း၊ (တရုတ်လူငယ် ဘာသာမျိုးစုံ တတ်သူ)တို့နဲ့ ဗိုလ်ထွန်းညွန့်တို့ ခရီးဆက်ထွက်ကြတယ်။

ဗိုလ်ထွန်းညွန့်ကို တချို့နယ်မှာ ဂျပန်စစ်သားတွေက အလေးပြုတဲ့အခါ ရှိတယ်။ တချို့ဂျပန်တွေကျတော့လဲ သူတို့ထဲက အများစုဟာ စစ်ပုံမပေါ်တဲ့ အတွက် သင်္ကာမကင်း ဖြစ်ကြတယ်။ ဥပမာဆိုရင် ခြေသလုံး ပတ်တီးစီးတာက အစ စနစ်တကျ မရှိတာမျိုး။

ကင်းကထွက်လာပြီး သူတို့တောမကိုဖြတ်ပြီး ထီးချိုင့်ကို ရောက်တယ်။ လမ်းပြကတော့ မပါခဲ့ဘူး။ ဒါပေမယ့် သခင်ဗိုလ်ခေါ်ခဲ့တဲ့ ကင်းရွာက မောင်မောင်တော့ ပါတယ်။ နေမကောင်းနေတဲ့ ကိုကျော်ရင်ကို ထီးချိုင့်မှာ ထားခဲ့တယ်။ လှေကြုံနဲ့ မန္တလေးကိုပြန်ပို့ဖို့ ထီးချိုင့်မှာ ရဲအရာရှိလုပ်နေတဲ့ သခင်တင်အောင်၊ သခင်သန်းမောင်တို့ကို တာဝန်ပေးခဲ့တယ်။

နောက် ကျောက်မော်ကို ဆက်သွားတယ်။ ကျောက်မော်ရွာ ဆရာဦးလှ ကျော့်အိမ်မှာ ကသာခရိုင် ဖက်ဆစ်တိုက်ဖျက်ရေး အဖွဲ့ခေါင်းဆောင် ကိုလှ တောခို ဗ၊ က၊ ပခေါင်းဆောင် ကျဆုံး)နဲ့ တွေ့တယ်။ သူတို့နဲ့တွေ့တော့ သူ့ကိုပေးတဲ့ ဗိုလ်မှူးဇထူးရဲ့ စာကိုပေးလိုက်တယ်။ တိုင်ပင်ဆွေးနွေးကြပြီး

အိန္ဒိယကို ဆက်သွားဖို့ အကူအညီတောင်းတယ်။ ကသာခရိုင် ဖက်ဆစ်တိုက်ဖျက်ရေး အဖွဲ့ဝင်ဖြစ်တဲ့ ကိုဘသောင်းဆီ ကိုလှက သခင်ဗိုလ်တို့လူစုကို လိုက်ပို့တယ်။ ၄၄ ခု၊ နိုဝင်ဘာလ ၂၇ ရက်နေ့မှာ သခင်ဗိုလ်တို့ အင်းရွာကို ရောက်တယ်။ သခင်ရွှေက သခင်ဗိုလ်တို့လူစုကို ညစာကျွေးတယ်။ သစ်ကုန်သည် ဦးခင်မောင်ကလဲ လိုတဲ့အကူအညီ ပေးတယ်။

ကသာခရိုင် ဖက်ဆစ်ဆန့်ကျင်ရေး မြေအောက်တော်လှန်ရေးအတွက် ဗဟိုဌာနချုပ်က ကိုမြခေါ်ကိုလှ၊ ကိုကျော်ဇောခေါ် ကိုအေးဝင်း၊ ကိုသိန်းခေါ် ကိုဘသောင်း၊ ကိုကျော်ဟိန်းခေါ် ကိုဝင်းမောင် (စာရေးသူ ကျော်ဝင်းမောင်)တို့ လေးယောက်ကို တာဝန်ပေးလိုက်တယ်။ (စာရေးသူ)နဲ့လေးယောက် ထီးချိုင့်မြို့ မြောက်ဘက် လေးမိုင်အကွာမှာရှိတဲ့ ကျောက်မော်မှာ အခြေခံတယ်။ သခင်ဗိုလ်တို့ ရောက်တော့(စာရေးသူ)က ကသာမြို့နယ် ဝဲကြီးရွာမှာ။ ကိုအေးဝင်းက မင်းဝံတောင် အနောက်ဘက် ကောလင်း ဝန်းသိုနယ်ဘက်မှာ။ ကိုဘသောင်း ကတော့ အင်းရွာမှာ။

သခင်ဗိုလ်တို့ သွားရမယ့်လမ်းကြောင်းကလဲ အင်းရွာဘက်မှာ ရှိတယ်။ ကျောက်မော်နဲ့ အင်းရွာကလဲ မဝေးဘူး။ သခင်ဗိုလ်တို့ ခရီးစဉ်အတွက် တိုင်ပင်ဆွေးနွေးဖို့ကလဲ ကိုလှနဲ့ နီးနီးနားနားဆိုရင် ကိုဘသောင်းပဲရှိတယ်။ ဒီအခြေအနေကြောင့် ကိုဘသောင်းရှိရာကို လိုက်သွားခြင်းပါ။

ကိုဘသောင်းက အင်းရွာသားပဲ၊ အင်းရွာမှာ ဗမာလူမျိုး၊ ပသီလူမျိုးနဲ့ တရုတ်အမျိုးသားများ ရှိတယ်။ ပသီအမျိုးသားတွေထဲက ဘိုင်ဘိုင်ကိုလဲ ဆွေးနွေးထားတယ်။ သခင်တင်ရွှေ၊ သခင်ကံဆက်၊ ဦးခင်မောင် စတဲ့ရဲဘော်တွေနဲ့လဲ ဆက်သွယ်ပြီးပြီ။

ကိုလှနဲ့ ကိုဘသောင်းတို့နှစ်ယောက် သခင်ဗိုလ်တို့ကို မဟာမိတ်တပ်တွေဆီ လိုက်ပို့ပေးဖို့ ဗိုလ်မှူးဗထူးရဲ့ ညွှန်ကြားချက် စာတိုကလေးကို ကိုလှကထုတ်ပြတယ်။ ကိုဘသောင်းက ဒီနယ်သားဖြစ်တဲ့အပြင် ဒီရွှေလီမြစ်ရိုးတစ်လျှောက်မှာလဲ ကိုဘသောင်းရဲ့ မိဘနဲ့မကင်းတဲ့လူတွေ တပည့်တွေအများကြီး ရှိတယ်။ (ကိုဘသောင်း ဖခင်က အရင်ဘုံဘေဘားမား သစ်ကုမ္ပဏီကိုယ်စားလှယ် ဖြစ်တယ်)၊ ကိုဘသောင်း လိုက်သွားရင် သခင်ဗိုလ်တို့ ခရီးစဉ်အတွက် အထောက်အကူ ရနိုင်တယ်။ ဒါကြောင့် ကိုဘသောင်းက တာဝန်ယူပြီး

လိုက်ပို့ပေးဖို့ ကိုလှက တင်ပြတယ်။ ကိုဘသောင်းကလဲ လိုက်လဲ့စွာ လက်ခံပါတယ်။

တကယ်လို့ မဟာမိတ်တွေနဲ့ အဆက်အသွယ်ရခဲ့ရင် ကသာခရိုင်အတွက် လက်နက် တပ်ရင်းတစ်ရင်းစာလောက် အကူအညီတောင်းဖို့ ကိုလှနဲ့ကိုဘသောင်းတို့ တိုင်ပင်ကြတယ်။ မဟာမိတ်တို့ဆီက လက်နက်အကူအညီရရင် ကသာမြို့နဲ့ (၆) မိုင်လောက်ဝေးတဲ့ ဝဲကြီး ရေဘုတ်ရွာဘက်မှာပဲ ဖြစ်ဖြစ်၊ ကသာအရှေ့ဘက်ကမ်း ကုက္ကာနယ်ထဲပဲ ဖြစ်ဖြစ်၊ ထီးချိုင့်ကျောက်မော်ရွာဘက်ပဲ ဖြစ်ဖြစ်၊ လေထီးနဲ့ လက်နက်တွေချပေးနိုင်မယ့် နေရာတွေကို သူတို့နှစ်ယောက် ရွေးချယ်ကြတယ်။

သခင်ဗိုလ်တို့လူစုက ဘီဒီအေဝတ်စုံတွေနဲ့ လာတယ်ဆိုတော့ အင်းရွာမှာရှိတဲ့ ဂျပန်ကင်ပေတိုင် မိုက်ခဲတို့မရိပ်မိအောင် လုပ်ဇာတ်ထွင်ရတယ်။ ဒါက "ကိုဘသောင်းက တပ်ကခွင့်နဲ့ လာတာ၊ ခွင့်စေ့လို့ တပ်ကိုပြန်မရောက်တာနဲ့ လာဖမ်းတယ်၊ အခု ရှမ်းပြည်မြောက်ပိုင်း ကွတ်ခိုင်မှာရှိတဲ့ မြန်မာ့တပ်မတော် ဗိုလ်သူရရဲ့ တပ်ရင်း (၇) ကို ရွှေလီချောင်းရိုးဘက်ကနေ ဖြတ်တက်ရမယ်လို့ လုပ်ဇာတ်တွေခင်းပြီး သတင်းလွှင့်ထားလိုက်တယ်။ ဒီခရီးစဉ်မှာ ဂျပန်တပ်တွေရဲ့ အနှောင့်အယှက် မခံရအောင် ဂျပန်ကင်ပေတိုင် (မိုက်ခဲ)ဆီကပါ မိတ်ဆက်စာ ဒါမှမဟုတ် ခရီးသွားလက်မှတ် တစ်စောင်ပါတောင်းပြီး ယူလိုက်ကြသေးတယ်။

ကိုဘသောင်း မိဘကတော့ သခင်ဗိုလ်လက် အပ်လိုက်တယ်။ အစစအရာရာ သူတို့သားအတွက် စိတ်ချနေပါရစေလို့ မှာလိုက်သေးတယ်။

၁၉၄၄ ခု၊ နိုဝင်ဘာလ ၂၈–ရက်နေ့ အင်းရွာကနေ ခရီးစထွက်တယ်။ ကိုလှက ရွာမှာနေရစ်ခဲ့တယ်။ အင်းရွာက သခင်ကံဆက် လိုက်ပါသွားတယ်။ အင်းရွာသူကြီးဆီက ချောလှည်းတောင်းပြီး ဒအိုးကိုလာခဲ့ကြတယ်။ ဒအိုးကျတော့ သစ်တောအုပ် စောဘိုးဝတို့အိမ်မှာပဲ တစ်ညအိပ်တယ်။ သူတို့ခရီးစဉ်တွေ တိုင်ပင်တယ်။ မဟာမိတ်တွေ သတင်း၊ ဂျပန်အခြေအနေ သတင်းတွေ မေးမြန်းကြည့်တယ်။ မနက် (ဒအိုး)က စထွက်ကြပြန်တယ်။

နိုဝင်ဘာလ ၂၉–ရက်နေ့မှာ ပြချောင်းကို ရောက်တယ်။ တောရမ်းပိုရွာဘလျှောက်မှာ တရုတ်နဲ့ဂျပန် တိုက်ပွဲဖြစ်နေကြတယ်လို့ ပြောတယ်။ နောက်တစ်နေ့ ဆက်ထွက်တယ်။ ပြချောင်းအလွန် (၃) မိုင်လောက်မှာပဲ ဘီဒီအေယူနီဖောင်း

တွေ ချွတ်လိုက်ပြီး အရပ်ဝတ်တွေ လဲလိုက်ကြတယ်။ သေနတ်တွေ စစ်ယူ ဖောင်းတွေ အားလုံးနဲ့ ဂျပန်စားကိုပါ ဖုက်ထားလိုက်တယ်။ သခင်ဗိုလ်မှာသာ ခြောက်လုံးပြူးတစ်လက် လိုလိုမယ်မယ်ဆိုပြီး ဆောင်သွားတယ်။ ခေါ်တော ရမ်းပိုကျတော့ ရွာသားတွေ မတွေ့ကြဘူး။ တောထဲ ပုန်းကွယ်နေကြတယ်။ ကိုဘသောင်း အမေရဲ့တပည့်ရင်း သူကြီးဦးတောနဲ့ ကိုဘရင်ဆိုသူကို မမျှော်လင့် ဘဲ တွေ့လိုက်တယ်။

ဒီဘက်ကလူတွေလဲ ဆန်တွေပြတ်နေလို့ ကြွေဥတွေပဲ စားနေကြတယ်။ သူတို့အတွက် ဆန်ကအခက်အခဲ ဖြစ်နေတယ်။ ဒီတော့ ကိုဘသောင်းက သခင်ဗိုလ်တို့မှာ ပါလာတဲ့ဘိန်းကိုယူပြီး ကိုဘရင်ကို ပေးလိုက်တယ်။ ထမင်းဟင်းအတွက် ဖြစ်သလို စီစဉ်ပေးပါလို့ မှာလိုက်တယ်။ အဲဒီဘက်က ဘိန်းစားတွေ အနည်းနဲ့အများဆိုသလို ဘိန်းပြတ်နေတော့ ဘိန်းနဲ့ဆန်နဲ့ ကြက်နဲ့ အားလုံးအလွယ်တကူ ဖလှယ်နိုင်တယ်။ ဘိန်းမြင်တော့ ကိုဘရင်က "စိတ်ချ ဟင်းကောင်းထမင်းကောင်းရအောင် သူသွားစီစဉ်မယ်"ဆိုပြီး ထွက် သွားတယ်။

**တရုတ်နဲ့ တာမစား**

အဲဒီမနက်မှာ ဘိန်းရဲ့ကျေးဇူးကြောင့် ကြက်သားဟင်း ကောင်းကောင်းနဲ့ မနက်စာ စားကြရတယ်။ မနက်စာ စားသောက်ပြီး ကိုဘရင်ကိုပဲ လမ်းပြအဖြစ် ခေါ်သွားတယ်။ တရုတ်တပ်တွေနဲ့ ဂျပန်တပ်တွေ တိုက်ပွဲဖြစ်နေတဲ့ဘက်ကို ကွင်းရှောင်ပြီး သွားကြတယ်။ သွားရင်းကနေ တရုတ်တပ်တွေနဲ့ သွားပြီး တွေ့ကြတယ်။ တရုတ်တပ်တွေနဲ့ တွေ့တော့၊ ဗိုလ်ထွန်းညွန့်ကလဲ နည်းနည်းထိတ် သွားတယ်၊ စိုးရိမ်စိတ်ဝင်လာတယ်။ ဘာကြောင့်လဲဆိုရင် တရုတ်တပ်တွေ မိုးကောင်းဘက် ဆုတ်လာတုန်းက အရပ်သားဖြစ်ခဲ့တဲ့ တရုတ်တစ်ယောက်ဟာ ဒီတပ်ထဲမှာ ပါလာတယ်။ တရုတ်စစ်သားကို သူကမှတ်မိပေမယ့် တရုတ်ကြီးက သူ့ကို မှတ်မိဟန်မတူဘူး။

ဂျပန်ဝင်ခါနီးမှာ တရုတ်တပ်တွေ မိုးကောင်းမြို့ ရောက်လာတော့ ဗိုလ်ထွန်းညွန့်ရဲ့ညီ ကိုထွန်းရှံကို တရုတ်ကသတ်ပစ်တယ်၊ ဒါကို စိတ်နာပြီး ဘီအိုင်အေမရောက်ခင် မိုးကောင်းကို တပ်ဦးဘီလူး ရောက်လာတဲ့ ဂျပန်တပ်တွေနဲ့ အတူလိုက်ပါပြီး တရုတ်တပ်တွေကို ရှုပ်ရှုပ်ချွံချွံ တိုက်တယ်။ အဲဒီလိုနည်းနဲ့

သူ့ညီကိုသတ်တဲ့ တရုတ်တွေကို လက်စားချေပစ်လိုက်တယ်။ နောက် တရုတ်တစ်ယောက်ကိုလဲ စိတ်ရှိတိုင်း ခါးသီးတဲ့စိတ်နဲ့ ဆွဲရိုက်ခဲ့တယ်။ အဲဒီလို လုပ်တာကို ဘေးကမြင်ခဲ့တဲ့ တရုတ်က အခုဒီတရုတ်တပ်ထဲ ပါခဲ့တယ်။ ဒါကြောင့်သူ့ကို မမှတ်မိအောင် ဆံပင်တွေကို ဖရိုဖရဲချထားလိုက်တယ်။ သူဟာ မိုးကောင်းဇာတိဆိုတာ လုံးဝမြုပ်ပစ်လိုက်တယ်။ သထုံမြို့ကလို့ ပြောတယ်။ သူ့နာမည်ရင်း ထွန်းညွန့်ကို မပြောဘဲ ကံညွန့်ဆိုတဲ့နာမည်ကိုပဲ ပြောတယ်။ တရုတ်က ဆတ်ကနဲ့ခေါင်းထောင်လာပြီး ဆက်စပ်ယူလိုက်နိုင်တယ်။

"တရုတ်တပ်တွေ ဂျပန်နဲ့ပေါင်းပြီး သတ်ခဲ့တယ်"လို့ဆိုရုံနဲ့ပဲ သူ့ဇိဝိန်ဖြုတ်ပြီးသားပဲ။ ဒါကြောင့် ဇာတိချက်ကြွေ မိုးကောင်းကလို့ မပြောဘဲ လိမ်လိုက်တယ်။ တရုတ်တပ်တွေနဲ့တွေတော့ ကက်ဥခေါ်မောင်သန်းက တရုတ်အမျိုးသားဖြစ်တော့ သူ့ကိုပဲ ဘာသာပြန်ခိုင်းရတယ်။

"သူတို့ဟာ ဂျပန်ဆန့်ကျင်ရေး ရဲဘော်တွေဖြစ်ကြောင်း၊ မဟာမိတ်တပ်တွေနဲ့ဆက်သွယ်ပြီး ကလ္လကတ္တားရှိ မဟာမိတ်စစ်ဌာနချုပ်ကို သွားမှာဖြစ်ကြောင်း ပြောဆိုပြီး တရုတ်စစ်ဌာနချုပ်မှူးနဲ့ တွေ့ခွင့်ပေးဖို့ တင်ပြတယ်။

ဒီတင်ပြချက်တွေကို တရုတ်တွေက စိတ်မဝင်စားပါဘူး။ သခင်ဗိုလ်တို့မှာ ပါလာတဲ့ ဘိန်းလောက်ကိုသာ စိတ်ဝင်စားနေကြတယ်။ ဒါကြောင့် ဘိန်းတွေကို လက်ဆောင်အဖြစ် ပေးလိုက်တယ်။ ပါလာတဲ့ ခြောက်လုံးပြူးကိုတော့ သိမ်းယူတယ်။ တရုတ်တပ်တွေက သူတို့နဲ့လိုက်ခဲ့ပါဆိုတာနဲ့ လိုက်သွားတယ်။ ထွက်မပြေးဘဲ ကောင်းကောင်းမွန်မွန် လိုက်ခဲ့ဖို့လဲ ပြောသေးတယ်။ ကျည်ဆန်သေတ္တာစတဲ့ အလေးအပင် စစ်ပစ္စည်းတွေကို မျှတပြီး ထမ်းခိုင်းတယ်။

တရုတ်တပ်တွေ ရွှေဂူကို ဦးတည်ပြီး သွားကြတယ်။ ရွှေဂူဝင်ခါနီးကျတော့ ရွှေဂူမဝင်ဘဲ အရှေ့မြောက်ဘက် ဦးတိုက်သွားတယ်။ နောက်တောထဲ တစ်နေရာမှာ စခန်းချကြတယ်။ သူတို့ဆီက ပေးလိုက်တဲ့ဘိန်းကို တရုတ်စစ်သားတွေ ဝေမျှပြီး ရှူပါလေရော။ နောက်တစ်နေ့ မိုးလင်းတော့ တရုတ်တွေမနိုးခင် သခင်ကံဆက်၊ စောဘိုဝနဲ့ ချစ်မောင်တို့ သုံးယောက် ထွက်ပြေးတော့တယ်။ သူတို့ကို ရွှေဂူနဲ့နီးရက်နဲ့ ရွှေဂူမခေါ်ဘဲ သွားတာဟာ သူတို့ကိုသတ်ဖြတ်ဖို့ပဲလို့ အထင်ရှိပြီး ထွက်ပြေးကြတယ်။ ကိုဘသောင်းကသိတော့ ပြေးလိုက်ပြီး

သူတို့နာမည်တွေ အော်ခေါ်တယ်။ မပြေးဘဲ ပြန်လာဖို့ပြောတယ်။ ဒါပေမယ့် သူတို့ ပြန်မလာကြဘူး။ လိုက်ရှာလဲ မတွေ့ဘူး။ အဲဒီတော့ ပြန်လှည့်လာခဲ့တယ်။

(နောက်တော့ သိရတာက သခင်ကံဆက်တို့တစ်တွေ ကိုဘသောင်း တကျော်ကျော် အော်ခေါ်တဲ့အချိန်က တောစပ်ထဲမှာ ပုန်းနေသတဲ့။ ဆီးနှင်းတွေကလဲ ပိန်းပိတ်အောင် ကျနေတော့ ကိုဘသောင်းက သူတို့ကို မမြင်ဘူးတဲ့။ တရုတ်တပ်တွေ ထွက်သွားမှ သခင်ကံဆက်တို့ တစ်တွေကလဲ တချိုးထဲ "အိုး"ကို လစ်တော့တာပဲတဲ့။)

တော်တော် နေမြင့်နေတာတောင် တရုတ်တွေက ဘိန်းမှိန်းလို့ကောင်းတုန်း။ မနိုးကြသေးတော့ ကိုဘသောင်းတို့ကပဲ ခရီးထွက်ချိန်တန်ပြီလို့ နှိုးရသေးတယ်။ ခရီးထွက်ဖို့ လူစစ်တော့တယ်။ တရုတ်တပ်တွေလဲ ရှုံ့ရှုံ့ ရှဲ့ရှဲ့ဖြစ်ပြီး သခင်ဗိုလ်တို့ လူသိုက်ကို ကြိုးနဲ့တုတ်တော့တာပါပဲ။

"မင်းတို့ဟာ ဂျပန်ဆန့်ကျင်ရေးသမားတွေ မဟုတ်ဘူး။ ဂျပန်သူလျှိုတွေသာဖြစ်တယ်"ဆိုပြီး စိတ်ဆိုးမာန်ဆိုးနဲ့ အော်ဟစ်ပြောဆို စွပ်စွဲကြတယ်။ သေနတ်ဒင်နဲ့ ဆောင့်တယ်။ စစ်ဖိနပ်နဲ့ ကန်တယ်။ လူးလိမ့်အောင် ခံကြရတယ်။ ဗိုလ်ထွန်းညွန့်နဲ့ ကိုဘသောင်းတို့ကတော့ စစ်သားမို့ အကြမ်းပတမ်း ခံနိုင်ပေမယ့် သခင်ဗိုလ်နဲ့ လူဗလံကလေးလို ဖြစ်နေတဲ့ ကိုစောဟန်ခေါ် ကိုဘညွန့်တို့ကတော့ အလူးအလဲ ခံကြရရှာတယ်။ ချစ်မောင်တို့လူစုက အအေအက်ဖ်အိုက လူတွေမဟုတ်ဘူး လမ်းပြတွေလို့ သခင်ဗိုလ်တို့က ပြောပြပေမယ့် အချည်းနှီးပဲ ဖြစ်ခဲ့တယ်။

(တရုတ်တပ်တွေနဲ့ တွေ့တုန်းက သခင်ကံဆက်၊ စောဘိုး၀၊ ဦးစောအောင်ဟိန်းတို့ ပါမလာတော့ဘူးတဲ့။ ဂျုံးဂျုံးကျက လမ်းပြအဖြစ် လိုက်လာတဲ့ ချစ်မောင်သာ ပါခဲ့တယ်။ လမ်းမှာ ဒဏ်မခံနိုင်လို့ ချစ်မောင် ထွက်ပြေးသတဲ့။ ချစ်မောင်ကြောင့် သူတို့အားလုံး တရုတ်တွေက အယုံအကြည် ကင်းမဲ့သွားပြီး မသေရုံတမယ် ညှဉ်းဆဲခံရတော့ တာပဲတဲ့။ ချစ်မောင်ကို သခင်ဗိုလ် စခေါ်လာကတည်းက ကျန်တဲ့ရဲဘော်တွေက စိတ်နေစိတ်ထား မကြိုက်ကြဘူး။ ခေါ်မလာဖို့ သခင်ဗိုလ်ကို တစ်လမ်းလုံး တတွတ်တွတ် ပြောခဲ့သတဲ့။ ဒါပေမယ့် သခင်ဗိုလ်က နားမထောင်ခဲ့ဘူး။ "ချစ်မောင်အတွက် သူတာဝန်ယူတယ်"ဆိုပြီး ခေါ်ခဲ့သတဲ့။ ဒီလို အားလုံးဒုက္ခ ရောက်ကြရတာဟာ သခင်

ကြောင့်ပဲလို့ ၁၅–၉–၆၅ နေ့ မြစ်ကြီးနားမှာ တွေ့စဉ်တုန်းက ဗိုလ်ထွန်းညွန့်က ရေးသူကို ပြောပြပါတယ်။)

သခင်ဗိုလ်တို့အားလုံးကို ကြိုးနဲ့တုပ်ချည်တယ်။ အသားထဲအထိ ကြိုးတွေ ဝင်ခမန်းလိလိ ဆွဲပြီး တုပ်ချည်ခြင်း ခံကြရတယ်။ ဒီလိုတင်းနေအောင် တုပ်လိုက်တော့ လက်ဖျားတွေထိ သွေးတွေမလျှောက်တော့ သလောက်ပဲ။ ဖဝါး၊ လက်ချောင်းတွေလဲ ဖြူဖပ်ဖြူရော် ဖြစ်ပြီး နာကျင်ကိုက်ခဲ တယ်။

ပြီးတော့ ကျည်ဆန်သေတ္တာတွေနဲ့ သူတို့အထုပ်အပိုးတွေကို ဝန်နဲ့အား အောင် တရုတ်တွေက ထမ်းခိုင်းပါတော့တယ်။ နေကလဲပူ၊ ခရီးကလဲကြမ်း၊ ကလဲဝေး၊ အနားမရှိ ခရီးပြင်းလျှောက်ကြရတော့ သေချင်တဲ့စိတ်တွေသာ တော့တာပဲ။ ကျန်တဲ့လူတွေက လူ့ဗလံကလေးဖြစ်တဲ့ ကိုစောဟန်အတွက် စိတ်မကောင်း ဖြစ်ကြပြန်တယ်။

တစ်ခါတစ်ခါ တောင်ကမ်းပါးတွေနား ပွတ်ခါသီခါနဲ့ သွားရတဲ့အခါများ ရင် တစ်ဘက်မှာ အင်မတန်နက်တဲ့ ချောက်ကမ်းကြီးတွေ တွေ့ရတယ်။ လိုအခါမျိုးဆိုရင် ချောက်ထဲလိမ့်ချ သေပစ်ချင်စိတ် ပေါက်ကြတယ်။ ထူးသဖြင့် ဘာကိုပဲဖြစ်ဖြစ် တဇွတ်ထိုးလုပ်တတ်တဲ့ ဗိုလ်ထွန်းညွန့်ဟာ ကိုယ်ကို ချောက်ကမ်းပါးထဲ ခုန်ဆင်းသေလိုက်ဖို့ အကြိမ်ကြိမ်ကြိုးစား တယ်။

ဒါကို သခင်ဗိုလ်က အတန်တန် ထိန်းခဲ့တယ်။ "တို့ဟာတိုင်းပြည်တာဝန် တွက် ကိုယ့်အသက်ကို လွတ်လပ်ရေး ကန်ပေါင်ရိုးမှာ အစတေးခံဖို့ ဖြတ်ထားတဲ့ လူတွေဖြစ်တယ်။ လွတ်လပ်ရေးတိုက်ပွဲမှာ လိုက်ပါလာကတည်း တို့ဟာကိုယ့်ကိုကိုယ် သရဏဂုံ တင်ပြီးခဲ့သူတွေပဲ။တို့ဟာ တိုင်းပြည်အကျိုး ကတည်းက သေတာနောက်ဆုံးပဲလို့ ခံယူထားကြတယ်။ ဒုက္ခခံရတာကို ည်းမခံနိုင်လို့ ချောက်ကမ်းပါးထဲ ခုန်ချသေလိုက်မယ်ဆိုရင်တို့ဟာလူညံ့တွေ သွားမှာပဲ။ ရည်မှန်းချက်ထားပြီး လာခဲ့တာ ဘာအဓိပ္ပာယ် ရှိတော့မလဲ။ ဝန်ကိုလဲ စွန့်လွှတ်ရာကျတယ်။ တကယ်လို့ တို့ကိုတရုတ်တွေက ဂျပန်လူလို့ င်ပြီး သတ်ရင်လဲ သေပါစေပေါ့။ ဒါဟာလဲ တစ်ဘက်တစ်လမ်းက င်းပြည်တာဝန် ကျေပွန်သွားတယ်လို့ ဆိုရမှာပဲ။ တိုင်းပြည်အတွက် သေရ ပဲ။ တိုင်းပြည်အတွက် လုပ်ပါတယ်ဆိုနေမှ သေမှာကိုများ အဆန်းလုပ်

နေစရာ မလိုဘူးလို့ သဘောပိုက်ရမှာပဲ။ တကယ်လို့ မဟာမိတ်တွေက ကိုယ့် အပေါ် သံသယရှင်းသွားတဲ့ တစ်နေ့ကျရင် တို့ကိုလွှတ်ချင် လွှတ်ပစ်မှာပေါ့။ ဒီအခါမှာ တို့လာတဲ့ ရည်မှန်းချက်တွေ အောင်မြင်အောင် တို့ဆောင်ရွက်နိုင်ဖို့ အခွင့်အလမ်းတွေ ရှိလာပေမပေါ့။ ဒီလို အညှဉ်းဆဲခံပြီး လိုက်သွားရင် လွှတ်တာနဲ့သေတာ နှစ်မျိုးပဲရှိမယ်။ ဒီလိုမဟုတ်ဘဲ အခုလောလောဆယ် သူတို့ညှဉ်းတာကို သည်းမခံနိုင်ဘဲ ချောက်ကမ်းပါးထဲ ခုန်ဆင်းလိုက်ရင် သေတာကလွဲလို့ လွတ်လမ်းဆိုတာ အိပ်မက်လို့တောင် မရနိုင်ဘူးမဟုတ်လား။ ဒါကြောင့် လာရင်းတာဝန်ကိုမမေ့ဘဲ ဆုံးခန်းတိုင် လုပ်ကြဖို့လိုတယ်။ ထာဝ စဉ်အကျိုးအတွက် လတ်တလော ကြုံတွေ့နေရတဲ့ဒုက္ခကို သည်းခံကြပါ"လို့ သခင်ဗိုလ်က ဆုံးမစကား အားပေးစကားတွေ ပြောပြတယ်။

တကယ်ကျတော့ ပြောသာပြောနေပေမယ့် သခင်ဗိုလ်ကြည့်ရတာကတော့ ဖုတ်လှိုက်ဖုတ်လှိုက်နဲ့ အသက်ထွက်တော့မယ့်အတိုင်းပဲ။ သူထိန်းပေးခဲ့လို့ အားလုံးသည်းခံပြီး လာခဲ့ကြတယ်။ တရုတ်ကာနယ်ကြီးကို ကြိုးတွေလုံးဝ ဖြေမပေးချင်တောင် "တစ်ပတ်လောက်တော့ လျှော့ပါဦး"ဆိုပြီး တစ်လုံးစ နှစ်လုံးစ ကက်ဥကို တောင်းပန်ခိုင်းရတယ်။ ဒီတော့ကြိုးကို နည်းနည်း ဖြေ ပေးတာကိုပဲ ကျေးဇူးပြန်တင် နေကြသေးတယ်။

ခရီးတစ်ထောက် နားတဲ့အခါမှာ သခင်ဗိုလ်တို့က ကာနယ်ကြီးတို့အတွက် လက်ဆောင်ပေးဖို့ ဒီရွှေတွေငွေတွေ ယူခဲ့ပါတယ်ဆိုပြီး ပေးတော့မှ ကြိုးတွေဖြေ ပေးတယ်။ ဒီလို ပျူပျူငှာငှာမပေးလဲ ယူမယ်တကဲကဲ ဖြစ်နေတယ်။ တရုတ် ကာနယ်ကြီးလဲ ကျေနပ်သွားတယ်။

သခင်ဗိုလ်လက်က လက်စွပ်ကိုမြင်ကြပြန်တော့ တရုတ်တွေက အတင်း အဓမ္မတောင်း နေကြပြန်တယ်။ "ဒီလက်စွပ်ဟာ သူနဲ့မကြာခင် လက်ထပ်မယ့် ချစ်သူနဲ့ လက်စွပ်ချင်း လဲထားတာဖြစ်တယ်။" ဒီတော့ သခင်ဗိုလ်က မပေးရက်ဘူး။ အင်တင်တင် လုပ်နေတယ်။ တရုတ်တွေကလဲ ရှူးရှူးရှဲရှဲ လုပ် လာပြန်တယ်။ "ကဲဗျာ ဒီတရုတ်တပ်ထဲမှာ နောက်ဆုံးအသက်တောင် ဆုံးချင် ဆုံးခံနေရမှာ ဒီလက်စွပ်လောက်တော့ အစွဲအလမ်း ကြီးမနေပါနဲ့ တော့ဗျာ"ဆိုပြီး အားလုံးက အခြေအနေတင်းလာမှာ စိုးတဲ့အတွက် ပေးလိုက်ရန် တိုက်တွန်းတောင်းပန်ကြတယ်။ ဒီတော့မှ မျက်နှာသုန်သုန်မှုန်မှုန်နဲ့ ချွတ်ပေးလိုက် တယ်။

အဲဒီကနေသွားတော့ စီကောရွာကို ရောက်တယ်။ စီကောရွာက ဗန်းမော်နဲ့ (၂၅) မိုင်လောက်ဝေးတယ်။ ဗန်းမော်နမ့်ခမ်းလမ်း (၁၁) မိုင်က တောင်ဘက်ကိုချိုးတဲ့ မိုးမိတ်သွားတဲ့လမ်းပေါ်ရှိတဲ့ ရွာဖြစ်တယ်။

စီကောရွာ တပ်ရင်းရုံးရောက်တော့ သခင်ဗိုလ်တို့လူစု အားလုံးကို စစ်မြေပြင်အချုပ်ခန်းထဲ ဆွဲထည့်လိုက်တယ်။ အဲဒီအချုပ်ခန်းထဲမှာ သူတို့နဲ့အတူ လိုက်ပါခဲ့တဲ့ တရုတ်ကာနယ်ကြီးရယ်၊ ကပ္ပတိန်ချန်ဆိုသူရယ်လဲ ရောက်လာပြန်တယ်။ တရုတ်ကာနယ်ကြီး ကတော့ "သခင်ဗိုလ်တို့က သူတို့ ပစ္စည်းတွေ အခမ့ရယူယက်ယူတယ်လို့ တပ်ရင်းရုံးကိုတိုင်လို့ သူတို့ဒီလို ခံရတာပါ"ဆိုပြီး ဒေါပွနေတယ်။ သခင်ဗိုလ်တို့က "မဟုတ်ရပါဘူး၊ ကျုပ်တို့ ဘယ်တရုတ်အရာရှိ ဘယ်အမေရိကန် အရာရှိနဲ့မှလဲ မတွေ့ရသေးပါလား။ ကာနယ်ကြီးလဲ အမြင်ပဲလို့ မနည်းရှင်းပြမှ ကျေနပ်သွားတယ်။ တကယ်က ဒီကာနယ်ကြီး ဦးစီးတဲ့တပ်ထဲ လိုက်လာတဲ့ကပ္ပတိန်ချန်က ထောက်လှမ်းရေးမှူး ဖြစ်တယ်။ သူကတစ်ဖက်လှည့်နဲ့ "သခင်ဗိုလ်တို့ဆီက ကာနယ်ကြီးပစ္စည်း သိမ်းပြီး လာဘ်စားတယ်"လို့ သတင်းပို့လို့ ကာနယ်ကြီး အဖမ်းခံရတယ်လို့ ထင်ကြတယ်။ ကပ္ပတိန်ချန်ကျပြန်တော့လဲ သူကထောက်လှမ်းရေးသမား၊ ဒီ လာဘ်စားမှုကို သူကပဲသတင်းပေးဟန် တူတယ်လို့ ယူဆစရာရှိတယ်။ ဘာကြောင့်များ သူ့ကိုပါ ကာနယ်ကြီးနဲ့အတူ အဖမ်းခံရသလဲလို့ သခင်ဗိုလ်တို့လူစု တွေးမရဖြစ်နေပြန်တယ်။

ကပ္ပတိန်ချန်က မိုးကောင်းဘက်မှာ သူ့ရည်းစားရှိသတဲ့။ ရှမ်းဗမာမတဲ့။ အဲဒီတော့ သူကဗမာတွေအပေါ် ညှာညှာတာတာ ဆက်ဆံတဲ့သဘောထား ရှိတယ်။ ဒါကြောင့် "ရန်သူပေါ် မပြတ်သားဘူး"ဆိုပြီး သူ့ပါအရေးယူတာနဲ့ တူတယ်လို့တောင် ကပ္ပတိန်ချန်က ဆိုလာပြန်သေးတာ။ ဒါပေမယ့် အချုပ်ခန်းထဲထည့်ပြီး သူ့လူကိုယ့်ဘက်သား ဟန်ဆောင်ပြီး အချုပ်ခန်းအတွင်းထိ သတင်းလိုက်ယူတာရင်လဲ ဖြစ်နိုင်တယ်လို့ ယူဆစရာပဲ။

ကပ္ပတိန်ချန်က အဖမ်းမခံရခင် သခင်ဗိုလ်တို့လူစုကို တစ်ယောက်ပြီးတစ်ယောက် ခေါ်ယူပြီး ကပ္ပတိန်ချန်ကပဲ စစ်ဆေးမေးမြန်းတယ်။ သူ့စားပွဲမှာ အမေရိကန် ကာနယ်တစ်ယောက်ကထိုင်ပြီး နားထောင်နေတယ်။ သူတို့က ဟောမိတ်တွေနဲ့ ဆက်သွယ်ပြီး အိန္ဒိယက ဂျီအက်အိုင် (၁၂) ကို သွားမယ်လို့ ပြောတယ် (ဒါပေမယ့် သူတို့ပြောတဲ့ ဂျီအက်စ်အိုင် (၁၂) ဟာ မှားနေကြောင်း

နောင်မှသိတယ်) အားလုံးလောက် စစ်ဆေးပြီးတဲ့နောက် ကပ္ပတိန်ချန်တို့ အချုပ်ထဲ ထည့်ခံလိုက်လိုက်ရတာပါပဲ။

စစ်မြေပြင်ကို အမေရိကန် (၁၀၁) တပ်ဖွဲ့က တာဝန်ခံ ကာနယ်ပီအက်စ် ရောက်လာတယ်။ သခင်ဗိုလ်တို့အစုကို ခေါ်တွေ့တယ်။ သူကလဲ "သူတို့ဂျီအက်စ် အိုင် (၁၂) ဆိုတာ မှားနေတယ်။ ဂျီအက်စ်အိုင်ကေပဲ ဖြစ်တယ်"လို့ ပြောပြီး မြစ်ကြီးနား ဝမ်းအိုဝမ်းကို ပို့ပေးဖို့ ညွှန်ကြားပြီး ပြန်သွားတယ်။ ဒီတော့ ဒီမှာရှိတဲ့ တရုတ်တပ်ကို အုပ်ချုပ်တဲ့သူက အမေရိကန်ကာနယ် တစ်ယောက် ဖြစ်တယ်။ ဒီတစ်တပ်လုံးမှာမှ အမေရိကန် (၁၀)ယောက်လောက် ပဲရှိတယ်။ ကျန်တာတွေက တရုတ်တွေချည်းပဲ။

သခင်ဗိုလ်တို့ စီကောအချုပ်ခန်းထဲ နေရတုန်းကအိပ်ဖို့ စောင်တို့ အိပ်ရာခင်း၊ ခြင်ထောင် ခေါင်းအုံးဘာမှ မပေးဘူး။ တစ်ယောက်ကို ဂုန်နီ အိတ် နှစ်လုံးစီပဲ ပေးတယ်။ အရိုးကွဲမတတ် ချမ်းအေးလှတဲ့ အညာရဲ့ဆောင်းဒဏ် ကို ဒီဂုန်နီအိတ်နှစ်လုံးနဲ့ ကာကွယ်နိုင်မတဲ့လား။ သခင်ဗိုလ်တို့မှာလဲ စောင်ထူထူ ထဲထဲ မပါခဲ့ဘူး။ ခရီးသွား ပေါ့ပါးအောင်ဆိုပြီး ဖျဉ်ကြမ်းတစ်လွှာပဲပါတယ်။ တစ်လမ်းလုံး ဒုက္ခအမျိုးမျိုး ခံခဲ့ရလို့ တစ်ကိုယ်လုံးလဲ ကိုက်ခဲနေတယ်။ လက်တွေ ပြတ်ထွက်မတတ် တုပ်ချည်ခံခဲ့ရတဲ့ ဒဏ်ရာတွေကလဲ နာကျင် ကိုက်ခဲနေတယ်။ ဒီကြားထဲ အအေးဓာတ်ကပါ ပေါင်းစပ်ပြီး ညဥ်းဆဲ နေသလို ဖြစ်လာပြန်တော့ သေချင်တဲ့စိတ်ပဲ ပေါက်ကြရပြန်တယ်ပေါ့။

မြစ်ကြီးနား ရောက်တဲ့အခါ သခင်ဗိုလ်က ကိုဘသောင်း၊ ကိုထွန်းညွှန့်တို့ "ကဲ ပြန်ပေတော့ ခင်ဗျားတာဝန် ပြီးဆုံးပြီ"လို့ ပြောလာတယ်။

အဲဒီတော့ ကိုဘသောင်းကို အမေရိကန် (၁၀၁) တပ်ဖွဲ့ဌာနချုပ်က သူတို့နဲ့အတူလုပ်ပါ မပြန်ပါနဲ့လို့ ပြောလာတယ်။

ဒီတော့ အင်္ဂလိပ်မေဂျာဘွိုင် (Major Boyol) က "ကိစ္စမရှိဘူး သူပဲ ကိုဘသောင်းအတွက် တာဝန်ယူလိုက်မယ်"လို့ပြောပြီး သခင်ဗိုလ်တို့နဲ့ တစ်ခါတည်း ကလွကတ္တားခေါ်ဖို့ စီစဉ်လိုက်တယ်။

မေဂျာဘွိုင်ဆိုသူဟာ တောင်ငူမှာ အင်္ဂလိပ်မပြေးခင်က ဒီအက်စ်ပီဆိုတဲ့ ပုလိပ်ရာဇဝတ်ဝန်အဖြစ် လုပ်ခဲ့သူတဲ့။ သူက ဗိုဒ်-၁၃၆ တပ်ဖွဲ့က အရာရှိ ဖြစ်တယ်။

မြစ်ကြီးနားရောက်တော့ အမေရိကန် ထောက်လှမ်းရေးတပ် စီအိုင်စီ (C.I.C) အင်္ဂလိပ် ထောက်လှမ်းရေးတပ် (ဘီအိုင်စီ)နဲ့ အက်ဖ်အက်စ်အက်စ် (F.S.S)တို့က ဂျပန်အခြေအနေ ဘီအိုင်အေအခြေအနေ အားလုံးကို စစ်ဆေးမေးမြန်းတယ်။ နောက်ဝမ်းအိုဝမ်း စစ်ဌာနချုပ်ရောက်ပြန်တော့ ကပ္ပတိန်ကော့စ် ဆိုတဲ့လူက ဂျပန်အခြေအနေ၊ ဘီဒီအေအကြောင်း မြန်မာနိုင်ငံရေးအကြောင်း မေးမြန်းစစ်ဆေးပြန်ပါတယ်။ ကသာခရိုင် ဂျပန်ဆန့်ကျင်ရေးအဖွဲ့မှာ ဘယ်သူတွေ ခေါင်းဆောင်ပြီး ဘယ်သူတွေပါဝင်ကြတယ်၊ အင်အားဘယ်လောက် ရှိတယ်၊ စည်းရုံးရေး အခြေအနေတွေ ဘယ်လိုရှိတယ်ဆိုတာတွေကိုပါ ကိုဘသောင်းက ပြောပြထားခဲ့တယ်။ လက်နက်အကူအညီ ပေးဖို့လဲ အမေရိကန်ဆီ တင်ပြရတယ်။ ဒါပေမယ့်မရဘူး၊ အမေရိကန်စတဲ့ မဟာမိတ်တွေနဲ့တွေ့ရင် လက်နက်အကူအညီ အလွယ်တကူ ရလိမ့်မယ်လို့ စိတ်ကူးယဉ်ချက်တွေဟာ အကောင်အထည် ပေါ်မလာခဲ့ပါ။

ဒီအချိန်မှာ မန်းဝင်းမောင် ခေါင်းဆောင်တဲ့အဖွဲ့ဟာ အမေရိကန် ဝမ်းအိုဝမ်း (၁၀၁) ဌာနချုပ်ကို ရောက်နှင့်နေပြီဆိုတာ သိရတယ်။ သူတို့နဲ့ သခင်ဗိုလ်တို့ တွေ့ခွင့်တောင်းပေမယ့် အင်္ဂလိပ်တွေက တွေ့ခွင့်မပေးခဲ့ဘူး။ သခင်ဗိုလ်တို့ပေးတဲ့ ရိက္ခာတွေဟာ တရုတ်နဲ့ကုလား စစ်သားတွေသာပေးတဲ့ "အိုင်တီရာရှင်"တွေသာ ဖြစ်တယ်။ အင်္ဂလိပ် အဝတ်အစားတွေ ထုတ်ပေးတယ်။ မန်းဝင်းမောင်တို့မှာက အမေရိကန် အဝတ်အစားတွေနဲ့ဆိုတော့ ရွှေရောင် ငွေရောင် တောက်ပစွာနဲ့ပါ။

မြစ်ကြီးနားမှာ သုံးရက်လောက်နေပြီးတော့ အင်္ဂလိပ် မေဂျာဘွိုင်ကာပဲ ကလ္လကတ္တားကို လေယာဉ်နဲ့ခေါ်သွားပါတယ်။ ထုံးစံအတိုင်း ကလ္လကတ္တား ဖို့ဒ်-၁၃၆ တပ်ဖွဲ့ စစ်ဌာနချုပ်က မြန်မာပြည်အကြောင်း ဂျပန်တွေအကြောင်း ဖက်ဆစ်ဆန့်ကျင်ရေး အင်အားတွေအကြောင်း မေးမြန်းယူပြီး သခင်ဗိုလ်တို့ ကိုယ်ရေးရာဇဝင်တွေကိုလဲ ယူထားလိုက်တယ်။ အဲဒီနောက်မှ ကလ္လကတ္တားရှိ ကိုသိန်းဖေနေတဲ့ ဂေဟာကိုပို့တယ်။ ၁၉၄၄ ခု၊ ဒီဇင်ဘာလ ၂၅-ရက်နေ့မှာ သခင်ဗိုလ်တို့လူစု ကိုသိန်းဖေဆီ ရောက်တယ်။

သူတို့ရောက်တော့ ကိုသိန်းဖေရဲ့ ဘုံရိပ်သာစခန်းမှာ ကိုသိန်းဖေ၊ သခင်တင်ရွှေ၊ သခင်တင်ရွှေရဲ့ဇနီးမမြရီ၊ မစ္စတာဂိုရှယ်၊ ကိုညိုထွန်း၊ ကိုဘဆော၊ ရခိုင်ရဲဘော်တွေ၊ နောက်မန်းဝင်းမောင်၊ သခင်အုံးမောင်၊ ဗန်းမော်ကိုကိုကြီး၊

ကိုချစ်ကောင်း စတဲ့ပုဂ္ဂိုလ်တွေ ရှိနေနှင့်ပြီး "မြန်မာပြည်က ကျောင်းသားများ သီဟိုသို့ ဘုရားဖူးရောက်ရှိနေပြီ"ဆိုတဲ့သတင်း ရေဒီယိုမှလွှင့်တယ်။ သခင်ဗိုလ်တို့လူစု ရောက်ပြီဆိုတဲ့ လျှို့ဝှက်စကားနဲ့ မြန်မာပြည်ကို အကြောင်းကြားလိုက်တာဖြစ်တယ်။ လေနတ်သား သတင်းမှာလဲပါတယ်။ အဲဒီတုန်းက မြန်မာပြည်က ပညာသင်တွေ စစ်မဖြစ်ခင်က ရောက်နှင့်နေတာလဲရှိတယ်။

သခင်ဗိုလ်တို့ ဘုံရိပ်သာမှာ ကိုသိန်းဖေက ကျောရိုးတီဘီပိုး ဝင်နေတဲ့အတွက် ကျောက်ပတ်တီး စည်းထားစဖြစ်တယ်။ အိပ်ရာပေါ်မှာ ပက်လက်ပဲ။ ဒါပေမယ့် သူကအဲဒီရောက်လာတဲ့ ရဲဘော်တွေကို အိပ်ရာထဲကနေ မာ့က်စ်ဝါဒတွေနဲ့ ဖက်ဆစ်ဆန့်ကျင်ရေးနဲ့ ပတ်သက်တဲ့ နိုင်ငံရေးသင်တန်းတွေကို ပို့ချပေးပါတယ်။ စစ်မဖြစ်ခင်က မြန်မာပြည် ကွန်မြူနစ်ပါတီဝင်တစ်ယောက်ဖြစ်တဲ့ မစ္စတာဂိုရှယ်ခေါ် ရဲဘော်ဘတင်၊ ဒေါက်တာနပ်ဟာ အင်္ဂလိပ်အပြေးမှာ အိန္ဒိယပြေးကြတယ်။ သူတို့ကလဲ ဘုံရိပ်သာကိုရောက်လာပြီး ကြားညှပ်သင်တန်းတွေ ပို့ချပေးပါတယ်။

အဲဒီမှာ (၄) ရက်လောက်နေပြီးတော့ မြန်မာပြည်ကို အရေးတကြီးဆင်းဖို့ကြုံလာတော့ ဗိုလ်ထွန်းညွန့် အင်္ဂလိပ်အရာရှိတစ်ယောက်နဲ့ ဂျက်ဆိုလေယာဉ်ကွင်းကို လိုက်သွားရတယ်၊ လေထီးသင်တန်း လက်တွေ (၄) ကြိမ်ကိုခုန်ချရတယ်။ ဘောပတ်ဝန်းကျင်မှာတော့ သုနာပြုမကလေးတွေ ရှိတယ်။ လေယာဉ်ပျံ နှစ်စင်းပေါ်က ခုန်ချရတယ်။ တစ်စင်းကတော့ စီ ၄၆ ဒါကိုတာအမျိုးအစား ဖြစ်တယ်။ ဘောအပေါက်က ခုန်ချရတဲ့ လေယာဉ်အမျိုးအစားဖြစ်တယ်။ တစ်မျိုးကတော့ ဝမ်းဗိုက်က လျှောဆင်းလိုက်ရတဲ့ လယ်ဗရေတာအမျိုးအစား ဖြစ်တယ်။

## မြန်မာပြည် လေထီးနဲ့ဆင်းရပြီ

၁၉၄၄ ခု၊ ဒီဇင်ဘာလ (၂၄) ရက်မှာ မြန်မာပြည်ကို လေထီးနဲ့ချပေးဖို့ စောဘဟန်ကို ရွေးပြီးထားတယ်။ လေထီးဆင်းမယ့်လူကို ဝမ်းရောဂါနဲ့ ပုလိပ်ရောဂါ ကာကွယ်ရေးဆေးတွေ ထိုးပေးရတယ်။ ဒီဆေးရှိန်ကြောင့် စောဘဟန်ဖျားပြီး ခရီးမထွက်နိုင်တော့ဘူး။ လေထီးဆင်းဖို့ အစီအစဉ်ကို ဖျက်လို့မဖြစ်တဲ့အတွက် စောဘဟန်နေရာမှာ ဗိုလ်ထွန်းညွန့်ကို အစားထိုးလိုက်တယ်။

ဗိုလ်ထွန်းညွန့်ကို ပေးလိုက်တဲ့တာဝန်တွေက

(၁) အင်္ဂလိပ်ရဲ့ အမှုထမ်းဝါယာလက်သမား ကိုတင်ညွန့်ကို ဖက်ဆစ်ဆန့်ကျင်ရေး အဖွဲ့ချုပ်နဲ့ ဆက်သွယ်ပေးဖို့။

(၂) ဖက်ဆစ်ဆန့်ကျင်ရေး အဖွဲ့ချုပ်အတွက် ဝါယာလက်စက်တွေ၊ စတင်းဂန်း၊ သေနတ်နဲ့ကျည်ဆန်တွေ၊ ဆေးဝါးတွေ၊ လက်ပစ်ဗုံးတွေ၊ မြေပုံတွေ၊ ပြောက်ကျားတိုက်နည်းစာအုပ်တွေ စတဲ့ပစ္စည်းတွေကို ပို့ပေးဖို့။

(၃) ဇန်နဝါရီလ (၁၇)ရက်နေ့မှာ ဖြူးမှာ လေထီးတပ်ဖွဲ့တစ်ဖွဲ့အတွက် ကြိုဆိုပေးဖို့ (ဒါကအဓိက တာဝန်ဖြစ်တယ်)

(၄) ကျောက်ဆည်မှာရှိတဲ့ သခင်တင်ရွှေ၊ ကိုကိုကြီးတို့ရဲ့ ဝါယာလက်စခန်းကို ပိုမိုလုံခြုံတဲ့နေရာကို ပြောင်းရွှေ့ထားဖို့ ဒါတွေပဲ။

ဆင်းရမယ့်နေရာက ပျဉ်ပုံကြီးနယ်မှာပဲ။ ပျဉ်ပုံကြီးနဲ့ မိုင် ၂၀ လောက်ဝေးတဲ့ ကရင်ရွာပဲ။ ဆင်းတော့ ဘယ်သူမှမပါဘူး၊ ဗိုလ်ထွန်းညွန့် တစ်ယောက်တည်းပဲ။ ဂျပန်တွေက ရခိုင်စစ်မျက်နှာမှ လှိမ့်ဆင်းလာပြီး အရှေ့ရိုးမကို ရှေးရှု့ချီတက်နေတဲ့ အချိန်ပေါ့။

ဆင်းရမယ့်နေရာကို မရောက်ခင် ဗိုလ်ထွန်းညွန့်ကိုဆင်းဖို့ လေယာဉ်မှူးက အချက်ပေးနေတယ်။ ဒီတော့ ဆင်းရမယ့်နေရာ ကြည့်လိုက်တော့ "ခင်ဗျားတို့နေရာမှားနေတယ်"လို့ ပြောလိုက်တယ်။ နောက်ဆင်းရတဲ့ အချိန်ကလည်း (၁၁)နာရီနဲ့ (၁၂)နာရီကြား ဖြစ်တယ်။ လကလဲ မလင်းတလင်း၊ လင်းလာလိုက်၊ တိမ်ထဲဝင်ရောက်ပြီး ပျောက်ကွယ်သွားလိုက်နဲ့ ဖြစ်နေတယ်။ အဲဒီလိုဖြစ်နေတဲ့အပြင် လေယာဉ်မောင်းသမားတွေက ဒီအချိန်မှာ အရက်မူးတယ်။ သူတို့ကိုယ်တိုင် ဗိုလ်ထွန်းညွန့် ဆင်းရမယ့်နေရာကို ဇဝေဇဝါ ဖြစ်နေတယ်။ လေယာဉ်ပျံပေါ် မတက်ခင် ဗိုလ်ထွန်းညွန့်ကို လိုက်ပို့တဲ့ အင်္ဂလိပ်မေဂျာက မှာတဲ့စကားကို သွားသတိရလိုက်တယ်။ ဒါက–

"တကယ်လို့ ခင်ဗျားဆင်းရမယ့်နေရာ မသေချာဘူးလို့ စိတ်ထဲက သံသယဖြစ်လာရင် မဆင်းနဲ့ လေယာဉ်မှူးတွေကို ပြန်လှည့်ခိုင်းပါ"တဲ့။

လေယာဉ်ပျံပေါ်မှာ လေယာဉ်မောင်းတဲ့လူက နှစ်ယောက်၊ ဝိုင်ယာလက်သမားက တစ်ယောက်၊ အစီအစဉ် လုပ်ပေးတဲ့သူက တစ်ယောက်၊ ပေါင်း–

၄ ယောက်နဲ့ သူပဲပါတယ်။ သူတို့က "စခန်းမသေချာရင် လှည့်ပြန်ချင်ပြန်"လို့ ပြောတယ်။ ဒီအချိန် တိမ်တိုက်တွေ ရှင်းပြီးလင်းသွားတော့ ဆင်းဖို့သတ်မှတ်ပေးထားတဲ့ နေရာကို ရောက်နေမှန်း သိလိုက်တယ်။ အဲဒီတော့မှ မူလကဆင်းဖို့ သူတို့ပြောခဲ့တာ မှားသွားကြောင်း "ဆောရီး"ဆိုပြီး တောင်းပန်တယ်။

အောက်ကမီးနဲ့ အင်္ဂလိပ်လို (တီ)ဆိုပြီး ပြထားတာတွေ့ရတယ်။ လက်နှိပ်ဓာတ်မီးနဲ့လဲ အချက်ပြနေတာကို မြင်ရတယ်။ ဂျက်ဆို လေယာဉ်ပျံကွင်းက ည(၆)နာရီလောက်မှာ ထွက်လာတယ်။ ဆင်းရမယ့်နေရာကို (၁၁)နာရီနဲ့(၁၂) နာရီကြား ရောက်တယ်။ လမ်းမှာလဲ ဟိုနေရာဝင် ဗုံးချ၊ ဒီနေရာဝင် ဗုံးချနဲ့ လာခဲ့တယ်။ လေယာဉ်ပျံက စက်ခေါင်းနှစ်လုံးတပ် လယ်ဗရေတာ အမျိုးအစား ဖြစ်တယ်။

ဆင်းရမယ့်နေရာ မရောက်ခင် ဗုံးတွေပစ်ချလိုက်တယ်။ ဆင်းရမယ့် နေရာရောက်တော့ ပျံဝဲနေပြီးဇလားကို ဖြုတ်လိုက်တယ်။ လူဆင်းဖို့ အပေါက်ကလေး ဖြစ်သွားတယ်။ လေထီးကြိုးကို ကြိုးတန်းမှာချိတ်ပြီး ဇလားထဲဝင်ထိုင်လိုက်တယ်။ ဘေးတစ်ဘက်တစ်ချက်စီမှာ ခြေကန်ကလေးတွေ ရှိတယ်။ ခြေကိုဆင်းပြီး ကန်ထားရတယ်။ လက်ကဇလားကို ကိုင်ထားရတယ်။ မီးကို ကြည့်နေရတယ်။ နီနေတဲ့မီးဟာ စိမ်းသွားတာနဲ့တစ်ပြိုင်နက် ခြေနှစ်ဘက်ကိုစုပြီး လက်ကိုလဲလွှတ်လိုက်တော့ လေထဲလွင့်ပါသွားတယ်။ လူဆင်းပြီးတဲ့အခါ လေထီးလေးလက်နဲ့ ပစ္စည်းတွေဆက်တိုက် ချပေးလိုက်တယ်။ အောက်ကို ချောချောမောမောပဲ ရောက်တယ်ဆိုပြီး အောက်ကနေ လက်နှိပ်ဓာတ်မီးနဲ့ အချက်ပြ သတင်းပို့လိုက်တယ်။ အဲဒီမှာ လေယာဉ်ပျံလဲ လှည့်ပြန်ထွက်သွားပါတော့တယ်။

ဆင်းရတဲ့စခန်းက ကိုတင်ညွန့်ရဲ့စခန်း ဖြစ်တယ်။ ကိုတင်ညွန့်က ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့က ရဲဘော်မဟုတ်ဘူး။ အင်္ဂလိပ်တပ်က ဝိုင်ယာလက်အော်ပရေတာ ဖြစ်ပါတယ်။

ပထမ ကိုတင်ညွန့် ဆင်းလာတုန်းက ဖက်ဆစ်ဆန့်ကျင်ရေး ရဲဘော်တွေက ချိန်းထားတဲ့နေရာကို သွားကြိုတယ်။ ဒါပေမယ့် ဆင်းခဲ့တဲ့နေရာနဲ့ ချိန်းထားတဲ့နေရာ တခြားစီဖြစ်ခဲ့လို့ အဆက်အသွယ် ပြတ်ရတယ်။ ဒါကြောင့် သူ့ဟာသူ အနားမှာရှိတဲ့ ကရင်လယ်သမားကြီးတွေကို ဆက်သွယ်စည်းရုံးပြီး

ခန်းဖွင့်နေလိုက်တယ်။ ဒါကြောင့် သူ့ဆီမှာ ဗိုလ်ထွန်းညွန့် ဆင်းရတယ်။ ရွာသားတွေကို လက်ဆောင်တွေပေးလိုက်လို့ အားရကျေးဇူးတင် ဖြစ်ကြတယ်။

ကိုတင်ညွန့် ဆင်းတဲ့နေရာက ရဲဘော်မောင်ကြည် လေထီးနဲ့ဆင်းတဲ့ နေရာပဲဖြစ်တယ်။ ရဲဘော်မောင်ကြည် ဆင်းပြီးတဲ့နောက် တစ်လပြည့်တဲ့အခါ တခြားလေထီးအဖွဲ့တစ်ခုကို ချပေးမယ်လို့ ချိန်းဆိုခဲ့တာရှိတယ်၊ အဲဒီနေရာမှာ ဝိုင်ယာလက်စခန်း တစ်ခုဖွင့်ဖို့ ဗိုလ်မှူးကျော်ဇောနဲ့ ဆွေးနွေးပြီး ကိုကြီးမြင့် (ယခု ဘီဘီအယ်လ်အရက်ဌာန မန်နေဂျာ)ကို တာဝန်ပေးခဲ့တယ်။

ချိန်းဆိုထားတဲ့ အချိန်ရောက်တဲ့အခါမှာ ပဲခူးချောင်းဖျားအနီး "သံဇပင်" ခေါ် ကရင်ရွာနားမှာ လေထီးရဲဘော်မောင်ကြည်နဲ့ ကိုကြီးမြင့်တို့ သွားစောင့်ကြ တယ်။ ပဲခူးချောင်းဖျား ထန်းတောကြီးနယ်ကို ကျွမ်းကျင်တဲ့ ပဲခူးကကိုတင်မြင့်၊ (ယခုတောခိုကျဆုံး)နဲ့ ကိုခင်သောင်း (ဂျပန်တော်လှန်ရေး တိုက်ပွဲအတွင်း ပေါင်တိုက်ပွဲမှာ ဂျပန်ဖမ်းမိပြီး အရှင်လတ်လတ် မြေမြှုပ် သုတ်သင်ခံရ)တို့ကို ခေါ်သွားတယ်။

ချိန်းဆိုထားတဲ့ ရက်လွန်ပြီး ၅–ရက်လောက်မှာ ချိန်းဆိုထားတဲ့ နေရာမှာ ဘယ်လေထီးသမားမှ မဆင်းခဲ့တဲ့အတွက် သူတို့စိတ်ပျက်ပျက်နဲ့ ပြန်သွားကြတယ်။ ဒါပေမယ့် ဘစ်ညမှာတော့ လေယာဉ်ပျံတစ်စင်း ပျံဝဲသွားပေ မယ့် လေထီးအဖွဲ့ ဆင်းလာတာ မတွေ့ကြဘူး။ အဲဒီညမှာ လေယာဉ်ပျံတချို့က ပဲခူးမြို့ပေါ်မှာ မီးကျည်တွေချ စက်သေနတ်ပစ်၊ ဗုံးကြဲတယ်လို့ ကိုကြီးမြင့်တို့ သိလိုက်ရတယ်။

တကယ်က ချိန်းထားတဲ့နေရာမှာပဲ ကိုတင်ညွန့်တစ်ယောက် လေထီးနဲ့ ဆင်းခဲ့တာ ဖြစ်တယ်။ ဒါပေမယ့် ချိန်းထားတဲ့နေရာ မဟုတ်ဘဲ "သံဇပင်"ခေါ်တဲ့ ကရင်ရွာတွေရဲ့ လယ်တောထဲ ဆင်းမိရက်သား ဖြစ်တယ်။ အဲဒီ ကရင် လယ်သမားကြီးဆီက အကူအညီယူပြီး ပါလာတဲ့ပစ္စည်းတွေကို မြေမြှုပ်ဝှက်ထား လိုက်တယ်။ ဖို့ဒ်–၁၃၆ တပ်ဖွဲ့ဆီ ဝိုင်ယာလက်နဲ့ ဆက်သွယ်ကာ အခြေအနေကို သတင်း ပို့လိုက်တယ်။ ဗိုလ်ထွန်းညွန့်ရောက်တော့မှပဲ ကိုတင်ညွန့်နဲ့ ဖက်ဆစ်ဆန့်ကျင်ရေး အဖွဲ့နဲ့ ဆက်သွယ်ပေးလိုက် ရပါတယ်။ အဖွဲ့ချုပ်နဲ့ ဆက်သွယ်ပေးဖို့ တာဝန်တစ်ခုလဲ ပါတယ်။

နွားသန်သန် အားကောင်းကောင်းနဲ့ လှည်းတောင့်တောင့်တစ်စီးကို ကရင်အမျိုးသားတစ်ဦးဆီက အင်္ဂလိပ်ငွေနဲ့ ငှားယူလိုက်ပါတယ်။ ကိုတင်ညွန့်မှာ

ပါလာတဲ့ ဝါယာလက်ဖက်များ၊ ဗိုလ်ထွန်းညွန့်မှာပါတဲ့ ဝိုင်ယာလက်စက်နှစ်လုံးနဲ့ တစ်ယောက်သာ နားခထောင်ရနိုင်တဲ့ ဓာတ်ခဲသုံး ရေဒီယိုလေး အလုံး ၂၀၊ စတင်းဂန်းတွေ၊ ကျည်ဆန်တွေ၊ ဆေးဝါးတွေ၊ အချက်ပြဓာတ်မီးတွေ၊ လက်ပစ်ဗုံးတွေ၊ မြေပုံတွေ၊ ပြောက်ကျားတိုက်နည်း ပရိယာယ်စာအုပ်တွေကို အဲဒီလှည်းပေါ်တင် ကောက်ရိုးတွေအုပ်ပြီး လျှော်၊ ကြိမ်ဖတ်အစရှိတဲ့ သစ်တောထွက်ပစ္စည်းတွေကို ဖုံးလာခဲ့ကြတယ်။ ရိုးရိုး ဘိဒီအေတပ်သား အဝတ်အစားတွေဝတ်ပြီး ည ၆–နာရီက စထွက်ခဲ့ပါတယ်။ မိုးလင်းခါနီးမှာ ပျဉ်ပုံကြီးနား ရောက်တယ်။ လှည်းလမ်းအဝင်မှာတော့ ကင်းတွေမရှိဘူး။ ရွာထဲမှာတော့ ဂျပန်တွေရှိနေတယ်။ ဟန်မပျက်ဘဲ ဂျပန်တွေရှေ့မှာ ဖြတ်မောင်းလာခဲ့တယ်။ နေ့ ၁၂–နာရီလောက်မှာ ပဲခူးကို ရောက်တယ်။

အိန္ဒိယတုန်းက ကိုးသိန်းဖေက ပဲခူးရောက်ရင် ပွဲစားကြီး သခင်အုန်းမောင်ဆိုတာ ရှိတယ်။ သူ့ကိုလိုက်ရှာပြီး "ကိုသိန်းဖေက မှာလိုက်တယ်"လို့ ပြောရင် လိုတဲ့အကူအညီ ပေးလိမ့်မယ်ဆိုတဲ့အတွက် ပဲခူးဝင်ဝင်ချင်း သူ့ကိုရှာပြီး အခြေအနေကို မေးရတယ်။ သူကိုယ်တိုင်ပဲ စံပြတပ်ရင်းကို လိုက်ပို့ဖို့ လိုက်လာတယ်။ စံပြတပ်ရင်းထဲဝင်တော့ ဂျပန်အကြံပေး အရာရှိတွေလဲ တပ်ကိုစစ်ဆေးဖို့ ရောက်နေချိန်ဖြစ်ခဲ့တယ်။ ဗိုလ်မှူးကျော်ဇော မရှိဘူး။ ဗိုလ်မှူးဗလပဲရှိတယ်။ ဂျပန်အရာရှိတွေ ပြန်သွားတော့မှ ဗိုလ်မှူးဗလနဲ့တွေ့ပြီး အကျိုးအကြောင်း ပြောပြတယ်။ နေ့ခင်းကြောင်တောင်ကြီး ဒီပစ္စည်းတွေ ယူခဲ့တော့ ဗိုလ်မှူးဗလလဲ မျက်လုံးမျက်ဆံပြူး ဖြစ်သွားတယ်။ အဲဒီကနေ အဖော်လိုက်လာတဲ့ ကရင်တွေ ပြန်လွှတ်ဖို့ကိစ္စကို စီစဉ်ရတယ်။ လက်ဖက်ခြောက်၊ ငါးပိ၊ ဆေးရွက်နဲ့တခြား လိုအပ်တဲ့ ပစ္စည်းတွေကို ပဲခူးက ပွဲစားကြီးသခင်အုန်းမောင်ကပဲ သူ့ပွဲရုံကနေ အခမဲ့ ပေးလိုက်တယ်။

> သခင်တင်မြရဲ့ ဘုံဘဝမှာဖြင့် "ပုဂံစာအုပ်တိုက် ပထမအကြိမ် တစ်စုတည်း ပုံနှိပ်ခြင်း၊ စာအုပ်၊ စာမျက်နှာ ၆၅၈–၆၆၁ မှာကတော့ ပဲခူးချောင်းဖျားမှာ လေထီးနဲ့ဆင်းတဲ့ ကိုတင်ညွှန့် (ဗြိတိသျှစစ်မှုထမ်း) ဆိုတဲ့ ဝါယာလက်သမား တစ်ယောက်ကို ဖက်ဆစ်ဆန့်ကျင်ရေး အဖွဲ့ဝင်တွေက သွားကြိုပေမယ့် လွဲသွားလို့ ကိုတင်ညွှန့်က ကရင်အမျိုးသားတွေနဲ့ ဆွေးနွေးပြီး ပဲခူးပွဲစားကြီး သခင်အုန်းမောင်ရဲ့ အကူအညီနဲ့

စံပြတပ်ရင်း ဗိုလ်ဗလဆီ ဝါယာလက်ပစ္စည်း လက်နက်တွေ လှည်းပေါ် ဝှက်တင်ပြီး ရောက်လာတယ်လို့ ဖော်ပြတယ်။

ဒါပေမယ့် ၁၅–၉–၆၅ ခုနေ့မှာ ကချင်ပြည်နယ် မြစ်ကြီးနားက ဗိုလ်ထွန်းညွန့်အိမ်မှာ တွေ့ဆုံမေးမြန်းတုန်း သိခဲ့ရတာက ဗိုလ်ထွန်းညွန့်က ကိုတင်ညွန့်ရဲ့စခန်းမှာ ဆင်းရသတဲ့။ လေထီး ၄–လက်စာ၊ ဝါယာလက် စက်နှစ်လုံး၊ စတင်း၊ ရေဒီယို၊ စာအုပ်စတဲ့ပစ္စည်းတွေ လှည်းပေါ်ဝှက်တင် ပြီး ပဲခူးစံပြတပ်ထဲ မောင်းသွားရတဲ့အကြောင်း ပြောပြတယ်။ ဒီတုန်းက ဒီလိုလက်နက်တွေ ဗြောင်ယူခဲ့ရပေါ့မလားဆိုပြီး ဗိုလ်မှူးဗလက သူတို့ကို ဆီးကြိုပြီး ပဟောက်သေးသတဲ့၊ ဗိုလ်မှူးဗလနဲ့သူနဲ့ စကားတော်တော် များခဲ့ရသေးသတဲ့လို့ ဆိုပြီး စာရေးသူကို ပြောပြပါတယ်။

ဘုံဘဝမှာဖြင့် ဆိုတဲ့စာအုပ်ထဲကတော့ ကိုတင်ညွန့်လို့ ဆိုထား တယ်။ ဒါပေမယ့် ဗိုလ်ထွန်းညွန့်ကတော့ သူကိုယ်တိုင်ပဲ ဒီလက်နက်တွေ ယူတယ်လို့ပြောတော့ ဒီမှာ နည်းနည်းကွဲလွဲနေတာကို တွေ့နိုင်တယ်။ စာရေးသူထင်မြင်ချက်ကတော့ ဒီဝါယာလက်စက်တွေ၊ စတင်းတွေ၊ လက်ပစ်ဗုံးတွေကို ဗြိတိသျှ ကြေးစားစစ်သားတစ်ယောက်က ဒီလိုယူခဲ့ ရဲမယ် မထင်ဘူး။ ဘီဒီအေနဲ့ ဒီဗြိတိသျှစစ်သား ဝါယာလက်သမားနဲ့ လဲ ရင်းနှီးမှုမရှိဘူး။ ဗိုလ်ထွန်းညွန့်ကလဲ ကမာရွတ်မှာ ဂျပန်စစ်ဗိုလ်ကို ဓားနဲ့ရုတ်တရက် ခုတ်သတ်ခဲ့တယ်။ ပြီး ပဲခူးမှာ လေထီးနဲ့ဆင်းပြီး ကျောက်ဆည်က ဝါယာလက်ရွှေ့ဖို့ မန္တလေး ရောက်လာတုန်းကလဲ ဗိုလ်မှူးဗထူးရဲ့ တပ်မှာနေရင်း အမေရိကန် ၄၅ ပစ္စတိုခါးကြားထိုးပြီး မော်တော်ဆိုင်ကယ် တကားကားနဲ့ မြို့ထဲ လျှောက်သွားချင် သွားနေတာပဲ။ အဲဒီလို တဇွတ်ထိုး မိုက်ကန်းကန်း လုပ်တတ်ကိုင်တတ်တဲ့ သဘောကို သိထားတော့ ဒီစစ်ပစ္စည်းတွေ စံပြတပ်ရင်းထဲ နေ့ခင်း ကြောင်တောင် ယူသွားတဲ့သူဟာ ဗြိတိသျှစစ်သား ကိုတင်ညွန့်ထက် ဗိုလ်ထွန်းညွန့်ပဲ ဖြစ်ဖို့များတယ်လို့ စာရေးသူက ထင်မြင်ယူဆ မိပါတယ်။

နောက်မှ ဗိုလ်မှူးကျော်ဇော ရောက်လာတယ်။ ဗိုလ်မှူးကျော်ဇော ရောက်လာတော့မှ ဗိုလ်ထွန်းညွန့်က အခြေအနေစုံကို သတင်းပို့လိုက်တယ်။ ဗိုလ်မှူးကျော်ဇောက ရန်ကုန်က ဖက်ဆစ်ဆန့်ကျင်ရေး အဖွဲ့ချုပ်ကို ပို့ပေးတယ်။

အဲဒီမှာ သခင်တင်မြနဲ့ ထပ်တွေ့တယ်။ ပြီးတော့ ဗိုလ်မှူးကျော်ဇောကပဲ ဗိုလ်မှူးဗထူးနဲ့ တွေ့ပေးတယ်။ ဒီအချိန် ဗိုလ်မှူးဗထူးက ဆွေးနွေးဖို့ ရန်ကုန် ရောက်နေတာ ဖြစ်တယ်။ ဗိုလ်မှူးဗထူးနဲ့ စစ်ဝန်ကြီးရုံး ကားဂိုဒေါင်ထဲမှာပဲ တွေ့ဆုံပြီး အခြေအနေတွေ အားလုံးကို သတင်းပို့လိုက်တယ်။

ရန်ကုန်မှာ နှစ်ရက်လောက်နေပြီးတော့ ဗိုလ်ထွန်းညွန့် ဖြူးကိုတက်သွားတယ်။ ဖြူးက အာရှလူငယ် အစည်းအရုံးမှာ တည်းခိုတယ်။ ဖြူးကိုသန်းဖေနဲ့ တွေ့ပြီး ဇန်နဝါရီလ (၁၇)ရက်နေ့မှာ ဖြူးရဲ့အရှေ့ဘက် "ဘန်းလောင်ရွာ" လေထီးဆင်းမယ့် အဖွဲ့အတွက် ကြိုတင်ပြင်ဆင်ထားဖို့ ဆွေးနွေးကြပါတယ်။

မီးပုံးတွေနဲ့ တိပုံစံအတိုင်းလုပ်ပြီး အချက်ပြဖို့ဖြစ်တယ်။ ညဘက်ဆောက နေပြီး မီးကိုမှိတ်တုတ်မှိတ်တုတ်လုပ်ပြီး အချက်ပြဖို့ ဖြစ်တယ်။ တိရဲ့ဗယ်ဘက် ကဆိုရင် ဂျပန်က အတင်းအကျပ် လုပ်နိုင်းလို့ လုပ်ရတာပါဆိုပြီး လေယာဉ်ပုံ ပေါ်ကလူတွေသိအောင် အချက်ပြပေးရတယ်။အဲဒီတော့ သူတို့က လေထီးမချဘဲ ပြန်လှည့်သွားမယ်။

တချို့နေရာတွေမှာ လေထီးအဖွဲ့ကို ရန်သူက ဖမ်းမိတာလဲရှိတယ်။ နောက် ဆင်းမယ့်အဖွဲ့အတွက်လဲ ရန်သူက သတင်းရရှိသွားတတ်တယ်။ ဒီလိုအခါမှာဆိုရင် နောက်ဆင်းမယ့်အဖွဲ့ ဆင်းမယ့်နေရာ နေ့ရက်အချိန်ကို အောက်က အချက်ပြနိုင်းပြီး ထောင်ဖမ်းတာမျိုးလဲ ရှိခဲ့တတ်တယ်။ ဒါကြောင့် မို့ရန်သူက အတင်းအကျပ်ခိုင်းရင် ဘယ်လိုနေရာက မီးပြရတယ်။ အန္တရာယ် ကင်းရင် ဘယ်လိုနေရာက မီးပြရမယ်ဆိုတာတွေကို နားလည်ထားအောင် သင်တန်းက သင်ခဲ့တဲ့အတိုင်း ပြောပြလိုက်တယ်။ ဒါကြောင့် မီးပြတဲ့လူရဲ့ နေရာဟာ လေထီးချရာမှာ နေရာမှန်မှန်ကနေဖို့ အရေးကြီးတယ်ဆိုတာပါ ရှင်းပြလိုက်ရတယ်။

ဗိုလ်ထွန်းညွန့်ဟာ ဒါတွေကို ရဲဘော်သန်းဖေကို အသေအချာ ရှင်းပြထားခဲ့ပြီး ကျောက်ဆည်မှာရှိတဲ့ ဝိုင်ယာလက် စက်ရွှေ့ရေးကိစ္စအတွက် မန္တလေးကို ဆက်တက်ခဲ့ပါတယ်။ ဗိုလ်မှူးဗထူးဆီ ရောက်တဲ့အခါ သူ့ဆီမှာပဲ တည်းခဲ့ပြီး ကျောက်ဆည်ရှိ ဝိုင်ယာလက်စက် ပြောင်းရွှေ့ဖို့ စီစဉ်ပါတယ်။

မကြာခင် ကျောက်ဆည်ကို ကလွကတ္တားကဆင်းလာတဲ့ သခင်တင်ရွှေ နဲ့ ဗန်းမော်ကိုကိုကြီးတို့ကို တွေ့တယ်။ နောက် အမေရိကန် (၁၀၁)တပ်ဖွဲ့နဲ့

ဆက်သွယ်ပြီးဆင်းလာတဲ့ ကိုဝင်းမောင်(စာရေးသူ ကျော်ဝင်းမောင်)နဲ့ ကိုလှ (တောခို ဗ၊က၊ပ ကွယ်လွန်)တို့နဲ့ တွေ့ရပါတယ်။

၁၉၄၅ ခု၊ ဖေဖော်ဝါရီလ (၈)ရက်နေ့မှာ ဗိုလ်မှူးရဲ့ ညွှန်ကြားချက်အရ ဗိုလ်ထွန်းညွန့်ဟာ ရဲဘော်သုံးဆယ်နဲ့အတူ ပုသိမ်ကြီးဘက်ကို လိုက်သွားတယ်။ ကဘိုင်ရွာနဲ့ မတ္တရာမြို့ကြားရှိ ရွာကလေးတွေမှာ တပ်ဖျောက်လိုက်တယ်။ မတ်လ (၈)ရက်နေ့ညမှာ အထက်မြန်မာပြည်က ဗိုလ်မှူးဗထူး ခေါင်းဆောင်ပြီး ဂျပန်ကို စတင်တော်လှန်တယ်။ မတ္တရာဘက်ကို ထွက်လာတဲ့ ဂျပန်တွေနဲ့ လေးကြိမ်တိုက်ပွဲ ဖြစ်တယ်။

မန္တလေးမြို့ကို အပြီးအပိုင်သိမ်းတဲ့ အင်္ဂလိပ်တပ်တွေနဲ့ သွားဆက်တော့ သူတို့က ဗိုလ်မှူးဗထူးကို တွေ့ပေးဖို့ ဗိုလ်ထွန်းညွန့်ကို ပြောတယ်။ သူက တွေ့မပေးနိုင်ဘူးလို့ ငြင်းလိုက်တယ်။ ဒါကြောင့် သူတို့အားလုံးကို ဖမ်းပြီး ကဘိုင်အချုပ်ခန်းထဲ ထည့်လိုက်တယ်။ အဲဒီမှာ ဗန်းမော်ကိုကိုကြီးကို တွေ့ရတယ်။ နောက် ကပ္ပတိန်ဆော်လီ ရောက်လာပြီး ကိုကိုကြီးနဲ့ ဗိုလ်ထွန်းညွန့်ကို ထုတ်သွားတယ်။ ရဲဘော်တွေကိုတော့ ပြန်လွှတ်လိုက်တယ်။ ဒါပေမယ့် လက်နက်တွေတော့ ပြန်မပေးဘဲ သိမ်းထားလိုက်တယ်။ နောက်ကိုထွန်းညွန့်၊ ကိုကိုကြီးတို့ကို မန္တလေးလေယာဉ်ကွင်းကနေ လေယာဉ်နဲ့ ကလ္လကတ္တားကို ခေါ်သွားတယ်။

ရန်ကုန်ကျသွားတော့ စစ်သဘော်နဲ့ သခင်မြသွင်(ကိုဘညွန့်)၊ သခင်အုံးမောင်နဲ့ တခြားရဲဘော်တွေ လိုက်ပါပြီး ကလ္လကတ္တားက စစ်တကောင်း၊ နောက်ရန်ကုန် ရောက်လာပါတော့တယ်။

* * *

**ဗိုလ်ထွန်းညွန့်။** ။ ဗိုလ်ထွန်းညွန့်ခေါ် ဗိုလ်ကံညွန့်ဟာ ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ မိုးကောင်းမြို့ နန့်ကောင်းတန်း (အခု အလယ်ရပ်)ရပ်မှာ မွေးဖွားတယ်။ အဖက ဦးငြိမ်း၊ အမိ ဒေါ်ကွန်း ဖြစ်ပါတယ်။ ၁၂၈၀ ပြည့်နှစ်မှာ မွေးဖွားတယ်။ တနင်္လာသား၊ ညီအစ်ကိုမောင်နှမ လေးယောက်ရှိသည့် အနက် တတိယဖြစ်တယ်။ ကြီးစဉ်ငယ်လိုက်က ဦးကျော်၊ ဒေါ်သိန်းမေ၊ ဗိုလ်ထွန်းညွန့်၊ ဦးထွန်းရှိတို့ ဖြစ်ပါတယ်။ ညီအစ်ကိုမောင်နှမ လေးယောက်အနက် အစ်ကိုအကြီးဆုံး

ဦးကျော်သာ ကျန်ရစ်တယ်။ ကျန်တာအားလုံး ဆုံးကုန်ပြီ။ ဗိုလ်ထွန်းညွန့်ဟာ (၁၂၆) အောင်နန်းရိပ်သာ၊ မြစ်ကြီးနားမြို့ကနေ ၁၉၇၄ ခု နှစ်ထဲမှာပဲ ဟိုပင်မြို့ကို ပြောင်းရွှေ့သွားတယ်။ ၁၉၇၄ ခု၊ နိဝင်ဘာလလောက်မှာပဲ ဟိုပင်မှာဆုံးသွားတယ်။ ညီအငယ်ဆုံးကတော့ ဂျပန်တော်လှန်ရေးမှာကျဆုံးသွားတယ်။ အင်္ဂလိပ်အပြေးမှာ ဂျပန်နဲ့အတူ တရုတ်တပ်တွေကို လိုက်တိုက် ခဲ့တယ်။ ဘီအိုင်အေရောက်တော့ ဘီအိုင်အေထဲဝင်တယ်။ ဘီအိုင်အေဖျက်တော့ ဘီဒီအေထဲ ဆက်လိုက်တယ်။ ဒုတိယပတ် ဗိုလ်သင်တန်း တက်ခဲ့တယ်။ ကမာရွတ်မှာ ဗမာတွေကို အရက်မူးပြီး ရိုက်နက်နေတဲ့ ဂျပန်စစ်ဗိုလ်ကို ဓားနဲ့ခုတ်သတ် ခဲ့တယ်။ နောက်တပ်မတော်ရဲ့ ညွှန်ကြားချက်နဲ့ တိမ်းရှောင်ရင်း ဂျပန်တော်လှန်ရေး.လုပ်ငန်းအတွက် စည်းရုံးခဲ့တယ်။ နောက်ဖက်ဆစ်ဆန့်ကျင် ရေး အဖွဲ့ချုပ်ရဲ့ ညွှန်ကြားချက်နဲ့ ဗိုဒ်-၁၃၆ တပ်ဖွဲ့ (ဗြိတိသျှ ထောက်လှမ်းရေးတပ်)နဲ့ ဆက်သွယ်ပြီး လေထီးဆင်းခဲ့တယ်။ ဂျပန်တော်လှန်ရေးပြီးတော့ ပြည်သူ့ရဲဘော်နဲ့ ဖ၊ ဆ၊ ပ၊ လခရိုင် ခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့တယ်။ ၁၉၅၀ ခုနှစ်မှာ ကသာ၊ ဗန်းမော်၊ မြစ်ကြီးနား သုံးခရိုင်ပြည်သူ့ရဲဘော်တွေ စုဆွေးနွေးပြီး တောခိုဖို့ဆွေးနွေးတယ်။ မြစ်ကြီးနားက လက်မခံ၊ အချင်းချင်း မတိုက်စတမ်း ဆုံးဖြတ်ခဲ့တယ်။ တောမခို။ နောက်ကချင်ပြည်နယ် ဝန်ကြီးဖြစ်တယ်။ ကျောက်စိမ်း လုပ်ငန်းလုပ်ကိုင်ရင်း ကချင်ပြည်နယ် ဟိုပင်မြို့မှာ ကွယ်လွန်သွားရှာပါတော့တယ်။ ဗိုလ်ထွန်းညွန့် မကွယ်လွန်မီ ၁၅-၉-၆၅ နေ့က မြစ်ကြီးနားမြို့ ၎င်း၏နေအိမ်၌ စာရေးသူအား ပြောပြချက်များကို ဖော်ပြခြင်း ဖြစ်ပါသည်။ (စာရေးသူ)

* * *

ဗန်းမော်စာပေတိုက်

## ၁၁။ ရဲဘော်ချစ်ကောင်း

(ပထမအသုတ်ထဲမှာ လိုက်ပါလာမယ့် အထဲက ရဲဘော်ချစ်ကောင်းနဲ့ စာဖတ်ပရိသတ်ကို ဒီလို မိတ်ဆက်ပေးပါရစေ၊ စာရေးသူ။)

၁၃၀၀ ပြည့်နှစ် အရေးတော်ပုံမှာ အလုပ်သမား၊ လယ်သမား၊ ကျောင်းသားနဲ့ ပြည်သူတွေက နယ်ချဲ့အင်္ဂလိပ်အစိုးရကို သပိတ်လက်နက်ဆွဲကိုင်ပြီး ဆန့်ကျင်နေတဲ့အချိန်က ကိုစိုးမောင် ခေါ် ကိုအောင်ထွန်း ခေါ် ကိုချစ်ကောင်းဟာ မြင်းခြံမြို့ ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေပါပြီ။ ကျောင်းသားတွေကို သံမဏိတပ်တွေ ဖွဲ့စည်းပြီး အခြေခံစစ်ပညာတွေကို လျှို့ဝှက်သင်တန်း ပေးနေပါပြီ။

၁၉၄၀ ခု၊ ဒီဇင်ဘာလမှာ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ညီလာခံကြီးတစ်ခု ကျင်းပခဲ့တယ်။ ဒီညီလာခံက အင်္ဂလိပ်နယ်ချဲ့သမားကို လက်နက်ဆွဲကိုင် တော်လှန်တိုက်ခိုက်ဖို့ ပြင်ဆင်တဲ့ ညီလာခံပါ။ ဒီညီလာခံကို မြင်းခြံက ကိုထွန်းမြင့် (သံမဏိတပ်တာဝန်ခံ)၊ ကိုလှမောင်နဲ့ ကိုချစ်ကောင်းတို့ တက်ခဲ့ကြပါတယ်။ ဒီညီလာခံအတွင်းမှာပဲ ကိုဗဟိန်းနဲ့ ဒေါက်တာဂိုရှယ်တို့ဆီက မာ့က်စ်ဝါဒသင်တန်းတွေကို ကိုချစ်ကောင်းတို့ တက်ခဲ့ပါတယ်။

ကိုချစ်ကောင်း တစ်ယောက် မန္တလေးဥပစာ ကောလိပ်မှာ ရှိတုန်း ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာပါတယ်။ ဒို့ဗမာအစည်းအရုံး ခေါင်းဆောင်တွေက ဂျပန်နဲ့ပေါင်းပြီး မြန်မာပြည်ကို ချီတက်လာမယ်ဆိုတဲ့ သတင်းတွေ ပျံ့နှံ့နေတယ်။ ဒါကြောင့် ကိုချစ်ကောင်း၊ သခင်အုံးတင်(ဗိုလ်အုံးတင်)၊ သခင်ဘိုကြီး၊ ကိုဘကွန်းနဲ့ ကိုထွန်းမြင့်တို့ ငါးယောက် ဘီအိုင်အေတပ်မတော် ရှိရာ ယိုးဒယား (ထိုင်းနိုင်ငံ) သွားဖို့ မီးရထားနဲ့ စုန်ဆင်းခဲ့ပါတယ်။ ညောင်လေးပင် ရောက်တဲ့အခါ အောက်ပိုင်းကို ဆက်သွားလို့မဖြစ်ကြောင်း သခင်ဖင်ဆီက တစ်ဆင့်သိရှိရတဲ့အတွက် မြင်းခြံကို ပြန်လှည့်ခဲ့ရပါတယ်။

ဘီအိုင်အေတပ်နဲ့ ဂျပန်တပ်တွေ မြို့ကိုသိမ်းလိုက်တဲ့အခါမှာ ယာယီ ထိန်းသိမ်းအုပ်ချုပ်ရေးကော်မတီကို ဖွဲ့လိုက်ပါတယ်။ ဒီအဖွဲ့မှာ ကိုချစ်ကောင်း က ဝါဒဖြန့်ချိရေးဌာန တာဝန်ခံအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။

ဘီအိုင်အေတပ်ကို စည်းကမ်းမရှိဘူးလို့ ဆိုပြီး ဂျပန်က ဖျက်သိမ်း လိုက်တယ်။ နောက် ဘီဒီအေတပ်မတော်ကို ဖွဲ့စည်းပေးခဲ့ပြန်တယ်။ ကိုချစ်ကောင်း ဘီဒီအေတပ်ထဲကို ဝင်ခဲ့တယ်။ ဒုတိယပတ် မင်္ဂလာဒုံ စစ်တက္ကသိုလ်တက်ခဲ့ပြီး ဗိုလ်လောင်းအဖြစ် ကျောင်းဆင်းခဲ့တယ်။ သူဟာ ကျောင်းမှာ ကိုချစ်လှိုင်[၁] က တစ်ဆင့် ကွန်မြူနစ်ပါတီနဲ့ အဆက်အသွယ် ရခဲ့တယ်။ ကွန်မြူနစ်သင်တန်းတွေ လျှို့ဝှက်တက်ခဲ့ရပြီး ကျောင်းဆင်းတော့ စစ်ဦးစီးဌာနချုပ်မှာ တာဝန်ယူခဲ့ရပါတယ်။

တစ်နေ့မှာ သခင်တင်မြက ကိုချစ်ကောင်းနဲ့ တွေ့တယ်။ သူ့ကို "အိန္ဒိယသွားရမယ်" လို့ ဘာနိဒါန်းမှမခံဘဲ တိုတိုပြတ်ပြတ် ပြောပါတယ်။ ပြီးတော့ သူ့ကို သခင်သန်းထွန်းအိမ်ကို ပို့ပါတယ်။

ဒီအချိန်က သခင်သန်းထွန်းက မြေနှင့်လယ်ယာစိုက်ပျိုးရေး ဝန်ကြီး အဖြစ် တာဝန်ယူနေချိန်ဖြစ်ပါတယ်။ သခင်သန်းထွန်းဟာ ဝန်ကြီး အလုပ်ကို အကာအကွယ်ယူပြီး ဂျပန်ဆန့်ကျင်ရေးလုပ်ငန်းတွေကို လုပ်နေသူပါ။ သူ့အိမ်ဟာ လက်တွေ့မှာတော့ ဂျပန်ဆန့်ကျင်ရေးရုံးကြီးနဲ့ မခြားပါဘူး။ နိုင်ငံခြားဆက်သွယ်ရေးကိုလဲ ဒီနေရာကနေပြီး ဆောင်ရွက်နေပါတယ်။

ဒါကြောင့် နိုင်ငံရေးအရ ဆက်ဆံလာအောင် ကိုသိန်းဖေတို့က ကြိုးစား နေကြရသေးတုန်းပဲ။ နောက်ပိုင်း တဖြည်းဖြည်းကျမှ မဟာမိတ်စစ်ဌာနချုပ်က ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ချုပ်ကို အသိအမှတ်ပြုလာတယ်။ ပြီးတော့ မြန်မာ

ည်ထဲက တော်လှန်ရေးရဲဘော်တွေကိုလဲ စစ်ပညာသင်ကြားပေးဖို့ပါ လိုလား
တာတယ်။

ဒီတော့ ကိုညိုထွန်းကို ရခိုင်က ဖက်ဆစ်ဆန့်ကျင်ရေး ရဲဘော်တွေနဲ့
ရင်အဆက်ရဖို့ ပြီးတော့ မြန်မာပြည်ကိုလဲ အထောက်တော်လွှတ်ဖို့အတွက်
ခိုင်ကိုထိုးလာတဲ့ အင်္ဂလိပ်စစ်ကြောင်း တစ်ကြောင်းနဲ့အတူ ကိုညိုထွန်းနဲ့
ခိုင်ရဲဘော်အချို့ လိုက်ပါလာခဲ့တယ်။

ဒီအချိန်မှာ ရခိုင်ပြောက်ကျားတပ်ကို ဦးစီးနေတဲ့ ဗိုလ်ကြာလှအောင်
တပ်က အင်္ဂလိပ်တွေကို တိုက်ဖို့ တက်သွားတယ်။ ဒါပေမယ့် သူတို့
ရောက်မှာ အင်္ဂလိပ်တပ်တွေကအဆုတ်နဲ့ ကြုံသွားတယ်။ ကိုညိုထွန်းတို့
စုကတော့ နေရစ်ခဲ့တယ်။ ကိုညိုထွန်းတို့မှန်း သတင်းရထားတော့ ဆက်
တိုက်ဘဲ ပြန်ဆုတ်လာခဲ့တယ်။

ကိုညိုထွန်းတို့ကတော့ လေးမြို့ချောင်းက ပတ်ဆင်းသွားတယ်။ အဲဒီမှာ
ဂျပန်အလိုတော်ရိလဲဖြစ်၊ ဂျပန်အစိုးရ အရေးပိုင်ဖြစ်တဲ့ ဦးကျော်ထွန်းဦးက
ကိုညိုထွန်းတို့အစုကို ဖမ်းလိုက်တယ်။ ကိုညိုထွန်းနဲ့ ကိုလာအောင်ဆိုတဲ့
ခိုင်အမျိုးသားတို့ကိုတော့ လွှတ်ပစ်လိုက်တယ်။ ဒါပေမယ့် သခင်ထွန်းစိန်
င်းပြား)၊ ကိုဖိုးလှနဲ့ ချင်း ဝါယာလက်အော်ပရေတာ နှစ်ယောက်ကိုတော့
ဂျပန်လက်ကို အပ်လိုက်တယ်။

ဂျပန်တွေက သခင်ထွန်းစိန်တို့လူစုကို မြန်မာပြည်ခေါ်ခဲ့ပြီး အမျိုးမျိုး
ညှဉ်းဆဲတယ်။ ခြောက်လလောက်ကြာတော့ သခင်ထွန်းစိန်က တောင်ငူ–
ခုးဘက်က ထွက်ပြေးလွတ်မြောက်သွားတယ်။ ဒါပေမယ့် ကိုဖိုးလှနဲ့ ချင်း
ဝါယာလက်သမား နှစ်ယောက်ကတော့ ဂျပန်က ညှဉ်းဆဲပြီး သတ်လိုက်
တယ်။

ကိုညိုထွန်း ရခိုင်လာပြီး ဂျပန်ဆန့်ကျင်ရေးတွေ လုပ်နေတယ် ဆိုတဲ့
သတင်းကို ဂျပန်က ရရှိသွားပြီး ကိုညိုထွန်းတို့နောက် တကောက်ကောက်
လိုက်ပါနေတော့တယ်။ ဒါကြောင့် သူတို့နှစ်ယောက်ကို လက်ခံထားမယ့်လူ
ရှားသလောက် ဖြစ်နေတယ်။

ကိုစံသာကျော်က ဒီအချိန်မှာ ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသား
အစည်းအရုံးနဲ့ ဗိုလ်ကြာလှအောင်ရဲ့ ပြောက်ကျားတပ်နဲ့ ဆက်သွယ်ပေးနေတဲ့
ရာရှိပါ။ ကိုစံသာကျော်က ကိုညိုထွန်းကို ဘယ်သူကမှ လက်မခံရဲတဲ့

အဆုံးမှာ ဗိုလ်ကြာလှအောင်ဆီ ခေါ်ခဲ့တယ်။ ဗိုလ်ကြာလှအောင်က ကိုညိုထွန်းကို ကိုလှမောင်ဆိုတဲ့ နာမည်ပြောင်းပြီး သူ့တပ်ထဲမှာပဲ ထားလိုက်တယ်။ သူနဲ့အတူပါတဲ့ ကိုသာအောင် (ပလက်ဝ)ကိုတော့ ဖရုံချောင်းမှာ ဂုဏ်ထားလိုက်တယ်။

ကိုညိုထွန်းက မဟာမိတ်ဆိုတဲ့ ဗြိတိသျှစစ်ဘက်နဲ့ ကိုသိန်းဖေတို့ ဆက်ဆံရေးဟာ အသင့်အတင့် ကောင်းလာပြီဖြစ်ကြောင်း၊ ဒါကြောင့် စစ်ပညာသင်ကြားရန် သင့်တော်မယ့် တော်လှန်ရေးရဲဘော်တွေကို လွှတ်ပေးရန် ဆိုပြီး ကိုသိန်းဖေနဲ့ ဗြိတိသျှတပ်တွေ ဆက်ဆံရေးအခြေအနေတွေပါ အစေ့ အစုံရေးပြီး ဦးဖိုးအောင်ဆိုတဲ့ ရခိုင်အမျိုးသားကို ဆက်သားအဖြစ်နဲ့ ရန်ကုန် ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ချုပ်ဆီ လွှတ်လိုက်ပါတယ်။

သခင်စိုး၊ သခင်သန်းထွန်းနဲ့ သခင်တင်မြတို့ တိုင်ပင်ပြီး အိန္ဒိယကို ပညာတော်သင်လွှတ်မယ့် အဖွဲ့ကို သခင်ဗိုလ်ကို ခေါင်းဆောင်အဖြစ် ရွေးချယ်တယ်။ တခြားဖက်ဆစ်ဆန့်ကျင်ရေး သဘောထားကို လက်ခံပြီး ယုံကြည်စိတ်ချရမယ့် ရဲဘော်တချို့ကိုလဲ ရွေးချယ်ကြပါတယ်။

ဒီအသုတ်ဟာ အိန္ဒိယကိုပို့တဲ့ ပထမဆုံးအသုတ်ပေါ့။ သခင်ဗိုလ် ခေါင်းဆောင်တဲ့အသုတ်မှာ မန်းဝင်းမောင်၊ ကိုချစ်ကောင်း၊ သခင်အုန်းမောင်၊ ကိုကျော်ရင်နဲ့ ကက်ဥ ခေါ် မောင်သန်းတို့ ဖြစ်ကြတယ်။

ကိုချစ်ကောင်းတို့ ပထမအသုတ်အနေနဲ့ အိန္ဒိယကိုသွားမယ့်သူတွေကို သခင်သန်းထွန်းအိမ်မှာပဲ ခေါ်ယူထားတယ်။ ဒီအဖွဲ့မှာ သခင်ဗိုလ် (မြေနှင့် လယ်ယာစိုက်ပျိုးရေးဌာန အတွင်းရေး အတွင်းဝန်)၊ မန်းဝင်းမောင် (ကရင် အမျိုးသား သမ္မတဟောင်း)၊ ကိုကျော်ရင် (ကွယ်လွန်သူပါမောက္ခ)၊ ကိုအုံးမောင် (ဖျာပုံနယ်သား ဗ-က-ပ ခေါင်းဆောင်ဟောင်း၊ ရန်ကုန်)၊ မောင်သန်း (သခင်ဗိုလ်နဲ့ သွေးသားလိုရင်းနီးသူ တရုတ်အမျိုးသား၊ အခု ပီကင်းရောက် ဗ-က-ပ)နဲ့ ကိုချစ်ကောင်းတို့ ခြောက်ယောက် ဖြစ်ပါတယ်။ သူတို့အဖွဲ့မှာ သခင်ဗိုလ်က တာဝန်ခံ၊ မန်းဝင်းမောင်က ဒုတိယတာဝန်ခံ။

သူတို့သွားလာရေးမှာ လွယ်ကူအောင်နဲ့ အနှောင့်အယှက်ကင်းအောင်ဆိုပြီး ကိုချစ်ကောင်းတို့အားလုံး ဘီဒီအေဝတ်စုံများနဲ့ ဝတ်ဆင်သွားဖို့ စီစဉ်ပါတယ်။ ကိုချစ်ကောင်းက ဘီဒီအေက အရာရှိမို့ သူ့အတွက် ဝတ်စုံမလိုပေမယ့် ကျန်တဲ့လူတွေအတွက် ဝတ်စုံတွေလိုလာတယ်။ ဒါကြောင့် ဘီဒီအေတပ်

ခေ်ဝတ်ပစ္စည်းဌာနမှူးဖြစ်တဲ့ ဗိုလ်ဗတင်က စီစဉ်ပေးပါတယ်။ မန်းဝင်းမောင်က ပဗိုင့်ဗိုင့်ကြီးဆိုတော့ သူနဲ့တော်တဲ့ ယူနီဖောင်းက အသင့်မရှိလို့ အခက် တွေ့နေရတယ်။ ဒီတော့ ဗိုလ်ဗတင်ကပဲ သူ့ဝတ်စုံတွေကို ချွတ်ပေးလိုက် ရတယ်။

ကိုချစ်ကောင်းအတွက် ချိတ်ဆွဲဖို့ဓားကို ဗိုလ်လှမော် (တောခို ဗ-၁-ပ ခေါင်းဆောင် ကျဆုံး)ဆီက တောင်းယူခဲ့ပါတယ်။

ကိုသိန်းဖေနဲ့ အိန္ဒိယကွန်မြူနစ်ပါတီဆီ ပေးဖို့စာ၊ ကွန်မြူနစ်ပါတီနဲ့ ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ချုပ်က ထုတ်ဝေတဲ့ ကြေညာချက်တွေနဲ့ စာရွက် စာတမ်းတွေကို ကိုချစ်ကောင်းတို့နဲ့အတူ ပေးလိုက်ပါတယ်။ သူတို့ကို အိန္ဒိယပြည်ကို အမြန်ဆုံးရောက်အောင် ပို့ပေးဖို့ မန္တလေးရှိ ဗိုလ်မှူးဗထူး ဆီကိုလဲ စာတစ်စောင်ရေးပေးလိုက်ပါတယ်။ သူတို့ကို မန္တလေးအထိ လိုက်ပို့ဖို့ နေပြည်တော်ပို့ဆောင်ရေး အရာရှိ ဦးကျော်ငြိမ်းက သူ့ဌာနက ကားတစ်စီးနဲ့ ကိုကြည်မြဆိုတဲ့ ဒရိုင်ဘာကို ထည့်ပေးလိုက်ပါတယ်။

သခင်ဗိုလ်တို့ ခြောက်ယောက်ဟာ တကယ်တမ်းကျတော့ တစ်ယောက် ကို တစ်ယောက် တွေ့ဖူးမြင်ဖူးကြတဲ့ လူတွေမဟုတ်ပါဘူး၊ ဒါပေမယ့် ဖက်ဆစ် ကျွန်ဘဝက လွတ်မြောက်ရေးအတွက် ဖက်ဆစ်ဂျပန် ဓားသွား အောက်မှာ တစ်ယောက်ကိုတစ်ယောက် အသက်ပေးပြီး သစ္စာရှိရှိနဲ့ အတူ လက်တွဲ လို့သွားကြရမှာပါ။

သခင်သန်းထွန်းက သခင်ဗိုလ်တို့ဆီသွားရမယ့် အစီအစဉ်တွေကို ပြောပြပါတယ်။ အိန္ဒိယပြည်မှာရှိနေတဲ့ ကိုသိန်းဖေဆီ သွားကြရမှာပါ။ သူက မြန်မာပြည် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့အဖွဲ့ချုပ်ကြီးရဲ့ ကိုယ်စား လှယ်ပါ။

ဒီတော့ သခင်ဗိုလ်တို့အနေနဲ့ မူရင်း နာမည်တွေအားလုံးကို ပြောင်းပစ် လိုက်ကြပါတယ်။ သခင်ဗိုလ် နာမည်က ကိုဖြူ၊ မန်းဝင်းမောင်နာမည်က ကိုတင်၊ ကိုချစ်ကောင်းနာမည်က ကိုအောင်ထွန်း၊ ကိုအုံးမောင်နာမည်က ကိုမြ၊ ကိုကျော်ရင်နာမည်က ကိုဘကွန်း၊ ကက်ဥ နာမည်က မောင်သန်း၊ အဲဒီလို နာမည်တွေ ပြောင်းပစ်လိုက်ကြပါတယ်။ ဒါက လျှို့ဝှက်ရေး အတွက်ပါ။

ကျွဲညီနောင်ခတ်လို့

သူတို့အားလုံး ၁၉၄၄ ခု၊ စက်တင်ဘာလ (၁၈)ရက်မှာ ရန်ကုန်က ချက်ပလက်ကားအိုလေးနဲ့ စထွက်တယ်။ မနက် ၆ နာရီ မိုးကလေးတဖွဲဖွဲ ကျနေချိန်မှာ ချက်ပလက်ကားဟောင်းကလေးပေါ် လိုက်ပါပြီး သူတို့ စတင် ထွက်ခဲ့ကြပါတယ်။ မန်းဝင်းမောင်က "အောင်မြေသို့"လို့ တိုးတိုးရေရွတ် လိုက်တယ်။ ဒီအချိန်က ရန်ကုန်–မန္တလေး ကားလမ်းတစ်လျှောက်မှာ လေကြောင်းအန္တရာယ် အချိန်မရွေး ကြုံတွေ့နေတတ်တဲ့အခါ ဖြစ်ပေမယ့် သူတို့က အရဲစွန့်ပြီး မိုးကို အကာအကွယ်ပြုကာ ခရီးနှင်ခဲ့ပါတယ်။

ပဲခူးအလွန်မှာ မိုးတိတ်သွားပါပြီ။ ပဲနွယ်ကုန်းအလွန်မှာ အာအေ အက်ဖ်ကေ–၂၃၊ ဗုံးကြဲတိုက်လေယာဉ်ပျံနှစ်စင်း လိုက်လာပြီး စက်သေနတ်နဲ့ ပစ်ပါတယ်။ သူတို့လွတ်သွားပေမယ့် ကားမှာ မီးလောင်ပျက်စီးသွားရပါတယ်။ ဒါကြောင့် သူတို့ ရန်ကုန်ကို ပြန်ဆင်းသွားကြရပါတယ်။

ဒီလေယာဉ်ပျံကို မြန်မာပြည်မှာ ကျွဲညီနောင်လို့ ခေါ်တယ်။ ရခိုင် ဘက်မှာတော့ လောင်း(လှေ)တွေကို စစ်သေနတ်နဲ့ တွေ့မရှောင် လိုက်ပစ်တော့ "လောင်းဆရာ"လို့ နာမည်ပေးထားကြတယ်။

စက်တင်ဘာလ (၂၂)ရက်နေ့မှာ မန်းဝင်းမောင်၊ ကိုအုံးမောင်နဲ့ ကိုသန်းတို့ကို မြန်မာ့တပ်မတော် ဗိုလ်ကြီးတင်ထွန်းက သူ့ကားနဲ့ မန္တလေးကို တင်ခေါ်သွားပါတယ်။

စက်တင်ဘာလ (၂၄)ရက် ညမှာ သခင်ဗိုလ်၊ ကိုကျော်ရင်၊ ကိုစောဟံ၊ ကိုချစ်ကောင်းတို့အဖွဲ့က မန္တလေးကို တခြားတာဝန်နဲ့ လွှတ်လိုက်တဲ့ ရဲဘော်နှစ်ယောက်၊ ကားမောင်းတဲ့ ကိုကြည်မြတို့ ပေါင်း သုံးယောက်တို့ ကားနဲ့ ထွက်ခဲ့ကြရပြန်ပါတယ်။ ဒီတစ်ခါတော့ တစ်ခါသေဖူး ဂျှဉ်ဖိုး နားလည်ဆိုတဲ့အတိုင်း ကားကို နေ့မမောင်းတော့ဘဲ ညမှာပဲ အချိန်ယူမောင်း တော့တယ်။ လမ်းမှာ သုံးညအိပ်ခဲ့ပြီး သူတို့မန္တလေးကို ချောချောမောမော ရောက်ခဲ့ပါတယ်။

သူတို့ ဗိုလ်မှူးဗထူးဆီက ညွှန်ကြားချက်တွေကို ရယူပြီးတဲ့နောက် အထက်မြန်မာပြည်ကို ကျွမ်းကျင်တဲ့ ကချင်ပြည်နယ်သား ကိုလှဖေ(ဗိုလ်ကြီး ဟောင်း တောခို ဗ–က–ပ ဖမ်းမိ၊ အခု ထောင်ကလွတ်ပြီး မန္တလေးနေ)နဲ့

ဘီဒီအေ ရဲဘော် နှစ်ယောက်ကို ဗိုလ်မှူးဗထူးက ထည့်လိုက်ပါတယ်။ အောက်တိုဘာလ (၉)ရက်နေ့မှာ သူတို့ ကိုးယောက် မန္တလေးက လက်နက် ခဲယမ်းမီးကျောက်အစုံ၊ ဆေးမျိုးစုံနဲ့ ရိက္ခာအပြည့်အစုံ သယ်ဆောင်လာခဲ့ ပါတယ်။ ရွာထောင်မှ မီးရထားစီးပြီး ရွှေဘိုမှာ နေခို၊ နောက် ကန့်ဘလူကို မီးရထား ဆက်ထွက်၊ ကန့်ဘလူမှာ နေခို၊ ညကျမှ ကန့်ဘလူ–ကောလင်း ရထားနဲ့ ပြန်ထွက်ခဲ့။ နောက် ကောလင်း၊ နောက် ကောလင်းကနေ ဝန်းသို ကို ခြေကျင်ဆက်သွားပြီး တောင်ကုန်းတစ်ခုမှာ အိပ်ကြပါတယ်။ မိုးလင်း တော့ ဝန်းသိုမြောက်ဘက်ရှိ ကင်းရွာ မောင်ကျောက်ရဲ့ အသိအိမ်တစ်အိမ်မှာ ဝင်တည်းခိုကြပါတယ်။ ကင်းရွာက ကသာကိုရှေးရှုပြီး ခြေကျင်လျှောက်ခဲ့ ကြပါတယ်။ ကင်းရွာကတစ်ဆင့် မဲဇာချောင်းကို ဖြတ်ကျော်ပြီး ကသာအနီး "ဂဟဲရွာ"ကို ရောက်ခဲ့ကြပါတယ်။

## ဂျုံးဂျုံးကျမှာ လူစုခွဲ

ဒီမှာ နဂိုက ကျန်းမာရေးအခြေအနေ မကောင်းလို့ မန္တလေးစစ်ဆေးရုံ မှာ တက်ရောက်ကုသနေတဲ့ ကိုလှဖေကို အရေးကြီးတဲ့အတွက်ဆိုပြီး ဆေးရုံက ဆင်းခိုင်းကာ သူတို့နဲ့ ဗိုလ်မှူးဗထူးက ထည့်ခဲ့ပါတယ်။ တစ်လမ်းလုံး အိပ်ရေးပျက်၊ အပင်ပန်း အဆင်းရဲခံလာရတော့ ကိုလှဖေမှာ အပြင်းဖျားလာ ပါတော့တယ်။ သူတို့က တတ်သလောက် မှတ်သလောက် ပြုစုကုသပေး ပေမယ့် သက်သာခြင်းမရှိပါ။ ဒါကြောင့် ကိုလှဖေရဲ့ အစ်မများရှိတဲ့ တကောင်းကိုပို့ဖို့ သဘောတူ ဆုံးဖြတ်ကြပြီး ထမ်းစင်နဲ့ သယ်ယူကာ 'ဂဟဲ' က တပ်ခေါက်လာခဲ့ရပြန်ပါတယ်။ မဲဇာချောင်းပေါ်ရှိ ဂျုံးဂျုံးကျရွာကို ရောက်ခဲ့ကြပါတယ်။

ဒီမှာ သူတို့အစု နှစ်စုခွဲပြီးသွားဖို့ စီစဉ်ပါတယ်။ သခင်ဗိုလ်၊ ကိုစောဟံ၊ ကိုကျော်ငြင်၊ ကိုသန်း၊ မောင်ကျောက်၊ ကိုချစ်မောင် (ကင်းရွာကလိုက်ခဲ့တဲ့ လမ်းပြ) ပါဝင်ပြီး သခင်ဗိုလ်က ခေါင်းဆောင်သွားဖို့ ဖြစ်ပါတယ်။ ကျန်တစ်စုမှာ မန်းဝင်းမောင်က ခေါင်းဆောင်သွားဖို့ပါ။ သခင်ဗိုလ်က ခေါင်းဆောင်ပီသစွာ ပါတီက စာများကို အာမခံပြီး ယူသွားပါတယ်။

သခင်ဗိုလ်တို့အစု ကင်းရွာဆီ ပြန်သွားကြပါတယ်။ သူတို့ကတော့ ဝါးဖောင်တစ်ခုကို ဝယ်ပြီး ဖျားနေတဲ့ ကိုလှဖေကိုတင်ပြီး မဲဇာချောင်းအတိုင်း

စုန်ဆင်းခဲ့ပါတယ်။ ဒီအချိန်မှာ ကိုလှဖေက လုံးဝသတိမရပါ။ လမ်းမှာ နှစ်ညဆက်တိုက်ဆင်းပြီး မဲဇာနဲ့ ရောဝတီမြစ်ဆုံကြားအနီး ညောင်ပင်သာရွာကို သူတို့ရောက်ခဲ့ကြပါတယ်။ ဒီမှာ ကိုလှဖေနဲ့ ကိုအုံးမောင်တို့ကို ထားခဲ့ပြီး မန်းဝင်းမောင်နဲ့ · သူတို့ မြတောင်အနီး တောမရွာရှိ မန်းဝင်းမောင်ရဲ့ မိတ်ဆွေ သစ်တောဝန်ထောက်ဆီ သတင်းရရှိဖို့အတွက် သွားကြပါတယ်။ ကိုအုံးမောင်ကိုတော့ တကောင်း ဆက်သွားဖို့ မှာထားခဲ့ပါတယ်။

တောမရွာမှာသစ်တောဝန်ထောက်နဲ့တိုင်ပင်ကြည့်တော့ စစ်မျက်နှာမှာ ကချင်တွေ သောင်းကျန်းနေတယ်လို့ ကြားရတဲ့အတွက် ကချင်များနဲ့ အဆက်အသွယ် လွယ်ကူစေဖို့အတွက် ကချင်လူငယ်တစ်ယောက်ကို သူတို့နဲ့ ထည့်လိုက်ပါတယ်။ သူတို့မှာ ငွေကလေးလဲ ပြတ်သွားပြီဖြစ်တဲ့အတွက် ပါလာတဲ့ ရွှေလက်ကောက်တစ်ဖက်ကို ဂျပန်ငွေ ၂၀၀၀ နဲ့ ရောင်းလိုက်ရပါတယ်။ ရွှေဒင်္ဂါး ၁ပြားကိုတော့ သူတို့နဲ့လိုက်မယ့် ကချင်လူငယ်အတွက် ပေးလိုက်ရပါတယ်။ တောမမှာ နှစ်ရက်နေပြီး သူတို့တကောင်းကို ညမှာ လှေနဲ့စုန်ဆင်းခဲ့ပါတယ်။ တကောင်းရောက်တော့ ကိုလှဖေမှာ အတော်လေး နေကောင်းနေတာကို တွေ့ရပါတယ်။ ဒါပေမယ့် လုံးဝအားမရှိသေးတဲ့အတွက် သူ့ကို ထားခဲ့ပြီး ဟသ်ာရွာကို ရှေးရှုပြီး သူတို့ထွက်ခဲ့ပါတယ်။

သစ်တောဝန်ထောက်ရဲ့ အစီအစဉ်အရ နိုဝင်ဘာလ (၁၀)ရက် (၁၁) ရက်နေ့မှာ သူတို့နဲ့လိုက်ပါလာမယ့် ကချင်လူငယ်နဲ့ ဟသ်ာရွာမှာ ဆုံကြဖို့ ချိန်းဆိုထားခဲ့ပေမယ့် ကချင်လူငယ်က ပေါ်မလာတော့ပါ။ ဒါကြောင့် နိုဝင်ဘာလ (၁၃)ရက်နေ့မှာ ကချင်လူငယ်ကို စောင့်မနေတော့ဘဲ ခရီးဆက်ထွက်ခဲ့ပါတယ်။ ရွှေလီမြစ်ကမ်းပေါ်ရှိ အင်းကြီးရွာကို ရောက်ခဲ့ပါတယ်။ အင်းကြီးရွာ သူကြီးအိမ်မှာ စာရေးဆရာကြီး ရွှေဥဒေါင်း ယောက်ဖကို တွေ့ခဲ့ရပါတယ်။ အဲဒီမှာအိပ်ပြီး ရွှေလီမြစ်အတိုင်း စုန်ဆင်းခဲ့ရာ ရွှေလီမြစ်တစ်ဖက်ကမ်းရှိ ရှမ်းပြည် မိုးမိတ်နယ်အတွင်း "ပြချောင်း"ရွာကို ရောက်ခဲ့ကြပါတယ်။ ပြချောင်းမှာ နှစ်ရက်နားပြီး ခြေကျင်ခရီး လျှောက်လာရာ ညနေမှာ ရွှေကူအနီး "မန်းကလေး"ကျေးရွာကို ရောက်လာပါတယ်။

ရွာခေါင်းရဲ့ ပြောပြချက်အရ လွန်ခဲ့တဲ့ နှစ်ရက်ခန့်က တရုတ်စစ်သားများ ညအိပ်လာပြီး ပြန်သွားကြကြောင်း၊ ရွှေဂုတွင် တရုတ်စစ်သားများနဲ့

အမေရိကန်စစ်သားများရှိနေကြောင်း သိရှိရပါတယ်။ သူတို့လဲ ဒီမင်္ဂလာသတင်းကို ကြားသိလိုက်ရတဲ့အတွက် ရန်ကုန်ကထွက်လာကတည်းက ဒုက္ခသုက္ခ ကြုံတွေ့ခဲ့ရတာတွေကိုတောင် မေ့သွားပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရပါတော့တယ်။

မန်းဝင်းမောင်ရဲ့ စာကိုပြပြီး သူတို့ကို ခေါ်ပါတယ်။ လာခေါ်တဲ့ ကချင်တပ်သားတွေအနက် ခေါင်းဆောင်ဖြစ်သူ ကချင့်စစ်ဗိုလ်ဟာ သူနဲ့ ကျောင်းနေဘက်သူငယ်ချင်း ဖြစ်ပါတယ်။ အဲဒီတော့ သူတို့အတွက် ပိုပြီး အဆင်ပြေလာပါတယ်။ "မန်းကလေး"က မနက်စာကိုစားပြီး ထွက်ခဲ့ကြရာ ရွှေဂူကို လမ်းမှာတစ်ညအိပ်ပြီး ရောက်သွားပါတယ်။

ရွှေဂူရောက်တော့ မန်းဝင်းမောင်ကို မြစ်ကြီးနားထိ လေယာဉ်ပျံနဲ့ ပို့လိုက်ပြီဆိုတဲ့ အကြောင်းကို အမေရိကန်စစ်ဗိုလ်တွေဆီက တစ်ဆင့် သိရှိရပါတယ်။ သူတို့လက်နက်တွေ အားလုံးကို သိမ်းယူထားရုံကလွဲရင် ဘာမျှ စစ်ဆေးမေးမြန်းခြင်းမရှိဘဲ နောက်တစ်နေ့မှာ မြစ်ကြီးနားကို "ဖလိုင်းဂျီ" (Fly Jeep. L.5) လေယာဉ်ပျံ (အယ်လ်-၅)ကလေးနဲ့ ခေါ်သွားပါတယ်။

မြစ်ကြီးနားမှာ မန်းဝင်းမောင်နဲ့ ဝမ်းမြောက်ဝမ်းသာ ပြန်တွေ့ကြပါတယ်။ အမေရိကန်တပ်မတော် (၁၀၁)တပ်ဖွဲ့ စစ်ဌာနချုပ်မှူးက ကာနယ်ပီးယားစ် ဖြစ်ပါတယ်။ သူက သူတို့လာရင်းအကြောင်းကို မေးတယ်။ သတင်းထောက်လှမ်းရေးဌာနက ကပ္ပတိန်ကော့စ်က သူတို့ထံမှ သတင်းများကို မေးယူပါတယ်။ ကိုချစ်ကောင်းတို့ကလဲ မဟာမိတ်တွေ စစ်ဆင်ရေးမှာ အသုံးဝင်မယ့် သတင်းဟူသမျှအားလုံးကို ပေးလိုက်ပါတယ်။ ပြီးတော့ သူတို့ ကိုယ်ရေးရာဇဝင်တွေကိုလဲ ပေးလိုက်ပါတယ်။

မန်းဝင်းမောင်၊ ကိုအုံးမောင်နဲ့ သူတို့သုံးယောက်ကို စခန်းအတွင်း အဝတ်တဲသတ်သတ်တစ်ခုမှာ နေရာချပေးထားပါတယ်။ ယူနီဖောင်းများ ပေးတယ်။ ထမင်းစားခန်းမှာလဲ အမေရိကန်တွေနဲ့အတူ ကျွေးမွေးပါတယ်။ ဘာအချုပ်အချယ်မှ မရှိဘဲ လွတ်လပ်စွာ နေထိုင်ခွင့်ပြုပါတယ်။ မြစ်ကြီးနားမှာ နှစ်ပတ်လောက် သူတို့နေထိုင်ကြရပါတယ်။

သခင်သန်းထွန်းက မဟာမိတ်တပ်တွေနဲ့ သူတို့ ဆက်သွယ်တဲ့အခါ ပြောကြားဖို့ စကားဝှက်က ဂျီအက်စ်အိုင်ကေ (G.S.I.K) ဖြစ်ပေမယ့် ကေ (K)ကို သူတို့က ၁၂လို့ အမှတ်မှားခဲ့ကြတဲ့အတွက် ကာနယ်ပီးယားစ်ကို

(G.S.I. 12)လို့ ပြောကြရာ သူက (G.S.I. 12) မှာမရှိ၊ (G.S.I.K) သာ ရှိကြောင်း၊ (K)နဲ့ (12) မှားမယ်ဆိုလဲ မှားနိုင်တဲ့အကြောင်း ပြောပြပါတယ်။ နောက် အင်္ဂလိပ်တပ်က မေဂျာဖွိုက်နဲ့ တွေ့ပေးမယ်လို့ ပြောပြတယ်၊ နောက် တွေ့ပေးပါတယ်။ မေဂျာဖွိုက်ကလဲ မန်းဝင်းမောင်တို့ အစုကို ကာလကတ္တား ပို့ပေးပါတယ်။

သူတို့ ကာလကတ္တားဆီ မသွားခင် သခင်ဗိုလ် ချောမောစွာ ရောက်လာပါတယ်။ သူ့လူများ "စီကော"မှာ ကျန်ရစ်ခဲ့ကြသေးကြောင်း ပြောပြတယ်၊ သူ စီကောမှ လေယာဉ်ပျံနဲ့လာခဲ့တယ်။ နောက်မှ ကျန်လူများ လိုက်လာရန် ဖြစ်တယ်။ သူတို့အားလုံး ချောမောစွာ လိုရာသို့ ခရီးရောက်တော့မှာ ဖြစ်တဲ့အတွက် အားရဝမ်းသာ ရှိကြပေတယ်။

ဒီဇင်ဘာလ (၇)ရက်နေ့ မနက်မှာ မန်းဝင်းမောင်၊ ကိုအုံးမောင်နဲ့ သူတို့ မြစ်ကြီးနားမှ လေယာဉ်ပျံနဲ့ ထွက်လာတဲ့အခါ သခင်ဗိုလ်ဟာ မြစ်ကြီးနားမှာ သူ့လူများကို စောင့်ကျန်ရစ်တယ်။ လေယာဉ်ပျံဟာ မြန်မာပြည်နယ်စပ် ထူထပ်တဲ့ တောင်တွေကိုဖြတ်ပြီး ပျံသန်းခဲ့ရာ သုံးနာရီအကြာ ကလ္လကတ္တားကို ရောက်တယ်။ ကာလကတ္တားကို ရောက်ရင်ရောက်ချင်း ကိုသိန်းဖေဆီ သူတို့ကို မပို့သေးဘဲ တဲအိမ်တစ်ခုမှာထားပြီး သူတို့သိလိုသမျှကို စစ်ဆေးမေးမြန်းတယ်။

## ပက်လက်လဲရာက ခေါင်းဆောင်နေသူ

နောက်ပြီး နှစ်ရက်အကြာမှာ သူတို့ကို ကိုသိန်းဖေထံ ခေတ္တပို့လိုက်တယ်။

ကိုသိန်းဖေမှာ ကျောရိုးတွင် အနာရနေလို့ သရွတ်ကိုင်အင်္ကျီ ဝတ်ပြီး အိပ်ရာမှာ တစ်ခါတည်းလှဲနေရတယ်။ ရခိုင်ကာကွယ်ရေးတပ်မှ ရဲဘော်များ ရောက်နေတယ်။ မြန်မာပြည်မှဆိုလျှင် (ကိုတင်ရွှေနဲ့ သူရဲ့ဇနီးတို့မှအပ) သူတို့ ပထမဆုံးရောက်သူများဖြစ်လို့ ကိုသိန်းဖေဟာ အားတက်လျက်ရှိနေတယ်။

အဲဒီနေ့ တစ်နေ့လုံး ကိုသိန်းဖေနဲ့ သူတို့ စကားပြောကြပြီး ညနေကျမှ သူတို့ပြန်ရတယ်။ နောက်နှစ်ရက်ကြာမှ သူတို့ ကိုသိန်းဖေဆီ ပြောင်းနေကြတယ်။

ဒီဇင်ဘာလ ၁၂ ရက်နေ့မှာ သခင်ဗိုလ်တို့အစု ရောက်လာကြတယ်။ ဒါပေမယ့် ကိုကျော်ရင်နဲ့ မောင်ကျောက်တို့ ပါမလာတော့ပါ။ ကိုကျော်ရင်ဟာ ထီးချိုင့်မှာ ဖျားကျန်ရစ်ပြီး မောင်ကျောက်ကတော့ မန္တလေးတပ်ကို ပြန်သွားတယ်။ သူတို့အစား ကိုဘသောင်း (ကသာ) (အမ်အီးအိုင်စီ–ထုတ်ကုန်သွင်းကုန် ကော်ပိုရေးရှင်းအရာရှိ)၊ ကိုထွန်းညွန့် (ကချင်ပြည်နယ်ဝန်ကြီးဟောင်း၊ ကွယ်လွန်၊ ကမာရွတ်မှာ ဂျပန်ကိုသတ်သူ)နဲ့ ကိုကိုကြီး (ဗန်းမော်–ကလသဖ–ပို့ဆောင်ရေးစခန်းမှူး၊ ကွယ်လွန်)တို့ ပါလာကြတယ်။

ကိုချစ်ကောင်းတို့အစု ရန်ကုန်က ပထမဦးဆုံး ထွက်တဲ့နေ့ကစပြီး ကလ္လကတ္တားမှာ ကိုသိန်းဖေနဲ့ တွေ့တဲ့နေ့ထိ ၂ လနဲ့ ၂၂ရက် ကြာခဲ့ကြပါတယ်။

## စစ်ပညာသင်ကျောင်းများဆီသို့

အိန္ဒိယရှိ ကိုသိန်းဖေ ခေါင်းဆောင်တဲ့ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ကို ကိုချစ်ကောင်းတို့ ရောက်လာတဲ့အချိန်မှာ အင်္ဂလိပ်က လုံးဝ အသိအမှတ်ပြုပြီး ဖြစ်တယ်။ သူတို့ကိုလဲ ရိက္ခာထောက်ပံ့ပေးတယ်။ လိုတဲ့စရိတ်ကိုလဲ ပေးတယ်။ ဂျပန်ကို တိုက်ရေးမှာ အသုံးချနိုင်မယ့် ပညာရပ်များကို သင်ကြားပေးတယ်။

ကလ္လကတ္တားရှိ "ဟူးဂလီး" မြစ်ကမ်းပေါ်မှာ ကျောင်းတစ်ကျောင်းကို အင်္ဂလိပ်က ဖွင့်ထားတယ်။ အဲဒီကျောင်းမှာ မြန်မာပြည်ဌာနခွဲ (ဘီစီအက်စ်) ရှိတယ်။ ဂျပန်တိုက်ခိုက်ရေးနဲ့ ပတ်သက်တဲ့ ပညာရပ်တွေကို သင်ကြားပေးတယ်။ ရခိုင်ကလာတဲ့ ရဲဘော်တွေလဲ အဲဒီဌာနမှာပဲ သင်ကြားကြရတယ်။

၁၉၄၄ခု ဒီဇင်ဘာလ ၂၆ ရက်နေ့မှာ သခင်ဗိုလ်၊ မန်းဝင်းမောင်၊ ကိုအုံးမောင်၊ ကိုစောဟန်၊ ကိုသန်း၊ ကိုဘသောင်းနဲ့ ကိုချစ်ကောင်းတို့ပေါင်း (၇)ယောက် အဲဒီကျောင်းကို သွားရတယ်။

ကျောင်းမှာ တစ်ခန်းကို နှစ်ယောက်နေရတယ်။ အခန်းတွင်းမှာ အိပ်ရာနှစ်ခု၊ စားပွဲတစ်လုံး၊ ကုလားထိုင်နဲ့ မီးတိုင်တစ်ပွင့်စီရှိတယ်။ အစေခံတွေနဲ့ ကောင်းစွာထားတယ်။ မြန်မာထမင်း ကျွေးတယ်။ သုံးရက်တစ်ခါ ဆရာဝန်လာကြည့်တယ်။ တနင်္ဂနွေနေ့မှာ အပြင်ထွက်ရတယ်။ ကျောင်းမှာ

သူတို့ကို သင်ပေးတဲ့ဆရာများဟာ အင်္ဂလိပ်စစ်ဗိုလ် ငါးယောက်နဲ့ ကုလား စစ်ဗိုလ်တစ်ယောက် ဖြစ်ကြတယ်။ ဒီကျောင်းမှာ လူမျိုးပေါင်းစုံ တက်ရောက် ပညာသင်ကြားနေတယ်။

သူတို့သင်ရတဲ့ ပညာတွေက စည်းရုံးရေးပညာ၊ ဝါဒဖြန့်ရေးပညာ၊ ရုပ်ဖျက်နည်း၊ စကားဝှက်ရေးနည်း၊ စာလုံးမပေါ်အောင် ရေးနည်း ဖတ်နည်း၊ ပြောက်ကျားတပ်ဖွဲ့နည်း၊ ဖောက်ခွဲဖျက်ဆီးနည်း၊ လက်နက်ငယ်များကို ကိုင်ဆောင်ပစ်ခတ်နည်းနဲ့ လက်တွေ့များ ဖြစ်ကြပါတယ်။ ကျောင်းကိုမလာခင် ကိုသိန်းဖေရဲ့ ညွှန်ကြားချက်အရ သူတို့ကျောင်း မှာ ဘုံရိပ်သာ ဖွဲ့စည်းထားပြီး အရာရာကို စနစ်တကျ တိုင်ပင်လုပ်ကိုင်ကြတယ်။

၁၉၄၅ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်မှာ ကိုချစ်ကောင်းတို့ ကျောင်းဆင်း ရတယ်။ ကျောင်းမှာ ၁၇ ရက် ကြာတယ်။

ကျောင်းကဆင်းပြီး လေ့ကျင့်ခန်းဆက်ယူပြီး ဇန်နဝါရီလ ၁၄ ရက် မှာ သခင်ဗိုလ်၊ မန်းဝင်းမောင်၊ ကိုအုံးမောင်၊ ကိုသန်းနဲ့ ကိုချစ်ကောင်းတို့ ငါးယောက် သီဟိုကို လေယာဉ်ပျံနဲ့ပို့တယ်။ ကလ္လကတ္တားမှ ကိုလံဘိုအထိ ၉-နာရီ သွားရတယ်။ လမ်းမှာ မဒရပ်မှာ ခေတ္တဝင်နားသေးတယ်။

ကိုလံဘိုနဲ့ မိုင် ၃၀ အကွာမှာ စခန်းတစ်ခု ရှိတယ်။ စခန်းကို အုပ်ချုပ်သူဟာ ကာနယ်မာ့စ်ဂရေး ဖြစ်တယ်။ အဲဒီစခန်းမှာ အင်္ဂလိပ်၊ ပြင်သစ်၊ တရုတ်၊ ဗမာ၊ ယိုးဒယား(ထိုင်း)၊ ချင်း၊ ကချင် စတဲ့ သင်တန်း တက်သူပေါင်း များစွာရှိတယ်။ အစုများခွဲထားတယ်။ (လူမျိုးအလိုက် မဟုတ်) ကိုချစ်ကောင်းတို့ ပါဝင်တဲ့အစုမှာ အင်္ဂလိပ်၊ ပြင်သစ်များ ပါဝင် တယ်။ သင်တန်းတက်တဲ့အခါ အတူတူတက်ကြပြီး အလွတ်နေကြတဲ့အခါ မှာ သူတို့ဘာသာ တဲတစ်တဲ သတ်သတ်နေကြတယ်။ သူတို့ကို အရာရှိ အဆင့်အတန်း ပေးထားတယ်။

စခန်းမှာ သင်ရတဲ့ပညာရပ်တွေဟာ ကလ္လကတ္တားကျောင်းမှာ သင်ရ တာထက် လက်တွေ့ကျတယ်။ ဥပမာ မီးရထားလမ်းကို ယမ်းဘီလူးနဲ့ ခွဲတယ်ဆိုရင် ခြံတွင်းမှာထားတဲ့ တကယ့်မီးရထားလမ်းကို ခွဲရတယ်။ လက်နက်ငယ်အမျိုးမျိုး ပစ်ခတ်ဖောက်ခွဲခြင်းတို့ကို နေ့စဉ် လေ့ကျင့်ရ ပါတယ်။

စခန်းတွင် သင်ရတဲ့ ဘာသာရပ်များကတော့-

လက်နက်ငယ်တွေ ဆွဲကိုင်ပစ်ခတ်နည်း၊ ဖောက်ခွဲဖျက်ဆီးခြင်းအတတ်၊ အချက်ပြဆက်သွယ်ရေးပညာ၊ မြေပုံဖတ်နည်း၊ တောထဲတွင် နေထိုင်သွားလာနည်း၊ ဂျပန်လက်အောက် မြန်မာပြည်အကြောင်းနဲ့ ဂျပန်လက်နက်များ ဆွဲကိုင်နည်း၊ ဆေးပညာ၊ မြေပြင်မှနေပြီး လေယာဉ်ပျံနဲ့ ဆက်သွယ်နည်းတို့ ဖြစ်တယ်။

အဲဒီစခန်းက ဆင်းခါနီးမှာ မြန်မာပြည်စစ်ကြောင်းရဲ့ နောက်ပိုင်းမှာ ကိုချစ်ကောင်းနဲ့အတူတူ လေထီးခုန်ဆင်းဖို့ အင်္ဂလိပ်များ တွဲပေးတယ်။ သူနဲ့ အတွဲကျတဲ့ အင်္ဂလိပ်နှစ်ယောက်ဟာ မေဂျာ "ဟန့်တား"နဲ့ ကပ္ပတိန် ဝိတ်ကလင်းတို့ ဖြစ်တယ်။ နောက်ဝိုင်ယာလက် ဆက်သွယ်ရေးသမား၊ ဆာဂျင်တစ်ယောက်လဲ ပါတယ်။ သူပါ လေးယောက်ဖြစ်တယ်။ သူတို့ကို ယူနီဖောင်း၊ လက်နက်၊ ရိက္ခာ၊ ဆေးဝါး အပြည့်အစုံ ထုတ်ပေးထားတယ်။ မောင်သန်းနဲ့ သူ အရင်ပြန်ရမှာ ဖြစ်တယ်။

ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက်မှာ အဖော် အင်္ဂလိပ်များနဲ့အတူ ကိုသန်းနဲ့သူ သီဟိုက သင်္ဘောနဲ့ပြန်လာရတယ်။ ၁၄-ရက်နေ့ ညနေမှာ ကလ္လကတ္တားကို ရောက်တယ်။ နောက်တစ်နေ့ မနက်မှာ လေထီးအခုန် လေ့ကျင့်ရန် အားလုံး ကလကတ္တားနဲ့ (၈)မိုင်လောက်ဝေးတဲ့ ဂျက်ဆိုမြို့ကို ကားနဲ့သွားကြရတယ်။

၁၆ ရက်နေ့မှာ လေထီးနဲ့ခုန်ချပြီး မြေပြင်ကိုရောက်တဲ့အခါ မထိခိုက်၊ ကျိုးပဲ့စေဖို့ လေ့ကျင့်ခန်းများကို မြေပြင်မှာ ကျင့်ရပါတယ်။ နောက်တစ်နေ့ နေ့က်မှာ တစ်ခါ ဒီနည်းအတိုင်း မြေပြင်မှာ လေ့ကျင့်ပြီး ညနေမှာ လေယာဉ်ပျံပေါ်က တကယ်ခုန်ချရပြန်ပါတယ်။ ကိုချစ်ကောင်းတို့ ခုန်ချတဲ့နေရာမှာ အောက်က ကြည့်နေကြတဲ့ ကျောင်းသားတွေ၊ ဆရာတွေနဲ့ ဒဲ့ ဒရေးကြိုရင်ဆောင်ရွက်ဖို့ သူနာတင်ကားကြီးတွေ အသင့်စောင့်နေတယ်။ နောက်တစ်နေ့ မနက်မှာ တစ်ခါ လေယာဉ်ပျံပေါ်က ခုန်ချရပြန်တယ်။ အဲဒီလို လက်တွေ့ ခုန်ဆင်းပြီး (၂၁)ရက်နေ့မှာ ကိုသိန်းဖေဆီ ပြန်ခဲ့ကြပါတယ်။

ကိုချစ်ကောင်းကို့မှာ ဂျပန်များနဲ့ ရင်ဆိုင်တိုက်ပွဲကြီးတွေ တိုက်ရမှာ မဟုတ်ဘဲ ဂျပန်နောက်ပိုင်းကနေ ပြောက်ကျားလောက်သာ တိုက်ရမှာဖြစ်တဲ့ အတွက်ကြောင့် သူတို့လုပ်ငန်းနဲ့ ဆီလျော်တဲ့ လက်နက်ငယ်တွေကိုင်ဆွဲ

ပစ်ခတ်ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းနဲ့ တောတွင်းမှာ နေထိုင်သွားလာနည်း ပညာတို့ကိုသာ ထိရောက်စွာ သင်ကြားခဲ့ကြရတယ်။ သူတို့အတွက် အသုံးမဝင်တဲ့ စစ်ပရိယာယ်တွေကို မသင်ခဲ့ရဘူး။

သင်ပေးသူ ဆရာတွေအားလုံးလောက်နီးနီးကတော့ အရာရှိတွေပဲ။ ယဉ်ကျေးတယ်၊ ဖော်ရွေတယ်၊ အားလုံးခြုံကြည့်ရင် ကိုချစ်ကောင်းတို့ဟာ ငွေအတွက် လုပ်နေတာမဟုတ်ဘူး၊ မျိုးချစ်စိတ်ဓာတ်တွေနဲ့ တကယ့် တိုင်းပြည်အကျိုးကို ရှေးရှုပြီး လုပ်နေတဲ့သူတွေဖြစ်တယ်။ စည်းကမ်းရှိတယ်၊ နိုးကြားထကြွတယ်။ ဒီအချက်တွေကြောင့် အင်္ဂလိပ်တွေဟာ သူတို့ကို လေးလေးစားစား ဆက်ဆံကြပါတယ်။

## ဘုံရိပ်သာမှာ မြိုင်မြိုင်ဆိုင်ဆိုင်

ကိုချစ်ကောင်းတို့ဟာ အိန္ဒိယပြည်ကို ရောက်သွားပြီးတဲ့နောက် မြန်မာပြည် ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ကြီးက လွှတ်လိုက်တဲ့ ရဲဘော်တွေဟာ တစ်သုတ်ပြီးတစ်သုတ် အိန္ဒိယကို ရောက်လာကြတယ်။ ကိုညိုထွန်းနဲ့ ရခိုင်ရဲဘော်များမပါဘဲ ကိုသိန်းဖေထံ ရောက်လာတဲ့ မြန်မာပြည်မက ရဲဘော် (၃၀)လောက် ရှိမယ်ထင်တယ်။ ကိုသိန်းဖေ၊ ကိုတင်ရွှေနဲ့ ဇနီး မခင်စီ (ဆရာမ မမြရီ–ကျောက်ဆည်)တို့ပါဆိုရင် ဘုံရိပ်သာမှာ အားလုံး (၃၃) ယောက် ရှိလိမ့်မယ်။

အရာရာ စနစ်ကျစေဖို့ ဘုံရိပ်သာမှာ ကလပ်စည်း ဖွဲ့ထားတယ်။ ဘုံရိပ်သာမှာကိုသိန်းဖေကို အများသဘောတူ ဘုံရိပ်သာမှူးအဖြစ် တင်မြှောက်ထားတယ်။ အုပ်ချုပ်စီမံဖို့ ဗဟိုကလပ်စည်းတစ်ခုကို အများက ရွေးချယ်ဖွဲ့ထားတယ်။ ဒီကလပ်စည်းထဲမှာ ကိုသိန်းဖေ–သခင်မြသွင်၊ ကိုကျော်ရင်–ကိုအောင်မြင့် (ရခိုင်ရဲဘော်) ဂိုရှယ်နဲ့ မခင်စီ ပေါင်း ခြောက်ယောက် ပါဝင်တယ်။ ကလပ်စည်းမှာ ကိုသိန်းဖေက ကြီးကြပ်ရေး၊ စစ်မှုစီမံရေး၊ နိုင်ငံရေးသင်တန်းပေးရေး၊ ဂိုရှယ်က အတွင်းရေးမှူးနဲ့ နိုင်ငံရေးသင်တန်းပေးမှူး၊ သခင်မြသွင်က ငွေရေးကြေးရေး၊ စာကြည့်တိုက် စီမံအုပ်ချုပ်ရေး၊ နိုင်ငံရေးသင်တန်းပေးရေးစတဲ့ တာဝန်အသီးသီးကို သတ်မှတ်ပေးထားတယ်။ ဒီကလပ်စည်းက ဘုံရိပ်သာတစ်ခုလုံးကို အုပ်ချုပ်တယ်။ ဒီနည်းနဲ့ စနစ်ကျတဲ့ဘုံရိပ်သာ ဖြစ်လာပါတယ်။

ဘုံရိပ်သာ ရဲဘော်တွေဟာ နေ့စဉ် အချိန်ဇယားနဲ့ အလုပ်လုပ်ကြတယ်။ မနက်အိပ်ရာ (၇)နာရီမှာထ၊ ကျန်းမာရေးပြု၊ မနက်စာဖတ်၊ ညနေနဲ့ ညဘက်မှာ သင်တန်း၊ ဒါမှမဟုတ် ဆွေးနွေးပွဲလုပ်တယ်။ ည (၁၀)နာရီမှာ အိပ်ကြရတယ်။ အရက်နဲ့ အခြားမလိုအပ်တဲ့ ပျော်ပါးမှုများကို အိမ်နဲ့ ဝင်းအတွင်း လုံးဝခွင့်မပြုဘူး။ သက်ဆိုင်ရာကိစ္စတွေအတွက် ဆိုင်ရာတာဝန်ခံတွေနဲ့ ဆက်ကြရတယ်။ အင်္ဂါနေ့မှတစ်ပါး အထူးကိစ္စမရှိရင် မြို့တွင်းကို သွားကြရဘူး။

အပြင်ထွက်တဲ့အခါ သုံးဖို့ အင်္ဂါနေ့တိုင်း တစ်ဦး ငွေ ၂၀/-ကို သခင်မြသွင်က ထုတ်ပေးတယ်။ အဲဒီနေ့မှာ အချို့က မြို့ထဲရှိ အိန္ဒိယကွန်မြူနစ်ပါတီကလပ်စည်းများ သွားကြတယ်။ အချို့က မြို့ထဲလျှောက်လည်တယ်။ အချို့က ရုပ်ရှင်ကြည့်ကြတယ်။ အချို့ ပါတီစာအုပ်တွေ ဝယ်၊ အချို့က ငွေသည်း အတိုအစကလေးကို လိုရာဝယ်ကြ သုံးကြတယ်။

ဘုံရိပ်သာမှာ စာကြည့်တိုက်တစ်ခုရှိတယ်။ အများဆုံး စာပေတွေက ကွန်မြူနစ်စာပေတွေ ဖြစ်တယ်။ မြန်မာပြည် ကွန်မြူနစ်ပါတီက ထုတ်ဝေတဲ့ စာအုပ်တွေလဲ ရှိတယ်။ နေ့စဉ် စတိတ်မင်းနဲ့ ဟိန္ဒူစတန်စတင်းဒတ် သတင်းစာ နှစ်စောင်ယူတယ်။ အိန္ဒိယကွန်မြူနစ်ပါတီရဲ့ အာဘော်ဖြစ်တဲ့ ပြည်သူ့စစ်ဂျာနယ်ကိုလဲ အပတ်စဉ်ယူတယ်။ စာကြည့်တိုက်ကို ကိုဘသိန်းက စာအုပ်တွေ ထုတ်ငှားတယ်။ ကိုသိန်းဖေက ဘယ်စာအုပ်ကို ဖတ်ထိုက်တယ် ဆိုတဲ့ အကြံဉာဏ်တွေပေးတယ်။ ဂိုရှယ်က မခင်စီနဲ့ ကိုအောင်မြင့်တို့ကို အင်္ဂလိပ်စာသင်ပေးတယ်။ ကိုကျော်ရင်က မြို့တွင်းရှိ အိန္ဒိယကွန်မြူနစ်ရဲဘော်တွေဆီသွားပြီး ဗမာစာသင်ပေးတယ်။

ဘုံရိပ်သာမှာနေတဲ့ ရဲဘော်တွေဟာ စာပေရေးသားမှုမှာ တိုးတက်စေဖို့ ရည်ရွယ်ပြီး ဂျာနယ်တစ်ခု ထုတ်ဝေတယ်။ ဂျာနယ်ရဲ့အမည်က "ငါတို့စစ်" ဖြစ်တယ်။ ရဲဘော်တွေဟာ ဆောင်းပါး၊ ဝတ္ထု၊ ကဗျာများကို ရေးသားပြီး တနင်္လာ–အင်္ဂါ၊ ဗုဒ္ဓဟူးနေ့များမှာ အယ်ဒီတာ ကိုသိန်းဖေဆီ ပေးအပ်ကြရတယ်။ ကြာသပတေး၊ သောကြာ၊ စနေနေ့ညတွေမှာ အယ်ဒီတာက ဆောင်းပါးတွေကို တစ်ခုစီတစ်ခုစီ နိုင်ငံရေးအရ၊ စာပေအရ နှစ်မျိုးစလုံး အများရှေ့မှာ ဝေဖန်ပြီးပြတယ်။ ဘယ်လိုရေးရင် ကောင်းမယ်ဆိုတဲ့ အကြံဉာဏ်တွေကိုလဲ ပေးပါတယ်။

ကိုသိန်းဖေဟာ ကျောရိုးမှာ အနာရလို့ သရွတ်ကိုင်အင်္ကျီကိုဝတ်ကာ အိပ်ရာထဲမှာ အမြဲပက်လက်နေရတယ်။ မစောင်းနိုင်၊ မလှုပ်နိုင်။ ဒီလိုပက်လက် နေရာက အုံညြလောက်အောင် ရဲဘော်တွေကို သင်တန်းပေးခဲ့တယ်၊ စာရေးခဲ့ တယ်။ တော်လှန်ရေးကိစ္စတွေကို အင်္ဂလိပ်တွေနဲ့ဆက်ဆံပြီး လုပ်ခဲ့တယ်။ ဒါပေမယ့် ကိုသိန်းဖေ မညည်းမညူ အပြုံးမပျက် လူကောင်းပကတိအတိုင်း ဖွဲ့နဲ့ရှိရှိနဲ့ လုပ်ကိုင်နေပါတယ်။ "ကွန်မြူနစ်ဆိုတာ ဒီလောက်တော့ ခံနိုင်ရ မှာပေါ့"လို့ ကိုသိန်းဖေက ပြောလိုက်သေးတယ်။

## မြန်မာပြည်သို့အပြန်

ကိုသိန်းဖေနဲ့ (ဖို့ဒ်၁၃၆) တပ်ဖွဲ့ အင်္ဂလိပ်စစ်ဗိုလ်များ ညှိနှိုင်းကြပြီး ကိုချစ်ကောင်းတို့ဆင်းဖို့ ပြင်ကြရတယ်။

ကိုချစ်ကောင်းတို့ပြန်ရခါနီးမှာ လက်ဦးက သူနဲ့တွဲထားတဲ့ အင်္ဂလိပ် အရာရှိ နှစ်ယောက်နဲ့ ဆာဂျင်တို့ဟာ အကြောင်း မညီညွတ်လို့ သူနဲ့မလိုက် နိုင်တော့ဘူး။

နောက်တပ်ဖွဲ့အသစ် ဖွဲ့ပေးလိုက်ပါတယ်။ အဲဒီအဖွဲ့မှာ–

(၁) ကက်ပတိန်–ဘရိန်တန် (မေဂျာဘရိန်တန်မှာ ၁၉၄၅ ခု ဇွန်လ ၃–ရက်နေ့တွင် ရေအိုးစင် တိုက်ပွဲကြီးတွင် မြန်မာ့ရဲဘော် ပြောက်ကျားရဲဘော် သာလှိုင်နဲ့အတူ ကျဆုံးသူ)

(၂) ကပ္ပတိန်–ဝါလား

(၃) ဆာဂျင်–ဘာလေး

(၄) ကိုသန်းနဲ့ ကိုချစ်ကောင်းတို့ ငါးယောက် ဖြစ်ပါတယ်။

သူတို့နဲ့ပါလာတဲ့ အင်္ဂလိပ်တွေက ဖက်ဆစ်ဆန့်ကျင်ရေး ပြောက်ကျား တွေကို စစ်ပညာသင်ပေးဖို့နဲ့ ပြီးတော့ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့နဲ့ အင်္ဂလိပ် ဖို့ဒ်–၁၃၆ တပ်ဖွဲ့တို့နဲ့ ဆက်သွယ်ပေးဖို့ဖြစ်ပါတယ်။

ကိုချစ်ကောင်းတို့အဖွဲ့ကို ရိန်းဒီးယားလို့ နာမည်ပေးတယ်။ သူတို့ဟာ ညအချိန် ပျဉ်းမနားအနီး လေထီးနဲ့ဆင်းရမယ်။ (ဆင်းရမယ့်နေရာကို မြေပုံမှာ လေ့လာရတယ်) အောက်က ကိုသက်ပြင်း (သခင်တင်ထွန်း ဖြစ်ကြောင်း နောက်မှသိရသည်) တို့က ကြိုမယ်။ နောက်မှ ကိုသက်ပြင်းနဲ့

ဖူးပေါင်းပြီး လုပ်ကိုင်သွားရမယ်။ သူတို့မဆင်းခင် မြေပုံနဲ့ မြန်မာပြည်ရဲ့ စစ်အခြေအနေတွေကို လေ့လာစေတယ်။

မတ်လ (၁၈)ရက်နေ့မှာ ကိုသန်းနဲ့ သူတို့ ဂျက်ဆိုလေယာဉ်ကွင်းကို သွားရတယ်။ မသွားခင် ကိုသိန်းဖေက သူတို့ကို သခင်သန်းထွန်းထံ မှာစရာ ရှိတာတွေမှာပြီး စာတစ်စောင်ကို လျှို့ဝှက်ပေးလိုက်တယ်။ ဂျက်ဆိုမှာ သူတို့ လိုတဲ့ပစ္စည်းများကို ထုတ်ပေးတယ်။ ဂျက်ဆိုမှာ သူတို့ နှစ်ရက်တိုင်တိုင် လိုအပ်တာတွေ စီစဉ်ကြတယ်။

မတ်လ (၂၀)ရက်နေ့ ညနေ ၃ နာရီမှာ လေထီးတွေကို မိမိကိုယ်နဲ့ အံကိုက်အောင် ပြုလုပ်ကြခြင်း၊ လိုသမျှပစ္စည်းတွေကို တပ်ဆင်ခြင်း၊ စတဲ့ ပြင်ဆင်မှုတွေကို ပြုလုပ်ကြတယ်။ ညနေ ၅–နာရီ ၁၅–မိနစ်မှာ "လေဒီဂျိမ်း" လို့ နာမည်ပေးထားတဲ့ လယ်ဘရေတာ ခေါင်းလေးလုံးတပ် လေယာဉ်ပျံကြီး တစ်စင်းနဲ့ သူတို့အဖွဲ့ ဂျက်ဆိုက ထွက်ခဲ့ကြပါတယ်။

ကိုချစ်ကောင်းတို့ အသီးသီး ကိုယ်မှာပါလာတဲ့ ပစ္စည်းတွေကတော့ ယူနီဖောင်း၊ ၄၅ ပစ္စတိုတစ်လက်နဲ့ ယမ်းကပ်များ၊ ဓားမြှောင်တစ်ချောင်း၊ ကွန်ပါတစ်ခု၊ လက်ပစ်ဗုံးတစ်လုံး၊ လက်နှိပ်ဓာတ်မီးတစ်လက်၊ မြေပုံအိတ်နှင့် မြေပုံများ၊ ရေဘူးတစ်ဘူး၊ ဆေးအိတ်တစ်ခု၊ နှစ်ရက်စာရိက္ခာ၊ အင်္ဂလိပ်ငွေ ၁၄–၂၀၊ ဂျပန်ငွေ ၅၀၀၊ ရွှေဒင်္ဂါး ၂–ပြား၊ မှတ်စုစာအုပ်၊ ဖောင်တိန်နဲ့ လက်ပတ်နာရီတွေ ဖြစ်တယ်။

တခြားလေထီးနဲ့ချပေးမယ့် သူတို့အိတ်ထဲမှာ ကာဘိုင်သေနတ်နဲ့ ယမ်းကပ်များ၊ အိပ်ရာ ခြင်ထောင် ယူနီဖောင်း၊ အပိုပစ္စည်းအသေးကလေး တွေနဲ့ နိုင်ငံရေးစာအုပ်တွေပါတယ်။

ည (၁၀)နာရီမှာ ဆင်းရမယ့်နေရာကို ရောက်တယ်။ ဒါပေမယ့် မီးပြတာကိုမတွေ့ရလို့ လေယာဉ်ပျံဟာ ပါလာတဲ့ စာရွက်များကို ကြဲချဖို့ မြစ်ဝကျွန်းပေါ်ဆီ ဆက်ပျံသွားတယ်။ ရန်ကုန်မြို့ပေါ်ကို ရောက်တဲ့အခါ အောက်က လေယာဉ်ပျံ အမြောက်တပ်တွေက ပစ်ကြတယ်။ နောက် စက်တစ်လုံး ရပ်သွားတယ်။ ဒီအဖြစ်ကို သူတို့မသိဘူး။ လေယာဉ်ပျံမောင်းသူ က ပြောပြလို့ နောက်မှသိရတယ်။ စက်တစ်လုံးရပ်သွားလို့ စာရွက်တွေကို ကြဲချရုံသာမက လေယာဉ်ပေါ်ပါလာတဲ့ ရိုင်ဖယ် (၂၇)လက်၊ စတင်း (၂၈) လက်၊ ဘရင်း (၂)လက်နဲ့ လက်ပစ်ဗုံး (၁၃၂)လုံးကိုလဲ လေယာဉ်ပျံ ဝန်ပေါ့

သွားအောင် ပင်လယ်ထဲ ပစ်ချလိုက်ရတယ်။ ဒါပေမယ့် လေယာဉ်ပျံဟာ ဂျက်ဆို ရောက်အောင် မပျံနိုင်တော့ဘူး။ စစ်တကောင်း (ကော့ဘဇာ) လေယာဉ်ပျံကွင်းမှာ ထိုးဆင်းရတယ်။ နောက်တစ်နေ့ကျမှ သူတို့ လေယာဉ်ပျံ ပြောင်းစီးပြီး ဂျက်ဆိုကို ပြန်ခဲ့ရတယ်။

ဂျက်ဆိုမှာ နားနေတဲ့ မန်းဝင်းမောင်တို့အဖွဲ့ ရောက်လာတယ်။ မန်းဝင်းမောင်လဲ တောင်ငူနယ်ထဲမှာ ဆင်းဖို့၊ ဒီဇင်ဘာ (၂၈)ရက်ကတည်းက သွားခဲ့တယ်။ ဒါပေမယ့် အောက်ကကြိုတဲ့အဖွဲ့နဲ့ မတွေ့လို့ လေယာဉ် ပြန်လှည့်လာရတယ်။ မန်းဝင်းမောင်ဟာ ကရင်အမျိုးသားတွေကို ဂျပန် တော်လှန်ရေးအတွက် စုရုံးသိမ်းသွင်းဖို့ တောင်ငူဘက်မှာ ဆင်းရမှာပါ။ ကိုချစ်ကောင်းတို့အဖွဲ့ကိုလဲ ပျဉ်းမနားအစား ဖြူးနယ်မှာဆင်းဖို့ စီစဉ်လိုက် ပြန်တယ်။ ဒါနဲ့ မန်းဝင်းမောင်နဲ့ ကိုချစ်ကောင်းဟာ တစ်နေရာထဲမှာ ဂျပန်ကို အတူလက်တွဲ တိုက်ခွင့်ကြုံတဲ့အတွက် ဝမ်းသာနေမိတယ်။

မတ်လ (၂၈)ရက်နေ့ ညမှာတုန်းကလိုပဲ ဖြူးမှာလဲ မီးမပြလို့ ဂျက်ဆို ကို ပြန်လှည့်လာခဲ့ကြရတယ်။

မတ်လ (၃၀)ရက်နေ့ညမှာ တတိယအကြိမ်လာပြန်တယ်။ ဒီအကြိမ် ကျမှ ဆင်းဖြစ်တော့တယ်။ ဆင်းတဲ့နေရာဟာ ဖြူး၊ ကြို့ပင်သာရွာအနီး ကွင်းကြီးထဲမှာ ဖြစ်တယ်။ အောက်က ကိုသန်းဖေတို့က (T)ပုံသဏ္ဌာန်နဲ့ မီးပြစောင့်ကြတယ်။

လဆုတ် (၃)ရက်နေ့ည လရောင်ဟာ ထိန်ထိန်လင်းနေတယ်။ သူတို့ စီးလာတဲ့ စက်ခေါင်းလေးလုံးတပ် လေယာဉ်ပျံဟာ ဘင်္ဂလားပင်လယ်အော်ကို ဖြတ်ကာ မြန်မာပြည်ကိုရှေးရှုပြီး ပျံသန်းလာတယ်။ ခေါင်းလေးလုံးမှ ထွက် လာတဲ့ စက်သံတို့ဟာ ဆူညံလှသည်ထက် ကြားတဲ့သူတို့အဖို့ ငြီးငွေ့စရာလို ဖြစ်လာတယ်။ အောက်ကိုကြည့်လို့လဲ မမြင်ရ၊ လမ်းလျှောက်လို့လဲမရ၊ မြန်မာပြည်ကို မြန်မြန်ရောက်ပါစေ၊ မြန်မြန်ခုန်ချပါရစေလို့ ကိုချစ်ကောင်း တို့က ဆုတောင်းပြီး လိုက်ပါခဲ့ပါတယ်။

"ခုန်ချလိုက်လို့ ငါ့လေထီးများမပွင့်ရင်" ဆိုတဲ့စိတ်နဲ့ လုံးဝမစိုးရိမ် ကြဘူး။ ဒီလိုစိုးရိမ်နေရင်လဲ ခုန်ချဖြစ်တော့မှာမဟုတ်ဘူး။ ကိုချစ်ကောင်းက ဒီည ခုန်ချရပြီး မြေပြင်ကရဲဘော်တွေနဲ့ တွေ့ရတော့မယ်ဆိုပြီး ပျော်နေတယ်။ လက်နက်မျိုးစုံကိုင်တဲ့ ရဲခေါင်ပြောက်ကျားတပ်သားတွေ ဂျပန်တပ်ကို အလစ်

ဝင်စီးပုံတွေ၊ ဂျပန်အသွားအလာ အဆက်အသွယ်တွေကို ဖျက်ဆီးပစ်ပုံတွေ၊ ဂျပန်သုံ့ပန်းတွေကို ဖမ်းလာပုံတွေကို ကိုချစ်ကောင်း မျက်စိထဲ ပေါ်လာတယ်။ အတွေးနယ်ထဲရောက်လာတယ်။ ဒါတွေကိုတွေးပြီး လိုက်လာရတော့ ကြည်နူးနေမိတယ်။ မြန်မာပြည်ကို မြန်မြန်ရောက်ပါစေ၊ မြန်မြန်ခုန်ချရပါစေ လို့သာ စိတ်ထဲ ရေရွတ်နေမိပါတယ်။

ညသန်းခေါင်ယံအချိန်မှာ သူတို့ဆင်းရမယ့် ဖြူးနယ်ကို ရောက်လာကြပါတယ်။ သူတို့လဲ လေထီးထုပ်တွေကိုလွယ်ပြီး လေယာဉ်ပျံဝမ်းဗိုက်မှ အပေါက်ကြီးထဲဆီ သွယ်ထားတဲ့ဇလားကြီးထဲမှာ တန်းစီထိုင်နေကြတယ်။ ခုန်ဆင်းဖို့ရန် အဆင်သင့်ပြင်ထားကြတယ်။ လေယာဉ်ပျံလဲ အောက်က အချက်ပြထားတဲ့ မီးများနဲ့ချိန်ကိုက်အောင် လူတွေကို ခုန်ချနိုင်ဖို့အတွက် ကောင်းကင်က ရှာကြည့်လျက် ရှိနေပါတယ်။

မကြာမီခဏမှာပဲ လေယာဉ်ပျံမောင်းသမားက မီးနဲ့အချက်ပြလိုက်တာနဲ့ တစ်ပြိုင်နက် သူတို့လဲ ဇလားထဲက တစ်ယောက်ပြီး တစ်ယောက် လျှောပြီးချလိုက်ကြပါတယ်။

၂-စက္ကန့်လောက် လေထဲမှာ ကိုချစ်ကောင်းရဲ့ ကိုယ်ခန္ဓာကြီး လွင့်ပါသွားပြီး ရုတ်တရက် ပျော့ပျောင်းတဲ့ကြိုးတွေနဲ့ တုပ်ပြီးဆွဲလိုက်သလို ခံစားလိုက်ရလို့ မျက်လုံးကိုဖွင့်ပြီးကြည့်လိုက်တဲ့အခါ ထီးပွင့်ပြီး လူက မြေကြီးကို တဖြည်းဖြည်း နီးကပ်နေပါတယ်။ လရောင်ကြောင့် ထင်ရှားနေတဲ့ မြေကြီးဟာ သူ့ဆီ ပြေးတက်လာနေသလို၊ (၁၅)စက္ကန့်လောက်ကြာတော့ မြေကြီးပေါ်ကို သူရောက်ရှိသွားပါတော့တယ်။

သူတို့ကို ကြိုဆိုနေတဲ့ သခင်သန်းဖေနဲ့ တွေ့ရပါတယ်။ လူတွေစုကြတော့ မန်းဝင်းမောင်က လယ်ကန်သင်းရိုးပေါ်ကျပြီး ပေါင်ကျိုးသွားပါတယ်။ သူတို့အားလုံး ဝိုင်းဝန်းဖေးမ ကူညီကြပါတယ်။ သူတို့အားလုံး စိတ်မကောင်းဖြစ်ကြရတယ်။

မန်းဝင်းမောင်၊ ကိုချစ်ကောင်းတို့ဟာ အိန္ဒိယကို အတူသွားခဲ့ကြတယ်။ အိန္ဒိယနဲ့ သီဟိုမှာ စစ်ပညာကို အတူသင်ခဲ့ကြတယ်။ မြန်မာပြည်ကို လေထီးနဲ့ အတူပြန်ဆင်းခဲ့ကြတယ်။ ဒီလို အခက်အခဲတွေကို ကျော်လာပြီးတဲ့နောက် အခု ဂျပန်ကို တိုက်ရခါနီးမှ သူဒဏ်ရာရသွားတော့ ကိုချစ်ကောင်း အထူးပဲ စိတ်မကောင်းဖြစ်မိရပါတယ်။ ဒါပေမယ့် မန်းဝင်းမောင်က ဒဏ်ရာ

ရသွားတဲ့အတွက် နည်းနည်းမှ စိတ်ပျက်တဲ့အမူအရာကို မပြဘူး။ ဒဏ်ရာရနေတဲ့ကြားထဲကပဲ ကရင်အမျိုးသားတွေ စည်းရုံးပြီး ဂျပန်ကိုတော်လှန်တိုက်ခိုက်ရေးလုပ်ငန်းများကို လုပ်ကိုင်ခဲ့တယ်။

သူ့ကို ညတွင်းချင်း ဂျပန်တို့ရန်က ကင်းဝေးတဲ့ရွာကို ပြောက်ကျားတပ်သားများက ထမ်းစင်နဲ့ သယ်ဆောင်သွားကြတယ်။ မန်းဝင်းမောင် ကလွဲပြီးတော့ ကျန်ဆင်းသူအားလုံး ဘာမှမဖြစ်ကြဘူး။ သူတို့အားလုံးစုပြီး လှည်းတွေနဲ့ ရွှေ့ပြောင်းကြတယ်။

**အင်္ဂလိပ်တွေ အထင်သေးလို့မရတော့ပြီ**

မြေပြင်က မီးပြပုံ၊ ကြိုဆိုပုံဟာ စနစ်ကျလှတဲ့အတွက် အင်္ဂလိပ်အရာရှိတွေက ချီးမွမ်းကြတယ်။ ဒါထက် သူတို့ပိုပြီး အံ့သြကြတာကတော့ အင်္ဂလိပ်တို့ အထင်နဲ့အမြင် ကွာခြားနေခြင်းပဲ ဖြစ်ပါတယ်။ အင်္ဂလိပ်စစ်ဗိုလ်တွေခေါင်းထဲ စီစဉ်ခဲ့ကြတာက အစစအရာရာ စနစ်တကျဖြစ်အောင် သူတို့ကိုယ်တိုင်အုပ်ချုပ်ပြီး ပစ္စည်းကိုသယ်ဖို့၊ ကင်းထားဖို့၊ လက်နက်တွေဝေဖို့တို့ကို သူတို့ကိုယ်တိုင် ပြုလုပ်ရလိမ့်မယ်လို့ထင်ခဲ့ကြတယ်။ မြေပြင်ကိုရောက်တဲ့အခါကျတော့ သူတို့အုပ်ချုပ်စရာ မလိုတော့ဘူးဆိုတာ တွေ့ကြရတယ်။ ပြောက်ကျားတပ်သားတွေက စနစ်တကျ ပစ္စည်းတွေကို သယ်ချတာတွေ၊ ကင်းချထားတာတွေ စေ့စေ့စပ်စပ် ရှိနေတာကို တွေ့ရတယ်။

ပြောက်ကျားတပ်သားတွေဟာ အဲဒီည လေယာဉ်ပေါ်က ချပေးတဲ့ပစ္စည်းတွေကို တစ်ညလုံး လုံခြုံရာဆီကို သယ်ယူ ရွှေ့ပြောင်းကြတယ်။ နောက်တစ်နေ့ တစ်နေ့လုံးဆက်ပြီး ရှာဖွေသယ်ယူကြပြန်သေးတယ်။

ကိုချစ်ကောင်းတို့ စီးလာတဲ့လှည်းဟာ ကြခင်းတွေကို ဖြတ်ပြီး အနောက် ရိုးမကို ရှေးရှု မောင်းသွားတယ်။

ညသန်းခေါင်မှာ ကိုချစ်ကောင်းဟာ ရန်ကုန်–မန္တလေးသွား ကားလမ်းနဲ့ မီးရထားလမ်းတွေကို ဖြတ်ကျော်ခဲ့တယ်။ လမ်းတွေဟာ ရန်သူတို့ရဲ့ အရေးပါတဲ့လမ်းတွေဖြစ်လို့ အထူးဂရုစိုက်ပြီး ဖြတ်ကျော်ကြရတယ်။ မကြာခင် တောင်ခြေကို ရောက်လာတယ်။ မှောင်ထဲသစ်ပင်ချုံကြားတွေအတွင်းက လူငယ်ကလေး လေးယောက်တို့ဟာ ထွက်ကြိုကြတယ်။ သူတို့ဟာ

ကိုချစ်ကောင်းတို့ ရှေ့ခရီးအတွက် လမ်းပြဖို့ဖြစ်တယ်။ အချို့မှာ အင်္ကျီမပါဘူး။ တဘက်ကို ခေါင်းပေါင်းထားကြတယ်။

ကိုချစ်ကောင်းတို့ လှည်းပေါ်ကဆင်းပြီး ရဲဘော်ကလေးတွေနောက် လိုက်ကြရတယ်။ တောင်ပေါ်စပြီး တက်ကြတယ်။ အထုပ်အပိုးတွေကတော့ ကိုချစ်ကောင်းတို့ရဲ့ ကျောပေါ်မှစီးပြီး လိုက်လာကြတယ်။ ချွေးတွေဟာ ရေချိုးထားသလို စီးကျနေတယ်။

လမ်းမှာ နားလိုက် ထသွားလိုက်နဲ့ မနက်လင်းတော့ ဗဟိုစခန်းကို ရောက်လာပါတယ်။ အားလုံး ပျော်ရွှင်သွားကြပါတယ်။ စခန်းမှာတော့ ချောင်းကလေးတစ်ခုရဲ့ဘေးရှိ ကညင်ပင်၊ ဝါးပင်တွေကြားမှာ ထိုးထားတဲ့ ဝါးတဲကလေးတွေ ရှိနေပါတယ်။

စခန်းကို အုပ်ချုပ်နေသူက သခင်သန်းထွန်း ဖြစ်တယ်။ သူဟာ တစ်ပြည်လုံးရဲ့ ဂျပန်ကို တော်လှန်ရေးလုပ်ငန်းမှာ နိုင်ငံခြားဆက်သွယ်ရေး တာဝန်ခံဖြစ်တယ်။ သူက ကိုချစ်ကောင်းကိုတွေ့တော့ အံ့သြဝမ်းသာနေပုံ မရှိဘူး။ "ဩ... မင်းတို့ကိုး" လို့ လောက်သာ ခပ်အေးအေးပြောတယ်။ လှိုက်လှိုက်လှဲလှဲ မရှိဘူး။

ကိုချစ်ကောင်းက ကိုသိန်းဖေ မှာလိုက်တာတွေ အစီရင်ခံပြီး ကိုသိန်းဖေ လျှို့ဝှက်ပေးလိုက်တဲ့စာကိုလဲ ထုတ်ပေးလိုက်တယ်။

ဒီစခန်းမှာ ကိုချစ်လှိုင် (မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုနိုင်ငံရေးသိပ္ပံကျောင်း နည်းပြချုပ်ဟောင်း)ကို ပြန်ပြီးတွေ့ရတယ်။ မကြာခင် ကိုချစ်လှိုင်ကို သခင်သန်းထွန်းက အရေးကြီးတဲ့ကိစ္စတစ်ခုနဲ့ သရက်ဘက်ရှိ ဗိုလ်ချုပ်အောင်ဆန်းဆီ တာဝန်နဲ့ လွှတ်လိုက်တယ်။

တောင်ပေါ်စခန်းမှာ မြန်မာ့တပ်မတော်က ဗိုလ်တိုးလွင် အုပ်ချုပ်တဲ့ တပ်စိတ်တစ်ခု ချထားတယ်။ အခြားပြောက်ကျားတပ်သားတွေလဲ ရှိတယ်။ ခြေမြန်အထောက်တော်နဲ့ မြေပြန့်နဲ့ တောင်ပေါ် အမြဲဆက်သွယ်လျက်ရှိတယ်။ ဝိုင်ယာလက်သမားတွေကလဲ အမြဲအလုပ်များလျက်ရှိနေတယ်။

ညတစ်ညမှာ စခန်းအနီး လေယာဉ်နှစ်စင်းနဲ့ ပစ္စည်းတွေလာချမယ်ဆိုတဲ့သတင်း (ဖို့ဒ်–၁၃၆) တပ်ဖွဲ့ စစ်ဌာနချုပ်က ဝါယာလက်နဲ့ သတင်းပို့လိုက်တယ်။ အဲဒီတော့ ဒီနေ့ညနေမှာ မြေပြင်မှရောက်လာကြတဲ့ လူပေါင်း ၂၀ ခန့်နဲ့ ပစ္စည်းတွေချပေးမယ့်ကွင်းကို ကိုချစ်ကောင်းတို့ သွားကြတယ်။

ကိုစောဟန်က အားလုံးကို အုပ်ချုပ်လာတယ်။ (၂)နာရီခန့် သွားမိတဲ့အခါ ကွင်းသို့ ရောက်ကြတယ်။

ကွင်းကို တောင်ပေါ်မှာပဲ ဝါးပင်များကိုခုတ်ပြီး လုပ်ထားလိုက်တယ်။ ည မီးပြပို့ ကညင်ဆီမီးတိုင်တွေကို အသင့်လုပ်ပြီး ယူလာကြတယ်။ ညမှောင်လာတဲ့အခါ ကရင်ရွာသား (၅၀)ခန့်တို့ဟာ သူတို့ကိုကူညီဖို့ မှာထားတဲ့အတိုင်း ရောက်လာကြတယ်။ လေယာဉ်ပျံစောင့်နေရသူတွေအတွက် ညဟာ နေးကွေးတဲ့ခြေလှမ်းနဲ့ လှမ်းလျက်ရှိနေတယ်။ စောင့်ရလွန်းလို့ စိတ်မော နေကြတယ်။ သန်းခေါင်ကျော်တဲ့အခါ ကိုစောဟန်ရဲ့ အစီအစဉ်အရ မီးပြ သမားတွေဟာ မီးတုတ်များကိုရှို့ပြီး မီးပြရင်း လေယာဉ်ပျံကို စောင့်နေကြ တယ်။

နာရီပြန် (၂)ချက်ထိုးတဲ့အခါ လေယာဉ်ပျံတစ်စင်း ရောက်လာပြီး ပါလာသမျှ လေထီး အစင်း (၂၀)ခန့်တို့ကို တစ်ဆက်တည်း ချလိုက်ပါ တယ်။ လရောင်က ရှိနေတော့ ကောင်းကင်တစ်ခုလုံး ဖွေးဖြူသွားသလား လို့တောင် အောက်မေ့ရမတတ်ဘဲ။ ၁၅မိနစ်ခန့်အကြာ နောက်တစ်စင်း လာပြီး ထီးတွေကို လေးစင်းစီခွဲပြီး ချပါတယ်။ ဒါပေမယ့် တစ်စင်းမှ ကွင်းထဲမကျဘူး။ အားလုံး သစ်ပင်ပေါ် သစ်ပင်ကြား ကျကုန်ပါတယ်။

ဒါကြောင့် အားလုံး အလုပ်များကုန်ကြပါတယ်။ ထီးတစ်စင်းတလေမှ အပျောက်အဆုံးမရှိရလေအောင် အနီးတစ်ဝိုက် တောတောင် လျှိုမြောင်တွေ အတွင်း ဝင်ရောက်ရှာဖွေကြရပါတယ်။ သစ်ပင်ပေါ်မှာတင်နေတဲ့ ထီးတွေကို တက်ဖြုတ်ကြ၊ ထီးမှာပါလာတဲ့ ပစ္စည်းတွေကို တစ်နေရာမှာ စုပြီးထားကြ၊ ပစ္စည်းတွေကို စခန်းကိုပြန်ပို့ကြနဲ့ ပျားပန်းခတ်လောက်အောင် အလုပ်များ ကြတယ်၊ ပစ္စည်းတွေကတော့ လက်နက်ခဲယမ်းမီးကျောက်၊ ဒန်အိုးဒန်ခွက်၊ အစားအစာ အထည်ပစ္စည်းနဲ့ ဆေးတွေပဲဖြစ်တယ်။ ဒီပစ္စည်းတွေဟာ ဂျပန် သုတ်သင်ရေးမှာ ကိုယ့်တာဝန် ကိုယ်ထမ်းဖို့ရောက်လာကြတဲ့ စစ်ကူတွေနဲ့ မခြားပါဘူး။

လေထီးတွေကို ရှာဖွေစုဆောင်းခြင်း စခန်းကိုပြန်ပို့ခြင်းအလုပ်တို့ကို ကိုစောဟန်ဟာ သူ့လူများနဲ့ တောထဲမှာ ငါးရက်တိုင်တိုင် ဖွဲ့ကောင်းကောင်းနဲ့ လုပ်ကိုင်ခဲ့ရပါတယ်။

## ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုမျှော်

ဂျပန်ဟာ မြန်မာပြည်မှာ သုံးနှစ်တိုင်တိုင်နေပြီး အစွမ်းကုန် မွှေနှောက် သွားပေမယ့်လဲ ဂျပန်ကို တစ်ခါမှမမြင်ဖူးလိုက်တဲ့သူတွေ ရှိနေသေးတယ် ဆိုရင် ယုံကြည်ကြမှာမဟုတ်ဘူးလို့ ထင်ပါတယ်။ ဒီစကားဟာ ယုံတမ်း စကား မဟုတ်ဘူး။

တောင်ပေါ် ဗဟိုစခန်းအနီးမှာရှိတဲ့ အချို့ကရင်ရွာတွေဟာ ဂျပန်ကို တစ်ခါမှ မမြင်ဖူးဘူးတဲ့။ သူတို့ကို ဂျပန်မုန်းတီးရေး တရားဟောလို့ နားလည်မယ်မထင်ဘူး။ နေထိုင်ပုံက ရှေး လူ့အဖွဲ့အစည်းအဖြစ်က သိပ်မတက် သေးပေမယ့် ဒီတောင်ပေါ်သားတွေဟာ မနေရှင်ခေတ်ရဲ့ ဆန်းပြားလှတဲ့ ပစ္စည်းတွေဖြစ်တဲ့ လေယာဉ်ပျံ၊ ဝိုင်ယာလက် စတဲ့ပစ္စည်းတွေ၊ အစားအစာ၊ ဆေးဝါးတွေကို မြင်တွေ့နေကြပါပြီ။

ကိုချစ်ကောင်းတို့တစ်တွေ တောင်ပေါ်မှာ သူတို့ရဲ့လက်ဖြစ် ဖြစ်တဲ့ ဝါးတဲ၊ ဝါးကြမ်း၊ ဝါးစားပွဲ၊ ဝါးခုံ၊ ဝါးရေခွက်၊ ဝါးလက်ဖက်ရည်အိုး၊ ဝါးယောင်းမ၊ ဝါးဇွန်း စတဲ့ ဝါးနဲ့လုပ်ထားတဲ့ပစ္စည်းတွေကို သုံးနေကြရပါ တယ်။ ဒီဝါးတွေကြားမှာ သခင်သန်းထွန်းဟာ ဖယောင်းတိုင်မီးကလေးနဲ့ အက်ဖ်စတိန်းရေးတဲ့ "တရုတ်ပြည်ကြီးတစ်ခုလုံး လွတ်လပ်ရေးစစ်ပွဲအတွက် ချည်ကဲ့သို့ သွေးစည်းနိုင်ပုံ" စာအုပ်ကို ဘာသာပြန်နေပါတယ်။

ဒီလောက် အလုပ်တွေ များနေတဲ့ကြားက ဒီစာအုပ်ကို ဘာသာ ပြန်မိအောင် ပြန်လိုက်နိုင်ခြင်းကို ကိုချစ်ကောင်းက အံ့သြနေမိပါသေးတယ်။

တစ်နေ့ ညနေခင်းမှာ ကိုချစ်ကောင်းတို့ ညောင်လေးပင်ကို သွားဖို့ တောင်ပေါ်ကနေ အောက်စခန်းကို ဆင်းလာခဲ့ပါတယ်။ အောက်စခန်းကို ရောက်တဲ့အခါ ညဖြစ်နေပြီ။ တဲကလေးတစ်လုံးမှာ ဝင်အိပ်ကြပါတယ်။ ဒါပေမယ့် ခြင်တွေက သောင်းကျန်းလွန်းလို့ ကိုချစ်ကောင်းတို့က တရေးမှ မအိပ်နိုင်ကြဘူး။

ကိုချစ်ကောင်းတို့ ညအိပ်ကြရတဲ့ အောက်စခန်းဟာ တောင်ငူတစ်နယ် လုံး ပြောက်ကျားတပ်များကို ဦးစီးပြီး ဂျပန်ကိုတိုက်နေတဲ့ ကိုဗဟိန်းရဲ့ စခန်းဖြစ်တယ်။

နေ့လယ် (၁)နာရီအချိန်ခန့်မှာ စခန်းရှိ လျှိုကြီး တစ်ခုကြားက တဲကလေးမှာ ထောင့်မှာ ကြယ်ဖြူပါတဲ့ အလံနီကြီး ဖြန့်ဆွဲထားပါတယ်။

ဒီစခန်းမှာ ဗမာခေါင်းဆောင်ကြီးတွေ၊ ကရင်ကိုယ်စားလှယ်တွေနဲ့ အင်္ဂလိပ် အရာရှိတွေဟာ ဆွေးနွေးတိုင်ပင်နေကြပါတယ်။ ကရင်ကိုယ်စားလှယ်တွေက ဝေးလံတဲ့ တောင်ပေါ်ရပ်က လာခဲ့ကြသူတွေပါ။ သူတို့ရဲ့ စိတ်အားထက်သန်မှု ကို သူတို့ရဲ့ခရီးက သက်သေခံနေပါတယ်။ သူတို့ဟာ သူတို့ရဲ့ ဂုဏ်အသရေ ကိုလဲ မထိခိုက်၊ သူတို့နဲ့လဲ သက်ဆိုင်နေတဲ့ အလံနီကိုကြည့်ပြီး သဘော ကျနေကြတယ်။ သူတို့ဓလေ့ထုံးစံ စာပေယဉ်ကျေးမှု တိုးတက်ရေးနဲ့ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို လိုလားတဲ့သူတွေဖြစ်တယ်။

## အိုင်–အင်–အေနဲ့တိုက်ပွဲ

ကူပါလခန်ရွာဟာ ကုလားရွာဖြစ်တယ်။ ဒီရွာကို ညအချိန် လှည်းတွေနဲ့ ကိုချစ်ကောင်းတို့ ရောက်လာပါတယ်။ ဘိုစ်လူမျိုးဖြစ်ကြတဲ့ အိုင်အင်အေ ရှုဘတ်စ်ချန္ဒရာဘို့စ် ခေါင်းဆောင်တဲ့ အိန္ဒိယလွတ်လပ်ရေး တပ်မတော် စစ်သားတွေဟာ "ဒွရွာ"မှာ စခန်းချနေပါတယ်။ ရွာအဝင် ညောင်ပင်ကြီး အောက်မှာ မှောင်ရိပ်ခိုပြီး အိုင်အင်အေ စစ်သားလေးယောက် ကင်းစောင့် နေပါတယ်။ ကိုချစ်ကောင်းတို့ရဲ့ လှည်းတွေဟာ ဒီကင်းတွေနဲ့ ဆိုက်ဆိုက် မြိုက်မြိုက် ဝင်တိုးမိကြတယ်။ ဗမာပြောက်ကျားတပ်သားတွေဟာ ဂျပန်ကိုသာ တိုက်ခိုက်နေပါတယ်။ ဒီလိုကာလမှာ အိုင်အင်အေ စစ်သားတွေဟာ ကြားနေ လိမ့်မယ်လို့ ယုံကြည်ခဲ့တယ်။ ယုံကြည်ချက်မှားယွင်းကြောင်း နောက်ကျမှ သိကြတယ်။ ဒီလို ယုံကြည်ချက်နဲ့ အိုင်အင်အေတွေနဲ့ တွေ့ဆုံဆွေးနွေးဖို့ ကိုပင် စီစဉ်နေလိုက်ပါသေးတယ်။

ကုလားစစ်သားတွေက လှည်းတွေပေါ်မှာ အင်္ဂလိပ်စစ်ဗိုလ်တွေ ပါလာ တာကို တွေ့သွားတော့ ထိပ်ထိပ်ပျာပျာဖြစ်ပြီး ရွာထဲ သူတို့ရဲ့တပ်ဆီ လှမ်းအော်ပြီး သတင်းပို့ပါတော့တယ်။ အိုင်အင်အေ စစ်ဗိုလ်ရောက်လာတဲ့အခါ ကိုချစ်ကောင်းတို့ဟာ သူတို့ကို ရန်မူမယ့်သူတွေ မဟုတ်ကြောင်း ပြောပြီး အင်္ဂလိပ်စစ်ဗိုလ်တစ်ယောက်တည်းကိုသာ ရွာထဲကို ခေါ်သွားပါတယ်။

ဒီအချိန်ထိ ကိုချစ်ကောင်းတို့ အိုင်အင်အေတွေနဲ့ စေ့စပ်ရလိမ့်ဦးမယ် လို့ မျှော်လင့်နေကြသေးတယ်။ ရွာထဲက အင်္ဂလိပ်စစ်ဗိုလ်က ပေါ်မလာ၊ ကုလားစစ်သားသာ အဆက်မပြတ်ထွက်လာကြတာ တွေ့ရတယ်။ ပြီး ကိုချစ်ကောင်းတို့ကို ဝိုင်းပြီးထားတော့တယ်။ အခြေအနေမှာ ပိုမိုပြီးကျပ်တည်း

လာတယ်။ သူတို့ အတွက်မှားသွားလို့ အခုလို အဝိုင်းခံလိုက်ရကြောင်း၊ တကယ်လို့သာ ကုလားစစ်သားတွေနဲ့ တွေ့လျှင်တွေ့ချင်း ပစ်ခတ်တိုက်ခိုက်လိုက်မယ်ဆိုရင် ကုလားတွေရဲ့ကိုယ်မှာ ကျည်ဆန်ရာ စကာပေါက်တွေ ဖြစ်သွားဖို့သာ ရှိတော့တယ်။ ဒါပေမယ့် အခုတော့ ကုလားစစ်သားတွေက ကိုချစ်ကောင်းတို့ကို ခပ်ခွာခွာဝိုင်းထားရာက တဖြည်းဖြည်းချင်း အနီးကိုစုပြီး လာနေကြတယ်။ သူတို့လဲ တစ်ယောက်နဲ့တစ်ယောက် ခွဲလိုက်ပြီး လှည်းတွေနဲ့ အကာအကွယ်ယူလိုက်ကြပါတယ်။ အခြေမလှတာကို သိလိုက်တဲ့ အင်္ဂလိပ်စစ်ဗိုလ်တစ်ယောက်က "ငါတို့ ဖောက်ထွက်မယ် သတိထား" လို့ ရုတ်တရက် ပြောလိုက်တယ်။ ကိုချစ်ကောင်းလဲ ရဲဘော်တွေဆီ အဆင့်ဆင့် လှမ်းပြောလိုက်တယ်။ ကုလားတွေက လှံစွပ်တပ် သေနတ်မောင်းတင်ပြီး သူတို့အနီးချဉ်းကပ်လာကြတယ်။ ဆယ်ပေလောက်အတွင်း ဖြစ်နေတော့ လက်ပစ်ဗုံးလဲ ပစ်လို့မရ၊ နောက်ကရော ဘေးကရော ရှေ့ကရော ဝိုင်းထားတာ ခံထားရတယ်။

ဒီမှာပဲ ရဲရင့်တဲ့ကုလားတစ်ယောက်ဟာ အင်္ဂလိပ်စစ်ဗိုလ်ကို ခုန်အုပ်လိုက်တယ်။ လျှပ်ပြက်သလို ဒက်–ဒက်–ဒက် ဆိုတဲ့အသံနဲ့ ဝင်းလက်သွားတဲ့ မြန်မာတွေရဲ့ မောင်းပြန်သေနတ်တွေက ကျည်ဆန်တွေဟာ ကုလားတွေရဲ့ကိုယ်တွင်းကို ထိုးဖောက်ကုန်ကြတယ်။ ကုလားတွေကလဲ ကိုချစ်ကောင်းတို့ကို ဝိုင်းပြီးပစ်ကြတယ်။ ကိုချစ်ကောင်းတို့လဲ ကျည်ဆန်တွေကြားမှာ ဖြစ်ချင်တာဖြစ် ဆိုတဲ့စိတ်နဲ့ ပစ်ရင်းခတ်ရင်း ထိုးဖောက်ထွက်ကြတယ်။ အားလုံး စုပြီးထွက်ရင် ရန်သူပစ်ကွင်း ကောင်းမှာစိုးလို့ ခြေဦးတည့်ရာဆီ ခွဲပြီး ထွက်ကြရတယ်။ ဒါကြောင့် လူစုကွဲသွားတယ်။ အမှောင်ကြောင့် တစ်ယောက်နဲ့ တစ်ယောက် မစုမိဘဲရှိနေတယ်။

ဒီနယ်အကြောင်းကို လုံးဝမသိတဲ့ ကိုချစ်ကောင်းလဲ တစ်ယောက်တည်း အိမ်မြှောင်ကိုကြည့်ပြီး စခန်းကို မှန်းပြန်ခဲ့တယ်။ ပြေးရလွှားရလို့ ထိခိုက်တဲ့ အပွန်းအပဲ့ ဒဏ်ရာတွေကို ကြံရှက်တွေရှတဲ့အခါ အပ်နဲ့ဆွသလို ခံရတယ်။ ချွေးတွေက အပွန်းအပဲ့တွေထဲဝင်ပြန်တော့ ဆားနဲ့သိပ်သလို အခံရခက်ပြန်တယ်။ နာရီဝက်အတွင်း ဖြစ်ပုံကလေးကိုတွေးကာ မယုံနိုင်သလို ဖြစ်မိသေးတယ်။ အိပ်မက်များလားလို့တောင် အောက်မေ့ရသေးတယ်။

အဲဒီည တစ်ညလုံး မည်းမှောင်နေတဲ့ အနောက်ဘက်တောင်ကြီးရှိရာကို ဆုတ်ခွာလာခဲ့တယ်။ သူကတော့ ရန်သူလက်က လွတ်ခဲ့ပြီ၊ ကျန်ရဲဘော်တွေ ဘယ်လိုအဖြစ်မျိုးနဲ့ ကြုံရမလဲဆိုတာ ကိုချစ်ကောင်းတစ်ယောက် တွေးလိုက်မိတိုင်း ရင်လေးပြီးလာနေတယ်။ ဒါနဲ့ စိတ်မောလူမောနဲ့ တစ်ညလုံးလာခဲ့တာ မနက်လင်းမှ ဘက်တော်သားတစ်ယောက်ကို တွေ့ပြီး ကိုဗဟိန်း စခန်းကို ရောက်ခဲ့ပါတယ်။

ညက တိုက်ပွဲမှာ ကိုချစ်ကောင်းတို့ဘက်က တစ်ယောက်မှ အထိအခိုက် မရှိကြောင်း၊ ကုလားနဲ့ ရွာထဲကိုပါသွားတဲ့ အင်္ဂလိပ်စစ်ဗိုလ်လဲ ဗမာဘက်တော်သားတွေက ကယ်လိုက်ကြောင်း၊ ကုလားစစ်သားနှစ်ယောက် နေရာတွင် ကျဆုံးပြီး နှစ်ယောက်မှာ အပြင်းအထန် ဒဏ်ရာရသွားကြောင်းကို ဘက်တော်သားတွေမှတစ်ဆင့် သတင်းရောက်လာတယ်။

ရှိပါလ်ခန်ရွာက အိုင်အင်အေတပ်က ကပ္ပတိန် ဘရောင်းကို လက်ရဖမ်းပြီး လက်ပြန်ကြိုး တုပ်နှောင်ကြတယ်။ လည်ပင်းကို ကြိုးနဲ့ပတ်ပြီး တိုင်မှာ ဆွဲထားတယ်။ ရိုက်နက်ကြတယ်။ ကပ္ပတိန်ဘရောင်းရဲ့ လည်ပင်းတစ်ခုလုံးမှာ သွေးချင်းချင်းနီလာတယ်။ ဘောင်းဘီ၊ အင်္ကျီတွေလဲ စုတ်ပြတ်သွားတယ်။ အဲဒီလို ညှဉ်းဆဲလို့အားရမှ ရှိပါလ်ခန်ရွာက အမဲခေါင်ရွာရှိ အိုင်အင်အေတပ်ဆီ ကပ္ပတိန်ဘရောင်းကို ဆက်ပို့လိုက်တယ်။

အဲဒီတပ်က အမဲခေါင်ရွာကိုရောက်ရှိနေတဲ့ ဌာနအုပ်မစ္စတာရာလက်ကို လွှဲလိုက်တယ်။ ဌာနာအုပ် မစ္စတာရာက ဘရောင်းကိုခေါ်လာပြီး ဓေယျဝတီနဲ့ အမဲခေါင်ရွာကြား ဂျိတ်ဆွဲရွာဘေးရှိ ကြံခင်းတစ်ခုထဲမှာ ဘရောင်းကို ဝှက်ထားလိုက်တယ်။ ပြီး ဓေယျဝတီမြို့ မြန်မာရာဇဝတ် ဦးညွန့်မောင်ဆီ လူလွှတ်ပြီး အကျိုးအကြောင်း မှာလိုက်တယ်။ ဦးညွန့်မောင်က သခင်ဗဟိန်းစခန်းကို အကြောင်းကြားလိုက်တယ်။ နောက် မစ္စတာရာနဲ့ ကပ္ပတိန်ဘရောင်းတို့ နှစ်ယောက် သခင်ဗဟိန်းစခန်းကို ထွက်ပြေးကြတယ်။

မေဂျာကော့စ်နဲ့ ဆာဂျင်တက်ခ်တို့ကတော့ ရှိပါလ်ခန်ရွာက ထွက်ပြေးလွတ်မြောက်လာပြီး ဦးတည့်ရာပြေးရင်းကနေ စစ်တောင်းမြစ် အရှေ့ဘက် ရောက်သွားတယ်။ ကိုင်းတောထဲမှာ ပုန်းအောင်းရင်း နွားကျောင်းသားတစ်ယောက်နဲ့တွေ့ပြီး သူ့အကူအညီနဲ့ သခင်ဗဟိန်းတို့နဲ့ ဆက်သွယ်ဖို့ ကြိုးစားတယ်။

မှတ်ချက်။ ။ရဲဘော်ချစ်ကောင်းရဲ့ အနှစ်နှစ်ဆယ်ခရီးထဲမှာ မပါတဲ့ ရိုပါလ်ခန်ရွာတွင် တိုက်ပွဲအဖြစ်အပျက်အချို့ကို ရဲဘော်မြရေးတဲ့ ဖက်ဆစ်တော်လှန်ရေး၊ ပြည်သူ့ရဲခေါင်ပြောက်ကျား စာအုပ် ၁၉၇၁ ခု၊ စာမျက်နှာ (၂၈၈–၂၉၅)မှ ကောက်နုတ်ကာ အကျဉ်းချုံးပြီး ဖော်ပြပါဦးမယ်၊ စာရေးသူ)

ထိုစဉ်က– "ရိုပါလ်ခန်ရွာကို လှည်းတွေနဲ့ လမ်းမှားပြီး ရောက်လာတဲ့ အခါမှာ လှည်းပေါ်မှာ အင်္ဂလိပ် (ဖို့ဒ်–၁၃၆) တပ်ဖွဲ့က အင်္ဂလိပ်မေဂျာ ကော့စ်၊ ကပ္ပတိန်ဘရောင်း၊ ဆာဂျင်တက်ခ်တို့လဲ ပါလာခဲ့ကြပါတယ်။

အိုင်အင်အေတပ်တွေက လာဝိုင်းတော့ ကပ္ပတိန် ဘရောင်းက အိုင်အင်အေ စစ်ဗိုလ်နဲ့ တွေ့ဆုံဖြေရှင်းမယ်၊ စစ်ဗိုလ်ဆီကို လိုက်ပို့ပေးဖို့ ပြောတယ်။ အိုင်အင်အေတပ်တွေက ကပ္ပတိန်ဘရောင်းကို ရွာထဲက အိုင်အင်အေ စစ်ဗိုလ်ဆီ လိုက်ပို့ကြတယ်။ အိုင်အင်အေစစ်ဗိုလ်ကို အကျိုးအကြောင်း ရှင်းပြပေမယ့် လက်မခံဘဲ အိုင်အင်အေက ကပ္ပတိန်ဘရောင်းကို ဖမ်းလိုက်ခြင်းဖြစ်တယ်။

ပြီးတော့ ညသံပေးပြီး လှည်းပေါ်မှာရှိတဲ့ အင်္ဂလိပ်စစ်ဗိုလ်တွေနဲ့ ပြောက်ကျားရဲဘော်တွေကို ဝိုင်းလာတယ်။ အဲဒီမှာ စတင်းဂန်းတွေနဲ့ပစ်ပြီး ခြေဦးတည့်ရာ ထွက်ပြေးကြရတယ်။

* * *

ဧပြီလ (၁၇)ရက်နေ့ည သခင်သန်းထွန်းနဲ့ ရဲဘော်မြတို့ ဆွဲလဲချောင်းရွာကို ဖြတ်ပြီး သရက်တောရွာကို ရောက်ကြတယ်။ အဲဒီမှာ ခဏနားနေကြတုန်းမှာ ဦးမြင့်ဆွေနဲ့ပါ ဆုံမိတယ်။ ဦးမြင့်ဆွေက သူနဲ့အတူ လိုက်လာတဲ့ မေဂျာကော့စ်နဲ့ ဝဲကြီးရွာမှာ ခွဲထွက်ခဲ့သူဖြစ်တယ်။ နောက်ရိုပါလ်ခန်ရွာ ပစ်ခတ်မှုကြောင့် လူစုတွေ ကွဲကုန်တယ်ဆိုတဲ့ အကြောင်းကြားတော့ မေဂျာကော့စ်တို့ကို သူလိုက်ရှာရင်း သခင်သန်းထွန်းတို့နဲ့ တွေ့ဆုံခြင်းဖြစ်တယ်။ သခင်သန်းသွန်းတို့နဲ့ အဲဒီလိုစကားပြောနေတုန်းမှာပဲ စစ်သုံး ညကြည့် လက်ပတ်နာရီ ပတ်သွားတဲ့ လူငယ်တစ်ယောက်ကို ဦးမြင့်ဆွေက အမှတ်မထင်တွေ့လိုက်တော့ ခေါ်ယူမေးမြန်းပါတော့တယ်။

အဲဒီမှာ မေဂျာကော့စ်တို့ သတင်းရတဲ့အတွက် အဲဒီသူငယ်နဲ့ပဲ မေဂျာကော့စ်၊ ဆာဂျင်တက်ခ်တို့ကို ဦးမြင့်ဆွေနဲ့ ပြည်သူ့စစ်များ ညတွင်းချင်း သွားရောက်ရှာဖွေခေါ်ယူခဲ့ရတယ်။

ရဲဘော်ချစ်ကောင်းတို့ နောက်ထပ် မကြာခဏဆိုသလို ဂျပန်တွေနဲ့ တိုက်ပွဲတွေဖြစ်ကြရပါသေးတယ်။

အဲဒီနောက် ဂျပန် လက်နက်ချတော့ လက်နက်တွေ (ဖို့ဒ်–၁၃၆) တပ်ဖွဲ့ကို လွှဲအပ်ထားပြီး ကိုချစ်ကောင်း ရန်ကုန်ကိုပြန်ခဲ့တယ်။ ရန်ကုန် ဗားကရာလမ်းက ကွန်မြူနစ်ပါတီဌာနချုပ်မှာပဲ ပြောင်းရွှေ့နေတယ်။

ရဲဘော် မခင်မျိုးညွန့်ဟာ ကွန်မြူနစ်ပါတီ ကွန်ဂရက် အပြီးမှာ သာယာဝတီခရိုင်ကနေ ဗားကရာလမ်း ကွန်မြူနစ်ပါတီဌာနချုပ်ကို ရောက်လာပါတယ်။ သူက အင်္ဂလိပ်ဝင်ပြီး ထိန်တောမိုးညိုဘက်မှာ တရားဟောတယ်။ အင်္ဂလိပ် အက်စ်ဘီ အစိုးရက တရားဟောရမလား ဆိုပြီး ဖမ်းဝရမ်း ထုတ်တယ်။ အဲဒါကြောင့် ကွန်မြူနစ်ပါတီ ဗဟိုမှာ လာရောက် တိမ်းရှောင်ခဲ့ရသူပါ။ အဲဒီမှာ ကိုချစ်ကောင်းနဲ့ မခင်မျိုးညွန့်တွေ့ပြီး ၁၉၄၈ ခုနှစ် တောခိုပြီး မကြာခင်မှာ အိမ်ထောင်ပြုလိုက်ကြပါတယ်။

* * *

**ရဲဘော်ချစ်ကောင်း။**

၁၉၂၀ ခုနှစ်မှာ မြင်းခြံမြို့နယ် လယ်သစ်ရွာမှာ အဘ ဦးအုန်းဖေ၊ အမိ ဒေါ်အိတို့မှ မွေးဖွားပါတယ်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးပါ။ မြင်းခြံနဲ့ မန္တလေး ဥပစာကောလိပ်များမှာ တက်ရောက် ပညာသင် ခဲ့ပါတယ်။ ကျောင်းသားသမဂ္ဂ ခေါင်းဆောင်နဲ့ သပိတ်မှောက် ကျောင်းသားတစ်ဦး ဖြစ်ပါတယ်။ ကျောင်းသားဘဝကတည်းက မြင်းခြံစိုးမြင့် အမည် ခံပြီး စာများရေးခဲ့ပါတယ်။ ဘီအိုင်အေ၊ ဘီဒီအေမှာ ပါဝင်ခဲ့ပြီး ဒုတိယပတ် မင်္ဂလာဒုံစစ်တက္ကသိုလ်သို့ တက်ခဲ့ပြီး အရာရှိအဖြစ် ဆင်းခဲ့ပါတယ်။ အိန္ဒိယသို့ ပထမအသုတ်အဖြစ်နဲ့ စေလွှတ်ခြင်း ခံရပြီး အင်္ဂလိပ် (ဖို့ဒ်–၁၃၆) တပ်ဖွဲ့မှာ စစ်ပညာသင်ယူပြီး လေထီးနဲ့ ဆင်းခဲ့ပါတယ်။ စစ်ပြီးတော့ ကွန်မြူနစ်ပါတီမှာ ဆက်လက် တာဝန်ယူခဲ့ပါတယ်။ ၁၉၄၈ ခုနှစ်မှာ တောခိုခဲ့တယ်။ ဖ–ဆ–ပ–လ အစိုးရ လက်ထက်မှာ

တောတွင်းမှာ အဖမ်းခံရပြီး ကြိုးမိန့်ပေးခံရပါတယ်။ ဒါပေမယ့် သမ္မတကြီး မန်းဝင်းမောင်က နိုင်ငံတော်က ပေးအပ်ထားတဲ့ ပုဒ်မ ၆၀ အရ လုံးဝလွတ်ပစ်လိုက်ပါတယ်။ "သိန်းဖေ စခန်းမှ သန်းထွန်းစခန်းသို့" စာအုပ်နဲ့ "အနှစ်နှစ်ဆယ်ခရီး" စာအုပ်များ ရေးသားခဲ့ပါတယ်။ ၁၉၆၀ ခု ဩဂုတ်လ ၁၅ ရက်နေ့မှာ လွတ်လာပါတယ်။ ၁၉၆၁ ခု ဧပြီလမှာ ထပ်အဖမ်းခံရပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်း တက်လာတော့ ပြန်လွတ်ခဲ့ပါတယ်။ ငြိမ်းချမ်းရေး ပျက်သွားတော့ ဗ–က–ပ အဖြစ် တောခိုခဲ့ပြန်တယ်။ ၁၉၆၆ ခု ဒီဇင်ဘာလ (၂၅)ရက်နေ့မှာ ဟသ်ာတခရိုင် အတွင်းမှာ ကျဆုံးသွားပါတော့တယ်။ ၁၉၄၈ ခုနှစ်မှာ သာယာဝတီခရိုင်၊ စစ်ကွင်းမြို့ ကုန်သည် ဦးသာဖေ၊ ဒေါ်ယုတို့၏သမီး ဒေါ်ခင်မျိုးညွန့်နဲ့ အိမ်ထောင်ကျခဲ့ပါတယ်။ သားသမီး သုံးယောက်၊ မောင်စိုးချစ်ထွန်း (၂၁)နှစ်၊ မခင်မေအေးချစ် (၁၉)နှစ်နဲ့ မခင်မေထွန်းချစ် (၁၃)နှစ်တို့နဲ့ ဖြစ်ပါတယ်။ ကျန်ရစ်သူ သားအမိတစ်စု အခု ရန်ကုန် (၆)မိုင်ခွဲ မာလကာခြံ ဓမ္မာရုံ (၁)လမ်းမှာ နေထိုင်လျက်ရှိနေကြပါတယ်။

* * *

ရဲဘော်ချစ်ကောင်းနဲ့ လေထီးသမားအဖြစ်အပျက်ကို ဗိုလ်မှူးချစ်ကောင်းရဲ့ အနှစ်နှစ်ဆယ်ခရီး စာအုပ်ကို အခြေခံပြီး သခင်တင်မြရဲ့ ဘုံဘဝမှာဖြင့် စာအုပ်၊ ရဲဘော်မြရဲ့ ဖက်ဆစ်တော်လှန်ရေး ပြည်သူ့ရဲခေါင် ပြောက်ကျားစာအုပ်နဲ့ ဗိုလ်မှူးချစ်ကောင်းရဲ့ဇနီး ဒေါ်ခင်မျိုးညွန့်တို့မှ ပြောပြချက်များကို စုပေါင်းပြီး ရေးသားခြင်းဖြစ်ပါတယ်။ စာရေးသူ။

* * *

# ၁၂။ ရဲဘော်မန်းဝင်းမောင်

**ဖက်ဆစ်ဆန့်ကျင်ရေး အဖွဲ့ဝင်အဖြစ်**

မန်းဝင်းမောင်ဟာ စစ်ကြိုခေတ်အင်္ဂလိပ်လက်ထက်မှာ ဘီအေအောင် ခဲ့ပါတယ်။ ဘီအေဘွဲ့ရတစ်ယောက် ဖြစ်ပေမယ့် ခေတ်အလိုက် အလုပ်ကအရှားသား၊ ဘယ်မှာမှ အလုပ်ရှာမရတဲ့အဆုံး သန်လျင်ဘီအိုစီမှာ စာရေးဝင်လုပ်ပါတယ်။ စာရေးလခက ၅၀–ကျပ်ပါ၊ အဲဒီမှာ ခြောက်လလောက်ပဲ ကြာခဲ့ပါတယ်။

ဂျပန်တွေဝင်လာပြန်တော့ တစ်ခါသူက အလုပ်လက်မဲ့ ဖြစ်ရပြန်တယ်။ ဂျပန်ဝင်ပြီး အနည်ထိုင်စလောက်မှာပဲ သန်လျင်ဘီအိုစီမှာ အတူလုပ်ခဲ့တဲ့ မိတ်ဆွေသူငယ်ချင်းတွေကို လိုက်ရှာပါတယ်။ တချို့ သခင်သန်းထွန်းတို့ဆီ ရောက်နေတာ တွေ့ရပါတယ်။

သခင်သန်းထွန်းက ဒေါက်တာဘမော်ရဲ့ ဂျပန်ရုပ်သေး အစိုးရအဖွဲ့မှာ မြေနှင့်လယ်ယာစိုက်ပျိုးရေးဌာန ဝန်ကြီး ဖြစ်ပါတယ်။ မိတ်ဆွေတွေက လယ်ယာစိုက်ပျိုးရေး ဌာနမှာ အလုပ်တွေရှိတယ်ဆိုတာနဲ့ သွားလျှောက်ပါတယ်။ ခဲခဲယဉ်းယဉ်းမရှိဘဲ အလုပ်ရခဲ့ပါတယ်။ ရတဲ့အလုပ်က ရုံးစာရေးပါ။

ဒီအချိန်မှာ သခင်သန်းထွန်းတို့တစ်တွေ ဂျပန်တော်လှန်ဖို့ မြေအောက် စည်းရုံးရေး လုပ်ငန်းတွေ တိတ်တဆိတ် လျှို့ဝှက် လုပ်နေကြပါပြီ။

ဒါကိုတော့ မန်းဝင်းမောင်က နောက်မှသိရတယ်။ သူတို့လုပ်ဖော်ကိုင်ဖက်တွေ စုမိကြရင် ဂျပန်ဆန့်ကျင်တဲ့ စကားတွေ တိုးတိုးတိတ်တိတ် ပြောဆိုကြတယ်။ လွတ်လပ်ရေးအတုပေးပြီး ရဟန်းရှင်လူ ပြည်သူတစ်ရပ်လုံးကို နည်းမျိုးစုံနဲ့ ညှဉ်းဆဲကြပုံတွေ ဂျပန်တွေဆက်ဆံပုံ မကောင်းတာတွေ စတဲ့ဂျပန်ဆန့်ကျင်ရေး စကားတွေကို အတောမသတ် ပြောဆိုကြတယ်။

ဒီလိုစာရေးအဖြစ် လေးငါးလလုပ်ကိုင်နေရာကနေ သူ့ကို ရုံးဝန်ထောက် အဖြစ် တိုးမြှင့်ခန့်ထားပြန်တယ်။ မန်းဝင်းမောင်ဟာ ဖက်ဆစ်ဂျပန်တွေကို မုန်းတီးတဲ့စိတ်တွေ ရှိတယ်ဆိုတာ လေ့လာပြီးဟန် တူပါတယ်။ ဂျပန် ဆန့်ကျင်ရေးအတွက် သခင်ဗိုလ်က စတင်စည်းရုံးတယ်။ သခင်ဗိုလ်က မြေနှင့်လယ်ယာ စိုက်ပျိုး ရေးဌာနမှာ အတွင်းဝန်ကလေးပါ။ သခင်ဗိုလ်က တစ်ပတ်တစ်ခါနှစ်ခါဆိုသလို သူ့အိမ်အလည် ခေါ်တယ်။ အဲဒီလိုကနေ သခင်ဗိုလ်က ဂျပန်ဆန့်ကျင်ရေး လုပ်ငန်းကို တစ်လုံးစ၊ နှစ်လုံးစ ပြောပြစည်းရုံးပါတော့တယ်။

သူ့အပေါ် တော်တော်ယုံကြည် စိတ်ချသွားဟန်တူတဲ့ တစ်နေ့မှာ သူ့ကို အိန္ဒိယလွတ်မယ့်အသုတ်ထဲမှာ လျာထားကြတယ်။ ဒါကို နောက်မှ သူကသိရတယ်။ လောလောဆယ်မှာတော့ မြစ်ဝကျွန်းပေါ်မှာရှိတဲ့ ကရင်အမျိုး သားတွေကို ဂျပန်ဆန့်ကျင်ရေးအတွက် စည်းရုံးဖို့ တာဝန်ပေးပါတယ်။ အဲဒီမှာ မန်းဝင်းမောင်ကလဲ နိုင်ငံရေးနယ်ထဲ ရောက်မှန်းမသိ ရောက်ခဲ့တော့ တာပါပဲ။ သခင်သန်းထွန်းက ကုန်ထုတ်ဖြန့်ချိရေးမှာ သူ့ကိုအထူးအရာရှိအဖြစ် ခန့်ပြန်ပါတယ်။ ဒါက တမင်သက်သက် မြစ်ဝကျွန်းပေါ်ကို ဆင်းတဲ့အခါ ဖြုပ်ကောင်းအောင်စီစဉ်ခြင်းပါ။မြစ်ဝကျွန်းပေါ်မှာ ဂျပန်ဖက်ဆစ်ဆန့်ကျင်ရေး လုပ်ငန်းအတွက် ကရင်အမျိုးသားတွေကို စည်းရုံးဖို့သက်သက်သာ သွားလာရင်း ဂျပန်ကင်ပေတိုင် စစ်ရဲတွေက ရိပ်မိသွားနိုင်တယ်။

ဒါကြောင့်မို့ မြစ်ဝကျွန်းပေါ်ရှိ ကုန်စည်ဖြန့်ချိရေး လုပ်ငန်းတွေကို သွားရောက်စစ်ဆေးဖို့ အထူးအရာရှိ ခန့်လိုက်တာပါ။ တစ်ချက်ခုတ် နှစ်ချက်ပြတ် သဘောပေါ့။ မြစ်ဝကျွန်းပေါ်ကို ကုန်စည်ဖြန့်ချိရေး လုပ်ငန်းစစ်ဆေးဖို့ သွားတဲ့အခါတိုင်း မန်းဝင်းမောင်ဟာ ဂျပန်ဖက်ဆစ်ဆန့်ကျင်ရေးနဲ့ ပတ်သက် တဲ့စာရွက် စာတမ်းတွေ သူနဲ့အတူ တစ်ပါတည်းယူဆောင်သွားလေ့ ရှိတယ်။ အဲဒီလို အစိုးရအလုပ်ကိုဟန်းပြပြီး မြစ်ဝကျွန်းပေါ်မှာ ဂျပန်ဖက်ဆစ် ဆန့်ကျင်ရေး

လုပ်ငန်းတွေ အတော်ကလေး လုပ်ပြီးတဲ့အခါ မန်းဝင်းမောင်ကို အိန္ဒိယသွားဖို့ တာဝန်ပေးပါတော့တယ်။

* * *

သမ္မတကြီးဟောင်း မန်းဝင်းမောင်က စာရေးသူကို လေထီးသမား အတွေ့အကြုံတွေ ပြောရင်းကနေ ကွန်မြူနစ်ပါတီအကြောင်း ရောက်သွားတယ်။ "ကွန်မြူနစ်ဆိုတာနဲ့ ပတ်သက်ပြီး ရယ်စရာကလေးတစ်ခု ပြောပြပါရစေ"လို့ သူက စကားပလ္လင်ခံပြီး စာရေးသူကို ဟောဒီလို ပြောပြပါတော့တယ်။

"ကျွန်တော်က ကွန်မြူနစ်ပါတီဝင် တစ်ယောက်မဟုတ်ပါဘူး။ ကွန်မြူနစ် တစ်ယောက်ဖြစ်ဖို့လဲ စိတ်မကူးခဲ့ရိုး အမှန်ပါ။ ကျွန်တော့်မှာ ဂျပန်ဖက်ဆစ်တွေကို တော်လှန်ချင်တဲ့ စိတ်တစ်ခုတည်းပဲ ရှိပါတယ်။ ဒါပေမယ့် ကွန်မြူနစ်တွေနဲ့ ပတ်သက်ပြီး ဖက်ဆစ်ဆန့်ကျင် ရေးအဖွဲ့ထဲ ရောက်ခဲ့တာကိုတော့ ဝန်ခံရမှာပါ။ ပြီးတော့ သူတို့နဲ့နီးစပ်ပြီး နိုင်ငံရေး နယ်ပယ်ထဲ ခြေစုံပစ်ဝင်ခဲ့တာလဲ အမှန်ပဲ။ ဒီတုန်းက ကျွန်တော့်မှာ ဂျပန်ဖက်ဆစ်တွေကို တော်လှန်ပစ်ချင်တဲ့ စိတ်တစ်ခုပဲ ရှိတယ်။

"စစ်ပြီးတဲ့နောက်မှာ ကရင်လူငယ် စည်းရုံးရေးကို လုပ်ခဲ့ရင်း ကနေ ကရင်လူငယ် အစည်းအရုံးမှာ ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ် တင်မြှောက်ခြင်း ခံရပါတယ်။

"အလုံ အမှတ် ၈၁–ဌာနာလမ်းက ဦးထွန်းရှိန်အိမ်မှာ ခေတ္တ နေပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းတို့ အစိုးရအဖွဲ့ မဖွဲ့ခင်တစ်နေ့ ည ၉–နာရီလောက်မှာ ကျွန်တော့်ဆီ ဗိုလ်ချုပ်အပါးတော်မြဲ ဗိုလ်ထွန်းလှ (အခု တက္ကသိုလ်နေဝင်း) တစ်ယောက် ပေါက်လာပါတယ်။ "ဗိုလ်ချုပ် အောင်ဆန်းက အခေါ်လွှတ်လို့"တဲ့။ ဒါနဲ့သူ့ကားနဲ့ပဲ ဗိုလ်ချုပ်နေတဲ့ တာဝါလိမ်းကအိမ်ကို လိုက်သွားပါတယ်။

"ဗိုလ်ချုပ်အိမ်ကို ရောက်တော့ အပေါ်ထပ်တက်သွားဖို့ ဗိုလ်ထွန်း လှက ညွှန်ပြတယ်။ ကျွန်တော် အပေါ်ထပ်တက်သွားပါတယ်။ ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ် အမှုဆောင်အဖွဲ့ဝင်တွေ စုံစုံလင်လင်ပဲ တွေ့ရတယ်။ သခင်နု၊ သခင်သန်းထွန်း၊ ဦးရာဇတ်စတဲ့ ပုဂ္ဂိုလ်ကြီးတွေနဲ့ သိုက်သိုက်မြိုက်မြိုက် ရှိနေကြပါတယ်။

"ဗိုလ်ချုပ်အောင်ဆန်းက ကျွန်တော် ရောက်မဆိုက်ဘဲ စကားပလ္လင်မှာ ဘာနိဒါန်းမှ ပျိုးမနေတော့ဘဲ ကျွန်တော်လုံးဝ မျှော်လင့်မထားတဲ့ စကားတွေကို ယောဟောဒိုင်းဒိုင်း ပြောချလိုက်ပါတယ်။ သူက ဘာပြောသလဲဆိုရင်–

"သူတို့ အစိုးရအဖွဲ့ ဖွဲ့တော့မယ်၊ ဘုရင်ခံက သူတို့ ဖ၊ ဆ၊ ပ၊ လကို ဝန်ကြီးခြောက်နေရာ ပေးတယ်။ သူတို့က ကရင်အမျိုးသားတွေ အပေါ်မှာ တန်းတူရည်တူ သဘောထားတယ်ဆိုတာ ပြချင်တဲ့အနေနဲ့ ဝန်ကြီး (၆) နေရာထဲက ကရင်အမျိုးသားအတွက် တစ်နေရာ ပေးမယ်။ ဘုရင်ခံကလဲ သူ့သဘောနဲ့သူ ကရင်အမျိုးသားထဲက တစ်ယောက်ကို ရွေးချယ်ခန့်ထားလိမ့်မယ်။

"အစိုးရအဖွဲ့ထဲမှာ ဒီအတိုင်းဆိုရင် ကရင်အမျိုးသား (၂) ဦးဖြစ်လာခဲ့မယ်။ ဒါပေမယ့် ကိစ္စမရှိဘူး၊ ဒီတော့ ကျွန်တော်တို့ဘက်က ကရင်အမျိုးသား နေရာအတွက် ခင်ဗျားကို လျာထားတယ် ခင်ဗျားလုပ်ပါ"ဆိုပြီး ကျွန်တော့ကို ဗိုလ်ချုပ်က လှမ်းပြောတယ် ပြီးတော့ ဗိုလ်ချုပ်ကပဲ–

"ဖဆပလ (၆) နေရာထဲက ကရင်အမျိုးသားအတွက် မန်းဝင်းမောင်ကို ဝန်ကြီးအဖြစ် ရွေးချယ်ဖို့ ကျွန်တော်အဆို သွင်းပါတယ်"ဆိုပြီး ဖဆပလ အမှုဆောင်အဖွဲ့မှာ အဆိုဆက်တင်သွင်းလိုက်တယ်။

ဒီအဆိုကို သခင်နုက ထောက်ခံလိုက်တယ်။ ဗိုလ်ချုပ်က "အမှုဆောင်လူကြီးတွေ ဘာပြောစရာရှိသလဲ"လို့ မေးတယ်။

"မရှိပါဘူး၊ ထောက်ခံပါတယ်"ဆိုပြီး အားလုံးက ဆန္ဒပေး ထောက်ခံလိုက်ကြပါတယ်။ ဒါတွေ ကျွန်တော့်ရှေ့မှာပဲ အဆိုတင်ကြ ထောက်ခံကြနဲ့ နောက် ဗိုလ်ချုပ်က ကျွန်တော့ဘက် မော့လာပြီး–

"ကဲ ကိုဝင်းမောင်၊ ခင်ဗျားကို ခေါ်တဲ့ကိစ္စက ဒီအကြောင်းပဲ၊ ခင်ဗျားပြန်နိုင်ပြီ"လို့ ပြောလို့ ကျွန်တော်လဲ ပြန်ခဲ့ရတယ်။

ဗိုလ်ချုပ်အောင်ဆန်းနဲ့ ကျွန်တော်က ကျောင်းသားဘဝတုန်းက ရင်းရင်းနှီးနှီး ရှိခဲ့ကြပါတယ်။ ကျွန်တော့်ကို တရင်းတနှီးနဲ့ ကိုဝင်းမောင်လို့ ခေါ်လေ့ရှိခဲ့ပါတယ်။ ဒါကြောင့် ဒီတုန်းကလဲ ကျောင်းတုန်းက အတိုင်း ကိုဝင်းမောင်လို့ ခေါ်တာပါ။

နောက်နှစ်ရက်လောက်နေတော့ စမ်းချောင်း ဗားကရာလမ်းရှိ ကွန်မြူနစ်ပါတီ ဌာနချုပ်ရုံးကို ခရိုးကြဲတာနဲ့ ဝင်သွားတယ်။ ကျွန်တော် သခင်သန်းထွန်းနဲ့ ပက်ပင်းတွေ့ပါတယ်။ သူက သူ့စားပွဲမှာထိုင်ဖို့ ဖိတ်ပါတယ်။ ပြီး ခရိုးရောက်မဆိုက်ဘဲ သူ့စကားကို ဒီလိုဆက်လိုက် ပြန်ပါတယ်။

"အခြေအနေတော့ ပြောင်းသွားပြီ မန်းဝင်းမောင်ရေ့"လို့ ပြောပြီး သူ့စကားကို ခဏရပ်ထားလိုက်ပါတယ်။ နောက်မှ သခင်သန်း ထွန်းက ဒီလိုဆက်ရှင်း ပြပြန်တယ်။

"ကျွန်တော်တို့ ဖဆပလ အဖွဲ့ချုပ်အနေနဲ့ ကရင်အမျိုး သားကို တစ်နေရာပေးမှာပါပဲ။ ပြီးတော့ ကွန်မြူနစ်ပါတီအတွက် တစ်နေရာ၊ ဆိုရှယ်လစ်ပါတီအတွက် တစ်နေရာ၊ တစ်သီးပုဂ္ဂလအတွက် တစ်နေရာ၊ အဲဒီလိုပေးဖို့ ဆုံးဖြတ်ထားတယ်။ ဒါပေမယ့် ခင်ဗျားကို ကွန်မြူနစ်ပါတီဝင်အဖြစ် တချို့ပုဂ္ဂိုလ်တွေက စွပ်စွဲပြောဆိုကြတယ်။ ခင်ဗျားကို ပေးလိုက်ရင် ကွန်မြူနစ်နှစ်နေရာ ရသွားမယ်လို့ ပြောဆိုကြပြီး ခင်ဗျားပေးဖို့ကိစ္စကို ကန့်ကွက်ကြတယ်။ ဒါကြောင့် ခင်ဗျားအစား မန်းဘခိုင်ကိုပဲ ရွေးလိုက်တယ်၊ ခင်ဗျားကိုကန့်ကွက်တဲ့ လူတွေကတော့ ဆိုရှယ်လစ်တွေပဲ"လို့ သခင်သန်းထွန်းက ကျွန်တော့်ကို ရှင်းပြ လိုက်တယ်။

အဲဒီလို ဆိုရှယ်လစ်ပါတီက ကန့်ကွက်လို့ "ကျွန်တော်ဝန်ကြီး မဖြစ်ရကောင်းလား"ဆိုပြီးတော့ ဆိုရှယ်လစ်တွေကို ကျွန်တော် စိတ်မဆိုးပါဘူး။ စိတ်လဲမနာပါဘူး၊ အဲဒီနောက် ဇူလိုင် (၁၉) ရက်နေ့မှာ ဗိုလ်ချုပ်တို့ သေနတ်ပစ်ခံရပြီး ကျဆုံးသွားတဲ့သတင်း ကြားရပါတယ်။

"အင်း- လူ့ဘဝဆိုတာ တယ်လဲဆန်းကြယ်ပါလား"လို့တောင် ညည်းညူရေရွတ်လိုက်မိသေးတယ်။နဂိုက တကယ်လို့များ ဗိုလ်ချုပ် အောင်ဆန်း ရွေးချယ်ထားတဲ့အတိုင်းသာ ကျွန်တော်ဝန်ကြီး ဖြစ်လာ ခဲ့မယ်ဆိုရင် မမေ့နိုင်တဲ့ (၁၉) ဇူလိုင်မှာ ငါလဲဗိုလ်ချုပ်တို့နဲ့ တစ်ခါ တည်း ကျဆုံးသွားရမှာ အမှန်ပဲ၊ ခုတော့ ငါ့အစား မန်းဘခိုင်ကဝင်ပြီး ခံစားခံသွားရ ရှာတယ်လို့ တွေးမိပြီး ကျွန်တော် စိတ်မကောင်း

ဖြစ်ရပါသေးတယ်။ ပြီးတော့ ကျဆုံးသွားကြရတဲ့ ရဲဘော်တွေအတွက် ယူကျုံးမရဖြစ်ပြီး ကြေကွဲဝမ်းနည်း ဖြစ်ရပါတယ်။

(သမ္မတကြီးဟောင်း မန်းဝင်းမောင်က သူ့စကားပြောရင်း တကယ်လဲ စိတ်ထိခိုက်လာဟန် တူပါတယ်။ သူ့စကားကို ခဏရပ်ပြီး အဝေးဆီကို ငေးကြည့်နေပါတယ်။ သူ့အာရုံကို ပြောင်းပစ်နေဟန် တူပါတယ်။ ခဏလောက် တိတ်ဆိတ်နေပြီးမှ စကားတွေကို ဒီလို ဆက်ပြန်ပါတယ်။ စာရေးသူ)

"ဒါနဲ့ပတ်သက်ပြီး ၁၉၆၂-ခုထဲမှာ ကျွန်တော်တို့အားလုံး အထိန်းအသိမ်း ခံကြရပါတယ်။ ဒီတုန်းက ဆိုရှယ်လစ်ပါတီ ခေါင်းဆောင်တွေဖြစ်တဲ့ ဦးဗဆွေတို့၊ ဦးကျော်ငြိမ်းတို့နဲ့ စခန်းတစ်ခုတည်းမှာအတူ ကျွန်တော် နေခဲ့ရသေးတယ်။

"တစ်နေ့မှာ သူတို့နဲ့စကားစမြည် ပြောကြရင်းကနေ နောက်ကြောင်းတွေဆီ ရောက်သွားပါတယ်။ ကျွန်တော်ဝန်ကြီးအဖြစ် ရွေးချယ်တာကို ကန့်ကွက်တဲ့ကိစ္စဆီ ဆက်ရောက်သွားပြန်တယ်၊ အဲဒီမယ် ဦးကျော်ငြိမ်းက-

"ဟုတ်တယ် ခင်ဗျားကို ဝန်ကြီးခန့်ရေးကိစ္စမှာ ဦးဗဆွေနဲ့ ကျွန်တော် အများဆုံး ကန့်ကွက်ခဲ့တယ်"လို့ ရယ်ရယ်မောမော ပြောပြ ပါတယ်။

ဒါနဲ့ကျွန်တော်က "ခင်ဗျားတို့ကို ကျွန်တော်က စိတ်မဆိုးတဲ့ အပြင် နှစ်ခါစလာမ် ပေးပါတယ်ဗျာ" လက်မြှောက်ပြီး စလာမ်ပေး လိုက်ပါတယ်။ နောက် စကားကို ပြန်ဆက်ပြောပြန်တယ်။

"ဒီတုန်းက ခင်ဗျားတို့က ကျွန်တော့်ကို ကွန်မြူနစ်လို့ အထင်ရှိပြီး ကန့်ကွက်လိုက်တာ ခပ်ကောင်းကောင်းပဲဗျို့၊ နို့မို့ရင် မမေ့နိုင်တဲ့ (၁၉) ဗုလိုင်ထဲ ဝန်ကြီးမန်းဝင်းမောင်တစ်ယောက်လဲ ပါပြီးသားပဲ၊ ဒါကြောင့် ခင်ဗျားတို့ကို စိတ်မဆိုးတဲ့အပြင် စိတ်ထဲမှာတောင် ကျိတ် ပြီး ကျေးဇူးတင်မိသေးတယ်လို့ ပြုံးပြီးပြောလိုက်တယ်။

(ဒီလို သမ္မတကြီးဟောင်း မန်းဝင်းမောင်က နောက်ကြောင်းအဖြစ် အပျက်တွေကို ရယ်ရယ်မောမောနဲ့ စာရေးသူကို ပြောပြပါတယ်။ နောက်သူရဲ့ လေထီးသမားဘဝ အတွေ့အကြုံကို ပြန်ကောက်ပါတယ်။ စာရေးသူ)

ဝန်းမော်စာပေတိုက်

## အိန္ဒိယသို့သွားဖို့ ရွေးချယ်ခံရခြင်း

သခင်ဗိုလ်က မန်းဝင်းမောင်ကို အိန္ဒိယသွားဖို့ပြောတော့ သူက "စဉ်းစားပါရစေဦး"တို့၊ ဘာတို့ညာတို့ဆိုတဲ့ ဆင်ခြေဆင်လက်တွေနဲ့ အကြောင်းပြပြီး အချိန်ဆွဲမထားလိုက်ဘူး။ "လိုက်ပါမယ်"ဆိုပြီး ချက်ချင်းကတိပေး လိုက်တယ်။

အိန္ဒိယသွားရမယ်ဆိုတဲ့ ခရီးဟာ အင်မတန် အန္တရာယ်များမယ်လို့ မန်းဝင်းမောင်က တွက်လို့ရပါတယ်။ သူက "မလိုက်ချင်ဘူးဗျာ"ဆိုလဲ ရပါ တယ်။ အတင်းအကျပ်ခိုင်းတဲ့ သဘောမဟုတ်ပါဘူး။ သူက ဘီဒီအေ တပ်မတော်က ရဲဘော်လဲမဟုတ်၊ အရာရှိလဲ မဟုတ်ဘူး။ ပြီးတော့ ကွန်မြူနစ် ပါတီဝင်လဲ မဟုတ်ဘူး။ ဘီဒီအေတပ်ကဆိုရင်လဲ ဘီဒီအေတပ်မတော်ရဲ့ အမိန့်နဲ့ မလိုက်ချင်လဲ လိုက်ရမယ်။ လိုက်ချင်လဲ လိုက်ရမှာပဲ။ အမိန့်ဟာ အမိန့်ပဲ။ ကွန်မြူနစ်ပါတီဝင် တစ်ဦးဆိုရင်လဲပါတီရဲ့ တာဝန်ပေးတာကို ငြင်းလို့မရဘူး။ ပါတီရဲ့ခိုင်းစေမှုကို တသွေမတိမ်း လိုက်နာရမှာပဲ။ သူက ဘယ်ပါတီ၊ ဘယ်အနှောင်အဖွဲ့၊ ဘယ်ဒုံးကွပ်အကဲအောက်ကမှ မဟုတ်တဲ့ တစ်သီးပုဂ္ဂလ တစ်ဦးပါ။ အခုဟာ သူ့ဆန္ဒအရ လက်ခံလိုက်ခြင်းပါ။

ဒီအချိန်က သူ့ဇနီးဒေါ်မြမေနဲ့ ကလေးတစ်ယောက်ရပြီးတဲ့ အချိန်လဲ ဖြစ်ပါတယ်။ ဒီဇနီးသားသမီးတွေကို ဗုံးတွေ စက်သေနတ်တွေကြားမှာ ခွဲခွာ ပြီးထားခဲ့ရမှာ စိတ်မချနိုင်ဘူး၊ ရင်လေးစရာပဲ။ ဒါပေမယ့် ဒါကိုလဲသူက ထည့်စဉ်းစားမနေဘူး၊ မဟာမိတ်တွေနဲ့ အဆက်အသွယ်လုပ်ဖို့ သွားတယ်ဆိုတဲ့ သတင်းဟာ အကြောင်းတစ်ခုခုကြောင့် ပေါက်ကြားသွားပြန်မယ်ဆိုရင်လဲ ဂျပန်ကင်ပေတိုင် စစ်ရဲတွေက သူ့သားမယားတွေကို ဓားစာခံအဖြစ် ဖမ်းဆီးပြီး ညှဉ်းဆဲချင်ညှဉ်းဆဲမယ်၊ ဒါမျိုးတွေစဉ်းစား လိုက်ပြန်မယ်ဆိုရင် စစ်အတွင်းမှာ ကြုံတွေ့ရမယ့် ဒုက္ခတွေဟာ တစ်သီတစ်တန်းကြီး ပေါ်လာမယ်။ ဒါတွေတွေးနေ မယ်ဆိုရင် အိန္ဒိယလိုက်ရေးကိစ္စကို စိတ်ကူးဝံ့စရာတောင် မရှိဘူး။ နောက်ဆုံး စဉ်းစားမနေတော့ဘဲ "လိုက်မယ်"ဆိုတာကိုပဲ မန်းဝင်းမောင်က ချက်ချင်း အပြေပေးလိုက်တယ်။

ပြောရဦးမယ်။ မန်းဝင်းမောင်က နိုင်ငံရေးနယ်ပယ်ထဲက တစ်မျိုးပြော ရရင် ဖက်ဆစ်ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲနယ်ပယ်ထဲ ခြေစုံပစ်ဝင်လိုက်တယ် ဆိုကတည်းက လက်နက်ကို ကိုင်လိုက်ရတော့တာပဲ။

* * *

(မန်းဝင်းမောင်တို့ ရန်ကုန်ကမန္တလေး နောက်ကသာခရိုင် အင်းတော်မြို့နယ် ဂဟဲရွာအထိ သွားတဲ့ခရီးစဉ်ကို ကိုချစ်ကောင်းနဲ့ ကိုအုန်းမောင်တို့ရဲ့ အခန်းမှာပါပြီးပြီမို့ ထပ်မံဖော်ပြမနေတော့ပါ။ စာရေးသူ)။

ကသာခရိုင် အင်းတော်မြို့နယ် "ဂဟဲ"ရွာရောက်တဲ့အခါ ကိုလှဖေ အပြင်းဖျားပါတယ်။ ဒါကြောင့် ခရီးဆက်မသွားနိုင်ဘဲ ဂဟဲမှာ ၃–ရက်လောက် ကြာခဲ့ပါတယ်။ အဲဒီကနေ မဲဇာချောင်းရိုးပေါ်ရှိ ဂျုံးဂျုံးကျုရွာကို စုန်ဆင်းခဲ့ပါ တယ်။ အဲဒီရောက်တော့ တိုင်ပင်ပြီး လူစုနှစ်စု ခွဲလိုက်ပါတယ်။ တစ်စုကို သခင်ဗိုလ်ခေါင်းဆောင်ပြီး ကျန်အစုကို မန်းဝင်းမောင်က ခေါင်းဆောင်ပါတယ်။

မန်းဝင်းမောင်အစုထဲမှာ ကိုချစ်ကောင်း၊ ကိုအုန်းမောင်၊ ကိုလှဖေတို့ ပါဝင်ပါတယ်။ ဂျုံးဂျုံးကျုကနေ မဲဇာချောင်းအတိုင်း ဝါးဖောင်နဲ့ တကောင်းရွာကို စုန်ဆင်းသွားပါတယ်။ တကောင်းမှာ နေထိုင်မကောင်း ဖြစ်နေတဲ့ ကိုလှဖေကို ခွဲထားခဲ့ပြီး လမ်းပြအကူအညီနဲ့ ရွှေလီမြစ်ရိုး တစ်ဘက်ကမ်းရှိ ရှမ်းပြည်မြောက်ပိုင်း မိုးမိတ်နယ်ရှိ ပြချောင်းရွာကို ရောက်ပါတယ်။ အဲဒီကနေတစ်ဆင့် ရွှေဂူအနီး "မန်းကလေး"ကျေးရွာကို ရောက်ကြပါတယ်။

အဲဒီရွာမှာ ကိုချစ်ကောင်းတို့ တစ်တွေကို ထားခဲ့ပြီး မန်းကလေးက မနက် ၅–နာရီလောက်မှာ မန်းဝင်းမောင်တစ်ယောက်ထဲ အရပ်ဝတ်အရပ်စားနဲ့ လမ်းပြတစ်ယောက်ကို အဖော်ပြုပြီးရွှေကူကိုထွက်ခဲ့ပါတယ်။ လမ်းမှာစားဖို့ ကောက်ညှင်းပေါင်းနဲ့ ငါးခြောက်ဖုတ်ကို ပလိုင်းမှာပဲ ထည့်ယူခဲ့တယ်။

သူက ဖျင်ကြမ်းအင်္ကျီတစ်ထည်နဲ့ ဖျင်ကြမ်းလုံကွင်း တစ်ပတ်နွမ်းနဲ့ ပလိုင်းကိုလွယ်၊ ဓားမတစ်ချောင်း ခါးထိုးပြီး ဖိနပ်ကမပါနဲ့ဆိုတော့ တကယ့်တောသားမှ တောသားပဲ။ သွားရတဲ့ လမ်းကလဲ လမ်းကျဉ်းကလေး၊ လမ်းကျဉ်းကလေးအတိုင်း ရင်တထိတ်ထိတ်နဲ့ လျှောက်ခဲ့ရပါတယ် ဆိုတဲ့အထဲ "ဆင်မ"ကြီးတစ်ကောင်က တစ်ခုခုကိုလန့်ပြီး ပြေးအလာ လူကိုဝင်တိုးမိမလို ဖြစ်တော့ မန်းဝင်းမောင်လဲ လန့်ဖျပ်ပြီး အသည်းထိတ်ရင်ခုန် ဖြစ်မိရသေးတယ်။

ဆင်မကြီးလဲ သူတို့ကို ပြန်လန့်ပြီး ကဆုန်ပေါက်ပြေးကာ တောထဲဝင်ရောက် ပျောက်ကွယ် သွားပါတော့တယ်။ ဒီအဖြစ်ကို တွေးမိရင်း ရယ်ကြရသေးတယ်။

မန်းကလေးနဲ့ ရွှေကူက ၂၅-မိုင်ဝေးတယ်။ တစ်နေ့လုံး ခရီးပြင်း ချီတက်လာပြီး ရွှေဂူကို ညနေမှာရောက်တယ်။ ရွှေဂူအဝင်မှာ တရုတ်ကင်းက စစ်ဆေးမေးမြန်းတယ်။ မန်းဝင်းမောင်က မန်းကလေးရွာခေါင်းဆီက လိုလိုမယ် မယ်ဆိုပြီး တောင်းလာတဲ့ လက်မှတ်ထုတ်ပြ လိုက်တယ်။ ဒီလက်မှတ်မှာ "မန်းကလေးရွာသားကိုတင်ဟာ ရွှေကူမှာ ဆားဝယ်သွားခြင်း ဖြစ်တယ်"လို့ ရေးလိုက်တဲ့စာပဲ။ တရုတ်တပ်တွေကလဲ ဒီစာမဖတ်တတ်ပါဘူး။ ဗမာလိုရေးထားတဲ့ စာပဲ၊ (မန်းဝင်းမောင်ရဲ့ နာမည်က ကိုတင်လို့ ပြောင်းထား တယ်)၊ တရုတ်တွေက ကိုတင်ဆိုတဲ့ မန်းဝင်းမောင်ကို တကယ့်တောသားခဲ အောက်မေ့နေတယ်။ အခက်အခဲမရှိ ရွှေဂူမြို့ထဲ ဝင်ခွင့်ပြုလိုက်တယ်။

ရွှေဂူမြို့ထဲရောက်တော့ အမေရိကန် တစ်ယောက်နဲ့ ဆိုက်ဆိုက်မြိုက်မြိုက် တွေ့တယ်။ မန်းဝင်းမောင်က အင်္ဂလိပ်လို ဒီမြို့က အုပ်ချုပ်ရေး အရာရှိရုံး ဘယ်မှာလဲလို့ မေးလိုက်တယ်။ သူက ကက်စ်ဘီ C.A.S (B) ရုံးကို ညွှန်လိုက်တယ်။ မန်းဝင်းမောင်က အင်္ဂလိပ်လိုမေးတော့ အံ့သြသေးတယ်။ နောက်သူက "မင်းဘယ်ကလာသလဲ"လို့ မန်းဝင်းမောင်ကို မေးမြန်းပြန်တယ်။ ရန်ကုန်က၊ မဟာမိတ်တွေနဲ့ တွေ့ဖို့လာတယ်လို့ ပြောတယ်။ "ဩော် ဩော်"လို့ ပြောရင်း မန်းဝင်းမောင်ကို နှုတ်ဆက်ပြီး ထွက်ခွာသွားပါတော့တယ်။

ရွှေကူမြို့ထဲ-ကက်စ်ဘီမှာ (စီအိုင်စီ အမေရိကန် ထောက်လှမ်းရေးအဖွဲ့) ဘီအိုင်စီ (ဗြိတိသျှ စစ်ထောက်လှမ်းရေးအဖွဲ့)တွေနဲ့ တွေ့တယ်။ မန်းဝင်းမောင်က သူ့ လာရင်းကိစ္စကို ပြောပြတယ်။ မန်းဝင်းမောင်က ဖက်ဆစ်ဆန့်ကျင်ရေး အဖွဲ့ကဖြစ်ကြောင်း၊ အိန္ဒိယနဲ့ အဆက်အသွယ်လုပ်ရန် လာကြောင်း၊ နောက်မှာ ရဲဘော်တွေ ကျန်ခဲ့သေးကြောင်း စ,တဲ့ လာရင်းကိစ္စကို တိုတိုတုတ်တုတ်နဲ့ တင်ပြလိုက်တယ်။

အဲဒီမယ် ဘီအိုင်စီမေဂျာ (အင်္ဂလိပ်)က "မဟာမိတ်တပ်တွေ အောင်မြဲ ခံတော့မှာသေချာလို့ မင်းတို့က ခုလိုလာပေါင်းတာ မဟုတ်လား"လို့ ခနဲ့တဲ့တဲ့ နဲ့ ရိလိုက်ပါသေးတယ်။

မန်းဝင်းမောင်ကို စစ်ဆေးမေးမြန်းကြပြီး အမေရိကန်တွေက အစား အသောက် ကောင်းကောင်းကျွေး ပါတယ်။ တစ်လမ်းလုံး ဖိနပ်မပါလျှောက်

လာရလို့ ခြေထောက်တွေတောင် ပေါက်ခဲ့တာကိုလဲ ဆေးထည့်ပေးကြတယ်။ နောက် ကိုချစ်ကောင်းတို့ကို ခေါ်ပေးဖို့ သူတို့နဲ့ပါလာတဲ့ ဂျပန်စစ်ဝတ်စုံတွေ၊ ဂျပန်ဓားတွေကိုယူဖို့ အမေရိကန် (၁၀၁–တပ်ဖွဲ့) ဝမ်းအိုဝမ်းက ဦးစီးဖွဲ့ထားတဲ့ ကချင်"ရိန်းဂျား"တပ် ကချင်တပ်သားကလေးတွေကို စေလွှတ်လိုက်တယ်။ တရုတ်တပ်တွေကို ကျော်ဖြတ်ပြီး ကချင်တပ်သားတွေက ကိုချစ်ကောင်းတို့ကို သွားခေါ်တယ်။

၁၉–၁၁–၁၉၄၄ နေ့မှာ မြစ်ကြီးနားမှာ တပ်စွဲထားတဲ့ အမေရိကန် ဝမ်းအိုဝမ်းစစ်ဌာနချုပ်ကို ရွှေကူကလေယာဉ်နဲ့ မန်းဝင်းမောင်ကို လိုက်ပို့တယ်။ မကြာခင် ကိုချစ်ကောင်း၊ ကိုအုန်းမောင်တို့လဲ မန်းဝင်းမောင်ဆီ လေယာဉ်နဲ့ ရွှေကူကတစ်ဆင့် ရောက်လာကြပါတယ်။ ဝမ်းအိုဝမ်းဌာနချုပ်မှာ သုံးပတ်လောက် နားနေရပြီး ဝမ်းအိုဝမ်းဌာနချုပ်က သူတို့ကို ဂျပန်အခြေအနေ၊ ဂျပန်ဖက်ဆစ် ဆန့်ကျင်ရေးအဖွဲ့အကြောင်း၊ မြန်မာပြည်နိုင်ငံရေး အကြောင်း၊ ဘီဒီအေ အကြောင်းတွေ မေးမြန်းပါတယ်။

ပေးလိုက်တဲ့စကားဝှက်နဲ့ မန်းဝင်းမောင်တို့က သူတို့လာရင်းကိစ္စကို ပြောတယ်။ (ဂျီ အက်စ် အိုင် ကေ)လို့ ပြောရမယ့်အစား ဂျီအက်စ်အိုင်၁၂– ဆိုတဲ့ စကားဝှက်အမှားကိုပဲ ပြောနေမိတယ်။ သူတို့ကလဲ စဉ်းစားမရ ဖြစ် နေတယ်။ ကေကို မန်းဝင်းမောင်တို့က တစ်ဆယ့်နှစ်လို့ပဲ နားလည်ခဲ့တယ်။ ကာနယ်ပီးယားစ်က ဂျီအက်စ်အိုင်–၁၂ မရှိဘူး။ ဂျီအက်စ်အိုင်ကေပဲရှိကြောင်း ကေနဲ့ ၁၂ မှားမယ်ဆိုရင် မှားနိုင်တယ်လို့ ပြောပြတယ်။

အမေရိကန် ဝမ်းအိုဝမ်းဌာနချုပ် တာဝန်ခံ ကာနယ်ပီးယားစ်က သူတို့ဆီပဲ လုပ်ဖို့ပြောလာပါတယ်။ အမေရိကန်မေဂျာ ဟဲလ်ဖရစ်နဲ့ အခြား အမေရိကန် ဗိုလ်မှူးတွေကလဲ ဒီအတိုင်းပဲ သူတို့နဲ့လုပ်ဖို့ ဆွယ်ကြပြန်တယ်။

မန်းဝင်းမောင်တို့က မဖြစ်ဘူး ဂျီအက်စ်အိုင်–၁၂–စကားဝှက်ကတစ်ဆင့် အိန္ဒိယကိုသွားဖို့ ညွှန်ကြားမှုရှိတယ်။ အေ အက်ဖ် အိုဌာနချုပ်ရဲ့ ညွှန်ကြားချက် လွန်ဆန်ပြီး လုပ်လို့မရဘူး"လို့ပဲ ထပ်ခါတလဲလဲ ရှင်းပြရပြန်တယ်။

နောက်ဆုံး အင်္ဂလိပ်တပ်က မေဂျာဗျိုက်နဲ့ တွေ့ပေးမယ်ဆိုပြီး စီစဉ်ပေး တယ်။ မေဂျာဗျိုက်နဲ့တွေ့တော့ မန်းဝင်းမောင်တို့ကို ကလ္လကတ္တားပို့ပေးမယ်လို့ ကတိပေးပါတယ်။

မန်းဝင်းမောင်တို့ရောက်ပြီးနောက် ၂-၁၂-၄၄ နေ့မှာ သခင်ဗိုလ်တို့အစုလဲ မြစ်ကြီးနားကို ရောက်လာခဲ့ကြတယ်။ သူတို့နဲ့ မန်းဝင်းမောင်တို့ ကသာခရိုင်၊ ဂျုံးဂျုံးကျွန်းရွာမှာခွဲပြီး မြစ်ကြီးနား ရောက်တဲ့ခရီးစဉ်ဟာ ဒုက္ခအမျိုးမျိုး ရောက်ခဲ့တဲ့အကြောင်း အသက်မသေရုံတမယ် တရုတ်တပ်တွေရဲ့ ညှဉ်းဆဲတာကို ခံကြရကြောင်းဆိုတဲ့ ရင်နင့်စရာတွေ ကြားရပါတယ်။

သူတို့ မြစ်ကြီးနား ရောက်ပြန်တော့ မန်းဝင်းမောင်တို့ စခန်းချနေတဲ့ အမေရိကန် ဝမ်းအိုဝမ်းကို အင်္ဂလိပ်တပ်က မပို့ဘူး။ ဒါ့အပြင် အကျဉ်းသမားလို ပစ်ထားတယ်။ အဝတ်အစားတွေလဲ ဟောင်းနွမ်းနေတယ်။ နောက်မှ အင်္ဂလိပ် စစ်ယူနီဖောင်းတွေ ထုတ်ပေးထားတယ်။ မန်းဝင်းမောင်တို့မှာတော့ အမေရိကန် စစ်ယူနီဖောင်းအမျိုးမျိုးနဲ့ စတိုင်လ်ကျနေတယ်။ လွတ်လွတ်လပ်လပ် နေရတယ်။ အမေရိကန် အရာရှိတွေနဲ့လဲ တန်းတူ စားသောက်နေရတယ်။

မန်းဝင်းမောင်တို့က သခင်ဗိုလ်တို့ကို သွားတွေ့တယ်။ အင်္ဂလိပ်တပ်က သူတို့နဲ့ မဆက်ဆံဖို့ သခင်ဗိုလ်တို့ကို တားမြစ်ဟန်တူတယ်။ လက်ဖက်ရည်ကို နို့ဆီခွက်နဲ့ သောက်နေရတယ်။ ထမင်းပန်းကန်နဲ့ မကျွေးဘူး။ အစား ကောင်းကောင်းလဲ မကျွေးဘူး။

မန်းဝင်းမောင်တို့ကို ကလ္လကတ္တားရှိ ဖို့ဒ်-၁၃၆ တပ်ဖွဲ့ဆီ မြစ်ကြီးနားရှိ အင်္ဂလိပ် မေဂျာဗွိုက်က လေယာဉ်နဲ့လိုက်ပို့တယ်။ ၇-၁၂-၄၄ နေ့မှာ ကလ္လကတ္တားရောက်တယ်။ သူတို့ ကလ္လကတ္တားရောက်ပြီးနောက် ၁၂-၁၂-၄၄ နေ့မှာ သခင်ဗိုလ်တို့အုပ်စု ရောက်လာကြတယ်။ ကလ္လကတ္တားရောက်တော့ သူတို့ကို ချက်ချင်းကိုသိန်းဖေဆီ မပို့သေးဘဲ၊ မြန်မာပြည်အခြေအနေတွေကို နှစ်ရက်လုံးလုံး မေးမြန်းတယ်။ အဲဒီနောက်မှ ကိုသိန်းဖေဆီ ပို့တယ်။ ကိုသိန်းဖေဆီကို ၉-၁၂-၄၄ နေ့မှာ ရောက်ကြတယ်။

ကိုသိန်းဖေဆီ ရောက်တော့ ကိုသိန်းဖေနေတဲ့ တိုက်အပေါ်ထပ်မှာ မန်းဝင်းမောင်ကို နေရာချပေးတယ်။ ကိုသိန်းဖေနဲ့သူက ၁၉၃၇-ခုနှစ်လောက်မှာ ဒီဂရီရတယ်။ ကိုသိန်းဖေနဲ့ တစ်တန်းထဲလောက် ဖြစ်တယ်။ ကရင်အမျိုးသားတွေ၊ ရခိုင်အမျိုးသားတွေ ပါလာတယ်ဆိုတော့ ကိုသိန်းဖေအနေနဲ့ ဝမ်းသာအားရ ဖြစ်နေတယ်။

ဂျပန်ဆန့်ကျင်ရေး လုပ်ငန်းမှာ လူမျိုးစုတွေပါမကျန် တစ်မျိုးသားလုံး အုံကြွပါဝင်နေတယ်ဆိုတော့ တစ်နည်းအားဖြင့် မဟာမိတ်တွေပေါ် ရပ်ပြကောင်း

တယ်လို့ ဆိုရမှာပေါ့။ အင်္ဂလိပ်နဲ့ မဟာမိတ်တွေရှေ့မှာလဲ မျက်နှာပန်းလှတယ် ပေါ့၊ ကိုသိန်းဖေက မန်းဝင်းမောင်တို့ ပါလာလို့ဂုဏ်ယူနေတယ်။ ကိုသိန်းဖေဆီ ရောက်တော့ မန်းဝင်းမောင်အနေနဲ့ နိုင်ငံရေးနဲ့ပတ်သက်ပြီး ဘာသင်တန်းမှ ကိုသိန်းဖေဆီက မတက်ခဲ့ပါဘူး။

ကလ္လကတ္တားမြို့ရှိ မဟာရာဂျာခြံထဲမှာ အက်စ်အီးအိုင်ဆိုတဲ့ ကျောင်းတစ်ကျောင်းကို အင်္ဂလိပ်က ဖွင့်ထားတယ်။ ဒီကျောင်းမှာ မြန်မာပြည်ဌာနခွဲ (ဘီစီအက်စ်)ရှိတယ်။ ဒီဌာနမှာ ဂျပန်တိုက်ခိုက်ရေးနဲ့ ပတ်သက်တဲ့ ပညာရပ်တွေကို သင်ကြားပေးတယ်။ရခိုင်ကလာတဲ့ ရဲဘော်တွေလဲ ဒီကျောင်းမှာ သင်ကြားကြရတယ်။

ဒီဇင်ဘာလ ၂၆–ရက်နေ့မှာ သခင်ဗိုလ်၊ ကိုချစ်ကောင်း၊ ကိုအုန်းမောင်၊ ကိုစောဟန်၊ ကိုသန်း၊ ကိုဘသောင်းနဲ့ မန်းဝင်းမောင်တို့ ပေါင်း ၇ ယောက် ဒီကျောင်းကိုသွားပြီး ပညာသင်ကြားကြရတယ်။ ၃ ပတ်လောက်နေပြီး၊ မြေပုံဖတ်နည်း၊ စည်းရုံးနည်း၊ ဝါဒဖြန့်ချိရေးနည်း၊ စကားဝှက်ရေးနည်း၊ ပြောက်ကျားတပ်ဖွဲ့နည်း၊မင်ပျောက်ရေးနည်း၊ဖောက်ခွဲဖျက်ဆီးနည်း၊ လက်နက်ငယ်များကို ကိုင်ဆောင်ပစ်ခတ်နည်း၊ လေယာဉ်ကွင်း ဆောက်နည်း၊ ရုပ်ဖျက်နည်း၊သူလျှိုလုပ်နည်း၊စာရွက်စာတမ်း ဝှက်ပုံဝှက်နည်း စတဲ့ သင်တန်း သင်ယူကြရပါတယ်။

တော်လှန်ရေးလုပ်ငန်းတွေ သင်ကြားရပြီးတဲ့နောက် လက်တွေ့စမ်းသပ်ကြည့်ဖို့အတွက် ကိုချစ်ကောင်း၊ ကိုအုန်းမောင်နဲ့ မန်းဝင်းမောင်တို့ ၃ ယောက်ကို ကလ္လကတ္တား စစ်သင်္ဘောဆိပ်ကို လွှတ်တယ်။ သင်္ဘောပေါ် ဘာပစ္စည်းတွေ တင်နေတယ်၊ ဘာကုန်တွေ သင်္ဘောပေါ်က ချနေတယ်ဆိုတာတွေကို လက်တွေ့ ထောက်လှမ်း ခိုင်းတယ်။ ဒီစစ်သင်္ဘောဆိပ်ဟာ လျှို့ဝှက်တားမြစ်ထားတဲ့ ဆိပ်ကမ်းဖြစ်တယ်။ တကယ်လို့ ဒုက္ခရောက်ရင် သူတို့ကိုဖုန်းဆက်ပါလို့လဲ မှာလိုက်တယ်။

အဲဒီဆိပ်ကမ်းကို ရုပ်ဖျက်ကာ အလုပ်သမားအဝတ်တွေဝတ်ပြီး သွားကြတယ်။ ဒါပေမယ့် အလုပ်သမားကတ်ပြားက မပါတော့ မဝင်နိုင်ခဲ့ဘူး။ အပြန်တော့ ကိုယ့်အားကိုယ်ကိုးပြီး စခန်းကို ပြန်ခဲ့ကြရတယ်။ ၁၄–၁–၄၅ မှာ သီဟိုဠ်နိုင်ငံ ကိုလံဘိုကို သခင်ဗိုလ်၊ ကိုချစ်ကောင်း၊ ကိုအုန်းမောင်၊ ကိုသန်း(ကက်ဥ)၊ မန်းဝင်းမောင်တို့အစု သွားကြတယ်။

အဲဒီသင်တန်းတွေ ပြီးပြန်တော့ ဂျက်ဆိုလေယာဉ်ကွင်းကို လေထီးဆင်း သင်တန်းတက်ဖို့ သွားကြရပြန်တယ်။ ဂျက်ဆိုမှာ လေယာဉ်ပေါ်က ခုန်ချပုံ၊ ခုန်ချနည်းတွေ လေထီးအကြောင်းတွေ သင်တန်းပေးပါတယ်။ ညနေ ၂ခါ ခုန်ဆင်းရတယ်။ နောက်တစ်ပတ်လောက်နေတော့ စီ ၄၆–အမျိုးအစား ဒါကိုတာ လေယာဉ်ပေါ်က ခုန်ချရပြန်တော့တယ်။

* * *

**အကျမတော် ပေါင်ကျိုး**

ဖက်ဆစ်ဂျပန် တော်လှန်ရေးအတွက် လိုအပ်တဲ့ပညာရပ်တွေကို သင်ယူပြီးပြီမို့၊ မန်းဝင်းမောင်လဲ မြန်မာပြည် ပြန်ဆင်းဖို့ ပြင်ဆင်ကြရပြန်တယ်။

၁၉၄၅–ခုနှစ် မတ်လ ၂၈–ရက်နေ့ ည ၁၁–နာရီမှာ မန်းဝင်းမောင်တို့ အိန္ဒိယလေယာဉ်နဲ့ ထွက်ခဲ့ကြရပါတယ်။ ဖက်ဆစ်ဆန့်ကျင်ရေး အဖွဲ့ထဲကဆိုရင် မန်းဝင်းမောင် တစ်ယောက်တည်းပဲ၊ ကျန်တာက အင်္ဂလိပ်အရာရှိတွေပဲ။ ရှေ့ကဗုံးကြဲတဲ့ လေယာဉ်တွေကသွားပြီး လေထီးနဲ့ချမယ့် လေယာဉ်က နောက်ကလိုက်ရပါတယ်။ ရှေ့ကဗုံးချနေတာကို အခွင့်ကောင်းယူပြီး လေထီး သမားတွေချတော့ ရန်သူအနေက ဗုံးလာချတာပဲလို့သာ ယူဆအောင် အကွက် ဆင်ခြင်း ဖြစ်တယ်။ ဒါမှ လေထီးသမားတွေနောက်ကို နောက်ယောင်ခံမလိုက်ဘဲ နေကြမယ်။

သူ ဆင်းရမယ့်နေရာကတော့ တောင်ငူခရိုင်၊ ထန်းတပင်မြို့အရှေ့ ကရင်၊ ဗမာ၊ ပအိုဝ့်တွေရှိတဲ့ အပိုင်းပဲ။ သူတို့အဖွဲ့မှာ အင်္ဂလိပ်စစ်ဗိုလ် နှစ်ယောက်၊ ဝါယာလက်အော်ပရေတာ တစ်ယောက်နဲ့ မန်းဝင်းမောင် ပေါင်း ၄ ယောက်။ ပထမ သိပ်ဟိုမှာ သင်တန်းယူကြတုန်းက သူတို့နဲ့အတူ လေထီးဆင်းမယ့် ကပ္ပတိန်(ဗိုလ်ကြီး)အဆင့်ရှိတဲ့ အင်္ဂလိပ်နှစ်ယောက်နဲ့အတူ သင်တန်းဆင်းကြရတယ်။ ဒါပေမယ့် လက်တွေ့ တောင်ငူနယ်မှာ ဆင်းဖို့ ဖြစ်လာတော့ မေဂျာအဆင့်ရှိတဲ့ အင်္ဂလိပ်တစ်ယောက်နဲ့ ကပ္ပတိန်အဆင့်ရှိတဲ့ အင်္ဂလိပ်တစ်ယောက်၊ ဆာဂျင် တစ်ယောက်နဲ့ တွဲဆင်းရပါမယ်။

အောက်ကအချက်ပြတဲ့ နေရာရောက်တော့ အချက်ကမပြဘူး။ ဒါကြောင့် လေယာဉ်ပေါ်က ခုန်မဆင်းရတော့ဘဲ လေနတ်သားသတင်းစာတွေသာ ချပြီး ဗုံးကြဲတဲ့လေယာဉ်နောက်ကို ဆက်လိုက်သွားရပါတယ်။

အောက်က လေယာဉ်ပစ် အမြောက်တပ်က ပစ်တာခတ်တာတွေ ပေါက်ကွဲတာတွေကို ကြုံတွေ့ရသေးတယ်။ အတွေ့အကြုံများပြီး ရင့်ကျက်နေပြီဖြစ်တဲ့ အင်္ဂလိပ် စစ်ဗိုလ်မှူးတွေက မန်းဝင်းမောင်ကို မကြောက်ဖို့ အားပေးကြတယ်။ အထိအခိုက် ဒဏ်ရာတစ်စုံတစ်ရာမရဘဲ အိန္ဒိယကို ပြန်ရောက်ကြရတယ်။

နောက် မတ်လ ၃၀ ရက်နေ့မှာဆင်းဖို့ လေယာဉ်ပျံနဲ့ ပြန်လာရပြန်တယ်။ ဒီအခါမှာတော့ ၂၈–ရက်နေ့က မန်းဝင်းမောင်နဲ့ တွဲထားတဲ့ အင်္ဂလိပ်အစုတွေနဲ့ မဟုတ်တော့ဘဲ နောက်ဆုံးမှာ ကိုချစ်ကောင်းတို့နဲ့တွဲထားတဲ့ အင်္ဂလိပ်စစ်ဗိုလ်တွေနဲ့တွဲပြီး ဆင်းရတော့တယ်။ မေဂျာဒွေဗ်ဘရီတွန်၊ ကပ္ပတိန်ဝါလား၊ ဆာဂျင်ဘရယ်လေး၊ ကိုချစ်ကောင်း၊ ကိုသန်းတို့နဲ့အတူ မန်းဝင်းမောင် ဆင်းရတယ်။ ထန်းတပင်အရှေ့ဘက် ကြို့ပင်သာရွာ (ဗမာရွာ) နားဆင်းရတယ်။ အဲဒီမှာ သခင်သန်းဖေဦးစီးတဲ့ ပြောက်ကျား ရဲခေါင်တွေ စောင့်နေတယ်။ မီးနဲ့ "တီ" အင်္ဂလိပ် အမှတ်အသားတွေတော့မှ "လယ်ဘရေတာ" လေယာဉ်ကြီးရဲ့ ဝမ်းဗိုက်က လျှောပြီးဆင်းကြပါတယ်။

ည ၁၂–နာရီခွဲ မြန်မာလဆန်း ၃–၄–ရက်လောက် ဆိုတော့ လရောင်လုံးဝ မရှိတော့ဘူး။ ဆင်းရတဲ့အမြင့်က ပေ ၈၀၀–မှ ၁၀၀၀–လောက်ပဲ ရှိမယ်ထင်တယ်။ သောက်ရောက်တော့ မထနိုင်တော့ဘူး။ ကျိုးမှန်းလဲ မသိဘူး။ သင်တန်းမှာ သင်ထားတဲ့အတိုင်း ဆင်းတာပါပဲ။ ပြန်ထတော့ ထလို့မရတော့ဘူး။ ညာဘက်ပေါင်ရင်းက ကျိုးသွားမှန်း သိလိုက်ရတယ်။ မန်းဝင်းမောင်ကလဲ ဒီတုန်းက ဝဝတုတ်တုတ်ကြီးမို့ ကိုယ်အလေးချိန်က များတယ်။ ဒီအလေးချိန်ကို ဒီလောက်မြင့်တဲ့ ပေ ၈၀၀–၁၀၀၀–လောက်နဲ့ဆိုတော့ အရှိန်ကော–ˆးကောင်း မသတ်ခင် မြေပေါ်ကျလို့ ပေါင်ကျိုးသွားရတာ များလားမသိဘူး။ ဒါမှမဟုတ် အကျမတော်လို့ပဲလား မပြောတတ်ပါ။ ကျန်တဲ့လူတွေအားလုံး ချောချောမောမော ဆင်းခဲ့နိုင်ကြပါတယ်။

အောက်မှာတော့ ရန်သူရဲ့အနှောင့်အယှက် တစ်စုံတစ်ရာ မတွေ့ပါဘူး။ သခင်သန်းဖေ ခေါင်းဆောင်ပြီး ကိုမြင့်ဆွေ (ကိုမောင်မောင်– အရင်ကထန်းတပင်ဌာနမှာ ရာဇဝတ်အုပ် လုပ်နေသူ၊ ယခုကွန်မြူနစ်ပါတီဝင်)တို့ ရဲဘော်တစ်သိုက် ဆီးကြိုနေကြပါတယ်။ သူတို့က စုပြုံရောက်လာပြီး ကူညီဖေးမကြတယ်။

မန်းဝင်းမောင်တို့ ဆင်းတဲ့နေရာက စစ်တောင်းအရှေ့ဘက် လယ်စပ်ကနေ ကြို့ပင်သာရွာထဲကို ထမ်းစင်နဲ့ သယ်ဆောင်သွားတယ်။ ထမ်းစင်ကို အထူးတလည် သွားရှာစရာ မလိုဘူး။ သူတို့ပစ္စည်းချပေးတဲ့ လေထီးကို ဆုတ်ဖြဲပြီး ထမ်းစင်လုပ်လိုက်တယ်။

ဒီရွာထဲမှာ တစ်ရက်နှစ်ရက်လောက်နေပြီး ဂျပန်လှုပ်ရှားပုံကြည့်ပြီး တစ်ရွာပြီးတစ်ရွာ ရွှေ့ပြောင်းနေရတယ်။ ရွာစွန်ရွာဖျားတို့ လယ်ကွင်းလယ်တဲတို့မှာ လျှို့ဝှက်နေတယ်။ ပြောက်ကျားရဲဘော် တပ်စိပ်တစ်စိပ် ပေးထားတယ်။

ပေါင်ကျိုးသွားတော့ မင်းဂျိုင်းကျောင်း ဆရာတော်တစ်ပါးနဲ့ ကုသေးတယ်။ နောက် ပေါင်ကျိုးသွားတာကို အိန္ဒိယကို သတင်းပို့လိုက်တယ်။ နောက်ညကျတော့ "ပလတ်စတာ"တွေ လာချပေးတယ်။ သခင်သန်းဖေနဲ့ ရဲဘော်တွေက ဂရုစိုက်ကြပါတယ်။ တောင်ငူက လက်ထောက်ဆရာဝန်ကို သွားခေါ်ပေးတယ်။ အနောက်တိုင်းဆရာဝန် ဦးဖေကျင် (အခု ကျန်းမာရေးဌာန ညွှန်ကြားရေးဝန်) လာရောက်စမ်းသပ်ပြီး လိုအပ်တာတွေ လုပ်ကိုင်ပေးပြီး ပြန်သွားတယ်။ ကျိုးတဲ့တစ်ဘက်က တစ်လက်မတိုသွားတယ်။

အင်္ဂလိပ်စစ်ဗိုလ် နှစ်ယောက်နဲ့ ဝါယာလက် အော်ပရေတာ တစ်ယောက်တို့ကိုတော့ သခင်သန်းဖေတို့က ခေါ်သွားတယ်။ လက်နက်ခဲယမ်းမီးကျောက်တွေ အားလုံးကိုလဲ သူတို့ယူသွားကြတယ်။

နှစ်လလောက် အိပ်ရာထဲမှာ လဲနေရတယ်။ ဒါပေမယ့် ကရင်ဗမာ သွေးစည်းရေး၊ ဂျပန်ဖက်ဆစ်ဆန့်ကျင်ရေး လုပ်ငန်းတွေကိုတော့ အခြေအနေ ကြည့်ပြီး အိပ်ရာထဲကနေ လုပ်ခဲ့ပါတယ်။

**အိန္ဒိယသို့ ဒုတိယအခေါက်**

မဟာမိတ်တွေ တောင်ငူကိုသိမ်းတော့ အင်္ဂလိပ်တပ်စိပ်တစ်စိပ် မန်းဝင်းမောင်ကို လာရှာတယ်။ ပုန်းလျှိုးနေတဲ့ရွာကလှည်းနဲ့ စစ်တောင်းမြစ်ကိုလာရတယ်။ မြစ်ကို အင်္ဂလိပ်တပ်တွေရဲ့ ပဲ့ချိတ်မော်တော်နဲ့ကူးပြီး မြို့ဆုံးရောက်တယ်။ အဲဒီကနေ တောင်ငူမှာတစ်ညအိပ်ပြီး နောက်တစ်နေ့ မိတ္ထီလာကို အဲလ်ဖြိုက် ပခင်းလေယာဉ်ငယ်နဲ့ သယ်သွားတယ်။ မိတ္ထီလာစစ်ဆေးရုံ ရောက်တော့ ဓာတ်မှန်ရိုက်ပြီး ပလတ်စတာကိုင်ပေးတယ်။

အဲမိတ္တိလာစစ်ဆေးရုံမှာ သုံးလေးရက်လောက် နေပြီး ဇော်မိလာ (အရှေ့ပါကစ္စတန်)ကို လေယာဉ်နဲ့ သယ်သွားပြန်တယ်။ အဲဒီကနေ အိန္ဒိယတောင်ပိုင်း ဟိုင်ဒရာဘတ်နယ်၊ စုကန်ဒရာဘတ်ရှိ ဗဟိုစစ်ဆေးရုံချုပ်ကြီး ဆီ ပို့ပြန်တယ်။ အဲဒီမှာ မန်းဝင်းမောင်ကို နှစ်လလောက်ထားပြီး ကုသပေးတယ်။ ပျောက်သွားတော့မှ ကလ္လကတ္တားရှိ ကိုသိန်းဖေဆီကို ပို့ပေးတယ်။ ဩဂုတ်လထဲ မှာဖြစ်ပါတယ်။

ကိုသိန်းဖေဆီ မန်းဝင်းမောင် ရောက်နေတဲ့အတွင်း ဂျပန်လက်နက်ချပြီးတဲ့ နောက် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်း၊ ဗိုလ်လက်ျာတို့အဖွဲ့ သိဟိုဠ်ကို ကန္ဒီစာချုပ်ချုပ်ဖို့အသွား သူတို့ဆီဝင်လည်တယ်။ ကန္ဒီစာချုပ်ချုပ်ပြီး အပြန်လဲ ဝင်လာကြသေးတယ်။

ဂျပန်တွေလဲ လက်နက်ချလို့ ဒုတိယကမ္ဘာစစ်ကြီးလဲ ပြီးသွားပါပြီ။ အိန္ဒိယရှိ မဟာမိတ်တပ်တွေနဲ့ လုပ်စရာကိုင်စရာတွေလဲ ပြီးသွားလို့ စခန်းသိမ်း ရိုက်ရပါပြီ။ ကိုသိန်းဖေရဲ့ ကျန်းမာရေး အခြေအနေကလဲ ကောင်းသွားပြီ၊ အဲဒါကြောင့် မြန်မာပြည်ကိုပြန်ဖို့ စီစဉ်ကြပါတယ်။

## ပြည်တော်ပြန်ပြီ

စခန်းမှာတော့ ကိုသိန်းဖေ၊ သခင်တင်ရွှေနဲ့ ဇနီးမမြရီခေါ် မခင်စီတို့ မိသားစု၊ ကိုဘစော၊ မောင်ကြည်၊ တခြားရဲဘော် တစ်ယောက်နှစ်ယောက်နဲ့ မန်းဝင်းမောင် တို့ပဲ ကျန်တော့တယ်။ သွားဖို့လေယာဉ် အသင့်ဖြစ်နေတဲ့နေ့မှာ သူတို့အားလုံး ၁၇-၁၀-၄၅ နေ့မှာ မြန်မာပြည်ကို ထွက်ခွာလာခဲ့ကြပါတော့ တယ်။

ဒီတုန်းက မန်းဝင်းမောင်အနေနဲ့ ပြည်တော်ပြန်သာ ပြန်ခဲ့ရတယ်။ ဘာတာတာကြီးပဲ။ တစ်ခုခု လိုနေသလိုပဲ၊ သူ့တို့စိတ်ထဲမှာလဲ မကြည်ဘူး။ ပြည်တော်ပြန်ခရီးဟာ မျက်နှာပန်းလှမှ လှပါ့မလားရယ်လို့ သံသယဖြစ်နေ ခဲ့တယ်။

ဘာကြောင့်လဲဆိုရင် မန်းဝင်းမောင်ဟာ ဂျပန်တော်လှန်ရေးအတွင်း အကယ့်ကိုအလုပ်လုပ်ရမယ့် ကြက်ရေငှက်ရေ ကာလမှာ ပေါင်ကျိုးသွားတယ်။ ဆသထိုးနဲ့ ခုန်အဆင်းမှာ ပေါင်ကျိုးသွားတဲ့အတွက် သူ့အနေနဲ့ ဘယ်ကိုမှ သွားနိုင်မလာနိုင်ဘဲ အိပ်ရာထဲလဲနေရတဲ့ လူမမာဒုက္ခိတဘဝကို တွေးမိတိုင်း

မန်းဝင်းမောင်ဟာ ဒေါ်သလဲဖြစ်၊ ဝမ်းလဲနည်း၊ ယူကျုံးမရလဲ ဖြစ်မိတယ်။ ဂျပန်ဖက်ဆစ်တွေ ကိုယ်ထိလက်ရောက် တော်လှန်ဖို့ လိုအပ်တဲ့ပညာရပ်တွေကို သက်စွန့်ဆံဖျား သွားရောက်သင်ယူခဲ့ရပြီးမှ ဒီပညာတွေကို နည်းနည်းမှ မသုံးလိုက်ရကောင်းလား၊ ပြည်သူတွေကိုလဲ မစည်းရုံးရကောင်းလားလို့ တွေးရင်း ပြည်သူတစ်ရပ်လုံးကတော့ ဂျပန်ဖက်ဆစ်တွေကို ရှုပ်ရှုပ်ချွဲချွဲ ရရာလက်နက် ဆွဲကိုင်ပြီး တော်လှန်တိုက်ခိုက်ခဲ့ပြီးပြီ။

ဂျပန်တော်လှန်ရေး လုပ်ခဲ့ပါတယ်ဆိုပြီး ပြောရမှာကို နှုတ်ကမဝံ့မရဲ စရာဘဲ၊ ရက်ဖို့လဲ ကောင်းတယ်။ ဒါပေမယ့် သခင်ဗိုလ်အဖြစ်ကို သွားသတိရ လိုက်ပြန်တော့လဲ သူကဖြေသာပါသေးတယ်။ ၁–၄–၄၅ နေ့မှာ သခင်ဗိုလ်တို့ ဆိုရင် မြန်မာပြည်ကို လေယာဉ်နဲ့အလာ လေယာဉ်မီးလောင်သွားလို့ မရှုမလှနဲ့ အစတေးခံသွားရရှာပါတယ်။ သူ့အဖြစ်နဲ့ နှိုင်းယှဉ်ကြည့်ပြန်တော့လဲ သူ အသက်ရှင် ကျန်ရစ်ခဲ့သေးတယ်။

အဲဒီတော့ ထင်းခွေမှာမကြုံရင် ရေခပ်မှာကြုံရမှာပဲဆိုတဲ့ စကားလို ဂျပန်တော်လှန်ရေးမှာ ကိုယ်ထိလက်ရောက် စိတ်ရှိကိုင်း မလုပ်ခဲ့နိုင်ခဲ့ပေမယ့် ကျန်တဲ့မြန်မာပြည် လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေး တိုက်ပွဲတွေမှာ တော့ ပါဝင်နိုင်ပါသေးကလား။ သခင်ဗိုလ်တို့ကတော့ လုံးဝကျဆုံးသွားရပြီမို့ ထင်းခွေမှာ မကြုံနိုင်ရှာသလို ရေခပ်မှာလဲ မကြုံနိုင်ရှာတော့ပါတကားလို့ တွေးရင်း လေယာဉ်ပျက်ကျရာမှာ ပါသွားတဲ့ သခင်ဗိုလ်နဲ့ ရဲဘော်များအတွက် ပူဆွေးတမ်းတရင်း မင်္ဂလာဒုံလေဆိပ်သို့ ရောက်မှန်းမသိ ရောက်လာပါတော့ တယ်။

* * *

သမ္မတဟောင်း–မန်းဝင်းမောင်။ ။ ပုသိမ်ခရိုင်၊ ကျုံပျော်မြို့နယ်၊ လှည်း ဆိပ်ရွာသားပါ။ အဖဦးရွှေရင်၊ အမိဒေါ်သာယာ ဖြစ်ပါတယ်။ အဖက ပညာအုပ်ပါ။ ဘီအေအောင်ရပြီး သန်လျင်ဘီအိုစီမှာ စာရေးဝင်လုပ်ခဲ့ ပါတယ်။ ဂျပန်ဝင်လာတော့ လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနမှာ စာရေးဝင်လုပ် ခဲ့ရပြန်ပါတယ်။ စာရေးက ရုံးဝန်ထောက်။ နောက် ကုန်စည်ဖြန့်ဖြူးရေးမှာ အထူးအရာရှိ။ နောက် ဖက်ဆစ်ဆန့်ကျင်ရေး အဖွဲ့ဝင်။ အဲဒီကနေ အိန္ဒိယသွားပြီး မြန်မာပြည်ထဲ လေထီးနဲ့ခုန်ဆင်း ခဲ့ရပါတယ်။ စစ်ပြီးတော့ ကရင်လူငယ်များ အစည်းအရုံး ဒုတိယဥက္ကဋ္ဌ။

စက်မှုလက်မှုနဲ့ အလုပ်သမားဝန်ကြီး ဖြစ်လာတယ်။ ၁၉၅၇–ခုနှစ်မှာ နိုင်ငံတော် သမ္မတကြီးအဖြစ် တင်မြှောက်ခြင်း ခံရတယ်။ ၁၉၆၂–ခုနှစ်၊ မတ်လ ၂–ရက်နေ့မှာ အထိန်းအသိမ်း ခံရတယ်။ ၁၉၆၇–ခုနှစ်၊ အောက်တိုဘာလ ၁၂–ရက်နေ့မှာ လွတ်လာပါတယ်။ ၁၉၆၇ ခုနှစ်၊ ဒီဇင်ဘာလ ၁–ရက်နေ့က ၁၉၆၈ ခု၊ မေလ ၃၁ ရက်နေ့ထိ နိုင်ငံတော်ကောင်စီရဲ့ အကြံပေးအဖွဲ့ဝင် (၃၃) ဦးထဲ အရွေးခံရပြန်တယ်။ ဒီနောက် ဘယ်နိုင်ငံရေးမှ ပါဝင်လှုပ်ရှားခြင်း မရှိတော့ပါ။ ဆေးကျမ်းတွေကို လေ့လာပြီး တရားအားထုတ်နေတယ်။ တစ်ဖက်ကလဲ "ကိုယ်တွေ့ လေထီးသမား" စာအုပ်၊ "သမ္မတဘဝ" ဆိုတဲ့ စာအုပ်နှစ်အုပ် ရေးသားပြုစုတယ်။ ဇနီးဒေါ်မြတ်မေနဲ့ သားသမီး (၆) ယောက်၊ မြေး (၆) ယောက်နဲ့အတူ အေးချမ်းစွာ နေထိုင်လျက်ရှိနေပါတယ်။

* * *

စာရေးသူက နိုင်ငံတော်သမ္မတကြီးဟောင်း မန်းဝင်းမောင်နဲ့ ၂၂–၉–၇၁ ရက်နေ့တွင်၊ သူ့ရဲ့ ပြင်ဦးလွင် ဗိုဝကလမ်းရှိ စည်သာအိမ်မှာ တွေ့ဆုံမေးမြန်းရာက ရရှိခဲ့တဲ့ သူ့ရဲ့လေထီးသမား အတွေ့အကြုံများ ဖြစ်ပါတယ်။

* * *

## ၁၃။ ရဲဘော်လှကွန်း

**သခင်ပေါက်စ ထောင် (၆)လ**

၁၉၃၉ ခုနှစ်ထဲမှာ သခင်လှကွန်းဟာ ရေနံချောင်း အမျိုးသားအထက်တန်းကျောင်းမှာ ပညာသင်ကြားနေတုန်းပဲ။ ဒီအချိန်က အလုပ်သမားသပိတ်မီးတွေလဲ ဟုန်းဟုန်းတောက် လောင်ကျွမ်းလျက်ရှိတယ်၊ သူက ကျောင်းသားသမဂ္ဂဝင် ဖြစ်တယ်။ ကျောင်းသားသပိတ်တိုက်ပွဲမှာပါဝင်ခဲ့တယ်။ ရေနံချောင်းမြို့လုံးဆိုင်ရာ ကျောင်းသားသပိတ်ကောင်စီမှာ အဖွဲ့ဝင်ဖြစ်ပါတယ်။

၁၉၄၀ ခုနှစ်၊ ဩဂုတ်လထဲမှာ ပထမအကြိမ် ကာကွယ်ရေးဥပဒေပုဒ်မ (၃၀) အရ အဖမ်းခံရတယ်။ ဒီအချိန်က လမ်းရွာမြို့နယ် ဒို့ဗမာအစည်းအရုံးအတွင်းရေးမှူးအဖြစ်ကနေ လမ်းရွာမှာ စစ်ဆန့်ကျင်ရေး တရားဟောပြောခဲ့ကျင်းပခဲ့တယ်၊ ဒါကြောင့် အဖမ်းခံရခြင်းပါ၊ မြင်းခြံထောင်နဲ့ အင်းစိန်ထောင်တွေမှာ တစ်လှည့်စီနဲ့ တစ်နှစ်တိုင်တိုင် နေခဲ့ရပါတယ်။

၁၉၄၁ ခုနှစ်၊ ဇူလိုင်လ (၁၀) ရက်မှ အင်းစိန်ထောင်က လွတ်ပါတယ်။ အင်းစိန်ထောင်ထဲမှာ ကွန်မြူနစ်ပါတီနဲ့ အဆက်အသွယ် ရခဲ့တယ်၊ ၁၉၄၁ ခုနှစ် အောက်တိုဘာလမှာ ကွန်မြူနစ်ပါတီဝင် ဖြစ်လာတယ်။

၁၉၄၁ ခုနှစ်၊ ဇူလိုင်လ (၁၃) ရက် (၇၆) ရေကျော်လမ်း၊ ရန်ကုန်မှာ ပြည်လုံးဆိုင်ရာ ဒို့ဗမာအစည်းအရုံး ညီလာခံကြီး ကျင်းပတယ်။ အဲဒီမှာ

သခင်မြ၊ သခင်ချစ်တို့က ဂျပန်နဲ့ပေါင်းပြီး အင်္ဂလိပ်ကို တိုက်ဖို့ပြောတယ်။ သခင်သန်းမြိုင်က ဒီအဆိုကို ချေဖျက်ပြီး အဆိုသစ်တစ်ရပ် တင်တယ်၊ ဒီအဆိုက အင်္ဂလိပ်မဟာမိတ်တွေနဲ့ ပေါင်းပြီး ဂျပန်ဖက်ဆစ်တွေကို တိုက်ဖို့ ဖြစ်တယ်။ ဒီအဆိုကို သခင်လှကွန်းက ထောက်ခံတယ်။ သခင်သန်းမြိုင်ရဲ့ အဆိုကို ညီလာခံက ပါယ်ချလိုက်တယ် (သခင်သန်းမြိုင်က သခင်စိုးတို့နဲ့ အင်းစိန်ထောင်မှာ အတူနေပြီး အင်းစိန်စစ်တမ်းအရ ဒို့ဗမာအစည်းအရုံး ညီလာခံကို တက်ရောက်အဆိုတင်ခြင်း ဖြစ်တယ်။)

သခင်ဗဟိန်းတို့ရဲ့ အယူအဆကတော့ ဂျပန်နဲ့ပေါင်းပြီး အင်္ဂလိပ်ကို တိုက်၊ အင်္ဂလိပ်ကိုတိုက်ပြီး ဂျပန်ကို ပြန်တိုက်ဆိုတဲ့ အယူအဆပဲ။ သခင်ဗဟိန်းက ဒို့ဗမာအစည်းအရုံး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဖြစ်တယ်၊ သူက သခင်သန်းမြိုင်ရဲ့ အဆိုကို ဟက်ဟက်ပက်ပက် မထောက်ခံဘူး။ ဒါပေမယ့် သခင်သန်းမြိုင်ရဲ့ အဆိုကိုတော့ ဒို့ဗမာအစည်းအရုံး ညီလာခံမှာ အဆိုတင်သွင်းနိုင်အောင် စီစဉ်ပေးတယ်။

ဒီညီလာခံပြီးတော့ သခင်လှကွန်း လမ်းရွာကို ပြန်ခဲ့တယ်၊ အဲဒီမှာ ဒို့ဗမာအစည်းအရုံး တာဝန်ကို ဆက်လက်ဆောင်ရွက်တယ်။ ၁၉၄၂ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ လမ်းရွာမှာ အဖမ်းခံရပြန်တယ်၊ ကာကွယ်ရေးပုဒ်မ (၂၆) အရတဲ့။ "သခင်ပေါက်စ ထောင် ၆ လ" ဆိုတဲ့ စကားရှိတယ်။ ဒါပေမယ့် ဒီအချိန်ကတော့ နိုင်ငံရေးနဲ့ ပတ်သက်ပြီး အဖမ်းခံရရင်တော့ မစားသာဘူး၊ အခုတော့ စစ်ပြီးခြောက်လတဲ့။ စစ်က ဘယ်တော့ပြီးမယ်မှန်းမှ မသိဖဲ့၊ စစ်ပြီးတောင် နောက်ထပ် ထောင်(၆)လ ကျခံရဦးမတဲ့၊ ဒီတော့ ထောင်ထဲ ဗုံးမချ၊ စက်သေနတ်မပစ် အသက်ရှင်နေမယ်ဆိုရင်တောင် ထောင်ထဲမှာ ပျင်းအောင်နေရတော့မယ့်ကိန်းပဲ။

သခင်လှကွန်းကို ဖမ်းပြီး မြင်းခြံထောင်ကို ပို့တယ်။ မြင်းခြံထောင်ထဲမှာ သခင်စိုး၊ မကွေးသခင်တင်ဦး၊ ကိုထွန်းစိန်၊ ကိုသက်တင်တို့နဲ့ သွားတွေ့တယ်။ အဲဒီမှာ ထောင်တွင်း ကွန်မြူနစ်ပါတီကလာပ်စည်းထဲ သခင်လှကွန်းလဲ ပါဝင်ခွင့်ရတယ်။ သခင်စိုးရေးတဲ့ မြင်းခြံစစ်တမ်းကို တစ်ဝကြီး လေ့လာထောက်ခံလိုက်ပါတယ်။

မြင်းခြံစစ်တမ်းကို မှတ်မိသလောက် အကျဉ်းချုပ်ရရင် နယ်ချဲ့တွေ အချင်းချင်း နယ်လုတဲ့စစ်ပွဲအသွင်ကနေ အရက်စက်ဆုံး အကြမ်းကြုတ်ဆုံး

အသတ်ဖြတ်ဆုံးဖြစ်တဲ့ ဖက်ဆစ်စနစ်ကို ဆိုဗီယက်ရုရှားနဲ့ ခေနရှင် ဒီမိုကရေစီ နိုင်ငံတွေက ပိုင်းဝန်းတိုက်ခိုက်တဲ့ စစ်ပွဲအသွင် ကို ပြောင်းသွားတယ်။

ကမ္ဘာ့ သေနင်္ဂဗျူဟာက ဆိုဗီယက်အင်အားစုတွေနဲ့ အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ်၊ တရုတ် စတဲ့ ဒီမိုကရေစီ နိုင်ငံတွေက တစ်ဖက် နာဇီဖက်ဆစ်၊ ဂျာမဏီ၊ အီတလီ၊ ဂျပန်တို့က တစ်ဖက် ဖြစ်တဲ့ စစ်ပွဲဖြစ်တယ်။

ဒါကြောင့် မဟာမိတ်တွေဖြစ်တဲ့ ဆိုဗီယက်၊ အင်္ဂလိပ်၊ အမေရိကန်၊ တရုတ်၊ ပြင်သစ် စတဲ့ နိုင်ငံတွေနဲ့ ပေါင်းပြီး ဖက်ဆစ်နိုင်ငံတွေ ဒါမှမဟုတ် ဝင်ရိုးတန်းနိုင်ငံတွေကို တိုက်ရမယ်၊ လောလောဆယ် အနီးကပ်ဆုံးဖြစ်တဲ့ အင်္ဂလိပ်နဲ့ တရုတ်တွေကို မဟာမိတ်အဖြစ် သဘောထားကာ သူတို့နဲ့ပေါင်းပြီး ဂျပန်ကို တိုက်ကြရမယ်ဆိုပြီး သခင်စိုးရဲ့ မြင်းခြံစစ်တမ်းမှာ ဖော်ပြထားသတဲ့။

ဒါက မြန်မာပြည်ရဲ့ သမိုင်းမှာ မေ့ပျောက်ပယ်ဖျက်ပစ်လို့ မရတဲ့ စစ်တမ်းတစ်ခုဖြစ်တယ်။

သခင်လှကွန်း မြင်းခြံထောင်ကနေ မန္တလေးထောင်ကို ပြောင်းရပါတယ်။ သခင်စိုးတို့လဲ မန္တလေးထောင်ကို ရောက်ကြရပြန်တယ်။ သခင်စိုး၊ သခင်နု၊ သခင်ကျော်စိန်၊ သခင်မြ စတဲ့ မြန်မာပြည်ရဲ့ ထိပ်တန်းခေါင်းဆောင် တွေဟာ မန္တလေးထောင်ထဲ ရောက်ရှိနေကြပါတယ်။ မြန်မာပြည်ပေါက် ဘင်္ဂါလီလူမျိုး မစ္စတာမူကာဂျီဆိုတဲ့ ကွန်မြူနစ်ခေါင်းဆောင်လဲ ထောင်ထဲမှာ အဖမ်းခံနေရတယ်။

တရုတ်ပြည် သမ္မတ ချန်ကေရှိတ် ကိုယ်စားလှယ် ဂျင်နရယ်ပီအက်စ် ဝမ်းဟာ၊ မန္တလေးထောင်ထဲဝင်ပြီး သခင်စိုး၊ သခင်နုတို့နဲ့ ဆွေးနွေးတယ်၊ သခင်နုက ဗြိတိသျှတို့ မြန်မာပြည်ကို လုံးဝလွတ်လပ်ရေးမဟုတ်တဲ့ တိုင်အောင်၊ ယုတ်စွအဆုံး ဒိုမီနီယန်အဆင့်ထိ ပေးပါမယ်လို့ ကြေညာရင် မဟာမိတ် တို့ဘက်က ပါဝင်ဆောင်ရွက်မယ်လို့ ပြောတယ်။

ဒီတောင်းဆိုချက်ကို ဂျင်နရယ်ပီအက်စ်ဝမ်း၊ မြန်မာပြည် ဘုရင်ခံ ဒေါ်မန်စမစ်နဲ့ မြန်မာပြည် စစ်မြေပြင် စစ်ဗိုလ်ချုပ်ကြီး ဂျင်နရယ်အလက်ဇင်းဒါး တို့က ဘီလပ် (အင်္ဂလန်ရှိ) ဗြိတိသျှအစိုးရဆီ ကြေးနန်းရိုက်ပေးတယ်၊ ဒါပေမယ့် ဘီလပ်နန်းရင်းဝန် ချာချီက အကြောင်းမပြန်ဘူး။

သခင်စိုးက ချာချီ ကတိပေးပေး မပေးပေး စောင့်မနေဘူး၊ ဂျပန်ခုခံရေးစစ်ပွဲနဲ့ ပတ်သက်တဲ့ လုပ်ငန်းစဉ် စီမံကိန်းတစ်ရပ်ကို ရေးဆွဲပြီး တရုတ် အစိုးရ ကိုယ်စားလှယ် ဂျင်နရယ် ပီအက်စ်ဝမ်းဆီ ပို့ပေးလိုက်တယ်။

အဲဒီမှာ တရုတ်ပြည်ကို လိုက်ဖို့နဲ့ တချို့အိန္ဒိယပြည်ကို လိုက်ဖို့ လူစုခွဲလိုက်ကြတယ်။ သခင်စိုး၊ သခင်နု၊ သခင်ကျော်စိန်တို့ကို တရုတ်ပြည်ဘက် လိုက်ဖို့၊ သခင်လှကွန်းတို့က မစ္စတာမုကာဂျီတို့နဲ့အတူ အိန္ဒိယလိုက်ဖို့ စီစဉ်ကြတယ်။ ဂျင်နရယ် ပီအက်စ်ဝမ်းက သခင်စိုး၊ သခင်နုတို့လူစုကို ခေါ်သွားဖို့ စီစဉ်နေတုန်း မန္တလေးနား ဂျပန်တပ်တွေ ရောက်လာတယ်။ အင်္ဂလိပ်အစိုးရက သခင်စိုးတို့တစ်တွေကို ထောင်ထဲမှာ အလုံပိတ်ပြီး ပစ်ပြေးသွားတယ်၊ ဂျပန်ဖက်ဆစ်တွေလက်ထဲ ဝကွက်အပ်ဖို့ဆိုတဲ့ သဘောပဲ။ ဂျပန်လာရင်တော့ အခက်ပဲဆိုပြီး နောက်ဆုံး သခင်စိုး၊ သခင်လှကွန်း တို့တတွေ ထောင်ကိုဖောက်ပြီး ထွက်ပြေးကြတော့တယ်။

အဲဒီမယ် လူစုကွဲကုန်ကြတယ်၊ သခင်လှကွန်း၊ မစ္စတာမုကာဂျီနဲ့အတူ အိန္ဒိယ လိုက်သွားဖို့ရာလဲ မစ္စတာမုကာဂျီနဲ့ ကွဲသွားလို့ လိုက်လို့မဖြစ်တော့ဘူး၊ ဒါကြောင့် မန္တလေးအရှေ့ ရေကြည်ရွာမှာ သွားခိုနေလိုက်တယ်။

ဂျပန်တွေ ဝင်လာတော့ ဘီအိုင်အေထဲ ဝင်လိုက်တယ်။ သခင်လှကွန်းဟာ အထက်မြန်မာပြည် ဘီအိုင်အေစစ်ဌာနချုပ်ရုံး ဗိုလ်မှူးလင်းယုန် လက်အောက်မှာ အမှုထမ်းရတယ်။ ဘီအိုင်အေတပ်သား စုဆောင်းရေးနဲ့ အထက်မြန်မာပြည် ပို့ဆောင်ရေးတာဝန်ခံ ဗိုလ်ဗတင်ရဲ့ လက်ထောက်အဖြစ်နဲ့ သခင်လှကွန်း တာဝန်ယူရတယ်။

အဲဒီမှာ သခင်စိုး နိုင်ငံခြားသွားမယ်ဆိုတော့ သခင်စိုးရဲ့ ဇနီး ဒေါ်ခင်စီကို ရန်ကုန်ပြန်ပို့ပေးဖို့ ဘီအိုင်အေ အထက်မြန်မာပြည် ဌာနချုပ်က တာဝန်ပေးတယ်။ ဒါကြောင့် သံမဏိမောင်မောင် (ကိုအောင်သူ ယခု ကလသဖ-ပခုက္ကူ)နဲ့အတူ သခင်လှကွန်းတို့ လိုက်ပို့တယ်။ သခင်စိုးတို့က တရုတ်တပ်တွေနဲ့ တရုတ်ပြည်ကို လိုက်သွားဖို့ လုပ်သေးတယ်၊ တရုတ်တပ်တွေရဲ့ ဆက်ဆံပုံ မကြိုက်တာနဲ့ ရွှေဘိုနယ်ထဲကနေ တရုတ်တပ်တွေနဲ့ ခွဲပြီး မန္တလေးကို ပြန်ဆင်းခဲ့တယ်။

အဲဒီကအပြန်လမ်းမှာ သခင်လှကွန်း တိုက်ဖျိုက်ဖြစ်တယ်၊ လမ်းမှာ ဆေးကုနေရတယ်။ အဲဒီမယ် ဘီအိုင်အေ ဖျက်သိမ်းလိုက်တယ်။ အထက်မြန်မာ

ပြည် ဘီအိုင်အေဌာနချုပ်ရဲ့ ညွှန်ကြားချက်အရ နေကောင်းတော့ ရန်ကုန်ပြန်ဆင်းသွားရတယ်၊ ရန်ကုန်ရောက်တော့ ဂျပန်ဆန့်ကျင်ရေး လုပ်ငန်းကို မြေပေါ်က လုပ်နေတဲ့ သခင်သန်းထွန်းနဲ့ မြေအောက်မှာ လုပ်နေတဲ့ သခင်စိုးတို့ကြား ဆက်သွယ်ရေးမှူး လုပ်ပေးဖို့ သခင်သန်းထွန်းက တာဝန်ပေးခဲ့တယ်။

အဲဒီတာဝန်ကို ဆောင်ရွက်ရာကနေ ၁၉၄၃ ခု ကုန်ခါနီးကျတော့ မြေအောက်စည်းရုံးရေးကို ပိုင်ပိုင်နိုင်နိုင် လုပ်နိုင်ဖို့ လက်ထောက်မြို့ပိုင်အလုပ်နဲ့ ပခုက္ကူကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရတယ်။ မြို့အုပ်လုပ်ငန်းကိုအကြောင်းပြပြီး ဂျပန်ဆန့်ကျင်ရေး လုပ်ငန်းတွေ လုပ်ခဲ့ပါတယ်။ အာရှလူငယ်အစည်းအရုံးမှာ သခင်လေးမောင် (အခု ကလေးမြို့ အလုပ်သမားအရာရှိ) ကိုစိန်ဝင်း (တီယူစီဘီဟောင်း)တို့နဲ့ အတူနေပြီး လုပ်ခဲ့ပါတယ်။

ဒီလိုလုပ်နေတုန်း သခင်သန်းထွန်းက ရန်ကုန်ကိုဆင်းခဲ့ဖို့ လှမ်းခေါ်တယ်။ ဒါပေမယ့် သူက မဆင်းဖြစ်ဘူး၊ ပခုက္ကူရေစကြိုတို့မှာ သခင်တင်မြတို့ နိုင်ငံရေးသင်တန်းတွေလာပြီး လုပ်တာကို ကူညီပေးနေရတယ်၊ ပြီးတော့ "အရှေ့အာရှသာတူညီမျှရေးအတွက် ဂျပန်က စစ်တိုက်နေတယ်၊ ဒီစစ်ပွဲမှာ နေမျိုးနွယ်ဖြစ်တဲ့ ဂျပန်တွေကသာ နောက်ဆုံး အောင်ပွဲသရဖူကို ဆွတ်ခူးနိုင်မယ်" စတဲ့ ဂျပန်သက်ဆိုးရှည်ဖို့ တရားပွဲတွေကို ဂျပန်တွေနဲ့အတူ လိုက်လံဟောပြောပေးရမယ်လို့ ခေါ်တယ်။

ဒီလိုခေါ်တိုင်း သူက အကြောင်းတစ်ခုခုပြပြီး ဂျပန်ဝါဒဖြန့်အဖွဲ့နဲ့ လိုက်မသွားဘဲ နေရစ်လေ့ရှိတယ်။ မြို့မ ဝန်ထောက်ကြီးတို့ မြို့ပိုင်တို့နဲ့ ပေါင်းပြီး အစီအစဉ်တွေ လုပ်ယူရတယ်။ နယ်မှာလိုက်ပြီး မြေပဲဝယ်စရာရှိတယ်၊ မြေပဲပြီးတော့လဲ နောက်တစ်မျိုးမျိုးပေါ့၊ အဲဒီလို သခင်လှကွန်းဟာ အဝယ်အခြမ်းကိစ္စနဲ့ ဆင်းနေရတဲ့ အလုပ်တွေပြပြီး ရှောင်နေရတယ်။ ဒါပေမယ့် ဂျပန်က ခဏခဏ လာခြိမ်းခြောက် အနိုင်ကျင့်ပြီးတော့ လူမီးဝစကားတွေ ပြောလိုပြောနဲ့ ဆိုတော့ စိတ်ညစ်လာတယ်၊ ကြာရင် ခက်ရချည်ရဲ့ တပ်ပြန်ဝင်မှ ကောင်းမယ်လို့ စိတ်ကူးတယ်၊ ခွင့်ယူပြီး ရန်ကုန်ကို ဆင်းလာခဲ့တယ်။

ရန်ကုန်ရောက်တော့ ကိုထွန်းစိန်၊ (ရေနံမြေသခင်အေးမောင်)ကိုသက်တင် (ပီကင်းပြန်)တို့နဲ့တွေ့တယ်။ သူတို့က ရေနံချောင်း–ချောက်–မင်းဘူးပိုက်မှာ ဂျပန်ဆန့်ကျင်ရေး မြေအောက် စည်းရုံးရေး လုပ်ငန်းလုပ်ဖို့ ပြင်ဆင်နေချိန်ဖြစ်တယ်။ သူတို့က သူတို့နဲ့ တစ်ခါတည်း လိုက်ခဲ့ပြီး တာဝန်ယူဖို့ခေါ်တယ်။

သခင်လှကွန်းက ဗိုလ်သန်းနိုင် (သခင်ဗဟိန်း-ကွယ်လွန်)ရဲ့ညီနဲ့ အပြန်မှပဲ လိုက်ခဲ့မယ်လို့ ပြောလိုက်တယ်။

သခင်သန်းထွန်းနဲ့တွေ့တော့ သူ့ကို သခင်လှကွန်းက တပ်ထဲ ပြန်ဝင်ဖို့ ဘာတဲ့ အကြောင်း ပြောတယ်။ သူကတော့ သခင်လှကွန်းကို တပ်ထဲ မဝင် ခါနဲ့လို့ တားလဲမတားဘူး၊ ဝင်လို့လဲ မတိုက်တွန်းဘူး။ သူနဲ့အတူတူ နေနေ တဲ့အချိန်မှာတော့ သူက ဂျပန်ဆန့်ကျင်ရေး မြေအောက်လုပ်ငန်းတွေနဲ့ ဆက်သက်ပြီး တိုလီမိုလီလောက်ပဲဆိုပါတော့၊ အဲဒီလိုပဲ ဟိုဟာခိုင်း၊ ဒီဟာခိုင်းနဲ့ တာဝန်ပေးတာတွေကို လုပ်ပေးနေရတယ်။

၁၉၄၄ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့လောက်မှာ ဗိုလ်သန်းနိုင်က အောင်လံမှာရှိတဲ့ အနောက်တိုင်းရုံးကို ပြန်မယ်၊ သခင်လှကွန်းကို သူနဲ့အတူ လိုက်ခဲ့ဖို့ ခေါ်တယ်။ ဟိုကျရင် ရုံးအဖွဲ့မှာ တာဝန်ပေးမတဲ့။ ဒါနဲ့ သခင် လှကွန်းလဲ သခင်သန်းထွန်းကို ပြန်အကြောင်းမကြားတော့ဘဲ ဗိုလ်သန်းနိုင်နဲ့ လိုက်ဖို့ ဆုံးဖြတ်လိုက်တယ်။ သခင်သန်းထွန်းဆီတော့ စာကလေးတစ်စောင် ရေးထားခဲ့တယ်၊ သူ့အဝတ်အစားနဲ့ သေတ္တာကို ဗိုလ်သန်းနိုင်ခေါ်ထားတဲ့ ဘတ်စ်ကားပေါ် တင်လိုက်တယ်။

အဲဒီမှာ သခင်ကျော်ငြိမ်း (အာရ်အီးတီ-ဗကပ-တောထဲမှာကျဆုံး) သခင်ခင်အောင် (ပမညတ ခေါင်းဆောင်ဟောင်း) တို့က မြင်တော့ သူတို့က သခင်လှကွန်းကို လှမ်းခေါ်တယ်။ ဒီတုန်းက သူတို့လဲ သခင်သန်းထွန်းအိမ်မှာ ကိစ္စတစ်ခုကို ဆွေးနွေးနေချိန် ဖြစ်တယ်။ သခင်သန်းထွန်းကတော့ အိမ်မှာမရှိဘူး၊ ရုံးတက်နေတယ်။ သခင်ကျော်ငြိမ်းတို့က သခင်လှကွန်းကို အရေးကြီးတဲ့ တာဝန်ပေးစရာရှိနေကြောင်း၊ ဒါကြောင့် ခုတစ်ခါတည်း ဗိုလ်သန်းနိုင်နဲ့ လိုက်မသွားသေးဘဲ ခဏဆိုင်းစေလိုကြောင်း ပြောဆိုတားလိုက်ပါတယ်။ ဗိုလ်သန်းနိုင်ကိုတော့ သူ့ကို ၄-၅ ရက်လောက်မှ လွှတ်လိုက်မယ့်အကြောင်း ပြောလိုက်ပါတယ်။ သခင်လှကွန်း နေရစ်လိုက်ရတယ်။

**အိန္ဒိယသို့ ဒုတိယအသုတ်**

ညကျတော့ သခင်သန်းထွန်းအိမ်မှာပဲ သခင်သန်းထွန်း၊ သခင်ကျော်ငြိမ်း တို့က သခင်လှကွန်းကို အိန္ဒိယသွားရမယ့်အကြောင်း၊ အဖွဲ့တစ်ဖွဲ့ကို ခေါင်း ဆောင်ပြီး အိန္ဒိယကို သွားရမယ့်အကြောင်း၊ အဖွဲ့မှာ ဘယ်သူတွေ ပါမယ့်

အကြောင်း၊ ဘာတွေဘယ်လို သယ်ဆောင်သွားရမယ့်အကြောင်းတွေကို အသေးစိတ် ဆွေးနွေးပြပါတယ်။

သခင်လှကွန်းလဲ မမျှော်လင့်ဘဲ အိန္ဒိယအဖွဲ့ထဲ အရွေးခံလိုက်ရတယ်။ မမျှော်လင့်တဲ့ တာဝန်ကို ကြားရတော့လဲ အံ့ဩနေမိသေးသတဲ့။ တာဝန်ပေးပြန်တော့လဲ ပေးတဲ့တာန်ကို မငြင်းဘဲ လုပ်တတ်တဲ့ သူ့ဗီဇဓာတ်ခံကြောင့် တာဝန်ကို လိုလိုချင်ချင်ပဲ လက်ခံလိုက်တယ်။

ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ချုပ်အတွင်းမှာ လက်ဝဲညီညွတ်ရေးကို ရှေးရှုပြီး၊ အိန္ဒိယကို လွှတ်ရေးကိစ္စမှာ ကွန်မြူနစ်ပါတီက ရဲဘော်တွေနဲ့ ပြည်သူ့အရေးတော်ပုံပါတီ (အခုဆိုရှယ်လစ်ပါတီ)က ရဲဘော်တွေကို ပူးတွဲပြီး လွှတ်ဖို့ ဗဟိုခေါင်းဆောင်တွေက စီစဉ်ကြတယ်။

ပြည်သူ့အရေးတော်ပုံပါတီကဆိုရင် ဟသ်ာတက အတာ ခေါ် ကိုဘသိန်း (အိန္ဒိယပြည် ဂျက်ဆိုလေယာဉ်ကွင်းမှာ လေယာဉ်ပျက်ကျပြီး ကွယ်လွန်) ခနဖြူကိုစိုးမောင် (တောခိုကျဆုံး ဗကပ ဗိုလ်စိုးမောင်) ကိုဖုန်းမြင့်တို့ ဖြစ်ပြီး၊ ကွန်မြူနစ်ပါတီကဆိုရင် သခင်သိန်းမောင် (အခု ပြည်သူ့ရဲတပ်ဖွဲ့လုံခြုံရေးမှူး ဦးသိန်းဓံ)မင်းလှက ကိုစောဦး (အိန္ဒိယပြည် ဂျက်ဆိုလေယာဉ်ကွင်းမှာ လေယာဉ်ပျက်ကျကွယ်လွန်)ကိုညွန့်ဝေ (အခု ကော်ပိုရေးရှင်း (၈) အတွင်းရေးမှူးဟောင်း)နဲ့ သခင်လှကွန်းတို့ ဖြစ်တယ်။ သခင်လှကွန်းက ဒီအဖွဲ့ကို ခေါင်းဆောင် ပါတယ်။

သူတို့ အခုလို လျှို့ဝှက်လုပ်ငန်းတွေ လုပ်ကိုင်ရတော့မှာမို့ မူလနာမည်ကို ပယ်ပြီး နာမည်အသစ်တွေ အလျှိုလျှို ပြောင်းပစ်လိုက်ပါတယ်။ သခင်လှကွန်းက ကိုစိန်မောင်၊ သခင်သိန်းမောင်က ကိုသိန်းဓံ ဆိုပြီး နာမည်ပြောင်းလိုက်တယ်။

ကိုထွန်းအောင်ကျော်နဲ့ ပတ်သက်ပြီး စာရှုသူများကို ကြားဖြတ်တင်ပြပါရစေ။ ဘုံပေါက်သာကျော်က သူ့ရဲ့ "တော်လှန်ရေးခရီးဝယ်" စာအုပ်မှာ အိန္ဒိယပြည် ကလကတ္တားမြို့ရှိ ကိုသိန်းဖေဆီ ဆက်သွယ်ဖို့ သုံးကြိမ်တိုင်တိုင် အထောက်တော်တွေလွှတ်ပြီး ဆက်သွယ်ခဲ့ပါသတဲ့။

ပထမအကြိမ်က ကိုလှကျော်၊ ဒုတိယ ကိုထွန်းအောင်ကျော်နဲ့ တတိယအကြိမ်မှာ ကိုသာကျော် (အခု ဆက်သွယ်ရေးနဲ့ ပို့ဆောင်ရေးဌာနဝန်ကြီးဟောင်း)အဲဒီ ရဲဘော်သုံးယောက်ကိုလွှတ်ပြီး ဆက်သွယ်ခဲ့တယ်တဲ့။

ကိုထွန်းအောင်ကျော်နဲ့ ပတ်သက်ပြီး ဘုံပေါက်သာကျော်က သူ့ရဲ့ အထက်ပါစာအုပ်မှာ ဒီအတိုင်း ရေးသားထားပါတယ်–

"ကျွန်တော် စည်းရုံးထားသော သံမဏိလူငယ်များထဲမှ ဦးသိန်းဖေမြင့်ထံ လွှတ်ရန် မြို့ဟောင်းမြို့နယ်၊ နကံရွာသား ကိုထွန်းအောင်ကျော် (ပြည်တွင်းစစ်ကာလတွင် ဗမာပြည် ကွန်မြူနစ်ပါတီမှ သတ်ဖြတ်ခြင်း ခံသွားရသော စစ်တွေခရိုင် ပြည်သူ့ရဲဘော်ခေါင်းဆောင်တစ်ဦး ဖြစ်သည့်)ကို ကျွန်တော် ရွေးချယ်ခဲ့တော့သည်။ ကိုထွန်းအောင်ကျော်သည် အင်္ဂလိပ်စကားနှင့် အင်္ဂလိပ်စာပေများကို တတ်သူမဟုတ်၊ ယင်းကြောင့် နယ်စပ်ရှိ ဗြိတိသျှစစ်တပ်မှ မသတ်ဖြတ်နိုင်ရန် ကိုထွန်းအောင်ကျော်အား "Please allow me to see U Thein Pe, No. 136 Head Quarter in Calcutta."

ကာလကတ္တားမြို့ရှိ နံပါတ် ၁၃၆ ဌာနချုပ် ဦးသိန်းဖေနှင့် ကျွန်တော့်အား တွေ့ခွင့်ပေးပါဟူသော အင်္ဂလိပ်စကားကို သင်ကြားပေးခဲ့ရသည်။ ဦးသိန်းဖေမြင့်အားလည်း သခင်ကိုယ်တော်မှိုင်းမှစပြီး၊ ဖက်ဆစ်ဂျပန်များကို လက်မခံဖြစ်နေခြင်း၊ ဝန်ကြီး သခင်မြ၊ သခင်သန်းထွန်းတို့ကလည်း ဖက်ဆစ်ဂျပန် တော်လှန်ရေးအတွက် အထောက်အကူ ပြုလာခြင်း၊ ဗိုလ်ရန်အောင်၏ ကြံခိုင်သော ဖက်ဆစ်ဂျပန်တော်လှန်ရေးလုပ်ရပ်များနှင့် ကျွန်တော်တို့ လုပ်ဆောင်နေသော လုပ်ရပ်များကို ကျွန်တော် နှုတ်ဖြင့် အထပ်ထပ် ပြောပြရာ၊ ယင်းစကားလုံးများနှင့် ပြောပြချက် အားလုံးကို နှုတ်ငုံအာငုံရသည်အထိ ကိုထွန်းအောင်ကျော်အား ကျက်မှတ်စေခဲ့သည်။ ကိုထွန်းအောင်ကျော် နှုတ်ငုံအာငုံရနေသည့်အခါ၊ ဦးသိန်းဖေမြင့်ထံ ကျွန်တော် စာရေးသည်။ လုံလောက်သော ငွေကြေးကို ပေးပြီး၊ သွားရမည့် လမ်းကို ညွှန်လိုက်တော့သည်။ ကိုထွန်းအောင်ကျော် အောင်မြင်စွာ ရောက်သွားခြင်းကို လမ်းပြမှတစ်ဆင့် သိခဲ့ရသည်။ ဖက်ဆစ်ဂျပန် တော်လှန်ရေး အောင်ပွဲကို မျှော်မှန်းပြီး ကျွန်တော် ပျော်ခဲ့သည်။

တစ်လခန့်အတွင်း အိန္ဒိယမှ ကိုထွန်းအောင်ကျော် ကျွန်တော့်ထံသို့ ပြန်ရောက်လာခဲ့သည်။ ဦးသိန်းဖေမြင့် ပြောလိုက်သော အကြောင်းအရာများကို နှုတ်ငုံအာငုံပြန်ပြီး ပြောပြသည်။ ရွှေချောင်း အနည်းငယ်ကို

လည်း ထုတ်ပြသည်။ သားရေခါးပတ်လည်း ပြသည်။ ယင်းသားရေခါးပတ်ထဲတွင် အင်္ဂလိပ်လက်နှိပ်စက်ဖြင့် ရိုက်ထားသော စာရွက်တစ်ရွက် စီကို ခေါက်ပုံရိုက်သည်။ ယင်းခေါက်ပုံကို တစ်ဖန်သေးငယ်သော ခေါက်ပုံထိ ဖြစ်သွားအောင် ခေါက်ပုံထပ်ရိုက်ပြီး ခါးပတ်ထဲတွင် ထည့်ပေးလိုက်ခြင်းကို ရှင်းပြသည်။ သူကိုယ်တိုင် ရန်ကုန်သို့ လိုက်သွားပြီး ဦးသိန်းဖေမြင့် ညွှန်ကြားလိုက်သည့်အတိုင်း ဆက်လက်၍ တာဝန်တမ်းဆောင်ရမည်ကို ရှင်းပြသည်။ ရန်ကုန်သို့ တစ်ခါမျှ မရောက်ဘူးသော ကိုထွန်းအောင်ကျော် အလွယ်တကူ သွားနိုင်ရေးအတွက် သွားရေးလာရေးနှင့်တကွ တည်းခိုသွားရမည့် နေရာများနှင့် တည်းခိုရမည့် အိမ်များ၏ အိမ်ရှင်နာမည်ကိုလည်း ကျွန်တော် ပြောပြသည်။ စာတစ်စောင်ကိုလည်း ကျွန်တော်ရေးပေးလိုက်သည်။ အိန္ဒိယသို့ တစ်ခါမျှ မရောက်ဘူးသော်လည်း၊ အိန္ဒိယကာလကတ္တားရှိ ဦးသိန်းဖေမြင့်ထံ အောင်မြင်စွာ သွားရောက်နိုင်ခဲ့ပြီး၊ ဦးသိန်းဖေမြင့်ထံမှ အရေးကြီးသော ညွှန်ကြားချက်များကို သားရေခါးပတ်ထဲတွင် သွင်းယူလာနိုင်သော ကိုထွန်းအောင်ကျော်သည် ဦးသိန်းဖေမြင့် ညွှန်ရာသို့ အောင်မြင်စွာ သွားခဲ့သည်။ သက်စွန့်ကြိုးပမ်းအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်"

(ကျော်/ဘုံပေါက်သား၊ တော်လှန်ရေးခရီးဝယ် ရန်ကုန်၊ သတင်းဂျာနယ်ပုံနှိပ်တိုက်။ ၁၉၇၃။ မျက် ၁၁၆ ၊ ၁၁၈)

ဒီလို ကိုထွန်းအောင်ကျော်ကို ဘုံပေါက်သားကျော်က ကလကတ္တားရှိ ကိုသိန်းဖေဆီ အထောက်တော်အဖြစ် လွှတ်လိုက်တဲ့အခါ၊ ကိုသိန်းဖေက ပြန်ပြီး ရန်ကုန်ရှိ သခင်သန်းထွန်းဆီ အထောက်တော်အဖြစ် လွှတ်ပြန်ပါတယ်။ အရေးကြီးတဲ့ စာရွက်စာတမ်းတွေ သယ်ဆောင်ပြီး သခင်သန်းထွန်းဆီ ရောက်သွားပြန်တယ်။

အိန္ဒိယသွားမယ့် သခင်လှကွန်း ခေါင်းဆောင်တဲ့ ဒုတိယအသုတ်ကို ကိုထွန်းအောင်ကျော်နဲ့ ထည့်လိုက်ပါတယ်။ ကိုထွန်းအောင်ကျော်က လမ်းပြအဖြစ် တာဝန်ခံ ခေါ်သွားဖို့ သခင်သန်းထွန်းက တာဝန်ပေးလိုက်ပါတယ်။ ဒီတာဝန်ပေးချက်အရ သခင်လှကွန်းတို့ အဖွဲ့နဲ့အတူ လိုက်ပါခဲ့ပါတယ်။

ရန်ကုန် ၁၉၄၄ ဒီဇင်ဘာ ၂၄ ရက် ခရစ်စမတ် အကြိုနေ့ညနေမှာ သခင် သိန်းမောင်၊ ကိုအေးကျော်၊ ကိုစိုးမောင်နဲ့ သခင်လှကွန်းတို့ကို ဘီဒီအေးက ဗိုလ်ရဲလှ(ကြည်မြင့်တိုင်)ရဲ့ရိက္ခာတင်ကားနဲ့ လိုက်ပါသွားကြတယ်။

သခင်လှကွန်းက ရခိုင်ပြည် ၄က်ဖျားရောဂါ တိုက်ဖျက်ရေးအဖွဲ့ ခေါင်းဆောင်အဖြစ်၊ သခင်အေးကျော်က ကျန်းမာရေးဌာနက ဆေးမှူးအဖြစ်နဲ့ ခရီးစဉ်တစ်လျှောက်မှာ အလွယ်တကူ သွားလာနိုင်ရေးအတွက် ခရီးသွား လက်မှတ်ကို ဒေါက်တာဗမော်ရဲ့ ဂျပန်ရုပ်သေးအစိုးရအဖွဲ့ ဒုတိယဝန်ကြီးချုပ် သခင်မြက တာဝန်ယူ လက်မှတ်ရေးထိုးပေးလိုက်ပါတယ်။

၂၄ လက်မရှိ သားရေသေတ္တာကြီး တစ်လုံးကို ဘီဒီအေက ဗိုလ်ဗတင်ရဲ့ ထောက်ပံ့ရေးတပ်က ချုပ်ပေးလိုက်ပါတယ်။ အဲဒီသေတ္တာအောက်ခံမှာ သားရေ နှစ်ထပ်ခံပြီး အဲဒီအထဲမှာ အိန္ဒိယကို သယ်ဆောင်သွားဖို့ စာရွက်စာတမ်းတွေ ထည့်ပြီး ချုပ်လိုက်တယ်။ စာတွေကို သခင်လှကွန်းတို့ အိန္ဒိယကို သယ်သွား တဲ့အခါမှာ ဂျပန်တွေက မသင်္ကာလို့ ရှာလဲ ရုတ်တရက် မတွေ့နိုင်အောင်ပါ။

သခင်လှကွန်းနဲ့ ပါတဲ့ စာတွေက စစ်ရေးအခြေအနေ အစီရင်ခံစာ၊ ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ရဲ့ နိုင်ငံခြားဆက်သွယ်ရေးတာဝန်ခံ အနေနဲ့ သခင်သန်းထွန်းက ရေးပေးတဲ့စာတွေ၊ အိန္ဒိယကွန်မြူနစ်ပါတီနဲ့ ကိုသိန်းဖေဆီ ပေးတဲ့ သခင်စိုးရဲ့ စာတွေဖြစ်တယ်။

အောင်လံ 'ပြလို့' ဗိုလ်မှူးအောင်ရဲ့ အနောက်တိုင်း စစ်ရုံးကို ရောက်တယ်။ အဲဒီမှာ သခင်လှကွန်းတို့နဲ့အတူ လိုက်ပါမယ့် ရဲဘော်တွေ နောက်ထပ်လိုက်လာကြတယ်။ အဲဒီမှာ အစီအစဉ်တွေ ထပ်မံညှိနှိုင်းကြပြန်တယ်။

(သခင်လှကွန်းတို့ ဗိုလ်မှူးအောင် တိုင်းရုံးစခန်း ပြလို့ကနေ ကလကတ္တားရှိ ကိုသိန်းဖေဆီရောက်တဲ့ ခရီးစဉ်ကို သခင်သိန်းမောင် ခေါ် ရဲဘော်သိန်း၏ အခန်းမှာ ပါပြီးဖြစ်တယ်၊ ဒါကြောင့် ဒီမှာဆက်ဖော်မပြတော့ဘူး၊ သခင်လှကွန်း ဒီဟာလာက သင်တန်းသွားယူတဲ့အကြောင်းက စပြီး ဆက်လက်ဖော်ပြသွားပါ မယ်၊ စာရေးသူ)

## အိန္ဒိယမှာ သင်တန်းတက်ခြင်း

သခင်လှကွန်း ကလကတ္တားကို ၁၉၄၅၊ ဇန်နဝါရီလ (၁၅) ရက်နေ့မှာ ရောက်တယ်။ ဗိုဒ် ၁၃၆ တပ်ဖွဲ့က လိုအပ်တဲ့ အခြေအနေတွေ မေးမြန်းပြီး

ကိုသိန်းဖေဆီကို လိုက်ပို့ပါတယ်။ သခင်လှကွန်းတို့ ကလကတ္တားရောက်ပြီးမှ ကိုထွန်းအောင်ကျော် တာဝန်ခံခေါ်လာတဲ့ ရဲဘော်တွေ ၁၉၄၅ ဇန်နဝါရီလကုန်မှ ရောက်လာကြပါတယ်။

စစ်ပညာသင်ကြားဖို့ ဆိုပြီး ကိုအေးကျော်၊ ကိုဘသိန်း၊ ကိုစိုးမောင်၊ (ဓနုဖြူ ဦးအေးမောင်ရဲ့ညီ)၊ ကိုသိန်းဇံ၊ ကိုဖုန်းမြင့်၊ ကိုမောင်လေးနဲ့ သခင်လှကွန်းတို့ (၇) ယောက် အိန္ဒိယကွန်မြူနစ်ပါတီ အတွင်းရေးမှူးချုပ် ဂျိုရှီရဲ့ တရားပွဲတွေကို သွားရောက်နားထောင်ရတယ်။ သူက ကမ္ဘာ့အခြေအနေတွေ၊ ကမ္ဘာ့ကွန်မြူနစ်ပါတီရဲ့ အခြေအနေတွေကို ဟောပြောပါတယ်။

ပြီးတော့ ဘီဟာလာဘုံရိပ်သာမှာ ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ရဲ့ လွတ်လပ်ရေးကြေညာစာတမ်းအမှတ် (၁)ကို ဆွေးနွေးကြရတယ်။ မစ္စတာဂိုရှယ်က မြန်မာပြည်ဖက်ဆစ်ကျွန်ဘဝက လွတ်မြောက်ရေးလမ်းစဉ်၊ ဘရောက်ဒါဝါဒ လမ်းစဉ် စတဲ့ ဘာသာရပ်များကို ခေါင်းဆောင်ပို့ချတယ်၊ ဒီသင်တန်းလဲ သခင်လှကွန်း တက်ခဲ့တယ်။ ဘုံရိပ်သာမှာ နံရံကပ်သတင်းစာ ထုတ်ဝေတယ်၊ အဲဒီမှာလဲ သခင်လှကွန်း ဆောင်းပါးတွေ ရေးခဲ့တယ်။

ဒီအတောအတွင်း ရခိုင်ပြည်ဘက်က ဂျပန်ကို အင်္ဂလိပ်တပ်တွေနဲ့ ပေါင်းပြီး တိုက်ခိုက်ခဲ့တဲ့ ရဲဘော်ရောက်လာတယ်။ သူတို့က ရိုးရိုးရောက်လာတာ မဟုတ်ဘူး ရခိုင်ပြည်က ဂျပန်တွေ အပြီးအပိုင်ဆုတ်သွားပြီးတဲ့နောက် အင်္ဂလိပ်တပ်တွေက သူတို့နဲ့ လက်တွဲပူးပေါင်း တိုက်ပွဲဝင်ခဲ့တဲ့ ရဲဘော်တွေကို ဓားပြတွေအဖြစ် စွပ်စွဲတယ်၊ လက်နက်တွေကို သိမ်းတယ်၊ လူတွေကို လိုက်ဖမ်းတယ်၊ အဲဒီမှာ အဖမ်းမခံနိုင်တဲ့ ရဲဘော်တွေက ကလကတ္တားရှိ ကိုသိန်းဖေဆီ ဦးတည်ပြေးဝင်လာကြတယ်။ အဲဒီတော့ အင်္ဂလိပ်တွေနဲ့ ပေါင်းရတာ နားမလည်နိုင်စရာဘဲ၊ မပေါင်းရင်လဲခက် ပေါင်းရင်လဲခက်၊ ဆုပ်စူးစားရူးဆိုတဲ့ အဖြစ်ပဲ။ သခင်လှကွန်းတို့ ရဲဘော်တွေက အင်္ဂလိပ်တွေရဲ့ ဒီလုပ်ရပ်ကို ဘဝင်မကျဘူး။

ကိုသိန်းဖေက ဒီကိစ္စကို အင်္ဂလိပ်တပ်တွေနဲ့ ရေရေလည်လည် ဆွေးနွေးပြီးတော့ ရခိုင်ပြည်ထဲ ရောက်နေတဲ့ ကက်စဘီ ပုလိပ်မင်းကြီး မစ္စတာပရက်စ်ကော့ဆီလဲ စာရေးကန့်ကွက်လိုက်တယ်။ ရခိုင်ရဲဘော်တွေပါ သင်တန်းအမျိုးမျိုး တက်ကြတယ်။ တခြားရဲဘော်တွေလို သခင်လှကွန်းလဲ သင်တန်းအမျိုးမျိုး တက်ရောက်ခဲ့တယ်။

သီဟိုကျွန်း ကိုလံဘိုမြို့နဲ့ ခပ်လှမ်းလှမ်းမှာရှိတဲ့ "ဟောင်ရာနာ"အရပ်မှာ ရှိတဲ့ အမ်အီး ၂၅ (မြေအောက်မျိုးချစ်ပြောက်ကျားတပ်များနဲ့ ဆက်သွယ်ပူးပေါင်း တိုက်ခိုက်ရတဲ့ ပြောက်ကျားကွန်မန်ဒိုတပ်မှူးသင်တန်းကျောင်း)မှာ သွားပြီး စစ်သင်တန်းတွေ တက်ရောက်ရတယ်။ ဒီသင်တန်းကို သခင်လှကွန်းတို့ ရောက်တဲ့အချိန် ကျောင်းမှာ ကွပ်ကဲတဲ့သူက အင်္ဂလိပ်ကာနယ်မတ်စ်ဂရေဇ် ဖြစ်ပါတယ်။ သူက ဗျူဦးမနားပေါက်ပဲ။ အင်္ဂလိပ်အစစ်ပဲ။ ဂျပန်တွေ မြန်မာ ပြည် ထိုးဝင်လာတော့ ဟသ်ာတ စစ်မျက်နှာမှာ အင်္ဂလိပ်တပ်ခွဲတစ်ခွဲကို ခေါင်းဆောင်ပြီး ဂျပန်တပ်တွေနဲ့ တိုက်ခဲ့ရသေးတယ်။ အဲဒီတိုက်ပွဲမှာ ခေတ်ဟောင်းက နာမည်ကြီးတဲ့ ရုပ်ရှင်မင်းသား ချစ်ဆွေ ခေါ် ဗိုလ်သက်တင် ကျဆုံးခဲ့သတဲ့။ ဒီအကြောင်းကို ကာနယ်မတ်စ်ဂရေဇ်က သခင်လှကွန်းကို ပြောပြတယ်။

ကာနယ်မတ်စ်ဂရေဇ်ဟာ ဗမာစကား ကောင်းကောင်းတတ်တယ်။ ရေရေမွှန်မွှန် သိမ်သိမ်မွေ့မွေ့လဲ ရှိတယ်။ တခြား မြန်မာပြည်ပေါက်တွေနဲ့ ကပြားတွေထဲက အများစုက မြန်မာတွေပေါ် "သခင်ကြီးစိတ်"နဲ့ ဆက်ဆံ ကြတာတွေ များတယ်။ ဟိတ်တယ်၊ ငေါ့တယ်၊ လှုပ်ါးဝတယ်။ သူကျတော့ ဒီလိုမဟုတ်ဘူး၊ ထူးထူးခြားခြားပဲ။ သခင်လှကွန်းနဲ့ ရဲဘော်တွေအပေါ် လေးလေးစားစား ရှိတယ်။

ကျောင်းမှာ သခင်လှကွန်းတို့ လိုလားတဲ့ စစ်သင်တန်းတွေကို ဘယ်လို အစီအစဉ်တွေနဲ့ ပေးရမလဲဆိုတာကို ဆွေးနွေးရတယ်။ တစ်လနဲ့ အပြီးသင်ဖို့ ရှိတော့ သင်တန်းအစီအစဉ် အချိန်ဇယားတွေ ရေးဆွဲတယ်။ တစ်နေ့ကို (၇)မျိုးလောက် သင်ရတယ်။ တစ်မျိုးကို တစ်နာရီကြာတယ်။ အများဆုံးကတော့ ဖောက်ခွဲရေးနဲ့ တောတွင်းစခန်းချနည်း၊ ရန်သူကို တိတ်တဆိတ် ချောင်းမြောင်း သုတ်သင်တိုက်ခိုက်နည်း၊ လက်နက်ငယ် ကိုင်စွဲနည်း၊ လေယာဉ်နဲ့ ဆက်သွယ် နည်း၊ နောက်ပိုင်း ဌာနချုပ်နဲ့ ကြိုးမဲ့ဆက်သွယ်နည်းတွေပဲ။

အဲဒီကပြီးတော့ ဂျက်ဆိုမြို့ရှိ လေတပ်လေ့ကျင့်ရေးကျောင်းကို ပို့ပြီး လေထီးအခုန်လေ့ကျင့်ရတယ်၊ လေယာဉ်ပေါ်ကနေ လက်တွေ့ခုန်ချပြီးလဲ လေ့ကျင့်ရတယ်။

အဲဒါတွေပြီးတော့ သခင်လှကွန်းတို့ ကလကတ္တားပြန်ရောက်ပြီး ဘီဟာလာက ဘုံရိပ်သာမှာ တာဝန်ချပေးမယ့်ရက်ကို စောင့်နေရတယ်။

မတ်လနောက်ပိုင်းရောက်တော့၊ ဘုံရိပ်သာက ရဲဘော်တချို့ တာဝန်နဲ့ ခုန်ဆင်းဖို့ ထွက်သွားကြပြီး၊ သခင်လှကျွန်းတို့ ကျန်ရစ်တယ်။ ဒီတော့ သခင်လှကျွန်းက စိတ်ဓာတ်ကျနေတာပေါ့။ သကြန်ပွဲတော် အမီ မြန်မာပြည် မရောက်ရတော့ဘူးဆိုပြီး သူက ဘယ်သူ့ကို စိတ်ဆိုးရမှန်းမသိ စိတ်ဆိုးနေတယ်။ ပြီးတော့ တိုက်ပွဲတွေ မမီလိုက်မှာကို စိုးရိမ်ပြီး စိတ်တိုနေတယ်။

**အထင်နဲ့အမြင်**

အဲဒီလို နေရင်း ဧပြီလ ၇ ရက်နေ့လောက်မှာ ဗိုလ်ဒ် ၁၃၆ တပ်ဖွဲ့ရုံးက ခေါ်လို့ ကိုစိုးမောင်နဲ့ သခင်လှကျွန်းတို့ လိုက်သွားကြရတယ်။ ဟိုကျတော့ အင်္ဂလိပ်တွေက "ဗိုလ်သိဟ" ဆိုတာ သိလားလို့ မေးတယ်၊ သခင်လှကျွန်းက ဘီဒီအေက ဗိုလ်ကြီးသိဟလို့ အောက်မေ့ပြီး "သိတယ်"လို့ ဖြေလိုက်တယ်။

သူတို့ လက်ခံမယ့်နေရာမှာ သွားဆင်းမလား၊ လုံခြုံစိတ်ချရပါ့မလား၊ ပြီးတော့ ပျဉ်းမနားမြောက်ပိုင်းနယ်မှာ ဆင်းရမှာတဲ့။

အဲဒီတော့ သခင်လှကျွန်းက သွားမယ်လို့ပြောတယ်၊ အဲဒီအချိန် သခင်လှကျွန်းက ဝမ်းကိုက်နေတယ်။ ဝမ်းကိုက်ဆေး နည်းနည်းတောင်းထားမယ်လို့ စိတ်ကူးလိုက်တယ်။ မြန်မာပြည်ပြန်ရမှာကိုလဲ ပျော်မြူးနေမိတယ်။

ကိုစိုးမောင် (ခေါ်) ကိုသိန်းအောင်၊ ကပ္ပတိန်ရှုဘင်စတိန်း၊ ဆာဂျင် ဘရောင်းနဲ့ သခင်လှကျွန်း ပေါင်းငါးယောက်အဖွဲ့ ဖြစ်တယ်။ သူတို့အဖွဲ့ကို "ချင်းမ်"အဖွဲ့လို့ နာမည်ပေးလိုက်တယ်။ အာဖရိကတိုက် လူဝံကို အတိုကောက် ခေါ်တာဖြစ်တယ်။

သခင်လှကျွန်းတို့ကို ကျောင်းအုပ်ကြီး ကာနယ်မတ်စ်ဂရေးဗ် ဗိုလ်ဒ် ၁၃၆ ရဲ့ တပ်မှူးကြီးတို့ လေဆိပ်ကို လိုက်ပို့တယ်။

ဖက်ဆစ်ဆန့်ကျင်ရေး အဖွဲ့တွေထဲက နေ့ကြောင်တောင်ဆင်းရတဲ့ အဖွဲ့ဟာ သခင်လှကျွန်းတို့အဖွဲ့ပဲ ရှိတယ်၊ လေယာဉ်မှူးတွေက မဆင်းစေချင်ဘူး အန္တရာယ်များတယ်၊ သူတို့ကိုယ်တိုင်အတွက်လဲ အန္တရာယ်များလို့ မမောင်း ချင်ဘူး။

သခင်လှကျွန်းတို့ကို လိုက်ပို့တဲ့ အင်္ဂလိပ်ဗိုလ်မှူးကြီးတွေက အောက်က ကြိုနေသူရဲ့ အချက်ပြချက် မသေချာရင် လှည့်ခဲ့လို့ မှာလိုက်တယ်၊ လေယာဉ်မှူး တွေကလဲ ကြိုတဲ့လူ မရှိရင် ပြန်လှည့်ကြတာပေါ့လို့လဲ ပြောပြတယ်။

လေယာဉ်မှူးတွေက စိတ်ဆိုးနေကြတယ် "အလကား အဓိပ္ပာယ်မရှိဘူး၊ နေ့ကြောင်တောင်ကြီး ဆင်းခိုင်းတာ သက်သက် လူတွေကို စစ်မြေပြင်ကို လွှတ်ပြီး သေခိုင်းနေတာပဲ"ဆိုပြီး ဆဲဆိုနေကြတယ်။

လေယာဉ်မှူးတွေက မသွားချင်ပေမယ့် တာဝန်ကို မလွန်ဆန်ဘူး။ ၁၉၄၅ ခု ဧပြီလ ၉ ရက်နေ့ မနက်ခင်းကစပြီး "ချင်းမ်"အဖွဲ့ ထွက်လာကြတယ်။

မိတ္ထီလာအလွန်ကျတော့ ရန်ကုန်လမ်းမကြီးရဲ့ အရှေ့ဘက်မှာ တိုက်ပွဲတွေဖြစ်နေတာ တွေ့ရတယ်။ သူတို့က မီးရထားလမ်းကို လက်ဝဲဘက်ထားပြီး တောင်ဘက်စုန်ပြီး ပျံသန်းလာတယ်။ တောင်ငူရောက်ပြီးနောက် လေယာဉ်မှူးတွေက လမ်းမှာ အချက်ပြမီးပုံမတွေ့ဘူးလို့ ပြောတယ်။ ဒါနဲ့ ပြန်လည်လာကြတော့၊ ပျဉ်းမနားအလွန်မှာ "ဆင်သေချောင်း"အတိုင်း ဆန်ပြီး ပျံလာကြတယ်၊ တစ်နေရာကျတော့ လေယာဉ်မှူးက အောက်က မီးခိုးငွေ့အူထွက်လာတာတွေ့ရတယ်တဲ့၊ ဒါပေမယ့် အဲဒီမီးခိုးက တစ်ခုတည်း ဖြစ်နေတယ် အမှန်ကဖိုခနောင့်ဆိုင် ၃ ခုပဲ ပြရမယ်၊ တီ ပုံအတိုင်း။

သခင်လှကွန်းက "သူတို့ကို ချသာချခဲ့ပါ၊ ကိစ္စမရှိဘူး"လို့ ပြောတယ်၊ လေယာဉ်က တစ်ပါတ်ဝဲပြီး သူတို့အဖွဲ့ကို ချပေးခဲ့တယ်။

ဝါယာလက်အော်ပရေတာက နံပါတ် (၃)၊ သခင်လှကွန်းက နံပါတ် (၄)၊ ကပ္ပတိန်လီဗင်စတန်က နံပါတ် (၅)၊ အဲဒီတော့ ၃၊ ၄ နဲ့ ၅ ဒီအတွဲက ဆင်သေချောင်းကွေ့ ဝါးရုံတောထဲ သွားကျတယ်၊ သခင်လှကွန်းက ဝါးရုံပင်ပေါ် တင်နေတယ်၊ ကပ္ပတိန်လီဗင်စတန်နဲ့က တစ်ထွာလောက်ကျောမှာ ပြဲသွားတယ်၊ ကိုစိုးမောင်နဲ့ ကပ္ပတိန် ရှုဗင်စတိန်တို့က ချောင်းထဲကျသွားတယ်။

သခင်လှကွန်းက ဝါးရုံပင်ပေါ်က ခုန်ချပြီး ၃၂ ဘိုဂျပန်ပစ္စတိုကို ထုတ်မောင်းတင်လိုက်တယ်။ အဲဒီမှာ လူတစ်ယောက် ပြေးလာတယ်၊ သခင်လှကွန်းက သေနတ်နဲ့ချိန်ပြီး၊ ရပ်လို့အော်ပြောတယ်။ ပြေးလာတဲ့လူလဲ ကြောက်လန့် တုန်လှုပ်သွားတယ်။

"ဗိုလ်ကြီးကို လာကြိုတာပါ"လို့ ချက်ချင်း ပြန်ကြားလိုက်တယ်။ ဒါဖြင့် "ရှေ့ကသွား"ဆိုပြီး သူက ကိုက်တစ်ထောင်လောက်ဆေးတဲ့ သရက်ပင်အုပ်ဆီ ခေါ်သွားတယ်၊ အဲဒီကျတော့ ခေါင်းပေါင်းထားတဲ့ လူပုပုကလေးတစ်ယောက်

ကို လက်ညှိုးထိုးပြပြီး၊ ဒါ "ဗိုလ်သီဟ"ပဲတဲ့၊ မိန်းမနဲ့တူတဲ့ မျက်နှာပေါက်ရှိတဲ့ ဗိုလ်သီဟဆိုသူကို မြင်မှ အံ့အားသင့်သွားတယ်။

"ဟင်း"လို့ ဆိုပြီး အသံထွက်သွားတယ်။ သူ့အဖွဲ့ခေါင်းဆောင် ကပ္ပတိန် ရှဘင်စတိန်က ထိတ်လန့်သွားတယ်၊ စိုးရိမ်စိတ်နဲ့ သခင်လှကွန်းကို မေးမြန်းတယ်။ "ဘယ်လိုဖြစ်သလဲ"၊ ကိစ္စမရှိပါဘူး၊ အဆင်ပြေမှာပါ"လို့ သခင်လှကွန်းက ခပ်ပေါ့ပေါ့ပဲ ပြေလိုက်တယ်။

အကြောင်းကတော့ သခင်လှကွန်းက ရပ်နေတဲ့ ဗိုလ်သီဟဟာ သူနဲ့ ညီအစ်ကိုလို ချစ်ခင်ပြီး သခင်ဘ၁၀ ထောင်ကျဖက် (စာရေးဆရာမ ခင်နှင်းယုရဲ့ အစ်ကိုကြီး) ဗိုလ်သီဟ မဟုတ်ဘဲ ပျဉ်းမနားဗိုလ်တောက်ထိန်ရဲ့တူ တပ်ကုန်းနယ် ဇွေ့ကြီးရွာသား ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ ဒေသခေါင်းဆောင် ဗိုလ်သီဟ ကလေး ဖြစ်နေတာကို၊ အထင်နဲ့အမြင် တက်တက်စင် လွဲမှားပုံအဖြစ်ကို တွေးပြီး ရယ်ချင်လာတယ်။


**ပန်းလာတဲ့ ဂျပန်ကို လန်းနေတဲ့ ဗမာ့မာန်နဲ့**

ဗိုလ်သီဟနဲ့ သူရဲ့ လက်အောက် ဗိုလ်တွေဖြစ်တဲ့ ဗိုလ်သောင်း(ဗိုလ်ကြီး ဟောင်း ထောက်ပံ့ရေးတပ်ဆွယ်) ဗိုလ်ကျော်ညွန့် (အခု ပြည်သူ့ရဲအရာရှိ ရမည်းသင်း) ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ခေါင်းဆောင်တွေရဲ့ နိုင်ငံရေး၊ စစ်ရေး၊ စည်းရုံးရေးစွမ်းရည်တွေကြောင့် အင်္ဂလိပ်က ချပေးတဲ့ လက်နက် ၄၀၀၊ တိုက်ယူရင်း ရတဲ့ ဂျပန်လက်နက် ၃၀၀၊ ပေါင်း လက်နက် ၇၀၀ ကျော် ရှိခဲ့တယ်၊ လက်နက်ကိုင်အင်အားလဲ ၇၀၀ ကျော် ရှိတယ်။ ဂျပန် ၃၀၀ ခန့် သုတ်သင်နိုင်ခဲ့တယ်။ သုံ့ပန်း ၁၀ ယောက်ခန့် မိတယ်။


အဲဒီမှာ သခင်လှကွန်းတို့ လှုပ်ရှားတဲ့ ဧပြီလ (၉)ရက် (၁၀) ရက်က နေစပြီး လကုန်အထိ၊ ရက်သတ္တ ၃ ပတ်ခန့် ကြာခဲ့တယ်။

နောက် လက်နက် လူအင်အားတို့ကို ဗိုလ်သီဟလက်ကို ပြောင်းပေးခဲ့ ပြီး တိုင်း (၆) ရှိ သစ်ဝန်တိုင်းမှာ စခန်းကို ပြောင်းရွှေ့တာဝန်ယူရတယ်၊ တိုင်းမှူးက ဗိုလ်ရဲထွတ်ပါ။

အဲဒီမှာ ဂျပန် ၁၃၀၀ တပ်ကြီးက သခင်လှကွန်းတို့ ဌာနချုပ်ကြီးကို ဝိုင်းပြီး တိုက်တယ်။ နှစ်ညတိုက်တယ်။ သူတို့က ခုခံတိုက်တယ်၊ နှစ်ညနေပြီး နောက်တစ်နေ့ညမှ ဂျပန်တွေ ဆုတ်သွားတယ်။



မင်္ဂလာဒုံ စစ်တက္ကသိုလ်ကျောင်းဝင်းအဝင်ဝ
(ဗိုလ်မင်းညို၏ ဂျပန်ခေတ် စစ်တက္ကသိုလ်စာအုပ်မှ ကူးယူဖော်ပြသည်။)



မင်္ဂလာဒုံ စစ်တက္ကသိုလ်ကျောင်းသားများ၏ အိပ်ခန်းဆောင်
(ဗိုလ်မင်းညို၏ ဂျပန်ခေတ် စစ်တက္ကသိုလ်စာအုပ်မှ ကူးယူဖော်ပြသည်။)



မင်္ဂလာဒုံ စစ်တက္ကသိုလ်တွင် ဂျပန်စာသင်ယူကြစဉ်
(ဗိုလ်မင်းညို၏ ဂျပန်ခေတ် စစ်တက္ကသိုလ်စာအုပ်မှ ကူးယူဖော်ပြသည်။)



ဗိုလ်လောင်း ရဲဘော်ဘသောင်း



ဗိုလ်လောင်း ရဲဘော်ဝင်းမောင်(ခ)
ဝမ်းအိုဝမ်း–ကျော်ဝင်းမောင်

တို့အား ဂျပန်မရိပ်မိအောင် မင်္ဂလာဒုံစစ်တက္ကသိုလ် ကျောင်းမှထွက်ပြေး ပြီး မဟာမိတ်တပ်များနှင့် သွားရောက်ဆက်သွယ်ရန် ဗိုလ်ချုပ်အောင်ဆန်း၏ အမိန့်ကို နာခံခဲ့သူများ





တပ်ကြပ်ကလေး ရဲဘော်မောင်အုံ (ခ) ရဲဘော်မောင်လှ

တပ်ကြပ်ကလေး ရဲဘော်ကျော်ဇော (ခ) ရဲဘော်အေးဝင်း


ဂျပန်မရိပ်မိအောင် ဗမာ့တပ်မတော် လေယာဉ်ပစ် အမြောက်ကြီးတပ်မှ ဗိုလ်ချုပ်အောင်ဆန်း၏ အမိန့်ကို နာခံကာ တပ်မှထွက်ပြေးပြီး မဟာမိတ်တပ်များနှင့် သွားရောက်ဆက်သွယ်သူများ



ရဲဘော်မောင်အုံး (ခ) မောင်လှ ကသာခရိုင် အေအက်ဖ်အဲလ် အဖွဲ့ခေါင်းဆောင် (သူသည် ပထမဆုံး အေအက်ဖ်အဲလ်အဖွဲ့မှ ဝမ်းအိုးဝမ်း လေထီးဖြင့်မိုးကုတ် ပတ္တမြားနယ် တောတောင် ထုထပ်တဲ့ နေရာမှာ ဆင်းခဲ့သူ။ သူနှင့်အတူ ဝမ်းအိုဝမ်းမှ ကြေးစားဝါယာလက် အော်ပရေတာ ဖူးလီ၊ အေအက်ဖ် အဲလ်မှ ၁၆ နှစ်အရွယ် သားများဖြစ်ကြတဲ့ ရဲဘော်ချစ်စံခေါ် မောင်ထွန်းလင်းနှင့် ရဲဘော်မောင်ခင်မွေတို့နှစ်ယောက်နှင့်အတူ ဆင်းခဲ့ခြင်း။



ရဲဘော်ဝင်းမောင်(ဝမ်းအိုဝမ်း ကျော်ဝင်းမောင်)
ပထမဆုံး အေအက်ဖ်အဲလ်နှင့် ဝမ်းအိုဝမ်း အမေရိကန်တပ်ဖွဲ့ကို ဆက်သွယ်ပေးခဲ့သူ ဝမ်းအိုဝမ်းဌာနချုပ်မှ အေအက်ဖ်အဲလ် ခေါင်းဆောင် ဗိုလ်မှူးကြီးဗထူး၊ ရဲဘော်ထွန်းစိန်တို့ထံ လေထီးဖြင့် သွားရောက်ဆက်သွယ်ရန် ကသာမြို့တွင် ဘီဒီအေ ဗိုလ်ကလေးဝတ်စုံကိုရှာဖွေဝတ်ဆင်ထားပုံ။



စစ်ကိုင်းကျိုက်လတ်ချောင်ရှိ ဂျပန်ခေတ် ကင်ပေတိုင် ရုံးအဆောက်အအုံ လုပ်ခဲ့ထားရသည့် သီလရှင်ကျောင်း၊ (ဒီကျောင်းတိုက်အရှေ့မျက်နှာ ထို ကိုက်-၅၀ လောက်မှာ (၃)ခန်းတွဲ အချုပ်ခန်း ဆောက်လုပ်ထားသည်။ အဲဒီအခန်းက စာရေးသူ ထွက်ပြေးခဲ့ခြင်းပါ။)



ရဲဘော်ကျော်ဇော် (ခ) ရဲဘော်အေးဝင်း

သူသည် အေအက်ဖ်အဲလ်၊ ဝမ်းအိုဝမ်းတပ်ဖွဲ့မှ လေထီးနှင့် ရဲဘော်ချစ်စံ (ခ) ရဲဘော်ထွန်းလင်းတို့နှင့် လယ်ဝေးနယ်သို့ ဆင်းခဲ့တဲ့ AFL ရဲဘော်။



ရဲဘော်ဝင်းမောင် (ခ) ဝမ်းအိုဝမ်းကျော်ဝင်းမောင် (အလယ်ပုံ) နှင့်
ဂျပန်တော်လှန်ရေးကာလတွင် အမေရိကန်များနှင့်အတူ



ရဲဘော်ချစ်စံ(ခ)ရဲဘော်ထွန်းလင်း၊ ၁၆ နှစ် အေအက်ဖ်အဲလ် ရဲဘော် ပမ်းအိုဝမ်း
ရန်သူ့နယ်မြေအတွင်း လေထီးဖြင့် (၂)ကြိမ်တိုင်တိုင် ဆင်းခဲ့သူ။



ရဲဘော်ခင်ဆွေ အေအက်ဖ်အယ်လ် ရဲဘော်၊ (၁၆)နှစ်အရွယ်၊ ဝမ်းအိုဝင် မ
ရဲဘော်မောင်အုံခေါ် ရဲဘော်လှ၊ ရဲဘော်ချစ်စံ (ခ) ရဲဘော်ထွန်းလင်းတို့နှ
မိုးကုတ်ပတ္တမြားနယ် တောတောင်ထူထပ်သောနေရာတွင် လေထီးနှင့်အ
ဆင်ခဲ့သူ



ရဲဘော်မောင်မောင်(ခ)ရဲဘော်တင်စိုး၊ အေအက်ဖ်ဖ်အဲလ်မှ ဝမ်းအိုဝမ်း
ဌာနချုပ်တွင် ဒုတိယတာဝန်ခံအဖြစ် တာဝန်ယူခဲ့သူ၊ (စစ်ကြီးပြီးတွင်
ဗမာ့တပ်မတော်သို့ ဝင်ခဲ့သည်။ ဗိုလ်မှူးကြီးတင်စိုး(ငြိမ်း)



ရဲဘော်လှဖေ
(စစ်ကြီးပြီး ဗမာ့တပ်မတော်  သို့ဝင်ရောက်အမှုထမ်းခဲ့တဲ့ ဗိုလ်ကြီးလှဖေ)



ရဲဘော်ဟန်ထွန်း
စစ်ကြီးပြီး ဗမာ့တပ်မတော်သို့ဝင်ရောက်အမှုထမ်းခဲ့တဲ့ ဗိုလ်မှူးဟန်ထွန်း )



ရဲဘော်ကျော်မင်း



ဂျပန်တော်လှန်ရေးကာလတစ်ခုလုံးတွင် ပွဲဦးထွက် တော်လှန်ရာတွင် စစ်ကိုင်းမြို့နယ် သပြေပင်ရွာတိုက်ပွဲတွင် ဗိုလ်သိန်းဦး ဂျပန်ကျည်သင့်သည့်နေရာ (စစ်ကိုင်း ဗိုလ်ကျော်ရွှေတို့က စာရေးသူအား ညွှန်ပြနေပုံ)

ဓာတ်ပုံ–ကျော်ဝင်းမောင်



စစ်ကိုင်းမြို့နယ် သပြေပင်ရွာတိုက်ပွဲတွင် ဂျပန်တော်လှန်ရေးတွင် မွဲဦးထွက်
ကျဆုံးခဲ့သည့် ဗိုလ်သိန်းဦးနှင့် ရဲဘော်တချို့အား မြေမြှုပ်ခဲ့သည့်နေရာ
(စစ်ကိုင်း ဗိုလ်ကျော်ရွှေတို့က စာရေးသူအား ညွှန်ပြနေပုံ)

ဓာတ်ပုံ–ကျော်ဝင်းမောင်

အဲဒီနောက် တိုင်း (၆) တပ်မတော်သားတွေ စည်းရုံးရေး၊ နယ်အုပ်ချုပ်ရေး လုပ်ငန်းတွေ လုပ်နေတဲ့ တိုင်းဌာနချုပ်နဲ့ ကက်စဘီဗြိတိသျှအုပ်ချုပ်ရေးမှာ ဗိုလ်လှရွှေ (အခု သမဝါယမဌာန ညွှန်ကြားရေးမှူး) ဗိုလ်ကြည်ဟန် (အခု အင်ဒိုနီးရှား သံအမတ်ကြီး)နဲ့ သခင်လှကွန်းတို့ ဆက်သွယ်ရေး အရာရှိအဖြစ် တာဝန်ယူခဲ့ရပါတယ်။

ဒီလို တာဝန်ယူနေတုန်း သခင်လှကွန်းတို့ကို တောင်ငူစစ်မျက်နှာမှာ တောင်ငူပြောက်ကျားနဲ့ ပေါင်းပြီး တာဝန်ယူဖို့ ဖို့ဒ် ၁၃၆ တပ်ဖွဲ့က ညွှန်ကြားတယ်။ ဒါနဲ့ တပ်ကုန်းမြို့နယ် ပြောက်ကျားဆီက လက်နက်တချို့ တဝက်ယူပြီး ကျွဲပွဲမှာရှိတဲ့ ရဲဘော်မြတို့ ပြောက်ကျားတပ်ရင်းနဲ့ ပူးပေါင်း တာဝန်ယူကြရပြန်တယ်။ ကပ္ပတိန် ဟဲစ်ဗင်စတုန်းနဲ့ ရဲဘော်စိုးမောင်တို့က တော့ ထန်းတပင်နယ်ဘက်မှာ တာဝန်ယူ ကျန်ရစ်ခဲ့ကြတယ်။ ကပ္ပတိန် ရှဘင်စကိန်း၊ ဆာဂျင်ဘရောင်း သခင်လှကွန်း ၃ ဦး ရဲဘော်မြတို့ စခန်းကို ရောက်ကြတယ်။

မန်းဝင်းမောင်၊ကိုချစ်ကောင်းတို့နဲ့အတူ လေထီးနဲ့ ဆင်းခဲ့တဲ့ မေဂျာ ဂျေစီဘရင်တန် ၁၉၄၅ ခု၊ ဇွန်လ ၃ ရက်နေ့ စစ်တောင်းမြစ်ကမ်းရှိ "ရေအိုးစင်" တိုက်ပွဲမှာ ကျဆုံးပြီးစ ဖြစ်တယ်။ ဒီတိုက်ပွဲမှာ မေဂျာဘရိုင်တန်ဟာ တောင်ငူပြောက်ကျားတွေနဲ့အတူ ရှပ်ရှပ်ချွံချွံ တိုက်ခိုက်ရင်း ကျဆုံးရခြင်းပါ။

ဒီတိုက်ပွဲမှာ ကျဆုံးခဲ့တဲ့အတွက် မေဂျာဂျေစီဘရင်တန်ဟာ ဗြိတိသျှအစိုးရက ပေးတဲ့ (အဖ်မ်စီ) ဆုတံဆိပ်ကို ရခဲ့တယ်။

ဒီအချိန်က ကျွဲပွဲ စိတ္တသုခ စခန်းရှိ ပြောက်ကျားဌာနချုပ်ကို၊ မဟာမိတ်တပ်တွေနဲ့ ဆက်သွယ်တဲ့အခါ လွယ်ကူအောင် ဖို့ဒ် ၁၃၆ ရိန်းဒီယားလို့ နာမည်ပေးထားတယ်။ ဒီရိန်းဒီးယားအဖွဲ့ထဲ သခင်လှကွန်းတို့ လေထီးအစုက ထပ်ပြီး အားဖြည့်ပေးလိုက်ရတယ်။

ကပ္ပတိန် ရှဘင်စတိန်၊ ဆာဂျင်ဘရောင်းတို့က တပ်ရင်းဌာနချုပ်မှာ ကိုမြနဲ့အတူ တွဲဖက်တာဝန်ယူနေပြီး၊ သခင်လှကွန်းတို့ကတော့ ညောင်ခြေထောက် (ဇေယျာဝတီ)ကို လုံးဝ တာဝန်ယူစေတယ်။ သခင်လှကွန်း ရောက်ပြီးတဲ့နောက်မှာပဲ၊ သခင်လှကွန်း၊ ဦးထွန်းရွှေ၊ ကိုညွန့်တို့ ဦးစီးတဲ့ ညောင်ခြေထောက် ပြောက်ကျားတွေက အရေးကြီးတဲ့ အောင်ပွဲတစ်ခုကို ရလိုက်တယ်။ ၃ လိုင်း

ကြယ် ၂ ပွင့် ဗိုလ် ၅ ယောက်နဲ့ ဂျပန်တပ်သား (၉)ယောက် လက်နက်ချ အဖမ်းခံတယ်။

နောက် ဇေယျဝတီတိုက်ပွဲမှာ ဇေယျဝတီ ပြောက်ကျားတပ်ကို ကိုသိန်းမြင့်နဲ့ သခင်လှကွန်းတို့ဦးစီးပြီး ဇေယျဝတီမြောက်ဘက် ပြောင်သေရွာ အနောက်ဘက် ရေရှည်ကြီးရွာနဲ့ အရှေ့ဘက် ဂရုံရွာတွေမှာ ခွဲပြီး တပ်ချထားတယ်။ ဒီတိုက်ပွဲမှာ ဂျပန်တွေ အလောင်းချင်း ထပ်ကျန်ရှိခဲ့ပါတယ်။ မြင်မကောင်း ရှုမကောင်း ဖြစ်ပေမယ့် "သေသည် ရှင်သည်တို့ မမှုတော့ပြီ" ဆိုတဲ့ ဂျပန်စစ်ချီသီချင်းအတိုင်းပဲ၊ ဂျပန်တွေဟာ စစ်တောင်းမြစ်ဆီကို ပစ်ဆုတ်ဆုတ် နေကြတယ်။

မြန်မာ့တပ်မတော်၊ ပြည်သူ့ပြောက်ကျားနဲ့ မဟာမိတ်တပ်တွေဟာ မဟာအောင်ပွဲတစ်ခုကို ဆင်နွှဲနိုင်ခဲ့ပါတယ်။

မေလကုန်လောက်မှာ ပြည် သာယာဝတီဘက်က ကူးလာတဲ့ မြန်မာ့တပ်မတော် ဗိုလ်မှူးဗလရဲ့ တပ်ရယ်၊ ကာနယ်ရှိခန် ဦးစီးတဲ့ ဖရန်တီယာဖိုစ် ရိုင်ဖယ်တပ်ရယ်၊ သခင်လှကွန်းတို့ ခေါင်းဆောင်ထားတဲ့ အင်အား ၆ဝ ခန့်ရှိတဲ့ ပြောက်ကျားတပ်စိပ် ငါးစိပ်ရယ် ပေါင်းပြီး၊ ရေလှိုင်းကြီးလို တရိပ်ရိပ် တက်လာတဲ့ ဂျပန်တပ်တွေကို ကိုယ့်တာ၊ သူ့တာ တာဝန်ခွဲပြီး တိုက်ခဲ့ကြတယ်။

တချို့ ပြောက်ကျားရဲဘော်တွေနဲ့ ဗိုလ်မှူးဗလရဲ့ မြန်မာ့တပ်မတော်ရဲဘော်တွေဟာ အားမလိုအားမရ ဖြစ်ပြီး တင့်ကားတွေပေါ်က၊ သံချပ်ကာကားတွေပေါ်က ဖြောင်ရပ်ပြီး ဆီးကြိုပစ်ကြတယ်။ အင်္ဂလိပ် အာလ်အေဆက်စ် စစ်လေယာဉ်တွေက ဗုံးချစက်သေနတ်ပစ်တယ်။

ကားလမ်းမရဲ့ အရှေ့ဘက် အနောက်ဖက်ရွာမှာရှိနေတဲ့ ပြောက်ကျားတပ်တွေက ကားလမ်းကနေ ခွဲဆင်းလာတဲ့ ဂျပန်တပ်ဆွယ်တွေကို ဆီးတိုက်နှောင့်ယှက်ပြီး သခင်လှကွန်းတို့ဆီ သတင်းပို့တယ်။

အဲဒီချီလာတဲ့ ဂျပန်စစ်ကြောင်းတွေဟာ ညနေ ၃ နာရီလောက်ကျတော့ မရှိတော့ဘူး။ သေတဲ့အလောင်းတွေရယ်၊ ဒဏ်ရာရသူနဲ့ ပုန်းအောင်းနေသူတွေက အစ ငါးပုံလေးပုံက ကားလမ်းနဲ့ စစ်တောင်းမြစ်ကြားက ရွာတွေကို ပြန်သိမ်းပြီး စစ်တောင်းမြစ်ကို ဖြတ်ကျော်တယ်။ ရွာတွေကို ဝင်တိုက်တယ်။

အဲဒီမယ် အင်္ဂလိပ်တပ်တွေက ကားလမ်းကျော်ပြီး လိုက်မတိုက်ဘူး။ ပြောက်ကျားတွေ သတင်းပို့တဲ့ အပေါ်၊ ရန်သူရှိတဲ့ စခန်းကို အဝေးက

မော်တာနဲ့ ပစ်၊ အမြောက်နဲ့ပစ်၊ နောက် လေတပ်ခေါ်ပြီး ဗုံးကြဲ စက်သေနတ်ပစ် ခိုင်း၊ အဲဒီလိုပဲ တိုက်ပွဲဆင်ကြတယ်။

မြန်မာ့တပ်မတော်နဲ့ မြန်မာပြောက်ကျားတွေပဲ လိုက်တိုက်တယ်။ ဒါကို အရှေ့တောင်အာရှ စစ်ဌာနချုပ်က သိရှိပြီး အသိအမှတ်ပြု မှတ်တမ်းတင် ထားတယ်။

ဂျပန်တွေ တောင်ခြေကားလမ်းကို ဖြတ်ကျော်လာတဲ့ ခရီးဆိုရင်၊ တောရိုင်းဆင်အုပ်ကြီး ဖြတ်ကျော်သွားသလို၊ တောအုပ်ကြီး တစ်ခုလုံး ပြားဆင်းသွားသတဲ့ အတိုင်းပါပဲတဲ့။ ဂျပန်တွေ ဖြတ်ဆင်းလျှောက်ခဲ့တဲ့ တောစပ်နဲ့ လယ်တောတွေ ပြားပြားဝပ်ပြီး ကျန်ခဲ့တယ်။ ဒါလောက်ဆို ဂျပန်တပ်မကြီးရဲ့ အင်အားကို ခန့်မှန်းနိုင်ကြမှာပါပဲ။

တောင်ငူပြောက်ကျားခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ရဲဘော်မြက သူရဲ့ ဖက်ဆစ်တော်လှန်ရေး ပြည်သူ့ရဲခေါင်ပြောက်ကျားစာအုပ်မှာ ဒီလို ဖော်ပြထား ပါတယ်။

> "ဂျပန်စစ်သားတွေ ၅ ယောက်တစ်တွဲ အတန်းလိုက် ချီတက်လာ နေကြသည်မှာ လူထုလှည့်လည်ပွဲ ချီတက်လာနေသည့်ပမာပင် ဖြစ်သည်"
>
> "ယင်း ဂျပန်စစ်သားတန်းကြီးက တလှုပ်လှုပ် တရွရွ တန်းစီချီတက်နေသည်။ ယင်းစစ်သားတန်းကြီး၏ မြောက်ဘက်မှာ ဂျပန်စက်ကြီးတပ်ဖွဲ့များက စက်ကြီးများကို ဖေယျဝတီမြို့ဆီသို့ ချိန်ရွယ် ကာ၊ မရပ်မနား ပစ်ခတ်ပေးနေသည်။ ယင်းပစ်ခတ်ပေးသည့် ကျည်ဆန် များအောက်မှာ အကာအကွယ်ဖြင့် ဂျပန်စစ်သားတန်းကြီးက ချီတက် နေသည်"
>
> (မြ/ရဲဘော်၊ ဖက်ဆစ်တော်လှန်ရေး ပြည်သူ့ရဲခေါင် ပြောက်ကျား၊ ရန်ကုန်–ပြည်သူ့ပိုင် စံပယ်ပုံနှိပ်တိုက်၊ ၁၉၇၁ ခု မျက် ၃၇၁)။

စစ်တောင်းမြစ်ကို ဦးတည်ပြီး ဆုတ်လာတဲ့ ဂျပန်တွေဟာ အများအားဖြင့် ရခိုင်နဲ့ အင်ဖား၊ ကိုဟီးမားတို့က ဆုတ်ခွာလာကြတဲ့ စစ်သားတွေ များတယ်။ ပိုးဟတ်ဖြူတွေနဲ့ မခြားဘူး၊ ရောဂါအမျိုးမျိုး ရခဲ့ကြသူတွေပဲ၊ တချို့လဲ တောင်ဝှေးကို အားပြုပြီး လျှောက်လာကြတယ်။ ငတ်ပြတ်နေကြတဲ့သူတွေပဲ။

တချို့ လမ်းကောင်းကောင်း မလျှောက်နိုင်တော့ဘူး။ မြန်မာ့တပ်မတော်ရဲဘော်တွေ၊ ပြောက်ကျားတွေနဲ့ မဟာမိတ်တပ်တွေက တဝုန်းဝုန်း တဒိုင်းဒိုင်း ပစ်နေတဲ့ ပစ်ကွင်းထဲ ဝင်လာနေတာဟာ ပိုးဖလံတွေ မီးထဲ ဝင်တိုးနေတာနဲ့ မခြားဘူး။

ဂျပန်တွေဟာ အသေခံပြီး တရိပ်ရိပ် ချီလာကြတယ်၊ သွေးခနဲ သွေးခနဲ အတုံးအရုံး ရှေ့ကကျဆုံးသွားတဲ့ သူတို့ရဲ့သွေးချင်းသားချင်းတွေရဲ့ အလောင်းတွေပေါ် ကျော်ဖြတ်ပြီး လျှောက်နေတယ်။ သူတို့အတွက် ပြေးစရာလဲ မရှိ စားစရာလဲ မရှိတော့ဘူး၊ ဒါကြောင့် သေဖို့ လမ်းကလွဲလို့ သူတို့မှာ တခြားလမ်းမရှိတော့ဘူး။ သေရင် မြန်မြန်အေးတာပဲ ဆိုတဲ့ စိတ်ကို တုံးတုံးချပြီးများ ဗုံးတွေ စက်သေနတ်တွေထဲ သူတို့ လျှောက်နေလေရော့သလား။ သူတို့ကတော့ သေတာနောက်ဆုံးပဲဆိုပြီး ဂျပန်ပြည် တိုကျိုမြို့တော်ဆီကို ဒီဗုံး အမြောက် စက်သေနတ်တွေကြားကနေ ဦးတည်ပြီး သွားနေတယ်။

နောက်ဆုံး သွေးပင်လယ်ထဲ ဖြတ်ကျော်သွားနေတယ်လို့တောင် တင်စားပြီး ပြောရမတတ်ပဲ။ အလောင်းတွေ အလောင်းတွေ သွေးတွေ သွေးတွေထဲ ဖြတ်ကျော်လျှောက်နေတဲ့ ဒီဂျပန်ဖက်ဆစ်တပ်သားတွေက စိုးရိမ်ကြောင့်ကြမှု မရှိတဲ့ဟန်နဲ့ ခပ်တည်တည်ကြီး ချီတက်နေပေမယ့် သူတို့နဲ့ ကိုက် ၁၅၀ လောက်က မော်တာသေနတ်၊ မောင်းပြန်အမျိုးမျိုးနဲ့ ပစ်မလွဲတဲ့ ဂျပန်အုပ်ထဲကို ပစ်ခတ်နေတဲ့ ဗိုလ်မှူးဗလနဲ့ မြန်မာ့တပ်မတော်၊ ကိုမြ၊ သခင်လှကွန်းတို့နဲ့ ပြောက်ကျားတွေဟာ ပစ်ရင်းပစ်ရင်းကနေ အားမလိုအားမရ ဖြစ်ကြတယ်။ နောက်ဆုံး တင့်ကား သံချပ်ကာကားပေါ်တွေက မတ်တတ်ရပ်ပစ်ကြတယ်။ ဂျပန်တွေ အတုံးအရုံး ကျဆုံးနေတာတွေကို မြင်ရဖန်များလာတော့ သွေးပျက်ဖြူရှုးချင်စိတ် ပေါက်မလောက်ဘဲ။ ပစ်သတ်နေရတာကိုပင် အားနာရမလိုပဲ။

တောင်ငူနယ်တစ်လျှောက်မှာ စစ်ပြီးတော့ အောင်ပွဲနဲ့ ပတ်သက်ပြီး ရဲဘော်မြက ဒီအတိုင်း စာရင်းချုပ်ထားလိုက်ပါတယ်။

> ဖက်ဆစ်များအား စတင်တော်လှန်ချိန်မှ စ၍ ဩဂုတ်လ ၁၄ ရက်နေ့ ဂျပန်တို့ လက်နက်ချ အရှုံးပေးပြီးနောက် စစ်တောင်းမြစ်ဖမ်း တိုက်ပွဲများပြီးသည်အထိ တိုက်ပွဲစာရင်းချုပ်ခဲ့သည်။
>
> ဖက်ဆစ်ရန်သူပေါင်း ၇၁၅၉ ယောက်ကို သေကြေကျဆုံးစေခဲ့သည်။ ထိုစဉ်က ရန်သူတို့မှာ အလောင်းချင်းထပ်မျှပင် စုပြုံကျဆုံး

ခဲ့ကြရသည် များသည်။ ဧယျဝတီတိုက်ပွဲတွင် ရန်သူတို့အလောင်းများမှာ ဧယျဝတီ ကွင်းတစ်ကွင်းလုံး မြင်မကောင်းအောင် အနံ့အပြား ဖြစ်စေသလို စစ်တောင်းမြစ် ရေယဉ်ကြောတွင် ဖက်ဆစ်ရန်သူတို့ အလောင်းများမှာ ကြည့်မကောင်းအောင် အဆက်မပြတ် မျောပါခဲ့ကြသည်။

အုတ်ဖြတ်တိုက်ပွဲတွင် အုတ်ဖြတ်ရွာ အနောက်ဘက်နှင့် အောက်ခုံရွာအကြားတွင် ရန်သူတို့အလောင်းများ ရာနှင့်ချီ၍ စုပုံနေရာ ရဲဘော်တင်ဖေတို့ မြို့နယ်တပ်က အလောင်းများကို မြစ်တွင်းသို့ လူအင်အားနှင့် ဆွဲချ၍လည်း မနိုင်၊ ထို့ကြောင့် ရန်သူအလောင်းများကို တပ်များနှင့် ပေါင်း၍ပင် မြစ်ထဲသို့ချခဲ့ရသည်။

ရန်သူတို့၏ အကျအဆုံးမှာ ၇၀၀၀ ကျော် ရှိခဲ့သလို ဒဏ်ရာရသူများမှာ လည်း ထောင်နှင့်ချီခဲ့သည်။ စာရင်းရသမျှ ဖက်ဆစ်တို့ဘက်မှ ဒဏ်ရာရသူပေါင်း မှာ ၅၇၇၃ ဖြစ်သည်။

"သုံ့ပန်းပေါင်း ဒီလောက်ဖမ်းမိနိုင်တယ်ဆိုတာ တော်တော်ကို ထူးခြားတယ်။ အခြားလူမျိုးတွေနဲ့ စစ်တိုက်ရတဲ့အခါ သုံ့ပန်းရဖို့ လွယ်သလောက် ဂျပန်ကို သုံ့ပန်းအဖြစ် ရဖို့ မလွယ်ဘူး။ ဒီအချက်ကို မဟာမိတ်တွေ ကိုယ်တိုင်က အသိအမှတ်ပြုကြတယ်"ဟု ဗိုလ်ချုပ်အောင်ဆန်းက ထုတ်ဖော်ပြောဆိုခဲ့သည်။

ထို့ပြင် တောင်ငူရဲခေါင် ပြောက်ကျားတို့သည် ရန်သူ့ထံမှ လက်နက်မျိုးစုံ အမြောက်အမြားကိုလည်း သိမ်းယူရရှိခဲ့သည်။

အင်္ဂလိပ်လုပ် သေနတ်ကြီး / ငယ် ၄၀၀ ခန့်။

ဂျပန်၊ ဂျာမန်၊ တရုတ် လက်နက်ကြီးငယ်ပေါင်း ၂၅၀၀ ခန့် အမြောက်နှစ်လက်။

ကျည်ဆန် အမြောက်အမြား။

ဆင်များ၊ မြင်းများ။

ဝိုင်ယာလက်စက်များ၊ တယ်လီဖုန်း ကိရိယာများ၊ မှန်ပြောင်းများ၊ ကင်မရာများ၊ ဆေးဝါးများ အမြောက်အမြား စသည်တို့ ဖြစ်သည်။ အထက်ပါတို့မှာ ရန်သူ၏ အဆုံးအရှုံး၊ ပြောက်ကျားတို့၏ အောင်ပွဲ အချက်အလက်တို့ပင် ဖြစ်သည်။

(မြ/ရဲဘော်၊ ဖက်ဆစ်တော်လှန်ရေး ပြည်သူ့ရဲခေါင် ပြောက်ကျား ရန်ကုန်၊ ပြည်သူ့ပိုင် စံပယ်ပုံနှိပ်တိုက်။ ၁၉၇၁ ခု မျက် ၄၇၀၊ ၄၈၀။

ဂျပန်တွေ စစ်တောင်းမြစ်အရှေ့ဘက်ကို ဖြတ်ကျော်သွားတဲ့အခါ တချို့ အားပြတ်ပြီး မလိုက်နိုင်တဲ့ ဂျပန်တွေက ရွာတွေမှာ ဝင်ပုန်းပြီး ကျန်ရစ်ခဲ့တာတွေလဲ မရှားဘူး။ အဲဒီမှာ ရင်နင့်စရာ အဖြစ်အပျက်တစ်ခုကို ရွာတစ်ရွာက နွားတင်းကုတ်ထဲမှာ သွားကြုံရပါတယ်။ ဒါက –

တိုက်ပွဲတွေ ပြီးသွားတော့ ရွာအပြင် တိမ်းရှောင်နေတဲ့ ရွာသားတွေ မိမိတို့ ရွာတွေဆီ ပြန်ဝင်လာကြပါတယ်။ ရွာတစ်ရွာမှာ ရွာသားလင်မယား နှစ်ယောက်ဟာ သူတို့အိမ်ကို ဝင်လာတော့ ဂျပန်တစ်ယောက် နွားတင်းကုတ်ထဲမှာ ပုန်းနေတာကို လင်မယားနှစ်ယောက်က မြင်ပြီး ရန်သူပဲဆိုပြီး ပါလာတဲ့ဓားနဲ့ ဝင်ခုတ်ပါတော့တယ်။

ဂျပန်ကတော့ ငှက်ဖျားရောဂါတို့ ဘယ်ရီဘယ်ရီရောဂါတွေကြောင့် မလှုပ်နိုင် မရှားနိုင် ဖြစ်နေတဲ့အပြင် ခုခံနိုင်စရာလဲ သေနတ်လက်နက်လဲ သူ့မှာ မရှိဘူး၊ ရွာသားရဲ့ လက်နက်နဲ့ပဲ ဖိဝိန်ပြုတ်ခဲ့ပါတော့တယ်။

လယ်သမားရဲ့ဓားချက်က အဆက်မပြတ် တွေ့ရာခုတ်မိတော့ ဗိုက်ပြတ် အူပြတ် ဖြစ်သွားတယ်။ အစာအိမ်ထဲက မျက်တွေ ထွက်လာပါတော့တယ်။ ဒီအဖြစ်ကို မြင်လိုက်တဲ့ ရွာသူဇနီးက မျက်ရည်တွေ မထိန်းနိုင် မသိမ်းနိုင်ဘဲ ငိုပါရောတဲ့၊ ပြီးတော့ ငိုကြီးချက်မနဲ့ –

"ဒီဂျပန်ဟာ မြက်စားပြီး အသက်ရှင်ဖို့ ကြိုးစားနေရတာမှန်းသိရင်၊ ကျုပ်လင်ကို ဓားနဲ့မခုတ်ဖို့ ဝင်တောင်းပန်ပါရဲ့"ဆိုပြီး ငိုရှာပါသတဲ့။

မြန်မာပြည်သူတွေပေါ် ဂျပန်ဖက်ဆစ်တွေ ဘယ်လောက် နှိပ်စက် သတ်ဖြတ်ခဲ့ကြပေမယ့် ဂျပန်တွေ တော်ပြတ်လာပြန်တော့လဲ ကြည့်မနေနိုင်ကြပါ ဘူး၊ ကျေးတာမွေးတာတွေ ရှိပါတယ်။ အာဃာတ မထားကြဘူး၊ ကြည့် အစာရေစာပြတ်ပြီး နွားတင်းကုတ်ထဲဝင် နွားလို မြက်စားပြီး အသက်ကို ဆက်နေရတဲ့ အဖြစ်မျိုး မြင်ရပြန်တော့ ဂျပန်တွေ သုံးနှစ်သုံးမိုး မြန်မာပြည်သူ တွေကို အရှင်လတ်လတ် မြေမြှုပ်သင်္ဂြိုဟ်ခဲ့တာတွေကိုတောင် မေ့သွားပြီး "ဖြစ်မှ ဖြစ်ရပလေရယ်တော်"ဆိုပြီး မျက်ရည်ကျခဲ့ရသေးတယ်။ ဒါက လူသားတွေမှာ ရှိတတ်တဲ့ ခွင့်လွှတ်တတ်တဲ့ သဘောပဲ။

(စစ်ဟာ ဘယ်လောက် ရွံရှာမုန်းတီးစရာ၊ နာကြည်းစရာကောင်းသလဲ ဆိုတာ၊ ပြီးတော့ တစ်ပါတည်းမှာ စစ်ဟာ လူသားအနွယ်တစ်ရပ်လုံးကို ဘယ်လိုမှ ကောင်းကျိုးမပေးဘူးဆိုတာကို ကမ္ဘာ့ပြည်သူတွေက နေ့စဉ်နဲ့အမျှ မှတ်တမ်းတင်နေကြတယ်။ ပြီးတော့ စစ်ကို ဆန့်ကျင်နေကြတယ်။ တစ်ဘက်နဲ့ တစ်ဘက် လက်နက်တွေကိုင်ဆောင်ပြီး တိုက်နေကြတဲ့ စစ်သားတွေကတော့ လုပ်သားပြည်သူတွေရဲ့ သားသမီးတွေချည်း ဖြစ်ပါတယ်။ ဂျပန်ဖက်ဆစ် စစ်သားတွေ သေသေ၊ အင်္ဂလိပ် အမေရိကန်စစ်သားတွေ နာနာ ခံရသူတွေ ကတော့ လုပ်သားပြည်သူတွေရဲ့ သားတွေချည်းပါ။ ဒါပေမယ့် စစ်ကို အကြောင်းပြုပြီး စီးပွားရှာနေတဲ့ ကမ္ဘာ့နယ်ချဲ့ အရင်းရှင်ကြီးတွေကတော့ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုပြီး စစ်မီးနဲ့ ကစားဖို့ အတန်တန် ကြိုးစားတုန်း၊ ဒီစစ်သွေးဆာနေတဲ့ အရင်းရှင်ကြီးတွေကို ကမ္ဘာ့ပြည်သူတွေက မြေမြှုပ်သုတ်သင်မပစ်နိုင်သေးသမျှတော့ သူက မီးကို တကိုင်ကိုင်နဲ့တော့ နေဦးမှာပဲ။

ဒါကြောင့် ကမ္ဘာ့ပြည်သူတစ်ရပ်လုံးက အန္တရာယ်ကို အမြဲတမ်း မျက်ခြည်မပြတ် သတိရှိရှိနဲ့ တားဆီးနေကြရပေလိမ့်ဦးမယ်။ စာရေးသူ)

တိုက်ပွဲတွေပြီးတော့ အတုံးအရုံး ကျဆုံးတဲ့ ဂျပန်အလောင်းတွေကို အင်အားနဲ့ စစ်တောင်းမြစ်ထဲ ဆွဲချလိုချရ၊ ဆင်နဲ့ အောင်းပြီး ထိုးချလိုချရနဲ့ အလောင်းတွေ ရှင်းလင်းပစ်နေရပါတယ်။

တွေ့တဲ့ရွာသားတွေလဲ ချောဆွဲရပါတယ်၊ ဒီအထဲ အရပ်သားတွေလဲ ပါတယ်ပေါ့။ သူတို့ကိုတော့ အရက်ဖိုးပေးပါမယ်၊ ဝင်ပြုပြီး အလောင်းတွေ ရှင်းပေးပါဦးလို့ သခင်လှကွန်းတို့က အကူအညီတောင်းကြရတယ်၊ ဒီတော့ အရက်သမားတစ်ယောက်က -

"ဂျပန်ငပုတွေ နင်တို့ အသက်ရှင်နေတုန်းကလဲ တို့ကို ချောဆွဲတယ်၊ အခု ခွေးသေဝက်သေ သေပြန်တော့လဲ ချောဆွဲတာပဲ၊ ဆွဲလို့ကို မပြီးသေးဘူး၊ သောက်ကမြင်းမကောင်တွေ" ဆိုပြီး မူးမူးနဲ့ ဆဲဆိုကြိမ်းမောင်းရင်း အလောင်းတွေ မြစ်ထဲ ဆွဲချပစ်ပါတော့တယ်။

ဒီဇေယျဝတီတိုက်ပွဲကြီးပြီးတဲ့နောက် သခင်လှကွန်းတို့ နောက်ထပ် တိုက်ပွဲတွေ မကြုံတော့ဘူး။ ဒီလိုနဲ့ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားပါတယ်။

---

ဝန်းမော်စာဆတိုက်

အဲဒီ စစ်ပြီးသွားပြန်တော့ နယ်မြေငြိမ်ဝပ်ပိပြားရေးကို ဆောင်ရွက်နေရပြန်ပါတယ်။ အဲဒီမှာ အင်္ဂလိပ် ကက်စ်ဘီအုပ်ချုပ်ရေးက မလာသေးဘူး။

ဩဂုတ်လကုန်လောက်ကျတော့ ကပ္ပတိန် ရှဘင်စတိန်းတို့နဲ့အတူ သခင်လှကွန်းတို့အဖွဲ့ တောင်ငူကနေ မင်္ဂလာဒုံလေယာဉ်ကွင်းကို စီ ၄၆ ဒါကိုတာနဲ့ လိုက်ပါသွားကြပါတယ်။

မင်္ဂလာဒုံရောက်တော့ အိမ်ပြန်ဖို့ ခွင့်မပေးဘူး၊ မြန်မာ့တပ်မတော်ပြန်လည်ဖွဲ့စည်းတော့မှာမို့ သခင်လှကွန်းကို "ဗြိတိသျှတပ်က လွှဲပြောင်းပေးတဲ့ အရာရှိအဖြစ် လက်ခံပါ"လို့ သွေးဆောင်စည်းရုံးတယ်။ ဒါပေမယ့် သခင်လှကွန်းက လက်မခံဘူး။

အဲဒီလို စည်းရုံးသိမ်းသွင်းနေတဲ့ ကာလအတွင်း မြို့ထဲသွားရင် သခင်လှကွန်းချည်း မလွှတ်ဘူး၊ အင်္ဂလိပ်တွေနဲ့သာ အတူသွားရတယ်။ စနေနေ့တစ်နေ့ကျတော့ သူတို့မြို့ထဲ သွားရင် လိုက်ပို့ပေးလေ့ရှိတဲ့ စစ်ကားမောင်းတဲ့ ဆာဂျင်အင်္ဂလိပ်ကို မြို့ထဲလိုက်ပို့ဖို့ ခပ်တည်တည်ပဲ ပြောလိုက်တယ်။ တာဝန်ခံတပ်မှူးဆီ ခွင့်မတောင်းဘဲ သခင်လှကွန်းဟာ သူ့အထုပ်အပိုးတွေကို စတေရှင်ဝက်ဂွန်းကားပေါ်တင်၊ ကာဘိုင်နဲ့ ပစ္စတိုကို ယူပြီး၊ စမ်းချောင်းက သခင်သန်းထွန်းအိမ်ကို မောင်းခိုင်းပါတော့တယ်။ သခင်သန်းထွန်းအိမ်မှာ ဆင်းနေလိုက်ပြီး၊ကားကို ပြန်လွှတ်လိုက်ပါတယ်။

နောက်တစ်ပတ်လောက်ကျတော့ မေဂျာဘတ်တားစမီး လိုက်ပြီး ခေါ်ပါတယ်။ စစ်ထဲဝင်ဖို့ စည်းရုံးပါတယ်၊ သခင်လှကွန်းက ငြင်းလိုက်တော့မှ ကာဘိုင်ကို ပြန်တောင်းပါတယ်။ ကာဘိုင်ပြန်ယူပြီး မေဂျာဘတ်တားစမီး ပြန်သွားပါတော့တယ်။

အဲဒီအချိန်က စပြီး သခင်လှကွန်းဟာ ကွန်မြူနစ်ပါတီမှာ ဆက်လက်တာဝန်ယူနေလိုက်ပါတော့တယ်။

**သခင်လှကွန်း**

သခင်လှကွန်းဟာ အဖ ဦးဘအေး အမိ ဒေါ်ကြည်တို့မှ ၁၉၂၂ ခု ဩဂုတ်လ (၃၀) ရက်နေ့မှာ မွေးဖွားပါတယ်။ မွေးဇာတိက ရေနံချောင်းကပါ။ ဖခင်က ဘီအိုစီ ကုမ္ပဏီနဲ့ အိုင်ဘီပီ ဌာနတို့မှာ မော်တော်စက်ပြင်ဆရာ၊ ဖခင်ဆုံးပြီး မိခင်သာ ခုထိ အသက်ရှင်လျက်

ရှိနေပါတယ်။ ရေနံချောင်း၊ လမ်းရွာနဲ့ ရေနံချောင်းမြို့တွေမှာ ပညာသင်ကြားခဲ့ပါတယ်။ ၁၉၃၉ ခုနှစ်ထဲမှာ ဒို့ဗမာအစည်းအရုံးဝင်ခဲ့ပါတယ်။ ကျောင်းသားသမဂ္ဂနဲ့ သပိတ်မှောက်ကျောင်းသား ဖြစ်ပါတယ်။ ကျောင်းထွက်တော့ ထောင်နှစ်ခါကျခဲ့ပါတယ်။ မြင်းခြံ၊ မန္တလေး၊ အင်းစိန် ထောင်တွင် နေခဲ့ရပါတယ်။ ထောင်ထဲမှာ ကွန်မြူနစ်ပါတီဝင်ဖြစ်ခဲ့ပါတယ်။ စစ်ဖြစ်တော့ ဘီအိုင်အေထဲ ဝင်ခဲ့ပါတယ်။ ဘီအိုင်အေဖျက်တော့ ကွန်မြူနစ်ပါတီ အာရှလူငယ် အစည်းအရုံးနဲ့ ဖက်ဆစ်ဆန့်ကျင်ရေး မြေအောက်လုပ်ငန်းတွေ လုပ်ဖို့ ပခုက္ကူမှာ လက်ထောက်မြို့ပိုင် ဝင်လုပ်ခဲ့ပါတယ်။ အိန္ဒိယကို သွားရောက်ပြီး စစ်ပညာသင်ကြားခဲ့ပြီး လေထီးနဲ့ ဆင်းခဲ့ရပါတယ်။ ဂျပန်တော်လှန်ရေးအပြီးမှာ ကွန်မြူနစ်ပါတီ ဌာနချုပ်မှာ တာဝန်ယူခဲ့ပါတယ်။

၁၉၄၆ ခု ကွန်မြူနစ်ပါတီ ကွဲတော့ သခင်သန်းထွန်း၊ ကိုသိန်းဖေတို့ ခေါင်းဆောင်တဲ့ ဗမာပြည် ကွန်မြူနစ်ပါတီဘက် လိုက်ပါခဲ့ပါတယ်။ ကွန်မြူနစ်ပါတီ အာဘော်ဖြစ်တဲ့ ပြည်သူ့အာဏာနဲ့ ကွန်မြူနစ်နေ့စဉ် သတင်းစာတို့ရဲ့ အယ်ဒီတာအဖွဲ့ဝင်အဖြစ် လုပ်ခဲ့ပါတယ်။ နောက် မကွေးခရိုင် စည်းရုံးရေးကော်မတီအဖြစ် ပြောင်းရွှေ့တာဝန်ယူခဲ့ပါတယ်။ ၁၉၄၈ ခု မတ်လ ၂၇ ရက် နေ့မှာ ရေနံချောင်းမှာ တော်လှန်ရေးတရားပွဲဟောပြောပြီး အဖမ်းခံရတယ်။ ရေနံချောင်း အချုပ်ကနေ သာယာဝတီထောင်ကို ရောက်ခဲ့ရပြန်ပါတယ်။ ၁၉၄၉ ခုနှစ် ထောင်ဖောက်ပြီး တောက်လျှောက် ဗကပအဖွဲ့ဝင်အဖြစ် တောခိုခဲ့ပါတယ်။ ၆၁ ခုနှစ် ဇူလိုင် ၃၀ ရက်မှာ လက်နက်ချလိုက်ပါတယ်။ ပြီးတော့ ယူနိုက်တက်ဖ်ပရက် သတင်းစာမှာ ဘာသာပြန်သူအဖြစ်၊ အမျိုးသား သတင်းစာမှာ နိုင်ငံခြား သတင်းအယ်ဒီတာ၊ လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာ နိုင်ငံခြား သတင်းအယ်ဒီတာ၊ နောက် ဂါဒီယန်းသတင်းစာ အယ်ဒီတာအဖွဲ့ဝင် အဖြစ်နဲ့ လုပ်ကိုင်ရင်း တစ်ဘက်က စာအုပ်များ ရေးသားခဲ့ပါတယ်။ နောက်ဆုံး ကြေးမုံသတင်းစာ အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်လျက် ရှိပါတယ်။

* * *

(သခင်လှကွန်းရဲ့ လေထီးသမား အခန်းကို သခင်လှကွန်းနဲ့ ၁၉၇၁ ခု၊ ဇူလိုင်လ (၈) ရက်နေ့မှ စပြီး အကြိမ်ကြိမ် တွေ့ဆုံမေးမြန်း ရရှိချက်များနဲ့ သခင်တင်မြရဲ့ ဘုံဘဝမှာဖြင့် စာအုပ်၊ ရဲဘော်မြရဲ့ ဖက်ဆစ်တော်လှန်ရေး ပြည်သူ့ရဲခေါင်ပြောက်ကျားစာအုပ်၊ ဘုံပေါက်သာကျော်ရဲ့ တော်လှန်ရေးခရီးဝယ် စာအုပ်တို့မှ ကောက်နုတ်ချက်တွေကို ပေါင်းစပ်ရေးထားခြင်း ဖြစ်ပါတယ်။ – စာရေးသူ)

* * *

## ၁၄။ ရဲဘော်သိန်းဇံ(ခေါ်) သခင်သိန်းမောင်

**ဂျပန်မဝင်ခင်**

ဂျပန်မဝင်မီ သာယာဝတီမြို့မှာ သခင်ခင်အောင်၊ သခင်ချစ်မောင်(ဝိဇ္ဇူရ)၊ သခင်တင်(ဝန်ကြီးဟောင်း)၊ သခင်ဟန်ညွန့်၊ သခင်မြလေးအစရှိတဲ့ ဒို့ဗမာအစည်းအရုံးဝင်တွေဟာ အင်္ဂလိပ်နယ်ချဲ့သမားလက်က လွတ်မြောက်ဖို့ မြေအောက်လုပ်ငန်းတွေကို လုပ်နေကြတဲ့အချိန် ဖြစ်တယ်။ ဟင်္သာတခရိုင်၊ ပြည်ခရိုင်၊ သာယာဝတီခရိုင် အစရှိတဲ့ခရိုင်တွေက ခရိုင်ခေါင်းဆောင်တွေဟာ သာယာဝတီကို ဗဟိုပြုကြပြီး စုစည်းဆောင်ရွက်နေကြတယ်။

ဒီလှုပ်ရှားမှုထဲမှာ သာယာဝတီနယ်သား တစ်ယောက်ဖြစ်တဲ့ သခင်သိန်းမောင်တစ်ယောက်လဲ အပါအဝင်ပေါ့။

သခင်တင်ထွန်း (အခုတောခို ဗ၊ က၊ ပ ကျဆုံး)၊ သခင်တင်မြတို့နဲ့အတူ သခင်သိန်းမောင်လဲ လုပ်ကိုင်ရတယ်။ ဒို့ဗမာအစည်းအရုံး ဌာနချုပ်က ဆင်းလာတဲ့ သခင်ဗဟိန်း၊ ဗိုလ်ကျော်၊ နဂါးနီကိုထွန်းရွှေတို့ သခင်မြ (ဝန်ကြီးဟောင်းကျဆုံး)အိမ်မှာ ရုပ်ဖျက်ပြီး လာရောက်တွေ့ဆုံ ဆွေးနွေးလေ့ရှိတယ်။ ဒီလိုရုပ်ဖျက်လာတာ အင်္ဂလိပ်ပုလိပ်နဲ့ စုံထောက်ဘက်ကလူတွေ နောက်ယောင်ခံမလိုက်နိုင်အောင်လို့ပါ။ ဒီလို လူကြီးတွေက ရုပ်ဖျက်ပြီး လာရောက်တွေ့ဆုံဆွေးနွေးတာကိုပဲ သခင်သိန်းမောင်တို့ လူငယ်တွေက လိုက်လုပ်ကြပါတယ်။

မြန်မာပြည်တစ်ပြည်လုံးရဲ့ လျှို့ဝှက်ဌာနချုပ် စခန်းတစ်ခုကတော့ ရန်ကုန် ဗဟန်းရေတာရှည်လမ်းမှာ ဖြစ်ပါတယ်။ အဲဒီမယ် ခေါင်းဆောင်လုပ်သူက သခင်မြပါ။ အတွင်းရေးမှူးကတော့ ဦးဗဆွေပဲ။ အတွင်းရေးမှူးကိုတော့ မကြာခဏဆိုသလို ပြောင်းရတယ်။ နောက် ဦးကျော်ငြိမ်း ဖြစ်လာပြန်တယ်။

သခင်တင် (သာယာဝတီ)၊ သခင်ဗဟိန်း ကျောင်းသားခေါင်းဆောင်တို့ အကုန်လုံးကျန်ပြီး ကိုလှမောင်ခေါ် ဗိုလ်ဧယျတစ်ယောက်သာ ဂျပန်ကို ပါသွားတယ်။ သခင်အောင်ဆန်း ဂျပန်ရောက်နေပြီး ရဲဘော်တွေရွေးပြီး စစ်ပညာ သင်ဖို့ လွှတ်ပါဆိုတော့ သာယာဝတီကနေ သခင်ရွှေ (ဗိုလ်မှူးကျော်ဇော)၊ သခင်တင်အေး (ဗိုလ်ဘုန်းမြင့်)၊ ကိုစောသွင် (ဗိုလ်မင်းခေါင်–ရွှေတုတ်)တို့ကို ရွေးပြီး စေလွှတ်တယ်။ သာယာဝတီမြို့က သခင်သန်းတင်က ဖော်မိုဆာမှာ ဆုံးကျန်ရစ်ခဲ့တယ်။

နောက်တစ်သုတ်လွှတ်ဖို့ ရှိလာပြန်တော့ သခင်တိုးမောင်ကို ပို့ဖို့ပဲ။ ဒါပေမယ့် မအောင်မြင်ဘူး။ နောက် သခင်ထွန်းရွှေကို လွှတ်တယ်။ ဒါလဲ မအောင်မြင်ဘူး။ ဗိုလ်ဗလတစ်ယောက်ပဲ လိုက်သွားနိုင်တယ်လို့ ကြားရပါတယ်။

သူတို့ကိုပို့ပြီး သခင်သိန်းမောင်တို့ တာဝန်က မြန်မာ့လွတ်လပ်ရေးအတွက် အင်္ဂလိပ်နယ်ချဲ့သမားကို တော်လှန်တိုက်ခိုက်မယ့် လူငယ်လူရွယ်တွေကို စည်းရုံးသိမ်းသွင်းဖို့ပဲ။ ဒါဘာကြောင့် လုပ်ရသလဲဆိုရင် ဂျပန်က ကတိပေးခဲ့တဲ့အတွက်ကြောင့်လို့ သိရတယ်။ ဂျပန်အပြောကတော့ မြန်မာခေါင်းဆောင်တွေက ဂျပန်ပြည်မှာ စစ်ပညာသင်ကြားမယ်၊ တတ်မြောက်ရင် မြန်မာပြည်ပြန်ခဲ့မယ်၊ မြန်မာပြည်မှာ အသင့်စုစည်းထားတဲ့ လူငယ်တွေကိုတစ်ဆင့် စစ်ပညာသင်ကြားပေးရန် ဖြစ်တယ်။ လက်နက်ခဲယမ်းမီးကျောက် ကျပြန်တော့လဲ ဂျပန်က အထောက်အကူပေးမယ်။ အင်္ဂလိပ်နယ်ချဲ့သမားကို ကိုယ့်ဟာကိုယ် လက်နက်စွဲကိုင် တိုက်ရမယ်။ အဲဒီလိုနားလည်မှုနဲ့ သခင်သိန်းမောင်က လူငယ်တွေကို သိမ်းသွင်း စုစည်းထားတယ်။

၁၉၄၂ ခုနှစ်လောက်မှာ သာယာဝတီနယ်ထဲကို ဂျပန်က လေထီးနဲ့ လက်နက်တွေ လာချပေးမယ်ဆိုလို့ သခင်ထွန်းရွှေ၊ သခင်တိုးမောင်၊ သခင်သိန်းမောင် အစရှိတဲ့ရဲဘော်တစ်စုဟာ လူငယ်တွေစုစည်းခေါ်ယူပြီး ပဲခူးရိုးမတောင်မှာ စောင့်ကြတယ်။ ဂျပန်က သူတို့လက်နက်ချပေးမယ့်

နေရာကို ကျင်းတူးပြီး မီးဖိုလုပ်ထားရမယ်။ အဲဒီမှာ လေယာဉ်ပျံနဲ့ လက်နက်ချပေးမယ်ဆိုလို့ ညတိုင်းညတိုင်းမီးဖိုပြီး စောင့်ကြရတယ်။ ဒါပေမယ့် ဂျပန်က လက်နက်လာမချပေးပါ။ ပြီးတော့ ဂျပန်မှာ စစ်ပညာသွားသင်တဲ့ လူတွေလဲ ပြန်မလွှတ်ပေးဘူး။

ဒီတော့ သခင်သိန်းမောင်တို့တစ်တွေ စိတ်ဓာတ်ကျရတယ်။ လိုလိုမယ်မယ်အနေနဲ့ သခင်သိန်းမောင်တို့ သိမ်းသွင်းစည်းရုံးထားတဲ့ ရဲဘော်တွေကိုတော့ သာယာဝတီနယ် တောင်ညိုတောင်ပေါ်မှာ လျှို့ဝှက်စခန်းဖွင့်လှစ်ပြီး သခင်လှဖေက စစ်သင်တန်း ပေးခဲ့တယ်။

## ဂျပန်ဝင်ပြီးနောက်

ဂျပန်ဝင်လာတော့ သခင်သိန်းမောင်တို့ စည်းရုံးသိမ်းသွင်းထားတဲ့ လူငယ် ၁၀၀၀ ကျော်ကို ဌာနချုပ်ကို လွှတ်ရတယ်။ ဒီလူငယ် ၁၀၀၀ ကျော်ကို ဂျပန်ပြန် ဗိုလ်မှူးကျော်ဇောရှိတဲ့ ဝေါ်ရာကုန်းမှာ နေရာချထားပေးရတယ်။ ဒီလူငယ်တွေဟာ ဘီအိုင်အေ၊ ဘီဒီအေနဲ့ ဂျပန်တော်လှန်ရေး ရဲဘော်တွေ ဖြစ်လာကြတယ်။

သာယာဝတီမှာကျန်ခဲ့တဲ့ သခင်ချစ်မောင်၊ သခင်မြလေးတို့က ရန်ကုန်က လာတဲ့ ဗိုလ်သီဟနဲ့အတူ မြို့ပြအုပ်ချုပ်ရေး ငြိမ်ဝပ်ပိပြားရေးတို့ကို ဖွဲ့စည်းအုပ်ချုပ်ခဲ့တယ်။ ပြီးတော့ ဒီအဖွဲ့ကပဲ ဘီအိုင်အေက ကျန်ခဲ့တဲ့တပ်ခွဲတွေကိုလဲ ဆက်လက် အုပ်ချုပ်ထားတယ်။ အဲဒီ ဘီအိုင်အေတပ်ထဲ သခင်သိန်းမောင်လဲ ပါခဲ့တယ်။ လက်နက်စုဆောင်းရေး၊ ရိက္ခာစုဆောင်းရေး၊ ရန်ပုံငွေရှာဖွေရေးတွေလဲ ဆောင်ရွက်ပေးခဲ့ရတယ်။ သခင်သိန်းမောင်တို့ကတော့ ဗိုလ်သီဟတို့ လက်အောက်မှာပဲ တာဝန်ယူနေရတယ်။

ဒို့ဗမာအစည်းအရုံးအပိုင်းမှာ သခင်ထွန်းအုပ်အစုနဲ့ သခင်ကိုယ်တော်မှိုင်းအစု ကွဲပြားသလို၊ သခင်သိန်းမောင်တို့ သာယာဝတီမှာလဲ ကွဲခဲ့တယ်။ သခင်သိန်းမောင်တို့ဆီမှာ သခင်ထွန်းအုပ်အစုက အုပ်ချုပ်ရေးကို ကိုင်တယ်။ ပထမကတော့ အုပ်ချုပ်ရေးကိုရော ဘီအိုင်အေကိုပါ သခင်သိန်းမောင်တို့ပဲ ကိုင်ခဲ့တယ်။ သူတို့က အုပ်ချုပ်ရေးကို သခင်သိန်းမောင်တို့ဆီက ပြောင်းလဲယူတဲ့အခါမှာ ဘီအိုင်အေကိုသာ သခင်သိန်းမောင်တို့ ဆက်ကိုင်ထားတယ်။ သူတို့အုပ်စုကို ဦးဝိလာသကိုယ်တော်၊ သခင်တင်၊ သခင်မြသွင်(သာယာဝတီ

သုံးဆယ် သခင်တင်ရဲ့သား၊ ပန်းဆွဲရွာ သခင်တင်၊ ဝန်ကြီးဟောင်း သခင်တင် မဟုတ်ပါ)တို့ ဖြစ်ကြတယ်။

ဘီအိုင်အေကိုတော့ သခင်ကိုယ်တော်မှိုင်း၊ သခင်မြတို့ အုပ်စုဘက်ပါတဲ့ လူတွေက ကိုင်ထားတယ်။ သခင်သိန်းမောင်ကတော့ သာယာဝတီမှာ ဆက်မနေတော့ဘဲ ရန်ကုန်ကို ဆင်းလာခဲ့တယ်။ အာရှလူငယ် အစည်းအရုံးထောင်တဲ့ အထိ ပါသွားတယ်။ အာရှလူငယ် အစည်းအရုံးထဲမှာ ကိုယ်လက်ကြံ့ခိုင်ရေးမှူး အဖြစ်နဲ့ ဦးမောင်မောင်ခင်(စဝရေးဆရာ၊ ယခုရောဝတီတိုင်း မင်းကြီး၊ ဆရာမန်းတင်၏ယောက်ဖ)နဲ့အတူ မြောင်းမြခရိုင်ကို စည်းရုံးရေး ဆင်းခဲ့ကြတယ်။

အဲဒီကနေ သခင်သိန်းမောင်ဟာ ပျဉ်းမနားနယ်မှာ ပို့ဆောင်ရေးအရာရှိ အဖြစ်နဲ့ တာဝန်ယူပြန်တယ်။ ရမည်းသင်း၊ ပျဉ်းမနား၊ မိတ္ထီလာအစရှိတဲ့ မြို့နယ်တွေကိုသွားရင်း ဂျပန်တော်လှန်ရေးအတွက် စည်းရုံးခဲ့တယ်။ ပျဉ်းမနားမှာ ဒို့ဗမာဆင်းရဲသား အစည်းအရုံး ခရိုင်ဥက္ကဋ္ဌဖြစ်တဲ့ သခင်ဖေတင့်နဲ့အတူ ပေါင်းပြီး ဂျပန်ဆန့်ကျင်ရေး မြေအောက်လုပ်ငန်းတွေကို ပူးပေါင်းစည်းရုံး လုပ်ကိုင်ခဲ့ရပါတယ်။

၁၉၄၄ ခုနှစ်ထဲမှာ သခင်သိန်းမောင် သာယာဝတီကို ပြန်ရောက်ပြန်တယ်။ ဒီမှာ ဒို့ဗမာအစည်းအရုံး ခေတ်တုန်းက ရွာတွေကို ပြန်ဆင်းပြီး ဂျပန်ဆန့်ကျင်ရေး လုပ်ငန်းတွေကို လုပ်ခဲ့ပြန်တယ်။

အဲဒီလို သခင်သိန်းမောင်က သာယာဝတီခရိုင်မှာ ဂျပန်ဆန့်ကျင်ရေး လုပ်ငန်းတွေလုပ်နေရာကနေ ဗဟိုဌာနချုပ် သခင်မြက ခေါ်ပြန်တဲ့အတွက် ရန်ကုန်ကို ဆင်းခဲ့ရပြန်တယ်။

## အိန္ဒိယပြည်သို့အသွား

သခင်မြအိမ်ရောက်တော့ သခင်သိန်းမောင် ကို အိန္ဒိယသွားဖို့ပြောပြန်တယ်။ သခင်သိန်းမောင်လဲ ပေးတဲ့တာဝန်ကို မငြင်းဘဲ လက်ခံလိုက်တယ်။ သခင်သိန်းမောင် သခင်မြအိမ်မှာနေနေတုန်း သခင်သန်းထွန်း၊ သခင်သန်းဖေ (ဖြူး)၊ သခင်ဗဟိန်း၊ တပ်မတော်က ဗိုလ်ရန်အောင်တို့တတွေ ရောက်လာကြပါတယ်။ သခင်သိန်းမောင်တို့ အိန္ဒိယရှိ ကိုသိန်းဖေဆီကို ဘယ်ပုံဘယ်နည်း သွားမလဲဆိုတာကို တိုင်ပင်ဆွေးနွေးကြပါတယ်။ ပြီးတော့မှ သခင်သိန်းမောင်တို့ကို အသေးစိတ် ညွှန်ကြားပါတယ်။

ရန်ကုန်က ၁၉၄၄ ခုနှစ် ဒီဇင်ဘာလ (၂၄)ရက် ခရစ်စမတ်အကြိုနေ့ညနေမှာ ဘီဒီအေက ဗိုလ်ရဲလှရဲ့ ရိက္ခာတင်ဘတ်စ်ကားနဲ့ ထွက်ကြတယ်။ အားလုံးရိုးရိုးအဝတ်အစားနဲ့ ဖြစ်တယ်။ မိုးလင်းတော့ အောင်လံမရောက်ခင် ပြလို့ရွာမှာ တပ်ရင်းရုံး စိုက်ထားတဲ့ ဗိုလ်မှူးအောင်တပ်ရင်းကို ရောက်တယ်။ အဲဒီမှာ ဝင်တည်းတယ်။ အဲဒီမှာပဲ သခင်သိန်းမောင်တို့နဲ့အတူ ခရီးသွားရမယ့် ရဲဘော်တွေနဲ့ ပြန်ဆုံတယ်။ သူတို့က နောက်မှရောက်ကြတယ်။ ဒီရဲဘော်တွေက ကိုလှသောင်း (ယခင်လမ်းစဉ်ပါတီ ဌာနချုပ်) ကိုစောဦး (အိန္ဒိယမှာ လေယာဉ်ပျံ ပျက်ကျကွယ်လွန်၊ မင်းလှသား၊ အခုဒုဗိုလ်မှူးကြီး အေးဖေ၊ ဗိုလ်မှူးကြီးလှမိုး တို့ရဲ့ညီ) ကိုညွန့်ဝေ (ယခင်ကော်ပိုရေး -ရ- အတွင်းရေးမှူး)နဲ့ အတာခေါ် ကိုဘသိန်း (ဟသာတသား အိန္ဒိယဂျက်ဆို လေယာဉ်ပျံကွင်းကအပြန် ပျက်ကျ ကွယ်လွန်)၊ ကိုလှကွန်း (ယခင် ဗ၊ က၊ ပ ကြေးမုံသတင်းစာ အယ်ဒီတာချုပ်ဟောင်း)တို့ဖြစ်ကြပါတယ်။ ဒီအဖွဲ့မှာ ခေါင်းဆောင်က သခင်လှကွန်း ဖြစ်ပါတယ်။

အဲဒီကနေ ဗိုလ်စိန်မှန်က တာဝန်ယူပြီး တောင်တွင်းကြီး လမ်းခုလတ်ထိ ကားနဲ့ လိုက်ပို့ပေးတယ်။ တိုင်းစစ်ဌာနချုပ်က ဗိုလ်မှူးအောင်၊ ဗိုလ်စိန်မှန်တို့ရဲ့ တာဝန်ပေးချက်အရ ဗိုလ်ခိုင်ဝင်းက တာဝန်ယူပြီး ကားနဲ့ဆက်ပို့တယ်။ တောင်တွင်းကြီးမှာ တစ်ရက်နားပြီး ဆက်သွားတော့ ညမှာ မကွေးရောက်တယ်။

မကွေး မြသလွန်ဘုရားဘက်မှာ ရဲစခန်းတို့ ဂျပန်ကင်ပေတိုင် စစ်ရုံးတို့ ရှိတယ်။ သူတို့တစ်တွေက ဒါတွေမသိဘူး။ အဲဒီဘက်ကို ဦးတည်ပြီး သွားကြတယ်။ ကိုထွန်းအောင်ကျော်တို့က အဲဒီဘက်မသွားဖို့၊ လှေဆိပ်ကိုသာ သွားဖို့ပြောတယ်။ ကိုထွန်းအောင်ကျော်က ဂျပန်တွေနဲ့ ဝင်တိုးမှာ စိုးတဲ့အတွက် တားမြစ်တာဖြစ်တယ်။ ကိုထွန်းအောင်ကျော် ပြောတဲ့ဘက်က လှေဆိပ်ကို ဆင်းကြရတယ်။ မနက် ၅-နာရီလောက်မှာပဲ မင်းဘူးကို ကူးကြရတယ်။

မင်းဘူးဘက်ကမ်း ရောက်တော့ ကိုထွန်းအောင်ကျော်ရဲ့အသိ ကျောင်းဆရာအိမ်မှာ ဝင်ပြီးခဏနားတယ်။ အိမ်ရှင်က ကောက်ညှင်းပေါင်းနဲ့ ဧည့်ခံတယ်။ ဒီအချိန်ပဲ အိမ်ရှေ့ကစက်ဘီးနဲ့ လူတစ်ယောက် ဆရာကြီးအိမ်ဘက် လှည့်ကြည့် လှည့်ကြည့်နဲ့ သခင်လှကွန်းတို့ကို ကြည့်သွားတယ်။

အဲဒီတော့ ဆရာကြီးက သူ့အိမ်ရှေ့ကို မပြတ်လာလာကြည့်နေတဲ့ ဒီကောင်ကို ကင်ပေတိုင်ဂျပန် စစ်ရဲတွေက စောင့်ကြည့်ခိုင်းထားဟန် တူတယ်။ ထွန်းအောင်ကျော် ရခိုင်က ရန်ကုန်ပြန်သွားတယ်ဆိုတာ သတင်းရလို့ စောင့်လေသလား မသိကြောင်း ပြောပြပါတယ်။ အဲဒီတော့ ဆရာကြီးအိမ် အတွင်းခန်းထဲဝင်ပြီး သူတို့ခရီးစဉ်အတွက် ဆွေးနွေးကြတယ်။ အဲဒီမှာ ထွန်းအောင်ကျော်က–

“လူအများကြီး တစ်အုပ်ကြီးကို ကျွန်တော်တာဝန်ခံပြီး ခေါ်မသွားနိုင်ဘူး။ လူစုခွဲသွားရမယ်။ ကျွန်တော်နဲ့ ၄–၅ ယောက်ကို လွတ်လွတ်ကျွတ်ကျွတ် ထည့်ပေးလိုက်ပါ။ ပြဿနာက ဒီသေတ္တာကြီးပဲ”ဆိုပြီး သေတ္တာဆီ လက်ညှိုးထိုးပြတယ်။

နောက် သူ့စကားကို ဆက်ပြန်ပါတယ်။ “အခုလို လူစုလူအုပ်နဲ့ဆိုရင် အများတကာက တောင်ထင် မြောက်ထင် ထင်လာနိုင်တယ်။ နောက်ဆုံး ယုံထောင်ကြောင်မီ ဆိုသလို ဖြစ်သွားနိုင်တယ်”

“ကောင်းပြီ ကျွန်တော်နဲ့တစ်ယောက် ခေါ်သွားမယ်၊ သေတ္တာကိုလဲ ကျွန်တော်ပဲ ယူသွားမယ်၊ ခင်ဗျား ကျန်တဲ့လူတွေအတွက် တာဝန်ယူသွားနိုင်သလား”လို့ သခင်လှကွန်းက မေးပါတယ်။

“ကျွန်တော် ယူသွားနိုင်ပါတယ်။ အဲဒီတော့ မနက်စာစားပြီး သွားကြရအောင်”

“ကောင်းပြီ ဒီလိုဆိုရင် ခင်ဗျားက ရခိုင်လမ်းသွားရင် ကျွန်တော်တို့က ချင်းတောင်ကို ပခုက္ကူဘက်က လှည့်သွားမယ်။ အဲဒီဘက်ကရွာတွေ ကျွန်တော်ကိုယ်တိုင် မသိပေမယ့် ကျွမ်းတဲ့လူတွေရှိတယ်။ သူတို့အကူအညီနဲ့ ကျွန်တော်တို့သွားမယ်။ အကယ်လို့များ ခင်ဗျားတို့ အရင်ရောက်နှင့်ရင်လဲ ရှေ့တန်းရောက်နေတဲ့ အင်္ဂလိပ်တပ်တွေက တစ်ဆင့် ကျွန်တော်တို့ကို လိုက်စုံစမ်းပါ။ ကျွန်တော်တို့အရင် ရောက်နှင့်လဲဒီအတိုင်းပဲ၊ ခင်ဗျားတို့ကို စုံစမ်းမယ်။ ကဲ ဒီအစီအစဉ်အတိုင်း မနက်စာစားသောက်ပြီး လူစုခွဲထွက်ကြရအောင်”လို့ သခင်လှကွန်းကပြောပြီး ရှေ့ခရီးအတွက် လူစုခွဲလိုက်ပါတော့တယ်။

မင်းဘူးမှာလူစုခွဲ

ကိုထွန်းအောင်ကျော်တို့အစု ခရီးထွက်သွားတဲ့ ညနေပိုင်းကျတော့ သခင်လှကွန်းနဲ့ သခင်သိန်းမောင်တို့ ခရီးထွက်လာကြတယ်။ သူတို့နှစ်ယောက် အတွက် လုပ်ဇာတ်လေးတစ်ခု တိုင်ပင်လုပ်လိုက်ကြသေးတယ်။ ဒါက သခင် သိန်းမောင်က ပခုက္ကူဘက်မှာ ထမ်းလျက်ကုန်ကူးဖို့နဲ့ သခင်လှကွန်းကတော့ အညာကမိဘတွေဆီ မရောက်တာကြာလို့ သွားတွေ့ဖို့၊ အဲဒီလို ဇာတ်တိုက်ထား လိုက်ကြတယ်။

လမ်းမှာ စစ်ရဲတပ်က မကျေးဗိုလ်တင်ဦးနဲ့ မြင်းလှည်းအတူ စီးရသေး တယ်။ သူကတော့ သခင်လှကွန်းတို့ ဘာကိစ္စနဲ့ ခရီးသွားနေတယ်ဆိုတာ မသိလိုက်ဘူး။

မင်းဘူးကနေ စလင်းဆင်ဖြူကျွန်းထိ မြင်းလှည်းငှားပြီး သွားရတယ်။ နောက် ရေနံချောင်းဘက်ကို ဆက်ကူးသွားတယ်။ ရေနံချောင်းက ကိုထွန်းအုံ (မြူမင်းကြီးဟောင်း ကွယ်လွန်)အိမ်မှာ ဝင်တည်းခိုတယ်။ သခင်လှကွန်းတို့ လိုက်ပို့တဲ့ ဗိုလ်ခိုင်ဝင်းဟာ ရေနံချောင်းကျမှ ပြလို့ကို ပြန်သွားတယ်။ သူကတော့ အိန္ဒိယသွားမယ်ဆိုတာကို မသိဘူး။ နောက်သခင်မြသန်း (စာရေး ဆရာ)ဆီ အလည်သွားတယ်။ သူက ပို့ဆောင်ရေးအရာရှိ၊ လမ်းရှာဘက်က မိဘများဆီ အလည်သွားမလို့ လှေကြုံများရှိရင် ထည့်ပေးစေလိုကြောင်း ပြောဆို အကူအညီတောင်းတော့ သခင်မြသန်းက လှေကြုံနဲ့ ထည့်ပေးလိုက် တယ်။

ထောင်ကြီးကျွန်းဟာ ရေနံချပ်တောင်ယွန်းယွန်းမှာ ရှိတဲ့ကျွန်းပဲ။ အဲဒီမှာ မြို့ပေါ်ကစစ်ပြေးတွေ ခိုအောင်းနေကြတယ်။သခင်လှကွန်းရဲ့အမေလဲ အဲဒီမှာသွားပြီး တိမ်းရှောင်နေတယ်။ သူတို့လဲ အမေဆီလာလည်တဲ့ပုံစံနဲ့ ခပ်တည်တည်ပဲ အမေ့ဆီမှာ နေလိုက်တယ်။ ဒီလိုနေရင်း ရှေ့ခရီးအတွက် စုံစမ်းနေကြရပါတယ်။

ထိုစဉ်က အဖွဲ့တစ်ဖွဲ့မှာ မင်းဘူးရွှေစက်တော်၊ပန်းတိမ်ဘက်လမ်းကနေ ရခိုင်ဘက်ကိုကျော်ဖို့၊ ရခိုင်ရောက်တဲ့အခါ ရခိုင်ရဲဘော်တွေ အကူအညီနဲ့ အိန္ဒိယကို အတူသွားဖို့ဖြစ်တယ်။ ဒီအဖွဲ့ကို ရခိုင်ရဲဘော် ကိုထွန်းအောင် ကျော်က တာဝန်ခံခေါ်သွားဖို့ ဖြစ်ပါတယ်။

သေတ္တာအတိုင်း စာတွေကို ဆက်လက်သယ်ဆောင်ဖို့ မလွယ်တဲ့အတွက် သေတ္တာကိုဖျက်ပြီး စာရွက်စာတမ်းတွေကို ကုတ်အင်္ကျီထဲမှာ ထည့်ချုပ်လိုက်ရတယ်။ ထောင်ကြီးကျွန်းကနေ လှေကြုံနဲ့ရွက်ဖွင့်ပြီး အညာကိုဆန်တက်ကြပါတယ်။ လှေသမားတွေက သခင်သိန်းမောင်တို့ လာတယ်ဆိုတာ မသိကြပါဘူး။ သခင်လှကွန်းရဲ့ အသိတွေပါ။ နောက်ရေနံချပ်ကို ရောက်တယ်။ ရေနံချပ်ကနေ ဆိပ်ခွံကို ရောက်တယ်။

## မဟာမိတ်တွေနဲ့တွေ့ပြီ

အင်္ဂလိပ်တပ်ဆွယ်တစ်ခုဟာ ဆိပ်ခွံနယ် ရောဝတီမြစ်ကမ်း တစ်လျှောက်မှာ ရှိတယ်လို့ သတင်းရတယ်။ အဲဒီကရှိတဲ့ သခင်လှကွန်းရဲ့ ရဲဘော်တစ်စုအကူအညီနဲ့ အင်္ဂလိပ်တပ်ဆွယ်နဲ့ အဆက်ရတယ်။ အင်္ဂလိပ်လူမျိုး မေဂျာမာရစ်နဲ့ တွေ့တယ်။ သူကပန်ချာ၊ ဂေါ်ရခါးတပ်စုတစ်စုကို ဦးစီးနေတယ်။ မေဂျာကို သခင်သိန်းမောင်က သူတို့လာတဲ့အကြောင်း ပြောပြီး ဖို့ဒ်–၁၃၆ တပ်ဖွဲ့ကို ပို့ပေးဖို့ တောင်းဆိုတယ်။ ပြီးတော့ စကားဝှက် ဂျီ အက်စ်၊ အိုင်၊ ကေ (G.S.I.K)ကိုပါ ပြောပြလိုက်ပါတယ်။

အဲဒီတော့ မေဂျာက နောက်တပ်စခန်းဆီကို ဝိုင်ယာလက်နဲ့ ဆက်သွယ်လိုက်ပါတယ်။ သခင်သိန်းမောင်တို့ လာတဲ့ကိစ္စကို ပို့ပြီးအခိုင်အမာ ဖြစ်စေချင်တာနဲ့ သူတို့မှာပါတဲ့ စာရွက်စာတမ်းတွေကို ကြည့်မလားလို့ ထပ်ပြောပြန်ပါတယ်။ ဒီတော့ "ဒါသူတို့အလုပ် မဟုတ်ဘူး"လို့ မေဂျာက ပြန်ပြောတယ်။ ဝိုင်ယာလက်နဲ့ အကြောင်းကြားပြီးတဲ့ နောက်မှာ တပ်ရင်းစခန်းက ဂျစ်ကားကွန်ဗွိုင်းနဲ့ လာခေါ်တယ်။

အဲဒီမှာ ဂျစ်ကားရဲ့တန်ဖိုးကို ပထမဦးဆုံး နားလည်လိုက်တယ်။ ဂျစ်ကားဟာ လမ်းမရှိပေမယ့် မြေပြင်မှာ ဖြစ်သလိုမောင်းနိုင်တယ်ဆိုတာ လက်တွေ့သိရတယ်။ သခင်သိန်းမောင်တို့ ကားမောင်းသူက (ကနေဒါလူမျိုး)ပါ၊ တပ်ရင်းရုံး ရောက်ပြန်တော့ တပ်ရင်းမှူးနဲ့တွေ့ပြီး သခင်သိန်းမောင်တို့ လာတဲ့ကိစ္စကို ထပ်ပြောပြန်တယ်။ တပ်ရင်းမှာ တစ်နေ့နေရပါတယ်။ တပ်ရင်းမှူးကနေ တပ်မဆီကို သတင်းပို့ပြန်တော့ တပ်မကိုနောက်တစ်နေ့မှာ ဂျစ်ကားနဲ့ သွားကြပြန်တယ်။

တိုက်ပွဲတွေ ဖြစ်နေတဲ့ကြားထဲက တောလမ်းအတိုင်း လျှိုမြောင်ချောက်ကမ်းပါးတွေ ကျော်ပြီးသွားရတယ်။ မနက် ၇–နာရီမှ နေ့တစ်နာရီခွဲထိ သွားရတယ်။ တပ်မ ရောက်တော့ အက်ဖ်အက်စ်အက်စ်နဲ့ ဘီအိုင်စီ ထောက်လှမ်းရေးတွေက ဂျပန်အခြေအနေနဲ့ မြန်မာပြည်အကြောင်းတွေကို စစ်ဆေးမေးမြန်း ကြတယ်။ အမှန်အတိုင်း သိတာတွေ ပြောပြလိုက်ကြတယ်။ အဲဒီကနေပြီး ကလ္လကတ္တားရှိတပ်ကို လှမ်းသတင်းပို့တယ်။ သူတို့အချိန်မီလာခေါ်မယ်လို့ ပြန်ကြားလိုက်တယ်။

သခင်သိန်းမောင်တို့ အင်္ဂလိပ်တွေနဲ့ပေါင်းပြီး ဂျပန်ကို တော်လှန်ရေးလုပ်တယ်ဆိုတာကိုလဲ အမေရိကန်တွေကို အသိမပေးစေချင်ဘူးတဲ့။ အဲဒီတော့ အင်္ဂလိပ်တွေက အမေရိကန်တွေနဲ့ စကားပြောတာ မကြိုက်ကြဘူး။ စကားမပြောဖို့ တားမြစ်ကြတယ်။ အမေရိကန်တွေက အင်္ဂလိပ်တွေကို အရေးလုပ်ပြီး စကားမပြောဘူး။ သခင်လှကျွန်းတို့ကိုသာ စကားပြောလေ့ရှိတယ်။ အဲဒီလိုနေရင်း အိန္ဒိယက ကပ္ပတိန်ဆော်လီဆိုတဲ့ စစ်ဗိုလ်ရောက်လာပြီးကြိုတယ်။

(ကပ္ပတိန်ဆော်လီက မြန်မာပြည်ပေါက်တဲ့။ အဖေက အင်္ဂလိပ် အမေက ရှမ်းတဲ့။ မြန်မာပြည်က အင်္ဂလိပ်မပြေးခင် ပုလိပ်ရာဇဝတ်ဝန်ကြီးဖြစ်ခဲ့တယ်။စစ်အတွင်းမှာဆင်းမလားရှိ မြန်မာစစ်ပြေးအစိုးရ (ဆာဒေါမန်စမစ်အစိုးရ)ဆီ အမှုထမ်းနေသူ ဖြစ်တယ်။)

အဲဒီကနေ စစ်တကောင်းကို ကပ္ပတိန်ဆော်လီနဲ့ လိုက်ခဲ့ကြရတယ်။ စစ်တကောင်းရောက်တော့ လေယာဉ်မရလို့ တစ်ညအိပ်ရသေးတယ်။ စစ်တကောင်းကနေ ကလ္လကတ္တားကို ရထားနဲ့သွားရင် သုံးရက်ကြာမယ်တဲ့။ ဒါကြောင့် အရေးတကြီး ရောက်ဖို့အတွက် လေယာဉ်ပျံကို စောင့်နေရတယ်တဲ့။

စစ်တကောင်း အမေရိကန်တပ်စခန်းမှာ တည်းခိုရတယ်။ အမေရိကန်တွေနဲ့ ရင်းရင်းနှီးနှီး ဖြစ်သွားတော့ သခင်သိန်းမောင်တို့က ပါလာတဲ့ဂျပန်ငွေစက္ကူတွေကို လက်ဆောင်ပေးတယ်။ သူတို့ကလဲ အမေရိကန်ဒေါ်လာတွေ ပြန်လက်ဆောင်ပေးတယ်။ အင်္ဂလိပ်တွေက ဂျာမနီဟစ်တလာရဲ့ဒဏ်ကို အလူးအလဲခံလိုက်ရတဲ့အတွက် အစစအရာရာ အမေရိကန်ကိုချည်း အားကိုးနေရတဲ့ဘဝပဲ။ ဒါကြောင့် အင်္ဂလိပ်တွေဟာ မျက်နှာငယ်ရတဲ့ အခြေအနေမှာ

ရှိတယ်။ ဒီအထဲ အမေရိကန်တွေက ကပ္ပတိန်ဆော်လီတို့ကို သိပ်ပြီး မဆက်ဆံကြဘူး။ သခင်သိန်းမောင်တို့ကိုပဲ လာလာ ဆက်ဆံကြတယ်။

ဒီတော့ ကပ္ပတိန်ဆော်လီက သူတို့ကို အမေရိကန်တွေနဲ့ စကားမပြောဖို့ ဗမာလိုလာပြောတယ်။ ပြီးတော့လဲ သခင်သိန်းမောင်တို့နဲ့ ပူးပေါင်းပြီး ဂျပန်ကို တော်လှန်နေတယ်ဆိုတာကိုလဲ အမေရိကန်တွေ သိသွားမှာစိုးတယ်။

ကပ္ပတိန်ဆော်လီရဲ့အလစ် သခင်သိန်းမောင်တို့ဟာ မြန်မာပြည်က ဂျပန် တော်လှန်ရေးသမားတွေ ဖြစ်တယ်လို့ ပြောပြတယ်။

နောက်တစ်နေ့မနက် ၇-နာရီမှာ သူတို့ (၃)ယောက် လေယာဉ်ပျံနဲ့ ကလ္လကတ္တားကို ထွက်သွားကြတယ်။ လမ်းမှာ ၂-နာရီကြာပြီး ကလ္လကတ္တားကို ရောက်ပါတယ်။ ကလ္လကတ္တားရောက်တော့ မြန်မာပြည်ဘုရင်ခံရဲ့ အတွင်းရေး အတွင်းဝန်လုပ်ခဲ့ဖူးတဲ့ မေဂျာနဲ့ တွေ့တယ်။ သူနဲ့တွေ့ပြီး မေးတာမြန်းတာ လုပ်တယ်။ နောက်ပြီးတော့မှပဲ ကိုသိန်းဖေဆီကို ပို့ပေးတယ်။

အဲ့ဒီမှာပဲ ရဲဘော်တစ်စုကို တွေ့ရတယ်။ အဲဒီမှာ တစ်ယောက်ကို တစ်ယောက် ဝမ်းသာအားရ ဖက်လှဲတကင်း နှုတ်ဆက်ကြတယ်။

**နိုင်ငံရေး စစ်ရေးသင်တန်း**

သခင်သိန်းမောင် စစ်သင်တန်းကျောင်းကို ရခိုင်က ကိုမောင်လေးနဲ့ အတူ သွားရတယ်။

သူတို့ ကိုလံဘိုစစ်သင်တန်းကျောင်းကို ရောက်တော့ မန်းဝင်းမောင်တို့ ကိုသာကျော် (အခု ဝန်ကြီးဦးသာကျော်)တို့ ရှိနေသေးတယ်။ သူတို့အစုရဲ့ ခေါင်းဆောင်က ကိုမောင်လေး။ ကိုမောင်လေးက ကလ္လကတ္တားကို နံ့နံ့စပ်စပ် ရောက်ဖူးတော့ သူ့ကိုပဲ ကိုသိန်းမောင်က ဆရာ တင်ထားရတယ်။

(ဘယ်လိုစစ်သင်တန်း ဘယ်မှာတက်ရတယ်၊ ဂျက်ဆိုလေယာဉ်ကွင်းမှာ ဘယ်လို လေထီးသင်တန်းတွေ သင်ကြားရတယ်ဆိုတဲ့ အကြောင်းတွေကို ရှေ့ပိုင်းက ရဲဘော်တွေအခန်းမှာ ဖော်ပြပြီးဖြစ်တဲ့အတွက် ဒီမှာထပ်မံ ဖော်ပြမနေတော့ဘူး။ စာရေးသူ)

သခင်သိန်းမောင်တို့ သင်တန်းအားလုံးပြီးတဲ့အခါမှာ အင်္ဂလိပ်တွေက သူတို့ကို တရုတ်စခန်းမှာ ခဏရွှေ့ထားတယ်။ သူတို့ကို ရာထူးယူဖို့၊ သူတို့

အထဲ ဝင်လုပ်ဖို့ဆိုပြီး အင်္ဂလိပ်တွေက စည်းရုံးတယ်။ ဒါကိုသူတို့က ဆန့်ကျင်တယ်၊ လက်မခံဘူး။

ကျွန်တော်တို့မှာ အစိုးရရှိတယ်။ ကိုယ်ပိုင်စစ်တပ် ရှိတယ်။ အခုအင်္ဂလိပ်တွေနဲ့ပေါင်းတာ မဟာမိတ်အနေနဲ့ လာပေါင်းတာ တန်းတူဆက်ဆံဖို့ လာတာဖြစ်တယ်။ ကျွန်တော်တို့ဟာ ကျွန်တော်တို့ မြန်မာအစိုးရရဲ့ ကိုယ်စားလှယ် အဖြစ် လာတာဖြစ်တယ်။ ဗြိတိသျှအင်ပါယာကြီးကို အလုပ်အကျွေးပြုဖို့ လာတာမဟုတ်ဘူး။ ကိုယ့်တိုင်းပြည် လွတ်မြောက်ရေးအတွက် မဟာမိတ်တွေ ဆီက အကူအညီယူဖို့ လာတာဖြစ်တယ်။ ကြေးစားအဖြစ် အမှုထမ်းဖို့လာတာ မဟုတ်ဘူးလို့ သခင်သိန်းမောင်တို့က အင်္ဂလိပ်စစ်တပ် အရာရှိတွေကို ရှင်းပြလိုက်တယ်။ ဒါနဲ့ပတ်သက်ပြီး တော်တော် စကားများကြရသေးတယ်။

နောက်ဆုံး ကိုမောင်လေးနဲ့ သခင်သိန်းမောင်တို့က အင်္ဂလိပ်တွေကို ကန့်ကွက်တဲ့အနေနဲ့ တရုတ်စခန်းက ထွက်ခဲ့တယ်။ ကိုသိန်းဖေနဲ့ ဆွေးနွေးဖို့ အလာမှာ စခန်းမှူးက လိုက်ခေါ်တယ်။ အမိန့်မနာခံမှုနဲ့ အပြစ်ပေးဖို့ အင်္ဂလိပ် စစ်ဦးစီးဆီအမိန့် တောင်းတယ်။ ဒါပေမယ့် သူတို့ အင်္ဂလိပ်တပ်က ကြေးစားတွေ မဟုတ်တော့ အရေးယူအပြစ်မပေးနိုင်ဘူး။ ကိုယ့်ခေါင်းဆောင်တွေရဲ့ ညွှန်ကြားချက် တစ်စုံတစ်ရာမပါတဲ့ အမိန့်တွေကို ကျွန်တော်တို့ မလိုက်နာနိုင်ဘူးလို့ သခင်သိန်းမောင်တို့က ပြောတယ်။

(ဒီလိုတပ်စခန်းက ထွက်သွားတဲ့အတွက် သခင်သိန်းမောင်တို့တစ်တွေကို စစ်စည်းကမ်း ချိုးဖောက်တဲ့ လူတွေအဖြစ်တော့ ထားထားတယ်။ နောင် မြန်မာ့တပ်မတော်ကို အသိအမှတ်ပြုပြီး ကန္ဒီစာချုပ်အရ ပြန်ဖွဲ့တဲ့ ဗမာ့တပ်မတော် အရာရှိ အကြပ်တပ်သား (၅၂၀၀) ပါဝင်ဖွဲ့စည်းတဲ့အထိ သူ့ငါ့နှစ်ယောက်ကို လက်မခံဖို့အထိ လိုက်ကန့်ကွက်တယ်ဆိုတာ သိရတယ်။ ဒါကြောင့် သူတို့တပ်ထဲ ဆက်မဝင်တော့ဘူးလို့၊ စာရေးသူကို သခင်သိန်းမောင်ခေါ် ဦးသိန်းဖေက ပြောပြပါတယ်။ စာရေးသူ။)

နောက်ဆုံးတော့ သခင်သိန်းမောင်တို့ကိုတော့ ဆက်သွယ်ရေး အရာရှိ အဖြစ် သဘောထား ဆက်ဆံသွားပါတယ်ဆိုပြီး ပြောလာတယ်။ အင်္ဂလိပ်တွေက လခယူဖို့ပြောတော့ သူတို့က ဆက်ငြင်းရပြန်တယ်။

သူတို့နဲ့ အကြမ်းဖျဉ်းသဘောတူတဲ့ အချက်ကတော့ သူတို့ကို ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ချုပ်ရဲ့ ကိုယ်စားလှယ်အဖြစ် အသိ အမှတ်ပြုတယ်။ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့နဲ့ အင်္ဂလိပ်တပ်တွေနဲ့ ဆက်သွယ်ရေး အရာရှိတွေ အဖြစ် အသိအမှတ်ပြုတယ်။

ဒီပြင် သဘောတူညီချက်ကိုတော့ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်စိုး၊ သခင်သန်းထွန်း၊ ကိုသိန်းဖေတို့နဲ့ ဆက်လက်လုပ်ဆောင် သွားမှာဖြစ်တယ်။

အင်္ဂလိပ်တွေက အင်မတန်အကင်းပါးတဲ့ လူတွေဖြစ်တယ်။ လူရဲ့အချိုးကို ကြည့်ပြီးမှ ဆက်ဆံတတ်တဲ့ သဘောရှိတယ်။ အင်္ဂလိပ်တွေက မြန်မာပြည် နေသွားတဲ့ လူတွေဆိုတော့ မြန်မာရေလည်တယ်။ သခင်သိန်းမောင်တို့ နာမည်တွေနဲ့ဆက်စပ်ပြီး သူတို့ရဲ့ ကိုယ်ရေးရာဇဝင်တွေကို သိထားတယ်။

အင်္ဂလိပ်အရာရှိတွေထဲမှာ ပေါင်းလို့သင်းလို့ကောင်းတဲ့ လူတွေက ကျောင်းသားသမဂ္ဂတွေမှာ ပါခဲ့တဲ့လူတွေ၊ ကင်းဗရိတ်တက္ကသိုလ်မှာ နေခဲ့ဖူးတဲ့လူတွေပဲ ဖြစ်တယ်။ အသက်နှစ်ဆယ်၊ အစိတ်ပတ်ဝန်းကျင်မှာရှိတဲ့ စစ်ဗိုလ်တွေဟာ အင်ပါယာစိတ်ဓာတ်တွေ မရှိသလောက် နည်းတယ်။ သခင်ကြီးစိတ် မရှိတာများတယ်။ ရဲဘော်ရဲဘက်စိတ် စစ်သားစိတ်ပဲ ရှိတယ်။ သူတို့က မြန်မာပြည်ကို၊ ကိုလိုနီအဖြစ် ပြန်လည်ကျွန်ပြုဖို့ဆိုတဲ့ ရည်ရွယ်ချက် အင်မတန် နည်းပါတယ်။ ကမ္ဘာမှာရှိတဲ့ ဖက်ဆစ်ဝါဒ ကျဆုံးရေးကိုသာ အဓိက တိုက်ချင်တဲ့စိတ်ပဲ ရှိတာများတယ်။ အများအားဖြင့် ဒီလူငယ်အရာရှိတွေ ဟာ ဗြိတိသျှကွန်မြူနစ် ပါတီဝင်တွေ၊ ကွန်မြူနစ်ပါတီတွေနဲ့ နီးစပ်တဲ့လူတွေပဲ ဖြစ်တယ်။

သီဟိုသင်တန်းတွေ ဆင်းပြီးတဲ့အခါ သခင်သိန်းမောင်တို့က ကလ္လကတ္တားကို ပြန်ခဲ့တယ်။ နောက်ကလ္လကတ္တားအရှေ့ဘက်ရှိ ဂျက်ဆို လေယာဉ်ကွင်းကိုသွားပြီး လေထီးသင်တန်း တက်ရပြန်တယ်။ လေထီးသင်တန်းမှာ ဆရာတစ်ယောက်ပြီး တစ်ယောက် သင်တန်းပေးတယ်။ အင်မတန် ပင်ပန်းတဲ့ သင်တန်းပါ။ သေလုအောင်သင်ရတဲ့ သင်တန်းပဲ၊ လက်တွေ့လေထီး ခုန်ဆင်း ရပြန်ပါတယ်။

သူတို့နဲ့အတူ စစ်ပညာကို သင်ရတဲ့အထဲမှာ ပြင်သစ်၊ ယိုးဒယား(ထိုင်း)၊ ဆွစ်ဇာလန်၊ ကနေဒါ၊ တရုတ်၊ ဩစတေးလျစတဲ့ လူမျိုးတွေ ပါဝင်ကြတယ်။ သူတို့နဲ့ လူငယ်ချင်းမိတ်ဆွေဖြစ်ကြတယ်။ အများအားဖြင့် သူတို့ဟာထဲ

နိုင်ငံရေးသမားတွေ ဖြစ်တယ်။ သူတို့တစ်တွေကတော့ တစ်ကြိမ်တည်းနဲ့ အောင်ခဲ့တယ်။

သူတို့ကတော့ မြန်မာပြည်အတွက် အစစအရာရာ အောက်တန်းမကျ ဂုဏ်မငယ်ရအောင် သတ္တိသွေးဇာတိမာန်ရှိရှိနဲ့ လေ့ကျင့်ခဲ့ကြတာ ဖြစ်တယ်။ ဒါကြောင့် လေ့ကျင့်တိုင်း တစ်ခါတည်းနဲ့ပဲ အောင်ခဲ့ကြတာချည်းပဲ ဖြစ်တယ်။ သခင်သိန်းမောင်အဖွဲ့ကို "တီ(၇)" အဖွဲ့လို့ သတ်မှတ်ပေးခဲ့တယ်။ ဒီတီ (၇) ဟာ မြန်မာပြည်အတွက် နာမည်ရခဲ့တယ်။

**တောင်ငူနယ်ကိုအဆင်း**

သင်တန်းတွေ ပြီးဆုံးတဲ့အခါမှာ ကိုမောင်လေး၊ ကိုဗစ်တာ၊ သခင်သိန်းမောင်တို့ မူရင်းနာမည်တွေကို ဖျောက်ပြီး နာမည်ဂုဏ်တွေကို ပေးခဲ့တယ်။ သူတို့နှစ်ယောက်နဲ့အတူ ကပ္ပတိန်နှစ်ဦးနဲ့ ဝါယာလက်အော်ပရေတာ ဆာဂျင်ရော့စ်တို့ပါဝင်တဲ့ ဒီအင်္ဂလိပ်မျက်နှာဖြူ သုံးယောက်ကို သူတို့က တာဝန်ခံပြီး ခေါ်သွားရမှာ ဖြစ်တယ်။ သူတို့အဖွဲ့က ဓိးဗရားခေါ်တဲ့ မြင်းကျားအဖွဲ့ပဲ။ သူတို့အဖွဲ့က ရှေ့ကခေါင်းဆောင် သွားရမှာပါ။ ဒုတိယအဖွဲ့က ဂျက်ကယ်လ်ဆိုတဲ့ ခွေးအ အဖွဲ့ဖြစ်တယ်။ ဒုတိယအသုတ်မှာ ကိုစိန်သိန်း (ဗိုလ်ဖုန်းမြင့်) အေးကျော်တို့ပါတယ်။ တတိယအသုတ်ကတော့ ဟပ်ဖ်ခေါ်တဲ့ ဖြတ်စောင်းအဖွဲ့ ဖြစ်တယ်။ ဒီအဖွဲ့မှာ သခင်ဗိုလ်၊ ကိုဘသိန်း၊ ကိုစောဦးတို့ ပါဝင်ကြပါတယ်။

၁၉၄၅ ခု၊ ဧပြီလတစ်ရက်နေ့ ည ၉–နာရီမှာ ဂျက်ဆိုလေယာဉ်ပျံကွင်းက ထပျံကြတယ်။ သူတို့မှာ အင်္ဂလိပ်စစ်ယူနီဖောင်းတွေ ဝတ်ထားတယ်။ ကိုယ်မှာက ကာဘိုင်သေနတ်ရယ်၊ ၄၅–ပစ္စတိုရယ်၊ ၃၂–ပစ္စတိုရယ် ဆွဲချိတ်ထားတယ်။ လေယာဉ်ပျံတွေကတော့ ပန်ကာလေးလုံးတပ် လယ်ဘရေတာအမျိုးအစားတွေပဲ။ လေယာဉ်ပျံ လေးစင်းစလုံး အတူပြန်ရမှာမို့ အဦးဆုံးလေယာဉ်ပျံဖြစ်တဲ့ သခင်သိန်းမောင်တို့ လေယာဉ်ပျံက အပေါ်ကစောင့်ရင်းဝဲနေရတယ်။ လေယာဉ်ပျံတွေ အတူတူထွက်ကြပေမယ့် ဆင်းရမယ့်စခန်းတွေနဲ့ တာဝန်တွေက မတူကြဘူး။ နောက်ဆက်ပြီး သူတို့လေယာဉ်ပျံက ပျံသန်းသွားတယ်။ သခင်ဗိုလ်တို့ လေယာဉ်ပျံ မီးလောင်သွားတယ်ဆိုတာ သူအလျင်း မသိလိုက်ဘူး။ ဒါကိုနောက်မှပဲ သူတို့သိရတယ်။

ဝန်းမော်စာသတိုက်

သူတို့သွားရမယ့် ဦးတည်ချက်က တောင်ငူနယ် ကျွဲပွဲနဲ့ အုတ်တွင်းကြား လီနင်ဂရက်လို့ခေါ်တဲ့ သခင်သန်းထွန်းတို့ စခန်းဖြစ်တယ်။ ဒါကိုနောက်မှ သိရတယ်။ သူတို့ကို ကြိုမယ့်အဖွဲ့က ရဲဘော်မြ (ပြန်ကြားရေး ဝန်ကြီး ဌာနဝန်ကြီးရုံး၊ ရုံးအဖွဲ့မှူး) သခင်မြတို့အစုက တိပုံသဏ္ဍာန်မီးဖိုပြတယ်။ မီးတစ်ခုနဲ့တစ်ခု ပေ ၁၀၀ စီကွာခြားတယ်။ တစ်ယောက်က လက်နှိပ်ဓာတ်မီးနဲ့ ပြတယ်။ အဲဒါကို လေယာဉ်ပျံပေါ်ကကြည့်ရင် လက်ဝါးလေး သာသာလောက်မြင်ရတယ်။ လယ်ဘရေတာဝမ်းဗိုက်ကနေ ခြေဆင်းပြီး လျောဆင်းလိုက်ရတယ်။

ဆင်းဆင်းချင်းတော့ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ရတယ်။ ဆွေမျိုးတို့ မေ့သွားတယ် ဆိုတာမျိုးပေါ့။ ဆင်းတော့ လေထီးကြိုးကို ကြောက်အားလန့်အား နဲ့ မဆွဲမိအောင် သတိထားပြီး ကိုယ့်ပေါင်ကို ဖမ်းဆုပ်လိုက်တယ်။ အဲဒီမှာ လေထီးပွင့်သွားတယ်။ လေထီးပွင့်သွားမှ သတိပြန်ရလာတယ်။ ရမ်းနေတဲ့ လေထီးကို ငြိမ်သွားအောင် ရှေ့ကြိုးစကို ဖမ်းကိုင်ထားလိုက်တယ်။ သခင်သိန်းမောင်က ည ၁၂–နာရီမှာ မြေပေါ်ကို ချောမောစွာ ရောက်ခဲ့တယ်။ သူတို့လေထီးသမားတွေ အောက်ရောက်ရောက်ချင်း တစ်ဦးကိုတစ်ဦး လက်နှိပ်ဓာတ်မီးနဲ့ အဆက်အသွယ်လုပ်ပြီး စုစည်းလိုက်ကြတယ်။

သီးသန့်ပစ္စည်းတွေတော့ လေထီးနဲ့ ဆက်တိုက်ချပေးတယ်။ ပါလာတဲ့ ပစ္စည်းတွေက စတင်းအလက် (၆၀) ကျော်၊ ဘရင်းအလက် (၂၀) ကျော်၊ ကာဘိုင်နဲ့ ခဲယမ်းမီးကျောက်တွေ၊ ရိက္ခာ၊ ဆေးဝါးတွေပဲ ဖြစ်တယ်။ အဲဒါတွေကို လေထီးပေါင်း (၃၇) လက်နဲ့ ချပေးခဲ့တယ်။

(ရဲဘော်မြရဲ့ ဖက်ဆစ်တော်လှန်ရေး ပြည်သူ့ရဲခေါင် ပြောက်ကျား စာအုပ်စာမျက်နှာ၊ ၂၁၃၊ ၂၁၄ မှာ သခင်သိန်းမောင်တို့ ဆင်းတဲ့အဖွဲ့မှာ (၁) မေဂျာရိဒ်၊ (၂) ကပ္ပတိန်မိုးနီးယား၊ (၃) ဆာဂျင်အင်္ဂလန်နဲ့ (၄) သခင် သိန်းမောင်တို့ ဖြစ်ကြတယ်။ ပြီးတော့ လေထီးအလက် ၁၄ လက်နဲ့ လက်နက် ၂၀၀–ကျော်ပါတယ်လို့ ဆက်လက်ရေးသားထားပါတယ်။ လေထီးဆင်းသူ ကာယကံရှင် ရဲဘော်သိန်း၊ဖခေါ် သခင်သိန်းမောင်ရဲ့ ပြောပြ ချက်နဲ့ ကွာခြားနေကြောင်း တွေ့ရပါတယ်။ စာရေးသူ)။

အောက်မှာ ရဲဘော်မြတို့အဖွဲ့က ကြိုဆိုပြီး ချပေးတဲ့လက်နက်ပစ္စည်း အားလုံးကို ကူညီသိမ်းပေးတယ်။ သူတို့နဲ့ပါလာတဲ့ ဒီလက်နက်တွေကို

တပ်မတော်သားတွေနဲ့ ပြောက်ကျားတွေကို တပ်ဆင်ပေးတယ်။ နောက်ထပ်လဲ လေထီးနဲ့ပဲ ချပေးပြန်တယ်။ ဒီစခန်းကို ကိုသာကျော်တို့ အရင်ရောက်နှင့်တဲ့ စခန်းဖြစ်တယ်။

အဲဒီမှာ ခဏနေပြီးတဲ့နောက် မြေခွေးနဲ့မျဉ်းကျားအဖွဲ့ကို ၆-ရက်နဲ့သာယာဝတီ ရောက်အောင် ချီတက်ဖို့ အမိန့်ရပြန်တယ်။ အဲဒါကြောင့် တောင်ငူနယ် ရိုးမကိုဖြတ်ကျော်ပြီး သာယာဝတီ ကြို့ပင်ကောက်နယ် ပင်တိုင်စခန်းကို ရောက်တယ်။ ပင်တိုင်စခန်းက ပဲခူးရိုးမပေါ်မှာ ဖြစ်တယ်။ အဲဒီမှာ ဗိုလ်ကြီးချစ်မြိုင် (အခု ဗိုလ်မှူးကြီးဟောင်း)က တပ်ရင်းမှူး ဖြစ်တယ်။ သူက သခင်သိန်းမောင်တို့အဖွဲ့ကို လာကြိုတယ်။ သူ့ရဲဘော်တွေကို လက်နက်ငယ်သင်တန်း သင်ပေးခဲ့တယ်။ မြန်မာ့တပ်မတော်ထဲ ဝင်ချင်တဲ့ လယ်သမားတွေကိုလဲ သူတို့က စုစည်းပြီး သင်တန်းပေးခဲ့တယ်။ ပြီးတော့ ကွန်မြူနစ်ပါတီက ကိုဝင်းမောင်၊ (တောခို၊ ဗ၊ က၊ ပ ရောဝတီ တိုင်းမှူးကျဆုံး)တို့နဲ့လဲ တွေ့ရတယ်။

ဒီအချိန်မှာ ဂျပန်က ပဲခူးရိုးမကိုရှေးရှုပြီး ဆုတ်ခွာနေချိန်ဖြစ်တယ်။ အဲဒီလိုဆုတ်ခွာလာတဲ့ ဂျပန်တွေနဲ့ မကြာခဏ သူတို့တိုက်ပွဲတွေ ဖြစ်ရတယ်။ ပင်တိုင်စခန်းကို သခင်သိန်းမောင်တို့ ရောက်ပြီးမကြာခင်မှာပဲ "မြေခွေး" အဖွဲ့က စစ်ကွင်းတို့၊ ဝက်လှကလေးတို့ဘက်ကို ကူးသွားတယ်။ သခင်သိန်းမောင်တို့ အဖွဲ့ကတော့ အုတ်ဖိုဘက်ကို ဆက်ပြောင်းရွှေ့သွားရတယ်။ တိမ်မြုပ်ကြီးရွာ (အုတ်ဖိုအရှေ့ဘက်)မှာ ဂျပန်နဲ့တိုက်ပွဲဖြစ်တယ်။ အဲဒီကနေ အုတ်ဖိုမြို့ကို တက်သိမ်းတယ်။ တက်သိမ်းတဲ့အခါ အုတ်ဖိုမှာ ဝိဇ္ဇရသခင်ချစ်မောင် (ဆိုရှယ်လစ်ပါတီ ခေါင်းဆောင်ဟောင်း)၊ သခင်တင် (ဝန်ကြီးဟောင်း) သခင် မြလေး၊ သခင်ကြည်မြင့်၊ သခင်ခင်အောင် စတဲ့ခေါင်းဆောင်တွေကို တွေ့ရတယ်။

ဒီအချိန်က အင်္ဂလိပ်တပ်က ပေါင်းတည်နယ်မှာ ရောက်နေတယ်။ အုတ်ဖို၊ မင်းလှ၊ စစ်ကွင်းတို့ကို မြန်မာ့တပ်မတော်က သိမ်းတယ်။ အင်္ဂလိပ်တပ်က စစ်ကွင်းရောက်ပေမယ့် ဂျပန်နဲ့ တိုက်ပွဲမဖြစ်လိုက်ရဘူး။ ဆုတ်နေတဲ့ တပ်တွေနဲ့ပဲ ပြောက်ကျား ပြောက်ကျား တိုက်ရတယ်။

မြန်မာ့တပ်မတော်ဟာ ဒီတုန်းက တံငါကွန်ဖြန့်ထားသလို ဖြန့်ပြီးနေခဲ့တယ်။ ဗိုလ်ကြီးမောင် (အခုဗိုလ်မှူးကြီးဟောင်း မောင်မောင် ယူဂိုဆလပ်

သုံအမတ်ကြီး)က တာဝန်ယူပြီး နေတယ်။ သူ့တိုင်းရုံးက သာယာဝတီ ဇောပင်ကြိုးဝိုင်းထဲမှာ ဖြစ်တယ်။ အုတ်ဖိုကို မြန်မာ့တပ်မတော်က သိမ်းပြီးမှ အင်္ဂလိပ်တပ်တွေ အုတ်ဖိုကို ရောက်ခဲ့တယ်။ သူတို့ရောက်လာတော့ သခင် သိန်းမောင်တို့နဲ့ မြန်မာ့တပ်မတော်က တောရွာတွေမှာ တပ်စွဲပြီးနေတယ်။ တကယ်လို့ လွတ်လပ်ရေးမပေးရင် ပြန်ချဖို့ဆိုတဲ့ ရည်ရွယ်ချက်ပေါ့။

သက်ဆိုင်ရာအာဏာပိုင် အင်္ဂလိပ်တပ်မှူးတွေက သခင်သိန်းမောင်တို့ကို ခေါ်ပေမယ့် သူတို့ကအတွေ့မခံတော့ဘူး။ အင်္ဂလိပ်တပ်တွေ အုတ်ဖိုကိုဝင်ပြီးတဲ့ တိုင်အောင် သူတို့နဲ့ လေထီးအတူဆင်းခဲ့တဲ့ အင်္ဂလိပ်မေဂျာတွေ၊ ကပ္ပတိန်တွေဟာ သခင်သိန်းမောင်တို့ ပြောက်ကျားတွေနဲ့ပဲ အတူနေတယ်။ သာယာဝတီခရိုင်လုံးကို အင်္ဂလိပ်တပ်တွေရောက်ပြီးတော့မှ သူတို့နဲ့အတူဆင်းခဲ့တဲ့ အင်္ဂလိပ်မေဂျာ ကပ္ပတိန်နဲ့ဆာဂျင်တွေ ပြန်သွားတော့တယ်။

သခင်သိန်းမောင်ကတော့ သူတို့နဲ့အတူ လိုက်မသွားတော့ဘူး။ ဘာ ကြောင့်လဲဆိုရင် သူ့တာဝန် ပြီးဆုံးပြီမို့ဖြစ်တယ်။ အုတ်ဖိုနဲ့သာယာဝတီ ကျသွားပြီးတစ်လကြာမှ သူတာဝန်ယူလာတဲ့ လက်နက်တွေ စုဆောင်းပြီး အင်္ဂလိပ် အာဏာပိုင် တပ်မှူးတွေဆီကို ပြန်အပ်လိုက်တယ်။ ဂျပန်ဆီကရတဲ့ လက်နက်ပစ္စည်းတွေကိုတော့ အင်္ဂလိပ်တွေကို မအပ်ဘူး။

သခင်သိန်းမောင်တို့နဲ့ ထည့်လိုက်တဲ့ ဗိုဒ်–၁၃၆ တပ်ဖွဲ့က ဗိုလ်မှူးနဲ့ ကပ္ပတိန်တွေဟာ သူတို့နဲ့အင်္ဂလိပ်တပ်တွေကြားမှာ လွယ်လွယ်ကူကူ ဆက်သွယ် နိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ထည့်ပေးတာဖြစ်ပေမယ့်တခြားတစ်ဘက်ကလဲ မြန်မာတို့ရဲ့ အခြေအနေအားလုံးကို ထောက်လှမ်းစုံစမ်းဖို့ လိုက်ပါခဲ့တာ ဖြစ်တယ်။

ကက်စ်ဘီစစ်အုပ်ချုပ်ရေး ရောက်လာတော့ သခင်သိန်းမောင်ဟာ တိုင်းပြည်အတွက် ကိုယ်ကျိုးမဖက် အနစ်နာခံပြီးလုပ်ခဲ့တဲ့ မြန်မာ့သားကောင်းတွေ ဖြစ်ပေမယ့် အင်္ဂလိပ်အစိုးရအတွက်တော့ သူတို့ဟာ တကယ့်လူဆိုးတွေ ဖြစ်နေတယ်။ ပုလိပ်ရုံးမှာ အမြဲတမ်းလက်မှတ်သွားထိုး နေရတယ်။ ပုလိပ် လူဆိုးထိန်းတွေက သခင်သိန်းမောင်တို့နောက် အမြဲလိုက်နေတယ်။ ဒီလိုအမြဲ တမ်း အနှောင့်အယှက်ပေးတော့ ဒီအနှောင့်အယှက်ပေးတဲ့ ရန်ကမှအေးမှအေးပါ စေတော့ဆိုတဲ့အနေနဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့ ဖ၊ ဆ၊ ပ၊ လအစိုးရ မဖွဲ့ခင် မှာပဲ သခင်သိန်းမောင်က ယစ်မျိုးထဲဝင် အမှုထမ်းလိုက်တယ် အခုအချိန်ထိပါပဲ။

တကယ်လို့ ကန္တီစာချုပ်အရ တပ်မတော်ဖွဲ့လို့ ၅၂၀၀ ထဲမှာ ပြန်ဝင်ဖို့ စိတ်ကူးကြည့်ပြန်တော့လဲ အိန္ဒိယတုန်းက အင်္ဂလိပ်အာဏာပိုင်တွေကို ဆန့်ကျင်ပြီး တပ်ကထွက်သွားတဲ့အတွက် (၅၂၀၀)ထဲမှာ ဒီနှစ်ယောက် (ကိုမောင်လေးနဲ့ ကိုသိန်းဖေခေါ် သခင်သိန်းမောင်)တို့ကို လက်မခံရဘူးဆိုပြီး အပြစ်ဒဏ်တံဆိပ်ခပ်နှိပ်ထားခြင်း ခံရတဲ့အတွက် တပ်မတော်ကိုပြန်ဝင်ဖို့ အိပ်မက်ပင် မမက်ဝံ့တဲ့အတွက် ယစ်မျိုးထဲကို ဝင်ခဲ့ရခြင်း ဖြစ်ပါသတဲ့။

* * *

**ရဲဘော်သိန်းဖေခေါ် သခင်သိန်းမောင်။** ။ သာယာဝတီခရိုင် သစ်တောရုံးအုပ် ဦးအောင်ညွန့်၊ ဒေါ်ဖွားညွန့်တို့ရဲ့ သားသမီး ၇–ယောက်အနက် စတုတ္ထမြောက်သား ဖြစ်ပါတယ်။ သာယာဝတီသား ဖြစ်ပါတယ်။ ကျောင်းကထွက်ပြီး ဒို့ဗမာအစည်းအရုံးထဲ ပါဝင်ပြီး သခင်တစ်ယောက်ဖြစ်လာပါတယ်။ သာယာဝတီ ခရိုင်အတွင်းမှာတော့ သခင်သိန်းမောင်အဖြစ်နဲ့ လူသိများပါတယ်။ ဗဟိုဒို့ဗမာအစည်းအရုံး အစုကွဲသွားတဲ့အခါမှာ သူကသခင်ကိုယ်တော်မှိုင်း ဦးစီးတဲ့အဖွဲ့ထဲ ပါသွားတယ်။ ၁၉၄၃ ခုနှစ်လယ်ပိုင်းထဲမှာ သာယာဝတီမြို့မှ ဘီလစ်စာရေးကြီး ဦးမောင်မောင်၏သမီး သာယာဝတီသူ ဒေါ်ရှင်နဲ့ အိမ်ထောင်ကျပါတယ်။ သားသမီး ၄–ယောက် ထွန်းကားပါတယ်။ အိမ်ထောင်ကျပြီးနောက် ရန်ကုန်အာရလူငယ် ဗဟိုဌာနချုပ်မှာ ပါဝင်တာဝန်ယူခဲ့ပါတယ်။ ဒီအချိန်မှာ ကွန်မြူနစ်တွေနဲ့ အဆက်အသွယ်ရပြီး ရဲဘော်သိန်းဖေအဖြစ် ဖက်ဆစ် ဂျပန်ဆန့်ကျင်ရေး လုပ်ငန်းတွေကို လျှို့ဝှက်စွာ လုပ်ခဲ့ပါတယ်။ အဲဒီကနေ အိန္ဒိယရှိ ကိုသိန်းဖေရဲ့ တွေ့ဆုံညွှန်ကြားမှုအရ ဖို့ဒ်–၁၃၆ တပ်ဖွဲ့ကတစ်ဆင့် လေထီးဆင်းပြီး ဂျပန်တော်လှန်ရေးကို လုပ်ခဲ့ပါတယ်။ မကြာခင်က ယစ်မျိုးအဖွဲ့ကို ဖျက်သိမ်းလိုက်ပြီး ပြည်သူ့ရဲအဖွဲ့နဲ့ ပေါင်းလိုက်တဲ့အတွက် ဦးသိန်းဖေမှာ ပြည်သူ့ရဲအဖွဲ့မှာ အရာရှိအဖြစ်နဲ့ပဲ တာဝန်ယူလျက် ရှိနေပါတယ်။

ဦးသိန်းဖေခေါ် သခင်သိန်းမောင်ရဲ့ လေထီးသမားအဖြစ်အပျက်ကို ဦးသိန်းဖေနဲ့ ၁၉၇၁ ခု၊ ဇူလိုင်လ ၁၁–ရက်နေ့မှာ ဦးသိန်းဖေတာဝန်ယူနေတဲ့ ရန်ကုန်ဘူတာကြီးအတွင်း ရုံးခန်းမှာ အကြိမ်ကြိမ် တွေ့ဆုံမေးမြန်းယူထားချက်များ ဖြစ်ပါတယ်။ စာရေးသူ။

---

စန်းမော်စာပေတိုက်